www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၃၁၀၀၂၅ ၀၅ ၀၇ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၃၁၀၀၃၁ ၀၆ ၀၇ ]

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ဘဝတက္ကသိုလ်စာပေ၊ [၁၉၈၃၊ မေလ]
ဒုတိယအကြိမ်၊ ဖူးပွင့်ဝေဝေစာအုပ်တိုက်၊ [၂၀၀၇၊ ဇူလိုင်]
အုပ်ရေ (၁၀၀၀)

■

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
၁၉၉၊ လမ်း ၅၀ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

■

အတွင်းဖလင်
အေဇက်

■

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီများ

■

မျက်နှာဖုံးပန်းချီ
လင်းဝဏ္ဏ

■

တန်ဖိုး
၄၀၀၀ ကျပ်

မာတိကာ

- မြန်မာပြန်သူ၏အမှာ ၁
- နိဒါန်း ၇
- စာရေးသူ၏အမှာ ၁၁
၁။ အိုက်ခမန်းစစ်ဆင်ရေးတွင် ပါဝင်လှုပ်ရှားခဲ့ကြသူများ ၁၇
၂။ အမည်မဖော်လိုသူတစ်ဦးထံမှ သတင်းတစ်ခု ၂၇
၃။ အာဂျင်တီးနားသို့ တစ်ယောက်ပြီးတစ်ယောက် ၄၄
၄။ တောမြို့ကလေးမှ မျက်မမြင်ဒုက္ခိတတစ်ဦး ၅၂
၅။ ဟာမန်း၏ ဟာကွက်ပျောက်ကွက်များ ၇၀
၆။ အာဂျင်တီးနားသို့ နောက်တစ်ခေါက်၊ နောက်တစ်ယောက် ၈၆
၇။ အမှတ်တရ မွေးနေ့လက်ဆောင် ပစ္စည်းတစ်ခု ၁၀၃
၈။ မော်တော်ဆိုင်ကယ်ကလေး တစ်စီးကို နောက်ယောင်ခံ၍ လိုက်နေကြသူများ ၁၁၈
၉။ ထိပ်ပြောင်ပြောင်၊ နဖူးမောက်မောက်ဖြင့် လူတစ်ယောက် ၁၃၂
၁၀။ တစ်စက်ကလေးမှ သံသယဖြစ်ရာမလိုပါ ၁၅၃
၁၁။ ညွှန်ကြားချက်များကို စောင့်မျှော်နေပါသည် ၁၅၆
၁၂။ အထူးပျံသန်းမှုအတွက် အထူးလေယာဉ်တစ်စင်း ၁၇၁
၁၃။ ထွေပြားရှုပ်လျားသော အစီအစဉ်များနှင့် ပြင်ဆင်မှုများ [illegible]

www.burmeseclassic.com

www.burmeseclassic.com

၁၄။ လူတူမရှား၊ နာမည်တူမရှား ဖြစ်ရပုံများ ၂၁၆
၁၅။ ရှေ့ပြေးအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုများ ၂၄၁
၁၆။ စက္ကန့်ပိုင်းအတွင်း ပျောက်ကွယ်သွားခဲ့ကြသော
မိခင်နှင့် ညီငယ် နှမငယ် ၂၅၆
၁၇။ ဒေါ်လာငါးထောင်စပေါ်ပေးရသော
ကားဟောင်းကြီးတစ်စီး ၂၇၈
၁၉။ နောက်ကျ၍ နောက်ဆုံးမှရောက်လာသူ
အမျိုးသမီးတစ်ဦး ၃၀၀
၂၀။ ကော်ဖီခွက်ပေါင်း မရေမတွက်နိုင်အောင်
သောက်ခဲ့ရသော နေ့တစ်နေ့ ၃၂၆
၂၂။ 'အိမ်ငှား' နှင့် ပါလာသည့်
မိန်းကလေး 'အဖော်' တစ်ယောက် ၃၃၁
၂၅။ သေမင်းတမန်၏ ရုပ်သွင်သည် ဤသို့လျှင်ရှိပါသလား ၃၆၄
၂၆။ ဥရောပမှ အာဂျင်တီးနားသို့
ထွက်ပြေးရာ လမ်းကြောင်းများ ၃၈၀
၂၈။ ဦးနှောက်ရောဂါဖြင့် ဆေးရုံသို့ရောက်လာသော
'ဟန်ဆောင်' လူနာတစ်ဦး ၃၉၇
၃၀။ ခြေရာဖျောက်သွားသော လူသတ်ဆရာဝန်
ဒေါက်တာ မင်ဂလီ ၄၂၄
၃၁။ လမ်းခုလတ်မှ ခိုးလိုးခုလုပြဿနာများ ၄၄၇
၃၂။ မျက်စိတစ်ဖက်မှိတ်ပြသွားသော ဘုန်းတော်ကြီးတစ်ပါး ၄၆၈
၃၄။ စားသောက်ဆိုင်ထဲမှ စစ်ဆင်ရေးဌာနချုပ် ၄၈၃
၃၅။ နောက်ဆုံးအချိန်တွင်မှ နောက်ဆုံးလိုက်ပါသွားသူ ၅၀၄
၃၆။ မျက်မှန်အနက်ကြီးနဲ့လူက ဘယ်သူလဲ ၅၂၃
၃၇။ မင်္ဂလာသတင်းအတွက် ဆိုဒါတစ်ပုလင်း ၅၅၅
၃၈။ ဗိုလ်မှူးချုပ်ဖိုရီယာနှင့် ကမ္ဘာလှည့်အမျိုးသမီး 'ဒီနာ' ၅၅၆
၃၉။ တိကျပြတ်သားသော သတိပေးချက် ၅၆၇



ဒိုက်ခ်မန်းအား အစ္စရေး ထောက်လှမ်းရေးအဖွဲ့ဝင်များက
လက်ရ ဖမ်းခဲ့သော နေရာ။

www.burmeseclassic.com




ကမ္ဘာ့အကြီးဆုံး လူသတ်သမား နာဇီစစ်တရားခံ အိုက်ခ်မန်းအား အစ္စရေး ထောက်လှမ်းရေးအဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့စဉ် မြင်ရပုံ။




နာဇီအကျဉ်းစခန်းသို့ ဂျူးများအား ဖမ်းဆီး၍ အစုလိုက်အပြုံလိုက် မီးရထားဖြင့် ခေါ်ဆောင်လာခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com









ဒိုက်ခ်မန်း လက်ချက်ဖြင့် သေဆုံးခဲ့ရသော ဂျူးများ၏
တောင်ပုံရာပုံ ကျန်ရစ်သည့် မျက်မှန်များ(အပေါ်ပုံ)နှင့်
ဖိနပ်များ(အောက်ပုံ)။

www.burmeseclassic.com

www.burmeseclassic.com



အိုက်ခ်မန်း အုပ်ချုပ်ခဲ့သည့် ကမ္ဘာကျော် အော့စ်ဝစ်ဇ် နာဇီအကျဉ်းစခန်း၏ မြင်ကွင်းတစ်ခု။




အစ္စရေးထောက်လှမ်းရေးအဖွဲ့ဝင်များ နေ့ရောညပါစောင့်ကြည့်ခဲ့ကြသည့် အိုက်ခ်မန်း၏နေအိမ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်။



ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးလူမျိုး ၆ သန်းကျော်ကို သုတ်သင် သတ်ဖြတ်ခဲ့သော နာဇီစစ်ရာဇဝတ်ကောင် အဒေါ့ဖ် အိုက်ခ်မန်း။



ဤစာအုပ်ကို ရေးသားပြုစုခဲ့သော အစ္စရေးထောက်လှမ်းရေးမှူးချုပ်ဟောင်း အစ်ဆာဟဲရယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





အိုက်ခ်မန်း၏ အငယ်ဆုံးသားကလေး ရီကာဒို။

အိုက်ခ်မန်း၏ ဇနီး ဗရွန်နီကာလိုင်ဘဲလ်။



အိုက်ခ်မန်း၏ သားအကြီးနှစ်ယောက် ဒိုက်ယက်တာနှင့် ကလော့စ်။



ဗျူနိုအဲရှစ်မြို့ ဆင်ခြေဖုံးရပ်ကွက်မှ အိုက်ခ်မန်း၏ နေအိမ်။



နာဇီတပ်သားများက အစုလိုက်အပြုံလိုက် ဖမ်းဆီးလာခဲ့ကြသော ဂျူးများ။

## မြန်မာပြန်သူ၏ အမှာ

ဤစာအုပ်သည် 'The House on Gari - Baldi Street' အမည်ရှိ စာအုပ်ကို မြန်မာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မူရင်းစာအုပ်၏ အမည်အတိုင်း တိုက်ရိုက်ပြန်ဆိုပါက 'ဂါရီဘာလ်ဒီ လမ်းပေါ်မှ ဂေဟာ' ဟူ၍ ဖြစ်သော်လည်း စာအုပ်ပါ အကြောင်းအရာများနှင့် ပိုမိုဆီလျော်စေရန်လည်းကောင်း၊ မြန်မာစာဖတ်ပရိသတ်အတွက် ပိုမိုထိရောက် လွယ်ကူစေရန်လည်းကောင်း **'အိုက်ခ်မန်းစစ်ဆင်ရေး'** ဟူ၍ပင် အမည်ပေး ပြန်ဆိုလိုက်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဤစာအုပ်သည် နာဇီစစ်တရားခံ လူသတ်သမား 'အဒေါ့ဖ်အိုက်ခ်မန်း'အား အစ္စရေးထောက်လှမ်းရေးအဖွဲ့ဝင်များက 'စစ်ဆင်ရေး'တစ်ရပ် ချမှတ်ရေးဆွဲကာ သဲကြီးမဲကြီး လိုက်လံရှာဖွေဖမ်းဆီးခဲ့ကြသည့် အကယ့်ဖြစ်ရပ်၊ တကယ့်ဇာတ်လမ်းကို ပြန်လည်မှတ်တမ်းတင်ထားသောကြောင့်ပင် ဖြစ်ပါသတည်း။

( ၂ )

မြန်မာစာဖတ် ပရိသတ်များအတွက် 'အိုက်ခ်မန်း'ဟူသော အမည်သည် 'စိမ်း' နေဘဲ ကြားဖူးနားဝရှိပြီး ဖြစ်ကြသည်။ 'အိုက်ခ်မန်း' ဟူသော အမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဥရောပတိုက်တွင် ဂျူးလူမျိုး ခြောက်သန်းကျော်ကို ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်ခဲ့သည့် နာဇီလူသတ်ကောင်တစ်ဦးဖြစ်ကြောင်း သိပြီးဖြစ်ကြသည်။

ထူးမှုန်ဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် ၁၉၄၅ ခုနှစ်တွင် စစ်ကြီးပြီးဆုံးခဲ့ပြီးနောက် ဂျာမနီမှ တိတ်တဆိတ် ထွက်ပြေးတိမ်းရှောင်သွားသော အိုက်ခ်မန်းအား ဂျူးအမျိုးသားများနှင့် အစ္စရေးထောက်လှမ်းရေးအဖွဲ့ဝင်များက ၁၅နှစ်တိုင်တိုင် နိုင်ငံတကာ ကမ္ဘာအနှံ့ မြေလှန်၍ လိုက်လံရှာဖွေခဲ့ကြပြီး နောက်ဆုံး ၁၉၆၀ ပြည့်နှစ်တွင် တောင်အမေရိကတိုက် အာဂျင်တီးနားနိုင်ငံ ဗျူနိုအဲရစ်မြို့တော်၌ အိုက်ခ်မန်းအား အရှင် လက်ရဖမ်းဆီးကာ အစ္စရေးနိုင်ငံသို့ လျှို့ဝှက်စွာ ခေါ်ဆောင်လာခဲ့ကြပြီး တရားရုံးတွင် စစ်ဆေး၍ သေဒဏ် အပြစ်ပေးခဲ့သည်များကိုပါ မြန်မာစာဖတ် ပရိသတ်များ အတော်အတန် သိပြီးဖြစ်ကြသည်။

အထက်ဖော်ပြပါ အိုက်ခ်မန်းနှင့် ပတ်သက်သည့် တစေ့တစောင်း အကြောင်းခြင်းရာများကို မြန်မာစာနယ်ဇင်းများတွင် မကြာခဏ ရေးသားဖော်ပြခဲ့ကြသည့်ပြင် လွန်ခဲ့သည့် အနှစ် ၂၀ ခန့် (၁၉၆၅ ခုနှစ်)က ကျွန်တော်ကိုယ်တိုင် **'အိုက်ခ်မန်း၏ ငရဲခန်း'** ဟူသော အမည်ဖြင့် သူ့ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ဖူးသည်။ ထို့ပြင် လွန်ခဲ့သည့် ၁၉၆၀ ပြည့်နှစ် တစ်ဝိုက်က Operation Eichmann (အိုက်ခ်မန်း စစ်ဆင်ရေး) ဟူသော အမည်ဖြင့်ပင် ရုပ်ရှင်ကားတစ်ကား ရန်ကုန်မြို့တွင် ပြသသွားခဲ့သည်ကို ကောင်းကောင်းကြီး မှတ်မိနေသေးသည်။

သို့သော် ဤနေရာ၌ အမှန်အတိုင်း ဖော်ပြရမည်ဆိုပါက အစ္စရေးထောက်လှမ်းရေးအဖွဲ့ဝင်များက အိုက်ခ်မန်းအား ထိုသို့ လိုက်လံရှာဖွေ ဖမ်းဆီးခဲ့ကြသည့် အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ ထိုစဉ်က ကမ္ဘာ့စာနယ်ဇင်းများ၊ စာအုပ် စာတမ်းများနှင့် ရုပ်ရှင်ကားများတွင် ဖော်ပြပါရှိခဲ့သည့် အကြောင်းခြင်းရာများသည် ရာခိုင်နှုန်းပြည့် တစ်ခုမကျန် အားလုံးမှန်ကန် ပြည့်စုံသည်ဟု မဆိုနိုင်ဘဲ အချို့သော အချက်အလက် အဖြစ်အပျက်များမှာ စိတ်ကူးဖြင့် ရော်ရမ်းမှန်းဆ၍ ဖြည့်စွက်ချဲ့ထွင်ထားကြသည်များပင် ဖြစ်သည်။

ဥပမာ ကျွန်တော် ကြည့်ရှုမှတ်သားမိသလောက် 'အိုက်ခ်မန်းစစ်ဆင်ရေး' အမည်ရှိ ရုပ်ရှင်ကားမှာ အစ္စရေးထောက်လှမ်းရေး အဖွဲ့ဝင်များက အိုက်ခ်မန်းအား လိုက်လံရှာဖွေ ဖမ်းဆီးခဲ့ကြသည့် တကယ့်ဖြစ်ရပ်ကို အခြေခံ၍ ရိုက်ကူးထားခြင်းဖြစ်သော်လည်း အစ္စရေး ထောက်လှမ်းရေးအဖွဲ့ဝင် လူငယ်တစ်ဦးအား အဓိကဇာတ်ကောင်အဖြစ်ထားကာ ထိုလူငယ်၏ အချစ်ရေး၊ အိမ်ထောင်ရေးများကို အသားပေး၍ ရုပ်ရှင်ပီပီ စိတ်ကူးယဉ် ဇာတ်ကွက်များ ဖြည့်စွက်ရိုက်ကူးထားသည်ကို တွေ့ရသည်။





အလားတူပင် ဗြိတိသျှ သတင်းစာဆရာ Comer Clarke ရေးသားသော 'The Savage-Truth' အမည်ရှိ စာအုပ်ကို အဓိက မှီငြမ်းကိုးကား၍ ကျွန်တော် ပြန်ဆိုရေးသား ပြုစုခဲ့သည့် 'အိုက်ခ်မန်း၏ ငရဲခန်း'တွင် 'ဥရောပတိုက်မှ တောင်အမေရိကတိုက်သို့ ပျံသန်းသည့် ခရီးသည်တင် လေယာဉ်ကြီးပေါ်၌ အိုက်ခ်မန်း၏ဇနီး 'ဗရွန်နီကာ'အား အစ္စရေးထောက်လှမ်းရေးအဖွဲ့ဝင်သုံးဦးက နောက်ယောင်ခံ၍ လိုက်လာခဲ့ကြသည်' ဟူသော အဖြစ်အပျက်မှာ တကယ် မဟုတ်ဘဲ စိတ်ကူးယဉ်သက်သက်ဖြစ်ကြောင်း ယခုမှ သိရသည်။

ထိုနည်းတူစွာ အစ္စရေး သတင်းစာဆရာများ ဖြစ်ကြသော Uri Dan၊ Eli Landau နှင့် ဗြိတိသျှ သတင်းစာဆရာ Dennis Eisenberg တို့ ရေးသားခဲ့ကြသည့် MOSSAD (မော့ဆက်) စာအုပ်တွင် အိုက်ခ်မန်းအား သူကိုယ်တိုင် ခေါင်းဆောင်၍ အာဂျင်တီးနားနိုင်ငံမှ ဖမ်းဆီးခေါ်ဆောင်လာခဲ့သော အစ္စရေး ထောက်လှမ်းရေးမှူးချုပ် အစ်ဆာဟာရဲလ်သည် အစ္စရေးနိုင်ငံသို့ ရောက်လျှင် ရောက်ချင်း ဝန်ကြီးချုပ် ဘင်ဂူရီယန်ရှိရာသို့ **'ကားကို ကိုယ်တိုင်မောင်းကာ'** သွားရောက် သတင်းပို့ခဲ့သည်ဟူသော အချက်မှာ လုံးဝ မှားယွင်းနေကြောင်း 'ဤ အိုက်ခ်မန်းစစ်ဆင်ရေး'တွင် တွေ့ကြရမည်ဖြစ်သည်။ အရိုးသားဆုံးနှင့် အပွင့်လင်းဆုံး ပြောရမည်ဆိုပါက အိုက်ခ်မန်းအား အစ္စရေး ထောက်လှမ်းရေး အဖွဲ့ဝင်များက မိုင်ပေါင်း ၈၀၀၀ နီးပါးမျှ ကွာဝေးသည့် အာဂျင်တီးနား နိုင်ငံသို့ လျှို့ဝှက်ခက်ခဲစွာ သွားရောက်ခဲ့ကြပြီး အရှင်လက်ရ ဖမ်းဆီးခေါ်ဆောင် ခဲ့ကြသည့် အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ ယခု စာဖတ်သူ၏ လက်ဝယ်သို့ ရောက်ရှိနေသော **'အိုက်ခ်မန်းစစ်ဆင်ရေး'** စာအုပ်သည် အပြည့်စုံဆုံး၊ အတိကျဆုံးနှင့် အခိုင်လုံဆုံးဟူ၍ ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန် ထိုအခါက 'အိုက်ခ်မန်းစစ်ဆင်ရေး' တစ်ခုလုံးကို အစမှ အဆုံးထိ ကိုယ်တိုင် စီစဉ်ရေးဆွဲကာ ကိုယ်တိုင် ကွပ်ကဲကြီးကြပ်၍ ကိုယ်တိုင်ပါဝင် လှုပ်ရှားခဲ့သော အစ္စရေး ထောက်လှမ်းရေးမှူးချုပ် 'အစ်ဆာဟာရဲလ်'ကိုယ်တိုင် ဤစာအုပ်၊ ဤမှတ်တမ်းကို ပြန်လည်ရေးသား ပြုစုခဲ့သောကြောင့်ပါတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

အစ်ဆာဟာရဲလ်သည် 'မော့ဆက်'ခေါ် အစ္စရေးထောက်လှမ်းရေးအဖွဲ့ကြီး၏ အကြီးဆုံး တာဝန်ခံတစ်ဦး ဖြစ်ခဲ့၍ 'မော့ဆက်'အဖွဲ့ကြီးအား ကမ္ဘာက 'မော့' ကြည့်ရလောက်အောင် စွမ်းဆောင်နိုင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးပင် ဖြစ်သည်။ ဤ 'အိုက်ခ်မန်း စစ်ဆင်ရေး'မှာ လွန်ခဲ့သော ၁၉၆၀ ပြည့်နှစ်ကပင် သူကိုယ်တိုင် ပါဝင် ခေါင်းဆောင်၍ ဆင်နွှဲခဲ့ခြင်းဖြစ်သော်လည်း ထိုစဉ်က အချို့သော အဖြစ်အပျက်များမှာ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ပြဿနာ ဖြစ်လာဖွယ်ရာ ရှိနေသဖြင့် နှစ်ပေါင်း ၂၀ နီးပါး လျှို့ဝှက်ထားခဲ့ရပြီး ၁၉၇၉ ခုနှစ်တွင်မှ ဤစာအုပ်ကို ရေးသား၍ မခြွင်းမချန် အမှန်အတိုင်း ဖော်ထုတ်မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

အမှန်စင်စစ် အစ်ဆာဟာရဲလ်သည် စာရေးဆရာမဟုတ်။ ထောက်လှမ်းသမား တစ်ဦးသာဖြစ်သည်။ သို့ဖြစ်၍လည်း ယခု သူရေးသား ပြုစုလိုက်သော 'အိုက်ခ်မန်း စစ်ဆင်ရေး' စာအုပ်တွင် စာရေးဆရာများ ရေးလေ့ရှိကြသလို အဖွဲ့အနွဲ့ အဆင်တန်ဆာ အသိုင်းအဝိုင်းများ မပါဘဲ 'စင်းစင်းကြီး' ဖြစ်နေသည်ကို တွေ့ရသည်။

သို့သော် သူသည် ထောက်လှမ်းရေးတာဝန်ခံ တစ်ဦးပီပီ အလွန်စေ့စပ်သေချာလှသည်ဖြစ်၍ အိုက်ခ်မန်းစစ်ဆင်ရေး တစ်ခုလုံးကို အစမှ အဆုံးအထိ မည်သို့မည်ပုံ အကောင်အထည် ဖော်ခဲ့ရသည်များကို အသေးအဖွဲ ဖြစ်ရပ်ကလေးများမှ အစ တိတိကျကျ အပြည့်အဝ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ အထူးသဖြင့် အိုက်ခ်မန်း စစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ကြသော အစ္စရေးထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၏ အစွမ်းအစနှင့် အရည်အချင်းများကို တစ်ဦးချင်း တစ်ယောက်ချင်း အသေးစိတ်ပေါ်လွင်အောင် ဖော်ပြခဲ့ရုံမျှမက ၎င်းတို့၏ မိဘ ဆွေမျိုးသားချင်းများနှင့်တကွ ၎င်းတို့ကိုယ်တိုင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီအကျဉ်းစခန်းများဖြစ်သော အိုက်ခက်မန်း၏ ငရဲခန်းများတွင် မည်သို့မည်ပုံ တွေ့ကြုံခံစားခဲ့ရသည်များကိုပါ နောက်ကြောင်းပြန်၍ တင်ပြထားသည်များမှာ တကယ့်ဝါရင့် စာရေးဆရာတစ်ယောက်ပမာ ရသမြောက်လှသည်ကို တွေ့ရသည်။

ထို့ပြင် နာဇီစစ်တရားခံ အိုက်ခ်မန်းတစ်ယောက် အသက်ရှင်လျက် ရှိနေသေးကြောင်း အစ္စရေး ထောက်လှမ်းရေးအဖွဲ့သို့ ပထမဆုံး သတင်းပေးပို့





ခဲ့သည့် အဘိုးကြီးအား ထောက်လှမ်းရေးသမား တစ်ဦးက အာဂျင်တီးနား နိုင်ငံသို့ သွားရောက်တွေ့ဆုံခဲ့ရာတွင် ထိုအဘိုးကြီးမှာ မမျှော်လင့်ဘဲ မျက်စိမမြင် ဒုက္ခိတတစ်ဦး ဖြစ်နေသဖြင့် အထိတ်တလန့် ဖြစ်ခဲ့ရပုံ၊ ဗျူနိုအဲရစ္စမြို့ ဆင်ခြေဖုံး ရပ်ကွက် တစ်ခုတွင် မော်တော်ဆိုင်ကယ် စီးသွားသော အိုက်ခ်မန်း၏သား ဖြစ်သူအား အစ္စရေးထောက်လှမ်းရေးအဖွဲ့ဝင်များက အငှားကားတစ်စီးဖြင့် နောက်ယောင်ခံ၍ လိုက်ခဲ့ကြရာမှ လမ်းဆုံတစ်နေရာ၌ အသုဘချလာသည့် လူအုပ်ကြီးနှင့် ပက်ပင်းပါ တိုးနေသဖြင့် မျက်ခြည်ပြတ်ကာ အကျပ်ရိုက်ခဲ့ရပုံ၊ အာဂျင်တီးနားနိုင်ငံ ဗျူနိုအဲရစ္စလေဆိပ်သို့ ရပ်ဖျက်၍ ရောက်ရှိလာသော အစ္စရေး ထောက်လှမ်းရေးသမား တစ်ဦးအား လေဆိပ်မှအထွက် ဘတ်စ်ကားပေါ်တွင် လူတစ်ယောက်က မိမိလေယာဉ်ပေါ်မှ ဆင်းလာသည့် ဓာတ်ပုံကို ချက်ချင်း လာပြသဖြင့် ခေါင်းနားပန်းများ ကြီးသွားခဲ့ရပုံ၊ အိုက်ခ်မန်း၏နေအိမ်ကို ညအချိန်များတွင် တိတ်တဆိတ် သွားရောက်ချောင်းမြောင်း ကြည့်ရှုခဲ့ကြရာမှ တစ်ညတွင် မောင်ကြီးမည်းကြီးထဲ၌ ရပ်ထားခဲ့သော အစ္စရေး ထောက်လှမ်းရေးအဖွဲ့ဝင်များ စီးလာသည့် ဂျစ်ကားတစ်စီးလုံး မိနစ်ပိုင်းအတွင်း ရှာမတွေ့တော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပုံ၊ အိုက်ခ်မန်းအား အာဂျင်တီးနားနိုင်ငံမှ လေယာဉ်ဖြင့် ခိုးထုတ်ကြရန်အတွက် ဗျူနိုအဲရစ္စလေဆိပ် အဆောက်အအုံအတွင်း ခရီးသည်များ ကြိတ်ကြိတ်တိုးနေခိုက် ထောက်လှမ်းရေးမှူးချုပ် အစ်ဆာဟာရဲလ်ကိုယ်တိုင် လူအုပ်ကြားထဲမှ စားပွဲတစ်လုံးတွင် ထိုင်ကာ ကျန်အဖွဲ့ဝင်များအား နောက်ဆုံး အမိန့်များ တစ်ခုပြီးတစ်ခု အချိန်လှ၍ ထုတ်ပြန်ညွှန်ကြားခဲ့ရပုံ၊ စသည် စသည်ဖြင့် တုန်လှုပ်ချောက်ချား အသည်းယားဖွယ်ရာ၊ ထိတ်လန့်အံ့သြ ရင်မောဖွယ်ရာ၊ ငိုအားထက် ရယ်အားသန်ဖွယ်ရာ အဖြစ်များကို အသေးစိတ်ဖော်ပြထားသည်မှာ စိတ်ကူးယဉ်ဝတ္ထုကြီးတစ်ပုဒ်ထက်ပင် လက်ရာမြောက်လှသည်ဟု ဆိုနိုင်သည်။

သို့ဖြစ်၍လည်း ကျွန်တော်သည် မူလက ဤစာအုပ်ကို အကျဉ်းရုံး၍ ပြန်ဆိုရန် ကြံစည်ထားရာမှ ဘဝတက္ကသိုလ် စာပေတိုက်နှင့် ညှိနှိုင်း၍ တစ်အုပ်လုံး အစမှ အဆုံးအထိ မူရင်းအတိုင်း လုံးစေ့ပတ်စေ့ ပြန်ဆိုလိုက်ရခြင်းဖြစ်သည်။

ဤနေရာ၌ ချစ်စွာသော စာဖတ်သူများအား အစီရင်ခံလိုသည့် အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ အခန်းဖွင့် ခေါင်းစဉ်များနှင့် ပတ်သက်၍ ဖြစ်ပါသည်။ မူရင်းစာအုပ်တွင် အခန်းများကို ခေါင်းစဉ်မတပ်ဘဲ 'အခန်း ၁၊ အခန်း ၂၊ အခန်း ၃' ဟူ၍ နံပါတ်စဉ်များသာ ပါရှိခဲ့ရာ မြန်မာပြန်သည့် မြန်မာစာဖတ်ပရိသတ်များအတွက် ပိုမိုစိတ်ပါဝင်စားစေရန် အခန်းတိုင်း

www.burmeseclassic.com



အခန်းတိုင်းကို ကျွန်တော့်အာဘော်ဖြင့် ဆီလျော်အောင် ခေါင်းစဉ်များ တပ်ပေးခဲ့ပါသည်။ ဒုတိယအချက်မှာ ဤစာအုပ်တွင် ပါဝင်သော အမည်များနှင့် ပတ်သက်၍ ဖြစ်ပါသည်။ မူရင်းစာအုပ်တွင် ဖော်ပြပါရှိသည့်အတိုင်း ဤစာအုပ်တွင် ပါဝင်ကြသည့် လူပုဂ္ဂိုလ်များ၏ အမည်များကို စာအုပ်၏ ရှေ့ပိုင်း၌ ပြန်ဆို ဖော်ပြထားပါသည်။ သို့သော် ဘာသာပြန် စာအုပ်များ၌ ရှည်လျား၍ ဖတ်ရ မှတ်ရ ခက်ခဲလှသော လူအမည်များကြောင့် စာဖတ်သူများ မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်တတ်ကြရာ ယင်းသို့မဖြစ်ရလေအောင် ဤစာအုပ်တွင် ဖတ်ရ မှတ်ရလွယ်သည့် နာမည် အတိုကောက်များကိုသာ အသုံးပြုထားပါသည်။ (ရှေ့ပိုင်း၌ ပါရှိသည့် အမည်အပြည့်အစုံများတွင် ထိုသို့ အသုံးပြုထားသည့် အမည်အတိုကောက်များကို စာလုံး **အမည်း**ဖြင့် ဖော်ပြထားပါသည်။)

အမှန်အတိုင်း တင်ပြရမည်ဆိုပါက ဤစာအုပ်ကို မြန်မာပြန်ဆို ပြီးစီးခဲ့သည်မှာ လွန်ခဲ့သည့် တစ်နှစ်ခွဲခန့်ကပင် ဖြစ်သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ယခု ၁၉၈၃ ခု မတ်လတွင်မှ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ဤစာအုပ်ကို ၁၉၈၁ ခု၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့သို့ သွားရောက် ပြန်ဆိုရေးသားခဲ့စဉ်က အစစအရာရာ ကူညီစောင့်ရှောက်ခဲ့ကြသော ရွှေညောင် အောင်သပြေစခန်း အမှတ် ၂၅၂ လျှပ်စစ်တပ်ဖွဲ့မှ ဗိုလ်မှူးကျော်ဝင်းနှင့် ဇနီး ဒေါ်စမ်းစမ်းမြင့် အမှူးပြုသော အရာရှိ အရာခံ အကြပ်တပ်သား အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က **'အိုက်ခ်မန်း၏ ငရဲခန်း'** စာအုပ်ဖြင့် စတင်၍ စာရေးဆရာဘဝကို ခံယူခဲ့သော ကျွန်တော်သည် ယခုတစ်ဖန် **'အိုက်ခ်မန်း စစ်ဆင်ရေး'** စာအုပ်ကို တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆိုရေးသားလိုက်ရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းသာမိသည်ကို ရိုးသား ပွင့်လင်းစွာ မှတ်တမ်းတင်အပ်ပါသတည်း။

**လင်းယုန်မောင်မောင်**
**၁၃၄၄ ပြာသိုလဆုတ် ၁၂။**
**၁၉၈၃ ဇန်နဝါရီ ၉။**

## နိဒါန်း

အစ်ဆာဟာရဲလ် (ဤစာအုပ်ကို ရေးသားပြုစုသူ)သည် ၁၉၁၂ ခုနှစ်က ရုရှနိုင်ငံတွင် ဖွားမြင်ခဲ့သည်။ သူ့မိဘများမှာ ချမ်းသာကြွယ်ဝသူများ ဖြစ်သော်လည်း အောက်တိုဘာ တော်လှန်ရေးကြီး ဖြစ်ပွားခဲ့ပြီးနောက် ၎င်းတို့၏ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင် အသိမ်းခံရ၍ အခြေအနေ ပျက်ပြားခဲ့ရသည်။ သို့ဖြင့် သူတို့မိသားစုသည် ၁၉၂၃ ခုနှစ်တွင် လက်ဗီးယားနိုင်ငံသို့ ပြောင်းရွှေ့ဟာခဲ့ကြသည်။

ဟာရဲလ် အသက် ဆယ့်ခုနစ်နှစ်အရွယ်တွင် သူ့အစ်မသည် ပါလက်စတိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့ရာ နောက်သုံးလေးလခန့် အကြာတွင် သူကိုယ်တိုင် သူ့အစ်မရှိရာသို့ လိုက်သွားခဲ့သည်။ အသိဉာဏ်ကြွယ်ဝ၍ အတွေးအခေါ် ရင့်သန်သူ ဇီယွန်ဝါဒီ လူငယ်တစ်ဦးဖြစ်သည့်အလျောက် ဟာရဲလ်သည် ပါလက်စတိုင်းသို့ ရောက်သွားသောအခါ ဘာသာရေး အဖွဲ့တစ်ဖွဲ့တွင် စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ နောက်ငါးနှစ်မျှ ကြာသောအခါ ဟစ်တလာ၏ ခြိမ်းခြောက်မှုကို ခံနေရသည့် ဥရောပတိုက်မှ မိဘနှစ်ပါးနှင့် မိသားစုကို ပါလက်စတိုင်းသို့ ခေါ်ယူရန် ငွေရေးကြေးရေး အပူတပြင်း လိုအပ်နေသည့်အတွက် ဟာရဲလ်နှင့် သူ့ဇနီးတို့သည် ဘာသာရေးလုပ်ငန်းများမှ ထွက်လိုက်ကြရသည်။

အစ်ဆာဟာရဲလ်သည် ဂျာမန်ဆန့်ကျင်ရေး အဖွဲ့အစည်းဖြစ်သော [illegible] အဖွဲ့တွင် အဖွဲ့ဝင်တစ်ယောက်အဖြစ် ထောက်လှမ်းရေးလုပ်ငန်းများ [illegible]

**ဖူးပွင့်ဝေဝေ**

www.burmeseclassic.com



စတင် လုပ်ကိုင်ခဲ့ရသည်။ (ဤအဖွဲ့မှာ ပါလက်စတိုင်းနိုင်ငံကို ဗြိတိသျှတို့ ထိန်းသိမ်းစောင့်ရှောက်နေစဉ်က ဂျူးအမျိုးသားများ၏ မြေအောက်အဖွဲ့အစည်း တစ်ခုဖြစ်၍ ဂျူးလူမျိုးများ၏ အသင်းအဖွဲ့များက ချုပ်ကိုင်ခဲ့သည်။) ထိုမှ တစ်ဆင့် သူသည် ခုခံရေးတိုက်ပွဲကာလအတွင်း ဂျူးအမျိုးသား ထောက်လှမ်းရေး သင်တန်းတွင် တက်ရောက်သင်ကြား အောင်မြင်ခဲ့သည်။ ယင်းထောက်လှမ်းရေး အဖွဲ့သည် ၁၉၄၈ ခုနှစ် မေလတွင် အစ္စရေးနိုင်ငံ ထူထောင်သောအခါ အစိုးရ၏ ထောက်လှမ်းရေးဌာန ဖြစ်လာခဲ့သည်။ ထိုအခါတွင် အစ်ဆာဟာရဲလ်သည် 'ရှင်းဘက်'ခေါ် ပြည်တွင်းလုံခြုံရေးဌာန၏ အကြီးအကဲအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ယင်းဌာန၏ အဓိကလုပ်ငန်းများမှာ မြေအောက်အဖျက် လုပ်ငန်းများကို ထောက်လှမ်းချေမှုန်းရန်နှင့် တန်ပြန် ထောက်လှမ်းရေး အစီအစဉ်များကို ချမှတ်ညွှန်ကြားရန်ပင် ဖြစ်သည်။

အစ်ဆာဟာရဲလ်သည် ယင်းဌာန၏ အကြီးအကဲအဖြစ် အစ္စရေးဝန်ကြီးချုပ်၏ လုံခြုံရေးကို တာဝန်ယူခဲ့ရသည်။ သို့ဖြင့် ထိုအချိန်မှစ၍ သူသည် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဒေးဗစ်ဘင်ဂူရီယန်နှင့် ရင်းနှီးသော မိတ်ဆွေ ဖြစ်လာခဲ့သည်။

အစ္စရေးအစိုးရ၏ ထောက်လှမ်းရေးလုပ်ငန်းများတွင် ပြည်တွင်းရေး၊ နိုင်ငံရေး၊ စစ်ရေး စသည်များနှင့် ပတ်သက်၍ ၁၉၅၂-၅၃ ခုနှစ်အထိ ပုံမှန် စနစ်တကျ လုပ်ဆောင်မှုများ မရှိခဲ့ပေ။ ဤအချိန်မှာပင် အစ်ဆာဟာရဲလ်သည် 'မော့ဆက်'ခေါ် ဗဟိုထောက်လှမ်းရေးနှင့် လုံခြုံရေးအဖွဲ့၏ တာဝန်ခံအကြီးအကဲ အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ ဤအဖွဲ့၏ အဓိကတာဝန်မှာ အစ္စရေး အစိုးရ၏ လျှို့ဝှက်ထောက်လှမ်းရေးများအတွက် နိုင်ငံခြားတိုင်းပြည်များမှ အရေးကြီးသည့် သတင်းများကို စုဆောင်းရန်နှင့် အစ္စရေးနိုင်ငံ၏ ပြင်ပတွင် အထူးစစ်ဆင်ရေးများနှင့် အထူးလုပ်ငန်းတာဝန်များကို စီစဉ်ညွှန်ကြားရန်ပင် ဖြစ်သည်။

ဤအတောအတွင်း ဝန်ကြီးချုပ် ဘင်ဂူရီယန်သည် အစ်ဆာဟာရဲလ် အား ပြည်တွင်းလုံခြုံရေးဌာနကိုပါ ပူးတွဲတာဝန်ယူရန် ညွှန်ကြားခဲ့သည်။ သို့ဖြင့် ဝန်ကြီးချုပ်သည် ဟာရဲလ်အတွက် 'လျှို့ဝှက်ထောက်လှမ်းရေး လုပ်ငန်းများ ဆိုင်ရာ အမှုဆောင် အရာရှိချုပ်' ဟူသော အမည်သစ်ဖြင့် တာဝန်ပေးအပ်ခဲ့ သည်။ သို့ဖြစ်ရာ ဟာရဲလ်သည် ဗဟိုထောက်လှမ်းရေးနှင့် လုံခြုံရေးဌာနဖြစ်သော 'မော့ဆက်'၏ အကြီးအကဲအဖြစ်သာမက လျှို့ဝှက်ထောက်လှမ်းရေးဌာန အသီး





သီးမှ တာဝန်ခံများ ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီတွင်ပါ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ဤလုပ်ငန်းများ အားလုံးကို သူသည် ဝန်ကြီးချုပ်ကိုယ်စား တာဝန်ယူ လုပ်ကိုင်ခဲ့ရသည်။

အမှန်စင်စစ် ဤသို့သော နေရာမျိုးနှင့် ရာထူးမျိုးသည် အလွန့်အလွန် တန်ခိုးအာဏာရှိသော ရာထူးနေရာပင် ဖြစ်သည်။ အခြား အခြားသော နိုင်ငံများမှ သမိုင်းဖြစ်ရပ်များကို လေ့လာကြည့်မည်ဆိုပါက ယင်းသို့သော အာဏာကို လက်ဝယ် ရရှိခဲ့သူများသည် မကြာခဏ အကျင့်စာရိတ္တ ပျက်ပြားကာ 'အကျူနှာ' ခဲ့ကြသည့် သာဓကပေါင်း မြောက်မြားစွာ တွေ့ခဲ့ကြပြီးဖြစ်သည်။ သို့ပါလျက် အစ္စရေးအစိုးရ၏ လျှို့ဝှက်ထောက်လှမ်းရေးဌာနသည် တရားဥပဒေဘောင် အတွင်း၌ တစ်စုံတစ်ရာ တိမ်းစောင်းချွတ်ချော်မှုများ မဖြစ်ပွားခဲ့သည်မှာ အစ္စရေး နိုင်ငံ၏ ထူးခြားသည့် လက္ခဏာတစ်ရပ် ဖြစ်ခဲ့သလို အစ်ဆာဟာရဲလ်အတွက် လည်း ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့သည်။ ဤအချက်မှာ ဤဌာနကြီး၏ အကြီးအကဲ အဖြစ် သူအမှုထမ်းခဲ့သည့် သက်တမ်း ၁၅ နှစ်ကာလအတွင်း မြောက်မြား စွာသော ထက်မြက်သည့် အာဏာသိမ်းမှုများကို ဖော်ထုတ်ခဲ့သည်ထက် ပို၍ အရေးပါသည့် အောင်မြင်ချက်တစ်ခု ဖြစ်ခဲ့သည်။

သို့သော်... အစ်ဆာဟာရဲလ်သည် ၁၉၆၃ ခုနှစ် မေလတွင် ရာထူးမှ ထွက်စာတင်ခဲ့သည်။ ဤသည်မှာ အစ္စရေးနိုင်ငံအား တိုက်ခိုက်ချေမှုန်းရန် အတွက် စစ်ရေးအရ ကြိုးပမ်းနေသည့် အီဂျစ်နိုင်ငံတွင် အလွန်အရေးပါသော အခန်းမှ ပါဝင်လုပ်ဆောင်နေကြသည့် ဂျာမန်များနှင့် ပတ်သက်၍ အစ္စရေး အာဏာပိုင်များနှင့် ဟာရဲလ်တို့ အပြင်းအထန် သဘောကွဲလွဲခဲ့ရာမှ ပေါ်ပေါက် လာခဲ့ခြင်း ဖြစ်သည်။ သို့ပါလျက် နောင်တွင် နှစ်နှစ်ခွဲမျှ ကြာသောအခါ ဝန်ကြီးချုပ် ဘင်ဂူရီယန်သည် ဟာရဲလ်အား သူ့ဓာတ်ပုံ တစ်ပုံကို လက်ဆောင် အဖြစ် ပေးခဲ့ရာ၌ 'နိုင်ငံတော်၏ လုံခြုံရေး၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို သစ္စာရှိစွာ ကာကွယ်စောင့်ရှောက်ခဲ့သူ' ဟူ၍ အမှတ်တရ ကမ္ပည်းရေးထိုးပေးခဲ့ရသည်။ ယခု 'ဂါရီဘာလ်ဒီလမ်းပေါ်မှ ဓါဟာ' (ဤစာအုပ်)ကို ဖတ်ရှုကြရသော စာဖတ်သူများအနေဖြင့် အထက်ပါ ကမ္ပည်းစာတန်းအပြင် 'နိုင်ငံတော်၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို ကာကွယ်စောင့် ရှောက်ခဲ့သူ' ဟူ၍ ဖြည့်စွက်ရေးထိုးလိုစိတ်များ ပေါ်ပေါက်ကောင်း ပေါ်ပေါက် လာဖွယ်ရာပင် ရှိပေလိမ့်မည်။ ယင်းဖြည့်စွက်လိုသည့် ကမ္ပည်းစာတန်းသည်



www.burmeseclassic.com

www.burmeseclassic.com

ရှုတ်တရက်အားဖြင့် တစ်စုံတစ်ရာ ပြောပလောက်အောင် အရာရောက်သည်ဟု မထင်ရသော်လည်း အမှန်တကယ်ပင် အရေးကြီးသည်ဟု ဆိုရမည်ဖြစ်ပေသည်။

ဟာရဲလ်သည် တရားဥပဒေနှင့် ပတ်သက်၍သော်လည်းကောင်း၊ အကျင့်စာရိတ္တနှင့် ပတ်သက်၍ သော်လည်းကောင်း 'မဲ့တစ်ပေါက် မစွန်းအောင် ကျင့်ကြံလုပ်ကိုင်သူ' ဟူ၍ ထင်ရှားခဲ့သည်။ သို့ပါလျက် သူသည် အစ္စရေးနိုင်ငံတွင် တရားဥပဒေအရ စစ်ဆေး အရေးယူရန် အိုက်ခ်မန်းအား ဖမ်းဆီးခေါ်ဆောင်ခဲ့ရာ၌ အပြည်ပြည်ဆိုင်ရာ တရားဥပဒေကို ချိုးဖောက်ရန် ဆုံးဖြတ်ခဲ့ခြင်းသည် သူ၏ တည်ငြိမ်လေးနက်သည့် အရည်အချင်းကို အံ့မခန်း စွမ်းဆောင်မှုတစ်ခု အဖြစ်သို့ရောက်အောင် ဖော်ထုတ်ပြသလိုက်ခြင်းပင် ဖြစ်သည်။

တည်းဖြတ်သူများ

## စာရေးသူ၏ အမှာ

အဒေါ့ဖ်အိုက်ခ်မန်း၏ အမှုကို စစ်ဆေးခဲ့စဉ်က ကမ္ဘာတစ်ဝန်းလုံးမှ စိတ်ပါဝင်စားစွာဖြင့် စောင့်ကြည့်ခဲ့ကြပါသည်။ အိုက်ခ်မန်းမှာ အခြားသူ မဟုတ်၊ 'လူမျိုးတစ်မျိုးလုံးအား ကမ္ဘာမြေမျက်နှာပြင်ပေါ်မှ လုံးဝ သုတ်သင်ဖယ်ရှားပစ်ရန်' ရည်ရွယ်၍ လူပေါင်း သန်းပေါင်းများစွာတို့ကို သတ်ဖြတ်ခဲ့သည့် ပြစ်မှုဖြင့် အစ္စရေး တရားရုံးတော်မှ ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသူပင် ဖြစ်ပါသည်။ ဤအမှု၏ အလွန်ထူးခြားသော အခြေအနေများနှင့် ပြင်းထန်သော ဂယက်ရိုက်မှုများကြောင့် ဒါဇင်ပေါင်းများစွာသော နိုင်ငံတို့မှ ရာပေါင်းများစွာသော သတင်းစာဆရာများနှင့် ရေဒီယို၊ ရုပ်မြင်သံကြား ထုတ်လွှင့်သူများသည် ဂျေရုဆလင်မြို့သို့ အပြေးအလွှား ရောက်ရှိလာခဲ့ကြသည်။ သူတို့တစ်တွေသည် တရားရုံးတော်တွင် စိတ်လှုပ်ရှားဖွယ်ရာ မြင်တွေ့သမျှတို့ကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် မှတ်တမ်းတင်ရန် ကြိုးစားခဲ့ကြပါသည်။ လူမျိုးတစ်မျိုး၏ သမိုင်းတစ်လျှောက်တွင် အမှောင်မိုက်ဆုံးသော နှစ်များကို ကျော်လွှားလွတ်မြောက်လာကြသူများ၏ တုန်လှုပ်ချောက်ချားဖွယ်ရာနှင့် နာကြည်းကြေကွဲဖွယ်ရာကောင်းလှသည့် ဖြစ်ရပ်များကို သူ့နည်း သူ့ဟန်ဖြင့် မှတ်တမ်းတင်ရန် ကြိုးစားခဲ့ကြပါသည်။

ဤအမှုကို ယင်းသို့ ကမ္ဘာအရပ်ရပ်မှ သန်းပေါင်းရာချီ၍ ရှိနေကြသည့် ပြည်သူလူထု အများစုကြီးက စိတ်ပါဝင်စားစွာ စောင့်မျှော် နားစွင့်ခဲ့ကြသော်လည်း တကယ့်လက်တွေ့အားဖြင့် အဒေါ့ဖ်အိုက်ခ်မန်းအား သူနေထိုင်ရာ

www.burmeseclassic.com



အရပ်ကို မည်သို့မည်ပုံ ရှာဖွေထောက်လှမ်း၍ မည်သို့မည်ပုံ လက်ရဖမ်းကာ မည်သို့မည်ပုံ အစ္စရေးနိုင်ငံသို့ အရောက်ခေါ်ဆောင်လာခဲ့သည့် ဖြစ်ရပ်အလုံးစုံကို အကုန်အစင် သိရှိရသူမှာ လူနည်းစုကလေးမျှသာ ဖြစ်ပါသည်။ ဤအကြောင်းခြင်းရာ ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ စာအုပ်ပေါင်း အများအပြား ရေးသားခဲ့ကြရာ အချို့က အစအဆုံး စိတ်ကူးဖြင့် မှန်းဆ၍ ရေးခဲ့ကြပါသည်။ အချို့ကလည်း အဖွဲ့အစည်းအသီးသီးမှ အိုက်ခ်မန်းအား ခြေရာခံ၍ လိုက်လံ ရှာဖွေခဲ့ကြသည့် တကယ့်ဖြစ်ရပ်များကို စီကာပတ်ကုံး ရေးသားခဲ့ကြပါသည်။ ယင်းသို့ ရေးသားခဲ့ကြသည့် စာအုပ်များထဲမှ စာအုပ်နှစ်အုပ်တွင်မူ အိုက်ခ်မန်းအား ခြေရာခံ၍ လိုက်လံရှာဖွေခဲ့ကြစဉ်က အရာမရောက်ဘဲ မအောင်မြင်ခဲ့သည့် ဖြစ်ရပ်များနှင့် နောက်ဆုံး၌ အိုက်ခ်မန်းအား လက်ရဖမ်းဆီးနိုင်ခဲ့သည့် စစ်ဆင်ရေး အစီအစဉ်များကိုပါ ရှာဖွေလေ့လာ၍ ဆက်စပ်ရေးသားခဲ့ကြပါသည်။

ယခုသော်မူ ကျွန်ုပ်သည် ဤစာအုပ်တွင် 'အိုက်ခ်မန်း စစ်ဆင်ရေး'နှင့် ပတ်သက်သမျှ အလုံးစုံသော ဖြစ်ရပ်များကို မခြွင်းမချန် အမှန်အတိုင်း ရေးသားတင်ပြလိုက်ပြီ ဖြစ်ပါသည်။ အမှန်စင်စစ် ယခုကဲ့သို့ အသေးစိတ် ရေးသားတင်ပြနိုင်သည်မှာလည်း အခြားကြောင့် မဟုတ်ပါ။ ကျွန်ုပ်သည် ဤစစ်ဆင်ရေးကို ဦးဆောင်ခဲ့သူတစ်ယောက် ဖြစ်ရုံမျှမက ဤစစ်ဆင်ရေး တစ်ခုလုံး အရေးအကြီးဆုံးနှင့် အဓိက အကျဆုံးဖြစ်သော အိုက်ခ်မန်းအား အစ္စရေး ရဲအဖွဲ့လက်သို့ လွှဲအပ်ခဲ့ရာတွင်လည်း ကျွန်ုပ်သည် ခေါင်းဆောင်တစ်ယောက် အဖြစ် တာဝန်ယူခဲ့ရသောကြောင့်ပင် ဖြစ်ပါသည်။

ယခုကဲ့သို့ ဖြစ်ပျက်ခဲ့သမျှတို့ကို အစီအစဉ်အတိုင်း စနစ်တကျ တင်ပြနိုင်ရန်အတွက် ကျွန်ုပ်သည် ကျွန်ုပ်၏ မှတ်ဉာဏ်တစ်ခုတည်းကိုသာ အားကိုးမှီငြမ်းခဲ့သည် မဟုတ်ပါ။ ဤစစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ကြသူ အတော်များများနှင့် တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ သို့ပါလျက် ကျွန်ုပ်မှာ အကြောင်းအမျိုးမျိုးကြောင့် ယင်းပုဂ္ဂိုလ် အားလုံးကို လူစေ့ တက်စေ့ မတွေ့နိုင်ခဲ့ပါ။ အလားတူပင် မှတ်တမ်း မှတ်ရာများကိုလည်း အစီအစဉ်အတိုင်း ရှာဖွေစုဆောင်း၍ မရနိုင်ဘဲ ဖြစ်ခဲ့ရပါသည်။

သို့တိုင်အောင် ကျွန်ုပ်သည် ထိုစဉ်က ကြိုးပမ်းလှုပ်ရှားမှုများနှင့် အတွေ့အကြုံများကို ဂုဏ်ယူစွာဖြင့် ပြန်လည်ရှာဖွေ စုဆောင်းခဲ့ပါသည်။ ရှုပ်ထွေးပြောင်းမြောင်းလှသည့် ဖြစ်ရပ်များ၏ အဆင့်ဆင့်သော ဖြစ်စဉ်များကို ပေါ်လွင်





ထင်ရှားနိုင်သမျှ ထင်ရှားပေါ်လွင်အောင် စွမ်းဆောင်ခဲ့ပါသည်။ ဤစစ်ဆင်ရေး၏ အခြေခံ သဘာဝအရ အသေးစိတ် အချက်အလက် အများအပြားမှာ ယခုလောက်အထိ နှစ်ပေါင်းများစွာ ကြာခဲ့သည့်တိုင်အောင် လျှို့ဝှက်ထားကြရဆဲ ဖြစ်နေပါသည်။ ယင်းအချက်အလက်များမှာ ဖြစ်ရပ်တစ်ခုလုံး၏ ဖြစ်စဉ်များ အနေဖြင့် ကြည့်လျှင် အရေးမကြီးဟု ယူဆရသော်လည်း လက်တွေ့လုပ်ဆောင်ခဲ့ရသည့် အတတ်ပညာပိုင်းအရ အရေးကြီးသည်ဟု ဆိုရမည် ဖြစ်ပါသည်။ ဤစစ်ဆင်ရေးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ထုတ်ဖော်တင်ပြရာတွင်လည်း အထက်ပါအတိုင်းပင် ကျင့်သုံးခဲ့ရပါသည်။ ယင်းပုဂ္ဂိုလ်များ၏ အမည်များကို ဤစာအုပ်တွင် ပြောင်းလဲ သုံးနှုန်းထားခဲ့ပါသည်။ သူတို့တစ်တွေသည် မည်သူမည်ဝါများ ဖြစ်ကြသည်ကို တတ်နိုင်သမျှ မပေါ်လွင်စေရန်အတွက် ကျွန်ုပ်သည် အသေးစိတ် အချက်အလက် တစ်ခုနှစ်ခုကိုပင် အချို့နေရာများ၌ ပြောင်းလဲတင်ပြထားပါသည်။

သို့ဖြစ်လေရာ ဤစာအုပ်တွင် မူရင်းအမည်အတိုင်း မပြောင်းလဲဘဲ ဖော်ပြထားသူမှာ 'ရှာလွမ်ဒန်နီ' ဆိုသူ တစ်ဦးသာလျှင် ဖြစ်ပါသည်။ သူသည် သူ့ဘဝ၏ အမြင့်ဆုံးသောအချိန်ဖြစ်သည့် ၁၉၆၃ ခုနှစ်ကပင် ကွယ်လွန်သွားခဲ့ရှာပြီ ဖြစ်ပါသည်။ ဤစစ်ဆင်ရေးနှင့်တကွ အခြားသော စစ်ဆင်ရေးများ အပါအဝင် သူကွယ်လွန်သည့် နေ့အထိ ဟူ၍ပင် ဆိုရလောက်အောင် သူနှင့် အတူတကွ တွဲဖက်လုပ်ကိုင်ခဲ့ရသည်များကို ကောင်းကောင်းကြီး အမှတ်တရ ရှိနေခဲ့ပါသည်။ သို့ဖြစ်၍လည်း ဤစာအုပ်တွင် ထူးခြားပြောင်မြောက်လှသည့် သူ၏ 'ရုပ်ပုံလွှာ'ကို အတတ်နိုင်ဆုံး ဖော်ကျူးထားပါသည်။

'အိုက်ခ်မန်း စစ်ဆင်ရေး'တွင် ကျွန်ုပ်နှင့် အတူတွဲ၍ ပါဝင်လှုပ်ရှားခဲ့ကြသူများ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ဤမျှ ရက်စက်ရိုင်းစိုင်းလှသည့် ရာဇဝတ်ကောင် တစ်ဦးအား လက်ရဖမ်းဆီးရမည့် လုပ်ငန်းကြီးသည် အမျိုးသားရေးနှင့် လူသားတစ်ရပ်လုံး၏ သမိုင်းပေးတာဝန်ကြီးတစ်ရပ် ဟူ၍ စွဲမြဲမှတ်ယူထားကြပါသည်။ ဤနေရာ၌ သူရဲကောင်းဆန်ဆန် စွန့်စားရေး ဝါဒများ လုံးဝ မရှိခဲ့သလို၊ စိတ်ကူးယဉ် လျှို့ဝှက်သည်းဖို ရုပ်ရှင်ကားများထဲမှ အထူးထောက်လှမ်းရေး အရာရှိအဖြစ် ပါဝင်သရုပ်ဆောင်ကြသည့် ဇာတ်လိုက်များ၏ အမူအရာ စိတ်နေစိတ်ထားမျိုးကိုလည်း လုံးဝ တွေ့ရမည် မဟုတ်ပါ။ သူတို့တစ်တွေသည် အစ္စရေးအမျိုးသားများ၏ အထူးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ၊ အလွှာအမျိုးမျိုးမှ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



များသာ ဖြစ်ကြပါသည်။ နောက်ဆုံး၌ 'လူဆိုသည်မှာ သွေးနှင့်ကိုယ် သားနှင့်ကိုယ်များသာ ဖြစ်ကြ၍ မြေလျှိုး မိုးပျံနိုင်သည့် လူစွမ်းကောင်း ဆူပါမင်းမဟုတ်' ဟူသော အချက်ကို လက်ခံ သဘောပေါက်ထားကြသူများသာ ဖြစ်ပါသည်။

သို့ဖြစ်ရာ အိုက်ခ်မန်းစစ်ဆင်ရေးနှင့် စပ်လျဉ်းသည့် ပြဿနာများကို ဖြေရှင်းခြင်းသည် ကျိုးကြောင်းဆီလျော်သည့် လုပ်ငန်းဖြစ်၍ လူအများရှေ့တွင် မျက်နှာပန်းလှရုံမျှ လုပ်ကိုင်ခဲ့ကြခြင်း မဟုတ်ကြောင်း စာဖတ်သူများ နားလည်သဘောပေါက်ကြလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

အိုက်ခ်မန်း စစ်ဆင်ရေးသည် မလွယ်မသေး လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ သို့ပါလျက် အိုက်ခ်မန်းအား အာဂျင်တီးနားနိုင်ငံမှ ခေါ်ဆောင်လာရန် မရှောင်မလွှဲသာ လိုအပ်လာသည့်အခါ ကျွန်ုပ်တို့အတွင်းလူများအချင်းချင်း အကြီးအကျယ် သဘောကွဲလွဲမှုများ ဖြစ်ခဲ့ကြပါသည်။ အချုပ်အခြာအာဏာပိုင် မိတ်ဆွေနိုင်ငံတစ်နိုင်ငံတွင် ယင်းသို့ တိတ်တဆိတ် လျှို့ဝှက်လုပ်ကိုင်ရန် အကြောင်းဆိုက်လာသည့်အတွက် ကျွန်ုပ်မှာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။ လုပ်ထုံးလုပ်နည်း အရသော်လည်းကောင်း၊ နိုင်ငံရေးရှုထောင့်အရသော်လည်းကောင်း ယင်းသို့ လုပ်ပိုင်ခွင့် ရှိ၊ မရှိ ဆိုသော အချက်မှာ အားလုံးကို အဟန့်အတားဖြစ်စေပြီး နေရာတိုင်းတွင် ဤပြဿနာနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ပုံမှန် လုပ်ရိုးလုပ်စဉ်အရ ဆိုပါက ဗျူနိုအဲရစ္စမြို့ ဆင်ခြေဖုံးတစ်နေရာတွင် အခြားနိုင်ငံမှ လာရောက်နေထိုင်လျက်ရှိသည့် ဂျာမန်လူမျိုးတစ်ယောက်သည် မသင်္ကာဖွယ်ရာ အထောက်အထားများ တွေ့ရှိရကြောင်းဖြင့် အာဂျင်တီးနား အာဏာပိုင်များထံ သတင်းပို့ တိုင်ကြားရုံသာ ရှိပါသည်။ ထို့နောက်တွင်မူ ထွေပြားရှုပ်လျားလှသော တရားဥပဒေဆိုင်ရာ အချက်အလက်များ အပြည့်အစုံ ရရှိနိုင်ရန် တစ်မျှော်တစ်ခေါ်ကြီး စောင့်ရဦးမည် ဖြစ်ပါသည်။ ဂျာမနီနိုင်ငံသို့ဖြစ်စေ၊ သူ့ကို အလိုရှိနေသည့် အခြားနိုင်ငံ တစ်နိုင်ငံသို့ဖြစ်စေ ပြန်ပို့ပေးရေးအတွက် မီးခိုးကြွက်လျှောက် လိုက်၍ မဆုံးအောင် ဖြစ်နေဦးမည်မှာ သေချာပါသည်။ သို့သော် ယင်းသို့ မီးခိုးမဆုံး မိုးမဆုံး ဖြစ်နေသည်ကို အိုက်ခ်မန်းကိုယ်နှိုက်က စောင့်နေမည်၊ မနေမည် ကျွန်ုပ်တို့ မည်သို့ အတပ်ပြောနိုင်ပါမည်နည်း။ ဤသည်မှာ ဦးစွာပထမ စဉ်းစားရမည့် အချက်ဖြစ်၍ ဒုတိယ စဉ်းစားရမည့်အချက် ရှိနေပါသေးသည်။ ဤသည်မှာ စစ်ရာဇဝတ်မှုများကို စစ်ကြောပြီး အချိန်ကလို ပြင်းပြင်းထန်ထန် စိတ်ဝင်စားမှုများ မရှိကြတော့သည့်





အချက် ဖြစ်ပါသည်။ အကြီးဆုံး ရာဇဝတ်ကောင်များထဲမှ အချို့သော ရာဇဝတ်ကောင်များအပေါ် ချမှတ်ခဲ့သည့် ပြစ်ဒဏ်များမှာလည်း လျှော့နည်းလာခဲ့ပြီ ဖြစ်သည်။ အခြား စစ်ရာဇဝတ်ကောင်များမှာလည်း နှစ်ပေါင်းများစွာ စောင့်ဆိုင်းလာခဲ့ကြရပြီး နောက်ဆုံးတွင် ရုံးတင်စစ်ဆေးခြင်းများပင် မပြုလုပ်ကြတော့ဘဲ ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြပြီးနောက် ၁၅ နှစ်မျှ ကြာညောင်းခဲ့၍ ဥရောပတိုက်တွင် စစ်ရာဇဝတ်ကောင်များအား ထောက်ထားညှာတာမှုများ အနံ့အပြား ပေါ်ပေါက်နေသည့် ယေဘုယျ အခြေအနေမျိုးတွင် အိုက်ခ်မန်းကဲ့သို့သော ရောမ ရာဇဝတ်ကောင်ကြီး တစ်ယောက်ပင်လျှင် အကျိုးခံစားခွင့်ရစရာ ဖြစ်နေပါသည်။

နိုင်ငံရေးပယောဂများ ကင်းရှင်းစွာဖြင့် အိုက်ခ်မန်းအား စစ်ဆေးအပြစ်ပေးရာ၌ တရားဥပဒေ၏ အခြေခံအုတ်မြစ်များကို ဖြိုဖျက် ဖယ်ရှားခြင်း မပြုလုပ်ရန် သန္နိဋ္ဌာန် ချမှတ်ထားသည့် နိုင်ငံမှာ ကမ္ဘာပေါ်တွင် အစ္စရေးနိုင်ငံတစ်နိုင်ငံသာရှိပါသည်။ ထို့ပြင် တရားဥပဒေ၏ လုပ်ထုံးလုပ်နည်းများအရ ကျိုးကြောင်းဆီလျော်မှုတသည့် သမိုင်းဝင် စီရင်ထုံးများကို အခြေခံကာ 'ဂျူးလူမျိုးများဆိုင်ရာ ပြဿနာကို အပြီးသတ် ဖြေရှင်းရေး'အတွက် လက်တွေ့ကြိုးပမ်း လုပ်ဆောင်ရာ၌ တာဝန်အရှိဆုံး ဖြစ်ခဲ့သော အိုက်ခ်မန်းအား စစ်ဆေးအပြစ်ပေးရန် အခွင့်အာဏာ အရှိဆုံးနိုင်ငံမှာလည်း အစ္စရေးနိုင်ငံသာလျှင် ဖြစ်ပါသည်။

အခြားပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးနောက် ကျွန်ုပ်သည် အိုက်ခ်မန်းအား လျှို့ဝှက်စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲကာ လက်ရဖမ်းဆီးပြီး အစ္စရေးနိုင်ငံသို့ ခေါ်ဆောင်လာရန် အပြီးသတ် ဆုံးဖြတ်ခဲ့ပါသည်။ ဤဆုံးဖြတ်ချက်ကို စိတ်ထိခိုက်စွာဖြင့် ချမှတ်ခဲ့ရခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အစ္စရေးနှင့် အာဂျင်တီးနားနိုင်ငံ အကြားတွင် အပြန်အလှန် လေးစားမှုနှင့် ရင်းနှီးမှုများ ရှိနေသည်ကို သတိပြုမိသောကြောင့်ပင် ဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ပြည်သူများ၏ ရှေ့မှောက်၌ လူ့သမိုင်းတွင် အရိုင်းစိုင်းဆုံးနှင့် အရက်စက်ဆုံး လူသတ်သမား၏ တကယ့်ဇာတိရုပ်ကို ဂျေရုဆလင် တရားရုံးတော်၌ ကွင်းကွင်းကွက်ကွက် ပေါ်လာအောင် ဖော်ထုတ်ပြသနိုင်သည့် တစ်နေ့တွင် ကျွန်ုပ်တို့၏ မိတ်ဆွေ အာဂျင်တီးနား ပြည်သူများသည် ကျွန်ုပ်တို့ လုပ်ဆောင်ချက်များကို နားလည် သဘောပေါက်ကာ ကျွန်ုပ်တို့အနေဖြင့် ယင်းသို့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့သည်ကို သဘောတူလက်ခံကြလိမ့်မည်ဟု မုချယုံကြည်မိပါသည်။

သို့ဖြစ်ရာ ယခုအကြိမ်တွင် ဖော်ထုတ်တင်ပြခွင့် ရပြီဖြစ်သော 'အိုက်ခ်မန်းစစ်ဆင်ရေး'၏ ဇာတ်လမ်း မှတ်တမ်းအပြည့်အစုံကို အောက်တွင် ဖော်ပြအပ်ပါသည်။

**ဟောလာမြို့** **အစ်ဆာဟာရဲလ်**

**အစ္စရေးနိုင်ငံ၊ ၁၉၇၄။**

## အိုက်ခ်မန်း စစ်ဆင်ရေးတွင် ပါဝင်လှုပ်ရှားခဲ့ကြသူများ*

### (၁) အိုက်ခ်မန်း စစ်ဆင်ရေးကို စတင်ဖော်ဆောင်ခဲ့သူများ

**ဒေါက်တာဝေါလ်တာအီတန်**။ ။အစ္စရေးအစိုးရ၊ နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ်။ အာဂျင်တီးနားနိုင်ငံတွင် အိုက်ခ်မန်း ရောက်ရှိနေသည့် သတင်းကို ဂျာမနီနိုင်ငံမှနေ၍ အစ်ဆာဟာရဲလ်ထံ ပထမဆုံး ပေးပို့ခဲ့သူဖြစ်သည်။

**ဒေါက်တာရှင်းနား**။ ။အနောက်ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သော အစ္စရေးစစ်လျော်ကြေးကောင်မရှင် အဖွဲ့ခေါင်းဆောင်။ အနောက်ဂျာမနီ ဟက်စ်ပြည်နယ် အစိုးရရှေ့နေကြီး ဒေါက်တာ ဖရစ်ဇ်ဘောယားထံမှ အာဂျင်တီးနားတွင် အိုက်ခ်မန်း ရောက်ရှိနေသည့် သတင်းကို ပထမဆုံး ကြားသိခဲ့ရသူ ဖြစ်သည်။

**ဒေါက်တာ ဖရစ်ဇ်ဘောယား**။ ။အနောက်ဂျာမနီ ဟက်စ်ပြည်နယ်မှ အစိုးရရှေ့နေကြီး။ အာဂျင်တီးနားနိုင်ငံတွင် အိုက်ခ်မန်း ရောက်ရှိနေကြောင်း ဒေါက်တာရှင်းနားမှတစ်ဆင့် အစ္စရေးအာဏာပိုင်များထံ သတင်းပေးပို့ခဲ့သူ ဖြစ်သည်။

**ဆော်လ်ဒါရုမ်**။ ။အစ္စရေးအမျိုးသား လုံခြုံရေးဌာနမှ အထူးထောက်လှမ်းရေး အရာရှိ။ အိုက်ခ်မန်းသတင်းကို စုံစမ်းထောက်လှမ်းရန် အစ်ဆာဟာရဲလ်က ဒေါက်တာ ဖရစ်ဇ်ဘောယားနှင့်အတူ လျှို့ဝှက်စေလွှတ်ခြင်းခံရသူ ဖြစ်သည်။

* ဤမြန်မာပြန်စာအုပ်တွင် အသုံးပြုထားသည့် နာမည်အတိုကောက်များကို စာလုံးမည်းဖြင့် ဖော်ပြထားပါသည်။ —ငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



**(၂) ၁၉၅၈ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံသို့ သွားရောက်၍ ပထမအစုံစမ်းမှုများကို ပြုလုပ်ခဲ့ကြသူများ**

**ယိုးလ်ဂိုရန်။** ။လျှို့ဝှက်စစ်ဆင်ရေးများတွင် အတွေ့အကြုံ ကြွယ်ဝသူ။ ဒေါက်တာ ဘောယားထံမှ ပေးပို့သည့် လိပ်စာအရ ဗျူနိုအဲရစ္စမြို့ ဆင်ခြေဖုံး ဒေသ 'အိမ်အမှတ် ၄၂၆၁၊ ချာကာဘူကိုလမ်း၊ အိုလီဗော့ရပ်ကွက်'ကို စုံစမ်းရန် ၁၉၅၈ ခု ဇန်နဝါရီလတွင် အာဂျင်တီးနားသို့ စေလွှတ်ခြင်းခံရသူ ဖြစ်သည်။

**မိနာရှေ တာလမီ။** ။ထိုစဉ်က အာဂျင်တီးနားတွင် နေထိုင်လျက်ရှိသော အစ္စရေးနိုင်ငံသားတစ်ဦး။ ယိုးလ်ဂိုရန်အား အကူအညီပေးရသူ ဖြစ်၍ နောက်ပိုင်းတွင် အခြားစုံစမ်းထောက်လှမ်းရေးသမားတစ်ဦးဖြစ်သူ အီဖရိမ် ဟော့ဖ်စတာယက်တာအား အကူအညီပေးခဲ့သည်။ ထို့နောက် စစ်ဆင်ရေးအဖွဲ့ဝင် ဖြစ်လာခဲ့သည်။

**(၃) ၁၉၅၈ ခု မတ်လတွင် အာဂျင်တီးနားသို့ ဒုတိယအကြိမ် ပထမ သွားရောက်ထောက်လှမ်းခဲ့သူများ**

**လိုသာဟာမန်း။** ။ဒေါက်တာ ဘောယား၏ ယုံကြည်စိတ်ချရသော သတင်းပေး တစ်ဦး။

**အီဖရိမ်** ဟော့ဖ်စတာယက်တာ။ ။အစ္စရေးရဲတပ်ဖွဲ့မှ ထူးချွန်ထက်မြက်သည့် စုံထောက်အရာရှိ တစ်ဦး။ ၁၉၅၈ ခု နှစ်ဦးပိုင်းတွင် လိုသာဟာမန်း၏ စိတ်နေသဘောထားနှင့် ပုဂ္ဂိုလ်ရေးရာများကို စုံစမ်းရန်အတွက် အစ်ဆာဟာရဲလ်က 'ငှားရမ်း'ခဲ့သူ ဖြစ်သည်။

**ကားလ်ဟတ်ပတ်။** ။အီဖရိမ် ဟော့ဖ်စတာယက်တာက လိုသာဟာမန်းနှင့် ဆက်သွယ်ရာတွင် အသုံးပြုခဲ့သည့် နာမည်ဖြစ်သည်။

**(၄) ၁၉၆၀ ပြည့် နှစ်ဦးပိုင်းတွင် အာဂျင်တီးနားသို့ တတိယအကြိမ် ပထမ သွားရောက်စုံစမ်းမှုနှင့် ပတ်သက်သူများ**

**ရီကာဒို ကလီမင့်။** ။ဒေါက်တာဘောယား၏ အဆိုအရ၊ အာဂျင်တီးနားတွင် ပြောင်းသွားသော အဒေါ့ဖ် အိုက်ခ်မန်း၏ နာမည်။





ယူဆွပ်**ကဲနက်။** ။အစ္စရေးအစိုးရ လျှို့ဝှက်ထောက်လှမ်းရေးဌာနမှ အထက်တန်းအရာရှိ တစ်ဦး။ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အာဂျင်တီးနားသို့ သွားရောက်စုံစမ်း၍ 'အဒေါ့ဖ် အိုက်ခ်မန်း'နှင့် 'ရီကာဒို ကလီမင့်' တို့သည် တစ်ဦးတစ်ယောက်တည်း ဟုတ်၊ မဟုတ် အဆုံးအဖြတ် ပေးခဲ့ရသူ ဖြစ်သည်။

**ဟာဂ္ဂီ။** ။ယူဆွပ်ကဲနက်၏ အထက်အရာရှိဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အော့စ်ဝစ်ဇ် ငရဲခန်းမှ လွတ်မြောက်လာခဲ့သူ ဖြစ်သည်။

**ဒေးဗစ်နှင့် ဟက်ဒါကွန်ဖဲလ်။** ။တောင်အမေရိကနိုင်ငံ တစ်နိုင်ငံ (အာဂျင်တီးနားမဟုတ်)တွင် နေထိုင်သူ နှစ်ဦး။ သူတို့နှစ်ဦးသည် ငယ်ရွယ်သူ ဇနီးမောင်နှံများ ဖြစ်ကြသည်။ ဒေးဗစ်မှာ အောင်မြင်ကျော်ကြားသော ဗိသုကာ တစ်ဦးဖြစ်၍ ဟက်ဒါမှာ စိတ်ပညာနှင့် ဘာသာဗေဒဘွဲ့ရ အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူတို့ နှစ်ဦးစလုံး ကဲနက်ကို အကူအညီပေးခဲ့ကြသူများ ဖြစ်သည်။

**လူဘင်စကီ။** ။တောင်အမေရိကမှ ဥပဒေဝန်ထမ်း ရှေ့နေတစ်ဦးဖြစ်၍ ကဲနက်အား အကူအညီပေးခဲ့သူ ဖြစ်သည်။

**ပရီမို။** ။တောင်အမေရိကတွင် နေထိုင်သူတစ်ဦးဖြစ်သည်။ အင်ဂျင်နီယာ သိပ္ပံကျောင်းသား တစ်ဦးဖြစ်၍ ကဲနက်အား အကူအညီပေးခဲ့သူ ဖြစ်သည်။

**ပီဒရို။** ။ဗျူနိုအဲရစ္စမြို့မှ ဟိုတယ်ကြီးတစ်ခုတွင် လုပ်ကိုင်နေသည့် အစေခံ လူငယ်ကလေး တစ်ဦးဖြစ်သည်။ အကျိုးအကြောင်းနှင့် အဖြစ်အပျက်မှန်ကို လုံးဝ မရိပ်မိဘဲ ဟက်ဒါကွန်ဖဲလ်အား ကူညီခဲ့ရသူ ဖြစ်သည်။

**(၅) ဥရောပတိုက်တွင် ပထမ စုံစမ်းခဲ့စဉ်က ပါဝင်ခဲ့ကြသူများ**

အီဇရာ**အက်ရှက်။** ။ဥရောပတိုက်တွင် အိုက်ခ်မန်းနှင့် သူ့ဇနီး မိသားစု အကြောင်း စုံစမ်းထောက်လှမ်းရာ၌ စီစဉ်ညွှန်ကြားခဲ့သူ။ (မစ္စက်အိုက်ခ်မန်း၏ အပျိုဘဝက အမည်မှာ ဗီရာ လိုင်ဘဲလ် ဖြစ်သည်။) နောက်ပိုင်းတွင် စစ်ဆင်ရေး လုပ်ငန်းများ၌ ကိုယ်တိုင်ပါဝင်လာခဲ့သူ ဖြစ်သည်။

ဂတ်**အာမွန်။** ။ဥရောပတိုက်တွင် စုံစမ်းထောက်လှမ်းရေးများ ပြုလုပ်ရာ၌ အီဇရာအက်ရှက်နှင့် တွဲ၍ လုပ်ဆောင်ခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၆) အစ္စရေးနိုင်ငံမှ စည်းရုံးရေးအဖွဲ့တွင် ပါဝင်ခဲ့ကြသူများ

**ဟီလဲလ်အင်ကာ**။ ။စစ်တရားခံများထဲမှ အရေးကြီးသော ပုဂ္ဂိုလ်များ၏ နောက်ကြောင်းဖြစ်ရပ်များကို ရှာဖွေစုဆောင်းသည့် အထူးအဖွဲ့၏ခေါင်းဆောင် ဖြစ်သည်။ ဤစစ်ဆင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့သူ ဖြစ်သည်။

**ရီယူဗင် ဟာပက်စ်**။ ။ဂျာမနီတွင် အစ္စရေးစစ်လျှော်ကြေး ကော်မရှင်၏ လုံခြုံရေးအရာရှိဖြစ်၍ ဒေါက်တာ ဖရစ်ဇ် ဘောယားနှင့် လျှို့ဝှက်ဆက်သွယ်ခဲ့သူ ဖြစ်သည်။

**ဟော်ရာ** ဒိုတန်။ ။အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် လူအင်အား အသုံးပြုရေးများတွင် ကျွမ်းကျင်သည့် ပါရဂူတစ်ဦးဖြစ်သည်။ အိုက်ခ်မန်းအား အာဂျင်တီးနားနိုင်ငံမှ ခေါ်ထုတ်လာနိုင်ရန် နည်းလမ်းများကို စူးစမ်းရှာဖွေပေးခဲ့၍ စစ်ဆင်ရေး တစ်ခုလုံးနှင့် ဆက်စပ်နေသော စည်းရုံးရေးဆိုင်ရာ သိမ်မွေ့ခက်ခဲလှသည့် ပြဿနာ အရပ်ရပ်ကို ဖြေရှင်းပေးခဲ့သူဖြစ်သည်။

မိုရှေ **ဘားရက်**။ ။ဟီလဲလ်အင်ကာ၏ လက်ထောက်ဖြစ်သည်။

**မာရီယမ်**။ ။အထောက်အထား စာရွက်စာတမ်း အတုများ ပြုလုပ်ရာတွင် အထူးကျွမ်းကျင်သူ။ ဤစစ်ဆင်ရေး၏ ပထမပိုင်း ကာလတွင် အိုက်ခ်မန်းအား သိကျွမ်းခဲ့သူများကို ရှာဖွေစုံစမ်းပေးခဲ့သည့်ပြင် အိုက်ခ်မန်းအစစ် ဟုတ်၊ မဟုတ် ပြောပြနိုင်သူ ဖြစ်သည်။ နောက်ပိုင်း၌ သူမသည် စစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသည့် လှုပ်ရှားတပ်ဖွဲ့ဝင်များအတွက် ကိုယ်ရေးကိုယ်တာ အထောက်အထား စာရွက်စာတမ်း အတုများကို ပြုလုပ်ပေးခဲ့သူဖြစ်သည်။

နာဟမ် **အေမာ**။ ။'လှုပ်ရှားတပ်ဖွဲ့'၏ ခရီးသွား ထောက်လှမ်းရေးသမားတစ်ဦးဖြစ်သည်။

## (၇) အိုက်ခ်မန်းအစစ် ဟုတ်၊ မဟုတ် လေ့လာဖော်ထုတ်ခဲ့ကြသူများ

**ဒေါက်တာ**ဘင်နို **ကိုဟန်**။ ။၁၉၃၆ မှ ၁၉၃၈ အတွင်း ဂျာမန် ဇီယွန်ဝါဒီများ အစည်းအရုံး သဘာပတိ။ ဤ တာဝန်ကို ထမ်းဆောင်နေစဉ် အိုက်ခ်မန်းအား တိုက်ရိုက်ကိုယ်ကျ တွေ့ခဲ့ရဖူးသူ ဖြစ်သည်။





**ဒေါက်တာဟန်းစ်** ဖရိုက် ဒင် သာလ်။ ။၁၉၃၆ မှ ၁၉၃၈ အထိ **အထောက်ပေါ်** ဂျာမန်ဇီယွန်ဝါဒီများ အစည်းအရုံးတွင် တွဲဖက်သဘာပတိအဖြစ် **ဆောင်ရွက်**ခဲ့သူ။ ယင်းသို့ ဆောင်ရွက်နေစဉ် အိုက်ခ်မန်းအား ကိုယ်တိုင်တွေ့ခဲ့ရ**ဖူးသူ** ဖြစ်သည်။

**အယ်လီ** အီလန်။ ။အစ္စရေးရဲတပ်ဖွဲ့တွင် လူပုဂ္ဂိုလ်များကို ခွဲခြားသိရှိရန်အတွက် ဓာတ်ပုံများကို နှိုင်းယှဉ်လေ့လာရာ၌ အထူးကျွမ်းကျင်လှသူ ပါရဂူတစ်ဦး။ ဂျာမန်လုံခြုံရေးတပ်ဖွဲ့ အရာရှိဘဝက ရိုက်ကူးခဲ့သော ဓာတ်ပုံများနှင့် ယခုစစ်ဆင်ရေးကာလတွင် ကဲနက်တို့အဖွဲ့က ရိုက်ခဲ့သော အိုက်ခ်မန်း၏ ဓာတ်ပုံများကို နှိုင်းယှဉ်လေ့လာ၍ ဆုံးဖြတ်ပေးခဲ့သူ ဖြစ်သည်။

မိုရှေ **အဂါမီ**။ ။၁၉၃၈ ခုနှစ်က ဗီယင်နာမြို့တွင် ဂျူးအမျိုးသားအဖွဲ့၏ ကိုယ်စားလှယ်ဘဝတွင် အိုက်ခ်မန်းအား သိကျွမ်းခဲ့သူ။ အိုက်ခ်မန်းအား အစ္စရေးသို့ ခေါ်ဆောင်လာခဲ့ပြီးနောက် အိုက်ခ်မန်းအစစ် ဟုတ်၊ မဟုတ် လေ့လာကြည့်ရှုခဲ့ရသူ ဖြစ်သည်။

## (၈) လှုပ်ရှားတပ်ဖွဲ့ဝင်များ

ဂါဗီအဲလ်ဒက်။ ။လှုပ်ရှားတပ်ဖွဲ့၏ ခေါင်းဆောင်တပ်မှူး။

**အီဟာတ်** ရဲဗီဗီ။ ။အဲလ်ဒက်၏ လက်ထောက်တပ်မှူး။ ရှေ့ပြေးအဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ရသူ ဖြစ်သည်။

မီနာရှေ**တာလ်မီ**။ ။ပဏာမ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့စဉ်က ပါဝင်ခဲ့၍ နေရာဒေသကျွမ်းကျင်သူအဖြစ် တပ်ဖွဲ့တွင် ပါဝင်ကူညီခဲ့ရသူ ဖြစ်သည်။

ယူဆွပ် **ကဲနက်**။ ။ရီကာဒိုကလီမင့် အမည်ခံ အဒေါ့ဖ် အိုက်ခ်မန်းရှိနေသည့် နေရာနှင့် အိုက်ခ်မန်းအစစ် ဟုတ်၊ မဟုတ် စုံစမ်းထောက်လှမ်းရာတွင် ဦးဆောင်ညွှန်ကြားခဲ့သူ။ ကလီမင့်/အိုက်ခ်မန်းအား ခွဲခြားသိရှိနိုင်ရန်နှင့် လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရန်အတွက် ရှေ့ပြေးအဖွဲ့တွင် ပါဝင်ကူညီခဲ့သူ ဖြစ်သည်။

အီဇရာ **အက်ရက်**။ ။ဥရောပတိုက်တွင် ပဏာမ စုံစမ်းထောက်လှမ်းမှုများကို ဦးဆောင်ပြုလုပ်ခဲ့ရသူ။ စည်းရုံးရေးကိစ္စများတွင် ပူးတွဲဆောင်ရွက်ရန်အတွက် ရှေ့ပြေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ရသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ကော်ဖ်ကီရန်း** ။ ရှေ့ပြေးအဖွဲ့ဝင် တစ်ဦးဖြစ်၍ စက်မှုပညာ ပါရဂူတစ်ဦး ဖြစ်သည်၊

**ရှာလွမ် ဒန်နီ**။ ။အထောက်အထား စာရွက်စာတမ်းများ အတုလုပ်ရာတွင် အထူးကျွမ်းကျင်သူ ဖြစ်သည်။

**ဆီလီ** ယူဗဲလ်။ ။သက်ရှိသက်မဲ့များ၏ ကွဲပြားခြားနားမှုများကို ဖော်ထုတ်နိုင်သည့် အတတ်ပညာရှင်တစ်ဦးဖြစ်၍ ရုပ်ပြောင်း ရုပ်လွှဲ ပါရဂူ။ သူ၏ ခန္ဓာကိုယ် သန်မာတောင့်တင်းမှုနှင့် ကျန်းမာသန်စွမ်းမှုတို့ကြောင့် အိုက်ခ်မန်းအား ပထမဆုံး စတင်ဖမ်းဆီးရန် တာဝန်ပေး ရွေးချယ်ခြင်းခံရသူ ဖြစ်သည်။

**ယစ်ဇဟတ် နက်ရှာ**။ ။ရှေ့ပြေးအဖွဲ့ဝင် တစ်ဦးဖြစ်သည်။ လူပုဂ္ဂိုလ်များ၏ ဟန်ဆောင်ဖုံးကွယ်မှုများကို ရုတ်တရက် သိမြင်နိုင်စွမ်းရှိသည့် အရည်အချင်းကြောင့် လှုပ်ရှားတပ်ဖွဲ့တွင် ပါဝင်ခဲ့ရသူ ဖြစ်သည်။

**ဒီနာ** ရွန်။ ။အိုက်ခ်မန်းအား လက်ရဖမ်း၍ အိမ်တစ်အိမ်တွင် ချုပ်နှောင်ထားစဉ်အတွင်း ထိုအိမ်ကို အပြင်မှကြည့်လျှင် သာမန် ရိုးရိုးအိမ်တစ်အိမ်အဖြစ် အမြင်ရောက်နေစေရန်အတွက် ထိုအိမ်တွင် 'မိန်းကလေးအတွဲ' တစ်ယောက်အဖြစ် ပါဝင်လှုပ်ရှားရန် ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရသူဖြစ်သည်။

**ဒေါက်တာ**။ ။စစ်ဆင်ရေး၏ အဆင့်ဆင့်သော လှုပ်ရှားမှုများတွင် အိုက်ခ်မန်းအား လိုအပ်သလို ထိုးဆေးများကို ထိုးပေးရမည့်သူ။ လှုပ်ရှားတပ်ဖွဲ့ဝင်များအားလုံးနှင့် ဖမ်းဆီးထားသည့် အိုက်ခ်မန်း၏ အထွေထွေကျန်းမာရေးကိုပါ တာဝန်ယူရသူ ဖြစ်သည်။

## (၉) ဗျူနိုအဲရစ္စမြို့တွင် အမှတ်မထင် ကူညီခဲ့ကြသူများ

**ရာဖဲလ် အာနွန်**။ ။အာဂျင်တီးနားသို့ အကြောင်းအားလျော်စွာ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာသူဖြစ်သည်။ အကယ်၍ လိုအပ်လာပါက အိုက်ခ်မန်းအား သူ၏ အထောက်အထား စာရွက်စာတမ်းများနှင့်တကွ အာဂျင်တီးနားမှ ခေါ်ဆောင်သွားနိုင်ရန်အတွက် ဟန်ဆောင် မော်တော်ကားတိုက်မှုတစ်ခု ဖန်တီး





လုပ်ကိုင်ရာတွင် ကားတိုက်ခံရမည့်သူအဖြစ် ရွေးချယ်သတ်မှတ်ထားသူ ဖြစ်သည်။

မေယာ **လာဗီ**နှင့် သူ့ဇနီး။ ။စစ်တရားခံ ဒေါက်တာမင်ဂလီ*အား ဖမ်းဆီးရန်အတွက် သူနေထိုင်သည့် နေရာကို ရှာဖွေခဲ့စဉ်က အစ်ဆာဟာရဲလ်အား ကူညီခဲ့သူများ ဖြစ်သည်။

**ဘင်ယာမင်**နှင့် အာဒါ**အဲဖရက်**။ ။အထက်ပါကိစ္စတွင် အစ်ဆာဟာရဲလ်အား အလားတူ ကူညီခဲ့ကြသူများ ဖြစ်သည်။

## (၁၀) အိုက်ခ်မန်းအား အာဂျင်တီးနားမှ လေယာဉ်ဖြင့် ခိုးထုတ်ခဲ့ရာတွင် အထူးပျံသန်းသည့် လေယာဉ်ပေါ်၌ လိုက်ပါခဲ့ကြသူများ

အက်ရှာ **ကီဒမ်**။ ။လေကြောင်းကုမ္ပဏီတစ်ခု၏ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူး။ လေယာဉ်ပျံသန်းမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကို အစ်ဆာဟာရဲလ်က ၎င်းအား ပထမဆုံး စတင်စုံစမ်း မေးမြန်းခဲ့ရ၍ အထူးပျံသန်းရေးနှင့် ပတ်သက်သည့် အဆင့်ဆင့်သော စီစဉ်လုပ်ဆောင်မှုများတွင် ပါဝင်ကူညီခဲ့သူ ဖြစ်သည်။

မိုရှေ **တက်ဒမာ**။ ။ယင်းလေကြောင်းကုမ္ပဏီမှ လက်ထောက်ညွှန်ကြားရေးမှူး။ အထူးပျံသန်းရေးအတွက် စည်းရုံးလုပ်ဆောင်ရာတွင် ကူညီခဲ့သူ ဖြစ်သည်။

အာဟရွန် **လာဇာ**။ ။လေကြောင်းကုမ္ပဏီမှ နိုင်ငံခြားလေဆိပ်များကို အုပ်ချုပ်ရသည့် မန်နေဂျာဖြစ်၍ အက်ရှာကီဒမ်အား ဗျူနိုအဲရစ္စမြို့တွင် အကူအညီပေးခဲ့ရသူ။ ငယ်ရွယ်စဉ် ကလေးဘဝက နာဇီအကျဉ်းစခန်းများတွင် တုန်လှုပ်ချောက်ချားဖွယ်ရာ မီးလောင်တိုက်သွင်းခဲ့သည့် ငရဲခန်းများကို မျက်မြင် ကြုံတွေ့ခဲ့ရ၍ ကံအားလျော်စွာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်လာခဲ့သူ ဖြစ် သည်။

ယိုအာ **မီဂတ်**။ ။အထူးပျံသန်းသည့် လေယာဉ်မှ လေယာဉ်မှူး ဖြစ်သည်။

* မကြာမီက ရန်ကုန်မြို့တွင် ပြသသွားခဲ့သော 'The boys from Brazil' ဇာတ်ကား၏ အဓိကဇာတ်ကောင် ဖြစ်သည်။



www.burmeseclassic.com

ဂတ် **နစ်ရှ်ရီ**။ ။အထူးပျံသန်းသည့် လေယာဉ်မှ တွဲဖက်လေယာဉ်မှူး ဖြစ်သည်။

**အန် အာဗနာ**။ ။လေကြောင်းကုမ္ပဏီမှ အထက်တန်းအရာရှိတစ်ဦး။ အာဂျင်တီးနား၌ အင်ကျာကီဒမ် မရှိသည့် အခိုက်အတန့်တွင် လေယာဉ်အထူးပျံသန်းမှုနှင့် စပ်လျဉ်း၍ ပြဿနာအရပ်ရပ်ကို အစ္စရေးအစိုးရရှုထောင့်မှနေ၍ ကိုင်တွယ်ဖြေရှင်းခဲ့သူဖြစ်သည်။ နောက်ပိုင်းတွင် သူသည် အထူးပျံသန်းသည့် လေယာဉ်ပေါ်မှ အမှုထမ်းများနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့သည်။

**အက်စ်သာ** ရိုစင်။ ။လေကြောင်းကုမ္ပဏီမှ ဝါရင့် အမှုထမ်းတစ်ဦး။ သူမ၏ ခင်ပွန်းမှာ ဗျူနိုအဲရစ္စမြို့တွင် နေထိုင်သည်။ လျှို့ဝှက်အစီအစဉ်များဖြင့် လုပ်ဆောင်နေသည်ကို လုံးဝ မရိပ်မိဘဲ အထူးပျံသန်းရေးအတွက် အဘက်ဘက်မှ အကူအညီပေးခဲ့သူဖြစ်သည်။

**ဖရစ်ဇ် ရှက်ဖာ**။ ။လေကြောင်းကုမ္ပဏီမှ လေယာဉ်ပျံသန်းရေး လုပ်ငန်းများတွင် ဝါရင့် အမှုထမ်းတစ်ဦး။ လေယာဉ်မှူး မီဂတ်၏ အထူးမေတ္တာရပ်ခံချက်အရ အထူးပျံသန်းရေး လေယာဉ်ပေါ်တွင် လိုက်ပါလာခဲ့ရသူ ဖြစ်သည်။

**လီယို** ဘာကေး။ ။အထူးပျံသန်းသည့် လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဝါရင့် လေယာဉ်မောင် ဖြစ်သည်။

**ဧဘီ** ဂတ္တမန်း။ ။လေကြောင်းကုမ္ပဏီမှ စက်ပြင်ဆရာ။ အထူးလေယာဉ်ပျံသန်းရာတွင် လိုက်ပါရန် စက်ဆရာတစ်ဦး လိုအပ်ကြောင်း ကျွန်ုပ်တို့က တောင်းဆိုခဲ့ရာ သူ့သဘောအလျောက် လိုက်ပါလာခဲ့ခြင်းဖြစ်၍ တကယ့်အဖြစ်မှန် အတွင်းရေးများကို လုံးဝ မသိဘဲရှိခဲ့သည်။ လေယာဉ်ပေါ်တွင် အိုက်ခ်မန်းကို မြင်လိုက်ရပြီး အဖြစ်မှန်ကို သိရတော့မှ စိတ်လှုပ်ရှားသွားခဲ့သည်။ ဤတွင်မှ သူငယ်စဉ်က ဂျာမန် 'နာဇီ' အကျဉ်းစခန်းများတွင် ကြောက်မက်ဖွယ်ရာ ကြုံတွေ့ခဲ့ရသည့် ငရဲခန်းများအကြောင်းကို ပြန်လည်ပြောပြခဲ့သည်။

**နူဘီ**။ ။လေကြောင်းကုမ္ပဏီ၏ ပစ္စည်းထိန်းသိမ်းရေးဌာနမှ လျှပ်စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးဖြစ်၍ အထူးပျံသန်းမှုတွင် လိုက်ပါလာသူဖြစ်သည်။

**ဇက်လာဒီ**။ ။အထူးပျံသန်းရာတွင် လိုက်ပါလာသည့် လေကြောင်းပြ အရာရှိ ဖြစ်သည်။





**ဗိုလ်မှူးချုပ်ဗိုရီယာ**။ ။အာဂျင်တီးနားနိုင်ငံ လွတ်လပ်ရေးအထိမ်းအမှတ် အခမ်းအနားသို့ အစ္စရေးအစိုးရ၏ ကိုယ်စားလှယ် တစ်ဦးအဖြစ် အထူးလေယာဉ်ပျံသန်းရာတွင် လိုက်ပါလာသည့် ခရီးသည်တစ်ဦး ဖြစ်သည်။

ရက်ဗီ **အက်ဖရာတီ**။ ။အာဂျင်တီးနားသို့ အထူးလေယာဉ်ဖြင့် လိုက်ပါလာသည့် ရိုးရိုး သာမန်ခရီးသည် ဘုန်းတော်ကြီးဖြစ်သည်။

(၁၁) **အထူးလေယာဉ်ပေါ်တွင် လိုက်ပါလာကြသည့် စစ်ဆင်ရေး စုံထောက်များ**

ယိုရမ် **ဂိုလန်**။ ။စစ်ဆင်ရေးကာလအတွင်း အိုက်ခ်မန်းအဖြစ် ဟန်ဆောင်ရန် ရွေးချယ်ထားခြင်းခံရသူ။ သူသည် လေယာဉ်အမှုထမ်း ဝတ်စုံများ ဝတ်ဆင်လာရန် 'ဇီစရွန်နီ' ဟူသော အမည်ဖြင့် အာဂျင်တီးနားသို့ လိုက်ပါလာခဲ့သည်။

ယိုးလ် **ဗိုရန်**။ ။၁၉၅၈ ခုနှစ်က ဗျူနိုအဲရစ္စမြို့ ဆင်ခြေဖုံးဒေသ ချာကာဘူကိုလမ်း၊ အိမ်အမှတ် ၄၂၆၁ ကို ပဏာမ ရှာဖွေစုံစမ်း ထောက်လှမ်းခဲ့စဉ်က ပါဝင်ခဲ့သည့် စစ်ဆင်ရေး စုံထောက်တစ်ဦး ဖြစ်သည်။ သူ့တာဝန်မှာ အိုက်ခ်မန်းအား အစ္စရေးနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာရာတွင် အစောင့်အကြပ်အဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။

**အယ်လီရာ နိုရာ**။ ။ဂိုရန်နှင့် အတူတွဲ၍ အိုက်ခ်မန်းအား စောင့်ကြပ်လိုက်ပါရန် တာဝန်ကျသည့် စုံထောက်တစ်ဦး ဖြစ်သည်။

(၁၂) **အထူးလေယာဉ်ပျံသန်းမှု၏ လျှို့ဝှက်လုပ်ဆောင်ချက်ကို သိရှိထားကြသူများ**

**ဗိုလ်ချုပ် လက်စကော့**။ ။အစ်ဆာဟာရဲလ်၏ ရင်းနှီးသော မိတ်ဆွေတစ်ဦး ဖြစ်သည်။

**ဂီလ်**။ ။နှစ်ပေါင်းများစွာ ဆက်သွယ်လာခဲ့သော အစ်ဆာဟာရဲလ်၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သည်။

ယစ်ဇက် **နာဗွန်**။ ။ဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယန်၏ နိုင်ငံရေးအတွင်းဝန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ထူဆွပ် ဟာမီယား** ။အစ္စရေး ရဲအဖွဲ့၏ ရဲမင်းကြီး။ အစ္စရေးနိုင်ငံသို့ အိုက်ခ်မန်း ရောက်ရှိလာသည့်အခါ လွှဲပြောင်းလက်ခံ၍ တရားခံ အိုက်ခ်မန်း အတွက် အားလုံး အစစ အရာရာ တာဝန်ယူခဲ့ရသူ ဖြစ်သည်။

**ယာတီး** ။အစ်ဆာဟာရဲလ်၏ ယုံကြည်စိတ်ချရ၍ သတ္တိရှိသော ကားမောင်းသမား ဖြစ်သည်။

**အီဇရိမ်း** ။ရှာလွမ်ဒန်နီ၏ အထက်အရာရှိ ဖြစ်သည်။ ဒန်နီသည် လှုပ်ရှားတပ်ဖွဲ့ဝင်များအတွက် လိုအပ်သမျှ အထောက်အထား စာရွက်စာတမ်းများကို လုပ်ကိုင် စီစဉ်ပေးခဲ့ရသည့် ပါရဂူတစ်ဦးဖြစ်သည်။

**(၁၃) အစ္စရေးနိုင်ငံသို့ ရောက်လျှင် ရောက်ချင်း အိုက်ခ်မန်းအား ပထမဆုံး တာဝန်ယူ ထိန်းသိမ်းပေးခဲ့သည့် ရဲအရာရှိများ**

**မာကီယာ ဟူဆီလာ**။ ။အစ္စရေးအမျိုးသား ရဲအဖွဲ့ကြီး၏ စုံစမ်းစစ်ဆေးရေး ဌာန အကြီးအကဲဖြစ်သည်။

**ရှမ်မြူယယ်လ်** ရော့သ်။ ။အစ္စရေးအမျိုးသား ရဲအဖွဲ့ကြီး၏ ရာဇဝတ်မှုခင်းဘက်ဆိုင်ရာ ဌာနမှ ယာယီတာဝန်ခံဖြစ်သည်။

❒

## အမည်မဖော်လိုသူတစ်ဦးထံမှ သတင်းတစ်ခု

အချိန်မှာ ၁၉၅၇ ခုနှစ် နှောက်ပိုင်းကာလဖြစ်၏။ သို့သော် ... မနေ့တစ်နေ့က ဟူ၍ပင် ဆိုနိုင်လောက်စရာ ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်းအား လက်ရဖမ်းဆီးရန်အတွက် ဆုံးဖြတ်ချက်တစ်ရပ် ကျွန်ုပ်စိတ်ထဲတွင် မည်သို့မည်ပုံ ပီပြင်ကြည်လင်စွာ ပေါ်ထွက်လာသည်ကို ကောင်းကောင်းကြီး ပြန်ပြောင်းမှတ်မိနေသောကြောင့်ပင်တည်း။

လူ့ဂုဏ်ဆန်းကြယ်သော ထိုပုဂ္ဂိုလ်၏ ကြီးမားကြောက်မက်ဖွယ်ရာကောင်းလှသည့် လုပ်ဆောင်ချက်များသည် နာဇီစစ်တပ်များ၏ ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက်တွင် ပျောက်ကွယ်သွားခဲ့သည်မှာ ဆယ့်နှစ်နှစ်ခွဲမျှကြာညောင်းလွန်မြောက်လာခဲ့ပြီ ဖြစ်၏။ ဂျူးအမျိုးသားပြည်သူများအား 'ကျူးလွန်မှု' မကျန်ရလေအောင် သုတ်သင်ဖယ်ရှားပစ်ရန်အတွက် နာဇီလုံခြုံရေးအရာရှိဖြစ်သော ထိုပုဂ္ဂိုလ်အား တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်လေသည်။

❒

ကျွန်ုပ်၏ စားပွဲပေါ်မှ ရုံးရှလှသော တယ်လီဖုန်းမြည်သံသည် အားလုံးသောဖြစ်စဉ်များ၏ ဇာတ်လမ်းအစ ပဏာမပင်ဖြစ်၏။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဝေါလ်တာအီတန်သည် ဂျေရုဆလင်မြို့မှ စကားပြောနေခြင်း ဖြစ်သည်။ သူက ကျွန်ုပ်အား တစ်စုံတစ်ခုပြောရန် ရှိနေသည့်အတွက် ကျွန်ုပ်နှင့် အမြန်ဆုံးတွေ့လိုကြောင်း ပြောလာသည်။

ဖူးပွင့်ဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



အီတန်သည် တည်ငြိမ်၍ ခေါင်းအေးသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ သူ၏ သိမ်မွေ့သော အမူအရာနှင့် စကားပြောလျှင် အေးအေးဆေးဆေးဖြင့် ယဉ်ယဉ်ကျေးကျေး ပြောပုံများကို ကျွန်ုပ် အမြဲတစေ ချီးကျူးနေမိသည်။

သို့သော် ထိုနေ့ကမူ သူ့အသံမှာ လှုပ်ရှားတက်ကြွနေပုံရ၍ သာမန်အခြင်းဖြစ်စဉ် မဟုတ်ဘဲ တစ်စုံတစ်ရာ ထူးခြားချက်တစ်ခု ပေါ်ပေါက်နေပြီဟု ကျွန်ုပ်စိတ်ထဲတွင် သံသယဖြစ်မိ၏။ သို့သော် ကျွန်ုပ်သည် သူ့အား ဘာတစ်ခုမျှ ပြန်လည်မေးမြန်းခြင်း မပြုရုံမျှမက သူ၏ တစ်မူထူးခြားနေသော စိတ်လှုပ်ရှားမှုအတွက် အံ့ဩသည့် အရိပ်အယောင်ကိုပင် မပြခဲ့။ ထို့ပြင် သူ့အနေဖြင့် ဤကိစ္စကို တယ်လီဖုန်းထဲမှနေ၍ ပြောချင်ပုံ မရသည်ကိုလည်း ကျွန်ုပ်ရိပ်စားမိ၏။

သူက သံရုံးတစ်ရုံးမှ ကျင်းပမည့် ညစာစားပွဲတစ်ခုသို့ တက်ရောက်ရန် ယခုပင် 'တဲလ်အဗစ်'မြို့သို့ လာရန်ရှိနေကြောင်း ပြောလိုက်ရာ တဲအဗစ်သို့ ရောက်လျှင်ရောက်ချင်း 'ရာမက်ဂန်' ကဖီးတွင် တွေ့ဆုံကြရန် စီစဉ်လိုက်ကြ၏။

❒

ရုတ်တရက် သူနှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သူသည် စိတ်လှုပ်ရှားမှုများကို အတော်ကလေး ထိန်းနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကျွန်ုပ် ချက်ချင်းသိလိုက်ရ၏။ ဤတွင် သူပြောပြသည့် အကြောင်းအရာမှာ တခြားမဟုတ်၊ အနောက်ဂျာမနီသို့ ရောက်ရှိနေသော စစ်လျော်ကြေး မစ်ရှင်အဖွဲ့ ခေါင်းဆောင် ဒေါက်တာရှင်နားထံမှ 'အဒေါ့ဖ်အိုက်ခ်မန်းမှာ ယခုတိုင် အသက်ရှင်နေဆဲဖြစ်၍ အာဂျင်တီးနားနိုင်ငံတွင် သူ့နေရပ်လိပ်စာကိုပါ သိရှိရပြီ' ဟူသော သတင်းပင်တည်း။

ကျွန်ုပ်တို့သည် အချိန်ကြာကြာ စကားမပြောခဲ့ကြ။ ဤသတင်းနှင့် စပ်လျဉ်း၍ ကျေးဇူးအထူးတင်ရှိကြောင်းနှင့် ကြားရသည့်အတိုင်း မှန်မမှန် အမြန်ဆုံး စုံစမ်းထောက်လှမ်းမည်ဖြစ်ကြောင်း ကျွန်ုပ်က သူ့အား အာမခံ သော ပြောကြားခဲ့၏။

❒



ထိုအချိန်အခါက ကျွန်ုပ် တာဝန်ယူနေရသည့် ဌာနမျိုးကို ကိုင်တွယ်လုပ်ဆောင်ရသူ မှန်သမျှ အထက်ဖော်ပြပါ အထိတ်တလန့် သတင်းများကို ယုံစားအားကိုး၍ မျှော်လင့်ချက်များ တစ်ပုံတစ်ခေါင်းကြီး မထားမိစေရန် အတွေ့အကြုံများက သင်ကြားပြသခဲ့ပြီး ဖြစ်၏။ အိုက်ခ်မန်းတစ်ယောက် ပျောက်ကွယ်သွားခဲ့သည့် အချိန်မှစ၍ နှစ်ပေါင်းများစွာအတွင်း သူဘယ်နေရာ ဘယ်ဒေသတွင် ပုန်းအောင်းနေသည်ဟူသော သတင်းအစအနများသည် ကျွန်ုပ်တို့ထံ တစ်ခုပြီးတစ်ခု အဆက်မပြတ် ရောက်ရှိလာခဲ့ကြ၏။ သို့သော် အဆိုပါ သတင်းအစအန အားလုံးတို့မှာ နောက်ဆုံး၌ စိတ်ပျက်စရာများဖြင့်သာ အဆုံးသတ်ခဲ့ကြရပေသည်။ သည့်ထက်ပို၍ ဆိုးသည်မှာ အိုက်ခ်မန်းသည် ယခုအချိန်အထိ အသက်ထင်ရှား ရှိနေသေးသည်ဟူသော အချက်ကိုပင် ခိုင်လုံတိကျသည့် အထောက်အထားများ မတွေ့ရသေးခြင်းပင်ဖြစ်၏။ သူနှင့်ပတ်သက်သမျှ ခြေရာအစအန သဲလွန်စများမှာ ၁၉၄၅ ခုနှစ် မေလစောစောပိုင်းကပင် ပျောက်ကွယ်ခဲ့ပြီဖြစ်၏။ သို့ဖြင့် ထိုအချိန်၏ နောက်ပိုင်းကာလတွင် သူ့ကို မြင်တွေ့ခဲ့ရပါသည်ဟူ၍ ပြောလာသူများထံမှ တစ်စုံတစ်ရာ ခိုင်လုံတိကျသည့် သက်သေခံ အထောက်အထားများ လုံးဝ ရှာဖွေထောက်လှမ်း၍ မရအောင် ဖြစ်ခဲ့ရပေသည်။

သို့သော် ဘာကြောင့်ဟူ၍ မပြောနိုင်ဘဲ ကျွန်ုပ်အနေဖြင့် ယခင့်ယခင်က ရရှိခဲ့သည့် သတင်းများထက် ယခုနောက်ဆုံး ရောက်ရှိလာသည့် သတင်းအပေါ်တွင် ပို၍ ယုံကြည်အားထားမိခဲ့၏။ ဤသည်မှာ ယခုနောက်ဆုံး ရရှိသည့် သတင်းသည် မရေမရာ လေထဲတွင် လွင့်မျောလာသည့် **ကောလာဟလ** မဟုတ်ကြောင်း ကျွန်ုပ်အတွင်းစိတ်က အလိုအလျောက် သိနေသောကြောင့်ဟူ၍ ဖြစ်ကောင်း ဖြစ်နိုင်ပေမည်။ သို့တည်းမဟုတ် ဝေါလ်တာအီတန်၏ စိတ်လှုပ်ရှားမှုများမှ ရောင်ပြန်ဟပ်သည့် သဘောမျိုးလည်း ဖြစ်နိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ဒေါက်တာ အီတန်နှင့် တွေ့ခဲ့ပြီးနောက် ကျွန်ုပ်၏ ရုံးခန်းသို့ တောက်လျှောက်ပြန်လာခဲ့ပြီး မှတ်တမ်းဖိုင်တွဲများ သိမ်းဆည်းသည့် အရာရှိအား အိုက်ခ်မန်းနှင့် ပတ်သက်သမျှ ရှိသမျှ စာရွက်စာတမ်းများကို ယူလာရန် ညွှန်ကြားလိုက်သည်။

အိုက်ခ်မန်းသည် နာဇီ စစ်ရာဇဝတ်ကောင် အကြီးစားတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ် သိခဲ့၏။ ထိုမျှမက သူ၏ အဓိကတာဝန်မှာ ဂျူးလူမျိုးမှန်သမျှ တစ်ယောက်မကျန် ရှင်းလင်းသုတ်သင်ပစ်ရန် ဖြစ်သည်ကိုလည်း သိပြီးဖြစ်၏။ သို့သော် နာဇီပါတီ အဖွဲ့အစည်းတွင် သူ၏ အခန်းကဏ္ဍကိုသော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



'ဂျူးလူမျိုးဆိုင်ရာ ပြဿနာကို အပြီးသတ် ဖြေရှင်းရေး' ဟူ၍ နာဇီများက ခေါ်ဆို သတ်မှတ်ခဲ့ကြသည့် လုပ်ငန်းကြီးတွင် သူပါဝင် လုပ်ဆောင်ခဲ့သည့် လုပ်ရပ်များကိုသော်လည်းကောင်း ကျွန်ုပ်သည် မည်သည့်အခါမျှ အလေးအနက်ထား၍ စဉ်းစားတွေးတောခဲ့ခြင်း မရှိခဲ့ပါချေ။ သို့သော် ဂျူးအမျိုးသားများ၏ သမိုင်းတစ်လျှောက်တွင် ဤမျှ မည်းမှောင်ဆိုးရွားလှသည့် ဖြစ်ရပ်ဆိုးကြီးများသည် ကျွန်ုပ်အား အမြဲတစေ တစ္ဆေခြောက်သလို ခြောက်လှန့်နေခဲ့ပေသည်။ ကြုံဖူး ကြားဖူးကြသည့် ရက်စက်ကြမ်းကြုတ်လှသော ရာဇဝတ်မှုများထက် အဆပေါင်း မြောက်မြားစွာ လွန်ကဲ၍ လူသားမှန်သမျှ မည်သူတစ်ဦးတစ်ယောက်မှ မခံစား မဖြစ်ပေါ်ဖူးသည့် နက်ရှိုင်းလှစွာသော မုန်းတီးမှုနှင့် ယုတ်မာမှုများသည် ကမ္ဘာမြေပြင်ပေါ်တွင် တကယ် ဖြစ်ပွားခဲ့သည်မှာ မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရပေသည်။

ကျွန်ုပ်သည် ထိုညက အိုက်ခ်မန်းနှင့် ပတ်သက်သမျှ စာရွက်စာတမ်းများနှင့် မှတ်တမ်း မှတ်စုများကို နာရီပေါင်းများစွာ ဖတ်ရှုခဲ့၏။ နောက်ဆုံး၌ ကျွန်ုပ်၏ မျက်စိထဲတွင် တစ်ခုသော ပုံပန်းသဏ္ဌာန်သည် ပီပြင်ထင်ရှားစွာ ပေါ်ပေါက်လာခဲ့ပေသည်။ ယင်းပုံပန်းသဏ္ဌာန်သည် လူသားတို့၏ သမိုင်းအဆက်ဆက်တွင် တစ်ခါဖူးမျှ မကြုံဖူး မကြားဖူးအောင် ရိုင်းစိုင်း ယုတ်မာလှသည့် ရာဇဝတ်မှုများကို ဖန်တီးလုပ်ဆောင်ခဲ့သူ။ လူပေါင်း သန်းပေါင်းများစွာတို့အား ကျွဲနွား တိရစ္ဆာန်များပမာ သတ်ဖြတ်သုတ်သင်ခဲ့ရာ၌ တိုက်ရိုက်အားဖြင့် တာဝန်ရှိခဲ့သူ၏ ပုံပန်းသဏ္ဌာန်ပင် ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် ထိုစဉ်က အိုက်ခ်မန်းသည် ဘယ်လိုလူစားမျိုး ဆိုသည်ကို မသိခဲ့ရိုး အမှန်ပင်ဖြစ်သည်။ ဤမျှ ကြောက်မက်ဖွယ်ကောင်းလှသည့် လူသတ်လုပ်ငန်းကြီးကို အစဉ်တစိုက် လုပ်ကိုင်ခဲ့ရာ၌ မည်သို့သော အမှောင့်ပယောဂများ စွဲကပ်ခဲ့သည်ကိုလည်း လုံးဝ မသိခဲ့။ ထို့ပြင် သူသည် သူနှင့် ခိုက်ရန်ဒေါသ ဖြစ်ပွားခဲ့သည့် စိတ်ပျက်ဖွယ်ရာကောင်းလှသော ဂျူးလူမျိုးတစ်ယောက်အား ချေမှုန်းလိုသည့် စိတ်ထားမျိုးနှင့် ထပ်တူထပ်မျှ လူမျိုး တစ်မျိုးလုံးကို သုတ်သင် ဖယ်ရှားပစ်ရန် အဘယ့်ကြောင့် စိတ်ဓာတ်ပြင်းပြခဲ့ရသည်ကိုလည်း ကျွန်ုပ် မသိဘဲ ဖြစ်ခဲ့ရသည်။

ဤမျှမက သူသည် လူမမည် ကလေးငယ်များအား သတ်ပစ်ရန် အမိန့်ပေးနိုင်စွမ်းရှိခဲ့ပြီး သူ့ကိုယ်သူ စည်းကမ်းလိုက်နာသည့် စစ်သားတစ်ယောက်အဖြစ် ဘာ့ကြောင့် ကြွေးကြော်ခဲ့သည်ကိုလည်းကောင်း၊ အမျိုးသမီးများအပေါ်





မတော်မတရား ယုတ်မာစော်ကားရန် ညွှန်ကြားစေခိုင်းခဲ့ပြီး သူ့ကိုယ်သူ သစ္စာအမိဋ္ဌာန်ကို စောင့်သိရိုသေသူ ဟူ၍ အဘယ်ကြောင့် ဝါကြွားခဲ့သည်ကိုလည်းကောင်း၊ ကူညီစောင့်ရှောက်မည့်သူ မရှိသည့် သက်ကြီးရွယ်အိုများအား သေတွင်းသို့ ပို့ဆောင်ခဲ့ပြီး သူ့ကိုယ်သူ 'ယုံကြည်ချက်ရှိသူ' ဟူ၍ သတ်မှတ် ပြဋ္ဌာန်းခဲ့သည်ကိုလည်းကောင်း စသည်များကို မသိ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။

သို့သော် နံနက်အရုဏ်ကျင်း၍ လင်းလုလုအချိန် ရောက်သောအခါ ဂျူးအမျိုးသားများနှင့် စပ်လျဉ်း၍ ဖြစ်ပျက်ခဲ့သမျှ အရာရာတိုင်းတွင် သူသည် အထွတ်အထိပ် အချုပ်အခြာ အာဏာပိုင်တစ်ဦးဖြစ်ကြောင်း ကျွန်ုပ် ကောင်းကောင်းကြီး သိခဲ့ရပြီဖြစ်သည်။ လူပေါင်း မြောက်မြားစွာတို့ကို အမဲလိုက်သလို လိုက်လံရှာဖွေ ဖမ်းဆီး၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် လုပ်ငန်းအားလုံးကို ချုပ်ကိုင်ကြိုးဆွဲခဲ့သည့် လက်များမှာ သူ၏လက်များသာလျှင်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိရှိခဲ့ပြီးဖြစ်သည်။

ထို့ပြင် နူရင်ဘတ်စစ်ခုံရုံးတွင် စစ်ဆေးခဲ့စဉ် အားလုံးသော နာဇီ စစ်ရာဇဝတ်ကောင်များက လူသတ်ကောင် ခေါင်းချုပ်အဖြစ် သူ့ကိုပင် ညွှန်ပြခဲ့ကြောင်း ကျွန်ုပ် သိခဲ့ရသည်။ သူသည် ပုလိပ်များ၏ လုပ်ပုံလုပ်နည်းကို ယခင်ကပင် ကောင်းစွာတတ်ကျွမ်းခဲ့သည့်အလျောက် သူ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုကို စွမ်းအားပြု၍ ဟီရိုဩတ္တပ္ပတရားလုံးဝ ကင်းမဲ့မှုကို အခြေခံကာ အလွန့်အလွန် အန္တရာယ်ကြီးမားသူတစ်ယောက်ဖြစ်လာခဲ့သည်ကို ကျွန်ုပ် သိခဲ့ရပြီဖြစ်၏။ ထို့နောက် စစ်ကြီးပြီးဆုံးသွားသောအခါ အလွန်တရာ အံ့သြဖွယ်ကောင်းလောက်အောင် ကျွမ်းကျင် ပါးနပ်စွာဖြင့် သူနှင့်ပတ်သက်သမျှ လက်စလက်န ခြေရာအားလုံးကို အောင်မြင်ပီရိစွာ ဖျောက်ဖျက်ပစ်နိုင်ခဲ့သည်ဟု ကျွန်ုပ် သိခဲ့ရသည်။

သူ့လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရရှာသည့် သန်းပေါင်းများစွာသော ပြည်သူများ၏ အရိုးများ တောင်လိုပုံကာ သွေးများ ချောင်းစီးနေဆဲဖြစ်သော ဤမဟာပထဝီမြေကြီးသည် သူ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် လက်စားချေရန် ကြွေးကြော်တောင်းဆိုလျက် ရှိ၏။ သို့သော် သူ၏ ရာဇဝတ်ပြစ်မှုများအတွက် တုံ့ပြန် လက်စားချေမည့် အဖွဲ့အစည်းဟူ၍...၊ အစိုးရဟူ၍...၊ ရဲအဖွဲ့ဟူ၍ ကမ္ဘာပေါ်တွင် လုံးဝမရှိဘဲ ဖြစ်နေပေသည်။

ပြည်သူလူထုကြီးသည် အကြမ်းဖက် ရက်စက်သည့် အဖြစ်အပျက်များကို မုန်းတီးငြီးငွေ့နေကြပြီဖြစ်၏။ သူတို့၏ တစ်ခုတည်းသော ဆန္ဒမှာ



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော ပြောမကုန်အောင် ဖြစ်ခဲ့ရသည့် အကြောင်းခြင်းရာများကို သူတို့စိတ်ထဲမှ ဖယ်ရှားပစ်ရန် လိုလားနေကြ၏။ သူတို့၏ အကြောင်းပြချက်မှာ ဤမျှလောက် ကြီးကျယ်များပြားလှသည့် ဂုဏ်ဝတ်မှုကြီးများအတွက် ဤကမ္ဘာမြေပြင်ပေါ်တွင် ထိုက်တန်သည့် အပြစ်ဒဏ်ဟူ၍ မရှိဟုဆို၏။ ထို့ပြင် သူတို့အနေဖြင့် ယခုအခါ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် တရားစီရင်မှုမှ တိမ်းရှောင် ထွက်ပြေးခြင်းတို့သည် အထူးအဆန်း မဟုတ်တော့ဘဲ နှီးနေကြပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် အကယ်၍သာ အိုက်ခ်မန်းတစ်ယောက် အသက်ထင်ရှား ရှိနေသေးသည်ဆိုပါက မြေလှျိုးလှျိုး မိုးပျံပျံ အရှင်မိအောင် ဖမ်းမည်ဟု ထိုညက သန္နိဋ္ဌာန် ချလိုက်ပါသတည်း။

❒

ကျွန်ုပ်နှင့် ဝေါလတာအီတန်တို့ တွေ့ဆုံခဲ့ကြပြီးနောက် ရက်များမကြာမီ ဒေါက်တာရှင်းနားသည် အစ္စရေးသို့ အလည်အပတ် ရောက်ရှိလာခဲ့သည်။ သူက အိုက်ခ်မန်းနှင့် ပတ်သက်၍ သတင်းကို အနောက်ဂျာမနီ ဟက်စ်ပြည်နယ်မှ အစိုးရရှေ့နေကြီး ဒေါက်တာ ဖရစ်ဇ် ဘောယားထံမှ ရရှိခဲ့ကြောင်း ပြောပြသည်။

ဘောယားသည် တရားသူကြီးမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသည့် ဂျူးတစ်ယောက်ဖြစ်၍ စတုဂတ်မြို့တွင် နာဇီတို့အာဏာရလာသည့် အချိန်အထိ တရားသူကြီး တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့နောက် သူသည် အဖမ်းခံရ၍ ထောင်ထဲတွင် တစ်နှစ်ခွဲမျှ နေခဲ့ရသည်။ ၁၉၃၆ ခုနှစ်တွင် သူသည် ဒိန်းမတ်နိုင်ငံသို့ ကူးသွားခဲ့သည်။ သို့သော် နာဇီတို့က သူ့ကို တွေ့ရှိသွားကြပြီး ၁၉၄၀ ပြည့်နှစ်တွင် နောက်တစ်ကြိမ် အဖမ်းခံရပြန်သည်။ ယခုတစ်ကြိမ်တွင် သူသည် ထောင်ထဲတွင် သုံးနှစ်ကြာမျှ နေခဲ့ရသည်။ ထို့နောက်တစ်ဖန် ထောင်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြန်၍ ဆွီဒင်နိုင်ငံတွင် စစ်ပြေးဒုက္ခသည်အဖြစ် ခိုလှုံနေခဲ့ရသည်။ စစ်ကြီးပြီးဆုံးသွားသောအခါ သူသည် ဂျာမနီသို့ ပြန်လည်ရောက်ရှိခဲ့ပြီး နာဇီ စစ်ရာဇဝတ်ကောင်များအား တရားဥပဒေအရ ဖော်ထုတ်အရေးယူနိုင်ရန် အစွမ်းကုန် လုပ်ဆောင်သွားမည်ဟူ၍ စိတ်ပိုင်းဖြတ်ခဲ့သည်။

ဘောယားသည် ဟက်စ်ပြည်နယ်၌ အာဏာရနေသော ဆိုရှယ်ဒီမို





ကရက်တစ်ပါတီတွင် နှင်ပေါင်းများစွာ ပါဝင်လုပ်ဆောင်ခဲ့သူ ဖြစ်သည်။ အစိုးရအဖွဲ့အတွင်း ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၍ ကျော်ကြားသည့် ရှေ့နေကြီးတစ်ယောက်အဖြစ် အများက အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ ထို့ပြင် သူရေးသားပြုစုခဲ့သည့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများနှင့် တရားစီရင်ရေးဆိုင်ရာ စာအုပ်များကို အကြောင်းပြု၍ အထူးပင် နာမည်ကြီးခဲ့သည်။

ဒေါက်တာ ရှင်းနားက ကျွန်ုပ်အား ပြောပြရာ၌ ၁၉၅၇ ခု စက်တင်ဘာလ ၁၉ ရက်နေ့က ဖရန့်ဖွတ်မြို့သို့ အလည်ရောက်သွားခိုက် ဟက်စ်ပြည်နယ်မှ ရက်ဘီဆိုသူက ဘောယားသည် မိမိနှင့် အရေးကြီးသော ကိစ္စတစ်ခုရှိ၍ တွေ့လိုကြောင်း ပြောကြားခဲ့သည်။ မည်သည့်ကိစ္စ ဖြစ်သည်ကို ရက်ဘီ လုံးဝမရိပ်မိဟု ဆိုသည်။ သို့ဖြင့် ဘောယားနှင့် ရှင်းနားတို့သည် မက်ထရိုပိုလ်ဟိုတယ်တွင် တွေ့ဆုံကြရန် စီစဉ်ခဲ့သည်။ သို့သော် ချိန်းဆိုချက်အရ ယင်းဟိုတယ်သို့ ဘောယား ရောက်သွားသည်နှင့် တစ်ပြိုင်နက် သူက ပို၍ လူရှင်းသည့် အခြားတစ်နေရာသို့ သွားကြရန် အကြံပေးသည်။ သို့ဖြင့်၍ သူတို့သည် ကိုလုံးနှင့် ဖရန့်ဖွတ်မြို့အကြား လမ်းမကြီးပေါ်တွင်ရှိသည့် ထမင်းဆိုင်ကလေး တစ်ဆိုင်သို့ ကားဖြင့် သွားခဲ့ကြသည်။

"အိုက်ခ်မန်းကို ခြေရာခံလို့ရပြီ" ဟူ၍ ဘောယားက တစ်စုံတစ်ရာ စကားပလ္လင်မခံဘဲ ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်သည်။

"အဒေါ့ဖ် အိုက်ခ်မန်းလား" ရှင်းနားက အထိတ်တလန့်ဖြစ်ကာ တအံ့တဩ ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ အဒေါ့ဖ် အိုက်ခ်မန်းပဲ။ သူ အခု အာဂျင်တီးနား ရောက်နေတယ်"

"အဲဒီတော့ ခင်ဗျား ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ"

"ခင်ဗျားကိုတော့ ကျုပ် ပွင့်ပွင့်လင်းလင်း ပြောရမှာပဲ" ဘောယားက ဆက်ပြောသည်။ "အခု ဒီမှာရှိတဲ့ ဂျာမန်တရားရေးဌာနကို အားကိုးရမယ်၊ အားမကိုးရဘူးဆိုတာ ကျုပ် မသိဘူး။ ဒါပေမဲ့ ဗျူနိုအဲရစ္စမှာရှိတဲ့ ဂျာမန်သံရုံးအဖွဲ့ကို အားကိုးရရင်ပဲ တော်ပါပြီ။ ဒါကြောင့် ကျုပ် ခင်ဗျားနဲ့ သိပ်တွေ့ချင်တာပါ။ ဘယ်နည်းနဲ့မဆို ဒီကိစ္စမှာ ခင်ဗျားကို ဖွင့်မပြောလို့မဖြစ်ဘူး။ ခင်ဗျားဟာ အဘက်ဘက်က အစွမ်းအစရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ပြီးတော့ အိုက်ခ်မန်းကို လက်ရဖမ်းဖို့ကိစ္စမှာ ခင်ဗျားထက် ဘယ်သူက ပိုစိတ်ဝင်စားမှာ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားနဲ့ကျုပ် အမြဲတမ်း ဆက်သွယ်ချင်တယ်။ ဒါပေမဲ့ ဒီကိစ္စကို ပိပိရိရိနဲ့ လျှို့ဝှက်ထားမှဖြစ်မယ်"

"ခင်ဗျားကို ကျွန်တော် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်ဗျာ" ရှင်းနားက စိတ်ပါလက်ပါ ပြန်ပြောသည်။ သူ့အသံမှာ သိသိသာသာကြီး လှုပ်ရှားနေသည်။ "ကျွန်တော်တို့အပေါ်မှာ ခင်ဗျား အခုလို ယုံကြည်မှုရှိတာကို ကျေးဇူးတင်လို့ မဆုံးပါဘူး။ ခင်ဗျားရဲ့ လုပ်ဆောင်ချက်တွေကို အစ္စရေးနိုင်ငံက ဘယ်တော့မှ မမေ့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့နှစ်ယောက် အဆက်အသွယ် လုပ်တာကို လျှို့ဝှက်ထားဖို့ ကျွန်တော်ကိုယ်တိုင် လုံးဝ တာဝန်ယူပါတယ်၊ စိတ်ချပါ။ ဒီကိစ္စမှာ ခင်ဗျားကိုယ်တိုင်က သဘောတူ ခွင့်ပြုချက်မပေးမချင်း ဘယ်သူမှ မသိစေရပါဘူး"

❐

ထို့နောက် ဤသတင်းကို သက်ဆိုင်သည့်နေရာသို့ ရောက်နိုင်သမျှ အမြန်ဆုံးရောက်အောင် လိုအပ်သော အစီအစဉ်များ အားလုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဒေါက်တာရှင်းနားက ကတိပေးခဲ့သည်။ သို့ဖြင့် သူတို့နှစ်ယောက်တွေ့ဆုံသည့်ကိစ္စ ပြီးလျှင်ပြီးချင်း ဒေါက်တာရှင်းနားသည် သူ့ရုံးရှိရာ ကိုလုံးမြို့သို့ ချက်ချင်းပြန်သွားပြီး ဂျေရုဆလင်မြို့ နိုင်ငံခြားရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်ထံ ကြေးနန်းဖြင့် အပြည့်အစုံ အစီရင်ခံလိုက်သည်။

❐

ကျွန်ုပ်သည် ဒေါက်တာရှင်းနား၏ ပြောပြချက်အရ ဖရစ်ဇ်ဘောယား၏ ပုဂ္ဂိုလ်ရေးရာ အရည်အသွေးများကို အထူးပင် အားရကျေနပ်မိသည်။ သို့ဖြင့် ကိုလုံးမြို့သို့ သူပြန်သွားသည့်အခါ ဘောယားနှင့် အဆက်အသွယ် ပြုလုပ်ရန် သူ့ထံသို့ အထူးကိုယ်စားလှယ်တစ်ယောက် စေလွှတ်ပေးမည်ဟူ၍ ကတိပေးလိုက်သည်။

မကြာမီ ဤကိစ္စအတွက် တာဝန်ပေးရန် အသင့်တော်ဆုံး လူတစ်ယောက်ကို တွေ့ခဲ့ရ၏။ ထိုသူ၏ အမည်မှာ ရှောလ်ဒါရှမ် ဖြစ်သည်။

ရှောလ်သည် အစဉ်အလာအားဖြင့် ထင်ရှားသည့် မိသားစုမှ ဆင်းသက်ဆောက်ပွားလာသူတစ်ဦးဖြစ်၍ နာဇီများ စတင်အုပ်စိုးခဲ့သည့် အချိန်လောက်ကပင် [illegible]မှ အစ္စရေးသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူ ဖြစ်သည်။ (ထိုစဉ်က အစ္စရေးနိုင်ငံမှာ ဗြိတိသျှတို့၏ ထိန်းသိမ်းစောင့်ရှောက်မှု ခံနေရသည့် ပါလက်စတိုင်း





ဒေသအဖြစ် ရှိနေသေးသည်။) ရှောလ်၏ အစ်ကိုများသည် ထူးချွန်သော အတတ်ပညာရှင်များ ဖြစ်ကြသော်လည်း ရှောလ်မှာ သူ့အစ်ကိုများနှင့် မတူဘဲ ငယ်စဉ်ကပင် အနုပညာကို ဝါသနာပါ၍ လေ့လာလိုက်စားခဲ့သူ ဖြစ်သည်။ အမြဲတမ်း စိတ်ကူးယဉ်၍ အရင်းရှင် ဘူဇွာလူတန်းစားတို့၏ အစဉ်အလာအရ အများနှင့် မတူ တစ်မူထူးခြားစွာ နေထိုင် လုပ်ကိုင်နေသူတစ်ဦး ဖြစ်ခဲ့သည်။

ရှောလ်သည် ၁၉၄၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ သွားရောက်ကာ အနုပညာကို လေ့လာဆည်းပူးခဲ့သည်။ ထိုစဉ်က သူ့အသက်မှာ ၂၆ နှစ်မျှသာ ရှိသေးသည်။ သို့သော် သူသည် အမှတ်မထင် မမျှော်လင့်ဘဲ မြေအောက် လျှို့ဝှက်အဖွဲ့အစည်းတစ်ခုနှင့် ဆက်သွယ်မိသည်။ ယင်းအဖွဲ့အစည်းမှာ ထိုစဉ်က ဗြိတိသျှအာဏာပိုင်များ မရိပ်မိအောင် ဂျူးလူမျိုးများကို အစ္စရေးနိုင်ငံသို့ လျှို့ဝှက်စွာ စီစဉ်ပို့ဆောင်ပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။ ထိုအချိန်မှစ၍ သူသည် အနုပညာနှင့် လျှို့ဝှက်လုပ်ငန်းကို နှစ်ခုစလုံး စိတ်ပါဝင်စားစွာဖြင့် အားတက်သရော လုပ်ကိုင်လာခဲ့သည်။ ထိုမှုမက သူသည် အဆိုပါ အနုပညာနှင့် လျှို့ဝှက်မြေအောက်လုပ်ငန်းတို့အား ဆက်စပ်ပေးသည့် နည်းလမ်းတစ်ခုကိုပါ တွေ့ရှိလာခဲ့သည်။ သူသည် အစ္စရေးနိုင်ငံသို့ သူပို့ဆောင်ပေးခဲ့သည့် ဂျူးအမျိုးသားများ၏ ရုပ်ပုံများကို ပုံတူဆွဲ၍ သိမ်းဆည်းထားခဲ့သည်။

အစ္စရေးနိုင်ငံ တရားဝင် ထူထောင်လိုက်သောအခါ ရှောလ်သည် ပန်းချီလုပ်ငန်းကိုပင် ဆက်လက်လုပ်ကိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် သူသည် အစ္စရေးအစိုးရ၏ လုံခြုံရေးဌာနတွင်လည်း ဝင်ရောက်အမှုထမ်းခဲ့သည်။ သို့သော် သူသည် လျှို့ဝှက်စုံထောက်တစ်ယောက်အဖြစ် မဟုတ်ဘဲ ပန်းချီဆရာ တစ်ယောက်အဖြစ် တဖြည်းဖြည်း ကျော်ကြားထင်ရှားလာခဲ့သည်။ သူ၏ ပန်းချီကားများကို အစ္စရေးနိုင်ငံအပေါ် ရန်လိုမုန်းတီးနေကြသည့် နိုင်ငံများ၌ပင် ချိတ်ဆွဲထားကြသည်ကို တွေ့ကြရသည်။

ထောက်လှမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှောလ်သည် မွေးရာပါ အရည်အချင်းရှိသူဟု ဆိုရမည်ဖြစ်သည်။ သို့သော် သူသည် ထောက်လှမ်းရေး လုပ်ငန်းထက် အနုပညာလုပ်ငန်းဘက်ကို ပို၍ အာရုံစိုက်ခဲ့ရာ အချို့နေရာများတွင် လုပ်ငန်းတာဝန်များ မကြာခဏ နှောင့်နှေးပျက်ကွက်ခဲ့ရသည်။ သို့တိုင် သူ၏ ထူးချွန်သော စိတ်ကူးစိတ်သန်းများနှင့် ရုတ်တရက် ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ ဘာသာစကားမျိုးစုံ တတ်မြောက်ခြင်း၊ နိုင်ငံအများအပြားနှ[illegible] ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကျွမ်းကျင်နှံ့စပ်ခြင်း စသည့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတ အတွေ့အကြုံများနှင့် အတတ်ပညာများကြောင့် သူသည် အစ္စရေး ထောက်လှမ်းရေးအဖွဲ့တွင် အလွန်ထူးချွန်သော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ထင်ရှား ခဲ့သည်။

ကျွန်ုပ်နှင့် ဒေါက်တာရှင်းနားတို့ တွေ့ဆုံကြသည့်အချိန်က ရှောလ်သည် ဥရောပတိုက်သို့ ခရီးရှည် တာဝန်တစ်ခုဖြင့် သွားရောက်နေသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် သူ့ထံသို့ ကြေးနန်းရိုက်၍ တဲလ်အဗစ်သို့ အမြန်ဆုံး လာရောက် ရန် အကြောင်းကြားလိုက်သည်။ နောက်သုံးလေးရက် ကြာသောအခါ သူသည် ကျွန်ုပ်၏ ရုံးခန်းသို့ ရောက်လာသည်။

“အိုက်ခ်မန်းနဲ့ ပတ်သက်ပြီး မင်းကို ငါ ယုံယုံကြည်ကြည်နဲ့ အရေး တကြီး ပြောစရာတွေရှိတယ်”

သူသည် ဖြုန်းခနဲ အထိတ်တလန့်ဖြစ်ကာ ရုတ်တရက် စကားပြန်မပြော နိုင်အောင် ဖြစ်သွားခဲ့သည်။ အမှန်တကယ် အရေးတကြီးပြောသည့် စကားများ ဟုတ်၊ မဟုတ် ကျွန်ုပ်မျက်နှာကို အကဲခတ်သလို စိုက်ကြည့်နေသည်။ အတော် ကလေးကြာမှ သူက မေးခွန်းတစ်ခု မေးလိုက်သည်။ “အိုက်ခ်မန်းဟာ အသက် ရှင်နေသေးလို့လား”

ကျွန်ုပ်က ဤသတင်းကို ဒေါက်တာရှင်းနားထံမှတစ်ဆင့် ယူလာသော ဒေါက်တာ ဘောယားအကြောင်း ပြောပြရသည်။

သူ့မျက်လုံးများ ချက်ချင်းဝင်းလက်လာကြသည်။ အိုက်ခ်မန်းကို လက်ရ ဖမ်းမိတော့မည် ဟူသော အတွေးနှင့် ဤစစ်ဆင်ရေးတွင် တစ်နေရာရာမှ သူ မုချပါဝင် ဆောင်ရွက်ရတော့မည် ဟူသော အသိတို့ကြောင့် သူ့မျက်နှာမှာ ဝမ်းသာမှု အရိပ်အယောင်နှစ်ခုဖြင့် မြူးနေသည်။ ကျွန်ုပ်က စကားဆက်ပြော လိုက်သည်။

“ဘောယားက တစ်ခုခုကို ဆုံးဖြတ်တဲ့နေရာမှာ အင်မတန်တော်တဲ့ လူတစ်ယောက်လို့ နာမည်ကြီးခဲ့တာပဲ။ ပြီးတော့ အခုရတဲ့ သတင်းကိုလည်း သူ့အနေနဲ့ အတော်ကလေး အရေးတကြီး သဘောထားနေတယ်။ အဲဒီတော့ ငါတို့တာဝန်က သူပေးတဲ့ သတင်းဟာ ဘယ်လောက်တိကျတယ်၊ ဘယ်လောက် မှန်တယ်ဆိုတာ သေသေချာချာ အသေးစိတ် စုံစမ်းဖို့ပဲ”

❐



ရှောလ်သည် ကိုလုံးမြို့သို့ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် သွား ရောက်ခဲ့ပြီး ဒေါက်တာရှင်းနားနှင့် ချက်ချင်းပင် တွေ့ဆုံခဲ့သည်။ နောက်တစ်နေ့ တွင် သူတို့နှစ်ယောက် ဘောယားအိမ်သို့ အတူသွားခဲ့ကြသည်။ ရှင်းနားသည် ရှောလ်နှင့် ဘောယားတို့အား မိတ်ဆက်ပေးပြီးနောက် လွတ်လပ်စွာ ဆွေးနွေး ပြောဆိုနိုင်ရန် ၎င်းတို့နှစ်ယောက်ကို ထားခဲ့ပြီး ပြန်သွားသည်။

ရှောလ်သည် ဘောယား၏ ဥပဓိရုပ်ကို အကဲခတ်သည့်အနေဖြင့် ကြည့် လိုက်သည်။ သူ့စိတ်ထဲတွင် ဘောယား၏ ရုပ်ပုံလွှာကို ပုံတူ ရေးဆွဲရမည် ဆိုပါက စာအုပ်တစ်အုပ်နှင့် ဓားရှည်တစ်လက်ကို နောက်ခံထားရလျှင် ကောင်း မည်ဟု စဉ်းစားနေမိသည်။ အမှန်စင်စစ် ဘောယားသည် အင်အားအပြည့်အဝ ဖြင့် စိတ်လှုပ်ရှားစရာကောင်းသည့် လူတစ်ယောက်ပင်ဖြစ်သည်။ သူသည် သူ့အား စိုက်ကြည့်နေသော ရှောလ်ကို သူ၏ တည်ငြိမ်နက်မှောင်သော မျက်လုံး အစုံဖြင့် ထိုးဖောက်၍ တစ်ချက်လှမ်းကြည့်လိုက်သည်။

ရှောလ်က စပြောလိုက်သည်။

“ကျွန်တော်တို့ တခြားပြောစရာရှိတာတွေ မပြောခင် ခင်ဗျား ကျွန်တော် တို့ကို အခုလို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပါရစေ။ နောက် ပြီးတော့ ကျွန်တော်တို့ဟာ အိုက်ခ်မန်းကို တရားဥပဒေဘောင်အတွင်းက စနစ် တကျ တည်ထောင်ထားတဲ့ တရားရုံးတစ်ရုံးမှာ ဥပဒေအရ စစ်ဆေးနိုင်ဖို့ အတွက် ကျွန်တော်တို့ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အတတ်နိုင်ဆုံး ကြိုးစားသွားမယ်ဆိုတာ ကတိပေးပါတယ်”

“ကျွန်တော်ကလည်း ခင်ဗျားတို့တစ်တွေ အခုလို တက်တက်ကြွကြွနဲ့ မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်ကြတာကို ကျေးဇူးတင်လို့ မဆုံးပါဘူး” ဘောယားက ပြန်ပြောသည်။ “ဒီကိစ္စမှာ ဒီလို စိတ်ပါလက်ပါနဲ့ အလေးအနက် ထားပြီး ဆောင်ရွက်မယ့် ပုဂ္ဂိုလ်တွေဆိုလို့ ခင်ဗျားတို့ပဲ ရှိတယ်ဆိုတာ ကျွန်တော် နားလည်သဘောပေါက်ပါတယ်။ ကျွန်တော် ထင်ပါတယ်၊ ကျွန်တော်တို့ဟာ ဒီတစ်ခါတော့ အိုက်ခ်မန်းကို သေချာပေါက်ဖမ်းပြီး ရုံးတင်နိုင်ပြီလို့ တွက်ထား ပါတယ်။ ကျွန်တော်တို့ အခု နောက်ဆုံးရတဲ့ သတင်းကလည်း အတော်ကလေး ယုံကြည်အားထားလောက်ပါတယ်”

ရှောလ်က ပြန်ပြောသည်။

“မှန်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ လက်တွေ့ကျကျ ပထမဆုံး စဉ်းစား ရမယ့်အချက်က အခု ခင်ဗျား နောက်ဆုံးရတဲ့သတင်းဟာ ကျွန်တော်တို့အတွက် ဘယ်လောက် ယုံကြည်အားထားရမလဲဆိုတဲ့ ပြဿနာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ကျွန်တော်လည်း သဘောပေါက်ပါတယ်။ ကျွန်တော့်ဆီကို ဒီသတင်းပို့လိုက်တဲ့ လူဟာ သူ့ကိုယ်သူ ဂျူးကပြားလို့ ပြောပါတယ်။ မွေးတော့ ကွာခန့်ခွာသဲ မွေးပါတယ်။ အဲဒီလူဟာ အခု အာဂျင်တီးနားမှာ နေပါတယ်။ ကျွန်တော် အခုလောလောဆယ်မှာတော့ သူ့နာမည်ကို ထုတ်ပြောလို့ မဖြစ်သေးပါဘူး။ ပြီးတော့ ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ်ဆိုရင် အဲဒီလူကို ကျွန်တော်ကိုယ်တိုင် လူချင်း မတွေ့ဖူးသေးပါဘူး။ စာနဲ့ပဲ ဆက်သွယ်ဖူးပါတယ်။ သူက သတင်းစာထဲမှာ တခြားစစ်တရားခံတွေ စစ်ဆေးတဲ့ သတင်းတွေကို ဖတ်ရင်းနဲ့ အဒေါ့ဖ်အိုက်ခ်မန်းရဲ့ နာမည်နဲ့ အိုက်ခ်မန်း ပျောက်ဆုံးနေတဲ့အကြောင်း တွေ့လိုက်ရလို့ ဂျာမန်အာဏာပိုင်တွေဆီ သူ့သဘောနဲ့သူ စာလှမ်းပြီး ရေးလိုက်တာပဲ"

ဘောယားက ဤနေရာတွင် ခေတ္တရပ်လိုက်ပြီးမှ သူ့စကားကို ပြန်ဆက်သည်။ "အခု ကျွန်တော့်အနေနဲ့ သံသယဖြစ်မိတာက •ဒီလူဟာ ကျွန်တော့်ဆီ ရေးလိုက်တဲ့ စာထဲက အချက်အလက်တွေထက် ပိုပြီး သိနေတယ်လို့ ထင်ပါတယ်။ သူရေးပေးလိုက်တဲ့ အိုက်ခ်မန်းရဲ့ လိပ်စာက 'အိမ်အမှတ် ၄၂၆၁၊ ချာကာဘူကိုလမ်း၊ အိုလီဗော့စ်ရပ်ကွက်၊ ဗျူနိုအဲရစ္စမြို့' လို့ ပါလာပါတယ်။ ဒါပေမဲ့ အိုက်ခ်မန်းဟာ အခု ဘာနာမည် ယူထားတယ်ဆိုတာ သူ့စာထဲမှာ ပါမလာဘူး"

ဤတွင် ရှောလ်က မေးလိုက်သည်။ "ဒီလူနဲ့ပတ်သက်လို့ တခြားဘာများ ခင်ဗျား သိထားသေးသလဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို သိထားတဲ့ အချက်အလက်ရှိရင် ကျွန်တော်တို့ အဲဒီလူရဲ့ အနေအထားကို အကြမ်းအားဖြင့် ခန့်မှန်းလို့ ရနိုင်တာပေါ့"

"ဒါတော့ ကျွန်တော် မသိဘူး။ သူ့စာထဲမှာ ပါသမျှ အခု ကျွန်တော် ပြောပြခဲ့တာတွေကလွဲလို့ တခြား ကျွန်တော် ဘာမှမသိရပါဘူး။ ဒါကလည်း သူ့အနေနဲ့ တစ်ဖက်က အန္တရာယ်ပေးမှာ ကြောက်လို့ ဖြစ်ကောင်းဖြစ်မှာပေါ့လေ။ ဒါကြောင့် သူ့အတွက် အန္တရာယ် နည်းနိုင်သမျှ နည်းအောင်ဆိုပြီး သူသိထားတာတွေထဲက တချို့တစ်ဝက် တစ်ပိုင်းတစ်စကိုပဲ ပို့လိုက်တာဖြစ်မှာပေါ့။ ဘောယားက ရှောလ်၏ မေးခွန်းကို ယင်းသို့ ပြန်ဖြေရင်း ဆက်လက်၍ "ဘာပဲဖြစ်ဖြစ် အိုက်ခ်မန်းနဲ့ပတ်သက်လို့ သူပို့လိုက်တဲ့ သတင်းတွေထဲမှာ တချို့ဟာတွေက သိပြီးသားတွေပါ။ ဥပမာ အိုက်ခ်မန်း ပျောက်မသွားခင်က





သားယောက်ျားလေးတွေ မွေးခဲ့တဲ့အကြောင်းနဲ့ သူ့မိန်းမ ဗီရာ နောက်ယောက်ျား ယူဖို့ သူကိုယ်တိုင် တရားဝင်ခွင့်ပြုခဲ့တယ်ဆိုတဲ့ အချက်မျိုးတွေဟာ အားလုံး သိပြီးသားတွေပါ။ ဒီအချက်အလက်တွေနဲ့ ပတ်သက်လို့ ဂျာမနီမှာ အရင်က ရထားခဲ့တဲ့ အသေးစိတ် သတင်းတွေနဲ့ တိုက်ကြည့်လိုက်တော့ အားလုံး မှန်နေတာကို တွေ့ရပါတယ်"

"ဒါပေမဲ့ ကျွန်တော် သိရသလောက် အိုက်ခ်မန်း တောင်အမေရိက တိုက်ကို ထွက်ပြေးတယ်ဆိုတဲ့ သတင်းဟာ ဒီအရင်ကလည်း ဒီသတင်းမျိုး ရခဲ့ဖူးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ရခဲ့ဖူးပါတယ်။ သူဟာ ၁၉၄၇ ခု၊ ဒါမှမဟုတ် ၁၉၄၈ ခုနှစ်လောက်က အာဂျင်တီးနားကို ရောက်သွားတယ်။ တောင်အမေရိကတိုက် တစ်နေရာရာမှာ ရှိနေတယ်ဆိုတဲ့ သတင်းတွေကတော့ အများကြီး ရခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒါတွေအားလုံးဟာ မရေရာ မသေမချာနဲ့မို့ ယုံကြည်စိတ်ချရတဲ့ သတင်းတွေလို့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ အခု နောက်ဆုံးရတဲ့ သတင်းဟာ ထပ်တူထပ်မျှ ဖြစ်နေတဲ့အတွက် ဒီသတင်းဟာ ပိုပြီး ယုတ္တိရှိသလို ဖြစ်နေပါတယ်။ အိုက်ခ်မန်းဟာ အာဂျင်တီးနားက ထုတ်တဲ့ စာနယ်ဇင်းတွေကိုဖတ်ပြီး နောက်ဆုံး ဗျူနိုအဲရစ္စကို ပြောင်းဖို့ ဆုံးဖြတ်ခဲ့ပုံရတယ်"

"ဒါထက် သူ့မိန်းမနဲ့ ကလေးတွေကရော" ရှောလ်က ကြားဖြတ်၍ မေးလိုက်သည်။

"ကျွန်တော် သိရသလောက် သူ့မိန်းမနဲ့ ကလေးတွေဟာ ဂျာမနီက သူထွက်သွားပြီး မကြာခင် သူတို့လည်း တစ်နေရာ ထွက်သွားကြတယ်လို့ ဆိုပါတယ်။ စောစောပိုင်းက ကြားရတဲ့ ကောလာဟလ သတင်းတစ်ပုဒ်ကတော့ အိုက်ခ်မန်းရဲ့ မိန်းမ ဗီရာဟာ ဂျာမနီမှာ အမေရိကန်တစ်ယောက်နဲ့ တွေ့ပြီး လက်ထပ်လိုက်ကြတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အဲဒီနောက် ဘာသတင်းမှ မကြားရတော့ပါဘူး။ သူတို့မိသားစုနဲ့ ပတ်သက်လို့ ဥရောပတိုက်မှာ စုံစမ်းကြည့်တော့လည်း ဘာမှ မသိခဲ့ရပါဘူး၊ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ထင်တာက ဗီရာရဲ့ နောက်ယောက်ျားဆိုတဲ့ လူဟာ အဒေါ့ဖ်အိုက်ခ်မန်းပဲ ဖြစ်နေမလားလို့ စဉ်းစားမိပါတယ်။ ဒါပေမဲ့ ဒါနဲ့ပတ်သက်လို့လည်း အခုထက်ထိ ဘာတစ်ခုမှ ခိုင်လုံတဲ့ အထောက်အထား မတွေ့ရသေးပါဘူး"

"ဒီလိုဆိုရင် ဗီရာဟာ သူ့ယောက်ျား အိုက်ခ်မန်း ပျောက်သွားပြီးတဲ့ နောက် အခြား စစ်တရားခံ ဂျာမန်တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ...

www.burmeseclassic.com



ခင်ဗျားရထားတဲ့ လိပ်စာဟာ အဲဒီလူနဲ့ သူနဲ့ အခုလောလောဆယ် နေနေကြတဲ့ နေရာကော မဖြစ်နိုင်ဘူးလား" ရှောလ်က စိတ်အားထက်သန်စွာဖြင့် အားတက် သရော မေးလိုက်သည်။

"ဒါလည်း မဖြစ်ဘူးလို့ မပြောနိုင်ဘူး၊ ထည့်ပြီးစဉ်းစားရမယ့် အချက် တစ်ချက်ပါပဲ" ဘောယားက ရုတ်တရက် ပြန်ပြောလိုက်ပြီးမှ "ဒါပေမဲ့ ကျွန်တော် အဘက်ဘက်က တွက်လို့ရသလောက် အိုက်ခ်မန်းဟာ သူ့ကိုယ်သူ ဓိရာရဲ့ ဒုတိယယောကျ်ားအဖြစ် တခြားလူတွေ မျက်စိလည်အောင် လုပ်ထား တာပဲ ဖြစ်မယ်လို့ ထင်တာပဲဗျာ"

သို့ဖြင့် နှစ်ယောက်သား ဆက်လက်ဆွေးနွေးခဲ့ကြရာ ရှောလ်သည် အခြေအနေ အရပ်ရပ်ကို အတော်ကလေးငုံမိခဲ့သည်။ ဤနေရာတွင် ဘောယား၏ ဆန္ဒမှာ ကျွန်ုပ်တို့အား သူပေးခဲ့သည့် လိပ်စာအရ ထိုအိမ်တွင် နေထိုင်သူအား နာမည်နှင့်တကွ မည်သူ မည်ဝါ ဖြစ်သည်ကို ကျွန်ုပ်တို့အနေဖြင့် ကိုယ့်နည်း ကိုယ့်ဟန်အရ စုံစမ်းထောက်လှမ်းရန်ပင် ဖြစ်သည်။ ယင်းသို့ စုံစမ်းထောက် လှမ်း၍ ထိုလိပ်စာအရ ရှိနေသူသည် အိုက်ခ်မန်း ဖြစ်နေသည်ဆိုပါက တကယ့် အိုက်ခ်မန်းအစစ် ဟုတ်၊ မဟုတ် အတိအကျ သိနိုင်ရန် ယခင်က အိုက်ခ်မန်း အား မြင်တွေ့ သိကျွမ်းခဲ့ဖူးသည့် လူတစ်ယောက်ကို အာဂျင်တီးနားသို့ စေလွှတ် ပေးမည်ဟူ၍ ဘောယားက ကတိပေးခဲ့သည်။ ထို့ပြင် အကယ်၍ တကယ့် အိုက်ခ်မန်းအစစ်ဖြစ်ကြောင်း သေချာပြီဆိုပါက အာဂျင်တီးနားအစိုးရအား အိုက်ခ်မန်းကို ပြန်လည်ပေးအပ်ရန် အနောက်ဂျာမနီအစိုးရကို 'တွန်းအား'ပေး မည်ဖြစ်ကြောင်း ဘောယားက ထပ်လောင်းပြောကြားခဲ့သည်။ ဘောယား၏ အစီအစဉ်အရ အနောက်ဂျာမနီနှင့် အစ္စရေးအစိုးရတို့က ယင်းသို့ အဆက်မပြတ် တောင်းဆို တိုက်တွန်းခြင်းဖြင့်လည်းကောင်း၊ အများပြည်သူတို့၏ စည်းရုံးမှု အင်အားနှင့် ဆန္ဒများအရလည်းကောင်း၊ အထူးသဖြင့် အမေရိကန် ပြည်သူ များ၏ လှုံ့ဆော်လှုပ်ရှားမှုများအရလည်းကောင်း စစ်တရားခံ အိုက်ခ်မန်းအား ပြန်လည်ပေးအပ်ရန် အာဂျင်တီးနား အစိုးရအား အကျပ်ကိုင်မည်ဟု သိရသည်။

အမှန်စင်စစ် ထိုသို့ အိုက်ခ်မန်းအား ပြန်လည်ပေးအပ်ရေး ပြဿနာမှာ ကျွန်ုပ်ကိုယ်တိုင် ဦးနှောက်ခြောက်နေသည့် ပြဿနာဖြစ်သည်။ သို့ဖြစ်၍လည်း ကျွန်ုပ်သည် ရှောလ်အား ဤကိစ္စနှင့်စပ်လျဉ်း၍ ဘောယား၏ သဘောထားကို အလိမ္မာဖက်၍ 'တီးခေါက်'ကြည့်ရန် မှာလိုက်ရခြင်း ဖြစ်သည်။

သို့ဖြင့် ရှောလ်က ဘောယားအား ဤသို့ ပြောပြသည်။





"တကယ်လို့ ကျွန်တော်တို့အနေနဲ့ အဲဒီ လိပ်စာရှင်ဟာ အိုက်ခ်မန်း အစစ် ဖြစ်ပါတယ်လို့ ခိုင်လုံတဲ့ သက်သေအထောက်အထား ပြနိုင်သည့်တိုင် အောင် သူ့ကိုပြန်အပ်ဖို့ တောင်းတဲ့နေရာမှာတော့ ရောမ အခက်အခဲတွေ တောင်ပုံရာပုံ တွေ့ရမှာ သေချာတယ်။ ဒီလိုနဲ့ နောက်ဆုံးကျတော့ ကျွန်တော် တို့ဟာ အိုက်ခ်မန်းကို ရုံးတင်စစ်ဆေးနိုင်မယ့်အစား၊ သူ့ကို နောက်တစ်ကြိမ် ထပ်ပြီး ခြေရာဖျောက်ပြေးဖို့ အခွင့်အရေးပေးလိုက်သလို ဖြစ်သွားမှာစိုးရတယ်၊ အဲဒီအခါကျရင် သူ့နောက်ကို လုံးဝ ခြေရာခံလို့မရအောင် လုပ်သွားမှာ သေချာ တယ်"

"ကျွန်တော်လည်း အဲဒီအတွက် စိုးရိမ်မိတာပါပဲ" ဘောယားက စဉ်းစဉ်း စားစားဖြင့် ပြန်ပြောသည်။ "ဒါကြောင့်မို့ ခင်ဗျားတို့ သူ့ကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ အစ္စရေးရောက်အောင် ခေါ်ထုတ်လာမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး"

ဘောယား၏ စကားများသည် ရှောလ်အတွက် အားတက်စရာဖြစ်သွား ခဲ့သည်။ သူသည် ဤအချက် တစ်ချက်တည်းနှင့်ပင် ဘောယား၏ ဖြောင့်မတ် ရိုးသားမှုကို ကြည်ညိုလေးစား၍ မကုန်နိုင်အောင် ဖြစ်ခဲ့ရသည်။ သို့သော် သူ၏ စိတ်လှုပ်ရှားမှုကို မသိသာစေရန်အတွက် စကားကို တစ်မျိုးလှည့်ပြော လိုက်သည်။

"ကဲ... ဒီလိုဆိုရင် ကျွန်တော်အနေနဲ့ ပထမဆုံး စပြီး ပြောချင်တာက အာဂျင်တီးနားမှာ ရှိနေတဲ့ လူဟာ ဘယ်သူ ဘယ်ဝါဆိုတာ ကျွန်တော်တို့ စုံစမ်းကြည့်မယ်။ ဒါလည်း လွယ်တော့ မလွယ်လှဘူး။ ထားပါတော့။ အဲဒီ ကိစ္စပြီးမှ ဒီလူဟာ အိုက်ခ်မန်းအစစ်ပဲဆိုတာ သေချာမှ နောက်တစ်ဆင့် သူ့ကို ပြန်တောင်းဆိုဖို့အတွက် တရားဥပဒေကြောင်းနဲ့ တခြားဖြစ်နိုင်စရာ ရှိတာ တွေကို ဆက်ပြီးလုပ်ကြမယ်။ ဒီကြားထဲက ပြဿနာတွေ ပေါ်လာမယ်ဆိုရင် တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ သူ့ကို ခေါ်ထုတ်လာပြီး ရုံးတင်စစ်ဆေးဖို့ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားမယ်။ ဒါပေမဲ့ ဒီနေရာမှာ တစ်ခု သတိထားဖို့က ကျွန်တော် တို့ဟာ နေရာတကာမှာ အတွေးခေါင်လွန်းနေရင်လည်း သူနေတဲ့ နေရာကို ကျွန်တော်တို့ သိသွားပြီဆိုတာ သူရိပ်မိတာနဲ့ တစ်ပြိုင်နက် ထပ်ပြီး တစ်ကြိမ် တည်းလစ်ပြေးမှာ သေချာတယ်"

"ခင်ဗျားပြောတာကို ကျွန်တော် လုံးဝ သဘောတူပါတယ်"

ထိုနောက် ရှောလ်သည် အိုက်ခ်မန်း၏ ကိုယ်ရေးမှတ်တမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူနေထိုင်ရာ ဆေးကို ဖော်ပြသည့် စာရွက်စာတမ်းများကို တောင်းလိုက်ရာ ဘောယားက လိုအပ်သမျှ အားလုံးကို နောက်နှစ်နာရီအတွင်း ရအောင် စီစဉ်ပေးပါမည်ဟု ပြောခဲ့သည်။

သို့ဖြင့် ဘောယားသည် ဓာတ်ပုံရိုက်၍ ကော်ပီကူးထားသော အိုက်ခ်မန်း၏ ကိုယ်ရေးကိုယ်တာ ဘဝမှတ်တမ်း စာရွက်စာတမ်း အားလုံးကို ရှောလ်ထံသို့ ပေးအပ်ခဲ့သည်။ ဤအထဲတွင် ပါဝင်သမျှတို့မှာ ၁၉၃၀ ပြည့်ကျော် နောက်ပိုင်းနှစ်များနှင့် ၁၉၄၀ ကျော် စောစောပိုင်းနှစ်များက ရိုက်ကူးထားခဲ့၍ မှုန်ဝါးဝါးဖြစ်နေသော အိုက်ခ်မန်းနှင့် သူ့ဇနီးတို့၏ ဓာတ်ပုံများ၊ သူတို့လင်မယားနှစ်ယောက် မွေးနေ့ မွေးရက်၊ လက်ထပ်သည့် နေ့ရက်နှင့် ဂျာမနီတွင် မွေးဖွားခဲ့သည့် သားသုံးယောက်၏ မွေးနေ့ မွေးရက်များ အပါအဝင် သူတို့မိသားစု၏ အသေးစိတ် ကိုယ်ရေးမှတ်တမ်းများ၊ အက်စ် အက်စ်ခေါ် နာဇီ လုံခြုံရေး စစ်ရဲတပ်ဖွဲ့တွင် ၁၉၄၄ ခုနှစ်အထိ အိုက်ခ်မန်း အမှုထမ်းခဲ့သည့် အသေးစိတ် မှတ်တမ်းမှတ်ရာများ စသည်တို့ ပါဝင်သည်။ ယင်းအမှုထမ်းမှတ်တမ်းများနှင့်အတူ အတော်ကလေး ကောင်းမွန်ကြည်လင်သည့် ဓာတ်ပုံတစ်ပုံ ပါလာသည်။ ထို့ပြင် ရှောလ်အား ဘောယားက နောက်ဆုံး အချက်တစ်ချက်အနေဖြင့် သတင်းတစ်ခု ပြောပြခဲ့သည်။ ယင်းသတင်းမှာ အခြားမဟုတ်၊ အိုက်ခ်မန်းသည် စကားပြောရာတွင် အက်သံပါ၍ အရက်နှင့် မိန်းမကို အလွန်နှစ်ခြိုက်သည် ဟူသော သတင်းဖြစ်သည်။

သူတို့နှစ်ယောက် ထိုသို့ ဆွေးနွေးခဲ့ကြ၍ အပြီးသတ်တွင် ရှောလ်က ဤကိစ္စနှင့်ပတ်သက်၍ ယခုကဲ့သို့ မိမိတို့ တွေ့ဆုံကြသည်ကို အခြားမည်သူ သိပါသေးသနည်းဟု မေးမြန်းခဲ့ရာ ဘောယားက ယင်းသို့ အသိပေးထားသူ တစ်ယောက်တည်းရှိကြောင်း ပြန်ပြောခဲ့သည်။ ထိုသူမှာလည်း အဘက်ဘက်က အရည်အချင်း ပြည့်ဝသည့် ထိပ်တန်းပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု သိရသည်။

ရှောလ်သည် ဘောယားနှင့် တွေ့ဆုံခဲ့ပြီးနောက် ဥရောပတွင် ဆက်၍ နေထိုင်ဦးမည်ဖြစ်ရာ သူသည် ကျွန်ုပ်ထံသို့ အစီရင်ခံစာတစ်စောင် ရေးပို့လိုက်သည်။ ယင်းအစီရင်ခံစာတွင် ဘောယားနှင့် ပတ်သက်၍ သူ၏ ပုဂ္ဂိုလ်ရေး အမြင်များကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

'ဖရစ်ဇ်ဘောယားနှင့် ပတ်သက်၍ ကျွန်တော့်အမြင် တင်ပြရမည် ဆိုပါက ဒေါက်တာရှင်းနား၏ ထင်မြင်ယူဆချက်များနှင့် ခံယူ





သုံးသပ်ချက်များကို အားလုံး သဘောတူ အတည်ပြုရန်သာ ရှိပါသည်။ ဘောယားသည် ဂျူးအမျိုးသားရေးစိတ်ဓာတ် အပြည့်အဝရှိ၍ ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့နှင့် ယခု လာရောက်ဆက်သွယ်သည့် ကိစ္စမှာ အခက်အခဲများနှင့် အရှုပ်အထွေးများ ပေါ်ပေါက်ကာ ပြဿနာများဖြင့် ရင်ဆိုင်ရလောက်အောင် လက်တွေ့ပိုင်းနှင့် ဆန္ဒပိုင်းအရ ပျောက်ကွက် ဟာကွက်များ ရှိနေသည်မှာ မှန်ပါသည်။ အထူးသဖြင့် ဂျာမနီတွင် နိုင်ငံရေးအခြေအနေများ မသာမယာ ရှိနေသည်ကိုလည်း သတိပြုမိပါသည်။ သို့သော် ဤအခြေအနေ၊ ဤအချက်အလက်များကြောင့် ဤကိစ္စကို လျစ်လျူရှုကာ ဖယ်ရှားမပစ်သင့်ပါ။ ကျွန်တော် သတိထားမိသလောက် ဘောယားသည် ဂျာမနီတွင် လောလောဆယ် ဖြစ်ပျက်နေသည်များကို သူကိုယ်တိုင်က စိတ်မချမ်းမသာ ဖြစ်နေပါသည်။ ယခုကဲ့သို့သော ပုံစံမျိုးဖြင့် ဂျာမနီနိုင်ငံတွင် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ပြန်လည်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့မိသည့်အတွက် သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေပုံရပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အာဂျင်တီးနားသို့ တစ်ယောက်ပြီး တစ်ယောက်

ယခုအတိုင်းဆိုလျှင် ကျွန်ုပ်၏ ထောက်လှမ်းရေး အဖွဲ့ဝင်တစ်ယောက်ကို အာဂျင်တီးနားသို့ စေလွှတ်ရန် လိုအပ်နေပြီဖြစ်သည်။

အထူးသဖြင့် အိုက်ခ်မန်းနှင့် ပတ်သက်၍ သတင်းပို့ခဲ့သူ၏ အမည်ကို ဘောယားက ဖွင့်မပြောဘဲ ထားခြင်းသည် ကျွန်ုပ်တို့၏ စုံစမ်းထောက်လှမ်းမှုတို့ အကြီးအကျယ် အဟန့်အတားဖြစ်စေခဲ့သည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ထိုသူကို တွေ့ခွင့်ရမည်ဆိုပါက ထိုသူ၏ စိတ်နေသဘောထားနှင့် ရိုးသားမှုရှိမရှိ အကဲခတ်နိုင်မည်ဖြစ်၏။ ယင်းသို့ သူနှင့် လူချင်းတွေ့ဆုံကာ သူသိသမျှ ထပ်မံမေးမြန်း စုံစမ်းခြင်း၊ သူ၏ သုံးသပ်ချက်များအပေါ် ဆင်ခြင်လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့၏ စုံစမ်းထောက်လှမ်းမှုမှာ ယခုထက်ပို၍ အောင်မြင် ထိရောက်ဖွယ်ရာ ရှိနေပေသည်။ သို့သော် ယင်းသို့သော အခွင့်အရေးများ မရရှိနိုင်သည့် အဆုံး၌ လောလောဆယ် အခိုက်အတန့်တွင် ကျွန်ုပ်တို့ ရှာဖွေနိုင်သမျှမှာ 'ဗျူနိုအဲရစ္စမြို့၊ အိုလီဗော့စ်ရပ်ကွက်၊ ချာကာဘူကိုလမ်းမှ အိမ်အမှတ် ၄၂၆၁'ကို စောင့်ကြည့်ရုံသာ ရှိပေသည်။

သို့ဖြင့် ကျွန်ုပ်သည် ယင်းကိစ္စအတွက် ယိုးလ်ဂိုရန်အား တာဝန်ပေးခဲ့သည်။ ဂိုရန်သည် ထောက်လှမ်းရေး အတွေ့အကြုံများ ကြွယ်ဝသူတစ်ဦး ဖြစ်သည်။ ဤလျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် ဝင်ရောက် အမှုမထမ်းမီ [illegible] ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်တစ်ယောက်အဖြစ် လက်တင်အမေရိက နိုင်ငံများတွင် အချိန်အတော်ကြာအောင် လုပ်ကိုင်ခဲ့ဖူးရာ သူသည် ယခု [illegible] စပိန်စကားကို အတော်အသင့် ပြောတတ်နေဆဲဖြစ်သည်။





သို့ဖြင့် ၁၉၅၈ ခုနှစ် ဇန်နဝါရီလတွင် ဂိုရန်သည် ဗျူနိုအဲရစ္စမြို့သို့ ထွက်ခွာသွားခဲ့သည်။ ကျွန်ုပ်သည် မျက်နှာစိမ်းနိုင်ငံ တစ်နိုင်ငံတွင် ဘာသာစကား မတောက်တခေါက်သာ ပြောတတ်၍ တစ်ဦးတည်း တစ်ယောက်တည်း သွားရောက်လုပ်ကိုင်ရသည့် လုပ်ငန်းအပေါ်တွင် မျှော်လင့်ချက် ကြီးကြီးမားမား မထားခဲ့ပါ။ သို့ဖြစ်ရာ ဂိုရန်အား ခရီးမထွက်ခင် ခေါ်ယူတွေ့ဆုံ၍ ဗျူနိုအဲရစ္စသို့ရောက်လျှင် ချာကာဘူကိုလမ်းမှ အိမ်အမှတ် ၄၂၆၁ နှင့် ထိုအိမ်တွင် နေထိုင်သူများအား စိတ်ဝင်စားသည့် အမူအရာမျိုး လုံးဝ မပြမိစေရန် သတိပေးခဲ့ရသည်။ ဤသည်မှာ ဂရုမစိုက် အမှတ်မထင် လှမ်းလိုက်သည့် ခြေလှမ်း တစ်လှမ်းသည် လည်းကောင်း၊ ထိုအိမ်၏ဝန်းကျင်နှင့် ထိုအိမ်တွင် နေထိုင်သူများအပေါ် ပြုမူလိုက်သည့် တစ်စုံတစ်ရာ မှားယွင်းမှု တစ်ခုခုသည်လည်းကောင်း တစ်ဖက်သားအား အန္တရာယ်ရှိနေပြီဖြစ်ကြောင်း အချက်ပြ သတိပေးလိုက်သလို ဖြစ်သွားနိုင်သည်ကို ကျွန်ုပ် သိထားသောကြောင့် ဖြစ်သည်။

ခက်ခက်ခဲခဲ လုပ်ရမည့် ဂိုရန်၏ အလုပ်ကို အထိုက်အလျောက် အနည်းငယ် လွယ်ကူမှုရှိစေရန် ကျွန်ုပ်သည် သူ့အား မီနာရှေတာလ်မီ ဆိုသူထံမှ အကူအညီတောင်းနိုင်ကြောင်း မှာကြားလိုက်သည်။ မီနာရှေ တာမီလ်သည် ဂျူးလူမျိုးများ အာဂျင်တီးနားနိုင်ငံသို့ လာရောက်အခြေချ နေထိုင်ခဲ့ကြသည့် သမိုင်းအထောက်အထားများကို သုတေသန ပြုလုပ်နေသူဖြစ်သည်။ တာလ်မီသည် အစ္စရေးနိုင်ငံတွင် ရှေးအကျဆုံး စတင် နေထိုင်ခဲ့သည့် မိသားစုမှ ဆင်းသက်ပေါက်ဖွားလာခဲ့သူဖြစ်၍ ယခုကဲ့သို့သော သုတေသနလုပ်ငန်း လုပ်ကိုင်ရန် နှစ်ပေါင်းများစွာကပင် မျှော်မှန်းတောင့်တလာခဲ့သူ ဖြစ်သည်။ သူသည် စကောလားရှစ် ထောက်ပံ့ကြေး ရရှိခဲ့သူဖြစ်ရာ သူအလုပ် လုပ်နေသည့် အစိုးရလုပ်ငန်းဌာနမှ ခွင့်ရက်အတော်များများ ရနိုင်သူဖြစ်သည်။ ဘာသာဗေဒပညာရပ်တွင် အထူးနှံ့စပ် ကျွမ်းကျင်၍ ဘာသာစကား ဆယ်မျိုးထက်မနည်း ပြောတတ်သည့် တာလ်မီသည် အထူးသဖြင့် စပိန်စကားကို ရေရေလည်လည် မွတ်နေအောင် ပြောတတ်သည်။ သူသည် အာဂျင်တီးနားနိုင်ငံ၏ ဓလေ့ထုံးစံများကိုလည်း ကောင်းကောင်းကြီး သိထားသည့်ပြင် အပေါင်းအသင်း ဝင်ဆံ့သူတစ်ယောက် ဖြစ်သဖြင့် ဗျူနိုအဲရစ္စမြို့တွင် အဆက်အသွယ်ကောင်းကောင်း ရှိထားသူဖြစ်သည်။ သို့သော် တာလ်မီသည် ဟာသဉာဏ်ရှိသလောက် စကားပြောရာတွင် အလွန် 'လေကြောရှည်သူ' တစ်ဦးဖြစ်ရာ ကျွန်ုပ်သည် အရေးကြီးသော ကိစ္စများတွင် သူ့ကို အားကိုး၍ မဖြစ်ကြောင်း ဂိုရန်အား



www.burmeseclassic.com

www.burmeseclassic.com



သတိပေးစကား ပြောကြားလိုက်ရသည်။ သူ့ကို ဂိုရန် အသုံးချ၍ရသလောက်သာ တာဝန်ပေး သွားရန် မှာလိုက်ရသည်။

၈

အိုလီဗော့စ်ရပ်ကွက်သည် ဗျူနိုအဲရစ္စမြို့တော်၏ မြောက်ဘက် အစွန်အဖျားနှင့် ထင်လျှက်သား ရှိနေသည့် ရပ်ကွက်တစ်ခုဖြစ်သည်။ ဤရပ်ကွက်မှာ တစ်နေ့ တခြား တိုးတက်စည်ကားလာခဲ့ရာ အားလပ်ရက်များတွင် လာရောက် အနားယူ အပန်းဖြေကြသည့် နေအိမ်များနှင့် ဗိမ်ခဲ အဆောက်အအုံများသည် 'ရီကိုဒီလာ ပလာတာ' ပန်းခြံနှင့် အနီးဆုံးဖြစ်သော နေရာတစ်ပိုက်တွင် ပြည့်ကျပ်လျက် ရှိသည်။ ထို့ပြင် မြစ်ကမ်းပါးနှင့် ခပ်လှမ်းလှမ်းတွင်လည်း များသောအားဖြင့် တစ်ထပ်အိမ်ကလေးများနှင့်အတူ ပန်းခြံကလေးများဖြင့် အဆောက်အအုံ ငယ်ငယ်ကလေးများ အစီအရီ ရှိနေကြသည်။ ဤရပ်ကွက်သို့ ဗျူနိုအဲရစ္စမြို့မှ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေအောက် မီးရထားလမ်း တစ်လမ်းရှိသည်။

အိုလီဗော့စ်ရပ်ကွက်တွင် ဂျာမန်များ အများအပြား နေထိုင်လျက်ရှိကြ၍ အချို့မှာ စစ်ကြီးပြီးမှ ပြောင်းရွှေ့ရောက်ရှိလာသူများ ဖြစ်ကြသည်။ ၎င်းတို့ အနက် အများစုသည် အလုပ်သမားများ ဖြစ်ကြရာ သူတို့သည် နံနက်စောစော တွင် မြေအောက်မီးရထားဖြင့် ဗျူနိုအဲရစ္စမြို့သို့ အလုပ်ဆင်းကြရပြီး ညနေ ချုပ်မှ ပြန်လာလေ့ရှိကြသည်။ သို့ဖြစ်ရာ ဤရပ်ကွက်ရှိ လမ်းများမှာ နေ့လယ် နေ့ခင်းဘက်တွင် အမြဲတမ်း လူသူကင်းရှင်းကာ အသွားအလာ မရှိသလောက် ဖြစ်နေသည်။ ထို့ပြင် ဤရပ်ကွက်တွင် နေထိုင်သူ အားလုံးသည် တစ်ဦးနှင့် တစ်ဦး ရင်းရင်းနှီးနှီးဖြင့် အိမ်နီးချင်းပမာ ဆက်ဆံနေထိုင်တတ်ကြသည်။ ဆက်တွေ့အားဖြင့် လူတိုင်းလူတိုင်း တစ်ယောက်အကြောင်း တစ်ယောက် အားလုံး သိနေကြပြီး ဘယ်သူ ဘာအလုပ် လုပ်သည်ကို လူတိုင်း သိကြသည်။

တာလ်မီနှင့် ဂိုရန်တို့သည် ချာကာဘူကိုလမ်းမှ အိမ်အမှတ် ၄၂၆၁ ရှိ အကြိမ်ပေါင်းမြောက်များစွာ မယောင်မလည် သွားရောက်၍ လေ့လာအကဲ ခတ်ကြသည်။ ထိုမျှမက သူတို့သည် ထိုအိမ်၏ အနေအထားကိုပါ မသိမသာ တိတ်တဆိတ် ဓာတ်ပုံရိုက်ယူခဲ့ကြသည်။ ထိုအိမ်၏ ပတ်ပတ်လည်တွင် ဝင်းထရံ မြင့်မြင့် ကာထားပြီး သစ်ရွက်ထူတပ်သည့် သစ်ပင်များမှ အရိပ်များသည် အိမ်တစ်ခုလုံးကို ဖုံးအုပ်ထားသလို ဖြစ်နေသည်။ အိမ်ထဲနှင့် ခြံဘဲသို့ ဝင်သည့် ဝင်းတံခါးမှာ ခြံ၏ လက်ယာဘက်ထောင့်တွင် ရှိသည်။ သို့သော် ဂိုရန်နှင့်





တာလ်မီတို့ နှစ်ယောက်စလုံးသည် ဤတံခါးအပြင် ခြံဝင်းထဲသို့ အခြား ဝင်ပေါက်များ ရှိမရှိ အတပ်မပြောနိုင်ဘဲ ရှိနေကြသည်။ အိမ်ရှေ့လမ်းမမှာ ကတ္တရာခင်းထားသည့် လမ်းမဟုတ်ဘဲ ပတ်ဝန်းကျင်တစ်ခုလုံးကို ခြုံ၍ပြောရ လျှင် တောကျ၍ ခြောက်သွေ့လှသည့် နေရာဒေသဟု ဆိုရမည်ဖြစ်သည်။

တကယ့်တကယ်အားဖြင့် ဤသို့ မဖြစ်သင့်ပေ။ ထိုစဉ် ထိုကာလက လူအများ၏ စိတ်ထဲတွင် ဂျာမနီမှ ထွက်ပြေးလာကြသော နာဇီစစ်တရားခံ များသည် ငွေကြေးအပြည့်အစုံ ပါလာကြသည်ဟု ယူဆထားကြသည်။ နှစ်ပေါင်း များစွာကပင် နေရာတကာ အနှံ့အပြားတွင် ပြောကြားနေကြသည့် ကောလာ ဟလ သတင်းများအရဆိုပါက တတိယဂျာမန်နိုင်ငံတော်ကြီး ယိမ်းယိုင်စ ပြုလာသည့် အချိန်မှစ၍ နာဇီခေါင်းဆောင်ကြီးများသည် တန်ဖိုးမဖြတ်နိုင်သည့် ကျောက်သံပတ္တမြား စိန်ရွှေ ရတနာများနှင့် မြောက်မြားလှစွာသော ငွေများကို ဂျာမနီနိုင်ငံတွင်းနှင့် နိုင်ငံအပြင်အပမှ နေရာအများအပြားတွင် လျှို့ဝှက်မြှုပ်နှံ သိမ်းဆည်းထားခဲ့သည်ဟု ဆိုကြသည်။ ထို့ပြင် ဤပစ္စည်းဥစ္စာများဖြင့် မြေ အောက်တွင် ပုန်းအောင်း တိမ်းရှောင်နေကြရသော နာဇီများ၏ လှုပ်ရှားမှုအတွက် ထောက်ပံ့ပေးကမ်းခဲ့သည် ဟူ၍ပင် ပြောခဲ့ကြသည်။

ဤနေရာတွင် အိုက်ခ်မန်းနှင့် ပတ်သက်၍ သူထွက်ပြေးလွတ်မြောက် သွားစဉ်က ဥရောပတစ်တိုက်လုံးရှိ ဂျူးများထံမှ လုယက်သိမ်းပိုက်ထားသော ငွေပေါင်း မြောက်မြားစွာတို့ကို သူနှင့်တစ်ပါတည်း ယူသွားသည်ဟု ယုံကြည် ယူဆခဲ့ကြသည်။

ကျွန်ုပ်တို့ သိထားရသလောက် အိုက်ခ်မန်းသည် ဘဝင်မြင့်၍ ကြွားဝါ တတ်ပြီး အပျော်အပါး ခုံမင်တတ်သူ ဖြစ်သည်။ သို့ဖြစ်ရာ ယခု ဗျူနိုအဲရစ္စ မြို့၏ ဆင်ခြေဖုံးဒေသဖြစ်သော ဆင်းရဲနွမ်းပါးလှသည့် အိုလီဗော့စ်ရပ်ကွက်မှ ကတ္တရာစေး မခင်းနိုင်သည့် လမ်းဟောင်း လမ်းပျက်ပေါ်ရှိ ပုံပျက်ပန်းပျက် နိုင်လှသည့် အိမ်ကလေးသည် ကျွန်ုပ်တို့ မျက်စိထဲတွင် ရော်ရမ်းမှန်းဆ၍ မြင်ထားကြသည့် ဂျာမန်လုံခြုံရေးတပ်ဖွဲ့အရာရှိ အိုက်ခ်မန်း၏ ရုပ်ပုံလွှာနှင့် ဘယ်လိုမှ စပ်ဟပ်၍ မရနိုင်အောင် ဖြစ်နေသည်။

သို့ဖြစ်ရာ ဤနေရာ ဤဒေသ ပတ်ဝန်းကျင်အသွင် လက္ခဏာများအရ ဤအိမ်တွင် အိုက်ခ်မန်း နေထိုင်လျက်ရှိသည်ဆိုသော သတင်းမှာ လုံးဝ ယုတ္တိ ကင်းမဲ့၍ လုံးဝ မဖြစ်နိုင်ဟု ဂိုရန်က ကောက်ချက်ချခဲ့သည်။ သို့ပြင့် သူသည် အိုက်ခ်မန်းနှင့် ပတ်သက်၍ အခြားတစ်နေရာရာမှ သတင်းအစအန ရလိုရငြား



www.burmeseclassic.com

www.burmeseclassic.com



အာဂျင်တီးနားတွင် အုပ်စုလိုက် နေထိုင်လျက်ရှိသော ဂျာမန်များထံ သွားရောက် စုံစမ်းခဲ့သည်။ ဂိုရန်နှင့် တာလ်မီတို့သည် ယင်းသို့ စုံစမ်းထောက်လှမ်းခဲ့ကြရာ၌ [illegible] အတင်းအများအပြားကို စုဆောင်းရရှိခဲ့ကြသည်။ သို့သော် [illegible] ကျွန်ုပ်တို့လုပ်ငန်းဖြစ်သော စစ်ဆင်ရေးအတွက် တစ်စုံတစ်ရာ [illegible] အထောက်အပံ့ဖြစ်သည့် သတင်းဟူ၍ တစ်ခုမျှမပါဘဲဖြစ်နေသည်။

အာဂျင်တီးနားမှ ပြန်ရောက်လာခဲ့ပြီး ကျွန်ုပ်ထံသို့ တင်ပြသည့် ဂိုရန်၏ အစီရင်ခံစာမှာ ကျွန်ုပ်အတွက် အကြီးအကျယ် စိတ်ပျက်ဖွယ်ရာ ဖြစ်ခဲ့ရသည်။ ၎င်းအစီရင်ခံစာတွင် ထင်ထင်ရှားရှား ဖော်ပြထားသည့် နိဂုံးချုပ်ကောက်ချက်မှာ ဘောယားထံမှ တစ်ဆင့်ရရှိခဲ့သည့် သတင်းသည် လုံးဝ အခြေအမြစ်မရှိ ဟူ၍ ဖြစ်သည်။ သို့သော် ကျွန်ုပ်သည် ဤအချက်ကို လက်ခံယုံကြည်ခြင်း မရှိခဲ့ပေ။

ထို့ပြင် ဂိုရန်သည် အဆိုပါ ခြံဝင်းထဲတွင် အဝတ်အစား ခပ်စုတ်စုတ်နှင့် ဝဝတုတ်တုတ် အမျိုးသမီးကြီးတစ်ယောက်ကို တွေ့မြင်ခဲ့ရသည်ဟု ဆိုသည်။ ထိုအမျိုးသမီးကို ကြည့်ရသည်မှာ ဥရောပတိုက်သူတစ်ယောက်ဟု ထင်ရသော်လည်း ဂိုရန်နှင့် တာလ်မီ နှစ်ယောက်စလုံးက မသပ်မရပ်နိုင်လှသည့် ဤအမျိုးသမီးသည် အိုက်ခ်မန်း၏ဇနီး မဖြစ်နိုင်ဟု ယူဆခဲ့ကြသည်။

အမှန်စင်စစ် ချာကာဘူကိုလမ်းပေါ်ရှိ အဆိုပါအိမ်တွင် အိုက်ခ်မန်းနှင့် မိသားစုတို့ နေထိုင်လျက် ရှိကြသည်ဟူသော အချက်သည် မဖြစ်နိုင်ဟူ၍ ကျွန်ုပ်စိတ်ထဲတွင် လုံးလုံးကြီး မယူဆနိုင်သေးပေ။ ဘောယားထံသို့ သတင်းပေးပို့သူနှင့် တိုက်ရိုက်အဆက်အသွယ် မရသေးသမျှ ဤအချက်ကို ယတိပြတ် ဆုံးဖြတ်၍ မဖြစ်သေးကြောင်း ကျွန်ုပ် ခံယူထားမိသည်။ ထို့ပြင် အကယ်၍ ဂိုရန်တို့ သွားရောက်စုံစမ်းခဲ့ရာ၌ ခိုင်လုံသည့် အထောက်အထားများ မတွေ့ရှိရကြောင်း ဘောယား ကြားသိခဲ့ပါက စိတ်တစ်မျိုးပြောင်းကာ ကျွန်ုပ်တို့ မေတ္တာရပ်ခံသည့် အတိုင်း သူ့ထံသို့ သတင်းပေးပို့ခဲ့သူနှင့် လူချင်းတွေ့ပေး[illegible]ည်ဟု ကျွန်ုပ် မျှော်လင့်မိသည်။

ထိုအချိန်တွင် ရှောလ်သည် ဥရောပတိုက်တွင် သူ့လုပ်ငန်းတာဝန်များ [illegible]တော့မည်ဖြစ်၍ အစ္စရေးသို့ ပြန်လာရတော့မည်ဖြစ်ရာ ကျွန်ုပ်သည် [illegible] ဂိုရန်တို့ စုံစမ်းတွေ့ရှိခဲ့ရသည့် အချက်အလက်များကို ကျွန်ုပ်၏ [illegible]များနှင့်တကွ ဖော်ပြကာ ပေးပို့လိုက်ပြီး ဘောယားနှင့် ထပ်မံ တွေ့ဆုံရန် ညွှန်ကြားလိုက်သည်။





သို့ဖြင့် ရှောလ်နှင့် ဘောယားတို့သည် ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဖရန့်ဖွတ်မြို့တွင် ထပ်မံတွေ့ဆုံကြသည်။

ဘောယားသည် ကျွန်ုပ်တို့၏ အနေအထားကို ကောင်းစွာသဘောပေါက် နားလည်သွားပြီး သူ့ထံသို့ သတင်းပို့ခဲ့သူ၏ အမည်ကို ထုတ်ဖော်ပြောကြား ရန် သဘောတူလိုက်သည်။ ထို့နောက် သူသည် ကျွန်ုပ်တို့ စေလွှတ်မည့်သူ အတွက် အဆိုပါ သတင်းပေးသူထံ မိတ်ဆက်စာတစ်စောင် ရေးပေးခဲ့သည်။ ထို့ပြင် ထိုသတင်းပေးသူ၏ အမည်နှင့် နေရပ်လိပ်စာကိုပါ အခြား စာရွက် တစ်ရွက်ဖြင့် ရေးပေးလိုက်သည်။ ၎င်းမှာ 'လိုသာဟာမန်း၊ ကိုရိုနယ်ဆောရက် မြို့၊ ဗျူနိုအဲရစ္စပြည်နယ်' ဟူ၍ ဖြစ်သည်။

၅

ဤနေရာတွင် ကျွန်ုပ်သည် ယခုတစ်ကြိမ် အာဂျင်တီးနားသို့ ထပ်မံစေလွှတ် မည့်သူအတွက် မလိုအပ်သည့် အရဲစွန့်မှုများကို ရှောင်ရှားနိုင်ရန်နှင့် တစ်စုံ တစ်ရာ စိုးရိမ်မှုများ မဖြစ်ရလေအောင် အစီအစဉ်တစ်ခု ချမှတ်ခဲ့ရသည်။ ယင်းအစီအစဉ်မှာ ကျွန်ုပ်တို့ စေလွှတ်လိုက်သူသည် အစ္စရေးအစိုးရက စေလွှတ် သည့်အနေဖြင့် မဟုတ်ဘဲ ဒေါက်တာဘောယားထံမှ လာသည့် ဆက်သား အဖြစ် သူ့ကိုယ်သူ မိတ်ဆက်ရန်ပင် ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်သည် ဂျာမန်စကားကို ရေရေ လည်လည် ပြောတတ်ပြီး လူတစ်ယောက်အား အကဲခတ် ဆုံးဖြတ်သည့် အတတ် ပညာကိုလည်း ကောင်းကောင်းကြီး တတ်ကျွမ်းသူ ဖြစ်ရမည်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် သူသည် လိုသာဟာမန်း၏ သတင်းအရ ချာကာဘူကိုလမ်း တွင် နေထိုင်သူအား တကယ့် အိုက်ခ်မန်းအစစ် ဟုတ်မဟုတ် ဆုံးဖြတ်နိုင်စွမ်း ရှိရမည် ဖြစ်သောကြောင့်ပင်။

ကံအားလျော်စွာ ထိုလူမျိုးတစ်ယောက်ကို ကျွန်ုပ်တို့ ရခဲ့ကြသည်။ ထိုအချိန်တွင် အစ္စရေး ရဲအဖွဲ့သည် မှုခင်းဘက်ဆိုင်ရာ ရဲအရာရှိတစ်ဦးဖြစ်သူ 'အီဖရိမ် အက်ဖ်စတာ ယက်တာ'အား အစ္စရေးနိုင်ငံနှင့် ဆက်စပ်ပတ်သက် နေသည့် တရားခံတစ်ယောက်အား စစ်ဆေးမေးမြန်းရန် တောင်အမေရိက တိုက်သို့ စေလွှတ်ဖို့ စီစဉ်နေကြောင်း ကျွန်ုပ် ကြားသိရသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် အစ္စရေးရဲအဖွဲ့မှ ရဲချုပ်၏ အကူအညီဖြင့် အီဖရိမ်အား ခေါ်ယူ တွေ့ဆုံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အီဖရိမ်အား အကျိုးအကြောင်း အပြည့်အစုံ ပြောပြကာ တောင်အမေရိကတွင် သူ၏လုပ်ငန်းများ ပြီးဆုံးပါက ကျွန်ုပ်၏ တာဝန်ပေး ချက်ကို ဆောင်ရွက်နိုင် မဆောင်ရွက်နိုင် မေးကြည့်သည်။ သူက မဆိုင်းမတွ ချက်ချင်းပင် တာဝန်ယူရန် သဘောတူခဲ့သည်။

အီဖရိမ်၏ မိဘနှစ်ပါးနှင့် အစ်မတစ်ယောက်တို့မှာ နာဇီတို့လက်ချက် ဖြင့် သေဆုံးခဲ့ရသော်လည်း အီဖရိမ်သည် နာဇီငရဲစခန်းများအကြောင်း ဂဃနဏ သိသူတစ်ယောက် မဟုတ်ပေ။ သို့သော် အိုက်ခ်မန်း၏ အမည်ကိုမူ ကြားဖူး၍ အရေးအကြီးဆုံး စစ်တရားခံတစ်ဦး ဖြစ်ကြောင်းနှင့် ဥရောပတိုက်မှ ဂျူးလူမျိုး မှန်သမျှ သုတ်သင်သတ်ဖြတ်ခဲ့ရာ၌ တာဝန်အရှိဆုံး လူတစ်ယောက်ဖြစ်ကြောင်း အီဖရိမ် သိထားပြီးဖြစ်သည်။

ကျွန်ုပ်သည် အီဖရိမ်အား အိုက်ခ်မန်းနှင့် ပတ်သက်သော စာရွက် စာတမ်း မှတ်စုမှတ်ရာများအားလုံး ပေးလိုက်ပြီး သူဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်နှင့် အသေးစိတ် အချက်အလက်များကို ညွှန်ကြားခဲ့သည်။ ပထမဆုံး သူနှင့်တွေ့ဆုံ ဆက်သွယ်ရမည့် ဟာမန်းနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေး ခံယူသုံးသပ် ချက်များသည် အဓိကအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်ကြောင်း ကျွန်ုပ် သူ့အား ပြောပြခဲ့သည်။ 'ဟာမန်းဟာ စိတ်ဓာတ်အင်အားထက်သန်သူ တစ်ယောက် ဟုတ်ရဲ့လား၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရဲ့လား၊ အိုက်ခ်မန်းနဲ့ ပတ်သက်တဲ့ သတင်းကို သူဘယ်ကရသလဲ၊ ဒီသတင်းနဲ့ပတ်သက်လို့ သူ့သဘောထားက ဘယ်လိုလဲ၊ တခြားသူသိထားတာ ဘာတွေရှိသေးသလဲ' စသည်တို့ဖြစ်သည်။

ထို့ပြင် ကျွန်ုပ်သည် အိုက်ခ်မန်းအစစ် ဟုတ်မဟုတ် လေ့လာဆန်းစစ် ရာ၌ သူ့အတွက် အထောက်အကူရနိုင်မည့် အချက်အလက် မှန်သမျှ တစ်ခုချင်း ပြောပြခဲ့သည်။ အိုက်ခ်မန်းနှင့် သူ့ဇနီးတို့၏ ကိုယ်ရေးမှတ်တမ်းများ၊ နောက်ဆုံး နှိပ်ကူးခဲ့သည့် ဓာတ်ပုံများနှင့် အခြား အမှတ်အသား အထောက်အထားများပင် ဖြစ်သည်။ ထိုမှတစ်ပါး အိုက်ခ်မန်းဟူ၍ သင်္ကာမကင်းဖြစ်ကာ သံသယရှိနေသူ များ၏ လက်ဗွေပုံစံများသည် အိုက်ခ်မန်း စစ်မစစ် အကဲဖြတ်ရာ၌ အထူးပင် ထောက်ကူနိုင်ကြောင်းများကို ဖြည့်စွက်ပြောကြားခဲ့သည်။ (ကျွန်ုပ်သည် ထိုစဉ်က ဂျာမနီတွင်သော်လည်းကောင်း၊ တခြား တစ်နေရာရာတွင်သော်လည်းကောင်း အိုက်ခ်မန်း၏ လက်ဗွေပုံစံဟူ၍ ဘယ်နိုင်ငံမှာမှ မရှိဘဲ ဖြစ်နေသည်ကို မသိရ သေးပါ)။





အီဖရိမ် ကိုယ်တိုင်ကလည်း အကယ်၍သာ ရထားသည့်သတင်းသည် အမှန်ဖြစ်နေပြီး သူ့ကို နောက်ယောင်ခံလိုက်နေကြောင်း သိသွားသည်နှင့် တစ်ပြိုင်နက် အိုက်ခ်မန်းသည် ခြေရာဖျောက်ကာ လစ်ပြေးသွားမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။ သို့ဖြစ်၍ သူကိုယ်တိုင်က ဤကိစ္စ တွင် အလွန့်အလွန် သတိထား၍ လုပ်ဆောင်သွားရန် လိုအပ်ကြောင်းများကို ကောင်းကောင်းကြီး သိနေသည်။ သို့သော် အခြားနည်းဖြင့် တစ်မျိုးတစ်ဖုံ စဉ်းစားကြည့်မည် ဆိုပါက ဤမျှနှစ်ပေါင်းများစွာ ဒုက္ခ သုက္ခ ရောက်ခဲ့ရပြီး နောက် အိုက်ခ်မန်းသည် ယခုအခါ သူ့ကိုယ်သူ အမြဲတစေ သတိထားနေ လိမ့်မည် မဟုတ်ဟူ၍လည်း ယူဆစရာ ရှိနေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ သည် အိုက်ခ်မန်းအား သူ့ကိုယ်သူ စိတ်ချလက်ချ ရှိနေသည့် အနေအထားမှ တစ်စုံတစ်ရာ အလန့်တကြား မလုပ်မိအောင် အထူးသတိထားရမည်သာ ဖြစ် သည်။

အီဖရိမ်သည် ဒေါက်တာဘောယားထံမှ မိတ်ဆက်စာကို ဟာမန်းထံသို့ ယူဆောင်သွားရမည်ဖြစ်ရာ ဤနေရာတွင် ကျွန်ုပ်သည် အီဖရိမ်အား သူ့ကိုယ်သူ ဂျာမန်အစိုးရ၏ ကိုယ်စားလှယ်တစ်ဦးအဖြစ် မိတ်ဆက်ရန်နှင့် လောလောဆယ် နိုင်ငံခြားသို့ တာဝန်တစ်ခုဖြင့် လာရောက်ရသူဖြစ်ကြောင်း ပြောပြရန် သတိပေး မှာကြားလိုက်ရသည်။ ထို့ပြင် ထိုသို့ မိတ်ဆက်ရာတွင် ဂျာမန်စကားဖြင့် ဂျာမန်လို ပီပီသသ ပြောရန်လည်း အထူးသတိပေးလိုက်ရသည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်သည် အီဖရိမ်၏ မိသားစုအား အသိ ပေးရန် မသင့်ဟု ယူဆခဲ့ရာ ၎င်းတို့ မရိပ်မိစေရန်အတွက် အီဖရိမ်အား အာဂျင်တီးနားသို့ တိုက်ရိုက်မသွားစေဘဲ တခြားနိုင်ငံတစ်ခုခုမှ လှည့်၍သွားရန် စီစဉ်ပေးခဲ့ရသည်။ ထို့ပြင် မကြာမီက ဂိုရန်အား ကူညီခဲ့သည့်နည်းတူ ယခု အီဖရိမ်အား လိုအပ်သမျှ ကူညီပေးရန် အာဂျင်တီးနားရှိ တာလ်မီထံသို့ မှာကြား လိုက်ရသည်။

သို့ဖြင့် ကျွန်ုပ်သည် အီဖရိမ်အား ခရီးမထွက်မီ နောက်ဆုံးအကြိမ် ခေါ်ယူတွေ့ဆုံခဲ့သည်။ သို့တွေ့ဆုံခဲ့ရာ၌ အကယ်၍ ချာကာဘူကိုလမ်းတွင် ရှိနေသူသည် အိုက်ခ်မန်းအစစ်ဖြစ်ကြောင်း ခိုင်ခိုင်လုံလုံ တိတိကျကျ စုံစမ်း နိုင်ခဲ့ပါက ၎င်းအား နောက်တစ်ကြိမ် အာဂျင်တီးနားသို့ ထပ်မံစေလွှတ်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## တောမြို့ကလေး တစ်မြို့မှ မျက်မမြင် ဒုက္ခိတတစ်ဦး

လှုပ်ငန်းတာဝန်တစ်ခုအတွက် မည်မျှပင် အသေးစိတ် မှာကြားလိုက်သည်ဖြစ်စေ၊ ရံဖန်ရံခါ အရေးကြီးသော အချက်အလက်များကို မေ့လျော့ ကြွင်းကျန်နေတတ်စမြဲဖြစ်သည်။ အီဖရိမ်သည် အစိုးရတာဝန်ဝတ္တရားများ ပြီးဆုံးသွားခဲ့ရာ ဗျူနိုအဲရစ္စသို့ ရောက်လွှင်ရောက်ချင်း ဤအချက်ကို ရုတ်တရက် တွေ့လိုက်ရသည်။ ထိုအချိန်တွင် အီဖရိမ်သည် ဆောင်းတွင်း အဝတ်အစား အနွေးထည်များ ဝတ်ဆင်ထားလျက်ရှိနေရာ အာဂျင်တီးနားသို့ သူရောက်မည့် အချိန်သည် ရာသီဥတုအားဖြင့် အပူအိုက်ဆုံးအချိန်ဖြစ်ကြောင်း မည်သူကမျှ သတိမပေးလိုက်ကြဘဲ ဖြစ်ခဲ့ရသည်။ သို့ဖြင့် အီဖရိမ်မှာ ကသိကအောက်ဖြစ်ကာ ချွေးတလုံးလုံးဖြင့် တာလ်မီကို သွားရောက်တွေ့ဆုံခဲ့ရသည်။ တာလ်မီက ထုံးစံအတိုင်း မိတ်သစ်ဆွေသစ်များနှင့် စတင်တွေ့ဆုံရာတွင် ပြောလေ့ရှိသည့် ပြက်လုံးများကို ပြောကြားတော့မှ အီဖရိမ်မှာ အတော်ကလေး စိတ်သက်သာရာ ရသွားခဲ့သည်။

တာလ်မီ၏ ပြောကြားချက်အရ 'ကိုရိုနယ်ဆောရက်'မှာ ဗျူနိုအဲရစ္စမြို့တော်၏ အနောက်တောင်ဘက် မိုင်ပေါင်းသုံးလေးရာခန့် ဝေးကွာသည့် အရပ်မှ တောမြို့ကလေး တစ်မြို့ဖြစ်ကြောင်း အီဖရိမ် သိရသည်။ ယင်းသို့ လူသူအရောက်အပေါက် နည်းလှသည့် တောမြို့ကလေး ဖြစ်သည့်အလျောက် ထိုမြို့သို့ သူစိမ်းဆောင်ရွက်ဆံများ ရောက်ရှိသွားပါက ဒေသခံများ၏ မျက်စိအောက်တွင် ထင်းထင်းရှားရှားကြီးဖြစ်ကာ အာရုံစိုက်ခြင်း ခံရမည်မှာ သေချာလှသည်ဟု ဆိုနိုင်သည်။ သို့ဖြစ်ရာ ထိုမြို့ကလေးသို့ အီဖရိမ် သွားရောက်မည့်အစား ဟာမန်း





အား ဗျူနိုအဲရစ္စမြို့သို့ ဖိတ်ခေါ်တွေ့ဆုံခြင်းက အကောင်းဆုံးဖြစ်မည်ဟု သဘောရကြသည်။

သို့ဖြစ်ရာ အီဖရိမ်သည် ဟာမန်းထံသို့ ကြေးနန်းတစ်စောင် လှမ်းရိုက်လိုက်သည်။ ယင်းကြေးနန်းစာတွင် ဆောယား၏ အမည်ကိုပါ ဖော်ပြ၍ မိမိသည် အာဂျင်တီးနားသို့ ခေတ္တအလည်အပတ် ရောက်ရှိနေကြောင်းနှင့် မပြန်မီ ဟာမန်းအား အလွန်တရာ တွေ့လိုကြောင်း ထည့်သွင်းရေးသားလိုက်သည်။ ထို့ပြင် မိမိနှင့် တွေ့ဆုံရန်အတွက် ဗျူနိုအဲရစ္စမြို့တော်သို့ဖြစ်စေ၊ သို့မဟုတ် အနီးအနားတစ်ဝိုက်မှ အခြားမြို့ကြီးတစ်မြို့မြို့သို့ဖြစ်စေ လာရောက်ရန် ဟာမန်းအား မှာကြားလိုက်သည်။

ဟာမန်းထံမှ ကြေးနန်းပြန်စာသည် ချက်ချင်းပင် ရောက်ရှိလာခဲ့သည်။ ကြေးနန်းစာတွင် 'ခင်ဗျားကို ကျွန်တော် မသိပါ။ ခင်ဗျား ကျွန်တော်နှင့် တွေ့လိုပါက ကျွန်တော့်ထံ လာရန်သာ ရှိပါသည်' ဟူ၍ တိုတိုတုတ်တုတ်နှင့် ခပ်ပြတ်ပြတ် ရေးထားသည်။ သို့ဖြင့် အီဖရိမ်က မိမိ လာတွေ့မည်ဖြစ်ကြောင်း ဟာမန်းထံ အကြောင်းပြန်လိုက်ရသည်။

သို့သော် အီဖရိမ်မှာ ဟာမန်း၏ တိုတောင်းပြတ်သားလှသည့် ကြေးနန်းစာကြောင့် စိတ်ထဲတွင် ခိုးလိုးခုလု ဖြစ်နေခဲ့သည်။ သူ့အနေဖြင့် အလွန်ချောင်ကျလှ၍ ခေါင်လှသည့် အရပ်ဒေသသို့ သွားရောက်ကာ သူတစ်ခါဖူးမျှ မတွေ့မမြင်ဖူးသည့် သူစိမ်းတစ်ယောက်နှင့် တွေ့ဆုံရမည်ဖြစ်ရာ ဤသည်မှာ သူ့အတွက် ထောင်ချောက်တစ်ခု မဟုတ်ဟူ၍ မည်သူ အာမခံနိုင်ပါမည်နည်း။ တစ်ဖန် အီဖရိမ်၏ သံသယဖြစ်မှုကို တာလ်မီကလည်း သဘောတူ ထောက်ခံ၍ ခနီးစနောင့် ဖြစ်နေပြန်၏။ အထူးသဖြင့် ဤမျှ လူသူအရောက်အပေါက်နည်းလှသည့် အရပ်ဒေသသို့ စပိန်စကား မပြောတတ်ဘဲ အီဖရိမ်တစ်ယောက်တည်း သွားမည်ဆိုပါက မုချ ဒုက္ခရောက်စရာရှိသည်ဟု ယူဆခဲ့သည်။ သို့ဖြစ်ရာ အဆိုပါ 'ကိုရိုနယ်'မြို့ကလေးသို့ အီဖရိမ်နှင့်အတူ တာလ်မီပါ လိုက်ရန် စီစဉ်ခဲ့ကြသည်။

❑

ဗျူနိုအဲရစ္စမြို့မှ မနက်စောစောထွက်သည့် မီးရထားဖြင့် စီးနင်းလိုက်ပါလာကြရင်း နှစ်ယောက်သား အမေရိကန် ကောင်းဘွိုင်ရုပ်ရှင်ကားများကို အမှတ်ရနေမိကြသည်။ ရထားပေါ်တွင် တစ်ညလုံး ပျင်းရိငြီးငွေ့ဖွယ်ရာ လိုက်ပါလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး နောက်တစ်နေ့ နံနက် ၉ နာရီခွဲ အချိန်လောက်တွင် 'ကိုရိုနယ်'မြို့ကလေးသို့ ဆိုက်ရောက်လာခဲ့ကြသည်။ နှစ်ယောက်သား ရထားပေါ်မှ ဆင်းခဲ့ကြပြီး အိုလှ ဟောင်းလှ၍ ရှေးကျလှသည့် ဘူတာရုံကလေးတွင် အပြန်ခရီးအတွက် ရထားအချိန်ကို မေးမြန်းစုံစမ်းခဲ့ကြသည်။ ဗျူနိုအဲရစ္စမြို့တော်သို့ ထွက်မည့် အမြန်ရထားမှာ တစ်နေ့လျှင် တစ်စီးသာရှိ၍ ညနေပိုင်းတွင် ထွက်မည်ဟု သိခဲ့ရသည်။

သူတို့အစီအစဉ်မှာ ဟာမန်း၏အိမ်သို့ အီဖရိမ် တစ်ယောက်တည်း သွားတွေ့ရန်ဖြစ်သည်။ ဤအတောအတွင်း တာလ်မီက ထိုအိမ်နှင့် မလှမ်းမကမ်းတွင် တက္ကစီကားတစ်စီးဖြင့် စောင့်နေရမည်ဖြစ်ပြီး အကယ်၍ သင့်တော်လုံလောက်သည့် အချိန်အတွင်း အီဖရိမ် ပြန်ရောက်မလာပါက တာလ်မီကိုယ်တိုင် ထိုအိမ်သို့ လိုက်လာရန် စီစဉ်ထားကြသည်။

ဘူတာရုံမှအထွက် ရုတ်တရက် လှမ်းကြည့်လိုက်ရာ ဖြောင့်တန်းရှည်လျားလှသည့် လမ်းမကြီးကို တစ်မျှော်တစ်ခေါ်ကြီး မြင်လိုက်ရသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် တစ်ထပ်အိမ်ကလေးများ စီတန်းလျက်ရှိနေကြပြီး ဖြန်းခနဲ ကြည့်လိုက်လျှင် ဤမြို့ကလေးတွင် ဤလမ်းတစ်လမ်းတည်းသာ ရှိသည်ဟု ထင်မှတ်ရသည်။

သို့ဖြင့် တက္ကစီကားတစ်စီးကို လှမ်းခေါ်၍ ကားမောင်းသမားအား လိပ်စာရေးထားသည့် စာရွက်ကလေး ပေးလိုက်သည်။ ကားမှ အိုလှဟောင်းလှ၍ ရုတ်ပြတ်နေသော အမေရိကန်ကား ဖြစ်သည်။

တကယ်တော့ သူတို့သည် ကားမစီးဘဲ ခြေကျင်လျှောက်လာလျှင်လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ပေးလိုက်သည့် လိပ်စာအရ ထိုနေရာသို့ ကားဖြင့် သုံးမိနစ်ခန့်သာ မောင်းရသောကြောင့်ဖြစ်သည်။ ထိုနေရာတွင် အီဖရိမ်က ကားပေါ်မှ ဆင်းလိုက်ပြီး တာလ်မီတစ်ယောက်တည်း ဆက်၍ စီးလာခဲ့သည်။

ဤမြို့ကလေးတွင် ရှိရှိသမျှ အရာဝတ္ထုအားလုံး ဟောင်းလှ အိုလှပြီဖြစ်သလို ဟာမန်း၏ နေအိမ်မှာလည်း အိမ်ဟောင်းတစ်လုံးပင်ဖြစ်သည်။

အီဖရိမ်သည် အိမ်ရှေ့တံခါးကို ခေါက်လိုက်ရာ အသက် ၅၀ ခန့်ရှိ အရပ်ပိန်ပိန်သေးသေး ဆံပင်များ ဖြူဖွေးနေသည့် လူတစ်ယောက်က တံခါးကို လာဖွင့်ပေးသည်။ သူ့ကိုကြည့်ရသည်မှာ ကိုးရိုးကားရား နိုင်လှသလို လမ်းလျှောက်ပုံနှင့် သွားလာလှုပ်ရှားပုံများမှာ တုံ့နှေးနှေးနိုင်လှသည်ဟု ထင်ရသည်။





တံခါးဝတွင် ထိုလူနှင့် မျက်နှာချင်းဆိုင်လိုက်ရသည်တွင် အီဖရိမ်မှာ စိတ်ထဲက မသိမသာ ခိုးလိုးခုလု ဖြစ်လာမိသည်။

"မင်္ဂလာနံနက်ပါခင်ဗျာ၊ ဒီအိမ်ဟာ မစ္စတာဟာမန်းရဲ့အိမ် ဟုတ်ပါသလား" အီဖရိမ်က မေးလိုက်သည်။

"ဟုတ်ပါတယ်၊ လိုသာဟာမန်းဆိုတာ ကျုပ်ပါပဲ၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော့်နာမည်က ကားလ်ဟတ်ပတ်ပါ" အီဖရိမ်က ဆက်၍ပြောလိုက်သည်။ "ကျွန်တော် ဒီကိုလာမယ့်အကြောင်း ဗျူနိုအဲရစ္စကနေပြီး ကြေးနန်းတစ်စောင် ပို့လိုက်ပါတယ်"

"သြော်...ဟုတ်ပြီ...ဟုတ်ပြီ၊ လာပါ၊ အထဲဝင်ပါ"

ဧည့်ခန်းမှာ အိမ်ထောင်ပရိဘောဂ များများစားစား မရှိဘဲ ကျိုးတိုးကျဲတဲနိုင်လှသည်။ မှန်ဗီရိုဟောင်းကြီးတစ်ခု၊ စားပွဲတစ်လုံးနှင့် ရိုးရိုးကုလားထိုင်သုံးလေးလုံးသာ တွေ့ရသည်။

လုပ်သက်ရင့်လှ၍ ကျင့်သားရနေပြီဖြစ်သော အရာရှိ အီဖရိမ်၏ စိတ်ထဲတွင် ဤအိမ်အတွင်း၌ မသင်္ကာဖွယ်ရာ တစ်စုံတစ်ခု ရှိနေသည်ဟု အလိုလို သိလိုက်သည်။ သို့သော် ရုတ်တရက်အားဖြင့် ဘာရယ်လို့ မပြောတတ်အောင် ဖြစ်နေသည်။

ဟာမန်းက အီဖရိမ်အား ထိုင်ရန်ပြောလိုက်သည်။ သို့သော် သူသည် သူ့စိတ်ထဲမှ သင်္ကာမကင်း ဖြစ်နေသည်ကို ဟန်ဆောင်မထားဘဲ ပြောစရာရှိသမျှ 'တဲ့တိုးကြီး' ပြောလိုက်သည်။

"နေပါဦး မစ္စတာဟတ်ပတ်၊ ခင်ဗျားနာမည်ကို ကျုပ် တစ်ခါမှ မကြားဖူးပါလား။ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကို အမှန်အတိုင်း ပြောပါဦး"

"ကျွန်တော်ဟာ ဂျာမန်အစိုးရအာဏာပိုင်တွေရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ အမေရိကနဲ့ ကနေဒါမှာ အတော်ကြာအောင် နေခဲ့ပါတယ်။ ကျွန်တော် အခု ခင်ဗျားဆီလာတာလည်း ဂျာမန်အစိုးရရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ လာတာပါ" အီဖရိမ်က လေသံခပ်မှန်မှန်ဖြင့် ပြောလိုက်သည်။

"ခင်ဗျားပြောတဲ့စကားကို ကျုပ် ဘယ်လိုလုပ်ပြီး ယုံရမှာလဲ။ ဒါမျိုးတော့ လူတိုင်း ပြောတတ်ကြတာပဲ။ ပြီးတော့ ခင်ဗျားရဲ့ အာဏာပိုင် ဂျာမန်အစိုးရနဲ့ ကျုပ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ဒီလိုပါ မစ္စတာဟာမန်း၊ ကျွန်တော့်ကို ခင်ဗျားဆီ လွှတ်လိုက်တဲ့ လူတွေနဲ့ပတ်သက်လို့ ကျွန်တော် ဘာမှမပြောပါရစေနဲ့။ ဒါတော့ ရှင်းပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်တော့်ကို တစ်ခုတော့ ပြောခွင့်ပြုပါ။ နာဇီစစ်တရားခံ အဒေါ့ဖ် အိုက်ခ်မန်းနဲ့ ပတ်သက်ပြီး အနောက်ဂျာမနီ ဟတ်စ်ပြည်နယ်က အစိုးရရှေ့နေကြီး ဒေါက်တာ ဖရစ်ဇ်ဘောယားဆီ ခင်ဗျားရေးလိုက်တဲ့စာနဲ့ ပတ်သက်လို့ပါပဲ။ ဒေါက်တာဘောယားက သူ့ကိုယ်စား ခင်ဗျားနဲ့တွေ့ဖို့ လူတစ်ယောက် လွှတ်လိုက်မယ်ဆိုတဲ့အကြောင်း ခင်ဗျားဆီကို ဇန်နဝါရီလ ၂၁ ရက်နေ့က စာတစ်စောင် ရေးပို့လိုက်ပါတယ်။ အခု ကျွန်တော့်ဆီမှာ ဒေါက်တာဘောယား က အဲဒီနေ့စွဲနဲ့ပဲ တစ်နေ့တည်း ရေးလိုက်တဲ့ မိတ်ဆက်စာ ပါလာပါတယ်။ ဟောဒီ စာပါပဲ"

အီဖရိမ်က အိတ်ထဲမှ စာကိုထုတ်၍ လှမ်းပေးလိုက်သည်။ သို့သော် ဟာမန်းသည် ထိုစာကို လုံးဝဂရုမစိုက်သည့် အမူအရာဖြင့် လှမ်းမယူဘဲ နေလိုက်ရာ အီဖရိမ်မှာ စာကို လက်ထဲတွင် ကိုင်လျက်သား ခပ်ကြောင်ကြောင် ဖြင့် ကိုးရိုးကားရား အနေအထားမျိုး ဖြစ်နေသည်။ သူ့စိတ်ထဲတွင် စိုးရိမ်မှု များ တဖွားဖွား ပေါ်ပေါက်လာသည်။

ထိုအခိုက်အတန့်မှာပင် ဟာမန်းသည် စောစောကထက် အသံကို အနည်းငယ်မြှင့်၍ တံခါးဝဘက်သို့လှည့်ကာ ပြောလိုက်သည်။ "လာလေ... အချစ်၊ ဝင်ခဲ့လေ"

"ဟုတ်ကဲ့ပါ... လိုသာ" ပြောပြောဆိုဆိုဖြင့် ခပ်ရွယ်ရွယ် အမျိုးသမီး တစ်ယောက် အိမ်ထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။

"မစ္စတာဟတ်ပတ်"ဟာမန်းက အီဖရိမ်အား ပြောလိုက်သည်။ "ဒါ ကျုပ်ဇနီးပါ၊ ကဲ... အချစ်၊ ဟောဒါ မစ္စတာဟတ်ပတ်ပဲ။ သူ့ဆီမှာ ဖရန့်ဖွတ် က အစိုးရရှေ့နေကြီးရဲ့ စာတစ်စောင် ပါလာတယ်။ ကဲ... အဲဒီစာကို ကျယ် ကျယ်ကလေး ဖတ်ပြပါဦး"

အီဖရမ်မှာ ဖြုန်းခနဲ တအံ့တသြဖြစ်ကာ တစ်ကိုယ်လုံး တုန်လှုပ်သွား ခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ဟာမန်းသည် မျက်မမြင် ဒုက္ခိတတစ်ယောက် ဖြစ်နေသောကြောင့်တည်း။ စောစောက မိမိလှမ်းပေးသော စာကို မယူသည် မှာ မိမိလက်ကို သူ မမြင်ရသောကြောင့် ဆိုသည်ကို ယခုမှ သူ သိရသည်။ စောစောက စိတ်ထဲတွင် ဖြစ်ပေါ်ခဲ့သော သံသယနှင့် စိုးရိမ်စိတ်များမှာ လုံးဝ ပျောက်ကွယ်သွားကြသည်။ သို့သော် သူက ဖြုန်းခနဲ အံ့သြမှုနှင့် ဖြစ်ပေါ်လာသော ခံစားမှုများတို့ကို အတတ်နိုင်ဆုံး မသိသာအောင် ကြိုးစား ကာ ထိုမိန်းမငယ်အား ဟာမန်း၏ဇနီးအား စာကို လှမ်းပေးလိုက်ရသည်။





"ဟောဒီ စာပါပဲ၊ မစ္စက်ဟာမန်း"

"ထိုင်ပါရှင်၊ ထိုင်ပါ" မစ္စက်ဟာမန်းက ပျာပျာသလဲ ပြောရှာသည်။ "ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်၊ ကျွန်မယောကျ်ားအတွက် ဒီစာကလေး ဖတ်ပြပါရစေ"... "ယခု ဤစာကို ယူလာသူသည် ယနေ့ရက်စွဲဖြင့် သင့်ထံသို့ ကျွန်ုပ် ရေးလိုက်သည့် စာအရ ရောက်ရှိလာသူ ဖြစ်ပါသည်။ သူသည် သင်နှင့် ကျွန်ုပ်တို့ အပြန်အလှန် စာဖြင့် ရေးသားခဲ့ကြသည့် ကိစ္စရပ်ကို ဆွေးနွေးပါ လိမ့်မည်။ ။လေးစားစွာဖြင့် ဒေါက်တာဘောယား"တဲ့။

ရုတ်တရက် ဟာမန်း၏ မျက်နှာပေါ်တွင် ပြုံးယောင်သန်းသွားသည်ကို အီဖရိမ် သတိပြုလိုက်မိသည်။

ခဏအကြာတွင် ဟာမန်း၏ဇနီးက ပြောလိုက်သည်။ "အောက်မှာ ထိုးထားတဲ့ လက်မှတ်ကတော့ ဒေါက်တာဘောယားလက်မှတ် အစစ်ပါပဲ" သူမ၏ စကားနှင့် လေသံမှာ သူတို့နှစ်ယောက် အချင်းချင်း ပြောနေကျစကား၊ ပြောနေကျ လေသံမျိုးပေါက်နေသည်။ သို့ဖြင့် တင်းမာမှုများအားလုံး အရည် ပျော်သွားခဲ့သည်။

"အချစ်ရေ၊ မောင်တို့အတွက် စားဖို့သောက်ဖို့ တစ်ခုခုလုပ်ပါဦး" ဟာမန်းက ဖော်ရွေစွာဖြင့် ပြောလိုက်သည်။ သူ့ဇနီး ထသွားသောအခါ သူက အီဖရိမ်ဘက်သို့ လှည့်ကာ စကားစပြောပါတော့သည်။

"ကျုပ်လည်း ထောင်လှမ်းရေးအလုပ်တွေ လုပ်ခဲ့ဖူးပါတယ်။ ငယ်ငယ် ရွယ်ရွယ် ရှေ့နေဘဝကတည်းက ဆိုပါတော့။ ဒါပေမဲ့ ဟစ်တလာ အာဏာရ လာပြီးတဲ့နောက် အခြေအနေတွေအားလုံး ကပြောင်းကပြန် ဖြစ်ကုန်တာပါပဲ။ ကျုပ်အဖေနဲ့ ကျုပ်အမေလည်း နာဇီတွေရဲ့ အသတ်ခံခဲ့ကြရပါတယ်။ အဲဒီမှာပဲ ချွေးတပ်စခန်းတွေရဲ့ ကြောက်စရာကောင်းတဲ့ အတွေ့အကြုံတွေကို ကျုပ် ပထမဆုံး စပြီးကြုံရ တွေ့ရတာပါပဲ။ ကျုပ်မှာ ဂျူးသွေးပါပါတယ်။ ဒါပေမဲ့ ကျုပ်ဇနီးကတော့ ဂျာမန် အစစ်ပါ။ ဒါကြောင့် ကျုပ်တို့ သမီးကလေးကို သူ့အမေဘက်က ထုံးစံအတိုင်း ပြုစုစောင့်ရှောက်လာခဲ့ကြပါတယ်"

ပထမသော် ဟာမန်း၏ စကားများသည် ဂျူးအမျိုးသားရေးနှင့် ပတ် သက်၍ မိမိ၏ ရှုထောင့်နှင့် သဘောထားကို သွေးတိုးစမ်းကြည့်နေခြင်း ဖြစ်သည်ဟု အီဖရိမ် စိတ်ထဲက ထင်လိုက်မိသည်။ သို့ဖြစ်ရာ ဟာမန်း၏ စကားကို တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ဖြင်းမပြုဘဲ နားထောင်ရုံသက်သက် နားထောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာမန်းက သူ့စကားကို ဆက်သည်။ "ကျုပ် အိုက်ခ်မန်းကိစ္စနဲ့ ပတ်သက်လို့ ဆောင်ရွက်နေတာတွေဟာ ဂျာမနီနိုင်ငံအတွက် လုပ်နေတယ်လို့ မထင်ချောင်းဘူး ကျွန်တော်တစ်ခုတည်းသော ရည်ရွယ်ချက်က ဘာလဲဆိုတော့ ကျုပ်နဲ့ ကျုပ်ရဲ့မိသားစု အကြီးအကျယ် ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့ နာဇီစစ်တရားခံတွေကို တရားရုံးကြီး လက်စားချေချင်လို့ပါပဲ။ ဒါကြောင့်မို့လည်း ဒီကိစ္စနဲ့ ပတ်သက်လို့ ကျုပ် လုပ်ကိုင်ဆောင်ရွက်ပေးတဲ့အပေါ်မှာ ဆုငွေပေးတာတွေ၊ တခြား ဘာဘာညာညာ ဂုဏ်ပြုချီးမြှင့်တာတွေကို ကျုပ် လုံးဝ မမျှော်လင့်ပါဘူး"

"ခင်ဗျားအနေနဲ့ အိုက်ခ်မန်းကို ဘယ်လိုက ဘယ်လိုစပြီး ခြေရာခံမိတာလဲ" အီဖရိမ်ကစ၍ မေးခွန်းထုတ်လိုက်သည်။

"ဒါကတော့ မတော်တဆ ကံကောင်းထောက်မပြီး အကျိုးအကြောင်း ဆက်စပ်ကြည့်ရာက ဖြစ်လာတယ်လို့ပဲ ဆိုပါတော့"

"ဒါနဲ့ပတ်သက်လို့ ကျွန်တော်နားလည်အောင် ရှင်းပြလို့ မဖြစ်ဘူးလား"

"ဖြစ်တာပေါ့ မောင်ရင်ရာ၊ သိပ်ဖြစ်တာပေါ့" ဟာမန်းက အားတက်သရော ပြန်ပြောလိုက်သည်။ "ဖြစ်ပုံက ဒီလိုပါ၊ ကျုပ်မှာ သမီးကလေး တစ်ယောက်ရှိတယ်။ အင်မတန် ချစ်စရာကောင်းပါတယ်။ ခင်ဗျား သူ့ကို တွေ့မှာပါ၊ မကြာခင် သူပြန်ရောက်လာပါလိမ့်မယ်။ အင်မတန် သဘောကောင်းပြီး ဖော်ရွေတဲ့ မိန်းကလေးတစ်ယောက်ပါ"

"အခု ဒီကိစ္စက သူနဲ့ ပတ်သက်နေလို့လား"

"ဟုတ်ပါတယ်၊ သူနဲ့ ပတ်သက်နေပါတယ်။ ကျုပ်တို့မိသားစုဟာ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်အထိ ဗျူနိုအဲရစ္စမြို့က အိုလီဗော့စ်ရပ်ကွက်မှာ နေခဲ့ကြပါတယ်။ အဲဒီမှာ ကျုပ်သမီးကလေးဟာ အသက် နှစ်ဆယ့်တစ်နှစ်၊ နှစ်ဆယ့်နှစ်နှစ်လောက်ရှိတဲ့ လူငယ်လေးတစ်ယောက်နဲ့ တွေ့ခဲ့ပါတယ်။ အဲဒီကောင်လေးရဲ့ နာမည်က နစ်ကိုးလပ် အိုက်ခ်မန်းလို့ ခေါ်ပါတယ်။ သူဟာ ကျုပ်သမီးနဲ့ အမြဲအတူ လာအတူ ဖြစ်နေပြီး ကျုပ်တို့အိမ်ကိုလည်း မကြာခဏ အဝင်အထွက် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ကျုပ်ဟာ ဂျူးတစ်ယောက် ဖြစ်ပြီး ကျုပ်သမီးကလေးကလည်း ဂျူးသွေးပါတယ်ဆိုတာ သူ လုံးဝ မသိရှာဘူးထင်တယ်ပါ၊ ပြီးတော့ ကျုပ်တို့အနေနဲ့လည်း အာဂျင်တီးနားကို ပထမဆုံး ရောက်လာတဲ့ အချိန်ကစပြီး ဂျာမန်တွေလိုပဲ နေလာခဲ့ကြပါတယ်။ အားလုံး





တလည်း ကျုပ်တို့ကို ဂျာမန်လူမျိုးတွေပဲလို့ ထင်ခဲ့ကြပါတယ်။ ဒါကြောင့်မို့လည်း နီကိုးလပ်စ်ဟာ ကျုပ်တို့အိမ်မှာ စကားပြောရင် လွတ်လွတ်လပ်လပ်နဲ့ စိတ်ထဲရှိသလောက် ပြောတတ် ဆိုတတ်ပါတယ်။ ဒီလိုနဲ့ တစ်နေ့တော့ ကျုပ်တို့တစ်တွေ ရောက်တတ်ရာရာ ပြောကြ ဆိုကြရင်းနဲ့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျူးတွေရဲ့ ကံကြမ္မာအကြောင်း စကားစပ်ပြီး ပြောမိကြပါတယ်။ အဲဒီမှာ သူက ဘယ်လိုဝင်ပြောလိုက်သလဲဆိုတော့ 'ဂျာမန်တွေဟာ ဂျူးတွေကို အဲဒီအချိန်က အကုန်သတ်ပစ်နိုင်ခဲ့ရင် သိပ်ကောင်းမှာပဲ'လို့ ပြောပါတယ်၊ နောက်တစ်ခါကျတော့လည်း အဲဒီလိုပဲ စကားပြောကြရင်းနဲ့ သူ့အဖေဟာ စစ်ကြီးအတွင်းက ဂျာမန်စစ်ဗိုလ်တစ်ယောက် ဖြစ်တဲ့အကြောင်းနဲ့ နိုင်ငံတော်အတွက် တာဝန်ထမ်းရွက်ခဲ့တဲ့အကြောင်း ပြောလာပြန်ပါတယ်။ ဒီလို နေလာရာက တစ်နေ့တော့ ကျုပ်မိန်းမက အမှတ်မထင် သူ့ကို စကားတစ်ခွန်း ပြောလိုက်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ 'မင်းပြောတဲ့ ဂျာမန်စကားဟာ တခြားဂျာမန်တွေပြောတဲ့ လေသံနဲ့ သိပ်မတူဘူး၊ ဟိုနေရာကတစ်မျိုး၊ ဒီနေရာကတစ်မျိုးနဲ့ အသံအမျိုးမျိုး ဝဲနေတယ်'လို့ ပြောလိုက်ပါတယ်။ အဲဒီမှာ သူပြန်ပြောတာက သူ့အဖေဟာ စစ်အတွင်းက နေရာအမျိုးမျိုး ဒေသအမျိုးမျိုးမှာ လှည့်ပြီး အမှုထမ်းခဲ့ရတဲ့အတွက် သူ့အဖေနဲ့အတူ အဲဒီနေရာတွေ လိုက်နေခဲ့ရလို့ သူပြောတဲ့ ဂျာမန်စကားကလည်း လေသံအမျိုးမျိုး ဖြစ်နေတာပါလို့ ရှင်းပြပါတယ်"

အီဖရိမ်သည် ဟာမန်း၏စကားကို စိတ်ဝင်စားကာ အတန်ကြာအောင် ငြိမ်နေမိသည်။ ခဏကြာမှ သူက ပြောလိုက်သည်။ "ကျွန်တော် သိရသလောက် ဂျာမနီမှာ စစ်တရားခံ တစ်ယောက်ကို စစ်ခုံရုံးမှာ စစ်ဆေးနေတုန်း ခင်ဗျား ဒီကိစ္စကို စိတ်ဝင်စားလာတယ်လို့ ကြားရပါတယ်"

"ဟုတ်ပါတယ်၊ အဲဒါ အမှန်ပါပဲ။ ကျုပ်ဟာ အဲဒီ စစ်တရားခံရဲ့ အမှုကစပြီး ဒီကိစ္စမှာ ဝင်ပါလာခဲ့တာပါပဲ။ ဖြစ်ပုံက တစ်နေ့တော့ ကျုပ်မိန်းမပဲလား၊ ဒါမှမဟုတ် ကျုပ်သမီးလား၊ ကောင်းကောင်းတောင် မမှတ်မိတော့ပါဘူး။ အဲ... သူက သတင်းစာ တစ်စောင်မှာ ဖရန့်ဖွတ်မြို့က စစ်တရားခံတစ်ယောက်နဲ့ ပတ်သက်ပြီး သတင်းတစ်ပုဒ်ကို ဖတ်ပြပါတယ်။ အဲဒီသတင်းထဲမှာ လူတွေကို အစုလိုက် အပြုံလိုက် သတ်ခဲ့တဲ့ ကိစ္စအတွက် အိုက်ခ်မန်းဆိုတဲ့ လူဟာ အဓိကတရားခံ ဖြစ်တဲ့အကြောင်း ကြားလိုက်ပါတယ်။ ဒီနာမည်ကို ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ရုတ်တရက် ဖျတ်ခနဲ အတွေးတစ်ခု ပေါ်လာ

www.burmeseclassic.com



ပါတယ်။ အဲဒါက ဘာလဲဆိုတော့ တစ်ခါတုန်းက ဂျူးတွေကို အကုန်သတ်မပစ်ခဲ့လို့ စိတ်မကောင်းဖြစ်မိတယ်လို့ ပြောခဲ့တဲ့ နီကိုးလပ်စ်အိုက်ခ်မန်းဟာ အဲဒီ အဒေါ့ဖ်အိုက်ခ်မန်းရဲ့ သားပဲဖြစ်ရမယ်ဆိုတဲ့ အတွေးပါပဲ။ နောက်ပြီးတော့ ဒီကောင်လေးရဲ့ ပြောပြချက်အရ 'သူ့အဖေဟာ စစ်ကြီးအတွင်းက ကွာဇန်ဒ်ဇင်ဝိုလ်ဘဝနဲ့ တိုင်းပြည်အတွက် အမှုထမ်းခဲ့ဖူးတယ်'ဆိုတဲ့ စကားကိုလည်း ချက်ချင်း ပြေးသတိရမိတယ်။ ဒါနဲ့ကျုပ်လည်း ကပျာကယာနဲ့ ကျုပ်စိတ်ထဲမှာ သင်္ကာမကင်းဖြစ်နေတာကို ဖရန့်ဖွတ်မြို့က အစိုးရရှေ့နေဆီ စာတစ်စောင် ကောက်ရေးလိုက်တာပါပဲ။ ဒီလိုနဲ့ ကျုပ်တို့ဟာ စာတွေ အပြန်အလှန် ရေးကြရာက ဒီကိစ္စအတွက် ရှေ့ဆက်ပြီး စုံစမ်းပေးဖို့ အဲဒီရှေ့နေကြီးက ကျုပ်ကို တိုက်တွန်းခဲ့ပါတယ်။ ကျုပ်ဆီကို အိုက်ခ်မန်းနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက်တွေတောင် ပို့ပေးခဲ့ပါသေးတယ်။ အဲဒီထဲမှာ အိုက်ခ်မန်းရဲ့ ရုပ်လက္ခဏာနဲ့ ပုံပန်းသဏ္ဌာန် ဘယ်လိုရှိတယ်ဆိုတာလည်း ပါပါတယ်။ အဲဒီနောက် မကြာခင်မှာပဲ ဟက်စ်ပြည်နယ်က အစိုးရရှေ့နေကြီးဟာ တခြားနေရာ ပြောင်းသွားရပြီး သူ့နေရာမှာ ဒေါက်တာ ဖရစ်ဇ်ဘောယားဆိုတဲ့ ပုဂ္ဂိုလ် ရောက်လာပါတယ်။ ဒါနဲ့ ကျုပ်လည်း ဒေါက်တာဘောယားနဲ့ဆက်ပြီး စာပေးစာယူ လုပ်ခဲ့တာပါပဲ"

"ဒါထက် ခင်ဗျားတွေ့နေရတဲ့ မသင်္ကာစရာ အချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုစုံစမ်း ထောက်လှမ်းခဲ့ပါသလဲ" အီဖရိမ်က စိတ်ပါဝင်စားစွာ မေးလိုက်သည်။ သူသည် သတိထား၍ သူ့အသံကို ခပ်တိုးတိုးပြောလိုက်သည်။ သို့သော် အမှန်စင်စစ် မျက်မမြင် ဒုက္ခိတတစ်ယောက်အနေဖြင့် မည်သို့မည်ပုံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်စုံစမ်း ထောက်လှမ်းနိုင်ပါမည်နည်း။

"ဒီနေရာမှာ ဘောယားရဲ့ မေတ္တာရပ်ခံချက်အရ ကျုပ်ကိုယ်တိုင် ဗျူနိုအဲရှစ်ကို ပြန်သွားပြီး အိုက်ခ်မန်းရဲ့ မိသားစုနေတဲ့ နေရာကို သိဖို့နဲ့ အိမ်ထောင်ဦးစီးဖြစ်တဲ့ အိုက်ခ်မန်းကို တွေ့ဖို့ နှစ်ကြိမ်တိတိ ကြိုးစားကြည့်ခဲ့ပါတယ်။ အဲဒီ နှစ်ကြိမ်စလုံး ကျုပ်နဲ့အတူ ကျုပ်သမီးကလေး လိုက်လာပါတယ်။ တကယ်ဆိုတော့ ကျုပ်တို့ဟာ ဒီကိစ္စနဲ့ပတ်သက်လို့ စောစောပိုင်း စကတည်းက အရေးကြီးတဲ့ ပြဿနာတစ်ခုအနေနဲ့ သဘောမထားခဲ့မိတာဟာ ကျုပ်တို့ရဲ့ ပေါ့ဆမှုလို့ပဲ ဆိုရမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ နစ်ကိုးလပ်စ်နဲ့ ကျုပ်သမီးဟာ ကျုပ်တို့ဒီကို ပြောင်းလာကတည်းက တစ်ယောက်နဲ့တစ်ယောက် အပြန်





အလှန် စာတွေရေးခဲ့ကြတာပါပဲ။ ဒါပေမဲ့ ဒီသူငယ်ဟာ သူ ဘယ်မှာနေတယ်ဆိုတာ စာထဲမှာ တစ်ခါမှ ထည့်မရေးခဲ့ပါဘူး၊ ဒါတင်မကသေးဘူး၊ ကျုပ်သမီးက သူ့ဆီကို စာထည့်ရင် ကြားလူတစ်ယောက်ရဲ့ လိပ်စာနဲ့ ထည့်ရပါတယ်။ တကယ်တော့ ဒီအချက်တွေဟာ ကျုပ်တို့ရဲ့ သံသယကို ပိုပြီးကြီးအောင် လုပ်တာနဲ့ အတူတူပါပဲ"

ထိုအခိုက် "မင်္ဂလာနံနက်ခင်းပါ ဖေဖေ" ဟူသော အသံကို ကြားလိုက်ရပြီး အသက်နှစ်ဆယ်ခန့် ရုပ်ရည်ချောမောလှသည့် မိန်းမပျိုကလေး တစ်ယောက်သည် မစ္စက်ဟာမန်းနှင့်အတူ ဧည့်ခန်းထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။ မိန်းကလေး၏ လက်ထဲတွင် လက်ဖက်ရည် နှစ်ခွက်ပါသော ဗန်းတစ်ချပ် ကိုင်လာသည်။

"မစ္စတာ ဟတ်ပတ်၊ ဒါ ကျုပ်သမီးပါ" ဟာမန်းက ထိုသို့ပြောလိုက်ပြီး သူမဘက်သို့လှည့်ကာ ဆက်ပြောလိုက်သည်။ "သမီးရောက်လာတာ အတော်ပဲ၊ အခု ဟောဒီ မစ္စတာဟတ်ပတ်က အိုက်ခ်မန်းတို့ မိသားစုအကြောင်း စိတ်ဝင်စားနေတယ်။ အဲဒီတော့ အဲဒီအိမ်ကို သမီး ဘယ်လိုရောက်ခဲ့တယ်၊ ဘယ်သူတွေနဲ့ တွေ့ခဲ့တယ်ဆိုတာ မစ္စတာဟတ်ပတ်ကို ပြန်ပြောပြပါဦး။ သမီးလည်း အင်္ဂလိပ်လို ပြောတတ်တာပဲ" ဟာမန်းသည် တစ်ဖန် အီဖရိမ်ဘက်သို့လှည့်ကာ ပြောလိုက်ပြန်သည်။ "နောက် နှစ်လလောက်နေရင် သမီးက အမေရိကန် တက္ကသိုလ် တစ်ခုကို တက်ရတော့မယ်"

"ဖေဖေပြောတဲ့အတိုင်းပါပဲ" မိန်းမပျိုကလေးက စကားစ၍ ပြောလိုက်သည်။ "နစ်ဟာ သူဘယ်မှာ နေတယ်ဆိုတာ ကျွန်မကို တစ်ခါမှ အသိမပေးခဲ့ပါဘူး။ ကျွန်မတို့ ဗျူနိုအဲရှစ် ရောက်သွားတော့ အသိတစ်ယောက်ကို အကူအညီတောင်းပြီး သူ့အိမ်ကို ရှာရပါတယ်။ အဲဒီအိမ်ရောက်သွားပြီး တံခါးခေါက်လိုက်တော့ မိန်းမကြီးတစ်ယောက်က တံခါးကို လာဖွင့်ပေးပါတယ်။ ကျွန်မက ဂျာမန်စကားနဲ့ ဒီအိမ်ဟာ အိုက်ခ်မန်းတို့မိသားစုနေတဲ့ အိမ်မဟုတ်လားလို့ မေးလိုက်တော့ အဲဒီ မိန်းမကြီးဟာ ရုတ်တရက် ချက်ချင်း ဘာမှ ပြန်မပြောပါဘူး။ အဲဒီအချိန်ကလေးမှာပဲ မျက်မှန်နဲ့ ခပ်ရွယ်ရွယ် လူတစ်ယောက် အဲဒီမိန်းမကြီးဆီနားကို ရောက်လာပါတယ်။ အဲဒီလူက "နစ် မရှိဘူး၊ အချိန်ပိုအလုပ်ဆင်းနေတယ်"လို့ ပြန်ပြောပါတယ်။ ကျွန်မက "အိုက်ခ်မန်း ဆိုတာ ရှင်ပဲလား"လို့ ထပ်မေးလိုက်တော့ သူက "မဟုတ်ပါဘူး"လို့ ပြန်ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှင်က နှစ်ရဲ့ အဖေလား"ဆိုတော့ သူက "ဟုတ်ပါတယ်"လို့ ပြောပါတယ်။ ဒါပေမဲ့ ဒီစကားကို အကြာကြီးနေမှ ပြန်ပြောပါတယ်"

"အကြာကြီးနေပြီးမှ ပြန်ပြောတယ်ဆိုတာ သေချာရဲ့လား" အီဖရိမ်က ဝင်မေးလိုက်သည်။ "ပြီးတော့ သူ စကားပြောရာမှာ ဘာများ ထူးထူးခြားခြား သတိထားမိသေးသလဲ"

"အကြာကြီးနေမှ ကျွန်မကို ပြန်ပြောတယ်ဆိုတာ သေချာပါတယ်။ နောက်ပြီးတော့ သူ့အသံက ခပ်လေးလေး ခပ်အက်အက်နဲ့ ဖရန့်ဖွတ်အစိုးရ ရှေ့နေကြီး ရေးလိုက်တဲ့ စာထဲမှာပါတဲ့ အတိုင်းပါပဲ"

ဤတွင် အီဖရိမ်က ကောက်ကာငင်ကာ မေးလိုက်သည်။ "မင်းက အဲဒီစာ ဖတ်ထားတော့ အဲဒီစာအရ သူ့အသံဟာ အက်ပက်တက် ဖြစ်နေတယ်လို့ စိတ်ထဲက ထင်မိတာမျိုး မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူးရှင်၊ ဒီနေရာမှာ ဒီကိစ္စကို ကြိုတင်ပြီးသိထားလို့ စိတ်ထဲက ဒီလိုထင်လိုက်တာမျိုး မဟုတ်ဘူးဆိုတာ ကျွန်မအနေနဲ့ ရာနှုန်းပြည့် သေချာပေါက် ပြောရဲပါတယ်"

သို့သော် ဤကိစ္စနှင့်စပ်လျဉ်း၍ အီဖရိမ်၏ စိတ်ထဲတွင် မရှင်းမရှင်း ရှိနေဆဲဖြစ်သည်။ သို့ဖြင့် သူက အိုက်ခ်မန်းမိသားစုအကြောင်းနှင့် ပတ်သက်၍ သူမအား မေးခွန်းများ တစ်ခုပြီးတစ်ခု မေးကြည့်သည်။ သူမ၏ ပြောကြားချက်များတွင် အိုက်ခ်မန်းမှာ သားသမီး ငါးယောက်ရှိကြောင်း၊ သုံးယောက်မှာ ဂျာမနီတွင် မွေးဖွားခဲ့၍ နှစ်ယောက်မှာ အာဂျင်တီးနားရောက်မှ မွေးခဲ့ကြောင်း စသည်တို့ ပါဝင်ခဲ့သည်။ ထို့ပြင် ဂျာမနီတွင် မွေးခဲ့သော အိုက်ခ်မန်း၏ သားသုံးယောက်၏ အသက်များမှာ အစိုးရရှေ့နေကြီး၏ စာထဲတွင် ပါရှိသည့် အချက်နှင့် ထပ်တူထပ်မျှဖြစ်နေကြောင်း သူက ပြောပြရာ ဖခင်ဖြစ်သူ ဟာမန်းက ဤအချက်ကို ဝင်ရောက်ထောက်ခံ ပြောဆိုခဲ့သည်။ ထို့နောက် သူမက ချာကာဘူကိုလမ်းမှ အိမ်အမှတ် ၄၂၆၁ ၏ ပုံပန်းသဏ္ဌာန်ကို ပြောပြရာ ဤကိစ္စတွင်မူ အီဖရိမ်အတွက် တစ်စုံတစ်ရာ ထူးခြားချက်များ မပါသည်ကို တွေ့ရသည်။

"ကျုပ် ခင်ဗျားကို တစ်ခုတော့ ပြောရဦးမယ်" ဟာမန်းက ဝင်ပြောလိုက်သည်၊ "ကျုပ်တို့ အခုပြောပြခဲ့တဲ့ အချက်အလက်တွေ အားလုံးဟာ အစိုးရရှေ့နေကြီးဆီ ကျုပ်တို့ရေးလိုက်တဲ့ စာတွေထဲမှာ အားလုံး ပါပြီးသားတွေပါ။ ဒီနေရာမှာ တစ်ခုပြောချင်တာက ဒီကိစ္စနဲ့ပတ်သက်လို့ ကျုပ်တို့





အကုန်အကျ ခံထားရတဲ့ ငွေကို ပြန်ထုတ်ဖို့ပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်တို့မှာ ဒါအတွက် ကျုပ်တို့အိတ်ထဲကစိုက်ပြီး အကုန်အကျမခံနိုင်လို့ပါ"

ဤနေရာတွင် မစ္စက်ဟာမန်းက ပထမဆုံးအကြိမ် ဝင်၍ပြောလိုက်သည်။ "ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်မမှာ အမြဲစိတ်ပူနေရပါတယ်ရှင်။ ကျွန်မတို့ အိတ်ထဲက စိုက်ထုတ်ပြီး သုံးဖို့စွဲဖို့ ဆိုတာလည်း မလွယ်လှပါဘူး။ ပြီးတော့ ကျွန်မဟာ အမေတစ်ယောက်အနေနဲ့ ကိုယ့်သမီးကိုလာပြီး ပိုးပန်းနေတဲ့ လူငယ်တစ်ယောက်အကြောင်း သိအောင် စုံစမ်းမေးမြန်းရတယ်ဆိုတာ ထုံးစံအတိုင်း လုပ်ရိုးလုပ်စဉ်ပါပဲ။ ဒီသူငယ်ရဲ့ အမေ၊ အဖေတွေကိုလည်း ကျွန်မ တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးသေးပါဘူး။ ဒါပေမဲ့ ကျွန်မစိတ်ထဲကတော့ အဲဒီ စစ်တရားခံဆိုတဲ့ အိုက်ခ်မန်းတို့ မိသားစုနဲ့ပတ်သက်လို့ တွေးလိုက်တိုင်း ရင်လေးမိတာချည်းပါပဲ။ တကယ်ပါ မစ္စတာဟတ်ပတ်၊ ကျွန်မပြောတာကို ယုံပါ။ ဒီကိစ္စအတွက် ကျွန်မမှာ တစ်နေ့မှ စိတ်မချမ်းသာပါဘူး"

"ကျုပ်အနေနဲ့ ဆုငွေတွေ ဘာတွေ မလိုချင်ဘူး" ဟာမန်းက ကြားဖြတ်ပြောလိုက်ပြန်သည်။ "ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဗျူနိုအဲရစ်စ်ကို သွားခဲ့ရတဲ့ ခရီးစရိတ်နဲ့ အထွေထွေကုန်ကျခဲ့တဲ့ ဒေါ်လာ ၁၂၀ ဒါမှမဟုတ် ၁၅၀ ကိုတော့ ထုတ်ပေးသင့်တယ်လို့ ထင်တာပဲ။ စောစောက ကျုပ်ပြောခဲ့တဲ့အတိုင်း ဒီကိစ္စအတွက် ဖရန့်ဖွတ်က ရှေ့နေကြီးဆီ စာရေးခဲ့ပါတယ်။ ဒါပေမဲ့ ခုထိတော့ ဘာမှ အကြောင်းမပြန်သေးပါဘူး။ သူ့ဆီက စာထဲမှာ လူတစ်ယောက် လာတွေ့ပါလိမ့်မယ်ဆိုတာပဲ ပါတယ်"

"ဒီကိစ္စနဲ့ပတ်သက်လို့တော့ ကျွန်တော် ဒီရောက်မှ သိရပါတယ် မစ္စတာဟာမန်း" အီဖရိမ်က အမှန်အတိုင်း ပြောပြလိုက်သည်။ "ကျွန်တော့်အထက်က လူကြီးတွေနဲ့ ဒီကိစ္စကို ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဒါပေမဲ့ တနင်္ဂနွေ သုံးလေးပတ်တော့ စောင့်ရလိမ့်မယ် ထင်ပါတယ်"

ဟာမန်းက အလေးအနက် ထပ်ပြောပြန်သည်။ "ကျုပ်အနေနဲ့တော့ အမြန်ဆုံး စီစဉ်ပေးစေချင်တယ်။ ပြီးတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီကိစ္စမှာ ကျုပ်အနေနဲ့ လုပ်စရာရှိတာကို အတတ်နိုင်ဆုံး အကောင်းဆုံး လုပ်ပေးပြီးပြီလို့ ယုံကြည်ထားပါတယ်။ နောက်ပြီး ဒီလူဟာ တကယ့် အိုက်ခ်မန်းအစစ်ဆိုတာ သေချာပါတယ်။ ဘာတစ်ခုမှ သံသယဖြစ်စရာ မရှိပါဘူး"

"ဟုတ်ပါတယ်၊ ခင်ဗျား အခုပြောတာတွေ ကျွန်တော် အားလုံး သဘောပေါက်ပါတယ်" အီဖရိမ်က ဖြတ်ပြောလိုက်သည်။ "ဒါပေမဲ့ ဒီလူဟာ အိုက်ခ်မန်း



www.burmeseclassic.com

www.burmeseclassic.com



အစစ်ပါဆိုတာ ဒီလောက်နဲ့ သေချာပေါက် အဆုံးအဖြတ်ပေးလို့ မရသေးဘူး ထင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဗီရာ အိုက်ခ်မန်းဟာ နောက်အိမ်ထောင် ပြုထားတာ ဖြစ်ချင် ဖြစ်နိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကောလာဟလတွေ လည်း အများကြီး ကြားဖူးပါတယ်။ အဲဒီတော့ သူ့ကလေးတွေကို သူ့အဖေ အရင်းရဲ့ နာမည်အတိုင်း ဆက်ပြီးသုံးနေတာမျိုးလည်း ဖြစ်နိုင်ပါတယ်"

"ကျုပ်ထင်တာတော့ အိုက်ခ်မန်းဟာ ပလတ်စတစ် ခွဲစိတ်ကုသမှုလုပ်ပြီး ရုပ်ဖျက်ထားတယ်လို့ ထင်တာပါပဲ။ ဒါကြောင့်မို့လည်း ဟိုအရင်က ရိုက်ထားတဲ့ ဓာတ်ပုံအဟောင်းတွေနဲ့ အခုရုပ်နဲ့ ယှဉ်ကြည့်ဖို့ ခက်နေတာဖြစ်မှာပေါ့။ နောက်ပြီး တော့ ဗီရာအိုက်ခ်မန်းအနေနဲ့ နောက်ယောကျ်ား ယူတယ်ဆိုတာလည်း ဖြစ်နိုင် ပါတယ်။ ဒါပေမဲ့ အဲဒီ နောက်ယောကျ်ားဆိုတာလည်း တခြားလူ မဟုတ်ဘဲ ပထမယောကျ်ားကိုပဲ ပြန်ယူတာဖြစ်မှာပါ"

ဤတွင် အိဖရိမ်က ဤကိစ္စနှင့်ပတ်သက်၍ သူ့တာဝန်ယူရသည့်အပိုင်းမှ အခက်အခဲကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ပြောလိုက်သည်။ "ဒီလိုရှိပါတယ်၊ ဒီကိစ္စမှာ ခင်ဗျားပြောတာ မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမဲ့ မှားချင်လည်း မှားနေပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော် တစ်ခုပြောချင်တာက ကျွန်တော်တို့အနေနဲ့ လက်တွေ့ကွင်းဆင်းပြီး လုပ်ငန်းမစခင် သံသယတွေ လုံးဝ ကင်းသွားအောင် တိတိကျကျ အဆုံးအဖြတ်ပေးနိုင်တဲ့ အထောက်အထားနဲ့ အာမခံချက်တွေ ရှိထားဖို့ လိုတယ်ဆိုတာ ခင်ဗျား နားလည်ထားစေချင်ပါ တယ်"

"ဒီလို အာမခံချက်နဲ့ အထောက်အထားတွေ ရအောင်လုပ်ပေးဖို့ကတော့ ကျုပ် လုံးဝတာဝန်ယူပါတယ်" ဟာမန်းက သူ့ကိုယ်သူ ယုံကြည်ချက်အပြည့် အဝ ရှိထားသည့် လေသံမျိုးဖြင့် ပြောလိုက်သည်။ "အဲဒီအိမ်နားက အိမ်နီးချင်း တွေကို ကျုပ် သိပါတယ်။ ဒီကိစ္စမှာ ကျုပ်ဟာ တခြားလူတစ်ယောက်ထက် ပိုပြီး အန္တရာယ်ကင်းအောင်၊ ထိရောက်အောင် လုပ်ပေးနိုင်ပါတယ်။ အဲဒီတော့ ကျုပ်ပြောချင်တာက ကျုပ်နဲ့ပဲ ဆက်သွယ်ပြီး လုပ်ဖို့ပါပဲ။ ဒါနဲ့ပတ်သက်လို့ ခင်ဗျားအနေနဲ့ အိုက်ခ်မန်းအစစ် ဟုတ်၊ မဟုတ် စုံစမ်းတဲ့နေရာမှာ သိသိ သာသာကြီး သွားလုပ်ရင် အိုက်ခ်မန်းကိုယ်တိုင်က ရိပ်မိသွားပြီး လစ်ပြေးနိုင် တယ်ဆိုတာတော့ ကျုပ် အထူးသတိပေးစရာ မလိုဘူးထင်ပါတယ်။ အတတ် နိုင်ဆုံး သတိနဲ့ လုပ်သွားဖို့ပါပဲ"

အိဖရိမ်က သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။





မျက်မမြင် ဟာမန်းက ဆက်ပြောပြန်သည်။ "ပြီးတော့ ဗျူနိုအဲရိစ်မှာ ရှိတဲ့ ဂျာမန်သံရုံးက လူတွေနဲ့ ပတ်သက်လို့လည်း ခင်ဗျားကို သတိပေးထား ဦးမယ်။ တကယ်လို့ အိုက်ခ်မန်းနောက်ကို ခြေရာခံလိုက်နေပြီဆိုတာ သူတို့ သိသွားရင် သူတို့ထဲက တစ်ယောက်ယောက်က ဒီလိုအန္တရာယ်ရှိနေပြီ ဆိုတဲ့ အကြောင်း အိုက်ခ်မန်းကို ချက်ချင်းပြေးပြီး သတိပေးမယ်ဆိုတာ ကျုပ် သေချာ ပေါက် ပြောရဲတယ်၊ ဒီထက်ပိုပြီး ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဂျာမန် နိုင်ငံခြားရေးဌာနက လူတွေကိုလည်း ခင်ဗျားအနေနဲ့ ဒီအတိုင်း သဘောထားဖို့ လိုလိမ့်မယ်။ နာဇီစစ်တရားခံတွေနဲ့ ပတ်သက်သမျှ အဲဒီလူတွေကို ဘယ်တော့မှ မယုံမိဖို့ အရေးကြီးတယ်"

ဤနေရာတွင် 'ဂျာမန်လူမျိုးတစ်ယောက်'အနေဖြင့် 'ဟတ်ပတ်'ဟူ၍ အမည်ခံထားသော အိဖရိမ်သည် 'သူ့နိုင်ငံ'မှ အာဏာပိုင်များကို ကာကွယ် ရမည့် တာဝန်ရှိသည်ဟု နားလည်လိုက်သည်။ သို့ဖြင့် သူက ဟာမန်း၏စကားကို ပြန်လည်ချေပလိုက်သည်။ "ဒါလောက်တော့ မဟုတ်သေးဘူးထင်တယ်၊ မစ္စတာ ဟာမန်း။ ခင်ဗျားအနေနဲ့ စိုးရိမ်လွန်းအားကြီးသလို ဖြစ်နေတယ်"

"စိုးရိမ်လွန်းအားကြီးတာ မဟုတ်ပါဘူး" ဟာမန်းက ထပ်၍ ပြောပြန် သည်။ "တကယ့်အဖြစ်က ကျုပ်ပြောတာထက်တောင် ဆိုးပါသေးတယ်၊ ဒီ မယ်... ကျုပ်ပြောမယ်။ အိုက်ခ်မန်းဟာ သူ့စိတ်တိုင်းကျ နေနိုင်ထိုင်နိုင်တဲ့ အနေအထားမျိုး ရှိနေတယ်။ သူ့မှာ ဂျစ်ကားတစ်စီးတောင် ရထားတယ်"

ဤ၍ဤမျှ ဆွေးနွေးခဲ့ပြီးနောက် ဟာမန်းထံမှ နောက်ထပ် တစ်စုံ တစ်ရာ ထူးခြားသည့်သတင်းများ မရနိုင်တော့ပြီကို အိဖရိမ် သိလိုက်သည်။ သို့ဖြစ်ရာ သူသည် လောလောဆယ် လက်တွေ့ကျကျ လုပ်ရမည့်ကိစ္စများ ဘက်သို့ စကားဦး လှည့်လိုက်သည်။ "ဒီမယ်... မစ္စတာဟာမန်း၊ လောလော ဆယ် အဲဒီလူနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သိချင်တာတွေနဲ့ လိုချင်တဲ့ အချက် အလက်တွေ ကျွန်တော်ပြောပြပါမယ်။ အဲဒါတွေကတော့ အခု သူအသုံးပြုနေတဲ့ နာမည်ရယ်၊ သူ အလုပ်လုပ်နေတဲ့ နေရာရယ်၊ သူ့မှာရှိနေတဲ့ ကားနဲ့ပတ်သက်လို့ အသေးစိတ် အချက်အလက်တွေရယ်၊ ပြီးတော့ သူ့မှတ်ပုံတင်ထဲမှာပါတဲ့ ဓာတ်ပုံမျိုး တစ်ပုံရယ်၊ နောက်ပြီး သူနဲ့ပတ်သက်တဲ့ တရားဝင် စာရွက်စာတမ်း အထောက်အထားတွေ ကျွန်တော်တို့ ရနိုင်သမျှ ရအောင် လုပ်ချင်ပါတယ်၊ အဲဒါတွေအပြင် အရေးအကြီးဆုံး ရချင်တာက သူ့ရဲ့ လက်ဗွေပုံစံပဲ။ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လည်းဆိုတော့ လက်ဗွေပုံစံဟာ လူတစ်ယောက်ကို ဘယ်သူဘယ်ဝါဆိုတာ မလွဲတမ်း ခွဲခြားနိုင်တဲ့ အမှတ်အသားတစ်ခု ဖြစ်နေလို့ပါပဲ”

“အိုလီဗော့စ်ရပ်ကွက်မှာ ကျုပ်နဲ့သိတဲ့ မိတ်ဆွေတွေ အများကြီးရှိပါတယ်၊ ပြီးတော့ အဲဒီ အာဏာပိုင်တွေနဲ့လည်း အဆက်အသွယ် ရှိပါတယ်။ ခင်ဗျား အခုပြောပြသွားတဲ့ အချက်အလက်တွေရဖို့ သိပ်မခဲယဉ်းပါဘူး” ဟာမန်းက ခပ်အေးအေးပင် ပြန်ပြောသည်။ “ဒါပေမဲ့ တစ်ခုရှိတာက ဒီအတိုင်းဆိုရင် ဒီကိစ္စနဲ့ပတ်သက်လို့ ကျုပ် ဗျူနိုအဲရစ္စကို နောက်တစ်ခေါက် သွားရလိမ့်မယ်၊ ကျုပ်သွားတယ်ဆိုရင် ကျုပ်သမီးလည်း ပါမှဖြစ်မယ်။ ပြီးတော့ အဲဒီမှာ တနင်္ဂနွေတစ်ပတ်လောက်တော့ နေရမှာပဲ။ ဒီတော့ နောက်ထပ် ကုန်ကျစရိတ်တွေ လိုလာလိမ့်မယ်။ အဲဒီအတွက် ကျုပ်အနေနဲ့ မတတ်နိုင်ဘူးဆိုတာ ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်”

အီဖရိမ်က ပြောရတော့သည်။ “ဒါအတွက် ကျွန်တော် ကတိပေးပါတယ်။ ခင်ဗျား အရင်ကစိုက်ပြီး သုံးခဲ့ရတဲ့ ကုန်ကျစရိတ်တွေရော၊ အခု နောက်ထပ် ကုန်ကျမယ့် စရိတ်တွေပါ အားလုံး ထုတ်ပေးဖို့ ကျွန်တော် တာဝန်ယူပြီး ဆောင်ရွက်ပေးပါမယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုအကြံပေးချင်တာကတော့ ခင်ဗျား အလျှင့်အလျှင်က ကုန်ကျထားတဲ့ငွေကို မရမချင်း နောက်ထပ် ဘာမှဆက်ပြီး မလုပ်စေချင်သေးဘူး။ ဘာပဲဖြစ်ဖြစ် အဲဒီ ပထမ ကုန်ကျထားတဲ့ငွေ ရောက်လာပြီဆိုတာနဲ့ ဗျူနိုအဲရစ္စကို အမြန်ဆုံးသွားပြီး စောစောက ကျွန်တော်ပြောခဲ့တဲ့ အချက်အလက်တွေ ရနိုင်သမျှရအောင် စုံစမ်းပေးစေချင်တယ်။ ဘယ့်နှယ်လဲ”

“ခင်ဗျားပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်” ဟာမန်းက ပြန်ပြောလိုက်သည်။

“နောက်တစ်ခု ကျွန်တော်မှာခဲ့ချင်တာက ဒီနေ့ကစပြီး ဂျာမနီကို ဘာစာမှ မရေးပါနဲ့တော့။ ခင်ဗျား နောက်ထပ်ရေးရမယ့် စာတွေအတွက် လိပ်စာအသစ်တစ်ခု ကျွန်တော် ပေးခဲ့ပါမယ်” အီဖရိမ်က အလေးအနက် ပြောလိုက်သည်။

“သြော်... ဒါထက် ခင်ဗျားမှာ လိပ်စာကတ်ပြား ရှိသလား”

“ရှိပါတယ်”

“ဒီလိုဆိုရင် အဲဒီလိပ်စာကတ်ပြားကလေးတွေပေါ်မှာ ခင်ဗျား လက်မှတ်တွေ ထိုးပေးလိုက်စေချင်ပါတယ်။ ကျွန်တော် ခင်ဗျားဆီကို စာရေးတဲ့အခါတိုင်း အဲဒီကတ်ပြားတစ်ခုကို တွဲပေးလိုက်မယ်။ စာကို ဘယ်သူပဲ လက်မှတ်ထိုး





ထားထား ဒီကတ်ပြားလေး ပါလာတာနဲ့ ကျွန်တော့်ဆီကလာတဲ့ စာဆိုတာ ခင်ဗျား စိတ်ချရအောင်လို့ပါ”

“တကယ်ကောင်းတဲ့ အကြံပဲဗျို့” ဟာမန်းက တအံ့တသြဖြင့် ပြောလိုက်သည်။

အီဖရိမ်သည် သူ့အင်္ကျီအိတ်ထဲမှ အာဂျင်တီးနားဘဏ် ချက်လက်မှတ်ဘအုပ်ကလေးကို ထုတ်လိုက်ပြီး အထဲမှ ချက်လက်မှတ် စာရွက်ကို သူ့လက်သည်းဖြင့် ခေါက်ချိုး ချိုးကာ နှစ်ပိုင်းဖြစ်အောင် ဆွဲဆုတ်လိုက်သည်။ “ကျွန်တော် အခု ဆုတ်လိုက်တဲ့ ချက်လက်မှတ်ရဲ့ ဟောဒီအပိုင်းကို ခင်ဗျားဆီ ပေးထားခဲ့မယ်၊ ကျန်တဲ့အပိုင်းကို ကျွန်တော် ယူသွားမယ်။ တကယ်လို့ တစ်ယောက်ယောက်က ကျွန်တော်ယူသွားတဲ့ ချက်လက်မှတ်စာရွက် အပိုင်းကလေးကို ယူလာပြီး ခင်ဗျားကိုပြရင် အဲဒီလူဟာ ကျွန်တော်လွှတ်လိုက်တဲ့ လူပဲဆိုတာ ခင်ဗျား စိတ်သာချပေတော့”

အီဖရိမ်က သူ့လက်မှ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ဤအိမ်သို့ သူရောက်နေသည်မှာ နှစ်နာရီနီးပါး ကြာသွားပြီဖြစ်သည်။

ဟာမန်း၏ သမီးသည် လိပ်စာကတ်ပြားကလေးများကို ယူလာပြီး ယင်းကတ်ပြားကလေးများပေါ်တွင် သူ့အဖေလက်မှတ် ရေးထိုးပေးရန် ကူညီပေးခဲ့သည်။ ထို့နောက် အီဖရိမ်သည် အဆိုပါ ကတ်ပြားကလေးများကို ယူလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

“အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာဟာမန်း။ အခုအချိန်အထိ ခင်ဗျား ကူညီခဲ့တာတွေနဲ့ အခုလို ဂရုတစိုက် ဧည့်ခံပြုစုတာကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော် ပြန်ပါဦးမယ်။ ဒါပေမဲ့ အခုစီစဉ်ခဲ့တဲ့အတိုင်း အမြဲဆက်သွယ်သွားပါ့မယ်”

“ခင်ဗျား အခုလိုရောက်လာတာလည်း ကျုပ် အများကြီးကျေးဇူးတင်ပါတယ် မစ္စတာဟတ်ပတ်။ ခင်ဗျားဆီက အဆက်အသွယ် အမြန်ဆုံးရလိမ့်မယ်လို့ မျှော်လင့်ပါတယ်”

အီဖရိမ်သည် ဟာမန်းနှင့် ဟာမန်း၏ဇနီးကိုရော သမီးကိုပါ နှုတ်ဆက်၍ အိမ်မှ ထွက်လာခဲ့သည်။ သူသည် ဘူတာရုံဘက်ဆီသို့ ဦးတည်ကာ ခပ်မှန်မှန် လမ်းလျှောက်လာခဲ့သည်။ ကိုက်တစ်ရာခန့် လျှောက်မိသောအခါ တက္ကစီကား တစ်စီးသည် ခပ်ဖြည်းဖြည်းမောင်းရင်း သူ့ဘေးသို့ ရောက်လာသည်။

ကားပေါ်မှ တာလ်မီက အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

"ဘယ်သွားမလို့လဲခင်ဗျား၊ ကျွန်တော် လိုက်ပို့ပါရစေ"

□

နောက် မိနစ်အနည်းငယ်မျှ ကြာသောအခါ သူတို့သည် ယိမ်းယိုင်နေသည့် ဘူတာရုံကလေးဆီသို့ ရောက်လာကြသည်။ ထို့နောက် ထိုနေ့ည အတော်ကလေး ညဉ့်နက်ချိန်တွင် ဗျူနိုအဲရစ္စမြို့သို့ ပြန်ရောက်လာခဲ့ကြသည်။

ရထားပေါ်တွင် အီဖရိမ်က ဟာမန်းနှင့် သူ့မိသားစုကို တွေ့ခဲ့ရပုံနှင့် စကားပြောခဲ့ရပုံများကို တာလ်မီအား ပြန်ပြောခဲ့သည်။ ဟာမန်းနှင့်ပတ်သက်၍ သူ့စိတ်ထဲတွင် ဖြစ်ပေါ်ခဲ့သမျှ တစ်ခုမှ ဖုံးကွယ်မထားဘဲ အားလုံး ပြန်ပြောခဲ့သည်။ ဟာမန်းသည် သူထင်ရာကို တစ်ဇွတ်ထိုး လုပ်တတ်ပုံရ၍ သူ့ကိုယ်သူ ယုံကြည်မှု များလွန်းနေကြောင်း၊ အကယ်၍ သူ့ဇနီးနှင့် သူ့သမီးကသာ ထောက်ခံ ပြောကြားခြင်း မရှိခဲ့ပါက မိမိအနေဖြင့် သူပြောသမျှ စကားများကို ယုံဖို့မလွယ်ကြောင်း စသည်များကို အီဖရိမ်က ပွင့်ပွင့်လင်းလင်း ပြောပြခဲ့သည်။ သို့သော် ဘာပဲဖြစ်ဖြစ် သူနှင့် ဆက်လက်၍ အဆက်အသွယ်လုပ်သွားဖို့ လိုအပ်သည်ကိုလည်း အီဖရိမ်က အလေးအနက် ခံယူခဲ့သည်။ အိုက်ခ်မန်းနှင့် ပတ်သက်၍ စုံစမ်းထောက်လှမ်းရာ၌ ဤမျက်မမြင် ဒုက္ခိတသည် မိမိတို့အား တစ်စုံတစ်ရာ အန္တရာယ်ပေးနိုင်မည်မဟုတ်ဟု သဘောရခဲ့သည်။

ထို့နောက် အီဖရိမ်သည် ဟာမန်းနှင့် တွေ့ဆုံခဲ့ပုံများကို အသေးစိတ် ခရေစေ့တွင်းကျ ဖော်ပြ၍ အစ္စရေးသို့ အစီရင်ခံစာတစ်စောင် ပို့လိုက်သည်။ ထို့ပြင် အဆိုပါ အစီရင်ခံစာထဲ၌ မိမိသည် 'ဟတ်ပတ်'အမည်ဖြင့် ဟာမန်းထံသို့ စာတစ်စောင် အကြမ်းရေးထားကြောင်း ယင်းစာတွင် အာဂျင်တီးနားငွေ ပီဆို ၅၀၀၀ (ဒေါ်လာ ၁၃၀ ခန့်ရှိသည်)ကို မိမိအိတ်ထဲမှ စိုက်ထုတ်၍ ဝှက်ထားလိုက်ပြီဖြစ်ကြောင်း၊ လုပ်စရာရှိသည်များကို လုပ်စေလိုကြောင်း စသည်ဖြင့် ပါရှိ၍ ထိုစာကို မကြာမီ ဟာမန်းထံ စာတိုက်မှပို့ရန် စီစဉ်ထားသည်ဟူ၍ ဖော်ပြပါရှိခဲ့သည်။ အီဖရိမ်သည် အဆိုပါစာနှင့် ငွေကို တာလ်မီလက်သို့ ပေးအပ်ခဲ့ပြီး ဤကိစ္စအတွက် အစ္စရေးမှ ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် စာတိုက်မှ ပို့လိုက်ရန် မှာခဲ့သည်။ ထို့ပြင် အီဖရိမ်က ယခုကဲ့သို့ ပထမစာနှင့် ငွေကို ပို့လိုက်ပြီး မကြာမီ ဒုတိယစာတစ်စောင် ထပ်မံပို့သင့်ကြောင်း၊ အဆိုပါစာတွင် ဆက်သွယ်ရမည့် မိမိတို့၏ လိပ်စာအသစ်ကို ထည့်ပေးလိုက်စေလိုကြောင်း၊





ယင်းလိပ်စာသစ်အတွက် အခြားနိုင်ငံ တစ်နိုင်ငံတွင် 'စာတိုက်သေတ္တာ'တစ်ခုကို ငှားရမ်းထားသင့်ကြောင်း စသည်ဖြင့် အကြံပေး ရေးသားလိုက်သည်။

ထို့နောက် အီဖရိမ်သည် ဟာမန်း၏ လိပ်စာကတ်ပြားအချို့နှင့် ချက်လက်မှတ် တစ်ပိုင်းကို တာလ်မီအား ပေးထားခဲ့သည်။

အီဖရိမ်၏ အစီရင်ခံစာတွင် ဆောင်ရွက်စရာရှိသည်များကို အမြန်ဆုံး ဆောင်ရွက်ရန် ကျွန်ုပ်တို့အား အကြံပေး တိုက်တွန်းထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ဟာမန်း၏ သမီးသည် ဤကိစ္စတွင် အထူးအရေးပါ အရာရောက်သူဖြစ်၍ နောက်နှစ်လခန့်ကြာလျှင် သူမသည် အမေရိကသို့ ပညာသင်သွားတော့မည်ဖြစ်ရာ သူမ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ဟာမန်း၏ ဇနီးသည် ဟာမန်းအား ဤကိစ္စတွင် တစ်စုံတစ်ရာ နောက်ထပ်ပါဝင်စွက်ဖက် ဆက်လက်လုပ်ကိုင်ခြင်း မပြုရန် မုချတိုက်တွန်းလိမ့်မည်ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့သည်။

■

www.burmeseclassic.com

## ဟာမန်း၏ ဟာကွက် ပျောက်ကွက်များ

အီဇရိုမ် ဆောဖ်ဆောဖ ယက်တာသည် ၁၉၅၈ ခုနှစ် မေလလယ်တွင် တဲလ်အဗစ်သို့ ပြန်ရောက်လာခဲ့ပြီး ဗျူနိုအဲရစ္စသို့ သူသွားရောက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ နောက်ထပ် ရရှိခဲ့သည့် အချက်အလက်များကို အစီရင်ခံရန် ပြင်ဆင်နေခဲ့ရသည်။ ကျွန်ုပ်သည် သူ့ကို ခေါ်ယူတွေ့ဆုံ၍ အသေးစိတ် မေးမြန်းကြည့်ခဲ့သည်။ သူက ဟာမန်းနှင့်ပတ်သက်၍ သူ့စိတ်ထဲတွင် အားမရသည့် အချက်များကို ထပ်မံပြောကြားခဲ့သည်။ သို့သော် ဟာမန်း၏ဇနီးနှင့် သမီးကိုမူ ယုံကြည်အားထားရကြောင်း ပြောပြခဲ့သည်။

ကျွန်ုပ်အနေဖြင့် ယခု စုံစမ်းသိရှိခဲ့ရသည့် သတင်းများနှင့် ပတ်သက်၍ အရေးကြီးသည့် အချက်အလက်များကို တစ်ခုချင်း ခွဲခြမ်းစိတ်ဖြာ ကြည့်မိသည်။ (ဤအချက်အလက်များမှာ များသောအားဖြင့် ဟာမန်းထံမှ ရရှိခဲ့ခြင်းမဟုတ်ဘဲ သူ့ဇနီးနှင့် သမီးထံမှ ရရှိခဲ့ခြင်းသာ ဖြစ်သည်။) ထို့ပြင် အရေးမကြီးသည့် သတင်းများကိုလည်း ပြန်လည်သုံးသပ်ကြည့်မိသည်။ (ဤသို့သော သတင်းများကိုမူ ဟာမန်းတစ်ဦးတည်းထံမှ ရခဲ့ခြင်းဖြစ်သည်။) ဤသတင်းများမှာ အဓိကအားဖြင့် သံသယဖြစ်စရာ ရှိနေသောကြောင့်ဖြစ်သည်။ ဥပမာဆိုရလျှင် အိုက်ခ်မန်းမျက်နှာကို ပလတ်စတစ် ခွဲစိတ်ကုသမှုဖြင့် ရုပ်ပြောင်းရုပ်လွှဲလုပ်ထားသည်ဆိုသော သတင်းမှာ လုံးဝ ယုတ္တိမရှိသည့် သတင်းပင် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ စတင်၍ သတင်းရယူခဲ့သည့် နေရာဌာနနှင့် ပုဂ္ဂိုလ်ကိုမူ အကြောင်းသဲသဲထားရှိရန်နှင့် ပေါ့ပေါ့တန်တန် သဘောမထားရန် ကျွန်ုပ် သဘောပေါက်ခဲ့သည်။





ဤနေရာတွင် ဟာမန်းသည် သူ၏ဇနီး၊ သမီးတို့နှင့် ပူးပေါင်းကာ စိတ်ကူးယဉ် 'လုံကြွတ်'ဇာတ်လမ်းများကို ဖန်တီးနေသည်ဟု ယူဆစရာအကြောင်းမရှိပေ။ သူတို့အနေဖြင့် အဘယ်ကြောင့် ဤသို့သော လုံကြွတ်ဇာတ်လမ်းကို ဖန်တီးစရာ လိုပါသနည်း။ ယခု သူတို့မိသားစု တစ်ခုလုံး ပါဝင်ပတ်သက်နေကြသည့် ကိစ္စကြီးသည် အဓိပ္ပာယ်မရှိ စွန့်စားခြင်း ဖြစ်ရုံမျှမက အန္တရာယ်ကောင်းသည့် လုပ်ငန်းကြီးပင် မဟုတ်ပါလား။

တစ်ဖန် သူတို့ပြောပြခဲ့ကြသည့် ဇာတ်လမ်းများမှာလည်း အတော်ကလေးယုတ္တိရှိနေသည်ဟု ဆိုနိုင်သည်။ ဆိုပါတော့ အိုက်ခ်မန်း၏ သားပင်ဖြစ်စေ၊ အခြား လူငယ်တစ်ယောက်ပင်ဖြစ်စေ လူငယ်တို့ သဘာဝ သူတို့စိတ်ထဲတွင် ရှိသမျှ ဂျူးများအကြောင်းပဲဖြစ်ဖြစ်၊ သူတို့ သူငယ်ချင်း အပေါင်းအသင်းများကို လွတ်လွတ်လပ်လပ် ပြောတတ်ကြစမြဲပင် ဖြစ်သည်။ သို့လွတ်လပ်စွာ ပြောရာတွင်လည်း သူတို့ ကြီးပြင်းဖြတ်သန်းလာခဲ့ရသည့် အတွေ့အကြုံ အနေအထားအရ ပြောကြမည်သာဖြစ်သည်။ တစ်ချိန်တည်းတွင် ထိုလူငယ်သည် တစ်စုံတစ်ရာ အဟန့်အတားကြောင့် မိတ်ဆွေများကို အိမ်သို့ ဖိတ်ခေါ်ရန် သို့မဟုတ် နေရပ်လိပ်စာများကို ပြောကြားရန် အခက်အခဲ ရှိကောင်းရှိမည် ဖြစ်သည်။ တစ်ဖန် ထိုလူငယ်သည် မိမိ၏ မိန်းကလေး မိတ်ဆွေတစ်ယောက်အား မိမိဖခင်သည် ဂျာမန်တပ်မတော်တွင် စစ်ဗိုလ်တစ်ယောက် ဖြစ်ခဲ့ဖူး၍ 'အဖနိုင်ငံတော်အတွက် အမှုထမ်းခဲ့ဖူးပါသည်' ဟူ၍ ဖွင့်ဟ ပြောကြားခဲ့ခြင်းကို 'မှားသည်'ဟု မည်သို့ ဆိုနိုင်ပါမည်နည်း။ ထို့ပြင် နီကိုးလပ်စ်သည် ဟာမန်း၏ သမီးပျိုကလေးအား သူ့ထံသို့ စာထည့်ရာ၌ ကြားလူတစ်ယောက်၏ လိပ်စာကို အသုံးပြုစေခဲ့သည်မှာလည်း အဆန်းတကြယ် မဟုတ်ဟု ဆိုနိုင်သည်။ အရာရာတွင် စပ်စုတတ်သော သူ့မိသားစုအား သူ့ထံသို့လာသော စာများကို မဖတ်စေလိုသောကြောင့် ဖြစ်ပေလိမ့်မည်။

ဤနေရာတွင် ကျွန်ုပ်သည် မစ္စက်ဟာမန်း ပြောကြားသည့် စကားတစ်ခွန်းကို အထူးပင် ကျေနပ်၍ သဘာဝကျလှသည်ဟု ခံယူမိသည်။ မိခင်တစ်ယောက်သည် သူ့သမီးနှင့် အတူတွဲ၍ သွားသွားလာလာ လုပ်နေသော လူငယ်တစ်ယောက်အကြောင်းကို သိချင်သည်မှာ မည်မျှ သဘာဝကျပါသနည်း။ ထို့ပြင် ဂျာမန်စကားပြောရာတွင် အသံအမျိုးမျိုး ဝဲနေသည့်ကိစ္စနှင့်ပတ်သက်၍ သူမ၏ မေးခွန်းကို ဖြေကြားရာ၌ ဖခင်နှင့်အတူ သွားလေရာရာ အရပ်ဒေသမျိုးစုံသို့ လိုက်နေခဲ့ရသောကြောင့် ဖြစ်ပါသည်ဟူသော ထိုလူငယ်၏ အဖြေ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း သူမအတွက် မည်သို့မျှ စနိုးစနောင့်ဖြစ်စရာ မရှိပါချေ။ အထူးသဖြင့် အာကျင်တီးနားတွင် ဆယ်နှစ်ကျော်မျှ နေလာခဲ့ပြီးဖြစ်သော ဂျာမန်အမျိုးသမီး တစ်ယောက်အနေဖြင့် သူမသည် ဤပြဿနာကို ရေးကြီးခွင်ကျယ်လုပ်၍ စဉ်းစား နေသည် မဟုတ်ဟု ဆိုရမည်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့်လည်း ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက မိမိတို့ သိမ်းပိုက်ထားသည့် နယ်မြေဒေသများသို့ တစ်နေ ရာမှ တစ်နေရာ ရွှေ့ပြောင်းသွားလာခဲ့ကြသည့် ဂျာမန်စစ်ဗိုလ်များ 'ဒုနဲ့ဒေး' ရှိခဲ့ကြသည် မဟုတ်ပါလား။

ဟာမန်းနှင့် ပတ်သက်၍လည်း အီဖရိမ် ပြောသည့်အတိုင်း နေရာတကာ ရေးကြီးသုတ်ပျာ လုပ်တတ်ကိုင်တတ်ပြီး လိုသည်ထက်ပို၍ သူ့ကိုယ်သူ ယုံကြည်မှု လွန်ကဲနေသည် ဆိုသည်မှာလည်း ဖြစ်နိုင်စရာရှိသည်။ သို့သော် သူ့အနေဖြင့် ထိုလူငယ်ကလေးနှင့် သူ့မိသားစု (အိုက်ခ်မန်း)တို့အကြောင်း အသေးစိတ် သိရှိထားပြီး သူသိထားသမျှကို မဆိုင်းမတွ ဂဃနဏ ပြန်လည် ပြောပြနိုင်စွမ်းရှိသည့် အချက်ကိုလည်း လျစ်လျူရှုထား၍ မဖြစ်ပေ။ သို့ဖြစ်ရာ သူ၏ ပဏာမ လေ့လာသုံးသပ်ချက်များသည် မှန်ကန်နေပါက အိုက်ခ်မန်းအစစ် ဟုတ်မဟုတ် စုံစမ်းထောက်လှမ်းရာ၌ သူ့ကိုပင် ဆက်လက်အသုံးချရမည်သာ ဖြစ်သည်။ အကယ်၍ သူတို့ပြောသမျှသည် 'လံကြုတ်'ဇာတ်လမ်းများ ဖြစ်နေ ကြောင်း ပေါ်လွင်ထင်ရှားလာသည်ဆိုလျှင်လည်း ကျွန်ုပ်တို့အတွက် တစ်စုံတစ်ရာ အန္တရာယ်မဖြစ်စေဘဲ သူတို့ဇာတ်လမ်းနှင့် သူတို့ ဆက်၍ စခန်းသွားစေရန် ကြိုးရှည်ရှည်ဖြင့် လံထားရုံသာ ရှိသည်။

အထက်ပါ အထွေထွေသုံးသပ်ချက်များအရ ကျွန်ုပ်သည် အီဖရိမ်၏ ပြောကြားချက်များနှင့် သူ၏ ထင်မြင်ယူဆချက်များအပေါ် ယေဘုယျအားဖြင့် ခြုံ၍ လက်ခံအတည်ပြုခဲ့သည်။

သို့ဖြင့် ဗျူနိုအဲရစ္စရှိ တာလ်မီထံသို့ ကြေးနန်းရိုက်ကာ အီဖရိမ် စီစဉ်ထား ခဲ့သည့်အတိုင်း ဟာမန်းထံသို့ ငွေနှင့် စာတစ်စောင် အမြန်ဆုံးပေးပို့ရန် ညွှန်ကြား လိုက်သည်။ ထို့နောက် ဟာမန်းထံသို့ ဒုတိယစာတစ်စောင် ပေးပို့ရန်အတွက် ကျွန်ုပ်ကိုယ်တိုင် စီစဉ်ခဲ့သည်။

အီဖရိမ်မှာမူ မူလ သူ၏တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင် နေပြီဖြစ်၍ ကျွန်ုပ်တို့ အိုက်ခ်မန်းစစ်ဆင်ရေးတွင် သူ့အား နောက်ထပ်တစ်စုံ တစ်ရာ တာဝန်ပေးခြင်း မပြုတော့ပေ။

▢



ကြာမီ ၁၉၅၈ ခုနှစ် မေလ ၁၉ ရက် နေ့စွဲဖြင့် ရေးလိုက်သော ဟာမန်းထံမှ စာသည် လိပ်စာအသစ်မှုလျက် ကျွန်ုပ်တို့ထံ ရောက်ရှိလာသည်။ သူ့စာထဲတွင် 'ဟတ်ပတ်'ထံမှ ပို့လိုက်သော ငွေနှင့် စာကို လက်ခံရရှိကြောင်း ဖော်ပြထားပြီး ဧပြီလ ၈ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း ဗျူနိုအဲရစ္စမြို့နှင့် ပတ်ဝန်းကျင်တစ်ဝိုက် တွင် သူ လှုပ်ရှားသွားလာ စုံစမ်းထောက်လှမ်းခဲ့သည်များကို ထည့်သွင်းရေးသား ထားသည်။

သူ့စာထဲတွင် ဖော်ပြထားသည်မှာ သူသည် ဗျူနိုအဲရစ္စပြည်နယ် လာပလာတာမြို့ကလေးသို့ သွားရောက်၍ မရွှေ့ပြောင်းနိုင်သော အိုးအိမ်ပစ္စည်း များ မှတ်ပုံတင်ရုံးတွင် စုံစမ်းခဲ့ရာ အိုလီဗော့စ်ရပ်ကွက် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ ရှိ မြေကွက်ကို ၁၉၄၇ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဩစတြေးလျအမျိုးသား တစ်ဦးဖြစ်သူ ဖရန်စွကိုရှမစ် ဆိုသူက ဝယ်ယူခဲ့ကြောင်း၊ အဆိုပါ မြေကွက်ပေါ်တွင် ၁၉၄၇ ခုနှစ်အကုန် ၁၉၄၈ ခုနှစ် အစပိုင်း၌ အိမ်တစ်အိမ် ဆောက်လုပ်ခဲ့ကြောင်း၊ ယင်းအိမ်မှာ အဆောက်အအုံ နှစ်ခုတွဲ ဆားပြီး တစ်ခုမှာ ချာကာဘူကိုလမ်းဘက်သို့လည်းကောင်း၊ အခြားတစ်ခုမှာ ခြံဝင်းဘက်သို့လည်းကောင်း မျက်နှာမူထားကြောင်း ဖော်ပြပါရှိခဲ့သည်။ သို့ဖြင့် ဟာမန်း၏ ဆက်လက်စုံစမ်းချက်အရ အိုလီဗော့စ်ရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အား ဆေးဌာနမှ ထိုအိမ်သို့ မီတာနှစ်ခု တပ်ဆင်ပေးခဲ့ရကြောင်း၊ တစ်ခုမှ ရှေ့မျက်နှာစာ အဆောက်အအုံတွင်ဖြစ်၍ 'ဒါဂိုတို' အမည်ဖြင့် စာရင်းသွင်းထားပြီး ကျန် မီတာတစ်ခုကို နောက်ဖေးဘက်မှ အဆောက်အအုံတွင် တပ်ဆင်ထားပြီး 'ကလီမင့်'ဟူ၍ အမည်ခံထားကြောင်း တွေ့ရှိရသည်။ (အဆိုပါ အမည်နှစ်ခုစလုံး တွင် ထုံးစံအတိုင်း ပါရှိရမည်ဖြစ်သော ရှေ့ဆုံးမှ အမည်များကို လုံးဝ ရှာမတွေ့ ရဟု ဆိုသည်)။

ထိုမှတစ်ဖန် ၁၉၅၅ ခုနှစ်တွင် ဖရန်စစ္စကိုရှမစ်သည် ယင်းမြေကွက်ပေါ်မှ အဆောက်အအုံမရှိဘဲ လွတ်နေသည့် မြေကွက်တစ်ပိုင်းတစ်စကို ခွဲ၍ ရောင်းပစ် ခဲ့ကြောင်း၊ သို့သော် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ မှာ ယခုအထိ မူလပိုင်ရှင် ဖရန်စစ္စကိုရှမစ်၏ အမည်ဖြင့် မှတ်ပုံတင်ထားဆဲဖြစ်ကြောင်း စသည် များကို ဆက်လက်ဖော်ပြထားသည်။

ဟာမန်းသည် အထက်ပါ တရားဝင်နိုင်လုံသည့် အချက်အလက်များကို အခြေခံကာ အောက်ပါအတိုင်း မဆိုင်းမတွ အားပါးတရ ရေးလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



'ဖရန့်စစ္စကိုရှမစ် ဆိုတဲ့ လူဟာ ကျုပ်တို့အလိုရှိနေတဲ့ လူပါပဲ။ ဖရန့်ဖွတ်မြို့က ပို့လိုက်တဲ့ အဒေါ့ဖ်အိုက်ခ်မန်းရဲ့ ပုံပန်းသဏ္ဍာန်နဲ့ တထေရာတည်းပါပဲ။ ကျုပ်ခန့်မှန်းကြည့်ရသလောက် သူ့စိတ်ကူးထဲ ရုတ်တရက်ပေါ်လာတဲ့ နာမည်နှစ်ခုကိုသုံးပြီး လျှပ်စစ်မီတာနှစ်ခုကို အဲဒီနာမည်တွေနဲ့ သွယ်ခဲ့တယ်လို့ ယူဆရပါတယ်၊ ဖရန်စစ္စကိုနဲ့ သူ့မိသားစုဟာ အရှေ့မျက်နှာက အိမ်ခန်းမှာ နေကြပြီး နောက်ဖေးဘက်က အဆောက်အအုံကိုတော့ တခြား အိမ်ထောင်စုတစ်စုကို ငှားထားပါတယ်။ အဲဒီအိမ်ထောင်စုဟာ ဘယ်သူတွေဆိုတာတော့ လောလောဆယ် မသိရသေးပါဘူး။ ဒါပေမဲ့ သူနဲ့သိတဲ့ ကျွမ်းတဲ့ အိမ်ထောင်စုပဲ ဖြစ်ပုံရပါတယ်။ အဲဒီ ဖရန်စစ္စကို ဆိုတဲ့လူကို မြေကွက်ဝယ်တုန်းက တွေ့လိုက်မြင်လိုက်ရတဲ့ လူတွေဆီ ကျုပ်စုံစမ်းကြည့်တော့ အဒေါ့ဖ်အိုက်ခ်မန်းနဲ့ တထေရာတည်း ချွတ်စွပ်တူနေပါတယ်။ ဒီအတောအတွင်း ဖရန်စစ္စကို ဆိုတဲ့လူဟာ ၁၉၄၅ ခုနှစ်က ဂျာမန်ရေငုပ်သင်္ဘော တစ်စင်းနဲ့ အာဂျင်တီးနားကို ရောက်လာတယ်လို့လည်း ကောလာဟလ ပြောနေကြပါတယ်။ ဒါ့အပြင် အဲဒီတုန်းက ဖရန်စစ္စကိုဟာ သူ့မျက်နှာ မတော်တဆ ဒဏ်ရာရလာတဲ့အကြောင်း ပြောပြခဲ့တယ်လို့ အဲဒီတစ်ဝိုက်မှာ ကောလာဟလ ဖြစ်ခဲ့ပါတယ်။ ဒီအချက်အလက်တွေနဲ့ ဒီအကြောင်းတွေကိုကြည့်ပြီး အဲဒီ ဖရန်စစ္စကို (အိုက်ခ်မန်း)ဟာ သူ့မျက်နှာကို ပလတ်စတစ်ခွဲစိတ်မှုနဲ့ ရုပ်ဖျက်ထားတယ်ဆိုတာ သေချာသလောက်ပါပဲ"

ဟာမန်း၏ အစီရင်ခံစာမှ ပထမပိုင်းတွင် ဖော်ပြထားသော အထက်ပါ အချက်အလက်များမှာ ရှင်းရှင်းလင်းလင်းဖြင့် ချီးကျူးစရာကောင်းသည်ဟု ဆိုနိုင်သော်လည်း ဆက်လက်ပါရှိသော ဒုတိယပိုင်းတွင်မူ လက်မခံနိုင်စရာနှင့် ကသိကအောက်ဖြစ်စရာများ တွေ့နေရသည်။ စကားလုံး အသုံးအနှုန်းအားဖြင့် အောက်တန်းကျသလောက် ပထမပိုင်းတွင် ဖော်ပြခဲ့သည့် အချက်အလက်များ ထိုပါ သံသယဖြစ်စရာ အကြောင်းအရာများ ပါဝင်နေသည်ကို တွေ့ရသည်။ အောက်ပါတို့မှာ ဟာမန်း၏ အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည့် အကြောင်းအရာများ ဖြစ်သည်။

'... အိုက်ခ်မန်းအကြောင်းနဲ့ ပတ်သက်လို့ မေလ ၁၃ ရက်နေ့က စ ရှည်နေ့အထိ ဗျူနိုအဲရစ်မှာ ကျုပ် ဆက်လက်စုံစမ်းပြီးတဲ့နောက် သူဟာ ၁၉၄၅ ခုနှစ်က အာဂျင်တီးနားကို ရောက်လာပြီး ဒီနိုင်ငံရဲ့ အတွင်းပိုင်းဒေသကို ထွက်သွားတယ်လို့ သေချာပေါက် သိရပါတယ်။ ဒါကြောင့် အဲဒီအချိန်က





သူ ဘယ်ဒေသရောက်ခဲ့တယ်၊ ဘယ်အရပ်မှာ နေခဲ့တယ်ဆိုတာ လိုက်ပြီး ခြေရာခံဖို့ လိုပါတယ်။ ကျုပ် တစ်ခုတင်ပြချင်တာက ဒီကိစ္စကို ဆက်ပြီးစုံစမ်းဖို့အတွက် ကျယ်ကျယ်ပြန့်ပြန့် နေရာအနှံ့အပြားသွားဖို့ လိုလာပါတယ်။ အထူးသဖြင့် အာဂျင်တီးနားနိုင်ငံ မြောက်ပိုင်းဒေသကို ခရီးတော်တော်များများ ထွက်ရပါလိမ့်မယ်။ အားလုံး စုစုပေါင်း မိုင်ပေါင်းတစ်ထောင်လောက် သွားရ လာရပါလိမ့်မယ်။ ဒီလို သွားဖို့ လာဖို့အတွက် ကျုပ်အနေနဲ့ အစဉ်းစားရကျပ်ပြီး စရိတ်စကလည်း အတော်များများ ကုန်ပါလိမ့်မယ်'

ဆက်လက်၍ ဟာမန်းက သူ့အတွက် ငွေရေးကြေးရေးနှင့် ပတ်သက်သည့် လိုအပ်သမျှကို အသေးစိတ်ဖော်ပြကာ သူ့ထံသို့ ငွေပို့ပေးရန် အစီအစဉ်များကို တင်ပြခဲ့သည်။ ထို့နောက် သူ့အစီရင်ခံစာကို အောက်ပါအတိုင်း နိဂုံးချုပ်ခဲ့သည်။

"ခင်ဗျားပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာ အာဏာပိုင်တွေပဲဖြစ်ဖြစ် ဒီကိစ္စကို ဆက်လက်ဆောင်ရွက်ဖို့အတွက် အချက်အလက်တွေ လိုချင်တယ်ဆိုရင်တော့ ကျုပ်ကိုပဲ အားလုံး အစစ အရာရာ ဆက်ပြီးဆောင်ရွက်နိုင်အောင် စီစဉ်စေချင်ပါတယ်။ ဒီကိစ္စအတွက် စရိတ်စကတွေ အများကြီး ကုန်လိမ့်မယ်ဆိုတာတော့ အထူးပြောစရာ မလိုပါဘူး။ ဒီကုန်ကျစရိတ်တွေကို ကျုပ်အိတ်ထဲက စိုက်ပြီးတော့လည်း မထုတ်နိုင်ပါဘူး။ အဲဒီတော့ ခင်ဗျားဆီက အမြန်ဆုံးအကြောင်းပြန်ပြီး ကျုပ်တောင်းဆိုတဲ့ အချက်တွေကို ဆောင်ရွက်ပေးတာနဲ့ ဇာစ်ပြိုင်နက် ကျုပ်ဆီက နောက်ထပ်သတင်းတွေ ရောက်လာပါလိမ့်မယ်"

အထက်ဖော်ပြပါ အချက်များမှာ ကျွန်ုပ်အတွက် အားလုံး အထူးအဆန်းဖြစ်နေသည်။ အကယ်၍ သူသည် နီကိုးလပ်စ်၏အကြောင်းနှင့် အိုက်ခ်မန်းအိမ်သို့ ရောက်ခဲ့သည့် သူ့သမီးပြောပြချက်များကို လုံးဝ လက်ခံယုံကြည်သည်ဆိုပါက၊ သူ၏ အစီရင်ခံစာ ပထမပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဖရန်စစ္စကို ရှမစ်သည် အိုက်ခ်မန်း ဖြစ်သည်ဟု သေချာပေါက် ပြောနိုင်သည်ဆိုပါက ၁၉၄၅ ခုနှစ်က အာဂျင်တီးနားသို့ အိုက်ခ်မန်း ရောက်လာပြီး သွားလာနေထိုင်ခဲ့သည့် နေရာဒေသများသို့ အဘယ်ကြောင့် အချိန်ကုန် အပင်ပန်းခံပြီး လိုက်လံစုံစမ်းချင်ရပါသနည်း။ သည်အတိုင်းသာ ဆိုပါက မုဆိုးတစ်ယောက်သည် သားကောင်တစ်ကောင်၏ လတ်ဆတ်သော ခြေရာကို တွေ့နေရပါလျက် သားကောင်သွားရာသို့ ဆက်၍မလိုက်ဘဲ သားကောင်လာသည့်လမ်းသို့ နောက်ကြောင်းပြန်၍ ခြေရာခံသည်နှင့် တူနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အိုလီဗော့စ်ရပ်ကွက်တွင် နေရပ်လိပ်စာ အထင်အရှားဖြင့် နေထိုင်လျှက်ရှိသော ဖရန့်စစ္စကိုရှမစ်သည် အိုက်ခ်မန်းပင် ဖြစ်သည်ဟူ၍ ယူဆရော အချက်အလက်များ တွေ့နေပါက ထိုစစ်တရားခံနှင့်ပတ်သက်၍ နောက်ဆုံးအသြအသေး ကွဲကွဲပြားပြား ခွဲခွဲခြားခြား ဆုံးဖြတ်နိုင်ရန် လိုအပ်သည့် အသေးစိတ်အချက်အလက်များကို ချက်ချင်းလက်ငင်း ဆက်လက်၍ ရှာဖွေစုံစမ်း ထောက်လှမ်းရန်သာ ရှိသည်မဟုတ်ပါလား။ အရေးကြီးသည့်အချက်မှာ ဤအချက်ပင်ဖြင့်သည်။ သို့ပါလျှက် ယခင့် ယခင်က အိုက်ခ်မန်း သွားခဲ့ လာခဲ့ နေထိုင်ခဲ့သည့် နေရာများသို့ အာဂျင်တီးနားနိုင်ငံတစ်ခွင် 'ပြုပြုစင်'အောင် လိုက်လံစုံစမ်းထောက်လှမ်းခြင်းဖြင့် ဘာများ အကြောင်းထူးပါဦးမည်နည်း။ ထို့ပြင် ဟာမန်းက 'ကျူပ်ကိုပဲ အစစ အရာရာ ဆက်ပြီးတာဝန်ပေးပါ' ဟူ၍ ဘာကြောင့် တောင်းဆိုရပါသနည်း။

ဤကိစ္စတွင် ကျွန်ုပ်စဉ်းစားမိသမျှ ဖြစ်နိုင်စရာအချက် နှစ်ချက်ရှိသည်။ ပထမအချက်မှာ ဟာမန်း၏ ဓာတ်လမ်းများသည် အစမှ အဆုံးအထိ သူ့စိတ်ကူးထဲမှ ပေါက်ဖွားလာသော 'လုံကြုတ်'ဓာတ်လမ်းများပင် ဖြစ်ရမည်ဟူသော အချက်ဖြစ်သည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ဤသို့ လုံကြုတ်ဓာတ်လမ်းများကို ဖန်တီးသည်ကိုမူ ကျွန်ုပ် စဉ်းစားမရအောင် ဖြစ်နေသည်။ သို့မဟုတ် ဒုတိယအချက်အနေဖြင့် ပထမပိုင်းဓာတ်လမ်းသည် အခြေခံကျ၍ ယုတ္တိရှိခဲ့ရာမှ ဒုတိယပိုင်းဓာတ်လမ်းကို ယင်းသို့ ယုတ္တိရှိအောင် အချက်အလက်များကို ဟိုဟိုသည်သည်မှ ဆွဲထည့်ရင်း ကိုးရိုးကားရား ပုံပျက်ပန်းပျက် ဖြစ်ခဲ့ရသည်ဟု ယူဆရသည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် သူ၏ အစီရင်ခံစာထဲမှ ယင်းသို့ ရှေ့နောက်မညီဘဲ အလွဲလွဲ အချော်ချော်ဖြစ်နေသည့် အချက်များကို ရှင်းပြရန် အတတ်နိုင်ဆုံး ပြေလည်အောင် ရေးသား၍ ညွှန်ကြားလိုက်ရသည်။ ထို့ပြင် ယခင်က ထုတ်ပြထားသည့် ငွေကိုလည်း သူ့ထံသို့ ပို့လိုက်သည်။ တစ်ချိန်တည်းတွင် ဖရန့်စစ္စကိုရှမစ်သည် အိုက်ခ်မန်းဖြစ်နိုင်၊ မဖြစ်နိုင် စုံစမ်းထောက်လှမ်းရန် ဘာလ်မီထံ အကြောင်းကြားလိုက်သည်။ သို့သော် ယင်းသို့ စုံစမ်းထောက်လှမ်းရာ၌ ဟာမန်းကို လုံးဝမသုံးရန် သတိပေးညွှန်ကြားလိုက်သည်။

❐



ဘာလ်မီသည် အကြိမ်ကြိမ် ပင်ပင်ပန်းပန်း စုံစမ်းထောက်လှမ်းခဲ့ပြီးနောက် ဖရန့်စစ္စကိုရှမစ်သည် အိုက်ခ်မန်း မဖြစ်နိုင်ကြောင်း အထောက်အထားများ သိခဲ့ရသည်။ ရှမစ်၏ ပုံပန်းသဏ္ဍာန်နှင့် ကိုယ်ရေးကိုယ်တာ အချက်အလက် အမှတ်အသားများမှာလည်း ကျွန်ုပ်တို့ သိထားသည့် စစ်တရားခံနှင့် လုံးဝမတူကြောင်း တွေ့ရှိခဲ့ရသည်။ ထို့မှမက ရှမစ်ဆိုသူသည် ချာကာဘူကိုလမ်းမှ အိမ်အမှတ် ၄၂၆၁ ၏ ပိုင်ရှင်ဖြစ်သည် မှန်သော်လည်း သူသည် ထိုအိမ်တွင် နေထိုင်ခြင်းမရှိကြောင်း အတိအကျ သိခဲ့ရသည်။

ယင်းသို့ ထောက်လှမ်းတွေ့ရှိချက်များအရ ဟာမန်းအပေါ်တွင် ယခင်က ထားရှိခဲ့သည့် ကျွန်ုပ်တို့၏ ယုံကြည်အားထားချက်များမှာ နောက်ထပ်ပြန်၍ ရင်းစားမရလောက်အောင်ပင် ပျက်စီးသွားခဲ့သည်။ သူသည် အိုက်ခ်မန်းနှင့် ရှမစ်မှာ အတူတူ တစ်ယောက်တည်း ဖြစ်သည်ဟူ၍ ခေါင်းမာစွာဖြင့် ဆက်လက်ပြောကြားခဲ့သည်။ ဤနေရာတွင် သူသည် 'ဖြစ်နိုင်စရာရှိသည်' ဟူသော စကားလုံးကိုပင် မသုံးဘဲထားခဲ့သည်။ ထို့ပြင် ဤအိမ်ကို ငှားနေသူများဖြစ်ကြသော ဒါဂိုတို့နှင့် ကလီမင့်တို့ နှစ်ယောက်အနက် တစ်ယောက်ယောက်သည် အိုက်ခ်မန်းဖြစ်နိုင်သည်ဟူသော အချက်ကိုပင် လက်မခံဘဲ ရှိခဲ့သည်။ ကျွန်ုပ်တို့၏ ထပ်ဆင့်စုံစမ်းထောက်လှမ်း စစ်ဆေးတွေ့ရှိချက်များအရ ဟာမန်း၏ သတင်းများသည် မမှန်မကန် ဖြစ်နေကြောင်း သိလိုက်ရသည်နှင့်တစ်ပြိုင်နက် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် အိုက်ခ်မန်း နေထိုင်လျက်ရှိသည်ဟူသော သူ၏ ပြောကြားချက်ကိုပင် ကျွန်ုပ်တို့ ပထမဆုံးအကြိမ် စတင်၍ သံသယဝင်လာခဲ့ကြသည်။

သို့ဖြစ်ရာ ၁၉၅၈ ခုနှစ် ဩဂုတ်လမှစ၍ ဟာမန်းနှင့် အဆက်အသွယ်ပြုလုပ်မှုများကို တဖြည်းဖြည်း လျှော့ချပစ်ခဲ့သည်။ သို့သော် ဟာမန်းသည် စိတ်မပျက်သေးဘဲ သတင်းများကို ဆက်လက်ပေးပို့နေဆဲပင် ရှိသည်။ ထိုနှစ်ကုန်ပိုင်းလောက်တွင် သူသည် 'ဖရန့်စစ္စကိုရှမစ်ဆိုသူ (သို့မဟုတ်) အိုက်ခ်မန်းဟူသော အမည်ကို ခံယူ၍ အာဂျင်တီးနားတွင် ရှိနေသော လူတစ်ယောက်' ဟူသော အသုံးအနှုန်းဖြင့် ပြောင်းလဲသုံးနှုန်းကာ ထိုသူနှင့် ပတ်သက်သည့် သတင်းများကို ဆက်လက်ပေးပို့ခဲ့ပြန်သည်။ ဤအသုံးအနှုန်းများကို ထောက်ရှု၍ ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် ရှမစ်ဟူသော အမည်ဖြင့်သော်လည်းကောင်း၊ အိုက်ခ်မန်းဟူသော အမည်ဖြင့်သော်လည်းကောင်း နေထိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း သူသိသွားပြီဟု ယူဆရသည်။ သူ့ကိုယ်သူ

www.burmeseclassic.com



စီးပွားရေး သဘောသိတစ်ဦးအဖြစ် ဟန်ဆောင်ကာ အာဂျင်တီးနားတွင် ယာယီနေထိုင်သူများနှင့် ပတ်သက်သည့် မှတ်ပုံတင်ရုံးသို့ သွားရောက်စုံစမ်းခဲ့သည်။ ထို့ရုံး၌ ဂျာမနီတွင် မွေးဖွားသော အဒေါ့ဖ် သို့မဟုတ် အဒေါ့ဖ်အိုက်ခ်မန်း ဆိုသည့် လူတစ်ယောက်နှင့် ဩစတြေးလျတွင် မွေးဖွားခဲ့သည့် ဖရန်စစ္စကို အည်ရှိ လူတစ်ယောက်အကြောင်းကို စုံစမ်းမေးမြန်းခဲ့သည်ဟု သိရသည်။ ယင်းသို့ စုံစမ်းရာ၌ မှတ်ပုံတင်ရုံးသို့ သူတင်သွင်းခဲ့သည့် လျှောက်လွှာတွင် အထက်ပါ နှစ်ယောက်စလုံးသည် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် နေထိုင်သူများ ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ထို့ပြင် အဆိုပါ လျှောက်လွှာ၌ ချာကာဘူကိုလမ်းမှ မြေကွက်ကို အရောင်းအဝယ်လုပ်ရန်နှင့် ပိုင်ရှင်အမည် အပြောင်းအလဲ ပြုလုပ်ရန်အတွက် ဂျာမနီမှ အမှုသည်တစ်ဦး၏ မေတ္တာရပ်ခံချက်အရ ယခုကဲ့သို့ စုံစမ်းရခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ ၁၉၅၉ ခု နှစ်ဦးပိုင်းတွင် ဟာမန်းထံသို့ သူတောင်းသည့် ငွေအချို့ကို ထပ်မံပေးပို့ခဲ့ပြီး ထိုအချိန်မှစ၍ နောက်ပိုင်းတွင် သူနှင့် အဆက်အသွယ် ပြုလုပ်မှုများကို တဖြည်းဖြည်း ဖြတ်တောက်ပစ်ခဲ့သည်။ စောစောပိုင်းက မျှော်လင့်ချက်ကြီးတစ်ခွဲသားဖြင့် ကျွန်ုပ်တို့ထံ ပေးပို့ခဲ့သည့် သတင်းများမှာ ဘာတစ်ခုမျှ အရာမထင်တော့ဘဲ ဖြစ်ခဲ့ရသည်။

❐

မည်သို့ပင်ဖြစ်စေ ဟာမန်းထံမှ ရရှိသော သတင်းများသည် အခြေအမြစ်မရှိဘဲ လုံးဝ သုံးမရသည့် သတင်းများဖြစ်သည်ဟူ၍ ကျွန်ုပ်စိတ်ထဲတွင် ယတိပြတ် သဘောမထားနိုင်အောင် ရှိနေသေးသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် အိုက်ခ်မန်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ စုဆောင်းရရှိထားသည့် အချက်အလက် ဖိုင်တွဲမှတ်တမ်းများကို အကြိမ်ကြိမ် ပြန်၍ ဖတ်ရှုလေ့လာခဲ့မိသည်။ သို့ဖြင့် မည်သည့်အနေအထားမျိုးပင် ရှိနေသည်ဖြစ်စေ ဟာမန်းထံမှ သတင်းများထဲတွင် မှန်ကန်သည့် အချက်အလက်များ အနည်းအကျဉ်းလောက်တော့ ပါဝင်ရမည်ဟု ယူဆမိသည်။ အထူးသဖြင့် ကျွန်ုပ်သည် ဟာမန်း၏ သမီးနှင့် ပတ်သက်သည့် အဖြစ်အပျက်များကို ပြန်လည် လေ့လာသုံးသပ်ရန် လိုသည်ဟု သဘောရမိသည်။ အဘယ့်ကြောင့်ဆိုသော် ဤအဖြစ်အပျက်မှာ အလွန်ပင် ယုတ္တိရှိနေသောကြောင့် ဖြစ်သည်။

ဤနေရာ၌ ဟာမန်းတို့ မိသားစုအားလုံးတွင် တူညီသော အချက်





တခ်ချက် တွေ့ရသည်။ ဤအချက်မှာ သူတို့သည် နှစ်ကိုးလပ်စ်အိုက်ခ်မန်း ဆိုသော လူငယ်တစ်ယောက်နှင့် အဆက်အသွယ် ရှိခဲ့ခြင်းပင်ဖြစ်သည်။ တစ်ဖန် ထိုလူငယ်၏ အသက်အရွယ်နှင့် ပုံပန်းသဏ္ဌာန်များမှာ အိုက်ခ်မန်း၏သား အကြီးဆုံး 'ကလော့စ်'နှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။ 'ကလော့စ်'နှင့် 'နစ်'ဟူသော အသုံးအနှုန်းများမှာ နစ်ကိုးလပ်စ် ဟူသော အမည်၏ အတိုကောက်များပင် ဖြစ်သည်။ ထို့ပြင် နစ်ကိုးလပ်စ်အနေဖြင့် သူ့နေရပ်လိပ်စာကို သူနှင့်တွဲနေသည့် မိန်းကလေးမိတ်ဆွေအား အသိမပေးဘဲ ထားခြင်းသည် သူတို့ မိသားစု၏ ဝလေ့စရိုက်များကြောင့် ဖြစ်သည်ဟု ယူဆစရာရှိနေသည်။

ကျွန်ုပ်တို့သည် ဟာမန်းထံမှ သတင်းများအပြင် တောင်အမေရိကတိုက်သို့ အိုက်ခ်မန်း ရောက်ရှိနေသည်ဟူသော သတင်းအစအနကို အခြားနေရာမှလည်း ရရှိထားခဲ့သည်။ သို့သော် အမှန်အတိုင်းဝန်ခံရလျှင် အဆိုပါ သတင်းအစအန ရရှိခဲ့သည့် နေရာများသို့ ယခုအထိ တစ်စုံတစ်ရာ ဆက်လက်စုံစမ်းထောက်လှမ်းမှုများ မပြုလုပ်ရသေးဘဲ ရှိခဲ့သည်။ အဆိုပါ အတင်းအစအနများထဲတွင် အိုက်ခ်မန်းသည် အာဂျင်တီးနားနိုင်ငံသို့ ရောက်ရှိနေသည်ဟူ၍ အတိအကျ ညွှန်ပြခဲ့သည်များ ရှိခဲ့သည်။ သို့ဖြစ်၍လည်း ဘောယားသည် ဟာမန်းအပေါ်တွင် စိတ်ပျက်သည်မှန်သော်လည်း အာဂျင်တီးနားတွင် အိုက်ခ်မန်း ရှိနေသည်ဟူသော အချက်များကိုမူ ယုံကြည်ဆဲပင် ရှိနေသည်။

တစ်ဖန် ဗီရာအိုက်ခ်မန်းနှင့် သူ၏သားများ ဩစထရီးယားနှင့် ဂျာမနီနိုင်ငံများမှ ပျောက်ကွယ်သွားခဲ့ကြခြင်းသည်လည်း အရေးကြီးသည့် အဖြစ်အပျက်ဟု မှတ်ယူရမည်ဖြစ်သည်။ အကယ်၍ သူမသည် နောက်အိမ်ထောင်ပြုခဲ့ရိုးမှန်ပါက အဘယ့်ကြောင့် သူမနေထိုင်သည့် အရပ်ဒေသကို ခြေရာဖျောက်ထားပါသနည်း။ သူမနှင့် အိုက်ခ်မန်း၏ နှစ်ဖက်သော ဆွေမျိုးအားလုံးတို့ကလည်း အဘယ့်ကြောင့် သူမနှင့် သားများ နေထိုင်ရာအရပ်ကို ဖွင့်မပြောဘဲ ရှောင်နှုတ်ပိတ် လုပ်နေကြပါသနည်း။

သို့ဖြစ်ရာ ဤအချက်များကို သုံးသပ်ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အိုက်ခ်မန်းနှင့် ဗီရာတို့၏ နှစ်ဖက်သော ဆွေမျိုးများထံမှ ရနိုင်သမျှ သတင်းအစအနကို ရှာဖွေကြိုးပမ်း စုံစမ်းထောက်လှမ်းကြရမည်ဟူ၍ ကောက်ချက်ချမိသည်။ ဤနေရာတွင် ကျွန်ုပ်အနေဖြင့် ဗီရာအိုက်ခ်မန်းသည် သူမ၏မိခင်နှင့် မောင်နှမများထံ မရှောင်မလွှဲသာ အဆက်အသွယ်များ ပြုလုပ်လိမ့်မည်ဟု ယူဆထားခဲ့သည်။ ထို့ပြင် အိုက်ခ်မန်းကိုယ်တိုင်လည်း လင့်ဇ်မြို့ရှိ သူ့မိခင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း ဩစတြီးယားနှင့် ဂျာမနီရှိ သူ့ညီအစ်ကိုများနှင့်သော် လည်းကောင်း စာအဆက်အသွယ် ရှိလိမ့်မည်။ ရှိနိုင်သည်ဟု ယူဆရသည်။ အကယ်၍သာ အိုက်ခ်မန်းသည် ယင်းသို့ သူ့ဆွေမျိုးများနှင့် စာပေးစာယူ ရှိနေသည်ဆိုပါက ကျွန်ုပ်တို့ ရှာဖွေထောက်လှမ်းနေသည့် မိသားစုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ သဲလွန်စတစ်ခုခုကို ရနိုင်မည်ဟု မျှော်လင့်ရသည်။

သို့ဖြင့် ကျွန်ုပ်တို့၏ စုံစမ်းထောက်လှမ်းမှုများကို တိုးချဲ့ဆောင်ရွက်သွားရန်အတွက် အရေးကြီးသည့် စစ်တရားခံများအနက် ပထမ ရှေးဦးစွာ အိုက်ခ်မန်းအား သီးခြားတာဝန်ယူ၍ စုံစမ်းထောက်လှမ်းရမည့် အထူးထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်လိုက်သည်။ အဆိုပါ အထူးထောက်လှမ်းရေးအဖွဲ့ကို ခေါင်းဆောင်ရန်အတွက် ဟီလဲလ်အင်ကာဆိုသူ ဝါရင့် စုံထောက်တင်ဦးအား တာဝန်ပေးအပ်ခဲ့သည်။ ဌာနအသီးသီးတွင် စုဆောင်းရရှိထားကြသည့် ဘာရှုက်စာတမ်း အထောက်အထား အချက်အလက် အားလုံးကို အဆိုပါ အထူးထောက်လှမ်းရေးအဖွဲ့သို့ ပေးအပ်ခဲ့သည်။ တစ်ချိန်တည်းတွင် အစ္စရေးနိုင်ငံတွင်းနှင့် နိုင်ငံအပြင်အပတွင် တာဝန်ကျနေကြသော ထောက်လှမ်းရေးအရာရှိ အားလုံးကိုလည်း အိုက်ခ်မန်းနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းများကို ဆက်လက်ထောက်လှမ်းကြရန်နှင့် အိုက်ခ်မန်းအား ရှာဖွေဖော်ထုတ်ပေးနိုင်မည့် လူပုဂ္ဂိုလ်များ၏ နေရပ်လိပ်စာများကိုပါ စုံစမ်းပေးပို့ကြရန် ညွှန်ကြားခဲ့သည်။

သို့သော် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများမှာ မျှော်လင့်သလောက် အရာမရောက်ဘဲ ဖြစ်ခဲ့သည်။

နိုင်ငံတကာမှ ရောက်ရှိလာသည့် သတင်းများအနက် ၁၉၅၉ ခုနှစ်၊ ဧက်ဘင်ဘာလအတွင်း လက်ခံရရှိခဲ့သည့် သတင်းတစ်ပုဒ်တွင် အိုက်ခ်မန်းအား ၁၉၄၈-၅၆ နှင့် ၅၉ ခုနှစ်များက 'ဘက်အော်ဆီး' သို့မဟုတ် အော့ထ်အော်ဆီး ကြီးဆေး (ALTAUSEES)တွင် တွေ့မြင်ခဲ့ရသည်ဟု ပါရှိသည်။ သို့သော် ထိုသတင်းကို ပြန်လည်စုံစမ်း စစ်ဆေးကြည့်သောအခါ အခြေအမြစ်မရှိသည့် သတင်းဖြစ်နေသည်ကို တွေ့ရသည်။

ထိုသို့ပင်ဖြစ်စေ ကျွန်ုပ်သည် အိုက်ခ်မန်းအား ထောက်လှမ်းရှာဖွေသည့် လုပ်ငန်းကို အဘတ်နိုင်ဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ထားခဲ့သည်။ တစ်ချိန်တည်းတွင် ဒေါက်တာဘောယားနှင့် အဆက်အသွယ်များ





ပိုမိုပြုလုပ်ကာ ရနိုင်သမျှ သတင်းအစအနနှင့် သဲလွန်စများကို လက်လွှတ်မခံဘဲ အစွမ်းကုန် ကြိုးပမ်းစုံစမ်းပေးပါရန် တိုက်တွန်းခဲ့သည်။

သို့ဖြစ်သည့်အတိုင်း ၁၉၅၉ ခု နှစ်လယ်လောက်တွင် ဘောယားထံမှ သဲလွန်စ သတင်းအသစ်တစ်ခု ရရှိခဲ့သည်။ ဤသဲလွန်စသတင်းမှာ အာဂျင်တီးနားမှပင် ရောက်ရှိလာခြင်းဖြစ်သည်။ သူ၏ အကြောင်းကြားစာတွင် ယခုနောက်ဆုံးရရှိသော သတင်းနှင့် ဤသတင်းကို ပေးပို့ခဲ့သည့် ပုဂ္ဂိုလ်မှာ အထူးပင် ယုံကြည်စိတ်ချရသူဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် ဤသတင်းကို အပြည့်အစုံ မပေးပို့မီ ပို၍သေချာသည်ထက် သေချာခိုင်လုံအောင် ဆက်လက်စုံစမ်းစရာများ ရှိနေပြီး ထိုသို့ စုံစမ်းရာ၌ အချိန်အနည်းငယ် ယူရမည်ဖြစ်ကြောင်း သိရသည်။ မည်သို့ပင်ဖြစ်စေ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလတွင် သူသည် အစ္စရေးသို့ အလည်အပတ် ရောက်ရှိလာမည်ဖြစ်ရာ ထိုအချိန်တွင် ထိုသတင်းနှင့် ပတ်သက်သမျှ အခြေအနေ အချက်အလက်အားလုံးကို ယူဆောင်လာနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုအချိန်မတိုင်မီအတွင်း ကျွန်ုပ်တို့၏ လုပ်ငန်းများကို အထူးလျှို့ဝှက် လုပ်ကိုင်သွားကြရန် ထိန်းချုပ်စီစဉ်ထားကြရသည်။ အထူးသဖြင့် အိုက်ခ်မန်းအား ခြေရာခံသည့် ကျွန်ုပ်၏ ကြိုးပမ်းမှုမှာ တိုးတက်ထိရောက်လျက်ရှိနေကြောင်း အိုက်ခ်မန်းအနေဖြင့် လုံးဝ မရိပ်မိအောင် သတိထားခဲ့ကြရသည်။ သို့ပါလျက် သည်ကြားထဲမှာပင် ၁၉၅၉ ခု အောက်တိုဘာလ ၁၁ ရက် နေ့စွဲဖြင့် ထုတ်ဝေခဲ့သော အစ္စရေးသတင်းစာများတွင် စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ပါလာခဲ့သည်။ ယင်းသတင်းအရ အိုက်ခ်မန်းသည် ယခုအခါ ကူဝိတ်နိုင်ငံရှိ ရေနံကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသည်ဟု ဖတ်ရှုရသည်။ ဤသတင်းကို လုဝစ်ဘတ်မြို့ရှိ နာဇီစစ်ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးရေးဌာန၏ အကြီးအကဲဖြစ်သူ ဒေါက်တာ အာဝင်ရှုးလ်က ထုတ်ပေးခဲ့သည်ဟု သိရသည်။

အမှန်စင်စစ် ဤသတင်းကို သတင်းစာဆရာများသည် စောစောပိုင်းကပင် ရရှိခဲ့ကြပြီးဖြစ်သည်။ သို့သော် သတင်းစာများတွင် ဖော်ပြခြင်းမပြုဘဲ ရက်ပေါင်းများစွာ ရေငုံနေခဲ့ကြသည်။ ဤသည်မှာ အကြောင်းရှိသည်။ ထိုအချိန် ထိုအခါက နိုင်ငံအများအပြားမှ အမျိုးမျိုးသော အဖွဲ့အစည်းများသည် အိုက်ခ်မန်း နောက်သို့ ခြေရာခံလိုက်နေကြသည် ဟူသော သတင်းများ ထွက်ပေါ်လျက် ရှိနေသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ သတင်းစာများတွင် ထိုသတင်း

www.burmeseclassic.com



အိုက်ခ်မန်းသတင်း ပါလာပြီးနောက် စာဖတ်ပရိသတ်ထံမှ ဤကိစ္စနှင့်ပတ်သက်၍ ယခင်က အိုက်ခ်မန်းအား မိအောင် မဖမ်းနိုင်သည်ကို ပြစ်တင်ရှုတ်ချကာ အမြန်ဆုံး မိအောင်ဖမ်းဆီးရန် တိုက်တွန်းသည့် ပေးစာများ သတင်းစာတိုက်များသို့ အမြောက်အမြား ရောက်လာခဲ့သည်။ ယင်းသို့ အုတ်အော်သောင်းတင်းဖြစ်နေချိန်မှာပင် ထိုသတင်းကို ထုတ်ပြန်ခဲ့သည့် နာဇီစစ်ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးရေးဌာနမှ အကြီးအကဲ ဒေါက်တာအာဝင်သည် သူ့အပေါ် ပုံကျလာသည့် တာဝန်ကို ခေါင်းရှောင်သည့်အနေဖြင့် အိုက်ခ်မန်းသည် ကူဝိတ်နိုင်ငံသို့ လွှတ်ခဲ့သည့် သုံးလေးနှစ်ကပင် ရောက်ရှိနေကြောင်း ခိုင်လုံသည့်သတင်းများ မိမိ ထပ်မံရရှိခဲ့သည်ဟူ၍ ထုတ်ဖော်ကြေညာခဲ့သည်။ သို့သော် တကယ့်တကယ်အားဖြင့်မူ အိုက်ခ်မန်းသည် ထိုနိုင်ငံသို့ လုံးဝ မရောက်ခဲ့သည်မှာ ထင်ရှားသည်။

သို့သော် အိုက်ခ်မန်းအား လက်ရဖမ်းဆီးရန်နှင့် ယင်းကိစ္စအတွက် ဝါဒဖြန့်သည့် သတင်းဆောင်းပါးများမှာ သတင်းစာများတွင် အဆက်မပြတ် ပါနေခဲ့သည်။ ကျွန်ုပ်မှာ ဤသတင်းဆောင်းပါးများနှင့် ဝါဒဖြန့်မှုများကို ရပ်ဆိုင်းပစ်နိုင်သည့် အနေအထားမျိုး မရှိဘဲဖြစ်နေသည်။ အထူးသဖြင့် တစ်စုံတစ်ရာ မလိုလားအပ်သည့် အာရုံစိုက်မှု တစ်ခုခုမလုပ်ဘဲ ယင်းသို့ ရပ်တန့်က ရပ်ကြရန် မည်သို့မျှ မတတ်နိုင်ဘဲ ရှိနေခဲ့သည်။ ဤအတိုင်းသာဆိုလျှင် သတင်းစာများမှ ရေးသားဖော်ပြချက်များသည် အိုက်ခ်မန်းအား အချက်ပြ သတိပေးသလိုဖြစ်နေသည်မှာ သေချာသည်။ သို့ဖြစ်ရာ မတတ်နိုင်သည့်အဆုံး ကျွန်ုပ်သည် ကူဝိတ်နိုင်ငံသို့ အိုက်ခ်မန်း ရောက်နေသည်ဆိုသော ကောလာဟလ သတင်းကိုပင် လူအများ တကယ်ထင်မှတ်လာအောင် လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်ရသည်။ ထို့မှုမက အိုက်ခ်မန်းနှင့်တကွ သူ့မိတ်ဆွေများအတွက် ဤသတင်းကို အကြောင်းပြု၍ တစ်စုံတစ်ရာ ထိတ်လန့်တကြား အရေးတကြီးမဖြစ်စေရန် နောက်ဆက်တွဲ အသေးစိတ်သတင်း အများအပြားကိုပါ ရှာဖွေလုပ်ကြံ၍ သတင်းစာများတွင် ထည့်သွင်းခဲ့ရသည်။ အမှန်စင်စစ် အစိုးရအဖွဲ့အား ပြင်းပြင်းထန်ထန် ဆဲပန်ရေးသားကြသည်များကို မည်သို့မျှ မတတ်နိုင်ဘဲရှိကြရာ ယခုလို အနေအထားတွင် တိတ်တိတ်နေခြင်းသည် တစ်ခုတည်းသော ပရိယာယ်ဟူ၍ပင် ထင်မြင်ခဲ့သည်။

သို့သော် အရာရာတိုင်းတွင် တိတ်တိတ်နေရန် မဖြစ်သည့်အခါမျိုးလည်း ရှိတတ်သည်။ ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် 'ကနက်ဆက်'





(အစ္စရေးလွှတ်တော်)တွင် ပီရက်ဘန်းစတိန်းဆိုသူ ကိုယ်စားလှယ်တစ်ဦးက အိုက်ခ်မန်းအား မိအောင်ဖမ်းဆီး၍ စစ်ဆေးအပြစ်ပေးနိုင်ရန်အတွက် လိုအပ်သည့် အစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိမရှိ ဝန်ကြီးချုပ်အား မေးမြန်းလာခဲ့သည်။ ဝန်ကြီးချုပ်က ဤမေးခွန်းကို မည်သို့ဖြေကြားသင့်ကြောင်း ကျွန်ုပ်အား တစ်ဆင့်မေးမြန်းခဲ့သည်။ ကျွန်ုပ်က ပီရက်ဘန်းစတိန်းကဲ့သို့သော ပုဂ္ဂိုလ်သည် ဤမေးခွန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ကြိုးပမ်းလုပ်ဆောင်ချက်များကို သူ့အား ခေါ်ယူရှင်းလင်း ပြောပြခဲ့ပါက လွှတ်တော်ထဲတွင် ဖြေကြားခြင်း မပြုသည်ကို တစ်စုံတစ်ရာ ပြဿနာလုပ်လိမ့်မည်ဟု မယူဆကြောင်းဖြင့် ကျွန်ုပ်၏ သဘောထားကို ဝန်ကြီးချုပ်အား တင်ပြလိုက်သည်။

ကျွန်ုပ်၏ သဘောထားနှင့် အကြံဉာဏ်ကို ဝန်ကြီးချုပ်က လက်ခံဆောင်ရွက်ခဲ့သည်။ သို့ဖြင့် လွှတ်တော်ကိုယ်စားလှယ် ဘန်းစတိန်းသည် သူ၏မေးခွန်းကို ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။

သို့သော် ကူဝိတ်နိုင်ငံတွင် အိုက်ခ်မန်း ရောက်ရှိနေသည်ဆိုသော ကောလာဟလနှင့် ပတ်သက်၍ ဂယက်တို့ပြန်ရိုက်ခတ်မှုများမှာ ပြေပျောက်သွားခြင်း မရှိခဲ့ရုံမျှမက ဂျာမနီတွင် ဂျူးဆန့်ကျင်ရေး လှုပ်ရှားမှုတစ်ရပ် ပြင်းပြင်းထန်ထန် ဖြစ်ပွားပေါ်ပေါက်၍ပင် လာခဲ့သည်။ ထိုဆန္ဒပြလှုပ်ရှားမှုသည် ဂျာမနီမှ တစ်ဆင့် ကမ္ဘာ့နိုင်ငံအများအပြားသို့ ကူးစက်သွားခဲ့သည်။ ၁၉၅၉ ခု၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက်တွင် မကြာမီက အသစ်ဆောက်လုပ်ပြီးစီးခဲ့သော ဂျူးအမျိုးသား ဘာသာရေး အဆောက်အအုံတစ်ခု၏ အုတ်နံရံတွင် စကြာတံဆိပ်နှင့် ဂျူးဆန့်ကျင်ရေး ကြွေးကြော်သံများ ရေးသားထားသည်ကို တွေ့ကြရသည်။ အလားတူ ဖြစ်ရပ်များသည် နိုင်ငံအများအပြားတွင် ထပ်မံပေါ်ပေါက်လာခဲ့သည်။ ရက်အနည်းငယ်အတွင်း ဂျူးဆန့်ကျင်ရေးနှင့် နာဇီလိုလားသော ကြွေးကြော်သံများသည် အနောက်ဥရောပနိုင်ငံ အားလုံးသို့ ကူးစက်ပြန့်ပွားလာခဲ့သည်။ ထို့မှုမက ဂျူးအမျိုးသားအဖွဲ့အစည်းများနှင့် ဂျူးအမျိုးသားခေါင်းဆောင်များအား ခြိမ်းခြောက်မှုများ အပါအဝင် ထိုသို့သော အုံကြွမှုများသည် မဲလ်ဘုန်း (ဩစတြေးလျ)၊ နယူးယောက် (အမေရိကန်)နှင့် ဗျူနိုအဲရစ္စ (အာဂျင်တီးနား) စသည့် မြို့ကြီးများတွင်ပါ ဆက်လက်ဖြစ်ပွားလာခဲ့သည်။

ယင်းသို့ စကြာတံဆိပ်များနှင့် ဂျူးများအား ဆန့်ကျင်ရှုတ်ချသည့် လုပ်ရပ်များ ကမ္ဘာနှင့်အဝန်း ပေါ်ပေါက်လာသည့်အတွက် အစ္စရေးလူမျိုးနှင့် အစ္စရေးနိုင်ငံတွင် စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာခဲ့သည်။ အမှန်စင်စစ်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအများအပြားမှ အစိုးရအဖွဲ့များသည် ယင်းသို့သော အုံကြွလှုပ်ရှားမှုများကို မည်သို့ ဘုံပြန်အရေးယူခဲ့၍ ဂျူးအမျိုးသား အဖွဲ့အစည်းများအား မည်သို့ အကာအကွယ် ပေးခဲ့သည်များကို လူသိထင်ရှား ထုတ်ဖော်ကြေညာခဲ့ကြသော် လည်း ဤသို့သော အရေးယူ လုပ်ဆောင်ချက်များသည် တစ်ဖက်မှ ပြင်းထန် ကြီးမားသည့် လှုပ်ရှားမှုများနှင့်စာလျှင် အရာမရောက်ဘဲ မလုံမလောက်ဖြစ် နေသည်ဟု အများက ခံယူသူသဘောပေါက်လျက် ရှိကြသည်။ အစ္စရေးသတင်းစာ များကလည်း နိုင်ငံအားလုံးတွင် အကြမ်းဖက်သည့် ဆန္ဒပြပွဲများ ပေါ်ပေါက် လာအောင် အပြည်ပြည်ဆိုင်ရာ ဂျူးဆန့်ကျင်ရေး အဖွဲ့အစည်းတစ်ခုက ညွှန်ကြား လုပ်ဆောင်နေသည်ဟု ယူဆရကြောင်း အလေးအနက် ဖော်ထုတ်ရေးသားလာ ကြသည်။

နေရာအနှံ့အပြားတွင် ဖြစ်ပွားခဲ့သော အုံကြွလှုပ်ရှားမှုများမှာ ပိုမိုကြီးထွား လာခဲ့ရာ ဤလှုပ်ရှားမှုများနှင့်အတူ အိုက်ခ်မန်း၏ အမည်သည်လည်း သတင်းစာ များတွင် မရှောင်မလွှဲသာဘဲ မကြာခဏ ပါလာခဲ့သည်ကို တွေ့ကြရသည်။ ဤတွင် တတိယဂျာမန်အင်ပိုင်ယာကြီး၏ ဘဏ္ဍာတော်တိုက်မှ ရွှေငွေပစ္စည်း ဥစ္စာများကို နိုင်ငံရပ်ခြားသို့ သယ်ယူသွားကြပြီး ဥရောပတိုက်တွင် ဂျူးဆန့်ကျင် ရေး ဗဟိုဌာနချုပ်တစ်ခု ဖွဲ့စည်းကာ ငွေကြေးထောက်ပံ့၍ ဆူပူလှုပ်ရှားမှုများကို လှုံ့ဆော်ဖန်တီးနေကြသည့် နာဇီခေါင်းဆောင်များအနက် အိုက်ခ်မန်းသည် အရေးပါသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ဟူ၍ ပြောလာကြသည်။

ထို့ပြင် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ယင်းသို့ တစ်ကမ္ဘာလုံးအနှံ့အပြား ပေါ်ပေါက်ဖြစ်ပွားနေသည့် ဂျူးဆန့်ကျင်ရေး ဆူပူ လှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာ၌ ဤသို့သော အုံကြွမှုများကို ကြိုးကိုင်ညွှန်ကြားနေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်တည်ရှိနေသည်ဟု ယုံကြည် ယူဆရသည့်အတွက် 'ဤကိစ္စ ရပ်များကို ဖော်ထုတ်နိုင်စွမ်းရှိသည့် ကျွန်ုပ်တို့ အစိုးရဌာနတစ်ခုအား နိုင်ငံ အများအပြားတွင် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရန် တာဝန်ပေးအပ်ထားပြီး ဖြစ်ကြောင်း' ထုတ်ဖော်ကြေညာခဲ့သည်။

အမှန်စင်စစ် ကျွန်ုပ်တို့အား ယင်းသို့ စုံစမ်းထောက်လှမ်းရန် တာဝန် ပေးအပ်လိုက်ခြင်းသည် အိုက်ခ်မန်းအား ဖမ်းဆီးရန် ကြိုးပမ်းနေကြသော ကျွန်ုပ် တို့၏ သုံးဆောင်ချက်များနှင့် အံဝင်ခွင်ကျ ဖြစ်လာခဲ့သည်။ ထို့မှုမက နာဇီ ဝါဒ အသစ်တစ်ဖန် ပြန်လည်ဂယက်ထလာခြင်းသည် ကျွန်ုပ်တို့၏ စစ်ဆင်





ရေးကို အရေးအကြီးဆုံး လုပ်ငန်းတာဝန်ကြီးတစ်ခုအဖြစ် ဖန်တီးပို့ဆောင်ပေး လိုက်ခြင်းပင် ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်အတွက် ရှင်းနေသည့် အချက်တစ်ချက် ရှိသည်။ ယင်းအချက်မှာ အခြားမဟုတ်၊ အိုက်ခ်မန်းအား အမိဖမ်း၍ အစ္စရေးနိုင်ငံတွင် ရုံးတင်စစ်ဆေးနိုင်သည်နှင့် တစ်ပြိုင်နက် နာဇီမှုတ်ကောင်ကြီး၏ နောက်တစ်ဖန် ခေါင်းထောင်ထရန် ကြိုးပမ်းမှုများကို မိမိရရကြီး ဖျက်ဆီးရိုက်ချိုးချနိုင်လိမ့်မည် ဟူသော အချက်ပင်ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အာဂျင်တီးနားသို့
## နောက်တစ်ခေါက် - နောက်တစ်ယောက်

၁၉၅၉ ခု၊ ဇန်နဝါရီလတွင် အစ္စရေးသို့ ဒေါက်တာဘောယား ယူဆောင်လာသည့် နောက်ဆုံးသတင်းမှာ အလွန့်အလွန် အရေးကြီးသည့် သတင်းဖြစ်နေသည်။ ဤသတင်းအရ အိုက်ခ်မန်းသည် စစ်ကြီးအပြီးတွင် ကရိုးရှားကျွန်းမှ ခင်ကြီးများ၏ အစောင့်အရှောက်ဖြင့် ဂျာမန်ခရစ်ယာန်ဝတ်ပြုကျောင်း‌ တစ်ကျောင်းတွင် ပုန်းအောင်းနေခဲ့သည်ဟု ဆိုသည်။ ထို့နောက် ၁၉၅၀ ပြည့်နှစ်တွင် ဩစတြီးယားရှိ သူ့ဇနီးထံ သွားရောက်လည်ပတ်ခဲ့သည်။ ထိုအချိန်တွင် သူသည် 'ရီကာဒို ကလီမင့်' ဟူသော အမည်သစ်ကို ခံယူ၍ အမျိုးသားမှတ်ပုံတင်ကတ်ပြားနှင့် သက်သေခံ အထောက်အထား စာရွက်စာတမ်းများ အပြည့်အစုံ ရရှိနေပြီဖြစ်သည်။ ထို့နောက် နိုင်ငံတကာကြက်ခြေနီ နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်၍ အာဂျင်တီးနားနိုင်ငံသို့ သင်္ဘောဖြင့် ရောက်သွားခဲ့သည်၊ လမ်းခရီးတွင် ရီကာဒိုကလီမင့် ဟူသော အမည်ကိုပင် အသုံးပြုခဲ့သည်။ ဗျူနိုအဲရ္စမြို့တော်သို့ ရောက်သွားသောအခါ သူသည် အဆိုပါနာမည်သစ်ဖြင့် အမျိုးသားမှတ်ပုံတင်ကတ်ပြား ရယူခဲ့၍ ၁၉၅၂ ခုနှစ်အတွက် တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင်လည်း 'ရီကာဒိုကလီမင့်' ဟူသော အမည်ကိုပင် စာရင်းပေးသွင်းခဲ့သည်၊ ကလီမင့်သည် အိုလီဗော့စ်ရပ်ကွက်တွင် အဝတ်များလျှော်ဖွပ်သည့် [illegible]လုပ်ငန်းကို ကာလအတန်ကြာအောင် လုပ်ကိုင်ခဲ့သည်။ သို့သော် ယင်းလုပ်ငန်းမှာ အောင်မြင်ဘဲ စားဝတ်နေရေး ကျပ်တည်းခဲ့ရသည်ဟု ဆိုသည်။





၁၉၅၂ ခုနှင့် ၁၉၅၃ ခုနှစ်လောက်တွင် ကလီမင့်သည် ဖာလ်ဒနာကုမ္ပဏီ အမည်ရှိ ဘဏ်လုပ်ငန်းတစ်ခုနှင့် အဆက်အသွယ်ရကာ ယင်းကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ကုမ္ပဏီ၏ လိပ်စာမှာ ဗျူနိုအဲရစ္စမြို့တော် ဒီဘာရိပ်သာလမ်း အမှတ် ၃၇၄ ဖြစ်၍ တယ်လီဖုန်းနံပါတ်မှာ ၃၂၈၇၈၅ ဖြစ်သည်။

ကလီမင့် အလုပ်လုပ်နေသည့် ဘဏ်လုပ်ငန်းပိုင်ရှင်မှာ ဂျာမန်အမျိုးသားတစ်ယောက်ပင်ဖြစ်၍ အာဂျင်တီးနားတွင် ကာလအတန်ကြာကပင် လာရောက်အခြေချ နေထိုင်ခဲ့သူဖြစ်သည်။ သူသည် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းကို ဝါသနာပါ၍ စိတ်ဝင်စားသည့်အလျောက် C.A.P.R.I ဟူသော အမည်ဖြင့် ယင်းလုပ်ငန်းကို ဖွင့်လှစ်ကာ တွဲဖက်လုပ်ကိုင်လာခဲ့သည်။ ရီကာဒိုကလီမင့်သည် အဆိုပါ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဘက်သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ကျော်လွန်လာသည့် ၁၉၅၂ ခုနှစ်လောက်တွင် သူသည် တူကူမန်မြို့နှင့် မလှမ်းမကမ်းတစ်နေရာတွင် တည်ထောင်ဖွင့်လှစ်ထားသည့် ယင်းကုမ္ပဏီ၏ အဆောက်အအုံတွင် အလုပ်လုပ်နေခဲ့သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် တစ်စုံတစ်ယောက်သောသူက ဖာလ်ဒနာကုမ္ပဏီသို့ လှမ်း၍ ရီကာဒိုကလီမင့်အကြောင်းကို စုံစမ်းမေးမြန်းခဲ့ရာ ကုမ္ပဏီက 'ကျွန်တော်တို့နဲ့အတူ ရှိနေပါသေးတယ်' ဟူ၍ ပြန်ကြားခဲ့သည်ဟု သိရသည်။

တစ်ခါက ဘိုလီဗီးယားနိုင်ငံ၌ ဆူပူအုံကြွမှုများ ဖြစ်ပွားခဲ့ရာ ကလီမင့်၏ နောက်ခံဇာတ်ကို သိထားပြီးဖြစ်သော မိတ်ဆွေတစ်ဦးက 'ကလီမင့်'အား ဘိုလီဗီးယားသို့ သွားရောက်၍ နိုင်ငံတော်လုံခြုံရေးဌာနတွင် အမှုထမ်းရန် အကြံပေးပြောကြားခဲ့သည်။ ထိုသို့ အကြံပေးခဲ့စဉ်က ထိုမိတ်ဆွေအား ကလီမင့်က 'နိုင်ငံတော်လုံခြုံရေးဆိုတဲ့ စကားကို ကြားလိုက်ရတော့ ကျုပ်စိတ်ထဲမှာ ဟိုတုန်းကလို လူသတ်ချင်တဲ့စိတ်တွေ ပြန်ပေါ်လာမိတယ်' ဟူ၍ ပြောကြားခဲ့ကြောင်း သိရသည်။

□

အထက်ပါ သတင်းများနှင့် ပတ်သက်၍ မည်သူ့ထံမှ မည်သို့ရရှိခဲ့သည်များကို ဘောယားသည် လုံးဝ ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ရှိနေသည်။ သို့ရာတွင် ကျွန်ုပ်သည် ဤသတင်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့အနေဖြင့် တင်မျိုးတစ်ဖုံ အပြောင်းအလဲကြုံလာပြီကို ချက်ချင်းနားလည်လိုက်၍ ကျွန်ုပ်သည်

www.burmeseclassic.com



သွားရမည့် ခရီးလမ်းမှာ ဖြောင့်တန်းနေပြီဟူ၍ ယူဆလိုက်မိသည်။ ကျွန်ုပ်အတွက် မရှင်းမရှင်းဖြစ်စရာ ပြဿနာဟူ၍ တစ်ခုသာရှိသည်။ ယင်းပြဿနာကို ရှင်းပြရန်လည်း ဘောယားကို တောင်းဆိုခဲ့ရသည်။ ယင်းပြဿနာမှာ 'ယခု နောက်ဆုံး ရရှိသည့် သတင်းများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဟာမန်းနှင့် ဆက်စပ်ပတ်သက်ခြင်း မရှိပါ' ဟူ၍ မည်သူက အာမခံနိုင်ပါမည်နည်း။ ကျွန်ုပ်၏ မေးခွန်းကို ဘောယားက ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပင် ပြန်ဖြေသည်။ ဤသတင်းမှာ 'ဟာမန်းနှင့် လုံးဝပတ်သက်ခြင်းမရှိ၊ ဘယ်လိုမှ ပတ်သက်စရာအကြောင်းလည်း မရှိနိုင်၊ ဘာတစ်ခုမှ အဆက်အသွယ် မရှိ' ဟူ၍ဖြစ်သည်။

ယခုဆိုလျှင် ကျွန်ုပ်မှာ အတော်ကလေး စိတ်ချမ်းသာသွားရပြီဖြစ်သည်။ ရှေးဦးစွာ ပထမအချက်မှာ ဟာမန်းနှင့်ပတ်သက်၍ အနှောင့်အယှက် စိုးရိမ်ချက်များ ရှင်းလင်းသွားခြင်းဖြစ်သည်။ နောက်တစ်ချက် ခေါင်းအေးသွားရသည်မှာ အိုက်ခ်မန်းသည် အာဂျင်တီးနားတွင် ရှိနေသည်ဟူသော ကျွန်ုပ်တို့မူလ လက်ဝယ်ရရှိထားသည့် သတင်းအား ထပ်မံ၍ အတည်ပြုလိုက်သောကြောင့်ပင်ဖြစ်သည်။

ကျွန်ုပ်သည် ယခု နောက်ထပ်ရရှိခဲ့သည့် သတင်းများနှင့် ပတ်သက်၍ ယင်းအဆက်အသွယ်ကို ယုံကြည်အားထားစရာ အချက်အလက်များ မည်ရွေ့မည်မျှ ရှိသည်ကို မပြောနိုင်ဘဲ ဖြစ်နေသော်လည်း ကျွန်ုပ်၏ မျက်စိထဲတွင် ဤရှုပ်ထွေးဆန်းကြယ်လှသည့် ဇာတ်လမ်းကြီးတစ်ခုလုံး၏ သော့ချက်သဖွယ်ဖြစ်သော အရာတစ်ခုကို ဖျတ်ခနဲ သတိပြုလိုက်မိသည်။ ၎င်းမှာ အခြားမဟုတ် 'ရိကာဒိုကလီမင့်' ဟူသော အမည်ဖြစ်သည်။

ကလီမင့် (သို့မဟုတ် ကလီမင့်စ်) ဟူသော အမည်သည် ဟာမန်း၏ အဒိုလ့်ခ်စာတစ်စောင်တွင် ပါရှိခဲ့ဖူးသည်။ သို့သော် သူက ယင်းအမည်သည် အန်းဒ္ဒူကိုရှမစ်၏ နေအိမ်တွင် လျှပ်စစ်မီတာ တပ်ဆင်ခဲ့စဉ်က မှတ်ပုံတင်ရာတွင် ရုတ်တရက် စိတ်ထဲပေါ်လာသည့်အတိုင်း အမှတ်မထင် အသုံးပြုခဲ့သည့် အမည်ဖြစ်သည်ဟူ၍သာ မှတ်ယူခဲ့သည်။ သူသည် ချာကာဘူကိုလမ်းမှ နေအိမ်တွင် ရှမစ် နေထိုင်ခြင်း မရှိသည်ကို သိထားသော်လည်း လျှပ်စစ်မီတာနှစ်ခု ဆက်သွယ်ရာ၌ အသုံးပြုခဲ့သည့် 'ဒါဂိုတိုနှင့် ရိကာဒို' ဟူသော အမည်များသည် ထိုအိမ်တွင် [illegible] နေထိုင်သူများ၏ အမည်ရင်း အစစ်အမှန်များ ဖြစ်နိုင်ကြောင်း လုံးဝ [illegible] ခြင်းမပြုဘဲ ထားခဲ့သည်။ ဟာမန်းသည် ထိုအချက်နှင့်စပ်လျဉ်း၍





သူ့အမှားကို ဝန်ခံခြင်းပြုမည့်အစား ဖရန်စစ္စကိုရှမစ် သို့မဟုတ် အဒေါ့ဖ်အိုက်ခ်မန်း ဟူသော အမည်များ၏ နောက်ကွယ်မှ သံသယဖြစ်ဖွယ်ရာများကို အခြားနေရာတွင် ရှာဖွေနေခဲ့သည်။ ကျွန်ုပ်မှတ်မိသမျှ ၁၉၅၇ ခုနှစ်ကုန်ပိုင်းတွင် ဘောယားနှင့် ကျွန်ုပ်တို့ ပထမဆုံးအကြိမ် စတင်တွေ့ဆုံခဲ့ကြစဉ်က သူ၏ပြောပြချက်အရ သူနှင့် ဆက်သွယ်ထားသူ (လိုသာဟာမန်း)သည် အိုက်ခ်မန်းဟူ၍ မသင်္ကာစရာဖြစ်နေသူ၏ အမည်ဇက်ကို ပြောကြားရန် ငြင်းဆိုခဲ့သည်ဟု သိရသည်။ ထို့ပြင် 'ဟာတ်ပတ်'နှင့် တွေ့စဉ်ကလည်း ဟာမန်းသည် နှစ်ကိုးလပ်စ် အိုက်ခ်မန်း၏ ဖခင်အမည်မှာ မည်သို့ခေါ်ဝေါ်ကြောင်း မပြောဘဲထားခဲ့သည်။

ဘာကြောင့် ဤသို့ဖြစ်ရသည်ကို ကျွန်ုပ် ယခု နားလည်ပြီဖြစ်သည်။ ဟာမန်းနှင့်ပတ်သက်၍ သူ ဘယ်လိုဖြစ်ခဲ့သည်မှာ ယခု ရှင်းသွားပြီဖြစ်သည်။ ဖြစ်ပုံမှာ နှစ်ကိုးလပ်စ်အိုက်ခ်မန်းနှင့် ပတ်သက်သည့် ဇာတ်လမ်းမှာ အဘက်ဘက်က ယုတ္တိရှိ၍ သဘာဝကျသည့် ဇာတ်လမ်းဖြစ်သည်။ သမီးဖြစ်သူ၏ ပြောပြချက်နှင့် အမေဖြစ်သူ၏ ထောက်ခံချက်များကို အခြေခံထားသော ဤဇာတ်လမ်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် မူလစကတည်းက သူတို့နှစ်ဦးစလုံးအပေါ် ယုံကြည်မှု ရှိကြပြီးဖြစ်သည်။ ထို့ပြင် ဂျာမနီတွင် စစ်ဆေးနေသည့် စစ်တရားခံတစ်ဦး၏ သတင်းကို သတင်းစာထဲတွင် ဖတ်မိခဲ့ရာမှ နှစ်အိုက်ခ်မန်း၏ ဖခင်နှင့် စစ်ရာဇဝတ်ကောင် အိုက်ခ်မန်း၏ အမည်ကို စတင်ဆက်စပ်တွေးမိပါသည်ဟူသော ဟာမန်း၏ ပြောကြားချက်သည်ပင်လျှင် တကယ်ယုတ္တိရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ဟာမန်းသည် သူ့ဇာတ်လမ်းကို ဤနေရာတွင်သာ ရပ်တန်းက ရပ်လိုက်ခဲ့ပါက သူစုံစမ်းရရှိထားသည့် အချက်အလက်များသည် ဆာဆောကတည်းကပင် အလွန်အဖိုးတန်၍ ထိရောက်လာနိုင်စရာရှိသည်။ သို့သော် သူသည် ဤနေရာ၌ သူကိုယ်တိုင် သူသာလျှင် သိနိုင်မည့်အကြောင်းများကြောင့် ဤတာဝန်ကို သူတစ်ဦးတည်း ဆောင်ရွက်သွားရန်နှင့် အစစ အရာရာ သူသာလျှင် 'ကြီးကိုင်ရန်' စီစဉ်ခဲ့သည်။ သူ့အနေဖြင့် သူလိုအပ်သမျှ ငွေရေးကြေးရေး အထောက်အပံ့များသာ ပေးလာမည်ဆိုပါက မကြာမီအတွင်း နှစ်အိုက်ခ်မန်းတို့ မိသားစုနှင့် ပတ်သက်၍ အိုက်ခ်မန်း၏ ဟန်ဆောင်အမည်နှင့် နေရပ်လိပ်စာ အတိအကျများ အပါအဝင် အားလုံး တစ်ခုမကျန် စုံစမ်းသိရှိလိမ့်မည်ဟု မှန်းချ ယူဆထားပုံရသည်။ တစ်ဖန် ဟာမန်း၏စိတ်ထဲတွင် နှစ်အိုက်ခ်မန်းသည် နားလည် ရင်းအတိုင်း ရှိနေပါက သူ့ဖခင်သည်လည်း နာမည်မပြောင်းဘဲ ထားလိမ့်မည်ဟု တွေးမိဟန်တူသည်။ သို့ဖြစ်ပါက အိုလီဗော့စ်ရပ်ကွက်မှ သူ့အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် သူ့မိတ်ဆွေများမှတပ်ဆင့် ဤပြဿနာကြီး တစ်ခုလုံးကို သူတစ်ဦးတည်း ဒိုင်ခံ၍ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု တထစ်ချ တွက်ထားပုံရသည်။

သို့သော် တကယ့်အဖြစ်တွင် သူ့မျှော်လင့်ချက်များမှာ အရာမထင်ဖြစ်ခဲ့ရသည်။ ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် အိုက်ခ်မန်းဟူသော အမည်ကို ရှာမတွေ့ဘဲ ဩစတြေလျ အမျိုးသားတစ်ယောက် နေထိုင်လျက်ရှိကြောင်း သိခဲ့ရသောအခါ တစ်စုံတစ်ရာ သက်သေအထောက်အထားများ ရှာမနေတော့ဘဲ အဆိုပါ ဩစတြေလျ အမျိုးသားသည် အိုက်ခ်မန်းပင် ဖြစ်သည်ဟူ၍ ရှေးကြီးသုတ်ပျာ 'ကြေညာ'ခဲ့ခြင်း ဖြစ်သည်ဟု ယူဆခန့်မှန်းရကြောင်း ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ပါက ကျွန်ုပ်တို့သည် ထိုခန့်မှန်းချက်၊ ယူဆချက်ကို ပြန်လည်ဆန်းစစ်ကြည့်မည်သာ ဖြစ်သည်။ တစ်ဖန် ရှမစ်သည် ဤအိမ်တွင် နေထိုင်ခြင်း မရှိကြောင်းနှင့် သူသည် အိုက်ခ်မန်း မဖြစ်နိုင်ကြောင်း ခိုင်ခိုင်လုံလုံ သိရပြီဆိုပါက ဤအိမ်တွင် အခြားနေထိုင်သူများကို ကျွန်ုပ်တို့ စုံစမ်းထောက်လှမ်းကြည့်မည်ဖြစ်သည်။ သို့သော် ဤသို့မဟုတ်ဘဲ ရှမစ်နှင့် အိုက်ခ်မန်း တစ်ယောက်တည်းဖြစ်သည် ဟူသော အချက်ကို 'မှန်းဆချက်နှင့် ထင်မြင်ချက်' ဟူ၍ ပွင့်ပွင့်လင်းလင်း မဖော်ပြဘဲ တကယ်အမှန် အစစ်ဟူ၍ တင်ပြကာ ဤအချက်ကို ခိုင်ခိုင်လုံလုံ ယုံကြည်စေရန်အတွက် စစ်ကြီးအပြီးတွင် ဂျာမန်ရေငုပ်သင်္ဘောဖြင့် အာဂျင်တီးနားသို့ လူတစ်ယောက် ရောက်လာသည်ဆိုသော ကောလာဟလသတင်းကို ဆွဲထည့်ခဲ့သည်။

ထို့ပြင် ဟာမန်းက ရှမစ်နှင့် အိုက်ခ်မန်း တစ်ယောက်တည်း ဖြစ်သည်ဟူသော သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အိုက်ခ်မန်းသည် ပလတ်စတစ်ခွဲစိတ်မှုဖြင့် ရုပ်ဖျက်ထားသည်ဟူ၍ ပြောဆိုခဲ့သည်မှာလည်း သက်သက်မဲ့ ခိုင်လုံအောင် အကြောင်းပြခြင်းသာ ဖြစ်သည်။ သို့ဖြင့် သူ၏ ရော်ရမ်းမှန်းဆချက်ကို တကယ့်အဖြစ်များဟူ၍ တင်ပြခဲ့ရာမှ သူ၏ အမြီးအမောက်မတည့် ဖြစ်နေပုံများကို ကျွန်ုပ်တို့က ထောက်ပြသောအခါ သူသည် အာဂျင်တီးနားသို့ အိုက်ခ်မန်းရောက်လာခဲ့သည့် နေ့မှစ၍ သွားလာလှုပ်ရှားမှုများကို ခြေရာခံကြည့်ရန်ကြိုးစားသည်ဟူ၍ ဆိုလာပြန်သည်။

ဆိုသို့ ဆုံးဖြတ်ချက်များကို အလေသုံးဆယ်ချ၍ ကောက်ချက်များကို ရှေးကြီးသုတ်ပျာ ဆွဲယူခဲ့ခြင်းဖြင့် ဟာမန်းသည် သူ့ဇာတ်လမ်းကို သူကိုယ်တိုင်ထောင်နှင့်ဆော်၍ ခြေနှင့် ဖျက်ပစ်ခဲ့သည်။





ကလီမင့်ဟူသောအမည်သည် ကျွန်ုပ်တို့ အဆက်အသွယ် နှစ်ခုစလုံးတွင် ထူးခြားရာ အချက်တစ်ခုအဖြစ် ပါဝင်ပတ်သက်နေသည်မှာ မတော်တဆ တိုက်ဆိုင်မှုဟူ၍ ကျွန်ုပ် မဖော်ပြလိုပါ။ ဤနာမည် နှစ်ခုကို နှိုင်းယှဉ်လေ့လာ သုံးသပ်ကြည့်မိခြင်းအားဖြင့် အိုက်ခ်မန်းသည် အဆိုပါ ချာကာဘူကိုလမ်းမှ အိမ်တွင် အမှန်တကယ် နေထိုင်ခဲ့ဖူး၍ လျှပ်စစ်မီတာ ဆက်သွယ်ရာတွင် တွေ့ခဲ့ရသည့် 'ကလီမင့်'ဟူသော အမည်မှာ အာဂျင်တီးနားသို့ သူပထမဆုံး ရောက်ရှိခဲ့သည့် အချိန်မှစ၍ ပြောင်းလဲခံယူခဲ့သည့် အမည်ဖြစ်သည်ဟူ၍ ယုံကြည်ယူဆစရာ ဖြစ်လာခဲ့သည်။

သို့ဖြင့် ကျွန်ုပ်သည် ဟာမန်း၏သတင်းဖိုင်တွဲများကို ဂရုတစိုက် ထပ်ခါတလဲလဲ ဖတ်ကြည့်လေလေ ချာကာဘူကိုလမ်းမှ ရီကာဒိုကလီမင့်သည် အိုက်ခ်မန်းပင် ဖြစ်ရမည်ဟူ၍ ယုံကြည်ယူဆလာလေလေ ဖြစ်ခဲ့သည်။ တစ်ချိန်တည်းတွင် ဒီကာအိုက်ခ်မန်းသည် အခြား ဂျာမန်တစ်ယောက်နှင့် နောက်အိမ်ထောင်ပြုကာ ထိုဂျာမန်သည် သူ၏ မူလဇာတိကို ဖုံးကွယ်ရန်အတွက် ကလီမင့်ဟူ၍ နာမည်အတင်းပြောင်းခဲ့သည်ဆိုသော အချက်မှာ လုံးဝ လက်မခံနိုင်လောက်အောင် အလှမ်းကွာလှသည်ဟု အလေးအနက် ခံယူခဲ့မိသည်။

ကျွန်ုပ်အတွက် တစ်ခုစိုးရိမ်မိသည်မှာ နစ်အိုက်ခ်မန်းတို့ မိသားစုကို ဟာမန်း တွေ့ခဲ့သည်မှာ ၁၉၅၇ ခုနှစ်ကဖြစ်၍ ယခု ၁၉၅၉ ခုနှစ်သို့ ရောက်နေသည့်အချက်ပင် ဖြစ်သည်။ နှစ်နှစ်ကျော်မျှ ကြာလာခဲ့ပြီဖြစ်၍ ဤအတောအတွင်း နောက်ထပ်တစ်စုံတစ်ရာ သတင်းမကြားရဘဲ ဖြစ်နေခဲ့ရာ နစ်အိုက်ခ်မန်းတို့ မိသားစုသည် ယခုအထိ အထက်ပါနေအိမ်တွင် ရှိနေသေးသည်ဟူ၍ အတပ်မပြောနိုင်ဘဲ ဖြစ်နေသည်။

ကျွန်ုပ်တို့ နောက်ထပ် လှမ်းရမည့်ခြေလှမ်းမှာ ရှင်းနေပြီဖြစ်သည်။ အာဂျင်တီးနားရှိ ကလီမင့်တို့မိသားစု နေထိုင်သည့် နေရာကို စုံစမ်းရန်နှင့် ရီကာဒိုကလီမင့် ဆိုသူသည် အိုက်ခ်မန်း ဟုတ်မဟုတ် ကွဲကွဲပြားပြား ထောက်လှမ်းရန်ပင်ဖြစ်သည်။ ထို့ပြင် အကယ်၍ မတော်တဆ ဖြစ်နိုင်ခဲလှစွာဖြင့် ကလီမင့်ဆိုသူသည် အိုက်ခ်မန်း ပျောက်ကွယ်သွားပြီးနောက် ဗီရာအိုက်ခ်မန်းနှင့် လက်ထပ်ခဲ့သည့် အခြား စစ်တရားခံတစ်ဦး ဖြစ်နေပါက အိုက်ခ်မန်းနှင့် လိုင်ဘဲလ်(ဗီရာ၏ အပျိုဘဝမှအမည်)တို့၏ နှစ်ဖက်သော မိသားစု ဆွေမျိုးများသည် ဗီရာနှင့် သူမ၏ သားများအပေါ် ဘယ်လို သဘောထား၍ ဘယ်ရောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သိမသိ စုံစမ်းရန် ဥရောပတိုက်ရှိ ကျွန်ုပ်တို့၏ အဆက်အသွယ်များအား တာဝန်ပေးရမည်ဖြစ်သည်။

အကယ်၍ ဗီရာသည် အိုက်ခ်မန်းမဟုတ်သည့် ကလီမင့်ဆိုသူ တစ်ဦးနှင့် နောက်အိမ်ထောင် ပြုခဲ့ရိုးမှန်ပါက ဥရောပရှိ သူမ၏ မိဘဆွေမျိုးများသည် သူမနှင့် သားများ အာဂျင်တီးနားတွင် နေထိုင်လျက်ရှိကြောင်း မည်သို့မျှ ဖုံးကွယ်ထားစရာ မလိုပေ။ အဘယ်ကြောင့်ဆိုသော် ကလေးများသည် အိုက်ခ်မန်းဟူသော အမည်ကိုပင် ဆက်လက်ခံယူထားကြသောကြောင့် ဖြစ်သည်။ သို့တည်းမဟုတ် ကလီမင့်သည် အိုက်ခ်မန်းပင် ဖြစ်နေပါက ဥရောပမှ သူမ၏ မိသားစုများသည် သူမနှင့် သူမ၏သားများ ဘယ်တိုင်းပြည် ရောက်နေကြသည်ကို ဘယ်သူ့မှ မပြောမိအောင် သတိထားနေကြမည်ဖြစ်သည်။

ဤအချက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် အာဂျင်တီးနားမှ အိုက်ခ်မန်းတို့မိသားစုနှင့် ဥရောပမှ သူတို့မိဘဆွေမျိုးများအကြား စာအဆက်အသွယ်များရှိခဲ့၍ ယင်းစာများကိုသာ ရရှိခဲ့ပါက ကျွန်ုပ်တို့အတွက် တန်ဖိုးမဖြတ်နိုင်အောင် ဖြစ်ပေလိမ့်မည်။

၁

သို့ဖြင့်ရာ ကျွန်ုပ်သည် ကလီမင့်နှင့် အိုက်ခ်မန်းတို့ တစ်ယောက်တည်း ဟုတ်မဟုတ် အတိအကျ စုံစမ်းထောက်လှမ်းရန်အတွက် ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်နိုင်မည့် ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်စွမ်းရှိသော အထက်တန်းစုံထောက်အရာရှိတစ်ဦးကို စဉ်းစားရွေးချယ်လာရပြီ ဖြစ်သည်။ ဤတာဝန်ကို ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်သည် သူစုံစမ်းထောက်လှမ်းရရှိသည့် အချက်များကို အစွမ်းကုန်ညှိနှိုင်း၍ အကြောင်းနှင့်အကျိုး ဆက်စပ်၍ သုံးသပ်ဆုံးဖြတ်ရာ၌ အတွေ့အကြုံရင့်ကျက်ကြွယ်ဝသူတစ်ဦး ဖြစ်ရန်လိုသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် တစ်နိုင်ငံလုံးတွင် အတော်ဆုံး စုံထောက်ကျော်တစ်ဦးဖြစ်သော ယူဆွပ်ကဲနက် ဆိုသူအား ယင်းတာဝန်ကို ပေးအပ်ခဲ့သည်။

ကဲနက်သည် ယခင်က ဘာသာရေးသမားတစ်ဦးဖြစ်၍ ဂျာမနီတွင် မွေးဖွားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှစစ်တပ်တွင် အမှုထမ်းခဲ့၍ ဂျာမန်စစ်သုံ့ပန်းများအား စစ်ဆေးမေးမြန်းရာတွင် အထူးပင် ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်သည်။ သူသည် တာဝန်တစ်ခုကို အစအဆုံး ပြီးစီးအောင်မြင်သည်အထိ တက်တက်ကြွကြွ ထမ်းဆောင်တတ်သူတစ်ဦး ဟူ၍ ကျွန်ုပ်





သိရှိထားခဲ့သည်။ ထို့ပြင် သူထမ်းဆောင်ရသည့် တာဝန်ဝတ္တရား ပြီးဆုံးသွားပါက ကျွန်ုပ်တို့ ရပ်တည်ရမည့် အနေအထားကို မုချ သိနားလည်လိမ့်မည်ဟု ယုံကြည်ပြီးဖြစ်သည်။

ရှေးဦးစွာ ကျွန်ုပ်သည် ယူဆွပ်ကဲနက်၏ အထက်အရာရှိ ဟက္ဂီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကျွန်ုပ်သည် အိုက်ခ်မန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ဟက္ဂီထံမှ အကူအညီနှင့် နားလည်မှုများ အမြဲတမ်း ရယူခဲ့ရသည်။ ဟက္ဂီသည် နာဇီတို့၏ အကြီးဆုံးနှင့် အကျော်ကြားဆုံး အကျဉ်းစခန်းဖြစ်သော အော့စ်ဝစ်စခန်းမှ အသက်မသေဘဲ လွတ်မြောက်လာခဲ့သူတစ်ဦး ဖြစ်သည်။ ထို့ပြင် ဟက္ဂီသည် သူ့ဇာတိဖြစ်သော ဟန်ဂေရီနိုင်ငံတွင် အိုက်ခ်မန်း၏ ရိုင်းစိုင်းရက်စက်လှသော လုပ်ရပ်များကို ကောင်းကောင်းကြီး သိလာခဲ့သူဖြစ်သည်။

ဟက္ဂီသည် အာဂျင်တီးနားသို့ အိုက်ခ်မန်းရောက်နေပြီ ဟူသော ပထမဆုံးသတင်းများမရမီ အချိန်တော်တော်စောစောကပင် သန်းပေါင်းများစွာသော ဂျူးများအသတ်ခံခဲ့ကြရသည့် ဖြစ်ရပ်များတွင် တာဝန်အရှိဆုံးဖြစ်သော စစ်ရာဇဝတ်ကောင်နှစ်ဦးအား ရှာဖွေဖမ်းဆီး၍ စစ်ဆေး အပြစ်ပေးရန် ကြံစည်စိတ်ကူးခဲ့သည်။ အဆိုပါ ရာဇဝတ်ကောင် နှစ်ဦးအနက် တစ်ဦးမှာ အော့ခ်ဝစ် စစ်ငရဲခန်းမှ လူစိတ်ပျောက်နေသော ဒေါက်တာဂျိုးဇက် မင်ဂလီဖြစ်၍ အခြားတစ်ယောက်မှာ 'အပြီးသတ် သုတ်သင်ရှင်းလင်းရေး' စီမံကိန်းကြီးကို ဦးစီးပဲ့ကိုင်၍ အကောင်အထည်ဖော်ခဲ့သော 'အဒေါ့ဖ်အိုက်ခ်မန်း'ပင် ဖြစ်သည်။

ဤနေရာတွင် ကဲနက်အား ကျွန်ုပ်တို့၏ စစ်ဆင်ရေးလုပ်ငန်းများတွင် ပြောင်းလွှဲတာဝန်ပေးရန်အရေးမှာ ထင်သလောက် မလွယ်ဘဲရှိနေခဲ့သည်။ သူ့မှာ အခြားအရေးကြီးသည့် လုံခြုံရေးနှင့်ပတ်သက်သော စုံစမ်းထောက်လှမ်းရေးတာဝန်များ တစ်ပုံတစ်ခေါင်းကြီး ရှိနေသည်ဖြစ်ရာ သူ့နေရာတွင်လူစားထိုးရန် အခက်အခဲဖြစ်နေသည်။ ဟက္ဂီက ကဲနက်အား ကျွန်ုပ်တို့စစ်ဆင်ရေးဘက်သို့ အမြန်ဆုံးလွှဲပြောင်းပေးရန် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးခဲ့သည့်တိုင်အောင် ကဲနက်သည် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ မတိုင်မီအထိ ယင်းသို့ တာဝန်ပြောင်းလဲထမ်းဆောင်ရန် မဖြစ်နိုင်ဘဲရှိနေခဲ့သည်။

ကျွန်ုပ်မှာ သည်းမခံနိုင်လောက်အောင် ဂနာမငြိမ် ဖြစ်နေခဲ့သည်။ ယုံကြည်ချရသည့် သတင်းများ ရထားသည့် ယခုလို အရေးတကြီး အချိန်အခါမျိုး၌ နှစ်လတိတိ စောင့်ရသည်မှာ ဒေါပွစရာပင်ဖြစ်သည်။ သို့သော် ဘယ်သို့မျှ မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကနက်သည် အလုပ်နှင့်ပတ်သက်လာလျှင် စံပြ စုံထောက်တစ်ဦးပင် ဖြစ်သည်။ အိုက်ခ်မန်းစစ်ဆင်ရေးတွင် သူ့ကို ရွေးချယ်တာဝန်ပေးအပ်သည့် အတွက် အထူးကျေနပ်လျက်ရှိသည်။ ဤအတောအတွင်း သူသည် တာဝန်အရ ခရီးမထွက်မီ သူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အသေးစိတ် လိုအပ်ချက် များကို တနင်္ဂနွေ နှစ်ပတ် သုံးပတ်ခန့် အချိန်ယူ၍ လေ့လာရန် အခွင့်အရေး ရခဲ့သည်။ ဤတွင် ကျွန်ုပ်ကလည်း ရီကာဒိုကလီမင့် ဆိုသူသည် အိုက်ခ်မန်း ဖြစ်နိုင်စရာ အခြေခံအထောက်အထား အချက်အလက်များ ရှိနေကြောင်း ကျွန်ုပ်၏ သဘောထားကို ရှင်းပြခဲ့သည်။ ထို့ပြင် ကျွန်ုပ်သည် ကနက်အား ဒေါက်တာ ဘောယားနှင့် တွေ့ဆုံ၍ အိုက်ခ်မန်းနှင့် ပတ်သက်သမျှ ဘောယား သိထားသည့် အချက်အလက်များကို ကြားနာမှတ်သားနိုင်ရန် စီစဉ်ပေးခဲ့သည်။ ဒေါက်တာ ဘောယား၏ အဆက်အသွယ်များနှင့် စပ်လျဉ်း၍ အသေးစိတ် အကြောင်းအရာ များနှင့် ကလီမင့်သည် အိုက်ခ်မန်း ဖြစ်နိုင်သည်ဟူသော ဘောယား၏ ထင်မြင် ယူဆချက်များကိုပါ သိရှိစေရန် ဆောင်ရွက်ပေးခဲ့သည်။

၁၉၅၈ ခုနှစ် ကုန်ဆုံးခဲ့ပြီဖြစ်သော ထိုအချိန်တွင် တာလ်မီနှင့် အန်ကာ တို့သည် သူတို့၏ လုပ်ငန်းတာဝန်များ ပြီးဆုံး၍ အစ္စရေးသို့ ပြန်လည်ရောက်ရှိ နေကြပြီဖြစ်ရာ ကနက်နှင့် ဘောယားတို့ တွေ့ဆုံဆွေးနွေးရာ၌ သူတို့နှစ်ယောက် ကိုပါ ခေါ်ယူပါဝင်စေခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် တာလ်မီ ပါဝင်ခဲ့သည် မှာ အထူးပင် အကျိုးရှိ၍ အရာရောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အာဂျင်တီးနားမှ အခြေအနေများကို ကောင်းကောင်းကြီး သိထားသူတစ်ဦး ဖြစ်သည့်ပြင် သတင်းအစအနများ စုံစမ်းထောက်လှမ်းရာတွင်လည်း ပထမ ဂိုရမ်း ဒီဖရိမ် စသည့် ပုဂ္ဂိုလ်များနှင့် တွဲဖက်၍လည်းကောင်း၊ နောက်တွင် သူတစ်ဦးတည်းသော်လည်းကောင်း တာဝန်ယူ လုပ်ကိုင်ခဲ့ပြီး အတွေ့အကြုံ ကြွယ်ဝနေသောကြောင့်ဖြစ်သည်။

သို့သော် အထက်ပါ ဆွေးနွေးပွဲတွင် ကနက်အနေဖြင့် စိတ်ထဲတွင် အထင်မှားသည့် အချက်တစ်ချက် ပေါ်ပေါက်ခဲ့ရသည်။ ယင်းအချက်မှာ ဘောယားက သူနှင့် ဆက်သွယ်သည့် သတင်းပေး၏ အမင်ကို လုံးဝ ထုတ်ဖော် ပြောကြားခြင်း မပြုခဲ့သောကြောင့်ဖြစ်သည်။ အကယ်၍ ထိုပုဂ္ဂိုလ်ကိုသာ တွေ့ရှိ ခဲ့ရုံမျှ မေးခွန်းအချို့ မေးခွင့်ရသည်ဆိုပါက မိမိလုပ်ငန်းမှာ ပို၍ လွယ်ကူ ချောမောမည် ဂို့သည်ဟု ကနက်က ခံယူထားသည်။ သို့သော် တစ်ချိန်တည်း တွင် သူသည် ဘောယား၏ ရိုးသားတည်ကြည်မှုနှင့် အိုက်ခ်မန်းနှင့် ကလီမင့်





တို့သည် တစ်ယောက်တည်း အတူတူပင် ဖြစ်ရမည်ဟူသော ဘောယား၏ ထင်မြင်ယူဆချက်ကိုမူ အားရကျေနပ်စွာဖြင့် လက်ခံခဲ့သည်။ တစ်ဖန် ဘောယား ကလည်း ဖရန့်ဖွတ်မြို့သို့ သူပြန်ရောက်လျှင် ရောက်ချင်း အိုက်ခ်မန်းအား စုံစမ်းရှာဖွေရာ၌ တစ်နည်းနည်းဖြင့် အထောက်အကူရနိုင်မည့် စာရွက်စာတမ်း အထောက်အထားမှန်သမျှ ကျွန်ုပ်တို့ ကြိုက်သလို အသုံးပြုနိုင်ရန် ပေးပို့မည် ဖြစ်ကြောင်း ကတိပေးစကား ပြောကြားသွားခဲ့သည်။

၇

ယခုဆိုလျှင် ကျွန်ုပ်သည် အိုက်ခ်မန်းအား အစ္စရေးသို့ ခေါ်ဆောင်လာပြီး တရား စွဲဆိုရန်အတွက် လိုအပ်သည့် အစီအစဉ်များကို အသေးစိတ် စဉ်းစားလာရပြီ ဖြစ်သည်။ ဤသည်မှာ ကလီမင့်သည် အိုက်ခ်မန်း ဖြစ်သည်ဟူသော ယူဆချက် မှာ အမှန်တကယ်ပင် ဖြစ်လာပြီး အိုက်ခ်မန်းအား မုချ လက်ရဖမ်းဆီးနိုင်တော့ မည်ဟု ယုံကြည်ခဲ့သောကြောင့်ဖြစ်သည်။ အိုက်ခ်မန်းအား ရုံးတင်စစ်ဆေးရန်မှာ ကျွန်ုပ်တို့ စစ်ဆင်ရေးကြီး တစ်ခုလုံး၏ အထွတ်အထိပ် ရည်မှန်းချက်ပင်ဖြစ် သည်။ သို့ရာတွင် အကယ်၍သာ အိုက်ခ်မန်းအား အစ္စရေး တရားသူကြီးများ ရှေ့မှောက်သို့ အရောက်ပို့ဆောင်ပေးနိုင်ခဲ့ပါက စိတ်ဓာတ်ရေးအရသော်လည်း ကောင်း၊ သမိုင်းဖြစ်စဉ်အရသော်လည်းကောင်း ရောမ အောင်မြင်မှုကြီးတစ်ရပ် မုချမသွေ ဖြစ်လာပေလိမ့်မည်ဟု ကျွန်ုပ် ခိုင်မာစွာ ယုံကြည်ခဲ့သည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ တရားစီရင်ရေးနှင့် ပတ်သက်သည့် ပြဿနာ အရပ်ရပ်ကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ထားရန်အတွက် ကျွန်ုပ်သည် အစ္စရေးနိုင်ငံတွင် အကျော်ကြားဆုံးဖြစ်သော တရားသူကြီး တစ်ဦးထံသို့ သွားရောက်တွေ့ဆုံခဲ့သည်။ သူ့ရုံးသို့ သွားရောက်တွေ့ဆုံခဲ့ပါက ပေါ်လွင်ထင်ရှား ပြီး အများက သို့လော သို့လော တွေးတောစရာ ဖြစ်လာနိုင်သဖြင့် ကျွန်ုပ်၏ ခမတ္တာရပ်ခံချက်အရ ကျွန်ုပ်တို့ နှစ်ယောက်သည် သူ့အိမ်မှာပင် တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။

စာအုပ်များဖြင့် ပြည့်ကျပ်နေသည့် သူ၏ စာကြည့်ခန်းတွင် ထိုင်မိကြ ပြီးနောက် ကျွန်ုပ်ကပင် စတင်၍ အိုက်ခ်မန်းအား မကြာမီ ရှာဖွေဖမ်းဆီးရ တော့မည့် အလားအလာများ ရှိနေကြောင်းနှင့် သူ့ကို လက်ရဖမ်းမိခဲ့ပြီးနောက် အစ္စရေးသို့ ခေါ်လာပြီး တရားဥပဒေအရ စစ်ဆေးအပြစ်ပေးရန် [illegible] ကြောင်းများကို ပြောကြားခဲ့သည်။ သို့ဖြင့် ဤကိစ္စနှင့်ပတ်သက်၍ [illegible]

www.burmeseclassic.com



လူတစ်ယောက်အား အခြားနိုင်ငံ တစ်နိုင်ငံမှ ဖမ်းဆီးခေါ်ဆောင်လာပြီး အစ္စရေး နိုင်ငံတွင် ရုံးတင်စစ်ဆေးရန် တရားဥပဒေကြောင်းအရ ဖြစ်နိုင်၊ မဖြစ်နိုင် ကျွန်ုပ်က မေးမြန်းခဲ့သည်။

ကျွန်ုပ်၏မိတ်ဆွေ တရားသူကြီးသည် ကျွန်ုပ်၏ ရဲတင်းလှသည့် အကြံအစည်ကို ကြားလိုက်ရသောအခါ ရုတ်တရက် နောက်တွန့်သွားဟန် ရှိသော်လည်း အလွန်စိတ်ဝင်စားကာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်ကို တွေ့လိုက်ရသည်။ သူသည် ရုတ်တရက် စကားပြန်မပြောနိုင်ဘဲ အတော်ကလေးကြာအောင် အတွေးနက်နက်ဖြင့် စဉ်းစားခန်း ဝင်နေခဲ့သည်။ ပြီးမှ ဖြုန်းခနဲ ထိုင်ရာမှ ထကာ စာအုပ်စင်များပေါ်မှ ဧရာမ စာအုပ်ထူကြီးများကို ဆွဲယူလာပြီး အတန်ကြာအောင် ဖတ်နေခဲ့သည်။

ပြီးမှ သူသည် ကျွန်ုပ်ကို မော့ကြည့်ကာ လှမ်းပြောလိုက်သည်။

"ဒါ လုပ်လို့ရပါတယ်"

သူသည် တရားရေးရာ စီရင်ထုံးများကို အခြေခံ၍ သူ့အယူအဆကို ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် နောက်ဆုံး ဆုံးဖြတ်ချက်ကို အတည်မပြုမီ ထင်ရှားကျော်ကြားသော သူ၏ အခြားမိတ်ဆွေတစ်ဦးနှင့် ဆွေးနွေးညှိနှိုင်းကြည့်ပါဦးမည်ဟု ပြောခဲ့သည်။

နောက်ရက် အနည်းငယ်ကြာသောအခါ သူတို့နှစ်ယောက် ဆွေးနွေးညှိနှိုင်းရာမှ ရရှိခဲ့သော အဖြေကို ကျွန်ုပ်ထံ အောက်ပါအတိုင်း အကြောင်းကြားလိုက်သည်။

"ရပါတယ်"

❒

၁၉၅၃ ခု၊ ဒီဇင်ဘာလ ကုန်လောက်တွင် ကျွန်ုပ်သည် အိုက်ခ်မန်းနှင့် လိုင်ဘဲလ်တို့၏ မိသားစုများအကြောင်း အတိအကျ စုံစမ်းထောက်လှမ်းရန်အတွက် ထောက်လှမ်းရေးအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ ထောက်လှမ်းရေးအဖွဲ့ကို တာဝန်ယူ၍ စည်းရုံးဖွဲ့စည်းရန် လောလောဆယ် ဥရောပတွင် ထမ်းဆောင်ရေးတာဝန်တစ်ခုဖြင့် ရောက်ရှိနေသည့် အီဇရာအက်ရှက် ဆိုသူအား လွှဲအပ်လိုက်သည်။

အက်ရှက်သည် စစ်ကြီးအတွင်းက ရုမေနီယားနိုင်ငံ၌ ဖက်ဆစ်တို့၏ အုပ်စိုးမှုအောက်တွင် ခါးသီးသော အတွေ့အကြုံများကို ခံစားခဲ့ရပြီးနောက် ၁၉၄၉ ခုနှစ်တွင် အစ္စရေးသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။





အက်ရှက်၏ အဓိကတာဝန်မှာ စစ်ကြီးပြီးဆုံး၍ ဖရိုဖရဲဖြစ်နေသည့် အချိန်ကာလ အတောအတွင်း ဗီရာလိုင်ဘဲလ်အိုက်ခ်မန်းနှင့် သူမ၏ ကလေးများသည် ဘယ်နေ့ ဘယ်ရက်က ဘယ်ပုံဘယ်နည်းဖြင့် ဘယ်အရပ် ဘယ်ဒေသသို့ ရောက်ရှိသွားခဲ့ကြသည်ကို ရှာဖွေစုံစမ်းထောက်လှမ်းရန်ပင် ဖြစ်သည်။ အက်ရှက်၏ အဖွဲ့ဝင်များအား ဥရောပတိုက်မှ ဗီရာအိုက်ခ်မန်း၏ ဆွေမျိုးသားချင်းများနောက်သို့ နောက်ယောင်ခံ၍ သူတို့တစ်တွေနှင့် ဗီရာတို့သားအမိ စာအဆက်အသွယ် ရှိ၊မရှိ စုံစမ်းရန် ညွှန်ကြားခဲ့သည်။ ယင်းသို့ စာအဆက်အသွယ်များကို ရှာဖွေထောက်လှမ်းခြင်းဖြင့် ယခုနောက်ဆုံး ဗီရာအိုက်ခ်မန်း ရောက်ရှိနေသည့် နေရာဒေသ နေရပ်လိပ်စာကို သိရှိနိုင်မည်ဖြစ်သည်။ ထို့နောက် အက်ရှက် ကိုယ်တိုင်က အိုက်ခ်မန်း၏ ဖခင်ရှိရာသို့ သွားရောက်၍ အိုက်ခ်မန်းနှင့် သူ့ ဖခင်တို့ အလားတူ စာပေးစာယူ ပြုလုပ်ခြင်းများ ရှိ၊ မရှိ စုံစမ်းကြည့်ရန် ဖြစ်သည်။ အိုက်ခ်မန်း၏ဖခင်မှာ အသက် ၈၂ နှစ် ရှိနေပြီဖြစ်သော်လည်း လင့်ဇ်မြို့ (ဩစတြီးယား)တွင် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းကို ယခုထက်တိုင် လုပ်ကိုင်နေဆဲဖြစ်သည်။ အလားတူ အိုက်ခ်မန်းနှင့် သူ၏ညီအစ်ကိုများ အဆက်အသွယ် ရှိ၊ မရှိကိုလည်း စုံစမ်းကြရမည်ဖြစ်သည်။

အမှန်စင်စစ် ဤတာဝန်မှာ လွယ်ကူလှသည်မဟုတ်။ ယင်းသို့ မလွယ်သည့် အခြေအနေများကြားမှပင် ကျွန်ုပ်သည် တင်းကျပ်စွာ လိုက်နာရမည့် အချက်တစ်ချက်ကို သူတို့အတွက် ဖြည့်စွက်ညွှန်ကြားခဲ့ရသည်။ ယင်းအချက်မှာ 'အမှတ်မထင် တစ်စုံတစ်ရာ ခြေလှမ်းမှားသွားခဲ့ပါက သူတို့မိသားစုများသည် ကျွန်ုပ်တို့၏ အကြံအစည်များနှင့် အနံ့ခံနေမှုများကို ရိပ်မိသွားလိမ့်မည်။ ယင်းသို့ လုံးဝမဖြစ်စေရန် အထူးကျပ်တည်းစွာ သတိထားကြရမည်' ဟူ၍ဖြစ်သည်။

❒

အိုက်ခ်မန်းနှင့် ပတ်သက်၍ ကျွန်ုပ် လေ့လာသုံးသပ်ချက်များနှင့် အလားအလာကောက်ချက်များအပေါ် လုံးဝဥဿုံ အလုံးစုံ ယုံကြည်မျှော်လင့်ထားခဲ့ပြီဖြစ်ရာ ကျွန်ုပ်သည် အိုက်ခ်မန်းအား လက်ရဖမ်းမည့် စစ်ဆင်ရေးအတွက် အသေးစိတ်လိုအပ်သည့် အစီအစဉ်များကို စတင်ရေးဆွဲ ပြင်ဆင်ခဲ့ရပြီဖြစ်သည်။

ကျွန်ုပ်သည် အာဂျင်တီးနားသို့ မရောက်ဖူးသေးသဖြင့် ထိုနိုင်ငံနှင့် ပတ်သက်၍ ဘာတစ်ခုမျှ မသိသူဖြစ်သည်။ ထို့ပြင် အာဂျင်တီးနားသည် အကျယ်နှင့် မိုင်ပေါင်း ကိုးထောင့်ငါးရာခန့် ကွာဝေးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ ထောက်လှမ်းရေးအဖွဲ့ကို အစ္စရေးနိုင်ငံတွင် ဖွဲ့စည်းပြီး ထိုမှ ဝေးကွာသည့် နိုင်ငံသို့ စေလွှတ်ရမည်ဖြစ်ရာ လုပ်ငန်းသဘောအရ ခက်ခဲ၍ နက်နဲသိမ်မွေ့သည်ဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် အိုက်ခ်မန်းအား အာဂျင်တီးနားမှ အစ္စရေးသို့အရောက် ခေါ်ဆောင်လာရန်မှာ အရေးကြီးဆုံး ပြဿနာပင် ဖြစ်သည်။

တစ်ခါက တောင်အမေရိကသို့ အစ္စရေးမှ ပျံသန်းမည့် လေကြောင်းခရီးစဉ်တစ်ခု ဖွင့်လှစ်ရန် ကြံရွယ်ခဲ့ကြသော်လည်း ယနေ့အထိ ကျွန်ုပ်တို့ အစ္စရေး လေယာဉ်များသည် ကမ္ဘာ၏ ဟိုမှာဘက်ခြမ်းသို့ လုံးဝ ပျံသန်းမှုများ မရှိသေးဘဲ ဖြစ်နေသည်။ ပထမတွင် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ စစ်ဆင်ရေး အတွက် အထူးလေယာဉ်တစ်စင်းကို ငှားရမ်းအသုံးပြုရန် စဉ်းစားကြည့်မိသည်။ သို့သော် အတ္တလန္တိတ် သမုဒ္ဒရာကြီးကို ဖြတ်ကျော်ပျံသန်းရမည်ဖြစ်ရာ ဧရာမ လေယာဉ်ကြီးတစ်စင်းကို ငှားရမ်းရမည် ဖြစ်သည်။ သို့သော် ဤမျှကြီးမားသည့် လေယာဉ်ကြီး စင်းလုံးငှားမည်ဆိုပါက အများပြည်သူတို့ မသင်္ကာဖွယ်ရာဖြစ်မည်မှာ သေချာသည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ဤပြဿနာကို ဖြေရှင်းရေးအတွက် လေကြောင်း ဌာနတစ်ခုမှ မန်နေဂျာဖြစ်သော အက်ရာကီဒမ်ဆိုသူနှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။ သူနှင့် ကျွန်ုပ်တို့ သိကျွမ်းခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ရာ ဤကိစ္စအတွက် ဆွေးနွေးရာတွင် ရှင်းလင်းတင်ပြရန်နှင့် စကားဝလှည့်ခံရန် အချိန်ဖြုန်းမနေဘဲ လိုရင်းကို ပြောပြခဲ့ရသည်။

"ဗျူနိုအဲရစ္စကို လေယာဉ်တစ်စင်း လွှတ်လို့ဖြစ်ပါ့မလား" ကျွန်ုပ်က စတင် မေးလိုက်သည်။

ကျွန်ုပ်၏ မေးခွန်းသည် ကုမ္ပဏီ၏ လေကြောင်းပျံသန်းမှုများကို တိုးချဲ့ရန် မေးမြန်းခြင်းမဟုတ်ဘဲ အခြားအရေးကြီးသည့် လုပ်ငန်းကိစ္စ တစ်ခုအတွက် ရည်ရွယ်မေးခြင်းဖြစ်ကြောင်း ကီဒမ်က ရိပ်စားမိဟန်တူသည်။ သို့သော် သူသည် ယင်းကိစ္စကို တစ်စုံတစ်ရာ ပြန်လည်မေးမြန်းခြင်းမပြုဘဲ လိုရင်းကိုသာ ဖြေကြားခဲ့သည်။ "ကျွန်တော်တို့ရဲ့ လက်ရှိအင်ဂျင်စက်တွေရဲ့ အနေအထားအရ ပျံသန်းလို့ ရပါတယ်။ ဒါပေမဲ့ ဒီကိစ္စအတွက် လေကြောင်းညွှန်ကြားရေးမှူးတွေရဲ့ အတည်ပြုချက်ကို စောင့်ရပါဦးမယ်။ ပြောလို့ဖြစ်မယ်။ အခုလောလောဆယ် ညွှန်ကြားရေးမှူးချုပ်ဟာ နိုင်ငံခြားသွားနေပါတယ်။ ဒါပေမဲ့ သူ့လက်ထောက်ညွှန်ကြားရေးမှူး ဖြစ်တဲ့ မိုရှေတာဒမာကို မေးကြည့်ရင် သိနိုင်ပါတယ်"





ယင်းသို့ တာဒမာအား မေးမြန်းရာတွင် လျှို့ဝှက်မှုရှိရန် သူ့အား ပြောကြားခဲ့ရသည်။ သို့ဖြင့် နောက်တစ်ပတ်ခန့်အကြာတွင် သူ့ထံမှ အဖြေ ရခဲ့သည်။

"တာဒမာက ခင်ဗျားပြောတဲ့ လေယာဉ်ပျံသန်းမှုဟာ အရေးတကြီး လိုအပ်သလားလို့ မေးပါတယ်။ ကျွန်တော့်အနေနဲ့ အတိအကျ ပြောနိုင်တာက တော့ စက်မှုပိုင်းဆိုင်ရာအနေနဲ့ ဘာမှ အခက်အခဲမရှိပါဘူး။ ဗြိတိန်နီယာလို လေယာဉ်အမျိုးအစားနဲ့ ပျံသန်းမယ်ဆိုရင် အသွားအပြန် လေယာဉ်အမှုထမ်း နှစ်ဦးကို ခေါ်သွားပြီး လမ်းခရီးမှာ နစ်နေရာ ဝင်နားရပါလိမ့်မယ်။ အဲဒီနေရာ တွေကတော့ ဒက်ကာ(အင်ဒိုနီးရှား)နဲ့ ရီစိုက်(ဘိုလီဗီးယား)ဆိုတဲ့ လေဆိပ်တွေ ပါပဲ"

"တကယ်လို့ ကျုပ်တို့အနေနဲ့ အထူးလေကြောင်းပျံသန်းတဲ့အနေမျိုးနဲ့ ပျံမယ်ဆိုရင်ကော ဖြစ်နိုင်ပါ့မလား" ကျွန်ုပ်က ပြန်မေးလိုက်သည်။

"ကျွန်တော်တို့ ကုမ္ပဏီက မကြာခင် အစိုးရအခမ်းအနားကိစ္စတစ်ခုနဲ့ တောင်အမေရိကကို ပျံသန်းဖို့ စီစဉ်နေတာရှိပါတယ်။ ခင်ဗျားလည်း သိမှာပါပဲ။ အဲဒီတော့ ဒီကိစ္စကို အစမ်းပျံသန်းမှုတစ်ခုအနေနဲ့ သဘောထားပါတယ်"

ကျွန်ုပ်စိတ်ထဲတွင် အတော်ကျေနပ်သွားမိသည်။ "လောလောဆယ် ဒါလောက်သိရရင် လုံလောက်ပါပြီ" ကျွန်ုပ်က ပြန်ပြောလိုက်သည်။ "ဒါပေမဲ့ အခုလို မေးတဲ့မြန်းတဲ့ကိစ္စနဲ့ ပတ်သက်လို့ အပြင်ကို သတင်းမပေါက်ကြားဖို့ သတိထားစေချင်ပါတယ်"

ကီဒမ်က ထပ်၍မေးပြန်သည်။ "ဘယ်နေ့ ဘယ်ရက်လောက် ပျံသန်းမယ်ဆိုတာ အခု မပြောနိုင်ဘူးလား"

"အခုအခြေအနေမှာတော့ မပြောနိုင်သေးဘူး။ အချိန်ကျရင် ခင်ဗျားကို အကြောင်းကြားပါ့မယ်"

ထိုအချိန်မှာ ၁၉၅၉ ခု၊ ဒီဇင်ဘာလ ဖြစ်သည်။

❐

လုပ်စရာရှိသည်များကို အားသွန်ခွန်စိုက် အပူတပြင်း လုပ်ကြရပြီဖြစ်သည်။ အသေးစိတ် အချက်အလက်များ တစ်ခုပြီးတစ်ခု၊ စာရွက်စာတမ်းများ တစ်ရွက် ပြီးတစ်ရွက်၊ ထောက်ခံစာများ တစ်စောင်ပြီးတစ်စောင် စုဆောင်းခဲ့ကြသည်။ လေ့လာခဲ့ကြသည်။ ပြင်ဆင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအတောအတွင်း ကျွန်ုပ်၏လက်အောက်ရှိ ထောက်လှမ်းရေးအရာရှိ တစ်ယောက်သည် ဥရောပတိုက်တွင် တာဝန်များ ပြီးဆုံးသွားပြီဖြစ်သော်လည်း အိုက်ခ်မန်းအကြောင်းကို စုံစမ်းထောက်လှမ်းနေကြသည့် အက်ရှက်တို့အဖွဲ့နှင့် ဆက်လက်၍ ပူးတွဲတာဝန်ထမ်းဆောင်ရန် သဘောတူလိုက်သဖြင့် အစ္စရေးသို့ ပြန်ရမည့်ရက်ကို သုံးလေးလမျှ ရွှေ့ဆိုင်းခဲ့ရသည်။ ဂက်ဘာမွန်ရှိ အဆိုပါ စုံထောက်အရာရှိသည် ၁၉၅၉ ခုနှစ်၏ နောက်ဆုံး ရက်သတ္တပတ်များနှင့် ၁၉၆၀ ပြည့်နှစ်၏ ပထမဆုံး ရက်သတ္တပတ်များအတွင်း ဂျာမနီနှင့် ဩစတြီးယားနိုင်ငံများသို့ ခေါက်တုံ့ခေါက်ပြန် သွားလာကာ အိုက်ခ်မန်း၊ လိုင်ဘဲလ်တို့၏ သတင်းများကို စုံစမ်းထောက်လှမ်းခဲ့သည်။ သို့သော် သူသွားလေရာရာမှ တွေ့သမျှ အိုက်ခ်မန်းနှင့် လိုင်ဘဲလ်တို့၏ ဆွေမျိုးသားချင်းများ မိတ်ဆွေအပေါင်းအသင်းများနှင့် အိမ်နီးနားချင်းများသည် ဘာတစ်ခုမှ မေး၍မရအောင် 'ဘူး တစ်လုံး' ဆောင်နေကြသည်။ သို့ဖြင့် သတင်းအစအနဟူ၍ လုံးဝမရခဲ့ဘဲ ဖြစ်ခဲ့ရသည်။

အက်ရှက်သည် သူကိုယ်တိုင် ဂျာမနီနှင့် ဩစတြီးယားနိုင်ငံများသို့ သွားရောက်စုံစမ်းနေစဉ် အခြား စုံထောက်များကိုပါ ခေါ်ယူဖြည့်စွက်၍ တာဝန် ပေးခဲ့သည်။ သို့သော် အိုက်ခ်မန်း၏ ညီအစ်ကိုများထံမှလည်း ဘာသတင်းမှ မေးမရဘဲ ဖြစ်ခဲ့ရသည်။ သူတို့ထံသို့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ကြသူများ သည် အကောင်းဆုံး ရုပ်ဖျက်ဟန်ဆောင်ကာ လုံးဝ သံသယဖြစ်စရာ မရှိအောင် ကြိုးစားခဲ့ကြသည်။ အက်ရှက်အဖွဲ့မှ စုံထောက်တစ်ယောက်ဆိုလျှင် ဂျာမန် စီးပွားရေးသမား ကုန်သည်တစ်ယောက်အသွင် ရုပ်ဖျက်၍ သွားရောက်ခဲ့ရာ ဗီရာအိုက်ခ်မန်း၏ အမေဖြစ်သူနှင့် တိုက်ရိုက်ပင် တွေ့ဆုံခဲ့ရသည်။ သူသည် မစ္စက်လိုင်ဘဲလ် နေထိုင်သည့် ရွာကလေးတွင် ဆယ်ရက်တိတိ နေထိုင်ခဲ့သည်။ သို့သော် အခြားနေရာဒေသများမှ လူအများနည်းတူ ထိုရွာမှ ရွာသူ ရွာသားများ ထိုလည်း တစ်စုံတစ်ရာ သတင်းအစအနမျှပင် မေးမြန်းစုံစမ်းမရအောင် ဖြစ်ခဲ့ သည်။

အဆိုပါ စုံထောက်အရာရှိသည် မစ္စက်လိုင်ဘဲလ်ထံမှ လာသော စာများကို နည်းမျိုးစုံဖြင့် လေ့လာကြည့်ခဲ့သည်။ သို့သော် ဘာတစ်ခုမျှ မထူးခြားဘဲရှိနေ ခဲ့သည်။ အခြေအနေ အရပ်ရပ်မှာ လယ်ပြင်ဆင်သွားသလို အထင်မှားစရာ မရှိအောင် ရှင်းနေပြီဖြစ်သည်။ အိုက်ခ်မန်းနှင့် လိုင်ဘဲလ်တို့၏ မိသားစု ဆွေမျိုး





များသည် အိုက်ခ်မန်းနှင့် ပတ်သက်သမျှ သူ့ဇနီး၊ သူ့သားများနှင့်ပတ်သက်သမျှ ဘာတစ်ခွန်းမျှ မဟရန် သစ္စာဆိုထားကြသလို ဖြစ်နေကြသည်။

သို့သော် ကျွန်ုပ်တို့ စစ်ဆင်ရေးမှတ်တမ်း ဖိုင်တွဲများမှာမူ အချက်အလက် စာရွက်စာတမ်းများဖြင့် ပြည့်သည်ထက် ပြည့်လာခဲ့သည်။ ဘောယားထံမှ တစ်ဆင့် ကျွန်ုပ်တို့ မူလ စုဆောင်းရရှိထားသည့် စာရွက်စာတမ်းများနှင့် မှတ်စုမှတ်ရာ များအပြင် အဖွဲ့အစည်းအသီးသီးနှင့် ဌာနအသီးသီးမှ မော်ကွန်းတိုက်များတွင် သိမ်းဆည်းသိုမှီးထားကြသည့် အထောက်အထား အချက်အလက်များကိုပါ ရှာဖွေ ဖြည့်စွက်၍ စုံစမ်းထောက်လှမ်း ဖော်ထုတ်ရာတွင် အထောက်အကူရမည့်အရာ မှန်သမျှ အသေးအဖွဲ့ပါမကျန် မှတ်တမ်းတင်ထားခဲ့ကြသည်။ ထို့ပြင် ယင်းသို့ အချက်အလက် အထောက်အထားများ ရှာဖွေစုဆောင်းသည့် အလုပ်ကို လုပ်ကိုင် ဆောင်ရွက်ရာတွင်လည်း မည်သူ တစ်ဦးတစ်ယောက်မျှ သံသယမဖြစ်စေရန်နှင့် ခရိပ်မိစေရန် အထူးလျှို့ဝှက်၍ သတိကြီးစွာ လုပ်ကိုင်ခဲ့ကြသည်။

ကျွန်ုပ်တို့ ရရှိခဲ့သည့် ယုံကြည်စိတ်ချရသော သတင်းများအနက် ဗီရာ အိုက်ခ်မန်းနှင့် သူမ၏ သားများသည် ၁၉၅၀ ပြည့်နှစ် စောစောပိုင်းက ဥရောပ တိုက်မှ လူသူအရောက်အပေါက်နည်းသည့် ချောင်ကျလှသော ရွာကလေး တစ်ရွာတွင် နေထိုင်သွားခဲ့သည်ဟူသော သတင်းတစ်ခု ပါရှိခဲ့သည်။ သို့သော် နောက်ပိုင်းတွင် သူတို့ သားအမိသည် ထိုနေရာမှ ရုတ်တရက် ပျောက်ကွယ် သွားခဲ့ပြီး ခြေရာခံမရအောင် ဖြစ်ခဲ့ရသည်ဟု သိရသည်။ ထို့ပြင် ဥရောပတိုက်ရှိ ဂျာမန်ကောင်စစ်ဝန်ရုံးများနှင့် သံရုံးများသည် ဗီရာအိုက်ခ်မန်း ဟူသော အမည်ဖြင့် နိုင်ငံကူးလက်မှတ်ကို ဘယ်တုန်း ဘယ်အခါကမျှ ထုတ်မပေးခဲ့ဖူးကြောင်း အခိုင် အလုံ သိရှိခဲ့ရသည်။

ဤအတောအတွင်း ကျွန်ုပ်သည် အက်ရှက်တို့အဖွဲ့မှ စုံစမ်းထောက်လှမ်း၍ ရသမျှ အချက်အလက်များနှင့် သတင်းအစအနများကို လေ့လာသုံးသပ်ကြည့်ရန် ဥရောပတိုက်သို့ သွားရောက်ခဲ့ရာ ကျွန်ုပ်အတွက် စိတ်အားတက်ဖွယ်ရာ အချက် အလက်များကို ကြားသိခဲ့ရသည်။ ဤသည်မှာ အခြားမဟုတ်၊ အိုက်ခ်မန်းသည် ယနေ့တိုင် အသက်ထင်ရှား ရှိနေဆဲဖြစ်၍ လုံခြုံသည့် နေရာတစ်နေရာတွင် ငြိမ်ချမ်းလက်ချ ပုန်းအောင်းနေပြီး သူ့ဇနီး၊ သူ့သားများနှင့်အတူ နေထိုင်လျက် ရှိနေဟန်တူသည် ဟူသော သတင်းပင်ဖြစ်သည်။ ထို့ကြောင့်သာလျှင် သူ့ဇနီးနှင့် သူ့သားများသည် ရုတ်တရက် ဖြုန်းခနဲ အစအနရှာမရအောင် ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့ပြီ။ ထို့ကြောင့်သာလျှင် ဥရောပရှိ သူတို့၏ မိသားစုများ



www.burmeseclassic.com

www.burmeseclassic.com



သည် ယခုကဲ့သို့ ရေငုံနှုတ်ပိတ်ကာ အိုက်ခ်မန်းနှင့် သူ့မိသားစုအကြောင်း ဘာတစ်ခွန်းမှ မဟကြဘဲ ဖြစ်နေခြင်းဖြစ်သည်။

သို့ဖြစ်၍ ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလကုန်ရက်တွင် ကဲနက်သည် အာဂျင်တီးနားသို့ ထွက်ခွာရန် အသင့်ရှိနေပြီဖြစ်သည်။ သူထွက်ခွာမသွားမီ ကျွန်ုပ်သည် သူနှင့် နောက်ဆုံးအကြိမ် တွေ့ဆုံ၍ သူလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးညှိနှိုင်းကြ၍ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့ထံ အမြဲအဆက်အသွယ်ပြုလုပ်ရန်နှင့် အစီရင်ခံစာများပေးပို့ရန် လိုအပ်သည့် ပြင်ဆင်မှုများကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ကျွန်ုပ်တို့သည် ယခုကဲ့သို့ သူခရီးထွက်ရသည့် အကြောင်းရင်းကို ပြည်တွင်းမှာရော ပြည်ပမှာပါ မရိပ်မိစေရန် သူ့အတွက် ဟန်ပြလုပ်ငန်းနှင့် ဟန်ဆောင်ဇာတ်လမ်း တစ်ခုကိုပါ စီစဉ်ဖန်တီးခဲ့ကြသည်။ ယုတ်စွအဆုံး သူဘယ်အရပ်ဒေသသို့ ဘာကိစ္စနှင့် သွားသည်ကို သူ့မိသားစုနှင့်တကွ မိတ်ဆွေ အပေါင်းအသင်းများကိုပါ လုံးဝ အသိမပေးရန် သူ့အား အလေးအနက် မှာကြားခဲ့ရသည်။

■

## အမှတ်တရ မွေးနေ့လက်ဆောင် ပစ္စည်းတစ်ခု

ကဲနက်သည် အာဂျင်တီးနားသို့ အသွားတွင် ဤစစ်ဆင်ရေးနှင့် ပတ်သက်၍ သူ့အား အကူအညီပေးမည့်သူများနှင့် တွေ့ဆုံရန် လမ်းခုလတ်ရှိ တောင်အမေရိကတိုက်မှ နိုင်ငံနှစ်နိုင်ငံသို့ ခေတ္တဝင်ရောက်ခဲ့သည်။ ၎င်းတို့မှာ တောင်အမေရိကတွင် နေထိုင်သူများဖြစ်၍ သူတို့လေးဦးစလုံး စပိန်စကားကို ရေရေလည်လည် ပြောတတ်သူများ ဖြစ်ကြသည်။ ထို့ပြင် သူတို့သည် စီးပွားရေးလုပ်ငန်းကိစ္စများနှင့် ကိုယ်ရေးကိုယ်တာ အလည်အပတ်သဘောမျိုးဖြင့် အာဂျင်တီးနားသို့ မကြာခဏ သွားရောက်ခဲ့ကြသဖြင့် အာဂျင်တီးနားနိုင်ငံအကြောင်းကို အတော်အတန် သိရှိထားကြပြီး ဗျူနိုအဲရစ္စမြို့တော်အကြောင်း အသေးစိတ် သိထားသူများ ဖြစ်ကြသည်။

အဆိုပါ လေးယောက်အနက် နှစ်ယောက်မှာ ငယ်ရွယ်သူ ဇနီးမောင်နှံများ ဖြစ်ကြသည်။ ဒေးဗစ်ကွန်ဖဲလ်နှင့် ဟက်ဒါကွန်ဖဲလ် အမည်ရှိ အဆိုပါ ဇနီးမောင်နှံတွင် လင်ယောကျ်ားဖြစ်သူ ဒေးဗစ်က အောင်မြင်ကျော်ကြားသည့် လုငယ် ဗိသုကာတစ်ဦးဖြစ်၍ ဇနီးဖြစ်သူ ဟက်ဒါမှာ စိတ္တဗေဒနှင့် ဘာသာဗေဒဘွဲ့ရ ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးဖြစ်သည်။

အခြားတစ်ယောက်မှာ လူဘင်စကီ အမည်ရှိ လူရွယ်ရှေ့နေတစ်ဦးဖြစ်၍ အာဂျင်တီးနား တစ်နိုင်ငံလုံး နေရာအနှံ့အပြားတွင် အဆက်အသွယ်ရှိသူဖြစ်သည်။ စတုတ္ထပုဂ္ဂိုလ်မှာ ဒုတိယနှစ် အင်ဂျင်နီယာကျောင်းသား ပါမောက္ခဖြစ်သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲနက်သည် သူတို့ လေးဦးစလုံးနှင့် တွေ့ဆုံ၍ သူတို့အတွက် ခရီးသွားလာရေး အစီအစဉ်များနှင့် နောက်တစ်ကြိမ် တွေ့ဆုံရမည့် နေရာနှင့် သတ်မှတ်ချက်များကို ညှိနှိုင်း ဆွေးနွေးခဲ့သည့်ပြင် သူတို့အတွက် ဤစစ်ဆင်ရေးတွင် အသုံးပြုရမည့် နာမည်အသစ်များနှင့်တကွ မှတ်ပုံတင်များနှင့် ထောက်ခံစာများကိုပါ ပေးအပ်ခဲ့သည်။

ထို့နောက် ကဲနက်သည် မတ်လ ၁ ရက်၊ (၁၉၆၀)နေ့ ညနေတွင် ဗျူနိုအဲရစ္စမြို့သို့ ဆိုက်ရောက်ခဲ့ပြီး လေဆိပ်မှတစ်ဆင့် တည်းခိုမည့် ဟိုတယ်သို့ တောက်လျှောက်သွားခဲ့သည်။ သူသည် ဟိုတယ် တည်းခိုခန်းသို့ ရောက်လျှင် ရောက်ချင်း ဗျူနိုအဲရစ္စမြို့တော်နှင့် ဗျူနိုအဲရစ္စခရိုင် တစ်ခုလုံးအတွက် ထားရှိသော တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ပထမဆုံး ကောက်ကြည့်ခဲ့သည်။

ထိုတွင် ဗျူနိုအဲရစ္စမြို့တော်မှ တယ်လီဖုန်း လမ်းညွှန်စာအုပ်တွင် 'ရီကာဒို ကလီမင့်' ဟူသော အမည်နှင့် 'ကာလော့စ် ရီကာဒို ကလီမင့်' ဟူသော အမည် နှစ်ခုစလုံးကို တွေ့ရသည်။ သို့သော် အိုလီဗော့စ်ရပ်ကွက် အပါအဝင် ခရိုင်တယ်လီဖုန်း လမ်းညွှန်စာအုပ်တွင်မူ ကလီမင့် သို့မဟုတ် ကလီမင့်စ် ဟူသော အမည်ကို 'ကေ'အက္ခရာဖြင့် သော်လည်းကောင်း၊ 'စီ'အက္ခရာဖြင့် သော်လည်းကောင်း လုံးဝမတွေ့ရဘဲ ရှိနေသည်။

နောက်တစ်နေ့ နံနက်တွင်မူ ကဲနက်သည် မြေပုံတစ်ခုကို အသုံးပြုကာ ဝတ်ဝန်းကျင် အနီးအနားမှ လမ်းများနှင့် အဆောက်အအုံများကို လမ်းလျှောက်၍ လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် တတိယမြောက်ဖြစ်သော မတ်လ ၃ ရက်နေ့တွင် ကားတစ်စီးငှား၍ ကြိုတင်စီစဉ်ထားချက်အရ လူဘင်စကီနှင့် ပထမဆုံး စတင်တွေ့ဆုံရန် စားသောက်ဆိုင်တစ်ဆိုင်သို့ ထွက်လာခဲ့သည်။ ထိုအချိန်တွင် လူဘင်စကီမှာလည်း အခြားဟိုတယ်တစ်ခုတွင် ရောက်ရှိ တည်းခိုနေပြီဖြစ်သည်။

ကဲနက်က လူဘင်စကီအား သူသိလိုသည့် ပုဂ္ဂိုလ်အချို့၏ နေရပ်လိပ်စာများကို မေးမြန်းကြည့်ရန်အတွက် ပုဂ္ဂလိက စုံစမ်းရေးဌာနသို့ သွားရန် သင့်၊ မသင့် ဘာမျှမပျက်ဘဲ ခပ်မှန်မှန် ခပ်အေးအေး မေးလိုက်သည်။ လူဘင်စကီက ကဲနက်အား သူသိလိုသည့် လူပုဂ္ဂိုလ်များအကြောင်းကို ရှေ့နေတစ်ယောက် အနေဖြင့် တရားဥပဒေကိစ္စ တစ်ခုခုနှင့် ပတ်သက်၍ ဆက်သွယ်ရန် ရှိနေသည် ဟု အကြောင်းပြကာ မေးမြန်းစုံစမ်းကြည့်လျှင် ဖြစ်နိုင်ကြောင်း ပြောပြသည်။ ထို့ပြင် ထိုသို့သော ပုဂ္ဂလိက စုံစမ်းရေးဌာနများမှ အလွတ်စုံထောက်များသည်





ထိုကဲ့သို့သော စုံစမ်းမေးမြန်းမှုများကို အထူးလျှို့ဝှက်ထားလေ့ရှိကြောင်းနှင့် သူကိုယ်တိုင် သူ့မိတ်ဆွေများ၏ မေတ္တာရပ်ခံချက်အရ အလွတ်စုံထောက်များထံ ယင်းသို့ မကြာခဏ သွားရောက်စုံစမ်းခဲ့ဖူးကြောင်းများကို ဆက်လက်ပြောပြခဲ့သည်။

သို့ဖြစ်ရာ သူတို့နှစ်ယောက် ဆွေးနွေးတိုင်ပင်ကြပြီးနောက် လူဘင်စကီအား ပုဂ္ဂလိကစုံစမ်းရေး အဖွဲ့တစ်ဖွဲ့နှင့် ဆက်သွယ်ကာ အိုလီဗော့စ်ရပ်ကွက် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် မည်သူမည်ဝါ နေထိုင်လျက်ရှိကြောင်းနှင့် ၁၉၅၂-၅၃ ခုနှစ်လောက်က ဗီရာလိုင်ဘဲလ် အမည်ဖြင့် အမျိုးသမီးတစ်ယောက်သည် ကလေးသုံးယောက်နှင့်အတူ အာဂျင်တီးနားသို့ ရောက်လာခြင်း ရှိ၊ မရှိ စုံစမ်းခိုင်းရန် ဆုံးဖြတ်လိုက်ကြသည်။ ထို့ပြင် ၁၉၅၂ ခုနှစ်က ထုတ်ဝေခဲ့သော ဗျူနိုအဲရစ္စမြို့တော်နှင့် ခရိုင်ဒေသဆိုင်ရာ တယ်လီဖုန်းလမ်းညွှန် စာအုပ်များကို ရှာဖွေရန် လူဘင်စကီက တာဝန်ယူခဲ့သည်။

အမှန်စင်စစ် လူဘင်စကီ၏ အလုပ်မှာ လုပ်ရိုးလုပ်စဉ် လုပ်ငန်းတစ်ခု ဖြစ်သည်။ သို့ဖြစ်ရာ ပုဂ္ဂလိက စုံစမ်းရေးအဖွဲ့တစ်ဖွဲ့သို့ သွားရောက်၍ အထက်ပါ ကိစ္စရပ်များအတွက် မေတ္တာရပ်ခံသောအခါ တစ်စုံတစ်ရာ သင်္ကာမကင်းဖြစ်မှုများ လုံးဝမရှိဘဲ ချောချောမောမော ဖြစ်ခဲ့သည်။ လူဘင်စကီက အလွန်အရေးကြီးသည့် အမွေမှုတစ်မှုအတွက် အမွေဆက်ခံမည့်သူများကို နိုင်ငံတကာသို့ လိုက်လံရှာဖွေနေရခြင်းဖြစ်ကြောင်းနှင့် အကယ်၍ မူလ အမွေဆက်ခံခွင့်ရှိသူများ ကွယ်လွန်သွားပြီဆိုပါက အနီးစပ်ဆုံး ဆွေမျိုးသားချင်းများအတွက် အမွေလွှဲပေးရမည်ဖြစ်၍ ယခုကဲ့သို့ လိုက်လံရှာဖွေ စုံစမ်းနေရကြောင်း ယုတ္တိရှိရှိ ပြောပြခဲ့ရာ အားလုံးကပင် ယုံကြည်လက်ခံခဲ့ကြသည်။

ထို့ပြင် ယင်းသို့ စုံစမ်းသည့်ကိစ္စကိုလည်း အပြင်သို့ လုံးဝမပေါက်ကြားစေဘဲ အမြန်ဆုံး ဆောင်ရွက်ပေးရန် လူဘင်စကီ၏ မေတ္တာရပ်ခံချက်ကိုလည်း အဆိုပါ ပုဂ္ဂလိကစုံစမ်းရေးဌာနမှ ပုဂ္ဂိုလ်များက ကောင်းကောင်းကြီး နားလည်သဘောပေါက်ကာ တာဝန်ယူ လက်ခံခဲ့ကြသည်။ အထူးသဖြင့် ယင်းအမွေမှုနှင့် စပ်လျဉ်း၍ အမွေဆက်ခံရမည့်သူကို စုံစမ်းတွေ့ရှိ၍ ရုံးတော်၏ ဆုံးဖြတ်ချက်အရ အမွေများ ရရှိခဲ့ပါက အထိုက်အလျောက် ချီးမြှင့်ခြင်းများ ပြုလုပ်ပါမည် ဟု၍ လူဘင်စကီက အတိအလင်း ပြောကြားခဲ့ရာ အလွတ်စုံထောက်များသည် ဤကိစ္စကို စုံစမ်းထောက်လှမ်းပေးရန် အထူးစိတ်အားထက်သန်လျက် ရှိနေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လှဘင်စကီသည် နောက်တစ်ကြိမ် ကဲနက်နှင့် ထပ်မံတွေ့ဆုံရာ၌ အထက်ပါ အခြေအနေ အကြောင်းခြင်းရာများကို ကဲနက်အား အသေးစိတ် ပြန်ပြောပြခဲ့သည်။ ကဲနက်သည် ထိုအကြောင်းများကို ကြားလိုက်ရသဖြင့် ပိုမို အားတက်ကာ လှဘင်စကီအား အခြားစုံစမ်းရေးဌာနတစ်ခုမှ အခြားကိစ္စတစ်ခုကို စုံစမ်းခိုင်းရန် တာဝန်ပေးခဲ့ပြန်သည်။ ယင်းကိစ္စမှာ ကျွန်ုပ်တို့ နောက်ဆုံးသိရှိခဲ့သည့် သတင်းအရ ယခင်ကသော်လည်းကောင်း၊ သို့မဟုတ် ယခုလောလော ဆယ်သော်လည်းကောင်း ကလီမင့် ဝင်ရောက်အလုပ်လုပ်ခဲ့သည့် ဖာလ်ဒနာ ကုမ္ပဏီနှင့် 'စီ-အေ-ပီ-အာရ်-အိုင်' ကုမ္ပဏီများအကြောင်း စုံစမ်းခိုင်းရန်ဖြစ်သည်။ ယင်းကုမ္ပဏီများအကြောင်း စုံစမ်းခိုင်းရာတွင်လည်း လှဘင်စကီက မိမိ၏ အမှုသည်သည် အဆိုပါကုမ္ပဏီများနှင့်ဆက်သွယ်၍ လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်လိုသောကြောင့် ယခုကဲ့သို့ စုံစမ်းခိုင်းရခြင်းဖြစ်ကြောင်း ပြောပြရန် စီစဉ်ထားသည်။

❒

ကဲနက်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် နောက်တစ်ယောက်မှာ အင်ဂျင်နီယာ ကျောင်းသား ပရီမိုပင်ဖြစ်သည်။ ပရီမိုသည် ဗျူနိုအဲရစ္စမြို့တော်တွင် အသိအကျွမ်း အဆက်အသွယ် ပေါများလှသည်ဖြစ်ရာ နေရာတကာတွင် သူ့မိတ်ဆွေအပေါင်း အသင်းများ ရှိနေတတ်သည်။ သို့ဖြစ်၍ အစားအသောက် ညံ့ဖျင်းသော်လည်း လူသူကင်းရှင်းသည့် ဆိုင်တစ်ဆိုင်တွင် သူတို့နှစ်ယောက် တွေ့ဆုံခဲ့ကြသည်။

သူတို့နှစ်ယောက်သည် အစားအသောက်များနှင့် ပတ်သက်၍ စကား အနည်းငယ်ပြောကြပြီး ကားတစ်စီးငှားကာ အိုလီဗော့စ်ရပ်ကွက်သို့ ထွက်လာ ခဲ့ကြသည်။ သူတို့စီးလာသော ကားကို ချာကာဘူကိုလမ်းအတိုင်း မောင်းလာ ခဲ့ကြရာ ကဲနက် ပြောပြထားသည့် ပုံသဏ္ဌာန်နှင့် အနေအထားအရ ပရီမိုသည် အိမ်အမှတ် ၄၂၆၁ ကို အလွယ်တကူပင် ရှာတွေ့ခဲ့သည်။ ထိုအိမ်နှင့်ပတ်သက်၍ လှဘင်စကီ မကြာခဏ ကြားဖူးနားဝရှိသလောက် ပုံပျက်ပန်းပျက်နှင့် ဟောင်းအို ဆွေးမြည့်နေသည့် အိတ်စုတ်ကလေးတစ်အိမ် ဖြစ်လိမ့်မည်ဟု ယူဆထားခဲ့ရာမှ ယခု ကိုယ်တိုင်မြင်တွေ့လိုက်ရသောအခါ ထိုအိမ်မှာ မူလက ထင်မြင်ယူဆ ထားသည်ထက် ပို၍ ကြီးမားကာ အတော်ကလေး သပ်ရပ်ကောင်းမွန်နေသည်ကို တွေ့လိုက်သဖြင့် လှဘင်စကီမှာ တအံ့တသြ ဖြစ်သွားမိသည်။ ထို့ပြင် ထိုအိမ်ရှေ့ လမ်းမကြီးမှာ ကတ္တရာခင်းမထားဘဲ လမ်းအိုလမ်းဟောင်း ဖြစ်နေပါလျက်





ထိုလမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် ရှိနေသော အဆောက်အအုံများသည် သမ်းနှင့်မလိုက်ဘဲ သေသေသပ်သပ် တစ်ထပ်တိုက်ကလေးများနှင့် လှလှပပ ခြံခံအိမ်ကလေးများ ဖြစ်နေကြသည်ကို အံ့သြဖွယ်ရာ တွေ့နေရသည်။

သူတို့နှစ်ယောက်သည် လမ်းဘေးတွင် အဆင်သင့် တွေ့ရသူများအား ဤလမ်းနှင့် ရပ်ကွက်မှ ဟိုနေရာ သည်နေရာများအကြောင်းကို အမှတ်မထင် စုံစမ်းမေးမြန်းခဲ့ရာမှ ထိုလူများ၏ စကားပြောသံများအရ ဤနေရာတစ်ဝိုက်တွင် နေထိုင်သူများအနက် အများစုမှာ ဂျာမန်များဖြစ်သည်ကို သိကြရသည်။ ထို့ပြင် အဆောက်အအုံ နံရံများတွင် စကြာတံဆိပ် အများအပြားကိုပင် တွေ့နေကြရ သည်။

သူတို့သည် ကားကို အိမ်အမှတ် ၄၂၆၁ နှင့် ကိုက်တစ်ရာ နှစ်ရာခန့် အကွာတွင် ရပ်လိုက်ကြသည်။ ထို့နောက် ကဲနက်သည် သူ့အင်္ကျီအိတ်ထဲမှ စာကတ်တစ်ခုကို ထုတ်ကာ ပရီမိုအား ထိုကတ်ပေါ်တွင် စပိန်ဘာသာဖြင့် 'ချာ့ထံမှ အမှတ်တရ' ဟူ၍ အရေးခိုင်းပြီး ကတ်ပြားကို သူ၏ နေရပ်လိပ်စာ ထည့်ရမည့် နေရာတွင် 'ဒါဂိုစတို'ဟု အမည်တပ်ပြီး အောက်မှ 'အိမ်အမှတ် ၄၂၆၁၊ ချာကာဘူကိုလမ်း' ဟူ၍ ရေးခိုင်းလိုက်သည်။ အမှန်စင်စစ် ကဲနက်သည် ဤလမ်းတွင် လုံးဝ မရှိသော အိမ်နံပါတ်ကို ရေးခိုင်းခြင်းဖြစ်သည်။ ထို့ပြင် 'ဒါဂိုစတို' ဟူသော အမည်ကိုလည်း အိမ်အမှတ် ၄၂၆၁ မှ လျှပ်စစ်မီတာတွင် မှတ်ပုံတင်ထားသည့် 'ဒါဂိုတို' ဟူသော အမည်နှင့် ဆင်တူယိုးမှားဖြစ်အောင် ဘမင် အသုံးပြုလိုက်ခြင်းဖြစ်သည်။

ထို့နောက် ကဲနက်သည် ပရီမိုအား ထိုပို့စကတ်ကို ယူ၍ အိမ်အမှတ် ၄၂၆၁ သို့ သွားကာ လိပ်စာရှင်ကို ရှာသည့်အနေဖြင့် စုံစမ်းကြည့်ရန် လွှတ်လိုက် သည်။ မိနစ်အနည်းငယ် ကြာသောအခါ ပရီမို ပြန်ရောက်လာပြီး ထိုအိမ်တွင် မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့ရ၍ အနီးအနားတစ်ဝိုက်တွင် 'ဒါဂိုစတို' ဟူသော အမည်ဖြင့် မည်သူမျှမရှိဟူ၍ ပြောလိုက်ကြောင်း ကဲနက်အား ပြန်ပြော ခဲ့သည်။ ထို့ပြင် သူသည် အဆိုပါ အိမ်ဝင်းထဲသို့ ရောက်သွားပြီး ပြတင်းပေါက် များမှတစ်ဆင့် အတွင်းဘက်သို့ လှမ်းကြည့်ခဲ့ရာ ထိုအိမ်၏ တစ်ခုသောအခန်းမှာ လူနေဟန်မတူဘဲ ရှင်းလင်းနေပြီး အခြားတစ်ခန်းတွင်မူ ဆေးသုတ်သမားများ ဆေးသုတ်နေကြသည်ကို တွေ့ခဲ့ရကြောင်း ပြောပြသည်။

ပရီမို၏စကားကို ထောက်ရှု၍ ကဲနက်က ထိုအိမ်တွင်းတွင် နေထိုင်သူ များမှာ ပြောင်းရွှေ့သွားဟန်တူ၍ ထိုအိမ်တွင် တစ်ခါက အိုက်ခ်မန်း

www.burmeseclassic.com



သည့်တိုင်အောင် ယခု ရှိတော့မည် မဟုတ်ဟု တွေးမိသည်။ ဤအခြေနေအရ ယခုအခါ ထိုအိမ်သို့ ကိုယ်တိုင်သွား၍ အတိအလင်း မေးမြန်းစုံစမ်းကြည့်ခြင်းအားဖြင့် တစ်စုံတစ်ရာ အထင်အမြင်လွဲမှားစရာ သံသယဖြစ်ရာ မရှိတော့ဟူ၍ ကဲနက်က ယူဆလိုက်သည်။ ထို့ပြင် ယခုအခြေအနေနှင့် အချိန်အခါမျိုးတွင် ထိုအိမ်၌ အိုက်ခ်မန်းကို သော်လည်းကောင်း၊ သူ့မိသားစုထဲမှ တစ်ယောက်ယောက်ကို သော်လည်းကောင်း တွေ့နိုင်စရာအကြောင်း လုံး၀ မရှိတော့ဟု တထစ်ချ မှတ်ယူလိုက်သည်။

ဤနေရာတွင် ကဲနက်က မိမိတို့သည် ထိုအိမ်သို့ သွားရောက်စုံစမ်းရာ၌ မိမိတို့ ရှာဖွေစုံစမ်းနေသူအတွက် ကျေနပ်စရာအကြောင်း ကိစ္စတစ်ခုခု ပါသွားလျှင် ပို၍ သံသယကင်းဖွယ်ရာ ရှိသည်ဟု စိတ်ကူးမိသည်။ ကံအားလျော်စွာ တိုက်တိုက်ဆိုင်ဆိုင် ယနေ့ မတ်လ ၃ ရက်နေ့သည် အိုက်ခ်မန်း၏သား ကလော့စ် အိုက်ခ်မန်း၏ မွေးနေ့ဖြစ်ကြောင်း ကဲနက်ခေါင်းထဲ့တွင် ဖျတ်ခနဲ သတိရလိုက်မိသည်။ သို့ဖြစ်ရာ မိမိတို့သည် မွေးနေ့လက်ဆောင်ပစ္စည်းပေးရန်အတွက် 'ကလော့စ် အိုက်ခ်မန်း' ဆိုသူအား လိုက်လံရှာဖွေ စုံစမ်းနေပါသည်ဟုဆိုလျှင် မည်သို့မျှ သံသယ၀င်စရာမရှိဟု တထစ်ချ မှတ်ယူလိုက်ကြသည်။

❒

နောက်တစ်နေ့ မတ်လ ၄ ရက်နေ့တွင် ကဲနက်သည် ဈေးကြီးလှသည့် အဖိုးတန် ဓာတ်မီးခြစ်တစ်လုံးကို ၀ယ်၍ အိတ်ထဲထည့်လာခဲ့သည်။ ထို့နောက် သူသည် ယမန်နေ့ကပင် ဗျူနိုအဲရစ္စသို့ ရောက်လာပြီဖြစ်သော ဟက်ဒါကွန်ဖဲလ်အား သွားရောက်တွေ့ဆုံခဲ့သည်။ သူက ဟက်ဒါအား ၀ယ်လာသည့် ဓာတ်မီးခြစ်ကို ပေးလိုက်ပြီး ယင်းဓာတ်မီးခြစ်ကို လက်ဆောင်ပစ္စည်းအဖြစ် သေသေသပ်သပ် ထုပ်ကာ မွေးနေ့လက်ဆောင်ကတ်ပြားကလေး တစ်ခုနှင့်တွဲ၍ ထိုကတ်ပြားပေါ်တွင် 'ချစ်မိတ်ဆွေ နစ်ကီအတွက် အမှတ်တရ မွေးနေ့လက်ဆောင်' ဟူသော စာတန်းကို အောက်မှ လက်မှတ်မထိုးဘဲ အရေးခိုင်းလိုက်သည်။ ထို့နောက် ထိုကတ်ပြားကို စာအိတ်တစ်အိတ်တွင် ထည့်ကာ 'နစ်ကိုလပ်စ် ကလီမင့်၊ အိမ်အမှတ် ၄၂၆၁၊ ချာကာဘူကိုလမ်း၊ အိုလီဗော့စ်ရပ်ကွက်' ဟူ၍ လိပ်စာ အရေးခိုင်းသည်။

ထို့နောက် ကဲနက်သည် ဟက်ဒါအား ထင်ရှားသည့် အထက်တန်းစား ဟိုတယ်တစ်ခုတွင် တစ်နေ့တာမျှ သွားရောက်တည်းခိုစေလိုကြောင်း၊ ထိုဟိုတယ်တွင် သွက်လက်ချက်ချာသည့် ဟိုတယ်စောင့် လူငယ်တစ်ယောက်ကို ရှာဖွေရွေးချယ်ပြီး ဤလက်ဆောင်ပစ္စည်းနှင့် မွေးနေ့ကတ်ပြားကို လိပ်စာအတိုင်း သွားရောက်ပို့ပေးရန် စေခိုင်းစေလိုကြောင်းဖြင့် ဟက်ဒါအား ပြောကြားခဲ့သည်။ အဆိုပါ ဟိုတယ်စောင့် လူငယ်ကလေးအား ထိုသို့စေခိုင်းရာ၌ တိတိကျကျ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို မည်သို့မည်ပုံ ညွှန်ကြားရမည်ဆိုသည်များကိုပါ ကဲနက်က သူမအား ပြောပြခဲ့သည်။

များမကြာမီ အချိန်အားဖြင့် နာရီပိုင်းအတွင်းမှာပင် ဟက်ဒါအား ဗျူနိုအဲရစ္စမြို့ပေါ်မှ အကောင်းဆုံး ခိမ်ခံဟိုတယ်ကြီး တစ်ခု၏ ခမ်းနားလှသည့် ဧည့်ခန်းကျယ်ကြီးထဲ၌ အခံ့သား ထိုင်နေသည်ကို တွေ့ကြရသည်။ ဟက်ဒါသည် ပင်ကိုအားဖြင့် ရုပ်ရည်ချောမောသူကလေး ဖြစ်သည့်အပြင် ထိုနေ့ ထိုအချိန်က အစွမ်းကုန် အလှပြင်၍ ၀တ်စားဆင်ယင်ထားခဲ့သည်။ သို့ဖြင့် သူမသည် ဖိတ်ဖိတ်တောက်နေသည့် ဧည့်ခန်းဆောင်ကြီးအတွင်း အထက်တန်းစား လူကုံထံများ၏ အလယ်တွင် တစ်ချက်ကလေးမျှ အမူအရာမပျက်ဘဲ တည်တည်ငြိမ်ငြိမ်ဖြင့် ဣန္ဒြေကောင်းလှသည်ဖြစ်ရာ ဤမျှလောက် ပျိုမျစ်နုနယ် တင့်တယ်လှပသော အမျိုးသမီးကလေးသည် ဤနေရာသို့ ဟန်ဆောင်ရုပ်ဖျက် ရောက်ရှိနေခြင်းဖြစ်၍ လူသတ်သမား ရာဇ၀တ်ကောင်တစ်ဦးအား လိုက်လံဖမ်းဆီးရာ၌ ကမ္ဘာတစ်ခုလုံး ဘုန်းလှုပ်ချောက်ချားသွားစေမည့် လျှို့၀ှက်စစ်ဆင်ရေးကြီးတွင် ပါ၀င်ဆောင်ရွက်နေခြင်း ဖြစ်သည်ဟူ၍ မည်သူကမျှ အိပ်မက်ပင် မမက်ရဲလောက်အောင် ရှိနေခဲ့သည်။

ဧည့်ခန်းဆောင်ထဲတွင် ပြောပလောက်အောင် လူများများစားစား မရှိဘဲ ဖြစ်နေရာ ဟက်ဒါသည် အခန်းထဲတွင်ရှိနေသည့် လူအားလုံးကို တစ်ချက်မျှ မျက်လုံးကစားလိုက်ပြီး ဟိုတယ်စောင့် လူငယ်ကလေးများထဲမှ အားလုံးထက် ပို၍ သွက်လက်ချက်ချာပုံရသည့် ချာတိတ်တစ်ယောက်ကို စိုက်ကြည့်နေမိသည်။ အမှန်စင်စစ် သူမသည် ဧည့်ခန်းထဲသို့ ၀င်လာကတည်းက ထိုလူငယ်ကလေးကို မျက်မှန်းတန်းနေခဲ့ပြီး ဖြစ်သည်။ လူငယ်ကလေးကလည်း သူမ၏ စိတ်၀င်စားမှုကို ရိပ်မိဟန်ဖြင့် ရုတ်တရက် ရှက်သွားကာ မျက်နှာတစ်ချက် ရဲခနဲဖြစ်သွားသည်။ သူမက ထိုလူငယ်ကလေးအား ခေါင်းညိတ်၍ ခေါ်လိုက်သည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ မမ"

ဟက်ဒါက အကဲခတ်သလိုဖြင့် သူ့ကို ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်သည်။ 'မင်းနာမည် ဘယ်လိုခေါ်သလဲ'







www.burmeseclassic.com

www.burmeseclassic.com



"ပီဒရိုပါ မမ"

"မင်း ဒီမြို့ကို တော်တော်နှံ့နှံ့စပ်စပ် သိပုံရတယ်" သူငယ်ကလေးက ဟက်ဒါ၏စကားကို ဝန်ခံလိုက်ရာ သူမက ဆက်ပြောလိုက်သည်။ "ဒီလိုဆိုရင် မင်းကို ငါ တစ်ခုခိုင်းချင်တယ်ကွယ်"

"ရပါတယ် မမ၊ ခိုင်းချင်တာခိုင်းပါ"

"မမခိုင်းမယ့်ကိစ္စက နည်းနည်းလေးတော့ သတိထားရမယ်ကွဲ့၊ ဒီကိစ္စကို မင်းအနေနဲ့ သေသေသပ်သပ် ပိပိရိရိလုပ်ဖို့ လိုတယ်။ မင်းလည်း ဒီအသက်အရွယ် ရောက်လာမှတော့ တချို့ကိစ္စတွေဟာ ပိပိရိရိနဲ့ သိုသိုသိပ်သိပ် လုပ်ရမယ်ဆိုတာ မင်း သိမှာပါ။ အဲဒီတော့ အခု မမခိုင်းမယ့်ကိစ္စကို မင်း ဆောင်ရွက်ပေးပြီးလို့ ပြန်လာခဲ့တဲ့အခါကျရင် မင်းလုပ်ခဲ့သမျှ၊ တွေ့ခဲ့ ကြုံခဲ့သမျှတွေကို အားလုံး တစ်ခုမှမကျန်အောင် မမကို မင်း ပြန်ပြောပြရလိမ့်မယ်။ ပြီးတော့ ဒီကိစ္စကို ထိပ်တန်းလျှို့ဝှက်ကိစ္စတစ်ခုအနေနဲ့ မင်းစိတ်ထဲမှာပဲ ထားရမယ်။ မမနဲ့ မင်းနဲ့က လွဲလို့ ဘယ်သူ့ကိုမှ ဖွင့်ပြောလို့မဖြစ်ဘူး။ ဒါကြောင့် ဒီကိစ္စမှာ မင်းကို မမက ယုံယုံကြည်ကြည်နဲ့ ခိုင်းချင်တယ်"

လူငယ်ကလေးက ရုတ်တရက် ကိုယ်ကို မတ်မတ်ထားကာ ဝင့်ကြွားစွာ ပြန်ပြောလိုက်သည်။ "မမ ဒီလိုပြောတာ ကျွန်တော် အများကြီးဂုဏ်ယူပါတယ်"

"မင်း အခု အားနေသလား၊ ချက်ချင်းသွားလို့ ဖြစ်မလား" သူမက မေးကြည့်လိုက်သည်။

"ဖြစ်ပါတယ် မမ၊ ရပါတယ်"

"အေး... ကောင်းပြီ၊ ဒီလိုဆိုရင် စာအိတ်တစ်အိတ်နဲ့ အထုပ်ကလေး တစ်ထုပ်၊ အဲဒါတွေကို 'နစ်ကိုးလပ်စ် ကလီမင့်'ဆိုတဲ့ လူဆီကို မင်း သွားပို့ပေးရမယ်။ အဲဒီလူရဲ့ နာမည်နဲ့ လိပ်စာကို စာအိတ်ပေါ်မှာ ရေးထားတယ်။ အထုပ်ထဲမှာ လက်ဆောင်ပစ္စည်းတစ်ခုပါတယ်။ အဲဒီလက်ဆောင်ကို စာအိတ်နဲ့ အတူ 'အဲဒီလူ' လက်ထဲရောက်အောင် မင်းပို့ပေးရမယ်။ မမ ဆိုလိုတာက နစ်ကိုးလပ်စ် ကလီမင့်ဆိုတဲ့ လူကို လူကိုယ်တိုင်တွေ့ပြီး သူ့လက်ထဲ အရောက် ပေးစေချင်တာ။ တကယ်လို့ မင်း သူ့ကို လူကိုယ်တိုင် မတွေ့ရဘဲ လိပ်စာမှာနေ ခဲ့ရင်း ဒါမှမဟုတ် သူ တခြားတစ်နေရာရာ ပြောင်းသွားခဲ့ရင် သူရှိတဲ့နေရာကို ရောက်အောင် ပို့ပေးဖို့အတွက် လိပ်စာအမှန်ဖြစ်ဖြစ်၊ နောက်ပြောင်းသွားတဲ့ နေရပ်လိပ်စာဖြစ်ဖြစ် သိအောင် စုံစမ်းခဲ့ရမယ်။ တကယ်လို့ သူ တခြားပြောင်းသွားပြီဆိုရင်တော့ အဲဒီနေရာကို မင်း သွားစရာမလိုဘူး။ မမကိုယ်တိုင် သွားပို့တော့





မယ်။ ဒါပေမဲ့ မင်း သတိထားဖို့က ဒီကိစ္စနဲ့ပတ်သက်လို့ မင်းကို အခုခိုင်းတဲ့ သူဟာ အမျိုးသမီးတစ်ယောက်ပဲဆိုတာ ဘယ်သူ့ကိုမှ ဖွင့်မပြောရဘူး။ တကယ်လို့ မင်းကို ဘယ်သူကခိုင်းလိုက်တာလဲလို့ မေးလာရင် တခြားဟိုတယ်တစ်ခုမှာ အလုပ်လုပ်တဲ့ မင်းရဲ့မိတ်ဆွေ သူငယ်ချင်းတစ်ယောက်က ဒီအထုပ်ကလေးကို မနေ့ညက လာပေးပြီး သူ့ကိုယ်စား သွားပေးပါဆိုလို့ ယူလာခဲ့တယ်လို့ ပြောရမယ်။ အဲဒါကလွဲလို့ ကျွန်တော် ဘာမှမသိဘူးလို့ ပြောရလိမ့်မယ်။ ဘယ့်နှယ်လဲ၊ မမပြောတာတွေ မင်း အကုန်သဘောပေါက်ရဲ့လား"

လူငယ်ကလေး၏ မျက်နှာပေါ်တွင် ရုတ်တရက် အံ့ဩသွားသည့် အရိပ်အရောင်များ သန်းသွားသည်။ သူ့စိတ်ထဲတွင် သူသည် အဆန်းတကြယ် စိတ်လှုပ်ရှားဖွယ်ရာကောင်းလှသည့် 'ချစ်အတွင်းရေး' ကိစ္စတစ်ခုတွင် အရေးပါ အရာ ရောက်သည့်အခန်းမှ ပါဝင်ဆောင်ရွက်ရတော့မည်ဟူသော အတွေးများ ပေါ်ပေါက်နေကြောင်း ထင်ရှားလှသည်။ ထို့ပြင် ရုပ်ရည်ချောမောလှသည့် ဤ မိန်းမပျိုကလေး၏ စိတ်ချမ်းမြေ့မှုသည် မိမိ၏ ကြိုးစားလုပ်ဆောင်မှုအပေါ် တည်နေပြီ ဟူ၍ပင် ယူဆနေသလား မပြောတတ်။

"မမစိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်" သူက ပြန်ဖြေလိုက်သည်။ "မမ ပြောတဲ့အတိုင်း ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်၊ အခုချက်ချင်းသွားလို့ ဖြစ်ပါတယ်"

"သိပ်ကောင်းတာပေါ့ကွယ်၊ ကဲ... ဟောဒီမှာ ရော့၊ ကားခယူသွား"

လူငယ်ကလေးသည် ဘတ်စ်ကားခထက် အဆမတန် ပို၍ပေးလိုက်သော သူမ၏ ငွေများကို ကြည့်ကာ မျက်နှာပေါ်တွင် နောက်တစ်ကြိမ် အံ့ဩသွားသည့် အရိပ်လက္ခဏာများ ပေါ်လာပြန်သည်။ ထို့နောက် သူသည် တစ်ကြိုးတည်း သစ်တော့သည်။

ပီဒရိုသည် ချာကာဘူကိုလမ်းမှ အိမ်အမှတ် ၄၂၆၁ ကို အလွယ်တကူပင် ရှာတွေ့ခဲ့သည်။ သူသည် ခြံဝတွင် လူခေါ်ခေါင်းလောင်းကို ရှာကြည့်သော်လည်း မတွေ့ရ။ သို့ဖြင့် တစ်ခွန်းနှစ်ခွန်း လှမ်းခေါ်ကြည့်ပြီး မည်သူမျှ ထွက်မလာသည့်အဆုံး ခြံထဲသို့ဝင်၍ အိမ်ထဲသို့ လျှောက်လာခဲ့သည်။ အိမ်တံခါးနှင့် ပြတင်းပေါက်များ ပွင့်နေပြီး အိမ်အပြင်ဘက်တွင် ဆေးသုတ်သမားများ အလုပ် လုပ်နေကြသည်ကို လှမ်းမြင်ရသည်။ သူသည် အိမ်ထဲသို့ တန်းဝင်ခဲ့ရာ အိပ်ခန်းဟု ယူဆရသော အခန်းတစ်ခန်းထဲ၌ တစ်ပိုင်းတစ်စစီ ဖြုတ်ထားသည့် ခုတင် ဘောင်လုံးနှင့် ဖိနပ်များ၊ အခြားအသုံးအဆောင် ပစ္စည်းများကို ဖရိုဖရဲတွေ့မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဆိုပါ အိပ်ခန်း၏ လက်ယာဘက်တွင် မီးဖိုခန်းရှိနေပြီး စားပွဲတစ်လုံးပေါ်တွင် စားသောက်ဖွယ်ရာများ တင်ထားသည်ကို လှမ်းမြင်ရသည်။ မီးဖိုခန်း၊ အိမ်သာ၊ ရေချိုးခန်းနှင့် အခြားအိပ်ခန်း တစ်ခန်းတို့သည် ခြံနောက်ဖေးဘက်သို့ မျက်နှာမူနေပြီး ပွင့်နေသော အခန်းတံခါးမှတစ်ဆင့် အခန်းကလေးတစ်ခု၏ အလတွင် အသက်အရွယ် ခပ်ကြီးကြီး လူတစ်ယောက် ထိုင်နေသည်ကို လှမ်းမြင်ရသည်။

သူသည် အပြင်သို့ ပြန်ထွက်ခဲ့ပြီး အိမ်ဘေးမှပတ်၍ အကြမ်းတည်ဆောက်ထားသည့် ဂိုဒေါင်ကလေးရှိရာသို့ လျှောက်လာခဲ့သည်။ အသက်သုံးဆယ်ခန့်ရှိ လူငယ်တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် ဂိုဒေါင်ထဲတွင် ပစ္စည်းများ ရှင်းလင်းနေကြသည်ကို တွေ့ရသည်။ ပီဒရိုသည် လက်ထဲတွင် စာအိတ်နှင့် အထုပ်ကလေးကို ကိုင်လျက်သားနှင့် ဂိုဒေါင်ကလေးဆီ ရောက်သွားပြီး လှမ်းမေးလိုက်သည်။ "ကလီမင့် ဆိုတဲ့လူ ဒီမှာနေပါသလား ခင်ဗျာ"

"ကလီမင့်…ဟုတ်လား၊ ကလီမင့်…ဟို…ဟို…သြော်…ဟုတ်ပြီ၊ ကလီမင့်" ဂိုဒေါင်မှ လူရွယ်သည် စမ်းတဝါးဝါး ဖြစ်နေရာ…

"ဘာရယ်… နာမည်က ကလီမင့်လား"ဟု အမျိုးသမီးက ဝင်မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကလီမင့်ပါ"

"သူက ဂျာမန်လား"

"ဒါတော့ ကျွန်တော် မသိဘူးခင်ဗျာ" ပီဒရိုက ပြန်ပြောလိုက်သည်။

"သူ့မှာ သားခပ်ကြီးကြီးနှစ်ယောက်နဲ့ ငယ်ငယ်တစ်ယောက် ရှိတယ် မဟုတ်လား" ဂိုဒေါင်ထဲမှ လူရွယ်က မေးလိုက်ပြန်သည်။

"အဲဒါလည်း ကျွန်တော် မသိပါဘူးခင်ဗျာ" ပီဒရိုက ဖြေလိုက်သည်။ "ကျွန်တော်လာတာက အဲဒီလူကို ပစ္စည်းတစ်ခု ပေးစရာရှိလို့ပါ၊ သူ ဘယ်မှာ နေပါသလဲ ခင်ဗျာ"

"သူ အရင်ကတော့ ဒီမှာနေသွားတာပဲ၊ ဒါပေမဲ့ အခု မရှိတော့ဘူး။ ပြောင်းသွားပြီ၊ ဘယ်နေ့က ပြောင်းသွားတယ်ဆိုတာတောင် မမှတ်မိတော့ပါဘူး။ သြော်…နေဦး…နေဦး၊ ပြောင်းသွားတာက ရက်နှစ်ဆယ်လောက်ပဲ ရှိဦးမယ် ထင်တယ်" လူရွယ်က ရှင်းပြနေသည်။

"သူ ဘယ်ကိုပြောင်းသွားပါသလဲ ခင်ဗျာ"





"ဒါတော့ ကိုယ်လည်း မပြောတတ်ဘူး။ နေဦး… သူတော့ သိလိမ့်မယ် ထင်တယ်" လူရွယ်က ပီဒရို ခပ်စောစောက လှမ်းမြင်ခဲ့ရသည့် အခန်းကလေးထဲမှ လူကြီးရှိရာသို့ မေးငေါ့ပြလိုက်သည်။ နောက်ပြီး သူသည် ပီဒရိုအား အိမ်ထဲမှဖြတ်၍ ထိုလူကြီးရှိရာ ခေါ်သွားသည်။

"ကျွန်တော် လူတစ်ယောက်ကို ပစ္စည်းတစ်ခု ပေးချင်လို့ပါ၊ ဟောဒီ စာအိတ်ပေါ်မှာ သူ့နာမည် ရေးထားပါတယ်" ပီဒရိုက ထိုလူကြီးအား စာအိတ်ကို ကိုင်ပြရင်း ပြောလိုက်သည်။

"သူက အရင် ဒီမှာနေသွားတဲ့ လူရဲ့လိပ်စာကို သိချင်လို့တဲ့ ဦးလေးရဲ့" လူရွယ်က ဝင်၍ ထောက်ပြောလိုက်သည်။

"သြော်… ဟို… ဂျာမန်လား" လူကြီးက လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော် သူ့ကို ဘယ်မှာ တွေ့နိုင်ပါ့မလဲ၊ သူ့အတွက် ပစ္စည်းတစ်ခု ပေးစရာရှိနေလို့ပါ"

"ငါသိသလောက်တော့ သူတို့ စန်ဖာနန်ဒိုရပ်ကွက်ကို ပြောင်းသွားတယ်လို့ ပြောတာပဲ။ ဒါပေမဲ့ သူတို့ကို ဘယ်လိုရှာရမယ်ဆိုတာ မပြောတတ်ဘူး။ သူ့လိပ်စာလည်း ငါ အတိအကျ မသိဘူး။ တစ်ခုတော့ရှိတယ်၊ မင်း အမှတ် ၆၀ ဘတ်စ်ကားစီးသွားပြီး သြော်… ခဏနေဦးဟေ့၊ ငါ ခုမှ သတိရတယ်၊ ဒီနားမှာ သူ့သားတစ်ယောက် အလုပ်လုပ်နေတာရှိတယ်" လူကြီးသည် သူ့စကားကို တစ်ပိုင်းတစ်စဖြတ်ကာ လူရွယ်ဘက်သို့ လှည့်လိုက်ပြီး ဆက်ပြောလိုက်သည်။ "မင်း ဒီသူငယ်ကို အဲဒီခေါ်သွားပြီး လိုက်ပြလိုက်ပါလားကွာ"

"ရပါတယ်၊ ဖြစ်ပါတယ်၊ ကဲ ဒီလိုဆိုလည်း လာ"

ပီဒရိုနှင့် ထိုလူရွယ်သည် အိမ်ဝင်းထဲမှ ထွက်လာပြီး လမ်းမကြီးအတိုင်း ဆောင့်ချိုးတစ်နေရာအထိ လျှောက်လာခဲ့ကြသည်။ လူရွယ်က လမ်းတွင် အဆိုပါ 'ဂျာမန်'၏ သားဖြစ်သူ အလုပ်လုပ်နေသော အလုပ်ရုံသို့ ဘယ်လိုသွားရမည်ကို ပြောပြလာခဲ့သည်။ သို့သော် ပီဒရိုမှာ သူပြောပြသည့်နေရာကို ဇဝေဇဝါဖြစ်နေသဖြင့် ထိုလူရွယ်အား ထိုနေရာသို့ အရောက်လိုက်ပို့ပါရန် တောင်းပန်ခဲ့သည်။ သို့ဖြင့် နှစ်ယောက်သား လျှောက်လာခဲ့ကြရာ လမ်းမကြီးကို ဖြတ်ကျော်လိုက်ပြီး ခပ်လှမ်းလှမ်းမှ ရေတွင်းဟောင်း တစ်ခုအနီးတွင် ထောင်ထားသည့် 'စကုတာ' အမျိုးအစား မော်တော်ဆိုင်ကယ်ကလေးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဟို မော်တော်ဆိုင်ကယ်ကလေးကို မြင်တယ်မဟုတ်လား။ အဲဒါ မင်းတွေ့ချင်တယ်ဆိုတဲ့ ဂျာမန်ရဲ့သား စီးတဲ့ ဆိုင်ကယ်ပဲ။ မင်း သူ့ကိုတွေ့ရင် သိပါလိမ့်မယ်။ သူ့ဆံပင်က အတော်လှတယ်"

သူတို့သည် ပါရာနာလမ်းပေါ်တွင် ကိုက်သုံးဆယ်ခန့် လျှောက်လာခဲ့ကြပြီး ချာကာဘူကိုလမ်းနှင့် ဆက်နေသည့် လမ်းတစ်လမ်းပေါ်မှ တစ်ထပ်အဆောက်အအုံတစ်ခု ရှိရာသို့ ရောက်သွားကြသည်။ ထိုအဆောက်အအုံထဲတွင် အလုပ်သမား အတော်များများသည် စက်ကိရိယာပစ္စည်းများ ကိုင်တွယ်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ အဆောက်အအုံ၏ အပြင်ဝရန်တာ တစ်နေရာတွင် 'ကျူတန်'လူမျိုးများ၏ မျက်နှာပေါက်ရှိသည့် အသက်ဆယ့်ရှစ်–နှစ်ဆယ်ခန့်ရှိ လူငယ်တစ်ယောက် အလုပ် လုပ်နေသည်ကို လှမ်းမြင်ရသည်။ ပီဒရိုအား ခေါ်လာသူသည် ထိုလူငယ်ရှိရာသို့သွားပြီး လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ဟောဒီ ချာတိတ်ကလေးက မောင်ရင့်အဖေနဲ့ တွေ့ချင်လို့တဲ့"

"ကျွန်တော် လူတစ်ယောက်ကို ပေးဖို့ စာတစ်စောင်ပါလာတယ်၊ အဲဒီလူရဲ့ နာမည်ကို ဟောဒီစာအိတ်ပေါ်မှာ ရေးထားပါတယ်" ပီဒရိုက ပြောပြောဆိုဆိုဖြင့် လူငယ်အား စာအိတ်ကို ပြလိုက်သည်။ "အဲဒီလူဟာ အခု ဒီမှာ မနေတော့ဘူးလို့ သူတို့က ပြောပါတယ်၊ အဲဒီတော့ ကျွန်တော် ဒီစာကို ဘယ်သွားပို့ရမယ်ဆိုတာ တစ်ဆိတ်ပြောပြပါလား ခင်ဗျာ"

"ကျွန်တော်တို့ အခု အိမ်ပြောင်းသွားပြီ" ခပ်ချောချော လူငယ်က ပြောလိုက်သည်။

"ဘယ်ကို ပြောင်းသွားတာလဲ ခင်ဗျာ"

"ဒွန် တော်ကွာတိုရပ်ကွက်ကို"

"ကျွန်တော် တစ်ခုပြောပါရစေ၊ ဒီစာနဲ့ ဒီပစ္စည်းကို အဲဒီလူဆီရောက်အောင် ပို့ပေးရမယ်လို့ ကျွန်တော့်ကို မှာလိုက်ပါတယ်" ပီဒရိုက ရှင်းပြသည်။

ဂျာမန်လူငယ်သည် စာအိတ်ကို သေသေချာချာကြည့်ပြီး ရုတ်တရက် မေးလိုက်သည်။ "ဒါကို ဘယ်သူက ပို့ခိုင်းလိုက်တာလဲ"

"ဒါတော့ ကျွန်တော်လည်း အတိအကျ မသိပါဘူးခင်ဗျာ။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က ပေးလိုက်တာပါ။ သူလည်း ဒီစာနဲ့ ဒီအထုပ်ကို သူအလုပ်လုပ်နေတဲ့ ဟိုတယ်မှာ လာတည်းတဲ့ ဧည့်သည်တစ်တစ်ယောက်က ပေးလိုက်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်းက သိပ်အလုပ်များနေလို့ ကျွန်တော့်ကို တစ်ဆင့်ပေးခိုင်းလိုက်တာပါပဲ။ ဒါတွေကို ကျွန်တော်





မနေ့ကတည်းက ရထားပါတယ်။ ဒါပေမဲ့ မနေ့က ကျွန်တော်လည်း လုံးလုံး မအားလို့ အချိန်မရတာနဲ့"

"ကျွန်တော်ကတော့ ဒီပစ္စည်းတွေကို ဘယ်သူက ပေးလိုက်တာလဲဆိုတာ သိချင်တာပါပဲ" ဂျာမန်လူငယ်က ထပ်ပြောလိုက်ပြန်သည်။

"မောင်ရင်က ဘာများ သိချင်သေးလို့လဲ" ပီဒရိုကို ခေါ်လာသည့် လူရွယ်က ကြားဖြတ်ပြောလိုက်သည်။ "သူ့ကို ဒီစာနဲ့ ဒီပစ္စည်းတွေ ပို့ခိုင်းလိုက်တယ်၊ သူကလည်း သူ့ကိုခိုင်းလိုက်တဲ့အတိုင်း လာပို့တာပဲ၊ အဲဒါ သူက မင်းတို့ အရင်နေခဲ့တဲ့အိမ်ကို ရောက်လာလို့ မင်းတို့ မရှိတော့ဘူး၊ ပြောင်းသွားပြီလို့ ငါက ပြောလိုက်တယ်။ ပြီးတော့ ဒီနားမှာ မင်း အလုပ်လုပ်နေတယ်ဆိုပြီး မင်းဆီ ငါလိုက်ပို့တာပဲ။ အဲဒီတော့ မင်းအနေနဲ့ ဒီစာနဲ့ပစ္စည်းကို ယူထားလိုက်ရုံပဲရှိတယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဒါတွေကို ဘယ်သူက ပို့လိုက်တယ်ဆိုတာတော့ သိချင်သေးတာပေါ့"

ဤတွင် ပီဒရိုက စာအိတ်ကို လက်ညှိုးထိုးကာ အမှုအရာအားဖြင့် ပြလိုက်သည်။

"အင်းပါ၊ ခင်ဗျားပြောတဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါတယ်။ ဒီစာပို့လိုက်တဲ့လူရဲ့ နာမည်ဟာ ဒီစာအိတ်ထဲမှာ ပါကောင်း ပါ ပါလိမ့်မယ်" ဂျာမန်လူငယ်က ပြောလိုက်သည်။

"ကျွန်တော်ဆိုလိုတာက ဒီစာနဲ့ အထုပ်ကို အဲဒီလူလက်ထဲရောက်အောင် ကျွန်တော် ပို့ပေးရမယ်လို့ ပြောတာပါ" ပီဒရိုက စာအိတ်ပေါ်တွင် ရေးထားသည့် အမည်ကို နောက်တစ်ကြိမ် လက်ညှိုးထိုးပြလိုက်ပြန်သည်။ "အဲဒီတော့ ဖြစ်နိုင်ရင် ကျွန်တော့်ကို အဲဒီလူရဲ့ နေရပ်လိပ်စာကလေး ပေးလိုက်စေချင်ပါတယ်"

"အဲဒါတော့ ပေးလို့မဖြစ်သေးဘူး။ ကျွန်တော်တို့ အခုပြောင်းသွားတဲ့ နေရာမှာ အိမ်နံပါတ်တွေ မတပ်ရသေးဘူး၊ နောက်ပြီးတော့လည်း..."

"ဪ... ဒီလိုလား" ပီဒရိုက ရုတ်တရက် ဝင်ပြောလိုက်သည်။ "ဒီလိုဆိုရင်လည်း ကျွန်တော် အဲဒီကို သွားလို့မဖြစ်တဲ့ အတူတူ ဒီပစ္စည်းတွေကို ခင်ဗျားဆီ ပေးထားခဲ့တာပဲ ကောင်းမယ်ထင်ပါတယ်ဗျာ"

"အဲဒီ ဒွန်တော်ကွာတိုရပ်ကွက်မှာ လမ်းတွေက တစ်ခုမှ နာမည်ရှိဘူးကွ" ပီဒရိုကို ခေါ်လာသူက ဝင်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပီဒရိုသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ "ဒီလိုဆိုလည်း ထားပေ့ါကွာ၊ ရှိပါစေသော့။ ကဲ...ရော့၊ ဟောဒီမှာ စာ၊ ဟောဒီမှာ အထုပ်"

"ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားမှာ ပြဿနာတစ်ခုခုဖြစ်ရင် ကျွန်တော့်ဆီ လာခဲ့ပေါ့၊ ကျွန်တော် ဒီမှာ အမြဲရှိနေမှာပဲ" ဂျာမန်လူချောကလေးက ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကောင်းပါပြီ၊ ကျွန်တော် ပြန်ပါဦးမယ်၊ ကျေးဇူးပါပဲ"

ပီဒရိုနှင့် လိုက်ပို့သည် လူရွယ်တို့ အဆောက်အအုံထဲမှ ပြန်ထွက်လာကြသောအခါ ပီဒရိုက လမ်းနံပါတ်ကို ရုတ်တရက် မှတ်ထားလိုက်သည်။ ၂၈၆၅။ ထို့ပြင် ဂျာမန်လူငယ်စီးသည်ဆိုသော မော်တော်ဆိုင်ကယ်လေး၏ အမျိုးအစားနှင့် အမှတ်အသားကိုလည်း သတိထားကြည့်ခဲ့သည်။ 'ဆိုင်းယင်းဘရက်တာ–၁၅၀ စပို့' အမျိုးအစားဖြစ်၍ အတော်ကလေး ဟောင်းနေသည်ကို တွေ့ရသည်။

ပီဒရိုသည် သူ့အား လမ်းပြအဖြစ် ကူညီခဲ့သည့် လူရွယ်ကို ကျေးဇူးတင်စကား ပြော၍ နှုတ်ဆက်ခဲ့ပြီး ဟိုတယ်သို့ သုတ်ခြေတင်ကာ ပြန်လာခဲ့သည်။ သူ့အား စေခိုင်းလိုက်သည့် အမျိုးသမီးအား သူလုပ်ကိုင်ဆောင်ရွက်ခဲ့ရသမျှ ပြန်လည် အစီရင်ခံရဦးမည်ဖြစ်သည်။ သူ့စိတ်ထဲတွင် စာနှင့် အထုပ်ကို ဂျာမန်လူငယ်လက်သို့ ပေးထားခဲ့မိသည့်အတွက် မှားများ မှားလေပြီလားဟု မတင်မကျ တွေးလာခဲ့မိသည်။ ယင်းသို့ သူပေးခဲ့သည်မှာလည်း ထိုဂျာမန် လူငယ်ကလေးသည် ကာလီမင့်၏သားဖြစ်ကြောင်း အိမ်နီးနားချင်း အဘိုးကြီး၏ စကားကို ယုံကြည်သောကြောင့်ဖြစ်သည်။

သို့သော် ထိုကိစ္စအတွက် ဟက်ဒါက သူ့အပေါ် အပြစ်တင် စိတ်မဆိုးဘဲရှိခဲ့သည်။ သူလုပ်ခဲ့ကိုင်ခဲ့ ဆောင်ရွက်ခဲ့သမျှ တစ်ခုမကျန် ပြန်ပြောပြခဲ့ရာ သူမက အားလုံး သဘောကျလက်ခံခဲ့သည်။ ထို့ပြင် ပီဒရိုအနေဖြင့် ဘာအကြောင်းကြောင့်ဟူ၍ မသိရဘဲ သူမသည် သူပြောသမျှကို အထူးဂရုစိုက်၍ တစ်လုံးမကျန် စိတ်ဝင်စားစွာ နားထောင်ခဲ့သည့်ပြင် အချို့ အချက်အလက်များကို စာဖြင့် ရေးမှတ်သည်ကိုပင် တွေ့ရသည်။ ထို့နောက် သူမသည် ထိုဂျာမန်လူငယ်၏ အမည်ကို ပီဒရို ကြားခဲ့ မကြားခဲ့ မေးကြည့်ရာ ပီဒရိုက အလုပ်ရုံမှ လူများသည် ထိုဂျာမန်လူငယ်အား 'ဒစ်ကို' သို့မဟုတ် 'တစ်တို' ဟူ၍လည်းကောင်း၊ သို့တည်းမဟုတ် 'ဒိုင်ယက်တာ' ဟူ၍လည်းကောင်း အသံထွက်ခေါ်ခေါ်ကြသည်ကို အမှတ်မထင် ကြားခဲ့ရကြောင်း ပြန်ပြောခဲ့သည်။





သူမသည် ပီဒရိုအား နောက်ထပ် ငွေအချို့ထပ်ပေးပြီး လက်ဆွဲနှုတ်ဆက်ကာ ကျေးဇူးတင်စကားပြော၍ ထွက်ခွာသွားခဲ့သည်။

ဟက်ဒါသည် ဟိုတယ်စောင့် ချာတိတ်ကလေး ပြောခဲ့သမျှကို တစ်လုံးမကျန် ကဲနက်အား ပြန်၍အစီရင်ခံခဲ့သည်။ နောက်တစ်နေ့တွင် သူမသည် ရှုလ တည်းခိုသည့် ဟိုတယ်သို့ ပြန်၍ပြောင်းရွှေ့လာခဲ့သည်။

■

www.burmeseclassic.com

## မော်တော်ဆိုင်ကယ်ကလေးတစ်စီးကို နောက်ယောင်ခံ၍ လိုက်နေကြသူများ

ဟက်ဒါထံမှ ရရှိခဲ့သည့် သတင်းများကို အခြေခံ၍ ကဲနက်သည် အောက်ပါအတိုင်း ကောက်ချက်ချခဲ့သည်။

လွန်ခဲ့သည့် တနင်္ဂနွေ နှစ်ပတ် သုံးပတ်ခန့်ကအထိ သားယောကျ်ားကလေး သုံးယောက်ရှိသော ဂျာမန်မိသားစု တစ်စုသည် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် နေထိုင်သွားခဲ့သည်မှာ သေချာသည်။ ယင်းမိသားစု၏ အိမ်ထောင်ဦးစီးအမည်မှာ ကလီမင့် ဟူ၍ ယူဆရသည်။ ထို့ပြင် ပီဒရိုတွေ့ခဲ့သော ဂျာမန်လူငယ်သည် အိုက်ခ်မန်း၏သား ဖြစ်မည်ဆိုပါက သားအငယ်ဆုံး 'ဒိုင်ယက်တာ'ပင် ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်း၏ သားအငယ်ဆုံး 'ဒိုင်ယက်တာ'သည် ၁၉၄၂ ခု၊ မတ်လ ၂၉ရက် နေ့တွင် မွေးဖွားခဲ့သည်ဖြစ်ရာ ယခု အလုပ်ရုံတွင် ပီဒရိုတွေ့ခဲ့ရသည့် ဂျာမန်လူငယ်နှင့် အသက်ချင်းနီးယှဉ်တူလောက်ပင်ဖြစ်သည်။ ထို့ပြင် သူ့နာမည်ကို 'ဒစ်တို' ဟူ၍လည်းကောင်း၊ 'တစ်တို' ဟူ၍လည်းကောင်း အသံထွက်မည်ဆိုပါက ထွက်နိုင်စရာရှိသည်။ အဆိုပါ မိသားစုသည် သူတို့ ပြောင်းရွှေ့သွားသည့် နေရပ်လိပ်စာကို ပေးမထားခဲ့ဘဲ ခြေရာဖျောက်သွားခဲ့ကြသည်ကိုထောက်၍ မုချ သူတို့သည် အိုက်ခ်မန်း မိသားစုပင် ဖြစ်စရာရှိသည်။

ထို့ပြင် ကဲနက်သည် ပီဒရိုနှင့် တွေ့ခဲ့သည့် အလုပ်သမားကြီး ပြောကြားလိုက်သည့် စကားအရ အဆိုပါ မိသားစုတို့ စန်ဖာနန်ဒိုရပ်ကွက်သို့ ပြောင်းရွှေ့





သွားကြသည်ဆိုသော အချက်နှင့် ဂျာမန်လူငယ်၏ စကားထဲတွင် သူတို့မိသားစုသည် ယခု ဒွန်တော်ကွာတိုရပ်ကွက်တွင် နေထိုင်လျက်ရှိကြသည်ဆိုသော အချက်များကို အထူးသတိပြု၍ စဉ်းစားကြည့်ခဲ့သည်။ တစ်ဖန် မြေပုံကို လေ့လာကြည့်ခြင်းအားဖြင့် အဆိုပါ စန်ဖာနန်ဒိုနှင့် ဒွန်တော်ကွာတိုရပ်ကွက်များမှာ တစ်ခုနှင့်တစ်ခု ခြောက်မိုင်မျှ ကွာဝေးနေသည်ဖြစ်ရာ အိုက်ခ်မန်း၏ သားဖြစ်သူ ဂျာမန်လူငယ် ဒိုင်ယက်တာသည် ပီဒရိုအား တစ်ဖက်လှည့်ဖြင့် တစ်ပတ်ရိုက်၍ သူတို့ပြောင်းရွှေ့သွားသည့် ရပ်ကွက်အမည်ကို လိမ်ညာပြောကြားလိုက်ခြင်းဖြစ်မည်ဟု ယူဆမိသည်။ သို့သော် ဤနေရာတွင် ကဲနက်၏ သုံးသပ်ချက်မှာ လွဲမှားနေပြီး အလုပ်သမားကြီးနှင့် ဒိုင်ယက်တာတို့ နှစ်ယောက်စလုံးက အမှန်အတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း နောင်တွင် သိလာခဲ့ရသည်။

သို့ဖြင့် နောက်ထပ်လှမ်းရမည့် ခြေလှမ်းမှာ အဆိုပါ မိသားစု၏ နေရာကို အတိအကျ သိအောင်စုံစမ်းရန်ပင် ဖြစ်သည်။ ဤကိစ္စအတွက် ကဲနက်သည် ဂျာမန်လူငယ် အလုပ်မှပြန်သည့်အချိန်ကို စောင့်၍ နောက်ယောင်ခံကြည့်ရန် ဆုံးဖြတ်လိုက်သည်။

မတ်လ ၄ ရက်နေ့ဖြစ်သော ထိုနေ့မှာပင် ကဲနက်သည် ပရီမိုနှင့် လူဘင်ကော်တို့ကို ခေါ်ယူကာ အငှားကားတစ်စီးဖြင့် 'တစ်တို'အိမ်အပြန်တွင် ဖြတ်သွားလိမ့်မည်ဟု ယူဆရသည့် လမ်းဆုံလမ်းခွ တစ်နေရာသို့ ထွက်လာခဲ့သည်။ အဆိုပါ လမ်းဆုံလမ်းခွမှာ ဒိုင်ယက်တာ အလုပ်လုပ်သည့် အလုပ်ရုံရှိသော မွန်တေဂူဒိုလမ်းမှ စန်ဖာနန်ဒိုရပ်ကွက်သို့လည်းကောင်း၊ ဒွန်တော်ကွာတိုရပ်ကွက်သို့လည်းကောင်း သွားသည့် လမ်းဆုံတစ်ခုဖြစ်၍ ကဲနက်တို့ လူစုသည် ထိုနေရာမှ စောင့်ကြည့်ကြခြင်းဖြစ်သည်။ ပီဒရိုပြောပြခဲ့သည့် လူပုံပန်းသဏ္ဌာန်ကို သိနေပြီဖြစ်၍ ဂျာမန်လူငယ်ကို မြင်လိုက်လျှင် ကောင်းကောင်းကြီး မှတ်မိနိုင်စရာရှိသည်ဟု ကဲနက်က တထစ်ချ ယူဆထားခဲ့သည်။

သူတို့သည် ညနေ ၃ နာရီခွဲမှ ၆ နာရီအထိ စောင့်ကြည့်ခဲ့ကြသည်။ သို့သော် 'ကျူတန်'မျိုးရိုးဂိုက် ပေါက်နေသည့် လူငယ်ဟူ၍ တစ်ယောက်မှ ပေါ်မလာဘဲ ရှိခဲ့သည်။

တစ်ချိန်တည်းတွင် ကဲနက်သည် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် လောလောဆယ် နေထိုင်လျက်ရှိသူများထံ သွားရောက်၍ ကလီမင့်တို့ မိသားစု နေရပ်လိပ်စာအသစ်ကို နောက်တစ်ကြိမ် စုံစမ်းကြည့်ရလျှင် ကောင်းမည်ဟု သဘောရခဲ့သည်။ သို့ဖြစ်ရာ ဒိုင်ယက်တာ အလုပ်သိမ်း၍ အိမ်ပြန်သော



www.burmeseclassic.com

www.burmeseclassic.com



ပြီးဟု သေချာသည့်အချိန်တွင် တစ်စုံတစ်ရာ အန္တရာယ်ဖြစ်စရာ မရှိတော့ဟု ယူဆကာ လူဘင်စကီအား အာမခံ ကိုယ်စားလှယ်တစ်ဦးအဖြစ် ဟန်ဆောင်စေ၍ ရီကာဒိုကလီမင့်၏ အသက်အာမခံကိစ္စကို ဆွေးနွေးရန် အကြောင်းပြချက်ဖြင့် ထိုအိမ်သို့ သွားရောက်စုံစမ်းရန် လွှတ်လိုက်သည်။

လူဘင်စကီ ရောက်သွားသောအခါ ထိုအိမ်တွင် ဆေးသုတ်သမားနှစ်ယောက်ကို တွေ့ရပြန်သည်။ ၎င်းတို့အနက် တစ်ယောက်မှာ စပိန်စကားကို ကျွမ်းကျင်သံဝဲ၍ ပြောတတ်သူဖြစ်သည်။ ကလီမင့်နှင့် ပတ်သက်၍ လူဘင်စကီ မေးမြန်းချက်များကို သူကပင် ဖြေကြားခဲ့သည်။

"သူတို့ ဒီမှာ မရှိကြတော့ပါဘူး၊ ရီကာဒိုကလီမင့်နဲ့ သူ့မိသားစု ပြောင်းသွားကြတာ သုံးပတ်လောက် ရှိသွားပါပြီ"

"သူတို့ အခု နောက်ပြောင်းသွားကြတဲ့ လိပ်စာကလေးများ မရနိုင်ဘူးလား ခင်ဗျာ"

"အဲဒီလိပ်စာကိုတော့ ကျွန်တော် မသိဘူး၊ ကျွန်တော် သိရသလောက်တော့ စန်ဖာနန်ဒိုရပ်ကွက်ကို ပြောင်းသွားကြတယ်လို့ ပြောတာပဲ"

"သူတို့ အခုငှားထားတဲ့အိမ်က တော်တော်ကြီးသလား" လူဘင်စကီက ဆက်မေးလိုက်ပြန်သည်။ "သူတို့မှာ သားသမီး တော်တော်များနေပြီလား"

ဆေးသုတ်သမားက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။ "သူတို့မှာ အားလုံး သားလေးယောက် ရှိသွားပြီ။ သုံးယောက်က တော်တော်လေးကြီးပါပြီ။ တစ်ယောက်ကတော့ ငယ်ပါသေးတယ်။ ကျွန်တော် သိရသလောက်တော့ အဲဒီလေးယောက်အပြင် နောက်ထပ် သားသမီးမရှိသေးပါဘူး။ အခုရှိတဲ့ လေးယောက်ထဲက အကြီးဆုံးသားက အိမ်ထောင်ကျပြီး တစ်ယောက်က ရေတပ်ထဲမှာ၊ တစ်ယောက်ကတော့ ဟောဒီအိမ်နဲ့ တစ်လမ်းလောက်ဝေးတဲ့ အလုပ်ရုံ တစ်ရုံမှာ အလုပ်လုပ်နေတယ်။ အငယ်ဆုံးကလေးကတော့ ရှစ်နှစ်သားပဲ ရှိပါသေးတယ်"

"ဒါထက် သူတို့ အခုပြောင်းသွားတဲ့ လိပ်စာကို ရအောင် စုံစမ်းမပေးနိုင်ဘူးလား ခင်ဗျာ" လူဘင်စကီက ထပ်၍ပြောလိုက်ပြန်သည်။ "ကျွန်တော့်အနေနဲ့ ဟိုလိုက်ရှာ ဒီလိုက်ရှာနဲ့ အချိန်မကုန်သင့်ဘဲ ကုန်မှာစိုးလို့ပါ"

ထိုအခိုက် အိမ်ထဲသို့ လူနှစ်ယောက်ဝင်လာပြီး လူဘင်စကီတို့ စကားပြောနေသည့် အခန်းသို့ လာရောက်နားထောင်နေကြသည်။ လူဘင်စကီက သူ့စကားကို လက်သတ်လိုက်တော့မည်ဟု စိတ်ကူးလိုက်သော်လည်း ဆေးသုတ်





သမားကြီးက ဆက်ပြောနေပြန်သည်။ "ခင်ဗျား ဟောဒီနားမှာ အလုပ်လုပ်နေတဲ့ သူ့သားကို မေးကြည့်ရင်ကောင်းမယ်။ ဒါပေမဲ့ အခု ဒီအချိန်ဆိုရင်တော့ သူ ရှိမှာ မဟုတ်တော့ဘူး။ သူက ငါးနာရီဆိုရင် အလုပ်သိမ်းပြီး အိမ်ပြန်တာပဲ"

"သူ့နာမည် ဘယ်လိုခေါ်သလဲ"

"အဲဒါတော့ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ 'ဂျာမန်'လို့ ပြောရင် လူတိုင်းက သိကြပါတယ်"

လူဘင်စကီသည် ကားရှိရာသို့ ပြန်လာခဲ့ပြီး ကဲနက်အား အခြေအနေအားလုံး ပြန်ပြောပြခဲ့သည်။ သို့ဖြင့် စောစောက ရော်ရမ်းမှန်းဆချက်တစ်ခုသည် အမှန်တကယ် ဖြစ်နေခဲ့သည်ကို တွေ့ရသည်။ လွန်ခဲ့သည့် တနင်္ဂနွေ နှစ်ပတ် သုံးပတ်လောက်က ဤအိမ်တွင် နေသွားခဲ့သူသည် ရီကာဒိုကလီမင့် ဖြစ်သည်မှာ သေချာနေပြီဖြစ်သည်။ လူဘင်စကီ ကြားခဲ့ရသည့် မိသားစု အရေအတွက်မှာလည်း စောစောက စုံစမ်းသိရှိထားသည့် အိုက်ခ်မန်းမိသားစုနှင့် ယေဘုယျ တူညီနေသည်ကို တွေ့ရသည်။ တစ်ခုပဲ ကွာခြားချက်ရှိသည်။ ၎င်းမှာ အကယ်၍ ဗီရာအိုက်ခ်မန်းသည် သူ့ယောက်ျား အိုက်ခ်မန်းရှိရာသို့ ၁၉၅၃ ခုနှစ်က လိုက်လာခဲ့ရိုး မှန်ပါက သူတို့တွင် ရှစ်နှစ်သားအရွယ် ကလေးတစ်ယောက် ရှိနိုင်မည် မဟုတ်။ အာဂျင်တီးနားတွင်မွေးသည့် အငယ်ဆုံးကလေးသည် ခြောက်နှစ်သား ထက်ပို၍ မကြီးနိုင်ဟု တွက်ရသည်။

ထိုနေ့မှာ သောကြာနေ့ဖြစ်ရာ 'တစ်တို'အား စောင့်၍ နောက်ယောင်ခံရန် ကိစ္စကို နောက်တစ်ပတ်မှ ဆက်၍ဆောင်ရွက်ရန် ရက်ရွှေ့လိုက်ရသည်။ ဤ အလုပ်ပိတ်ရက်များအတွင်း ကဲနက်သည် အစ္စရေးသို့ အစီရင်ခံစာရေးမည်ဟု ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ကျွန်ုပ်သည် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ တွင် မကြာမီ အချိန်အထိ ကလီမင့်တို့မိသားစု နေထိုင်သွားကြကြောင်းနှင့် အိုက်ခ်မန်း၏ တတိယသားကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရပြီဟု ယုံကြည်ရကြောင်း သတင်းကောင်းများကို ရရှိခဲ့သည်။

□

ကျွန်ုပ်ထံသို့ ပထမဆုံးရောက်ရှိလာသည့် အထက်ပါ သတင်းများသည် ဤ လျှို့ဝှက်စစ်ဆင်ရေးကို စီစဉ်ညွှန်ကြားနေကြသူများအတွက် အထူးပင် အားတက်စရာ ဖြစ်ခဲ့သည်။ ကျွန်ုပ်အနေဖြင့်မူ နှစ်ကိုးလပ်စ်အိုက်ခ်မန်းနှင့်ပတ်သက်၍

www.burmeseclassic.com



ယခင် ဟာမန်းတို့မိသားစုထံမှ ကြားသိခဲ့ရသည့် ဇာတ်လမ်းသည် အမှန်ပင်ဖြစ်ကြောင်း ယခင် စောစောပိုင်းကတည်းကပင် ယုံကြည်လက်ခံထားခဲ့ပြီးဖြစ်သည်။ သို့သော် ဟာမန်း၏ သမီးကလေးနှင့် အိုက်ခ်မန်း၏သားတို့ တွေ့ခဲ့ရင်းနှီးခဲ့ကြသည်မှာ အချိန်ကာလအားဖြင့် အတော်ကလေး ကြာသွားခဲ့ပြီဖြစ်ရာ သည့်နောက်တွင် အိုက်ခ်မန်းတို့ မိသားစုသည် ခြေရာဖျောက်ကာ နောက်တစ်ကြိမ် ရွှေ့ပြောင်းကွယ်သွားကြပြန်ပြီဟူသော ယူဆချက်ကို မဖြစ်နိုင်ဟူ၍ အတပ်မပြောနိုင်ဘဲ ရှိနေခဲ့သည်။ ယခုသော်မူ အိုက်ခ်မန်းသည် ဗျူနိုအဲရစ္စမြို့ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ယခုတိုင် ရှိနေဆဲဖြစ်သည်ဟူ၍ သတင်းကောင်း ကြားလိုက်ရပြီး သူ့သားဖြစ်သူ နစ်ကိုးလပ်စ်၏ နေရာဌာနကို အတိအကျ သိရဖို့ အလွန်နီးစပ်နေပြီဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ရီကာဒိုကလီမင့် ဆိုသူသည် အဒေါ့ဖ်အိုက်ခ်မန်း ဟုတ်မဟုတ် ကွဲကွဲပြားပြား သိရှိရန်နှင့် ဤအချက်ပေါ်တွင် မူတည်၍ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရမည့် စစ်ဆင်ရေး အစီအစဉ်များကို တက်သုတ်ရိုက်ကာ ပြင်ဆင်ရတော့သည်။

ကျွန်ုပ်သည် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် လူ့အင်အား အသုံးချရေး ပြဿနာရပ်များတွင် အထူးကျွမ်းကျင်လှသော လော်ရာဒိုတန် ဆိုသူအား ခေါ်ယူတွေ့ဆုံခဲ့သည်။ ကျွန်ုပ်သည် လော်ရာအား မည်သည့်ကိစ္စအတွက်ဟူ၍ ဖွင့်မပြောဘဲထားခဲ့ရာ သူမကလည်း တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုဘဲ နေခဲ့သည်။ သို့သော် သူမသည် 'တစ်ထွာပြလျှင် တစ်လံမြင်တတ်သူ' ဖြစ်ရာ ကျွန်ုပ်ပြောပြခဲ့သည်ထက် ပို၍ သိနားလည်ထားကြောင်း ကျွန်ုပ် ရိပ်စားမိခဲ့သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် လုပ်ငန်းတာဝန်တစ်ခုကို အလွန်ပါးနပ်၍ အရာရာ ဆောင်ရွက်နိုင်စွမ်းရှိသူများနှင့် အလုပ်လုပ်၍ မဖြစ်သည်များ ကြုံရတတ်သည်။ ထို့ပြင် ထိုသို့သော ပုဂ္ဂိုလ်များအား သူတို့ တတ်စွမ်းသမျှ မလုပ်စေဘဲ အထိုက်အလျောက် တော်ရုံသင့်ရုံ လုပ်ဆောင်ကြရန် မျှော်လင့်၍ မဖြစ်သည်များလည်း တွေ့ရတတ်သည်။ အမှန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်၏လက်အောက်မှ တာဝန်ခံအကြီးအကဲများ မသိအောင် ဘာတစ်ခုမျှ ဖုံးကွယ်၍ မရဘဲရှိခဲ့သည်။ သို့သော် သူတို့ သိထားသမျှ နှုတ်လုံစေရန်နှင့် မလိုအပ်သည့် မေးခွန်းများကို မမေးကြစေသော ထိန်းသိမ်းကြပ်မတ်ခဲ့ရသည်။

ကျွန်ုပ်သည် ကျွန်ုပ်တို့၏ စစ်ဆင်ရေးကို တကယ်လက်တွေ့ ဆင်နွှဲကြရသည့်အချိန်သို့ ရောက်လာသည့်အခါတွင် လိုအပ်လာမည့် အချက်အလက် အစီ





အစဉ်နှင့် လုပ်ဆောင်ရမည့် လုပ်ငန်းများကို အသေးစိတ် ပြင်ဆင်တွက်ချက်ဆောင်ရန် လော်ရာအား တာဝန်ပေးခဲ့သည်။ အဆိုပါ လိုအပ်ချက်များအားလုံးသည် အချိန်ကျလျှင် အားလုံး အဆင်သင့်ရှိနေကြရမည်ဖြစ်သည်။ လော်ရာသည် ဤကိစ္စမျိုးကို စီမံခန့်ခွဲရာ၌ဖြစ်စေ၊ ပြင်ဆင်စည်းရုံးရာ၌ဖြစ်စေ ရှားမှရှားသူဖြစ်သည်။ ထို့ပြင် 'မဖြစ်နိုင်'ဟူသော စကားသည် သူမအတွက် လုံးဝမရှိသည့် စကားဖြစ်သည်။ သူမ၏ အရည်အသွေး၊ အစွမ်းအစ၊ ပါးနပ်ဖျတ်လတ်မှုနှင့် ခေါင်းဆောင်မှု အရည်အချင်းများမှာ အထူးပင် ပြောင်မြောက်ထင်ရှားလှသည်။

❒

ဗျူနိုအဲရစ္စမြို့တွင် နောက်နေ့ မတ်လ ၇ ရက်နေ့၌ ကဲနက်နှင့် ပရီမိုတို့သည် ယမန်နေ့က လမ်းဆုံလမ်းခွနေရာမှ ထပ်မံ၍ စောင့်ကြည့်ခဲ့ကြပြန်သည်။ အဘက်ဘက်မှ စဉ်းစားတွက်ချက်၍ ရသလောက် ဂျာမန်လူငယ်သည် အိမ်အပြန်တွင် ဤလမ်းဆုံမှ မုချဖြတ်၍ ပြန်ရမည်ဖြစ်သည်။ သို့သော် ယနေ့အဖို့ရာတွင်လည်း ဂျာမန်လူငယ်မှာ လုံးဝ ပေါ်မလာဘဲ ဖြစ်ခဲ့ပြန်သည်။

ထိုနေ့ ညနေဘက်တွင် လူဘင်စကီသည် လွန်ခဲ့သော သုံးလေးရက်က သူသွားရောက်စုံစမ်းခဲ့သော ပုဂ္ဂလိက အလွတ်စုံထောက်ဌာနတစ်ခုမှ ရရှိခဲ့သည့် သတင်းများကို ကဲနက်ထံ ယူလာခဲ့သည်။ အာဂျင်တီးနား စုံထောက်များ၏ အဆိုအရ တယ်လီဖုန်းလမ်းညွှန် စာအုပ်ထဲတွင် ပါရှိသော ကလီမင့်နှင့် အိုက်ခ်မန်း ဟူသော အမည်များသည် တစ်ခုနှင့်တစ်ခု၊ တစ်ယောက်နှင့် တစ်ယောက် တစ်စုံတစ်ရာ ဆက်စပ်မှုမရှိဟု ဆိုသည်။ ထို့နောက် ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁ နှင့်စပ်လျဉ်း၍ ထိုအိမ်တွင် ဂိုဒေါင်ကြီးတစ်ခု တွဲ၍ ဆောက်လုပ်ထားကြောင်း၊ ယင်းဂိုဒေါင်ကြီး၏ အကျယ်အဝန်းနှင့် အလျားအနံကို ကြည့်ရခြင်းအားဖြင့် တစ်စုံတစ်ရာ ပစ္စည်းများ သိုလှောင်သည့် စတိုအဆောက်အအုံ အဖြစ် အသုံးပြုနိုင်စရာရှိကြောင်း စသည်ဖြင့် အလွတ်စုံထောက်ဌာနမှ ပြောကြားခဲ့သည်။ ထို့ပြင် လွန်ခဲ့သော ဆယ်ရက်ခန့်က 'ရှနိုက်ဒါး' အမည်ရှိ ဂျာမန် မိသားစု တစ်စုသည် သူတို့ငှားရမ်းထားသည့် စတိုအဆောက်အအုံ၏ အခန်းတစ်ခန်းထဲမှ ပစ္စည်းပစ္စယများကို ရှင်းလင်းသိမ်းဆည်းခဲ့ကြပြီး အမည်မသိ တစ်နေရာသို့ ပြောင်းရွှေ့သွားကြသည်ဟု ဆိုသည်။ သို့ဖြစ်ရာ ယခုအခါ အဆိုပါ အဆောက်အအုံတွင် ငှားရမ်းနေထိုင်သူ နိုင်ငံခြားသား တစ်ဦးတည်းသာ ကျန်ရှိတော့၍ ထိုသူမှာ ဟန်ဂေရီ သို့မဟုတ် ပိုလန်လူမျိုးဟု ယူဆရသော ပန်းရန်စွာဘီ



www.burmeseclassic.com

www.burmeseclassic.com



ရှမစ်' ဆိုသူ ဖြစ်သည်ဟု သိရသည်။ ရှမစ်သည် ဤနေအိမ်အဆောက်အအုံ တစ်ခုလုံးကို ပိုင်ဆိုင်သူဖြစ်၍ ယခုအခါ ထိုအိမ်ကို ပြန်ရောင်းမည့်လက္ခဏာဖြင့် ဆေးများသုတ်ကာ ပြုပြင်မွမ်းမံနေကြောင်းနှင့် သူ့အနေဖြင့် အခြား မည်သည့် နေရာသို့ ပြောင်းရွှေ့ရန် စီစဉ်ထားသည်ကိုမူ မည်သူမျှ မသိရသေးကြောင်း စသည်ဖြင့် အလွှတ်စုံထောက်များ၏ သတင်းများတွင် ပါရှိခဲ့သည်။

အထက်ပါ သတင်းများနှင့်ပတ်သက်၍ ထိုသတင်းများထဲတွင် နာမည် ပါနေသူများအကြောင်းကို ဆက်လက်စုံစမ်းခိုင်းရန် လူဘင်စကီအား ကဲနက်က ထပ်မံ တာဝန်ပေးခဲ့ပြန်သည်။ အဘယ်ကြောင့်ဆိုသော် 'ရှနိုက်ဒါး' သို့မဟုတ် 'ရှမစ်'ဆိုသော အမည်များသည် မိမိတို့ စုံစမ်းနေသည့် 'ကလီမင့်' ဖြစ်နိုင်စရာ ရှိနေသောကြောင့်ဖြစ်သည်။ ထို့ပြင် ရှနိုက်ဒါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများ သယ်ယူပြောင်းရွှေ့ရာ၌ မည်သည့်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း စုံစမ်းရန်လည်း လူဘင်စကီကိုပင် တာဝန်ပေးခဲ့သည်။

ကဲနက် ညွှန်ကြားချက်အရ လူဘင်စကီသည် အလွှတ်စုံထောက်ဌာနသို့ ထပ်မံသွားရောက်ကာ အထက်ပါကိစ္စများကို ဆက်လက်စုံစမ်းပေးရန် ပြောကြား ခဲ့သည်။ သို့ပြောကြားရာတွင် ဤကိစ္စကို အထူးလျှို့ဝှက်ထားရန် လိုအပ်ကြောင်း၊ အဘယ်၍ 'ထလီမင့်'ဆိုသူသည် သူ့နောက်သို့ ယခုလို ခြေရာခံ၍ လိုက်နေ ကြောင်း ရိပ်မိသွားပါက ခြေရာပျောက်၍ အခြားတစ်နေရာသို့ ရှောင်ထွက်သွား မည်ဖြစ်ကြောင်း ထိုသို့ဖြစ်သွားပါက 'ငွေရေးကြေးရေးအရ အကြီးအကျယ် ထိခိုက်နစ်နာစရာ ဖြစ်လာနိုင်ကြောင်း' စသည့်အချက်ကိုပါ မစားရ ဝခမန်း ပြောပြခဲ့သည်။

ဤအတောအတွင်း ကဲနက်သည် ကော်ဒိုဘာရိပ်သာလမ်းမှ ဖာလ်ဒနာ ဘူ့ထီကိုလည်း မျက်ခြည်မပြတ်မခံဘဲ စောင့်ကြည့်ခဲ့သည်။ သူ့အတွက် ကံကောင်း သည်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့က အဆိုပါ ကုမ္ပဏီ အဆောက်အအုံ၏ အဝင်အဝတွင် အချိန်အတော်ကြာသော သူရပ်၍ စောင့်ကြည့် နေစဉ် မိုးက သဲသဲမဲမဲ ရွာနေသဖြင့် သူ့အား မည်သူ တစ်ဦးတစ်ယောက်မျှ သတိထားမိခြင်း မဖြစ်ခဲ့သည်။ သို့သော် သူစောင့်ကြည့်ခဲ့သည့် တစ်ချိန်လုံး အတွင်း ဆိုက်ခ်မန်းနှင့်တူသည့် လူဟူ၍ တစ်ယောက်မျှ မတွေ့မမြင်ခဲ့ရဘဲ ရှိနေသည်။

ထိုနေ့ ညနေဘက်တွင် ကဲနက်နှင့် ပရီမိုတို့သည် ယမန်နေ့က သွားခဲ့ သည့် လမ်းဆုံလမ်းခွသို့ ထပ်မံသွားရောက်ကာ ဂျာမန်လူငယ် အလုပ်သိမ်း၍





အိမ်အပြန်ကို စောင့်ကြည့်ခဲ့ကြသည်။ ငါးနာရီ ဆယ့်ငါးမိနစ် အချိန်ခန့်တွင် အလုပ်ရုံရှိသည့် လမ်းဘက်မှ မော်တော်ဆိုင်ကယ် အသေးစားကလေးတစ်စီး လာနေသည်ကို တွေ့ကြရသည်။ ထိုဆိုင်ကယ်ကလေးမှာ ပီဒရိုပြောပြသည့် ပုံပန်းသဏ္ဌာန် အမျိုးအစားပင်ဖြစ်သည်။ ဆိုင်ကယ်ကလေးသည် လမ်းမကြီး အတိုင်း ခပ်မှန်မှန် လာနေရာမှ အရှေ့သို့ အနည်းငယ်ရောက်သွားသောအခါ စန်ဖာနန်ဒိုရပ်ကွက်ဆီသို့ ချိုးဝင်သွားသည်ကို တွေ့ကြရသည်။ ဆိုင်ကယ်ပေါ် တွင် လူနှစ်ယောက် ပါလာရာ ရှေ့မှ ဆိုင်ကယ်မောင်းလာသူမှာ အသက် လေးဆယ်ကျော်၊ လေးဆယ့်ငါးနှစ်ခန့် ရှိပြီဖြစ်၍ မျက်မှန်အနက် တပ်ထား သည်ကို တွေ့ကြရသည်။ နောက်မှ ပါလာသူမှာ ဆံပင်လှလှဖြင့် စက်ပြင်ဆရာ များ ဝတ်လေ့ရှိသည့် ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ့ပုံပန်းသဏ္ဌာန်မှာ ပီဒရို ပြောပြခဲ့သည့် 'တစ်တို'ဆိုသူနှင့် တစ်ထေရာတည်း ဖြစ်နေသည်။ မော်တော် ဆိုင်ကယ်ကလေးတွင် တပ်ဆင်ထားသည့် နံပါတ်ပြားမှာ စက်ဆီများ၊ ဖုန်များ ဖြင့် ညစ်ပတ်ပေရေနေသည်ဖြစ်ရာ နံပါတ်ကို လုံးဝ ဖတ်မရဘဲရှိနေခဲ့သည်။ သို့သော် အတော်ကလေး ဟောင်းနေသည့် ဆိုင်ကယ်ကလေးဖြစ်၍ ပီဒရိုပြော သည့် ဆိုင်ကယ်ကလေး ဖြစ်သည်မှာ သေချာနေသည်။

ကဲနက်နှင့် ပရီမိုတို့သည် ခပ်လှမ်းလှမ်းမှနေ၍ ဆိုင်ကယ်ကလေးနောက် သို့ နောက်ယောင်ခံ လိုက်လာခဲ့ကြသည်။ လမ်းမကြီးအတိုင်း မိုင်ဝက်ခန့် မောင်းလာခဲ့ကြ၍ စန်ကာဖီးရိပ်သာ လမ်းဆုံသို့ ရောက်သောအခါ ဆိုင်ကယ် ကလေးသည် ဘဏ္ဍာဘူတာရုံ အနီးမှနေ၍ လက်ဝဲဘက်သို့ ချိုးဝင်သွားသည်။ ထိုနေရာတွင် ကဲနက်သည် ဆိုင်ကယ်ကလေးနောက်သို့ စောစောကထက် ပို၍နီး အောင် ကပ်လိုက်လာခဲ့ရာ ဂျူအန်ဂျပ်စတိုလမ်းထောင့်သို့ ရောက်သောအခါ ဆိုင်ကယ်ကလေးသည် အိမ်တစ်အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်ကို တွေ့ရသည်။ ထို့နောက် ဆိုင်ကယ်နောက်မှ ပါလာသော လူငယ်ကလေးသည် ဆိုင်ကယ်ပေါ်မှ ဆင်းကာ အိမ်ထဲသို့ ဝင်သွားခဲ့သည်။ ဆိုင်ကယ်မောင်းလာသူသည် အိမ်ရှေ့မှ ရပ်စောင့်နေခဲ့ရာ တစ်မိနစ် နှစ်မိနစ်ခန့် အကြာတွင် လူငယ်သည် အိမ်ထဲမှ ပြန်ထွက်လာသည်။ ထိုအချိန်မှာ ညနေ ငါးနာရီ ဆယ့်ငါးမိနစ်ခန့် ရှိနေပြီ ဖြစ်သည်။

ထို့နောက် သူတို့သည် လာလမ်းအတိုင်း လမ်းမကြီးဘက်သို့ ပြန်လှည့် ခဲ့ပြီး စန်ဖာနန်ဒိုရပ်ကွက်ဆီသို့ ဦးတည်၍ မောင်းလာခဲ့ကြရာမှ အဝေးမြင်ဆို



www.burmeseclassic.com

www.burmeseclassic.com



လမ်းထောင်သို့ ရောက်သောအခါ လက်ဝဲဘက်သို့ ချိုးသွားကြပြန်သည်။

ဤနေရာအရောက်တွင် ရုတ်တရက် မမျှော်လင့်ဘဲ စန်ဖာနန်ဒိုရပ်ကွက်ထဲမှ ထွက်လာသော အသုဘယာဉ်တစ်စီးသည် ဆာမီယင်တိုလမ်းနှင့် ဖီဘာရီရိုလမ်းဆုံတွင် ရှေ့မှနေ၍ ယာဉ်ကြောကို ပိတ်လိုက်သလို ဖြစ်သွားခဲ့ရာ ကဲနက်နှင့် ဖေရီမိုတို့သည် မော်တော်ဆိုင်ကယ်ကလေးကို မမြင်ရတော့ဘဲ မျက်ခြည်ပြတ်သွားခဲ့ကြသည်။ သို့ဖြင့် သူတို့နှစ်ယောက်သည် အနီးအနားပတ်ဝန်းကျင်တစ်ဝိုက်သို့ လှည့်လည်၍ ရှာကြည့်ကြသော်လည်း ဆိုင်ကယ်ကလေးကို အစအနမျှ မတွေ့ရတော့ဘဲ ဖြစ်ခဲ့ကြသည်။ တစ်နေရာတွင်မူ စက်ပြင်ဆရာများ ဝတ်လေ့ရှိကြသည့် အင်္ကျီနှင့် ဘောင်းဘီ တစ်ဆက်တည်းချုပ်ထားသော ဝတ်စုံဖြင့် လူငယ်တစ်ယောက်သည် ဖီဘာရီရိုလမ်း အမှတ် ၄၆၁ ရှိ အိမ်ထဲသို့ ဝင်သွားသည်ကို မလှမ်းမကမ်းမှ မြင်လိုက်ကြရသည်။ သို့သော် ထိုလူငယ်သည် အိုလီဗော့စ်ရပ်ကွက်မှ သူတို့ နောက်ယောင်ခံ၍ လိုက်လာခဲ့ကြသည့် လူငယ်ကလေးဟုတ်မဟုတ် အသေအချာ မပြောနိုင်အောင် ဖြစ်ခဲ့ကြရသည်။

ကဲနက်နှင့် လူဘင်စကီတို့သည် ထိုနေ့က ပြဿဒါးမလွတ်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ နောက်ယောင်ခံ၍ လိုက်လာခဲ့သော မော်တော်ဆိုင်ကယ်ကလေးကို မျက်ခြည်ပြတ်ခြင်းမလှ ပြတ်သွားခဲ့ရသည့်ပြင် အပြန်ခရီးတွင် တစ်နေရာ၌ သူတို့ငှားလာသော မော်တော်ကားမှာ စက်ပျက်ပြီး ထိုးရပ်သွားပြန်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ထိုနေ့က သူတို့သည် အတော်ကလေး ဒုက္ခရောက်ခဲ့ကြပြီး နောက်ဆုံး၌ ဆီပိတ်သွားသော မော်တော်ကားကို ပြင်ရင်းမောင်း၊ မောင်းရင်း ပျက်ရင်းနှင့် ဗျူနိုအဲရစ္စသို့ရောက်အောင် ခက်ခက်ခဲခဲဖြင့် မနည်းပြန်လာခဲ့ကြရသည်။

ထိုသို့ ဂျာမန်လူငယ်အား နောက်ယောင်ခံ၍ လိုက်ခဲ့ကြရာ၌ ထင်သလောက် အရာမရောက်ဘဲ ဖြစ်နေကြရာ မိမိတို့သည် လူမှား၍များ လိုက်နေမိလေသလား ဟူ၍ပင် စဉ်းစားစရာ ဖြစ်လာခဲ့ကြသည်။ မော်တော်ဆိုင်ကယ်ကလေးကို စီးလာသူများသည် ချာကာဘူကိုလမ်းမှ ကလီမင့်အိမ်တွင် တွေ့ခဲ့ရသည့် အလုပ်သမားကြီး ပြောလိုက်သည့်အတိုင်း စန်ဖာနန်ဒိုရပ်ကွက်သို့ မောင်းသွားကြသည်ကတော့ အမှန်ပင်ဖြစ်သည်။ သို့သော် ထိုဆိုင်ကယ်ကလေးပေါ်တွင် လိုက်ပါလာသူသည် မိမိတို့ တကယ်တမ်း နောက်ယောင်ခံ၍ လိုက်နေကြသည့် ဂျာမန်လူငယ် ဟုတ်မဟုတ် မည်သူက အတပ်ပြောနိုင်ပါမည်နည်း။ ထို့ပြင် ဤနေရာတွင် တစ်ခုစဉ်းစားရန် ရှိနေပြန်သည်မှာ ပီဒရို၏ စကားအရ





ဆိုင်ကယ်ကလေးသည် ဂျာမန်လူငယ်၏ ကိုယ်ပိုင်ဆိုင်ကယ်ဖြစ်သည်ဟု ဆိုသော်လည်း ယခု မိမိတို့ တွေ့နေရသလောက် အသက်ခပ်ကြီးကြီးလူက ဆိုင်ကယ်ကို မောင်းပြီး လူငယ်က အမြဲတမ်း နောက်မှထိုင်၍ စီးနေသည်မှာ သို့လောသို့လော တွေးတောစရာ ဖြစ်နေသည်။ အထူးသဖြင့် ကဲနက်နှင့် ပရီမိုတို့နှစ်ယောက်စလုံးသည် ထိုဂျာမန်လူငယ်ကို တစ်ခါဖူးမျှ မမြင်ဖူးကြဘဲ ဖြစ်နေရာ မိမိတို့ နောက်ယောင်ခံ၍ လိုက်နေသည့် လူငယ်ကလေးမှာ ယခု ဆိုင်ကယ်နောက်မြီးမှ စီးလာသည့် လူငယ်ကလေးပါဟူ၍ မည်သို့လျှင် သေချာပေါက်ပြောနိုင်ပါမည်နည်း။

သို့ဖြစ်ရာ မတ်လ ၉ ရက်နေ့ နံနက်တွင် ပရီမိုသည် ကဲနက်၏ ဆခိုင်းချက်အရ မွန်တေဗွါဒိုလမ်းမှ အလုပ်ရုံသို့ မော်တော်ဆိုင်ကယ်ကလေးကို သွားကြည့်ရန်နှင့် ဆိုင်ကယ်နံပါတ်ကို မှတ်သားရန် ထွက်လာခဲ့သည်။ ထိုနေ့နံနက်က ထိုအချိန်တွင် မိုးရွာလျက်ရှိနေရာ ပရီမိုသည် ထိုရပ်ကွက် ထိုနေရာသို့ အတော်ကလေး ခက်ခက်ခဲခဲရောက်အောင် သွားခဲ့ရသည်။ ထို့ပြင် လမ်းတွင် သူတစ်ခု စဉ်းစားမိသည်မှာ ယခုကဲ့သို့ မိုးရွာနေသည့်အတွက် ယနေ့အဖို့ရာ၌ ဂျာမန်လူငယ်သည် အလုပ်ရုံသို့ ဆိုင်ကယ်ဖြင့်မလာဘဲ မီးရထား သို့မဟုတ် ဘတ်စ်ကားစီး၍ လာလေမလား ဟူ၍ပင်ဖြစ်သည်။

သို့သော် နေ့ခင်း မွန်းလွဲသာသာလောက်တွင် ပရီမို ပြန်ရောက်လာသောအခါ သွားရကျိုးနပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလုပ်ရုံရှေ့တွင် ဆိုင်ကယ်ကလေးကို တွေ့ခဲ့ရသည့်ပြင် နံပါတ် ၈၄၀၉၉ ဖြစ်ကြောင်း တိတိကျကျ သိခဲ့ရသောကြောင့်ဖြစ်သည်။

ယခုတစ်ကြိမ်တွင်မူ ကဲနက်သည် ဂျာမန်လူငယ်အား နောက်ယောင်ခံရန်အတွက် အဖွဲ့သုံးခု ဖွဲ့လိုက်သည်။ ပထမအဖွဲ့အနေဖြင့် သူနှင့် လူဘင်စကီတို့သည် ယမန်နေ့က ဆိုင်ကယ်ကလေးကို မြင်တွေ့ခဲ့ရသည့် လမ်းဆုံလမ်းခွမှ စောင့်ကြမည်ဖြစ်သည်။ ဒုတိယအဖွဲ့အနေဖြင့် ပရီမိုသည် ယမန်နေ့က အသုဘယာဉ်ကြောင့် ဆိုင်ကယ်ကို မျက်ခြည်ပြတ်သွားသော စန်ဖာနန်ဒိုရပ်ကွက်ရှိ ပန်းခြံနှင့် လမ်းထောင့်မှ စောင့်ရမည်ဖြစ်သည်။ ထို့နောက် တတိယအဖွဲ့အနေဖြင့် ဒေးဗစ်နှင့် ဟက်ဒါတို့ ဇနီးမောင်နှံသည် ဂျာမန်လူငယ် အလုပ်လုပ်သည့် အလုပ်ရုံ အနီးအနားတစ်ဝိုက်သို့ မယောင်မလည် လှည့်ပတ်သွားလာကာ အကဲခတ်၍



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်လူငယ်သည် မော်တော်ဆိုင်ကယ်ဖြင့်မဟုတ်ဘဲ ဘတ်စ်ကားဖြင့် ပြန်သွားမည်ဆိုပါက နောက်ယောင်ခံ၍ လိုက်ကြည့်ကြရမည်ဖြစ်သည်။

သို့ဖြင့် ကဲနက်နှင့် လူဘင်စကီတို့သည် လမ်းဆုံမှနေ၍ ညနေ ၆နာရီအထိ စောင့်ကြည့်ခဲ့သည်။ သို့သော် မော်တော်ဆိုင်ကယ်ကလေးမှာ လုံးဝမလာဘဲဖြစ်နေသည်။ ထို့နောက် သူတို့နှစ်ယောက်သည် ထိုနေရာမှ ထွက်လာခဲ့ကြပြီး အလုပ်ရုံရှိရာဘက်သို့ ကားဖြင့် သွားကြည့်ကြသည်။ သို့သော် အလုပ်ရုံတစ်ဝိုက်တွင် ဒေးဗစ်တို့ ဇနီးမောင်နှံကို မတွေ့ရဘဲ ရှိနေပြန်သည်။ အလုပ်ရုံနှင့်ကပ်နေသော ပလက်ဖောင်းပေါ်တွင်မူ မော်တော်ဆိုင်ကယ် အနက်ရောင်ကလေးတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ နံပါတ်ကို ကြည့်လိုက်သောအခါ ၁၆၀၉၃၄ ဖြစ်နေသည်။ သို့ဖြင့် သူတို့သည် စန်ဖာနန်ဒိုရပ်ကွက်သို့ မောင်းလာခဲ့ကြပြီး ပရိုမိုကို ဝင်ခေါ်၍ ပြန်လာခဲ့ကြသည်။ ပရိုမိုမှာလည်း ဂျာမန်လူငယ်ကို လုံးဝမတွေ့ရဟု သိရသည်။

ကဲနက်သည် ဒေးဗစ်တို့ ဇနီးမောင်နှံနှင့် နောက်တစ်နေ့တွင်မှ တွေ့ကြရပြီး အဖြစ်အပျက် အကျိုးအကြောင်းကို ကြားသိရသည်။ သူတို့၏ ပြောပြချက်အရ သူတို့ဇနီးမောင်နှံသည် အလုပ်ရုံနှင့် မျက်နှာချင်းဆိုင် မလှမ်းမကမ်းတစ်နေရာမှ မယောင်မလည် စောင့်ကြည့်နေခဲ့ကြသည်။ ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ပီဒရိုပြောခဲ့သည့် ဆံပင်လှလှဖြင့် လူငယ်တစ်ယောက်သည် အလုပ်ရုံထဲမှ ထွက်လာပြီး မွန်တေဂူဒိုလမ်းထောင့်အထိ ခြေကျင်လျှောက်သွားကာ ထိုနေရာတွင် ဘတ်စ်ကားတစ်စီးပေါ်သို့ တက်လိုက်သွားသည်။ သို့ဖြင့် နှစ်ယောက်သားဂျာမန်လူငယ်နောက်သို့ နောက်ယောင်ခံ၍ လိုက်ကြည့်ခဲ့ကြရာ မာတီနက်ဘူတာရုံမှတ်တိုင်တွင် ဂျာမန်လူငယ်သည် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်သည်။ ထိုဘူတာရုံမှ ရထားစီးသွားပါက စန်ဖာနန်ဒိုရပ်ကွက်သို့သော်လည်းကောင်း၊ ဒွန်တော်ကွာဒိုရပ်ကွက်သို့သော်လည်းကောင်း ရောက်နိုင်သည်။ သို့သော် ဂျာမန်လူငယ်သည် ဘူတာရုံထဲသို့ မဝင်ဘဲ မလှမ်းမကမ်းမှ လမ်းကြားလေးထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။ သို့ဖြင့် ဒေးဗစ်နှင့် ဟက်ဒါတို့သည် ယနေ့အဖို့ရာ၌ ဤမျှဖြင့် ကျေနပ်လောက်ပြီဟု ဆုံးဖြတ်ကာ ထိုနေရာမှ ပြန်လာခဲ့ကြကြောင်း ကဲနက်အားအပြည့်အစုံ ပြန်ပြောပြခဲ့သည်။

နောက်တစ်နေ့ မတ်လ ၁၀ ရက်နေ့ ညနေပိုင်းတွင် ကဲနက်သည် သူတို့လူစုကို အဖွဲ့သုံးဖွဲ့ခွဲ၍ တာဝန်ချထားခဲ့ပြန်သည်။ ယနေ့ တာဝန်ခွဲဝေရာ၌ ပရိုမိုသည် ယမန်နေ့ကအတိုင်း စန်ဖာနန်ဒိုရပ်ကွက် အဝင်ဝရှိ ပန်းခြံမှ စောင့်နေ





ရမည်ဖြစ်သည်။ ကဲနက်ကိုယ်တိုင်ကမူ အလုပ်ရုံနှင့် ကိုက်တစ်ရာခန့်အကွာ မွန်တေဂူဒိုလမ်းပေါ်မှ ကားတစ်စီးဖြင့် အသင့်စောင့်နေမည်ဖြစ်သည်။ ဒေးဗစ်တို့ဇနီးမောင်နှံကမူ မွန်တေဂူဒိုလမ်းနှင့် မလှမ်းမကမ်းရှိ ပါရာနာလမ်းပေါ်မှ စောင့်ကြည့်ရန်ဖြစ်သည်။ ထိုသို့ စောင့်ကြည့်ရာ၌ သူတို့သည် သူတို့စီးလာသောကားကို မနီးမဝေးတွင် ရပ်ထားရမည်ဖြစ်သည်။

သူတို့သည် စိတ်ရှည်လက်ရှည် ဇွဲကောင်းကောင်းဖြင့် စောင့်နေခဲ့ရာ ညနေ ၆ နာရီထိုးရန် ၁၀ မိနစ်အလိုတွင်မှ ဂျာမန်လူငယ်၏ မော်တော်ဆိုင်ကယ်ဟု ယူဆရသော မော်တော်ဆိုင်ကယ်ကလေး တစ်စီးသည် အလုပ်ရုံထဲမှ ထွက်လာသည်ကို တွေ့ရသည်။ ယခုတစ်ကြိမ်တွင်လည်း ဆိုင်ကယ်ပေါ်တွင် လူနှစ်ယောက်ပါလာကြသည်။ ခပ်ကြီးကြီး လူတစ်ယောက်နှင့် လူငယ်တစ်ယောက်တို့ပင်ဖြစ်သည်။ လူငယ်မှာ ဆံပင်လှလှနှင့်ဖြစ်သည်။

ကဲနက်သည် မော်တော်ဆိုင်ကယ်ကလေးကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဒေးဗစ်တို့ ဇနီးမောင်နှံရှိရာသို့ သူ့ကားကို မောင်းလာပြီး သူတို့နှစ်ယောက်ကိုတင်ကာ မော်တော်ဆိုင်ကယ်ကလေးနောက်သို့ မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်ခဲ့သည်။ ကံအားလျော်စွာ မော်တော်ဆိုင်ကယ်ကလေးမှာ ဘေးတွဲလေးတစ်ခုပါနေသည်ဖြစ်ရာ ကဲနက်တို့အဖွဲ့သည် ခပ်မှန်မှန် ခပ်ဖြည်းဖြည်း စီးသွားသောဆိုင်ကယ်ကလေးကို မျက်ခြည်ပြတ်မခံဘဲ မီအောင်လိုက်လာနိုင်ခဲ့သည်။

ဆိုင်ကယ်ကလေးသည် ပထမနှစ်ရက်က သွားခဲ့သည့် လမ်းအတိုင်းမောင်းလာခဲ့ပြီး တစ်နေ့က ရပ်ခဲ့သည့် ဘက္ကာဘူတာရုံအနီးတွင် ခေတ္တရပ်ကာ တစ်မိနစ် နှစ်မိနစ်ခန့်နေပြီးမှ စန်ဖာနန်ဒိုရပ်ကွက်ဆီသို့ ဦးတည်မောင်းလာခဲ့သည်။ ကဲနက်သည် ဆိုင်ကယ်ကလေးနောက်မှ ဣန္ဒြေမပျက် လိုက်လာခဲ့ရာ ဆာမိယင်တိုလမ်းနှင့် ကပ်နေသော စန်ဖာနန်ဒိုပန်းခြံသို့ ရောက်သွားသောအခါ ခုံတန်းလျားတစ်ခုပေါ်တွင် ထိုင်နေသော ပရိုမိုကို လှမ်းမြင်လိုက်ရသည်။ ကဲနက်သည် ပရိုမိုအား သူ့ကားပေါ်သို့ တင်ခေါ်လာခဲ့သည်။

မော်တော်ဆိုင်ကယ်ကလေးသည် စန်ဖာနန်ဒို ပန်းခြံအနီး တစ်နေရာတွင် တစ်မိနစ် နှစ်မိနစ်ခန့်ကြာမျှ ရပ်လိုက်ပြန်သည်ကို တွေ့ရသည်။ ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့်ရသလောက် သူတို့သည် လမ်းဘေး အိမ်ဆိုင်တစ်ဆိုင်တွင် ပစ္စည်းတစ်ခုခု ဆင်းဝယ်သည်ဟု ယူဆရသည်။ ထို့နောက် ဆိုင်ကယ်ကလေးသွားရာနောက်သို့ ဆက်၍လိုက်လာခဲ့ကြရာ အကွေ့အကောက် အဝင်အထွက် များလှသော လမ်းမြောင် လမ်းကြားကလေးများကြောင့် မျက်ခြည်ပြတ်သွားတော့သည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရပြီးမှ ဆိုင်ကယ်ကလေးသည် အမှတ် ၂၀၂ အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်သွားပြီး ဘန်ကာလာရီနှင့် ဒွန်တော်ကွာဒိုလမ်းဆုံရှိရာသို့ မောင်းသွားသည်ကို တွေ့ရသည်။ နောက်ထပ် တစ်မိုင်ခွဲခန့် ဆက်၍လိုက်လာခဲ့ရာ လူနေအိမ်ခြေ ထူထပ်လှသည့် စန်ဖာနန်ဒိုရပ်ကွက်မှာ နောက်တွင်ကျန်ရစ်ခဲ့ပြီး တာ့ယ်မော ပြန့်ပြောလှသည့် လယ်ကွင်းပြင်ဘက်ဆီသို့ ရောက်လာခဲ့ကြသည်။

မြို့ပြင်သို့ ရောက်လာခဲ့ပြီဖြစ်၍ အမှတ် ၂၀၂ လမ်းမကြီးပေါ်တွင် လူရှောကားပါး အသွားအလာ ရှင်းနေပြီဖြစ်ရာ ကဲနက်သည် ရှေ့မှသွားနေသော မော်တော်ဆိုင်ကယ်ကလေးနှင့် သူတို့စီးလာသော ကားကို စောစောကထက် ပို၍နီးအောင် မောင်းကာ မိုင်ဝက်ခန့်အကွာမှ ဣန္ဒြေမပျက် နောက်ယောင်ခံလိုက်လာခဲ့သည်။ ကဲနက်သည် သူ့လက်ပတ်နာရီကို အမှတ်မထင် လှမ်းကြည့်လိုက်သည်။ ညနေ ၆ နာရီထိုးလုနီးနေပြီဖြစ်သည်။

မကြာမီ ရှေ့မှ ဆိုင်ကယ်ကလေးသည် အမှတ် ၂၀၂ အဝေးပြေးလမ်းမကြီးပေါ်မှ တံတားတစ်ခုနှင့် ကိုက်တစ်ရာငါးဆယ်ခန့်အကွာတွင် ရုတ်တရက် ထိုးရပ်လိုက်သည်။ ထိုနေရာတွင် ဘန်ကာလာရီဘူတာနှင့် ကိုက်ငါးရာခန့် ကွာဝေးသည်ဟု ခန့်မှန်းရသည်။ နောက်ယောင်ခံလာသော ကဲနက်တို့အဖွဲ့သည် သူတို့စီးလာသောကားကို တံတားနှင့် ကိုက်ငါးရာခန့်အကွာရှိ လမ်းဆုံတစ်ခုမှ လူရှိပုံမရသည့် အိမ်တစ်အိမ်၏နောက်တွင် မသိမသာ ရပ်လိုက်သည်။ ထို့နောက် သူတို့သည် ထိုနေရာမှ မယောင်မလည် လှမ်းကြည့်လိုက်ကြရာ ခပ်ဝေးဝေးတွင် မော်တော်ဆိုင်ကယ်ပေါ်မှ လူတစ်ယောက် ဆင်းလိုက်သည်ကို လှမ်းမြင်ကြရသည်။ သို့သော် အတော်ကလေး အလှမ်းဝေးနေသဖြင့် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သူမှာ ဘယ်သူဘယ်ဝါဟူ၍ သဲသဲကွဲကွဲ မပြောနိုင်ဘဲ ဖြစ်နေကြသည်။ ထိုလူဆင်းလိုက်သည့် နေရာ၌ လမ်း၏ လက်ဝဲဘက်တွင် ဈေးဆိုင်ကလေးတစ်ဆိုင် ရှိနေသည်ကို သတိထားလိုက်မိကြသည်။ ထို့နောက် ကျန်လူတစ်ယောက်သည် ဆိုင်ကယ်ကလေးကို ရှေ့သို့ ကိုက်ငါးဆယ်ခန့်ဆက်၍ မောင်းသွားပြီး တစ်ထပ်တိုက်ပုကလေးရှေ့တွင် ထိုးရပ်ကာ ဆိုင်ကယ်ပေါ်မှ ဆင်း၍ တိုက်ပုကလေးထဲသို့ ဝင်သွားသည်ကို တွေ့မြင်လိုက်ကြရသည်။

ကဲနက်သည် ကားကို ထိုဈေးဆိုင်ကလေးနှင့် ထိုတိုက်ပုကလေးရှေ့မှ ဖြတ်ကာ ဆက်မောင်းလာခဲ့သည်။ ထို့နောက် နာရီဝက်ခန့် ခရီးရောက်လာခဲ့ပြီးမှ လမ်းကြောင်း နောက်ပြန်လှည့်လာခဲ့သည်။ ထိုအချိန်တွင် မိုးချုပ်ပြီဖြစ်၍ တောင်းတောင်းကြီး မှောင်နေပြီဖြစ်သည်။ သူတို့သည် ကားကို စောစောက





သမ်းဘားဆိုင်ကလေးနှင့် အတော်ခပ်လှမ်းလှမ်း တစ်နေရာတွင် ရပ်ထားခဲ့ကြပြီး ခြေကျင်လျှောက်ကာ ဈေးဆိုင်ကလေးအနီးသို့ မယောင်မလည်သွား၍ အကဲခတ်ကြည့်ကြသည်။ ထိုမှတစ်ဖန် တစ်ထပ်တိုက်ပုကလေးရှေ့မှ ဖြတ်လာခဲ့ကြရင်း လမ်းမပေါ်တွင် အမှတ်မထင် တွေ့ရသည့် အလုပ်မှ ပြန်လာကြသည့် အလုပ်သမားများဟု ထင်ရသူအချို့အား ဤအနီးအနားတစ်ဝိုက်တွင် ရော့ဒ်ရီဂွတ် အမည်ဖြင့် လူတစ်ယောက် ရှိမရှိ မေးကြည့်ခဲ့ကြသည်။ ဤတွင် ၎င်းတို့အထဲမှ တစ်ယောက်က ခပ်လှမ်းလှမ်းရှိ ဒုက္ခသည်စခန်းဟု ယူဆရ၍ မီးများ အတော်အတန် လင်းနေသော အဆောက်အအုံရှိရာသို့ လက်ညှိုးထိုးပြကာ ထိုနာမည်ဖြင့် လူတစ်ယောက် အဆိုပါစခန်းတွင် ရှိလိမ့်မည်ဟု ထင်ရကြောင်း ပြန်ပြောခဲ့သည်။ ဤတွင် စကားမစပ် ကြုံကြိုက်၍ မေးသည့်အနေဖြင့် အနီးရှိ တစ်ထပ်တိုက်ပုကလေးကို မေးငေါ့ပြကာ ထိုတိုက်ကလေးတွင် မည်သူမည်ဝါနေကြောင်း ကဲနက်က အမှတ်တမဲ့ မေးကြည့်လိုက်ရာ စောစောက အလုပ်သမားကပင် ထိုတိုက်ပုကလေးတွင် လူငယ်တစ်ယောက်နှင့် သူ့မိခင်တို့ သားအမိနှစ်ယောက် နေကြကြောင်းနှင့် ထိုလူငယ်တွင် မော်တော်ဆိုင်ကယ်ကလေးတစ်စီး ရှိသည်ဆိုသည်မှာလည်း ဟုတ်မှန်ပါသည်ဟု ဖြေကြားခဲ့သည်။ ကဲနက်သည် ယနေ့အဖို့ ကျေနပ်လောက်ပြီဟု ယူဆကာ နောက်တစ်ကြိမ်လာ၍ လေ့လာစုံစမ်းဦးမည်ဟု ဆုံးဖြတ်ပြီး ပြန်လာခဲ့သည်။

သို့သော် အဆိုပါ တစ်ထပ်တိုက်ပုကလေးနှင့် ဈေးဆိုင်ကလေးရှိသည့် နေရာမှ ကိုက်တစ်ရာခန့်အကွာတွင် ဆောက်လုပ်နေဆဲဟု ထင်ရသည့် အုတ်တိုက်အဆောက်အအုံတစ်ခု ရှိနေခဲ့ရာ ထိုအချိန် ထိုအခါက ဤလူစုသည် ထိုအုတ်တိုက်အဆောက်အအုံနှင့် ပတ်သက်၍ မည်သို့မျှ စိတ်ပါဝင်စားခြင်း မရှိခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

## ထိပ်ပြောင်ပြောင် နဖူးမောက်မောက်ဖြင့် လူတစ်ယောက်

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ကဲနက်သည် သူငှားစီးနေသော ကားကို ပြောင်း၍ အခြားကားတစ်စီးကို ငှားရန် သတိရလိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် ဤကားသည် ချာကာဘူကိုလမ်းနှင့် မွန်တေဂူဒို အနီးအနားတစ်ဝိုက်တွင် အသွားအလာများနေ၍ မသင်္ကာစရာဖြစ်မည်စိုးသောကြောင့် ဖြစ်သည်။

ထို့နောက် သူသည် လူဘင်စကီနှင့် တွေ့ဆုံခဲ့ရာ လူဘင်စကီက အလွှတ်စုံထောက်ဌာနမှ နောက်ထပ်ရရှိခဲ့သည့် သတင်းများကို ပြောပြခဲ့သည်။ သူတို့၏ စုံစမ်းတွေ့ရှိချက်များအရ ၁၉၅၃ ခုနှစ်လောက်က ဗိရာလိုင်ဘဲလ် အမည်ဖြင့် အမျိုးသမီးတစ်ယောက်သည် ကလေးသုံးယောက်နှင့်အတူ အာဂျင်တီးနားနိုင်ငံသို့ ရောက်ရှိလာသည့် တစ်စုံတစ်ရာ တရားဝင် အထောက်အထားများ လုံးဝမတွေ့ရဟု ဆိုသည်။ သို့ဖြင့် ကဲနက်က လူဘင်စကီအား အခြားအလွှတ်စုံထောက်ဌာနတစ်ခုတွင် စုံစမ်းခိုင်းထားသော ဖာလ်ဒနာကုမ္ပဏီနှင့် 'စီအေပီအာရ်အိုင်' ကုမ္ပဏီများအကြောင်းကို အမြန်ဆုံးသိရအောင် ကြိုးစားဖို့ ညွှန်ကြားခဲ့သည်။

ထို့နောက် ထိုနေ့ညနေပိုင်းတွင် အလုပ်ရုံသို့သွား၍ စောင့်ကြည့်ရန်ကိစ္စကို အစီအစဉ်သစ်ဖြင့် ချမှတ်ခဲ့သည်။

ကဲနက်နှင့် ပရီမိုတို့သည် အသစ်လဲ၍ ငှားလာသော ကားတစ်စီးစီဖြင့် ယခင်နေ့ကအတိုင်း အလုပ်ရုံအနီးတစ်ဝိုက်သို့သွား၍ စောင့်ကြည့်နေခဲ့ကြရာ ဆံပင်ပုံလှလှဖြင့် လူငယ်တစ်ယောက်သည် နံပါတ်ပြား ၁၁၈၁၁၁ တပ်ထားသော





မော်တော်ဆိုင်ကယ် အနက်ရောင်တစ်စီးကို စီး၍ ဖြတ်သွားသည်ကို တွေ့လိုက်ကြရသည်။ ကဲနက်တို့သည် ထိုမော်တော်ဆိုင်ကယ်သွားရာနောက်သို့ မာတီနက်ဘုတာရုံလမ်းအတိုင်း နောက်မှ လိုက်လာခဲ့ကြသည်။ မကြာမီ ထိုလူငယ်ကလေးသည် ထိုလမ်းပေါ်မှ အိမ်အမှတ် ၁၈၆ ရှေ့တွင် ရပ်လိုက်သည်။ ထို့နောက် ဆိုင်ကယ်ကို သစ်ပင်တစ်ပင်တွင် မှီ၍ထားခဲ့ပြီး အိမ်ထဲသို့ ဝင်သွားခဲ့သည်။ ကဲနက်သည် ကားကို လမ်း၏အခြားတစ်ဘက်နေရာတွင် ရပ်လိုက်ပြီး ကားပေါ်မှ ဆင်း၍ ထိုအိမ်ဘက်ဆီသို့ လမ်းလျှောက်သွားကာ မယောင်မလည် အကဲခတ်ကြည့်လိုက်သည်။ ထိုအိမ်မှာ သွားစိုက်ဆိုင်ဖွင့်ထားသော အိမ်တစ်အိမ်ဖြစ်နေသည်ကို တွေ့ရသည်။

မိနစ်နှစ်ဆယ်ခန့် ကြာပြီးနောက် ထိုလူငယ်သည် ဆိုင်ထဲမှ ထွက်လာသည်ကို တွေ့ရသည်။ ဤတွင်မှ ကဲနက်သည် မိမိတို့ ရေလိုက်လွဲနေပြီကို သိလိုက်ရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုလူငယ်မှာ ဆံပင်လှသည်မှတစ်ပါး အခြား လူပုံပန်းသဏ္ဌာန်အားဖြင့် ပီဒရိုပြောပြသည့် 'တစ်တို' သို့မဟုတ် 'ဒစ်တို' နှင့် လုံးဝမတူဘဲ ဖြစ်သောကြောင့်တည်း။

ကဲနက်သည် လောလောဆယ်အခြေအနေနှင့် အဖြစ်အပျက်အားလုံးကို သုံးသပ်ပြီးနောက် ယခုကဲ့သို့ မိမိတို့ နောက်ယောင်ခံ၍ လိုက်နေသောကိစ္စမှာ တစ်စုံတစ်ရာ လုံလောက်သည့်အခြေခံနှင့် လုံလောက်သည့် အထောက်အထားများ မရှိဘဲ ဖြစ်နေသည်ဟု သဘောပေါက်လာမိသည်။ အမှန်စင်စစ်အားဖြင့်လည်း မိမိတို့အနေဖြင့် ဤ'ဒစ်တို' သို့မဟုတ် 'တစ်တို'ဆိုသော လူငယ်ကလေးသည် အိုက်ခ်မန်း၏သား ဟုတ်မဟုတ် မည်သို့မျှ မပြောနိုင်သေးဘဲ ဖြစ်နေကြသည်။ သို့ဖြစ်ရာ ယခုကဲ့သို့ အရဲစွန့်ပြီး 'ကြွက်ကို ကြောင်ချောင်းသလို' ချောင်းနေမည့်အစား ဤမျှအရေးကြီးသောကိစ္စတွင် အချက်အလက်အားဖြင့် မှန်မမှန် ပထမဆုံးသိအောင် စုံစမ်းရန်လိုသည်ဟု ကဲနက်စိတ်ထဲတွင် ဆုံးဖြတ်သတ်မှတ်လိုက်သည်။

❐

ကဲနက်သည် ဤကိစ္စနှင့်ပတ်သက်၍ ချာကာဘူကိုလမ်းမှ အိမ်အမှတ် ၄၂၆၁ သို့ ဟိုတယ်မှ ချာတိတ်ကလေး ပီဒရိုအား နောက်တစ်ကြိမ်စေလွှတ်၍ ကလီမင့်စ်လိပ်စာအသစ်နှင့် အလုပ်ရုံမှ ဂျာမန်လူငယ်အကြောင်း သတင်းအစအနများကို စုံစမ်းခိုင်းပါက မိမိတို့အတွက် ပို၍ ဆောင်းရန်ကင်း ရှိမည်ဟု သဘောရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ ကဲနက်သည် ဟက်ဒါအား ယခင် ဖိမ်ခဲဟိုတယ်ကြီးသို့ နောက်တစ်ကြိမ်သွား၍ တည်းခိုစုံစမ်းရန် တာဝန်ပေးလိုက်ပြန်သည်။

ဟက်ဒါသည် အဆိုပါ ဖိမ်ခဲဟိုတယ်ကြီးသို့ ရောက်ရှိသွားပြီးနောက် သေည့်ခန်းထဲတွင် ကော်ဖီတစ်ခွက်မှာ၍ သောက်နေခဲ့သည်။ ဟိုတယ်စောင့် လူငယ်ကလေး ပီဒရိုသည် ဟက်ဒါအား ချက်ချင်းမှတ်မိပြီး သူမအား နောက်တစ်ကြိမ် ထပ်၍တွေ့လိုက်ရသည့်အတွက် အတော်ကလေး ပျော်သွားပုံရသည်။ ပီဒရိုသည် သူမရှိရာ စားပွဲဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့ရာမှ သူမက ရင်းနှီးသည့် အပြုံးဖြင့် ခေါင်းညိတ်၍ ခေါ်လိုက်သည်တွင် ချာတိတ်သည် သူမရှိရာသို့ ခပ်သွက်သွက်ကလေး ရောက်လာခဲ့သည်။ ဟက်ဒါက ပီဒရိုအား ချာတာဘူကို လမ်းမှ အိမ်သို့ နောက်တစ်ခေါက် ထပ်သွားပြီး နစ်ကိုးလပ်စ် ကလီမင့်ဆိုသူ၏ နေရပ်လိပ်စာကို စုံစမ်းပေးရန် ပြောလိုက်သည်။ ယခုတစ်ကြိမ် ထပ်သွားရာတွင် ယခင်တစ်ခေါက်က လက်ဆောင်ပစ္စည်းနှင့် စာကို ပေးခိုင်းလိုက်သူက မိမိ၏ သူငယ်ချင်းအား အဆိုပါစာနှင့် ပစ္စည်းသည် လိပ်စာတပ်ထားသည့် ကာယကံရှင် လက်သို့ မရောက်ဟုဆိုကာ တိုင်ကြားသဖြင့် မိမိသူငယ်ချင်းက မိမိအား ငွေငါးရာ အလျော်ပေးရန် တောင်းနေကြောင်း၊ အထုပ်ထဲတွင်ပါသည့် လက်ဆောင်ပစ္စည်း မှာ ငွေငါးရာတန်သည်ဟု ပြောနေကြောင်း၊ သို့ဖြစ်၍ ဤကိစ္စကို လိပ်စာရှင်နှင့် လူချင်းတွေ့ပြီး မေးမြန်းလိုသဖြင့် ယခုကဲ့သို့ နောက်တစ်ကြိမ် လာခဲ့ရခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောပြရန် ဟက်ဒါက ပီဒရိုအား မှာကြားခဲ့သည်။ ထို့ပြင် ယခင်တစ်ခေါက် တွေ့ခဲ့သည့် အလုပ်ရုံမှ လူငယ်ကိုလည်း ထပ်မံသွားရောက် တွေ့ဆုံ၍ ထိုလူငယ်၏ ရုပ်လက္ခဏာနှင့် ပုံပန်းသဏ္ဌာန်ကို အသေးစိတ် မှတ်သားပြီး ထိုလူငယ်ပြောလိုက်သည့် စကားများကိုလည်း တစ်လုံးမကျန် အသေးစိတ် မှတ်သားခဲ့ရန် မှာကြားခဲ့သည်။

သို့ဖြင့် ပီဒရိုသည် ချက်ချင်းလက်ငင်းပင် ဟိုတယ်မှ ထွက်သွားခဲ့သည်။

ထို့နောက် ပီဒရို၏ ပြန်လည်ပြောပြချက်အရ ထိုအိမ်သို့ သူရောက်သွားသောအခါ ယခင်တစ်ခေါက်က ဂျာမန်လူငယ်ရှိရာသို့ ညွှန်ပြပြောကြားခဲ့သည့် အလုပ်သမားကြီးကို ပထမဆုံး ရှာ၍တွေ့ခဲ့သည်။ ထိုအလုပ်သမားကြီးသည် အခန်း တစ်ခန်းထဲတွင် အလုပ်လုပ်နေရာမှ ပီဒရိုကို မြင်လိုက်သောအခါ ကောင်း ကောင်းကြီး မှတ်မိပြီး မိတ်ဟောင်းဆွေဟောင်းပမာ ဆီးကြိုနှုတ်ဆက်သည်ဟု ဆိုသည်။ ပီဒရိုက အကျိုးအကြောင်းနှင့်တကွ ယခင်တစ်ခေါက်က သူလက်ဆောင် ပစ္စည်းနှင့် စာတင်စောင် ပေးခဲ့သော ကလီမင့်ဆိုသူ ဂျာမန်၏ လိပ်စာကို





သိလို၍ ထပ်မံလာရောက်ရခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။ အလုပ်သမား ကြီးက တစ်စုံတစ်ရာ ပြန်လည်မေးမြန်းမနေတော့ဘဲ ကလီမင့်၏ နေရပ်လိပ်စာကို ပြောပြလိုက်သည်။

သူပြောပြသည့် လိပ်စာအရ ပထမဦးစွာ စန်ဖာနန်ဒိုရပ်ကွက်သို့သွား သည့် ဘတ်စ်ကားနံပါတ် ၂၀၃ ကိုစီး၍ ကားမောင်းသမားအား အဗီလန်နီဒါ ရိပ်သာလမ်းသို့ရောက်လျှင် ချပေးရန် ပြောရမည်ဖြစ်သည်။ ထိုမှတ်တိုင်အထိ ဘတ်စ်ကားခ လေးကျပ်ခွဲပေးရမည်ဟု ဆိုသည်။ ထိုနေရာတွင် ကားပေါ်မှ ဆင်းပြီး လမ်းမကြီးကို ဖြတ်ကျော်လိုက်လျှင် ဈေးဆိုင်ကလေး တစ်ခုကို တွေ့ရ သေည်ဖြစ်၍ ထိုဆိုင်ကလေးတွင် မေးကြည့်ပါက အဆိုပါ ဂျာမန်ရှိသည့် နေရာကို ညွှန်ပြလိမ့်မည်ဟု ဆိုသည်။ အကယ်၍ ပီဒရိုသည် အဆိုပါ ဆိုင်ကလေးတွင် ဝင်၍ စုံစမ်းမေးမြန်းခြင်း မပြုလိုပါက ထိုနေရာမှ လက်ယာဘက်သို့ လှမ်းကြည့် လိုက်လျှင် ခေါင်မိုးအပြာဖြင့် အချောမသပ်ရသေးသည့် အုတ်တိုက်အဆောက် အအုံ တစ်ခုကို တွေ့မြင်ရမည်ဖြစ်၍ ထိုအဆောက်အအုံမှာ အဆိုပါ ဂျာမန် နေသည့် အိမ်ပင်ဖြစ်သည်ဟု ဆိုသည်။

အလုပ်သမားကြီး၏ စကားအရ ထိုလူကြီးသည် ထိုနေရာသို့ သူကိုယ်တိုင် ရောက်ဖူးသည်ဟု ယူဆရသည်။ သို့သော် ပို၍ကွဲကွဲပြားပြား သိနိုင်ရန် ပီဒရိုက သူပြောပြသည့် ခရီးစဉ်အတိုင်းသွားလျှင် ထိုနေရာသို့ သေချာပေါက် ရောက် မရောက် တစ်ဆင့်တက်၍ မေးကြည့်ခဲ့သည်။ ဤတွင် ထိုလူကြီးက မိမိ ယခု ပြောသည့် လမ်းအတိုင်း သွားလျှင် ထိုနေရာသို့ မရောက်စရာအကြောင်း မရှိ ကြောင်း။ အဘယ်ကြောင့်ဆိုသော် ယခုပြောပြခဲ့သည့် ဂျာမန်၏အိမ်ကို ဆောက် လုပ်ရာ၌ မိမိကိုယ်တိုင် သွားရောက်လုပ်ကိုင်ခဲ့ရကြောင်းနှင့် ယခုအထိ မိမိသည် ထိုဂျာမန်ထံမှ အလုပ်သမားခ အချို့ရရန် ကျန်ရှိနေသေးကြောင်းကိုပါ အတိ အလင်း ပြောပြခဲ့သည်။

ပီဒရိုက ဆက်လက်၍ အနီးအနားတွင် အလုပ်လုပ်နေသော ဂျာမန် လူငယ်အကြောင်းကို စုံစမ်းမေးမြန်းခဲ့ရာ ထိုလူကြီးက အဆိုပါ လူငယ် 'တစ်တို' မှာ ပီဒရို စုံစမ်းနေသည့် ဂျာမန်ကြီး၏ သားအရင်း ဟုတ်ဟန်မတူကြောင်း၊ သို့သော် ထိုဂျာမန်ကြီးမှာ ထိုလူငယ်၏ မိခင်နှင့် အတူနေ၍ ထိုအမျိုးသမီးတွင် လေးနှစ်အရွယ် သားတစ်ယောက်ရှိကြောင်း ပြန်ပြောပြခဲ့သည်။

ဤနေရာတွင် ထိုလူကြီးသည် အဆိုပါ မိသားစုနှင့် ပတ်သက်၍ အသေအချာ သိပုံ မရဟု ပီဒရိုက ယူဆမိသည်။ သို့သော် ထိုလူကြီးက ဆက်လက်၍

www.burmeseclassic.com



အဆိုပါ ဂျာမန်လူငယ် 'တစ်တို'တွင် အစ်ကိုနှစ်ယောက်ရှိကြောင်း၊ တစ်ယောက်မှာ အိမ်ထောင်နှင့် ဖြစ်၍ အခြားတစ်ယောက်မှာ ရေတပ်တွင် အမှုထမ်းနေကြောင်း ပြောပြခဲ့သည်။ ထို့ပြင် ဂျာမန်လူငယ်တွင် မော်တော်ဆိုင်ကယ်မရှိကြောင်း၊ သို့သော် အိမ်ချင်းကပ်နေသည့် လူတစ်ယောက်၏ မော်တော်ဆိုင်ကယ်ကို အမြဲတမ်း နှစ်ယောက်အတူစီး၍ သွားလာလေ့ရှိကြောင်း စသည်များကိုပါ ခြည့်စွက်ပြောကြားခဲ့သည်။

ထိုလူကြီး၏ စကားအဆုံး၌ ပီဒရိုသည် ထိုလူကြီးအား နောက်တစ်ကြိမ်ထပ်၍တွေ့ရန် လိုလိုမည်မည် နာမည်ကို နောက်ဆုံးအနေဖြင့် မေးကြည့်ခဲ့သည်။

ဤတွင် ထိုလူကြီးက ပြန်ပြောလိုက်သည်။ "နေပါဦးကွ၊ မင်း ငါ့နာမည်ကို ဘာသိဖို့ လိုသေးလို့လဲ။ မင်း ငါနဲ့တွေ့ချင်ရင် ဒီနေရာလာပြီး လက်သမားဆရာကြီး ဘယ်မှာလဲလို့ မေးလိုက်ရုံရှိတာပဲ။ ငါက ဒီမှာ နေတာပဲကွ၊ ဒီအခန်းမှာ နေတာပဲဟာ"

ပီဒရို၏စိတ်ထဲတွင် လက်သမားဆရာကြီးသည် အသက်ငါးဆယ်ခန့်ရှိပြီး စကားပြောရာတွင် သိသိသာသာကြီး ဥရောပတိုက်သားလေသံ ပေါက်နေသည်ဟု မှတ်သားလိုက်မိသည်။

သူတို့နှစ်ယောက် စကားကောင်းနေဆဲမှာပင် လက်သမားဆရာကြီးနှင့် ရွယ်တူလောက်ရှိမည်ဟု ခန့်မှန်းရသည့် ခပ်ဝဝ လူတစ်ယောက် ဝင်လာသည်။ ရုတ်တရက် ပီဒရိုစိတ်ထဲတွင် ထိုလူဝဝသည် အိမ်ရှင်များ ဖြစ်လေမလားဟု ထင်လိုက်မိသည်။ ထို့နောက် ထိုလူသည် ပီဒရို၏ လာရင်းကိစ္စကို သိလိုက်ရသောအခါ "မင်းပြောတဲ့ ဂျာမန်ရဲ့သားဆိုတာ ဟိုနားက အလုပ်ရုံမှာ အလုပ်လုပ်နေတာပဲ၊ အဲဒီသွားမေးရင် ရှင်းနေတာပဲ" ဟူ၍ ဝင်ပြောလိုက်သည်။

ပီဒရိုက ထိုလူကြီးနှစ်ယောက်အား ကျေးဇူးတင်စကား ပြောကြားကာ အလုပ်ရုံရှိရာဘက်သို့ ထွက်လာခဲ့သည်။ အလုပ်ရုံသို့ ရောက်သောအခါ တံခါးဝနားတွင် 'ဆိုင်းယင်း'အမျိုးအစားပုံစံ ၉၀၉ ဟူသော အမှတ်အသားပါရှိသည့် ဆားဘွဲ့တပ်ဆင်ထားသည့် မော်တော်ဆိုင်ကယ်ကလေးတစ်စီး ရပ်ထားသည်ကို ပီဒရို တွေ့ခဲ့ရသည်။

အလုပ်ရုံထဲသို့ ပီဒရို ဝင်သွားသောအခါ ဂျာမန်လူငယ်ကို ချက်ချင်းတွေ့လိုက်ရသည်။ သူက ဖော်ဖော်ရွေရွေ ခပ်ပျော်ပျော်နေတဝ်သည့် လေသံမျိုးဖြင့် ဆီး၍မေးလိုက်သည်။ "ဘယ်လိုလဲ၊ ခင်ဗျား ဘာကိစ္စနဲ့ ပေါ်လာပြန်တာလဲ။ ဟိုတနေ့က ပေးခဲ့တဲ့ စာနဲ့ပတ်သက်လို့လား။ ခင်ဗျားကို ကျွန်တော်





အမှန်အတိုင်း ပြောပြမယ်။ ခင်ဗျားပေးခဲ့တဲ့ စာအိတ်ကို ခင်ဗျားပြန်သွားတော့ ကျွန်တော် ဖောက်ကြည့်တယ်။ အထဲမှာ 'မွေးနေ့မင်္ဂလာ ပျော်စရာ'လို့ ရေးထားတာတွေ့ရတယ်။ အဲဒီတော့ ကျွန်တော့်အဖေရဲ့ မွေးနေ့မဟုတ်ဘဲ ကျွန်တော့်အစ်ကိုရဲ့ မွေးနေ့ဖြစ်နေလို့ အဲဒီလက်ဆောင်ကို ကျွန်တော့်အစ်ကိုပဲ ပေးလိုက်တယ်"

"ဒါပေမဲ့ ရေးထားတဲ့ နာမည်က"

"ဟုတ်တယ်လေ၊ 'နစ်ကိုးလပ်စ်ကလီမင့်'လို့ ရေးထားတော့ ကျွန်တော့်အဖေအတွက်လည်း ဖြစ်နိုင်တာပဲ၊ ကျွန်တော့်အစ်ကို နာမည်လည်း ဖြစ်နိုင်တာပဲဗျ"

"ဒါပေမဲ့ ကျွန်တော့်မှာ အခု ချောက်ကျနေပြီဗျ" ပီဒရိုက ထပ်ပြောလိုက်သည်။ "အဲဒီစာနဲ့ အဲဒီအထုပ်ကတခြား ဟိုတယ်တစ်ခုမှာ အလုပ်လုပ်နေတဲ့ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို ပေးခိုင်းလိုက်တာ။ အဲဒီဟိုတယ်ကို လာတည်းတဲ့ အမျိုးသမီးတစ်ယောက်က အဲဒီစာနဲ့ ပစ္စည်းကို လိပ်စာအတိုင်း ပို့ပေးဖို့ ကျွန်တော့်သူငယ်ချင်းကို ခိုင်းလိုက်ရာမှာ သူက အလုပ်များနေလို့ ကျွန်တော့်က သူ့အစား လာပို့ပေးရတာဗျ။ အခု အဲဒီပစ္စည်းဟာ လိပ်စာရှင်လက်ထဲ မရောက်ဘူးဆိုပြီး ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို ငွေငါးရာကျော် လျော်ရမယ်လို့ တောင်းနေတယ်"

"ဒါတော့ အမျိုးသမီးက စာအိတ်ပေါ်မှာ နာမည်ကို တိတိကျကျမှ မရေးလိုက်ပဲကိုး။ တိတိကျကျ ရေးလိုက်ရင် ဘယ်ဒီလိုဖြစ်မလဲ။ သူက ဘာဖြစ်လို့ 'နစ်ကိုးလပ်စ်အိုက်ခ်မန်း'လို့ မရေးဘဲ 'နစ်ကိုးလပ်စ်ကလီမင့်'လို့ ရေးလိုက်ရတာလဲ"

ပီဒရိုက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်၍ ပြောလိုက်သည်။ "ဒါကတော့ ကျွန်တော်လည်း ဘယ်သိမလဲဗျာ။ ခင်ဗျားကလည်း ခင်ဗျားအစ်ကိုရဲ့ လိပ်စာ ဘာဖြစ်လို့ ကျွန်တော်ကို မပေးတာလဲ"

ဤတွင် 'တစ်တို'သည် ပီဒရိုအား စာရွက်တစ်ရွက် လှမ်းပေးပြီး "ကဲ... ဒီလိုဆိုရင် အဲဒီလိပ်စာ အခုရေးသွား၊ အိမ်အမှတ် ၃၀၃၀၊ ဗိုလ်ချုပ်ပန်းခြံလမ်း"

"ကျေးဇူးပါပဲဗျာ" ပီဒရိုက ဂျာမန်လူငယ်ပြောသည့် လိပ်စာကို စာရွက်ပေါ်တွင် ကမန်းကတန်းရေးရင်း ပြောလိုက်သည်။ "ဒါထက် မစ္စတာ ကလီမင့်ကို ဘယ်မှာတွေ့နိုင်မယ်ဆိုတာ ခင်ဗျား မပြောနိုင်ဘူးလား။ ဘာဖြစ်လို့ပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟိုပစ္စည်းတွေ ပေးလိုက်တဲ့ အမျိုးသမီးက အဲဒီလိပ်စာကို ထပ်ပြီး မေးချင်မေးနေဦးမှာ"

"သူက အခု တူကူမန်ကို အလုပ်ကိစ္စတစ်ခုနဲ့ သွားနေတယ်။ ဘယ်တော့ ပြန်လာမယ်ဆိုတာ ကျွန်တော်လည်း မသိဘူး"

ဤနေရာတွင် ဂျာမန်လူငယ်၏စကားကို အမှတ်မထင် ကြားလိုက်ဟန် တူသော ဘေးနားမှ အသက်သုံးဆယ်ခန့်ရှိသော လူတစ်ယောက်က ရုတ်တရက် 'တစ်တို'အား ့လှမ်းမေးလိုက်သည်။ "ခင်ဗျားအဖေ ဘယ်ရောက်နေတယ်"

"တူကူမန် ရောက်နေတယ်ဗျ" တစ်တိုက ထပ်၍ပြောလိုက်သည်။ "အလုပ်ကိစ္စနဲ့ သွားတာပဲ၊ ဘယ်တော့မှ ပြန်ရောက်မလဲမသိဘူး"

သို့ဖြင့် ပီဒရိုသည် ဟိုတယ်သို့ ပြန်လာခဲ့ရာ ဟက်ဒါကဆီး၍ အကျိုး အကြောင်း မေးခဲ့သည်။ သူမသည် သိလိုသမျှ မေးခွန်းများကို တစ်ခုပြီးတစ်ခု ထပ်ကာတလဲ မေးခဲ့ပြီး ပီဒရိုပြောပြသမျှ အချက်အလက်များကို စာဖြင့် ရေးမှတ် ခဲ့သည်။ ပီဒရိုက သူနိုင်းလိုက်သည့်အတိုင်း ဖြစ်မြောက်အောင် မဆောင်ရွက်နိုင် ခဲ့သဖြင့် မိမိဝမ်းနည်းမိကြောင်း၊ အထူးသဖြင့် ကလီမင့်တို့ မိသားစုကို တွေ့အောင် မရှာခဲ့နိုင်သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ ဂျာမန်လူငယ်လေးက သူနှင့် သူ့အစ်ကိုနာမည်မှာ 'ကလီမင့်'မဟုတ်ဘဲ 'အိုက်ခ်မန်း' ဖြစ်သည်ဟု ပြောလိုက် သောကြောင့် 'ကလီမင့်'ကို မတွေ့ဘဲ ပြန်လာခဲ့ရခြင်းဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းတောင်းပန်ခဲ့သည်။

သို့သော် ထိုသို့ တောင်းပန်စကား ပြောကြားခဲ့သည့်ကြားမှပင် ပီဒရိုမှာ တအံ့တဩ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူမသည် သူ့အား ယခု တစ်ကြိမ်ထပ်၍ ငွေအတော်များများ ပေးသွားခဲ့ပြန်သောကြောင့်တည်း။

❐

[illegible]ညက အတော်ကလေး ညဉ့်နက်သည့်အချိန်တွင် ဟက်ဒါသည် ကဲနက်နှင့် [illegible]က ပီဒရိုထံမှ သိရှိခဲ့ရသည့် အချက်အလက်များကို သူမ၏ မှတ်စု [illegible] ကိုးကား၍ အပြည့်အစုံ ပြန်ပြောခဲ့သည်။ သို့သော် ကဲနက်အား မိမိ [illegible]ခဲ့သည့် အချက်အလက်များသည် ကိစ္စကြီးတစ်ခုလုံးတွင် အဆုံးအဖြတ် [illegible]သည့် အရေးကြီးသော သတင်းများဖြစ်ကြောင်း သူမကိုယ်တိုင် မသိခဲ့ဘဲ [illegible]သည်။ ပီဒရိုထံမှ ရရှိခဲ့သည့် အချက်အလက်များသည် မည်မျှအရေးပါ [illegible]ကို ရုတ်တရက် ချက်ချင်းသိလိုက်သူမှာ ကဲနက်တစ်ဦးတည်း





[illegible]ဘာလျှင် ဖြစ်သည်။ ဤအချက်အလက်များအရ အိုက်ခ်မန်း၏ သားအကြီးဆုံး [illegible]နစ်ကိုးလပ်စ်သည် ဗျူနိုအဲရစ္စမြို့တွင် ရှိနေပြီး သူ့နာမည်ရင်းအတိုင်း မပြောင်းဘဲ [illegible]ထားခဲ့ကြောင်း သိခဲ့ရသည်။ ထို့ပြင် အိုက်ခ်မန်းတို့ မိသားစုသည် အာဂျင် [illegible]တီးနားမှာပင် နေထိုင်လျက်ရှိပြီး သူတို့၏ နေရပ်လိပ်စာအသစ်မှာ စန်ဖာနန်ဒို နှင့် ဒွန်တော်ကွာတို ရပ်ကွက်အတွင်းမှ တစ်နေရာရာတွင်ဖြစ်ကြောင်း သေချာ [illegible]ပေါက် ထင်ရှားနေပြီဖြစ်သည်။ နောက်ဆုံး၌ ရီကာဒိုကလီမင့်သည် အိုက်ခ်မန်း [illegible]ပင်ဖြစ်၍ ဗီရာအိုက်ခ်မန်း၏ ယောကျ်ား၊ ကလေး လေးယောက်၏ ဖခင်ဖြစ် [illegible]ကြောင်း၊ ထိုကလေး လေးယောက်အနက် သုံးယောက်မှာ ဂျာမနီတွင် မွေးဖွား [illegible]ခဲ့ပြီး အငယ်ဆုံးကလေးမှာ အာဂျင်တီးနားတွင် ဖွားမြင်ခဲ့ကြောင်း စသည့် အချက်အလက်များမှာ ခိုင်လုံမှန်ကန်နေပြီဟု ဆိုရမည်ဖြစ်သည်။

သို့သော် တစ်ဖက်မှနေ၍ စဉ်းစားကြည့်လျှင်လည်း ကလီမင့်သည် အိုက်ခ်မန်းမဟုတ်ဘဲ စစ်ကြီးပြီးဆုံးခဲ့သည့်နောက်ပိုင်း၌ ဗီရာအိုက်ခ်မန်းနှင့် လက်ထပ်ကာ သူမ၏ ကလေးများ ဖခင်အဖြစ် ခံယူထားသူ အခြားတစ်ယောက် ဖြစ်မည်ဆိုက ဖြစ်နိုင်စရာရှိသည်။ သို့သော် ထိုသို့ဖြစ်နိုင်သည့် အခြေအနေနှင့် အလားအလာမှာ အလွန်နည်းလှသည်။

သို့ဖြစ်ရာ တစ်ခုလုံးကို ခြုံကြည့်လိုက်မည်ဆိုပါက မိမိတို့ စုံစမ်းထောက် လှမ်းမှုများ၏ အရေးကြီးသည့် တာဝန်ပိုင်းမှာ အောင်မြင်စွာ အဆုံးသတ်ခဲ့ပြီဟု ကဲနက်စိတ်ထဲတွင် တထစ်ချ မှတ်ယူလိုက်သည်။

သူသည် အစ္စရေးသို့ အဆိုပါ အရေးကြီးသည့် သတင်းအချက်အလက် များကို ချက်ချင်းပင် အစီရင်ခံလိုက်သည်။ ယင်းအစီရင်ခံစာ၌ အထက်ဖော်ပြပါ အတိုင်း အလုပ်ရုံတွင် ဝင်ရောက်လုပ်ကိုင်နေသည့် ဂျာမန်လူငယ်မှာ အိုက်ခ်မန်း၏ ဒုတိယသား ဒိုင်ယက်တာဖြစ်ကြောင်း၊ သူသည် နာမည်ရင်းအတိုင်း မပြောင်းဘဲ ရှိနေပြီး သူ့မိခင်နှင့်အတူ နေထိုင်လျက်ရှိကြောင်း စသည်များ ပါဝင်ခဲ့သည်။ ဆက်လက်၍ မိမိတို့သည် မကြာမီ ၎င်းတို့မိသားစု၏ လိပ်စာမှန်ကို တိတိကျကျ သိရတော့မည်ဖြစ်ပြီး ယခင်နာမည်ရင်းအတိုင်း မပြောင်းလဲဘဲ 'နစ်ကိုးလပ်စ်' ဟူ၍ ခေါ်သော အကြီးဆုံးသား၏ နေရပ်လိပ်စာကိုလည်း ရရှိထားပြီဖြစ်ကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ထို့နောက် ကဲနက်က ဗီရာသည် ရီကာဒိုကလီမင့်ဆိုသူ လူတစ်ယောက်နှင့် နောက်အိမ်ထောင်ပြုခဲ့သည်ဟူ၍ ၎င်းတို့ မိသားစုကိုယ်တိုင်က ကောလာဟလသတင်းများ လွှင့်ခဲ့ကြဟန်တူကြောင်း၊ ယခုလောလောဆယ် အခိုက်အတန့်တွင် ရီကာဒိုကလီမင့် အမည်ခံ အိုက်ခ်မန်း



www.burmeseclassic.com

www.burmeseclassic.com



သည် ဗျူနိုအဲရှမြို့မှ မိုင်ပေါင်းတစ်ထောင်ခန့် ဝေးကွာသည့် တူကူမန်အမည်ရှိ မြို့တင်မြို့သို့ အလုပ်ကိစ္စတစ်ခုဖြင့် သွားရောက်နေကြောင်း စသည်များကိုပါ ပြည့်စွက်အစီရင်ခံခဲ့သည်။ ဤသတင်းကို ပို၍နိုင်လုံ ယုံကြည်ဖွယ်ရာ ဖြစ်ခဲ့သည်မှာ အလွတ်စုံစမ်းထောက်လှမ်းရေး ဌာနတစ်ခုတွင် လူဘင်စကီ သွားရောက်စုံစမ်းခဲ့ရာ၌ ဖရန်စစ္စကိုရှမစ် ဆိုသူသည် အိုက်ခ်မန်း လုံးဝမဟုတ်ကြောင်း သိခဲ့ရခြင်းပင် ဖြစ်သည်ဟူ၍ ကဲနက်က သူ၏ အစီရင်ခံစာတွင် နောက်ဆုံး အပြီးသတ် ဖော်ပြခဲ့သည်။

□

ကဲနက်ထံမှ အထက်ပါ အစီရင်ခံစာအရ ကျွန်ုပ်သည် ဥရောပတိုက်တွင် အိုက်ခ်မန်းနှင့် လိုင်ဘဲလ်တို့ မိသားစုများအား စုံစမ်းထောက်လှမ်းနေသည်များကို ရပ်သိမ်းရန် ဆုံးဖြတ်လိုက်သည်။ ယခုအခါ ဗီရာအိုက်ခ်မန်းနှင့် သူမ၏ သားများကို တွေ့နေရပြီဖြစ်ရာ ဥရောပတိုက်မှ သူမ၏ ဆွေမျိုးများအား မလိုအပ်ဘဲ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်နေခြင်းဖြင့် ၎င်းတို့အား တစ်စုံတစ်ရာ သံသယဖြစ်အောင် ပြုလုပ်ရာရောက်သွားမည်ကို စိုးသောကြောင့်ပင်ဖြစ်သည်။

ယခုအတိုင်းဆိုလျှင် ကလီမင့် မည်သည့်အရပ်တွင် ရှိနေသည်ကို မကြာမီ အတောအတွင်းမှာပင် နိုင်နိုင်လုံလုံ စုံစမ်းသိရှိရတော့မည်ဟု ကျွန်ုပ် တထစ်ချ ယုံကြည်မိသည်။ သူ၏ နေရပ်လိပ်စာကို အတိအကျ သိရသည်နှင့်တစ်ပြိုင်နက် သူသည် အိုက်ခ်မန်း ဟုတ်မဟုတ် ကွဲကွဲပြားပြား ထင်ထင်ရှားရှား ဆုံးဖြတ်နိုင်မည်မှာ သေချာသည်။ အကယ်၍ ကျွန်ုပ်တို့ မူလ ထင်မြင်ယူဆခဲ့သည့်အတိုင်း ကလီမင့်သည် အိုက်ခ်မန်း ဖြစ်နေပါက ကျွန်ုပ်တို့၏ ခြေလှမ်းများကို ယခုထက်နှစ်ဆတိုး၍ ဂရုစိုက်ကြရန် လိုအပ်လာပြီဖြစ်သည်။ အကယ်၍သာ ကျွန်ုပ်တို့ ယူဆထားသည့်အတိုင်း ဖြစ်မလာဘဲ ကလီမင့်သည် အိုက်ခ်မန်းမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်ရပါက အိုက်ခ်မန်းသည် ယခုအချိန်တွင် အသက်ထင်ရှားမရှိတော့ဟူ၍ မှတ်ယူရတော့မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်းသာ အသက်ရှင်လျက် ရှိနေပါက သူ့ဇနီးနှင့် သားများအား တစ်စုံတစ်ခုသော အကြောင်းကြောင့် ဆက်သွယ်ဆောင်ရွက်ထားခြင်း မရှိခဲ့ပါက အသက်ထင်ရှားရှိနေဆဲဖြစ်သော သူတို့အဖေဖြစ်သူ သူမ၏ ခင်ပွန်းဖြစ်သူ အိုက်ခ်မန်းနှင့် မုချမသွေ အတူနေကြမည် ဖြစ်သောကြောင့်တည်း။

□





ဒေရိုထံမှ ရရှိခဲ့သည့် သတင်းနှင့် လမ်းညွှန်ခရီးစဉ်အရ ထိုနေ့မွန်းလွဲပိုင်းတွင် ကဲနက်သည် စန်ဖာနန်ဒိုရပ်ကွက်သို့ သွားရောက်ရှာဖွေခဲ့ရာ မကြာမီ ကလီမင့်တို့ မိသားစု နေထိုင်လျက်ရှိသည်ဆိုသော အိမ်ကို တွေ့ခဲ့ရသည်။ ထိုအိမ်မှာ တစ်ထပ်အိမ်တစ်လုံးဖြစ်၍ ခြံဝင်းမခတ်ဘဲထားသည်။ တံခါးမှာ ဖိုင်ဘာကတ်ပြားနှင့် ပြုလုပ်ထားပြီး နံရံများမှာလည်း အင်္ဂတေဖြင့် မလုပ်ဘဲ အကြမ်းထည် ဆောက်လုပ်ထားသည်။ ထို့ပြင် ကဲနက် လေ့လာစစ်ဆေးကြည့်ရသလောက် ထိုအိမ်မှာ လျှပ်စစ်ကြိုးများ ဆက်သွယ်ထားသည်ကို မတွေ့ရဘဲရှိနေသည်။ အထူးသဖြင့် ဤနေရာတစ်ဝိုက်မှာ အခြားပတ်ဝန်းကျင်နှင့် အဆက်အသွယ်မရှိဘဲ သူတို့ချည်း သီးခြား ထီးထီးကြီးဖြစ်နေသည်။ အနီးအနားတွင် တစ်ထပ်တိုက်ပု လေး တစ်လုံးနှင့် လမ်းဘေးဈေးဆိုင်ကလေး တစ်ဆိုင်မှတစ်ပါး ကိုက်လေးငါးရာအတွင်း အခြား အဆောက်အအုံဟူ၍ လုံးဝ ဘာတစ်ခုမှ မရှိဘဲ ဖြစ်နေသည်ကို တွေ့ရသည်။

အိမ်ရှေ့မျက်နှာစာနှင့် ကိုက်သုံးဆယ်အကွာ လမ်းမကြီးအတိုင်း ကားမောင်းလာရင်း ကဲနက်သည် အိမ်အပေါက်ဝ၌ အသက် ငါးဆယ်ခန့်ရှိ ဝဝတုတ်တုတ် မိန်းမကြီးတစ်ယောက်နှင့်အတူ သူမ၏ ဘေးနားတွင် ကစားနေသော လေးငါးနှစ်အရွယ် ကလေးတစ်ယောက်ကို လှမ်းမြင်ရသည်။ ကဲနက်၏ စိတ်ထဲတွင် ဤမိန်းမကြီးနှင့် ဤကလေးငယ်မှာ ဗီရာအိုက်ခ်မန်းနှင့် သူမ၏ အငယ်ဆုံးသား ဖြစ်လိမ့်မည်ဟု ယူဆလိုက်သည်။

ကဲနက်သည် ထိုနေ့ ညနေဘက်တွင် ထိုနေရာသို့ နောက်တစ်ခေါက် ထပ်သွားခဲ့ပြန်သည်။ ယခုတစ်ခေါက်တွင်မူ သူသည် အိမ်၏ နောက်ဘက်မှ လမ်းကလေးအတိုင်း မယောင်မလည် လျှောက်၍လာခဲ့သည်။ သူသည် ခပ်လှမ်းလှမ်းမှ ခွေးဟောင်သံကို ကြားနေရသော်လည်း ထိုအိမ်တွင် ခွေးတစ်ကောင်မှ မတွေ့မမြင်ရဘဲဖြစ်နေသည်။ အိမ်နှင့် ဆားချင်းကပ်လျက် ပစ္စည်းများ သိမ်းဆည်းသည့် စတိုခန်းလိုလို၊ အဖီကလေးလိုလို အုတ်ဖြင့်အောက်ထားသည့် အဆောက်အအုံကလေးကိုလည်း တွေ့ရသည်။ အိမ်နှင့် အဆိုပါ အုတ်နံရံကာထားသည့် အဖီကလေးထဲတွင် မီးရောင်မှုန်မှုန်မွှားမွှားကို လှမ်းမြင်ရသည်။ ကဲနက်သည် အိမ်နားသို့ အတော်ကလေး နီးနီးကပ်ကပ် ရောက်သွားခဲ့ရာ ထိုအခိုက်အတန့်မှာပင် အဆိုပါ အုတ်ကာထားသည့် အဖီကလေးထဲမှ လူငယ်တစ်ယောက် ပြွန်းခနဲ ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် ကဲနက်မှာ သုတ်ခြေတင်၍



www.burmeseclassic.com

www.burmeseclassic.com



လစ်လာခဲ့ရသည်။ အဆိုပါလူငယ်မှာ ဒိုင်ယက်တာပင်ဖြစ်မည်ဟု ယူဆလိုက်သည်။

ထို့နောက်တစ်ဖန် မတ်လ ၁၂ ရက်နေ့တွင် သူသည် ပရီမိုနှင့်အတူ စန်တာနန်ဒိုရပ်ကွက်သို့ ထပ်မံသွားရောက်ခဲ့ပြန်သည်။ ပရီမိုက ကားမောင်း၍ ကဲနက်က ဘေးမှ ထိုင်လိုက်လာခဲ့သည်။ သူနှင့်အတူ အဝေးရိုက်မှန်ဘီလူး တပ်ဆင်ထားသည့် 'လိုင်ကာ'ကင်မရာတစ်လုံးနှင့် 'လက်ဆွဲအိတ် ကင်မရာ' တစ်လုံး ပါလာခဲ့သည်။ 'လက်ဆွဲအိတ်ကင်မရာ'မှာ လက်ဆွဲအိတ်တစ်ခုကဲ့သို့ ဟန်ဆောင်ပြုလုပ်ထားပြီး ယင်းလက်ဆွဲအိတ်အပေါ်မှ ကြယ်သီးကလေးတစ်ခုကို နှိပ်လိုက်ခြင်းဖြင့် မိမိတို့ အလိုရှိသည့် အရာဝတ္ထုကို ဓာတ်ပုံရိုက်ယူနိုင်သည့် လျှို့ဝှက်ကင်မရာတစ်မျိုးပင် ဖြစ်သည်။

ကဲနက်သည် ပရီမိုဘေးမှ ထိုင်၍လိုက်လာရင်း ကားသွားနေရင်းမှာပင် ထိုအိမ်ကို ဓာတ်ပုံများ ရိုက်ယူခဲ့သည်။ သူတို့သည် အတော်ကလေး ခပ်လှမ်းလှမ်းအရောက်တွင် ကားကိုပြန်လှည့်၍ မောင်းလာခဲ့ကြပြီး ထိုအိမ်နှင့် ကိုက်လေးငါးဆယ်ခန့် အကွာတွင် ကားကိုရပ်လိုက်ကြသည်။ ပရီမိုသည် ကားပေါ်မှ ဆင်းကာ ရှေ့ပိုင်းမှ စက်ဖုံးကိုဖွင့်၍ ကားပျက်နေဟန်ဖြင့် ကုန်း၍ ဟိုနှိုက်သည်နှိုက် လုပ်နေခဲ့သည်။ ထိုအခိုက်မှာပင် ကဲနက်သည် 'လိုင်ကာ'ကင်မရာဖြင့် ထိုအိမ်နှင့်တကွ ခြံဝင်းထဲတွင် အလုပ်လုပ်နေသော ဒိုင်ယက်တာကို ဓာတ်ပုံရိုက်ယူလိုက်သည်။

နောက်တစ်နေ့တွင် ကဲနက်သည် ခေါင်းထဲ၌ တစ်စုံတစ်ရာ ဖျတ်ခနဲပေါ်လာသဖြင့် စန်တာဖီးရိပ်သာလမ်းရှိ ဗဟိုစာတိုက်ကြီးသို့ ထွက်လာခဲ့သည်။ စာတိုက်သို့ ရောက်သောအခါ တူကူမန်မြို့မှ တယ်လီဖုန်းလမ်းညွှန် စာအုပ်ကို တောင်းယူ၍ ရှာကြည့်ခဲ့ရာ ၁၉၅၉ ခုနှစ်ထုတ် လမ်းညွှန်စာအုပ်ထဲတွင် 'စီ-အေ-ပီ-အာရ်-အိုင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ'ဟူသော အမည်ကို တွေ့လိုက်ရသည်။

ကဲနက်သည် စိတ်ထဲတွင် အိုက်ခ်မန်းတို့ မိသားစုနေထိုင်ရာ အရပ်ကို [illegible]ရပြီဟု ယုံကြည်ခဲ့ပြီဖြစ်သည်။ သို့သော် သူသည် ယုံကြည်ရုံမျှဖြင့် မပြီးသေး မသေချာသေးဟု တွေးမိသည်။ တိတိကျကျ ခိုင်ခိုင်လုံလုံဖြစ်အောင် ရှာဖွေဦးမည်ဟု နားလည်ခဲ့သည်။ သို့ဖြစ်ရာ အစိုးရ၏ မှတ်ပုံတင်စာရင်းများကို စစ်ဆေးကြည့်ခြင်းအားဖြင့်လည်းကောင်း၊ မိမိတို့ ယခုတွေ့ထားရသည့် အိမ်နှင့် မြေကွက်ကို ဝယ်သူ့နာမည်နှင့် ဂရန်ပြုလုပ်ထားသည်ကို အိုးအိမ်ပစ္စည်း မှတ်ပုံတင်ဌာနတွင် စုံစမ်းကြည့်ခြင်းအားဖြင့်လည်းကောင်း နောက်ဆုံး နိုင်လုံသည့်အထောက်အထား အတိအကျ သိရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။





သို့သော် ယခုလောလောဆယ် မိမိသည် တူကူမန်မြို့သို့ လိုက်၍ ကလီမင့်အား ရှာဖွေစုံစမ်းရန် မဖြစ်နိုင်သေးဟု ကဲနက်စိတ်ထဲတွင် ယူဆမိသည်။ အခိုက်အတန့်တွင် ဖာလ်ဒနာကုမ္ပဏီနှင့် ၎င်း၏ အလုပ်ဌာနခွဲဖြစ်သော စီ-အေ-ပီ-အာရ်-အိုင် ကုမ္ပဏီအကြောင်း နောက်ထပ်သတင်းများရအောင် စောင့်ဆိုင်းဦးမည်ဟု စိတ်ကူးမိသည်။ သို့သော် ဤနေရာတွင် ကဲနက်သည် တစ်စုံတစ်ခု မျှော်လင့်ရာ ရှိနေသည်ကိုလည်း သတိပြုမိသည်။ ယင်းမှာ အခြားမဟုတ်၊ အကယ်၍သာ ကလီမင့်သည် အိုက်ခ်မန်းဖြစ်သည်မှာ သေချာ၍ လောလောဆယ် တူကူမန်သို့ အမှန်တကယ် သွားရောက်နေသည်ဆိုပါက သူသည် သူနှင့် ဇီရာတို့ လက်ထပ်ခဲ့ကြသည့် ၂၅ နှစ်မြောက် လက်ထပ်မင်္ဂလာ ငွေရတုသဘင် ကျရောက်သည့်နေ့တွင် မုချ အိမ်ပြန်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ပင်ဖြစ်သည်။ အိုက်ခ်မန်းနှင့် ပတ်သက်သည့် မှတ်တမ်းဖိုင်တွင် ဖော်ပြပါရှိချက်အရ အဆိုပါ ၂၅နှစ်မြောက် လက်ထပ်မင်္ဂလာနေ့မှာ မတ် ၂၁ ရက်နေ့ဖြစ်ရာ ရက်ပိုင်းလောက်သာလိုတော့သည်။ ထိုနေ့မတိုင်မီ အတောအတွင်း မိမိသည် ထိုအိမ်နှင့်ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက်တွင် စုံစမ်းထောက်လှမ်းကြည့်ဦးမည်ဟု ကဲနက်က စီစဉ်ထားသည်။

မတ်လ ၁၆ ရက်နေ့ ညနေ ၆ နာရီတွင် လူဘင်စကီသည် ကဲနက်ငှားထားသော ကားကို လှမ်း၍ခေါ်လိုက်သည်။ တစ်နာရီခန့်ကြာသောအခါ သူတို့နှစ်ယောက်သည် စန်ဖာနန်ဒိုရပ်ကွက် ကောင်စီရုံးခန်းသို့ ရောက်သွားကြသည်။ သူတို့သည် ကလီမင့်၏ နေအိမ်တည်ရှိသည့် မြေကွက်အမှတ်ကို မြေပုံအများအပြား တောင်းယူ၍ ရှာဖွေကြည့်ခဲ့ကြပြီးနောက် ထိုနေရာတစ်ဝိုက်မှ မြေကွက်များကို ပိုင်ဆိုင်သည့် ပိုင်ရှင်များနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ အချက်အလက်များကို စုံစမ်းရှာဖွေပေးပါရန် အခြားနာမည် တစ်ခုဖြင့် လက်မှတ်ထိုး၍ လျှောက်လွှာတစ်စောင် ရေးတင်လိုက်ကြသည်။ ကဲနက်က အဆိုပါ လျှောက်လွှာကို လက်ခံသည့် စာရေးအား မိမိသည် မြောက်အမေရိကတိုက်မှ ကုမ္ပဏီကြီးတစ်ခု၏ ကိုယ်စားလှယ်ဖြစ်၍ ထိုလျှောက်လွှာတွင် ဖော်ပြထားသည့် နေရာတစ်ဝိုက်မှ မြေကွက်များကို ဝယ်ယူရန် စီစဉ်နေကြောင်း ပြောပြခဲ့သည်။ စာရေးကလည်း အလိုရှိသည့် အချက်အလက် အကြောင်းအရာများကို နက်ဖြန်နံနက်တွင် အတိအကျ ရှာဖွေပေးပါမည်ဟု ကတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၀ နာရီခန့်တွင် သူတို့သည် ကလီမင့်၏ အိမ်ရှိရာသို့ ကားဖြင့် လာခဲ့ကြပြီး ထိုအိမ်နှင့် ကိုက်နှစ်ဆယ်ခန့်အကွာမှ ဈေးဆိုင်ကလေးအနီးတွင် ကားကို ထိုးရပ်လိုက်သည်။ ထိုအချိန်မှာပင် ဆိုင်ကလေးထဲမှ ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ယောက် ထွက်လာရာ သူတို့က ထိုအမျိုးသမီးအား လမ်းမကြီး ဘေးမှ လမ်းသွယ်ကလေး၏ အမည်ကို မေးကြည့်လိုက်ကြသည်။ တစ်ဆက်တည်းတွင် မိမိတို့သည် မြောက်အမေရိကတိုက်မှ ကုမ္ပဏီကြီးတစ်ခု၏ ကိုယ်စားလှယ်များဖြစ်၍ ဤနေရာတစ်ဝိုက်တွင် စက်ရုံတစ်ခု တည်ဆောက်လိုသဖြင့် အနီးအနား ပတ်ဝန်းကျင်မှ မြေကွက်များကို ဝယ်ယူရန် စီစဉ်နေကြောင်း ပြောပြခဲ့သည်။ သူတို့က သူမ၏ ဆိုင်ကလေးဘေးမှ အိမ်တွင် မည်သူမည်ဝါ နေထိုင်သည်ကို မေးမြန်းရာ အမျိုးသမီးက ထိုအိမ်တွင် နေထိုင်သူများမှာ ဂျာမန်များ ဖြစ်၍ ပြောင်းရွှေ့လာသည်မှာ မကြာသေးသဖြင့် သူတို့၏ နာမည်ကို မသိရသေး ကြောင်း ပြန်ပြောပြခဲ့သည်။ ထိုအမျိုးသမီးက အဆိုပါအိမ်မှ မိန်းမကြီးကို မိမိ ခေါ်ပေးပါမည်ဟူ၍ လိုလိုလားလား ပြောလာခဲ့သည်။ ဤအတောအတွင်း ကဲနက်သည် လက်ဆွဲအိတ်ကင်မရာဖြင့် ဘေးနားမှ ထိုအိမ်ကို အနီးကပ် ဓာတ်ပုံရိုက်ယူလိုက်သည်။

ခဏအကြာတွင် ကလီမင့်၏ အိမ်ထဲမှ ရုပ်ရည်သနားကမား ဆံပင်များ နက်မှောင်နေသော မိန်းမပျိုတစ်ယောက် ထွက်လာသည်ကို တွေ့ကြရသည်။ ကဲနက်နှင့် လူဘင်စကီတို့က ထိုမိန်းမပျိုအား အကျိုးအကြောင်း ပြောပြရာ သူမက ထိုအိမ်၏ပိုင်ရှင်မှာ မိမိမဟုတ်ကြောင်း၊ မိမိ၏ ယောက္ခမပိုင်ဆိုင်သည့် အိမ်ဖြစ်ကြောင်း မိမိသိရသလောက် ထိုအိမ်ကိုရောင်းရန် အစီအစဉ်မရှိကြောင်း ပြန်ပြောပြသည်။ သူမက ထိုသို့ပြောပြနေစဉ် ကဲနက်သည် သူမကို အနီးကပ် ဓာတ်ပုံတစ်ပုံ ရိုက်ယူလိုက်သည်။

သူတို့သည် ထိုအိမ်ပြတင်းပေါက်မှတစ်ဆင့် လှမ်းကြည့်လိုက်ကြရာ အတွင်းဘက်၌ ဆံပင်ကောင်းကောင်းဖြင့် ခြောက်နှစ်အရွယ် ကလေးငယ်တစ် ယောက်ကို တွေ့မြင်ကြရသည်။ သူတို့က ဆက်လက်၍ မိန်းမပျိုကလေးအား နံဘေးမှ လမ်းသွယ်၏ အမည်ကို မေးလိုက်ပြီး မိမိတို့သည် ဤနေရာတစ်ဝိုက်မှ မြေကွက်အချို့ကို ဝယ်ထားပြီးပြီဖြစ်ကြောင်း၊ သို့သော် ထိုမြေကွက်မှာ မည်သည့် နေရာတွင်ရှိသည်ကို အတိအကျ မသိရကြောင်း ပြောပြခဲ့သည်။ မိန်းမပျိုကလေး ကလည်း မိမိတို့အိမ်ဘေးမှ လမ်းကလေး၏ အမည်ကို မိမိလည်း မသိကြောင်း ပြန်ပြောရာ သူမ၏ ယောက္ခမအနေဖြင့် သိကောင်း သိမည်ဖြစ်၍ ခေါ်မေးပေး





ပါရန် ကဲနက်တို့က မေတ္တာရပ်ခံကြည့်ကြသည်။ သူတို့အကြံအစည်မှာ အကယ်၍ ထိုအိမ်ထဲမှ သူမ၏ယောက္ခမ ထွက်လာပါက အနီးကပ် ဓာတ်ပုံရိုက်ယူရန်ပင် ဖြစ်သည်။ မိန်းမပျိုကလေးက သူမ၏ ယောက္ခမသည် စပိန်စကား တစ်လုံးမှ မပြောတတ်ကြောင်း ပြန်ပြောခဲ့သည်။

အဆိုပါ မိန်းမပျိုကလေးက သူတို့အား တစ်ဖန်ပြန်၍ မေးခွန်းများ မေးမြန်း ခဲ့ရာ ယခု သူတို့တာဝန်ယူ၍ လုပ်ကိုင်နေသော ကုမ္ပဏီအမည်မှာ မည်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ ဤနေရာတွင် ဆောက်လုပ်မည်ဆိုသော စက်ရုံမှာ မည်သို့ သော စက်ရုံဖြစ်ကြောင်း စသည်တို့ ပါဝင်ခဲ့သည်။ ယင်းသို့ အပြန်အလှန် အမေးအဖြေများ ပြုလုပ်နေကြစဉ် ကဲနက်တို့ အချင်းချင်း အင်္ဂလိပ်စကားဖြင့် စကားပြောကြသည်ကို ကြားလိုက်ရ၍ မိန်းမပျိုကလေးကလည်း အင်္ဂလိပ်လို ပြောလာသည်ကို တွေ့ရသည်။ ဤတွင် ကဲနက်သည် မိမိတို့၏ အင်္ဂလိပ်စကား ပြောသည့် လေသံမှာ မြောက်အမေရိကတိုက်သားများ၏ လေသံမဟုတ်ကြောင်း မိန်းမပျိုကလေး ရိပ်မိသွားမည်ကို ရုတ်တရက် စိုးရိမ်သွားမိသည်။

မိန်းမပျိုကလေးက ဆက်လက်၍ ဤနေရာတစ်ဝိုက်တွင် လျှပ်စစ်မီးလည်း မရှိ၊ ရေပိုက်လည်း မရှိကြောင်းနှင့် ဆောင်းရာသီတွင် မကြာခဏ ရေကြီးလေ့ ရှိကြောင်းများကို ပြောပြသည်။ မည်သို့ပင်ဖြစ်စေ မိမိတို့သည် ထိုအိမ်ကို ရောင်းရန် လုံးဝ စိတ်မကူးကြောင်းကိုလည်း ထပ်ပြောပြခဲ့သည်။

သို့ဖြင့် စကားကိုဖြတ်ကာ ကဲနက်တို့သည် သူမအား နှုတ်ဆက်၍ ပြန်လာခဲ့ကြသည်။

ညနေ ၆ နာရီခန့်တွင် ကဲနက်သည် ထိုအိမ်ရှိရာသို့ နောက်ထပ် နှစ်ခေါက် သွားခဲ့ပြန်သည်။ ထိုအချိန်တွင် ပြတင်းပေါက်များ ဖွင့်ထားသော်လည်း အပြင် ဘက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့မြင်ခဲ့ရဘဲ ရှိသည်။

ကဲနက်သည် ထိုအိမ်မှ ပြန်လာခဲ့ပြီး လူဘင်စကီအား အခြားတာဝန် တစ်ခု ပေးခဲ့ပြန်သည်။ ယင်းတာဝန်မှာ ယခင်က အဆက်အသွယ်ရှိခဲ့ပြီးဖြစ် သော အလွတ်စုံထောက် ဌာနတစ်ခုမှတစ်ဆင့် အိုက်ခ်မန်း၏ သားအငယ်ဆုံး ဒိုက်ယက်တာပေးခဲ့သည့် လိပ်စာအရ အိုလီဗော့စ်ရပ်ကွက်ရှိ နစ်ကိုးလပ်စ် အိုက်ခ်မန်း၏အကြောင်းကို ရနိုင်သမျှ အချက်အလက်များနှင့် သတင်းများ စုံစမ်းပေးရန်ဖြစ်သည်။

နောက်တစ်နေ့တွင် သူတို့သည် ကလီမင့်၏ အိမ်ကို ဆက်လက်၍ ဆောက်လှမ်းကြပြန်သည်။ ထိုနေ့ မတ်လ ၁၇ ရက်နေ့ နံနက် ၆ နာရီ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တိတိတွင် ကဲနက်နှင့် လူဘင်စကီတို့သည် ထိုအိမ်အနီးသို့ ရောက်ခဲ့ကြပြန်သည်။ သူတို့နှစ်ယောက်သည် ချုံပုတ်များနှင့် သစ်ပင်များကို အကာအကွယ်ယူ၍ ကိုက် ၁၀၀ခန့် အကွာမှ ပုန်းအောင်း၍ စောင့်ကြည့်ခဲ့ကြသည်။ နံနက် ၇ နာရီခွဲအချိန် အရောက်တွင် လူငယ်တစ်ယောက် ထိုအိမ်ထဲမှ ထွက်လာပြီး ဘတ်စ်ကားမှတ်တိုင် ဆီသို့ သွားသည်ကို လှမ်းမြင်လိုက်ကြရသည်။ ထို့နောက် ထိုအိမ်ဘက်မှ တစ်စုံ တစ်ရာ ထူးခြားသည့် လှုပ်ရှားမှုများ မတွေ့ရတော့ဘဲ ၈ နာရီ ၂၅ မိနစ်တွင် ထိုနေရာသို့ သူစိမ်းတစ်ယောက် လျှောက်လာသည်ကို မြင်လိုက်ရသဖြင့် ကဲနက် နှင့် လူဘင်စကီတို့သည် သူတို့ ပုန်း၍ ချောင်းကြည့်နေသော နေရာမှ အသာ ထွက်လာခဲ့ကြသည်။

ထို့နောက် သူတို့သည် ရပ်ကွက်ကောင်စီသို့ သွားရောက်ခဲ့ကြသည်။ သို့သော် ရပ်ကွက်ကောင်စီတွင် သူတို့ကြားသိရသည့်သတင်းမှာ စိတ်ပျက်ဖွယ်ရာ ဖြစ်နေသည်။ သူတို့ စုံစမ်းခိုင်းသည့် နေရာတစ်ဝိုက်တွင် မြေကွက်များ နေအိမ် များနှင့် ပတ်သက်၍ ကောင်စီရုံးတွင် မှတ်တမ်းမှတ်ရာဟူ၍ ဘာတစ်ခုမှ မရှိဟု သိရသောကြောင့်ဖြစ်သည်။ ကောင်စီစာရေး၏ ပြောပြချက်အရ ထိုနေရာ တစ်ဝိုက်တွင် နှစ်စဉ် ဆောင်းတွင်းရောက်လျှင် ရေလွှမ်းမိုးလေ့ရှိရာ ထိုဒေသ တစ်ခုလုံးကို ပိုင်ရှင်မဲ့ မြေကွက်များအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ လုပ်သားပြည်သူများသည် ထိုနေရာ ထိုဒေသတွင် တစ်စုံတစ်ရာ အမိန့်မတောင်း ခံဘဲ အိမ်များနှင့် အဆောက်အအုံများ ဆောက်၍ နေထိုင်ကြပြီး သက်ဆိုင်ရာ ရပ်ကွက်အာဏာပိုင်များကိုလည်း အခွန်များ လုံးဝပေးဆောင်ခြင်း မပြုကြဟု သိရသည်။ ဤအချက်နှင့်ပတ်သက်၍ ရပ်ကွက်ကောင်စီ တရားရေးဌာနမှလည်း အထက်ပါအတိုင်း အဖြေပေးလိုက်သည်။

ကဲနက်နှင့် လူဘင်စကီတို့သည် ရှေ့ဆက်၍ မည်သို့မည်ပုံ စခန်းသွား ရမည်ကို နှစ်ယောက်သား ဆွေးနွေးတိုင်ပင်ကြည့်ကြသည်။ လူဘင်စကီ၏ဆန္ဒမှာ ထိုနေရာ ထိုဒေသမှ မြေကွက်များနှင့် အဆောက်အအုံများ၏ ပိုင်ရှင်များနှင့် ပတ်သက်သည့် အထောက်အထား မှတ်တမ်းမှတ်ရာများကို ထိုဒေသမှ မြေကွက် များအား ဦးစွာပထမ ခုတ်ထွင်ရှင်းလင်းကာ အဆောက်အအုံ ဆောက်လိုသူ များထံ ရောင်းချခဲ့သည့် ကုမ္ပဏီသို့ သွားရောက်စုံစမ်းလျှင် သိနိုင်စရာ အလား အလာရှိသည်ဟု ယူဆခဲ့သည်။ ဤအစီအစဉ်အတိုင်း ဆောင်ရွက်ရန် လူဘင်စကီ ကပင် တာဝန်ယူလိုက်သည်။ စုံစမ်းရေးဌာနတစ်ခုနှင့် ဆက်သွယ်ကာ စက်မှု လုပ်ငန်းများ တည်ထောင်၍ အဆောက်အအုံများ ဆောက်လုပ်သည့် ကုမ္ပဏီ





တစ်ခု၏ ကိုယ်စားလှယ်အဖြစ် ဟန်ဆောင်ကာ သွားရောက်စုံစမ်းရန်ဖြစ်သည်။ ထိုသို့စုံစမ်းရာ၌ မိမိတို့ကုမ္ပဏီမှ ထိုနေရာတစ်ဝိုက်ရှိ မြေကွက်တစ်ခုလုံးကို ဝယ်ရန် ရှိနေသဖြင့် ယခုလောလောဆယ် ထိုမြေကွက်များပေါ်တွင် နေထိုင်သူ များနှင့် မြေကွက်ပိုင်ရှင်များနှင့် ဆက်သွယ်လိုကြောင်း အကြောင်းပြရမည် ဖြစ်သည်။

ထို့ပြင် လူဘင်စကီသည် ဖြစ်နိုင်ပါက ကလီမင့်၏အိမ်အနီးရှိ တစ်ထပ် တိုက်ကလေးကို ချက်ချင်းလက်ငင်းဝယ်၍ ရနိုင်၊ မရနိုင်ကိုပါ စုံစမ်းကြည့်ရန် တာဝန်ယူခဲ့သည်။ သူ၏ ခန့်မှန်းချက်အရ ထိုမြေကွက်နှင့် ထိုတစ်ထပ်တိုက် ကလေးကို ဒေါ်လာတစ်ထောင်ဖြင့် ရနိုင်မည်ဟု ယူဆမိသည်။ အကယ်၍ ထိုသို့ ဒေါ်လာတစ်ထောင်ဖြင့် ရောင်းမည်ဆိုပါက အယောင်ဆောင် နာမည် တစ်ခုဖြင့် ဝယ်ရန် စီစဉ်ခဲ့သည်။ ကဲနက်ကလည်း ထိုတစ်ထပ်တိုက်ကလေးကို မိမိတို့၏ အမြဲတမ်း စောင့်ကြည့်ရမည့် စခန်းထောက်အဖြစ် အသုံးပြုလိုသည်။ အကယ်၍ ကလီမင့်အိုက်ခ်မန်းအား လက်ရဖမ်းရန် အချိန်ကျရောက်လာပါက တစ်စုံတစ်ရာ ပြဿနာပေါ်နိုင်သော ထိုတိုက်ပုကလေးမှ လူများကို စောစော ကပင် ဖယ်ရှားပစ်သင့်သည် ဟူ၍လည်း ကဲနက် သဘောပေါက်ထားသည်။

မတ်လ ၁၈ ရက်နေ့တွင် ကဲနက်သည် ညဘက်မှောင်ထဲ၌ အသုံးပြု နိုင်သည့် ညကြည့်မှန်ပြောင်းတစ်ခု ဝယ်လိုက်သည်။ နံနက်ပိုင်းတွင် ထိုအိမ် ဘက်တစ်ဝိုက်သို့ ကားတစ်စီးဖြင့် တစ်ပတ်လှည့်ကာ အခြေအနေကို အကဲခတ်ကြည့် ခဲ့သည်။ ယခုတစ်ကြိမ်တွင် သူသည် ထိုအိမ်မှ ကလေးငယ်ကို အနီးကပ် မြင်တွေ့ခဲ့ရာ အသက်အားဖြင့် လေးနှစ် ငါးနှစ်ခန့်သာ ရှိဦးမည်ဟု မှန်းကြည့် မိသည်။ ထို့ပြင် ထိုကလေးငယ်ကို အမြဲတမ်း စွပ်ကျယ်၊ ဘောင်းဘီတို စသည့် အတွင်းခံ အဝတ်အစားများနှင့်သာ တွေ့ရသည်ကိုလည်း သတိပြုမိသည်။ သို့နေ့က အိမ်ရှင် အမျိုးအမီးကြီးကိုလည်း အနီးကပ် တွေ့မြင်ခဲ့ရသည်။ သို့သော် နောက်ကျောဖက်မှ မြင်ခဲ့ရခြင်းသာဖြစ်သည်။ အမျိုးသမီးကြီးမှာ အသက် ငါးဆယ်ခန့်ရှိ၍ ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်ဖြင့် အရပ်မနိမ့်မမြင့် ဖြစ်သည်။ သူမ၏ ဆံပင်များမှာ နက်မှောင်နေပြီး နွေရာသီတွင် ဝတ်လေ့ရှိသည့် အပေါ်စား ခပ်ပါးပါး အဝတ်များ ဝတ်ထားသည်ကို တွေ့ခဲ့ရသည်။

ထို့နောက် ကဲနက်သည် မွန်းလွဲပိုင်းတွင် လူဘင်စကီနှင့် လက်ဖက် ရည်ဆိုင် တစ်ဆိုင်တွင် ချိန်း၍တွေ့ခဲ့သည်။ နှစ်ယောက်သား ဆိုင်ထဲတွင် ဝင်ထိုင်၍ ဘာတစ်ခွန်းမှ မပြောကြရသေးမီ ကဲနက်က သတင်းကောင်းဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြားရတော့မည်ကို သိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် လူဘင်စကီ၏ မျက်နှာတွင် ပြုံးယောင်သမ်းနေသောကြောင့် ဖြစ်သည်။

လူဘင်စကီက သူရှာဖွေစုံစမ်းခဲ့သည့် မှတ်တမ်းများ ရလာခဲ့ပြီဖြစ်ကြောင်း ပြောကြားကာ မြေကွက်များ ရောင်းချခဲ့သည့် ကုမ္ပဏီမှ စာရွက်စာတမ်းများကို ကနက်အား ထုတ်ပြလိုက်သည်။ စာရွက်စာတမ်းများမှာ မြေကွက်အမှတ် ၁၄နှင့် ပတ်သက်သည့် မှတ်တမ်းအထောက်အထားများဖြစ်ကြောင်း ကနက် တွေ့ရသည့် အပြင် ယင်းမှတ်တမ်း အထောက်အထားများအရ အဆိုပါမြေကွက်ကို ပိုင်ဆိုင်သူ အဖြစ် 'ဗာရွန်နီကာ၊ ကက်ထာရီနား လိုင်ဘဲလ် ဒီဖိုက်ခ်မန်း' ဟူသော အမည် ဖြင့် မှတ်ပုံတင်ထားပြီး နေရပ်လိပ်စာမှာ 'အိုလီဗော့စ်ရပ်ကွက်၊ ချာကာဘူကိုလမ်း အိမ်အမှတ် ၄၂၆၁'ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ကနက်သည် 'ဖိုက်ခ်မန်း'ဟူသော အမည်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ စိတ်ထဲတွင် စနိုးစနောင့် မဖြစ်မိပေ။ အဘယ်ကြောင့်ဆိုသော် ဤစာရွက် စာတမ်းကို ကူးယူပေးသည့် စာရေးအနေဖြင့် စာလုံးပေါင်းမှားခြင်းသော်လည်း ကောင်း၊ သူတို့မိသားစု၏ အမည်ကို ယင်းသို့ နိုင်ငံတကာတွင် မှားလေ့ရှိသော ကြောင့်လည်းကောင်း ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ (အထူးသဖြင့် 'အီး'နှင့် 'အက်ဖ်' အက္ခရာတို့မှာ ခပ်ဆင်ဆင် ဖြစ်နေသောကြောင့် ဖြစ်သည်။) မည်သို့ ပင်ဖြစ်စေ မိမိတို့ ယနေ့အထိ ရှာဖွေစုံစမ်း ထောက်လှမ်းရရှိခဲ့သည့် အချက် အလက်များအနက် ဤအချက်သည် အရေးအကြီးဆုံးဖြစ်ကြောင်း ကနက် ကောင်းကောင်းကြီး နားလည်လိုက်သည်။

ဗီရာ၏ အပျိုဘဝက နာမည်မှာ လိုင်ဘဲလ်ဖြစ်ရာ ယခုကဲ့သို့ သူမ၏ အမည်ကို 'လိုင်ဘဲလ်ဒီအိုက်ခ်မန်း' (ဖိုက်ခ်မန်းဟူ၍ ခေါ်လျှင်လည်း ခေါ်နိုင် သည်။ ဤကိစ္စမှာ အရေးမကြီး) ဟူသော အမည်ကို ခံယူထားခြင်းဖြင့် သူမ သည် နောက်အိမ်ထောင် မပြုခဲ့သည်မှာ ထင်ရှားနေပြီဖြစ်သည်။ ထို့ပြင် ဤအိမ် နှင့် မြေကွက်ကို သူမ၏ အမည်ဖြင့် မှတ်ပုံတင်ထားခြင်းမှာ အိုက်ခ်မန်းက သူ၏ အမည်ကို မည်သည့်နေရာတွင်မှ တရားဝင် မသုံးစွဲလိုကြောင်း ထင်ရှား သည်။

ထိုနေ့ ညနေဘက်တွင် ကနက်သည် နောက်ဆုံးရရှိခဲ့သည့် အထက်ပါ အချက်အလက်များနှင့် ပတ်သက်၍ သေချာသည်ထက် သေချာအောင် စုံစမ်း ရှာဖွေမှု ပြုလုပ်ခဲ့ပြန်သည်။ သူသည် ဒေးဗစ်၏ အကူအညီဖြင့် အိုလီဗော့စ် ရပ်ကွက်မှ မဲစာရင်းကို တောင်းယူကြည့်ရှုခဲ့သည်။ ဤအချိန်က ရွေးကောက်ပွဲ





နီးနေပြီဖြစ်ရာ မဲဆန္ဒရှင်များ၏ မှတ်ပုံတင်စာရင်းကို မည်သူမဆို တောင်းကြည့် နိုင်ကြသည်။ ထပ်ဆင့်သေချာသည်ထက် သေချာအောင် ကနက်သည် မြူနီစီပယ် စည်ပင်သာယာရေးအဖွဲ့နှင့် အာဂျင်တီးနားတွင် အင်အားအကြီးဆုံး နိုင်ငံရေး ပါတီကြီး တစ်ခု၏ မဲစာရင်းများကိုပါ စစ်ဆေးကြည့်ရှုခဲ့သည်။ ဤစာရင်း အားလုံးတွင် ကလီမင့် အမည်သော်လည်းကောင်း၊ အိုက်ခ်မန်း၏ အမည်သော် လည်းကောင်း၊ လိုင်ဘဲလ်ဟူသော အမည်ကိုသော်လည်းကောင်း မည်သည့် နာမည်ကိုမျှ မတွေ့ရဘဲ ရှိနေသည်။

ကနက်သည် ထိုနေ့ညက ညတွင်းချင်းပင် အောက်ပါအတိုင်း အစ္စရေး သို့ သတင်းပေးပို့လိုက်သည်။

'အိုက်ခ်မန်း၏ဇနီးကို စုံစမ်းသိရှိရပြီ။ ကလီမင့်မိသားစု နေထိုင် သည့် နေအိမ်၏ ဓာတ်ပုံများလည်း ရထားပြီ။ ကလီမင့်အိုက်ခ်မန်းအိမ် နှင့် ကိုက်နှစ်ဆယ်ခန့်အကွာတွင် အိမ်ကလေးတစ်လုံးရှိသည်။ ထိုအိမ် ကလေးကို ရောင်းမည်ဟု ယူဆရသည်။ ဒေါ်လာတစ်ထောင်ခန့် ပေးရ မည်ဟု ခန့်မှန်းရသည်။ အကယ်၍ ထိုအိမ်ကလေးကို ဝယ်ရန် ခွင့်ပြု မည်ဆိုပါက တစ်စုံတစ်ရာ မရိပ်မိအောင် စီစဉ်ဆောင်ရွက်သွားမည်'

□

ဤအတွင်း စန်ဖာနန်ဒိုရပ်ကွက်အတွင်းသို့ ကနက်တို့အဖွဲ့ မကြာခဏ သွားနေ သည့်အတွက် တစ်စုံတစ်ရာ အန္တရာယ်ဖြစ်လာမည်ကို စိုးရိမ်လာရသည်။ သို့ဖြင့် သူတို့သည် ဒေသခံ ရပ်ကွက်ထဲမှ လူအများ မရိပ်မိစေရန် ကားများ မကြာ ခဏ ပြောင်း၍စီးခဲ့ကြသည်။ မတ်လ ၁၉ ရက်နေ့တွင် ကနက်က ဒေးဗစ်အား အမေရိကန်လုပ် ခရီးသည်တင်ကားတစ်စီးငှားရန် တာဝန်ပေးလိုက်သည်။ ခဏ အကြာတွင် ဒေးဗစ်သည် တစ်စုံတစ်ရာ အခက်အခဲမတွေ့ရဘဲ ထိုကား အမျိုး အစားတစ်စီးကို နှစ်ရက်သုံးရက်ခန့် အသုံးပြုရန် ငှားလာခဲ့သည်။

ယခုအကြိမ်တွင်မူ ကနက်သည် ဟက်ဒါကိုခေါ်၍ ကလီမင့်၏ နေအိမ် အနီးတစ်ဝိုက်သို့ နှစ်ယောက်သား မယောင်မလည် သွားကြည့်ကြသည်။ ထိုနေ့က ထိုအိမ်ရှေ့တွင် ဒုတိယအကြိမ် ကားဖြင့် ဖြတ်သွားကြစဉ် မွန်းလွဲ ၂ နာရီခန့်၌ လူတစ်ယောက်ကို တွေ့မြင်ကြရသည်။ ထိုလူမှာ အရပ်မနိမ့်မမြင့်၊ နဖူးမောက် မောက်ဖြင့် ထိပ်ပြောင်နေပြီး အိမ်တွင်းထဲတွင် အဝတ်လျှော်နေသည်။ ကနက် သည် ထိုလူကို 'လက်ဆွဲအိတ်ကင်မရာ'ဖြင့် ဓာတ်ပုံရိုက်ရန် ကြိုးစားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည်။ ထိုလူသည် ခဏအကြာတွင် အိမ်ထဲသို့ ပြန်ဝင်သွားရာ ကဲနက်နှင့် ဟက်ဒါတို့လည်း ဗျူနိုအဲရစ်မြို့သို့ ပြန်လာခဲ့ကြသည်။

ကဲနက်၏စိတ်ထဲ၌ ထိုနေ့က အိမ်တွင်းထဲတွင် တွေ့ခဲ့ရသူသည် မုချ အိုက်ခ်မန်းပင် ဖြစ်ရမည်ဟု ယုံကြည်ခဲ့သည်။ အသက်သုံးဆယ်ကျော်အရွယ်က ရိုက်ထားခဲ့သော အိုက်ခ်မန်း၏ ဓာတ်ပုံများနှင့် ယခုအိမ်တွင်းထဲတွင် တွေ့ခဲ့ရသည့် လူ၏ ပုံပန်းသဏ္ဌာန်များ တူညီနေသည်ကို သူသတိပြုမိသည်။ ထို့ပြင် မှတ်တမ်းဖိုင်များထဲတွင် ဖော်ပြထားသည့် အိုက်ခ်မန်း၏ အရပ်အမောင်းနှင့် ကိုယ်ခန္ဓာအချိုးအစားမှာ ယခု သူမြင်ခဲ့သည့်လူနှင့် တစ်ထပ်တည်းကျနေသည်ကိုလည်း သူကောင်းကောင်းကြီး သတိထားမိသည်။ အိမ်ဝင်းထဲတွင် သူကိုယ်တိုင် အဝတ်လျှော်နေသည်ကို ထောက်ရှု၍ သူ့အိမ်ထဲတွင်သာ နေတတ်ပြီး ဟိုအိမ်သည်အိမ် သွားလာတတ်သူ မဟုတ်ဟု ယူဆရမည်။ မည်သို့ပင်ဖြစ်စေ ကဲနက်၏ စိတ်ထဲတွင် အိုက်ခ်မန်းသည် နောက်နှစ်ရက်သာ လိုတော့သည့် သူ၏နှစ်ပတ်လည် လက်ထပ်မင်္ဂလာနေ့အတွက် တူကူမန်မှ ပြန်လာသည်ဟု မှတ်ယူလိုက်သည်။

ထိုနေ့ညတွင် ကဲနက်သည် အစ္စရေးသို့ အောက်ပါအတိုင်း သတင်းထပ်မံ ပို့လိုက်သည်။

> အိုက်ခ်မန်း၏ဇနီးအိမ်တွင် အဒေါ့ဖ်အိုက်ခ်မန်းနှင့် ရုပ်ချင်းဆင်သော လူတစ်ယောက်ကို ယနေ့တွေ့ရသည်။
>
> အကယ်၍ ရီကာဒိုသည် အိုက်ခ်မန်းဖြစ်ခဲ့ပါက သူ၏ ၂၅နှစ်မြောက် လက်ထပ်သည့် နှစ်ပတ်လည်နေ့အမီ တူကူမန်မှ ပြန်လာလိမ့်မည်ဟု ဟိုယခင်ကပင် ခန့်မှန်းတွေးဆခဲ့မိသည်။ ထိုနေ့မှာ သန်ဘက်ခါပင် ဖြစ်သည်။
>
> ယခု ကလီမင့်သည် ကြိုတင်မှန်းဆထားသည့် အချိန်အတိုင်း ပြန်ရောက်လာခဲ့ရာ သူသည် မုချ အိုက်ခ်မန်းဖြစ်ကြောင်း သံသယဖြစ်စရာ မရှိတော့ပါ။
>
> ယခုလာမည့် အင်္ဂါနေ့လောက်တွင် ကလီမင့်သည် သူ့အလုပ်ရှိရာ တူကူမန်သို့ ပြန်သွားလိမ့်မည်ဟု ယူဆရသည်။ သူနေသည့် နေရာကို လိုက်၍ [illegible]ည်ဆိုပါက အခက်အခဲများရှိမည်မှာ သေချာသော်လည်း အကယ်၍ သူ ပြန်သွားပါက သူ့နောက်သို့လိုက်သွားရန် စီစဉ်ထားသည်။





> ကိစ္စအရပ်ရပ်ကို အပြည့်အစုံ အစီရင်ခံနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြ ဆွေးနွေးနိုင်ရန် ကျွန်တော့်အား အစ္စရေးသို့ ပြန်လာခွင့်ပြုစေလိုသည်။

❒

အထက်ပါ သတင်းအရ လုပ်စရာရှိသည်များကို အမြန်ဆုံးဖြတ်ရန်၊ အမြန်ဆောင်ရွက်ရန် လိုလာပြီဖြစ်ကြောင်း ကျွန်ုပ်စိတ်ထဲတွင် သံသယကင်းစွာဖြင့် ကောင်းကောင်းကြီး သဘောပေါက်သွားခဲ့သည်။ ယခုအခြေအနေအရ ကဲနက်သည် လူအနည်းငယ်မျှဖြင့် တစ်စုံတစ်ရာ ပေါက်ကြားမှုမဖြစ်အောင် ဆက်လုပ်ကိုင်သွားရန် ခဲယဉ်းနေပြီဖြစ်သည်။ နည်းနည်းကလေး ခြေလှမ်းမှားသွားသည်နှင့် တစ်ပြိုင်နက် ကလီမင့်အနေဖြင့် သူ့မှာ အန္တရာယ်တစ်ခုခု ကျရောက်တော့မည် ဖြစ်ကြောင်း ရိပ်မိသွားနိုင်သည်။ သို့ဖြစ်ရာ ကလီမင့်သည် အိုက်ခ်မန်းဖြစ်ကြောင်း ကျွန်ုပ်တို့ လုံးလုံးလျားလျား နောက်ဆုံးအတည်ပြုချက် မချမှတ်ရသေးမီမှာပင် စစ်ဆင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို အမြန်ဆုံး စီစဉ်ဆောင်ရွက်ထားရမည်ဟု ကျွန်ုပ်တို့ သဘောရမိသည်။ ထိုလူနှင့်ပတ်သက်၍ အဖြူ အမည်းကွဲကွဲပြားပြားသိအောင် အပြီးသတ် စုံစမ်းထောက်လှမ်းနေဆဲမှာပင် စစ်ဆင်ရေးအတွက် တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ဆောင်သွားရမည်ဟု အလေးအနက် ခံယူမိသည်။ ဤသို့လုပ်ဆောင်ခြင်းသည် တွက်ကိန်းနှင့် မှန်းဆကာ အရဲစွန့်သည့် သဘောပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုလုံး၏ အရေးကြီးပုံကို ထောက်ရှု၍ ဤသို့မလုပ်လျှင် မဖြစ်ဟု ကျွန်ုပ် ခံစားမိသည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် အက်ရှာကီဒမ်ကို ခေါ်ယူတွေ့ဆုံ၍ ၁၉၅၉ ခုနှစ် ဒီဇင်ဘာလအတွင်းက သူနှင့်ဆွေးနွေးခဲ့သည့် လေယာဉ်ပျံသန်းရေးကိစ္စမှာ ယခု မကြာမီအတွင်း လက်တွေ့လုပ်ကိုင်ရတော့မည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ထိုအချိန်တွင် ကီဒမ်သည် သူ့ကုမ္ပဏီမှ လေယာဉ်သစ် ဝယ်ယူရေးကိစ္စအတွက် တစ်ရက် နှစ်ရက်အတွင်း နိုင်ငံခြားသွားရန်ရှိနေသည်။ သူသွားရမည့်ကိစ္စမှာ သူ့အတွက် အရေးကြီးသည် မှန်သော်လည်း အကယ်၍ လိုအပ်ပါက သူသွားရမည့်ခရီးကို ဖျက်လိုက်ရန် အဆင်သင့်ရှိကြောင်း ကျွန်ုပ်အား ပြောကြားခဲ့သည်။ ဤတွင် ကျွန်ုပ်က သူ့အစီအစဉ်များကို ဖျက်ရန်မလိုကြောင်းနှင့် အကယ်၍ တစ်စုံတစ်ခု အကြောင်းကိစ္စ ပေါ်လာပါက ဒန်အာဗနာမှတစ်ဆင့် သူ့ထံ



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး ဆက်သွယ်မည်ဖြစ်ကြောင်း ပြောပြရသည်။ ဒန်အာဗနာမှာ အဆိုပါ လေကြောင်းကုမ္ပဏီမှ အထက်တန်းအရာရှိတစ်ဦးပင် ဖြစ်၍ သူ့မိတ်ဆွေ ကီဒမ် ကဲ့သို့ပင် အရေးပေါ် အကြောင်းကိစ္စတစ်ခုခု ပေါ်ပေါက်၍ လိုအပ်လာပါက ဆာဘာနာ့ဝန်ထမ်း ကူညီရန် အမြဲတမ်း အဆင်သင့်ရှိသူတစ်ဦးပင် ဖြစ်သည်။

■

## တစ်စက်ကလေးမှ သံသယဖြစ်စရာ မလိုပါ

တ်လ ၂၀ ရက်နေ့ တနင်္ဂနွေနေ့တွင် ကဲနက်သည် လူဘင်စကီနှင့် တွေ့ဆုံ၍ ခ်ကိုးလပ်စ်အိုက်ခ်မန်း၏ နေရပ်လိပ်စာဖြစ်သော 'ဗိုလ်ချုပ်ပန်းခြံလမ်း အိမ် အမှတ် ၃၀၃၀'တွင် နေထိုင်သူများအကြောင်း စုံစမ်းမေးမြန်းခဲ့သည်။

ထိုနေ့နံနက်မှာပင် ကဲနက်သည် အတော်ကလေး ဟောင်းနွမ်း၍ စုတ်ပြတ် ပြီဖြစ်သော ကုန်တင်ကား အသေးစားကလေး တစ်စီးဖြင့် စန်ဖာနန်ဒိုရပ်ကွက် ို့ သွားရောက်ခဲ့ပြန်သည်။ ကုန်တင်ကားစုတ်ကလေး၏ နောက်ပိုင်းကို ာလပတ်ဖြင့် ကာထားပြီး ပရီမိုက မောင်းလာခဲ့သည်။ သူတို့သည် ကလီမင့်၏ ိမ်ရှေ့မှ နှစ်ကြိမ်တိုင်တိုင် အသွားအပြန် မောင်းနှင်ကာ ကားနောက်ပိုင်းမှ ိုင်လိုက်လာသော ကဲနက်က ထိုအိမ်ကို ထောင့်အမျိုးမျိုးမှ အနေအထား အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူခဲ့သည်။ ထို့နောက် သူတို့သည် ကားကို ထိုအိမ်နှင့် ိုက် ၁၆၀ ခန့်အကွာ လမ်းဘေးဈေးဆိုင်ကလေးနှင့် ၅၅ ကိုက်ခန့်အကွာတွင် ပ်လိုက်ကြသည်။ ပရီမိုသည် ကားပေါ်မှဆင်း၍ ဆိုင်ကလေးရှိရာသို့ တစ်ခုခု ယ်စားရန် ထွက်သွားစဉ် ကဲနက်သက ကားနောက်ပိုင်းမှ အလုံကာထားသည့် ာလပတ်စကြီးတွင် ဖောက်ထားသော အပေါက်ကလေးမှနေ၍ မှန်ပြောင်းဖြင့် ောင်းကြည့်ခဲ့သည်။ ထိုအိမ်ရှေ့၌ ကောင်ကလေးတစ်ယောက် ကစားနေသည်ကို ောင်းမြင်ရသည်။

နံနက် ၁၁ နာရီ ၄၅ မိနစ်အချိန်တွင် မနေ့က ကဲနက်တို့ တွေ့ခဲ့သော ူသည် လမ်းမကြီးအတိုင်း အိမ်ဘက်ဆီသို့ လျှောက်လာသည်ကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သို့သော် ချောင်းကြည့်သည့် အပေါက်မှာ သေးသေးကလေးဖြစ်နေသဖြင့် ထိုလူသည် ဘယ်နေရာမှ လာသည်ကို ကဲနက် မမြင်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ထိုလူသည် ချောကလက်ရောင် ဘောင်းဘီ၊ မီးခိုးရောင် ကုတ်အင်္ကျီ၊ အစိမ်းရောင် လည်စည်း၊ အညိုရောင် ရှူးဖိနပ်ဖြင့် သေသေသပ်သပ် ဝတ်စားထားသည်ကို တွေ့ရသည်။ သူ့အရပ်အမောင်းမှာ ငါးပေ ရှစ်လက်မခန့် ရှိသည်ဟု ကဲနက်က ခန့်မှန်းကြည့်မိသည်။ ထိုလူ၏ အခြားရုပ်လက္ခဏာ ပုံပန်းသဏ္ဌာန်များနှင့် ပတ်သက်၍ 'ဦးခေါင်းမှာ လေးပုံသုံးပုံခန့် ထိပ်ပြောင်နေသည်။ ခေါင်းပေါ်တွင် ဆံပင်အနည်းငယ်သာရှိသည်။ နှာခေါင်းကြီး၍ နဖူးကျယ်သည်။ မျက်မှန်တပ်ထားပြီး နှုတ်ခမ်းမွေး ခပ်ရေးရေးရှိပုံရသည်။ လမ်းလျှောက်ရာတွင် ဖြည်းဖြည်းလျှောက်သည်' စသည်ဖြင့် ကဲနက်က အသေးစိတ် မှတ်သားထားလိုက်သည်။

ထိုလူသည် အိမ်ရှေ့မှ မဝင်ဘဲ အိမ်ဘေးတွင် ဝင်းခတ်ထားသော သံဆူးကြိုးအောက်မှ ငုံ့၍ အိမ်ဝင်းထဲသို့ ဝင်သွားသည်။ ထို့နောက် သူသည် ကလေးငယ်အနီးတွင် ခေတ္တရပ်ကာ စကားအနည်းငယ်ပြောပြီး ဦးခေါင်းကို အနည်းငယ်မတ်လိုက်၍ သူ့အဝတ်အစားများကို လက်နှစ်ဖက်ဖြင့် ဆွဲဆန့်လိုက်သည်။ ယနေ့ တနင်္ဂနွေနေ့ဖြစ်၍လားမသိ၊ ကလေးငယ်မှာ ခါတိုင်းလို မဟုတ်ဘဲ အဝတ်အစား အပြည့်အစုံ ဝတ်ဆင်ထားသည်ကို တွေ့ရသည်။ ထိုလူသည် ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ဖြင့် အိမ်ရှေ့တံခါးပေါက်ရှိရာသို့ လှေကားအတိုင်း တက်သွားရင်း သူ့လက်ထဲတွင် ပါလာသည့် သတင်းစာဖြင့် ယင်ကောင်များကို မောင်းလိုက်သည်။ ထိုအခိုက်မှာပင် ခပ်ဝဝ မိန်းမကြီးက အိမ်တံခါးကို အတွင်းဘက်မှနေ၍ ဖွင့်ပေးလိုက်သည်။ သူတို့နှစ်ယောက်သည် အထဲသို့ယှဉ်၍ ဝင်သွားကြရင်းက ယင်ကောင်များကို ပွင့်နေသော တံခါးမှ မောင်းထုတ်ကြသည်ကို တွေ့ရသည်။

နောက်တစ်မိနစ်ခန့် ကြာသောအခါ ထိုလူသည် အိမ်ထဲမှ တစ်ဖန်ပြန်ထွက်လာပြီး အိမ်ဘေးမှ လမ်းပေါ်တွင်ရှိနေသော လက်တွန်းလှည်းကလေးဆီသို့ သွားကာ ပေါင်မုန့်အသေးနှစ်လုံး ဝယ်လာခဲ့သည်။ သူသည် အိမ်ထဲသို့ ပြန်ဝင်သွားပြီးနောက် ငါးမိနစ်ခန့်အကြာတွင် ဇွပ်ကျယ်အင်္ကျီ၊ ညဝတ်ဘောင်းဘီရှည်ဖြင့် ပြန်ထွက်လာသည်။ ထို့နောက် သစ်သားဗီရို တစ်ခုအတွင်းမှ ဘီလပ်ရည်ပုလင်းကို ထုတ်ယူလိုက်သည်ကို တွေ့ရသည်။ ထိုအခိုက်မှာပင် ဆံပင်ပုံလှလှဖြင့် လှငယ်သည့် ဘစ်ထပ်တိုက်ပုကလေးဆီမှ ပေါ်လာပြီး မော်တော်ဆိုင်ကယ်





အသေးလေးနှင့် လူတစ်ယောက်ထံသွား၍ စကားပြောနေသည်ကို မြင်ရသည်။ သူတို့နှစ်ယောက်သည် အတော်ကလေး ကြာသည်အထိ စကားကောင်းနေကြပြီးနောက် အိမ်ထဲသို့ ဝင်သွားကြသည်။

❒

ထိုနေ့ ညနေဘက်တွင် ကဲနက်သည် အစီရင်ခံစာတစ်စောင် ရေးခဲ့ရာ၌ သူ တွေ့မြင်ခဲ့ရသမျှ အောက်ပါအတိုင်း သုံးသပ်ဖော်ပြခဲ့သည်။

ကျွန်တော့်ဆန္ဒအရဆိုလျှင် တစ်ထပ်တိုက်ကလေးကို မဖြစ်မနေ ဝယ်ပြီး ယုံကြည်စိတ်ချရသူတစ်ယောက် ထားကာ ထိုနေရာမှ အမြဲ စောင့်ကြည့်သင့်သည်ဟု ယူဆပါသည်။ သို့မှသာ ကျွန်တော်တို့သည် ထိုလူထံမှ အိုက်ခ်မန်းမိသားစု၏ လှုပ်ရှားလုပ်ကိုင်ပုံများကို သိနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ထိုတိုက်ပုကလေးကို ဝယ်လိုက်ခြင်းအားဖြင့် စစ်ဆင်ရေးတွင် မျက်မြင်သက်သေများ ဖြစ်လာနိုင်သည့် ထိုအဆောက်အအုံမှ လက်ရှိနေထိုင်သူများကို မောင်းထုတ်နိုင်မည် ဖြစ်ပါသည်။ ကျွန်တော့် အယူအဆကို တင်ပြရမည်ဆိုပါက အိုက်ခ်မန်းအား တူကူမန်အထိလိုက်၍ ခြေရာခံနေစရာ မလိုဟု ယူဆပါသည်။ ထိုသို့ လိုက်လံစုံစမ်းနေမည်ဆိုပါက သူ့အနေဖြင့် မသင်္ကာစရာများ ပေါ်ပေါက်ကာ မှုချရိပ်မိသွားမည် စိုးရပါသည်။ ထို့ပြင် တူကူမန်တွင် သူ့အား လက်ရဖမ်းရန်လည်း အခြေအနေ ပေးလိမ့်မည် မထင်ပါ။ ထိုနေရာသို့ ရောက်အောင် မီးရထားဖြင့် ၂၄ နာရီ သွားရမည်ဖြစ်ရာ သူ့ကို ထိုနေရာမှ ခေါ်လာဖို့ကိစ္စမှာ အလွန့်အလွန် ခဲယဉ်းလှပါသည်။ သို့ဖြစ်ရာ ဤအရပ်ဒေသမှာပင် သူ့ကို လက်ရဖမ်းနိုင်သည်အထိ စိတ်ရှည်လက်ရှည် စောင့်သင့်သည်ဟု သဘောရပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ညွှန်ကြားချက်များကို စောင့်မျှော်နေပါသည်

အမှန်စင်စစ် ကဲနက်သည် အစီရင်ခံစာတွင် သူတို့စုံစမ်းထောက်လှမ်း ရရှိခဲ့သည့် အရေးပါသည့် အချက်အလက်များနှင့် ထူးခြားသည့် သတင်းများကို ဖော်ပြနိုင်ခဲ့သည့်တိုင်အောင် အားရကျေနပ်မှုမရှိဘဲ ဖြစ်နေခဲ့သည်။ သို့ဖြစ်ရာ သူသည် ထိုနေ့ညက ၉ နာရီ ၁၅ မိနစ်အချိန်တွင် စန်ဖာနန်ဒိုရပ်ကွက်သို့ ထွက်လာခဲ့ပြန်သည်။ သူနှင့်အတူ ဒေးဗစ်နှင့် ဟက်ဒါတို့ ဖနီးမောင်နံ့ကိုလည်း ခေါ်လာခဲ့သည်။ သူ့ရည်ရွယ်ချက်မှာ ယခုကဲ့သို့ ညဘက်တွင် မှောင်ရိပ်ခိုကာ ထိုအိမ်နားသို့ အနီးကပ်ဆုံး ရောက်နိုင်သမျှ ရောက်အောင်သွားကာ အိမ်အတွင်းမှ လှုပ်ရှားလုပ်ကိုင်ပုံများကို ကြည့်ရှုမှတ်သားရန်ပင် ဖြစ်သည်။ ဤတွင် သူတစ်ယောက်တည်းသွား၍ ကားကို လမ်းပေါ်တွင် သည်အတိုင်းရပ်ထားခဲ့ပါက လမ်းသွားလမ်းလာများက သင်္ကာမကင်းဖြစ်မှာ စိုးမိသည်။ အကယ်၍ ဘတ်စ်ကားဖြင့် သွားလျှင်လည်း သူစိမ်းတစ်ယောက် ဖြစ်နေသော သူ့အပေါ် မသင်္ကာစရာဖြစ်မှာ စိုးရသဖြင့် ဒေးဗစ်တို့ ဖနီးမောင်နံ့ကို ခေါ်လာခဲ့ခြင်းဖြစ်သည်။ ယခုသော်မူ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှ လမ်းဘေးတွင် ရပ်ထားသော ကားပေါ်မှ စုံတွဲ တစ်တွဲကို ဘေးလူများအနေဖြင့် မည်သို့မျှ သံသယဖြစ်စရာ အကြောင်းမရှိနိုင်သည်မှာ သေချာသည်။ သို့ဖြစ်၍လည်း ကဲနက်သည် ဂျစ်ကားတစ်စီးဖြင့် ထိုနေရာသို့ လာခဲ့၍ ဒေးဗစ်တို့ ဖနီးမောင်နံ့ကို ကားပေါ်၌ထားခဲ့ပြီး သူကိုယ်တိုင် ကလီမင့်တို့ အိမ်အနီးသို့ တိတ်တဆိတ်သွား၍ ချောင်းကြည့်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။





ထိုအိမ်မှာ အမှတ် ၂၀၂ အဝေးပြေးလမ်းမကြီးနှင့် ကိုက် **၃၀ ခန့်ကွာ**သည့် လမ်းသွယ်တစ်ခုကို မျက်နှာမူနေသည်။ ထိုလမ်း၏အမည်မှာ 'ဂါရီဘာလဒီ' ဟု သိရသည်။ ထိုရပ်ကွက်တစ်ခုလုံးမှာ ဆင်ခြေဖုံး ဒေသများသို့သွားသည့် လမ်းသွယ် လမ်းငယ်များဖြင့် ရှုပ်ယှက်ခတ်နေပြီး လမ်းအားလုံးမှာ ရေလွှမ်းမိုးသည့် အန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် အမြင့်သုံးပေခန့် မြေဖို့ထားသည်ကို တွေ့ရသည်။ သို့သော် လမ်းဘေးတွင် ပေါက်နေကြသည့် သစ်ပင်များကြောင့် ကားလမ်းမှာ ထိုသို့ သုံးပေခန့်မြင့်နေသည်ကို ရုတ်တရက် မသိသာဘဲ ရှိနေသည်။

သူတို့ရောက်သွားသည့်အချိန်တွင် လုံး၀ မှောင်နေပြီဖြစ်သည်။ ကလီမင့်အိမ်နှင့် လမ်းသုံးလမ်းခန့် ကွာဝေးသည့် လမ်းဆုံတစ်နေရာတွင် သူတို့စီးလာသော ကားကို ရပ်ထားလိုက်ကြသည်။ ထို့နောက် ကဲနက်သည် ဒေးဗစ်တို့စုံတွဲကို ကားပေါ်တွင် ငြိမ်ငြိမ်ကလေးထိုင်နေ၍ သူ့ကိုစောင့်နေရန် မှာထားခဲ့သည်။

ကဲနက်သည် စက်ဆရာများ ဝတ်လေ့ရှိသည့် အင်္ကျီ၊ ဘောင်းဘီ တစ်ဆက်တည်းချုပ်ထားသော ဝတ်စုံကို ဝတ်ထားပြီး မှန်ပြောင်းကို လည်ပင်းတွင် ဆွဲလာခဲ့သည်။ တဖြည်းဖြည်း အိမ်နားသို့ရောက်သွားခဲ့ရာ အိမ်ထဲမှ မီးရောင်တစ်စုံတစ်ရာ မမြင်ရဘဲရှိနေသည်။ သူသည် ပြတင်းပေါက်တစ်ခု၏ အနီးမှနေ၍ ချောင်းနားထောင်မည်ဟူသော စိတ်ကူးဖြင့် အိမ်ဘက်သို့ တစ်လှမ်းချင်းလာခဲ့ရာ အိမ်နှင့် ဆယ့်ငါးကိုက်အကွာသို့ ရောက်လာခဲ့သည်။ ထိုနေရာမှာ သူ့အတွက် ဘေးအန္တရာယ်မဖြစ်နိုင်သော်လည်း ထိုနေရာမှနေ၍ အိမ်ထဲသို့လည်း လှမ်းမမြင်ရ။ ဘာသံမှလည်း နားထောင်၍ မဖြစ်သည်ကို တွေ့နေရသဖြင့် လာရကျိုးမနပ်ဘဲ ဖြစ်ခဲ့ရသည်။

သို့ဖြင့် သူသည် လာလမ်းအတိုင်း ဂျစ်ကားရှိရာသို့ ပြန်လာခဲ့သည်။ သို့သော် မူလနေရာသို့ ရောက်သောအခါ ဂျစ်ကားကို လုံး၀မတွေ့ရတော့သဖြင့် ကဲနက်မှာ ရုတ်တရက် ခေါင်းနားပန်းများ ကြီးသွားမိသည်။ သူကိုယ်တိုင်ကများ လမ်းမှားနေသလားဟု တွေးမိသည်။ သို့ဖြင့် လမ်းမကြီးဘက်သို့ ဆက်လျှောက်ကာ လမ်းသွယ်ကလေးများကို ရေတွက်ကြည့်သည်။ သူလမ်းမှားသည်မှာ မဖြစ်နိုင်။ ဂျစ်ကားကို ဤလမ်းထောင့်တွင် ရပ်ထားခဲ့သည်မှာ အမှန်ဖြစ်သည်။ သည်အတိုင်းဆိုလျှင် သူထွက်လာပြီး ခဏအကြာတွင် ဂျစ်ကားတစ်စီးလုံး ပျောက်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ကဲနက်သည် လမ်းဘေးတစ်နေရာတွင် ဒေးဗစ်နှင့် ဟက်ဒါတို့ကို ဖြုန်းခနဲ လှမ်းမြင်လိုက်ရသည်။ သို့ဖြင့် သူတို့ရှိရာသို့ ခပ်သွက်သွက်လျှောက်လာခဲ့ရာ အနားသို့ရောက်သောအခါ လမ်းဘေးတွင် တုံးလုံးကြီးလဲနေသော ဂျစ်ကားကို မြင်လိုက်ရသည်။ ဖြစ်ပုံမှာ ကဲနက်ထွက်သွားပြီး ခဏအကြာတွင် ဒေးဗစ်သည် ဂျစ်ကားကို ခေါင်းလှည့်ထားရန် စက်နှိုးပြီး ပြန်ကွေ့ခဲ့သည်။ သို့သော် မှောင်ကြီးမည်းမည်း ဖြစ်နေသဖြင့် လမ်းဘေးတစ်ဖက်တစ်ချက်တွင် သုံးပေခန့်မြင့်နေပြီး ချောက်ကြီးသဖွယ် ဖြစ်နေသည်ကို သတိမထားမိဘဲရှိခဲ့သည်။ လက်ကိုင်ကို ကွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ဂျစ်ကားမှာ မချော်လင့်ဘဲ လမ်းဘေးသို့ တုံးလုံးကြီး လဲကျသွားပြီး သူတို့နှစ်ယောက်စလုံးကိုးရိုးကားရားဖြစ်ကာ ကားနှင့်အတူ ပါသွားကြသည်။ ကံအားလျော်စွာ နှစ်ယောက်စလုံး ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရကြဘဲ ဘေးစောင်းကြီး လဲကျနေသော ကားထဲတွင် ပိတ်မိနေခဲ့ကြရာ အတော်ကလေးကြာမှ ခက်ခက်ခဲခဲဖြင့် ကားထဲမှ ထွက်လာနိုင်ခဲ့ကြသည်။

ကဲနက်ရောက်သွားပြီး သုံးယောက်သား ဂျစ်ကားကို လမ်းပေါ်သို့ ပြန်ရောက်အောင် အားစိုက်ခွန်စိုက်တွန်း၍ မတင်ကြသော်လည်း မနိုင်မနင်းဖြစ်ကာ အခက်ကြုံနေကြသည်။ ဤအတိုင်းသာဆိုလျှင် ထိုကား လမ်းပေါ်သို့ရောက်အောင် ပြန်တင်ရန်အတွက် အခြားလူများကို အကူအညီတောင်းရမလိုဖြစ်နေသည်။ ထိုအချိန်တွင် ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာ လုံးဝမရှိသလောက် ဖြစ်နေသည့်အပြင် အကယ်၍ လမ်းသွားလမ်းလာများကို တွေ့သည့်တိုင်အောင် ယင်းသို့ အကူအညီတောင်းခဲ့ပါက အသံဗလံများ ဆူဆူညံညံဖြစ်ကာ မလှမ်းမကမ်းရှိ ကလီမင့်တို့အိမ်သားများ သိရှိသွားကြမည်ကိုလည်း စိုးရိမ်ရသည်။ လမ်းဘေးတွင် တုံးလုံးလဲကျနေသော ဂျစ်ကားကို လမ်းပေါ်သို့ရောက်အောင် ပြန်မတင်နိုင်ဘဲ ပြန်သွားရမည်ဆိုပါက မိမိတို့ထဲမှ တစ်ယောက်ယောက်နေခဲ့ရန်မှာလည်း မသင့်တော်ဟု ကဲနက် ယူဆမိသည်။ သို့ဖြစ်ရာ နောက်ဆုံး၌ ဂျစ်ကားကို ထိုအတိုင်း ထားပစ်ခဲ့ရန် ဆုံးဖြတ်လိုက်ကြပြီး ထိုနေရာမှ စိတ်ပျက်လက်ပျက်ဖြင့် ထွက်လာခဲ့ကြသည်။

သူတို့သုံးယောက်သည် အမှတ် ၂၀၂ အဝေးပြေးလမ်းမကြီးအတိုင်း စန်ဖာနန်ဒိုရပ်ကွက်ဆီသို့ ဦးတည်ကာ လမ်းလျှောက်လာခဲ့ကြရာ နာရီဝက်ခန့်အကြာတွင် ဘတ်စ်ကားတစ်စီး မောင်းလာသည်ကို တွေ့ကြရသည်။ သို့ဖြင့် ထိုဘတ်စ်ကားကို လက်ပြတားကာ မြို့ထဲသို့ လိုက်လာခဲ့ကြသည်။ ထိုနောက်





မြို့ထဲ တစ်နေရာမှ ပရီမိုနှင့် လူဘင်စကီတို့ထံ တယ်လီဖုန်းဆက်၍ ကားတစ်စီးနှင့်အတူ ကားဆွဲရန် သံကြိုးကြီးကြီးတစ်ချောင်းကို ယူ၍ စန်ဖာနန်ဒိုရပ်ကွက်တစ်နေရာသို့ အမြန်ဆုံး လိုက်လာကြရန် လှမ်းပြောရသည်။

သူတို့သုံးယောက်သည် စိတ်ထဲတွင် အချိန်ကာလအားဖြင့် မဆုံးနိုင်တော့ဟု၍ ထင်ရလောက်အောင် ရှည်လျားကြာညောင်းစွာ စောင့်နေကြရပြီးမှ ပရီမိုနှင့် လူဘင်စကီတို့သည် ကားတစ်စီး သံကြိုးတစ်ချောင်းဖြင့် ရောက်လာကြသည်။ သို့ဖြင့် သူတို့ငါးယောက်စလုံး ဂျစ်ကားမှောက်နေသည့် အချင်းဖြစ်ပွားရာ နေရာသို့ ထွက်လာခဲ့ကြသည်။ ထိုနေရာသို့ ရောက်သွားသောအခါ မိမိတို့ မရောက်မီ ဤနေရာသို့ တခြားတစ်စုံတစ်ယောက် လာသွားခဲ့သည့်အဖြစ်ကို တွေ့လိုက်ရသဖြင့် သူတို့အားလုံး အထိတ်တလန့်ဖြစ်ကာ စိတ်ပျက်သွားကြရသည်။ အဘယ်ကြောင့်ဆိုသော် လမ်းဘေးတွင် တုံးလုံးလဲကျနေသော မိမိတို့ ဂျစ်ကားမှ ဘီးတစ်ဘီးမှာ လုံးဝ မရှိတော့ဘဲ တစ်ယောက်ယောက်က လာဖြုတ်သွားသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

သို့ဖြင့် သူတို့သည် အပိုပါလာသော 'စပယ်ယာဘီး'ကို ဖြုတ်၍ ပြန်တပ်ရန် စီစဉ်ရတော့သည်။ အဆိုပါ စပယ်ယာဘီးကို ဖြုတ်ရာတွင်ပင် ရုတ်တရက်ဖြုတ်မရဘဲ အချိန်အတော်ကြာမှ ခက်ခက်ခဲခဲဖြင့် ဖြုတ်၍ရခဲ့သည်။ တစ်ဖန်ထိုဘီးကို ပြန်တပ်ရန် စီစဉ်ကြပြန်သောအခါ သူတို့မှာ ထိုင်ငိုချင်လောက်အောင်ဖြစ်ခဲ့ကြရပြန်သည်။ အဘယ်ကြောင့်ဆိုသော် ဘီးဖြုတ်သွားသော သူခိုးသည် ဘီးကိုသာမက ဝက်အူများကိုပါ 'တို'သွားသောကြောင့်တည်း။

မှောင်ကြီးမည်းကြီးထဲတွင် ရင်တထိတ်ထိတ် ချွေးတလုံးလုံး ဖြစ်နေကြသော သူတို့ငါးယောက်သည် အချိန်အတော်ကြာအောင် ကြံရာမရ ဖြစ်နေခဲ့ကြပြီး နောက်ဆုံး၌ 'လိုလျှင်ကြံဆ နည်းလမ်းရ'ဆိုသော စကားအတိုင်း တခြားဘီးသုံးဘီးတွင်တပ်ထားသည့် ဝက်အူများထဲမှ တစ်ဘီးလျှင် ဝက်အူတစ်ချောင်းစနှစ်ချောင်းစ 'ငှား'၍ စပယ်ယာဘီးကို လောလောဆယ် မောင်းဖြစ်ရုံ သဘောမျှဖြင့် ဝက်အူများ တပ်ခဲ့ကြရသည်။

ဤမျှဖြင့် မပြီးသေးဘဲ ဂျစ်ကားကို လမ်းဘေးတွင် တုံးလုံးဖြစ်နေရာမှ လမ်းပေါ်သို့ ပုံမှန်ပြန်ရောက်အောင် ငါးယောက်သားဝိုင်း၍ မတင်ခဲ့ကြရပြန်သည်။ ထိုအချိန်တွင် သူတို့အဖြစ်ကို လမ်းသွားရင်း မတော်တဆ ကြုံကြိုက်သဖြင့် ဘေးမှ ရပ်ကြည့်နေကြသည့် လူအချို့ ရှိနေပြီဖြစ်ရာ လူဘင်စကီက မိမိတို့ကားကို အရက်မူးသမားတစ်ယောက်က လမ်းဘေးသို့ တွန်းချပစ်ခဲ့ကြောင်း စပိန်စကားဖြင့် ရှင်းပြရသေးသည်။ ကံကောင်းထောက်မ၍ ထို…



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ကာလီမင့်အိမ်မှ အိမ်သူအိမ်သား တစ်ယောက်မှမပါဘဲ ရှိနေသဖြင့် စိတ်သက်သာရာ ရခဲ့ကြသည်။ (နောက်တွင်မှ သူတို့ သိရသည်မှာ လမ်းဘေးသို့ သုတ်ခ္ဂျစ်ကား မှောက်သွားသည့် အဖြစ်အပျက်ကို အနီးအနားတစ်ဝိုက်မှ လူများ အနေဖြင့် တစ်စုံတစ်ရာ လှုပ်လှုပ်ရှားရှား မဖြစ်ရုံမျှမက အိုက်ခ်မန်းတို့ အိမ်သားများမှာ ထိုအဖြစ်အပျက်ကို လုံးဝ ကြားပင် မကြားလိုက်ကြဟု သိရသည်။)

နောက်ဆုံး၌ ညသန်းခေါင်ကျော်အချိန်ကျမှ သူတို့သည် ထိုနေရာမှ ဂျစ်ကားကို ပြန်မောင်းလာနိုင်ခဲ့ကြသည်။ သို့တိုင်အောင် လမ်းခုလတ်တွင် ဓာတ်ဆီကုန်သွားပြီး တစ်နေရာရာ ထိုးရပ်သွားလေမည်လားဟု ရင်တမမ ဖြစ်ကြရသေးသည်။ ကံအားလျော်စွာ လက်ကျန်ဓာတ်ဆီဖြင့် မြို့ထဲသို့ ပြန်ရောက်သည်ဆိုရုံမျှ မောင်းလာနိုင်ခဲ့ကြ၍ ထိုအခါမှ သက်ပြင်းချနိုင်ကြတော့သည်။ သည်ကြားထဲတွင် စက်ဆီပိုက်ပေါက်သွားသဖြင့် ကားရှေ့ပိုင်းတွင် စက်ဆီများ တစ်လမ်းလုံး ပန်းဝင်လာခဲ့ရာ ကားမောင်းလာသည့် ကဲနက်မှာ ဗျူနိုအဲရစ္စသို့ ပြန်ရောက်သောအခါ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး စက်ဆီများဖြင့် ပေကျံနေသည်ကို တွေ့ရသည်။

နောက်တစ်နေ့ နံနက်တွင် ကဲနက်သည် ဂျစ်ကားကို ဆေးကြောသုတ်သင်ပြီး သက်ဆိုင်ရာသို့ ပြန်အပ်ကာ နောက်ထပ် ကားတစ်စီးလဲ၍ ငှားခဲ့သည်။

ဗီရာနှင့် အဒေါ့ဖ်အိုက်ခ်မန်းတို့၏ ငွေရတုသဘင် လက်ထပ်မင်္ဂလာနှစ်ပတ်လည်နေ့ဖြစ်သော မတ်လ ၂၁ ရက် ညဘက်တွင် ကဲနက်သည် စန်ဖာနန်ဒိုရပ်ကွက်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ည ၉ နာရီခွဲအချိန်လောက်တွင် ထိုအိမ်ရှေ့မှ ကားဖြတ်မောင်းလာခဲ့ရာ တစ်ခုသော အခန်းထဲတွင် မီးရောင်ခပ်မှိန်မှိန် တွေ့မြင်ခဲ့ရသည်။ ၁၅ မိနစ်မျှ ကြာသောအခါ နောက်ဝခ်ကြိမ် ထိုအိမ်ရှေ့သို့ ရောက်သွားခဲ့ရာ တစ်အိမ်လုံး မှောင်အတိကျနေသည်ကို တွေ့ရသည်။

နောက်တစ်နေ့ မတ်လ ၂၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်အချိန်တွင် ကဲနက်သည် ထိုနေရာသို့ ထပ်မံသွားရောက်ခဲ့ပြန်သည်။ အမျိုးသမီး ဝဝကြီးနှင့် ကလေးငယ်ကို ခါတိုင်းကဲ့သို့ မသပ်မရပ် စုတ်စုတ်ပြတ်ပြတ် မဟုတ်ဘဲ ကျကျနန ဝတ်ကောင်းစားလှဖြင့် အိမ်ဝင်းထဲတွင် တွေ့မြင်ခဲ့ရသည်။ မိနစ် အနည်းငယ်ကြာသောအခါ အဆိုပါ အမျိုးသမီးကြီးအား ဝရန်တာတွင် ထိုင်နေသည်ကို လှမ်းမြင်ခဲ့ရသည်။

□



ကဲနက်သည် လောလောဆယ် မိမိ ဆောင်ရွက်လုပ်ကိုင်နေသော စုံစမ်းထောက်လှမ်းရေး လုပ်ငန်းများသည် လူနှင့် အလုပ်နှင့် မမျှအောင် မတန်တဆဖြစ်နေသည်ကို တဖြည်းဖြည်း သဘောပေါက်လာမိသည်။ အထူးသဖြင့် ဤအလုပ်များကို အစ္စရေးမှ အတွေ့အကြုံ ကြွယ်ဝ၍ ကျင့်သားရနေသူများ ရောက်လာပါက ပို၍ထိရောက်စွာ လုပ်ကိုင်နိုင်မည်ဟု သဘောရမိသည်။

ဤအတောအတွင်း သူသည် အစ္စရေးသို့ မပြန်ရမီ အရေးကြီးသည့် အလုပ်များကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိနေခဲ့သည်။ ကာလီမင့်၏အိမ်ကို သတ်ဝန်းကျင်တစ်ဝိုက်မှ ရှုထောင့်အမျိုးမျိုး မြင်ကွင်းအမျိုးမျိုးဖြင့် ဓာတ်ပုံများ ရိုက်ယူခဲ့သည်။ ကာလီမင့်၏ ဓာတ်ပုံများကို ပီပီသသ ထင်ထင်ရှားရှားဖြင့် ရနိုင်သမျှရအောင် အမျိုးမျိုးကြိုးစားခဲ့သည်။ ကာလီမင့် အလုပ်လုပ်နေသည့် နေရာဌာနကို စုံစမ်းထောက်လှမ်းခဲ့သည်။ ထို့ပြင် ကာလီမင့်သည် တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ၊မရှိ သန်းခေါင်စာရင်းနှင့် အမျိုးသားမှတ်ပုံတင်ဌာနများတွင် ထပ်မံရှာဖွေကြည့်ခဲ့သည်။

မတ်လ ၂၃ ရက်နေ့တွင် ကဲနက်သည် လူဘင်စကီနှင့် တွေ့ဆုံခဲ့သည်။ လူဘင်စကီထံမှ နစ်ကိုးလပ်စ်အိုက်ခ်မန်းနှင့် သူ့ညီ ဟော့စ်အဒေါ့ဖ်အိုက်ခ်မန်းတို့အကြောင်း အလွတ်စုံထောက်အဖွဲ့များမှတစ်ဆင့် ရခဲ့သည့် အချက်အလက်များကို သိခဲ့ရသည်။ ထို့ပြင် လူဘင်စကီသည် ၁၉၅၁ နှင့် ၁၉၅၂ ခုနှစ်က ရိုက်နှိပ်ခဲ့သော ဗျူနိုအဲရစ္စမြို့၏ တယ်လီဖုန်းအညွှန်းစာအုပ်များကိုလည်း ယူလာခဲ့သည်။ သို့သော် ထိုစာအုပ်များထဲတွင် ကာလီမင့်၏ အမည်ကို လုံးဝ ရှာမတွေ့ဘဲ ရှိခဲ့ကြသည်။

သို့သော် 'စီ–အေ–ပီ–အာရ်–အိုင်' ကုမ္ပဏီနှင့် ပတ်သက်၍မူ လူဘင်စကီထံမှ အချက်အလက်တချို့ကို သိခဲ့ရသည်။ ၁၉၅၉ ခုနှစ် တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် 'စီ–အေ–ပီ–အာရ်–အိုင်' 'လယ်ယာမြေစီမံကိန်းကုမ္ပဏီ' ဟူ၍ စာရင်းသွင်းထားသည်ကို တွေ့ရသည်။ သို့သော် စုံစမ်းရေးဌာနမှ ပြောကြားချက်အရ ထိုကုမ္ပဏီမှာလည်း ယခုမရှိတော့ဘဲ နောက်ထပ် တယ်လီဖုန်းလမ်းညွှန်စာအုပ်များတွင်လည်း စာရင်းသွင်းထားခြင်း မရှိဟု သိရသည်။

ထိုနေ့ညနေ ၆ နာရီခွဲတွင် ကဲနက်သည် ကာလီမင့်၏ အိမ်အနီးတစ်ဝိုက်တွင် ထပ်မံသွားရောက်၍ လေ့လာကြည့်ရှုခဲ့ပြန်သည်။ အိမ်ဝင်းအတွင်းရှိ ပန်းခြံအားသည့် တဲကလေးထဲတွင် ထိပ်ပြောင်ပြောင်နှင့်လူ အလုပ် လုပ်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသဖြင့် ဓာတ်ပုံရိုက်ယူခဲ့သည်။ သို့သော် ထိုပုံမှာ မှုန်ဝါးလွန်းလှပြီး မသဲကွဲဘဲ ဖြစ်နေသည်။

နောက်သုံးရက်တွင်မူ ကဲနက်တို့လူစုသည် သူတို့တာဝန်များကို လုံးဝ အနားယူ၍ မြို့ထဲသို့ လှည့်လည်ကြည့်ရှုခြင်းနှင့် အရေးကြီးသည့် အဆောက် အအုံများနှင့် နေရာဌာနများကို သွားရောက်လည်ပတ်ခြင်းဖြင့် အချိန်ဖြုန်းခဲ့ကြ သည်။ ထို့နောက် သူတို့အသုံးပြုရန်အတွက် ခရီးသည်တင်ကားတစ်စီးကို ငှားရန် စီစဉ်ခဲ့ကြသည်။ ကားငှားဌာနတွင် သူတို့အလိုရှိသည့် ကားအမျိုးအစားကို မရနိုင်ဘဲ ဖြစ်နေသဖြင့် ဂျစ်ကားတစ်စီးကိုပင် ငှားခဲ့ရသည်။ သို့သော် ယခင် တစ်နေ့က ငှားသည့်ကားမျိုး မဟုတ်ဘဲ အရောင်တစ်မျိုးဖြင့် စိတ်ချရသည့် ကားကို ရွေး၍ငှားခဲ့သည်။

မတ်လ ၂၇ ရက်နေ့တွင် ကဲနက်အား စန်ဖာနန်ဒိုရပ်ကွက်တစ်ဝိုက်တွင် လှည့်လည်သွားလာနေသည်ကို တွေ့မြင်ကြရသည်။ ထိုသို့ လှည့်လည်သွားလာ ကြည့်ရှုရင်း ကဲနက်သည် စန်ဖာနန်ဒိုရပ်ကွက်မှ မြစ်ဘက်သို့သွားသည့် လမ်းကလေး တစ်လမ်းကို သတိပြုမိသည်။ ထိုလမ်းကလေးမှာ ကလီမင့်၏ အိမ်နှင့် မိုင်ဝက်ခန့်ကွာဝေး၍ လယ်ကွင်းတစ်ခုကို ဖြတ်သွားသည်ကို တွေ့ရ သည်။ ထိုနေရာမှနေ၍ ပတ်ဝန်းကျင်တစ်ခုလုံးကို လှမ်းမြင်နိုင်သည်ဖြစ်ရာ ကဲနက်၏ စိတ်ထဲတွင် မိမိတို့အတွက် အမြဲစောင့်ကြည့်ရမည့် လေ့လာရေးစခန်း တစ်ခုအဖြစ် ဤနေရာကို အသုံးပြုရန် အကြံရမိသည်။

ထိုမှတစ်ဖန် ကလီမင့်၏ အိမ်အနီးသို့ နောက်တစ်ကြိမ် ရောက်သွားခဲ့ ပြန်ရာ အိမ်ဝင်းအတွင်းရှိ ခြံထဲတွင် ထိပ်ပြောင်ပြောင်လူကြီးနှင့် ကောင်ကလေးတို့ အလုပ်များနေကြသည်ကို လှမ်းမြင်ရသည်။ ကဲနက်သည် သူတို့နှစ်ယောက်ကို ကားပေါ်မှနေ၍ ဓာတ်ပုံရိုက်ယူခဲ့ပြန်သည်။

နောက်တစ်နေ့နံနက်တွင် ကဲနက်နှင့် ပရီမိုတို့သည် ၈ နာရီတိတိ မိုးရွာ နေဆဲမှာပင် အိမ်တစ်ဝိုက်သို့ ရောက်ခဲ့ကြပြန်သည်။ ပရီမိုသည် ဘတ်စ်ကား မှတ်တိုင်တွင် မယောင်မလည် ရပ်စောင့်နေခဲ့ပြီး ကဲနက်ကမူ ဤအိမ်နှင့် မိုင်ဝက် ခန့်အကွာမှ ဂျစ်ကားပေါ်တွင် ထိုင်ကာ အရိပ်အခြည် စောင့်ကြည့်နေခဲ့သည်။ ထို့နောက် ကလီမင့်တို့မိသားစုအိမ်မှ တစ်စုံတစ်ရာ အရိပ်အယောင် မတွေ့ရ သောသဖြင့် နှစ်ယောက်သား ပြန်လှည့်လာခဲ့ကြသည်။

သုံးရက်မျှ ကြာသောအခါ ကဲနက်သည် သူတစ်ယောက်တည်း စန်ဖာ နန်ဒိုလုပ်ကွက်သို့ သွားရောက်ကာ ကလီမင့်၏အိမ်ကို နေရာအမျိုးမျိုးမှ ရှုထောင့်





အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူခဲ့သည်။ ထိုမှတစ်ဖန် ဘူတာရုံဘက်သို့သွားကာ မီးရထားရေတိုင်ကီပေါ်မှနေ၍ ထိုနေရာဒေသ ပတ်ဝန်းကျင်တစ်ခုလုံးကို ဓာတ်ပုံ ရိုက်ခဲ့သည်။ ညနေ ၆ နာရီ မိနစ် ၅၀ အချိန်တွင် ထိုအိမ်ရှေ့သို့ တစ်ဖန်ရောက် သွားခဲ့ပြန်ရာ ထိပ်ပြောင်ပြောင်နှင့်လူကို အိမ်ဝင်းထဲတွင် လှမ်းမြင်လိုက်ရသည်။ ညနေမိုးချုပ်၍ မှောင်စပြုလာချိန်တွင် ထိုနေရာသို့ တစ်ခေါက်ပြန်လာ၍ ကားကို ကိုက်ငါးရာခန့်အကွာတွင် ရပ်ထားခဲ့ပြီး အိမ်ဘက်သို့ ခြေကျင်လျှောက်လာခဲ့သည်။ သူသည် အနီးအနားတစ်ဝိုက်တွင် မယောင်မလည်ဖြင့် လှည့်ပတ်ကြည့်ရှုခဲ့ရာ မီးရထားလမ်းနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသော အိမ်အနောက်ဘက်ခြမ်းတွင် မီးရောင်ထွက်နေသည့် ပြတင်းပေါက်တစ်ခုကို မြင်ရသည်။ သူသည် ထိုပြတင်း ပေါက်နှင့် အနီးဆုံးသွားနိုင်သည့် နေရာအထိ ရောက်အောင်သွား၍ လှမ်းကြည့် လိုက်ရာ အိမ်ခန်းထဲတွင် မတ်တတ်ရပ်နေသော ထိပ်ပြောင်ပြောင်နှင့်လူကို မြင် တွေ့လိုက်ရသည်။ ရေနံဆီမှန်အိမ်မှ မီးရောင်ဖြင့် မြင်ရသလောက် ဤအိမ်မှာ အပြင်ဘက်မှကြည့်လျှင် မသေမသပ်ဖြင့် ခပ်စုတ်စုတ်ဖြစ်သော်လည်း အိမ်ထဲ တွင်မူ အိမ်ထောင်ပရိဘောဂများမှအစ အားလုံး ပြောင်ပြောင်လက်လက်ဖြင့် သပ်သပ်ရပ်ရပ် ရှိနေသည်ကို သတိထားလိုက်မိသည်။

▢

ဧပြီလ ၇ ရက်နေ့တွင် ကဲနက်သည် ကုန်တင်ကားတစ်စီးကို ငှားလိုက်ပြီး ပရီမိုအား ထိုနေ့နံနက်ပိုင်း သူနှင့်လာတွေ့ရန် အကြောင်းကြားလိုက်သည်။ ကဲနက်ငှားခဲ့သည့် ကုန်တင်ကားမှာ ယခင် ငှားခဲ့ဖူးသည့်ကား မဟုတ်သော်လည်း ယခင်ကားကဲ့သို့ မိုးကာတာလပတ်ကြီး အုပ်ထားသည်။ သူသည် ထိပ်ပြောင် ပြောင်နှင့်လူအား နောက်ဆုံးကြိုးစားသည့်အနေဖြင့် အနီးကပ် ဓာတ်ပုံရိုက်ယူရန် စီစဉ်ထားခဲ့ရာ သူ့အနားသို့ရောက်အောင် သွားရမည့်သူမှာ စပိန်စကားကို ရေရေ လည်လည်ပြောတတ်သူ ဖြစ်ရမည်ဟု နားလည်ထားခဲ့သည်။ အဆိုပါ ထိပ်ပြောင် နေသော ကလီမင့်အား အိမ်တွင် မုချသေချာပေါက် တွေ့နိုင်သည့်နေ့မှာ တနင်္ဂနွေ နေ့ပင် ဖြစ်သည်ဟု ယူဆထားသည်။

သို့ဖြင့် သူသည် ပရီမိုနှင့် တွေ့ပြီးနောက် ထိုအိမ်သို့မသွားမီ 'လက်ဆွဲအိတ် တင်မရာ'ဖြင့် မည်သို့ ဓာတ်ပုံရိုက်ရသည်ကို ပရီမိုအား သင်ပြပေးသည်။ အထူးသဖြင့် လက်ဆွဲအိတ်ပေါ်မှ ခလုတ်ကို မည်သည့်အနေအထားဖြင့် နှိပ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



မိမိအလိုရှိသည့် ဓာတ်ပုံရနိုင်ကြောင်း လက်တွေ့သင်ပြပေးခဲ့သည်။ ပရီမိုကလည်း သုံးလေးကြိမ်မျှ လေ့ကျင့်ခဲ့ပြီး သဘောပေါက် နားလည်သွားခဲ့သည်။

ယခုတစ်ကြိမ်တွင် ကားမောင်းရသူမှာ ဒေးဗစ်ဖြစ်သည်။ သူတို့သည် ကားကို စန်ဖာနန်ဒိုရပ်ကွက်မှ တံတားတစ်ခုအောက်တွင် ရပ်ထားလိုက်သည်။ ကဲနက်သည် ကားနောက်ပိုင်းတွင် ထိုင်ကာ မိုးကာတာလပတ်စကြီးတွင် ဖောက်ထားသော အပေါက်ကလေးမှ မှန်ပြောင်းဖြင့် ထိုအိမ်ကို လှမ်းကြည့်နေခဲ့သည်။ ထိုအချိန်တွင် လူဘင်စကီက ကားစက်ခေါင်းကိုဖွင့်ကာ စက်ပျက်နေဟန်ဖြင့် ကုန်း၍ ဟိုနှိုက် သည်နှိုက် လုပ်နေသည်။ ထိုအခိုက် ကလီမင့်သည် အိမ်ထဲမှ ထွက်လာပြီး အိမ်ဝင်းထဲရှိ ပစ္စည်းထားသည့် စတိုအဆောက်အအုံကလေးဆီသို့ လာနေသည်ကို လှမ်းမြင်လိုက်ရာ ကဲနက်က ပရီမိုအား အချက်ပေးလိုက်သည်။ ဤတွင် ပရီမိုသည် မူလစီစဉ်ထားသည့်အတိုင်း 'လက်ဆွဲအိတ်ကင်မရာ'ကို ကိုင်၍ အိမ်ဘက်သို့ ခပ်တည်တည် လျှောက်သွားခဲ့သည်။

ကဲနက်သည် ထိပ်ပြောင်နှင့်လူအား စတိုခန်းအဆောက်အအုံဆီသို့ ရောက်သွားသည်အထိ စောင့်ကြည့်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအိမ်သို့ ပရီမိုရောက်သွားသည့်အချိန်တွင် မည်သို့ပင် ကြိုတင်ဟန်ဆောင်၍ထားသည်ဖြစ်စေ ထိပ်ပြောင်ပြောင်နှင့်လူကို မတွေ့ရဘဲ အိမ်ထဲမှ သားဖြစ်သူ ထွက်လာမည်စိုးသောကြောင့်ဖြစ်သည်။ စတိုခန်း အဆောက်အအုံတွင် ထိပ်ပြောင်ပြောင်နှင့်လူ ရှိနေချိန်တွင် ထိုနေရာသို့ ပရီမိုရောက်သွားပါက သူသည် မုချမလွဲမရှောင်သာ ပရီမိုနှင့် စကားလက်ခံပြောရမည်ဟု တွက်ထားသည်။ အကယ်၍ ပရီမိုသည် အိမ်ရှေ့ပေါက်ကဝင်ပြီးမှ စတိုခန်းရှိရာသို့ သွားမည်ဆိုပါက စနိုးစနောင့်ဖြင့် သံသယဖြစ်စရာ ရှိနေမည်ဖြစ်သည်။ သို့ဖြစ်ရာ ပရီမိုအား လယ်ကွင်းကိုဖြတ်၍ စတိုခန်းရှိရာဘက်သို့ တိုက်ရိုက်ဦးတည်သွားရန် စီစဉ်ထားသည်။

ကဲနက်နှင့် ဒေးဗစ်တို့သည် ထိုအိမ်ဘက်သို့ ပရီမိုသွားနေသည်ကို ရင်တမမ စိတ်တထင့်ထင့်ဖြင့် စောင့်ကြည့်နေမိကြသည်။ အကယ်၍ ပရီမိုနှင့် ထိပ်ပြောင်ပြောင်လူတို့ စကားပြောနေဆဲ ပရီမိုက ဓာတ်ပုံရိုက်လိုက်သည်ကို ဆိုလျှင် ရိပ်မိသွားပြီး 'လက်ဆွဲအိတ်ကင်မရာ'ကို လုယူရန် ကြိုးစားပါက ပရီမိုအား ခေါ်၍ ကူညီရန် အဆင်သင့်ပြင်ထားကြသည်။ သို့သော် ထိုအချိန်မှာပင် အိမ်ထဲမှ သားဖြစ်သူ ဒိုင်ယက်တာ ထွက်လာ၍ သူ့ဖခင်ရှိရာသို့ အမီလိုက်သွားပြီး နှစ်ယောက်သား အတူလျှောက်လာကြရာ သူတို့နှင့် မျက်နှာချင်းဆိုင်၍ ပရီမိုလည်း သူ့ဘို့ထံ ဦးတည်၍သွားနေသည်ကို တွေ့လိုက်ရသည်။ ကဲနက်





သည် ကားပေါ်မှကြည့်ရင်း အတော်ကလေး လှမ်းနေသော်လည်း လိုလိုမည်မည် သူတို့နှစ်ယောက်ကို ဓာတ်ပုံရိုက်ယူလိုက်သည်။

ထို့နောက် သုံးတို့အနားသို့ ပရီမိုရောက်သွားပြီး ခဏအကြာတွင် ထိပ်ပြောင်ပြောင်နှင့်လူသည် စတိုခန်းကလေးရှိရာသို့ ပြန်လှည့်ထွက်သွားရာ ပရီမိုသည် သားဖြစ်သူနှင့် ဆက်၍စကားပြောနေသည်ကို တွေ့ရသည်။ တစ်မိနစ်နှစ်မိနစ်ခန့်အကြာတွင် ပရီမိုသည် ထိုအိမ်နှင့်ကပ်နေသော တစ်ထပ်တိုက်ကလေးဆီသို့ ဆက်လျှောက်သွားပြီး ထိုတစ်ထပ်တိုက်ကလေးရှေ့တွင်လည်း ခေတ္တရပ်ကာ စကားပြောနေသည်ကို တွေ့ရသည်။

ပရီမိုအား ကဲနက်က မိမိတို့ရှိရာ ကုန်တင်ကားဆီသို့ ပြန်လာရန် ညွှန်ကြားထားသော်လည်း သူသည် ကားဆီသို့ ပြန်မလာတော့ဘဲ လမ်းမအတိုင်း လျှောက်သွားပြီး မှတ်တိုင်မှ ဘတ်စ်ကားစီးကာ စန်ဖာနန်ဒိုရပ်ကွက်သို့ ပြန်သွားသည်ကို တွေ့ရသည်။

ကဲနက်နှင့် ဒေးဗစ်တို့သည် ပရီမိုနောက်သို့ လိုက်လာခဲ့ကြရာ ဘူတာရုံတွင် ပရီမိုနှင့် တွေ့ကြရသည်။ ပရီမို၏ ပြောပြချက်အရ သူသည် ထိုထိပ်ပြောင်ပြောင်လူနှင့် သားဖြစ်သူအား ဤအနီးအနားတွင် ရောင်းမည့်အိမ်များ ရှိမရှိ မေးမြန်းရင်း အမှတ်တမဲ့ ဓာတ်ပုံရိုက်ခဲ့သည်ဟု သိရသည်။ သူတို့သားအဖက သူတို့အိမ်ဘေးမှ တစ်ထပ်တိုက်ကလေးကို ညွှန်လိုက်သဖြင့် ထိုတစ်ထပ်တိုက်ပုကလေးဆီသို့ ဆက်၍သွားခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုတစ်တိုက်ကလေးမှ လူများနှင့် တွေ့ခဲ့ပြီး တစ်ပတ်အတွင်း ထပ်မံလာပါဦးမည်ဟု ပြောကြားခဲ့ကြောင်း ပရီမိုက ပြန်ပြောခဲ့သည်။

ဧပြီလ ၄ ရက်နေ့တွင်မူ ကဲနက်သည် အချိန်အတော်ကြာအောင် စောင့်နေခဲ့ရသော အစ္စရေးမှ ပြန်ကြားချက်ကို လက်ခံရရှိသည်။

**'စစ်ဆင်ရေးနှင့် ပတ်သက်၍ အသေးစိတ် စီမံဆောင်ရွက်ရန်ရှိသည်များနှင့် အဆင့်ဆင့် ဆုံးဖြတ်လုပ်ဆောင်ရမည့် အစီအစဉ်များကို အပြည့်အစုံ အစီရင်ခံရန်အတွက် အစ္စရေးနိုင်ငံသို့ အမြန်ဆုံး ပြန်လာစေလိုသည်'**

အထက်ပါ မှာကြားချက်အရ ကဲနက်သည် ကလီမင့်၏ ဓာတ်ပုံများ စိတ်တိုင်းကျရရှိပါက အစ္စရေးသို့ ခပ်စောစောပြန်ရန် စီစဉ်ထားသည်။ သို့သော် ထိုဓာတ်ပုံများ ကောင်းမကောင်း ရက်တရက် မသိရသေးဘဲ ပြန်နေသည်



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ပရိုမိုသည် ဓာတ်ပုံနှင့်ပတ်သက်၍ ယခင်က လုံးဝ အတွေ့အကြုံ ရှိသူမဟုတ်ဘဲ ယခု အရေးပေါ် ဆယ်မိနစ်သင်တန်းဖြင့်သာ တတ်မြောက်လာခဲ့သူဖြစ်သည်။ သို့ဖြစ်ရာ ထိုနေ့က ကလီမင့်တို့သားအဖနှင့် အိမ်အရောင်းအဝယ် ကိစ္စကို ခုံခမ်းမေးမြန်းရင်း အမှတ်တမဲ့ အလစ်တွင် ခိုး၍ရိုက်ယူခဲ့သည့် ဓာတ်ပုံမှာ ပြောလောက်အောင်ကောင်းဖို့ မလွယ်ဟု ယူဆရသည်။ ကဲနက်အနေဖြင့်လည်း အိုက်ခ်မန်းဟူ၍ မိမိတို့ ယူဆထားသူ၏ ဓာတ်ပုံတစ်ပုံမှ ပီပီသသ ထင်ထင်ရှားရှား ပါမသွားဘဲ အစ္စရေးသို့ပြန်ရန် မသင့်ဟု ယူဆထားသည်။ အထူးသဖြင့် ဤစစ်ဆင်ရေးနှင့်စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်ရန်မှာ ပရိုမိုရိုက်ကူးခဲ့သည့် ဓာတ်ပုံ၏ အနေအထားပေါ်တွင် တည်နေသည်ဟု သဘောရမိသည်။

အကယ်၍သာ ထိုဓာတ်ပုံများသည် စိတ်တိုင်းကျ အခြေအနေများမဖြစ်ခဲ့ပါက နောက်တစ်ကြိမ် ထပ်မံကြိုးစားကောင်း ကြိုးစားရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကဲနက်သည် ထိုဓာတ်ပုံများကို ဗျူနိုအဲရစ္စမြို့မှာပင် ဆေးရန်စီစဉ်ခဲ့သည်။ သို့သော် ဤနေရာတွင် မိမိတို့ဓာတ်ပုံများကို ကူးပေးမည့်ဆိုင်က အမှတ်မထင် ထိုပုံများကို မိတ္တူကော်ပီ ကူးထားမည်ကိုလည်းကောင်း၊ ပုံကြီးချဲ့မည်ကိုလည်းကောင်း တစ်ဖက်က စိုးရိမ်ရပြန်သည်။ ထိုမျှမက 'ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ' ဆိုသလို မဖြစ်သော်ရှိ၊ ဖြစ်သော်ရှိ အဆိုပါ ဓာတ်ပုံဆိုင်မှလူသည် မတော်တဆများ ကလီမင့်နှင့် သိကျွမ်းနေသူဖြစ်ပါက မုချ ထိုလူသည် ကလီမင့်ထံသွားရောက်၍ သူ့ဓာတ်ပုံများကို ထိုသူစိမ်းတစ်ယောက်က ခိုးရိုက်ထားကြောင်း ပြောကြားမည်ကိုလည်း ထည့်တွက်ရသေးသည်။

သို့ဖြင့် ကဲနက်သည် အထူးသတိပြု၍ ဟိုတယ်နှင့် ကမ္ဘာလှည့်ခရီးသည်များ သေပါများသည့်ရပ်ကွက်မှ ဓာတ်ပုံဆိုင်ကြီး တစ်ဆိုင်သို့ ဖလင်လိပ်ကို ဆေးပေးရန် အပ်လိုက်သည်။ ထိုသို့ အလုပ်အပ်ရင်း မိမိမှာ ယခု ဗျူနိုအဲရစ္စတွင် [illegible]သာ နေနိုင်ပြီး အခြားနိုင်ငံတစ်နိုင်ငံသို့ အမြန်ဆုံးခရီးထွက်ရန် ရှိနေ[illegible] ဆို့ဖလင်ကို ချက်ချင်းဆေးပေးရန် မေတ္တာရပ်ခံခဲ့သည်။ ထုံးစံအတိုင်း [illegible] ထိုသို့ ဓာတ်ပုံဆေးခိုင်း၊ ကူးခိုင်းပါက ခုနစ်ရက်ခန့် [illegible]သည်။

[illegible] ကဲနက်သည် ဆိုင်ရှင်အား မိမိဖလင်လိပ်ကို ဆေးပေးရန်နှင့် [illegible]ပါက ကျသင့်သည်ထက် ပိုပေးပါမည်ဟု ပြောခဲ့သည်။ ဆိုင်ရှင်





တလည်း နက်ဖြန်ညနေ ဆက်ဆက်ရအောင် ကြိုးစားပေးမည်ဟု [illegible]ခံလိုက်သည်။

ထို့နောက် ကဲနက်သည် လေယာဉ်လက်မှတ် ကြိုတင်ဝယ်ရန်အတွက် လေကြောင်းကုမ္ပဏီတစ်ခုသို့ ဆက်၍သွားခဲ့သည်။ လေကြောင်းကုမ္ပဏီသို့ ရောက်သောအခါ ကဲနက်မှာ အတော်ကလေး စိတ်ပျက်သွားမိသည်။ အဘယ်ကြောင့်ဆိုသော် လေယာဉ်လက်မှတ်များမှာ မေလကုန် သို့မဟုတ် ဇွန်လဆန်းအထိ အားလုံးရောင်းပြီး ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ နောက်ဆုံး၌ သူသည် ခက်ခက်ခဲခဲဖြင့် အစွမ်းကုန်ကြိုးစားခဲ့ပြီးမှ ဧပြီလ ၇ ရက်နေ့တွင် ဥရောပတိုက်သို့ ပျံသန်းသည့် လေယာဉ်လက်မှတ်တစ်စောင် ရလာခဲ့သည်။ သူ့အနေဖြင့် လေယာဉ်လက်မှတ် ချက်ချင်းမရသည်မှာ တစ်နည်းအားဖြင့် ခပ်ကောင်းကောင်း ဟူ၍ပင် ယူဆမိသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ မိမိတို့ရိုက်ကူးခဲ့သည့် ကလီမင့်၏ဓာတ်ပုံမှာ မပီမသ မထင်မရှားဖြစ်နေပါက နောက်တစ်ကြိမ်ထပ်၍ ရိုက်ကူးရန် အချိန်ရဦးမည်ဟု စဉ်းစားမိသောကြောင့် ဖြစ်သည်။

နောက်တစ်နေ့ ညနေဘက်တွင် သတ်မှတ်ထားသည့်အချိန်၌ ကဲနက်သည် ဓာတ်ပုံဆိုင်သို့ ရောက်သွားခဲ့သည်။ ဤတွင် ဆိုင်ရှင်က ပျာပျာသလဲဖြင့် ဆီးကြိုကာ ထိုဓာတ်ပုံများကို 'မကူးရသေး'ကြောင်း တောင်းပန်ခဲ့သည်။

"ဘာပြောတယ်ဗျ၊ ပုံတွေ မကူးရသေးဘူး ဟုတ်လား" ကဲနက်မှာ ရုတ်တရက် အထိတ်တလန့်ဖြစ်သွားကာ ပြန်မေးလိုက်သည်။ "ခင်ဗျားကို ကျုပ်ပြောခဲ့တာက ဒီဖလင်လိပ်ကို ဆေးပေးဖို့ မှာခဲ့တာပဲ"

"သြော်... ဟုတ်ပါတယ်၊ ခင်ဗျားမှာတဲ့အတိုင်း ဖလင်တွေ ဆေးပြီးနေပါပြီ၊ ဒါပေမဲ့ ပုံကူးဖို့ ကျန်နေသေးလို့ပါ"

"ကူးစရာမလိုပါဘူး၊ ခင်ဗျားကို ဆေးရုံသာ ဆေးပေးပါလို့ ပြောခဲ့တာပဲ၊ အဲဒီတော့ အဲဒီ ဆေးပြီးတဲ့ ဖလင်ပဲ ကျုပ်ကို ပေးလိုက်ပါ။ အဲဒါတွေ ကျုပ် ခုပြန်ယူသွားမယ်"

ဤတွင် ဆိုင်ရှင်က ပြန်ပြောလိုက်သည်။ "ဟုတ်ကဲ့ခင်ဗျာ၊ နောင်ကြီးပြောတဲ့အတိုင်း ပြန်ပေးပါ့မယ်။ ဒါပေမဲ့ ကျွန်တော် တစ်ခုပြောပါရစေ။ ကျွန်တော်တို့ဆိုင်က ဖလင်ဆေးရုံသက်သက်ပဲ ဆေးပါတယ်။ ကူးတာတို့၊ ပုံကြီးချဲ့[illegible]တို့ကိုတော့ တခြားဓာတ်ပုံ ဆရာတစ်ယောက်ဆီကို ကျွန်တော်တို့က [illegible]ခိုင်းရပါတယ်။ အဲဒီတော့ မနေ့က နောင်ကြီးပြောသွားတာကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက အမှတ်တမဲ့ဖြစ်ပြီး ဒီပုံတွေကို ကူးပေးရမယ်၊ ပုံကြီးချဲ့ပေးရမယ် ထင်လို့ တခြားဓာတ်ပုံဆရာတစ်ယောက်ဆီ အဲဒီဖလင်လိပ် ပေးထားပါတယ်"

ကဲနက်မှာ ရုတ်တရက် ပါးစပ်အဟောင်းသားဖြစ်ကာ ကြက်သေသေသွားသည်။ ပြီးမှ မနည်းဣန္ဒြေဆည်ကာ "ခင်ဗျား ဒီလိုဆိုရင် ကျုပ်ကို အဲဒီဓာတ်ပုံဆရာရဲ့ လိပ်စာပေးပါ၊ ကျုပ်ဘာသာကျုပ်သွားပြီး ဖလင်ကို တောင်းမယ်" ဟူ၍ ခပ်ပြတ်ပြတ် ပြောလိုက်သည်။ "ခင်ဗျားကို ကျုပ်သေသေချာချာ ပြောခဲ့တာပဲ၊ ခရီးသွားစရာတန်းလန်းကြီးနဲ့မို့ အမြန်ဆုံးလုပ်ပေးပါလို့၊ ဘာပဲဖြစ်ဖြစ် ကျုပ်ဖလင်ကို ပြန်ရမှဖြစ်မယ်"

"ဒါပေမဲ့ ဓာတ်ပုံဆရာက မြို့ရဲ့ ဟိုဘက်အစွန်အဖျားမှာ နေပါတယ်၊ သူ့နေရာက ရုတ်တရက် ရှာလို့အတော်ခက်တယ်ခင်ဗျ၊ အငှားကားမောင်းတဲ့ ဆရာတွေတောင် ရှာဖို့မလွယ်ဘူး"

ကဲနက်စိတ်ထဲတွင် ဓာတ်ပုံဆရာသည် မိမိအား တစ်ပတ်ရိုက်နေပြီဟု ဖျတ်ခနဲ တွေးလိုက်မိသည်။ ကေနှ ဤကိစ္စတွင် နောက်ကွယ်မှ တစ်ခုခု မရိုးသားသည့် အကြံအစည်ဖြင့် မိမိကို အချိန်ဆွဲနေပြီဟု ထင်လိုက်မိသည်။ "ကေနှတော့ ကေနှပဲ၊ ဘာကေနှမှန်းမသိ' ဆိုသလို ဖြစ်နေသည်။ သို့ဖြင့် ရုတ်တရက် စိတ်ထဲတွင် ဒေါင်းခနဲဖြစ်ကာ အော်ပြောလိုက်သည်။ 'ဒီမယ် ခင်ဗျား ဘာမှ ဆက်ပြောမနေနဲ့၊ အခုချက်ချင်း ကျုပ်ရှေ့မှာပဲ အဲဒီဓာတ်ပုံဆရာရှိတဲ့ဆီကို ဖုန်းဆက်ပါ။ အဲဒီ ဖလင်လိပ်ကို ကူးပြီးပြီး မပြီးပြီး အခုချက်ချင်း ကားငှားပြီး ဒီလာပို့ပါလို့ပြောပါ။ ကားခကို ကျုပ်ပေးမယ် ဒါပဲ"

ကဲနက်သည် အင်္ဂလိပ်လိုရော၊ စပိန်လို့ပါ လေသံခပ်မာမာဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်ရာ သူအကြီးအကျယ် ဒေါပွနေပြီဖြစ်ကြောင်း ဆိုင်ရှင်က ကောင်းကောင်းကြီး သိသွားသည်။ သို့ဖြစ်ရာ သူသည် ပျာပျာသလဲဖြင့် ထိုင်ရာမှ ထကာ ကဲနက်ရှေ့မှာပင် တယ်လီဖုန်းကောက်ဆက်သည်။ ကဲနက်သည် စပိန်စကားဖြင့် တစ်ဖက်မှ လူတစ်ယောက်အား အငှားကားတစ်စီးငှား၍ ဖလင်လိပ်ကို ချက်ချင်းလာပို့ရန်နှင့် အကယ်၍ ကိုယ်တိုင်လာမပို့နိုင်ပါက တစ်ယောက်ယောက်ကို ပို့တော်ပေးရန် ပြောနေသည်ကို နားလည်လိုက်သည်။

အချိန်အတော်ကြာ၍ ဆိုင်ပိတ်ချိန်နီးလာသည်အထိ မည်သူတစ်ဦးတစ်ယောက်မျှ ရောက်မလာဘဲဖြစ်နေသည်။ ကဲနက်စိတ်ထဲတွင် မိမိဖလင်ကို လုံးဝပြန်ရတော့မည် မဟုတ်ဘဲဟုသော အတွေးသည် တဖြည်းဖြည်း ကြီးမားသည်ထက် ကြီးမားလာခဲ့သည်၊ ထိုအခိုက်မှာပင် ရုတ်တရက် ကောင်လေးတစ်ယောက်





လက်ထဲတွင် စာအိတ်တစ်အိတ်ကို ကိုင်ကာ ဆိုင်ထဲသို့ သုတ်သီးသုတ်ပျာဝင်လာသည်ကို တွေ့လိုက်ရသည်။

ကဲနက်သည် ကောင်ကလေးယူလာသော စာအိတ်ကို ဖွင့်ကြည့်လိုက်သောအခါ စောစောက ဒေါသအားလုံး လွင့်စဉ်ပျောက်ကွယ်သွားခဲ့သည်။ ဓာတ်ပုံများမှာ အားလုံး တစ်ခုမကျန် မိမိမျှော်လင့်သည်ထက် ပိုကောင်းနေသည်ကို တွေ့လိုက်ရသည်။ အားလုံး ထင်ထင်ရှားရှားဖြင့် ကြည်လင်ပြတ်သားနေသည် ဖြစ်ရာ မိမိတို့၏ စစ်ဆင်ရေးတွင် တန်ဖိုးမဖြတ်နိုင်လောက်အောင် အသုံးဝင်မည့် ပုံများဖြစ်နေသည်ဟု တထစ်ချ ယုံကြည်လိုက်သည်။

ကဲနက်သည် အာဂျင်တီးနားမှ မိမိထွက်ခွာရမည့် နေ့ရက်မတိုင်မီအတွင်း အစ္စရေးသို့ ပြန်ရောက်လျှင် မိမိ၏ အထက်အရာရှိများက မေးမြန်းကြလိမ့်မည်၊ သိလိုကြလိမ့်မည်ဟု ယူဆရသော အချက်အလက်များကို နေ့စဉ်ရက်ဆက် ခုစမ်းစုဆောင်းခဲ့သည်။

သို့ဖြင့် ဧပြီလ ၆ ရက်နေ့တွင် သူသည် ဒေးဗစ်တို့ ဇနီးမောင်နှံနှင့်တကွ လူဘင်စကီ၊ ပရီမို စသော လုပ်ဖော်ကိုင်ဖက်များကို နှုတ်ဆက်ခဲ့သည်။ သူတို့ အားလုံးမှာလည်း တခြားတခြားသော ခရီးစဉ်များဖြင့် မကြာမီ အစ္စရေးသို့ ပြန်ကြရန် စီစဉ်ပြီးဖြစ်နေကြသည်။

နောက်တစ်နေ့တွင် ကဲနက်သည် ဥရောပသို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့သည်။

ကျွန်ုပ်သည် ကဲနက်အား ပါရီမှ တဲလ်အဗစ်မြို့အသွား လေယာဉ်ပေါ်တွင် တွေ့ဆုံခဲ့ရသည်။ တွေ့လျှင် တွေ့ချင်း သူ့အား ကျွန်ုပ်က မေးခွန်းတစ်ခုမေးခဲ့သည်။ "အဲဒီလူဟာ ငါတို့လိုချင်တဲ့ လူပဲဆိုတာ သေချာရဲ့လား"

ဤတွင် ကဲနက်က သူ့အင်္ကျီအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြကာ ခပ်တိုတိုပင် ပြန်ပြောလိုက်သည်။

"တစ်စက်ကလေးမှ သံသယဖြစ်စရာ မလိုပါဘူးခင်ဗျာ"

■

www.burmeseclassic.com

www.burmeseclassic.com

## အထူးပုံသန်းမှုအတွက် အထူးလေယာဉ် တစ်စင်း

ကျွန်ုပ်သည် အိုက်ခ်မန်းအား အာဂျင်တီးနားနိုင်ငံတွင် အရှင်လက်ရဖမ်းပြီး အစ္စရေးနိုင်ငံသို့ ခေါ်ဆောင်လာကာ တရားဥပဒေအရ စစ်ဆေးရန်အကြံအစည်ကို ပထမဆုံး စတင်ကြံစည်စိတ်ကူးခဲ့စဉ်ကတည်းကပင် ကျွန်ုပ်ကိုယ်တိုင် ဤစစ်ဆင်ရေးတွင် မလွဲမသွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရမည်ဟု ခံယူသဘောပေါက်ထားခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်ကိုယ်တိုင် ထိုနေရာ ထိုဒေသတွင် ရှိနေရမည်ဟူ၍ပင် ဖြစ်သည်။

ထိုမှတစ်ပါး ကျွန်ုပ်တို့ အစ္စရေးလျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့မှ ယနေ့အထိ တာဝန်ယူ လုပ်ဆောင်ခဲ့ရသမျှ အားလုံးသော လုပ်ငန်းတာဝန်များထက် ယခု အိုက်ခ်မန်းစစ်ဆင်ရေးသည် လက်တွေ့စီစဉ်ဆောင်ရွက်ရာ၌ ပိုမိုခက်ခဲနေသည့်ပြင် နိုင်ငံရေးအရလည်း ပိုမိုနက်နဲ သိမ်မွေ့လှသည်ကို ကျွန်ုပ် သတိပြုမိသည်။ ယင်းသို့ ပေါ်ပေါက်လာမည့် ရှုပ်ထွေးများပြားမြောင်လှသော ပြဿနာအရပ်ရပ်ကို ဆုံးဖြတ်ဖြေရှင်းရန်အတွက် ဗျူနိုအဲရစ္စမြို့တွင် ကျွန်ုပ်ကိုယ်တိုင် ရှိနေရန် လိုအပ်နေသည်ဟူ၍ နားလည်သဘောပေါက်မိသည်။

ကျွန်ုပ်တို့အနေဖြင့် ယခင် ယခင်ကပင် ကြိုတင်တွက်ဆခဲ့ပြီးဖြစ်သည့် အရေးအကြီးဆုံးသော အခက်အခဲမှာ ကျွန်ုပ်တို့၏ စစ်ဆင်ရေးကို လက်တွေ့ဆောင်ရွက်ကြမည့် လှုပ်ရှားတပ်ဖွဲ့သည် အစ္စရေးနိုင်ငံနှင့် မိုင်ပေါင်းမြောက်မြားစွာ ဝေးကွာသည့် နိုင်ငံတစ်နိုင်ငံ နေရာတစ်နေရာတွင် လှုပ်ရှားရမည့် အခက်အခဲပင်ဖြစ်သည်။ ၎င်းဖြစ်ရာ တစ်စုံတစ်ရာ ချက်ချင်းလက်ငင်း မိနစ်ပိုင်း စက္ကန့်ပိုင်း





အတွင်း ဆုံးဖြတ်လုပ်ကိုင်ရမည့် အခြေအနေများတွင် ဤမျှ ဝေးကွာသည့်အတွက် မြန်မြန်ဆန်ဆန်နှင့် ပြည့်စုံလုံလောက်စွာဆက်သွယ်ရန် ခဲယဉ်းနေသည်ကို တွေ့ရသည်။ ထို့ပြင် ထိုသို့ လှုပ်ရှားတပ်ဖွဲ့ဝင်များ လက်တွေ့လုပ်ကိုင်ကြမည့် ထိုနိုင်ငံတွင် တစ်စုံတစ်ရာ အကူအညီတောင်းခံရန်အတွက် ဒေသခံ အစ္စရေး အသင်းအပင်းသော်လည်းကောင်း၊ ဂျူးအမျိုးသား အဖွဲ့အစည်းသော်လည်းကောင်း လုံးဝမရှိဘဲဖြစ်နေသည်။ ယင်းသို့ ဒေသခံအကူအညီများမရရှိဘဲ မိမိတို့တစ်ဦးတစ်ဖွဲ့တည်း လုပ်ကိုင်ဆောင်ရွက်ရာ၌ သေရေးရှင်ရေးတမျှ အရေးကြီးသည့် အချက်သုံးချက် ရှိနေသည်။ ပထမအချက်မှာ အိုက်ခ်မန်းအား လက်ရဖမ်းဆီးရာ၌ လုံးဝ တစ်စုံတစ်ရာ အမှားအယွင်း အတိမ်းအစောင်းမရှိအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဒုတိယအချက်မှာ အိုက်ခ်မန်းအား ထိုသို့ လက်ရဖမ်းပြီးသည့်နောက် မည်ရွေ့မည်မျှ ကြာမည်ဟူ၍ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သည့် အချိန်ကာလအထိ တစ်နေရာရာတွင် ချုပ်နှောင်ထိန်းသိမ်းထားရန်ဖြစ်သည်။ တတိယအချက်မှာ အခြေအနေ ပေးလာသည်နှင့်တစ်ပြိုင်တည်း အိုက်ခ်မန်းအား အစ္စရေးနိုင်ငံသို့ တင်ဆောင်ခေါ်ထုတ်သွားရန်ပင် ဖြစ်သည်။

အရေးအကြီးဆုံးထား၍ လုပ်ဆောင်ရမည့် အထက်ပါအဆင့် သုံးဆင့်လုံးနှင့် အထူးသဖြင့် နောက်ဆုံးအဆင့်တွင် လှုပ်ရှားတပ်ဖွဲ့မှ အမြင့်ဆုံးတာဝန်ရှိသူများသာလျှင် အာဏာပိုင်များနှင့် ဆက်သွယ်နိုင်သည့် ပြဿနာရပ်များကို မချကြုံတွေ့ဖွယ်ရာ ရှိနေသည်။

အကယ်၍ ကျွန်ုပ်တို့အနေဖြင့် စစ်ဆင်ရေးကို အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့်တိုင်အောင် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ဖျက်ဆီးသည်ဟူ၍ နိုင်ငံရေးအရ စွပ်စွဲခြင်းခံရမည်မှာ သေချာနေသည်။ တစ်ဖန်ဤစစ်ဆင်ရေးကို တကယ်လက်တွေ့ လှုပ်ရှားဆောင်ရွက်ရမည့်အချိန် မကျရောက်မီ ကျွန်ုပ်တို့၏ အကြံအစည်များ ဘွားဘွားကြီး ပေါ်ပေါက်ကာ တစ်စုံတစ်ရာ မလိုလားအပ်သည့် ဖြစ်ရပ်များဖြင့် ကြုံတွေ့လာခဲ့ရပါက လတ်တလော ချက်ချင်းလက်ငင်း နေရာတွင်ပင် အဆုံးအဖြတ်ပေးရမည့် အခြေအနေများ ဖြစ်ပေါ်လာဖွယ်ရှိနေသည်။ ထိုအခါမျိုးတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အစ္စရေးအစိုးရထံမှ တစ်စုံတစ်ရာ အကူအညီတောင်းရန် သို့မဟုတ် ညွှန်ကြားချက်တောင်းရန် အချိန်လည်းမရ၊ ဖြစ်လည်းမဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်သည် ဤကိစ္စတွင် မရှောင်မလွှဲသာ ပေါ်ပေါက်လာနိုင်သည့် နိုင်ငံရေးအရှုပ်အထွေးများကို လှုပ်ရှားတပ်ဖွဲ့ခေါင်းဆောင်၏ ပခုံးပေါ်သို့ လုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



များသွား ဘာဝန်ထုံအပ်ရန် မသင့်ဟု ယူဆထားသည်။ ဤသို့သော အခြေအနေ အခိုင်အမာကို သောက်၍ ကျွန်ုပ်သည် အိုက်ခ်မန်းကို လက်ရဖမ်းရသည့်နေရာတွင် လှုပ်ရှားသောအဖွဲ့နှင့်အတူ ရှိနေရုံမျှမက ဤစစ်ဆင်ရေးတစ်ခုလုံးကို အစမှအဆုံး အထိ အသေးစိတ် ဦးဆောင်ညွှန်ကြားသွားရန်အတွက် အာဂျင်တီးနားတွင် ရောက်ရှိနေရမည်ဖြစ်သည်။

ဤတွင် ကျွန်ုပ်တို့၏ စီစဉ်ပြင်ဆင်မှုများကို ရှေ့သို့တစ်ဆင့်တက်၍ ဆောင်ရွက်မိ ကျွန်ုပ်၏ လက်ဝယ်ရရှိထားသည့် ဓာတ်ပုံထဲမှ ရီကာဒိုကလီမင့် သည် အမှန်တကယ် အိုက်ခ်မန်းအစစ် ဟုတ်မဟုတ် အဘက်ဘက်မှ စုံစမ်း ဆန်းစစ်ကြည့်ရန် လိုနေသည်ဟု ယူဆမိသည်။ အသက်အရွယ်နှင့် ကိုယ်ခန္ဓာ အချိုးအဆက်အရဆိုပါက ကျွန်ုပ်တို့ သိရှိထားသည့် အိုက်ခ်မန်းနှင့် ယခု ကဲနက် သိရှိရသည့် ကလီမင့်တို့ နှစ်ယောက်အကြားတွင် တစ်စုံတစ်ရာ ပြောပလောက် အောင် ကွဲပြားခြားနားချက်များ မရှိဟု ဆိုရမည်ဖြစ်သည်။ သို့သော် ဗီရာအိုက်ခ် မန်း၏ လက်ရှိယောကျ်ားသည် ကျွန်ုပ်တို့ အလိုရှိနေသည့် အိုက်ခ်မန်းမဟုတ်ဘဲ အခြားတစ်ယောက် ဖြစ်နိုင်သည်ဟူသော ခြွင်းချက်သည် ယခုအထိ ရှိနေဆဲပင် ဖြစ်ရာ ကျွန်ုပ်တို့ ဆက်လက်ချမှတ် လုပ်ဆောင်ရမည့် ခြေလှမ်းများ၏ ကျယ်ပြန့် လေးနက်မှုကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားသော ကျွန်ုပ်သည် သံသယဖြစ်စရာ မှန်သမျှကို အတတ်နိုင်ဆုံး နည်းနိုင်သမျှနည်းအောင် သေးနိုင် သမျှ သေးအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ထံတွင် အိုက်ခ်မန်း၏ လက်ဗွေပုံစံများ လုံးဝ မရှိရုံမျှမက ရရှိထားသမျှ အခြားသော အထောက်အထားများမှာလည်း ပြောပလောက်အောင် နိုင်လုံတိကျသည့် အချက်အလက်များမဟုတ်ဘဲ ဖြစ်နေသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ ဆောင်ရွက်နိုင်သည့်အချက် သုံးချက်ရှိသည်။ ပထမ အချက်မှာ ယခင်က ရိုက်ကူးထားသည့် အိုက်ခ်မန်း၏ ဓာတ်ပုံအဟောင်းများနှင့် ယခု ကဲနက်တို့အဖွဲ့ ရိုက်ကူးခဲ့သည့် ဓာတ်ပုံအသစ်များကို သိပ္ပံနည်းကျကျ ဆောင်ခဲ့ကိရိယာဖြင့် လေ့လာဆန်းစစ်ကြည့်ရန်ဖြစ်သည်။ ဒုတိယမှာ ယခုရရှိ ထားသည့် ကလီမင့်၏ ဓာတ်ပုံများကို ယခင်က အိုက်ခ်မန်းအား ကောင်းကောင်း မြင်ဖူး တွေ့ဖူးကြသည့်သူများထံ ပြကြည့်ရန်ဖြစ်သည်။ တတိယမှာ ထိုသို့ အိုက်ခ်မန်းအား ယခင်က မြင်ဖူး တွေ့ဖူးသူများထဲမှ တစ်ယောက်ယောက်ကို အာဂျင်တီးနားသို့ စေလွှတ်၍ ကလီမင့်အား သွားရောက်ကြည့်ရှုရန်ပင်ဖြစ်သည်။





သို့သော် ကျွန်ုပ်တို့အနေဖြင့် အထက်ဖော်ပြပါ အချက်သုံးချက်စလုံးကို ဆောင်ရွက်နိုင်ခဲ့သည့်တိုင်အောင် ဤအချက်အားလုံးသည် နောက်ဆုံး ရာနှုန်းပြည့် အဖြေမှန်ကို ဖော်ထုတ်နိုင်စွမ်း ရှိကောင်းမှ ရှိမည်ဖြစ်သည်။ တစ်ဖန် အိုက်ခ်မန်း၏ ဓာတ်ပုံဟောင်းများမှာ နှစ်ပေါင်းများစွာ ကြာညောင်းလှပြီဖြစ်၍ မှုန်ဝါးနေသလို ယခု ကလီမင့်၏ ဓာတ်ပုံများမှာလည်း အခြေအနေအရ အခက်အခဲများကြားမှ ခိုးသလို ရိုက်ခဲ့ရခြင်း ဖြစ်သဖြင့် ပုံချင်းယှဉ်၍ လေ့လာနိုင်လောက်အောင် ပြည့်ခြင်းမရှိဘဲ ဖြစ်နေခဲ့သည်။ အချိန်ကာလအားဖြင့် နှစ်ပေါင်းနှစ်ဆယ် သို့မဟုတ် နှစ်ဆယ်ကျော်မျှ ကြာညောင်းခဲ့ပြီဖြစ်သော လူတစ်ယောက်အား ယခင်နှင့် ယခု ကွဲပြားအောင် ခွဲခြားကြည့်ရာ၌ ဇဝေဇဝါ သံသယဖြစ်စရာများ ရှိနေမည်မှာ သေချာလှသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အဖို့ရာ၌မူ ဤပုံ ဤနည်းဖြင့် အမြန်ဆုံး ဆန်းစစ်ခွဲခြားကြည့်ရန်သာ ဆုံးဖြတ်လိုက်ရသည်။

❒

ကာကယ့်လက်တွေ့တွင်မူ အိုက်ခ်မန်းအား ကိုယ်တိုင်မြင်တွေ့ဖူးသူကို ရှာရသည်မှာ မလွယ်လှဘဲရှိနေသည်။ ထိုသို့သော ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့နှင့် လာရောက် တွေ့ဆုံကြပါရန် လူသိရှင်ကြား ကြေညာ၍လည်းမဖြစ်၊ ဤကိစ္စနှင့်စပ်လျဉ်း၍ ဤရာဇဝတ်ကောင်ကို အစိုးရက အလိုရှိနေကြောင်း နည်းနည်းကလေးမျှ လူသိ ခံ၍အောင် ရှိနေခဲ့သည်။ ထိုသို့ အိုက်ခ်မန်းအား တစ်ခါက မြင်ဖူး တွေ့ဖူးသူ များကို စုံစမ်းရှာဖွေရန်အတွက် ပထမခြေလှမ်းအနေဖြင့် ဂျာမနီရှိ ဗီယွန်ဝါဒီ အုပ်စုကလေးတစ်စုအတွင်းမှ မိတ်ချရသူအချို့အား တာဝန်ပေးခဲ့သည်။

ထိုစဉ်က ထိုသို့ ဗီယွန်ဝါဒီအတွက် အားကြိုးမာန်တက် လုပ်ဆောင်နေ ကြသည့် ကျွန်ုပ်တို့ ယုံကြည်စိတ်ချရသူများ အနက် မာရီယမ် ဆာဗယွန်ဆိုသူ အမျိုးသမီးတစ်ဦးရှိသည်။ သူမသည် ဂျာမနီတွင် မွေးမြင်၍ ၁၉၅၀ ပြည့်နှစ် အလွန် စောစောပိုင်းကပင် သူမ၏ ပုဂ္ဂိုလ်ရေးနောက်ကြောင်းဖြစ်ရပ်များအပေါ် နားကြည်းချက်နှင့် ကျွန်ုပ်တို့နှင့်အတူ လာရောက်လုပ်ကိုင်ခဲ့သူဖြစ်သည်။ ပထမ တွင် သူမ၏လုပ်ဆောင်ချက်များမှာ တစ်စုံတစ်ရာ ထူးထူးခြားခြားမရှိသော်လည်း နောက်ပိုင်းတွင်မူ သူမ၏ ကျွမ်းကျင်မှုနှင့် ဗဟုသုတကြွယ်ဝမှုတို့ကြောင့် အရေး ကြီးသည့် လုပ်ငန်းများကို တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ အထူးသဖြင့် သူမ သည် တိတ်တဆိတ် လျှို့ဝှက်တာဝန်ဖြင့် ရုပ်ဖျက်ခရီးသွားရမည့်သူများအတွက်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သော မှတ်ပုံတင်ကတ်ပြား၊ သက်သေခံ စာရွက်စာတမ်းများ ပြုလုပ်ရာ၌ အလွန်ဇောစပ်သေချာသူဖြစ်သည်။

သို့ဖြင့် သူမအား ကျွန်ုပ်၏ရုံးခန်းသို့ ခေါ်ယူတွေ့ဆုံကာ တစ်စုံတစ်ရာ အကြောင်းကိစ္စကို ဖွင့်မပြောဘဲ အိုက်ခ်မန်းအား မြင်ဖူး တွေ့ဖူးသည့် ဂျာမနီ ဇာတိ ဂျူးအမျိုးသားများကို သိမသိ စုံစမ်းမေးမြန်းကြည့်သည်။ ဤနေရာတွင် ကျွန်ုပ်မှာ မျှော်လင့်ချက်နှင့် ဒက်ထိသွားတိုးခဲ့သည်။ သူမက ရုတ်တရက်ချက်ချင်း ကောက်ကာငင်ကာဖြင့် ၁၉၃၆ မှ ၁၉၃၈ ခုနှစ်အထိ ဂျာမနီရှိ ဇီယွန်ဝါဒီ အစည်းအရုံးတွင် ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသော ဘင်နိုကိုဟန် နှင့် ဒေါက်တာ ဟန်းဖရိုက်ဒင်သယ် ဆိုသူ နှစ်ဦးရှိကြောင်း ပြောပြခဲ့သည်။ ဘင်နိုမှာ ပြည်တွင်းရေးရာ သဘာပတိဖြစ်၍ ဒေါက်တာဟန်းသည် သူ၏ ထူးချွန်ပြောင်မြောက်သည့် လုပ်ရပ်များကြောင့် ထိုစဉ်က ဂျာမန်အစိုးရ နိုင်ငံခြားရေးဌာန၊ ဗြိတိသျှကောင်စစ်ဝန်ရုံး၊ ဂက်စတာပို စသည့် ဌာနများမှ ပုဂ္ဂိုလ်များနှင့် အဆက်အသွယ် ရခဲ့သည်။ ဤတွင် မာရီယမ်က ဒေါက်တာဟန်းသည် သူနှင့် အိုက်ခ်မန်းတို့ ဘာလင်မြို့ သူ့ရုံးခန်းတွင် မကြာခဏ လူချင်းတွေ့ခဲ့ရကြောင်း သူမအား ပြောပြဖူးသည်ဟု ဆိုသည်။ သူမအနေဖြင့် မှတ်မိသလောက် ထိုစဉ်က ဘင်နိုကိုယ်တိုင်လည်း အိုက်ခ်မန်းနှင့် လူချင်း သိကျွမ်းခဲ့ဖူးသည်ဟု သိရသည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ကဲနက်အား ကလီမင့်၏ ဓာတ်ပုံများကို ယူ၍ ဒေါက်တာဟန်းထံ လွှတ်လိုက်သည်။ သို့သော် ဟန်းက သူ့အနေဖြင့် အိုက်ခ်မန်းကို မမှတ်မိကြောင်း ပြောပြခဲ့သည်။ ဤတွင် ကဲနက်က ဒေါက်တာဟန်းအား အိုက်ခ်မန်းကို တွေ့ဖူး မြင်ဖူးခြင်း ရှိမရှိ မေးကြည့်သည်။

"ဟုတ်ပါတယ်၊ ကျုပ် သူ့ကိုတွေ့ဖူးပါတယ်" ဒေါက်တာဟန်းက ဖြေသည်။ "ကျုပ် သူ့ကို နှစ်ခါတွေ့ဖူးပါတယ်၊ တစ်ခါတွေ့ရင် ၄၅ မိနစ်လောက် ကြာပါတယ်၊ အဲဒါလည်း ၁၉၃၈ ခုနှစ်ကပါ။ အဲဒီတုန်းက ကျုပ်ဟာ ဂျာမနီမှာ ရှိတဲ့ ဇီယွန်ဝါဒီ အစည်းအရုံးမှာ သဘာပတိအဖြစ် တာဝန်ယူနေရပါတယ်"

"ခင်ဗျား သူ့ကို ဘယ်မှာတွေ့ဖူးတာလဲ" ကဲနက်က မေးလိုက်သည်။

"ဘာလင်က သူ့ရုံးခန်းမှာပါ၊ ပထမတစ်ခါတွေ့တာကတော့ အဖမ်းခံ [illegible]တဲ့ ဂျူးတစ်ယောက်ကိစ္စနဲ့ ပတ်သက်လို့ပါ။ အဲဒီတုန်းက ကျုပ်ကို အိုက်ခ်မန်းက မေးပါတယ်။ သူတို့ဖမ်းထားတဲ့ ဂျူးကို လွှတ်လိုက်ရင် သူ့ကို [illegible] အမြန်ဆုံးထွက်သွားဖို့ တာဝန်ယူနိုင်မလားလို့ မေးပါတယ်။ ကျုပ်က လည်း [illegible]ပါမယ်လို့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ အချိန်ကိုတော့ ကန့်သတ်





ပေးပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို အစွရေးပြန်လွှတ်ဖို့ပဲဖြစ်ဖြစ်၊ တခြား နိုင်ငံတစ်နိုင်ငံကို သွားဖို့ပဲဖြစ်ဖြစ်၊ လူဝင် လူထွက်ရုံးက ခွင့်ပြုချက်တောင်းရ ဦးမှာမို့ပါလို့ ပြောလိုက်ပါတယ်။ နောက်နှစ်ရက် သုံးရက်လောက်နေတော့ အဲဒီ ဂျူးလည်း လွှတ်လာတာပါပဲ"

ကဲနက်က ထပ်၍မေးလိုက်ပြန်သည်။ "အဲဒီတုန်းက ခင်ဗျားအပေါ်မှာ အိုက်ခ်မန်းက ဘယ်လိုဆက်ဆံသလဲ"

"ကျုပ်နဲ့တွေ့ခဲ့ရတဲ့ နှစ်ကြိမ်စလုံး သူဆက်ဆံပုံနဲ့ ပြောပုံဆိုပုံက မဆိုး ပါဘူး။ ဒုတိယအကြိမ် တွေ့တုန်းကဆိုရင် ကျုပ်ဟာ သူ့ရှေ့မှာ မတ်တတ်ရပ်ပြီး သူ့ဆွပ်စွဲတာတွေ ခံခဲ့ရပါတယ်။ သူက ကျုပ်ဟာ ဇီယွန်ဝါဒီတွေရဲ့ အစည်းအဝေး တစ်ခုမှာ ဂျာမန်အစိုးရကို ဝေဖန်တယ်လို့ စွပ်စွဲပါတယ်၊ ကျုပ်ကလည်း ဒါကို လက်မခံဘဲ ပြန်ရှင်းပြခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ကျုပ်ပြောခဲ့တာဟာ သတင်းစာတွေထဲမှာပါတဲ့ ဂျူးဆန့်ကျင်ရေး ဥပဒေတစ်ခုနဲ့ ပတ်သက်ပြီး ပြောခဲ့ တာပါ။ ဂျူးတွေရဲ့ ကံကြမ္မာကို ဂျူးတွေကပဲ ဖန်တီးပါလိမ့်မယ်လို့ သူ့ကို ပြောခဲ့ပါတယ်။ ကျုပ်ဟာ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလမှာ ဂျူးတွေရဲ့ဆိုင်တွေ ဖြိုဖျက်ဆီးခံရပြီး နောက်တစ်နေ့ ဂျာမနီက ထွက်လာခဲ့တာပါပဲ"

"ကဲ… ဒါဖြင့်" ကဲနက်က သူ့စကားကို ဆက်လိုက်သည်။ "အခု ကျွန်တော် ခင်ဗျားကိုပြခဲ့တဲ့ ဓာတ်ပုံထဲကလူဟာ ဘယ်သူလဲဆိုတာ ခင်ဗျားကို ပြောပြဖို့ လိုသေးသလား"

"မလိုပါဘူး၊ ဒီလူ ဘယ်သူဆိုတာ ကျုပ်မှန်းကြည့်လို့ ရပါတယ်" ဒေါက်တာဟန်းက ပြုံး၍ပြောလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ကတော့ သူနဲ့ပတ်သက်လို့ တိတိကျကျ အခိုင်အမာ ပြောနိုင်လောက်တဲ့ အထောက်အထား မရှိသေးဘဲဖြစ်နေပါတယ်" ကဲနက်က အမှန်အတိုင်း ဝန်ခံလိုက်သည်။ "အဲဒီတော့ ဓာတ်ပုံတွေကို နောက်တစ်ကြိမ် ထပ်ကြည့်ပေးပါဦးလား"

ဒေါက်တာဟန်းသည် ဓာတ်ပုံများကို စိုက်၍ အတော်ကြာအောင် ကြည့်နေသည်။ နောက်ဆုံး၌ သူသည် ခေါင်းကိုခါလိုက်ပြီးမှ "ဝမ်းနည်းပါတယ်၊ အခု ခင်ဗျား ကျုပ်ကိုပြောပြပေမယ့် ကျုပ်အနေနဲ့ ဒီဓာတ်ပုံတွေထဲက လူဟာ အိုက်ခ်မန်းပါလို့ သေချာပေါက် မပြောနိုင်ဘဲဖြစ်နေပါတယ်။ ဒါပေမဲ့ တစ်ခု ရှိတာက ဒီလူဟာ အိုက်ခ်မန်း မဟုတ်ဘူးလို့လည်း ကျုပ်အနေနဲ့ ပြောနိုင်တော့ နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟန်း၏ စကားများသည် ထိုသို့ နှစ်ခွဖြစ်နေသော်လည်း ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်များမှာမူ ပို၍အားတက်စရာကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ အစ္စရေးရဲအဖွဲ့မှ ကျွန်ုပ်တို့အား အမြဲကူညီခဲ့သော တရားခံများ ဆန်းစစ်ခွဲရေးဌာန တာဝန်ခံက အယ်လီ ဘီလန်ဆိုသူအား ဓာတ်ပုံများကို ဓာတ်ခွဲ၍ ဆန်းစစ်ကြည့်ရှုရန် တာဝန်ပေးခဲ့သည်။ အယ်လီမှာ ကနေဒါနိုင်ငံမှ ရောက်လာသူဖြစ်၍ လူပုံပန်းသဏ္ဌာန်များ‌ကို ဓာတ်ပုံချင်း နှိုင်းယှဉ်၍ ဆန်းစစ်ခွဲခြားသည့် အလုပ်ကို အထူးလေ့လာလိုက်စားခဲ့သူ ဖြစ်သည်။ ယခုကိစ္စတွင် သူဆန်းစစ်ဆုံးဖြတ်ပေးရမည့်သူကို သူ့အား ပြောမပြဘဲ ထားခဲ့သည်။ အာဂျင်တီးနားတွင် ကဲနက်တို့ ရိုက်လာခဲ့ကြသည့် ဓာတ်ပုံများကို သူ့အားပေးပြီးနောက် နာဇီအက်စ်အက်စ် ယူနီဖောင်းဝတ်စုံများ ဝတ်ထားသည့် ဓာတ်ပုံများကိုပြကာ ထိုနှစ်မျိုးနှစ်စားပုံများ နှိုင်းယှဉ်ဆန်းစစ် ခွဲခြားပေးရန် ပြောခဲ့သည်။

အယ်လီသည် နှစ်မျိုးနှစ်စားဖြစ်နေသော ဓာတ်ပုံများမှ နှိုင်းယှဉ်ကြည့်ရမည့် နေရာများကို ခန္ဓာကိုယ်ပေါ်ရှိ ခြေဖျား လက်ဖျား စသည့် အမျိုးမျိုးသော အစွန်အဖျားများဖြင့် ထောင့်များဖြစ်ပေါ်လာအောင် မျဉ်းကြောင်းများဆွဲ၍ လေ့လာကြည့်ခဲ့သည်။ ထို့ပြင် အခြားပိုမိုထိရောက်သော နည်းတစ်နည်းကိုလည်း အသုံးပြုခဲ့သည်။ ထိုနည်းမှာ ဓာတ်ပုံများပေါ်မှ နားရွက်များကိုတိုင်း၍ တစ်ပုံနှင့်တစ်ပုံ နှိုင်းယှဉ်ကြည့်ခြင်းပင်ဖြစ်သည်။ နားရွက်များ၏ အရွယ်အစား၊ နားရွက်နှင့် ဦးခေါင်း ထိတွေ့ဆက်စပ်နေသည့် နေရာ၊ မျက်နှာနှင့် နားရွက်များ၏ အနေအထား၊ နားရွက်နှင့် မျက်နှာပြင်ပုံသဏ္ဌာန် စသည်များကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် အယ်လီသည် ကဲနက်တို့ ရိုက်ကူးထားသည့် ဓာတ်ပုံများထဲမှလူနှင့် ဓာတ်ပုံဟောင်းများထဲမှ အက်စ်အက်စ်ဝတ်စုံ ဝတ်ထားသည့်လူ တူမတူ၊ တစ်ယောက်တည်း ဟုတ်မဟုတ် သိနိုင်သည်။ အယ်လီ၏ အစီရင်ခံစာထဲ၌ ယင်းသို့ နှိုင်းယှဉ်ကြည့်သည့် အချက်ပေါင်း ရှစ်ချက် ပါရှိခဲ့ရာ အချက်အားလုံး တစ်ခုမကျန် တူညီနေကြောင်း ဖော်ပြထားသည်။ သူသည် ဓာတ်ပုံနှစ်မျိုးနှစ်စားထဲမှ လူနှင့်ယောက်သည် လုံးဝ ဒွိဟဖြစ်စရာမရှိအောင် အလုံးစုံတူညီနေပါသည် (ဝါ) တစ်ဦးတစ်ယောက်တည်း ဖြစ်ပါသည်ဟူ၍ ခြွင်းချက်မရှိ အတိအလင်း ဖော်ပြနိုင်သော်လည်း သူ့ အစီရင်ခံစာမှ နှိုင်းယှဉ်ဖော်ပြချက်များကို ထောက်ရှု၍ ကာလီမင့် ဆိုသူမှာ အိုက်ခ်မန်းဖြစ်ကြောင်း သေချာသလောက် ဖြစ်နေသည်။

ဘာဖြစ်ဖြစ် ဤနေရာ၌ ဒေါက်တာဟန်းကိုယ်တိုင် လူချင်းကွဲခြား မပြောနိုင်သည်ကို ထောက်ရှုခြင်းအားဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကျော်က





အိုက်ခ်မန်းအား သိခဲ့ဖူးသည့် အခြားပုဂ္ဂိုလ်များအနေဖြင့်လည်း ဓာတ်ပုံတစ်ပုံကို ကြည့်၍ မှတ်မိနိုင်ဖွယ်ရာမရှိဟု ကျွန်ုပ် ယူဆခဲ့သည်။ ကာလီမင့်အား အသေအချာ ‘အရှင်လတ်လတ်’ကြည့်၍ ဆုံးဖြတ်ရန်အတွက် အာဂျင်တီးနားသို့ အစ္စရေးမှ တစ်စုံတစ်ယောက်ကို စေလွှတ်ရန်မှာလည်း အလွန်အန္တရာယ်များလှသည်ဟု တွေးမိသည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စနှင့်စပ်လျဉ်း၍ ကဲနက်တို့အဖွဲ့သည် ကာလီမင့်၏ အိမ်အနီးတစ်ဝိုက်တွင် အချိန်အတော်ကြာအောင် အထပ်ထပ် အခါခါ သွားရောက်လေ့လာ စုံစမ်းခဲ့ကြပြီးဖြစ်ရာ နောက်ထပ် ဆိုနေရာသို့ ထပ်မံသွားရောက် စုံစမ်းဦးမည်ဆိုပါက မသင်္ကာစရာဖြစ်ကာ စစ်ဆင်ရေးတစ်ခုလုံးကိုပင် ထိပါးပျက်ပြားသွားနိုင်သည်ဟူ၍ ကျွန်ုပ် စဉ်းစားမိသည်။

ဤနေရာတွင် ကျွန်ုပ်သည် ယခင်က အိုက်ခ်မန်းအား မြင်ဖူး တွေ့ဖူးသူ တစ်ယောက်ကို လှုပ်ရှားတပ်ဖွဲ့နှင့်အတူ အာဂျင်တီးနားသို့ ထည့်ပေးလိုက်ရလျှင် ကောင်းလေမလားဟူ၍ စိတ်ကူးကြည့်မိသည်။ သို့သော် ဤကိစ္စမျိုးတွင် အတွေ့အကြုံ လုံးဝမရှိသည့် သာမန်အရပ်သား သူစိမ်းတစ်ယောက် ယင်းသို့လိုက်ပါသွားခြင်းအားဖြင့် သူ့အတွက် အထူးအစီအစဉ်များ ဆောင်ရွက်ပေးနေရမည် ဆိုပါက နောက်ယောင်ခံ၍ စုံစမ်းထောက်လှမ်းသည့် လုပ်ငန်းများတွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်လာနိုင်စရာ ရှိနေပြန်သည်။ စင်စစ် ထိုသို့ လိုက်ပါမည့်သူသည် အသက်အားဖြင့် လူလတ်ပိုင်းအရွယ်သာလျှင် ဖြစ်သည်။

သို့သော် စစ်ဆင်ရေးတွင် အိုက်ခ်မန်းဟူ၍ ကွဲကွဲပြားပြား သိရအောင် ထောက်လှမ်းခြင်းသည် စစ်ဆင်ရေးတစ်ခုလုံး၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခုပင်ဖြစ်ရာ မည်သည့်နည်းဖြင့်မဆို ကျွန်ုပ်တို့သည် အခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု တထစ်ချ ယုံကြည်မိသည်။ သို့ဖြစ်ရာ ကာလီမင့်သည် အိုက်ခ်မန်းအစစ်ဖြစ်ကြောင်း သေချာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် သူ့အား လက်ရဖမ်းဆီးရန်အတွက် ဆက်လက်ဆောင်ရွက်နိုင်မည်မှာ မုချပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် အိုက်ခ်မန်းကို တွေ့ဖူး မြင်ဖူးသူအား အထူးလျှို့ဝှက်၍ အချိန်ယူကာ ရှာဖွေခဲ့ရာ နောက်ဆုံး၌ အမျိုးသမီးတစ်ဦးကို တွေ့ခဲ့သည်။ ထိုအမျိုးသမီးအား အကျိုးအကြောင်း ပြောပြကာ ယခုကဲ့သို့ အန္တရာယ်ကြီးမားသည့် အစွမ်းကုန် ကြိုးစားအားထုတ်ရမည့် လုပ်ငန်းကြီးတွင် ပါဝင်ကူညီရန် မေတ္တာရပ်ခံခဲ့ရာ သူမက လိုလိုလားလားပင် သဘောတူလက်ခံခဲ့သည်။ သို့သော် ဤတွင်



www.burmeseclassic.com

www.burmeseclassic.com



တွင် အပြန်အတားတစ်ခု တွေ့လာရပြန်သည်။ သူမ၏ ကျန်းမာရေးအခြေအနေပင်ဖြစ်သည်။ ထိုအချိန်က သူမ၏ကျန်းမာရေးမှာ အတော်ကလေး သိသိသာသာ ဆိုးရွားနေခဲ့ရာ သူမအတွက်စိတ်မချရသည့် အနေအထားမျိုးပင် ရှိနေခဲ့သည်။ ကျွန်ုပ်တို့၏ စစ်ဆင်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သော စိတ်ဝါ ကျန်းမာတောင့်တင်းလာအောင် အချိန်ယူ၍ ကုသရဦးမည်ဖြစ်သည်။

ကျွန်ုပ်သည် အဘက်ဘက်မှ အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီးနောက် ထိုအမျိုးသမီးအား တာဝန်မပေးရန် ဆုံးဖြတ်လိုက်ရသည်။ တစ်ချိန်တည်းတွင် အကယ်၍ အရေးတကြီး လိုအပ်လာပါက ကူညီဆောင်ရွက်နိုင်ရန် သူမအား အသင့်ပြင်ဆင်ထားဖို့ ညွှန်ကြားခဲ့ရသည်။

❒

ယခုအခါ စစ်ဆင်ရေး ယန္တရားကြီး၏ 'ဘီး'များမှာ အရှိန်ဖြင့် အလျင်အမြန် လည်ပတ်နေပြီဖြစ်သည်။ ကလီမင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထောက်လှမ်းမှုများကို ဆက်လက်မပြုလုပ်တော့ဘဲ သူ့ကို လက်ရဖမ်းဆီးမိပြီးမှ ဘယ်သူဘယ်ဝါဟူ၍ ကွဲကွဲပြားပြား သိရတော့မည်ဖြစ်ကြောင်း သေချာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် လက်တွေ့ စတင်ဆောင်ရွက်ရမည့် စစ်ဆင်ရေးအစီအစဉ်များကို ချမှတ်ခဲ့သည်။ ဤနေရာ၌ စစ်ဆင်ရေးကို လက်တွေ့အကောင်အထည်ဖော်ကြရမည့် လှုပ်ရှားမှုတပ်ဖွဲ့တွင် မူလစတင်စုံစမ်းထောက်လှမ်းခဲ့ကြစဉ်က ပါဝင်ဆောင်ရွက်ခဲ့သူများကိုပင် ထည့်သွင်းဖွဲ့စည်းရမည်မှာ အထူးစဉ်းစားနေရန် မလိုသည့် အချက်ပင်ဖြစ်သည်။ ဤသို့ဖြင့် ရှုပ်ထွေးများပြားလှသည့် နောက်ဆက်တွဲ အစီအစဉ်များကို ရေးဆွဲရန်နှင့် အာဂျင်တီးနားသို့ လူအရေအတွက် ပိုမိုပို့ဆောင်ရန် မရှောင်မလွှဲသာ ဖြစ်လာခဲ့သည်။ မည်သို့ပင်ဖြစ်စေ အစီအစဉ်များ ရေးဆွဲချမှတ်ပြီးသည့်အချိန်နှင့် စစ်ဆင်ရေးတပ်ဖွဲ့ဝင်များ စတင်ထွက်ခွာသည့် အချိန်ကာလအတောအတွင်း အခြေအနေ တစ်စုံတစ်ခု ပြောင်းလဲသွားစေရန်နှင့် အိုက်ခ်မန်းအနေဖြင့် တစ်စွန်းတစ်စ ရိပ်မိမသွားစေရန် အထူးသတိပြုနေကြရသည်။

အခြေအနေအရ ကျွန်ုပ်သည် လှုပ်ရှားတပ်ဖွဲ့တွင် ပါဝင်မည့်သူများကို အမြန်ဆုံး စုစည်းရန်နှင့် အဖွဲ့နှစ်ဖွဲ့ ခွဲရန် စီစဉ်ခဲ့ရသည်။ ပထမအဖွဲ့ဖြစ်သော ရှေ့ပြေးတပ်ဖွဲ့သည် 'ပစ်မှတ်'နေရာသို့ ကြိုတင်သွားရောက်၍ ရီကာဒို ကလီမင့်သည် ထိုအိမ်တွင် ဆက်လက်ရှိမရှိကိုလည်းကောင်း၊ သူ့ကို လက်ရဖမ်းရန်





အတွက် လောလောဆယ် အခြေအနေ ကောင်းမကောင်း စသည်များကိုလည်းကောင်း အသေးစိတ် လေ့လာထောက်လှမ်းကြရမည် ဖြစ်သည်။ ထိုအချိန်တွင် ဒုတိယဖြစ်သော ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ဖွဲ့မှ လှုပ်ရှားမှု စတင်ရန် အချက်ပြခေါ်ယူလိုက်သည့်အချိန်၌ အားလုံး အဆင်သင့်ဖြစ်နေစေရန် အဘက်ဘက်မှ စီစဉ်ထားရမည်ဖြစ်သည်။

ကျွန်ုပ် စဉ်းစားမိသလောက် အိုက်ခ်မန်းအား အာဂျင်တီးနားမှ အစ္စရေးသို့ ခေါ်ဆောင်လာသည့် အစီအစဉ်များကို လှုပ်ရှားတပ်ဖွဲ့ဝင်များ စတင်မထွက်ခွာမီကပင် ချမှတ်လုပ်ဆောင်ပြီး ဖြစ်နေရမည်ဟု ယူဆထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ခေါ်ဆောင်ရမည့် အစီအစဉ်များကို အတိအကျ စီစဉ်ထားခြင်း မရှိဘဲ အိုက်ခ်မန်းအား လက်ရဖမ်းရန် မဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အိုက်ခ်မန်းအား ခေါ်ဆောင်ရမည့် အခြေအနေနှင့် လုပ်နည်းလုပ်ဟန်သည် သူ့ကို ဖမ်းမိသည့်အချိန်နှင့် ဆက်စပ်မှု ရှိနေရမည့်ပြင် ထိုသို့ ဖမ်းဆီးရာ၌ အသုံးပြုရမည့် နည်းလမ်းကိုပါ အဆုံးအဖြတ် ပေးလိမ့်မည်ဖြစ်သည်။

စစ်ဆင်ရေးအဖွဲ့၏ လှုပ်ရှားမှုတပ်ဖွဲ့တွင် ပါဝင်ရမည့်သူများကို တစ်ခုတည်းသော အခြေခံဖြင့် ရွေးချယ်ရမည်ဖြစ်သည်။ ထိုသူများသည် ဤစစ်ဆင်ရေးကို မူလစတင်၍ ပဏာမစုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့စဉ်ကပင် ပါဝင်ခဲ့ကြ၍ ၎င်းတို့အထဲမှ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်ဆောင်ခဲ့ကြသူများနှင့် ထူးထူးခြားခြား အစွမ်းပြခဲ့သူများကို လက်ရွေးစင် ရွေးချယ်ဖွဲ့စည်းရမည် ဖြစ်သည်။ ထိုသို့ ရွေးချယ်ရာ၌ တစ်ဦးချင်း တစ်ယောက်ချင်း အထူးဂရုစိုက်၍ တကယ့်အစွမ်းသတ္တိနှင့် ပြည့်စုံသူများသာ ပါဝင်သည့် တပ်ဖွဲ့ဖြစ်ရန် အရေးကြီးသည်။ သူတို့တစ်တွေသည် မည်သည့်တာဝန်ကိုမဆို မငြင်းဆန် မတော်လှန်ဘဲ အစစအရာရာ နှုတ်လုံ၍ ကိုယ်ရေးကိုယ်တာ ထင်ပေါ်ကျော်ကြားမှုကို ဘေးချိတ်ကာ ကြိုတင်မှန်းဆ၍မရသည့် တိုက်ပွဲများတွင် အသက်စွန့်ရန် ဝန်မလေးသူများဖြစ်ကြရမည်။

ကျွန်ုပ်သည် အဖွဲ့ခေါင်းဆောင်များအား သူတို့ကို အုပ်ချုပ်လာခဲ့သည့် အချိန်ကပင် စတင်၍ ပုဂ္ဂိုလ်အရ သိကျွမ်းလာခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် သူတို့နှင့် အမြဲမပြတ် ဆက်သွယ်ကာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် အလုပ်တာဝန်များကို သူတို့နှင့်အတူ လက်တွဲ၍ မကြာခဏ လုပ်ဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဟက်ဂီဆိုသူ အထက်တန်းထောက်လှမ်းရေး အရာရှိတစ်ဦးအား ခေါ်ယူတွေ့ဆုံ၍ ဤစစ်ဆင်ရေးတွင် တာဝန်ထမ်းဆောင်ရန်အတွက် ကျွန်ုပ်အလိုရှိသူများအား ရှာပေးနိုင်မည် မပေးနိုင်မည်ကို မေးမြန်းစုံစမ်းကြည့်ခဲ့သည်။ ဟက်ဂီက စိတ်အားထက်သန်စွာဖြင့် လက်ခံသဘောတူခဲ့သည့်ပြင် လိုအပ်ပါက သူကိုယ်တိုင် ယင်းတပ်ထဲတွင် စေတနာ့ဝန်ထမ်း ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ယူပါမည်ဟူ၍ ကတိပေးခဲ့သည်။ ထို့ပြင် သူက ယခုကဲ့သို့သော လုပ်ငန်းတာဝန်များကို စိတ်ပါလက်ပါ ထမ်းဆောင်လိုသူများ အမြောက်အမြား ရှိနေကြောင်း ပြောပြခဲ့သည်။

ကျွန်ုပ်သည် ထောက်လှမ်းရေးအဖွဲ့ တာဝန်ခံတစ်ဦးဖြစ်သူ ဂါဘီအဲလ်ဒက်အား ခေါ်ယူတွေ့ဆုံခဲ့ပြန်သည်။ ဂါဘီသည် ကျွန်ုပ်၏ မိတ်ဟောင်းဆွေဟောင်းတစ်ဦးပင်ဖြစ်၍ စစ်ဆင်ရေးများတွင် အလွန်ထူးချွန်သူ ဖြစ်သည်။ ကျွန်ုပ်သိရသလောက် သူသည် တပ်မှူးဟောင်းတစ်ယောက်ဖြစ်၍ လုပ်ရည်ကိုင်ရည် အလွန်ပြည့်ဝကာ အရာရာကို မှန်မှန်ကန်ကန် အကဲဖြတ်ပိုင်းခြားတတ်သူဖြစ်သည်။ ဂါဘီသည် အစ္စရေးနိုင်ငံအဖြစ် မတည်ထောင်မီက ပါလက်စတိုင်းဒေသရှိ ဂျူးရွာကလေး တစ်ရွာတွင် ဖွားမြင်ခဲ့သည်။ သူသည် အသက် ၁၂ နှစ်သားအရွယ်မှာပင် 'ဟဂ္ဂနာ'တပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ''ဟဂ္ဂနာ'မှာ ဂျူးအမျိုးသားများ၏ ကာကွယ်ရေးတပ်ဖွဲ့ဖြစ်၍ အစ္စရေးအစိုးရ ကာကွယ်ရေးတပ်မတော်၏ မူလပင်မ အခြေခံတပ်ဖွဲ့ပင်ဖြစ်သည်။ ဂါဘီသည် ၁၉ နှစ်အရွယ်တွင် ဟဂ္ဂနာတပ်ဖွဲ့မှ တိုက်ခိုက်ရေးတပ်ဖြစ်သော 'ပါလ်မက်'တပ်တွင် ဝင်ရောက်အမှုထမ်းခွင့်ရခဲ့၍ စစ်ဆင်ရေးနှင့် ပတ်သက်သည့် အတွေ့အကြုံများနှင့် စွန့်စားခန်းများ၏ အရသာကို ပထမဆုံး စတင်ရရှိ ခံစားခဲ့ရသည်။ သူသည် အစ္စရေးနိုင်ငံသို့ တိတ်တဆိတ် ဝင်ရောက်ခဲ့ကြသည့် ဂျူးအမျိုးသားများအား ကက်သလစ်ခန်းတွင် ဗြိတိသျှတို့က ဖမ်းဆီးထားစဉ် ဝင်ရောက်တိုက်ခိုက် ကယ်တင်ခဲ့စဉ်ကတည်းကောင်း၊ မောင့်ကာမဲဒေသမှ ဗြိတိသျှတို့၏ အသံလှိုင်းဖမ်းသည့် ရေဒါစခန်းကို မီးရှို့ဖျက်ဆီးခဲ့စဉ်ကလည်းကောင်း သက်စွန့်ကြိုးပမ်း ပါဝင်တိုက်ခိုက်ခဲ့သည်။

ထို့နောက် ဂါဘီသည် လွတ်လပ်ရေးအကြိုစစ်ပွဲအတွင်း ကင်းထောက်[illegible] တပ်မှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၄၈ ခုနှစ်၊ မတ်လ [illegible] အစ္စရေးနိုင်ငံ လွတ်လပ်ရေးကြေညာသည့်နေ့မှာပင် သူသည် ဂါလစ်လီ[illegible] [illegible]တွင် ဒဏ်ရာရခဲ့သည်။ သို့သော် သူသည် ခြေထောက်မှ





ဒဏ်ရာဖြင့်ပင် မိမိတပ်စခန်းသို့ စွန့်စွန့်စားစားဖြင့် လေးဖက်တွားရှိ၍ ရောက်အောင် ပြန်လာခဲ့သည်။ ထို့နောက် ဒဏ်ရာမပျောက်မီပင် 'စန်နီ'စစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ပြီး 'နီဂတ်'စစ်မြေပြင်သို့ ရောက်သွားခဲ့ပြန်သည်။ ထိုစစ်မြေပြင်တွင် ဂါဘီသည် ညတိုက်ပွဲများကို ကွပ်ကဲခေါင်းဆောင်ရာ၌ အထူးဝင်ကျွမ်းကျင်သည့် တပ်မှူးတစ်ယောက်အဖြစ် ထင်ရှားခဲ့သည်။ ဂါဘီသည် ၁၉၅၀ ပြည့်နှစ်တွင် တပ်မှ လုံးဝအနားယူ၍ ကျွန်ုပ်တို့ ထောက်လှမ်းရေးဌာနသို့ ရောက်ရှိလာခဲ့သည်။

ကျွန်ုပ်သည် ဂါဘီအား ကျွန်ုပ်တို့ဆင်နွှဲရမည့် စစ်ဆင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောခဲ့ပြီးနောက် ကျွန်ုပ်တို့နှစ်ယောက်သည် လက်တွေ့ကျကျဖြင့် လုပ်ဆောင်ရမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ကျွန်ုပ်သည် ဂါဘီနှင့် ယင်းသို့ တွေ့ဆုံကြသည့်အခါတိုင်း တိုတိုနှင့် လိုရင်းကို လက်တွေ့ကျကျ ဆွေးနွေးခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ကျွန်ုပ်သိရသလောက် ဤကမ္ဘာမြေပေါ်တွင် အမြဲတမ်း ပြုံးပြုံးကလေးနေတတ်သော ဤလူဖလံကလေးအား ထိတ်လန့်ကြောက်ရွံ့အောင် လုပ်နိုင်သည့် အရာဟူ၍ မရှိသေးဘဲ ဖြစ်နေသည်။

"ဒါတော့ တကယ်စွန့်စားခန်းပဲဗျို့" ဂါဘီက မှတ်ချက်ချလိုက်သည်။ "ကျွန်တော်တို့မှာ အရင်က ဒီစစ်ဆင်ရေးမျိုး တစ်ခါမှ မနွှဲခဲ့ကြဖူးသေးဘူး"

ဤသည်မှာ သူ၏စိတ်အားထက်သန်မှုနှင့် တက်ကြွမှုကို ဖော်ပြသည့် အမြင့်ဆုံး စကားအသုံးအနှုန်း တစ်ခုဖြစ်ကြောင်း ကျွန်ုပ် နားလည်သဘောပေါက်လိုက်သည်။

ဂါဘီအား သူ့မိတ်ဆွေ အပေါင်းအသင်းများက နေရာတကာတွင် ရာခိုင်နှုန်းဖြင့် တွက်တတ်သူဟူ၍ အသိအမှတ်ပြုထားကြသည်။

"နေပါဦးဗျ၊ ဒီလူဟာ အိုက်ခ်မန်း မဟုတ်ဘူးလို့ ထင်စရာအချက်တွေက ဘာတွေလဲ" သူက မေးလိုက်သည်။

ဤတွင် ကျွန်ုပ်က ယခုအထိ ကျွန်ုပ်တို့ ကြိုးပမ်းဆောင်ရွက်ပြီးခဲ့သမျှတို့ကို တစ်လုံးမကျန် ပြောပြပြီးနောက် ကျွန်ုပ်တို့ တွေ့ရှိထားသော ကလီမင့်သည် အိုက်ခ်မန်း ဟုတ်မဟုတ်ကို သူ့အား လက်ရဖမ်းပြီးမှသာ ကွဲကွဲပြားပြား သိနိုင်မည်ဖြစ်ကြောင်း ရှင်းပြသည်။

ကျွန်ုပ်က ဆက်လက်၍ ရှင်းပြလိုက်သည်။ "ကျွန်တော်တို့အနေနဲ့ [illegible] မယ်ဆိုရင် ဒီစစ်ဆင်ရေးဟာ အရင်ကလုပ်ခဲ့တဲ့ စစ်ဆင်ရေးတွေနဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီတစ်ခါ ကျွန်တော်တို့ဟာ အထက်အမိန့်အရ တာဝန်နဲ့သွားရတဲ့ သဘောမျိုးတင်မကဘဲ၊ ဂျူးအမျိုးသားရေး စိတ်ဓာတ်ကို အခြေခံပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ သွားဖို့လိုပါတယ်။ ဒါကြောင့် ဒီသဘောထားနဲ့ ဒီခံယူချက်ကို လုံးဝ လက်ခံနိုင်တဲ့လူကိုမှ ခေါ်သွားချင်ပါတယ်။ ပြီးတော့ ဒီကိစ္စမှာ တာဝန်ယူကြမယ့် လူတွေဟာ အားလုံး ကိုယ့်ဆန္ဒနဲ့ကိုယ်၊ စေတနာ့ဝန်ထမ်းတွေ ဖြစ်ဖို့လိုတယ်။ အကြောင်းတစ်ခုခုကြောင့် နောက်ဆုတ်တင်းစရာရှိနေတဲ့ လူမှန်သမျှ ဘယ်သူ့ကိုမှ ခေါ်သွားလို့မဖြစ်ဘူးဗျ”

“ဒီလူတွေကတော့ တစ်ယောက်မှ နောက်ဆုတ်တင်းကြမယ့် လူတွေမဟုတ်ပါဘူး” ဂါဘီက ယုံကြည်မှုအပြည့်အဝဖြင့် ပြောလိုက်သည်။

“ကျွန်တော်လည်း ဒီအတိုင်းပဲ ယုံကြည်ပါတယ်” ကျွန်ုပ်က သူနှင့် သဘောချင်းကိုက်ညီကြောင်း ပြောလိုက်သည်။ “ဒါပေမဲ့ ကျွန်တော် ဒီနေရာမှာ အလေးအနက်ထားပြီး တစ်ခုပြောချင်တာက ဒီစစ်ဆင်ရေးမှာ ပါကြမယ့်လူတွေ အားလုံးရဲ့ စိတ်ထဲမှာ ရည်မှန်းချက်တစ်ခုတည်း၊ ဦးတည်ချက် တစ်ခုတည်း ထားဖို့ပဲ။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့တစ်တွေကို တစ်မျိုးလုံး ပြုတ်ပြုတ်ပြုန်းအောင် သုတ်သင်ဖို့ ကြိုးစားခဲ့တဲ့ ဒီသတ္တဝါကောင်ကို တရားဥပဒေရဲ့ ရှေ့မှောက်ကိုရောက်အောင် ခေါ်လာဖို့ဆိုတဲ့ အချက်ပါပဲ။ တကယ်လို့ ဒီကိစ္စမှာ ကျွန်တော်တို့ ကြိုးစားတဲ့အတိုင်း အောင်မြင်သွားမယ်ဆိုရင် ဂျူးအမျိုးသားတွေကို မရေမတွက်နိုင်အောင် သတ်ခဲ့တဲ့ လူတစ်ယောက်အပေါ်မှာ ဂျူးအမျိုးသားပြည်သူတွေက ပထမဆုံးအကြိမ် တရားဥပဒေအရ စီရင်ချက်ချတဲ့ သမိုင်းဝင်ဖြစ်ရပ်ကြီးတစ်ခု ဖြစ်လာမှာပဲ။ ဒါကြောင့် ဒီကိစ္စမှာ အရင်ကထက်ပိုပြီး လူလူချင်း ကိုယ်ချင်းစာနာမှုနဲ့ စိတ်သဘောထား မှန်ကန်မှုကို ပြဖို့လိုမယ်လို့ ထင်ပါတယ်”

“ဒီအချက်ကိုလည်း လူတိုင်း နားလည်သဘောပေါက်ကြပါလိမ့်မယ်” ဂါဘီက တည်ငြိမ်သောလေသံဖြင့် ပြန်ဖြေလိုက်သည်။

“အဲဒီတော့ ပထမဆုံး ခင်ဗျားအနေနဲ့ အမှုတွဲကို အမြန်ဆုံး လေ့လာကြည့်စေချင်တယ်” ကျွန်ုပ်က ပြောလိုက်သည်။ “ဒေသခံ အခြေအနေတွေနဲ့ ပတ်သက်လို့တော့ ကဲနက်က ပြောပြပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်ရမယ့် လုပ်ငန်းအစီအစဉ်တွေနဲ့ ဒီစစ်ဆင်ရေးမှာ ခင်ဗျားခေါ်သွားချင်တဲ့ လူစာရင်းကို မြန်နိုင်သမျှ အမြန်ဆုံး ကျွန်တော့်ဆီ ပို့ပေးစေချင်တယ်”





ယခုအခါ ကျွန်ုပ်သည် အိုက်ခ်မန်းအား အာဂျင်တီးနားမှ အစ္စရေးသို့ ခေါ်ဆောင်လာရမည့် နည်းလမ်းများနှင့် အစီအစဉ်များကို အာရုံစိုက်၍ အချိန်ယူ မှတ်ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ ထို့နောက် ကျွန်ုပ်သည် လော်ရာဒိုတန်ထံသို့ ထပ်မံသွားရောက်ကာ အစ္စရေးသင်္ဘောများ ပင်လယ်ရပ်ခြားသို့ ထွက်ခွာမည့် နေ့ရက်များနှင့် ခရီးစဉ်များကို ရှာဖွေစုံစမ်းပေးရန် ညွှန်ကြားခဲ့သည်။ အထူးသဖြင့် လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း တောင်အမေရိကတိုက်သို့သော်လည်းကောင်း၊ အနီးအနားတစ်ဝိုက်သို့သော်လည်းကောင်း သွားရန်ရှိနေသည့် အစ္စရေးသင်္ဘောများကို စုံစမ်းပေးရန် မှာကြားခဲ့သည်။ ထို့ပြင် ကျွန်ုပ်သည် အာဂျင်တီးနားသို့ ရေခဲစိမ်အသားများ တင်ပို့ရန်ဟူသော အကြောင်းပြချက်ဖြင့် ကုန်တင်သင်္ဘောတစ်စင်းဖြစ်စေ၊ ရေခဲတင်သင်္ဘောဖြစ်စေ စေလွှတ်၍ ဖြစ်နိုင်၊ မဖြစ်နိုင် စုံစမ်းပေးရန်နှင့် အလားတူ အခြားအစီအစဉ်တစ်ခုကို ဆောင်ရွက်ပေးနိုင်၊ မပေးနိုင် စုံစမ်းရန် တာဝန်လွှဲအပ်ခဲ့သည်။ အခြားနိုင်ငံတစ်ခုခုသို့သွားမည့် ပင်လယ်ကူးသင်္ဘောတစ်စီးအား ရုတ်တရက် ရေကြောင်းခရီးစဉ်ပြောင်း၍ တစ်စုံတစ်ရာ သေက်သဖွယ်ရာ မဖြစ်စေဘဲ အာဂျင်တီးနားသို့ ခုတ်မောင်းရန် အစီအစဉ်များ လုပ်နိုင်၊ မလုပ်နိုင် အချက်အလက် အခြေအနေများကိုပါ ရှာကြံလေ့လာပေးရန်လည်း မှာကြားခဲ့သည်။

နောက် ရက်အနည်းငယ်မျှကြာသောအခါ လော်ရာထံမှ ယခုရက်ပိုင်းအတွင်း တောင်အမေရိကတိုက်နှင့် အနီးအနားတစ်ဝိုက်သို့ ထွက်ခွာသွားမည့် အစ္စရေးသင်္ဘောများ လုံးဝမရှိကြောင်း အကြောင်းပြန်ကြားချက် ရောက်လာခဲ့သည်။ အခြား သင်္ဘောတစ်စင်းအား ခရီးစဉ်ပြောင်း၍ အာဂျင်တီးနားသို့ ခုတ်မောင်းရန် အစီအစဉ်မှာလည်း မူလ ကြိုတင်သတ်မှတ်ထားသည့် အစီအစဉ်များအားလုံး ပြောင်းလဲရမည်ဖြစ်၍ အခက်အခဲ ပြဿနာ အများအပြား ပေါ်ပေါက်လာနိုင်ကြောင်း၊ အထူးသဖြင့် စီးပွားရေးသဘောနှင့် လုပ်ငန်းသဘောအရ တစ်မျိုးတစ်မည် အထင်မှားစရာ ဖြစ်လာနိုင်ကြောင်း စသည်ဖြင့် လော်ရာက ပြန်ကြားခဲ့သည်။ သို့ဖြစ်ရာ အကောင်းဆုံး ဖြစ်နိုင်သည့်နည်းလမ်းမှာ အထူးသင်္ဘောတစ်စင်းအား အစ္စရေးနိုင်ငံမှ ကုန်ပစ္စည်းများ တင်ပို့ရန် သို့မဟုတ် အာဂျင်တီးနားမှ ကုန်ပစ္စည်းများ သယ်ဆောင်လာရန်ဟူသော အကြောင်းပြချက်ဖြင့် စီစဉ်ထွက်ခွာရန်သာရှိကြောင်း လော်ရာက အကြံပေးတင်ပြခဲ့သည်။ ထိုသို့ အထူးသင်္ဘောတစ်စင်း စေလွှတ်ရာတွင်လည်း မရှောင်သာ မလွှဲသာဘဲ လမ်းခရီးတွင် ဆိပ်ကမ်းအများအပြားသို့ ဝင်ရောက်ဆိုက်ကပ်ရမည်ဖြစ်၍ အချိန်ကြာမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ဤအခြေအနေများကြောင့် ထိုသို့ အထူးသဘော်ာ စေလွှတ်ရေး အကြံ အစည်ကိုလည်း လက်လျှော့လိုက်ရသည်။

အိုက်ခ်မန်းအား သင်္ဘောဖြင့် တင်ဆောင်မည်ဆိုပါက အထက်ပါအတိုင်း အချိန်ကြာပြီး စစ်ဆင်ရေးတစ်ခုလုံးကို နှောင့်နှေးစေနိုင်သည့်အပြင် မရှောင်မလွှဲ သာဘဲ နိုင်ငံခြားဆိပ်ကမ်းများတွင် ဝင်ရောက်ဆိုက်ကပ်ရာတွင်လည်း လုံခြုံရေး နှင့် လျှို့ဝှက်မှုကိုပါ ထိပါးလာနိုင်သည်ဖြစ်ရာ ကျွန်ုပ်သည် နောက်ဆုံး လေ ကြောင်းမှ သယ်ဆောင်ရေး အစီအစဉ်ကိုသာ ဖောက်ချ၍ စီစဉ်လုပ်ဆောင်သွား ရန် ဆုံးဖြတ်လိုက်ရသည်။

ဤနေရာတွင် အဓိကပြဿနာမှာ အစ္စရေးလေယာဉ်တစ်စင်းကို အာဂျင် တီးနားသို့ တစ်စုံတစ်ရာ သံသယလုံးဝမဖြစ်စေဘဲ ပျံသန်းနိုင်မည့် အခြေခံ အကြောင်းပြချက်များ ရှာဖွေကြံဆရန်ပင်ဖြစ်သည်။ ယခင်တစ်ခါက ကျွန်ုပ်တို့ သည် ဤကိစ္စနှင့်ပတ်သက်၍ အစ္စရေးမှ တောင်အမေရိကတိုက်သို့ လေကြောင်း ခရီးစဉ် တိုးချဲ့ရေးအတွက် စမ်းသပ်ပျံသန်းမှုတစ်ခု ပြုလုပ်မည်ဟု ကြေညာရန် စဉ်းစားခဲ့ကြဖူးသည်။ သို့သော် ယခုရာသီဥတုမှာ ကမ္ဘာလှည့်ခရီးသည်များ အများဆုံး ခရီးသွားလာကြသည့် ရာသီဖြစ်နေရာ ထိုအချိန် ထိုအခါမျိုးတွင် ရောမ ခရီးသည်တင် လေယာဉ်ကြီးတစ်စင်းအား ပုံမှန်ပျံသန်းနေရာမှ ဆွဲယူကာ အစမ်းပျံသန်းမှုအတွက် အသုံးပြုမည်ဆိုပါက အများပြည်သူတို့အနေဖြင့် မှင် အံ့သြကာ သို့လော သို့လော တွေးတောစရာဖြစ်လာနိုင်သည်။

ဤအချိန်မှာပင် ကံကြမ္မာသည် ကျွန်ုပ်တို့ဘက်မှ ဝင်ရောက်ကူညီခဲ့သည် ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မကြာမီ ကျရောက်တော့မည့် အာဂျင်တီးနားနိုင်ငံ၏ နှစ် ၁၅၀ မြောက် လွတ်လပ်ရေးအထိမ်းအမှတ် အခမ်း အနားနှင့် ပတ်သက်၍ သတင်းစာများတွင် အကျယ်တဝင့် ရေးသားဖော်ပြလာ ကြသောကြောင့် ဖြစ်သည်။ ယင်းသို့ သတင်းစာများမှ ရေးသားဖော်ပြချက်များ အရ ၁၉၆၀ ပြည့်နှစ် မေလထဲတွင် အဆိုပါ အာဂျင်တီးနားလွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပရန် အင်တိုက်အားတိုက် စီစဉ် နေသည်ဟု သိရသည့်ပြင် ယင်းအခမ်းအနားသို့ တက်ရောက်ပါရန် အစ္စရေး အစိုးရကိုလည်း ဖိတ်ကြားထားသည်ဟု အတိအကျ သိခဲ့ရသည်။ ထို့ပြင် အစ္စရေး အစိုးရ နိုင်ငံခြားရေးဌာနကလည်း အဆိုပါ အာဂျင်တီးနားလွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့ ကိုယ်စားလှယ်စေလွှတ်ရန်ကိစ္စကို အရေးကြီးသည့်အစီအစဉ် တစ်ရပ်အဖြစ် သဘောထားလျက်ရှိကြောင်း သိရသည်။ ပြီး . . . ယင်းသို့ အပြည့်





ပြည့်ဆိုင်ရာ နိုင်ငံရေးအဓိပ္ပာယ်ဆောင်နေသည့် အဆိုပါ အခမ်းအနားသို့ အစ္စရေး အစိုးရ၏ ထိပ်တန်းအရာရှိကြီးများကို စေလွှတ်ရန် စီမံစိုင်းပြင်းနေကြောင်းပါ ကြားသိခဲ့ရသည်။

သို့ဖြစ်ရာ ကျွန်ုပ်က အဆိုပါ အစ္စရေးအစိုးရ ကိုယ်စားလှယ်အဖွဲ့သည် အာဂျင်တီးနား လွတ်လပ်ရေးအောင်ပွဲသို့ တက်ရောက်ရာ၌ အထူးလေယာဉ် တစ်စင်းဖြင့် သွားသင့်ကြောင်း သွေးတိုးစမ်းကာ နိုင်ငံခြားရေးဌာနသို့ အကြံပေး တင်ပြကြည့်လိုက်သည်။ အဆိုပါ ကိုယ်စားလှယ်စေလွှတ်ရေးကိစ္စကို ကိုင်တွယ် လုပ်ဆောင်နေရသည့် လက်တင်အမေရိကရေးရာဌာနမှ အကြီးအကဲများက ကျွန်ုပ်၏ အကြံပြုချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံသဘောတူခဲ့ကြသည်။ သူတို့စိတ်ထဲတွင် အစ္စရေးမှ အာဂျင်တီးနားသို့ လေယာဉ်တစ်စင်း တိုက်ရိုက် ပျံသန်းရောက်ရှိသွားခြင်းဖြင့် အစ္စရေးနိုင်ငံ၏ ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာမည့် အပြင် အထူးသဖြင့် တောင်အမေရိကတိုက်ရှိ ဂျူးအမျိုးသားများ၏ မျက်စိထဲ တွင် ပို၍ အဆန်းတကြယ် ဂုဏ်ယူဖွယ်ရာ ဖြစ်လိမ့်မည်ဟု ယုံကြည်ယူဆခဲ့ ကြသည်။

သို့ဖြင့် ကျွန်ုပ်သည် ဤကိစ္စအတွက် ယခင် ကျွန်ုပ်တို့နှင့် ဆက်သွယ် ဆွေးနွေးခဲ့ဖူးသော လေကြောင်းကုမ္ပဏီမှ လက်ထောက်ညွှန်ကြားရေးမှူး မိုရေ တက်ဒမာအား ခေါ်ယူတွေ့ဆုံခဲ့သည်။ သူက ယင်းသို့ အထူးလေယာဉ်ပျံသန်းရေး အတွက် တစ်စုံတစ်ရာ အခက်အခဲဟူ၍ လုံးဝမရှိနိုင်ကြောင်း ပြောကြားခဲ့ပြီး ဆက်လက်၍ သို့ပါသော်လည်း ယခုကိစ္စကို အတိအကျ အဆုံးအဖြတ်ပေးရန် အတွက် ညွှန်ကြားရေးမှူးချုပ် ပြန်လာသည်အထိ ရက်အနည်းငယ် စောင့်ဆိုင်း ပါရန် ကျွန်ုပ်အား မေတ္တာရပ်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အထူးလေယာဉ်ပျံသန်းရေး အစီအစဉ်ကြောင့် ကုမ္ပဏီ၏ ပုံမှန်လေယာဉ်ပျံသန်း ရေးအချိန်ဇယားများ ကမောက်ကမ ဖြစ်သွားမည့်ပြင် ငွေရေးကြေးရေးအရ ထိခိုက်နစ်နာ ဆုံးရှုံးစရာများ ရှိနေသောကြောင့်ဟူ၍ တက်ဒမာက ရှင်းပြခဲ့သည်။

ဤနေရာ၌ အစ္စရေးအစိုးရ၏ တရားဝင် ကိုယ်စားလှယ်အဖွဲ့အတွက် ယင်းသို့ အထူးလေယာဉ်ပျံသန်းရန် စီစဉ်လုပ်ကိုင်မှုများတွင် ကျွန်ုပ်၏ဌာနနှင့် လုံးဝ မပတ်သက်ဘဲ ဤကိစ္စကို ကျွန်ုပ် စိတ်ဝင်စားနေသည်မှာ အခြားအကြောင်း တစ်ခုခု ရှိနေသောကြောင့်ဖြစ်သည်ကို တက်ဒမာက အထိုက်အလျောက် ရိပ်မိ နေခဲ့သည်။ ကျွန်ုပ်က ဤအထူးလေယာဉ်ဖြင့် လိုက်ပါရမည့် လေယာဉ်အမှုထမ်း များကို ရွေးချယ်ရာ၌ ကျွန်ုပ်ထံမှ အတည်ပြုချက်ရယူရန် လိုအပ်ကြောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လေကြောင်းကုမ္ပဏီမှ ညွှန်ကြားရေးမှူး အက်ရှာကီဒမ်အား ကျွန်ုပ်၏အမိန့်ကို နာခံရန်ဖြစ်စေ၊ သို့မဟုတ် ကျွန်ုပ်ကိုယ်စား တာဝန်လွှဲထားသူတစ်ဦး၏ အုပ်ချုပ်မှု အောက်တွင် ထားပေးရန်ဖြစ်စေ၊ တစ်ခုခု ဆောင်ရွက်ပေးရန် ပြောကြားလိုက်သောအခါ တက်ဒမာသည် ဤတွင်မှ အခြေအနေအားလုံးကို နားလည်သဘော ပေါက်သွားခဲ့သည်။ သို့ဖြင့် သူသည် ကျွန်ုပ်၏ ရုံးခန်းထဲမှ ပြန်ထွက်တော့မည် ဆဲဆဲ တံခါးလက်ကိုင်ဖုကလေးကို ကိုင်လျက်သား မသိမသာပြုံးကာ ကျွန်ုပ်အား လှမ်းမေးလိုက်သည်။ “ဒီကိစ္စက အိုက်ခ်မန်းနဲ့ ပတ်သက်နေတယ် မဟုတ်လား”

ကျွန်ုပ်သည် ထိုစဉ်က သူ့မေးခွန်းကို ခေါင်းညိတ်၍သာ အဖြေပေးခဲ့ သည်။ နောက်တွင် အချိန်ကာလအားဖြင့် အတော်ကြာသွားပြီးနောက် တက်ဒမာ သည် တစ်နေ့တွင် ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ ထိုနေ့က သူ့မှာ အတော် ကလေး စိတ်မကောင်းဖြစ်မိကြောင်း ကျွန်ုပ်အား ဝန်ခံစကား ပြောကြားခဲ့သည်။ “ကျွန်တော်ဖြင့်ဗျာ အဲဒီတုန်းက ကျွန်တော့်ကိုယ် ကျွန်တော် ခွင့်လွှတ်လို့မရအောင် ဖြစ်သွားမိတာပါပဲ၊ တကယ်ပါ။ ခင်ဗျားကို ခပ်စောစောက ကျွန်တော်တို့ရဲ့ ခရီးစဉ်တွေ ကမောက်ကမ ဖြစ်ကုန်လိမ့်မယ်၊ ငွေရေးကြေးရေးအရလည်း အကြီး အကျယ် နစ်နာလိမ့်မယ်ဆိုပြီး ကုမ္ပဏီရဲ့ အကျိုးတစ်ခုတည်းသက်သက်ကြည့်ပြီး ပြောခဲ့မိတာကို တွေးမိတိုင်း ကျွန်တော် စိတ်မကောင်းပါဘူးဗျာ”

နောက်နှစ်ရက် သုံးရက်ခန့် ကြာသောအခါ ကျွန်ုပ်သည် လေကြောင်း ကုမ္ပဏီမှ အကြီးဆုံးဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံခဲ့သည်။ သူတို့ နိုင်ငံခြားရေးဌာနမှ အလိုရှိသည့် အစီအစဉ်များအတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရန် အသင့်ရှိကြောင်းနှင့် ကျွန်ုပ်အတွက်သော်လည်းကောင်း ကျွန်ုပ်၏ လက်ထောက်အရာရှိများ အတွက်သော်လည်းကောင်း လိုအပ်သမျှ ကုမ္ပဏီမှ စီစဉ်ပေးမည်ဖြစ်ကြောင်း အနူးအညွတ် ပြောကြားခဲ့သည်။

သို့ဖြင့် ကျွန်ုပ်သည် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွက် စီစဉ်ဆောင် ရွက်ပေးနေရသည့် ပုဂ္ဂိုလ်များအား လေကြောင်းကုမ္ပဏီမှ အာကျင်တီးနားသို့ အထူးလေယာဉ်တစ်စင်းဖြင့် ပျံသန်းရန် စီစဉ်ထားကြောင်း သွယ်ဝိုက်၍အကြောင်း ကြားခဲ့သည်။ သို့စီစဉ်ခဲ့ရာ၌ ဤခရီးစဉ်ကို စမ်းသပ်သည့်အနေဖြင့် ပျံသန်းလို သည့်ပြင် ယခုကဲ့သို့ နိုင်ငံတကာမှ လာရောက်ဆုံစည်းကြမည့် အရေးကြီးသော အခမ်းအနား၌ ဖျူနိုအဲရစ္စမြို့တော်၌ အစ္စရေးအစိုးရနှင့် အစ္စရေးနိုင်ငံ၏ ရုပ်ပုံလွှာကောင်းကို မြှင့်တင်လို၍ဖြစ်ကြောင်း တစ်ဖက်လှည့်ဖြင့် ပြောကြားခဲ့





သည်။ အလားတူပင် နိုင်ငံအတော်များများမှ ကိုယ်စားလှယ် အဖွဲ့များသည်လည်း မိမိတို့၏ အထူးလေယာဉ်များဖြင့် လာရောက်ကြရန် စီစဉ်ထားသည်ကို အားလုံး သိပြီးဖြစ်ကြသည်။ သို့ဖြင့် ဧပြီလ ၂၂ ရက်နေ့ နိုင်ငံခြားရေးဌာနမှ လေကြောင်း ကုမ္ပဏီသို့ မေတ္တာရပ်ခံစာတစ်စောင် ရောက်ရှိလာခဲ့ပြီး ရက်အနည်းငယ်အတွင်း မှာပင် အထူးလေယာဉ်ပျံသန်းရေး အစီအစဉ်မှာ အတည်ပြုပြီး ဖြစ်သွားခဲ့သည်။

ထိုနေ့မတိုင်မီ ဧပြီလ ၁၈ ရက်နေ့တွင် အက်ရှာကီဒမ်သည် နိုင်ငံခြားမှ တာဝန်တစ်ခု ပြီးဆုံး၍ ပြန်လည်ရောက်ရှိလာခဲ့ရာ ကျွန်ုပ်ထံသို့ ချက်ချင်း လာရောက်တွေ့ဆုံခဲ့သည်။ ကျွန်ုပ်က သူ့အား စစ်ဆင်ရေးနှင့် စပ်လျဉ်း၍ အကျိုးအကြောင်း ရှင်းလင်းပြောပြပြီးနောက် ဗျူနိုအဲရစ္စမြို့သို့ မကြာမီ ခရီးထွက် ရန် အားလုံး အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားဖို့ ပြောကြားခဲ့ရသည်။

ကီဒမ်သည် အရေးအကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဘာမဆို လုပ်ရန် အသင့်ရှိသူတစ်ဦးဖြစ်သည်။ သူသည် ပိုလန်နိုင်ငံတွင် မွေးဖွားခဲ့၍ နာဇီတို့၏ ညှဉ်းပန်းမှုကို တစ်နှစ်ကျော်မျှ ခံခဲ့ရပြီး ၁၉၄၁ ခုနှစ် အသက် ၂၁ နှစ်အရွယ်တွင် ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ သူသည် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိသွားခဲ့ပြီး ဗြိတိသျှဘုရင့်လေတပ်မတော်တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ စစ်ကြီးပြီးဆုံးခဲ့၍ ပိုလန်နိုင်ငံသို့ ပြန်ရောက်သွားသောအခါ သူ့မိသားစု အားလုံးမှာ စစ်ကြီးအတွင်းက ဂျာမန်တို့၏လက်ချက်ဖြင့် အားလုံး သေဆုံးခဲ့ ကြပြီ ဖြစ်သည်။ သူ့မိဘနှစ်ပါးနှင့်တကွ သူ့ညီအစ်ကို မောင်နှမ အားလုံး တစ်ယောက်မကျန် နာဇီအကျဉ်းစခန်းတွင် အသက်ဆုံးရှုံးခဲ့ကြရသည်။ သို့ဖြင့် သူသည် ဂျူးလူမျိုးများအား အစ္စရေးနိုင်ငံသို့ ‘တရားမဝင်ဘဲ’ တိတ်တဆိတ် ပို့ဆောင်ပေးသည့် လုပ်ငန်းများကို အချိန်အတော်ကြာအောင် လုပ်ကိုင်ခဲ့သည်။ နောက်ဆုံး၌ ကီဒမ်သည် သူကိုယ်တိုင်ပင် အစ္စရေးနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ သူနှင့်အတူ သူ့ဇနီးနှင့် သူ့အစ်ကို၏ လေးနှစ်အရွယ် သားကလေးတစ်ယောက် ပါလာခဲ့သည်။ ထိုလေးနှစ်သားကလေးကို ကီဒမ်သည် စစ်ကြီးအတွင်း ဂျာမန် များ သိမ်းပိုက်ထားသည့် တစ်ချိန်လုံး တိတ်တိတ်ပုန်း စောင့်ရှောက်ကျွေးမွေး ထားခဲ့သည်။ ထို့နောက် ကီဒမ်သည် အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးစစ်ပွဲတွင် လေတပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့ပြီး လွတ်လပ်ရေးကြေညာပြီးသောအခါ လေတပ်မှ ထွက်၍ ပုဂ္ဂလိကလေကြောင်းဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ စစ်ဆင်ရေးကာလ တစ်လျှောက်လုံး ကီဒမ်သည် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကိုမှု 'ဘုး'မခံဘဲ မငြင်းမဆန် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်မှာ အံ့သြစရာ ကောင်းလှ ဆိုရမည်ဖြစ်သည်။

❒

အာဂျင်တီးနား လွတ်လပ်ရေးအထိမ်းအမှတ် အခမ်းအနားကို ၁၉၆၀ ပြည့်နှစ် မေလ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ရန် ကြေညာထားခဲ့ရာ နိုင်ငံတကာမှ ကိုယ်စားလှယ်များသည် ထိုနေ့ ထိုရက်မတိုင်မီ ဗျူနိုအဲရစ္စမြို့သို့ အရောက်သွား ကြရန် စီစဉ်ထားကြသည်။ ကျွန်ုပ်အနေဖြင့် ကျွန်ုပ်တို့၏ အထူးလေယာဉ်ကို စောနိုင်သမျှ စောစောပျံသန်းရန် ကြံစည်စိတ်ကူးထားခဲ့သည်။ သို့သော် အကယ်၍ လေယာဉ်သည် ဗျူနိုအဲရစ္စလေဆိပ်တွင် ရက်ပေါင်းအတော်ကြာအောင် ရပ်နား ထားပါက မသင်္ကာစရာ ဖြစ်လာဖွယ်ရာ ရှိနေပြန်သည်။ သို့ဖြစ်ရာ အများဆုံး သုံးရက်ထက်ပို၍ လေယာဉ်ကို စောင့်ဆိုင်းရပ်နားထားရန် မသင့်ဟု ကျွန်ုပ် သဘောရမိသည်။ ထို့ပြင် အိုက်ခ်မန်းအား လက်ရဖမ်းဆီးပြီးနောက် အာဂျင် တီးနားနိုင်ငံတွင် အချိန်ကြာကြာ လျှို့ဝှက်စွာ ချုပ်နှောင်ထိန်းသိမ်းထားရန် အခက်အခဲရှိနေသည်ဖြစ်ရာ သူ့ကို လက်ရဖမ်းဆီးရမည့် အချိန်သည် လေယာဉ် ထွက်ခွာမည့်အချိန်၊ လေယာဉ်ထွက်လာခွာမည့် နေ့ရက်နှင့် အတတ်နိုင်ဆုံး နီးကပ် နေရမည်ဖြစ်သည်။ တစ်နည်းပြောရလျှင် အိုက်ခ်မန်းအား ဖမ်းသည့်အချိန်နှင့် လေယာဉ်ထွက်ခွာသည့် အချိန်သည် ဆက်စပ်မှု ရှိနေရမည်ဖြစ်သည်။ အကယ်၍ လေယာဉ်သည် မေလ ၂၀ ရက်နေ့ထက် တစ်ပတ်ခန့်စော၍ ရောက်ရှိပြီး ထိုအချိန်အတောအတွင်း စစ်ဆင်ရေး အစီအစဉ်များကို ချိန်ကိုက်သတ်မှတ် လုပ်ဆောင်နိုင်ပါက အကောင်းဆုံးပင်ဖြစ်သည်။ ထို့နောက် အကယ်၍ အိုက်ခ် မန်းအား ဖမ်းဆီးသည့်အစီအစဉ်ကို နောက်ဆုံးအချိန်တွင်မှ ကပ်၍ ရွှေ့ဆိုင်း ရမည်ဆိုလျှင်လည်း လေယာဉ်ကို အချိန်ဆွဲထားပြီး အခမ်းအနား စတင်ဖွင့်လှစ် သည့်နေ့ရက် နီးမှသာ ထွက်ခွာရန် စီစဉ်နိုင်သည်။

ဤနေရာတွင် လေယာဉ်ကို ယင်းသို့ မေလ ၂၀ ရက်နေ့နီးမှ အချိန် ကိုက်၍ ပျံသန်းထွက်ခွာရန် စီစဉ်ခဲ့ပြီး ဤအတောအတွင်း စစ်ဆင်ရေးအစီအစဉ် များကို ရွှေ့ဆိုင်းခဲ့ရပါက ကျွန်ုပ်တို့တွင် အကြီးအကျယ် အခက်ကြုံမည်မှာ သေချာသည်။ ဤအတိုင်းဆိုလျှင် လေယာဉ်ကို တစ်စုံတစ်ရာ သံသယမရှိအောင် အာဂျင်တီးနားတွင် အချိန်ကြာကြာ ဆိုက်ကပ်ရပ်နားထားရန် မဖြစ်နိုင်သည့် အလျောက် ပြန်လည်ထွက်ခွာလာရမည်ဖြစ်ရာ ဤခရီးစဉ်တွင် အရေးအကြီးဆုံး





နှင့် အခက်အကျဆုံးဖြစ်သည့် လုပ်ငန်းကြီးကို မဆောင်ရွက်နိုင်ဘဲ လေယာဉ်ကို ပြန်လွှတ်ရမည့်အချိန်သို့ ဆိုက်ရောက်သွားနိုင်သည်။ အခြားတစ်နည်းအားဖြင့် စဉ်းစားကြည့်သောအခါ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းအရာရှိကြီးများ ပါဝင် သည့် ကိုယ်စားလှယ်အဖွဲ့များ ဆိုက်ရောက်မလာမီ လေဆိပ်တွင်လည်းကောင်း၊ မြို့ထဲတွင်လည်းကောင်း၊ လေဆိပ်နှင့် မြို့ထဲသို့ သွားလာသည့် လမ်းများ တစ်လျှောက်တွင်လည်းကောင်း လုံခြုံရေးအစီအစဉ်များ တင်းကျပ်စွာချမထားမီ ကျွန်ုပ်တို့ စစ်ဆင်ရေးနှင့် အစီအစဉ်များကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် လုပ် ဆောင်ထားသင့်သည်ဟု ယူဆမိသည်။

ဤအတွင်း နိုင်ငံခြားရေးဌာနနှင့် လေကြောင်းကုမ္ပဏီတို့ ရက်အတော် ကြာအောင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် လေယာဉ်ပျံသန်းမည့် နေ့ရက်ကို မေလ ၁၁ ရက်နေ့ဟူ၍ သတ်မှတ်လိုက်ကြသည်။ ဤသို့ သတ်မှတ်ခဲ့ရခြင်းနှင့် ပတ်သက်၍ လေကြောင်းကုမ္ပဏီက 'မိမိတို့၏ ပုံမှန်ပျံသန်းနေသည့် ခရီးစဉ်ထဲမှ ယခုကဲ့သို့ ခရီးသည်အမြောက်အမြား တင်ဆောင်နိုင်သည့် ဧရာမလေယာဉ်ကြီးကို အထူးပျံသန်းမှုတွင် အသုံးပြုရန် အခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ပြီးမှ ဤနေ့ ဤရက်ကို အသင့်တော်ဆုံးထား၍ ရွေးချယ်သတ်မှတ်လိုက်ရခြင်းဖြစ်ကြောင်း' နိုင်ငံခြားရေးဌာနသို့ ရှင်းလင်းတင်ပြခဲ့သည်။ ဤနေရာတွင် လေယာဉ်ပျံသန်းမည့် နေ့ရက်နှင့် အချိန်ကို ရွေးချယ်သတ်မှတ်ရာ၌ ကျွန်ုပ်သည် အရေးပါ အရာရောက် သည့် အခန်းမှ ပါဝင်ခဲ့ကြောင်း လူအနည်းငယ်သာလျှင် သိရှိခဲ့ကြသည်။

ယခုကဲ့သို့ လေယာဉ်ကို ရက်စော၍ ပျံသန်းထွက်ခွာခဲ့ခြင်းဖြင့် ကိုယ်စား လှယ်များမှာ လွတ်လပ်ရေးအောင်ပွဲတွင် အစ္စရေးအစိုးရ ကိုယ်စားလှယ်အဖြစ် တက်ရောက်နိုင်ရုံသာမက သူတို့အဖို့ အာဂျင်တီးနားနိုင်ငံတွင် လှည့်လည်လေ့လာ ကြည့်ရှုရန်နှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ဆောင်ရွက်ရန် အချိန်များစွာ ရကြမည်ဖြစ်သည်။

ဆွေးနွေးညှိနှိုင်းမှုများ ပြီးစီး၍ ဆုံးဖြတ်သတ်မှတ်ချက်များကို အတည်ပြု ခဲ့ကြပြီးနောက် အထူးလေယာဉ်ပျံသန်းမည့် သတင်းကို စာနယ်ဇင်းများတွင် တရားဝင် ထည့်သွင်းကြေညာခဲ့ကြသည်။ ထို့ပြင် အများပြည်သူတို့အတွက် အဆိုပါ အထူးလေယာဉ်ဖြင့် လိုက်လိုပါက ဗျူနိုအဲရစ္စလေဆိပ်နှင့် အခြား မြို့ကြီးများမှ လေဆိပ်များတွင် လက်မှတ်များ ဝယ်ယူရရှိရေးအတွက် ကြိုတင် စာရင်းပေးသွင်းကြပါရန် ကြေညာခဲ့သည်။ သို့သော် ဤအထူးလေယာဉ်ပျံသန်း ရေးနှင့် စပ်လျဉ်း၍ အစိုးရပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အစီအစဉ်များ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတွင် လေကြောင်းကုမ္ပဏီမှ ပူးတွဲပါဝင်ဆောင်ရွက်ခဲ့ရသည်။ ယင်းအစီအစဉ်များမှာ လေယာဉ်ဆင်းသက်ခွင့်ရရှိရေး၊ လေယာဉ်ကို လိုအပ်သည့်ပြင်ဆင်မှုများနှင့် စစ်ဆေးမှုများ ပြုလုပ်ရာ၌ လုံခြုံစိတ်ချမှုရရှိရေး၊ လောင်စာဆီများ ပြည့်စုံလုံလောက်စွာ ရရှိဖြည့်တင်းရေး၊ ဇျူနိုအဲရစ္စမြို့တော်နှင့် တဲလ်အဗစ်မြို့တော်တို့ အပြန်အလှန်ဆက်သွယ်ရာ၌ အသုံးပြုသွားရမည့် လျှို့ဝှက်ကြေးနန်းသင်္ကေတသတ်မှတ်ရေး စသည်တို့ဖြစ်သည်။

ကျွန်ုပ်၏ မေတ္တာရပ်ခံချက်အရ ကီဒမ်သည် အာဂျင်တီးနားသို့ ကြိုတင်၍ ထွက်ခွာသွားခဲ့သည်။ သူသည် အထက်ပါ အစီအစဉ်များကို ဆောင်ရွက်ရန် ရှိနေသည့်အပြင် အပြန်ခရီးတွင် အာဂျင်တီးနားမှ အစ္စရေးသို့ ခရီးသည်များ လိုက်ပါခွင့် ရရှိရေးကိုပါ ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်သည် ကီဒမ်အား အိုက်ခ်မန်းကို အာဂျင်တီးနားမှ တိတ်တဆိတ် ခေါ်ဆောင်ရာ၌ အကယ်၍လိုအပ်ပါက ကျွန်ုပ်တို့အား အကူအညီပေးနိုင်ရန်အတွက် ဇျူနိုအဲရစ္စလေဆိပ်၏ အနေအထားနှင့် အခြေအနေများကို အသေးစိတ် လေ့လာကြည့်ရှုထားရန် မှာကြားလိုက်သည်။ တစ်ဖန် ကီဒမ်က ဇျူနိုအဲရစ္စတွင် သူ့အတွက် လက်ထောက်အရာရှိတစ်ဦး ထားလိုကြောင်းတင်ပြရာ ကျွန်ုပ်ကလည်း သဘောတူခဲ့သည်။ သူသည် ထိုနေရာတွင် တာဝန်အပ်ရန် ဟာမရွှန်လာဇာဆိုသူ လေကြောင်းမန်နေဂျာတစ်ဦးအား ရွေးချယ်ခဲ့သည်။

❐

သို့ဖြင့် ဇျူနိုအဲရစ္စသို့ အထူးလေယာဉ်ပျံသန်းရေး အစီအစဉ် အားလုံးသည် တစ်စတစ်စဖြင့် တဖြည်းဖြည်း ရုပ်လုံးပေါ်လာပြီး ပြည့်စုံလာခဲ့ပြီဖြစ်သည်။ အမှန်စင်စစ် ဤပျံသန်းမှုသည် ဤလုပ်ငန်းတာဝန်ကြီးကို ကိုင်တွယ်ဦးစီးနေကြသည့် ပုဂ္ဂိုလ်များပင်လျှင် ကြိုတင်မှန်းဆ၍ မရနိုင်လောက်အောင် ထူးခြားဆန်းကြယ်သည့် ပျံသန်းမှုတစ်ခုပင် ဖြစ်နေပါသတည်း။

■

## ထွေပြားရှုပ်လှသော အစီအစဉ်များနှင့် ပြင်ဆင်မှုများ

မီနှာရေတာလ်မီသည် လှုပ်ရှားတပ်ဖွဲ့ဝင်များအနက် အာဂျင်တီးနားသို့ ပထမဆုံး ထွက်ခွာသွားရသူဖြစ်သည်။ သူထွက်ခွာမသွားမီ စောစောပိုင်းက ကျွန်ုပ်တို့သည် သူ့အား အာဂျင်တီးနားနိုင်ငံ၏ ယေဘုယအခြေအနေနှင့် ဇျူနိုအဲရစ္စမြို့၏ အသေးစိတ်အကြောင်းအရာများကို မေးမြန်းကြည့်ခဲ့သည်။ ထိုနိုင်ငံ ထိုမြို့တော်မှ ထုံးစံဓလေ့များ၊ ထူးခြားထင်ရှားသည့် အချက်အလက်များ၊ လက်ဖက်ရည်ဆိုင်များ၊ ဟိုတယ်များနှင့် စားသောက်ဆိုင်များမှ စည်းကမ်းသတ်မှတ်ချက်များ၊ လူနေမှု အဆင့်အတန်းများ၊ အိမ်ခန်းများနှင့် အိမ်များငှားရမ်းသည့် အလေ့အထများ၊ ခရီးသွားလာရေးများ၊ လမ်းများ၊ ကုန်ဈေးနှုန်းများ၊ ယာဉ်မောင်းလိုင်စင်များ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ရဲအဖွဲ့၏ ဆောင်ရွက်ပုံများ၊ လိုအပ်သည့် ထောက်ခံစာများနှင့် အထောက်အထားများ၊ သင်္ဘောဆိပ်များနှင့် လေဆိပ်များမှ လုပ်ထုံးလုပ်နည်းများ စသည် စသည်တို့ ပါဝင်သည်။

ကျွန်ုပ်သည် အနည်းငယ်မျှသာ သိထားသည့် နိုင်ငံတစ်နိုင်ငံနှင့် သိထားသည်ဆိုရုံမျှ သိထားသည့် လူများရှိရာသို့ မကြာမီသွားရတော့မည် ဖြစ်သည်။ ဤနေရာတွင် တာလ်မီသည် ဇျူနိုအဲရစ္စမြို့တော်အကြောင်းကို 'အပ်ကျသည်ကအစ' နံ့နံ့စပ်စပ် သိထားသူဖြစ်ရာ စာအုပ်စာစောင်များနှင့် ကမ္ဘာလှည့်ခရီးသည်လမ်းညွှန်စာအုပ်များတွင် ပါဝင်ခြင်းမရှိသည့် အချက်အလက်များ၊ အကြောင်းအရာများ အားလုံးကို ကျွန်ုပ်အား အသေးစိတ်ပြောပြနိုင်ခဲ့သည်။ သူသည် ကျွန်ုပ်မေးသမျှ မေးခွန်းများကို သူဖြေနိုင်သမျှ ဖြေကြားခဲ့ပြီး မဖြေနိုင်သော ...



www.burmeseclassic.com

www.burmeseclassic.com



နေသည့် မေးခွန်းများကို သူ၏ အာဂျင်တီးနား မိတ်ဆွေများထံမှ တစ်ဖက်လှည့်ဖြင့် စုံစမ်းမေးမြန်းပေးပါမည်ဟု ကတိပေးခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် အစစ အရာရာ အားလုံး တစ်ခုမကျန် ကြိုတင်လေ့လာ သိရှိထားရန်လိုအပ်ကြောင်း သူ့အား ကျွန်ုပ်က ရှင်းပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဗျူနိုအဲရစ်မြို့တော်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ဒေသခံလူများမှသော်လည်းကောင်း၊ ထိုမြို့တွင် ရှိနေသည့် အစ္စရေးအစိုးရ ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အဆက်အသွယ်ရှိသူများထံမှသော်လည်းကောင်း မည်သည့် အကူအညီကိုမျှ မတောင်းရန် စိတ်ပိုင်းဖြတ်ထားသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ထိုနိုင်ငံနှင့် ထိုနိုင်ငံသူ နိုင်ငံသားများအကြောင်း အစစ အရာရာ သိရှိရန်အတွက် တာလ်မီသည် ကျွန်ုပ်တို့အတွက် 'စွယ်စုံကျမ်း'သဖွယ် ဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လုံးဝ မသိနားမလည်သည့် နိုင်ငံတစ်နိုင်ငံ၌ လာရောက်၍ တာဝန်ထမ်းဆောင်ကြရမည့် လှုပ်ရှားတပ်ဖွဲ့ဝင်များအား ယင်းနိုင်ငံမှ ဓလေ့ထုံးစံများကို ရှင်းပြရာ၌ တာလ်မီသည် စကားပြန်သဖွယ် ဖြစ်နေခဲ့သည်။

သို့ဖြစ်ရာ တာလ်မီသည် စစ်ဆင်ရေးအတွက် လိုအပ်သည့် လက်တွေ့အပိုင်းနှင့် စည်းရုံးရေးအပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရန်အတွက် အာဂျင်တီးနားသို့ မဆိုင်းမတွ ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

❐

ဤစစ်ဆင်ရေးလှုပ်ရှားမှုတပ်ဖွဲ့သည် အစစအရာရာ အဘက်ဘက်မှ ကိုယ်ပိုင်ပစ္စည်းများဖြင့် ပြည့်စုံလုံလောက်နေရမည်ဖြစ်ရာ မိမိတို့အတွက် လိုအပ်သည့် အရာဝတ္ထုမှန်သမျှ အလွန်အရေးကြီးသည့် အထောက်အထား စာရွက်စာတမ်းများကိုပါ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှာလုမ်ဒန်နီက တာဝန်ယူလုပ်ကိုင်ပေးခဲ့သည်။ ဒန်နီသည် ဤသို့သော သိမ်မွေ့ခက်ခဲလှသည့် အနုပညာနှင့် ပတ်သက်၍ အလွန်ကျွမ်းကျင်သော လက်မှုပညာသည် တစ်ဦးဖြစ်သည်။ သူသည် တရားဝင် အထောက်အထား စာရွက်စာတမ်းများနှင့် ထောက်ခံစာမှန်သမျှ အားလုံး တစ်ခုမကျန် အတုလုပ်နိုင်သူဖြစ်၍ အထူးသဖြင့် မှတ်ပုံတင်ကတ်များ ပြုလုပ်ရာ၌ အလွန်လက်ရာမြောက်သူဖြစ်သည်။ ဒန်နီသည် ယင်းသို့ ထူးခြားသည့် အရည်အချင်းရှိသူ တစ်ဦးဖြစ်ရုံသာမက အကျင့်စာရိတ္တနှင့် စိတ်သဘောထား အထူးကောင်းမွန်၍ အများနှင့်မတူသည့် ပါရမီရှင်တစ်ဦးလည်း ဖြစ်သည်။ သူ၏





လေးနက်တည်ကြည်မှု၊ မည်သည့်လုပ်ငန်းတာဝန်မျိုးမဆို ထမ်းဆောင်ရန် စိတ်အားထက်သန်မှု၊ သတ္တိပြောင်မြောက်မှုနှင့် တကွ မည်သည့်အချိန်အခါ မည်သည့်အခြေအနေတွင်မဆို သူ့လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်စွမ်းရှိမှု စသည်များသည် အခြားအခြားသော လုပ်ဖော်ကိုင်ဖက်များအကြားတွင် သူ့အား အမြဲတမ်း ထွန်းလင်းတောက်ပနေသည့် စံပြတပ်သားတစ်ဦးအဖြစ် ပို့ဆောင်ပေးခဲ့သည်။

ဒန်နီသည် တစ်ခါက အလွန်ခက်ခဲသိမ်မွေ့လှသည့် စစ်ဆင်ရေးတစ်ခုတွင် တာဝန်ထမ်းရွက်ရန်အတွက် ပန်းချီဆရာတစ်ယောက်အဖြစ် ရုပ်ဖျက်ကာ သွားရောက်ခဲ့ရသည်။ (ပန်းချီပညာ အလွန်ဝါသနာပါသည်)။ သူသည် သူ့အပေါ် ကျရောက်နေသည့် လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရင်း ထူးချွန်သည့် ပန်းချီဆရာတစ်ယောက်အဖြစ် အတော်ပင် နာမည်ထင်ရှား ကျော်ကြားလာခဲ့သည်။ သို့သော် တကယ့်တကယ်အားဖြင့် သူပန်းချီဆွဲသည့် 'စတူဒီယို'ထဲသို့ ဂရုတစိုက် ရှာဖွေမွှေနှောက်ကြည့်မည်ဆိုပါက သူအသုံးပြုနေသည့် ပစ္စည်းကိရိယာတန်ဆာပလာများသည် ပန်းချီဆရာများ အသုံးပြုနေကျ ပစ္စည်းများမဟုတ်ဘဲ ဖြစ်နေသည်ကို တွေ့ကြရမည်ဖြစ်သည်။

ထိုစဉ်က သူပါဝင်ခဲ့သော စစ်ဆင်ရေးမှာ အလွန်ကြီးမားသည့် အောင်မြင်မှုရခဲ့သည်။ အထူးသဖြင့် အဆိုပါ စစ်ဆင်ရေးတွင် အသုံးပြုမည့် အထောက်အထား စာရွက်စာတမ်းများကို အတုလုပ်ခဲ့ရာ၌ စာရွက်တိုင်း၊ စာကြောင်းတိုင်းနှင့် ရေးထိုးထားသည့် လက်မှတ်တိုင်းမှာ အစစ်နှင့် လုံးဝခွဲခြားမရအောင် ရှိနေခဲ့သည်။ ထို့ပြင် သူလုပ်ပေးသည့် စာရွက်စာတမ်းများမှာ ဒေသခံစာများဖြင့် ရေးသားထားခြင်းဖြစ်ရာ အဆိုပါ စာများနှင့် အက္ခရာများသည် ဒန်နီအတွက် အစိမ်းသက်သက်ဖြစ်နေခဲ့သည်။ သို့ဖြင့် သူသည် ဒေသခံလူများ၏ အကူအညီကို ရယူခဲ့ရသည်။ သို့သော် အဆိုပါလုပ်ငန်းသည် အလွန်ခက်ခဲ၍ လက်ဝင်လှသည်ဖြစ်ရာ ဒေသခံလူများသည် နောက်ဆုံး ထိုအလုပ်ကို လက်မြှောက်သွားခဲ့ကြ၍ ဒန်နီတစ်ဦးတည်းက တာဝန်ယူလုပ်ကိုင်ခဲ့ရသည်။

ဒန်နီသည် သူ့စားပွဲပေါ်တွင် စုပုံနေသော အလုပ်များကို တစ်ယောက်တည်း မနားတမ်း ကျုံး၍လုပ်ခဲ့ရာ တစ်နေ့လျှင် ၁၆ နာရီမှ ၁၈ နာရီအထိ အနားမယူ အစားမစားဘဲ အဆက်မပြတ် လုပ်ကိုင်ခဲ့သည်။ ရက်ပေါင်းများစွာ အဝတ်အစား မလဲဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် နေ့ရော ညပါ လုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က သူ၏အထက်အရာရှိများသည် ထိုသို့ သူလုပ်ပုံကိုင်ပုံများကို ကြည့်၍ တအံ့တသြ ဖြစ်ခဲ့ကြရသလို သူလုပ်ပေးခဲ့သည့် စာရွက်စာတမ်းအတွဲများကို ကြည့်၍ လက်ဖျားခါခဲ့ကြရသည်။ သူလုံးဝမတတ်သည့် ဘာသာစာပေနှင့် အက္ခရာများကို တိကျစွာနှင့် သေသပ်စွာ ရေးသားထားသည်မှာ တကယ်ပင် အံ့ဩစရာဖြစ်ခဲ့ရသည်။ ပို၍ အံ့ဩမကုန်အောင် ဖြစ်ခဲ့ရသည်မှာ ဒန်နီသည် အဆိုပါ ဘာသာစကားနှင့် စာပေကို တနင်္ဂနွေ နှစ်ပတ် သုံးပတ်အတွင်း အဆက်မပြတ် သင်အံလေ့လာခြင်းဖြင့် ထိုစာပေကို ကောင်းကောင်းကြီး စတ်တတ် ရေးတတ်သွားခြင်းပင်ဖြစ်သည်။ သူသည် ထိုစဉ်က ထိုစစ်ဆင်ရေး၏ အလွန့်အလွန် အရေးကြီးပုံကို သဘောပေါက် နားလည်ထားသည့်အလျောက် ထိုသို့ ပြင်းပြင်းထန်ထန် အားသွန်၍ လုပ်ကိုင်ခဲ့ရာ အလုပ်ပြီးသွားသည်နှင့် တစ်ပြိုင်နက် သူသည် အားပြတ်ကာ ပုံလဲကျသွားခဲ့သည်။ သို့သော် သူလုပ်ခဲ့သည့် အလုပ်အပေါ်တွင် အားရကျေနပ်လှသည်ဖြစ်ရာ 'လုပ်ရကျိုးနပ်ပါတယ်ဗျာ' ဟူ၍ ရိုးသားစွာ ပြောခဲ့သည်။

သူလုပ်ကိုင်နေသည့် အလွန်ခက်ခဲ သိမ်မွေ့လှသည့် အလုပ်များကို ကြည့်ကာ လူအများက သူ၏ ထူးချွန်ပြောင်မြောက်မှုကို ရင်သပ်ရှုမော အံ့ဩမကုန် ဖြစ်ခဲ့ကြရသည်။ သူသည် အသေးဆုံးသော အက္ခရာစလုံးများကိုပင် မူရင်းစာလုံးများနှင့် လုံးဝခွဲခြားမရအောင် လုပ်နိုင်ခဲ့သည်။ ထိုမှတစ်ပါး သူသည် ဤအလုပ်ကို စားပွဲတစ်လုံးတွင်သာ သက်သက်သာသာ ထိုင်၍ လုပ်ခဲ့သလို မော်တော်ကားပေါ်တွင်ဖြစ်စေ၊ မီးရထားပေါ်တွင်ဖြစ်စေ၊ မတ်တတ်ရပ်၍သော်လည်းကောင်း၊ ဘယ်ညာယိမ်းထိုးကာ လှုပ်ရှားနေဆဲမှာသော်လည်းကောင်း အခြေမပျက် လုပ်ကိုင်သွားနိုင်ခဲ့သည်ဟု သိရသည်။

၁၉၆၀ ပြည့် နှစ်ဦးပိုင်းလောက်က ဒန်နီသည် ဥရောပတိုက်မှ မြို့ကြီးတစ်မြို့တွင် နေထိုင်ကာ အလုပ်လုပ်ရင်း သူအလွန်ဝါသနာပါ၍ လိုလားတောင့်တနေသည့် ပညာတစ်ခုကို လေ့လာနေခဲ့သည်။ ထိုအတတ်ပညာမှာ မှန်များပေါ်တွင် ဆေးရောင်များဖြင့် ပန်းချီရေးဆွဲသည့် ပညာဖြစ်သည်။ သို့သော် ကျွန်ုပ်က သူ့အား စစ်ဆင်ရေးအသစ်တစ်ခုတွင် ပါဝင်လုပ်ကိုင်ရန် ခေါ်ယူလိုက်သောအခါ သူသည် ခေါင်းမတွပင် ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်နှင့် တွေ့ဆုံ၍ ဤစစ်ဆင်ရေးနှင့် ပတ်သက်သည့် အခြေခံသဘောထားများနှင့် နောက်ဆုံး၌ အိုက်ခ်မန်းအား အရှင်လက်ဖမ်း၍ အစ္စရေးသို့ခေါ်ဆောင်ကာ ရုံးတင်စစ်ဆေးရန် စီစဉ်ထားကြောင်း ပြောပြလိုက်သည့်အခါ ဒန်နီမှာ မျက်ရည်များ ဝဲနေခဲ့သည်။





ဒန်နီသည် နာဇီတို့၏ ငရဲခန်းများမှ လွတ်မြောက်လာခဲ့သူဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ထိုစစ်ဆင်ရေးနှင့်ပတ်သက်၍ ထူးခြားသည့် အမျိုးသားရေးလက္ခဏာနှင့် လူသားအချင်းချင်း စာနာရိုင်းပင်းရေး အခြေခံများကို အကျယ်တဝင့် ရှင်းလင်းပြောပြရန် မလိုတော့ဘဲရှိနေသည်။

ဒန်နီသည် ဟန်ဂေရီနိုင်ငံတွင် ၁၉၂၈ ခုနှစ်က မွေးဖွားခဲ့ရာ ဂျာမန်များ သိမ်းပိုက်လာသောအခါ သူသည် လူငယ်ဘဝမှာပင် ရှိသေးသည်။ သို့သော် ထိုအချိန် ထိုအရွယ်မှာပင် သူ့ဖခင်သည် ဂျာမန်များ၏လက်ချက်ဖြင့် 'ဆာဂျင်–ဘဲလ်ဆင်' အကျဉ်းထောင်ငရဲခန်းတွင် သေဆုံးခဲ့ရသည်။ သူ့အစ်ကိုကြီးမှာ အလုပ်ကြမ်းသမားအဖြစ် ချွေးတပ်ထဲသို့ ပါသွားခဲ့ရပြီး သူနှင့်တကွ သူ့မိခင်နှင့် ညီမငယ် ညီငယ်များမှာ သူတို့နေထိုင်သည့်မြို့မှာပင် အကျယ်ချုပ်ဖြင့် နေခဲ့ကြရသည်။ ထိုမှတစ်ဖန် သူတို့မိသားစုသည် အကျဉ်းစခန်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခဲ့ရပြီး နောက်ဆုံး၌ ဒန်နီသည် စခန်းမှထွက်ပြေးရန် ဆုံးဖြတ်ခဲ့သည်။ ဒန်နီတို့မိသားစုသည် စခန်းတစ်ခုသို့ ပြောင်းရွှေ့ရစဉ် လမ်းခုလတ်မှ ထွက်ပြေးလွတ်မြောက်ခဲ့ကြပြီး ဩစတေးရီးယန်း ရွာကလေးတစ်ရွာ၌ ပုန်းအောင်းနေခဲ့ကြသည်မှာ မဟာမိတ်တပ်များ ရောက်လာသည်အထိဖြစ်သည်။

စစ်ကြီးပြီးဆုံးသွားသောအခါ ဒန်နီ၏ အစ်ကိုကြီးမှာ ဒဏ်ရာများဖြင့် ဆေးရုံသို့ ရောက်နေသည်ကို တွေ့ရသည်။ ထို့နောက် သူတို့မိသားစုသည် အစ္စရေးနိုင်ငံသို့ အရောက်သွားရန် ကြိုးစားရင်း ဒန်နီသည် အစ္စရေးသို့ သွားလိုသည့် အခြားစစ်ပြေးဒုက္ခသည်များအား လူဝင်မှုကြီးကြပ်ရေးဌာနမှ ခွင့်ပြုချက်လက်မှတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လျှို့ဝှက်လုပ်ဆောင်ပေးခဲ့သည်။ နောက်ဆုံး၌ ဤလုပ်ငန်းကို လုပ်ကိုင်နေဆဲ ဒန်နီမှာ မတရားအသင်းပုဒ်မဖြင့် အဖမ်းခံရပြီး အမေရိကန် အကျဉ်းထောင်တစ်ခုတွင် ကျခံခဲ့ရသည်။ များမကြာမီ ထောင်မှထွက်လာခဲ့ပြီး ဒန်နီသည် သူ၏မိသားစုများနှင့်အတူ စစ်ပြေးဒုက္ခသည်များ၏ လျှို့ဝှက်သင်္ဘောတစ်စင်းဖြင့် အစ္စရေးသို့ ထွက်ခွာလာခဲ့ကြရာ ပင်လယ်ထဲတွင် အဖမ်းခံခဲ့ကြရပြန်သည်။ ထို့နောက် သူတို့မိသားစုသည် ဆိုက်ပရပ်စ်ကျွန်းရှိ ဗြိတိသျှစစ်စခန်းတစ်ခုတွင် အကျယ်ချုပ်ခံနေရစဉ် ဒန်နီသည် သူ၏ ထူးချွန်ပြောင်မြောက်သည့် အနုပညာလက်စွမ်းများကို ပြသခဲ့သည်။ သူသည် အချုပ်ခံနေကြရသည့် စစ်ပြေးဒုက္ခသည် ဂျူးလူမျိုးများအတွက် မှတ်ပုံတင်အတုများကို ပြုလုပ်ပေးခဲ့သည်။ သူ၏ ထူးခြားသည့် အရည်အချင်းကြောင့် ယင်းစာရွက်စာတမ်းများဖြင့် စစ်ပြေးဒုက္ခသည် အတော်များများသည် စခန်းမှ လွတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်သွားခဲ့သည်။ အချို့မှာ အစ္စရေးနိုင်ငံသို့ပင် ရောက်ရှိသွားခဲ့ကြသည်။ ထို့နောက် သူကိုယ်တိုင်ပင် အစ္စရေးသို့ ရောက်ရှိလာခဲ့ပြီး တပ်မတော်နှင့် လုံခြုံ ရေးအဖွဲ့အစည်းများတွင် ဝင်ရောက်အမှုထမ်းခဲ့သည်။

ကျွန်ုပ်သည် ဒန်နီအား ခရီးထွက်ရန်အတွက် မည်သို့စီစဉ်ပြင်ဆင်ရမည် များကို ပြောစရာမလိုဘဲ ရှိနေခဲ့သည်။ ကျွန်ုပ်၏ တစ်သက်နှင့်တစ်ကိုယ် ဤမျှ အရည်အချင်းနှင့် အစွမ်းအစ ပြည့်ဝသူမျိုးကို ယခင်က တစ်ဦးတစ်ယောက်မျှ မတွေ့ဖူးသေးဘဲ ရှိခဲ့သည်။ သူသည် သူလုပ်ရမည့်အလုပ်ကို ရှိသမျှပစ္စည်း အသေးအဖွဲကလေးများနှင့်ပင် မဖြစ်ဖြစ်အောင် လုပ်ကိုင်တတ်သည်။ အဘက် ဘက်မှ အကျပ်အတည်းများနှင့် အခက်အခဲများ ရှိနေသည့်တိုင်အောင် အလွန် ရေးကျလှသည့် လုပ်နည်းကိုင်နည်းများကို အသုံးပြုကာ အလုပ်ဖြစ်အောင် လုပ်နိုင်သည်။ သူသည် ယခုစစ်ဆင်ရေးတွင် သူထမ်းဆောင်ရမည့် လုပ်ငန်းတာဝန် အတွက် မည်သို့ ပြင်ဆင်စီစဉ်ရမည်ကို ကောင်းစွာနားလည်သည့်ပြင် သူသွား ရမည့်နိုင်ငံသို့ သူအသုံးပြုရမည့် ပစ္စည်းများကို တစ်စုံတစ်ရာ သံသယမဖြစ်စေရဘဲ မိမိကိုယ်တိုင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သယ်ဆောင်သွားရမည်ကိုပါ သိထားပြီး ဖြစ်သည်။

❐

ကျွန်ုပ်သည် ဤစစ်ဆင်ရေး၏ ခေါင်းဆောင်အဖြစ် ဂါဘီအား တာဝန်ပေးအပ် ခဲ့ပြီးနောက် များမကြာမီ သူသည် အစီအစဉ်တစ်ခုကို ပုံကြမ်းရေးဆွဲ၍ ကျွန်ုပ် ထံသို့ တင်ပြခဲ့သည်။ တစ်ဆက်တည်း အဆိုပါ အစီအစဉ်ကို ဆောင်ရွက်ရန် အတွက် သီးသန့်အဖွဲ့ငယ်တစ်ခုဖွဲ့၍ တာဝန်ပေးရန် အကြံပြုပြောကြားခဲ့သည်။ သူ၏ အစီအစဉ်ကို ပုံကြမ်းရေးဆွဲရာ၌ ကျွန်ုပ်တို့၏ မှတ်တမ်းဖိုင်တွဲများ၊ ကဲနက်၏ အစီရင်ခံစာများ၊ ယခုအချိန်ထိ စုံစမ်းထောက်လှမ်း သိရှိခဲ့ရသည့် 'ပင်မှတ်'နေရာမှ အချက်အလက်များအပေါ်တွင် အခြေခံထားခြင်းဖြစ်ရာ ကျွန်ုပ် သည် ယင်းအစီအစဉ်ကို ယေဘုယျအားဖြင့် သဘောတူခဲ့သည်။

ထို့နောက် ထိုအစီအစဉ်ကို အကောင်အထည်ဖော်မည့် အဖွဲ့ငယ်ဖွဲ့စည်း ရေးကို ဆွေးနွေးကြသည်။ အမှန်စင်စစ် ဤလုပ်ငန်းစဉ် အောင်မြင်ရေး သည် ပါဝင်လုပ်ဆောင်ကြသည့် လူပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် အစွမ်းအစ များအပေါ်တွင် တည်နေသည်။ သူတို့အားလုံးသည် အကောင်းဆုံး လုပ်အားပေး





နိုင်ကြရမည်ဖြစ်ရာ သူတို့လုပ်ငန်းအပေါ်တွင် စိတ်ရောကိုယ်ပါ ပုံထားပြီး လုံးဝ ကြောက်စိတ်မရှိသူများ ဖြစ်ကြရန်လိုသည်။

အထက်ပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ပထမဆုံး ပြည့်စုံ ကိုက်ညီသူမှာ အီဟတ်ရဲဗီဗီ ဆိုသူဖြစ်သည်။ သူသည် ဂါဘီ၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်၍ ဂါဘီကဲ့သို့ပင် ထူးချွန်သည့် စစ်ဆင်ရေးသမားတစ်ယောက် ဖြစ်သည်။ ထို့ပြင် အီဟတ်သည် စစ်ဆင်ရေးအစီအစဉ်များ ရေးဆွဲရာ၌ အထူး ခိတ်ချရပြီး ဘာသာမျိုးစုံတတ်မြောက်၍ နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် စစ်ဆင် ရေးအတွေ့အကြုံများ ကြွယ်ဝသူတစ်ဦးဖြစ်သည်။ သူသည် ဗီယင်နာမြို့မှ လူလတ် တန်းစား မိသားစုတစ်စုတွင် ဖွားမြင်ခဲ့၍ သူတို့မိသားစုသည် ဟစ်တလာ၏ ဘတိယဂျာမန်အင်ပိုင်ယာကြီး၏ လက်အောက်သို့ ဩစတြီးယားနိုင်ငံကလေး ရောက်ရှိသွားခဲ့သည့် နေ့မတိုင်မီအထိ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လာခဲ့ကြသည်။ ထိုအချိန်တွင် အီဟတ်၏စိတ်ဓာတ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေသည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်မှာ ဂျူးလူမျိုးဖြစ်သော အီဟတ်နှင့် သူ့သူငယ်ချင်းတစ်ယောက်အား သူတို့နှင့် တစ်တန်းတည်း စာသင်နေသည့် ကျောင်းသားလူငယ် သုံးဆယ်ခန့်က ဝိုင်းအုံစုပြုံ၍ ဆရာ့ရှေ့မှောက်တွင် ထိုးကြိတ် ရိုက်နှက်ကြသည့် ဖြစ်ရပ်နှင့် ဆရာဖြစ်သူကလည်း ထိုအချိန်က တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆို ဟန့်တားခြင်းမပြုဘဲနေခဲ့သည့် ဖြစ်ရပ်ပင်ဖြစ်သည်။

အထက်ပါဖြစ်ရပ်ကြောင့် အီဟတ်သည် အိပ်ရာထဲတွင် နှစ်ပတ်ခန့် လဲနေခဲ့သည်။ ထို့နောက် ဒဏ်ရာများ ပျောက်ကင်းသွားသော်လည်း သူသည် ကျောင်းသို့ လုံးဝမသွားဘဲ နေခဲ့သည်။ ထိုအတောအတွင်း သူ့ဖခင်၏ စီးပွားရေး လုပ်ငန်းများ ပြည်သူပိုင် အသိမ်းခံခဲ့ရပြီး သူတို့မိသားစုအားလုံး နေအိမ်မှ ဆင်းပေးခဲ့ကြရသည်။ အီဟတ်၏ ငယ်စဉ်ကာလ လူငယ်ဘဝက အတွေ့အကြုံ များမှာ ဂျူးအမျိုးသား၏ ဈေးဆိုင်ကနားများနှင့် ဘာသာရေးဝတ်ကျောင်းများမှ မီးခိုးလုံးကြီးများ၊ မီးတောက်မီးလျှံများဖြင့် ရောယှက် မည်းမှောင်လျက် ရှိခဲ့ သည်။ သို့သော် အညွှန်းဆဲခံ သူတို့မိသားစုသည် ဒုတိယကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားခဲ့သည့် နေ့မှာပင် ဘေးရန်ကင်းရှင်းသည့် အစ္စရေးမြေပေါ်သို့ ခြေချနိုင် ခဲ့သည်။ ထို့နောက် အီဟတ်သည် အထက်တန်းပညာကို အောင်မြင်ခဲ့ပြီး ဂျူးအမျိုးသားကာကွယ်ရေး စေတနာ့ဝန်ထမ်းတပ်ဖွဲ့တွင် ပြောင်းရွှေ့တာဝန်ထမ်း ခဲ့သည်။ ထိုစဉ်က သူ၏တပ်မှူးမှာ ဂါဘီပင်ဖြစ်ရာ နောက်ပိုင်းတွင် သူသည် ဂါဘီကို အကြောင်းပြု၍ ထောက်လှမ်းရေးအဖွဲ့ထဲသို့ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်တွင် အမှုထမ်းခဲ့စဉ်က အထူးပင် ခင်မင်ရင်းနှီးခဲ့ကြသော သူတို့နှစ်ယောက်သည် လျှို့ဝှက်ထောက်လှမ်းရေးတာဝန်များကို စွန့်စွန့်စားစား ထမ်းဆောင်ရင်း ပို၍သံယောဇဉ်တွယ်လာခဲ့ကြသည်။

ဂါဘီ၏ အဖွဲ့ဝင်စာရင်းတွင် ဒုတိယမြောက် ပါဝင်ခဲ့သူမှာ အီလီယူဇဲလ် ဆိုသူဖြစ်သည်။ အီလီသည် ပိုလန်ဇာတိဖြစ်၍ ခြောက်နှစ်သားအရွယ်တွင် မိဘများနှင့်အတူ အစ္စရေးသို့ ရောက်လာခဲ့သူဖြစ်သည်။ ထိုအချိန်တွင် နိုင်ငံကူးလက်မှတ် မရသဖြင့် ပိုလန်တွင် ကျန်ရစ်ခဲ့သည့် သူ့အစ်မနှင့် သူမ၏ ကလေးသုံးယောက်စလုံး နာဇီတို့၏လက်ချက်ဖြင့် သေဆုံးခဲ့ကြရရှာသည်။ ထိုသို့ အစ်မဖြစ်သူနှင့် ကလေးသုံးယောက် အသတ်ခံရသည့်သတင်းကို ကြားလိုက်ရသော အခါ လူငယ်လူရွယ် အီလီသည် ရန်သူကို လက်စားချေရန် သန္နိဋ္ဌာန်ချမှတ်လိုက်သည်။ သို့ဖြစ်ရာ ယခုစစ်ဆင်ရေးတွင် ပါဝင်ရန် မိမိအား ရွေးချယ်လိုက်ကြောင်းနှင့် အိုက်ခ်မန်းအား အရှင်လက်ရဖမ်းရာ၌ ပထမဆုံး ကိုယ်ထိလက်ရောက် ဆောင်ရွက်ရန် မိမိအား တာဝန်ပေးထားကြောင်း အီဟတ်က လာရောက်ပြောကြားသည့်အခါ အီလီသည် မိမိ၏ သန္နိဋ္ဌာန်မြောက်ပြီဟူ၍ တထစ်ချ ယူဆလိုက်သည်။

အမှန်စင်စစ် အီလီသည်ကျန်းမာရေးကောင်းမွန်၍ ကိုယ်ခန္ဓာတောင့်တင်းသန်စွမ်းသူဖြစ်ရာ ဤအချက်ကို အကြောင်းပြု၍ သူ့အား အိုက်ခ်မန်းကို ဖမ်းချုပ်ရန် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ သူသည် ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းရုံသာမက လက်တွေ့လုပ်ငန်းများတွင်လည်း အထူးကျွမ်းကျင် ထူးချွန်သူဖြစ်သည်။ အစ္စရေးနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲကာလအတွင်းက ဒဏ်ရာရခဲ့သဖြင့် တပ်မှ အနားယူခဲ့ရပြီးနောက် သူသည် တစ်ခန်းရပ်ပြဇာတ်တစ်ပုဒ် ရေးသားထုတ်ဝေခဲ့သည်။ ယင်းပြဇာတ်မှာ တပ်မတော်သားများအတွက် ရည်ရွယ်ရေးသားခဲ့ခြင်းဖြစ်၍ ယင်းပြဇာတ်ကို ရုံတင်ပြသရာ၌ ရံဖန်ရံခါ သူကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် အီလီသည် ရုပ်ဖျက်သည့် အတတ်ပညာကို အထူးဝါသနာပါ၍ ဤပညာရပ်ကို အထူးတတ်ကျွမ်းလာခဲ့ရာ သူ့အလုပ်လုပ်သည့် အလုပ်ရုံမှ အစောင့်ဖြစ်သူ အဘိုးကြီးအား မကြာခဏ ပိပိရိရိ ရုပ်ဖျက်၍ နောက်ခဲ့ ပြောင်ခဲ့သည်။ ထို့ပြင်မက အီလီသည် တစ်ခါတစ်ရံ ရုပ်ဖျက်၍ သူ့မိခင်ကိုပင် နောက်ပြောင် လှည့်စားခဲ့ရာ သူ၏ကျွမ်းကျင်မှုကြောင့် အမေအရင်းဖြစ်သူပင်လျှင် သူ့ကို မမှတ်မိဘဲရှိခဲ့သည်။ သို့ဖြစ်၍ ယခု ဤစစ်ဆင်ရေးအဖွဲ့တွင် သူ့အား ရွေးချယ်





ခဲ့သည်မှာ အထက်ပါ အရည်အချင်းကြောင့်လည်း တစ်ကြောင်းအပါအဝင် ဖြစ်ခဲ့သည်။

အိုက်ခ်မန်းအား အရှင်လက်ရ ဖမ်းရန်အတွက် ကာယကံမြောက် တာဝန်ယူကြရမည့် ဤအဖွဲ့ငယ်တွင် တတိယမြောက် ပါဝင်သူမှာ ဇက်ဗ်ကာရင်ဆိုသူဖြစ်သည်။ ကာရင်သည် လစ်သူနီးယားနိုင်ငံတွင် မွေးဖွားခဲ့၍ ငယ်စဉ်ကပင် အစ္စရေးသို့ ရောက်လာခဲ့သူဖြစ်သည်။ သူသည် စက်မှုသိပ္ပံကျောင်းမှ ဘွဲ့ရရှိခဲ့၍ သူ့အား အများက 'ရွှေလက်ပိုင်ရှင်'ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ကာရင်သည် မည်သည့်သော့ခလောက်မျိုးကိုမဆို ဖွင့်နိုင်စွမ်းရှိသောကြောင့်တည်း။

ထိုသို့ ကျွမ်းကျင်လိမ္မာ၍ အခိုင်အလုံ ခတ်ထားသော သော့မှန်သမျှကို ဖွင့်အောင် ဖွင့်နိုင်၍ ကာရင်သည် စစ်ဆင်ရေးကာလတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ကြရမည့် အခက်အခဲပြဿနာ အတားအဆီးမှန်သမျှကို သူ၏ တန်ဖိုးမဲ့ဖြတ်ထိုးဉာဏ်ဖြင့် ဖြေရှင်းကျော်လွှားရန် တာဝန်ယူရမည်ဖြစ်သည်။ ကာရင်၏ နောက်ကြောင်းရာဇဝင်မှာ ရောင်စုံခြယ်ထားသည့် အဖြစ်အပျက်များနှင့် ပြည့်နှက်နေခဲ့သည်။ သူသည် ဗြိတိသျှပိုလ်ချုပ်ဝင်းဂိတ်၏ တပ်တွင် တစ်နှစ်မျှ အမှုထမ်းခဲ့၍ အာရပ်ဓားပြဂိုဏ်းများကို နှိမ်နင်းခဲ့ဖူးသည်။ တစ်ဖန် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အီတလီစစ်မျက်နှာတွင် ဂျူးတပ်မကြီးတစ်ခုနှင့်အတူ တိုက်ပွဲဝင်ခဲ့ဖူးသည်။ ဂျာမန်တို့ စစ်ရှုံးခဲ့ပြီးနောက် အဆိုပါ ဂျူးတပ်မကြီးမှ သူ့မိတ်ဆွေအချို့နှင့် ပူးပေါင်းကာ နာဇီစစ်တရားခံများအား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လိုက်လံရှာဖွေ၍ လက်စားချေခဲ့ကြသည်။

ဂါဘီသည် အထက်ပါအတွေ့အကြုံများနှင့် နောက်ကြောင်းရာဇဝင်များကိုကြည့်၍ ကာရင်အား ဤစစ်ဆင်ရေးတွင် စာရင်းသွင်းခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဤစစ်ဆင်ရေး လှုပ်ရှားတပ်ဖွဲ့တွင် ပါဝင်ခဲ့သဖြင့် အိုက်ခ်မန်းအား သူကိုယ်တိုင် သတ်ရတော့မည်ဟု ယူဆကာ ပီတိဖြာနေခဲ့သော ကာရင်သည် ဂါဘီက မိမိအား ဤအဖွဲ့တွင် 'အတတ်ပညာရှင်' တစ်ယောက်အဖြစ် တာဝန်ယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် အကြီးအကျယ် စိတ်ဓာတ်ကျသွားခဲ့သည်။ သို့ဖြစ်ရာ ဂါဘီက လိုအပ်ပါက အိုက်ခ်မန်းအား လက်ရဖမ်းဆီးရာ၌ သင့်တော်သည့် တာဝန်တစ်ခုခု ပေးပါမည်ဟူ၍ ကာရင်အား နှစ်သိမ့်စကားပြောကြားကာ လောလောဆယ်အားဖြင့် လက်တွေ့ရင်ဆိုင်ရမည့် ပြဿနာများကို မည်သို့မည်ပုံ ဖြေရှင်းမည်ကို စဉ်းစားထားရန် ညွှန်ကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ထိုအခါက အီဇရာအက်ရှက်သည် အိုက်ခ်မန်း၏ မိသားဆွေမျိုးသားချင်းများအား စုံစမ်းထောက်လှမ်းနေဆဲဖြစ်၍ ဥရောပတိုက်မှ ပြန်မရောက်သေးဘဲ ရှိနေခဲ့သည်။ သို့သော် သူ၏အတွေ့အကြုံကြွယ်ဝမှု၊ အတွေးအခေါ် မှန်ကန်မှုနှင့် စည်းရုံးရေးတွင် သူမတူအောင် အလွန့်အလွန် ထူးချွန်မှုများကြောင့် အက်ရှက်အား စစ်ဆင်ရေး လှုပ်ရှားတပ်ဖွဲ့တွင် ထည့်သွင်းရန် အကြံပေးခဲ့သည်။ အမှန်စင်စစ် သူသည် စည်းရုံးရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာ၌ သူမပါလျှင် မပြီးသလောက် ခရီးရောက်သည့် စာရင်းဝင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ထို့နောက် ဤလှုပ်ရှားတပ်ဖွဲ့အတွက် ဂါဘီ၏ခေါင်းထဲတွင် ရှိနေသူတစ်ဦးမှာ ကဲနက်ပင်ဖြစ်သည်။ ဤနေရာတွင် ကဲနက်သည် အိုက်ခ်မန်းအား လက်ရဖမ်းဆီးခြင်းမပြုမီ လူမမှားစေဘဲ အဖြူအမည်း ကွဲပြားအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဖမ်းဆီးရပြီးသည့် နောက်တွင်လည်း အိုက်ခ်မန်းအား စစ်ဆေးမေးမြန်းရန် တာဝန်ယူရမည်ဖြစ်သည်။ ကဲနက်သည် ယင်းသို့ စစ်ဆေးမေးမြန်းရာတွင် အလွန်ပါးနပ် ကျွမ်းကျင်သူတစ်ဦးဖြစ်ရုံမျှမက စစ်ဆင်ရေးလှုပ်ရှားမှုများတွင်လည်း ပထမတန်းစား ထူးချွန်သူတစ်ဦးဖြစ်ရာ ဂါဘီသည် သူ့အား လှုပ်ရှားတပ်ဖွဲ့တွင် အချို့သော လိုအပ်သည့် နေရာများ၌ တာဝန်ပေးရန် ကြံရွယ်ထားခဲ့သည်။

ကျွန်ုပ်သည် အထက်ပါ ပုဂ္ဂိုလ်အားလုံးကို ကျွန်ုပ်ကိုယ်တိုင် ကွပ်ကဲဦးဆောင်ခဲ့ရသည့် စစ်ဆင်ရေးများကို အကြောင်းပြု၍ ရင်းနှီးသိကျွမ်းခဲ့ပြီးဖြစ်ရာ ဤလှုပ်ရှားတပ်ဖွဲ့ကို ဤပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းရန် ချက်ချင်းပင်သဘောတူအတည်ပြုခဲ့ပြီး ဂါဘီကိုယ်တိုင် သူတို့အားလုံးကို တစ်ယောက်ချင်း တွေ့ဆုံဆွေးနွေးရန် ပြောကြားခဲ့သည်။ အထူးသဖြင့် ကျွန်ုပ်သည် ဤစစ်ဆင်ရေးနှင့်ပတ်သက်၍ စောတနာ့ဝန်ထမ်းသဘောဖြင့် မိမိတို့ဆန္ဒအလျောက် တာဝန်ယူကြရမည်ဖြစ်ကြောင်း သူတို့အားလုံးကို အလေးအနက် ပြောကြားရန် ဂါဘီအား မှာကြားခဲ့သည်။ အကယ်၍ သူတို့ထဲမှ တစ်ယောက်ယောက်အနေဖြင့် တစ်စုံတစ်ရာ စနိုးစနောင့်ဖြင့် မပြတ်မသားဖြစ်နေပါက ချက်ချင်းငြင်းပယ်နိုင်ခွင့်ရှိကြောင်းနှင့် ထိုသို့ ငြင်းပယ်သည့်အတွက် မည်သူကမျှ တစ်စုံတစ်ရာ အထင်သေးစရာ၊ အထင်မှားစရာ မရှိနိုင်ကြောင်းကိုလည်း ပြောပြရန် ဂါဘီအား မှာကြားခဲ့သည်၊





နောက်တစ်ရက်နှစ်ရက် ကြာသောအခါ ဂါဘီသည် ကျွန်ုပ်နှင့်လာရောက်တွေ့ဆုံ၍ ရွေးချယ်ထားသည့် ပုဂ္ဂိုလ်အားလုံးက ဝမ်းမြောက်ဝမ်းသာ စိတ်အားထက်သန်စွာဖြင့် လက်ခံသဘောတူခဲ့ကြကြောင်း သတင်းပို့ခဲ့သည်။ ကျွန်ုပ်သည် သူတို့အား လုပ်စရာရှိသည်များကို ဘေးလူများ၏ အာရုံစူးစိုက်မှု မခံရအောင် အထူးသတိပြု၍ အမြန်ဆုံးလုပ်ကိုင်ကြရန် ညွှန်ကြားခဲ့သည်။ တစ်ချိန်တည်းတွင် သူတို့အချင်းချင်း ပူးပေါင်းညှိနှိုင်း၍ ဆွေးနွေးလုပ်ကိုင်ကြရမည့် အစီအစဉ်များနှင့်တကွ သူတို့တစ်တွေ ရုတ်တရက် ပျောက်ကွယ်သွားကြသည့်အတွက် လုံလောက်သင့်လျော်သော အကြောင်းပြချက်များကို တွေးတောကြံဆထားကြရန် ပြောကြားခဲ့ရသည်။ ဤနေရာ၌ ယင်းသို့ အကြောင်းပြပြောကြားရမည့် 'လံကြွတ်'စာတ်လမ်းများမှာ သားမယား မိသားစုများအတွက်နှင့် လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများအတွက် နှစ်မျိုးခွဲခြား၍ ပြောကြားရန် စီစဉ်ခဲ့ရသည်။ ထို့ပြင် အဆိုပါဇာတ်လမ်းများတွင် အပေါင်းအသင်း မိတ်ဆွေများအား မိမိတို့ဆန္ဒအလျောက် ကြိုက်သလို အမျိုးမျိုးပြောကြားနိုင်သော်လည်း အိမ်သူ အိမ်သားများကိုမူ တစ်မျိုးတည်း တစ်ပုံစံတည်း ပြောကြားကြရမည်ဖြစ်သည်။ ယင်းမှာ 'မိမိတို့သည် အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ခုဖြင့် ခရီးသွားကြရမည်ဖြစ်၍ ဤကိစ္စကို မည်သူတစ်ဦးတစ်ယောက်မျှ ဖွင့်ဟပြောကြားခြင်းမပြုဘဲ အထူးလျှို့ဝှက်ထားရမည်' ဟူ၍ဖြစ်သည်။

၈

ဤအတောအတွင်း အင်ကာခေါင်းဆောင်သည့် အဖွဲ့သည် ခြေလှမ်းသွက်သွက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြသည်။ သူတို့သည် လှုပ်ရှားတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် ရုပ်ဝတ္ထုပစ္စည်းများ အပြည့်အစုံရရှိစေရန် အသေးစိတ်လုပ်ငန်း ရာပေါင်းများစွာတို့ကို စီစဉ်လုပ်ကိုင်ပေးခဲ့ကြရသည်။ ယင်းလုပ်ငန်းများထဲတွင် 'ပစ်မှတ်'ရှိသည့် နိုင်ငံဖြစ်သော အာဂျင်တီးနားသို့ သွားရောက်ရန်နှင့် ယာယီနေထိုင်ရန်အတွက် လိုအပ်သည့် သက်သေခံအထောက်အထား စာရွက်စာတမ်းများနှင့် မှတ်ပုံတင်ကတ်ပြားများ၊ စစ်ဆင်ရေးပြီးဆုံးသည့်နောက် အပြန်ခရီးအတွက် အသုံးပြုရမည့် စာရွက်စာတမ်း အထောက်အထားများ စသည်တို့ပါဝင်ခဲ့သည်။ အကယ်၍ မတော်တဆ ခြေချော်လက်ချော်ဖြစ်၍ အစီအစဉ်များပျက်ပြားကာ ကိုယ်လွတ်ရန်းပြေးရမည်ဆိုလျှင်လည်း ပြေးပေါက် ပြေးလမ်းများနှင့် လိုအပ်သည့် အစီအစဉ်များကို အသေးစိတ် ကြိုတင်ရေးဆွဲထားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လှုပ်ရှားတပ်ဖွဲ့ဝင်များသည် စစ်ဆင်ရေးအတွက် လိုအပ်သည့် အသုံးအဆောင် ပစ္စည်းကိရိယာ တန်ဆာပလာများကို ကြိုတင်ရှာဖွေစုဆောင်းထားကြရမည်ဖြစ်ရာ ယင်းပစ္စည်းကိရိယာများကို အတတ်နိုင်ဆုံး အစ္စရေးနိုင်ငံမှာပင် ရအောင် ရှာဖွေစုဆောင်း၍ အခက်အခဲမရှိဘဲ သယ်ယူသွားနိုင်ရန် စီစဉ်ကြရသည်။ ထို့အတူ လှုပ်ရှားတပ်ဖွဲ့ဝင် အားလုံးအတွက် လိုအပ်သည့် ခရီးစဉ်များ၊ ခရီးလမ်းညွှန်များနှင့် ဗျူနိုအဲရစ္စမြို့တွင် မိမိတို့တစ်ဦးချင်း ဆုံတွေ့ကြရမည့် နေရာများကိုပါ စီစဉ်သတ်မှတ်ခဲ့ကြရသည်။ ခရီးစတင်မထွက်ခွာမီကပင် မိမိတို့သည် ဗျူနိုအဲရစ္စမြို့သို့ရောက်လျှင် မည်သည့်ဟိုတယ်၊ မည်သည့်တည်းခိုခန်းတွင် တည်း၍ မိမိတို့ အဖွဲ့ဝင်များထဲမှ မည်သူနှင့် မည်သည့်နေရာတွင် ပထမဆုံး စတင်တွေ့ဆုံရမည် စသည်များကို အတိအကျ သိထားအောင် **စီစဉ်ကြ**ရသည်။ အဖွဲ့ဝင်များ၏ ပုဂ္ဂိုလ်ရေးရာ စာရွက်စာတမ်းများနှင့် သက်သေခံ **အထောက်**အထားများကို မာရီယမ် ဆာဗယွန်က တာဝန်ယူ လုပ်ကိုင်ပေးခဲ့ပြီး **အင်တာ၏** လက်ထောက်ဖြစ်သူ မိုရှေဗားရဲလ်က စည်းရုံးရေးကိစ္စရပ်များကို **စီစဉ်**လုပ်ဆောင်ပေးခဲ့သည်။

ဤနေရာတွင် လှုပ်ရှားတပ်ဖွဲ့ဝင်များသည် အစ္စရေးမှ အာဂျင်တီးနားသို့ တိုက်ရိုက်သွားကြရသည်မဟုတ်ဘဲ အစ္စရေးနိုင်ငံမှ အခြားနိုင်ငံ တစ်နိုင်ငံသို့ ရှေးဦးစွာ ထွက်ခွာသွားကြရသည်။ ထိုနိုင်ငံ ထိုနေရာမှတစ်ဆင့် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများကို ကိုင်ဆောင်၍ မိမိတို့ အားလုံး၏ ဦးတည်ရာဖြစ်သော ဗျူနိုအဲရစ္စမြို့သို့ ဆက်လက်ထွက်ခွာသွားရမည်ဖြစ်သည်။ မိမိတို့အားလုံး တစ်ယောက်မကျန် လိုင်စင်ပါမစ်များ၊ ထောက်ခံစာများ၊ ကျန်းမာရေးဆေးလက်မှတ်များ၊ ခရီးသွားလက်မှတ်များနှင့် အခြားလိုအပ်သမျှ မိမိတို့နှင့် တစ်ပါတည်း ကိုင်ဆောင်သွားကြရမည်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် ခရီးသွားကိုယ်စားလှယ်များထံ အကူအညီတောင်း၍ ဖြစ်နိုင်မည်မဟုတ်ဘဲ မိမိတို့၏ 'ကိုယ်ပိုင်ခရီးသွားကိုယ်စားလှယ်အဖွဲ့'များကိုသာ အားကိုးကြရမည်ဖြစ်သည်။

အထက်ပါ အရေးကြီးသည့် လုပ်ငန်းများအတွက် ကျွန်ုပ်အနေဖြင့် ယုံကြည်စိတ်ချသူမှာ နာဟမ်အေမာ ဆိုသူဖြစ်သည်။ အေမာသည် လတ်ဗီးယားနိုင်ငံ ဇာတိဖြစ်၍ ပထမဆုံး အစ္စရေး လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွင် ရှေးဦးစွာ အမှုထမ်းခဲ့သူဖြစ်သည်။ သူသည် ထောက်လှမ်းရေးတာဝန်များကို **နှစ်**ပေါင်းများစွာ ထမ်းရွက်ခဲ့၍ အလွန်သိမ်မွေ့ရှုပ်ထွေးသည့် ပြဿနာများကို





ဆိုင်တွယ်ဖြေရှင်းရာ၌ လည်းကောင်း၊ အခက်အခဲ အကျပ်အတည်းများမှ ထွက်ပေါက်ရှာရာ၌လည်းကောင်း အထူးကျွမ်းကျင်သူဖြစ်သည်။ သူ၏ **စိတ်ရှည်**သည်းခံမှု၊ စေတနာပြည့်ဝမှု၊ ရိုးသားမှုနှင့် မည်သည့်တာဝန်ကို မည်သည့်**အချိန်**တွင်မဆို တက်တက်ကြွကြွ ထမ်းဆောင်တတ်သည့် အစဉ်အလာကြောင့် **သူ့မှာ** မိတ်ဆွေအပေါင်းအသင်းနှင့် ကြည်ညိုလေးစားသူ ပေါများလှသည်။ သူသည် အလုပ်တစ်ခုကို ဘာကြောင့် အလုပ်ခိုင်းသည်ဟူသော မေးခွန်းကို မည်သည့်အခါမျှ မေးလေ့ရှိသူ မဟုတ်ဘဲ ကျရောက်လာသည့် တာဝန်မှန်သမျှကို မငြင်းဆန် အားကြိုးမာန်တက် ဆောင်ရွက်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ရံဖန်ရံခါ သူလုပ်ကိုင်ဆောင်ရွက်နေသော အလုပ်တာဝန်သည် မည်သို့သော အလုပ်မျိုးဖြစ်သည်ကို သူ သိမှ သိပါလေစဟူ၍ပင် မကြာခဏ ကျွန်ုပ် သံသယဖြစ်မိသည်။ သို့ရာတွင် သူ့အား ကြိုတင်၍ အသိပေးထားခြင်း၊ သတိပေးထားခြင်းမရှိဘဲ ရုတ်တရက် ပေးအပ်လာသည့်တာဝန်ကို အမြဲတမ်း လက်ခံထမ်းရွက်ခဲ့သည့်အပြင် အလုပ်လုပ်ရာတွင်လည်း တာဝန်သိသိ၊ သစ္စာရှိရှိ လုပ်ကိုင်ဆောင်ရွက်တတ်သူ ဖြစ်သည်။

ယခုတစ်ကြိမ်တွင်မူ ကျွန်ုပ်သည် အိုက်ခ်မန်းအား လက်ရဖမ်းဆီးပြီး အစ္စရေးတွင် တရားဥပဒေအရ စစ်ဆေးအပြစ်ပေးရန် စီစဉ်နေကြောင်း အေမာအား ကျွန်ုပ်က ကြိုတင်ပြောပြခဲ့သည်။ သူ့အား ဤစစ်ဆင်ရေးတွင် တာဝန်ပေးရန် ကြံရွယ်ထားကြောင်း ပြောပြလိုက်သောအခါ သူသည် အလွန်ဝမ်းသာသွားခဲ့သည်။ ရှေးဦးစွာ ကျွန်ုပ်က သူ့အား ဥရောပတိုက်သို့သွား၍ လှုပ်ရှားတပ်ဖွဲ့ဝင်များ၏ ခရီးသွားလာရေးနှင့်ပတ်သက်၍ အစီအစဉ်များကို တာဝန်ယူဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ သူ၏ လှုပ်ရှားလုပ်ကိုင်မှုများကို အထူးလျှို့ဝှက်ထားရန် အရေးကြီးကြောင်းနှင့် နိုင်ငံရေးအရ အရှုပ်အထွေးများ ပေါ်ပေါက်လာနိုင်သဖြင့် အသေးအဖွဲမှစ၍ အထူးဂရုစိုက်ဆောင်ရွက်ရန် မှာကြားခဲ့သည်။ အထူးသဖြင့် ဤအစီအစဉ်များနှင့်ပတ်သက်၍ သုံး၁ အတိမ်းအစောင်း အမှားအယွင်းမရှိစေရန် သတိပေးပြောကြားခဲ့သည်။

ကျွန်ုပ်သည် နိုင်ငံကူးလက်မှတ်များနှင့် အခြားစာရွက်စာတမ်းများကို အဖွဲ့ဝင်များအား ပေးအပ်ရာ၌ အထူးသတိထား၍ တစ်ဦးတစ်ယောက်စီး တစ်စောင်စီ၊ တစ်ရွက်စီ သီးခြားပေးသွားရန် အေမာအား ညွှန်ကြားခဲ့သည်။ သို့မဟုတ်ပါက ဤလူများသည် အဖွဲ့တစ်ဖွဲ့တည်းမှဖြစ်၍ တစ်ဦးနှင့်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တည်း ခရီးသွားကြသူများ ဖြစ်သည်ဟု ရိပ်မိသွားနိုင်ဖွယ်ရာရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် တစ်ခုတည်းသော ခြွင်းချက်မှတစ်ပါး အဖွဲ့ဝင်အားလုံးသည် လူချင်းခွဲပြီး လေဆိပ်အနှံ့အပြားမှ အချိန်ခွဲကာ ခရီးစဉ်များခွဲ၍ လိုက်ပါစီးနင်းကြရန် ညွှန်ကြားခဲ့သည်။ သို့မှသာ မိမိတို့ တစ်ဦးချင်းခွဲ၍ နေထိုင်တည်းခိုသည့် နေရာ၊ သွားကြမည့် ခရီးစဉ်နှင့် ဆိုက်ရောက်မည့် အချိန်၊ ထွက်ခွာမည့်အချိန် စသည်များကို ခြေရာခံ၍မရဘဲ ရှိနိုင်မည်ဖြစ်သည်။

အေမာသည် ဤလုပ်ငန်းတာဝန်များကို ဗားရက် မာရီယမ် စသူတို့နှင့် တွဲဖက်လုပ်ကိုင်ခဲ့သည်။ သို့လုပ်ကိုင်ရာတွင်လည်း အဖွဲ့ဝင်အားလုံး ပြည်ဝင်ခွင့်လက်မှတ်ဖြစ်စေ၊ ခရီးသွားလက်မှတ်ဖြစ်စေ ရရန်အတွက် မည်သည့်ကောင်စစ်ဝန်ရုံးနှင့် မည်သည့် ခရီးသွားလာရေးအဖွဲ့များကိုမှ အကူအညီ သွားရောက်တောင်းခံခြင်း မပြုရန် အလေးအနက် မှာကြားခဲ့သည်။

**အစ္စရေးနိုင်ငံတွင်** စီစဉ်ပြင်ဆင်မှုများအားလုံး ပြီးစီးသွားသောအခါ အေမာသည် **ရှေ့ဆက်ရမည့်** ခရီးစဉ်များကို ဆောင်ရွက်ရန်အတွက် ဥရောပတိုက်သို့ **ထွက်ခွာလာခဲ့သည်။** ကျွန်ုပ်သည် သူ၏ 'ခရီးသွားလာရေး ကိုယ်စားလှယ်**အဖွဲ့**'မှ လိုအပ်သည့် **စာရွက်စာတမ်း**များ ထုတ်ယူရဦးမည်ဖြစ်ရာ ကျွန်ုပ်တို့နှစ်ယောက် ဥရောပတိုက်တွင် ပြန်လည်တွေ့ဆုံကြဦးမည်ဖြစ်ကြောင်း သူ့အား ပြောကြားလိုက်သည်။

ယစ်ဇက်နက်ရှာသည် ထောက်လှမ်းရေးသမားတစ်ယောက် မဟုတ်သလိုတစ်စုံတစ်ရာ ထူးခြားသည့် အရည်အချင်းရှိသူ တစ်ဦးလည်း မဟုတ်ဟု၍ဆိုနိုင်သည်။ နေရာတကာတွင် သွက်လက်ဖျတ်လတ်မှု မရှိဘဲ နေးနေးကွေးကွေးအေးအေးဆေးဆေး နေထိုင်ပြောဆို လုပ်ကိုင်တတ်သူဖြစ်သည်။ သည်ကြားထဲကသူ့မှာ ထူးခြားသည့် ပါရမီတစ်ခုရှိသည်။ ယင်းမှာ သူနှင့် တွေ့ရသူတိုင်းကသူ့အပေါ်တွင် ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိခဲ့ကြခြင်းပင်ဖြစ်သည်။ သူ့မျက်နှာမှာ ပကတိ အပြစ်ကင်းစင်၍ တစ်စုံတစ်ရာ ထူးခြားချက်၊ ခံစားချက်ဟူ၍လုံးဝ မတွေ့ရသည့် မျက်နှာမျိုးဖြစ်သည်။ ထိုသို့ ထူးခြားမှု၊ ခံစားမှု ကင်းမဲ့နေသည့်အတွက် သူ့မျက်နှာမှာ ပို၍ပင် ပေါ်လွင်နေသည်ဟု ထင်ရသည့်ပြင်လူတိုင်းက သူ့အပေါ် ယုံကြည်မှုရှိကာ သူပြောသည့် စကားမှန်သမျှ ကလေးငယ်တစ်ယောက်ပမာ ရိုးသားသန့်စင်သည်ဟူ၍ အထင်ရောက်ကြရသည်။ ထိုသို့သော ဝိသေသလက္ခဏာများကြောင့် နက်ရှာသည် ဂျာမန်စကားနှင့် အင်္ဂလိပ်





စကား ပြောသည့် ပုဂ္ဂိုလ်များအလယ်တွင် ယုံကြည်လေးစားအပ်သော လူတစ်ယောက် ဖြစ်နေခဲ့သည်။

သို့သော် သူသည် မှတ်ပုံတင်များကို တစ်ခုပြီးတစ်ခု ပြောင်းလဲကိုင်ဆောင်ကာ ဟန်အမူအရာနှင့် ပုံသဏ္ဌာန်အမျိုးမျိုး လုပ်တတ်သည့် လူတစ်ယောက်ဖြစ်ကြောင်း မည်သူတစ်ဦးတစ်ယောက်ကမျှ ရိပ်မိခြင်းမရှိဘဲ ဖြစ်နေခဲ့ရာ ကျွန်ုပ်သည် သူ့အား တစ်မူထူးခြားသည့် တာဝန်တစ်ရပ် ပေးအပ်ခဲ့သည်။ ယင်းတာဝန်မှာ အခြားမဟုတ်၊ အရာဝတ္ထုပစ္စည်း တစ်ခုခုကို ဝယ်ရန်သော်လည်းကောင်း၊ ငှားရန်သော်လည်းကောင်းဖြစ်သည်။ အကယ်၍လိုအပ်ပါက သူသည် ဤစစ်ဆင်ရေးအတွက် လုံခြုံစိတ်ချရသည့် အိမ်များ၊ အရေးပေါ် အသုံးအဆောင်ပစ္စည်းများ၊ မော်တော်ကားများနှင့်တကွ လူတစ်ယောက်အဖို့ သက်သေခံအထောက်အထားစာရွက်စာတမ်းများပြ၍ ငှားလျှင်၊ ဝယ်လျှင် ရနိုင်သည့် အရာဝတ္ထုမှန်သမျှ ငှားရန် သို့မဟုတ် ဝယ်ရန်ပင်ဖြစ်သည်။ အထူးသဖြင့် ဤစစ်ဆင်ရေးတွင် သူသည် လုံခြုံစိတ်ချရသည့် အိမ်တစ်အိမ်တွင် သူ့'ဇနီး'နှင့် အတူနေရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား လက်ရဖမ်းပြီးနောက် အိမ်တစ်အိမ်တွင် ချုပ်နှောင်ထားရမည်ဖြစ်ရာ အိမ်နီးနားချင်းများက သင်္ကာမကင်း မဖြစ်စေရန် နက်ရှာသည် သူ့ဇနီးအဖြစ် ဟန်ဆောင်ထားသူ အမျိုးသမီးတစ်ဦးနှင့်အတူ ထိုအိမ်တွင် ယာယီနေပြရန် စီစဉ်ထားသောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် နက်ရှာအား အထက်ပါတာဝန် ပေးအပ်ရန် စီစဉ်ထားကြောင်း ပြောပြသောအခါ သူသည် စိတ်ပါဝင်စား လှုပ်ရှားသည့်အမူအရာများ မပြဘဲရှိနေသည်။ သို့သော် သူသည် မည်သည့်အခါကမျှ စိတ်လှုပ်ရှားသည့် အမူအရာ၊ စိတ်ဝင်စားသည့် လက္ခဏာများကို ပြလေ့မရှိကြောင်း ကျွန်ုပ်သိပြီးဖြစ်သည်။ သို့ဖြစ်ရာ ဤတာဝန်ကို ထမ်းရွက်ရန် သဘောတူကြောင်းနှင့် လိုအပ်သည့်အချိန်တွင် အသင့်ဖြစ်နေစေရန် အစစ စီစဉ်ပြင်ဆင်ထားပါမည် ဟူ၍ မဆိုင်းမတွ ကတိပေးလိုက်ခြင်းသည်ပင်လျှင် ကျွန်ုပ်အဖို့ ကျေနပ်လုံလောက်ပြီဟု ယူဆမိသည်။

ထို့နောက် နက်ရှာ၏ 'ဇနီး'အဖြစ် သရုပ်ဆောင်ရန်အတွက် ကျွန်ုပ်သည် ဒီနာရွှန်ဆိုသူအား ရွေးချယ်ခဲ့သည်။ ဒီနာသည် နက်ရှာ၏ ဇနီးအဖြစ် ဟန်ဆောင်မှုမက အိုက်ခ်မန်းအား ဖမ်းဆီးချုပ်နှောင်ထားသည့် အချိန်မှစ၍ အစ္စရေးသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားသည့် အချိန်အထိ ထိုအိမ်ကလေးကို ‘ထိန်းသိမ်းစောင့်ရှောက်’ သွားရမည် ဖြစ်သည်။ ဤတာဝန်သည် ဒီနာအတွက် အသစ်အဆန်းတစ်ခု ဖြစ်နေသော်လည်း သူမသည် အခြားသော ရှုပ်ထွေးခက်ခဲလှသည့် စစ်ဆင်ရေး လုပ်ငန်း အမြောက်အမြားတွင် တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ ထို့ပြင် သူမသည် ဘာသာစကားအမျိုးမျိုးကို ရေရေလည်လည် ပြောတတ်ရုံမျှ မက အခြေအနေအမျိုးမျိုးအောက်တွင် အမူအရာ ပုံစံအမျိုးမျိုးဖြင့် ဣန္ဒြေရရ ဟန်ဆောင်နိုင်ခဲ့သူဖြစ်သည်။

ဒီနာသည် သူမ၏ မိဘနှစ်ပါးနှင့်အတူ ၁၉၄၀ ပြည့်နှစ်က အစ္စရေး နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်က သူမ၏ ဆွေမျိုးသားချင်းအတော် များများမှာ အနောက်ဥရောပတွင် ကျန်နေရစ်ခဲ့ပြီး နောက်ပိုင်းတွင် သူတို့တစ်တွေ အားလုံးမှာ နာဇီတို့လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ကြရရှာသည်။ သူမ၏ မိဘ များသည် ဘာသာရေးအဖွဲ့ တစ်ဖွဲ့တွင် ပါဝင်၍ အမျိုးသမီးရိပ်သာတစ်ခုကို တည်ထောင်ခဲ့သည်။ ထို့နောက် ဒီနာသည် အထက်တန်းကျောင်းမှ ထွက်၍ အဆိုပါ အမျိုးသမီးရိပ်သာတွင် တစ်နှစ်ခန့်နေခဲ့ပြီးမှ တစ်ဖန် အထက်တန်းကျောင်း တွင် ပညာများ ဆက်လက်သင်ကြားခဲ့သည်။ သူမသည် တက္ကသိုလ်တွင် ပညာ သင်နေဆဲ အစ္စရေးလွတ်လပ်ရေး စစ်ပွဲကာလအတွင်း တက္ကသိုလ်မှ ထွက်၍ စစ်ထဲသို့ ဝင်ခဲ့သည်။ ထို့နောက် စစ်ကြီးပြီးဆုံး၍ အစ္စရေးနိုင်ငံ လွတ်လပ်ရေး ကြေညာခဲ့ပြီးနောက် ဒီနာသည် တက္ကသိုလ်သို့ ပြန်ရောက်ခဲ့ရာ ကျောင်းသား အစည်းအရုံးများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကာ ကမ္ဘာ့ကျောင်းသား ညီလာခံသို့ တက်ရောက်ခဲ့သည်။

ကျွန်ုပ်သည် ဒီနာအား ထိုစဉ်က နိုင်ငံတစ်နိုင်ငံသို့ ရောက်ရှိနေခိုက် တွေ့ဆုံခဲ့ရသည်။ ထိုနိုင်ငံသည် ဂျူးများကို ချုပ်ချယ်သည့်နိုင်ငံဖြစ်ရာ သူမသည် ဂျူးလူမျိုးမဟုတ်သည့်အနေဖြင့် ဟန်ဆောင်နေခဲ့ရသည်။ ထိုစဉ်က သူမသည် ဘာသာရေးအစဉ်အလာ ကျင့်ဝတ်များကို ခက်ခက်ခဲခဲ စောင့်ထိန်းလိုက်နာခဲ့ ရသည်။ ထိုသို့ လိုက်နာစောင့်ထိန်းနိုင်ရန်အတွက် သူမသည် နှစ်ကိုယ်ခွဲ၍ နေခဲ့ရသည်။ သူမသည် အပြင်တွင် အများနှင့်ဆက်ဆံရာ၌ ဂျူးလူမျိုးနှင့် လုံးဝ မတူအောင် နေထိုင်ပြောဆိုခဲ့၍ သူမ၏ ကိုယ်ပိုင်အခန်းထဲ ရောက်သည့်အခါ တွင်မှ ဘာသာရေးဝတ်ပြုခြင်း၊ ဘုရားရှိခိုးခြင်း စသည်များကို ပြုလုပ်ခဲ့ရသည်။

အမှန်စင်စစ် ဒီနာအား တာဝန်ပေးရာ၌ အခြားပုဂ္ဂိုလ်များနှင့် တစ်ပြိုင် တည်း ရွေးချယ်ခဲ့သည် မဟုတ်ပေ။ ဤစစ်ဆင်ရေးတွင် အကယ်၍ အမျိုးသမီး





တစ်ယောက် ပါဝင်ရန် လိုအပ်ပါက ဒီနာအား ရွေးချယ်ရန် စာရင်းသွင်းထား သင့်ကြောင်းဖြင့် အင်ကာအား ကျွန်ုပ်က အကြံပေးခဲ့ခြင်းဖြစ်သည်။ သို့သော် သူမအား တာဝန်ပေးမည်၊ မပေးမည်ကို ဗျူနိုအဲရစ်မြို့သို့ ကျွန်ုပ်ရောက်သွား သောအခါမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း အင်ကာအား ပြောပြထားခဲ့သည်။ ကျွန်ုပ် စဉ်းစားမိသလောက် အကယ်၍ ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား ဖမ်းမိသည့် အချိန်နှင့် အာဂျင်တီးနားမှ သူ့ကို ခေါ်ဆောင်သွားမည့်အချိန်သည် ပြောပ လောက်အောင် ကွာခြားခြင်းမရှိပါက သူ့အား ချုပ်နှောင်ထားသည့်အိမ်တွင် အိမ်ရှင်မတစ်ယောက်မထားဘဲ ဖြစ်နိုင်စရာရှိသည်ဟု သဘောရမိသည်။ အမှန် စင်စစ် ကျွန်ုပ်သည် ဤစစ်ဆင်ရေးလှုပ်ရှားတပ်ဖွဲ့တွင် မလိုအပ်ဘဲ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထည့်သွင်းမထားလိုသည့်ပြင် ထိုသို့ မလိုအပ်ဘဲ ထည့်သွင်းထားခြင်းဖြင့် အကျိုးမရှိရုံမျှမက သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေ သည်ကိုလည်း စိုးရိမ်ပူပန်မိသည်။

ကျွန်ုပ်တို့၏ လှုပ်ရှားဆောင်ရွက်ရမည့် အစီအစဉ်တွင် ဆရာဝန် တစ်ယောက် ပါဝင်ရန် မုချလိုအပ်လျက်ရှိသည်။ ထိုဆရာဝန်သည် အိုက်ခ်မန်း အား စတင်ဖမ်းမိသည့်အချိန်နှင့် နောက်ပိုင်းတွင် သူ့အား တစ်နေရာမှ တစ်နေရာ သို့ ပြောင်းရွှေ့ခေါ်ဆောင်သွားသည့်အခါများတွင် မေ့ဆေးများ ထိုးပေးရမည် ဖြစ်သည်။ ထိုသို့သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် ကျွန်ုပ် တို့သည် သတ္တိရှိ၍ မိမိ၏ ကြီးမားသည့်တာဝန်ကို သဘောပေါက်နားလည်သည့် ဆရာဝန်တစ်ယောက်ကို ရှာဖွေရွေးချယ်ရမည်ဖြစ်သည်။ ဤနေရာတွင် အသေးဆုံး သော အမှားအယွင်းတစ်ခုကြောင့် ကြီးမားသော ထိခိုက်ပျက်ပြားမှု ဖြစ်ပေါ်လာ နိုင်သည်ဖြစ်ရာ ကြိုတင်ပြင်ဆင် မြင်နိုင်စွမ်းမရှိသည့် အခြေအနေနှင့် ပုံမှန် မဟုတ်သော အနေအထားမျိုး၌ပင် သတိမေ့မြောစေသည့် ဆေးများကို အရေး တကြီး ထိုးပေးနိုင်မည့် အရည်အချင်းမျိုး ရှိသူဖြစ်ရမည်။ ထို့ပြင် ထိုဆရာဝန် သည် အိုက်ခ်မန်းအား အစ္စရေးနိုင်ငံသို့ ချောမောစွာ ရောက်ရှိစေရန်နှင့် တရားရုံး တွင် ကောင်းမွန်စွာ အစစ်ခံနိုင်ရန်အတွက် သူ၏ကျန်းမာရေးအခြေအနေကို အမြဲတစေ စောင့်ကြပ်ထိန်းသိမ်းသွားရမည်ဖြစ်သည်။

ကျွန်ုပ်တို့ လှုပ်ရှားတပ်ဖွဲ့တွင် ဆရာဝန်တစ်ယောက် မုချ မလွဲမသွေ ပါဝင်ရန် လိုအပ်နေသည့် အခြားသောအကြောင်းအချက်လည်း ရှိနေသေးသည်။ ယင်းမှာ အခြားမဟုတ်၊ လှုပ်ရှားတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးကိုလည်း တစ်ဖက် တစ်လမ်းမှ စောင့်ရှောက်သွားရန် လိုအပ်နေခြင်းပင်ဖြစ်သည်။ လှုပ်ရှားတပ်ဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



များသည် အထူးသဖြင့် အိုက်ခ်မန်းအား ဖမ်းဆီးချုပ်နှောင်ထားသည့် အချိန် ကာလ အတောအတွင်း ပြင်ပနှင့်ဆက်ဆံမှု လုံးဝမရှိဘဲ သီးခြားနေကြရမည် ဖြစ်သည်။ ထိုအချိန်ကာလတွင် အဖွဲ့ဝင်တစ်ယောက်ယောက် မမာမကျန်းဖြစ်ခဲ့ လျှင်သော်လည်းကောင်း၊ မတော်တဆ ထိခိုက်၍ ဒဏ်ရာ အနာတရဖြစ်ခဲ့လျှင် သော်လည်းကောင်း ပြင်ပမှ ဆရာဝန်ကို လုံးဝခေါ်၍မဖြစ်သည်မှာ သေချာသည်။ ထို့မှတစ်ပါး အိုက်ခ်မန်းအား ဖမ်းဆီးရာတွင်ပင် ထိခိုက်ဒဏ်ရာရမှုများနှင့် ကျဆုံးမှုများ ရှိကောင်း ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံရပ်ခြား တိုင်းတစ်ပါး တွင် မှတ်ပုံတင်နှင့် ထောက်ခံစာအတုများကို ကိုင်ဆောင်ထားကြပြီး မိမိတို့ အနေဖြင့် မည်သည့်လုပ်ငန်း၊ မည်သည့်တာဝန်ဖြင့် လာရောက်ခဲ့ကြသည်ကို ထုတ်ဖော်ပြောကြားရန် လုံးဝ မဖြစ်နိုင်သူများသည် ပြင်ပမှ ဒေသခံဆရာဝန် တစ်ယောက်ကို မည်သို့ခေါ်၍ ကုသနိုင်ကြပါမည်နည်း။ အကယ်၍ ပြင်ပမှ ဒေသခံဆရာဝန်ကိုခေါ်၍ ကုသမှုခံယူမည်ဆိုပါက ထိုဆရာဝန်သည် အာရုံ တီးနားတွင် မိမိတို့၏ လျှို့ဝှက်လုပ်ဆောင်မှုများနှင့် မိမိတို့၏ ဇာတိမှန်ကို အလွန်အမင်း စိတ်ဝင်စားသွားမည် မဟုတ်ပါလော။

ယင်းသို့ အရေးကြီးသည့် တာဝန်ကို ထမ်းဆောင်ရန်အတွက် သင့်တော်သူ တစ်ယောက်ကို ရှာကြံရွေးချယ်ရာ၌ ပြောပလောက်အောင် အခက်အခဲမတွေ့ ရပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ထံတွင် ယင်းသို့သော အလုပ်များကို လုပ်ကိုင်ရန် မွေးလာလေသလားဟု ထင်ရလောက်အောင် ထူးချွန်သည့် ဆရာဝန် တစ်ယောက် ရှိနေပြီးဖြစ်သောကြောင့်တည်း။ ထိုဆရာဝန်သည် ယခု လောလော ဆယ်၌ အစ္စရေးနိုင်ငံမှ ဆေးရုံကြီးတစ်ရုံတွင် မေးဆေးဆရာဝန်အဖြစ် တာဝန်ထမ်း လုပ်ကိုင်လျက်ရှိ၍ သူ၏ လျင်မြန်သော ဆုံးဖြတ်မှု၊ အတွေးအခေါ်မှန်ကန်မှုနှင့် ရဲရဲဝံ့ဝံ့ လုပ်တတ်ကိုင်တတ်မှုတို့ကြောင့် အထူးပင် ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆေးဝါးကုသမှုနှင့် စပ်လျဉ်း၍ သူ့ထံသို့ တစ်ကြိမ် မက သွားရောက်ခဲ့ကြဖူး၍ အချို့သော ကိစ္စရပ်များမှာ ခက်ခက်ခဲခဲနှင့် ရှုပ်ထွေး လှသော်လည်း သူသည် တစ်ကြိမ်တစ်ခါမျှ ငြင်းပယ်ခြင်းမပြုဘဲ ကူညီခဲ့သည်ကို တွေ့ရသည်။

ကျွန်ုပ်သည် ဤကိစ္စအတွက် အဆိုပါ ဆရာဝန်နှင့် ရင်းနှီးသည့် ဟဂ္ဂီကို ခေါ်ယူတွေ့ဆုံ၍ ဆွေးနွေးခဲ့သည်။ ထို့မှတစ်ပါး ထိုဆရာဝန်နှင့်အတူ ဆေးရုံ တစ်ရုံတည်းတွင် အတူလုပ်ကိုင်၍ ကျွန်ုပ်နှင့် ခင်မင်သည့် မိတ်ဆွေဆရာဝန် တစ်ယောက်ကိုလည်း ခေါ်ယူတွေ့ဆုံခဲ့သည်။ ဤတွင် သူတို့နှစ်ဦးစလုံးက ကျွန်ုပ်၏ကိစ္စအတွက် ထိုဆရာဝန်သည် အသင့်တော်ဆုံးဖြစ်ကြောင်း သဘောတူ ထောက်ခံခဲ့ကြသည်။ ထိုဆရာဝန်အနေဖြင့်လည်း ကျွန်ုပ်တို့၏ တာဝန်ကို ထမ်းဆောင်နေစဉ်အတွင်း အများတကာတို့ မရိပ်မိအောင် အကြောင်းပြစရာ အချက်များရှိသည်ဟု ပြောပြခဲ့ကြသည်။





သို့ဖြစ်ရာ ကျွန်ုပ်သည် ဟဂ္ဂီအား ထိုဆရာဝန်နှင့် တွေ့ဆုံဆွေးနွေးကာ ဤစစ်ဆင်ရေးတွင် စေတနာ့ဝန်ထမ်း ပါဝင်ကူညီဆောင်ရွက်ရန် အသင့်ရှိမရှိ စုံစမ်းခိုင်းခဲ့သည်။ ဟဂ္ဂီသည် ထိုဆရာဝန်အိမ်သို့ သွားရောက်၍ အိုက်ခ်မန်း၏ အမည်ကို ကြားဖူးခြင်း ရှိ မရှိနှင့် အဆိုပါ အိုက်ခ်မန်းအား လက်ရဖမ်းရာတွင် ပါဝင်ကူညီရန် ဆန္ဒရှိမရှိ စုံစမ်းမေးမြန်းကြည့်ခဲ့သည်။ ဆရာဝန်ကလည်း အိုက်ခ်မန်းကို သူကောင်းကောင်းကြီးသိကြောင်းနှင့် သူ့ကို လက်ရဖမ်းရာတွင် ပါဝင်ကူညီမည်ဖြစ်ကြောင်း ပြန်ပြောခဲ့သည်။ ဟဂ္ဂီ၏ မေတ္တာရပ်ခံချက်အရ ဆေးရုံအုပ်ကြီးသည် အဆိုပါ ဆရာဝန်အား တစ်စုံတစ်ရာ စစ်ဆေးမေးမြန်းခြင်း များ မပြုလုပ်တော့ဘဲ ခွင့်ရက်ရှည်ပေးခဲ့သည်။

ကျွန်ုပ်သည် အဆိုပါဆရာဝန်ကို လူချင်းတွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် သူ့အား တစ်စုံတစ်ရာ အကျယ်တဝင့် ရှင်းလင်းပြောပြနေစရာ မလိုတော့ဟု ချက်ချင်းသိလိုက်သည်။ သူသည် ယခု ကျွန်ုပ်တို့စစ်ဆင်ရေး၏ ရောမအရေး ကြီးပုံကို နားလည်သဘောပေါက်ထားပြီး ဖြစ်နေသည့်ပြင် သူလုပ်ဆောင်ရမည့် လုပ်ငန်းနှင့်ပတ်သက်၍ သူ့အပေါ်တွင် တာဝန်အပြည့်အဝရှိသည်ကိုပါ အဖွဲ့ဝင် တစ်ယောက်အနေဖြင့်သော်လည်းကောင်း၊ ဆရာဝန်တစ်ယောက်အနေဖြင့်သော် လည်းကောင်း သိရှိနားလည်ထားပြီး ဖြစ်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် ထိုဆရာဝန်အား ဂါဘီနှင့် တွေ့ဆုံရန် စီစဉ်ပေးခဲ့ရာ သူတို့ နှစ်ယောက် 'ပစ်မှတ်'နိုင်ငံတွင် အရေးပေါ် လိုအပ်လာပါက ဆရာဝန်အတွက် အသုံးပြုရန် ပစ္စည်းကိရိယာ တန်ဆာပလာများကို စာရင်းတစ်ခု ပြုလုပ်ခဲ့ကြ သည်။ ထို့ပြင် သူတို့သည် အိုက်ခ်မန်းအား လက်ရဖမ်းမိသည့် အချိန်မှစ၍ အိမ်တစ်အိမ်တွင် ချုပ်နှောင်ထားပြီး လေယာဉ်ဖြင့် တင်ဆောင်ကာ အစ္စရေးသို့ ခေါ်လာသည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် မည်သို့မည်ပုံ စောင့်ရှောက် ထိန်းသိမ်းလာကြရမည်ကိုပါ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

တစ်နေ့တွင် ဆေးရုံသို့ ဂါဘီ ရောက်ရှိသွားခဲ့ရာ ကျွန်ုပ်တို့၏ ဆရာဝန် သည် သူ့အားရောမအထုပ်ကြီးတစ်ထုပ် ပေးအပ်ခဲ့သည်။ ယင်းအထုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွင် ဆေးပစ္စည်းများနှင့် ဆေးကိရိယာတန်ဆာပလာများ ပါရှိခဲ့၍ ယင်းပစ္စည်းကိရိယာများသည် ဆေးဆိုင်တစ်ဆိုင်တွင် တစ်စုံတစ်ရာ သံသယမဖြစ်စေဘဲ ဝယ်ယူရရှိရန် ခက်ခဲသည့် ပစ္စည်းကိရိယာများပင် ဖြစ်သည်။ ဂါဘီက မိမိသည် ဗျူနိုအဲရစ္စမြို့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ပစ္စည်းကို အသင့်ရှိနေအောင် စီစဉ်ပေးပါမည်ဟု ပြောဆိုကာ အထုပ်ကြီးကို ဆရာဝန်ထံမှ ယူလာခဲ့သည်။

၇

ယခုအခါ လှုပ်ရှားတပ်ဖွဲ့ဝင် အားလုံးသည် စစ်ဆင်ရေးစီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ် လုပ်စရာရှိသမျှကို အပူတပြင်း လုပ်ဆောင်နေကြပြီဖြစ်သည်။ သူတို့သည် မှတ်တမ်းဖိုင်တွဲများနှင့် ကဲနက်တို့၊ တာလ်မီတို့၏ အစီရင်ခံစာများထဲမှ အချက်အလက် အကြောင်းအရာများကို အားလုံး တစ်ခုမကျန် ဖတ်ရှုလေ့လာပြီးကြပြီဖြစ်သည်။ ထို့ပြင် ဒေသဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ စုဆောင်းရရှိသမျှတို့ကို ဆန်းစစ်လေ့လာခြင်း၊ ဗျူနိုအဲရစ္စမြို့သို့ သယ်ဆောင်သွားကြရမည့် ပစ္စည်းကိရိယာများကို စာရင်းပြုလုပ်ခြင်း၊ ဗျူနိုအဲရစ္စမြို့တွင် ဝယ်ယူရမည့် ပစ္စည်းများကိုလည်း မှတ်သားထားခြင်း စသည်တို့ကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ကြသည်။ ဗျူနိုအဲရစ္စသို့ ယူဆောင်သွားကြမည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ သူတို့သည် အတတ်နိုင်ဆုံး အရေအတွက် နည်းနိုင်သမျှ နည်းအောင် စီစဉ်ထားကြပြီး ဗျူနိုအဲရစ္စရောက်မှ လိုအပ်သမျှပစ္စည်းများ အားလုံးကို ဝယ်ရန် သို့မဟုတ် ငှားရန် ဆုံးဖြတ်ထားကြသည်။

ဂါဘီသည် အင်ကာတို့အဖွဲ့နှင့် တွေ့ဆုံ၍ အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ရေးကို နာရီပေါင်းများစွာ အချိန်ယူ ဆွေးနွေးခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် လှုပ်ရှားတပ်ဖွဲ့ဝင်များထဲမှ အချို့သော တပ်ဖွဲ့ဝင်များသည် အဆိုပါ စာရွက်စာတမ်း အထောက်အထားများကို မည်သို့ အသုံးပြုရမည်ဟူ၍ မသိကြသေးသောကြောင့် ဖြစ်သည်။

မကြာမီ လှုပ်ရှားတပ်ဖွဲ့ဝင်များ၏ ပဏာမ အစည်းအဝေးပြုလုပ်ခဲ့ရာ ထိုအစည်းအဝေးတွင် အိုက်ခ်မန်းအား လက်ရဖမ်းဆီးရန်အတွက် ဖြစ်နိုင်သည့် နည်းလမ်းသုံးရပ်ကို အခြေအတင် အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြသည်။ ပထမနည်းလမ်းမှာ နောက်ယောင်ခံခြင်းနှင့် စုံစမ်းထောက်လှမ်း လေ့လာခြင်းများ ပြုလုပ်ခဲ့ပြီးနောက် အိုက်ခ်မန်းသည် ထိုအိမ်တွင် မုချရှိနေကြောင်းနှင့် လုပ်ငန်းဆောင်ရန် အခြေအနေသင့်တော်ပြီဖြစ်ကြောင်း အတည်ပြုချက်ရရှိသည်





နှင့်တစ်ပြိုင်နက် စန်ဖာနန်ဒိုလမ်းမှ နေအိမ်တွင်းသို့ အတင်းဝင်ရောက်၍ အိုက်ခ်မန်းအား တရကြမ်း ဖမ်းဆီးရန်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ 'လှည့်လည်သွားလာ' ဖမ်းဆီးခြင်းဖြစ်၍ အိုက်ခ်မန်းအား လမ်းခုလတ်တွင် တစ်နေရာမှ တစ်နေရာ သွားလာလှုပ်ရှားနေခိုက် ဖမ်းဆီးသည့် နည်းလမ်းဖြစ်သည်။ တတိယနည်းလမ်းအဖြစ် သူတို့တွေးတောကြံဆမိခဲ့ကြသည်မှာ အိုက်ခ်မန်း နေ့စဉ်ပုံမှန်သွားလာနေသည့် ခရီးစဉ်အရ နေရာတစ်နေရာကို အတိအကျ ကြိုတင်သတ်မှတ်ဆောင့်ဆိုင်း၍ အိမ်အပြန်တွင် စောင့်ဆိုင်းဖမ်းဆီးရန် ဖြစ်သည်။ ဤနည်းလမ်းသုံးမျိုးစလုံးတွင် သင့်တော်လိုအပ်သလို ဖြားယောင်းသွေးဆောင်မှုများ ပြုလုပ်ရန်လည်း စဉ်းစားဆွေးနွေးခဲ့ကြသည်။

သူတို့၏ အထက်ပါ စီမံကိန်းများနှင့်ပတ်သက်၍ ပြောစရာတစ်ခုသာ ရှိသည်။ ယင်းမှာ ပြန်လှန်စစ်ဆေးမှုနှင့် တကယ့်အခြေခံအကြောင်းတရားများ ပေါ်ဘဲ ရေးဆွဲထားခြင်းပင်ဖြစ်သည်။ အမှန်စင်စစ် အမျိုးမျိုးသော ဖြစ်နိုင်ဖွယ်ရာ အခြေအနေများထဲမှ တစ်ခုခုကို လက်တွေ့စမ်းသပ် လုပ်ကိုင်ကြည့်နိုင်ရန်အတွက် လှုပ်ရှားတပ်ဖွဲ့သည် ထိုနေရာသို့ ကွင်းဆင်းလေ့လာခြင်း၊ ထိုအိမ်ကို အမြဲမပြတ် စောင့်ကြည့်ခြင်းနှင့်တကွ ကလီမင့်ကို အချိန်ကြာမြင့်စွာ မျက်ခြည်မပြတ် နောက်ယောင်ခံ၍လိုက်ခြင်း စသည်များကို ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့ပြင် မိမိတို့ အလိုရှိသူကို လက်ရဖမ်းရမည့်နေရာ 'တိုက်ကွင်း'ကို မှန်မှန်ကန်ကန် ရွေးချယ်သတ်မှတ်နိုင်ရန်အတွက် ထိုနေရာတစ်ဝိုက်သို့ အနှံ့အပြား လှည့်လည်၍ ကင်းထောက်ကြည့်ရှုခြင်းများကိုလည်း ပြုလုပ်ရန်လိုသည်။ သို့မှသာ ရှေ့ပြေးအဖွဲ့သည် ထိုနေရာသို့ရောက်၍ အဆုံးအဖြတ် ပေးနိုင်သည်အထိ နောက်ဆုံး အစီအစဉ်ကို စောင့်ဆိုင်းရေးဆွဲနိုင်မည်ဖြစ်သည်။ အဆုံးအဖြတ်ပေးရာတွင်လည်း စစ်ဆင်ရေးကို တကယ့်လက်တွေ့ ဆောင်ရွက်ရန် ကျေနပ်လောက်သည့် အခြေအနေများ ရှိမရှိ ဟူသော အချက်ပေါ်တွင် မူတည်ရမည်ဖြစ်သည်။ ထိုသို့ အခြေအနေများကို သွားရောက်စုံစမ်း လေ့လာရမည့် ရှေ့ပြေးအဖွဲ့တွင် အီဟတ်အား ခေါင်းဆောင်အဖြစ်နှင့် အက်ရှက်နှင့် ကဲနက်တို့အား တွဲဖက်ခေါင်းဆောင်အဖြစ် လျာထားခဲ့ကြသည်။

ထို့ပြင် ကျွန်ုပ်တို့သည် နက်ရှာအား ရှေ့ပြေးအဖွဲ့နှင့် လိုက်ပါသွားရန် ဆုံးဖြတ်ခဲ့သည်။ နက်ရှာသည် ရှေ့ပြေးအဖွဲ့နှင့် ကြိုတင်သွားရောက်ကာ ကျွန်ုပ်တို့ လှုပ်ရှားတပ်ဖွဲ့ဝင် စစ်ဆင်ရေးသမား အားလုံးအတွက် အခန်းများနှင့် အိမ်များကို ရနိုင်သမျှရအောင် ကြိုတင်ရှာဖွေထားရမည်ဖြစ်သည်။ ထို့နောက် ရှေ့ပြေးတပ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ထံမှ ကလီမင့်အား တွေ့ရှိရပြီဖြစ်ကြောင်းနှင့် လက်ရဖမ်းရန် အခြေအနေ အလားအလာများ ရှိနေပြီဖြစ်ကြောင်း အစီရင်ခံစာ ရောက်ရှိလာမှသာ ကျန်အဖွဲ့ ဝင်အားလုံး အာဂျင်တီးနားသို့ လိုက်သွားကြရန် ကျွန်ုပ်အနေဖြင့် ကြံရွယ်ထား ခဲ့သည်။

ယင်းသို့သော ပဏာမပြင်ဆင်မှုများကို စီစဉ်လုပ်ဆောင်ကြရာ၌ အချိန် ကာလ ရေးဆွဲသတ်မှတ်ရမည့် ပြဿနာလည်း ပါဝင်ခဲ့သည်။ အရေးကြီးသည့် အဆုံးအဖြတ်ကိုပေးမည့် အချက်မှာ အထူးလေယာဉ်ကြီး ဗျူနိုအဲရစ္စမြို့သို့ မည်သည့်နေ့ရက်တွင် ဆိုက်ရောက်လာလိမ့်မည် ဟူသော အချက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား လက်ရဖမ်းသည့် အလုပ်ကို လေယာဉ်ရောက်ရှိ မလာမီ လုပ်ဆောင်ပြီး ဖြစ်နေရမည်ဟု ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ သို့သော် တခြားတစ်ဖက်တွင်လည်း ယင်းသို့ ဖမ်းဆီးရမိပြီး လုံခြုံသည့် အိမ်တစ်အိမ်တွင် အချိန်ကြာကြာ ချုပ်နှောင်မထားမိရန်လည်း အရေးကြီးသည်။

ဤနေရာတွင် ကျွန်ုပ်တို့စိတ်ထဲ၌ စွဲစွဲမြဲမြဲ မှတ်ယူထားရမည့်အချက်မှာ ကလီမင့် ပျောက်ဆုံးသည့်အချိန်မှစ၍ သူ၏မိသားစု ဆွေမျိုးများနှင့် မိတ်ဆွေ အပေါင်းအသင်းများသည် နေ့စဉ်နေ့တိုင်း အိုက်ခ်မန်းအား အပူတပြင်း လိုက်လံ ရှာဖွေကြမည်မှာ သေချာသည်။ ထို့ပြင် သူတို့သည် အာဂျင်တီးနား အစိုးရ အာဏာပိုင်များအား အိုက်ခ်မန်း ပျောက်ဆုံးနေသည်ကို တိုင်ကြားဖွယ်ရာ ရှိနေ သည်ဖြစ်ရာ ထိုအခါ၌ လမ်းများ၊ နယ်စပ်ဘူတာရုံများနှင့် လေဆိပ်များတွင် တင်းတင်းကျပ်ကျပ် ရှာဖွေကြမည်ဖြစ်သည်။

တစ်ဖန် လွတ်လပ်ရေးအထိမ်းအမှတ် အခမ်းအနားသို့ အစ္စရေးအစိုးရ ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာရမည့် နေ့ရက်မှာလည်း အာဂျင်တီးနားအစိုးရ၏ လုပ်ထုံးလုပ်နည်းများအပေါ်တွင် တည်နေသည်။ မည်သို့ဖြစ်စေ ကိုယ်စားလှယ် အဖွဲ့များသည် ဖွင့်ပွဲနေ့မတိုင်မီ ကြိုတင်ရောက်ရှိလာကြမည်ဖြစ်သည်။ သို့ဖြစ်ရာ အချိန်တည်းတွင် ကျွန်ုပ်တို့ ကိုယ်စားလှယ်အဖွဲ့သည် ဗျူနိုအဲရစ္စသို့ အခြား ကိုယ်စားလှယ်အဖွဲ့များထက် ပို၍ အစောကြီးရောက်မနေစေရန်လည်း သတိပြု ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့သည် အိမ်ရှင်အစိုးရ သတ်မှတ်ပေးထားသည့် နေ့ရက်များအတွင်း၌သာလျှင် အလုပ်ဖြစ်အောင် လုပ်ရမည်ဖြစ်သည်။ ထို့ အတူ ကျွန်ုပ်တို့သည် လေယာဉ်ကို အချိန်အစောကြီး ပြန်လည်ထွက်ခွာသွား စေမည် ဆိုပါကလည်း အများပြည်သူတို့သာမက ကျွန်ုပ်တို့ကိုယ်စားလှယ်





အဖွဲ့ထဲမှ ဤစစ်ဆင်ရေး အစီအစဉ်များကို ကြိုတင်သိရှိမထားကြသူများပင်လျှင် အံ့သြ ဖြစ်လာနိုင်ကြသည်။

မည်သို့ဖြစ်စေ အထူးလေယာဉ်ပျံသန်းရေး အစီအစဉ်ကို မေလ ၁၁ ရက် နေ့တွင် စီစဉ်သတ်မှတ်ထားပြီးဖြစ်ရာ မေလ ၁၂ ရက်နေ့တွင် ဗျူနိုအဲရစ္စမြို့သို့ ရောက်မည်ဖြစ်သည်။ ထိုနောက် မေလ ၁၃ ရက် သို့မဟုတ် ၁၄ ရက်တွင် ပြန်လည်ထွက်ခွာလာရန် စီစဉ်ထားသည်။ သို့သော် စက်မှုပိုင်းဆိုင်ရာ ချွတ်ယွင်း ချက်တစ်ခုခု ဖြစ်နေသည်ဟူသော အကြောင်းပြချက်ဖြင့် ရက်အနည်းငယ် ဆိုင်းငံ့ ထားနိုင်သည်။ ဤတွင် လေယာဉ်ပျံသန်းမည့်နေ့ရက်ကို အတိအကျသတ်မှတ် လိုက်သည်နှင့် တစ်ပြိုင်နက် အခြားသော အစီအစဉ်များနှင့် လုပ်ငန်းအားလုံး သည် ထိုသတ်မှတ်ချက်၏ လက်အောက်ခံများ ဖြစ်သွားခဲ့ကြသည်။ သို့ဖြင့် အိုက်ခ်မန်းအား မေလ ၁၁ ရက်နေ့ သို့မဟုတ် ဖြစ်နိုင်ပါက ရက်အနည်းငယ် စော၍ ဖမ်းရတော့မည်ဖြစ်သည်။

မိမိတို့၏ လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့ နိုင်ငံပေါင်းအများ အပြားမှ အစိုးရကိုယ်စားလှယ်အဖွဲ့များ ရောက်ရှိလာကြမည်ဖြစ်ရာ အာဂျင် တီးနား အစိုးရသည် လုံခြုံရေးအစီအစဉ်များကို တင်းကျပ်စွာ လုပ်ဆောင်မည့် အပြင် ဤရက်ပိုင်းအတွင်း နိုင်ငံတွင်းသို့ ဝင်ရောက်လာကြမည့် လူစိမ်းသူစိမ်း များကိုလည်း အထူးစောင့်ကြပ်လိမ့်မည်ဟု ကျွန်ုပ် တထစ်ချသိထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် အေမာအား ကောင်စစ်ဝန်ရုံးများ၊ ခရီးသွားလာရေး ကိုယ်စားလှယ်များနှင့် လေကြောင်းကုမ္ပဏီများနှင့် ဆက်သွယ်၍ လှုပ်ရှား အဖွဲ့ဝင်များအတွက် ခရီးသွားလာရေး အစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်ရာ၌ အထူးသတိထား၍ အမှားအယွင်း မရှိစေရန် ညွှန်ကြားခဲ့သည်။ သူကလည်း ကျွန်ုပ် ညွှန်ကြားသည်ထက်ပင် ပို၍ တစ်စုံတစ်ရာ သံသယမဖြစ်အောင် အထူး သတိပြုလုပ်ကိုင်ခဲ့သည်။

အေမာသည် အဖွဲ့ဝင်များအား မြို့တစ်မြို့မှ တစ်ယောက်ထက်ပို၍ မလွတ်ခြင်း မပြုမိအောင် အထူးသတိထား၍ ရှောင်ရှားခဲ့သည့်ပြင် အချို့နေရာ များ၌ နိုင်ငံတစ်နိုင်ငံမှ အဖွဲ့ဝင်နှစ်ယောက်ထက် ပို၍စေလွှတ်ခြင်း မပြုမိအောင် အထူးဂရုစိုက်၍ စီစဉ်ခဲ့သည်။ ထို့နောက် လေယာဉ်ပျံသန်းမှု ခရီးစဉ်များနှင့် အချိန်စာရင်းဇယားများကို ခရီးသွားလာရေး ကိုယ်စားလှယ်များထံ သွားရောက် စုံစမ်းရာ၌လည်း ယခုစုံစမ်းသည့် ခရီးသည် ဗျူနိုအဲရစ္စမြို့တော်သို့ သွားမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း လုံးဝမရိပ်မိအောင် ဆောင်ရွက်ခဲ့သည်။ လေကြောင်းကုမ္ပဏီမှ စာရေးအား တောင်အမေရိကတိုက်သို့ အလည်အပတ်သွားရန် ကမ္ဘာလှည့်ခရီးသည်များ လမ်းညွှန်အစီအစဉ်ကို စုံစမ်းတောင်းယူရာ၌လည်း အာဂျင်တီးနားနိုင်ငံအားသူ အလည်အပတ်သွားမည့် နိုင်ငံများထဲမှ အပါအဝင် နိုင်ငံတစ်နိုင်ငံအဖြစ်သာထည့်သွင်းပြောကြားခဲ့သည်။

ထိုမျှမက အစစအရာရာ ကြိုတင်ကာကွယ်တတ်သော အေမာသည် ခရီးသွားလာရေးကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ထံမှ ယင်းသို့ လိုအပ်သမျှ အားလုံးစုံစမ်းမေးမြန်းပြီးသောအခါ လေယာဉ်လက်မှတ်ကို အခြားကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ထံမှ ဝယ်ယူခဲ့သည်။ အချို့နေရာများတွင်မူ သူသည် ခရီးသွားလာရေးကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့တွင် လေယာဉ်တစ်စင်းပြီး တစ်စင်းသို့ ဆက်၍စီးနိုင်အောင် ပူးတွဲလက်မှတ်များကို ဝယ်ပြီးမှ နောက်ပိုင်းတွင် မလိုသည့် ခရီးစဉ်များကို ပယ်ဖျက်ပစ်ခဲ့သည်။ တစ်ခါတစ်ရံတွင်လည်း သူသည် တောင်အမေရိကနိုင်ငံများသို့ လှည့်ပတ်သွားလာနိုင်သည့် လေယာဉ်လက်မှတ်များကို ဝယ်ခဲ့ရာ၌ ဗျူနိုအဲရစ္စမြို့ကို ခေတ္တရပ်နားမည့် သာမန်မြို့တစ်မြို့အဖြစ် စာရင်းပေးခဲ့သည်။

တကယ်အားဖြင့်ဆိုလျှင် ပြည်ဝင်ခွင့်လက်မှတ် ရရှိရေးသည် အလွန်ပင် မလွယ်လှသည့် အလုပ်ဖြစ်သည်။ ထုံးစံအတိုင်းဆိုပါက နိုင်ငံအများအပြားသို့ လှည့်လည်သွားလာမည့် ခရီးသည်တစ်ယောက်သည် မိမိနေထိုင်သည့်နိုင်ငံမှ မြို့တော်များတွင် ရှိနေကြသည့် နိုင်ငံတကာ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် ပြည်ဝင်ခွင့် လက်မှတ်များကို လျှောက်ထားတောင်းယူကြရစမြဲဖြစ်သည်။ ထိုသို့ တောင်းယူကြရာ၌ ကောင်စစ်ဝန် အများအပြားသည် အဆိုပါ ခရီးသည်အား ထိုနိုင်ငံတွင် နေထိုင်သူ ဟုတ်မဟုတ်၊ အနည်းဆုံး ထိုနိုင်ငံတွင် နေထိုင်ခွင့်ရှိမရှိ စုံစမ်းမေးမြန်းလေ့ရှိကြသည်။ အချို့သော ကောင်စစ်ဝန်များကမူ ဒေသခံရဲအဖွဲ့မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာများ၊ အလုပ်ပိုင်ရှင်ထံမှ ထောက်ခံစာများ စသည်ဖြင့် အမျိုးမျိုးသော စာရွက်စာတမ်းများ တောင်းခံလေ့ရှိကြသည်။

အေမာသည် လုပ်ရှားတပ်ဖွဲ့ဝင်များအတွက် ခရီးသွားလာရေး အစီအစဉ်များကို ဆောင်ရွက်ရာ၌ အထက်ပါ အခြေအနေများအရ နေရာအနှံ့ လှည့်ပတ်သွားလာ လုပ်ကိုင်ခဲ့ရသည်ဖြစ်ရာ မကြာမီ ဤလုပ်ငန်းကို မိမိတစ်ဦးတစ်ယောက်တည်း လုပ်၍မဖြစ်တော့ကြောင်း သိလာရသည်။ သို့ဖြင့် သူသည် အကူအညီတစ်ယောက် ရှာဖွေထားရှိခဲ့ရာ ထိုသူသည် အေမာစေခိုင်းသမျှ တောက်တိုမည်ရ





ဟိုဟိုသည်သည် သွားလာရသည်။ အလုပ်များကို တစ်စုံတစ်ရာ သဲလွန်စမကျန်ရစ်အောင် လုပ်ကိုင်ပေးခဲ့သည်။ တစ်ဖန် ကောင်စစ်ဝန်ရုံးများသည် ကျန်းမာရေးနှင့် ပတ်သက်သည့် လိုက်နာရမည့် စည်းကမ်းနည်းလမ်း သတ်မှတ်ချက်များကို မိမိတို့တိုင်းပြည် နိုင်ငံအလိုက် တစ်မျိုးတစ်ဘာသာစီ အမျိုးမျိုး သတ်မှတ်ထားခဲ့ကြသည်။ ပြည်ဝင်ခွင့်လက်မှတ် လျှောက်ထားသည့် ပုဂ္ဂိုလ်သည် ယေဘုယျအားဖြင့် အစိုးရက အသိအမှတ်ပြု လိုင်စင်ရ ဆရာဝန်တစ်ယောက်၏ ဆေးစစ်စမ်းသပ်မှုများကို ခံယူရမည်ဖြစ်သည်။ ထို့မှတစ်ပါး နိုင်ငံတကာ ကူးစက်ရောဂါကာကွယ်ဆေးများကိုလည်း အမြောက်အမြား ထိုးကြရသေးသည်။

အေမာနှင့် သူ၏ လက်ထောက်များသည် တကယ်ခရီးသွားမည့်သူများ ကိုယ်စား ထိုသို့သော ဆေးစစ် ဆေးထိုးခြင်းများကို အများအပြား ကြုံတွေ့ခဲ့ကြရသည်။ တစ်ခါတစ်ရံ သူတို့သည် သူတို့သွားမည့်ခရီးနှင့် ပတ်သက်၍ အသေးစိတ် နိုက်နိုက်ချွတ်ချွတ် စုံစမ်းမေးမြန်းခြင်းပင် ခံကြရသည်။ မည်သို့ပင်ဖြစ်စေ အခက်အခဲများကို ကျော်လွှား၍ စွန့်စားခန်းများကို ကြုံတွေ့ခဲ့ကြပြီးနောက် အေမာနှင့် သူ့လက်ထောက်များသည် လှုပ်ရှားတပ်ဖွဲ့များ အားလုံးအတွက် ခရီးသွားလက်မှတ်များနှင့်တကွ လိုအပ်သည့် စာရွက်စာတမ်းများကို အချိန်မီရအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။

■

www.burmeseclassic.com

## လူတူမရှား နာမည်တူမရှား ဖြစ်ရပုံများ

ဧပြီလ ၂၃ ရက်နေ့တွင် တာလ်မီသည် ပစ္စည်းကိရိယာများနှင့်အတူ ဗျူနိုအဲရှစ္မြို့သို့ ရောက်ရှိလာခဲ့သည်။ သူသည် ဤမြို့တွင် ရှိနေကြသည့် မြောက်မြားလှစွာသော မိတ်ဆွေအပေါင်းအသင်းများနှင့် မတွေ့နိုင်စေရန် မြို့လယ်ခေါင်နှင့် အတော်ကလေးလှမ်းသည့် ဟိုတယ်တစ်ခုကို ရွေးချယ်တည်းခိုခဲ့သည်။ သူ့လုပ်ငန်းတာဝန်မှာ သူ့နောက်မှ ဆက်လက်ရောက်ရှိလာကြမည့် သူများအတွက် အခြေစိုက်စခန်းများ ရှာဖွေပြင်ဆင်ထားရန်ဖြစ်သည်။

ထို့ပြင် တာလ်မီသည် လှုပ်ရှားတပ်ဖွဲ့ဝင်များ တွေ့ဆုံစည်းဝေးရာတွင် အသုံးပြုရန်အတွက် အခန်းတစ်ခန်း ငှားထားရဦးမည်ဖြစ်သည်။ နောက်တစ်နေ့တွင် သူသည် အခန်းတစ်ခန်းကို စိတ်ကြိုက်ရှာဖွေရွေးချယ်ပြီး အခန်းငှားခငွေများကို လပေါင်းများစွာအတွက် ကြိုတင်ပေးထားခဲ့သည်။ ထို့နောက် သူသည် ထိုအခန်းကို အလုပ်လုပ်ရန်နှင့် နေထိုင်ရန်အတွက် လိုအပ်သည်များကို မွမ်းမံပြင်ဆင်ခဲ့သည်။ စည်သွတ်ဘူးများ အပါအဝင် အစားအစာများကိုလည်း ဤအခန်းမှာပင် ဝယ်ယူသိုလှောင်ထားခဲ့သည်။ နောက်ပိုင်းတွင် လှုပ်ရှားတပ်ဖွဲ့ဝင်များသည် ဤနေရာ ဤအခန်းကို လျှို့ဝှက်သင်္ကေတဖြင့် 'ခံတပ်'ဟူ၍ အမည်ပေးခဲ့ကြသည်။

တာလ်မီသည် နောက်ထပ် အသစ်ရောက်လာကြသူများအား တွေ့ဆုံကြိုဆိုရန်အတွက် မူလကပင် ကြိုတင်သတ်မှတ်ထားပြီးဖြစ်သည့် နေရာများသို့ တစ်နေ့လျှင် နှစ်ကြိမ် နေ့တိုင်းသွားခဲ့ရသည်။ လှုပ်ရှားတပ်ဖွဲ့ဝင် အားလုံးသို့





မိမိတို့ ကြိုက်နှစ်သက်ရာ ရွေးချယ်တည်းခိုနိုင်ရန် ဟိုတယ်စာရင်းတစ်ခုကျစီ ပေးထားခဲ့ပြီးဖြစ်သည်။ သို့သော် ထိုသို့တည်းခိုရာ၌ ဟိုတယ်တစ်ခုတည်းတွင် မိမိတို့အဖွဲ့ဝင်နှစ်ယောက် တစ်ပြိုင်တည်း သွားရောက်တည်းခိုခြင်း မပြုမိစေရန်နှင့် တည်းခိုသည့် ဟိုတယ်တိုင်းတွင် အဖွဲ့ဝင်များသည် အခန်းနီးနားချင်းများအား စိတ်အနှောင့်အယှက် မပေးမိစေရန် အထူးမှာကြားစီစဉ်ထားခဲ့သည်။

ဗျူနိုအဲရှစ္မြို့သို့ ရောက်ရှိလာကြသည့် လှုပ်ရှားတပ်ဖွဲ့ဝင်များ အားလုံးအတွက် ပထမဦးစားပေးရမည့်လုပ်ငန်းမှာ တာလ်မီနှင့် ဆက်သွယ်တွေ့ဆုံရန်ပင်ဖြစ်သည်။ ယင်းသို့ တွေ့ဆုံကြရာတွင်လည်း မိမိတို့ တည်းခိုကြသည့် ဟိုတယ်များနှင့် အလွန်ဝေးကွာသည့် ရပ်ကွက်ဒေသမှ နေရာတစ်နေရာကို သတ်မှတ်ထားခဲ့ကြသည်။ ထိုနေရာတွင် တွေ့ဆုံကြရာ၌ တစ်နေ့နှင့်တစ်နေ့ အချိန်ချင်းခွဲ၍ချိန်းကာ သတ်မှတ်တွေ့ဆုံခဲ့ကြသည်။ ယင်းသို့ စီစဉ်ရသည်မှာ နေ့စဉ်နေ့တိုင်း တာလ်မီသည် နေရာတစ်နေရာတည်းသို့ အချိန်မှန် လာရောက်နေပါက တစ်စုံတစ်ယောက်က မတော်တဆ တွေ့မြင်သိရှိကာ မသင်္ကာစရာ ဖြစ်လာမည်စိုးရသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ ဧပြီလ ၂၄ ရက် နောက်တစ်နေ့တွင် တာလ်မီသည် မိမိတို့အဖွဲ့ဝင်များထဲမှ နောက်ထပ် တစ်စုံတစ်ယောက် ထပ်မံရောက်ရှိလာပါက လူချင်းပထမဆုံးတွေ့ရန် သတ်မှတ်ထားသည့်နေရာသို့ ရောက်ရှိသွားခဲ့သည်။ သူသည် ရင်ထဲမှ တထိတ်ထိတ်ဖြင့် စိတ်လှုပ်ရှားနေသော်လည်း အပြင်ဘက်တွင်မူ မျက်နှာအမူအရာကို အတတ်နိုင်ဆုံး တည်ငြိမ်အေးဆေးစွာထားကာ သပ်သပ်ရပ်ရပ်ရှိသည့် စားသောက်ဆိုင်တစ်ဆိုင်မှ စားပွဲတစ်လုံးတွင် ဣန္ဒြေရရ ထိုင်စောင့်နေခဲ့သည်။ သူ့ရှေ့စားပွဲပေါ်တွင်မူ ကော်ဖီကြမ်းတစ်ခွက် ရှိနေသည်။ သူသည် မဂ္ဂဇင်းတစ်စောင်ကို လက်နှစ်ဖက်ဖြင့် ဖြန့်၍ဖတ်နေရာမှ မကြာမကြာ မဂ္ဂဇင်းပေါ်မှကျော်၍ တံခါးဆီသို့ လှမ်းကြည့်မိသည်။ 'ဒီနေ့ လာမှလာပါတော့မလား' ဟူသော မေးခွန်းသည် သူ့ခေါင်းထဲတွင် မကြာခဏ ဝင်နေသည်။

တစ်ကိုယ်တည်းရှိနေသည်မှာ နှစ်ရက် သုံးရက်မျှသာ ကြာသေးသော်လည်း တာလ်မီသည် ယနေ့ ယခုအချိန်တွင် အတော်ကလေး ပျင်းရိငြီးငွေ့စပြုလာခဲ့ပြီဖြစ်သည်။ သူသည် အပေါင်းအသင်းများနှင့် ခင်မင်ရင်းနှီးစွာ နေတတ်သူဖြစ်သည်။ သို့သော် ယခုအခါတွင်မူ မြို့ထဲမှ သူ့မိတ်ဆွေ အပေါင်းအသင်းများနှင့် အဆက်အသွယ် လုံးဝမလုပ်ရန် တားမြစ်ထားခြင်း ခံနေရသည်။ သို့ဖြစ်ရာ သူသည် လောလောဆယ် ယခုရောက်ရှိလာမည့် လှုပ်ရှားတပ်ဖွဲ့မှ အဖော်



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့ဝင်တစ်ယောက်ကို အမျှော်ကြီး မျှော်နေမိသည်။ ယခုရောက်မည့်သူသည် မည်သူမည်ဝါ ဖြစ်မည်ကို စိတ်ထဲကမှန်းကြည့်ရင်း အချိန်ဖြုန်းနေခဲ့သည်။ သူသည် လက်ပတ်နာရီကို ကြည့်လိုက်သည်။ နောက်လေးမိနစ်ဆိုလျှင် မိမိတို့ ကြိုတင်သတ်မှတ်ထားသည့်အချိန် ကုန်သွားတော့မည်ဖြစ်သည်။

ထိုအခိုက်အတန့်မှာပင် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး လူတစ်ယောက်၏ ရုပ်ပုံသည် လည်ပတ်နေသည့် တံခါးမှ မှန်ထဲတွင် ပေါ်လာသည်။

အက်ရှက်သည် ခပ်သုတ်သုတ်ဖြင့် စားသောက်ခန်းထဲသို့ ဝင်လာခဲ့ပြီး အခန်းအလယ်တည့်တည့်တွင် ရပ်ကာ ဘေးပတ်ဝန်းကျင်မှ လူအားလုံးကို တစ်ချက်ဝေ့ဝိုက်၍ ကြည့်လိုက်သည်။ ရုတ်တရက် သူသည် ဆေးတံတစ်ချောင်းမှ လေထဲသို့ အလိပ်လိပ်တက်လာသည့် မီးခိုးကလေးများအကြားတွင် သူ့အား မြင်၍ စိုက်ကြည့်နေသော မျက်လုံးအစုံကို လှမ်းမြင်လိုက်ရသည်။ ဆေးတံသောက်နေသူသည် ထိုင်ရာမှ ထကာ နှုတ်ဆက်ရန် လက်ကိုဆန့်တန်းလိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ်၊ ဒီမှာ လာထိုင်ပါ"

"ကျေးဇူးပါပဲဗျာ၊ ဘယ့်နှယ်လဲ၊ နေကောင်းရဲ့လား"

သူတို့သည် အင်္ဂလိပ်စကားဖြင့် အသံခပ်ကျယ်ကျယ်ပြောကာ နှုတ်ဆက်လိုက်ကြသည်။ သို့သော် နေရာတွင် အသီးသီး ထိုင်ပြီးသောအခါ သူတို့နှစ်ယောက်သည် အာလာပသလ္လာပ စကားများကို ခပ်တိုးတိုး ခပ်မှန်မှန်ပြောကြရင်း နောက်ဆုံး၌ ဟီးဘရူးဘာသာစကားဖြင့် ဆက်ပြောခဲ့ကြသည်။

"ကျွန်တော် အခု လေဆိပ်ကနေ တန်းလာခဲ့တာပဲ" အက်ရှက်က ပြောသည်။ "ခင်ဗျားကို ဒီမှာ မတွေ့ရတော့ဘူးလို့တောင် ထင်နေတာ"

"ဟုတ်တယ်၊ ကျွန်တော်လည်း ခင်ဗျားမလာတော့ဘူးလို့ ထင်လို့ သွားတော့မလို့တောင် ပြင်နေပြီ။ ဒီနေ့တော့ ဘယ်သူမှ လာမှာမဟုတ်ဘူးလို့ စိတ်ထဲက ထင်နေတာ။ အခု ကျွန်တော်တို့ ဒီမှာ ခဏတစ်ဖြုတ်နေပြီး ခင်ဗျားကို ရွှန်းတော်ငှားထားတဲ့နေရာ လိုက်ပို့မယ်"

ခဏအကြာတွင် သူတို့နှစ်ယောက်သည် ဆိုင်ထဲမှ ထွက်လာခဲ့ကြပြီး အက်ရှက်၏ အထုပ်အပိုးများကိုသယ်ကာ အငှားကားတစ်စီးဖြင့် 'ခံတပ်'ရှိရာသို့ လာခဲ့ကြသည်။ ထိုနေရာသို့ ရောက်သွားသောအခါ အက်ရှက်သည် ခရီးပန်းလာသည့်အလျောက် ခေတ္တခဏ အနားယူခဲ့သည်။ ပြီးမှ သူတို့နှစ်ယောက်သည် မြို့ထဲသို့ လျှောက်ကြည့်ကြရန် ထွက်လာခဲ့ကြသည်။





ဤနေရာတွင် အက်ရှက်သည် အာဂျင်တီးနားနိုင်ငံသို့ ပထမဆုံး ရောက်သျှင် ရောက်ချင်း ငိုရမလို ရယ်ရမလို ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြန်လည်ပြောပြခဲ့သည်။ ဖြစ်ပုံမှာ နိုင်ငံကူးလက်မှတ်များကို စစ်ဆေးပြီးနောက် အက်ရှက်သည် လေဆိပ်အဆောက်အအုံထဲမှထွက်ကာ ဗျူနိုအဲရစ္စမြို့ထဲသို့ သွားမည့် ဘတ်စ်ကားပေါ်တက်၍ နေရာယူလိုက်သည်။ ဤသည်မှာ သူ့အား အငှားကား လုံးဝမစီးရန် ညွှန်ကြားထားသောကြောင့်ဖြစ်သည်။ ဘတ်စ်ကားမှာ လူပြည့်နေပြီဖြစ်သော်လည်း တော်တော်နှင့် မထွက်နိုင်ဘဲဖြစ်နေရာ အက်ရှက်၏ စိတ်ထဲတွင် ဘယ်သူ့ကိုများ စောင့်နေပါလိမ့်မှဟူ၍ တွေးနေမိသည်။ သူသည် ကားပေါ်တွင် တံခါးပေါက်နှင့် ကပ်နေသော နေရာတွင် ထိုင်လျက်ရှိနေသည်။ အကယ်၍ အရေးအကြောင်း ပေါ်ပေါက်လာပါက အခြေအနေ မဟန်လျှင် ကားပေါ်မှ အမြန်ဆုံး ခုန်ချထွက်ပြေးနိုင်ရန်ဖြစ်သည်။

ထိုအခိုက်မှာ လူနှစ်ယောက် သုတ်သီးသုတ်ပျာဖြင့် ဘတ်စ်ကားဆီသို့ ပြေးလာကြသည်ကို လှမ်းမြင်လိုက်ကြရသည်။ တစ်ယောက်မှာ ကားမောင်းသမား ဖြစ်၍ ရှေ့ခန်းတွင် နေရာယူလိုက်သည်။ သို့သော် နောက်တစ်ယောက်မှာ အက်ရှက်၏ ရှေ့တည့်တည့်မှ ခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ထိုလူသည် သူ့လက်ထဲတွင် ပါလာသည့် စာရွက်အထုပ် တစ်ထုပ်ထဲမှ ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်လိုက်ပြီး ထိုဓာတ်ပုံကို အက်ရှက်ရှေ့သို့ ထိုးပြကာ ပါးစပ်မှလည်း အက်ရှက်နားမလည်သည့် စပိန်စကားဖြင့် စက်သေနတ်ပစ်သလို ပြောပါလေတော့သည်။

အက်ရှက်မှာ သူပြောသမျှ တစ်လုံးမှ နားမလည်သော်လည်း သူ့လက်ထဲမှ ဓာတ်ပုံကိုကြည့်ကာ မျက်လုံးများ ပျာခနဲဖြစ်သွားမိသည်။ အဘယ်ကြောင့်ဆိုသော် ထိုဓာတ်ပုံမှာ လွန်ခဲ့သည့် နာရီဝက်ခန့်က အာဂျင်တီးနားလေဆိပ်တွင် သူ လေယာဉ်ပေါ်မှအဆင်း ရိုက်ယူထားသည့် သူ့ဓာတ်ပုံ ဖြစ်နေသောကြောင့်တည်း။ သို့ဖြစ်ရာ အက်ရှက်မှာ တစ်ကိုယ်လုံး အေးစက်ကာ ခေါင်းနားပန်းများ ကြီးသွားခဲ့သည်။ သူ့စိတ်ထဲတွင်လည်း 'ဘယ်လိုဖြစ်တာလဲ' ဟူ၍ စဉ်းစားမရအောင် ရှိနေသည်။ 'ငါကိုင်လာတဲ့ နိုင်ငံကူးလက်မှတ်ဟာ အတုကြီးဆိုတာ သူတို့ သိများသွားကြလို့လား။ ငါရောက်မယ်ဆိုတာ သူတို့ အစောကြီးကကြိုပြီး သိထားကြလို့လား။ သူတို့ ငါ့ကို ဖမ်းကြတော့မှာလား'

အက်ရှက်မှာ ခေါင်းထဲတွင် ရှုပ်ရှုပ်ထွေးထွေးဖြစ်ကာ အထိတ်တလန့်ဖြင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားပြီး ကားပေါ်တွင် ဟိုဟိုသည်သည်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်မိသည်။ ဤတွင် စောစောက သူ့အား ဓာတ်ပုံထုတ်ပြခဲ့သော လူသည် မိမိအနားတွင် ထိုင်နေသည့် ခရီးသည်တစ်ယောက်ကိုလည်း အလားတူ ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်ကို တွေ့ရပြီး ထိုခရီးသည်ကလည်း ထိုသူ့လက်ထဲမှ ဓာတ်ပုံကို လှမ်းယူကာ ပိုက်ဆံထုတ်ပေးသည်ကို မြင်လိုက်ရသည်။ ဤတွင်မှ အက်ရှက်မှာ အဖြစ်မှန်ကို ရိပ်မိသွားပြီး သက်ပြင်းချကာ အသက်မှန်မှန်ရှူနိုင်တော့သည်။ လက်စသတ်တော့ ထိုလူသည် ကားမောင်းသမားနှင့် အစုစပ်လုပ်ကာ အာဂျင်တီးနားလေဆိပ်တွင် ခရီးသည်များအား ဓာတ်ပုံရိုက်ကာ စီးပွားရှာနေသည့် အပျော်တမ်း ဓာတ်ပုံသမားဖြစ်နေသည်။ ခပ်စောစောက ဘတ်စ်ကားမထွက်နိုင်ဘဲ ကြာနေသည်မှာ ဓာတ်ပုံဆရာသည် လေဆိပ်တွင် အသစ်ရောက်လာသော ခရီးသည်များအား ယခုကဲ့သို့ လေယာဉ်ပေါ်မှအဆင်းတွင် ဓာတ်ပုံရိုက်နေသည်ကို ကားဆရာက စောင့်နေရသောကြောင့် ဖြစ်သည်။ သို့ဖြင့် စောစောက ငို၍ ရယ်၍မရ ဖြစ်ခဲ့ရသော အက်ရှက်မှ ယခုမှ စိတ်အေးလက်အေးဖြစ်ကာ သူ့ဓာတ်ပုံကို ယူထားလိုက်ပြီး ဓာတ်ပုံဆရာအား ကျေးဇူးတင်ကြောင်း ပြောကြားကာ ဓာတ်ပုံရိုက်ခကို ကျသင့်သည်ထက် နှစ်ဆမျှပို၍ ထုတ်ပေးလိုက်သည်။ (အက်ရှက်သည် ထိုအဖြစ်အပျက်ကို ပြန်၍စဉ်းစားမိတိုင်း ကြက်သီးမွေးညင်းများ ထမိ၍ ထိုဓာတ်ပုံကလေးကိုလည်း ယနေ့ထိ အမှတ်တရ ဂရုတစိုက် သိမ်းထားခဲ့သည်။)

❐

ဧပြီလ ၂၅ ရက်နေ့တွင် ကဲနက် ရောက်လာခဲ့သည်။ ယခုတစ်ခေါက်တွင်မူ ကဲနက်သည် ပုံစံတစ်မျိုးဖြင့် ဟန်ဆောင်ရုပ်ဖျက်လာခဲ့သည်ဖြစ်ရာ သူသည် ယခင်တစ်ခေါက်ကနှင့် လုံးဝ မတူအောင် နေထိုင်သွားလာရန် စီစဉ်ထားခဲ့သည်။ ယခင်တစ်ခေါက်ကဆိုလျှင် သူသည် လူအမြောက်အမြားနှင့် တွေ့ဆုံခဲ့သော်လည်း ယခုတစ်ခေါက်တွင်မူ သူတို့တစ်တွေနှင့် အတတ်နိုင်ဆုံး မတွေ့အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထားသည်။ သို့ဖြစ်ရာ သူသည် သူနေထိုင်ရမည့် နေရာနှင့် သွားလာလှုပ်ရှားရမည့် နေရာကို အထူးဂရုပြု ရွေးချယ်ရန် စီစဉ်ထားသည်။

ကဲနက်၏ အဓိကတာဝန်မှာ ရီကာဒိုကလီမင့်အား မိမိတို့ လှုပ်ရှားထပ်ဖြစ်သည် သက်ရမ်းပြီးနောက် သူဘယ်သူဘယ်ဝါ ဖြစ်သည်ကို ကွဲကွဲပြားပြားသိအောင် လုပ်နိုင်ပင်ဖြစ်သည်။ သို့ဖြစ်ရာ ဤလုပ်ငန်းတာဝန်ကို အတိအကျ





ဆောင်ရွက်နိုင်ရန်အတွက် အထူးတပ်ဖွဲ့ငယ် တစ်ခုက အိုက်ခ်မန်းနှင့်ပတ်သက်၍ ကိုယ်ရေးကိုယ်တာ အချက်အလက် အကြောင်းအရာများနှင့် လူပုံပန်းသဏ္ဌာန် အမှတ်အသားများကို ရနိုင်သမျှ အသေးစိတ် စုပေါင်း၍ စာရင်းတစ်ခု ပြုလုပ်ထားခဲ့သည်။

**အိုက်ခ်မန်း၏ လူပုံသဏ္ဌာန် အရိုးအစား အနေအထားများ**

(က) ၁၉၃၇ ခု၊ ဇူလိုင်လ ၁၉ ရက် နေ့စွဲဖြင့် အက်စ်အက်စ် စာရွက်စာတမ်း တစ်ခုမှ– 'အရပ် ၅ ပေ ၁၀ လက်မ၊ ဦးခေါင်းပတ်ပတ်လည် အတိုင်းအထွာ ၂၂ လက်မ၊ ရှူးဖိနပ်နံပါတ် ၉ လက်မခွဲ'

(ခ) ၁၉၃၃ ခု၊ ဇန်နဝါရီလ နေ့စွဲဖြင့် အက်စ်အက်စ် စာရွက်စာတမ်းတစ်ခုမှ– 'အရပ် ၅ ပေ ၈ လက်မခွဲ၊ ဦးခေါင်းပတ်ပတ်လည် အတိုင်းအထွာ ၂၂ လက်မ၊ ရှူးဖိနပ်နံပါတ် ၉ လက်မခွဲ၊ အင်္ကျီအဝတ်အစားနံပါတ် ၄၄'

(ဂ) ၁၉၄၆ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့က နူရင်ဘတ် စစ်ခုံရုံးတွင် ဝီလီစင်နီ၏ အစစ်ခံချက်မှ– 'အရပ် ၅ ပေ ၁၀ လက်မ၊ ဦးခေါင်းပုံသဏ္ဌာန် သေးသွယ်ရှည်လျားသည်။ ဦးခေါင်းပိုင်းအမှတ်များ ဆံပင်ပါး၍ အရောင်နက်မှောင်သည်။ နှာခေါင်းရှည်၍ သွယ်သည်။ နှာခေါင်းပေါက်များ ကြီးသည်။ မျက်လုံးများ အပြာနုရောင်၊ နှုတ်ခမ်းများ ပါး၍ စေ့နေသည်။

(ဃ) ၁၉၃၄ ခု၊ နိုဝင်ဘာလ ၉ ရက် နေ့စွဲဖြင့် တရားဝင် ဆေးလက်မှတ် တစ်ခုမှ– ''အရပ် ၅ ပေ ၈ လက်မခွဲ (ဖိနပ်စီးထားသည်။) ကိုယ်အလေးချိန် ၁၅၄ ပေါင် (အဝတ်အစားများ ဝတ်ထားသည်။) မျက်လုံးများ အပြာရောင်၊ ဆံပင်နူးညံ့၍ အရောင်ဖျော့သည်'

**ထူးခြားသည့် အမှတ်အသားများ**

(က) ၁၉၄၆ ခု၊ အောက်တိုဘာလတွင် ဝီလီစင်နီ၏ အစစ်ခံချက်မှ– 'လက်ဝဲဘက် မျက်ခုံးအောက်၌ တစ်လက်မခွဲခန့် ရှည်လျားသည့် အမာရွတ်တစ်ခု မထင်မရှားရှိသည်'



www.burmeseclassic.com

www.burmeseclassic.com



(ခ) အထက်ပါ နေ့စွဲဖြင့် ဝီလီစင်နီ၏ အစစ်ခံချက်မှ– 'ဦးခေါင်းခွံတွင် ဒဏ်ရာအက်ကြောင်း နှစ်ခုရှိသည်။ (၁၉၃၂ ခုနှစ်က ရခဲ့သည့် ဒဏ်ရာ)။ အပေါ်သွားတွင် ရွှေကွပ်ထားသည့် နေရာနှစ်နေရာရှိသည်။ ဖာရာထေးရာများ အများအပြားရှိသည်။

(ဂ) ၁၉၃၄ ခုနှစ် တရားဝင် ဆေးလက်မှတ်တစ်ခုမှ– 'ဝမ်းဗိုက်တွင် အနာရွတ်တစ်ခု ရှိသည်။ (၁၉၂၂ ခုနှစ်က ရခဲ့သည့် ဒဏ်ရာ)။

(ဃ) ၁၉၃၇ ခုနှစ် တရားဝင် ဆေးလက်မှတ်တစ်ခုမှ– 'လက်ယာဘက် လက်တွင် အရိုးကျိုးဖူးသည့် ဒဏ်ရာရှိသည်'

(င) ၁၉၃၇ ခုနှစ် ဆေးလက်မှတ်တစ်ခုမှ– 'ခန္ဓာကိုယ် လက်ဝဲဘက် ဒသမမြောက် နံရိုးနေရာတစ်ဝိုက်တွင် တစ်လက်မခန့် အနာရွတ်တစ်ခု ရှိသည်'

(စ) ၁၉၃၇ ခုနှစ် တရားဝင် ဆေးလက်မှတ်တစ်ခုမှ– 'လက်ဝဲဘက် တံတောင်ဆစ်တွင် အနာရွတ်တစ်ခု ရှိသည်'

(ဆ) ၁၉၄၆ ခု ဝီလီစင်နီ၏ အစစ်ခံချက်မှ– 'အက်စ်အက်စ် အရာရှိအားလုံးတွင် ရှိကြရသည့်နည်းတူ လက်ဝဲဘက် ချိုင်းအောက်တွင် သွေးရောင်ဖြင့် ထိုးထားသည့် ဆေးမင်ကြောင် အမှတ်အသား တစ်ခုရှိသည်'

**ကိုယ်ရေးကိုယ်တာ အထွေထွေမှတ်တမ်းများ**

(က) ၁၉၃၇ ခုနှင့် ၁၉၃၂ ခု နေ့စွဲပါ အထောက်အထား စာရွက်စာတမ်းများအရ အက်စ်အက်စ်တပ်ဖွဲ့တွင် သူ၏ ကိုယ်ပိုင်အမှတ် ၄၅၃၂၆။ မည်သည့်အကြောင်းကြောင့် ထုတ်ပေးထားသည်ဟု ကွဲကွဲပြားပြား မသိရသော သူ၏အက်စ်အက်စ်တပ်ဖွဲ့မှ နောက်ဆက်တွဲ ကိုယ်ပိုင်အမှတ် ၆၃၇၅၂။ နာဇီပါတီဝင် ကိုယ်ပိုင်အမှတ် ၈၈၉၈၉၅။

(ခ) ၁၉၄၆ ခုနှစ် ဝီလီစင်နီ၏ ထွက်ဆိုချက်မှ– 'စကားပြောပုံပြောနည်း၊ အသံထွက် လေယူလေသိမ်း၊ တတ်ကျွမ်းသည့် ဘာသာစကားများ'နှင့် ပတ်သက်သည့် အချက်အလက်များ စသည်တို့ ဖြစ်သည်။





ဘာသ်မီနှင့် အက်ရှက်တို့သည် ဧပြီလ ၂၆ ရက်နေ့တွင် ကဲနက်နှင့် တွေ့ဆုံခဲ့ကြသည်။ ဤသည်မှာ သူတို့အချင်းချင်း ဆက်သွယ်မှုများ မူလစီစဉ်ထားသည့်အတိုင်း အဆင်ချောနေသည်ကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ သူတို့သုံးယောက်သည် အိုက်ခ်မန်းအား လက်ရဖမ်းသည့်နေ့တွင် လုပ်ရှားလုပ်ဆောင်ရမည့် အစီအစဉ်များကို ရေးဆွဲခဲ့ကြသည်။ နောက်ဆုံး၌ ဤအစီအစဉ်များတွင် ထိုနေ့အတွက် အရေးအကြီးဆုံးမှာ ကားတစ်စီးငှားရန်ဖြစ်သည်။ သို့မှသာ သူတို့သည် ထိုကားဖြင့် စန်ဖာနန်ဒိုရပ်ကွက်သို့ လှည့်လည်ထောက်လှမ်းခြင်း၊ ရိုက်ကဒိုကလီမင့်နှင့် 'ပြန်လည်ဆက်သွယ်ခြင်း'များကို လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

အမှန်စင်စစ် ကားငှားသည့်ကိစ္စတွင် ကဲနက်သည် အခြားသူများထက်ပို၍အတွေ့အကြုံရှိသူဖြစ်သည်။ သို့သော် ယခုတစ်ခေါက်တွင် သူသည် ပုံစံတစ်မျိုးဖြင့် လာခဲ့သည်ဖြစ်ရာ ကားငှားသည့် ကုမ္ပဏီမှလူများက သူ့ကို မှတ်မိနေမှာ စိုးရသည်။ အကယ်၍ အခြားကားငှားဌာနတစ်ခုသို့ သွားမည်ဆိုလျှင်သည်း ဟိုဟိုသည်သည် မကြာခဏ အလုပ်ပြောင်းတတ်သည့် စာရေးတစ်ယောက်ယောက်နှင့်တွေ့မှာ ကြောက်ရသည်။ သို့မဟုတ်လျှင်လည်း သူတို့ကားငှားဌာန အချင်းချင်း တစ်နည်းနည်းဖြင့် အဆက်အသွယ်ရှိနေပြီး မိမိကိုသိသွားမည်ဆိုက သိနိုင်စရာရှိနေသည်။ အမှန်စင်စစ် ကဲနက်သည် ယခုတစ်ခေါက်တွင် အဝတ်အစားများ တစ်မျိုးတစ်ဖုံ ပြောင်းလဲဝတ်ဆင်ခဲ့ရုံမျှမက သူ့မျက်နှာကိုလည်း အနည်းငယ် ရုပ်ဖျက်ထားခဲ့သော်လည်း အန္တရာယ်ဆိုသည်မှာ ကြိုတင်မြင်နိုင်စွမ်းမရှိဟု ယူဆခဲ့သည်။ မည်သို့ပင်ဖြစ်စေ နောက်ဆုံး၌ ကဲနက်၏ စိုးရိမ်မှုများမှာ ဘာတစ်ခုမျှ အခြေအမြစ်မရှိသလို ဖြစ်ခဲ့ရပြီး ကားငှားရာတွင် တစ်စုံတစ်ရာ အခက်အခဲမတွေ့ကြရဘဲ အလွယ်တကူပင် ငှား၍ ရခဲ့ကြသည်။ ထို့နောက် သူတို့သည် အချိန်ဖြုန်းမနေကြဘဲ အစ္စရေးနိုင်ငံမှ ရှိစဉ်ကစာရင်းပြုလုပ်လာခဲ့ကြသည့် ပစ္စည်းကိရိယာများနှင့် အခြားလိုအပ်သည့် အရာဝတ္ထုများကို ဗျူနိုအဲရစ္စမြို့ထဲတွင် လှည့်ပတ်၍ ဝယ်ခဲ့ကြသည်။ ယင်းပစ္စည်းများထဲတွင် ခေါက်ခုတင်များ၊ အိပ်ရာခင်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ စသည်တို့ ပါဝင်သည်။ ဤပစ္စည်းများမှာ အကယ်၍ မိမိတို့၏ 'ခံတပ်'တွင် လူအမြောက်အမြား နေရမည်ဆိုပါက အသုံးပြုရန်ဖြစ်သည်။

သူတို့အားလုံးသည် မိမိတို့ အသွားအလာ အဝင်အထွက်များကို အဆောက်အအုံ တစ်ခုတည်းတွင် အတူငှားနေကြသည့် အခန်းနီးချင်းများ သံသယကောင်းမဖြစ်အောင် အထူးသတိထားခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



သွားလာဝင်ထွက်မှုများမှာ အစစ အဆင်ပြေလျက်ရှိရာ သူတို့သည် စန်ဖာနန်ဒို ရပ်ကွက်သို့ ထိုနေ့ ညနေဘက်တွင်ပင် သွားရောက်လေ့လာ အကဲခတ်ကြရန် ကြံရွယ်ထားကြသည်။

❐

ညနေဘက်တွင် လေ့လာထောက်လှမ်းရန် ထွက်လာကြသောအခါ သူတို့အဖွဲ့မှာ လေးယောက်ရှိနေပြီဖြစ်သည်။ အီဟတ်တစ်ယောက် တိုးလာသောကြောင့်ဖြစ် သည်။ အီဟတ်သည် ဒန်နီထံမှ လိုအပ်သည့် စာရွက်စာတမ်းများ ရရှိခဲ့ပြီးနောက် အစ္စရေးမှ ရောမသို့ လေယာဉ်ဖြင့် လာခဲ့သည်။ ထိုမှတစ်ဆင့် သူ့ကိုစောင့်နေ မည့် အေမာရှိရာ လစ္စဘွန်းမြို့သို့ မီးရထားစီး၍ ခရီးဆက်ခဲ့သည်။ တစ်ဖန် လစ္စဘွန်းမြို့မှ တောင်အမေရိကသို့ လေကြောင်းမှ လိုက်ပါလာရန် စီစဉ်သော အခါ ခရီးသည်များ ပြည့်နေသဖြင့် လက်မှတ်တစ်စောင် မနည်းရအောင် ကြိုးစား၍ လိုက်လာခဲ့ရသည်။

လစ္စဘွန်းမှ အာဂျင်တီးနားသို့ ပျံသန်းမည့် လေယာဉ်ပေါ်သို့ အီဟတ် ရောက်သွားသောအခါ လေယာဉ်ခရီးသည်များအကြားတွင် နက်ရှာကို သူတွေ့ခဲ့ ရသည်။ သို့သော် သူတို့နှစ်ယောက်စလုံးသည် တစ်ယောက်နှင့် တစ်ယောက် လုံးဝ မသိကြလေဟန်ဖြင့် ခရီးစဉ်တစ်လျှောက် စကားတစ်ခွန်းမှ မပြောကြဘဲ လိုက်ပါလာခဲ့ကြသည်။ ဗျူနိုအဲရစ္စသို့ လေယာဉ်ဆိုက်သောအခါ ညနေ ၃နာရီ ထိုးနေပြီဖြစ်သည်။ သူတို့နှစ်ယောက်သည် လေဆိပ်မှ ထွက်လာခဲ့ကြပြီး မိမိတို့ အတွက် အစ္စရေးမှာရှိစဉ်က ကြိုတင်စီစဉ် သတ်မှတ်ထားပြီးဖြစ်သော ဟိုတယ် များဆီသို့ အသီးသီး လမ်းခွဲ၍ လာခဲ့ကြသည်။ သို့ဖြင့် ယခုအခါ ရှေ့ပြေး တပ်ဖွဲ့ဝင် အားလုံး စုံစုံညီညီ ရောက်ကြပြီဖြစ်သည်။

တည်းခိုရမည့် ဟိုတယ်သို့ အီဟတ် ရောက်သွားသောအခါ ကြိုဆိုနေရာချ ထားရေးဌာနမှ စာရေးတစ်ယောက်သည် အီဟတ်၏ နိုင်ငံကူးလက်မှတ်ကို ကြည့်ပြီး မိမိနှင့် 'အရပ်သား' ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် အားရဝမ်းသာ ဖြစ်သော ဇာတိနိုင်ငံမှ ဘာသာစကားဖြင့် အီဟတ်အား ဆီးကြိုနှုတ်ဆက်ခဲ့သည်။ ထို့နောက်တစ်ဖန် အီဟတ်နေထိုင်သည့် မြို့ကို စာရေးက လှမ်းမေးလိုက်ရာ တိုက်တိုက် ဆိုင်ဆိုင် မိမိနှင့် 'တစ်မြို့တည်းသား' ဖြစ်နေသည်ကို တွေ့လိုက်ရပြန်သည်။ ထို့ကြောင့် ထိုစည်ခံစာရေးက အီဟတ်အနေဖြင့် လုံးဝ တစ်ခါဖူးမျှ မရောက်ဖူးသည့် မြို့ရှိ နေရာများအကြောင်း ရွှန်းရွှန်းဝေအောင် ပြောပါလေတော့သည်။ စာရေး





သည် အရပ်သားချင်းဖြစ်နေသည့် အီဟတ်အား အစွမ်းကုန် ကူညီမည်ဟူသော သဘောဖြင့် ဤဟိုတယ်မှ တည်းခိုရေးပုံစံ စာရွက်တစ်ရွက်ကို ထုတ်ပေးလိုက်ပြီး ဤပုံစံစာရွက်တွင် ဖြည့်စရာ အချက်အလက် အားလုံးကို မိမိဖြည့်ပေးပါမည်၊ အီဟတ်အနေဖြင့် လက်မှတ်ထိုးရုံသာ ထိုးပါဟု ပြောလာသည်။

အီဟတ်ခမျာ ယခုမှ 'သေဟဲ့ နန္ဒိယ'ဟု စိတ်ထဲက ရွတ်ဆိုလိုက်မိ သည်။ အဘယ်ကြောင့်ဆိုသော် သူသည် 'တစ်နယ်သားချင်း' ဖြစ်နေသော စည်ခံစာရေးက ပေးလိုက်သည့် ပုံစံစာရွက်ပေါ်တွင် အောက်နားက လက်မှတ် ထိုးတော့မည်လုပ်မှ မိမိနာမည်ကို လုံးဝ မမှတ်မိဘဲ ဖြစ်နေသောကြောင့်တည်း။ သူ့ခေါင်းထဲတွင် ရှုတ်တရက် ဟိုအတွေး သည်အတွေးများသည် အပြေးပြိုင်နေ ကြသည်။ တကယ်တော့ သူသည် ဤစစ်ဆင်ရေးအတွက် တာဝန်ပေးအပ်ခြင်း ခံရလျှင် ခံရချင်း ရုတ်တရက် တက်သုတ်ရိုက်၍ ထွက်လာခဲ့ရာမှ ယခုကဲ့သို့ လူအများကြားထဲသို့ ဗြုန်းစားကြီး ရောက်လာခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း အီဟတ်သည် မိမိကိုင်ဆောင်လာသည့် နိုင်ငံကူးလက်မှတ်ထဲမှ 'ကိုယ့်အမည် ကိုယ်မမှတ်မိသည့်' အဖြစ်မျိုးသို့ ကိုးရိုးကားရား ရောက်နေရခြင်းဖြစ်သည်။

သူသည် ချက်ချင်းပင် ဦးနှောက်ကို အသုံးချလိုက်ပြီး သူ့ကိုယ်သူ ချက်နာမပျက်အောင် သတိထားကာ တစ်မြို့တည်းသား မောင်မင်းကြီးသား စည်ခံစာရေးအား မိမိ၏ နိုင်ငံကူးလက်မှတ်ကတ်ပြားထဲတွင် အရေးကြီးသည့် စာရွက်စာတမ်း ညပ်၍ပါသွားသည် ထင်မိသဖြင့် ကျေးဇူးပြု၍ ထိုနိုင်ငံကူး လက်မှတ်ကို ခေတ္တပြန်ပေးပါရန် ပြောလိုက်ရသည်။ အမှန်စင်စစ် နိုင်ငံကူး လက်မှတ်ထဲတွင် ဖော်ပြထားသည့် 'မိမိနာမည်'ကို နောင်တွင် သူအသက်ရှင် နေသမျှ ကာလပတ်လုံး ဘယ်တော့မှ မမေ့တော့ဘဲ ရှိခဲ့သည်။

ယနေ့အဖို့ အီဟတ်သည် အပြင်သို့ နှစ်နေရာသွားရောက် တွေ့ဆုံရမည် ဖြစ်သည်။ ပထမတစ်နေရာဖြစ်သော ကော်ဖီဆိုင်တစ်ဆိုင်သို့ နံနက် ၈ နာရီ အရောက် သွားရမည်ဖြစ်၍ ညနေ ၆ နာရီတွင်မူ စန်ကာဖီးရိပ်သာလမ်းနှင့် ဘာလိုရိပ်သာလမ်းထောင့်သို့ သွားရမည်ဖြစ်သည်။ သူသည် ဟိုတယ်တည်းခို ခန်းတွင် ပါလာသည့် အထုပ်အပိုးများကို နေရာချထားပြီး အပြင်သို့ ထွက်လာ ခဲ့သည်။ သူသည် ဗျူနိုအဲရစ္စမြို့တွင် သူစိမ်းတစ်ယောက် ဖြစ်နေသည်။ သို့သော် သူသွားလိုရာ မြို့လယ်ခေါင်မှ လမ်းထောင့်တစ်နေရာသို့ အလွယ်တကူပင် ရောက်သွားခဲ့သည်။ သူရောက်သွားပြီး ခဏအကြာ ညနေ ၆ နာရီတိတိတွင် ဘဲနက်နှင့် အက်ရှက်တို့ ထိုနေရာသို့ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူတို့ငှားထားသော ကားမှာ မလှမ်းမကမ်းတွင် ရပ်ထားသည်ဖြစ်ရာ သူတို့သည် ကြာကြာအချိန်ဖြုန်းမနေကြဘဲ စန်ဖာနန်ဒိုရပ်ကွက်သို့ ချက်ချင်းသွားရန် ဆုံးဖြတ်လိုက်ကြသည်။ သို့ဖြင့် ကားကို ကဲနက်ကပင် မောင်း၍ ထိုနေရာမှ ထွက်လာခဲ့ကြသည်။ ကဲနက်သည် စန်ဖာနန်ဒိုရပ်ကွက်သို့ သွားရာလမ်းကို ဖြတ်လမ်းများပါမကျန် သိထားသူဖြစ်သည်။

၇ နာရီ မိနစ် ၄၀ တွင် သူတို့သည် အဝေးပြေးလမ်းမကြီး အမှတ် ၂၀၂ ပေါ်မှ ဈေးဆိုင်ကလေးရှိရာသို့ ရောက်သွားခဲ့ကြသည်။ အက်ရှက်နှင့် အီဟတ်တို့သည် ကဲနက်၏ အစီရင်ခံစာကို ဖတ်ရှုလေ့လာထားကြသူများဖြစ်၍ ထိုဆိုင်ကလေးကို ကောင်းကောင်းမှတ်မိနေကြသည်။ ထိုအခိုက် ရီကာဒိုကလီမင့်သည် သူနေသည့်အိမ်နှင့် ဆိုင်ကလေးအကြား လမ်းမကြီးအတိုင်း လမ်းလျှောက်လာနေသည်ကို သူတို့ လှမ်းမြင်ကြရသည်။ အီဟတ်သည် ကဲနက်ပြထားသည့် ဓာတ်ပုံထဲမှ ထိုလူကို ရုတ်တရက် မြင်မြင်ချင်းပင် မှတ်မိလိုက်သည်။

"ဟိုမှာ... အဲဒီလူ... အဲဒီလူ"

အီဟတ်က လေသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်။ ထိုအခိုက်မှာပင် ကဲနက်သည် ရုတ်တရက် တအံ့တဩဖြစ်သွားသဖြင့် ဘရိတ်ကို အယောင်ယောင်အမှားမှား နင်းလိုက်မိရာ သူတို့ကားသည် ကလီမင့်ရှိရာသို့ ယိမ်းထိုးသွားပြီး မြန်းခနဲ စက်ရပ်သွားတော့သည်။ သို့သော် ကလီမင့်အနေဖြင့် မိမိဘေးသို့ ကားတစ်စီး ရုတ်တရက် ထိုးရပ်လိုက်သည်ကို အထိတ်တလန့် ဖြစ်သွားမည်စိုးသဖြင့် အီဟတ်သည် ကဲနက်အား ကားကို ရှေ့သို့အနည်းငယ်ရောက်သွားအောင် ထိန်းပေးလိုက်ရသည်။

ထို့နောက် အက်ရှက်သည် ကားပေါ်မှဆင်းကာ ကလီမင့်နောက်သို့ သေမသာ နောက်ယောင်ခံ၍ လိုက်သွားခဲ့သည်။ ကလီမင့်သည် အမှတ် ၂၀၂ လမ်းမကြီးအတိုင်း ဘန်ကာလာရီလမ်းဘက်သို့ ခပ်မှန်မှန် လျှောက်သွားနေခဲ့ရာ အက်ရှက်သည် သူ့နောက်မှ ကိုက်တစ်ရာခန့်ခွာ၍ ဣန္ဒြေမပျက် လိုက်လာခဲ့သည်။ ထို့နောက် ကလီမင့်သည် လမ်းမကြီးပေါ်မှ လက်ဝဲဘက်သို့ ချိုးကာ မြေသင်ဘောလေးအတိုင်း ကိုက်နှစ်ဆယ်ခန့်ဆက်၍ လျှောက်သွားခဲ့ပြီးနောက် ထိုနေရာတွင် အထီးတည်း တည်ရှိနေသော အိမ်ကလေးထဲသို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရသည်။ အက်ရှက်သည် ကဲနက်၏ ဓာတ်ပုံများထဲမှ ထိုအိမ်ကို ကောင်းကောင်းကြီး မှတ်မိနေသည်။





ဤအတောအတွင်း အီဟတ်နှင့် ကဲနက်တို့သည် သူတို့ကားကို ဗျူနိုအဲရစ္စ မြို့ဘက်ဆီသို့ ဆက်လက်မောင်းသွားခဲ့ကြသည်။ ထို့နောက် အတော်အလေးကြာမှ သူတို့ ပြန်လှည့်လာပြီး အက်ရှက်အား ကလီမင့်၏ အိမ်နောက်ဘက်မှ မီးရထားလမ်းဘေးတွင် တွေ့၍ ကားပေါ် ခေါ်တင်ခဲ့ကြသည်။ ထိုအချိန်တွင် အတော်ကလေး မှောင်နေပြီဖြစ်၍ မိမိတို့အား အခြားလူများက ရုတ်တရက် မြင်မတွေ့နိုင်သည် မှန်သော်လည်း ကလီမင့်၏ အိမ်အနီးအနားတစ်ဝိုက်သို့ သွားရဲကြသဖြင့် ပြန်လှည့်လာခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ သူတို့အတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်နာရီခန့်က သူတို့သည် 'ပစ်ကွင်း'နေရာသို့ သွားရန် ဆုံးဖြတ်ခဲ့ကြစဉ်က အက်ရှက်နှင့် အီဟတ်တို့အား ထိုနေရာတစ်ဝိုက်သို့ ရောက်ဖူးစေရန်နှင့် ပတ်ဝန်းကျင်အနေအထားကို လေ့လာနိုင်စေရန်သာ ရည်ရွယ်ခဲ့ကြသည်။ သူတို့စိတ်ထဲတွင် ယခုကဲ့သို့ ပထမဆုံးသွားရောက် ကင်းထောက်ရာတွင် ကလီမင့်အား တွေ့ရလိမ့်မည်ဟု မည်သူကမျှ မျှော်လင့်မထားခဲ့ကြသောကြောင့် ဖြစ်သည်။

ဗျူနိုအဲရစ္စမြို့သို့ အပြန်လမ်းခရီးတွင် သူတို့သည် ကြုံခဲ့ တွေ့ခဲ့ရသမျှကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ယနေ့သည် အင်္ဂါနေ့ဖြစ်ရာ ယခုကဲ့သို့ ကြားရက်တစ်ရက် ညနေပိုင်းတွင် အိုက်ခ်မန်းအား သူ့အိမ်အနီးတွင် တွေ့ခဲ့ရသည်ကို ထောက်ရှု၍ သူသည် အိမ်နှင့်ဝေးကွာသည့်နေရာ တစ်နေရာတွင် အလုပ်မလုပ်ဘဲ ဗျူနိုအဲရစ္စမြို့တွင်းမှာဖြစ်စေ၊ မြို့နှင့် မလှမ်းမကမ်း နေရာမှာဖြစ်စေ အလုပ် လုပ်နေပြီဟု ကောက်ချက်ချမိကြသည်။ ဤအတိုင်း ခန့်မှန်းတွက်ချက်ရသော် ညနေခြောက်နာရီ ခုနစ်နာရီက ကလီမင့်သည် ဘတ်စ်ကားမှတ်တိုင်မှ အိမ်သို့ ပုံမှန်လမ်းလျှောက် ပြန်လေ့ရှိသည်ဟု ယူဆရသည်။ ထို့ပြင် နှစ်စဉ်နှစ်တိုင်း ဤလိုအချိန်အခါမျိုးတွင် နေခပ်စောစော ဝင်တတ်သည်ကိုလည်း သူတို့ သတိပြုမိကြသည်။ သို့ဖြစ်ရာ ဤအခြေအနေ အချက်အလက်များကို လေ့လာသုံးသပ်ကြည့်ခြင်းအားဖြင့် မိမိတို့သည် အိုက်ခ်မန်းအား ဘတ်စ်ကားမှတ်တိုင်နှင့် သူ့အိမ်အသွား ဤလမ်းဤနေရာတစ်ဝိုက်တွင် လက်ရဖမ်းလျှင် ဖြစ်နိုင်စရာရှိသည်ဟု စဉ်းစားမိကြသည်။

ယင်းသို့ သူတို့၏ မှန်းဆတွက်ချက်မှုသည် ပြန်လည်စစ်ဆေးကြည့်ရန်နှင့် ပို၍သေချာအောင် ထပ်မံလေ့လာကြည့်ရန် လိုသေးသော်လည်း သောလောဆယ် ယနေ့မြင်တွေ့ခဲ့သမျှတို့ကို အခြေခံကာ မိမိတို့သည် ကလီမင့်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာအရပ်ကို တွေ့ရှိပြီဖြစ်၍ စစ်ဆင်ရေးကို လက်တွေ့ဆင်နွှဲနိုင်ပြီဖြစ်ကြောင်း အစ္စရေးသို့ အစီရင်ခံရန် အီဟတ်က တင်ပြလာခဲ့သည်။ အီဟတ်၏ သုံးသပ်တင်ပြချက်ကို ကျွန်အဖွဲ့ဝင် အားလုံးကလည်း လက်ခံသဘောတူခဲ့ကြသည်။ သို့ဖြစ်ရာ ထိုနေ့ ဧပြီလ ၂၆ ရက်နေ့ ညနေပိုင်းမှာပင် အစ္စရေးသို့ အထက်ပါအတိုင်း သတင်းပို့ အစီရင်ခံလိုက်ကြသည်။

အီဟတ်ထံမှ အထက်ပါသတင်းသည် ကျွန်ုပ်ထံသို့ နောက်တစ်နေ့ ဧပြီလ ၂၇ ရက်နေ့ ညနေပိုင်းတွင် ရောက်ရှိလာခဲ့သည်။ သို့ဖြင့် ကျွန်ုပ်သည် နောက်တစ်နေ့မှစ၍ သုံးရက်လုံးလုံး ကျွန်ုပ်တစ်သက်တာတွင် အလုပ်အများဆုံး၊ အလုပ်အရှုပ်ဆုံး ဖြစ်ခဲ့ရသည်။ ဤ ၇၂ နာရီအတောအတွင်း ကျွန်ုပ်သည် စစ်ဆင်ရေးကို ဦးတည်၍ စီမံခန့်ခွဲထားသည့် လုပ်ငန်းအားလုံး အပြီးသတ် ဆက်စပ်မှုရှိစေရန်သော်လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင် ခရီးထွက်ရန်အတွက် စီစဉ်ပြင်ဆင်မှုများကိုသော်လည်းကောင်း၊ ကျွန်ုပ်မရှိသည့် နောက်ပိုင်းတွင် ဌာနခွဲ အသီးသီးမှ လုပ်ငန်းအားလုံးကို ဆက်လုပ်ကိုင်သွားရန်သော် လည်းကောင်း အဘက်ဘက်မှ လစ်ဟင်းမှုမရှိအောင် စိုင်းပြင်းဆောင်ရွက်ခဲ့ရသည်။

ပထမဆုံး ကျွန်ုပ်၏အလုပ်မှာ စစ်ဆင်ရေးဆိုင်ရာ လျှပ်ရှားတပ်ဖွဲ့အား 'လုပ်ငန်းစကြတော့' ဟူ၍ အချက်ပေး အလံစိမ်းပြလိုက်ခြင်းပင် ဖြစ်သည်။ ဤသည်မှာ တစ်ဆက်တည်း အမျိုးမျိုးသော စီစဉ်ပြင်ဆင်မှုများကို ဆက်တိုက် လုပ်ကိုင်ကြရန်ဖြစ်သည်။ ပစ္စည်းကိရိယာ အသုံးအဆောင်များ၊ ဆက်သွယ်ရေး လုပ်ငန်းများနှင့် စီမံခန့်ခွဲမှုများကို တစ်စုံတစ်ရာ ချွတ်ယွင်းမှု၊ လစ်ဟင်းမှုမရှိအောင် အထူးဂရုစိုက်ခဲ့ရသည်။ ကျွန်ုပ်သည် အဆင်သင့်စောင့်နေသော လှုပ်ရှားတပ်ဖွဲ့ဝင်များ၊ အစ္စရေးတွင် နောက်ချန်နေခဲ့သော အထူးတပ်ဖွဲ့ဝင်များနှင့်တကွ ကျွန်ုပ်တို့၏ ထောက်လှမ်းရေးအဖွဲ့၏ အပြင်အပမှနေ၍ ဤစစ်ဆင်ရေးတွင် တင်နေရာရာ၌ တာဝန်တစ်ခုခုကို ထမ်းရွက်ရမည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အသီးသီး၏ တာဝန်ခံများ အပါအဝင် စစ်ဆင်ရေးနှင့် ပတ်သက်ရာပတ်သက်ကြောင်း လူအပေါင်းတို့ကို ခေါ်ယူတွေ့ဆုံ ဆွေးနွေးခဲ့သည်။

စစ်ဆင်ရေးအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဂါဘီသည် စီမံချက်များ အားလုံးကို ပြန်လည်စစ်ဆေးခဲ့ပြီးနောက် သူနှင့်တကွ သူ့လူများပါ အမြန်ဆုံး ထွက်ခွာနိုင်ရန် ပြင်ဆင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်သည် အာဂျင်တီးနားမှ အစ္စရေးသို့ အိုက်ခ်မန်းအား ခေါ်ဆောင်လာရမည့် နည်းလမ်းများနှင့် အစီအစဉ်များကို နောက်ဆုံးအတည်ပြုနိုင်ရန် အချိန်နာရီပေါင်း မြောက်မြားစွာ





အသုံးပြုခဲ့ရသည်။ သို့သော် ထိုအချိန်အထိ အထူးလေယာဉ်ပျံသန်းရေးဆိုင်ရာ အသေးစိတ် သတ်မှတ်ချက်များကို အတည်မပြုရသေးဘဲ ဖြစ်နေသည်။ ကျွန်ုပ်အနေဖြင့် ယင်းသို့ အထူးလေယာဉ်ပျံသန်းရေးဆိုင်ရာ အသေးစိတ် သတ်မှတ်ချက်များကို ကျွန်ုပ်ကိုယ်တိုင် ပြန်လည်ဆန်းစစ်ရဦးမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ကီဒမ်အား ချက်ချင်းခေါ်ယူတွေ့ဆုံ၍ ဆွေးနွေးခဲ့ပြီးနောက် ကီဒမ်ကိုယ်တိုင် အာဂျင်တီးနားသို့ အမြန်ဆုံး သွားရောက်ကာ ဗျူနိုအဲရစ္စလေဆိပ်တွင် ကျွန်ုပ်တို့ အထူးလေယာဉ်ဆင်းသက်ရေးနှင့် ပြန်လည်ထွက်ခွာ ပျံသန်းရေးကိစ္စရပ်များကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကီဒမ်က သူ့မိတ်ဆွေ လာဇာအား သူနှင့်အတူ ခေါ်သွားခွင့်ပြုရန် ထပ်မံတင်ပြခဲ့ပြန်သည်။ အကယ်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက လာဇာထံမှ အကူအညီ ရနိုင်မည်ဖြစ်၍ သူနှင့် တိုင်ပင်ညှိနှိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကီဒမ်က ကျွန်ုပ်အား ပြောပြခဲ့သည်။

ယခုအခါ လေယာဉ်ပျံသန်း ထွက်ခွာရေးနှင့် ပတ်သက်သည့် ကိစ္စအဝဝသည် လေကြောင်းဌာနအုပ်ချုပ်ရေးအဖွဲ့၏ နောက်ဆုံးအတည်ပြုချက်အပေါ်တွင် တည်နေပြီဖြစ်သည်။ သို့ဖြင့် ကျွန်ုပ်သည် တက်ဒမာကို ခေါ်ယူတွေ့ဆုံခဲ့ပြီး၊ ထို့နောက်တစ်ဖန် လေကြောင်းကုမ္ပဏီမှ အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံခဲ့သည်။ သူတို့နှစ်ဦးစလုံးကပင် ကျွန်ုပ်၏ စီမံခန့်ခွဲမှုများကို အားလုံး သဘောတူလက်ခံကြောင်းနှင့် ဤစစ်ဆင်ရေးနှင့် ပတ်သက်၍ လိုအပ်သမျှကို မိမိတို့လေကြောင်းကုမ္ပဏီမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့ကြသည်။ အထူးလေယာဉ်၏ကပ္ပတိန်မှာ လေကြောင်းကုမ္ပဏီမှ ဝါရင့်လေယာဉ်မှူး ကောင်းတစ်ဦးဖြစ်သော ယိုအာမိဂတ် ဆိုသူ ဖြစ်သည်ဟု သိရသည်။

ကျွန်ုပ်သည် လေယာဉ်မှူး မိဂတ်အား ခေါ်ယူတွေ့ဆုံ၍ ကျွန်ုပ်တို့ စစ်ဆင်ရေး၏ ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို အားလုံး ရှင်းလင်း ပြောပြခဲ့သည့်ပြင် အထူးလေယာဉ် ပျံသန်းရေးနှင့်ပတ်သက်၍ အစီအစဉ်များနှင့် ကုမ္ပဏီမှ ပုံမှန်ပျံသန်းရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။ ကျွန်ုပ်က လေယာဉ်အမှုထမ်းများထဲတွင် အစ္စရေး စက်ဆရာများကိုပါ ထည့်သွင်းထားစေလိုကြောင်းနှင့် နိုင်ငံခြားစက်ဆရာများကို လုံးဝ အသုံးမပြုရန် အတိအကျ ညွှန်ကြားခဲ့သည်။ ထို့ပြင် လေယာဉ်ကို မြေပြင်မှ စတင်ထွက်ခွာရာ၌ အခြေအနေ ကောင်းကောင်းဖြင့် ထွက်ခွာနိုင်စေရန်လည်းကောင်း၊ အပြန်ခရီးတွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရမည့် လမ်းခုလတ် လေဆိပ်များကို အရေးအတွက် နည်းနိုင်သမျှ နည်းစေရန် လည်းကောင်း စီစဉ်ပြင်ဆင်ထားဖို့ အထူးညွှန်ကြားခဲ့သည်။

စကားများများ မပြောသော်လည်း အဘက်ဘက်က အရည်အချင်းပြည့်ဝ ဟန်ရှိသည့် လေယာဉ်မှူး မီဂက်အား ကျွန်ုပ် အထူးသဘောကျမိသည်။ စကား မပြောဘဲ ငြိမ်ချက်သားကောင်းနေသည့် နောက်ကွယ်မှ အတွင်းစိတ်၏ လှုပ်ရှားမှု အရိပ်အယောင်များကို မသိမသာ မြင်တွေ့ရသော်လည်း လိုအပ်သလောက် ပြန်လည်ပြောကြားသည့် သူ့စကားလုံးများနှင့် သူ့လေသံများမှာ လေးနက် တည်ငြိမ်လှသည်ကို တွေ့ရသည်။ ဤလုပ်ငန်းကြီး၏ အရေးကြီးပုံကို မီဂက် ကောင်းကောင်းကြီး နားလည်သဘောပေါက်သည့်ပြင် ဤလုပ်ငန်းကြီး ထမြောက် အောင်မြင်ရေးအတွက် ကျရာတာဝန်ကို အစွမ်းကုန် ထမ်းဆောင်မည်ဖြစ်ကြောင်း လေယာဉ်မှူး မီဂက်က ကျွန်ုပ်အား ကတိပေးခဲ့သည်။

ထို့နောက် ကျွန်ုပ်၏ရုံးခန်းထဲမှ ပြန်လည်ထွက်ခွာသွားသောအခါ ကျွန်ုပ် သည် မီဂက်အား 'ဗျူနိုအဲရစ္စမြို့မှာ ပြန်တွေ့ကြသေးတာပေါ့' ဟူ၍ ဟီဘရူး စကားဖြင့် နှုတ်ဆက်ခဲ့သည်။

ဤအတောအတွင်း ကီဒမ်သည် ဗျူနိုအဲရစ္စသို့ ထွက်ခွာသွားခဲ့ပြီဖြစ်ရာ သူမရှိသည့်နောက်ပိုင်းတွင် ကျွန်ုပ်သည် ဒန်အာဗနာနှင့်ဆက်သွယ်၍ လေကြောင်း ကုမ္ပဏီကိစ္စများကို စီစဉ်ဆောင်ရွက်ခဲ့ရသည်။ သို့ဖြင့် ကျွန်ုပ်သည် တစ်ညကွင် အာဗနာနှင့်တကွ အင်ကာနှင့် လော်ရာတို့ကိုပါ ကျွန်ုပ်၏နေအိမ်သို့ ဖိတ်ကြား လိုက်သည်။

ကျွန်ုပ်တို့ စီစဉ်ထားသော စစ်ဆင်ရေးအကြောင်းကို ကြားလိုက်ရသော အခါ အာဗနာမှာ အကြီးအကျယ် စိတ်လှုပ်ရှားသွားခဲ့သည်။ အဘယ်ကြောင့် ဆိုသော် သူကိုယ်၌ကလည်း နာဇီများနှင့်ပတ်သက်၍ 'စာရင်းရှင်းစရာ' ရှိနေသော ကြောင့်တည်း။

အာဗနာ၏ ဖခင်သည် ဂျာမန်မြို့ကလေး တစ်မြို့တွင် ချမ်းသာကြွယ်ဝ သည့် ကုန်သည်ကြီးတစ်ဦးဖြစ်၍ ဂျူးအမျိုးသားများ၏ ရိုသေလေးစားခြင်း ခံရသည့် ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ အာဗနာသည် အဆိုပါ ဂျာမန်မြို့ကလေးမှာပင် မွေးဖွားခဲ့၍ နာဇီတို့ အာဏာရလာချိန်၌ သူ့ဖခင်သည် ပထမဆုံး ညှဉ်းဆဲနှိပ်စက် ခြင်း ခံရသူဖြစ်သည်။ နာဇီများသည် အာဗနာ၏ဖခင်အား ဂျူးများကို ခေါင်းဆောင်၍ လမ်းမများပေါ်တွင် စီတန်းလမ်းလျှောက်ခိုင်းခဲ့ရုံမျှမက အပြင်း အထန် ရိုက်နှက်ညှဉ်းဆဲကာ ဝမ်းနတ်ဆီများကို အဓမ္မခြိမ်းခြောက်၍ မတန်တဆ





အတင်းသောက်ခိုင်းခဲ့သည်။ သို့ဖြင့် အာဗနာ၏ဖခင်သည် ဒဏ်ရာဒဏ်ချက် များဖြင့် နှလုံးရောဂါရ၍ မကြာမီ သေဆုံးသွားခဲ့ရှာသည်။ ထို့နောက် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ရာ အာဗနာ၏မိခင်သည် ၁၉၄၄ ခု၊ ဖေဖော်ဝါရီလ တွင် အကျယ်ချုပ်ဖြင့် ဖမ်းဆီးခြင်းခံရ၍ အခြားဂျူးအမျိုးသမီး အမျိုးသားများ နှင့်အတူ အော့ဝစ် စစ်အကျဉ်းစခန်းသို့ ပို့ဆောင်ခြင်းခံခဲ့ရပြီး လမ်းခုလတ် တွင် သေဆုံးသွားခဲ့ရှာသည်။ အာဗနာမှာ ဂျူးလူငယ်အဖွဲ့အစည်းတစ်ခုက ကယ်တင်ခဲ့သဖြင့် နာဇီတို့လက်အောက်မှ လွတ်မြောက်လာခဲ့ပြီး သူ့အသက် ၁၆ နှစ်အရွယ် ၁၉၃၅ ခုနှစ်တွင် အစ္စရေးနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

အထက်ဖော်ပြပါ နောက်ကြောင်းရာဇဝင်အရ ကျွန်ုပ်သည် ဤစစ်ဆင် ရေးနှင့် ပတ်သက်သည့် လာမည့် ရက်သတ္တပတ်များအတွင်း ပေးအပ်သည့် တာဝန်ကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန် အာဗနာအား အကျယ်တဝင့် ရှင်းလင်းပြောပြစရာမလိုဘဲ ရှိခဲ့သည်။ ကျွန်ုပ်သည် အာဗနာအား လုပ်ငန်းအရ ကျွမ်းကျင်စိတ်ချရသော လေယာဉ်အမှုထမ်းတစ်ဦးကို သူနှင့်အတူ ခေါ်သွား ရန်နှင့် ကျွန်ုပ်တို့ လှုပ်ရှားတပ်ဖွဲ့ဝင်များထဲမှ အချို့ကို လေယာဉ်အမှုထမ်းများ အဖြစ် ရုပ်ဖျက်နိုင်စေရန် ဝတ်စုံများနှင့် စာရွက်စာတမ်း အထောက်အထားများ စုဆွေးစီစဉ်ပေးရန် တာဝန်ပေးခဲ့သည်။ ထို့ပြင် တစ်စုံတစ်ရာ မလိုလားအပ်သည့် အဖြစ်အပျက်များ မပေါ်ပေါက်စေရန် ပျံသန်းမှုနှင့်စပ်လျဉ်း၍ စက်မှုပိုင်းနှင့် အုပ်ချုပ်ရေးပိုင်းတို့တွင် ခါတိုင်းကဲ့သို့ ပုံမှန်ရှိမရှိ စစ်ဆေးကြည့်ရှုရန် သတိပေး ခဲ့သည်။ အာဗနာသည် လေယာဉ်မှူးအဖြစ် တာဝန်ယူရင်း အင်ကာတို့အဖွဲ့နှင့် လည်းကောင်း၊ လော်ရာနှင့်လည်းကောင်း အမြဲအဆက်အသွယ် ရှိနေရမည်ဖြစ် သည်။

ကျွန်ုပ်သည် အင်ကာနှင့် ဆက်လက်၍ ပဏာမဆွေးနွေးခဲ့ရာ၌ ဗျူနို အဲရစ္စမြို့ထဲမှနေ၍ အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ ခေါ်ဆောင်လာရမည့် အစီအစဉ်ကို အကြမ်းဖျင်း ညှိနှိုင်းခဲ့ကြသည်။ ထိုနေရာတွင်မူ ကျွန်ုပ်သည် ခြင်းချက်အချို့ ထားရမည်ဟု ယူဆမိသည်။ အဘယ်ကြောင့်ဆိုသော် ယခု လောလောဆယ်တွင် ကျွန်ုပ်တို့သည် တကယ်လက်တွေ့ လှုပ်ရှားဆောင်ရွက် ကြမည့် နေရာဒေသ 'ပစ်ကွင်း'နှင့် မိုင်ပေါင်းမြောက်မြားစွာ ဝေးကွာနေကြ သည့်ပြင် ကျွန်ုပ်တို့မှာ ထိုဒေသနှင့်ပတ်သက်၍ ဗဟုသုတ လုံလောက်စွာမရှိကြ သောကြောင့် ဖြစ်သည်။ ကျွန်ုပ်၏ အစီအစဉ်မှာ အိုက်ခ်မန်းအား လေယာဉ် အမှုထမ်းတစ်ယောက်အဖြစ် ရုပ်ဖျက်ကာ မကျန်းမမာဖြစ်လာသည့် အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သော်လည်းကောင်း၊ မတော်တဆ တစ်စုံတရာ ထိခိုက်၍ ဒဏ်ရာအနာတရ ဖြစ်လာသည့် အနေဖြင့်သော်လည်းကောင်း ဟန်ဆောင်၍ လေယာဉ်ရှိရာသို့ ခေါ်ဆောင်လာရန်ပင်ဖြစ်သည်။ ဤနေရာတွင် အိုက်ခ်မန်းအား လေယာဉ် အမှုထမ်းတစ်ဦးအဖြစ် ရုပ်ဖျက်ရာ၌ သူ၏ စာရွက်စာတမ်းများကို တရားဝင်စေ ရန်နှင့် ယုတ္တိရှိစေရန် ကျွန်ုပ်၏ လေယာဉ်အမှုထမ်းအုပ်စုထဲသို့ ကျွန်ုပ်တို့အဖွဲ့မှ လူတစ်ယောက်ကို ထည့်သွင်းထားရန် ကျွန်ုပ် ကြံစည်ထားခဲ့သည်။ ထိုလူမှာ ကဲနက်ထံမှ ရရှိသည့် လူပုံပန်းသဏ္ဌာန်နှင့်သော်လည်းကောင်း၊ ဓာတ်ပုံများနှင့် သော်လည်းကောင်း ခပ်ဆင်ဆင်ရှိ၍ ကိုယ်လုံးကိုယ်ပေါက်ရော အသက်အရွယ်ပါ အိုက်ခ်မန်းနှင့် မတိမ်းမယိမ်း ရှိရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ထိုလူသည် အိုက်ခ်မန်း နှစ်ကိုယ်ခွဲအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အင်ကာက ထိုသို့ နှစ်ကိုယ်ခွဲအဖြစ် သရုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့ စစ်ဆင်ရေးအဖွဲ့ဝင်များထဲမှ အိုက်ခ်မန်းနှင့် ကိုယ်လုံးကိုယ်ပေါက် ခပ်ဆင်ဆင် လူတစ်ယောက်ရှိကြောင်း ပြောပြသေးသည်။ သို့သော် ကျွန်ုပ်က ဤနှစ်ကိုယ်ခွဲ အစီအစဉ်ကို အိုက်ခ်မန်းအား လက်ရဖမ်းမိပြီဟု သိရမှသာလျှင် လက်တွေ့ ဆောင်ရွက်ရန် စဉ်းစားသင့်ကြောင်း ပြောပြခဲ့သည်။ ထိုမှတစ်ဆက်တည်း ကျွန်ုပ် သည် စစ်ဆင်ရေးအဖွဲ့ထဲမှ အခြားနှစ်ယောက်ကိုလည်း လေယာဉ်အမှုထမ်းများ အဖြစ် ထည့်သွင်းထားရန် လိုအပ်ကြောင်း ပြောပြခဲ့သည်။ ထိုနှစ်ယောက်၏ တာဝန်မှာ မမာမကျန်းဖြစ်လာသော သို့မဟုတ် မတော်တဆ ထိခိုက်ဒဏ်ရာ ရလာသော 'လေယာဉ်အမှုထမ်း'ကို ပြုစုရန်ဟူ၍ အကြောင်းပြကာ ထိုလေယာဉ် အမှုထမ်းအား လေယာဉ်ပေါ်သို့ တင်ရာ၌သော်လည်းကောင်း၊ လမ်းခရီး တစ်လျှောက်လုံး၌သော်လည်းကောင်း ကူညီစောင့်ရှောက်လာရမည်ဖြစ်သည်။ တစ်ဖန် ဤလူနှစ်ယောက်နှင့် နှစ်ကိုယ်ခွဲအဖြစ် သရုပ်ဆောင်ရမည့် သူတို့အား လွတ်လပ်ရေး နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ကြမည့် အစ္စရေး အစိုးရ၏ ကိုယ်စားလှယ်များ၏ ကိုယ်ရံတော် သက်တော်စောင့်များဖြစ်သည် ဟု၍ အခြားလေယာဉ်အမှုထမ်းများကို ပြောကြားထားရန် ကြံစည်စိတ်ကူးထား ခြင်းဖြစ်သည်။

သို့သော် ကျွန်ုပ်သည် အင်ကာအား ဤအစီအစဉ်များသည် ကျွန်ုပ် ဗျူနိုအေးရီးမြို့သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် လက်တွေ့မလုပ်ဖြစ်တော့ဘဲ ပျက်ကောင်း ပျက်သွားစရာရှိသည်ဟု ပြောခဲ့သေးသည်။ ထိုသို့ဖြစ်လာပါက အင်ကာအား အဓိကဆုံး ချက်ချင်းအကြောင်းကြားမည်ဟူ၍လည်း ပြောပြထားခဲ့





သည်။ ကျွန်ုပ်သည် ဤကိစ္စနှင့်ပတ်သက်၍ အခြားဖြစ်နိုင်သည့် နည်းလမ်း အသွယ်သွယ်တို့ကိုလည်း စဉ်းစားမိသေးသည်။ သို့သော် ဤနည်းလမ်းများ အကယ်လုပ်၍ ဖြစ်မဖြစ်ကိုမူ ထိုနေရာ ထိုဒေသရောက်မှသာလျှင် ကံသေသေ ပြောနိုင်မည်ဖြစ်သည်။

ကျွန်ုပ်သည် ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ စစ်ဆင်ရေးအဖွဲ့ဝင်များ ထဲမှ လူအချို့ကို တာဝန်ပေးလိုက်လျှင်လည်း ဖြစ်သည်။ သို့မဟုတ်လျှင်လည်း အာဂျင်တီးနားနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည့် နိုင်ငံများရှိ အစ္စရေးလူမျိုး များနှင့် ဂျူးလူမျိုးများထဲမှ ခေါ်ယူစေခိုင်းလျှင်လည်း ဖြစ်နိုင်သည်။ မည်သည့် အခြေအနေနှင့် မည်သည့်ဖြစ်ရပ်ပင်ဖြစ်စေ အင်ကာသည် အမျိုးမျိုးသော စီမံချက် များကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်သမျှ ပြင်ဆင်မှုများ ပြုလုပ် ရမည်ဖြစ်သည်။ ထိုမှတစ်ပါး သူသည် အခြေအနေအရ လိုအပ်လာမည့် ပစ္စည်း ကိရိယာ တန်ဆာပလာများကို ဗျူနိုအေးရီးမြို့သို့ အထူးလေယာဉ်ဖြင့် တင်ပို့ပေး ရန်လည်း ရှိနေသေးသည်။

၀

ကျွန်ုပ်သည် ပင်လယ်ရပ်ခြားသို့ ခရီးမသွားမီ အမြဲတစေ ပြုလုပ်ဆောင်ရွက်နေကျ အတိုင်း ဝန်ကြီးချုပ်၏ နှုတ်ဆက်ဆုတောင်းခြင်းကို ခံယူရန်အတွက် ဧပြီလ ၂၆ ရက်နေ့တွင် ဂျေရုဆလင်မြို့သို့ သွားရောက်ခဲ့သည်။ သူသည် ကျွန်ုပ်အား လက်ဆွဲနှုတ်ဆက်ကာ ဘယ်နေ့ ဘယ်ရက်လောက် ပြန်ရောက်မည်ကို မေးမြန်း ခဲ့ရာ ကျွန်ုပ်က တနင်္ဂနွေ သုံးလေးပတ်အတွင်း ပြန်ရောက်လိမ့်မည်ဟု မျှော်လင့် ကြောင်း ပြောပြခဲ့သည်။

ထိုမှတစ်ဆင့် ကျွန်ုပ်သည် ကျွန်ုပ်သမီးနှင့် ယခု ဟီဘရူးတက္ကသိုလ်တွင် ပညာသင်နေဆဲဖြစ်သော သူမ၏ ခင်ပွန်းတို့ထံ သွားရောက်တွေ့ဆုံ နှုတ်ဆက် ခဲ့သည်။ ကျွန်ုပ်သည် သူတို့အား ကျွန်ုပ်သွားမည့် နေရာဒေသကို မပြောပြဘဲ ထားခဲ့သည်။ သူတို့နှစ်ယောက်ကလည်း ယခင် ယခင်က ကျွန်ုပ်ခရီးသွားစဉ်က ကဲ့သို့ပင် ကျွန်ုပ် ယခုသွားမည့် အရပ်ဒေသကိုလည်း တစ်စုံတစ်ရာ ထူးခြား သည့် စိတ်ပါဝင်စားဟန်မပြဘဲ ရှိနေခဲ့ကြသည်။

ကျွန်ုပ် နောက်ထပ်ဆက်လက်သွားရမည့် နေရာမှာ ရဲချုပ်ကြီး ယူဒွတ် နာမိယာနှင့် တွေ့ဆုံရန်ပင်ဖြစ်သည်။ စစ်ဆင်ရေးနှင့်ပတ်သက်၍ သူ့အား ပြော



www.burmeseclassic.com

www.burmeseclassic.com



ရန် အချိန်တန်ပြီဟု သတ်မှတ်ကာ ကျွန်ုပ်တို့၏ လုပ်ကိုင်ဆောင်ရွက်နေပုံများကို အပြည့်အစုံ ပြောပြခဲ့သည်။ နောက်ဆုံး ကျွန်ုပ်တို့သည် အကယ်၍သာ အိုက်ခ်မန်းအား ဖမ်းဆီးရမိ၍ အစ္စရေးနိုင်ငံသို့ ခေါ်ဆောင်လာသည်နှင့် တစ်ပြိုင်နက် အိုက်ခ်မန်းအား ဖမ်းဆီးချုပ်နှောင်ရန်နှင့် စစ်ဆေးမေးမြန်းရန်အတွက် ဤလူကြီးကို မုချ တာဝန်ပေးနိုင်သည်ဟု ကျွန်ုပ်စိတ်ထဲတွင် တထစ်ချ ယုံကြည်လိုက်မိသည်။ ကျွန်ုပ်သည် သူ့အား သူ့အိမ်ရှေ့ လမ်းပေါ်မှာပင် တွေ့လိုက်ရသည်။ ကျွန်ုပ်မှာ ပျာယီးပျာယာဖြစ်နေသလို သူ့မှာလည်း အပြင်သွားစရာ ရှိနေဟန်တူသည်။

"ဘယ်လိုဖြစ်လာတာလဲ" သူက ကျွန်ုပ်အား ပြုံး၍ ဆီးကြိုမေးလိုက်သည်။

"ခင်ဗျားကို နှုတ်ဆက်မလို့ လာတာပါ" ကျွန်ုပ်က ပြန်ပြောလိုက်သည်။

"ကျွန်တော် ခရီးရှည်သွားစရာရှိနေတယ်"

"ဒီတစ်ခါ ဘယ်သွားမှာတုံး"

"အဒေါ့ဖ်အိုက်ခ်မန်းကို သွားဖမ်းမလို့"

"တကယ်လား" သူက အပြုံးမပျက် ပြောလိုက်သည်။ သို့သော် သူ့အပြုံးမှာ တစ်စက္ကန့်အတွင်း ပျောက်ကွယ်သွားခဲ့ပြီး သူ့မျက်နှာပေါ်တွင် လေးနက်မှုအရိပ်အယောင်များ သန်းလာသည်။ "ခင်ဗျား သူ့ကို ဖမ်းလို့ရမယ်လို့ တကယ်ယုံကြည်သလား"

ကျွန်ုပ်က ခေါင်းညိတ်လိုက်သည်။ "ဒါကတော့ဗျာ ဘယ်ကိစ္စဖြစ်ဖြစ် သေချာပေါက် တထစ်ချတော့ ဘယ်ပြောနိုင်ပါ့မလဲ"

သည့်နောက် ရဲချုပ်ကြီးသည် ကျွန်ုပ်အား နှုတ်ဆက်၍ ဆုမွန်ကောင်းများ တောင်းလိုက်သည်။ ကျွန်ုပ်သည် သူ့အား ဤကိစ္စကို လျှို့ဝှက်ထားဖို့ပြောကြားရန်မလိုဟု နားလည်ထားသည်။ သူသည် ဤစစ်ဆင်ရေးနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေ အရပ်ရပ်ကို ဖော်ပြသည့် အစီရင်ခံစာတစ်စောင် သူ့ထံသို့ ရောက်မချင်း ဤကိစ္စကို တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟပြောကြားမည်မဟုတ်ဟု ကျွန်ုပ် လုံးဝယုံကြည်ပြီးဖြစ်သည်။

□



ဤအတောအတွင်း ပြဿနာတစ်ခု ပေါ်လာခဲ့သည်။

ကျွန်ုပ်သည် နိုင်ငံခြားမှ အလွန်အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးအား အိမ်ရှင်အဖြစ် ဧည့်ခံရသည့် အလုပ်များဖြင့် မအားအောင်ဖြစ်နေခဲ့သည်။ လောလောဆယ် ကျွန်ုပ်မှာ အချိန်လုနေရသော်လည်း လူမှုရေးတာဝန်များကို မလစ်ဟင်းရလေအောင် တစ်ဖက်မှ ကြိုးစားနေရပြန်သည်။ ကျွန်ုပ်အနေဖြင့် ယခုကဲ့သို့သော လောကဝတ်ကျေပွန်ဖို့ထက် ပို၍အရေးကြီးသည့် လုပ်ငန်းတာဝန်ကြီး ရှိနေပါသည်ဟူ၍လည်း ဖွင့်မပြောရဲဘဲ ဖြစ်နေသည်။ အကယ်၍ ကျွန်ုပ်သည် စစ်ဆင်ရေးကို လျစ်လျူရှုထားမည်ဆိုပါက စစ်ဆင်ရေးတွင် တစ်စုံတစ်ရာ ထိခိုက်မှုရှိကောင်း ရှိမည်ဖြစ်သည်။ သို့သော် နိုင်ငံရေးအနေဖြင့်ဆိုလျှင် အန္တရာယ်ဖြစ်နိုင်သည်။

အဘယ့်ကြောင့်ဆိုသော် ဤစစ်ဆင်ရေး အောင်မြင်စွာပြီးစီးခဲ့၍ အိုက်ခ်မန်းပျောက်ကွယ်သွားသည်ကို ကမ္ဘာက သိလိုက်ကြသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ဧည့်သည်တော်ကြီးသည် နှစ်နှင့် နှစ်ကို ပေါင်းသကဲ့သို့ ဤကိစ္စမှာ အစ္စရေးတို့လက်ချက်ဟူ၍ ချက်ချင်းသိသွားမည်ဖြစ်သည်။ ဤအချက်ကို သူက သက်သေပြရာ၌ အိုက်ခ်မန်းအား ဖမ်းဆီးခြင်းမပြုရသေးမီ အချိန်ကလေးတွင် အိမ်ရှင်ဖြစ်သူ ကျွန်ုပ်သည် အလွန် အလုပ်များနေခဲ့ရာ အသေးအဖွဲ့ကလေးမျှသာဖြစ်သော အိမ်ရှင်တို့ဝတ္တရားများပင် မကျေပွန်ဘဲ ပျက်ကွက်လစ်ဟင်းခဲ့ပါသည်ဟု၍ လက်ညှိုးထိုးပြတော့မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထိုအခြေအနေမျိုးသို့ ရောက်သည့်အခါ၌ အိုက်ခ်မန်းစစ်ဆင်ရေးနှင့် စပ်လျဉ်း၍ အစိုးရက မည်သို့သဘောထားထုတ်ပြန် ကြေညာမည်ကို ကျွန်ုပ်အနေဖြင့် မသိနိုင်သလို အိုက်ခ်မန်းမိသားစုနှင့် အာဂျင်တီးနားအစိုးရတို့က မည်သို့တုံ့ပြန်လာကြမည်ကိုလည်း ကျွန်ုပ် မပြောနိုင်အောင် ရှိနေခဲ့သည်။ ဤနေရာ၌ ကျွန်ုပ်စိတ်ထဲတွင် ဖြစ်နိုင်သည်ဟု ယူဆထားသော အချက်တစ်ချက် ရှိနေသည်။ ယင်းအချက်မှာ အစ္စရေးနိုင်ငံတွင် အိုက်ခ်မန်းရှိနေကြောင်း ကမ္ဘာက သိသွားကြသည့်အခါ၌ အိုက်ခ်မန်း၏ မိသားစုသည် အိုက်ခ်မန်းကို ပြန်တောင်းရန် အာဂျင်တီးနားအစိုးရအား အသနားခံလိမ့်မည် မဟုတ်ဟူသော အချက်ဖြစ်သည်။ ယင်းသို့ ဖြစ်လာနိုင်စရာရှိသည့် အခြေအနေ အချိန်အခါမျိုးတွင် ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အပေါ် သံသယရှိနေကြသည့်တိုင်အောင် ကျွန်ုပ်တို့အနေဖြင့် မည်သို့သော သက်သေအထောက်အထားမျိုးကိုမျှ ထုတ်ဖော်ပြသခြင်း မပြုသင့်ဟု ကျွန်ုပ် ယုံကြည်ယူဆထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ခရီးမထွက်မီ တစ်ညဖြစ်သော ဧပြီလ ၂၈ ရက်နေ့ ညတွင် ကျွန်ုပ်၏ ဧည့်သည်တော်ကြီးအား ကျွန်ုပ်၏အိမ်မှာပင် ဧည့်ခံခဲ့ရသည်။ ထိုညက အတော်ညဉ့်နက်သည်အထိ စကားစမြည်ပြောကြရင်း ကျွန်ုပ်၏ မိတ်ဆွေက တောင်အမေရိကတိုက်တွင် သူစိမ်းတစ်ယောက်အနေဖြင့် ဒေါ်လာတစ်ရာတန် တစ်ချပ်ကို လဲလှယ်မည်ဆိုပါက ထိုတစ်ရာတန် စက္ကူသည် အတု ဟုတ်မဟုတ် ခိုးလာသည့်ငွေ ဟုတ်မဟုတ် သိရှိနိုင်ရန်အတွက် ငွေလဲသူ၏ အမျိုးသားမှတ်ပုံ တင်နှင့် ထောက်ခံစာများကို သက်ဆိုင်ရာသို့ တင်ပြရကြောင်း အမှတ်မထင် ထည့်သွင်းပြောကြားသွားခဲ့သည်။ ကျွန်ုပ်သည် ဖြုန်းခနဲ သတိရလိုက်သဖြင့် ထိုင်ရာမှ ထကာ ကျွန်ုပ်၏ ကားမောင်းသမား ယာကီအား နက်ဖြန်မနက် ကျွန်ုပ်ခရီးထွက်ရာ၌ မည်သည့်ငွေစက္ကူများ ထည့်ပေးလိုက်မည်ကို ဆိုင်ရာသို့ ချက်ချင်းသွားရောက် မေးမြန်းရန် လွှတ်လိုက်သည်။ ဤတွင် ကျွန်ုပ်အတွက် ခရီးသွားရာ၌ သုံးစွဲရန် ထည့်ပေးလိုက်မည့် ငွေများမှာ အားလုံး ဒေါ်လာ တစ်ရာတန် ငွေစက္ကူများချည်းဖြစ်နေကြောင်း သိခဲ့ရသည်။ သို့ဖြစ်ရာ ကျွန်ုပ်၏ ကားမောင်းသမား ယာကီမှာ ထိုညက အကြီးအကျယ် အလုပ်များသွားခဲ့ပြီး နောက်တစ်နေ့ မနက်တွင် ရာတန်စက္ကူများအစား ငါးဆယ်တန်၊ အစိတ်တန် ငွေစက္ကူများ အသင့်ဖြစ်အောင် အပြေးအလွှား စီစဉ်ခဲ့ရသည်။

ညစာစားပွဲမှာ သန်းခေါင်အချိန် ရောက်လုနီးမှ ပြီးဆုံးသွားခဲ့သည်။ ဧည့်သည်များ ပြန်သွားကြပြီးနောက် ကျန်ရစ်သူများသည် ကျွန်ုပ် ခရီးထွက်သွား သည့် နောက်ပိုင်းတွင် လုပ်ရကိုင်ရမည့် လုပ်ငန်းကိစ္စများအတွက် ကျွန်ုပ်နှင့် လာရောက်ဆွေးနွေးနေကြသေးသည်။ သို့ဖြင့် နောက်တစ်နေ့သို့ ကူးပြောင်းခဲ့ပြီး နံနက်အရုဏ်တက်ချိန်လောက်ကျမှ ကျွန်ုပ်မှာ သွားဖို့လာဖို့အတွက် ပြင်ရဆင်ရ တော့သည်။ ယခုသွားရမည့် ခရီးတွင် ကျွန်ုပ်သည် အသွင်တစ်မျိုးဖြင့် ရုပ်ဖျက် သွားရမည်ဖြစ်ရာ ဤကိစ္စအတွက် သွားဖို့လာဖို့ ပြင်ရ ဆင်ရသည်မှာ လွယ်လွယ် ကူကူမရှိဘဲ ဖြစ်နေခဲ့သည်။

အားလုံး ပြင်ဆင်ထုပ်ပိုးပြီးသွားသောအခါ မိုးစင်စင်လင်းနေပြီဖြစ်သည်။ ဤအတောအတွင်း ကျွန်ုပ်မှာ ညက ဧည့်ခံခဲ့ရသော ဧည့်သည်တော်ကြီးအား သွားရောက်ပို့ဆောင် နှုတ်ဆက်ရန် ရှိနေပြန်သေးသည်။ ကျွန်ုပ်သည် အဆိုပါ ဧည့်သည်တော်ကြီး၏လေယာဉ် အချိန်မီ မထွက်နိုင်ဘဲ ရှိနေမည်ကို အထူး စိုးရိမ်ပူပန်နေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူစီးနင်းလိုက်ပါသွားမည့် လေယာဉ် ထွက်ခွာသွားလျှင် သွားချင်း ကျွန်ုပ်မှာ အိမ်သို့ ကမန်းကတန်း





ပြန်ပြေးပြီး အထုပ်အပိုးများနှင့် စာရွက်စာတမ်းများကို ယူကာ ဥရောပသို့ ထွက်မည့် လေယာဉ်အမီ လေဆိပ်သို့ အပြေးအလွှားပြန်လာရမည် ဖြစ်သော ကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်၏ ဧည့်သည်တော်ကြီး၏ လေယာဉ် နည်းနည်းကလေး အထွက်နောက်ကျသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ အချိန်ဇယား တစ်ခုလုံး ကိုးရိုးကားရား ဖြစ်သွားဖွယ်ရာရှိနေသည်။ ကျွန်ုပ်သည် ဧည့်သည် တော်ကြီးအား ကျွန်ုပ်မှာ အရေးကြီးသည့် အလုပ်တာဝန်တစ်ခု ရှိနေပါသဖြင့် လေယာဉ်ထွက်သည်အထိ စောင့်၍ နှုတ်မဆက်နိုင်သည်ကို ခွင့်ပြုပါရန် တောင်းပန်ပြီး ပြန်လှည့်လာရန်စိတ်ကူးမိသေးသည်။ သို့သော် ထိုသို့တောင်းပန်၍ ထွက်လာခဲ့ပြီးမှ ကျွန်ုပ်ကိုယ်တိုင် ခရီးသွားရန် နောက်တစ်ကြိမ် လေဆိပ်သို့ ရောက်လာသည့်အခါ သူနှင့်ပက်ပင်းပါ တွေ့နေရပြန်ပါက မည်သို့ မျက်နှာထား ရပါမည်နည်း။

သို့သော် ကံအားလျော်စွာ လေယာဉ်သည် အချိန်ကိုက် ထွက်ခွာသွား ခဲ့သည်။ သို့ဖြင့် ကျွန်ုပ်သည် အိမ်သို့ ကမန်းကတန်း ပြန်လာ၍ ပစ္စည်းများကို ကတိုက်ကရိုက် တင်ကာ ကျွန်ုပ်၏ချစ်ဇနီး လင်ဒါကိုလည်း ပျာယီးပျာယာ နှုတ်ဆက်ခဲ့ရသည်။ အမှန်စင်စစ် ကျွန်ုပ်ခရီးထွက်သည့်အခါတိုင်း ကျွန်ုပ်၏ ဇနီးအား ယခုလို ပျာယီးပျာယာ နှုတ်ဆက်ရသည်မှာ မဆန်းတော့ဘဲ ရိုးနေပြီ ဖြစ်သည်။ ယခုကဲ့သို့ ကျွန်ုပ်အနေဖြင့် မကြာခဏ အိမ်မှ 'ပျောက်'ကွယ်သွား တတ်သည်မှာလည်း သူမအဖို့ ရိုးနေပြီဖြစ်သည်။ ဘာကိစ္စနှင့် ဘယ်သွားသည်ကို ဘယ်တော့မှ မေးလေ့မရှိဘဲ ကျွန်ုပ် ပြန်ရောက်လာသည့်အခါတွင်မှ ဘာကိစ္စနှင့် ဘယ်သွားခဲ့သည်ကို သူမ သိရတတ်သည်။ ယခုတစ်ကြိမ်တွင်လည်း ကျွန်ုပ် သည် တနင်္ဂနွေ သုံးလေးပတ်ခန့် ကြာမည်ဖြစ်ကြောင်း ပြောပြခဲ့ရသည်။ သူမ သည် ကျွန်ုပ်၏ အမူအရာနှင့် အပြောအဆိုကိုကြည့်၍ ကျွန်ုပ်မှာ မည်မျှအရေးကြီး သည့် ကိစ္စရှိနေသည်ကို သိပြီးဖြစ်သည်။ သို့သော် ကျွန်ုပ်၏ ဤသို့သော အမူ အရာနှင့် အပြောအဆို များပင်လျှင် သူမအတွက် မဆန်းတော့ဘဲ ရိုးနေပြီဖြစ် သည်။

❐

ကျွန်ုပ်သည် ဥရောပတိုက်မှ ကြားလေဆိပ်တစ်ခုသို့ ညပိုင်းတွင် ဆိုက်ရောက် သွားခဲ့သည်။ ကျွန်ုပ် ထိုလေဆိပ်သို့ရောက်လာသည်ကို သိသူ နှစ်ဦးသာလျှင် ရှိသည်။ တစ်ဦးမှာ မြို့ထဲရှိ လေယာဉ်ရုံးသို့ ကျွန်ုပ်အား လာရောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့် အေမာဖြစ်၍ အခြားတစ်ဦးမှာ ဒန်နီ၏ အထက်အရာရှိအဖြစ် လောလောဆယ် တာဝန်ယူနေရသည့် အီဖရိမ်ပင် ဖြစ်သည်။ ကျွန်ုပ်သည် သူတို့နှစ်ဦးစလုံးနှင့် ပြဿနာဖြစ်ကာ အခြေအတင် ဆွေးနွေးခဲ့ရသည်။ ဖြစ်ရသည်မှာ အီဖရိမ်က ဒန်နီအား ကျွန်ုပ်နှင့် အတူခေါ်သွားမည်ကို အပြင်းအထန် ကန့်ကွက်ပြောဆိုခဲ့သည်။ အထူးသဖြင့် လောလောဆယ် သူတို့တာဝန်ယူ ဆောင်ရွက်နေရသည့် ထောက်လှမ်းရေးကိစ္စများ ရှိနေသော ဒန်နီအား ကျွန်ုပ်နှင့်အတူ ခေါ်သွားရန် မသင့်ဟု သူတို့က ဆိုသည်။ ကျွန်ုပ်ကလည်း သူတို့ပြောသည်ကို သဘောပေါက် နားလည်ကြောင်းနှင့် ယခုကိစ္စတွင် ဒန်နီကိုခေါ်သွားရန် အားလုံးစီစဉ်ပြီး ဖြစ်နေခဲ့ရာ အကယ်၍ လိုအပ်ပါက လောလောဆယ် ဒန်နီ၏နေရာတွင် အခြားတစ်ယောက်ကို အစ္စရေးမှ ခေါ်ယူ၍ အစားထိုးပေးပါမည်ဟူ၍ ပြောပြခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် အီဖရိမ်၏အခန်းတွင် အိမ်ရာမဝင်မီ အေမာအား မူလစီစဉ်ထားသည့် အစီအစဉ်များကိုဖျက်ကာ အဘယ်ကြောင့် လှုပ်ရှားတပ်ဖွဲ့တွင် သူ့ကိုမထည့်ဘဲ ချန်ထားခဲ့ရကြောင်းများကို ရှင်းပြခဲ့ရပြန်သည်။ အမှန်စင်စစ် ဤလှုပ်ရှားတပ်ဖွဲ့တွင် ပါဝင်ကြသူများနှင့် ပတ်သက်၍ သူတို့ယခုပြောင်းလဲထားသည့် အမည်များ၊ သူတို့သွားလာကြမည့် လေယာဉ်ခရီးစဉ်များ၊ သူတို့၏ အထောက်အထား စာရွက်စာတမ်းများ စသည်တို့ကို အားလုံးတစ်ခုမကျန် သိရှိသူမှာ အေမာ တစ်ဦးတည်းသာလျှင်ဖြစ်သည်။ သို့ဖြစ်ရာ အေမာသည် မလွဲမသွေ ဥရောပတိုက်တွင် ကျန်နေရစ်ရမည်ဖြစ်သည်။ အကယ်၍ မတော်တဆ ကျွန်ုပ်တို့၏စစ်ဆင်ရေး မအောင်မြင်ဘဲ ပျက်ပြားကာ 'ပစ်ကွင်း' နေရာမှ တကွဲတပြား ကစဉ့်ကလျား ဖြစ်လာခဲ့ကြပါက အေမာသည် ၎င်းတို့၏ မူလအနေအထားအတိုင်း မူလအမည်ရင်းများ၊ မူလစာရွက်စာတမ်းများဖြင့် အစ္စရေးနိုင်ငံ သို့မဟုတ် အခြားနိုင်ငံများမှ မူလစခန်းသို့ရောက်အောင် ပြန်လည်ပို့ဆောင်ပေးရမည်ဖြစ်သည်။

သို့ဖြင့် နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် အိမ်နီးနားချင်းနိုင်ငံသို့ ခရီးဆက်လာခဲ့ပြီး ထိုနိုင်ငံမှတစ်ဆင့် အာဂျင်တီးနားသို့ မူလစီစဉ်ထားသည့်အတိုင်း လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့သည်။ ကျွန်ုပ်သည် ထိုအချိန် [illegible] လေယာဉ်ပေါ်ရောက်မှသာလျှင် ကျွန်ုပ်အသုံးပြုရမည့် မှတ်ပုံတင်ကတ်ပြားများ၊ စာရွက်စာတမ်းများနှင့် ထောက်ခံစာများကို အသေးစိတ် ကြည့်နိုင်ခဲ့ပြီး





လောလောဆယ် ပြောင်းလဲရပ်ဖျက်ထားသည့် ကျွန်ုပ်နှင့် ပတ်သက်သမျှ အချက်အလက် အကြောင်းအရာများကို တစ်ခုမကျန် မှတ်မိအောင် ကြိုးစားရတော့သည်။

ခရီးရှည်ပျံသန်းလာခဲ့သော လေယာဉ်ကြီးသည် လမ်းခုလတ် လေဆိပ်တစ်ခုတွင် ခေတ္တရပ်နားနေခိုက် ရုတ်တရက် ကျွန်ုပ်၏အမည်ကို ခေါ်လိုက်သောအသံသည် အသံချဲ့စက်မှတစ်ဆင့် ခန်းမဆောင်ကြီးအတွင်း ပဲ့တင်ရိုက်ခတ်၍ ပေါ်ထွက်လာသည်။ ထိုအမည်မှာ ယခု ကျွန်ုပ်ပြောင်းလဲထားသည့် အမည်ဖြစ်ရာ ပထမတွင် ကျွန်ုပ်စိတ်ထဲ၌ နာမည်များ၍ ခေါ်နေသည်ဟု ထင်လိုက်မိသည်။ သို့သော် အသံချဲ့စက်မှ နောက်တစ်ကြိမ်ထပ်ကာ 'ဦး... ဘယ်သူ... ဘယ်ဝါ' ဟူ၍ နိုင်ငံကူးလက်မှတ်ထဲမှ ကျွန်ုပ်၏အမည်ကို အော်ကာ စုံစမ်းရေးဌာနသို့ အမြန်ဆုံး လာရောက်ပါရန် ဆက်လက်၍ ကြေညာသွားသည်ကို ကြားလိုက်ရပြန်သည်။ ကျွန်ုပ်သည် ပို၍သေချာသည်ထက် သေချာအောင် အခန်းထောင့်တစ်နေရာသို့ မသိမသာ ထသွားပြီး ကျွန်ုပ်၏ နိုင်ငံကူးလက်မှတ်ကို ထုတ်ကြည့်လိုက်သည်။ မှန်သည်။ သည်နာမည်ပင်ဖြစ်သည်။

ကျွန်ုပ်မှာ ရုတ်တရက် အစဉ်းစားရကျပ်ကာ ထိတ်လန့်တကြားပင်ဖြစ်သွားသည်။ အမှန်စင်စစ် ဗျူနိုအဲရစ္စမြို့သို့ မည်သည့်လေကြောင်းခရီးစဉ်ဖြင့် မည်သည့်လေယာဉ်စီး၍ ကျွန်ုပ် လိုက်ပါသွားသည်ကို သိရှိထားသူမှာ ကမ္ဘာပေါ်တွင် အေမာတစ်ယောက်တည်းသာရှိသည်။ ထို့ပြင် အကယ်၍ အေမာသည် ကျွန်ုပ်အား အရေးကြီးသည့် သတင်းတစ်ခုခု ပေးပို့ရန်ရှိပါလျှင်လည်း ယခုကဲ့သို့ လူသိရှင်ကြား အသံချဲ့စက်ဖြင့် နာမည်ကို အော်ခေါ်ရလောက်အောင် မိုက်မဲလိမ့်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ဤကိစ္စတွင် တစ်ခုခုဖြစ်နိုင်စရာရှိသည်။ ကျွန်ုပ်တို့၏ လျှို့ဝှက်စစ်ဆင်ရေးကြီးကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်စရာ မလိုတော့သည့် အဖြစ်အပျက်တစ်ခုခု ပေါ်ပေါက်လာသောကြောင့်ပင် ဖြစ်မည်။

မည်သို့မျှ မတတ်နိုင်သည့်အဆုံး ကျွန်ုပ်သည် ရင်တထိတ်ထိတ် စိတ်တထင့်ထင့်ဖြင့် စုံစမ်းရေးဌာနဆီသို့ လျှောက်သွားခဲ့ရသည်။ စုံစမ်းရေးဌာနရှိရာသို့ ရောက်လုဆဲဆဲ ခြေတစ်လှမ်းမျှသာလိုတော့သည့် အချိန်မှာပင် လူတစ်ယောက်သည် ကျွန်ုပ်၏ နောက်မှနေ၍ ကျွန်ုပ်အား တိုးဝှေ့ဖယ်ရှားကာ ပါးစပ်မှလည်း စောစောက အသံချဲ့စက်ဖြင့် ကြေညာသွားသည့် အမည်ကို အော်ရင်း သူ့ကိုယ်သူ မိတ်ဆက်၍ စုံစမ်းရေးဌာန ဆိုင်းဘုတ်ရှေ့တွင် သွားရပ်လိုက်ပါသည်။ ကျွန်ုပ်သည် အတော်ကလေးကြာအောင် အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ နောက်ဆုံးတွင်မှ စောစောက အသံချဲ့စက်ဖြင့် ခေါ်ယူသည်မှာ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခြင်းမဟုတ်ဘဲ သူ့ကို ခေါ်ခြင်းဖြစ်ကြောင်း သံသယ ကင်းသွားခဲ့သည်။ ဤတွင်မှ ကျွန်ုပ်မှာ သက်ပြင်းချကာ စိတ်အေးသွားခဲ့ရသည်။ ဤဖြစ်ရပ်နှင့် စပ်လျဉ်း၍ အထူးဆန်းဆုံးဟု ဆိုရမည့်အချက်မှာ အမှတ်မထင် စိတ်ကူးထဲတွင် ပေါ်လာသည့်အတိုင်း အသုံးပြုလိုက်သော ကျွန်ုပ်၏ အမည်သည် တိုက်တိုက်ဆိုင်ဆိုင် အခြားလူတစ်ယောက်၏ အမည်နှင့်သွား၍ တူညီနေသည့် အချက်ပင်ဖြစ်သည်။ ထို့မျှမက ယင်းသို့ ကျွန်ုပ်နှင့် နာမည်ချင်းတူနေသည့် လူတစ်ယောက်သည် ဤနေ့ ဤရက်တွင် လေယာဉ်ပေါ်၌ အတူပါလာသည်မှာ ကံကြမ္မာ၏ ကျီစားမှုတစ်ခုဟူ၍ပင် ဆိုရမည်ဖြစ်သည်။

လေကြောင်းခရီးစဉ်မှာ ရှည်လျားကြာညောင်းလှသည်နှင့်အမျှ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသည်။ လမ်းခရီးတစ်လျှောက် လေဆိပ်အမြောက်အမြားတွင် ဝင်ရောက်ဆိုက်ကပ် ရပ်နားလာခဲ့ရာ စောင့်ဆိုင်းမှုများနှင့် ကြန့်ကြာမှုများမှာ မဆုံးနိုင်တော့ဟူ၍ပင် ထင်မှတ်ရသည်။ သို့သော် နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ အအိပ်ပျက်၊ အစားပျက်ခံ၍ နေ့မအား ညမအား နောက်ဆုံးအချိန်အထိ အလုပ်တာဝန်များ ပိလာခဲ့သော ကျွန်ုပ်အဖို့ရာ၌မူ ဤလေယာဉ်ခရီးသည် တကယ့်ဇိမ်ခံခရီးတစ်ခု ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် လေယာဉ်ပေါ်တွင် အချိန်ရှိသမျှ ဇိမ်ကျကျဖြင့် အိပ်၍သာ လိုက်လာခဲ့ပါသတည်း။

■

# ရှေ့ပြေးအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုများ

ဗျူနိုအဲရစ္စမြို့သို့ ရောက်ရှိနေကြသည့် ရှေ့ပြေးအဖွဲ့၏ ပထမဆုံး အရေးတကြီး ထား၍ လုပ်ဆောင်ရမည့် တာဝန်များမှာ လုံခြုံစိတ်ချရသည့် အိမ်များကို ရှာဖွေစုံစမ်းရန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား အာဂျင်တီးနားမှ ခေါ်ထုတ်သွားနိုင်မီအတွင်း သူ့ကို ချုပ်နှောင်ထားရန်အတွက် အဆောက်အအုံများ ရှိထားရမည်ဖြစ်သည်။ ထို့ပြင် လူပ်ရှားတပ်ဖွဲ့ဝင်များအတွက် ခြေရာဖျောက်ရန်သော်လည်းကောင်း၊ ပစ္စည်းကိရိယာ တန်ဆာပလာများ သိမ်းဆည်းထားရန်သော်လည်းကောင်း အစရှိသည်တို့အတွက် လုံခြုံစိတ်ချရသည့် နေရာများ ရှာဖွေထားကြရမည် ဖြစ်သည်။ ထိုသို့သော အဆောက်အအုံများနှင့် အိမ်များ ငှားရန်ကိစ္စကို နောက်ရှာအား တာဝန်ပေးထားသည်မှန်သော်လည်း ကျန်လှုပ်ရှားတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ဤကိစ္စကို အရေးတကြီး သဘောထားကာ ဝိုင်းဝန်းကူညီ ရှာဖွေစုံစမ်းကြရန် ဆုံးဖြတ်ထားကြသည်။ သူတို့တစ်တွေသည် 'ပစ်ကွင်း'နေရာသို့ ခွန်းလွဲပိုင်းနှင့် ညနေဘက်တွင် သွားရောက်၍ လေ့လာစုံစမ်း ထောက်လှမ်းကြရသည်ဖြစ်ရာ နံနက်ပိုင်း အားလပ်နေသည့် အချိန်များတွင် ယင်းသို့ စိတ်ချလုံခြုံသည့် နေအိမ်အဆောက်အအုံများ ရှာဖွေရေးကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

သူတို့သည် အိမ်ငှား၊ မြေငှား ကိုယ်စားလှယ် ပွဲစားများထံ သွားရောက်ကာ ဗျူနိုအဲရစ္စမြို့နှင့် စန်ဖာနန်ဒိုရပ်ကွက်အကြားမှ အိမ်များနှင့် အဆောက်အအုံများ စာရင်းကို တောင်းယူကြည့်ရှုခဲ့ကြသည်။ ထို့ပြင် နေ့စဉ်ထုတ် သတင်း



www.burmeseclassic.com

www.burmeseclassic.com



များမှ ကြော်ငြာများကိုလည်း မပြတ်စောင့်၍ ကြည့်ခဲ့ကြသည်။ အထူးသဖြင့် ဂျာမန်သတင်းစာများနှင့် အင်္ဂလိပ်သတင်းစာများကို အထူးဂရုစိုက်၍ နိုင်ငံခြားသား ခရီးသည်များထံမှ အိမ်လွတ်‘ကောင်းကောင်းရနိုင်သည်’ဟူသော အသိဖြင့် ထည့်သွင်းဖော်ပြကြသည့် ကြော်ငြာများကို စောင့်ကြည့်ခဲ့ကြသည်။

ဤကိစ္စနှင့်ပတ်သက်၍ တာဝန်ယူထားသော နက်ရှာသည်လည်း ဗျူနိုအဲရစ္စမြို့သို့ ရောက်ပြီး နောက်တစ်နေ့ ဧပြီလ ၂၇ ရက်နေ့မှာပင် သူ့လုပ်ငန်းကို စတင်ခဲ့သည်။ လုံခြုံစိတ်ချရသည့် နေအိမ်များနှင့် အဆောက်အအုံများ ရရှိရန် တစ်နေကုန် လိုက်လံရှာဖွေခဲ့သည်။ ပထမတွင် သူသည် အငှားကားများကို စီး၍ တစ်နေရာမှ တစ်နေရာ လှည့်လည်သွားလာ စုံစမ်းခဲ့ရာ နောက်ဆုံး၌ အငှားကားများဖြင့် သွားလာရသည်မှာ အချိန်ကုန်လွန်းလှသဖြင့် ကားတစ်စီးကို တစ်နေကုန် စီးလုံးငှားသည့်စနစ်ဖြင့် ငှား၍ အသုံးပြုခဲ့သည်။

ဧပြီလ ၂၇ ရက်နေ့။ ထိုနေ့မှာပင် အီဟတ်၊ ကဲနက်နှင့် တာလ်မီတို့သည် ဗျူနိုအဲရစ္စမြို့မှ ၆၅ မိုင်ကွာဝေးသည့် နေရာတစ်နေရာမှ အိမ်တစ်လုံးကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ အိမ်ငှားပွဲစား၏ ပြောပြသည့် အနေအထားအရ ဆိုလျှင် ထိုအိမ်သည် အိုက်ခ်မန်းအား လက်ရဖမ်းပြီးနောက် ချုပ်နှောင်ထားရန် အတွက် အလွန်သင့်လျော်သည့် အဆောက်အအုံတစ်ခုဟု ယူဆရသည်။ သို့သော် ထိုနေရာသို့ ရောက်သွားခဲ့ကြပြီး ထိုအိမ်ကို တွေ့ကြရသောအခါ အထင်နှင့် အမြင် ကွာနေသည်ကို တွေ့ကြရသည်။

ထိုနည်းတူစွာ နက်ရှာသည်လည်း ထိုနေ့က အဆင်မပြေဘဲ ဖြစ်ခဲ့ရသည်။ မိမိတို့ ကြံစည်ထားသည့် အလုပ်ကိစ္စနှင့် အံဝင်ခွင်ကျဖြစ်မည်ဟု ယူဆရသော အိမ်တစ်အိမ်ကို တွေ့ပြန်ပါသော်လည်း စုံစမ်းကြည့်လိုက်သောအခါ အိမ်ရှင်က ထိုအိမ်ကို မငှားဘဲ အပြီးအပိုင်သာ ရောင်းချလိုကြောင်းနှင့် ရောင်းမည့်ဈေးကိုလည်း မတန်တဆ ပြောလွှတ်လိုက်သည်နှင့်သာ ကြုံခဲ့ရသည်။ များသောအားဖြင့် ငှားရမ်းမည့် အိမ်များမှာ မိမိတို့စိတ်ကြိုက် မတွေ့ဘဲဖြစ်နေသည်။ ထို့ပြင်တစ်ပါး အချို့သော အိမ်များမှာ အိမ်ကို သီးသန့်မငှားဘဲ အစေခံတစ်ယောက်ယောက် သို့မဟုတ် အိမ်စောင့်တစ်ယောက်ယောက် အပိုပါလာ၍ အိမ်ငှားလျှင် သူတို့ကိုပါ ငှားရမည့်သဘောမျိုး ဖြစ်နေသည်။ ဤတွင် အဆိုပါ လူများ မပါဘဲ အိမ်ကိုသာငှားရမ်းရန် ပြောကြားသည့်အခါ လုံးဝ လက်မခံကြ၍ များသော အားဖြင့် အိမ်ရှင်များကမူ တစ်စုံတစ်ရာ မှသကာဖွယ်ရာများပင် ဖြစ်ခဲ့ကြသည်ကို တွေ့ရသည်။





သို့ဖြင့် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာခဲ့၍ ရက်ကြာလာခဲ့ရာ မိမိတို့ အဖွဲ့ဝင်များသည် ယခင်က ဤမျှလောက် ခက်ခက်ခဲခဲ ရှိလိမ့်မည်ဟု မည်သူမျှ မထင်ခဲ့ကြသည့် ဤပြဿနာသည် စစ်ဆင်ရေးတစ်ခုလုံးတွင် အခက်ခဲဆုံး ပြဿနာတစ်ရပ်ဟူ၍ပင် ယူဆလာမိကြသည်။

၀

သို့ပင်ဖြစ်စေ နောက်ယောင်ခံ၍ စုံစမ်းထောက်လှမ်းသည့် အလုပ်မှာ အတော်လေး တိုးတက်ထူးခြားလာသည်ဟု ဆိုရမည်ဖြစ်သည်။ ဧပြီလ ၂၇ ရက်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကဲနက်နှင့် အီဟတ်တို့သည် ‘ပစ်မှတ်’နေရာသို့ သွားရောက်၍ ထိုအနီးအနားမှ ကလီမင့်၏ အိမ်ပတ်ဝန်းကျင်တစ်ဝိုက်ကို တစ်စုံ တစ်ရာ သေးလူများ မရိပ်မိစေဘဲ စောင့်ကြည့်နိုင်မည့်အချက်များ ‘ကင်းပုန်းစခန်း’များကို လေ့လာကြည့်ရှုခဲ့ကြသည်။ သူတို့သည် အိမ်နီးနားချင်းများ မရိပ်မိစေရန် သူတို့စီးလာသည့် ကားကို ကလီမင့်၏ နေအိမ်နှင့် အတော်ကလေး ဝေးဝေးတွင် ရပ်ထားခဲ့ကြပြီး ခြေကျင်လျှောက်လာခဲ့ကြသည်။ ယင်းသို့ ‘ကင်းပုန်းစခန်း’အဖြစ် အသုံးပြုရန်အတွက် ထိုအနီးအနားတွင် မီးရထားခုံးကြီးသည် အကောင်းဆုံးဖြစ်သည်ဟု ထင်မိကြသည်။ မီးရထားခုံးမှာ ကလီမင့်အိမ်နှင့် ၇၅ ကိုက်မျှ ကွာဝေး၍ အခြားပတ်ဝန်းကျင်ထက် ၁၅ ပေခန့် မြင့်နေပြီး မီးရထားသံလမ်းသည် လမ်းမကြီးကို ခုံးတံတားပေါ်မှ ဖြတ်ကျော်သွားသည်ကို တွေ့ရသည်။ မီးရထားသံလမ်းနှင့် ယှဉ်လျက်သား ချောင်းကလေးတစ်ခုရှိရာ ထိုချောင်းကလေးသည် မီးရထားသံလမ်းနှင့် ကလီမင့်အိမ်ကို စည်းခြားထားသကဲ့သို့ ရှိနေသည်။ လမ်းမကြီးသည် အဆိုပါ ချောင်းကလေးပေါ်သို့ တံတားတစ်ခုဖြင့် ဖြတ်ကျော်သွားသည်။ မီးရထားခုံးပေါ်တွင် သံလမ်းနှစ်ခုရှိ၍ ရထားအသွားအလာများသည့် အချိန်မျိုး၌ ဟိုဘက်သံလမ်းရော၊ သည်ဘက်သံလမ်းပါ နှစ်မိနစ် သုံးမိနစ်လျှင် တစ်ကြိမ်ကျ မီးရထားများ အဆက်မပြတ် ခုတ်မောင်းလျက်ရှိကြသည်။

သူတို့သည် မီးရထားခုံးပေါ်မှနေ၍ လမ်းမကြီးဘက်ဆီ မှန်ပြောင်းဖြင့် ချိန်၍ စောင့်ကြည့်ခဲ့ကြသည်။ အထူးသဖြင့် ကလီမင့်သည် အိမ်သို့ နေ့စဉ် အချိန်မှန်မှန် ပြန်လေ့ ရှိ မရှိ၊ ထိုသို့ ပြန်ရာတွင်လည်း တစ်ယောက်တည်း ပြန်သလား မပြန်၊ အခြားအဖော်တစ်ယောက် ပါမပါ အတိအကျ သိနိုင်ရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် သူတို့သည် အမှတ် ၂၀၂ လမ်းမကြီးပေါ်မှ ကလီမင့်အိမ်နှင့် ဈေးဆိုင် ကလေးအကြား၌ ကလီမင့် ခြေကျင်လျှောက်သွားသည့် အချိန်တွင် လူအသွား အလာနှင့် ယာဉ်အသွားအလာ များမများကိုလည်း စောင့်၍ အကဲခတ်ကြည့် ကြသည်။

ထိုနေ့က ညနေစောင်း ၇ နာရီ မိနစ် ၄၀ အချိန်တွင် ကလီမင့်သည် ဓန်ဟာနန်ဒိုရပ်ကွက်မှ ထွက်လာသော ဘတ်စ်ကားအမှတ် ၂၀၃ ပေါ်မှ ဆင်း ဘန်ကာလာရီ ဘူတာရုံဘက်ဆီသို့ လျှောက်သွားသည်ကို သူတို့ မြင်လိုက် ရသည်။ သူသည် သူ့အိမ်နှင့် ကိုက် ၂၀၀ ခန့်အကွာ ဈေးဆိုင်ကလေးရှေ့တွင် ဆင်းလာခြင်းဖြစ်၍ ထိုနေရာမှ အမှတ် ၂၀၂ လမ်းမကြီးအတိုင်း ခြေကျင်လျှော သွားခြင်းဖြစ်ရာ ထိုလမ်းမကြီးမှာ သူ့အိမ်နှင့် တစ်လမ်းတည်းဖြစ်သည်။ သူ လက်ထဲတွင် လက်နှိပ်ဓာတ်မီးတစ်လက် ကိုင်လာခဲ့၍ ထိုလက်နှိပ်ဓာတ်မီး ရှေ့သို့ ဖြာထွက်လာသော အဖြူရောင်မီးတန်းနှင့် နောက်ဘက်မှ အနီရောင်မီး မြင်ရသည်။ သူတို့ သတိထားမိသလောက် ကလီမင့်သည် သူ့အနီးမှ ကား တစ်စီးဖြတ်၍ မောင်းသွားသည့်အခါတိုင်း လက်နှိပ်ဓာတ်မီးကို ထိုး၍ အသုံး သည်ကို တွေ့ရသည်။ သူသည် ဂါရီဘာလ်ဒီလမ်းဆုံသို့ရောက်သော လမ်းမကြီး ချိုးဝင်လိုက်သည်။ သူသည် သူ့အိမ်သို့ ရောက်သွားသောအခါ အိမ်ထဲသို့ ချက်ချင်းတန်းမဝင်သေးဘဲ အိမ်ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီးနောက်မှ အိမ်တံခါး ကိုဖွင့်၍ အထဲသို့ ဝင်သွားသည်ကို တွေ့ရသည်။

အိမ်ပတ်ဝန်းကျင်ကို တစ်ပတ်လှည့်ကြည့်ခြင်းမှာ အကယ်၍များ မထော တဆ တစ်စုံတစ်ယောက် အိမ်ဝင်းထဲမှပုန်း၍ မိမိအား ချောင်းနေမည်စိုးသော ကြောင့် ဖြစ်သည်ဟု ကဲနက်တို့စိတ်ထဲက ထင်မှတ်လိုက်ကြသည်။ သို့သော် နောက်ပိုင်းတွင် အားလုံးအဖြစ်မှန်များ ပေါ်လာသည့်အခါ သူတို့ထင်သလို မဟုတ်ဘဲ ကလီမင့်သည် အိမ်ဝင်းထဲမှ သစ်ပင် ပန်းပင်များကို လှည့်ပတ် ကြည့်ရှုခြင်းဖြစ်သည်ဟု သိရသည်။

မည်သို့ဖြစ်စေ ယခုကဲ့သို့ စောင့်ကြည့်လေ့လာရာမှ အတိအကျ ရရှိလာ သော အချက်မှာ ကလီမင့်သည် နေ့စဉ်အချိန်မှန်မှန် အိမ်ပြန်ရာ၌ အမှတ် ၂၀၂ လမ်းမကြီးပေါ်ရှိ ဈေးဆိုင်ကလေးမှ သူ့အိမ်ရှိရာသို့ ထိုအချိန်တွင် ထိုလမ်း အတိုင်း ပုံမှန်လမ်းလျှောက်၍ ပြန်လေ့ရှိသည်ဟူသော အချက်ပင်ဖြစ်သည်။

□



ဗျူနိုအဲရစ္စမြို့ကဲ့သို့ ကျယ်ဝန်းလှသည့် မြို့ကြီးတစ်မြို့တွင် စစ်ဆင်ရေးလှုပ်ရှားမှု များကို ထိထိရောက်ရောက် လုပ်ကိုင်ရန်မှာ မိမိတို့အဖွဲ့ဝင်များအတွက် ယခု ထက်ပို၍ အလွယ်တကူ အလျင်အမြန် သွားလာနိုင်သည့် မော်တော်ကားများ အသီးသီး ရှိမှဖြစ်မည်ကို သူတို့ တဖြည်းဖြည်း သဘောပေါက်လာခဲ့ကြသည်။ သို့ဖြစ်ရာ ဧပြီလ ၂၈ ရက်နေ့တွင် အီဟတ်၊ အက်ရှက်နှင့် နက်ရှာတို့သည် သူတို့အတွက် မော်တော်ကားများငှားရန် ထွက်လာခဲ့ကြသည်။ ၎င်းတို့အနက် နက်ရှာငှားမည့် ကားမှာ အခြားကားများထက် ပို၍ကောင်းမှဖြစ်မည်။ အဘယ် ကြောင့်ဆိုသော် သူသည် အိမ်ငှားရမည့်သူဖြစ်၍ မြို့လုံးပတ်လည် ပြေးရန်လွှားရန် ရှိနေသောကြောင့်ဖြစ်သည်။

အီဟတ်၊ ကဲနက်နှင့် အက်ရှက်တို့သည် အလုံ ကားတစ်စီးကို ငှားရမ်း ကြပြီး ဗျူနိုအဲရစ္စသဘော်ဆိပ်သို့ လေ့လာထောက်လှမ်းရန် ထွက်လာခဲ့ကြ သည်။ သူတို့သည် အိုက်ခ်မန်းအား အာဂျင်တီးနားမှ လေယာဉ်ဖြင့် ခေါ်ဆောင် သွားရန် စီစဉ်ထားကြောင်း သိပြီးဖြစ်ကြသည်။ သို့သော် ကျွန်ုပ်သည် သူတို့အား လေယာဉ်ဖြင့်ခေါ်သွားမည့် အစီအစဉ် တစ်ခုတည်းကိုသာ လုံးဝ အားကိုး အတ်မှတ်မထားဘဲ သင်္ဘောဆိပ်မှနေ၍ အသင့်စောင့်ဆိုင်းနေမည့် ပင်လယ်ကူး သင်္ဘောတစ်စင်းပေါ်သို့ တင်ဆောင်၍ ခေါ်ထုတ်လာလျှင် ဖြစ်နိုင်စရာရှိသည် ကိုလည်း သတိပေး ပြောပြထားခဲ့သည်။ သို့ဖြင့် သူတို့သည် ထိုနေ့က အပေါ်ယံ ရှမ်းထောက်လှမ်းမှု တစ်ခုတည်းဖြင့်သာ ကျေနပ်ခဲ့ကြရသည်။ ယင်းစုံစမ်း ထောက်လှမ်းမှုအရ သူတို့သိရှိခဲ့ရသည့်အချက်မှာ အကယ်၍သာ အိုက်ခ်မန်းအား ပင်လယ်ရေကြောင်းခရီးဖြင့် ခေါ်ဆောင်မည်ဆိုပါက မြောက်မြားလှစွာသော အစစ်အဆေး အမေးအမြန်းများဖြင့် ကြုံတွေ့ရမည်ဟူသော အချက်ပင် ဖြစ်သည်။

ညနေဘက်တွင် သူတို့သုံးယောက်သည် ‘ပစ်မှတ်’နေရာသို့ ရောက်လာ ကြသည်။ အီဟတ်နှင့် ကဲနက်တို့သည် မီးရထားခုံးပေါ်ရှိ နေရာကောင်း ယူ၍နေရာမှ အသီးသီး စောင့်ကြည့်နေကြပြီး ဆက်ရှက်ကမူ ဘန်ကာလာရီ ဘူတာရုံအနီး ကားပေါ်တွင် ထိုင်စောင့်နေခဲ့သည်။ အကယ်၍ ကားပေါ်တွင် သူမရှိဘဲ ကားကို သည်အတိုင်းထားခဲ့ပါက တစ်စုံတစ်ရာ သံသယဖြစ်နိုင်သည့် အပြင် အဆင်မသင့်လျှင် ကားတစ်စီးလုံး အခိုးခံရမည်ကိုပါ စိုးရိမ်ရသောကြောင့် ဖြစ်သည်။

အီဟတ်နှင့် ကဲနက်တို့အတွက် မီးရထားခုံးပေါ်မှ ထိုင်၍ စောင့်ကြည့် နေရသည့် အလုပ်မှာ မသက်သာလှပေ။ အဘယ်ကြောင့်ဆိုသော ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



မီးရထား အသွားအလာ များလှသည်ဖြစ်ရာ ရထားတစ်စီးဖြတ်၍ မောင်းသွားသည့်အခါတိုင်း နားထဲတွင် မခံမရပ်နိုင်အောင် ဖြစ်ခဲ့ရသည်။ မီးရထားများကလည်း ဤမြို့မသက်မသာဖြင့် အန္တရာယ်များလှပြီး မီးခိုးများဖြင့် လုံးထွေးနေသည့် နေရာသို့ ညနေဘက်တွင် လာရောက်အချိန်ဖြုန်းနေကြသည့် ထူးဆန်းသော လူနှစ်ယောက်အပေါ်သို့ သူတို့၏ ဒေါသများကို သွန်ချသည့်အလား အရှိန်ဖြင့် ဝေါခနဲ ဝေါခနဲ ဖြတ်ကျော်ခုတ်မောင်းသွားကြရာ အီဟတ်နှင့် ကနက်တို့မှာ ဆူညံလှသော မီးရထားစက်ခေါင်းသံများကြောင့် နားပင်းလုမတတ် ခံခဲ့ကြရသည်။ ထို့ပြင် ထိုအချိန်မှာ အမှောင်သန်းနေပြီဖြစ်ရာ မီးရထားခေါင်းတွဲ မီးလုံးကြီးမှ အလင်းရောင်မှာလည်း မျက်စိကျိန်းမတတ် စူးရှလှသည်။ အီဟတ်နှင့် ကနက်သို့မှာ အကယ်၍သာ မိမိတို့ နောက်တစ်ကြိမ် ဤနေရာသို့ ယခုလို လာရောက်ခဲ့ပါက ကလီမင့်တို့အိမ်သားများ အပါအဝင် အနီးအနားတစ်ဝိုက်မှ လူအများက မုချ မြင်တွေ့သိရှိသွားကြမည်ဟု တွေးမိကာ စိုးရိမ်စိတ်များဝင်ဝင်လာကြသည်။

၇ နာရီ မိနစ် ၄၀ မတိုင်မီကလေးတွင် ဘတ်စ်ကားအမှတ် ၂၀၃ ရောက်လာပြီး ဈေးဆိုင်ကလေးရှေ့တွင် ထိုးရပ်လိုက်သည်။ ကားပေါ်မှဆင်းလာသော ကလီမင့်အား မြင်လိုက်ရသော အီဟတ်နှင့် ကနက်တို့မှာ ယခုမှ သက်ပြင်းပြိုင်တူချလိုက်မိကြသည်။ ကလီမင့်သည် ကားပေါ်မှဆင်းပြီး ယခင်အတိုင်းပင် လက်ဝဲဘက်လမ်းမှနေ၍ လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် လမ်းလျှောက်သွားခဲ့သည်။ ထို့နောက် ယခင်နေ့များကကဲ့သို့ပင် သူသည် လမ်းမကြီးမှ ဂါရီဘာလ်ဒီလမ်းဘက်သို့ ချိုးကာ သူ့အိမ်သို့ ရောက်သွားသောအခါ ထုံးစံအတိုင်း အိမ်ကိုတစ်ပတ်ပတ်၍ လှည့်ကြည့်ပြီးမှ အိမ်ထဲသို့ ဝင်သွားသည်။ အီဟတ်နှင့် ကနက်တို့သည် တစ်ညနေလုံး မသက်မသာ စောင့်ကြည့်နေကြရသော မီးရထားရုံးပေါ်မှ ဆင်းကာ ထိုနေရာမှ ထွက်လာခဲ့ကြသည်။ ထို့နောက် ကြိုတင်သတ်မှတ်ထားသည့် နေရာတစ်နေရာတွင် အက်ရှက်နှင့် တွေ့ဆုံခဲ့ကြပြီး ပြန်လာခဲ့ကြသည်။

ယခုအတိုင်းဆိုလျှင် အိုက်ခ်မန်းသည် အလုပ်မှ နေ့စဉ် အိမ်သို့ အချိန်မှန်မှန် ပြန်လာလေ့ရှိသည်မှာ သေချာပြီဖြစ်သည်။ သို့သော် အိုက်ခ်မန်း၏ အလုပ်အကိုင်ကိုမူ ယခုအထိ မသိရသေးဘဲ ဖြစ်နေသည်။ သို့ဖြင့် သူတို့သည် အိုက်ခ်မန်း စီးလာနေကျ ဘတ်စ်ကားအမှတ် ၂၀၃ ကိုစီး၍ လိုက်ပါကြည့်ရှုခဲ့ကြရာ အဆိုပါကားသည် စန်ဖာနန်ဒိုဘူတာရုံဂိတ်မှ စတင်ထွက်ခွာလာသည်ကို





တွေ့ရသည်။ ဤတွင် ခန့်မှန်းတွက်ဆကြည့်ရသည်မှာ အိုက်ခ်မန်းသည် ဤဘူတာသို့ ရထားဖြင့် စီးနင်းလိုက်ပါလာခဲ့ပြီးနောက် ဤဘူတာမှတစ်ဆင့် ဘတ်စ်ကားပြောင်းစီးခြင်းဖြစ်မည်ဟု ယူဆရသည်။ သို့သော် အိုက်ခ်မန်းသည် ဤဘူတာရုံသို့ ဘယ်နေရာက ရထားစီးလာခဲ့ပါသနည်း။ ထိုနေရာကို နောက်တစ်နေ့တွင် လိုက်ရှာကြည့်ကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သော်လည်း ယနေ့အဖို့ရာ၌ ပင်ပန်းရကျိုးနပ်သည်ဟု ယူဆကာ သူတို့သည် ဗျူနိုအဲရစ်မြို့သို့ အားရကျေနပ်စွာဖြင့် ပြန်လာခဲ့ကြသည်။ တည်းခိုသည့်နေရာသို့ ပြန်ရောက်ကြသောအခါ နက်ရှာကလည်း ယနေ့ သူတွေ့ခဲ့ရသည့် အိမ်အချို့မှာ မိမိတို့အတွက် အသုံးပြုမည်ဆိုပါက ပြုနိုင်စရာရှိကြောင်း ပြောပြခဲ့ရာ ထိုအိမ်များကိုလည်း နောက်တစ်နေ့ မနက်ပိုင်းတွင် သွားရောက်ကြည့်ရှု လေ့လာရန် စီစဉ်လိုက်ကြသည်။

ဂ

နောက်တစ်နေ့နံနက်တွင် အီဟတ်နှင့် နက်ရှာတို့သည် မိမိတို့ အသုံးပြု၍ ဖြစ်နိုင်မည်ဟု ယူဆရသော စန်ဖာနန်ဒိုရပ်ကွက်အတွင်းရှိ အိမ်နှစ်အိမ်ကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ အိမ်အနေအထားအရ သုံးမည်ဆိုပါက သုံးနိုင်သည်ကို တွေ့ရသော်လည်း အိမ်ရှင်များက အိမ်လခကို မတန်တဆ တောင်းနေကြသည့်ပြင် ထိုအိမ်များကို အနည်းဆုံး တစ်နှစ်အထိ ငှားရမည်ဟု ပြောလာကြသဖြင့် အဆင်မပြေဘဲ ဖြစ်နေကြပြန်သည်။ အိမ်လခ လျှော့ရန်ပြောသော်လည်း မအောင်မြင်ဘဲ ဖြစ်နေခဲ့ရပြီး နောက်ဆုံး အိမ်လခ လျှော့နိုင်သည့်တိုင်အောင် အနည်းဆုံး တစ်နှစ် ငှားရမည်ဟူသော အချိန်ကာလ သတ်မှတ်ချက်ကို အသေကိုင်ထားသဖြင့် လက်လျှော့ပြန်လာခဲ့ကြရသည်။ သို့သော် ဖြစ်နိုင်လျှင် နောက်တစ်ကြိမ် ထပ်လာပြီး ဆွေးနွေးပါဦးမည်ဟူ၍ စကားအရှင်ထားခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် တခြားတစ်နေရာမှ အိမ်တစ်အိမ်ကို ငှားရန် သွားရောက်ကြိုးစားခဲ့ကြသော ကနက်နှင့် အီဟတ်တို့မှာလည်း အလုပ်မဖြစ်ဘဲ ပြန်လာခဲ့ကြရသည်။ သူတို့သည် အိမ်အတော်များများကို လိုက်လံကြည့်ရှုခဲ့ကြပြီးနောက် မိမိတို့နှင့် သင့်လျော်မည်ဟု ယူဆရသော အိမ်နှစ်လုံးကို တွေ့ခဲ့ကြသည်။ သို့သော် ထိုအိမ်များမှာ ငှားရန်မဟုတ်ဘဲ အပြီးအပိုင် ရောင်းမည့် အိမ်များ ဖြစ်နေကြသည်။ ဤတွင် ကနက်တို့က အိမ်ရှင်များအား ဤအိမ်



www.burmeseclassic.com

များကို ယခုကဲ့သို့ အချည်းနှီး အလွတ်ထားမည့်အစား မိမိတို့ကဲ့သို့ အာဂျင်တီးနားတွင် စီးပွားရေးလုပ်ကိုင်ရန် ရောက်ရှိလာကြသူများအား သုံးလေးလစာ ငှားမည်ဆိုပါက အိမ်ရှင်အတွက်ရော မိမိတို့အတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း တစ်ဖက်လှည့်ဖြင့် ဆွယ်တရားဟောသော်လည်း အိမ်ရှင်များက လုံးဝငှားရန် စိတ်မကူးကြောင်းနှင့် ဝယ်မည်ဆိုလျှင်သာ သင့်တော်သည့်ဈေးဖြင့် ရောင်းမည်ဖြစ်ကြောင်း အပြတ်ပြောလိုက်ကြသည်။

ကဲနက်၊ အီဟတ်နှင့် အက်ရက်တို့သည် ညနေ ၄ နာရီထိုးသွားသောအခါ အိမ်ငှားရန်ကိစ္စကို ဘေးချိတ်ထားခဲ့ကြပြီး သူတို့တာဝန်ကျရာ လုပ်ဆောင်ရန်အတွက် 'ပစ်မှတ်'နေရာသို့ ထွက်လာခဲ့ကြသည်။ ယခုတစ်ကြိမ်တွင်မူ သူတို့သည် အိုက်ခ်မန်းအနေဖြင့် ၂၀၃ ဘတ်စ်ကားပေါ်သို့ စီနင်းလိုက်ပါမလာမီ မည်သည့်အလုပ်လုပ်၍ မည်သည့်နေရာမှ မည်သို့လာခဲ့သည်ကို စုံစမ်းထောက်လှမ်းရန်ပင် ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် ကဲနက်အား ဘတ်စ်ကားမှတ်တိုင်နှင့် ကပ်နေသော စန်ဖာနန်ဒိုဘူတာရုံတွင် ထားခဲ့ကြပြီး မနေ့က သူတို့စောင့်ကြည့်နေခဲ့သည့် နေရာများဆီသို့ ဆက်လာခဲ့သည်။ ၇ နာရီ မိနစ် ၃၀ သာသာလောက်တွင် ကဲနက်သည် အမှတ် ၂၀၃ ဘတ်စ်ကားပေါ်၌ အိုက်ခ်မန်းနှင့် ခပ်ဆင်ဆင်တူသည့် လူတစ်ယောက် ထိုင်နေသည်ကို လှမ်းမြင်လိုက်ရသည်။ ထိုလူသည် ကလီမင့် ဟုတ်မဟုတ် ကဲနက်စိတ်တွင် မရေမရာ ဇဝေဇဝါဖြစ်နေသဖြင့် သူသည် ရုတ်တရက် ဘတ်စ်ကားပေါ်သို့ တက်၍လိုက်သွားရန် နှောင့်နှေးသွားခဲ့သည်။ အထူးသဖြင့် ထိုလူသည် ဘတ်စ်ကားပေါ်သို့ မည်သည့်အချိန်က တက်သွားသည်ကို ကဲနက် သတိမထားလိုက်မိဘဲ ဖြစ်နေသည်။ သို့သော် နောင်တွင်မှ သူတို့ အဖြစ်မှန်ကို သိခဲ့ရသည်။ ဘတ်စ်ကားသည် ဤဘူတာရုံမှ ဂိတ်စ၍ ထွက်သည်ဟူသော သူတို့၏ မူလထင်မြင်ချက်မှာ လုံးဝ မှားနေပြီး ကလီမင့်သည် ဘူတာရုံမရောက်မီ မှတ်တိုင်တစ်ခုခုမှ စီးနင်းလိုက်ပါလာခြင်း ဖြစ်ကြောင်း သိကြရသည်။

ထိုနေ့က အီဟတ်နှင့် အက်ရှာမှာလည်း ကံမကောင်းဘဲ ဖြစ်ခဲ့ရသည်။ [illegible] မီးရထားခုံးပေါ်သို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် လူနှစ်ယောက် [illegible] ရောက်လာပြီး သူတို့ကို ထူးဆန်းသည့်အကြည့်မျိုးဖြင့် ကြည့်နေ [illegible] တွေ့ရသည်။ သို့ဖြစ်ရာ သူတို့သည် ဘယ်လိုမှ မတတ်သာသည့် [illegible] ထိုနေရာမှ ပြန်ထွက်လာခဲ့ကြသည်။ သူတို့သည် ဘန်ကာလာရီဘူတာရုံနှင့် [illegible] ဆိုင်လမ်းပေါ်တွင် ရပ်ထားခဲ့သော သူတို့ကားရှိရာသို့ ခပ်သုတ်





သုတ်ပြန်လာပြီး အမှတ် ၂၀၂ လမ်းမကြီးအတိုင်း စန်ဖာနန်ဒိုရပ်ကွက်ဆီသို့ မောင်းလာခဲ့ကြသည်။ ဂါရီဘာလ်ဒီလမ်းထောင့်သို့ ရောက်သောအခါ လမ်းခကြီးဘက်မှ ချိုးဝင်လာသော ကလီမင့်ကို မြင်လိုက်ကြရသည်။ အချိန်ကိုကြည့်လိုက်သောအခါ ၇ နာရီ မိနစ် ၄၀ တိတိ ရှိနေပြီဖြစ်သည်ကို တွေ့ရသည်။

ထို့နောက် သူတို့သည် စန်ဖာနန်ဒိုရပ်ကွက်သို့ ပြန်လာခဲ့ကြပြီး ကဲနက်အား ဘူတာရုံမှ ခေါ်တင်လာခဲ့ကြသည်။ ဤတွင် ကဲနက်၏ ပြောပြချက်အရ သူတို့သည် ဘတ်စ်ကားအမှတ် ၂၀၃ ၏ ဂိတ်အစကို လိုက်၍ရှာကြည့်ကြပြန်သည်။ နောက်ဆုံး၌ ဘတ်စ်ကားသည် အခြားဘူတာရုံတစ်ခုဖြစ်သော ကာရူပဘူတာရုံမှ ဂိတ်စ၍ ထွက်လာကြောင်း တွေ့ကြရသည်။ သို့ဖြစ်ရာ သူတို့သည် ကလီမင့် ဘတ်စ်ကားစ၍ စီးလာသည်မှာ ဤဘူတာရုံမှ ဟုတ်မဟုတ် အမြန်ဆုံးစောင့်ကြည့်ကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

❒

ဧပြီလ ၁၀ ရက်နေ့သည် စနေနေ့ဖြစ်ရာ ရှေ့ပြေးအဖွဲ့ တစ်ဖွဲ့လုံးသည် ယနေ့နံနက်ခင်းတစ်ချိန်လုံး အနားယူခဲ့ကြသည်။ သူတို့အဖို့ အနားယူရန်လည်း လိုအပ်နေပြီဖြစ်သည်။ သူတို့ခမျာ ဗျူနိုအဲရစ္စမြို့သို့ ရောက်သည့်နေ့မှစ၍ တစ်နေ့ကုန်တစ်နေ့ခန်း အိမ်ငှားရန်ကိစ္စအတွက် အပြေးအလွှား ရှာနေကြရပြီး ညနေစောင်းနှင့် ညဘက်တို့တွင်လည်း အခက်အခဲများအကြားမှ အခြေအနေကို စောင့်ကြည့်အကဲခတ်ရသည်နှင့် မအားအောင်ဖြစ်နေခဲ့ကြရသည်။ သူတို့သည် မီးရထားခုံးပေါ်၌ ဆင်ခြေလျှောအတိုင်း နာရီပေါင်းများစွာ ထိုင်ခဲ့ကြရသည်ဖြစ်ရာ ထိုအချိန်က မိုးတွင်းဖြစ်သည့်အလျောက် စမတ်ကျကျ ဝတ်စားထားသော သူတို့၏ ကမ္ဘာလှည့် ခရီးသည် ဝတ်စုံအင်္ကျီ၊ ဘောင်းဘီများမှာ သူတို့တည်းခိုသည့်နေအိမ်သို့ ပြန်ရောက်လာသောအခါ မိုးရေများ၊ ရွှံ့စက်များဖြင့် ညစ်ပတ်ပေရေကာ တစ်ကိုယ်လုံး မြင်မကောင်းအောင် ဖြစ်လာကြသည်ကို တွေ့ရသည်။ ထို့နောက် ယနေ့ သူ့ကို တွေ့ခဲ့ ကြုံခဲ့ မှတ်ခဲ့ သားခဲ့သမျှတို့ကို ပြန်လည်တင်ပြသုံးသပ်ကြပြီး နောက်တစ်နေ့အတွက် သွားစရာ လာစရာ လုပ်စရာ ကိုင်စရာများစီစဉ်ပြင်ဆင်ကြခြင်းဖြင့် သူတို့အတွက် တစ်နေ့တာအချိန်ကို အဆုံးသတ်ခဲ့ကြရသည်။

ယခုလည်း ယနေ့အဖို့ စနေနေ့ ညနေပိုင်းတွင် သူတို့သည် ထိုနေရာတစ်ဝိုက်သို့ သွားရောက်ကာ လမ်းကြီး၊ လမ်းငယ် အသွယ်သွယ်တို့၏ အနေ

အထား၊ အကွာအဝေးများကိုလည်းကောင်း၊ လူအသွားအလာများသည့် လမ်းမကြီးများကို ရှောင်ကွင်း၍ သွားနိုင်သည့် ဖြတ်လမ်းများနှင့် လမ်းခွဲများကိုလည်းကောင်း နေရာအနှံ့အပြားတွင် ရှိနေသော မီးရထားသံလမ်းနှင့် ကားလမ်းဆုံသံတံခါးများနှင့် တံတားများ စသည့် အတားအဆီးများကို လည်းကောင်း လှည့်လည်ကြည့်ရှု မှတ်သားရန် စီစဉ်ခဲ့ကြသည်။

သူတို့သည် ဂျူလီယိုရိုပ်သာလမ်း တစ်နေရာတွင် ဆုံတွေ့ကြရန် စီစဉ်ခဲ့ကြသည်။ သို့သော် ထိုနေရာသို့ ပထမဆုံး ရောက်ရှိသွားသော အီဟာတ်သည် မိမိတို့အတွက် အကောင်းဆုံးနေရာ မဟုတ်ကြောင်း တွေ့လိုက်ရသည်။ သူသည် လမ်းပေါ်တွင် ဟိုမှသည်မှ ခေါက်တုံ့ခေါက်ပြန် လျှောက်ကြည့်နေစဉ် ရဲသားတစ်ယောက် ရောက်လာပြီး သူ့ထံမှ မှတ်ပုံတင်နှင့် ထောက်ခံစာများကိုတောင်း၍ စစ်ဆေးကြည့်ခဲ့သည်။ လက်စသတ်တော့ သူတို့ လူချင်းတွေ့ရန် ရွေးခဲ့သော နေရာမှာ မရည်ရွယ်ဘဲနှင့် တိုက်တိုက်ဆိုင်ဆိုင် ဂျာမန်သံရုံးရှေ့တည့်တည့် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သို့ဖြစ်ရာ ခဏအကြာတွင် အီဟာတ်သည် မိမိထံသို့ လာနေသော ကဲနက်နှင့် အက်ရှက်တို့အား လှမ်းမြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူတို့ရှိရာသို့ ခပ်သုတ်သုတ် ရောက်အောင်သွား၍ မိမိတို့ နေရာရွေးမှားနေပြီဖြစ်ကြောင်း ပျာပျာသလဲ ပြောရသည်။

ထို့နောက် သူတို့သည် ဗျူနိုအဲရစ္စမြို့လယ်ကောင်နှင့် မိမိတို့ ပစ်ကွင်းရှိသည့် နေရာအကြားမှ လမ်းများကို နာရီပေါင်းအတော်ကြာအောင် လှည့်လည်ကြည့်ရှု မှတ်သားခဲ့ကြသည်။ အလားတူ ပစ်ကွင်းနေရာနှင့် မိမိတို့ ရှာနေကြသည့် လုံခြုံစိတ်ချရသော အိမ်လွတ်များအကြားမှ လမ်းများ အားလုံးကိုလည်း ကြည့်ရှုမှတ်သားခဲ့ကြသည်။ ယခုကဲ့သို့ ထိုနေ့နှင့် နောက်နေ့များတွင် ဆက်လက်သွားရောက်ကြည့်ရှုခဲ့ကြခြင်းအားဖြင့် ထိုနေရာတစ်ဝိုက်တွင် ယာဉ်အသွားအလာနည်းပါးပြီး တစ်စုံတစ်ခု ရုတ်ရုတ်သဲသဲ ဖြစ်လာခဲ့ပါက ရဲများနှင့် လုံခြုံရေးအဖွဲ့ဝင်များ ရုတ်တရက် လာရောက်စစ်ဆေးမေးမြန်းရန် ခဲယဉ်းသည့် လမ်းသွယ်လမ်းမြောင်များ အနည်းအကျဉ်းသာ ရှိနေသည်ကို တွေ့ရသည်။

သီနေ့နှင့် နောက်တစ်နေ့ တနင်္ဂနွေနေ့ဖြစ်သော မေလ ၁ ရက်နေ့များမှာ ပုံမှန်ရုံးဖွင့်ရက်များကဲ့သို့ ကလီမင့်၏ အိမ်ပြန်ချိန်၌ စောင့်ကြည့်ခြင်းများကို မလုပ်ဘဲ နေလိုက်ကြသည်။ ၎င်းအစား တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ပစ်ကွင်းပတ်ဝန်းကျင် နေရာအနှံ့အပြားသို့ လှည့်လည်ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် မီးရထားခုံးပေါ်မှ စောင့်ကြည့်ရသည်မှာ မသက်မသာဖြင့်





အန္တရာယ်များလှသောကြောင့် ဤနေရာတစ်ဝိုက်တွင် ထိုသို့ စောင့်ကြည့်နိုင်သည့် ကင်းပုန်းစခန်းတစ်ခုကို အမိကထား၍ ရှာဖွေခဲ့ကြသည်။ သို့သော် စိတ်တိုင်းကျ တွေ့ရဘဲ ဖြစ်ခဲ့ရသည်။ နေရာ နှစ်နေရာ သုံးနေရာခန့် တွေ့ခဲ့ရသော်လည်း အသေးစိတ် လေ့လာကြည့်သောအခါ မီးရထားခုံးပေါ်မှ နေရာထက် ပို၍ ဆိုးနေသည်ကို တွေ့ရသည်။

ထိုတနင်္ဂနွေနေ့မှာပင် နံနက် ၁၁ နာရီ မိနစ် ၃၀ အချိန်လောက်တွင် သူတို့သည် ကလီမင့်အိမ်ရှေ့မှ ဖြတ်လာခဲ့ကြရာ အိမ်ဝင်းအတွင်း ခြံထဲ၌ အလုပ်လုပ်နေသော ကလီမင့်ကို တွေ့မြင်ခဲ့ကြရသည်။ ဤတွင် မိမိတို့အား သင်္ကာမကင်း မဖြစ်စေရန် ကားကို ထိုနေရာ၌ အရှိန်ဖြင့် တအားမောင်းလာခဲ့ရာ ကလီမင့်အား ပုံပန်းသဏ္ဌာန် ကွဲကွဲပြားပြားပင် မမြင်ခဲ့ကြရဘဲ ဖြစ်ခဲ့သည်။

□

ထိုတနင်္ဂနွေနေ့မှာပင် ကျွန်ုပ်သည် ဗျူနိုအဲရစ္စမြို့သို့ ဆိုက်ရောက်လာခဲ့သည်။ အီဗီဇာနိုင်ငံတကာလေဆိပ် အနီးသို့ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော လေယာဉ်ရောက်ရှိသွားအခါ လုံးလုံးနေဝင်သွားသလောက် ရှိနေပြီဖြစ်သည်။ နေဝင်ချိန်တိမ်တောက်နေသည့် အောက်ဘက်မှ မြေပြင်ပေါ်တွင် အပြောကျယ်လှသည့် ရီအိုဒီလာ ပလာတာမြစ်ဝနှင့် မြစ်လက်တက် နှစ်သွယ်ဖြစ်သော ပါရာနာနှင့် ဥရုဂွေးမြစ်များသည် ပင်လယ်ဝ၌ နှစ်မိုင်နီးပါးစီ ကျယ်ပြန့်လျက်ရှိနေသည်ကို လှမ်းမြင်ရသည်။ ပင်လယ်ရေ ပတ်လည်ဝိုင်းနေသည့်ပြင် ပင်လယ်တမျှ ကြီးမားကျယ်ပြန့်လှသည့် ရေမြစ်ကြီးနှစ်သွယ်ဖြင့် ဝန်းရံလျက်ရှိနေသော ဗျူနိုအဲရစ္စမြို့ကြီးကို ယခုကဲ့သို့ အပေါ်မှဆီး၍ မြင်လိုက်ရသောအခါ ဤမြို့ကြီးသည် အဘယ်ကြောင့် ပါရီမြို့တော်နှင့် ဗီယင်နာမြို့တော်ကြီးနှစ်ခု ပေါင်းစပ်ထွန်းညှိထားသည်နှင့် အလားတူ သဏ္ဌာန်တူ၍ နယူးယောက်မြို့တော်နှင့် ချီကာဂိုမြို့တော်ကြီးနှစ်ခု ပူးတွဲထားသည့်အလား အသံဗလံများ ပေါ်ထွက်နေသည်ဟူ၍ အဘယ့်ကြောင့် နှိုင်းယှဉ်ပြောကြားခဲ့ကြသည်များကို ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားခဲ့သည်။ သို့ဖြစ်၍လည်း ဤမြို့တော်ကြီးသည် လွန်လေပြီးသော ရာစုနှစ်ပေါင်းများစွာက စပိန်သင်္ဘောများအတွက် သာတောင့်သာယာမြေပဒေသာကျွန်း တစ်ကျွန်းပမာ ဖြစ်ခဲ့ဟန်တူသည်။

သို့သော်လည်း ကျွန်ုပ်အဖို့ရာ၌မူ ဗျူနိုအဲရစ္စမြို့တော်ရှိ ရောင်စုံဖြာနေသည့် ပန်းမာလာဥယျာဉ်ကြီးများနှင့် သာယာလှပသည့် လမ်းကြီးလမ်းမ

www.burmeseclassic.com



အသွယ် သွယ်တို့ကိုလည်းကောင်း၊ ကြီးမားခံ့ညားလှသည့် အစိုးရအဆောက်အအုံများကိုလည်းကောင်း၊ ရောမဝန်ချီစက်ကြီးများ၊ ကရိန်းကြီးများနှင့် နောက်ဆုံးပေါ် ကုန်တင်ကုန်ချ စက်ကိရိယာများဖြင့် ရှုပ်ထွေးပြည့်နှက်ကာ သင်္ဘောကြီးများဆိုက်ကပ်ရာ ဆိပ်ခံကုန်းပတ်ကြီးများနှင့် ဖောတံတားများ အစီအရီရှိနေသည့် ကမ်းခြေဆယ်ဆိပ်ကမ်းကြီးကိုလည်းကောင်း စသည် စသည်များကို ကြည့်၍ အချိန်ဖြုန်းမနေနိုင်ခဲ့ပါ။ လူဝင်လူထွက်ဌာနနှင့် အကောက်ခွန်ဌာနတို့မှ စစ်ဆေးပြီးလျှင်ပြီးချင်း ကျွန်ုပ်သည် မြို့ထဲသို့သွားမည့် ဘတ်စ်ကားရှိရာသို့ ခပ်သွက်သွက်ထွက်လာခဲ့ရသည်။ လေဆိပ်အဆောက်အအုံမှ ထွက်အလာတွင် လာရောက်ကြိုဆိုကြသည့် လူအုပ်ကြီးအကြား၌ အီဟတ်အား အမှတ်မထင် ကျွန်ုပ် လှမ်းမြင်လိုက်ရသည်။ သို့သော် ကျွန်ုပ်တို့နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် မှတ်မိသည့် အမူအရာများ လုံးဝမပြဘဲ မသိဟန်ဆောင်နေခဲ့ကြသည်။

ကျွန်ုပ်တို့၏ မူလအစီအစဉ်များအရဆိုလျှင် နောက်တစ်နေ့တွင်မှ သူတို့နှင့် လူချင်းတွေ့ရန် ကြိုတင်ချိန်းဆိုထားခဲ့ပြီး ဖြစ်သည်။ သို့သော် ယခုကဲ့သို့ လေဆိပ်သို့ အီဟတ်ကိုယ်တိုင် လာစောင့်နေသည်ကို ထောက်ရှု၍ သူတို့သည် ကျွန်ုပ်နှင့် အမြန်ဆုံးတွေ့ရန် လိုအပ်နေပြီဟု ယူဆရသည်။ သို့သော် ဤကိစ္စအတွက် သူ့အစီအစဉ်ဖြင့်သူ ကြည့်လုပ်လိမ့်မည်ဟု သဘောထားကာ ဘတ်စ်ကားပေါ်သို့ ဣန္ဒြေမပျက် တက်လာခဲ့ရာ ကျွန်ုပ်စီးသည့် ကားပေါ်သို့ပင် အီဟတ်တက်၍ လိုက်လာသည်ကို အမှတ်မထင် သတိပြုလိုက်မိသည်။

ကျွန်ုပ်တည်းခိုမည့် ဟိုတယ်သို့ ရောက်သွားသောအခါ ကျွန်ုပ်နှင့် အီဟတ်တို့သည် စကားတစ်ခွန်း နှစ်ခွန်း ပြောခွင့်ရလိုက်ကြ၍ လူချင်းတွေ့ရန် အစီအစဉ် လုပ်နိုင်ခဲ့ကြသည်။ သို့ဖြင့် ကျွန်ုပ်သည် နေရာချထားသည့် စားပွဲသို့ သွား၍ ကျွန်ုပ်တည်းခိုမည့် အခန်းအတွက် မှတ်ပုံတင်များ ပြုလုပ်ပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ ခဏအကြာတွင် အီဟတ်သည် ကျွန်ုပ်၏ အခန်းရှိရာသို့ လိုက်လာခဲ့သည်။ သူက ကျွန်ုပ်အား ကလီမင့်အကြောင်းနှင့် အိမ်ငှားရန်ကြိုးစားနေသည့် ကိစ္စများ အပါအဝင် ရှေ့ပြေးအဖွဲ့၏ အခြေအနေ အရပ်ရပ်နှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှတို့ကို အတိုချုပ်၍ တင်ပြခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ် တည်းခိုသည့် ဟိုတယ်အနီးမှ ကော်ဖီဆိုင်တစ်ဆိုင်တွင် ထပ်မံတွေ့ဆုံရန် ချိန်းဆိုခဲ့ကြပြီး ဤအတောအတွင်း ကျွန်ုပ်သည် ရေချိုး၍ အဝတ်အစားများ လဲလှယ်ခဲ့သည်။





ကျွန်ုပ်နှင့် အီဟတ်သည် ကော်ဖီဆိုင်တွင် တွေ့ဆုံခဲ့ကြပြီး ထိုမှတစ်ဆင့် လောလောဆယ်တွင် ကျွန်ုပ်တို့ အသုံးပြုနေသည့် 'ခံတပ်'သို့ တောက်လျှောက်ဆက်သွားခဲ့ကြသည်။ ထိုအိမ်တွင် ကဲနက်၊ အက်ရှက်၊ နက်ရှာနှင့် တာလ်မီတို့ကို တွေ့ရပြီး သူတို့အားလုံးက မိမိတို့ ရှေ့ပြေးတပ်ဖွဲ့ ရောက်ရှိခဲ့ပြီးသည့် နေ့ရက်အတွင်း လုပ်ကိုင်ဆောင်ရွက်ပြီးစီးခဲ့သမျှ ကိစ္စအဝဝတို့ကို အစီရင်ခံတင်ပြကြသည်။ သူတို့၏ တင်ပြချက်များအရ ကလီမင့်သည် ဗျူနိုအဲရစ်မြို့ပြင် ပုံမှန်အလုပ်တစ်ခုကို လုပ်ကိုင်နေပြီး နေ့စဉ်အချိန်မှန်မှန် အိမ်ပြန်လေ့ရှိသည်မှာ သေချာနေပြီဟု ကျွန်ုပ်အနေဖြင့် ကောက်ချက်ချခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် အိုက်ခ်မန်းအား သူ့အိမ်နှင့် မလှမ်းမကမ်း တစ်နေရာမှ စောင့်၍ ဖမ်းဆီးရာ အုတ်အော်သောင်းတင်း မဖြစ်စေရဘဲ တိတ်တဆိတ် လက်ရဖမ်းဆီးမှု စဉ်းစားမိသည်။

သူတို့ထံမှ တင်ပြချက်အရ လုံခြုံစိတ်ချရသည့် အိမ်များငှားရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ဘဲ ရှိနေကြောင်းကိုလည်း ကျွန်ုပ် သိခဲ့ရသည်။ သို့ဖြစ်ရာ လောလောဆယ် အခြေအနေအရ ကျွန်ုပ်တို့သည် အိမ်တစ်အိမ် အမြန်ဆုံး ရှာဖွေရေးကိစ္စကို ဦးစားပေးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့သော အခြေအနေတွင် ကျွန်ုပ်တို့သည် ထိုအိမ်နှင့်ပတ်သက်၍ မည်သည့်နေရာ မည်သည့်ပုံစံနှင့် အိမ်လခ မည်မျှပေးရမည်ကို ရွေးချယ်စဉ်းစားမနေတော့ဘဲ အမြန်ဆုံးရအောင်ငှားရန် အရေးတကြီး လိုအပ်လာပြီဖြစ်သည်။ အဓိကအားဖြင့် ကျွန်ုပ်တို့ စဉ်းစားရွေးချယ်ရမည့် တစ်ခုတည်းသောအချက်မှာ ထိုအိမ်သည် လုံခြုံစိတ်ချရသည့် အနေအထား ရှိမရှိဟူ၍သာ ဖြစ်သည်။

ယခုအခါ ရှေ့ပြေးအဖွဲ့သည် မော်တော်ကားများ ငှားရာ၌ အလွန်အခက်အခဲရှိသည်ကို သဘောပေါက် နားလည်ထားကြပြီဖြစ်သည်။ ဤသို့ မော်တော်ကား ငှားသည့်စနစ်နှင့် ပတ်သက်၍မူ အာဂျင်တီးနားသည် ဥရောပနိုင်ငံများနှင့် မြောက်အမေရိကနိုင်ငံများထက် ခေတ်နောက်ကျနေသည်ဟု ဆိုရမည်ဖြစ်သည်။ ခရီးသည်တင် ကားများမှာလည်း အလွန်စျေးကြီးလှသည်ဟု သိရသည်။ အမေရိကန် ကားတစ်စီးလျှင် ဒေါ်လာ တစ်သောင်းငါးထောင်မျှ ပေးနေရသည်။ တစ်ဖန် ကားတစ်စီးကို စီးလုံးငှားမည်ဆိုပါက စပေါ်ငွေ ဒေါ်လာ ငါးထောင် တင်ကြရသည်။ အဆိုးဆုံးမှာ ကားအင်ဂျင်များနှင့် ဘော်ဒီများမှာ မြင်မကောင်းအောင် ပျက်စီးယိုယွင်းနေကြခြင်းပင်ဖြစ်သည်။ ကားတာယာများမှာလည်း ဟောင်းနွမ်းဆွေးမြည့်နေပြီး စိတ်မချရသည့်ပြင် ဘက်ထရီများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စုတ်ပြတ်နံ့သျောလှ၍ အရေးအကြောင်းရှိလျှင် အချိန်မရွေး အားကုန်သွားမည့် အနေအထားမျိုး ရှိနေသည်။ ထို့ပြင် ကားတံခါးများမှာလည်း ရတ်တရက် ပိတ်မရ ဖွင့်မရဖြင့် စိတ်ပျက်စရာကောင်းလှသည်ဟု သိရသည်။ ထိုမှတစ်ပါး တားဝုံခံအမျိုးအစားကို ရွေးချယ်ရာတွင်လည်း အလွန်လက်ပေါက်ကတ်လှသည် ဖြစ်ရာ တစ်နေရာတည်းမှ ကားတစ်မျိုးတစ်စားတည်းကို မကြာခဏ ငှား၍ မဖြစ်သည့် ကျွန်ုပ်တို့အတွက် ပြဿနာအမျိုးမျိုး တက်ခဲ့ရသည်။ သို့သော် ကျွန်ုပ်အနေဖြင့်မူ ဤအခက်အခဲ ပြဿနာများကို မုချ ကျော်လွှားနိုင်ရမည်ဟု တထစ်ချ ယုံကြည်ထားပြီးဖြစ်သည်။ မူလ ကျွန်ုပ်တို့ ကြိုတင်မျှော်မှန်းထားသည်ထက် ပို၍ အခက်အခဲ ပြဿနာများ ကြီးမားများပြားနေသည့်တိုင်အောင် ပိုမိုကြိုးစားအားထုတ်သည်နှင့်အမျှ ယင်းတို့ကို မုချကျော်လွှားနိုင်ရမည်ဟု ယုံကြည်ထားသည်။

ကျွန်ုပ်သည် သူတို့တစ်တွေ အစ္စရေးမှ ထွက်ခွာသွားကြပြီးနောက် ပြင်ဆင်ခဲ့ကြသည့် အစီအစဉ်များကို သူတို့အား အသေးစိတ် ရှင်းလင်းပြောပြခဲ့သည်။ ယင်းအစီအစဉ်များအရ လှုပ်ရှားတပ်ဖွဲ့ဝင်များသည် ယခုလောက်ဆိုလျှင် အာဂျင်တီးနားသို့ ထွက်ခွာလာကြပြီဖြစ်၍ လမ်းခုလတ်တွင် ရောက်ကောင်းရောက်နေကြမည် ဖြစ်ကြောင်းနှင့် သို့မဟုတ်လျှင်လည်း ယခု တစ်ရက် နှစ်ရက်အတွင်း မုချ ထွက်ခွာလာကြလိမ့်မည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ထို့ပြင် ကျွန်ုပ်သည် အထူးလေယာဉ်ပျံသန်းရေးနှင့် ပတ်သက်၍ အားလုံး အပြီးသတ် စီစဉ်လုပ်ကိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် မေလ ၁၁ ရက်နေ့တွင် ထွက်ခွာလာလိမ့်မည်ဖြစ်ကြောင်းကိုပါ သူတို့အား ပြောပြရသည်။ ဤအစီအစဉ်အရ ကျွန်ုပ်တို့သည် မေလ ၁၀ ရက်နေ့ကို နောက်အကျဆုံးထား၍ အိုက်ခ်မန်းအား လက်ရဖမ်းနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့ အထူးလေယာဉ်သည် မေလ ၁၃ ရက်နေ့ သို့မဟုတ် မေလ ၁၄ ရက်နေ့တွင် ပြန်လည်ထွက်ခွာရန် သတ်မှတ်ထားခဲ့သောကြောင့် ဖြစ်သည်။ အကယ်၍ မရှောင်မလွှဲသာသည့် နှောင့်နှေးမှုများနှင့် မမျှော်မှန်းနိုင်သည့် အခက်အခဲများ ပေါ်ပေါက်လာပါက တစ်ရက် နှစ်ရက် အပြောင်းအလဲ ရှိကောင်းရှိမည် ဖြစ်ကြောင်းကိုပါ ထည့်သွင်းပြောကြားခဲ့ရသည်။ ထို့ပြင် အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ တင်ဆောင်ရာ၌ အသုံးပြုရမည့် အထူးပစ္စည်း ကိရိယာ တစ်ခုကို စီစဉ်ပြုလုပ်ထားကြောင်းနှင့် ယင်းပစ္စည်းကိရိယာမှာ အဆင်သင့်





ပါက အထူးလေယာဉ်ဖြင့် ပါလာဖွယ်ရာရှိကြောင်းကိုလည်း သူတို့အား ပြောပြခဲ့သည်။

ကျွန်ုပ်တို့ ဆွေးနွေးပွဲ အပြီးသတ်တွင် ကျွန်ုပ်တို့အဖွဲ့ဝင်များ အချင်းချင်း ပြန်လှန်ဆက်သွယ်ရမည့် နည်းလမ်း စည်းကမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို စီစဉ်ပြင်ဆင် ရေးဆွဲခဲ့ကြသည်။ ယင်းလုပ်ငန်းစဉ်များနှင့် ဆက်သွယ်ရေးများအတွက် တာလ်မီအား ကျွန်ုပ်နှင့် ကျန်အဖွဲ့ဝင်များအကြားတွင် 'ကြားလူ'အဖြစ် အသုံးပြုရန် တာဝန်ပေးခဲ့ကြသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စက္ကန့်ပိုင်းအတွင်း ပျောက်ကွယ်သွားခဲ့ကြသော မိခင်နှင့် ညီငယ် နှမငယ်

BURMESE CLASSIC .com

အစွရေး လေကြောင်းကုမ္ပဏီမှ နိုင်ငံခြားလေဆိပ်များဆိုင်ရာ အုပ်ချုပ်ရေးမှူး အာဟရွန်လာဇာသည် မိမိအား ဗျူနိုအဲရစ္စသို့ သွားရောက်၍ ကီဒမ်နှင့်တွေ့ရန် ကြေးနန်းသတင်း ရောက်လာသောအခါ တစ်နေရာတွင် တစ်ခုခု မှားနေပြီဟု သေချာပေါက်တွက်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဤလေကြောင်း ကုမ္ပဏီတွင် တောင်အမေရိကသို့ သွားသည့် လေကြောင်းခရီးစဉ်များကို တစ်ခါ မှုမျှ မကိုင်တွယ်ခဲ့ဖူးသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ သူသည် ထိုကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မှားနေသဖြင့် ထိုသတင်းကို ထပ်မံအကြောင်းကြား ပါရန် ကြေးနန်းပြန်လိုက်သည်။ သို့သော် သူ့ထံသို့ နောက်ထပ်ရောက်လာသော ကြေးနန်းမှာ ပို၍တိကျသေချာပြီး မိမိအား ဗျူနိုအဲရစ္စသို့ ဆက်ဆက်သွားရန် ပါရှိသည့်ပြင် မိမိနှင့် တွေ့ဆုံရမည့် ကီဒမ်စီးနင်းလိုက်ပါလာမည့် ဆွစ်လေကြောင်း ကုမ္ပဏီမှ လေယာဉ်ခရီးစဉ် အမှတ်ကိုပါ ထည့်သွင်းဖော်ပြလိုက်သေးသည်။

သို့ဖြင့် လာဇာမှာ ကြေးနန်းပါ ညွှန်ကြားချက်အရ လေကြောင်းခရီးဖြင့် ဆာပေါလိုမြို့သို့ လိုက်ပါလာခဲ့ရပြီး ထိုမှတစ်ဖန် ရီအိုမြို့သို့ ခရီးဆက်ကာ ကီဒမ်၏ လေယာဉ်ဆိုက်မည့်အချိန်ကို စောင့်ကြိုနေခဲ့ရသည်။

ကီဒမ်သည် မေလ ၁ ရက်နေ့တွင် အစ္စရေးမှ ဇူးရစ်မြို့သို့ ထွက်ခွာလာခဲ့ပြီး ထိုမှတစ်ဖန် ဆွစ်လေကြောင်းကုမ္ပဏီမှ လေယာဉ်တစ်စင်းဖြင့် အာဂျင်တီးနားသို့ လိုက်ပါလာခဲ့သည်။ ပထမဆုံး လေယာဉ်ရပ်နားသည့် ဂျိနီဗာလေဆိပ်





တွင် ဂါဘီနှင့် အီလီတို့ကို တွေ့ခဲ့ရသည်။ သို့သော် သူတို့အချင်းချင်း လုံးဝ သိဟန်ဆောင်နေခဲ့ကြသည်။ သို့ဖြင့် ရီအိုမြို့သို့ ရောက်သွားသောအခါ စိတ်လှုပ်ရှားစွာဖြင့် မိမိအား အကျိုးအကြောင်းမေးရန် လည်ပင်းရှည်ရှည်ဖြင့် စောင့်ကြို၍ နေသည့် လာဇာအား တအံ့တသြ တွေ့လိုက်ရသည်။

ဤတွင် ကီဒမ်က လာဇာအား မိမိတို့သည် အာဂျင်တီးနားတွင် အိုက်ခ်မန်း၏ နေထိုင်ရာအရပ်ကို အတိအကျ သိရပြီဖြစ်၍ သူ့ကို အရှင်လက်ရဖမ်းရန် အားလုံးစီစဉ်ပြီးဖြစ်နေကြောင်း ပြောပြလိုက်သည်။ ထို့နောက် ကီဒမ်က ဤစစ်ဆင်ရေးတွင် အိုက်ခ်မန်းကို လက်ရဖမ်းဆီးခဲ့ကြသူများအား အစ္စရေးသို့ ချောချောမောမော ပြန်ရောက်အောင် မိမိတို့နှစ်ယောက်က တာဝန်ယူ၍ ပို့ပေးရမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။

လာဇာမှာ ကီဒမ်၏ စကားများကြောင့် ဘာပြန်ပြောရမှန်းမသိအောင် အံ့အားသင့်၍ နားမကြားဖြစ်သွားမိသည်။ ပထမဆုံး သူ့စိတ်ထဲတွင် ဤကိစ္စသည် တစ်စုံတစ်ယောက်က ဦးနှောက်ချောင်ပြီး စဉ်းစားရာမှ ပေါ်ပေါက်လာသည့် စိတ်ကူးယဉ်မှု တစ်ခုဖြစ်သည်ဟုထင်လိုက်မိသည်။ သို့သော် အသေအချာ စုံစမ်းမေးမြန်းကြည့်လိုက်သည့်အခါ၌ ယခု ကီဒမ်ပြောနေသည့် ကိစ္စမှာ စိတ်ကူးယဉ်အကြံအစည်ကိန်းမဟုတ်ဘဲ တကယ်လက်တွေ့ကျကျ အခိုင်အမာ စီစဉ်ထားပြီးဖြစ်ကြောင်း သိလိုက်ရသဖြင့် လာဇာမှာ အံ့သြမဆုံးအောင် ဖြစ်သွားရပြန်သည်။ အထူးသဖြင့် ဤမျှလောက် စွန့်စွန့်စားစားဖြင့် လျှို့ဝှက်ရသည့် လုပ်ငန်းကြီးတွင် မိမိကိုယ်တိုင် ပါဝင်ရမည့်အတွက် အကြီးအကျယ် စိတ်လှုပ်ရှားသွားခဲ့သည်။ ထို့ပြင် ဤစစ်ဆင်ရေးတွင် မိမိအား မည်သို့သော အခြေခံအကြောင်းများဖြင့် ခေါင်းခေါက်ကာ ရွေးချယ်ခဲ့ကြသည်ကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ရီအိုမှ ဗျူနိုအဲရစ္စမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ၌ လမ်းခရီးတစ်လျှောက်လုံး လာဇာ၏ စိတ်မျက်စိထဲတွင် ကာလကြာမြင့်စွာကပင် သူ့စိတ်အာရုံထဲမှ ပျောက်ကွယ်ခဲ့ပြီဟု ယူဆခဲ့သော အတိတ်မှ ကြောက်မက်ဖွယ်ရာ မြင်ကွင်းများသည် တရေးရေး ပြန်ပေါ်လာခဲ့သည်။

မြူနစ်စာချုပ်* ကို လက်မှတ်ရေးထိုးလိုက်ကြ၍ ချက်ကိုစလိုဗားကီးယားနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းကို ဟန်ဂေရီနိုင်ငံနှင့် ပူးပေါင်းလိုက်သည့် အချိန်တွင် ထိုဒေသ၌ နေထိုင်လျက်ရှိသော လာဇာမှာ အသက် ၁၀ နှစ်သားအရွယ်ပင် ရှိသေးသည်။ ထို့နောက် တစ်နှစ်ခန့်အကြာတွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာခဲ့သည်။ သို့သော် ထိုစစ်ကြီးသည် ၁၉၄၃ ခုနှစ်အထိ ဟန်ဂေရီနိုင်ငံသို့

www.burmeseclassic.com



ကူးစက်လာခြင်း မရှိသေးဘဲ ဖြစ်နေခဲ့ရာ ထိုအချိန်၌ လာဇာသည် ဘူဒါပက်မြို့တော်တွင် အထက်တန်းပညာကို သုံးနှစ်သုံးမိုး သင်ကြားပြီးဆုံးခဲ့သည်။ များမကြာမီ ဂျာမန်တပ်များသည် ဟန်ဂေရီနိုင်ငံတွင်းသို့ ချီတက်ဝင်ရောက်လာခဲ့ကြပြီး ၁၉၄၄ ခု နှစ်ဦးပိုင်းလောက်တွင် ဂျူးလူမျိုး အားလုံးမှာ 'ဂက်တို' ခေါ် အကျယ်ချုပ်စခန်းများတွင် ထိန်းသိမ်းထားခြင်း ခံခဲ့ကြရသည်။

တစ်ညတွင် လာဇာတို့မိသားစုသည် ချက်ကိုစလိုဗားကီးယားနိုင်ငံတွင်းသို့ နယ်စပ်မှ ဖြတ်ကျော်ထွက်ပြေးရန် စီစဉ်ပြီးမှ နောက်ဆုံးအချိန်တွင် စိတ်ပြောင်းသွားခဲ့ပြီး အစီအစဉ်အားလုံးကို ဖျက်သိမ်း၍ ပိုနေမြဲ ကျားနေမြဲ နေလာခဲ့ကြသည်။ ထို့နောက် တနင်္ဂနွေ နှစ်ပတ် သုံးပတ်ခန့်အကြာတွင် သူတို့အားလုံးသည် အော့စ်ဝစ် နာဇီချွေးတပ်စခန်းသို့ ခေါ်ဆောင်သွားခြင်း ခံခဲ့ကြရသည်။ ချွေးတပ်စခန်းသို့ ရောက်သွားသောအခါ လာဇာ၏မိခင်နှင့် ညီကလေးတစ်ယောက်၊ နှမကလေးတစ်ယောက်တို့ကို သီးခြားခွဲ၍ ခေါ်သွားကြရာ ထိုအချိန်မှစ၍ သူတို့အားလုံး ပျောက်ခြင်းမလှ ပျောက်သွားခဲ့ကြသည်။ လာဇာကိုယ်တိုင်မှာ 'လူရွေး'ရာတွင် သူ၏ဖခင်က ၁၄ နှစ်မျှသာရှိသေးသည့် သူ့သားအား အသက် ၁၇ နှစ်ရှိပါသည်ဟု လိမ်ညာပြောဆိုခဲ့သဖြင့် သူ့ဖခင်နှင့်အတူ လိုက်ပါနေထိုင်ခွင့်ရခဲ့သည်။

ထို့နောက် လာဇာတို့ သားအဖနှစ်ယောက်မှာ ချွေးတပ်စခန်း တစ်ခုပြီး တစ်ခု ရောက်ရှိခဲ့ကြ၍ လာဇာမှာ သူ့ဖခင်၏ အစွမ်းအစနှင့် အနစ်နာခံမှုများကြောင့် အသက်ဘေးမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့ရသည်။ သူတို့သည် ချက်ကိုစလိုဗားကီးယားနိုင်ငံအတွင်းမှ ချွေးတပ်စခန်းတစ်ခုတွင် အလုပ်ကြမ်းများ လုပ်ခဲ့ရပြီး ထိုမှတစ်ဖန် သြစထရီးယားနိုင်ငံသို့ ပြောင်းရွှေ့လာခဲ့ရ၍ နောက်ဆုံး၌ ဂျာမနီသို့ ရောက်လာခဲ့ကြသည်။ ထိုအချိန်တွင် ဖခင်နှင့် သားမှာ တကွဲတပြားစီ ဖြစ်သွားခဲ့ကြပြီး မြူးလ်ဒေါ့ဖ် ချွေးတပ်စခန်းသို့ ရောက်သွားခဲ့သည်။ လာဇာသည် ထိုစခန်းတွင် ကျောက်မီးသွေးများ သယ်သည့်အလုပ်နှင့် သစ်ဝင်

---

မြူးနစ်စာချုပ် * ၁၉၃၈ ခုနှစ် စက်တင်ဘာလ ၂၉၊ ၃၀ ရက်နေ့က မြူနစ်မြို့တွင် ဂျာမနီ အာဏာရှင် ဟစ်တလာ၊ ဗြိတိသျှနန်းရင်းဝန် ချိန်ဘာလင်၊ အီတလီ အာဏာရှင် မူဆိုလိုနီနှင့် ပြင်သစ်ဝန်ကြီးချုပ် ဒလားဒီးယားတို့ လက်မှတ်ရေးထိုးခဲ့ကြသော စာချုပ်ဖြစ်သည်။ ချက်ကိုစလိုဗားကီးယားနိုင်ငံ၏ တစ်စိတ်တစ်ဒေသကို ဂျာမန်စစ်တပ်များက ဝင်ရောက်ကျူးကျော် သိမ်းပိုက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဤစာချုပ်က လက်ခံသဘောတူခဲ့သည်။ (ပြန်ဆိုသူ)





များ ခုတ်လှဲသည့် အလုပ်ကို လုပ်ခဲ့ရသည်။ သူသည် ထိုစခန်း၌ ကိုးလကြာမျှ အလုပ်လုပ်ခဲ့ရပြီး မိမိမျက်စိအောက်တွင် လူပေါင်း ရာပေါင်းများစွာ မရှုမလှ သေဆုံးခဲ့ကြရရှာသည်ကို ကြုံတွေ့ခဲ့ရပြီး မြူနစ်ခရိုင်အတွင်းသို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုနေရာတစ်ဝိုက်တွင်လည်း လာဇာသည် မဟာမိတ်တို့ ဗုံးဒဏ်ကြောင့် ပျက်စီးသွားခဲ့ရသော မီးရထားလမ်းများကို ပြင်ပေးခဲ့ရသည်။

ထိုမှတစ်ဖန် ရက်သတ္တပတ် အနည်းငယ်မျှ ကြာသောအခါ လာဇာနှင့် အခြားချွေးတပ်သားများမှာ ရထားတွဲများပေါ်သို့ ကျွဲနွား တိရစ္ဆာန်များပမာ မောင်းတင်ခြင်း ခံကြရပြီး ထိုရထားဖြင့် ခရီးမဆုံးနိုင်အောင် လိုက်ပါလာခဲ့ကြသည်။ နောက်ဆုံး၌ စောင့်ကြပ်လိုက်ပါလာကြသော ဂျာမန်စစ်သားများ၏ ပြောပြချက်အရ မိမိတို့သည် ချွေးတပ်သားများနှင့် သုံ့ပန်းများအား အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်သည့် 'တိုင်ရိုလ်'ဒေသမှ သချိုင်းကုန်းစခန်းသို့ သွားနေကြရခြင်းဖြစ်ကြောင်း သိကြရသည်။ သို့ဖြင့် လမ်းခုလတ် တစ်နေရာမှ ဘူတာရုံကလေးတစ်ခုသို့ ရောက်သွားသောအခါ လာဇာတို့ လိုက်ပါလာသော ရထားသည် နာရီပေါင်းများစွာ ရပ်ထားရုံမျှမက အစောင့် ဂျာမန်စစ်သားများကိုသည်း လုံးဝ မတွေ့မမြင်ကြရတော့ဘဲ ဖြစ်ခဲ့သည်။ ဤတွင် လူတစ်ယောက်က အာဏာရှင် ဟစ်တလာသည် သူ့ကိုယ်သူ သတ်သေသွားပြီဖြစ်၍ စစ်ကြီးပြီးဆုံးသွားပြီဖြစ်ကြောင်း ပြောလိုက်ရာ ခဏအကြာတွင် ချွေးတပ်သားအချို့သည် ကျောက်သွားပစ္စည်းများ တင်ထားသော ရထားတွဲကို ရိုက်ချိုးဖျက်ဆီး၍ တွဲထဲမှ တွေ့သမျှ ပစ္စည်းများကို နိုင်သလောက် သယ်ယူကြတော့သည်။ ဤတွင် ကျန်ချွေးတပ်သားများသည်လည်း ခြေဦးတည့်ရာ ကစဉ့်ကလျား ထွက်ပြေးကုန်ကြသည်။ လာဇာသည် ကံအားလျော်စွာ ဆားရည်စိမ် ဒိန်ခဲတုံးကြီး တစ်တုံးကို ရိက္ခာရထားတွဲပေါ်မှ ရလာခဲ့သည်။ သို့သော် ထိုအခိုက်အတန့်မှာပင် မမျှော်လင့်ဘဲ ဂျာမန်အစောင့်စစ်သားများ ပြန်ရောက်လာကြပြီး မည်းမည်းမြင်သမျှ ချွေးတပ်သားများအား ပစ်သတ်ကြတော့သည်။ နောက်ဆုံး၌ ချွေးတပ်သား အမြောက်အမြား သေဆုံးခဲ့ရပြီး မသေဘဲ ကျန်နေသူများအား ရထားတွဲများပေါ်သို့ ပြန်၍မောင်းတင်ကာ တွဲများကို အလုံပိတ်၍ သော့ခလောက်ကြီးများဖြင့် ခတ်ထားခဲ့ကြသည်။

ယခုတစ်ကြိမ် ရထားတွဲများထဲတွင် လှောင်ပိတ်ထားခြင်းခံကြရသော ချွေးတပ်သားများမှာ စောစောကလို လူအရေအတွက်ဖြင့် စနစ်တကျမဟုတ်ဘဲ မီးရထားတွဲများသို့ နီးရာလူကို တိရစ္ဆာန်များပမာ ရိုက်မောင်း၍ တင်ခဲ့ခြင်းဖြစ်ရာ တွဲထဲတွင် ခြေချစရာမရှိ။ မတ်တတ်ရပ်၍ပင် မရလောက်အောင် တင်းကြပ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အပေါ် တစ်ယောက်ထပ်၍ ပြွတ်သိပ်ကျပ်ညပ်နေကြသည်။ ဤအခြေအနေ ဆိုးဆိုးရွားရွားကြားမှပင် ချေးတပ်ရထားကြီးသည် ဆက်လက်ထွက်ခွာလာခဲ့သည်။ ဤအတွင်း လမ်းခရီးတွင် မဟာမိတ် လေယာဉ်များက ဤချေးတပ်ရထားကြီးကို ဗုံးကြဲခဲ့ကြသေးသည်။ ထိုသို့ ရထားတွဲများထဲတွင် လှောင်ပိတ်ခွန်းကျပ်ကာ လုံးဝ အစားမစားရ၊ ရေမသောက်ရဘဲ ငါးရက်လုံးလုံး လိုက်ပါလာခဲ့ရပြီးနောက် တစ်နေရာတွင် ရုတ်တရက် ရထားကြီးရပ်သွားသည်ကို စိတ်ထဲက သိလိုက်ကြသည်။ သို့သော် ယခုအကြိမ် ဤရထား ရပ်သွားခြင်းသည် ချေးတပ်သားများအတွက် ကောင်းသောရပ်ခြင်းပင် ဖြစ်ခဲ့သည်။

ထိုအချိန်မှာ ညအချိန်ဖြစ်သည်။ မှောင်ကြီးမည်းမည်းထဲတွင် ချေးတပ်သားများမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဘာကိုမှ မမြင်ရသလို သူတို့ကံကြမ္မာ ဘယ်လိုဖန်တီးလာမည်ကို မသိရဘဲ တထိတ်ထိတ် တလန့်လန့်ဖြင့် နာရီပေါင်းမြောက်မြားစွာ ရထားတွဲများပေါ်တွင် ငြိမ်နေခဲ့ကြသည်။ တဖြည်းဖြည်း မိုးလင်းလာသည်နှင့် ကြည့်လိုက်သောအခါ ဂျာမန်အစောင့်များအားလုံး မရှိကြတော့ဘဲ ထွက်ပြေးသွားကြပြီကို သိလိုက်ကြရသည်။ ထို့နောက် အဖြူရောင် ကြယ်တံဆိပ်များဖြင့် တင့်ကားများ ရောက်လာကြပြီး သူတို့၏ ငရဲစခန်းများမှာ ဤတွင် နိဂုံးချုပ်ကာ အဆုံးသတ်သွားခဲ့တော့သည်။ အမေရိကန် စစ်သားတစ်ယောက်က စစ်မြေပြင်ရိက္ခာဘူး တစ်ဘူးကို ဖောက်၍ လာဇာအား ပေးလိုက်သည်။ လာဇာသည် ထိုရိက္ခာဖြင့် အသက်ပြန်ရှင်လာခဲ့သည်။ အချို့ချေးတပ်သားများမှာ အနီးအနားမှ ရွာတစ်ရွာသို့ သွားရောက်ခဲ့ကြပြီး ရွာသားများကျွေးသည့် အစားအစာများကို အငတ်ငတ် အပြတ်ပြတ်ဖြင့် အငမ်းမရ စားခဲ့ကြရာ အချို့မှာ အန်ဖတ်ဆို့၍ သေဆုံးခဲ့ကြရှာသည်။

စစ်ကြီးပြီးဆုံးခဲ့ပြီးနောက် လာဇာသည် သူ့ဖခင်နှင့် မသေမပျောက် ပြန်တွေ့ခဲ့ပြီး ချက်ကိုစလိုဗားကီးယားသို့ ပြန်ရောက်သွားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အထက်တန်းပညာကို အပြီးသတ် အောင်မြင်ခဲ့၍ အစ္စရေးနိုင်ငံသို့ ရွှေ့ပြောင်းလာခဲ့ပြီး အစ္စရေးကာကွယ်ရေး တပ်မတော်တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ထို့နောင်မှ ယခုနောက်ဆုံး ပုဂ္ဂလိကပိုင် အစ္စရေးလေကြောင်းကုမ္ပဏီတစ်ခုတွင် အောက်သက် တာဝန်ယူခဲ့သည်။ ဤသို့ ဤသို့လျှင် ရှည်လျားထွေပြားလှ၍ ရှုပ်ထွေးပေါင်းစုံတို့ဖြင့် ကြုံခဲ့ဆုံခဲ့ရသော မိမိ၏ နောက်ကြောင်းဖြစ်ရပ်များကို မေ့ပျောက်ပစ်ရန် နည်းအမျိုးမျိုးဖြင့် အစွမ်းကုန် ကြိုးစားခဲ့ပါသော်လည်း လာဇာသည် ဤအဖြစ်အပျက်များကို ယနေ့တိုင် မမေ့နိုင်ဖြစ်နေခဲ့သည်။ အထူးသဖြင့်





အောဇ်ဝစ်နာဇီ ချေးတပ်စခန်းတွင် အမှတ်မထင် စက္ကန့်ပိုင်းအတွင်း မိမိနှင့် မိဖခင်တို့၏ မျက်စိအောက်မှ ရုတ်တရက် ပျောက်ကွယ်သွားခဲ့ရာမှ လုံးဝ ပြန်မတွေ့ကြရတော့ဘဲ အသေဆိုးဖြင့် သေခဲ့ကြရှာသော မိခင်နှင့် ညီမလေး ညီလေးများကို တစ်သက်တွင် ဘယ်လိုမှ မေ့မရအောင် ဖြစ်ခဲ့သည်။ ထိုနည်းတူစွာ ချေးတပ်စခန်းတွင် အစာငတ် ရေငတ်ဖြင့် သေခဲ့ကြရရှာသူများနှင့် နာဇီစစ်သားများ၏ သေနတ်ကျည်ဆန်များအောက်တွင် အသက်ပျောက်ခဲ့ကြရရှာသောသူများကိုလည်း မေ့မရအောင် ဖြစ်ခဲ့သည်။ ယခုသော်မူ သေကံမရောက် သက်မပျောက်ဆိုသော စကားပမာ ကံကောင်းထောက်မ၍ သေရွာမှ ပြန်ရောက်လာခဲ့သော လာဇာသည် နာဇီရာဇဝတ်ကောင်များအနက် အရက်စက်ဆုံး အရိုင်းစိုင်းဆုံးဖြစ်သော လူသတ်သမားတစ်ယောက်အား ထိုက်တန်သော ပြစ်ဒဏ်ကိုပေးရန် ကြိုးပမ်းရာ၌ မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်ရတော့မည် ဖြစ်သည်။ ဤသည်ကို စဉ်းစားလိုက်မိသည်နှင့် လာဇာမှာ စိတ်ထဲတွင် အကြီးအကျယ် လှုပ်ရှားသွားခဲ့သည်။

သူတို့ စီးနင်းလိုက်ပါလာသော လေယာဉ်သည် ဗျူနိုအဲရစ္စမြို့လေဆိပ်သို့ ဆင်းသက်ခဲ့ပြီးနောက် လေကြောင်းကုမ္ပဏီ၏ ဧည့်သည်များအဖြစ် ပထမတန်းမှ စီးနင်းလိုက်ပါလာခဲ့ကြသော သူတို့နှစ်ယောက်သည် ပထမတန်းတံခါးပေါက်မှ ဆင်းလာခဲ့ကြသည်။ ထိုအခိုက် လေယာဉ်ပြေးလမ်းကြောင်းပေါ်မှနေ၍ ဓာတ်ပုံဆရာတစ်ယောက်သည် သူတို့နှစ်ယောက်အား ဖျတ်ခနဲ ဓာတ်ပုံလှမ်းရိုက်သည်ကို တွေ့ရသည်။ လာဇာမှာ ရုတ်တရက် အထိတ်တလန့်ဖြစ်သွားသည်။ ကြွန်ုပ် မိမိနှင့် ကီဒမ်တို့သည် အိုက်ခ်မန်းအားဖမ်းရန် လာရောက်ခြင်းဖြစ်သည်ကို သိသွားကြပြီပဲဟု ထင်လိုက်မိသည်။ သို့သော် ခဏအကြာတွင် ဓာတ်ပုံဆရာသည် မိမိတို့ထံလာ၍ စောစောက လေယာဉ်ပေါ်မှ အဆင်းတွင် ရိုက်ယူခဲ့သော ဓာတ်ပုံများကို လာရောင်းတော့မှ စိတ်အေးသွားရတော့သည်။

သူတို့ကို လေဆိပ်တွင် အက်စ်သာရိုစင်နှင့် သူမ၏ ခင်ပွန်းတို့က လာရောက်ကြိုဆိုကြသည်။ အက်စ်သာသည် သူမ၏ခင်ပွန်းဖြစ်သူ ဗျူနိုအဲရစ္စမြို့သို့ ပုဂ္ဂလိကလုပ်ငန်းတစ်ခုတွင် အလုပ်လုပ်ရန် ပြောင်းရွှေ့လာသည်အထိ မိမိတို့ လေကြောင်းကုမ္ပဏီ၌ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သော ဝါရင့် အမှုထမ်းတစ်ဦးဖြစ်သည်။ ယခု အထူးလေယာဉ်ပျံသန်းမှုတွင် လေကြောင်းကုမ္ပဏီမှ သူ့ထံမှ လိုအပ်သော အကူအညီများ တောင်းခံခဲ့သည်။ အထူးသဖြင့် ဗျူနိုအဲရစ္စမြို့မှ အပြန်ခရီးတွင် လိုက်ပါကြမည့် အရပ်သားခရီးသည်များကို သူမက စီစဉ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယူ၍ ကြိုတင်လက်ခံထားရန် ဖြစ်သည်။ ထို့ပြင် လေကြောင်းကုမ္ပဏီမှ ကိုယ်စားလှယ်များအတွက် နေရာထိုင်ခင်း စီစဉ်ပေးရန်လည်း သူမအား တာဝန်လွှဲအပ်ထားခဲ့ရာ သူမသည် ဟိုတယ်တစ်ခုတွင် သူတို့အတွက် သီးသန့်အခန်းများ ကြိုတင်စီစဉ်ခဲ့ပြီးဖြစ်သည်။

ထိုအခိုက် ရုတ်တရက် တာလ်မီရောက်လာပြီး ကြိုတင်စီစဉ်ထားသည့်အတိုင်း ကီဒမ်အား ယခုမှ သိရလေဟန်ဖြင့် သူ့ကိုယ်သူ မိတ်ဆက်ကာ ဧည့်သည်နှစ်ယောက်အား ဟိုတယ်တစ်ခုစီ သီးခြားတည်းခိုကြရမည်ဖြစ်ကြောင်း ပြောလိုက်ရာ အက်စ်သာမှာ တအံ့တသြဖြစ်ကာ စိတ်ထဲတွင် ခိုးလိုးခုလုဖြစ်သွားခဲ့သည်။

ထို့နောက် တာလ်မီသည် ကီဒမ်အား ယနေ့ညနေဘက်တွင် ဟိုတယ်အခန်းအတွက် မှတ်ပုံတင်ပြီးနောက် ကဖီးဆိုင် တစ်ဆိုင်တွင် လူတစ်ယောက်စောင့်နေမည်ဖြစ်၍ သွားတွေ့ရန် ပြောကြားကာ ယင်း ကဖီးဆိုင်ရှိသည့် နေရပ်လိပ်စာကို ပေးလိုက်သည်။

❒

ထိုနေ့ ညနေပိုင်း အတော်ကလေး မိုးချုပ်သည့်အချိန်လောက်တွင် ကျွန်ုပ်သည် ကဖီးဆိုင်တစ်ဆိုင်တွင် ကီဒမ်အား စောင့်နေခဲ့သည်။ များမကြာမီ သူ၏ ပြုံးနေသော မျက်နှာကို တံခါးဝတွင် မြင်လိုက်ရသည်။ သူက သူ၏မိတ်ဆွေ လာဇာနှင့် ကျွန်ုပ်အား မိတ်ဆက်ပေးသည်။ ထို့နောက် ကျွန်ုပ်က သူတို့အား အပြန်ခရီးအတွက် အထူးလေယာဉ်ပျံသန်းရေးနှင့် စပ်လျဉ်းသည့် အရေးကြီးသော လိုအပ်ချက်များကို နောက်ထပ် လူချင်းတွေ့၍ ပြောကြားမည်ဖြစ်ကြောင်းနှင့် လောလောဆယ် အခိုက်အတန့်တွင်မူ အိုက်ခ်မန်းအား ဖမ်းလာပြီး လေယာဉ်ပေါ်သို့ တင်ပို့ရာ၌ သူတို့နှစ်ယောက်က အတတ်နိုင်ဆုံး ချောချောမောမော ဖြစ်အောင် အခြေအနေများကို ဖန်တီး၍ အကူအညီပေးကြရန် ပြောကြားခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အချင်းချင်း လျှို့ဝှက်တွေ့ဆုံကြရန် အစီအစဉ်များကို စီစဉ်သတ်မှတ်ခဲ့ကြပြီးနောက် လာဇာအား ကျွန်ုပ်နှင့် တွေ့သည့်အကြောင်း မှလက ကြိုတင်စီစဉ်ထားခြင်း မရှိပါက ကျွန်ုပ်အား မသိသည့်အနေအကြောင်း ဟန်ဆောင်နေရန် မှာကြားခဲ့သည်။ ဤနေရာ၌ ကီဒမ်မှာ အတွေ့အကြုံ ရင့်နေပြီးဖြစ်သော်လည်း လာဇာမှာမူ ယခုကဲ့သို့ လျှို့ဝှက်ရပ်ဖျက်လှုပ်ရှားရသည့် လုပ်ငန်းများတွင် ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်နေ၍





အနည်းငယ် စိတ်လှုပ်ရှားနေသည်။ တစ်ခါတွင် ကျွန်ုပ်သည် သူနှင့် လမ်းပေါ်၌ အမှတ်မထင် လူချင်းဆုံမိကြရာ သူသည် ကျွန်ုပ်အား နှုတ်မဆက်လိုက်ရသည့်အတွက် အတော်ကလေး စိတ်မကောင်းဖြစ်သွားသည့် အမူအရာကို တွေ့လိုက်ရသည်။

ကီဒမ်က ကျွန်ုပ်ထွက်လာသည့်အချိန်နှင့် သူထွက်လာသည့်အချိန်ကာလအကြား နှစ်ရက်အတောအတွင်း အစ္စရေး၌ လေကြောင်းကုမ္ပဏီက လုပ်ဆောင်ခဲ့သည့် အစီအစဉ်များကို ကျွန်ုပ်အား ပြောပြခဲ့သည်။ ကျွန်ုပ်တို့၏ စကားအဆုံးမသတ်မီ အထူးလေယာဉ်ပျံသန်းမှုနှင့် ပတ်သက်၍ ရသင့် ရထိုက်သည့် အခွင့်အရေးများနှင့် သက်ဆိုင်ရာ အာဏာပိုင်များထံမှ ခွင့်ပြုချက်များကို အမြန်ဆုံးရရှိအောင် ချက်ချင်း စတင်လုပ်ကိုင်ရန် မှာကြားခဲ့သည်။ ထို့နောက် သူတို့နှစ်ယောက်စလုံး၊ အထူးသဖြင့် လာဇာအား လေဆိပ်တစ်ခုလုံး၏ အနေအထားများနှင့် တပ်ဆင်ထားသည့် ကိရိယာတန်ဆာပလာများကို အသေးစိတ် ကြည့်ရှုမှတ်သားထားရန်နှင့် အကောက်ခွန်ဌာနမှ စည်းကမ်းသတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများကို လေ့လာထားရန် ညွှန်ကြားခဲ့သည်။

ကျွန်ုပ်တို့ လူချင်းခွဲကြသည့်အချိန်တွင် အတော်ပင် ညဉ့်နက်နေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် နက်ဖြန်ညနေတွင် ထပ်မံတွေ့ဆုံ၍ နက်ဖြန် တစ်နေ့တာအတွင်း သူတို့ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှ တိုးတက်မှု အခြေအနေအရပ်ရပ်ကို တင်ပြအစီရင်ခံရန်နှင့် ကျွန်ုပ်အနေဖြင့် နောက်ထပ်ညွှန်ကြားချက်များပေးရန် ချိန်းဆိုလိုက်ကြသည်။

❒

ယနေ့ မေလ ၂ ရက်နေ့တွင် ကာရင်သည် လေကြောင်းခရီးဖြင့် အတော်ကလေး ခက်ခက်ခဲခဲ လာခဲ့ရပြီး ဗျူနိုအဲရစ္စမြို့သို့ ဆိုက်ရောက်လာခဲ့သည်။ သူနှင့်အတူ အထုပ်အပိုးများ တစ်ပုံတစ်ပင်ကြီး ပါလာခဲ့ရာ ယင်းအထုပ်အပိုးများထဲတွင် စစ်ဆင်ရေးအတွက် အသုံးပြုရန် လိုအပ်သည့် ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် တိုလီမိုလီ အသေးအဖွဲများပါ ပါ၍ သူကိုယ်တိုင် အသုံးပြုရန် လက်နက်ကိရိယာများလည်း ပါဝင်ခဲ့သည်။ ကာရင်မှာ လမ်းခရီးတစ်လျှောက်လုံး သူ့အတွက် အလွန်အဖိုးတန်လှသည့် ဤပစ္စည်းများနှင့်ပတ်သက်၍ တစ်ခုခု ကိုးရိုးကားရား ဖြစ်လေမလားဟု စိတ်တထင့်ထင့် ဖြစ်လာခဲ့ရသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဤပစ္စည်းများသာ မရှိလျှင် စစ်ဆင်ရေးကြီးတစ်ခုလုံး ကမောက်ကမဖြစ်ကာ နှောင့်နှေးပျက်ပြားသွားနိုင်သည်ကို သူသိထားသောကြောင့် ဖြစ်သည်။

သို့ဖြင့် ကာရင်သည် ဥရောပတိုက် လေဆိပ်တစ်ခုတွင် လေယာဉ်ပြောင်းစီးရသည့်အခါ သူ့ပစ္စည်းများကို မျက်စိအောက်မှ အပျောက်မခံရဲဘဲ လေယာဉ်တစ်စင်းမှ တစ်စင်းသို့ အတင်အချလုပ်မလုပ် ကိုယ်တိုင် အပင်ပန်းခံ၍ စောင့်ကြည့်ခဲ့သည်။ နောက်ဆုံး၌ သူ့ပစ္စည်းများ အားလုံးနှင့်တကွ ဗျူနိုအဲရှစ္စ လေဆိပ်သို့ စိတ်ချလက်ချ ရောက်လာသည့်အခါတွင်မှ သူ့စိတ်ထဲမှာ စစ်ဆင်ရေး အသေးစားကလေးတစ်ခု အောင်မြင်သွားပြီဟု မှတ်ယူကာ သက်ပြင်းအခါခါ ချမိတော့သည်။

သူသည် ရောက်လျှင်ရောက်ချင်း ကြိုတင်ချိန်းဆိုထားသည့် မြို့ထဲမှ ကဖီးဆိုင် တစ်ဆိုင်သို့ အရေးတကြီး သွားခဲ့သည်။ ထိုဆိုင်တွင် အသင့်စောင့်နေသော တာလ်မီကို တွေ့ရသည်။ တာလ်မီက ဝမ်းသာအားရဖြင့် ကာရင်အား ရယ်စရာ မောစရာများကို ပြောသော်လည်း ကာရင်မှာ တာလ်မီ၏ ပြက်လုံးများကို လုံးဝ စိတ်မဝင်စားဘဲ သူ့ပစ္စည်းများကို ဘေးကင်းရာ၊ လုံခြုံစိတ်ချရာ အရပ်သို့ အမြန်ဆုံးပို့ရန်သာ စိတ်စောနေခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် ကာရင်နှင့် ပါလာသော ပစ္စည်းများနှင့် အထုပ်အပိုးများကို သယ်၍ 'ခံတပ်'ရှိရာသို့ ကားဖြင့် လာခဲ့ကြသည်။ ကာရင်သည် ဤ'ခံတပ်'တွင် နေ၍ လုပ်စရာရှိသမျှကို လုပ်ရမည်ဖြစ်သည်။ တစ်ခါတစ်ရံ လိုအပ်သည့် ပစ္စည်းအသေးအဖွဲကလေးများကို ထွက်၍ ဝယ်သည့်အခါများမှတစ်ပါး ကာရင်သည် စစ်ဆင်ရေး စတင်လှုပ်ရှားတော့မည့် အချိန်အထိ အားလုံး အစစ အဆင်သင့်ဖြစ်အောင် ဤနေရာတွင် ထောင်ကျအကျဉ်းသားတစ်ယောက်လို အပြင်သို့ လုံးဝမထွက်ဘဲ နေရမည်ဖြစ်သည်။

❐

ဤ[illegible]အတွင်း ရှေ့ပြေးတပ်ဖွဲ့ဝင်များမှာလည်း လုံခြုံစိတ်ချရသည့် အိမ်များ [illegible]အတွက် အစွမ်းကုန် ဆက်လက်ကြိုးစားနေကြရသည်။ အီဟာတ်နှင့် ကဲနက်[illegible] ထိုနေ့နံနက်တွင် ဗျူနိုအဲရှစ္စမြို့နှင့် မလှမ်းမကမ်းရှိ အပန်းဖြေစခန်း [illegible] သွားရောက်ကြည့်ရှုခဲ့ကြသည်။ ဤတွင် ထိုအခန်းမှ အဆောက်အအုံ [illegible] သူတို့နှစ်ယောက်အား လူကဲခတ်လွဲကာ ဂျာမန်များဟူ၍ ယူဆ ပြီး [illegible]တ်သည့် အိမ်ရှင်များထံသို့ ခေါ်သွားသဖြင့် သူတို့သည်





အိမ်အချို့ကို လိုက်လံကြည့်ရှုခဲ့ကြရသည်။ သို့သော် ယခုတစ်ကြိမ်တွင်လည်း စိတ်တိုင်းကျအိမ်ကို မတွေ့ရဘဲ ဖြစ်နေပြန်သည်။ သူတို့စိတ်ကြိုက် လုံခြုံရေး အတွက် စိတ်ချရသည့် နေရာတစ်နေရာကိုတော့ တွေ့ခဲ့ကြသည်။ သို့သော် ထိုနေရာတွင် ရှိနေသည့်အိမ်မှာ သေးလွန်းနေပြီး မိမိတို့ ဖမ်းထားသည့် တရားခံရော၊ ထိုတရားခံကို စောင့်ကြပ်ရမည့် မိမိတို့အဖွဲ့ဝင်များအတွက်ပါ နေရာထိုင်ခင်း မလုံမလောက်ဖြစ်နေသည်ကို တွေ့ရသည်။ တစ်ဖန် အဆောက်အအုံ အနေအထားအရ သူတို့စိတ်တိုင်းကျသည့် အိမ်တစ်အိမ်ကို တွေ့ပြန်ပါသော်လည်း ထိုအိမ်မှာ အခြားအိမ်များနှင့် နီးကပ်လွန်းနေသဖြင့် လုံခြုံမှုမရှိဘဲဖြစ်နေပြန်သည်။ ထို့နောက် မိမိတို့လုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်မည်ဟု ယူဆရသည့် အခြား အိမ်တစ်အိမ်ကို တွေ့ပြန်သည့်အခါတွင်လည်း ထိုအိမ်မှာ ငှားရန်မဟုတ်ဘဲ ရောင်းရန်ဖြစ်နေပြန်သည်။

အီဟာတ်နှင့် ကဲနက်တို့နှစ်ယောက် ထိုအခြေအနေမျိုး ဖြစ်နေခိုက်တွင် အက်ရှက်သည်လည်း ကြိုတင်သတ်မှတ်ထားသည့် ကဖီးဆိုင်များသို့ တစ်ဆိုင်ပြီး တစ်ဆိုင် ထိုင်ရင်း ဂါဘီနှင့် အီလီတို့ကို စောင့်မျှော်နေခဲ့ရသည်။ ဂါဘီတို့သည် အစီအစဉ်အရဆိုလျှင် ယနေ့ နက်ဖြန် ရောက်လာမည်ဟု မျှော်လင့်ရသည်။ သို့သော် မျှော်လင့်ထားသလို ဂါဘီနှင့် အီလီတို့သည် ယနေ့လည်းမရောက်၊ နက်ဖြန်လည်း မလာဘဲဖြစ်နေကြရာ အက်ရှက်မှာ အချိန်ကုန်လူပန်း ဖြစ်ခဲ့ရသည်။

❐

ယနေ့ တနင်္လာနေ့ဖြစ်၍ ကလီမင့်အိမ်ကို စောင့်ကြည့်ရန်အတွက် အစီအစဉ်အသစ်တစ်ခု ချမှတ်လိုက်ကြသည်။ စစ်ဆင်ရေးအဖွဲ့ဝင် သုံးယောက်သည် ထိုနေ့ ညနေဘက်တွင် 'ပစ်ကွင်း'ရှိရာရပ်ကွက်သို့ ထွက်လာခဲ့ကြသည်။ ယခုတစ်ကြိမ်တွင် သူတို့၏ အစီအစဉ်မှာ ကလီမင့်သည် ဘတ်စ်ကားနံပါတ် ၂၀၃ ကို မစီးမီ မည်သည့်နေရာမှလာခဲ့၍ မည်သည့်မှတ်တိုင်တွင် ဘတ်စ်ကားတက်စီးသည်ကို လိုက်လံကြည့်ရှုရန်ပင် ဖြစ်သည်။

ကဲနက်နှင့် အက်ရှက်တို့သည် စန်ဖာနန်ဒိုဘူတာရုံသို့ သွားရောက်၍ အမှတ် ၂၀၂ နှင့် အမှတ် ၁၉၅ လမ်းမကြီး နှစ်ခု၏ လမ်းဆုံအနီး မီးရထားသံလမ်းဘေးမှ မယောင်မလည် စောင့်ကြည့်နေခဲ့ကြသည်။ ထိုနေရာတွင် ရထား သံလမ်းတံခါးကို ဘတ်စ်ကားများလာမှ ဖွင့်ပေးသည်ကို ခေတ္တရပ်၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com




ရသည်။ သူတို့နှစ်ယောက်သည် ထိုနေရာသို့ ညနေ ၆ နာရီ ၄၅ မိနစ်အချိန်တွင် ရောက်ရှိသွားခဲ့ကြပြီး ခါတိုင်း ကလီမင့်လာနေကျအချိန်ကို ကျော်လွန်သွားသည်အထိ စောင့်ကြည့်ခဲ့ကြသည်။ သို့သော် ကလီမင့်မှာ လုံးဝ ပေါ်မလာသဖြင့် နှစ်ယောက်သား အကြီးအကျယ် စိတ်ပျက်သွားခဲ့သည်။

အီဟတ်မှာမူ မီးရထားခုံးအနီး ကလီမင့်၏ အိမ်ဝင်းနှင့် ကပ်နေသော နေရာမှ စောင့်ကြည့်ခဲ့သည်။ သူတို့သည် ယခင်တစ်နေ့က သူစိမ်းနှစ်ယောက်လာ၍ မိမိတို့အား မသင်္ကာသည့်အမူအရာဖြင့် ကြည့်သွားခဲ့ပြီးသည့်နောက် မီးရထားခုံးပေါ်တွင် ကြာကြာနေလျှင် သံသယဖြစ်မည်စိုး၍ တတ်နိုင်သမျှ အချိန်အနည်းငယ်သာ နေခဲ့ကြသည်။ သို့ဖြစ်ရာ အီဟတ်သည် ထိုအနားတစ်ဝိုက်တွင် မယောင်မလည် စောင့်ကြည့်ခဲ့ပြီး မီးရထားခုံးပေါ်သို့ တက်သင့်မသင့် အခြေအနေကို အကဲခတ်နေခဲ့သည်။ အနီးအနားတစ်ဝိုက်တွင် လူသူအရိပ်အယောင် မမြင်ရသည့်အတွက် ခုံးပေါ်သို့တက်ကာ ယခင်က ထိုင်နေကျ ဆင်ခြေလျှောပေါ်ထိုင်ကာ ကလီမင့်လာနေကျလမ်းဘက်သို့ မျှော်ကြည့်နေခဲ့သည်။

အီဟတ်အတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခါတိုင်းထက်ပို၍ စိတ်ရှည်လက်ရှည် စောင့်ကြည့်ခဲ့သဖြင့် ခါတိုင်းထက်နောက်ကျ၍ လာနေသော ကလီမင့်ကို သူလှမ်းမြင်လိုက်ရသောကြောင့်ဖြစ်သည်။ လမ်းဘေးဈေးဆိုင်ကလေးအနီးမှ ဘတ်စ်ကားမှတ်တိုင်သို့ ကလီမင့် ရောက်သောအခါ ည ၈ နာရီ ထိုးလုနီးပါး ဖြစ်နေပြီဖြစ်သည်။

ထို့နောက် ကဲနက်နှင့် အက်ရှက်တို့ ရောက်လာကြသဖြင့် သူတို့သုံးယောက်စလုံး ဗျူနိုအဲရစ္စမြို့သို့ ပြန်ခဲ့ကြသည်။ လမ်းတွင် ယနေ့အထိ သူတို့စောင့်ကြည့်ခဲ့ကြရာမှ တွေ့ကြုံခဲ့ရသည့် အခြေအနေကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ သူတို့စောင့်ကြည့်ခဲ့ကြသည့် ငါးရက်လုံးလုံး ညနေစောင်းတွင် အိမ်ပြန်လာသော ကလီမင့်ကို တွေ့မြင်ခဲ့ရ၍ လေးရက်တွင် ၇ နာရီ ၄၅ မိနစ်အချိန်၌ တွေ့မြင်ခဲ့ရ၍ တစ်ရက်တွင် ၈ နာရီထိုးခါနီးတွင် တွေ့မြင်ခဲ့ရသည်ကို မှတ်သားခဲ့ကြသည်။



[illegible] ၃ ရက်နေ့တွင် ကျွန်ုပ်သည် ကဲနက်နှင့်အတူ နံနက်ပိုင်းမှာပင် ပစ်ကွင်းရှိရာ[illegible] ဆောင့်ကြည့်ရန် လိုက်ပါလာခဲ့သည်။ ကျွန်ုပ်တို့သည် စစ်ဆင်ရေးနှင့် [illegible]သည့် နေရာများနှင့် ကြိုတင်ပြင်ဆင်ရမည့် နေရာများကို





အနှံ့အပြား ကားဖြင့်လှည့်၍ ကြည့်ရှုခဲ့ကြသည်။ ထိုရပ်ကွက် ထိုနေရာတစ်ဝိုက်မှ လမ်းများနှင့် စောင့်ကြည့်ရမည့် နေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး နောက်ဆုံးတွင် ကလီမင့်အိမ်ရှေ့မှဖြတ်၍ ကားမောင်းလာခဲ့ကြသည်။ အမှတ် ၂၀၂ လမ်းမကြီးတစ်လျှောက် ကားမောင်းလာရင်း လမ်းဘေးဈေးဆိုင်ကလေးကို ရှုတစိုက် ကြည့်ခဲ့ကြသည့်ပြင် ဈေးဆိုင်ကလေးနှင့် ကလီမင့်အိမ်အကြားရှိ လမ်း၏အနေအထားကိုလည်း လေ့လာမှတ်သားခဲ့ကြသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကလီမင့်၏အိမ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဘာတစ်ခုမှ သားသားနားနားမရှိဘဲ ခပ်နုံနုံ ခပ်ချာချာဖြစ်နေသည်ကို မြင်ရသောအခါ ကျွန်ုပ်၏စိတ်ထဲတွင် မရေမရာနှင့် ဇဝေဇဝါဖြစ်ခဲ့မိသည်။ အိုက်ခ်မန်းနေသည့်အိမ်သည် သည်လိုအိမ်မျိုး ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယဝင်ခဲ့မိသည်။ ကျွန်ုပ်တို့အနေဖြင့် တိကျခိုင်လုံသည့် သက်သေအထောက်အထားဟူ၍ လက်ဆုပ်လက်ကိုင် ပြစရာမရှိသေးဘဲ ဖြစ်နေသည်ကို ကြည့်ရခြင်းအားဖြင့် ကလီမင့်သည် အမှန်တကယ်ပင် ကျွန်ုပ်တို့ အလိုရှိနေသည့် အိုက်ခ်မန်းဟုတ်မှ ဟုတ်ရဲ့လားဟူ၍ ဒွိဟဖြစ်ကာ မဝေခွဲနိုင်အောင် ရှိနေခဲ့သည်။

သို့သော် ယခုအထိ ကျွန်ုပ်ကိုယ်တိုင် လေ့လာကြည့်ရှုရသလောက် အကယ်၍သာ အိုက်ခ်မန်း၏ နေ့စဉ်လှုပ်ရှားသွားလာမှုများ၏ တစ်စိတ်တစ်ဒေသကို အတိအကျ ပုံစံမှန်မှန် သိရပြီဆိုပါက သူ့အိမ်နှင့် လမ်းဘေးဈေးကလေးအကြားရှိ လမ်းမကြီးပေါ်မှာပင် သူ့ကိုလက်ရဖမ်းရန် စီစဉ်ရတော့မည်ဖြစ်သည်။

အီဟတ်နှင့်အတူ အိုက်ခ်မန်းအား ဖမ်းဆီးရာတွင် ကိုယ်တိုင်ပါဝင်ရမည့်သာရင်တို့သည် ထိုအချိန်က ပစ်ကွင်းရှိရာအရပ်သို့ လေ့လာထောက်လှမ်းလျက်ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား ညဘက်တွင် ဖမ်းဆီးရန် ရည်ရွယ်ထားသော်လည်း ဖမ်းဆီးရာတွင် ပါဝင်မည့်သူအားလုံး ထိုနေရာတစ်ဝိုက်ကို နေ့ခင်းဘက်၌ ကြည့်ရှုလေ့လာထားရန် လိုအပ်သောကြောင့်ဖြစ်သည်။

ထိုနေ့က နေ့ခင်းဘက်တွင် ကျွန်ုပ်သည် တာလ်မီနှင့်အတူ မြို့ပြင်တစ်နေရာသို့ ထွက်လာခဲ့သည်။ ပွဲစားတစ်ယောက်က တာလ်မီအား အိမ်တစ်အိမ်ငှားရန်ရှိနေသည်ဟု လာရောက်ပြောသဖြင့် ထိုအိမ်ကို သွားရောက်ကြည့်ရှုကြခြင်းဖြစ်သည်။ စစ်ဆင်ရေးကို လက်တွေ့စတင်ရန် တဖြည်းဖြည်း နီးလာ၍ အချိန်သိပ်မရှိတော့သည့်ပြင် လုံခြုံစိတ်ချရသည့် အိမ်များကို ယခုအထိ ရှာမတွေ့[illegible]သေးခြင်းလေးစရာဖြစ်နေသည့်အတွက် ဤကိစ္စကို ကျွန်ုပ်ကိုယ်တိုင် ဝင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရန်နှင့် ဖြစ်နိုင်လျှင် စိတ်ကြိုက်အိမ်ကို တွေ့သည်နှင့်တစ်ပြိုင်နက် ချက်ချင်း ဆုံးဖြတ်၍ ချက်ချင်းငှားရန် စီစဉ်ထားသည်။ ယခုတစ်ကြိမ် ကျွန်ုပ်တို့တွေ့ရှိသည့် အိမ်မှာ အားလုံး စိတ်တိုင်းကျမဖြစ်သော်လည်း အတော်ကလေး အခြေအနေကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ပြီး အိမ်လခမှာလည်း များများစားစား မဟုတ်ဘဲ တန်ရာတန်ကြေးပင် ဖြစ်နေသည်။ အနီးအနားတစ်ဝိုက်တွင် အခြား အိမ်များ ရှိနေသည်မှန်သော်လည်း ဤချို့ယွင်းချက်နှင့် ပတ်သက်၍မူ လျှို့ဝှက် လုပ်ငန်းများနှင့် ပတ်သက်၍ ထောက်လှမ်းရေးသင်တန်းကျောင်းများမှ သင်ရိုး ညွှန်းတမ်းများနှင့် မကိုက်ညီသည့်တိုင်အောင် အခြေအနေအရ ကိုင်တွယ်ဖြေရှင်း သွားနိုင်မည်ဟု ယူဆမိသည်။ အထူးသဖြင့် ထိုအိမ်မှာ ကျွန်ုပ်တို့လုပ်ငန်းအတွက် အတော်ကလေး အဆင်ပြေစရာရှိနေသည်။ ပစ်ကွင်းအဖြစ် ကျွန်ုပ်တို့ ရည်ရွယ် သတ်မှတ်ထားသည့် နေရာနှင့် ထိုအိမ်သို့ သွားရေးလာရေး လွယ်ကူနေသည့်ပြင် ထိုအိမ်မှတစ်ဖန် လေဆိပ်ရှိရာသို့ အလွယ်တကူ သွားနိုင်လာနိုင်သည်ကို တွေ့ရ ရသည်။

ထိုအိမ်နှင့်ပတ်သက်၍ အဓိကချို့ယွင်းချက်မှာ အိမ်တွင်း၌ အခန်းများ ဖွဲ့ထားပုံနှင့် ဆောက်လုပ်ထားပုံများပင်ဖြစ်သည်။ အခန်းများ ဖွဲ့စည်းဆောက်လုပ် ထားပုံမှာ ကျွန်ုပ်တို့ ဖမ်းဆီးချုပ်နှောင်ထားမည့်သူနှင့် ထိုသူကို ထိန်းသိမ်း စောင့်ရှောက်ရမည့် အစောင့်အကြပ်များအတွက် လုံလောက်သည့် နေရာထိုင်ခင်း နှင့် သင့်တော်သည့် လုံခြုံမှုအနေအထားများ မရှိဘဲဖြစ်နေသည်။ ကျွန်ုပ်တို့ အတွက် လိုအပ်သည့် နေရာထိုင်ခင်းမှာ အဖမ်းခံပုဂ္ဂိုလ်နှင့်တကွ အစောင့်အကြပ် များအပြင် ဆရာဝန်အတွက်ပါ လုံလောက်သည့် အကျယ်အဝန်း ရှိရမည့်အပြင် ရိုးရိုးသားသား သာမန်အားဖြင့် မတော်တဆ ရောက်ရှိလာကြမည့် ဧည့်သည် များကို ဣန္ဒြေမပျက် ဧည့်ခံနိုင်ရန်အတွက်သော်လည်းကောင်း၊ အိမ်နားနီးချင်း များ၏ စိတ်ထဲတွင် တစ်စုံတစ်ရာ ထူးထူးခြားခြား မသင်္ကာဖွယ်ရာ မဖြစ်စေရန် အတွက်သော်လည်းကောင်း၊ သင့်တော်သည့် အနေအထားများ ရှိနေရမည်ဖြစ် သည်။ အထူးသဖြင့် အိမ်တွင်း၌ အခန်းများဖွဲ့ထားပုံမှာ စိတ်ချလက်ချ ပုန်းအောင်း နေနိုင်ရန်အတွက် လုံခြုံသည့် အနေအထားမျိုးရှိရန် လိုအပ်လှသည်။ အကယ်၍ မမျှော်လင့်ဘဲ ရဲအရာရှိများ ရောက်လာကြပြီး ရှာဖွေစစ်ဆေးသည့်အခါမျိုး၌ လူတစ်ယောက်အား ကျန်းမာရေးအရ တစ်စုံတစ်ရာ ထိခိုက်ပျက်ပြားမှုမဖြစ်စေဘဲ ဝှက်ထားနိုင်သည့် နေရာမျိုးရှိရမည်ဖြစ်သည်။





ယခု ကျွန်ုပ်တို့ တွေ့ရှိထားသည့်အိမ်မှာ အထက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီဘဲဖြစ်နေသည်။ အိမ်ကလေးမှာ သေးငယ်ကျဉ်းမြောင်းသည်။ မြေကွက် သေးပေါ်တွင် ဆောက်လုပ်ထားပြီး အိမ်အတွင်းပိုင်းမှာလည်း ကျွန်ုပ်လိုချင်သည့် အနေအထားမျိုးမဟုတ်ဘဲဖြစ်နေသည်။ သို့သော် ဘာပဲဖြစ်ဖြစ် လောလောဆယ် အားဖြင့် ပိုမိုသင့်တော်ကောင်းမွန်သည့် အဆောက်အအုံ တစ်ခုခုကို ရှာမတွေ့ နိုင်သည့် အဆုံးတွင် ကျွန်ုပ်သည် ဤအိမ်ကလေးကိုပင် အရဲစွန့်၍ အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။ အကယ်၍ ကျွန်ုပ်တို့၏ ဆက်လက်ကြိုးပမ်းမှုကြောင့် ပိုမို ကောင်းမွန်သည့် အဆောက်အအုံတစ်ခုကို တွေ့ရလျှင်လည်း ဤအိမ်ကလေးကို အရန်သိုသန့်အဖြစ် ထားရှိရန်နှင့် ယုတ်စွအဆုံး လောလောဆယ် ကျွန်ုပ်တို့ အတွက် အလုပ်ဖြစ်မည့် နေရာတစ်နေရာ ရထားပြီဟူ၍ မိမိကိုယ်မိမိ စိတ်ထဲက အားပေးလိုက်ရသည်။

သို့ဖြင့် တာလ်မီသည် ချက်ချင်းပင် ကျသင့်သည့် အဖိုးအခများ ပေးချေ၍ ငှားရမ်းခဲ့ရာ ထိုအိမ်ကလေးမှာ ကျွန်ုပ်တို့ အပိုင်ဖြစ်လာခဲ့သည်။ ကျွန်ုပ်က ထိုအိမ်ကလေးကို 'နန်းတော်' ဟူ၍ လျှို့ဝှက်အမည် ပေးလိုက်သည်။

ညနေဘက်တွင် စစ်ဆင်ရေးအဖွဲ့ဝင် သုံးဦးသည် ပစ်ကွင်းအဖြစ် သတ်မှတ်ထားသည့် နေရာသို့ သွားရောက်ကာ ဘတ်စ်ကားအမှတ် ၂၀၃ ကို စောင့်သည့်နေရာ မည်သည့်မှတ်တိုင်မှ ကလီမင့် တက်ရောက်စီးနင်းလာသည်ကို ထပ်မံ၍ စောင့်ကြည့်ခဲ့ကြပြန်သည်။ ယခုတစ်ကြိမ်တွင် အီဟတ်သည် ကာရူပါ မြို့တွင်းရှိ ဘတ်စ်ကား စတင်ထွက်သည့်ဂိတ်သို့ သွားရောက်၍ ကဲနက်က ကာရူပါဘူတာရုံမှ စောင့်ကြည့်နေခဲ့သည်။ အက်ရှက်ကမူ စန်ဖာနန်ဒိုဘူတာမှ စောင့်ကြိုနေခဲ့သည်။

ကာရူပါမြို့ထဲမှ ဘတ်စ်ကား စတင်ထွက်ခွာလာသည့်အခါ အီဟတ်သည် ကားပေါ်တွင် ထိုင်၍လိုက်လာခဲ့ပြီး ကလီမင့် တက်လာမည့် မှတ်တိုင်ကို မသိ သော ကြည့်လာခဲ့သည်။ သူသည် ယခင်က သုံးလေးကြိမ် စောင့်ကြည့်ခဲ့ဖူးသည့် အတိုင်း ချိန်ကိုက်ဖြစ်အောင် ထွက်ပြီးမှ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ သို့သော် စန်ဖာနန်ဒိုသို့ ရောက်သည်အထိ လမ်းတစ်လျှောက်လုံး ကလီမင့်၏ အရိပ် အယောင်ကို လုံးဝ မတွေ့မမြင်ခဲ့ရဘဲ ဖြစ်ခဲ့သည်။

ဤအတောအတွင်း ကဲနက်တစ်ယောက်သည်လည်း ကာရူပါဘူတာရုံတွင် ရထားအလာကို စောင့်နေခဲ့သည်။ ရထားနှစ်စီးဆိုက်လာပြီး ပြန်ထွက်သွားကြ သည်အထိ ကလီမင့်ကို မတွေ့ရဘဲ ရှိခဲ့ရာ ကဲနက်သည် ၇ နာရီ ၄၅ မိနစ်အထိ



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် ဆိုက်လာသော တတိယရထားပေါ်သို့ တက်၍ စီးလာခဲ့သည်။ သို့ဖြင့် ခန်ဟာနန်ဒိုသို့သာ ရောက်လာခဲ့သည်။ ထိုရထားပေါ်တွင်လည်း ကလီမင်ကို လုံးဝ မတွေ့ရဘဲ ဖြစ်ခဲ့သည်။

သို့ဖြစ်ရာ သူတို့သုံးယောက် စန်ဖာနန်ဒိုဘူတာရုံတွင် ဆုံမိကြသည်နှင့် တခဏအကြာတွင် ဒဲလ်ပြိုင်နက် အီဟတ်နှင့် အက်ရက်တို့နှစ်ယောက်က ကားတစ်စီး၊ ကဲနက်က အခြားကားတစ်စီးဖြင့် ကလီမင့်အိမ်အနီးတစ်ဝိုက်သို့ သုတ်ခြေတင်၍ မောင်းလာခဲ့ကြသည်။ လမ်းဘေး ဈေးဆိုင်ကလေးရှိရာသို့ ရောက်သွားကြသည်နှင့် တစ်ပြိုင်နက် အမှတ် ၂၀၂ လမ်းမကြီးအတိုင်း ဂါရီဘာလ်ဒီ လမ်းဘက်ဆီသို့ လျှောက်လာနေသော ကလီမင့်အား ခါတိုင်းနေ့များလိုပင် ဘွားခနဲ တွေ့မြင်ကြရသည်။

ယခုတစ်ကြိမ်သည် လာနေကျလမ်းအတိုင်း အိမ်ပြန်လာသည့် ကလီမင့်အား ခြောက်ကြိမ်မြောက် တွေ့မြင်ကြရခြင်းဖြစ်သည်။

၇

ကီဒမ်နှင့် လာဇာတို့အတွက်လည်း အဆိုပါ မေလ ၃ ရက်နေ့သည် အကြီးအကျယ် သွားလာလှုပ်ရှားခဲ့ကြသော နေ့တစ်နေ့ပင်ဖြစ်သည်။ သူတို့သည် ထိုနေ့နံနက်ပိုင်းက အာဂျင်တီးနား အမျိုးသားလေကြောင်းဌာနသို့ သွားရောက်၍ အထူးလေယာဉ်ပျံသန်းမှုနှင့် ပတ်သက်သည့် အစီအစဉ်များအတွက် လိုအပ်သော အကူအညီများ ရယူရန် စုံစမ်းမေးမြန်းခဲ့ကြသည်။ ဥပမာဆိုရလျှင် သူတို့သည် 'ဘရစ်တိန်နီးယား' အမျိုးအစား လေယာဉ်များအတွက် အပိုပစ္စည်းများ ရနိုင် မရနိုင် စုံစမ်းကြည့်ခဲ့ကြသည်။ အာဂျင်တီးနား လေကြောင်းဌာနမှ ပုဂ္ဂိုလ်များက အဆိုပါ 'ဘရစ်တိန်နီးယား' လေယာဉ်များကို မိမိတို့ လေကြောင်းဌာနမှ အသုံးမပြုကြောင်း၊ သို့သော် ထိုလေယာဉ်အမျိုးအစားအတွက် အပိုပစ္စည်းများကို လေဆိပ်ရှိ အာဂျင်တီးနား ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် ရရှိနိုင်ကြောင်း စသည်ဖြင့် ပြန်လည်ပြောကြားခဲ့ကြသည်။ ထို့ပြင် အဆိုပါ အမျိုးသားလေကြောင်းဌာနမှ ပုဂ္ဂိုလ်များက ကီဒမ်နှင့် လာဇာတို့အား အစ္စရေးရှိ ၎င်းတို့လေကြောင်းဌာနမှ အခြားအရာရှိများနှင့် အဆက်အသွယ်ပြုလုပ်ရန် လျှပ်စစ်ကြေးနန်းစက်ကို အသုံးပြု၍ ဆက်သွယ်ပေးခဲ့ကြသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ဘီဇီဇာလေဆိပ်သို့ သွားရောက်၍ ပုဂ္ဂလိက ကုမ္ပဏီမှ ကိုယ်စားလှယ်နှင့် တွေ့ဆုံခဲ့ကြသည်။ အဆိုပါ ကိုယ်စား





လှယ်က ၎င်းတို့အား ယဉ်ကျေးဖော်ရွေစွာ ဆီးကြိုပြီးခံကာ ၎င်းတို့အလိုရှိသည့် လေယာဉ်အပိုပစ္စည်း အများအပြားပင် ရှိကြောင်းနှင့် အကယ်၍ ဝယ်မည်ဆိုပါက 'ဘရစ်တိန်နီးယား' အမျိုးအစား လေယာဉ်အင်ဂျင်စက်တစ်လုံးပင် အသစ်ကျပ်ချွတ် ရောင်းရန်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တစ်ဖန် ကီဒမ်နှင့် လာဇာတို့သည် အမျိုးသားလေကြောင်းဌာနမှ အမှုထမ်း အရာထမ်းများနှင့် လေဆိပ်မှ တာဝန်ခံပုဂ္ဂိုလ်များထံ သွားရောက်လာ မိမိတို့သည် အစ္စရေးအစိုးရလေကြောင်းဌာနမှ ပုဂ္ဂိုလ်များဖြစ်ကြောင်း မိမိတို့ဘာသာ မိတ်ဆက်ခဲ့ကြသည်။ သူတို့နှစ်ယောက်မှာ သွားလေရာရာတွင် လောကွတ်ပျူငှာ လက်ခံတွေ့ဆုံခြင်းများဖြင့် ကြိုခဲ့ကြရပြီး ဤလေဆိပ်တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များနှင့် နေ့စဉ်ပြုလုပ်နေကျ လုပ်ငန်းစဉ်များကိုပါ ရှင်းလင်းပြောပြ၍ အသေးစိတ် သိခဲ့ကြရသည်။

ထိုသို့ တစ်နေ့လုံး အစစ အရာရာ အဆင်ချော၍ အားရကျေနပ်လောက်စရာများဖြင့် ကြုံတွေ့ခဲ့ရပြီး နောက်ဆုံး ပြန်ကာနီးတွင်မှ အကြီးအကျယ် ပြဿနာတက်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက် လေဆိပ်မှ ပြန်လည်ထွက်ခွာကြရန် နောက်ဆုံးနှုတ်ဆက်စကား ပြောကြားတော့မှ အာဂျင်တီးနား အစိုးရ၏ ကြိုဆိုညှိခံရေး တာဝန်ခံအရာရှိများက ၎င်းတို့၏ စီစဉ်သတ်မှတ်ထားချက်များအရ လွတ်လပ်ရေးအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြမည့် အစ္စရေးအစိုးရ ကိုယ်စားလှယ်များအား မေလ ၁၉ ရက်နေ့ မွန်းလွဲ ၂ နာရီမတိုင်မီ ကြိုဆိုလက်ခံနိုင်ဖွယ်ရာ မရှိကြောင်း ဖွင့်ဟပြောကြားလိုက်သောကြောင့်ပင် ဖြစ်သည်။ အမှန်တကယ်အားဖြင့်ဆိုလျှင် အစစအရာရာ ချွတ်ယွင်းချက်များ မရှိစေရဘဲ ပြေပြစ်ချောမောစွာ စနစ်တကျ ကြိုဆိုညှိခံနိုင်ရန်အတွက် အစ္စရေးအစိုးရ ကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၉ ရက်နေ့ ညနေ ၅ နာရီကျော်မှ အာဂျင်တီးနားလေဆိပ်သို့ ဆိုက်ရောက်မည်ဆိုပါက အကောင်းဆုံးပင်ဖြစ်ကြောင်း သူတို့က ထပ်လောင်းပြောကြားလိုက်ကြသေးသည်။ သူတို့၏ ဖွင့်ဟပြောကြားချက်အရဆိုပါက မိမိတို့၏ အထူးလေယာဉ်ပျံသန်းမှု အစီအစဉ်သည် တနင်္ဂနွေတစ်ပတ်လုံးလုံး နှောင့်နှေးကြန့်ကြာရတော့မည်ဖြစ်ကြောင်း ကီဒမ်တို့ နားလည်လိုက်ကြသည်။

ထိုညက ကျွန်ုပ်သည် ကဖီးဆိုင်တစ်ဆိုင်တွင် အီဟတ်၊ ကဲနက်တို့နှင့် အဘူထိုင်ရင်း ကီဒမ်နှင့် လာဇာတို့ကို စောင့်နေခဲ့သည်။ ဆိုင်ထဲသို့ သူတို့နှစ်ယောက် ဝင်လာကြသောအခါ ကျွန်ုပ်တို့ စားပွဲရှိရာသို့ ...



www.burmeseclassic.com

www.burmeseclassic.com



ကီဒမ်၏ မျက်နှာကို မြင်လိုက်ရုံမျှဖြင့် တစ်ခုခု ချောက်ကျလာပြီဟု သိလိုက်ရသည်။ ကီဒမ်သည် စားပွဲရှိရာသို့ ရောက်လာပြီး မထိုင်ရသေးမီကပင် စကားစပြောတော့သည်။ ကျွန်ုပ်သည် သူပြောသမျှကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အခြေအနေမှာ 'ကျဉ်းထဲကျပ်ထဲ' ကျရောက်နေပြီကို သိလိုက်သည်။ ဤနေရာတွင် အကယ်၍ အာဂျင်တီးနား အာဏာပိုင်များအား ယခု ၎င်းတို့ စီစဉ်သတ်မှတ်ထားသည့် အစီအစဉ်များကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပေးရန် တစ်နည်းနည်းဖြင့် စွမ်းဆောင်နိုင်သည့်တိုင်အောင် ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်အနေဖြင့် တစ်စုံတစ်ရာ လုပ်ကိုင်ဆောင်ရွက်ရန် မသင့်ဟု တထစ်ချ ယူဆလိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် မသကာစရာ အဖြစ်မှာ မုချပေါ်ထင်ကြီးဖြစ်လာတော့မည်မှာ သေချာနေသောကြောင့်ဖြစ်သည်။ အမှန်စင်စစ် ကျွန်ုပ်တို့၏ အထူးလေယာဉ်ပျံသန်းမှုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ မသင်္ကာစရာ ဖြစ်လာမည့် အစီအစဉ် ကိစ္စမှန်သမျှကို လုံးဝရှောင်ရှားရန် အထူးလိုအပ်သည်ဟု ကျွန်ုပ် သဘောပေါက် နားလည်ထားပြီးဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ စစ်ဆင်ရေး အစီအစဉ်ကို ရက်ရွှေ့လိုက်သည်နှင့် တစ်ပြိုင်နက် မလိုလားအပ်သည့် အရဲစွန့်လုပ်ဆောင်မှုများ ပေါ်ပေါက်လာဖွယ်ရာ ရှိသည်ကိုလည်း ကျွန်ုပ် သိရှိထားပြီးဖြစ်သည်။ ထိုသို့ အစီအစဉ် ရက်ရွှေ့လိုက်ရပြီဆိုသည်နှင့် တစ်ပြိုင်နက် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း စိတ်ဓာတ်ကျဆင်းသွားကြမည်မှာ ပြောစရာမလိုတော့အောင်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ယခုနောက်ဆုံး သိရှိရသည့် အခြေအနေကို အာဂျင်တီးနားနှင့် အစ္စရေးမှ သိသင့်သိထိုက်သည့် ကျွန်ုပ်တို့လူများထံ အမြန်ဆုံး အကြောင်းကြားရန် ကီဒမ်အား ညွှန်ကြားခဲ့ရသည်။ အထူးသဖြင့် ယခုနောက်ဆုံး အပြောင်းအလဲအရ မူလက စီစဉ်ထားသည့် မိမိတို့၏ အစီအစဉ်များကို ပြင်ဆင်ရန် [illegible]အပ်သမျှ အချိန်မီ ပြင်ဆင်နိုင်ရန်နှင့် အာဂျင်တီးနား အာဏာပိုင်များ၏ သတ်မှတ်ခွင့်ပြုချက်အရ မိမိတို့ အထူးလေယာဉ် ဆိုက်ရောက်မည့်အချိန်နှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရန် ညွှန်ကြားခဲ့ရသည်။ ထိုသို့ ကျွန်ုပ်တို့၏ အထူးလေယာဉ် ပျံသန်းရေးအစီအစဉ် ပြောင်းလဲမှုသည် အစ္စရေးလေကြောင်း လုပ်ငန်းအတွက်လည်း အချိန်ဇယား ပြင်ဆင်ရေးဆွဲရမည်ဖြစ်၍ အတော်ကလေး အလုပ်ရှုပ်အောင် ဖြစ်စရာရှိနေသည်။





သို့ဖြင့် အခြားလူများ ပြန်သွားကြပြီးနောက် ကျွန်ုပ်သည် တစ်ယောက်တည်း ထိုင်၍ ကျန်ရစ်ခဲ့ရာမှ ယခုကဲ့သို့ လေယာဉ်ပျံသန်းမှုကို ရက်ရွှေ့လိုက်သည့်အတွက် အိုက်ခ်မန်းအား လက်ရဖမ်းဆီးရေး အစီအစဉ်များ မည်သို့မည်ပုံ ထိခိုက်နှောင့်နှေးလာမည်ကို စဉ်းစားတွေးတောနေမိသည်။ ယခုအတိုင်းဆိုလျှင် ခြောက်ရက်တိုင်တိုင် စောင့်ကြည့်ခဲ့ကြ၍ ခြောက်ကြိမ်တိတိ မြင်တွေ့ခဲ့ရသည့် အခြေအနေအရ ကလီမင့်၏ နေ့စဉ် အိမ်ပြန်နေကျအချိန်နှင့် ပြန်နေကျလမ်းခရီးမှာ လုံးဝ အပြောင်းအလဲ မရှိဟု မုချပြောနိုင်ပြီဖြစ်သည်။ ထိုသို့ အတိအကျ သိနေရပြီဖြစ်သည့်အတွက် အိုက်ခ်မန်းအား လက်ရဖမ်းဆီးကြမည့် စစ်ဆင်ရေးအစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ရန် သတ်မှတ်ထားသည့် အချိန်မှာလည်း ခုနစ်ရက်တိတိသာလျှင် လိုတော့သည်။

သို့သော် ယခုကဲ့သို့ နောက်ထပ်တနင်္ဂနွေ တစ်ပတ်ထပ်၍ စောင့်ရမည်ဆိုလျှင် ကလီမင့်၏ သွားနေကျအချိန်နှင့် သွားနေကျ လမ်းခရီးသည် အပြောင်းအလဲမရှိဟူ၍ မည်သူက အတပ်ပြောနိုင်ပါမည်နည်း။ တစ်စုံတစ်ခုသော အချိန်ကာလအတွင်း ကလီမင့်၏ အလုပ်ချိန်သည် နေ့နှင့်ည လုံးဝ အပြောင်းအလဲ မရှိဟူ၍ မည်သူ တာဝန်ခံနိုင်ပါမည်နည်း။ ထိုမှတစ်ဖန် ဤရက်ပိုင်းအတွင်း သူသည် အခြားအလုပ်တစ်ခုသို့ ပြောင်းသွားခဲ့ပါက သို့မဟုတ် မမာမကျန်း ဖြစ်နေခဲ့ပါက မည်သို့မည်ပုံ ဖြစ်လာပါမည်နည်း။

ဤရွှေ့ဤမျှသာလျှင် မဟုတ်သေး။ အကယ်၍ ကျွန်ုပ်တို့၏ စစ်ဆင်ရေးကို တစ်ပတ်လုံးလုံး ရွှေ့ဆိုင်းလိုက်ရမည်ဆိုပါက ကျွန်ုပ်တို့၏ စောင့်ကြည့်သည့် အလုပ်ကိုလည်း မလွှဲမရှောင်သာဘဲ ရက်တိုး၍ လုပ်ကိုင်သွားကြရမည်ဖြစ်ရာ ဤအတောအတွင်း မတော်တဆ ကလီမင့်ကိုယ်တိုင်ကသော်လည်းကောင်း၊ အိမ်နီးနားချင်းများကသော်လည်းကောင်း၊ သို့တည်းမဟုတ် လမ်းသွားလမ်းလာများကသော်လည်းကောင်း မသင်္ကာစရာ အဖြစ်မျိုး ရင်ဆိုင်တိုးလာနိုင်သည်ကိုလည်း ထည့်တွက်ကြရမည်ဖြစ်သည်။

နောက်တစ်ချက်ထပ်၍ စဉ်းစားရန် ရှိနေပြန်သေးသည်။ ကျွန်ုပ်တို့၏ လူများမှာ ဤစစ်ဆင်ရေးအတွက် နေ့ရော ညပါ လုံးပန်းနေကြရသဖြင့် စိတ်ရော ကိုယ်ပါ ပင်ပန်းနွမ်းနယ်စ ပြုလာကြပြီဖြစ်သည်။ သို့ဖြစ်ရာ နောက်ထပ် တနင်္ဂနွေ တစ်ပတ်လုံးလုံး ဆက်လက်၍ စိတ်ရောကိုယ်ပါ ကြိုးပမ်းလုပ်ဆောင်ကြရဦးမည် ဆိုပါက သူတို့ခေါင်းပေါ်တွင် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ဖြစ်လာစရာရှိသည်ကို ကျွန်ုပ် သိထားပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဤပြဿနာနှင့် ဤအခြေအနေ အရပ်ရပ်ကို ထပ်ခါတလဲလဲ စိတ်ထဲမှ အကြိမ်ကြိမ်အဖန်ဖန် အပြန်ပြန်အလှန်လှန် တွေးတောချင့်ချိန်ပြီးသည်၏ အခြားမဲ့၌ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချမှတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်မှာ အိုက်ခ်မန်းအား လက်ရဖမ်းရေး အစီအစဉ်ကိုမူ စီစဉ်သတ်မှတ်ထားသည့် ရက်အတိုင်း ဆောင်ရွက်သွားကြရန်ပင်ဖြစ်သည်။ သို့မဟုတ်ပါက အဘက်ဘက်မှ ရရှိထားသည့် အခွင့်အရေးများ ဆုံးရှုံးလက်လွှတ်သွားဖွယ်ရာ ရှိနေသည်။

ဤနေရာတွင် ကျွန်ုပ်သည် အိုက်ခ်မန်းအား တနင်္ဂနွေတစ်ပတ်တိတိ ဖမ်းဆီးချုပ်နှောင်၍ လျှို့ဝှက်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရာ၌ စိတ်ဓာတ်ရေးအရ ဖြစ်ပေါ်လာဖွယ်ရာများကိုလည်း အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားခဲ့သည်။ ထိုရက် ထိုကာလတွင် အပြင်၌ မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကိုလည်းကောင်း၊ သူ၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေအပေါင်းအသင်းများက မည်သို့မည်ပုံ တုံ့ပြန်လှုပ်ရှားကြသည်ကိုလည်းကောင်း ဘာတစ်ခုမျှ မသိကြရဘဲ ရှိနေမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်အနေဖြင့် အဆိုးနှစ်ခုအနက် တစ်ခုခုကို မုချရွေးချယ်ရတော့မည်ဖြစ်သည်။ အဆိုးတစ်ခုမှာ သူစိမ်းနိုင်ငံ တစ်နိုင်ငံတွင် ထူထပ်ကျပ်တည်းလှသည့် လုံခြုံရေးအစီအစဉ်များအကြားတွင် လူတစ်ယောက်အား လျှို့ဝှက်စွာ ဖမ်းဆီး၍ ကာလကြာမြင့်စွာ ချုပ်နှောင်ထားရမည့် အန္တရာယ်ဖြစ်သည်။ အခြားအဆိုးတစ်ခုမှာမူ ဂျူးလူမျိုးများအား အပြီးသတ်ချေမှုန်းသုတ်သင်ရေး စီမံကိန်းကို တာဝန်ယူလုပ်ဆောင်ခဲ့သည့် သွေးစုပ်ဖုတ်ကောင် အိုက်ခ်မန်းအား အစ္စရေးတရားဥပဒေ၏ ရှေ့မှောက်သို့ အရောက်ပို့ဆောင်ရန် ကြိုးပမ်းရာ၌ တစ်သက်မှတစ်ခါ ကြုံခဲလှစွာသော အခွင့်အရေးကြီးကို လက်လွှတ်လိုက်ရမည့် အန္တရာယ်ပင်ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရလျှင် ရွေးချယ်ရမည့် နှစ်ခုအနက် တစ်ခုမှာ မည်မျှပင် [illegible]ကြာညောင်းသည်ဖြစ်စေ၊ ထိုကာလ ကြာညောင်းမှုမှာ ယာယီသာဖြစ်၍ [illegible]ရမည့် ကိစ္စဖြစ်ပြီး အခြားတစ်ခုမှာ အကယ်၍သာ ရက်ရွှေ့လိုက်ရ၍ [illegible]ငန်းစဉ်ကြီး ပျက်ပြားခဲ့ပါက ဘယ်သောအခါမှ ပြေပျောက်၍ မရနိုင်သည့် [illegible]ပင်ဖြစ်သည်။

[illegible]ဖြစ်ရာ နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် တစ်စုံတစ်ရာ ဘာမျှ [illegible] သဘောထား၍ လုပ်စရာရှိသည်များကို ဆက်လက်လုပ်ဆောင်သွားကြရန်နှင့် အိုက်ခ်မန်းအား လက်ရဖမ်းရမည့် နေ့ရက်ကိုမူ စီစဉ်သတ်မှတ်ထား





သည့်အတိုင်း ၁၉၆၀၊ မေလ ၁၀ ရက်နေ့တွင် အားလုံး အဆင်သင့်ဖြစ်နေကြရန် ကျွန်ုပ်၏ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအား ညွှန်ကြားလိုက်သည်။

❐

မေလ ၄ ရက်နေ့တွင် အီဟတ်နှင့် တာလမီတို့သည် အိမ်ငှားမြေငှား ကိုယ်စားလှယ်တစ်ဦး၏ ဆက်သွယ်ပေးမှုအရ အိမ်တစ်အိမ်ကို ကြည့်ရှုကြရန် နံနက်စောစော ပင် ထွက်သွားခဲ့ကြသည်။ အဆိုပါ ကိုယ်စားလှယ်၏ ပြောပြချက်အရ ထိုအိမ်၏ ပုံစံနှင့် အနေအထားမှာ ကျွန်ုပ်တို့ အလိုရှိသည့်အချက်များနှင့် အားလုံး ကိုက်ညီနေသည်ဟု ယူဆရသည်။ ထိုအိမ်တည်ရှိရာ အရပ်မှာလည်း ကျွန်ုပ်တို့ သတ်မှတ်ထားသည့် နယ်မြေအတွင်းမှာပင်ဖြစ်၍ အိုက်ခ်မန်းအား ဖမ်းဆီးရန် ရွေးချယ်ထားသည့် နေရာနှင့် အတန်ငယ် ဝေးကွာနေသော်လည်း သွားရေးလာရေး လွယ်ကူသည့်ပြင် ထိုအိမ်မှ လေယာဉ်ကွင်းသို့ သွားသည့်လမ်းမှာလည်း အတော်ပင် ကောင်းမွန်သည်ကို တွေ့ရသည်။

အီဟတ်နှင့် တာလမီတို့ ထိုအိမ်သို့ ရောက်ရှိသွားကြသောအခါ အိမ်ငှားမြေငှား ကိုယ်စားလှယ်၏ ပြောကြားချက်များမှာ အပိုချဲ့ထွင်၍ ပြောကြားခြင်း မဟုတ်ကြောင်း တွေ့ရှိကြရသည်။ ထိုအိမ်မှာ အတော်ကလေး ကျယ်ဝန်း၍ အဆောင်တွဲများ အများအပြား ပါရှိသည့်ပြင် အိမ်နားနီးချင်းများ ရုတ်တရက် မမြင်နိုင်လောက်အောင် ရောမခြံကြီးအလယ်တွင် ဆောက်လုပ်ထားသည်ကို တွေ့ကြရသည်။ ကျွန်ုပ်တို့ လိုအပ်သည့် အနေအထားအရဆိုလျှင် ထိုအိမ်မှာ အကောင်းဆုံးနှင့် အသင့်တော်ဆုံး ဖြစ်နေသည်ကို တွေ့ရသည်။ သို့သော် ထိုသို့ အကောင်းဆုံး အသင့်တော်ဆုံး အနေအထားတွင် အိမ်စောင့်နှင့် ခြံစောင့် အလုပ်ကို တွဲ၍လုပ်ကိုင်နေသည့် အစေခံတစ်ယောက်လည်း အပါအဝင် ဖြစ်နေသည်။

ကျွန်ုပ်သည် ထိုအိမ်အကြောင်းကို ကြားသိရသဖြင့် အီဟတ်နှင့် ကဲနက်တို့ကို ခေါ်ကာ ထိုအိမ်ကို ကျွန်ုပ်ကိုယ်တိုင် လေ့လာကြည့်ရှုရန် ထွက်လာခဲ့သည်။ တကယ်ပင် ပြောလည်းပြောလောက်စရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအိမ်သည် ကျွန်ုပ်တို့၏ စစ်ဆင်ရေးအတွက် အထူးစီမံ ဆောက်လုပ်ထားလေသလား ဟူ၍ပင် ထင်မှတ်မှားရလောက်အောင် ဖြစ်နေသောကြောင့် ဖြစ်သည်။ အိမ်ပုံစံမှာ အချိုးအစား ကျနလှသည့်အပြင် လူအတော်[illegible] ပျောက်ကွယ်သွားအောင် ဝှက်ထားနိုင်သည့် အခန်းပေါင်းမြောက်မြား[illegible]

www.burmeseclassic.com



သည်ကို တွေ့ရသည်။ ထို့ပြင် ရဲဘက်မှ ရောင်တခင် ဝင်ရောက်ရှာဖွေသည့်တိုင်အောင် ရှာတ်တရက် မတွေ့အောင် ပုန်းအောင်းနိုင်သည့် နေရာများလည်း အများအပြားရှိနေသည်။

တစ်ခုခွကျနေသည်မှာ ကလီမင့်၏နေအိမ်မှ ထိုအိမ်သို့ ကားဖြင့် နှစ်နာရီသုံးနာရီကြာအောင် မောင်းရမည့် အချက်ပင်ဖြစ်သည်။ သို့သော် ဤချို့ယွင်းချက်သည်ပင်လျှင် ကျွန်ုပ်တို့ အလိုရှိနေသူကို လက်ရဖမ်း၍ ထိုအိမ်သို့ ခေါ်ဆောင်လာခဲ့ရာ၌ ဤအကွာအဝေးသည် လုံခြုံရေးအတွက် တစ်ပန်းသာသည့် အခြေအနေ အခွင့်အရေးတစ်ခု ဖြစ်လာနိုင်သည်ဟု ကျွန်ုပ် စဉ်းစားမိသည်။ အကယ်၍ အိုက်ခ်မန်းအား ဖမ်းဆီးရာ၌ ဝရန်းသုန်းကားဖြင့် အော်လားဟစ်လား ဖြစ်လာခဲ့သည့်တိုင်အောင် အိုက်ခ်မန်း၏ နေအိမ်နှင့် ထိုမှုလောက် ဝေးကွာနေသည့် အရပ်သို့ တစ်စုံတစ်ရာ မသင်္ကာဖွယ်ရာများ ရောက်ရှိလာလိမ့်မည် မဟုတ်ဟု ကျွန်ုပ် ယူဆမိသည်။

သို့ဖြစ်ရာ ထိုအိမ်မှာ အိမ်စောင့် ခြံစောင့်တစ်ယောက် ပါရှိနေသည်မှလွဲ၍ အားလုံး အစစအရာရာ အဆင်ပြေလှသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် တစ်ခုရှိသည်မှာ ကျွန်ုပ်တို့သည် အဆိုပါ အိမ်စောင့်မသိဘဲ လူတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာပြီး ဤအိမ်ထဲတွင် ချုပ်နှောင်ထားရန် မဖြစ်နိုင်သည်မှာ သေချာသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤကိစ္စကို သူ့မျက်စိအောက်မှာပင် တစ်မျိုးတစ်ဖုံ လှည့်စား၍ သူမရိပ်မိအောင် ဉာဏ်နီဉာဏ်နက် ဆင်နိုင်သည်ထားဦး နောက်ပိုင်းတွင် ထိုစဉ်က သူ့အတွက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များကို ဆက်စပ်ကြည့်ခြင်းအားဖြင့် ဤအိမ်ကို ငှားရမ်းနေထိုင်ခဲ့သူများ အားလုံးကိုလည်းကောင်း သို့မဟုတ် အချို့အဝက်ကိုလည်းကောင်း မည်သူမည်ဝါ ဖြစ်သည်ကို ရိပ်စားမိဖွယ်ရာရှိသည့် အချက်ကိုလည်း ထည့်၍တွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဤစိုးရိမ်ဖွယ်ရာ ပြဿနာကြောင့် ကျွန်ုပ်တို့ ဖမ်းဆီးထားသည့် အကျဉ်းသားအား လုံခြုံစိတ်ချရသည့် အိမ်တစ်အိမ်တွင် မူလက အထူးအသေးစိတ်ပုံ့ ... သန်းရေးကို ရက်ရွှေ့ဆိုင်းခြင်းမပြုမီ ကျွန်ုပ်တို့ မျှော်လင့်ထားသည်ထက် ရက်ကြာကြာ ချုပ်နှောင်ထားနိုင်ရန် ယခင်ကထက် နှစ်ဆမျှပို၍ အရေးကြီးလာသည်ကို တွေ့ရသည်။ ထို့ပြင် ထိုအချိန်အခါတွင် ဖြစ်ပေါ်လာမည့် ပြဿနာကို မည်သို့မည်ပုံ ဖြေရှင်းရမည်ဟူသော အချက်ကို လောလောဆယ် ကျွန်ုပ်အနေဖြင့် ကြိုတင်သိမြင်နိုင်စွမ်း မရှိသေးသော်လည်း ယခုအခိုက်အတန့်





တွင် ထိုအိမ်ကို လက်လွှတ်မခံနိုင်လောက်အောင် ဖြစ်နေခဲ့သည်။ ယုတ်စွအဆုံး ဤအိမ်ကို လိုအပ်သည့်အခါတွင် လိုအပ်သလို အပြောင်းအလဲ သဘောမျိုးဖြင့် အသုံးချသွားနိုင်လိမ့်မည်ဟု ယူဆမိသည်။

ထိုမှတစ်ပါး အိမ်စောင့်လုပ်သူအား စစ်ဆင်ရေးကာလတစ်လျှောက်လုံး မဟုတ်သည့်တိုင်အောင် အချိန်ကာလ ပိုင်းခြား၍ တစ်နည်းနည်းဖြင့် မောင်းထုတ်နိုင်မည့် အစီအစဉ်တစ်ခုခုကို ဆောင်ရွက်နိုင်လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်မိသည်။ သို့ဖြင့် ကျွန်ုပ်သည် တာလ်မီအား ထိုအိမ်ကိုငှားရန် ညွှန်ကြားခဲ့သည်။

မကြာမီက ကျွန်ုပ်တို့ ပထမငှားရမ်းခဲ့၍ 'နန်းတော်'ဟု အမည်ပေးခဲ့သည့် အိမ်ကလေးနှင့် နှစ်နာရီကြာမျှ ကားမောင်းရသော ယခုအိမ်သစ်ကို 'လက်ဆောင်'ဟူ၍ ကျွန်ုပ်တို့က လျှို့ဝှက်အမည် ပေးလိုက်ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်လာငါးထောင် စပေါ်ပေးရသော ကားဟောင်းကြီးတစ်စီး

ကဲနက်နှင့် အက်ရှက်တို့သည် မေလ ၄ ရက်နေ့ တစ်နံနက်ခင်းလုံး 'ပစ်ကွင်း' နယ်မြေဆီသို့ သွားရောက်၍ အခြားအစီအစဉ် တစ်ခုအတွက် လေ့လာစုံစမ်းရင်း အချိန်ကုန်ခဲ့ကြရသည်။ သူတို့သည် ထိုနယ်မြေသို့ ဝင်ထွက်သွားလာနိုင်သည့် လမ်းများနှင့် အကယ်၍ စစ်ဆင်ရေး မအောင်မြင်ခဲ့ပါက စနစ်တကျ ဆုတ်ခွာရမည့် လမ်းများနှင့် အရေးပေါ်ထွက်ပေါက်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ညနေဘက်ရောက်သည်အထိ ထိုနေရာတစ်ဝိုက်တွင် စစ်ဆင်ရေးအတွက် အသေးစိတ် လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုနေ့က စန်ဖာနန်ဒိုရပ်ကွက်၏ အလယ်ဗဟိုနှင့် ကာလီမင့်၏ နေအိမ် အကြားရှိ လမ်းမပေါ်တွင် ရဲသားနှစ်ယောက်သည် လာသမျှ ကားများကို ရပ်တန့်၍ ယာဉ်စည်းကမ်း သတ်မှတ်ချက်များနှင့် ညီမညီ၊ ကားမောင်းလိုင်စင် [illegible] ပါမပါ စစ်ဆေးလျက် အချို့ကားများကို ရပ်တန့်၍ ရှာဖွေနေကြသည်။ သို့သော် ကဲနက်နှင့် အက်ရှက်တို့အား နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည် နှင့် ဆက်လက်စစ်ဆေးခြင်း မပြုတော့ဘဲ သွားခွင့်ပေးလိုက်ကြသည်။

ညနေ ၆ နာရီ မိနစ် ၃၀ အချိန်မှစ၍ အီဟတ်၊ ကဲနက်နှင့် အက်ရှက် တို့သည် ကာရူပါမြို့တွင်းရှိ စီစဉ်သတ်မှတ်ထားသော ဂိတ်များမှ ရှေ့ဆင့် [illegible] ထွက်လာသည့် အမှတ် ၂၀၃ ဘတ်စ်ကားများကို လှူချင်းခွဲ၍ စီနှင်းလိုက်[illegible]လာခဲ့ကြသည်။ အီဟတ်နှင့် အက်ရှက်တို့သည် ဘန်ကာလာရီ





[illegible]တွက်အထိ လိုက်ပါလာခဲ့ကြသော်လည်း ကာလီမင့်ကို လုံးဝ မတွေ့ကြရဘဲ ဖြစ်နေကြသည်။ သို့သော် ကာရူပါဘူတာရုံမှတ်တိုင်မှနေ၍ ဘတ်စ်ကားပေါ်သို့ တက်လာခဲ့သော ကဲနက်သည် ကာလီမင့်အား ကားပေါ်တွင် ထိုင်လျက်သား [illegible]ခနဲ တွေ့လိုက်ရသည်။ သို့ဖြင့် ကာလီမင့်သည် ဤမှတ်တိုင်မှစ၍ ဘတ်စ်ကား [illegible]သည်မှာ ထင်ရှားနေပြီဖြစ်သည်။ သို့သော် မေးစရာ မေးခွန်းများ ကျန်ရှိနေ သေးသည်။ ကာလီမင့်သည် ဤနေရာသို့ရောက်အောင် ဘယ်ကလာခဲ့သနည်း။ သို့မဟုတ် သူသည် ကာရူပါမြို့ထဲတွင် အလုပ်ဆင်းနေပါသလား။

ကဲနက်သည် စန်ဖာနန်ဒိုမှတ်တိုင်အထိ လိုက်ပါလာခဲ့ပြီး ထိုမှတ်တိုင်တွင် ကားပေါ်မှ ဆင်းလာခဲ့သည်။ သူသည် ကာလီမင့်နှင့်အတူ လမ်းဘေးဈေးဆိုင် ကလေးအထိ အရဲစွန့်၍ လိုက်မလာလိုပေ။ တစ်ဖန် ထိုဆိုင်ကလေးတွင် ကာလီမင့် နှင့်အတူ မဆင်းဘဲ ကားပေါ်တွင် မိမိတစ်ယောက်တည်း ဂိတ်ဆုံးသည်အထိ လိုက်သွားရန်လည်း မသင့်ဟု ယူဆမိသည်။ သူ့အနေဖြင့် ထိုအနီးအနားတစ်ဝိုက် တွင် နောက်ထပ် လှည့်လည်သွားလာရဦးမည်ဖြစ်၍ သူ့ကို လူအများက မှတ်မိ နေမည်ကို စိုးရိမ်မိသည်။

ဤအတောအတွင်း အီဟတ်နှင့် အက်ရှက်တို့သည် ဘန်ကာလာရီဘူတာရုံ အနီးတွင် ရပ်ထားသည့် သူတို့ကားရှိရာသို့ ပြန်လာခဲ့ကြသည်။ ထိုနေရာမှ တစ်ဆင့် အမှတ် ၂၀၂ လမ်းမကြီးအတိုင်း လမ်းဘေး ဈေးဆိုင်ကလေးနှင့် ကာလီမင့်၏အိမ်ရှိရာဘက်သို့ မောင်းလာခဲ့ကြသည်။ ဂါရီဘာလ်ဒီလမ်းထောင့်သို့ ရောက်သောအခါ သူ့အိမ်ဘက်သို့ လမ်းလျှောက်သွားနေသော ကာလီမင့်အား မြင်တွေ့ကြရသည်။ ဤတစ်ကြိမ်ပါနှင့်ဆိုလျှင် ခုနစ်ကြိမ် ရှိပြီဖြစ်သည်။

ကာလီမင့်၏ ဘတ်စ်ကားခရီးအစကို ယခုအထိ ကြိုးစားပမ်းစား လိုက်လံ ရှာဖွေစုံစမ်းနေခဲ့သည်မှာ တစ်နေ့တည်းသော ရည်ရွယ်ချက်ကြောင့်ပင်ဖြစ်သည်။ ထိုရည်ရွယ်ချက်မှာ ကာလီမင့်အား သူ၏ နေအိမ်နှင့် ယခုထက်ပို၍ဝေးသည့် တစ်နေရာတွင် လက်ရဖမ်းရန် ဖြစ်နိုင်၊ မဖြစ်နိုင် လေ့လာကြည့်လိုသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် တိုက်ခိုက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဂါဘီနှင့် အိုက်ခ်မန်း အား လက်ရဖမ်းရာတွင် အဓိကပါဝင်လုပ်ရှားရမည့် ဟီလီတို့အား ကြိုတင် သတ်မှတ်ထားသည့် နေရာတွင် တွေ့ဆုံကြရန် နှစ်ရက်တိတိ စောင့်နေခဲ့ကြ သည်။ သို့သော် သူတို့နှစ်ယောက်စလုံး ရောက်မလာကြသဖြင့် စိုးရိမ်စိတ်များ ဝင်လာခဲ့ကြသည်။ သို့သော် ထိုစိုးရိမ်မှုမှာ သူတို့နှစ်ယောက် ဒုက္ခရောက်နေ[illegible] ပြီဟု ယူဆကာ စိုးရိမ်ခဲ့ကြသည်မဟုတ်။ သူတို့နှစ်ယောက်သည် 'ဒုက္ခ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မည့် လူစားမျိုး မဟုတ်သည်ကို ကျွန်ုပ်တို့ သိပြီးဖြစ်ကြသည်။ ယခုစိုးရိမ်သည် မှာ သူတို့နှစ်ယောက် အချိန်မီရောက်မလာကြလျှင် စစ်ဆင်ရေးနှင့်ပတ်သ သည့် အချိန်ဇယားများ ကိုးရိုးကားရား ဖြစ်လာနိုင်သောကြောင့် ဖြစ်သည် ထိုမှတစ်ပါး ယခုရောက်ရှိနေကြသော ရှေ့ပြေးအဖွဲ့ဝင်များမှာ ပင်ပန်းနွမ်းနယ် နေကြပြီဖြစ်ရာ သူတို့၏ ဝန်ထုပ်ဝန်ပိုးများနှင့် တာဝန်ဝတ္တရားများကို အထိုက် အလျောက် ပခုံးပြောင်းပေးရန် 'တပ်ကူလူသစ်'များ လိုအပ်နေသောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယနေ့ ညနေဘက်တွင် 'အော်ပရာကဖီး'၌ အီဟတ်၏ စိတ်ရှည်လက်ရှည် စောင့်စားမှုမှာ အချည်းနှီးမဖြစ်ဘဲ အကျိုးရှိခဲ့သည်မှာ ည ကိုးနာရီတိတိတွင် ဂါဘီနှင့် ဟီလီတို့သည် ဆိုင်ထဲသို့ ဝင်လာကြသည်။ သူတို့ နှစ်ယောက်ကို ကြည့်ရသည်မှာ အတော်ကလေး ပင်ပန်းနွမ်းနယ်နေကြပုံရ အဝတ်အစားများလည်း တွန့်လိမ်ကြေမွကာ ပုံပျက်ပန်းပျက် ဖြစ်နေကြသည်ကို တွေ့ရသည်။ သူတို့သည် လေယာဉ်ပေါ်မှဆင်းလျှင် ဆင်းချင်း အဝတ်အစားများ လဲမနေကြတော့ဘဲ လေဆိပ်မှတောက်လျှောက် တန်းလာခဲ့ကြသည်ဟု သိရ သည်။ သို့သော် သူတို့မျက်နှာများမှာ အီဟတ်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အားရပါးရ သွားများပင်ပေါ်အောင် ပြုံးလာခဲ့ကြသည်။ သူတို့က သူတို့၏ စွန့်စားခန်းများကို အတိုချုပ်၍ ပြောပြကြသည်။ ရှေးဦးစွာ ဘီလီမှာ သူ၏ စာရွက်စာတမ်း ထောက်ခံစာများနှင့်ပတ်သက်၍ အခက်အခဲ တွေ့ခဲ့ရသည်။ ထို့နောက် သူတို့နှစ်ယောက်သည် အာဂျင်တီးနား လွတ်လပ်ရေးအခမ်းအနား ကျင်းပမည့် နေ့နှင့် ကပ်နေသည့် လေယာဉ်ခရီးစဉ်တွင် နှစ်နေရာစာရအောင် မနည်းကြိုးစားခဲ့ကြရသည်။ အားလုံးထဲတွင် အဆိုးဆုံးမှာ ဂါဘီသည် မတည့် သည့် အစာများကို စားမိ၍ အစာအိမ်တွင် အဆိပ်ဖြစ်ကာ တစ်လမ်းလုံး ဘာမှ မစားနိုင်ဘဲ ပေါင်မုန့်တစ်မျိုးတည်းသာ စားလာခဲ့ရကြောင်းများကို ပြော ကြသည်။

ထိုသို့ ခရီးပန်း၍ နုံးချည့်နေသည့်ကြားမှပင် သူတို့သည် အာဂျင်တီးနား အခြေအနေ အရပ်ရပ်ကို သိချင်လှ၍ ထိန်းမနိုင် သိမ်းမရ ဖြစ်နေကြသည်။ သူတို့သည် အီဟတ်၏ ကြေးနန်းစာအရ အိုက်ခ်မန်း၏ နေအိမ်ကို အတိအကျ သိရှိပြီဖြစ်ကြောင်းနှင့် သူ့အား လက်ရဖမ်းဆီးရန် အခွင့်အလမ်းများ ရှိနေကြောင်း သိရသည်နှင့်တစ်ပြိုင်နက် အစွဲရေးမှ ချက်ချင်းထွက်ခွာလာခဲ့ကြခြင်း ဖြစ်သည်။





ဖြင့် လမ်းခရီးတစ်လျှောက်လုံး အဆက်အသွယ်ပြတ်ကာ နောက်ဆုံးအခြေ အနေများကို လုံးဝမသိကြရဘဲ ဖြစ်နေခဲ့ကြသည်။

သူတို့နှစ်ယောက်သည် အီဟတ်ပြောပြသော နောက်ဆုံးတိုးတက်မှု အခြေ အနေ သတင်းအရပ်ရပ်ကို စိတ်တစား နားထောင်ကြရင်း စောစောက ပင်ပန်း နွမ်းနယ်မှုများမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ကြသည်။ စားစရာများ အနည်းငယ် မှာယူစားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် သူတို့နှစ်ယောက်စလုံးက အီဟတ်အား ကလီမင့်၏ အိမ်အနီးအနားတစ်ဝိုက်သို့ ယခုချက်ချင်း လိုက်ပို့ရန် အပူတပြင်း တောင်းပန်ကြတော့သည်။

အီဟတ်ကလည်း ၎င်းတို့နှစ်ယောက်မှာ ခရီးပန်းလာကြသည်ဖြစ်၍ ချက်ချင်း ထိုနေရာသို့သွားကြည့်ရန် မသင့်တော်ကြောင်း အမျိုးမျိုး ပြောကြား သော်လည်း သူတို့နှစ်ယောက်စလုံးက လက်မခံဘဲ ရှိနေကြသည်။ နောက်ဆုံး၌ သည်သို့မျှ မတတ်နိုင်တော့ဘဲ ထိုညက အတော်ကလေး ညဉ့်နက်သည့်အချိန်တွင် သူတို့သုံးယောက်သည် စန်ဖာနန်ဒိုရပ်ကွက်သို့ တစ်ပတ်လှည့်၍ ကြည့်ရှုခဲ့ကြ သည်။ လမ်းခရီးတစ်လျှောက်လုံး ကားပေါ်တွင် ဂါဘီက အီဟတ်အား သူ နောက်ဆုံးတီထွင်ထားသည့် ပစ္စည်းကိရိယာ တစ်ခုရှိကြောင်းနှင့် ထိုပစ္စည်း ကိရိယာမှာ အထူးလေယာဉ်နှင့် ပါလာလိမ့်မည်ဖြစ်ကြောင်း ပြောပြခဲ့သည်။

၇

မေလ ၅ ရက်နေ့ နံနက်ပိုင်းတွင် 'အခြေခံစခန်း' ဟူ၍ ကျွန်ုပ်တို့ အမည်ပေး ထားသည့် အဆောက်အအုံ၌ ကျွန်ုပ်တို့အားလုံး တွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးပွဲ တစ်ခု ပြုလုပ်ခဲ့ကြသည်။ ယင်းဆွေးနွေးပွဲသို့ ယစ်ဇက် နာဇွန်တစ်ယောက်မှ တစ်ပါး အားလုံး တက်ရောက်ခဲ့ကြသည်။ (ယစ်ဇက်နာဇွန် ဆိုသည်မှာ ထိုစဉ် က ဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယာန်၏ နိုင်ငံရေးအတွင်းဝန်ဖြစ်၍ အိုက်ခ်မန်း စစ်ဆင်ရေးတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါလာသူဖြစ်သည်။ ။မြန်မာပြန်သူ) ထိုနေ့က နာဇွန်သည် ငှားရမည့်အိမ်များနှင့် ကားများကို မနားတမ်း လှည့်လည် ကြည့်ရှုနေရသဖြင့် ဆွေးနွေးပွဲသို့ မတက်ရောက်နိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်သည် အာဂျင်တီးနားနိုင်ငံသို့ ရောက်လာပြီးသော ဂါဘီနှင့် ဘီလီတို့အား ထိုဆွေးနွေး ပွဲတွင် ပထမဆုံးအကြိမ် စတင်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယနေ့အထိ ကျွန်ုပ်တို့လူများ နေရာအနှံ့အပြား လိုက်လံကြည့်ရှု ခဲ့ကြသမျှ အခြေအနေ အရပ်ရပ်တို့ကို ပြန်လည်သုံးသပ်ကြပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



အား လက်ရဖမ်းဆီးရန် အသေးစိတ် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြ သည်၊ ထို့ပြင် မိမိတို့၏ တာဝန်ခွဲဝေမှုများအရ အသုံးပြုရမည့် ပစ္စည်းကိရိယာ တန်ဆာပလာများ၊ ပုန်းအောင်းရမည့် အဆောက်အအုံများနှင့် မော်တော်ကားများ အပါအဝင် မိမိနှင့် ဆိုင်ရာဆိုင်ရာ တိုးတက်လုပ်ဆောင်မှုများကို တစ်ဦးချင်း အသေးစိတ် အစီရင်ခံခဲ့ကြသည်။ ထို့နောက် အဆိုပါ သတင်းအရပ်ရပ်နှင့် အခြေအနေအားလုံးတို့ကို စုစည်းပေါင်းစပ် သုံးသပ်ဆွေးနွေးပြီးနောက် စစ်ဆင် ရေးနှင့် ပတ်သက်၍ စီစဉ်ပြင်ဆင်သည့် အဆင့်မှတ်မှ လက်တွေ့လုပ်ငန်းဆောင် ချမှတ်ရေးသို့ တစ်ဆင့်တက်၍ လုပ်ဆောင်ခဲ့ကြသည်။

ထိုနေ့က မွန်းလွဲပိုင်းအချိန်တွင် အီဟတ်သည် ဂါဘီနှင့် ဘီလီတို့ နှစ်ယောက်အား ပစ်ကွင်းနယ်မြေတစ်ဝိုက်သို့ မြင်သာထင်သာ လိုက်လံပြသခဲ့ပြီး ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ငှားရမ်းထားသည့် 'နန်းတော်'နှင့် 'လက်ဆောင်' ဟူ၍ လျှို့ဝှက်အမည် ပေးထားသည့် အိမ်များရှိရာသို့ သွားရောက်ကြည့်ရှုခဲ့ ကြသည်။

တစ်ဖန် ညဘက်တွင် ဘီလီသည် ပထမဆုံးအကြိမ် မီးရထားခုံးပေါ်သို့ တက်၍ လေ့လာခဲ့ရာ အီဟတ်က သူ၏လမ်းပြအဖြစ် လိုက်ပါခဲ့ရသည်။ ထိုနေ့ မှာပင် ကလီမင့်သည် သူလာနေကျ လမ်းအတိုင်း လာနေကျအချိန်တွင် ရောက်လာခဲ့ရာ ဘီလီသည် ရီကာဒိုကလီမင့်ခေါ် အိုက်ခ်မန်းအား ပထမဆုံး အကြိမ် မြင်ဖူး တွေ့ဖူးခဲ့ရသည်။

❐

ယခုဆိုလျှင် ကျွန်ုပ်သည် အိုက်ခ်မန်းအား ရက်အတန်ကြာအောင် ဖမ်းဆီး ချုပ်နှောင်ထားရေးအတွက် လိုအပ်သော စီစဉ်မှုများဘက်သို့ အာရုံစိုက်နေရပြီ ဖြစ်သည်။ ဤအစီအစဉ်များကို ချမှတ်လုပ်ဆောင်ရာ၌ အခက်အခဲများမှာ များလည်းများ၊ အမျိုးလည်း စုံလှသည်ကို ကျွန်ုပ်တို့ သိပြီးဖြစ်သည်။ သို့သော် ထိုအခက်အခဲများကို မရှောင်မလွှဲသာ ရင်ဆိုင်ကြရမည်ဖြစ်သည်။ ဤနေရာတွင် အထူးအရေးကြီးသည့် အချက်တစ်ချက်မှာ ကျွန်ုပ်တို့လူများ နေထိုင်သည့်အိမ်မှာ ရိုးရိုးသားသား သာမန် ကမ္ဘာလှည့်ခရီးသည်များ တည်းခိုနေသည့် အိမ်တစ်အိမ် အဖြစ် အများက မြင်နေစေရမည်ဖြစ်သည်။ ထို့ပြင် ထိုရက်များအတွင်း ကျွန်ုပ်တို့ ဖမ်းဆီးထားသည့် အကျဉ်းသားအတွက်သော်လည်းကောင်း၊ အစောင့်အကြပ် များအတွက်သော်လည်းကောင်း ရိက္ခာများ လုံးဝ မပြတ်လပ်စေရန် သတိပြုရ





မည်ဖြစ်သည်။ အပြင်ပန်းအားဖြင့် အိမ်၏အနေအထားမှာ တစ်စုံတစ်ရာ သံသယဖွယ်ရာ မဖြစ်စေရန်နှင့် အထူးသဖြင့် အိမ်နီးနားချင်းများ၏ စိတ်ထဲတွင် လုံးဝ သံသယမရှိစေရန် လုပ်ဆောင်ဖန်တီးထားရမည် ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ အရေးကြီးဆုံး လိုအပ်ချက်မှာ ဤအိမ်၏ ပရိဝုဏ်အတွင်း အမျိုး သမီးတစ်ယောက် ရှိနေရန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ဤစစ်ဆင်ရေး တွင် စည်းရုံးရေးခေါင်းဆောင်တစ်ဦးဖြစ်သူ အင့်ကာထံ (အစ္စရေး)သို့ ကြေးနန်း ရိုက်ကာ ဒီနာဂွန်အား အမြန်ဆုံး အာဂျင်တီးနားသို့ စေလွှတ်ပေးရန် အကြောင်း ကြားလိုက်ရသည်။

❐

ဧလ ၅ ရက်နေ့သည် အာဂျင်တီးနားသို့ သူ၏ အဖိုးမဖြတ်နိုင်သည့် ပစ္စည်း ကိရိယာများနှင့်အတူ ရှာလုမ်ဒန်နီ ဆိုက်ရောက်လာသည့်နေ့ပင် ဖြစ်သည်။ လေဆိပ်အဆောက်အအုံအတွင်းသို့ ဒန်နီ ရောက်ရှိလာသောအခါ သူ့မှာ သားရေ သေတ္တာများ၊ လက်ဆွဲသေတ္တာများ၊ 'ပျက်စီးကွဲရှတတ်သည်' ဟူသော စာတန်း ရိုက်နှိပ်ထားသည့် ဂျပ်စက္ကူဘူးများအပြင် လက်နှစ်ဖက်စလုံးတွင်လည်း အထုပ် အပိုးများ၊ လွယ်အိတ်များဖြင့် မနိုင်မနင်း တစ်ထမ်းတစ်ပိုးကြီး ဖြစ်နေသည်ကို တွေ့ရသည်။ ထိုသို့ ရှုပ်ယှက်ခတ်နေသော ပစ္စည်းများနှင့် ထောက်ခံစာများကို သက်ခံစစ်ဆေးခဲ့ရသော လေကြောင်းဌာနမှ အမှုထမ်းသည် ပိန်ပိန်ပါးပါးဖြင့် မျက်မှန်တပ်ထားသော ခရီးသည်နှင့် နိုင်ငံကူးလက်မှတ်ပေါ်မှ 'အလုပ်အကိုင်'ကို ကြည့်နေစရာမလိုဘဲ တစ်ချက်တည်းဖြင့် သိသွားခဲ့သည်။ ပန်းချီဆွဲသည့် ပတ္တူစ အလိပ်များ၊ ဆေးရောင်စုံများ၊ စုတ်တံများနှင့် သူ၏ အထုပ်အပိုး တစ်ခုအတွင်းမှ တစ်ပိုင်းတစ်စ တိုးလိုးတန်းလန်းထွက်နေသော သစ်သားပေါင်တစ်ခုတို့က သူ'ဘာကောင်'ဆိုသည်ကို ပြောပြနေကြသည်။

ဒန်နီ သယ်ဆောင်လာသည့် ပစ္စည်းများမှာ ခွင့်ပြုထားသည့် အလေး ချိန်ထက် ပိုနေသည်ကို တွေ့ရသည်။ လေဆိပ်မှ စာရေးများက အပိုကြေး ပေးရအောင် အတတ်နိုင်ဆုံး ကြိုးစားရှာကြပါသေးသည်။ သို့သော် ပစ္စည်း များနှင့် အထုပ်အပိုးများမှာ မတန်တဆ များနေခဲ့ရာ ခွင့်ပြုချက်ထက်ပိုနေသော အလေးချိန်အတွက် သင့်လျော်သည့် အပိုကြေးမပေးလျှင် မဖြစ်သည့်အခြေအနေ သို့ ရောက်နေသည်။ သို့ဖြင့် စာရေးများက ဤမျှ များပြားလှသည့် ပစ္စည်း များကို ယခုကဲ့သို့ ခရီးရှည်သယ်ဆောင်လာသည့်အတွက် အကုန်အကျများရှ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်ကြောင်း အားတုံ့အားနာ လောကဝတ်ပျူငှာစွာ ပြောကြားခဲ့ကြသည်။ သို့သော် ဒန်နီအနေဖြင့်မူ အကုန်အကျများသည် နည်းသည်က ပဓာနမဟုတ်၊ သူ့စိတ်ထဲတွင် လောလောဆယ် တစ်ခုသာ အာရုံကပ်နေခဲ့သည်။ ၎င်းမှာ တခြားမဟုတ်။ သူအလွန်မြတ်နိုးသည့် ပစ္စည်းများအားလုံး မပျောက်မပျက်ဘဲ လိုရာခရီးသို့ ဘေးမသီ ရန်မခ ပါလာကြသည့်အချက်သာလျှင် ဖြစ်သည်။

တကယ်တော့ ဒန်နီမှာ အခက်အခဲအများကြီး ရင်ဆိုင်ခဲ့ရသည်။ သူ့ကိုယ်သူ အများနှင့်မတူသည့် 'မဟာလူသား' တစ်ယောက်အဖြစ် သဘောထားကာ သူအလိုရှိသည့် ပစ္စည်းကိရိယာ တန်ဆာပလာများကို 'ကျားကုတ်ကျားခဲ' ကတ်သီးကတ်သတ် မရရအောင် လိုက်လံရှာဖွေကာ သူကိုယ်တိုင် ထိုပစ္စည်းကိရိယာများကို စိတ်ရှည်လက်ရှည် ထုပ်ပိုးချည်နှောင်ခဲ့သည်။ သူသယ်ဆောင်လာသည့် ပစ္စည်းကိရိယာများထဲတွင် အတော်များများမှာ လူသားများ နေ့စဉ် ကိုင်တွယ်အသုံးပြုနေကြသည့် ပစ္စည်းကိရိယာ တန်ဆာပလာများပင် ဖြစ်သည်။ သို့သော် သူ့အတွက် ဦးနှောက်ခြောက်ခဲ့ရသည့် ပြဿနာမှာ အဆိုပါ အများသုံး တရားဝင် ပစ္စည်းများအကြားတွင် တံဆိပ်တုံးအတု၊ ထောက်ခံစာအတု၊ မှတ်ပုံတင်အတု စသည်ဖြင့် အတုမျိုးစုံလုပ်သည့် ပစ္စည်းကိရိယာများကို လျှို့ဝှက်ဖုံးကွယ်၍ ထည့်သွင်းသယ်ဆောင်လာရခြင်းပင် ဖြစ်သည်။ သူသယ်ဆောင်လာသည့် အဆိုပါ ထူးဆန်းအံ့သြဖွယ်ရာ ပစ္စည်းကိရိယာ တန်ဆာပလာများမှာ အလုပ်ရုံ အသေးစားကလေးတစ်ခု တည်ဆောက်နိုင်လောက်အောင် အပြည့်အစုံ ပါဝင်ခဲ့သည်။ ဒန်နီသည် အဆိုပါ ပစ္စည်းကိရိယာများကို သူကိုယ်တိုင် စနစ်တကျ မနားမနေ သေသေသပ်သပ် ပိပိရိရိဖြစ်အောင် ချည်နှောင်ထုပ်ပိုးခဲ့သည်ဖြစ်ရာ နယ်စပ်ဒေသမှ ထိန်းသိမ်းရေးနှင့် စစ်ဆေးရေးအရာရှိများသည် ထိုပစ္စည်း အထုပ်အပိုးများကို နည်းနည်းကလေးမျှ သံသယမဖြစ်ကြဘဲ အလွယ်တကူဖြင့် သယ်ယူခွင့်ပြုခဲ့ကြသည်။

သို့သော် ဒန်နီသည် ခရီးစတင်ထွက်ခွာလာသည့် အချိန်မှစ၍ လေယာဉ်ပေါ်တွင် လုံးဝမအိပ်ဘဲ မေးရုံသာ မေးကာ အမြဲသတိဖြင့် စိုးနင်းလိုက်ပါလာခဲ့သည်။ အထူးသဖြင့် ဤအိုက်ခ်မန်းစစ်ဆင်ရေး၏ အောင်မြင်မှုသည် မိမိ၏ စာရွက်စာတမ်းအတုများ ပိရိသေသပ်စွာ ပြုလုပ်နိုင်မှုအပေါ်တွင် အများကြီး တည်နေသည်ကို ဒန်နီ သဘောပေါက်ထားပြီးဖြစ်သည်။ တစ်ဖန် ထိုသို့ လိုအပ်သမျှ စာရွက်စာတမ်း အတုများကို ပိရိသေသပ်စွာနှင့် အောင်မြင်ထိရောက်စွာ





ထုပ်ကိုင်နိုင်ရေးမှာ မိမိ၏ လုံ့လ ဝီရိယနှင့် ကြိုးစားအားထုတ်မှုအပေါ်တွင် အဓိက တည်နေသည်ကိုလည်း သူ ကောင်းကောင်းနားလည်ထားပြီးဖြစ်သည်။ သူသည် ယခုကဲ့သို့ မိမိ၏ ဇာတိနိုင်ငံနှင့် အဆက်အသွယ်ပြတ်၍ အလှမ်းကွာဝေးလှသည့် နိုင်ငံရပ်ခြား တိုင်းပြည်များ၌ အလားတူ စစ်ဆင်ရေးများတွင် အတွေ့အကြုံ ရှိခဲ့လေပြီဖြစ်ရာ ထိုအချိန် ထိုအခါမျိုး၌ စာရွက်စာတမ်း အတုမျိုးစုံ လုပ်နိုင်ရန်အတွက် မည်သို့သော ပစ္စည်းကိရိယာ တန်ဆာပလာများ လိုအပ်သည်ကို အသေးစိတ် သိရှိထားပြီးဖြစ်သည်။ ယခုစစ်ဆင်ရေးသည် ယခင်ယခင် သူပါဝင်ဆင်နွှဲခဲ့ဖူးသည့် စစ်ဆင်ရေးများထက် အဆပေါင်းများစွာ ပိုမိုအရေးကြီးနေသည်ကို ကောင်းကောင်းကြီး သိထားသော ဒန်နီသည် မည်သည့်အခက်အခဲ အကျပ်အတည်းကိုမဆို ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အသုံးချ၍ ကြိုးစားကျော်လွှားသွားရန် သန္နိဋ္ဌာန်ချပြီးဖြစ်သည်။

လေယာဉ်ပေါ်မှ အမှုထမ်းများကလည်း 'လူငယ် ပန်းချီဆရာ' တစ်ယောက်ဖြစ်သော ဒန်နီအား ဖော်ရွေရင်းနှီးစွာဖြင့် ဂရုတစိုက် စောင့်ရှောက်ခဲ့ကြသည်။ သူ့ကိုကြည့်ရသည်မှာ အလွန်တရာ ပင်ပန်းနွမ်းနယ်နေပုံမျိုး ရှိနေခဲ့ရာ သူ့အား စိတ်အနှောင့်အယှက်မဖြစ်အောင် အထူးသတိထား၍ ဆက်ဆံခဲ့ကြသည်။ သို့ဖြစ်၍လည်း လမ်းခုလတ်တွင် ဆိုက်ကပ်ရပ်နားသည့် လေဆိပ်များ၌ လေယာဉ်ပေါ်မှ ခဏတစ်ဖြုတ် အညောင်းပြေ အညာပြေ ဆင်းရန်ပင် ခန့်လေးနေသော ဒန်နီအား လေယာဉ်ပေါ်တွင် တစ်ယောက်တည်း နေခွင့်ပြုခဲ့သည်။ ဒန်နီ စီးလာသော လေယာဉ်သည် လစ္စဘွန်း၊ ဒက္ကာ၊ ရီဝိုက်ဖ်၊ ရီအိုဒီဂျနေရိုနှင့် မွန်တေဗီဒီယို စသည့် မြို့ကြီးများတွင် ဆိုက်ကပ် ရပ်နားခဲ့သော်လည်း သူသည် အောက်သို့လုံးဝမဆင်းဘဲ လေယာဉ်ပေါ်မှာပင် ထိုင်၍ သူ၏ အဖိုးတန်ပစ္စည်းများကို တစ်လမ်းလုံး စောင့်ရှောက်လာခဲ့သည်။ သူသည် ခရီးစဉ် တစ်လျှောက်လုံးတွင် လေယာဉ်ပေါ်မှ တစ်ကြိမ်သာ အောက်သို့ဆင်းခဲ့ရာ ထိုအခါတွင်လည်း သူ၏ လက်ဆွဲတန်ဆာ ပစ္စည်းအားလုံးကို သူနှင့်တစ်ပါတည်း ယူဆောင်သွားခဲ့သည်။

သို့ဖြင့် အများတကာ၏ မျက်စိထဲတွင် ခပ်ကြောင်ကြောင်နိုင်လှသော ပန်းချီဆရာကလေးသည် ဗျူနိုအဲရစ္စမြို့သို့ ရောက်သောအခါ သူ၏ပစ္စည်းပစ္စယ အထုပ်အပိုးများ အခက်အခဲမရှိဘဲ အပြင်သို့ ထုတ်ယူခွင့်ရခဲ့သည်။ နောက်ဆုံး လေဆိပ်သို့ လေယာဉ်ဆိုက်ပြီး နှစ်နာရီခန့်အကြာတွင် ဒန်နီသည် သူ၏ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုရီယား တန်ဆာပလာများနှင့်အတူ 'အခြေခံစခန်း' အဆောက်အအုံသို့ ချောချောမောမော ရောက်ရှိလာခဲ့သည်။

❒

အထူးလေယာဉ် ပျံသန်းမှုကို မရှောင်သာ မလွှဲသာဘဲ ရက်ရွှေ့ဆိုင်းလိုက်ရသည့် အကြောင်းကို အစ္စရေးလေကြောင်းဌာနသို့ ကြေးနန်းဖြင့် သတင်းပို့ပြီးသည့်နောက် ကီဒမ်နှင့် လာဇာတို့သည် လေဆိပ်၏ အခြေအနေနှင့် အနေအထားကို လေ့လာမှတ်သားခဲ့ကြသည်။ ခဏအကြာတွင် လာဇာသည် အဝင်အထွက် လမ်းများနှင့် တပ်ဆင်ထားသည့် စက်ခလုတ်ပစ္စည်းများ အပါအဝင် လေဆိပ်တစ်ခုလုံး၏ အနေအထားကို အသေးစိတ် လေ့လာသိရှိသွားခဲ့သည်။ ထို့ပြင် 'အပိုဆု'အနေဖြင့် သူသည် လေယာဉ်ကွင်းမှ ဓာတ်ဆီဖြည့်သည့် အမှုထမ်းများ၊ မြေပြင်ဘက်ဆိုင်ရာ အရာရှိများနှင့်တကွ ပစ္စည်းထိန်းသိမ်းရေးနှင့် ကုန်တင်ကုန်ချ အလုပ်သမားများပါမကျန် အားလုံးနှင့် ရင်းနှီးသိကျွမ်းလာခဲ့သည်။ ထို့ပြင် လုံခြုံရေးဘက်ဆိုင်ရာ ရဲအရာရှိများ၊ အကောက်ခွန်ဌာနမှ ပုဂ္ဂိုလ်များ စသည်တို့နှင့်လည်း မိတ်ဆွေဖွဲ့လာနိုင်ခဲ့သည်။

ကျွန်ုပ်၏ ညွှန်ကြားချက်အရ တစ်ဆက်တည်းတွင် ကီဒမ်နှင့် လာဇာတို့သည် ကျွန်ုပ်၏ အထူးလေယာဉ်ကြီး ဆိုက်ကပ်ရပ်နားရမည့် အကောင်းဆုံးနေရာကိုလည်း လေ့လာကြည့်ရှုခဲ့ကြသည်။ ကျွန်ုပ်သည် ၎င်းတို့နှစ်ယောက်အား လေဆိပ်အဆောက်အအုံများနှင့် ဝေးနိုင်သမျှဝေး၍ ရုတ်တရက် လာရောက်နှောင့်ယှက်ရန် ခဲယဉ်းသည့်နေရာမျိုးကို ရွေးချယ်ကြည့်ရှုခဲ့ရန် မှာကြားထားခဲ့သည်။ သို့ဖြစ်ရာ သူတို့ လေ့လာစုံစမ်းခဲ့ရသလောက် ပုဂ္ဂလိက အာဂျင်တီးနားလေကြောင်းဌာနမှ လေယာဉ်များ ထိန်းသိမ်းပြုပြင်ရန် သတ်မှတ်ထားသည့်နေရာသည် လေယာဉ်ကွင်း၏ ဗဟိုချက်မနှင့် အတော်ကလေး အလှမ်းကွာဝေးသည်ကို တွေ့ခဲ့ကြရသည်။ ကျွန်ုပ်တို့၏ အထူးလေယာဉ်ကြီးကို ထိုနေရာတွင် ဆိုက်ကပ်ရန် ရွေးချယ်မည်ဆိုပါက လေဆိပ်အာဏာပိုင်များအား အလွယ်တကူ အကြောင်းပြနိုင်စရာ ရှိနေသည်။ ၎င်းတို့မှာ အခြားမဟုတ်၊ ယင်းလေဆိပ်တွင် 'အာရော်ဘာလီနီယား' အမျိုးအစားလေယာဉ် အပိုပစ္စည်းများရောင်းချမည့် ပုဂ္ဂလိကလေကြောင်းကုမ္ပဏီတစ်ခု ရှိနေသည်ဖြစ်ရာ ထိုကုမ္ပဏီမှ လေယာဉ်များ ပြုပြင်ထိန်းသိမ်းရန် ရွေးထားသည့်နေရာ၌ ကျွန်ုပ်တို့၏ အထူးလေယာဉ်ကို ဆိုက်ကပ်လိုပါသည်ဟူ၍ အကြောင်းပြရန်ပင် ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ စစ်ဆင်





ရေးအဖွဲ့သည် အထူးလေယာဉ်ဆိုက်ကပ်ရန်အတွက် ရည်ရွယ်သတ်မှတ်ထားသည့် နေရာကို စစ်ဆေးကြည့်ရှုကြပြီးနောက် ထိုနေရာကို အသင့်တော်ဆုံးအဖြစ် ရွေးချယ်လိုက်ကြသည်။

ထိုသို့ လေယာဉ်ကွင်းနှင့် ပတ်သက်သမျှ ဆက်စပ်မှုအားလုံးကို လာဇာက အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် လိုက်လံစုံစမ်းလေ့လာနေခိုက် အခြားတစ်ဖက်မှ ကီဒမ်ကလည်း မိမိတို့၏ အထူးလေယာဉ်ကြီး အပြန်ခရီးတွင် ဗျူနိုအဲရစ်မှ ရိုးရိုးအရပ်သား ခရီးသည်များ လိုက်ပါခွင့်ရအောင် ကြိုးစားဆောင်ရွက်လျက် ရှိနေခဲ့သည်။ ဤနေရာတွင် ကျွန်ုပ်တို့ စဉ်းစားမိသလောက် အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ဤကိစ္စအတွက် တစ်စုံတစ်ရာဆောင်ရွက်ခြင်း မပြုပါက အာဂျင်တီးနား အာဏာပိုင်များအဖို့ အဆန်းတကြယ် ဖြစ်နေလိမ့်မည်ဟု ယူဆမိသည်။ အဘယ်ကြောင့်ဆိုသော် ဤမျှရွေ့ဤမျှ ခရီးကွာဝေးသည့် အရပ်မှ ရောက်ရှိလာခဲ့ပြီးမှ အပြန်ခရီးတွင် လေယာဉ်ကို ခရီးသည် လုံးဝမပါဘဲ အခွံချည်းသက်သက် ပြန်သွားရန် မည်သည့်လေကြောင်းကုမ္ပဏီကမျှ စိတ်ကူးမည်မဟုတ်သောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယခုလောလောဆယ်အားဖြင့် အပြန်တွင် ခရီးသည်များ တင်ဆောင်ခွင့်ရရန်သာ အဓိကဖြစ်သည်။ ထိုခရီးသည်များအတွက် လေယာဉ်လက်မှတ် ရောင်းချရန် ခွင့်ပြုချက် ရပြီးဖြစ်၍ တကယ်ပျံသန်းချိန်နီးမှ နောက်ပိုင်းတွင် လိုအပ်သလို အသေးစိတ်ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါ မေလ ၅ ရက်နေ့ နံနက်ပိုင်းမှာပင် ကီဒမ်သည် အစ္စရေးလေကြောင်းဌာနမှ ကြေးနန်းပြန်စာတစ်စောင် လက်ခံရရှိခဲ့သည်။ ထိုပြန်စာတွင် အထူးလေယာဉ်ပျံသန်းရေး အစီအစဉ်ကို မူလအတိုင်းမဟုတ်ဘဲ ပြောင်းလဲစီစဉ်ရန် အလွန်ခက်ခဲနေကြောင်းနှင့် ထိုသို့သော အခက်အခဲများကြောင့် အစီအစဉ်ပြောင်းလဲရန် ညွှန်ကြားချက်ကို လိုက်နာရန် မဖြစ်နိုင်ကြောင်း၊ အကယ်၍ လိုက်နာရမည်ဆိုပါက အာဏာပိုင် တစ်ဦးတစ်ယောက်ထံမှ အရေးပေါ် အမိန့်ထုတ်ပေးစေလိုကြောင်း စသည်ဖြင့် ဖော်ပြပါရှိခဲ့သည်။ ကီဒမ်သည် အဆိုပါ ကြေးနန်းစာနှင့် ပတ်သက်၍ လိုအပ်သလို ညွှန်ကြားနိုင်ရန် ကျွန်ုပ်ထံ လာရောက်တင်ပြခဲ့သည်။

ဤတွင် ကျွန်ုပ်သည် ကီဒမ်အား ကျွန်ုပ်၏ထင်မြင်ယူဆချက်ကို ရှင်းလင်းပြောပြခဲ့သည်။ အထူးသဖြင့် ဤကိစ္စနှင့်ပတ်သက်၍ အာဂျင်တီးနားအစိုးရ၏ ကြိုဆိုညှိခံရေး အရာရှိများအား ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် ချဉ်းကပ်ပြောကြားရန် မျှော်လင့်ချက် မရှိကြောင်းနှင့် အကယ်၍ မဖြစ်မနေ ပြောင်းလဲပေးရန် တစ်နည်းနည်းဖြင့် အကျပ်ကိုင်မည် ဆိုလျှင်လည်း ၎င်းတို့နှင့် ဆက်ဆံရေးတွင် မလိုလားအပ်သော တင်းမာမှုများ ဖြစ်ပေါ်လာနိုင်ကြောင်းများကို ကီဒမ်အား ပြောပြခဲ့သည်။ ထို့ပြင် လေယာဉ်ပျံသန်းရေးနှင့် စပ်လျဉ်း၍ သဘာဝမကျ ပုံမှန်မဟုတ်သော ဆွေးနွေးမှုများ ပြုလုပ်ရန် မသင့်တော်ကြောင်း ယခင်က ကျွန်ုပ်၏ တင်ပြချက်အတိုင်း ထပ်မံပြောကြားခဲ့သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ကီဒမ်အား အစ္စရေးလေကြောင်းဌာနသို့ စကားလုံးအတိအကျသုံးကာ 'အိမ်ရှင်များ၏ ဆန္ဒအတိုင်း ကျွန်ုပ်တို့၏ အထူးလေယာဉ်ကို မေလ ၁၉ ရက်နေ့အရောက် စေလွှတ်ပေးရန် စီစဉ်ရုံမှတစ်ပါး အခြားပြင်ဆင်ပြောင်းလဲ လုပ်ကိုင်ရန် လုံးဝမရှိကြောင်း' အကြောင်းကြားရန် မှာကြားခဲ့ရသည်။ ထို့ပြင် ဤကြေးနန်းစာကို ကျွန်ုပ်၏ ညွှန်ကြားချက်ဖြင့် ပေးပို့ခြင်းဖြစ်ကြောင်း လေကြောင်းဌာနမှ ညွှန်ကြားရေးမှူးများ သိရှိစေရန်နှင့် ဤကြေးနန်းစာတွင် ပါရှိသည့် အချက်အလက်များမှာ လုံးဝပြောင်းလဲ၍ မဖြစ်သည့် စစ်ဆင်ရေးလိုအပ်ချက်များအရ ညွှန်ကြားရခြင်း ဖြစ်ကြောင်းကိုပါ ထည့်သွင်းဖော်ပြစေခဲ့သည်။

ဤကြေးနန်းစာမှာ ထိရောက်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နောက်တစ်နေ့ မေလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ကီဒမ်သည် ကျွန်ုပ်ထံသို့ ကြေးနန်းစာတစ်စောင် လာရောက်ပြသခဲ့ရာ ထိုကြေးနန်းစာတွင် ပြင်ဆင်သတ်မှတ်လိုက်သည့် နေ့ရက် အစီအစဉ်အတိုင်း အထူးလေယာဉ် ထွက်ခွာပျံသန်းလာရန် လေကြောင်းအုပ်ချုပ်ရေးအဖွဲ့မှ လက်ခံအတည်ပြုလိုက်ကြောင်း ဖော်ပြပါရှိသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

□

ဤအတောအတွင်း ဒန်နီသည် 'အခြေခံစခန်း' အဆောက်အအုံတွင် သူ၏ [illegible]အထုပ်အပိုးများကို တစ်ခုချင်းဖြေ၍ သူ၏ 'အလုပ်ရုံ'ကို စတင် ပြင်ဆင်[illegible]နေပြီဖြစ်သည်။ သူသည် နေ့ခင်းဘက် အလင်းရောင်အောက်တွင် [illegible] အိမ်တစ်အိမ်၊ သို့မဟုတ် လမ်းတစ်လမ်းကိုသော်မျှ ယခုအထိ [illegible] ဖြစ်နေသည်။ သို့သော် သူသည် ဤအချက်ကို စိတ်မဝင်စားနိုင်ဘဲ [illegible]စာရွက်များ၊ တံဆိပ်တုံးများ၊ ထောက်ခံစာများ စာရွက်အလွတ်များဖြင့် ရှုပ်ပွနေသော စားပွဲတစ်လုံးတွင် တကုန်းကုန်းဖြင့် အလုပ်များနေခဲ့သည်။





ထိုအချိန်တွင် စက်မှုပါရဂူတစ်ဦးဖြစ်သူ ကီရန်သည်လည်း တာဝေတ်ခန်းတွင် အလုပ်လုပ်နေသည်။ ကီရန်၏ အပေါင်းအသင်းများသည် စက်မှုအတတ်ပညာနှင့် ပတ်သက်၍ သူ့ထံသို့ သွားရောက်အကူအညီတောင်းခဲ့ကြရည့်လာလာသမျှ ပြဿနာများကို လက်တွေ့အားဖြင့် ရိုးရိုးကလေးနှင့် လွယ်လွယ်ကလေး ဖြေရှင်းလုပ်ကိုင်ပြလိုက်နိုင်သည့် ကီရန်၏ ပါရမီထူးချွန်မှုကို အမြဲတစေ အံ့သြ၍မဆုံးအောင် ဖြစ်ခဲ့ကြရသည်။

ကီရန်သည် သူအလုပ် လုပ်နေသည့် အခန်းထဲမှနေ၍ ဒန်နီ၏ အခန်းဘက်ဆီသို့ မကြာခဏ လှမ်းကြည့်နေခဲ့သည်။ ဤသည်မှာ ဒန်နီအနေဖြင့် အလုပ်လုပ်ရာ၌ အဆင်ပြေမပြေ သိလို၍တစ်ကြောင်း၊ အကယ်၍ တစ်ခုခု လိုအပ်ပါက အကူအညီပေးရန်အတွက်တစ်ကြောင်း စသည်တို့ကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ သူသည် ထိုင်ရာမှ ထ၍ ဒန်နီ၏အခန်းဝတွင် သွားရပ်ကာ ဒန်နီ အလုပ်လုပ်နေသည်ကို ခေတ္တခဏ အကဲခတ်ကြည့်နေတတ်သည်။ ဤတွင် စာရွက်အဖြူ တစ်ရွက်သည် မိနစ်ပိုင်းအတွင်း ဒန်နီ၏ရှေ့မှ နမူနာ ထောက်ခံစာရွက်နှင့် တစ်သဝေမတိမ်း ခွဲခြားမရအောင်ဖြစ်လာသည်ကို ကြည့်ကာ ကီရန်မှာ အံ့သြ၍မဆုံးနိုင်အောင် ဖြစ်နေမိသည်။ အထူးသဖြင့် ဒန်နီသည် စာရွက်စာတမ်းများ အတုလုပ်ရာ၌ ပုံနှိပ်စာလုံးများကို အသုံးမပြုဘဲ၊ သူ့လက်ရေးဖြင့်သာ ရေးလေ့ရှိသည်။ သူ့လက်ရေးမှာ မယုံကြည်နိုင်လောက်အောင် သေသပ်လှ၍ ပုံနှိပ်စာလုံးများနှင့် ခွဲခြားမရအောင် ထပ်တူထပ်မျှ ရေးနိုင်သည်ဖြစ်ရာ ပုံနှိပ်စာလုံးများအတိုင်း သူ့လက်ရေးဖြင့် ကူးယူရေးသားထားသော ထောက်ခံစာအတုများကို သာမန်မျက်စိနှင့် ကြည့်ရုံမျှဖြင့် မသိရှိနိုင်ဘဲ ဓာတ်ခွဲခန်းတွင် စစ်ဆေးကြည့်မှသာ သိနိုင်သည်အထိ သေသပ်လှသည်။

'အခြေခံစခန်း' အဆောက်အအုံတွင် စစ်ဆင်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ လိုအပ်သည့် ပစ္စည်းအသုံးအဆောင်များ ပြုလုပ်သည့် အတတ်ပညာနှင့် ပတ်သက်၍လည်းကောင်း အစစ အရာရာ ဂါဘီက တာဝန်ယူ၍ စီမံဆောင်ရွက်ပေးရသည်။ သူသည် စီစဉ်သတ်မှတ်ထားသည့်အတိုင်း အခြေအနေတိုးတက်မှု ရှိမရှိ စစ်ဆေးကြည့်ရှုရသည့်အပြင် မည်သည့်ကိစ္စ မည်သည့်အရာကို ဦးစားပေးဆောင်ရွက်ရမည် စသည်ဖြင့် အသေးစိတ် တာဝန်ယူခဲ့ရသည်။ သူသည် ဤစစ်ဆင်ရေး၏ ခေါင်းဆောင်တပ်မှူးဖြစ်သည့်အလျောက် အခြားသူများ[illegible] ပို၍ အရာရာကို ဆုံးဖြတ်နိုင်ခွင့် [illegible]ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကီရန်နှင့် ဒန်နီတို့သည် သူတို့၏လုပ်ငန်းနှင့် ပတ်သက်သည့် ပစ္စည်းကိရိယာ တန်ဆာပလာများ ဝယ်ရန် ကိစ္စရှိမှသာ 'အခြေခံစခန်း'၏ အပြင်သို့ ထွက်လေ့ရှိကြသည်။ သူတို့နှစ်ယောက်အတွက် အစားအစာ များကိုပင်လျှင် အခြားသူများက ဝယ်ပေးကြရသည်။ အထူးသဖြင့် သူတို့နှစ်ယောက်စလုံးသည် အလုပ်ထဲတွင် စိတ်ရောကိုယ်ပါ မြှုပ်နှံထားကြသည်ဖြစ်ရာ သူတို့၏ ကိုယ်ရေးကိုယ်တာ စားဝတ်နေရေးနှင့်ပတ်သက်၍ လုံးဝ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ရှိနေကြသည်။

ကျွန်ုပ်သည် သူတို့ထံသို့ မကြာခဏသွားရောက်၍ အခြေအနေ မည်သို့ရှိသည်ကို လေ့လာကြည့်ရှုခဲ့ရသည်။ ကျွန်ုပ်ရောက်သွားသည့်အခါ ဒန်နီက သူ၏အလုပ်တာဝန်နှင့်ပတ်သက်သည့် အခြေအနေ ပြဿနာများကို ဆွေးနွေး၍ ထိုပြဿနာများကို သူ့အနေဖြင့် မည်သို့ပြေလည်အောင် ဖြေရှင်းခဲ့သည်များကိုပါ ရှင်းလင်းပြောပြတတ်သည်။ သူသည် မည်သည့်အခါကမျှ မည်သည့် ပစ္စည်းကို လိုချင်ပါသည်ဟူ၍ တောင်းခံခြင်းမပြုခဲ့ဘဲ၊ မည်သည့်အခါကမျှ တစ်စုံတစ်ရာ တင်ပြတိုင်တန်းခြင်း လုံးဝ မရှိခဲ့ဘဲ အံ့သြစရာကောင်းလောက်အောင် ရောင့်ရဲတင်းတိမ်တတ်သည့် လူတစ်ယောက်ဖြစ်ရာ ဤစိတ်ဓာတ်နှင့် လုပ်ရပ်ကို မကြည်ညိုမလေးစားဘဲ မနေနိုင်အောင် ဖြစ်ခဲ့ကြရသည်။

ထို့ပြင် သူ့ထံသို့ အပြင်မှ သူစိမ်းတစ်ရံဆံ ဧည့်သည်များ လာစရာမရှိသော်လည်း သူ့အခန်းထဲတွင် အသုံးအဆောင် ကိရိယာ တန်ဆာပလာများမှာ သူ့နေရာနှင့်သူ နေသားတကျ ရှိနေသည်ဖြစ်ရာ အခန်းတွင် နေထိုင်လျက်ရှိသူသည် မှချ မလွဲမသွေ ပန်းချီဆရာ အနုပညာရှင်တစ်ဦး ဖြစ်ရမည်ဟု တထစ်ချ ပြောစရာပင် ဖြစ်သည်။ ပန်းချီဆွဲရာတွင် အသုံးပြုသည့် သုံးချောင်းထောက်များ၊ ပန်းချီကားများ၊ သစ်သားပေါင်များနှင့် ဟိုနေရာတစ်စု သည်နေရာတစ်စု [illegible] ပြန့်ကျဲနေသော ဆေးစပ်သည့် ကတ်ပြားများသည် သက်သေပေါင်း [illegible] ပို၍ထင်ရှားသည့် အထောက်အထားပစ္စည်းများ ဖြစ်နေခဲ့သည်။

❐

[illegible] ၆ ရက်နေ့တွင် ကဲနက်နှင့် အက်ရက်တို့သည် ကျွန်ုပ်တို့၏ အိမ်သစ် [illegible] '[illegible]ဆောင်' အဆောက်အအုံနှင့် မလှမ်းမကမ်း ပတ်ဝန်းကျင် [illegible] [illegible]လည်ကြည့်ရှုခဲ့ကြသည်။ သူတို့သည် ဖမ်းထားသည့် အကျဉ်း





သားအား ထိုနေရာမှနေ၍ လေဆိပ်သို့ ဘေးအန္တရာယ် ကင်းကင်းရှင်းရှင်း စိတ်ချလက်ချသွားနိုင်သည့်လမ်းကို လိုက်လံရှာဖွေကြည့်ရှုခဲ့ကြခြင်းဖြစ်သည်။

ထိုနေ့ နံနက်ခင်းမှာပင် မြို့ထဲ၌ 'ရောင်းရန်ရှိသည်' ဆိုသော အဆောက်အအုံ တစ်ခုကို သွားရောက်ကြည့်ရှုခဲ့သည်။ ကျွန်ုပ်တို့မှာ 'နန်းတော်'နှင့် 'လက်ဆောင်'ဟု အမည်ပေးထားသည့် အိမ်များ ငှားရမ်းပြီးသည့်နောက်ပိုင်းတွင် ခက်ရှာနှင့် တာလ်မီတို့၏ မနေမနား ကြိုးစားရှာဖွေခဲ့ကြသည့်အကြားမှ အခြားသင့်တော်သည့်အိမ် တစ်လုံးတလေမျှ နောက်ထပ်မတွေ့ခဲ့ကြရဘဲ ဖြစ်နေသည်။ သို့သော် ကျွန်ုပ်တို့သည် လက်လျှော့ခြင်းမပြုသေးဘဲ ပိုမိုကောင်းမွန်သင့်တော်သည့် အဆောက်အအုံ တစ်ခုကို ဆက်လက်ရှာဖွေနေဆဲပင်ဖြစ်သည်။

သို့ဖြင့် ယခု ကျွန်ုပ်သွားရောက်ကြည့်ရှုသည့် အိမ်မှာ အသစ်ဆောက်လုပ်ထားသည့် အဆောက်အအုံ တစ်ခုဖြစ်၍ အခန်းပေါင်းမြောက်မြားစွာ ပါဝင်သည်ကို တွေ့ရသည်။ မူလက ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဖမ်းဆီးမိထားသည့် အကျဉ်းသားအား မြို့လယ်ကောင်ရှိ အဆောက်အအုံ တစ်ခုခုတွင် ခေတ္တချုပ်နှောင်ထားပြီး ထိုမှတစ်ဖန် တခြားနေရာသို့ ရွှေ့ပြောင်းရန်ဖြစ်သည်။ သို့သော် ကျွန်ုပ်ကိုယ်တိုင် ထိုအိမ်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသောအခါ အကယ်၍ စစ်ဆင်ရေးအတွက် မမျှော်လင့်ဘဲ တစ်မျိုးတစ်ဖုံ အပြောင်းအလဲ ဖြစ်သွားခဲ့ပါက ထိုအိမ်သည် အလွန်အသုံးဝင်မည့် အိမ်တစ်အိမ်ဖြစ်လာနိုင်စရာရှိကြောင်း ရုတ်တရက် ကျွန်ုပ်၏ခေါင်းထဲတွင် စဉ်းစားလိုက်မိသည်။ သို့ဖြင့် ကျွန်ုပ်သည် ထိုအိမ်ကို အပေါ်ထပ်ရော အောက်ထပ်ပါ အနှံ့အပြား ကြည့်ရှုခဲ့သည်။ တစ်ခန်းဝင် တစ်မန်းထွက် ကြမ်းပြင်များပါမကျန် တစ်အိမ်လုံးကို နှံ့နှံ့စပ်စပ် လိုက်လံကြည့်ရှုခဲ့ရာ အတူပါလာသော ကျွန်ုပ်၏လူများကပင် အံ့အံ့တသြ ဖြစ်နေကြသည်။ သူတို့စိတ်ထဲတွင် ကျွန်ုပ်အလိုရှိသည့် အဆောက်အအုံမျိုး မဟုတ်ပါဘဲလျက် ဤအိမ်ကို ဤမျှလောက် စိတ်ပါလက်ပါ အသေးစိတ်လေ့လာကြည့်ရှုနေသည်ကို နားမလည်နိုင်အောင် ဖြစ်နေခဲ့ကြဟန်တူသည်။

သို့သော် ကျွန်ုပ်၏ခေါင်းထဲတွင် ဖျတ်ခနဲ ပေါ်လာသည့်အချက်မှာ အကယ်၍သာ ကျွန်ုပ်တို့သည် အကျဉ်းသားအား ဗျူနိုအဲရစ္စမြို့တွင် ရက်အတော်ကြာအောင် ဖမ်းဆီးချုပ်နှောင်ထားရမည်ဆိုပါက ဤအဆောက်အအုံကို လုံခြုံစိတ်ချရစွာ ခိုအောင်းနေရမည့် နေရာနှင့် ခံတပ်အဖြစ် အသုံးပြုရန် စဉ်းစားလိုက်မိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်စိတ်ထဲတွင် စဉ်းစားမိသလောက်ဆိုလျှင် လုံးဝ 'ရိုးသားသန့်ရှင်းသည့်' မိသားစု တစ်စုသည် ဤအိမ်၏ ပိုင်ရှင်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင် နေထိုင်ရမည်ဖြစ်ပြီး ထိုအခန်းမှတစ်ဆင့် လျှို့ဝှက်တံခါး၊ လျှို့ဝှက်အတွင်းလမ်းဖြင့် အခြားအခန်း တစ်ခုကို ဆက်သွယ်ထားရမည်ဖြစ်၍ ထိုအခန်းကိုလည်း လူမနေသည့် ပုံသဏ္ဌာန်မျိုး ဖန်တီးထားရမည်ဖြစ်သည်။ အဆိုပါဒုတိယအခန်းတွင် မလွယ်ပေါက်တစ်ပေါက် ထားရှိရမည်ဖြစ်ပြီး ထိုမလွယ်ပေါက်မှာလည်း ပထမအခန်းမှသာ ဝင်ရောက်နိုင်အောင် ပြုလုပ်ထားရမည်ဖြစ်သည်။

ထို့ပြင် ဖော်ပြပါ လျှို့ဝှက်အခန်းများ၏ အရွယ်အစား အကျယ်အဝန်းနှင့် အပြင်ပန်းအရ ပြုပြင်ထားရမည့် အနေအထားများမှာ ကျွန်ုပ်၏စိတ်ထဲတွင်ရှိနေသည့် ပြောင်းလဲဖြစ်ပေါ်လာမည့် အခြေအနေများနှင့် ကိုက်ညီစေရမည်ဖြစ်သည်။ တစ်ဖန် ပထမအခန်းတွင်ရှိနေသည့် 'ရိုးသားသန့်ရှင်းသည့်' မိသားစုတစ်ဆင့် စားနပ်ရိက္ခာများ သယ်ယူရမည်ဖြစ်ပြီး ထိုအခန်းမှ တစ်ဆင့်ပင် ပြင်ပလောကကြီးနှင့် ဆက်သွယ်ကြရမည်ဖြစ်သည်။ ကျွန်ုပ်ခန့်မှန်းကြည့်ရသလောက် အရေးတကြီးကိစ္စ ပေါ်လာပါက အတွင်းခန်းတွင် အကျဉ်းသားရှိနေဆဲမှာပင် ကျွန်ုပ်တို့သည် အပြင်ခန်းကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲနိုင်မည်ဟု ယူဆမိသည်။ ထို့ပြင် ကျွန်ုပ် ကြိုတင်သိမြင်ထားသည့် အချက်မှာ 'စစ်ဆင်ရေးနှင့် ပတ်သက်သည့်' မိသားစုကို ထားရှိရန်အတွက် တစ်စုံတစ်ရာ အခက်အခဲတွေ့စရာ မရှိဟူသော အချက်ဖြစ်သည်။ ထိုမိသားစုသည် သာမန်ရိုးရိုးအသွင်အပြင်မျိုး ရှိရမည့်ပြင် ဗျူနိုအဲရစ္စမြို့သို့ သူတို့ဇနီးမောင်နှံ ရောက်ရှိနေကြသည်မှာ သွေရိုးသားရိုး သဘာဝကျကျ အနေအထားမျိုး ဖြစ်ရမည်ဖြစ်သည်။

ကျွန်ုပ်သည် စစ်ဆင်ရေးတွင် ခြေချော်လက်ချော် မတော်တဆ အရေးနိမ့်သွားခဲ့၍ ရဲဘက်မှ အလိုက်ခံရပါက အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများအတွက် စိတ်ချလက်ချရှိစေရန် ဤအစီအစဉ်များကို ရည်ရွယ်ချမှတ်နေရခြင်းဖြစ်သည်။ ထိုမှတစ်ပါး နောက်ဆုံးအချိန်တွင်မှ ကပ်၍ အခက်အခဲတွေ့ကာ အိုက်ခ်မန်းအား အထူးလေယာဉ်ပေါ်သို့ ခေါ်ဆောင်သွားရန် လုံးဝ မဖြစ်နိုင်ပါက သူ့ကို တနင်္ဂနွေ နှစ်ပတ် သုံးပတ်ခန့် ချုပ်နှောင်ထားပြီး ပင်လယ်အောက်မှ လှည့်ထုတ်ရန် စီစဉ်ကောင်း စီစဉ်ရမည်ဖြစ်သည်။ အကယ်၍ ထိုသို့သော အခြေအနေမျိုးသာ ဖြစ်လာမည်ဆိုပါက လူဦးရေထူထပ်သည့် မြို့တွင်းတစ်နေရာ၌ ပုန်းအောင်းနေခြင်းက ပို၍စိတ်ချရမည်ဟု ကျွန်ုပ် ယူဆမိသည်။

ထို့ပြင် ကျွန်ုပ်သည် အဆောက်အအုံကို အခြားအစီအစဉ် တစ်ခုခြင်း အသုံးချရန်လည်း စဉ်းစားမိသေးသည်။ ၎င်းမှာ အကယ်၍ အိုက်ခ်မန်း ပျောက်ဆုံး





သည့်ကိစ္စကို ဆွေမျိုးသားချင်း အပေါင်းအသင်းများနှင့် ရဲဘက်မှ အပူတပြင်းအရေးယူကာ နေရာအနှံ့အပြား ပိုက်စိပ်တိုက်၍ လိုက်လံရှာဖွေကြသဖြင့် ကျွန်ုပ်တို့ငှားရမ်းထားသည့် လျှို့ဝှက်အိမ်များသို့ ခေါ်ဆောင်သွားရန် အန္တရာယ်များလှသည့် အခြေအနေ ဖြစ်ပေါ်လာပါက ယခုနောက်ဆုံး တွေ့ရှိရသည့် အဆောက်အအုံကို အရေးပေါ်ခိုအောင်းရန် အသုံးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ထိုအိမ်ကို ထိုသို့ ရက်ရှည်လများ အသုံးပြုနိုင်ရန်အတွက် ကျွန်ုပ်သည် အိမ်ပွဲစား ကိုယ်စားလှယ်အား မိမိတို့အနေဖြင့် ဤအဆောက်အအုံကို ယေဘုယျအားဖြင့် သဘောကျနေပြီဖြစ်ကြောင်း၊ သို့သော် နောက်ဆုံးအပြီးအပိုင် ဝယ်ယူရန်အတွက် ပင်လယ်ရပ်ခြားမှ မိမိတို့၏ ဆွေမျိုးများနှင့် ဆက်သွယ်ညှိနှိုင်းရန် လိုအပ်နေကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ ဤအတောအတွင်း ကျွန်ုပ်တို့သည် ထိုအိမ်ကို ဝယ်ယူခွင့် မရသေးမီ ပင်လယ်ရပ်ခြားမှ အကြောင်းပြန်ကြားချက် ရသည်အထိ လောလောဆယ် နေထိုင်အသုံးပြုရန်အတွက် အိမ်ရှင်အား တင်ပြဆွေးနွေးခဲ့ကြသည်။ နောက်ဆုံး၌ အိမ်ရှင်က ကျွန်ုပ်တို့၏ တင်ပြချက်များကို လက်ခံသဘောတူသဖြင့် အကယ်၍ အိမ်ကို အပြီးအပိုင် မဝယ်ဖြစ်သည့်တိုင်အောင် ဤအတောအတွင်း နေထိုင်အသုံးပြုရန်အတွက် သင့်တော်သည့် စပေါ်နှင့် အိမ်လခများကို ကြိုတင်ပေးချေခဲ့ကြသည်။ သို့ဖြင့် ထိုအိမ်မှ သော့များသည် ထိုနေ့မှာပင် ကျွန်ုပ်တို့လက်သို့ ရောက်ရှိလာခဲ့သည်။ အဆိုပါအိမ်ကို 'တောင်ကုန်းများ' ဟူ၍ လျှို့ဝှက်အမည် ပေးလိုက်ကြသည်။

□

အိဟတ်နှင့် ဂါဘီတို့သည် ကားငှားသည့်ကိစ္စဖြင့် ထိုနေ့က တစ်နေ့လုံး မြို့ထဲတွင် အချိန်ကုန်ခဲ့ကြသည်။ ထိုသို့ ကားငှားသည့်ကိစ္စတွင် နက်ရှာတစ်ယောက်တည်း ဆောင်ရွက်ရန် မလွယ်ကူသဖြင့် သူတို့နှစ်ယောက်ကပါ ဝင်ရောက်ကူညီခဲ့ရခြင်းဖြစ်သည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ ပစ်မှတ်နယ်မြေသို့ နေ့စဉ်သွားရောက်အကဲခတ် ကြည့်ရှုရသည့် အလုပ်တွင် ကားများကို မကြာခဏ ပြောင်းလဲအသုံးပြုရန် လိုအပ်လျက်ရှိသည်။ ထို့ပြင် ကျွန်ုပ်တို့သည် အိမ်ငှားမြေငှား ကိုယ်စားလှယ်အများအပြားနှင့် ဆက်သွယ်လုပ်ကိုင်နေကြရပြီး သူတို့နှင့် မကြာခဏ တွေ့ဆုံနေကြရမည်ဖြစ်ရာ ကိုယ်စားလှယ်တစ်ယောက်နှင့် တွေ့သည့်အခါတိုင်း ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အမည်၊ နေရပ်နှင့် အလုပ်အကိုင်များကို တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲပြောင်းလဲခဲ့ရသည်။ ထိုသို့ ကျွန်ုပ်တို့၏ အမည်နှင့် အလုပ်အကိုင်များ မကြာခဏ ပြောင်းလဲ ပြောင်းကြားခဲ့ရသဖြင့် လိုအပ်သော တရားဝင် အိမ်ငှား မြေငှား စာချုပ်များကို အချိန်အနည်းငယ်အတွင်း ပြီးစီးအောင် ချုပ်ဆိုရာ၌ အလုပ်ပို၍ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ခဲ့ကြရသည်။

တစ်ဖန် မော်တော်ကားငှားရမ်းရာတွင်လည်း ကားတစ်စီးအတွက် စပေါ်ငွေများ နင့်နေအောင် ပေးကြရသေးသည်။ အငှားကားကုမ္ပဏီပိုင်ရှင်များသည် အစဉ်အလာအရ ထိုသို့ ကားငှားသည့်ကိစ္စများတွင် ငွေပေး ငွေချေ လုပ်ရာ၌ သူတို့ဆက်သွယ်ထားသည့် ဘဏ်များမှတစ်ဆင့် ချက်လက်မှတ်များကိုသာ အသုံးပြုလေ့ ရှိကြသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့်မူ ငွေသားဖြင့် လက်ငင်းငွေချေခဲ့ကြသည့်ပြင် များသောအားဖြင့် ငွေများမှာလည်း နိုင်ငံခြားငွေများသာလျှင် ဖြစ်သည်။ အမှန်အတိုင်းဆိုရလျှင် ထိုသို့ စပေါ်ငွေ အမြောက်အမြားကို နိုင်ငံခြားငွေဖြင့် ငွေသားများ ပေးချေရသည်မှာ ကျွန်ုပ်တို့အတွက် တစ်စုံတစ်ရာ မသင်္ကာစရာ ဖြစ်မည်ဆိုက ဖြစ်လောက်စရာရှိသည်။

❒

သို့သော် ဤကိစ္စတွင် အဆိုးဆုံးမှာ ကျွန်ုပ်တို့ ငှားရမ်းအသုံးပြုကြရသည့် ကားများ၏ ကြောက်စရာကောင်းလောက်အောင် ဟောင်းနွမ်းနုံချာနေခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့မှာ ထိုကားများကို အသုံးပြုရာ၌ လမ်းခုလတ်တွင် စက်ပျက်ခြင်း၊ ဘီးပေါက်ခြင်းများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကားဘီးအသစ်များနှင့် အပိုပစ္စည်းများ အများအပြားကို ဝယ်၍ အသင့်ဆောင်ထားကြရသည်။ အဖြို့သော ကားများကိုမူ အနည်းငယ်ပို၍ စိတ်ချရအောင် အင်ဂျင်တစ်လုံးနှင့် ကားတစ်စီးလုံးကို တိုက်ချွတ်ဆေးကြော၍ 'အိုဗာဟော' လုပ်ခဲ့ကြရသေးသည်။ သို့သော် ထိုသို့ ကားများကို ပြုပြင်မွမ်းမံရာ၌ ကျွန်ုပ်တို့၏အိတ်ထဲမှ စိုက်ထုတ်၍ အကုန်အကျ ခံခဲ့ကြရသည်ဖြစ်ရာ ဤအချက်ကိုလည်း တတ်နိုင်သမျှ အများမသိအောင် ဖုံးဖိထားခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ကားများကို စပေါ်ငွေ မတန်တဆပေး၍ ငှားရမ်းခဲ့ကြပြီး မွမ်းမံပြုပြင် စရိတ်များကိုပါ စိုက်ထုတ်၍ အကုန်အကျခံရကြောင်း အခြားကားငှား ကုမ္ပဏီများ ကြားသိသွားပါက ပြောစရာဖြစ်လာမည့်ပြင် ကျွန်ုပ်တို့၏ ထုံးစံမဟုတ်သော လုပ်နည်း





လုပ်ဟန်အတွက် မသင်္ကာစရာသော်လည်းကောင်း၊ အနည်းဆုံး သံသယဖြစ်စရာသော်လည်းကောင်း ဖြစ်လာနိုင်သည်။

❒

ထိုနေ့ ညနေဘက်တွင် ကဲနက်သည် စန်ဖာနန်ဒိုသို့ တစ်ယောက်တည်းသွားခဲ့သည်။ အခြားလူ အားလုံးမှာ စစ်ဆင်ရေးအတွက် လက်တွေ့ ပြင်ဆင်မှုများဖြင့် အလုပ်များနေကြသည်ဖြစ်ရာ ကဲနက်၏ နေရာတွင် အခြားတစ်ယောက်ယောက်ကို လူစားထိုး၍ မဖြစ်နိုင်အောင် ရှိခဲ့သည်။

ထိုညနေစောင်းတွင်လည်း ကလီမင့်သည် ခါတိုင်းလာနေကျ အချိန်တွင် သာနေကျလမ်းအတိုင်း လျှောက်လာပြီး ဂါရီဘာလ်ဒီလမ်းရှိ သူ့အိမ်သို့ ပြန်လာသည်ကို တွေ့ခဲ့ရသည်။

ထိုညက ကျွန်ုပ်သည် စစ်ဆင်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ယနေ့အထိ ကျွန်ုပ်တို့ လေ့လာတွေ့ရှိခဲ့ရသည့် အခြေအနေ အရပ်ရပ်ကို ပြန်လည်သုံးသပ်ခဲ့သည်။

'အခုဆိုရင် ကျုပ်တို့ဟာ ရီကာဒိုကလီမင့်ရဲ့ နေ့စဉ် လှုပ်ရှားမှုတွေထဲက တစ်စိတ်တစ်ဒေသကို ကောင်းကောင်းကြီး ရုပ်လုံးဖော်လို့ ရပါပြီ' ကျွန်ုပ်က ဤသို့ပင် စကားစလိုက်သည်။ 'ဧပြီလ ၂၆ ရက်နေ့က မေလ ၆ ရက်နေ့အထိ ဆယ့်ရက်လုံးလုံး စောင့်ကြည့်ခဲ့ရာမှာ သူဟာ ညနေတိုင်း ၇ နာရီ မိနစ် ၄၀ ဝန်းကျင်မှာ အချိန်မှန်မှန် အိမ်ပြန်လာတာကို တွေ့ရတယ်။ အဲဒီထဲက တစ်ကြိမ် တစ်ခါပဲ အချိန်မမှန်တာကို တွေ့ခဲ့ရတယ်။ ဒါတောင် အဲဒီ တစ်ကြိမ်မှာလည်း ခါတိုင်းထက် ၁၀ မိနစ်ပဲ နောက်ကျတာကို တွေ့ရတယ်။ သူဟာ နေ့တိုင်း စန်ဖာနန်ဒိုရပ်ကွက်ကလာတဲ့ ဘတ်စ်ကားအမှတ် ၂၀၃ ကို အမြဲစီးလာပြီး အမှတ် ၂၀၂ လမ်းမကြီးပေါ်က လမ်းဘေးဈေးဆိုင်ကလေးနားက မှတ်တိုင်မှာ ဆင်းတတ်တယ်။ အဲဒီမှတ်တိုင်က လမ်းထောင့်အထိ ခြေကျင်လျှောက်လာပြီး ဂါရီဘာလ်ဒီလမ်းထဲမှာရှိတဲ့ သူ့အိမ်ကို ပြန်တယ်။ သူဟာ ဘတ်စ်ကားမှတ်တိုင်ကနေ သူ့အိမ်အထိ ကိုက်တစ်ရာလောက်ဝေးတဲ့ ခရီးကို တစ်ခါမှ မပြောင်းလဲဘဲ သာနေကျလမ်းအတိုင်း ပြန်လာတယ်။

"အဲဒီလမ်းနဲ့ အဲဒီနေရာကို နေ့တိုင်းသွားပြီး စောင့်ကြည့်ခဲ့တဲ့ ကျုပ်တို့လူတွေဟာ အဲဒီနေရာတစ်ဝိုက်ရဲ့ အနေအထားကို အသေးစိတ် သိနေကြပြီ။ အဲဒီတော့ ကလီမင့်ကို လက်ရဖမ်းဖို့အတွက် အဲဒီနေရာဟာ အကောင်းဆုံးပြီ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ တခြားနေရာ တစ်နေရာကို ထပ်ပြီးရှာစရာ မလိုတော့သလို ကလီမင့်ရဲ့ အိမ်အပြန်ခရီးက ဘယ်နေရာကစပြီး ထွက်လာတယ် ဆိုတာလည်း နောင်ကြောင်ပြန်ပြီး လိုက်ကြည့်နေစရာ မလိုတော့ပါဘူး။ ဒါကြောင့် ကျုပ်တို့သိထားတဲ့ နေရာတစ်ဝိုက်ကို ထပ်ပြီး ဂရုတစိုက် လေ့လာကြဖို့နဲ့ ဒီလေ့လာတွေ့ရှိချက်အရ စစ်ဆင်ရေး အစီအစဉ်ကို ပြင်ဆင်ကြဖို့ပဲ လိုပါတယ်"

ကျွန်ုပ်၏ အထက်ပါ သုံးသပ်တင်ပြချက်ကို အားလုံးကပင် လက်ခံသဘောတူခဲ့ကြသည်။ ထို့နောက် အသေးစိတ် ဆက်လက်ဆွေးနွေးကြရာ အကယ်၍ ပိုမိုကောင်းမွန်သည့် နေရာတစ်နေရာကို မတွေ့ခဲ့ပါက 'လက်ဆောင်' ဟူ၍ အမည်ပေးထားသော အဆောက်အအုံကို ပထမဆုံး ခိုအောင်းရမည့် အိမ်အဖြစ် ဦးစားပေး ရွေးချယ်ကြရန်နှင့် ကလီမင့်အား လက်ရဖမ်းမိသည်နှင့် တစ်ပြိုင်နက် ထိုအိမ်သို့ခေါ်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ 'နန်းတော်'ဟူ၍ အမည်ပေးထားသော အိမ်ကိုမူ ဒုတိယဦးစားပေးအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။ ထို့နောက် အက်ရှက်နှင့် ကီရန်တို့အား ယခုရက်ပိုင်းအတွင်း 'လက်ဆောင်' အဆောက်အအုံသို့ ပြောင်းရွှေ့နေထိုင်ရန်နှင့် အက်ရှက်သည် ထိုအိမ်တွင် အိမ်ငှားအဖြစ် နေထိုင်ပြီး မကြာမီ ရောက်ရှိလာမည့် ဧည့်သည်များကို စောင့်မျှော်နေသည့်ပုံသဏ္ဌာန်မျိုး ရှိနေစေရန် စီစဉ်သတ်မှတ်ခဲ့ကြသည်။

❒

ယခုအထိ ကျွန်ုပ်တို့ စစ်ဆင်ရေးအဖွဲ့တွင် လူတစ်ယောက် လိုနေခဲ့သည်။ ထိုလူမှာ ဆရာဝန်ပင်ဖြစ်သည်။ အခြားသော အဖွဲ့ဝင်များနည်းတူ သူသည်လည်း ဥရောပသို့ ပထမဦးစွာ သွားခဲ့ရသည်။ ထိုမှတစ်ဆင့် သူသည် ကျွန်ုပ်တို့အဖွဲ့ဝင်များ၏ ခရီးသွားလာရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးရသည့် အေမာနှင့်ဆော့ဆုံကာ သူ့ထံမှ ညွှန်ကြားချက်များနှင့်တကွ လိုအပ်သည့် စာရွက်စာတမ်းများနှင့် လေယာဉ်ခရီးစဉ် လက်မှတ်များကို လက်ခံရယူခဲ့သည်။

ဆရာဝန်သည် ဘာသာစကား အများအပြား တတ်ကျွမ်းသူတစ်ဦးဖြစ်ရာ သူ့အတွက် လိုအပ်သည့် ထောက်ခံစာနှင့် စာရွက်စာတမ်းများ ပြုလုပ်ရာ၌ အလွန်လွယ်ကူခဲ့သည်။ သို့ဖြင့် သူသည် မူလစီစဉ်ထားသည်ထက် စောစွာ ထွက်ခွာလာနိုင်ခဲ့သည်။ သို့သော် လမ်းခရီးတွင် လေယာဉ်စက် ချွတ်ယွင်းသဖြင့် ၂၄ နာရီ နောက်ကျပြီးမှ ရောက်လာခဲ့သည်။





မေလ ၇ ရက်နေ့ နံနက်တွင် 'အခြေခံစခန်း'သို့ ဆရာဝန် ရောက်လာသောအခါ သူသည် ဒန်နီနှင့် ကီရန်တို့ နှစ်ယောက်အား ၎င်းတို့၏ အလုပ်ခုံလေးများထဲတွင် အလုပ်လုပ်နေကြပုံကို အံ့အားသင့်သွားခဲ့သည်။ သူ့မျက်စိအောက်တွင် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ လျှို့ဝှက်လုပ်ငန်းများ သွားရောက်ထုပ်ကိုင်ကြရာ၌ မြင်တွေ့ရလိမ့်မည်ဟု မျှော်မှန်း ရော်ရမ်းထားသည့် စိတ်ကူးရုပ်ပုံလွှာများနှင့် လုံးဝမတူဘဲ ၎င်းတို့နှစ်ယောက်မှာ ကိုယ့်အိမ်ကိုယ့်ဝင်းထဲတွင် အလုပ် လုပ်နေကြသည့်ပမာ စိတ်အေးလက်အေးဖြင့် ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ် ထုပ်ကိုင်နေကြသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

❒

ဆိုနေ့ မွန်းလွဲပိုင်းတွင် ဂါဘီ၊ ကဲနက်နှင့် အီဟတ်တို့သည် ကလီမင့်၏နေအိမ်မှ 'နန်းတော်'နှင့် 'လက်ဆောင်' အဆောက်အအုံများရှိရာသို့ အလွယ်တကူ သွားနိုင်သာနိုင်သည့် မော်တော်ကားလမ်းများကို ရှာဖွေလေ့လာကြည့်ရန် ထွက်သွားခဲ့ကြသည်။ သူတို့နှင့်အတူ ဆရာဝန်လည်း လိုက်ပါသွားခဲ့သည်။ ဆရာဝန်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားကြမည့် နေရာတစ်ဝိုက်ကို ကျွမ်းကျင် မှတ်မိနေစေရန်နှင့် အိုက်ခ်မန်းအား လက်ရဖမ်းပြီး ချုပ်နှောင်ထားမည့် အိမ်ကို လေ့လာကြည့်ရှုရန်ပင်ဖြစ်သည်။

ထိုနေ့နံနက်မှာပင် ကျွန်ုပ်တို့သည် စစ်ဆင်ရေးတွင် အသုံးပြုရန် ကားနှစ်စီးကို ငှားရမ်းခဲ့ကြသည်။ ကားနှစ်စီးကို သံသယမျက်စိဖြင့် အကြည့်ခံရသည်ထက် တစ်စုံတစ်ရာ နှောင့်နှေးမှုမဖြစ်ဘဲ လုပ်ငန်းတွင်ကျယ် ထိရောက်မှုကို ဦးစားပေး ရွေးချယ်ခဲ့ကြရသည်။ ထို့ပြင် စစ်ဆင်ရေးအဖွဲ့ဝင်များနှင့်တကွ ကလီမင့် အပါအဝင် လူအားလုံး သက်သက်သာသာနှင့် လုံခြုံစွာ စီးနိုင်မည့် ကားအကြီးစားများကို ရွေး၍ ငှားခဲ့ကြသည်။ အထူးသဖြင့် စစ်ဆင်ရေးဆင်နွှဲနေချိန်တွင် မမျှော်လင့်ဘဲ တစ်စုံတစ်ရာ ပျက်စီးချွတ်ယွင်းမှုများ မဖြစ်ရလေအောင် စက်ကောင်းသည့် ကားအမျိုးအစားကို အထူးဂရုစိုက်၍ ရွေးချယ်ငှားရမ်းခဲ့ကြသည်။ တကယ်တော့ ထိုသို့ အပြစ်အနာအဆာ လုံးဝကင်းသည့် ကားမျိုးကို ရအောင်ရှာရသည်မှာ မလွယ်လှဘဲ ရှိခဲ့သည်။ ဗျူနိုအဲရစ်မြို့ပေါ်ရှိ အငှားကားကုမ္ပဏီများတွင် ရက်ပေါင်းအတော်ကြာအောင် လိုက်လံစုံစမ်း ရှာဖွေခဲ့သည့်တိုင်အောင် ထိုသို့သော အမျိုးအစားကို မတွေ့ရသဖြင့် စိတ်ပျက်လက်လျှော့ရမလိုပင် ဖြစ်ခဲ့ရသေးသည်။ နောက်ဆုံးတွင်မှ ကျွန်ုပ်တို့ အလိုရှိသည့် အ



www.burmeseclassic.com

www.burmeseclassic.com



မျိုးနှင့် အနိမ့်ဆုံးဖြစ်သော ကားနှစ်စီးကို တစ်ပြိုင်တည်း သွားတွေ့ခဲ့ကြသည်။ သို့တိုင်အောင် တကယ်တမ်း ကျွန်ုပ်တို့ သတ်မှတ်ထားသည့် အမျိုးအစားနှင့် အဆောက်ကလေး အခြေအနေကွာခြားနေပြီး သင့်တော်သည်ဆိုရုံမျှသာ ဆိုနိုင်သည့် ကားများဖြစ်သည်။ သို့ဖြစ်ရာ ကျသင့်သည့် အခကြေးငွေများ ပေးချေပြီးလျှင် ပြီးချင်း ထိုကားနှစ်စီးစလုံးကို 'အိုဗာဟော'လုပ်ရန်အတွက် ကားရုံတစ်ရုံသို့ ပို့ခဲ့ရသည်။

ထိုကားနှစ်စီးကို ငှားရာ၌ စပေါ်ငွေအဖြစ် ဒေါ်လာထောင်ပေါင်းများစွာကို ပေးခဲ့ကြရသည်။ ဤသည်မှာလည်း ထူးဆန်းသော ကမ္ဘာလှည့်ခရီးသည်အချို့သည် ထိုသို့ ဖိတ်ဖိတ်တောက်နေသည့် ရောမကားကြီးများကို အလွန်သဘောကျလှသဖြင့် ကားငှားဌာနများသို့ ပြန်မအပ်ဘဲ အပိုင် 'လစ်'သွားတတ်သဖြင့် ကားငှားခများကို ထိုသို့ မတန်တဆ မြှင့်ထားခြင်းဖြစ်သည်ဟု သိရသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့မှာ အခြားရွေးစရာ နည်းလမ်းမရှိတော့ဘဲ သယ်ယူပို့ဆောင်ရေးအတွက် အထူးလိုအပ်နေသည့်အလျောက် လိုအပ်သည့် ကားများကို ရသည်ဆိုလျှင်ပင် တော်လှပြီဟု ဆိုရမည်ဖြစ်သည်။

ဤအတောအတွင်း နက်ရှာသည် ကားရုံတစ်ရုံတွင် အခြားကားတစ်စီးကို တွေ့ခဲ့ပြန်သည်။ ၁၉၅၃ ခုနှစ်လုပ် အမေရိကန် ကားဟောင်းတစ်စီးဖြစ်သည်။ ထိုကားမှာ ချို့ယွင်းချက် အမြောက်အမြား ရှိနေသော်လည်း ကားပိုင်ရှင်က ငှားရန် ဝန်လေးနေလိုက်သေးသည်။ အကြောင်းမှာ ထိုကားကို အခိုးခံရမှာ စိုးသောကြောင့်ဖြစ်သည်။ သို့ဖြင့် နက်ရှာက စပေါ်ငွေအဖြစ် မည်မျှပေးရမည်ကို မေးကြည့်သောအခါ ကားပိုင်ရှင်သည် သူ့ကို အနှောင့်အယှက်ပေးနေသည့် ကမ္ဘာလှည့် ခရီးသည်တစ်ယောက်အား မောင်းထုတ်သည့်အနေဖြင့် စပေါ်ငွေ ဒေါ်လာငါးထောင် ပေးရမည်ဟု မတန်တဆ ပြောချလိုက်သည်။

သို့သော် ခေတ္တခဏအကြာတွင် ထူးဆန်းသော ကမ္ဘာလှည့်ခရီးသည် နက်ရှာသည် ဒေါ်လာ ၂၀ တန် ငွေစက္ကူများကို အထပ်လိုက်ကိုင်၍ ပြန်ရောက်လာသောအခါ ကားရုံပိုင်ရှင်မှာ မျက်လုံးများပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ ဤကိစ္စမှာ လုံးလုံးကြီး မသင်္ကာစရာဖြစ်နေခဲ့ရာ ကားရုံပိုင်ရှင်သည် နက်ရှာအား အနီးဆုံးဘဏ်တိုက်တစ်ခုသို့ ခေါ်သွားပြီး နက်ရှာ၏ လက်ထဲတွင် အထပ်လိုက်ပါလာသည့် ငွေစက္ကူများကို ဘဏ်အရာရှိတစ်ယောက်အား အစစ်အမှန် ဟုတ်မဟုတ် စစ်ဆေးခိုင်းခဲ့သည်။ ဤအတောအတွင်း နက်ရှာမှာ မီးဖိုထဲသို့ရောက်နေသည့် အုတ်နီခဲပေါ်တွင် ထိုင်မိလျက်သား ဖြစ်နေရှာသည့် ကြောင်





တစ်ကောင်လို ဂနာမငြိမ်ဘဲ ဖင်တကြွကြွ ဖြစ်နေခဲ့ရသည်။ ငွေစက္ကူများကို တစ်ရွက်ချင်း ဖင်ပြန်ခေါင်းပြန် အသေးစိတ်ကြည့်၍ မပြီးနိုင် မဆုံးနိုင်အောင် စစ်ဆေးနေသည်ကို ရင်တမမဖြင့် စောင့်နေခဲ့ရသည်။ နောက်နာရီဝက်ကျော်ကျော် ကြာတော့မှ ကားပိုင်ရှင်သည် ဘဏ်တိုက်၏ အတွင်းဘက်ရုံးခန်း တစ်ခန်းထဲမှ ထွက်လာပြီး ငွေစက္ကူအားလုံး တစ်ရွက်မကျန် အစစ်အမှန်ချည်းဖြစ်ကြောင်း ကြေညာလိုက်သည်။

သူတို့နှစ်ယောက် အတူတကွ ပြန်လာခဲ့ကြပြီး ကားရုံသို့ ရောက်သောအခါ ကားရုံပိုင်ရှင်သည် ဒေါ်လာငွေစက္ကူများကို သူ၏ သံသေတ္တာကလေးထဲသို့ ထိုးထည့်လိုက်သည်။ သို့ဖြင့် နက်ရှာသည် 'အမေရိကန်ကားဟောင်းကြီး'၏ ပိုင်ရှင် ဖြစ်လာခဲ့ပြီး ကြာကြာမဆိုင်းဘဲ ထိုကားကို ဒုန်းစိုင်း၍ မောင်းချလာခဲ့သည်။ အမှန်စင်စစ် နက်ရှာသည် ထိုကားကို အငမ်းမရ လိုချင်နေသည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်းအား လက်ရဖမ်းရာတွင် ထိုကားကို အသုံးပြုရန်အတွက် ရည်ရွယ်ထားသောကြောင့်တည်း။

■

www.burmeseclassic.com

www.burmeseclassic.com

## နောက်ကျ၍ နောက်ဆုံးမှရောက်လာသူ အမျိုးသမီးတစ်ဦး

သေရေးရှင်ရေး အဆုံးအဖြတ်ပေးမည့်နေ့သို့ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ 'အခြေခံစခန်း'တွင် တစ်နေ့တခြား လူဝင်လူထွက်များလာသည်ကို ကျွန်ုပ် သတိထားလာမိသည်။ ထို့ပြင် ဤအဆောက်အအုံကို ကျွန်ုပ်တို့၏ လျှို့ဝှက်လုပ်ငန်းအတွက် ဗဟိုအချက်အချာအဖြစ် အသုံးပြုလာခဲ့သည်မှာလည်း ရက်ရှည်လများ ဖြစ်လာခဲ့၍ လိုအပ်သည့် အသုံးအဆောင် ပစ္စည်းကိရိယာများနှင့် စာရွက်စာတမ်းများမှာလည်း တစ်နေ့ထက်တစ်နေ့ များသည်ထက်များလာပြီး ထားစရာ သိမ်းစရာ နေရာအခက်အခဲ ဖြစ်လာသည်ကိုလည်း ကျွန်ုပ် သတိပြုလာမိသည်။

သည်အတိုင်းသာဆိုပါက အကယ်၍ တစ်နေ့နေ့တစ်ချိန်ချိန်တွင် တစ်ခုခုသော အကြောင်းကြောင့် ဤအဆောက်အအုံကို ပြန့်ခနဲ ဝင်ရောက်ရှာဖွေစစ်ဆေးမည်ဆိုပါက မုချ ဒုက္ခတွေ့ကြရမည့် အနေအထားမျိုး ဆိုက်ရောက်နေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် ကျွန်ုပ်တို့လူများ အလုပ်လုပ်နေသည့်အခါတွင်ဖြစ်စေ၊ အစီအစဉ်များ ရေးဆွဲသတ်မှတ်ရန် ညှိနှိုင်းဆွေးနွေးနေကြသည့် အခါမျိုးတွင်ဖြစ်စေ မြေပုံများ၊ စာရင်းဇယားများနှင့် စာရွက်စာတမ်းများမှာ နေရာအနှံ့အပြား ဖရိုဖရဲဖြင့် ပြန့်ကျဲနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဤသို့သော အကြောင်းများကြောင့် ကျွန်ုပ်သည် ဤအဆောက်အအုံသို့ ဝင်ထွက်သွားလာမှုများကို တတ်နိုင်သမျှ လူအနည်းဆုံးဖြစ်အောင် လျှော့ချရန်နှင့် အချို့သော အလုပ်များနှင့် ကိစ္စရပ်များကို တခြားလုံခြုံရာအိမ်များသို့ ရွှေ့ပြောင်းရန် ဆုံးဖြတ်ခဲ့ရသည်။

ဇူးပွင့်ဝေဝေ



မေလ ၇ ရက်နေ့သည် စနေနေ့ဖြစ်သည်။ သို့ဖြစ်ရာ ထိုနေ့တွင် တစ်မှတ်နယ်မြေတစ်ဝိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုခြင်းများ မပြုလုပ်ဘဲနေခဲ့ကြသည်။

ထိုနေ့ညတွင် ကျွန်ုပ်သည် အခြေခံစခန်း၌ အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပကာ အားလုံးလိုက်နာရမည့် စည်းကမ်းချက်တစ်ခုကို ပြောကြားခဲ့ရသည်။ ထိုစည်းကမ်းမှာ စာရွက်စာတမ်းများနှင့် ပစ္စည်းကိရိယာများကို ကိုယ်တိုင်ကိုယ်ကျ လာယူရန် ကိစ္စများမှတစ်ပါး ဤအခြေခံစခန်းသို့ မည်သူမျှမလာဘဲ တတ်နိုင်သမျှ ရှောင်ရှားကြရန်ပင်ဖြစ်သည်။ ထိုကိစ္စများမှလွဲ၍ အခြားအကြောင်းကြားစရာများနှင့် တစ်ပိုင်းတစ်စ အမိန့်များကို ယခုအချိန်မှစ၍ လူတစ်ယောက်အား ဆက်သွယ်ရေးတာဝန်ခံအဖြစ် သီးသန့်တာဝန်ပေးကာ ထိုလူမှတစ်ဆင့် ဆက်သွယ်ညွှန်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် နောင်အခါ စစ်ဆင်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများနှင့် လေ့ကျင့်မှုများအားလုံးကို 'လက်ဆောင်' အဆောက်အအုံတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဤအတောအတွင်း လောလောဆယ် ကီရန်သည် 'အခြေခံစခန်း'တွင် ဆက်လက်နေထိုင် လုပ်ကိုင်သွားရမည်ဖြစ်သော်လည်း မကြာမီ အက်ရက်နှင့်အတူ 'လက်ဆောင်' အဆောက်အအုံသို့ ပြောင်းရွှေ့ရမည်ဖြစ်ကြောင်းကိုလည်း ထိုအစည်းအဝေးတွင် အသိပေးခဲ့သည်။ သို့ဖြစ်ရာ 'အခြေခံစခန်း'တွင် လူနှစ်ယောက်သာ ရှိနေရမည်ဖြစ်သည်။ ထိုနှစ်ယောက်မှာ 'အိမ်ငှားများ' ဖြစ်ကြသော တာလ်မီနှင့် ဒန်နီတို့ပင်ဖြစ်သည်။

ထိုအစည်းအဝေးမှာပင် အိုက်ခ်မန်းအား **မေလ ၁၀ ရက်နေ့**တွင် လက်ရဖမ်းဆီးရန် ထပ်မံအတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

ထိုနေ့ ထိုရက်မှအစပြု၍ ကျွန်ုပ်တို့သည် စားသောက်ဆိုင်များတွင်သာ အချိန်းအချက်ပြုလုပ်၍ တွေ့ဆုံခဲ့ကြသည်။ ဤသို့ အချိန်းအချက်ပြုလုပ်ရန် သင့်တော်သည့်နေရာများကို ရွေးချယ်ရေးအတွက် ကျွန်ုပ်သည် မြို့လယ်ကောင်တွင် နေရာအနှံ့အပြား လှည့်လည်သွားလာခဲ့ရသည်။ ဤ၌တွင် ကျွန်ုပ်သွားတတ်လာတတ်သည့် နေရာများ၏ အမည်များနှင့် နေရပ်လိပ်စာများကို စာရင်းပြုလုပ်၍ ကျွန်ုပ်၏လူများအား ပေးထားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် အရေးအကြောင်းပေါ်လာပါက ဘယ်အချိန်တွင် ဘယ်နေရာ၌ ကျွန်ုပ်ရှိနေသည်ကို သိထားရန် လိုအပ်သောကြောင့်ဖြစ်သည်။

ဇူးပွင့်ဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စားသောက်ဆိုင်တစ်ဆိုင်တွင် နာရီဝက် ထိုင်နေပြီး နာရီဝက်ပြည့်လျှင် ထိုဆိုင်မှထကာ အခြားဆိုင်တစ်ဆိုင်သို့ နာရီဝက်ကြာမျှ လမ်းလျှောက်သွားရန် စီစဉ်သတ်မှတ်ထားသည်။ အကယ်၍ ပထမဆိုင်တွင် တစ်စုံတစ်ယောက်နှင့်တွေ့၍ နာရီဝက်ကျော်သွားသည်အထိ ဆွေးနွေးခဲ့ရသည်ဆိုပါက နောက်ဆိုင်သို့ အငှားကားတစ်စီးဖြင့်သွားရန် စီစဉ်ထားသည်။ အထူးသဖြင့် ကျွန်ုပ်သည် တစ်စုံတစ်ယောက်နှင့် တွေ့ရန်အတွက် ပထမနေရာနှင့် နာရီဝက်ခန့် လမ်းလျှောက်သွားရမည့်နေရာကိုရွေး၍ ချိန်းဆိုရန် ကြံစည်ထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ပထမနေရာမှ ဒုတိယချိန်းဆိုထားသည့်နေရာသို့ နာရီဝက်ခန့် လမ်းလျှောက်သွားခြင်းအားဖြင့် ကျွန်ုပ်နောက်မှ နောက်ယောင်ခံ၍ လိုက်သူများ ရှိမရှိ သိနိုင်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။

ဤသို့ စီစဉ်သတ်မှတ်ထားခြင်းဖြင့် တစ်နေရာတွင် ကျွန်ုပ်အား နာရီဝက်ထက်ပို၍ မမြင်ရ မတွေ့ရဘဲ ရှိနေမည်ဖြစ်သည်။ ထို့ပြင် မလွှဲမရှောင်သာသည့် ကိစ္စရပ်များမှတစ်ပါး ကျွန်ုပ်သည် အချင်းချင်းတွေ့ရန်အတွက် တစ်ကြိမ်လျှင် တစ်နေရာသာ အသုံးပြုမည်ဖြစ်သည်။

အာဂျင်တီးနားတွင် စားသောက်ဆိုင်များသည် လူအများ စုဝေးရာဌာနများပင်ဖြစ်သည်။ ရပ်ကွက်တိုင်း၊ လမ်းတိုင်းတွင် အနည်းဆုံး စားသောက်ဆိုင်တစ်ခုရှိနေပြီး ထိုဆိုင်တွင် အပျော်ယမကာများ စားသောက်သည့် စားပွဲရှည်ကြီးနှင့်တကွ ၎င်း၏ နောက်ကျောမှ နံရံတွင် ရေမမှန်ကြီးတစ်ချပ် ရှိနေပြီး စားပွဲကုလားထိုင်များမှာလည်း ရှေးဆန်ဆန် ညိုမည်းမည်းအရောင်များ ဖြစ်ကြသည်။ အာဂျင်တီးနားလူမျိုး အများအပြားသည် ထိုသို့သော ကဖီးဆိုင်များတွင် အေးအေးဆေးဆေး နာရီနှင့်အမျှထိုင်ကာ လက်ဖက်ရည် ကော်ဖီပူပူကလေးကို တစ်ကျိုက်နှစ်ကျိုက်သောက်ရင်း ဆွေမျိုးသားချင်း အပေါင်းအသင်း မိတ်ဆွေများနှင့် စကားစမြည် ပြောနေလေ့ရှိကြသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ အချင်းချင်း ချိန်းဆိုတွေ့ဆုံကြရာ၌ သံသယဖြစ်စရာ လုံးဝမရှိဘဲ ဖြစ်နေသည်။ အကယ်၍ ထိုကဖီးဆိုင်တစ်ဆိုင်တွင် စားပွဲကြီးတစ်လုံးနှင့် ကျွန်ုပ်တို့လူများ အစုလိုက်အပြုံလိုက် ထိုင်နေကြသည့်တိုင်အောင် မည်သူမျှ မသင်္ကာစရာမဖြစ်ဘဲ ဘာသိဘာသာ နေကြမည်သာဖြစ်သည်။

ထို့ပြင် ဗျူနိုအဲရစ္စမြို့မှ ကဖီးဆိုင်အတော်များများတွင် ထမင်းစားခန်းကို နှစ်ခန်းခွဲထားပြီး တစ်ဖက်နှင့်တစ်ဖက် ကြည့်၍ မမြင်နိုင်သည့် မှန်များဖြင့် ကာထားတတ်ကြသည်။ ထိုသို့ အခန်းနှစ်ခန်း ကာထားသည့်အနက် ပို၍ကျဉ်း





သော အခန်းကလေး၏ မှန်သားနံရံပေါ်တွင် Familias 'မိသားစု'ဟူ၍ စာရေးထားကြသည်။ သို့သော် ထိုအခန်းကျဉ်းကလေးမှာ မိသားစုများအတွက်သာ မဟုတ်ဘဲ စုံတွဲများနှင့် အဖော်မပါ တစ်ကိုယ်တည်းလာပြီး ယောက်ျားများနှင့် ရောရောနှောနှော မထိုင်လိုသည့် အမျိုးသမီးများအတွက်ပါ သီးသန့်ရည်ရွယ်ထားခြင်းဖြစ်သည်။ ထိုသို့ တစ်ယောက်တည်းလာသည့် အမျိုးသမီးများအနေဖြင့် အခန်းကျယ်ကြီးထဲတွင် ထိုင်လေ့မရှိသည့်နည်းတူ တစ်ယောက်တည်းလာသည့် ယောက်ျားများအနေဖြင့်လည်း အဆိုပါအခန်းကျဉ်းကလေးထဲတွင် မည်သည့်အခါမျှ ထိုင်လေ့မရှိသည်ကို တွေ့ကြရသည်။

သို့သော် ကျွန်ုပ်သည် အထက်ပါ ဓလေ့ထုံးစံကို အတော်ကလေး အချိန်ကြာကျပြီးမှ အကဲခတ်မိခြင်းဖြစ်သည်။ ကျွန်ုပ်သည် ထိုဆိုင်များသို့ ရောက်သွားသည့်အခါတိုင်း အဝင်အထွက်များလှ၍ လူရှုပ်သည့် တံခါးပေါက်များနှင့် အနိုင်သမျှဝေးဝေး၊ ငြိမ်သက်အေးဆေးသည့်နေရာကို ရှာလေ့ရှိရာ မကြာခဏ အဆိုပါ 'မိသားစု' စာတန်းရေးထားသည့် အခန်းထဲသို့ ဘုမသိဘမသိ ဝင်ထိုင်တတ်သည်။ ထို့ပြင် များသောအားဖြင့် အပြင်ဘက် အခန်းကျယ်ကြီးထဲတွင် အမြဲတမ်း လူစည်ကားနေတတ်သလောက် အဆိုပါ အခန်းကလေးများမှာမူ လူရှင်းနေတတ်သည်။ သို့ဖြင့် အဆိုပါ အခန်းကလေးထဲသို့ တစ်ယောက်တည်း ဝင်ထိုင်တတ်သော ကျွန်ုပ်အား စားပွဲထိုးများ အပါအဝင် တစ်ဆိုင်လုံးရှိလူများက အထူးအဆန်းသဘောမျိုးဖြင့် မကြာခဏ လှမ်းကြည့်ခဲ့ကြသည့် အဖြစ်မျိုးဖြင့် ကြုံခဲ့ရသည်။ သို့သော် ကျွန်ုပ်မှာ သူတို့တစ်တွေ ကွက်ကြည့်ကွက်ကြည့်လုပ်နေသည့် အဓိပ္ပာယ်ကို လုံးဝနားမလည် မရိပ်မိဘဲ သူတို့ဘာသာစကားကို လုံးဝ ပြောတတ်သည့် နိုင်ငံခြားသားတစ်ယောက်အနေဖြင့် အထူးအဆန်းသဘောအားကာ လှမ်းကြည့်နေကြခြင်းဖြစ်သည်ဟု ထင်မှတ်နေမိသည်။ ထို့ပြင် တစ်ယောက်နှင့်တစ်ယောက် ဖော်ရွေရင်းနှီးစွာ ပေါင်းသင်းဆက်ဆံတတ်သော သူတို့နိုင်ငံတွင် ယခုကဲ့သို့ တစ်ယောက်တည်း အများနှင့်မရောဘဲ အထီးကျန် နေတတ်သည့် ကျွန်ုပ်အား ထူးဆန်းသည့် သတ္တဝါတစ်ကောင်အဖြစ် ကြည့်ခဲ့ကြခြင်းဖြစ်သည်ဟူ၍ ပထမက ယူဆနေခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အပြုအမူမှာ အများနှင့်မတူ တစ်မူထူးခြားနေသည်မှန်သော်လည်း ကျွန်ုပ်အား မည်သူတစ်ဦးတစ်ယောက်ကမျှ လာရောက်နှောင့်ယှက်ခြင်းမပြုဘဲ ဘာသိဘာသာနေခဲ့ကြသည်။ များသောအားဖြင့် အာဂျင်တီးနား အမျိုးသားများသည် သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကိစ္စများ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်စွက်ဖက်ခြင်းမပြုကြဘဲ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ဆက်ဆံလျှက်ကြရာ ကျွန်ုပ်၏ ရိုင်းပျသော အပြုအမူနှင့်ပတ်သက်၍လည်း တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုရန်မလိုဟု သဘောပေါက် နားလည်ထားကြဟန်တူသည်။ ထို့ပြင် သူတို့စိတ်ထဲတွင် သူတို့၏ ဓလေ့ထုံးစံများနှင့် ကွဲပြားခြားနားသော သူစိမ်းတစ်ယောက်အား အနှောင့်အယှက်ပေးရန် အိပ်မက်မျှပင်မမက်ဘဲ နေကြဟန်တူသည်။

❒

'လက်ဆောင်' အဆောက်အအုံကို မေလ ၈ ရက်နေ့တွင်မှ တရားဝင် စတင်အသုံးပြုရန် ငှားရမ်းခဲ့သော်လည်း ကီရန်သည် ထိုအိမ်သို့ ထိုနေ့မတိုင်မီ ညနေဘက်ကပင် ပြောင်းရွှေ့သွားခဲ့ရာ သူနှင့်အတူ သူ၏ ပစ္စည်းပစ္စယများကိုလည်း တစ်ပါတည်း သယ်ဆောင်သွားခဲ့သည်။ ထို့နောက် သူသည် ထိုအိမ်တွင် 'အကျဉ်းသား'တစ်ယောက်ကို လုံခြုံစွာ ချုပ်နှောင်ထားရန်အတွက် အစစပြင်ဆင်လုပ်ကိုင်ခဲ့သည်။ အိမ်အတွင်းခန်းများကို အသံလုံအောင် ပြုပြင်ကာရံခဲ့ရသည့်ပြင် ရဲအဖွဲ့မှ အလစ်ဝင်ရောက် ရှာဖွေမည်ဆိုပါက မလိုအပ်သည်များကို မမြင်မတွေ့ရအောင် ကြိုတင်လုပ်ကိုင်ထားခဲ့သည်။ သို့သော် ထိုသို့ပြင်ဆင်လုပ်ကိုင်ရာတွင် သူအလိုရှိသည့် ပစ္စည်းကိရိယာများ အပြည့်အစုံ မရခဲ့သည့်ပြင် အချိန်အားဖြင့်လည်း လုံလောက်စွာ မရဘဲဖြစ်ခဲ့သည်။ သည်ကြားထဲတွင် ပို၍ဆိုးသည့်အဖြစ်မှာ ထိုအိမ်တွင်ရှိနေသည့် ခြံစောင့်လုပ်သူသည် သူ့အား အကူအညီပေးရန်အတွက် အိမ်ထဲသို့ မမျှော်လင့်ဘဲ အချိန်မရွေး ဝင်လာတတ်သည်ကို လန့်နေရခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ကီရန်သည် အဆိုပါခြံစောင့်အား အိမ်တွင်ရှိမနေစေရန် အကြောင်းအမျိုးမျိုး ရမယ်ရှာ၍ မကြာခဏ အပြင်သို့ ကိစ္စတစ်ခုခုဖြင့် အချိန်ကြာကြာ ခိုင်းနေရသည်။

ထိုမှတစ်ပါး ကျွန်ုပ်တို့ အထူးသတိထားနေရသည့်အချက်မှာ အိမ်အဆောက်အအုံ၏ နံရံများနှင့် ပရိဘောဂ အသုံးအဆောင်များကို သိသိသာသာ ထင်ထင်ရှားရှားကြီး မဖျက်ဆီးမိစေရန်ပင်ဖြစ်သည်။ ထိုနေရာမျိုးတွင် ကီရန်၏ အရည်အချင်းနှင့် ထိုးထွင်းဉာဏ်မှာ အထူးပင်ထက်မြက် ထိရောက်လှသည်ဟု ဆိုရမည်ဖြစ်သည်။ သူသည် မည်သည့်ပြဿနာကိုမဆို တစ်နည်းနည်းဖြင့် ဖြေရှင်းနိုင်သည်ချည်းသာဖြစ်သည်။ ထို့ပြင် စင်စစ်အားဖြင့် တစ်စုံတစ်ခုသော အခြေအနေ အတိုင်းအတာအထိ သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်နေရသူလည်း





ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ရဲတပ်ဖွဲ့မှ အလစ်ဝင်ရောက်ရှာဖွေခဲ့ပါက ဤအိမ်၌ ရှေ့ဆုံးမှ ရင်ဆိုင်ကာကွယ်ရန် သူ့အားတာဝန်ပေးအပ်ချယ်ထားသောကြောင့်ပင်ဖြစ်သည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ဂါဘီ၊ အီဟာတ်၊ ကဲနက်နှင့် အီလီတို့သည် ပစ္စည်းကိရိယာများနှင့် ရိက္ခာများကို တစ်ယောက်လျှင် ကားတစ်စီးကျစီဖြင့် သယ်ဆောင်ကာ 'လက်ဆောင်'အိမ်သို့ ထွက်လာခဲ့ကြသည်။ အီလီမှတစ်ပါး ကျန်လူများ အားလုံး ချောမောစွာပင် ရောက်လာခဲ့ကြသည်။ သူတို့သည် 'လက်ဆောင်'အိမ်မှ အီလီကို စောင့်နေခဲ့ကြရာ အချိန်တန်သည်အထိ ရောက်မလာသောအခါ အီလီတစ်ယောက် လမ်းခုလတ်တွင် တစ်ခုခုဖြစ်နေပြီဟု ယူဆကာ နောက်ကြောင်းပြန်၍ လာလမ်းအတိုင်း လိုက်ကြည့်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ သို့ဖြင့် အီဟာတ်သည် 'လက်ဆောင်'အိမ်နှင့် မလှမ်းမကမ်းသို့ သွားလည်၍ နေရာအနှံ့အပြား လိုက်လံကြည့်ရှုသော်လည်း ပျောက်ဆုံးနေသည့် သူ့မိတ်ဆွေကို လုံးဝရှာမတွေ့ရဘဲ ဖြစ်နေခဲ့သည်။

အမှန်စင်စစ် အီလီသည် 'လက်ဆောင်'အိမ်သို့ လာသည့် လမ်းခရီးကို ကျွမ်းကျင်သေးဘဲ ရှိနေရာ သူ့အား အီဟာတ်၏နောက်မှ လိုက်ခဲ့ရန်စီစဉ်ပြီး လာခဲ့ကြခြင်းဖြစ်သည်။ သို့ဖြင့် လမ်းဆုံတစ်နေရာတွင် အီဟာတ်က အရှိန်မပျက် ကားကို ဆက်မောင်းလာခဲ့သော်လည်း အီလီမှာ မီးပွိုင့်တွင် မီးနီပြထားသဖြင့် ရပ်စောင့်နေခဲ့ရာမှ အီဟာတ်၏ကားကို မျက်ခြည်ပြတ်သွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် အီလီသည် မီးစိမ်းပြသဖြင့် ဆက်၍မောင်းလာခဲ့သော်လည်း လမ်းမှားပြီး တစ်နေရာတွင် ရဲသားတစ်ယောက်က လမ်းလယ်၌ ကားများကို စစ်ဆေးနေသဖြင့် လမ်းပိတ်နေသည်ကို တွေ့လိုက်ရသည်။ ပထမဆုံး သူ့စိတ်ထဲတွင် သူ့မိတ်ဆွေများကို ရဲက ဖမ်းသွားပြီဟု ယူဆကာ စိုးရိမ်သွားခဲ့သည်။ ထိုမှ တစ်ဆက်တည်း သူ့ကိုယ်တိုင် ပြေးပေါက်မရှိတော့ဘဲ ချောင်ပိတ်၍ အမိခံရတော့မည်ဟု တွေးထင်လိုက်မိသည်။

သို့သော် မိမိထင်သလိုမဟုတ်ဘဲ ယခုကိစ္စမှာ တခြားပြဿနာအရေးအခင်းတစ်ခုဖြစ်၍ မိမိတို့နှင့် ဘာမျှမဆိုင်သည်ကို မကြာမီ သိလိုက်ရသည်။ ထိုအချိန်က အာဂျင်တီးနားအစိုးရ၏ အတိုက်အခံအဖွဲ့အစည်းများသည် အကြမ်းဖက်မှုများကို နေရာအနှံ့အပြား လုပ်ကိုင်လျက်ရှိနေကြသည်။ သို့ဖြစ်ရာ အီလီသည် သူ့အလှည့်ရောက်၍ စာရွက်စာတမ်းများကို ထုတ်ပြရာ သူ၏ ကားလိုင်စင်မှာ ရက်လွန်နေသည်ကို သိလိုက်ရသည်။ ဤတွင် အီလီနှင့် စစ်ဆေးသူ

www.burmeseclassic.com



အပြန်အလှန် ခြေပြလက်ပြဖြင့် စကားပြောကြရသည်။ နောက်ဆုံး၌ အီလီသည် ဘာမျှမသိနားမလည်သည့် အပြစ်မဲ့ နိုင်ငံခြားသားတစ်ယောက်အနေဖြင့် သဘော ပျော်ရာ ဟန်ပါပါ လုပ်ပြခဲ့ရာ သူ၏ ဟန်အမူအရာ ကောင်းလှသဖြင့် ရဲသားက သူ့ကို ဆက်လက်စစ်ဆေးခြင်းမပြုတော့ဘဲ သွားခွင့်ပေးလိုက်သည်။ နောက်ဆုံး၌ သူမှတ်မိသလောက် ဦးနှောက်ကိုသုံး၍ စိတ်မှန်းဖြင့် မောင်းလာခဲ့ရာ ကံအား လျော်စွာ 'လက်ဆောင်' အဆောက်အအုံရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက် လာခဲ့သည်။

ထိုနေ့ညက အတော်ကလေး ညဉ့်နက်သည့်အချိန်၌ 'လက်ဆောင်' အဆောက်အအုံတွင် အိုက်ခ်မန်းအား လက်ရဖမ်းဆီးရာ၌ ကာယကံမြောက် ပါဝင်ကြရမည့် လှုပ်ရှားတပ်ဖွဲ့ဝင်အားလုံး အစုံအညီ စုဝေးကြပြီး အကြမ်းအားဖြင့် လက်တွေ့လုပ်ဆောင်ရမည့် အစီအစဉ်နှစ်ရပ် ချမှတ်ခဲ့ကြသည်။

အစီအစဉ် (က)အရ အိုက်ခ်မန်းအား ဖမ်းဆီးကြမည့် သူများသည် အမှတ် ၂၀၂ လမ်းမကြီးမှ ချိုးဝင်လာသည့် ဂါရီဘာလ်ဒီလမ်းပေါ် ၁၀ ကိုက် အကွာအဝေးတွင် ၎င်းတို့၏ကားကို ရပ်ထားပြီး အိုက်ခ်မန်းအလာကို စောင့် ကြည့်နေကြရမည်ဖြစ်သည်။ အဆိုပါ မော်တော်ကားသည် အိုက်ခ်မန်း၏အိမ် ဘက်သို့ ခေါင်းလှည့်ထားရမည်ဖြစ်သည်။ ထိုအချိန်တွင် အစောင့်အရှောက် အဖြစ် လိုက်ပါလာရမည့် ဒုတိယကားသည် ဂါရီဘာလ်ဒီလမ်းထောင့်သို့မရောက် မီ ကိုက် ၃၀ အကွာ အမှတ် ၂၀၂ လမ်းမကြီးပေါ်၌ ရပ်ထားရမည်ဖြစ်သည်။ ထိုကားကို ဂါရီဘာလ်ဒီလမ်းထောင့်ဘက်ဆီသို့ ဦးတည်ထားရမည်ဖြစ်ပြီး အိုက်ခ်မန်းအား ဝင်ရောက်ဖမ်းဆီးသည့်အချိန်တွင် အိုက်ခ်မန်းနှင့်တကွ အခြား ဖြတ်သန်းသွားလာမည့် ကားများအား ဘာကိုမျှမမြင်ရအောင် ကားရှေ့မီးများကို တအားထိုးပေးထားရမည်ဖြစ်သည်။ အကယ်၍ အိုက်ခ်မန်းအား ဖမ်းဆီးသည့် အခါတွင် တစ်စုံတစ်ရာ အဆင်မပြေမှုများ ဖြစ်ပွားလာပါက ဒုတိယကားမှ လူများသည် ပထမကားရှိရာသို့ ပြေးလာပြီး ကူညီကြရမည်ဖြစ်သည်။ ထို့နောက် အိုက်ခ်မန်းအား လက်ရဖမ်းဆီးမိခဲ့ပြီးပါက ဒုတိယကားသည် အန္တရာယ်ကင်း ရှင်းသည့် နေရာအထိ ပထမကား၏နောက်မှလိုက်၍ စောင့်ရှောက်ပေးရမည်ဖြစ် သည်။

အထက်ပါ အစီအစဉ် (က)ကို ချ၍ဆွေးနွေးကြရာ၌ သူတို့စိတ်ထဲတွင် စိုးရိမ်မှုတစ်ခု ပေါ်လာခဲ့ကြသည်။ ၎င်းမှာ အိုက်ခ်မန်းသည် ကားမှတ်တိုင်မှ သူ့အိမ်ဘက်သို့ ခါတိုင်းလို လမ်းလျှောက်လာစဉ် လမ်းပေါ်တစ်နေရာ၌ ကား





စီးနှင့် လူများကို ရုတ်တရက် မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် **သူ့စိတ်ထဲ** တွင် စနိုးစနောင့်ဖြစ်ကာ ထိတ်လန့်တကြားနှင့် မှောင်ရိပ်ခို၍ ထွက်ပြေးလေမလား ဟု တွေးတောစိုးရိမ်မိကြခြင်းပင်ဖြစ်သည်။ ဤစိုးရိမ်ချက်ကို အားလုံးကဖြစ်နိုင် သည်ဟု ဝိုင်းဝန်းထောက်ခံ ဆွေးနွေးကြသော်လည်း အီလီကမူ ဤသို့မဖြစ်နိုင် ဟု အခိုင်အမာ ရပ်တည်ဆွေးနွေးခဲ့သည်။ သူက မူလစီစဉ်သတ်မှတ်ထားသည့် အတိုင်း မပြောင်းမလဲဘဲ ဆောင်ရွက်သွားသင့်ကြောင်း စိတ္တဗေဒ အကိုးအကား များဖြင့် တင်ပြခဲ့သည်။ အီလီထောက်ပြခဲ့သည့်အချက်မှာ လူတစ်ယောက်သည် ကာလကြာမြင့်စွာ သူ့အိမ်သို့ ပြန်နေကျလမ်းအတိုင်း တစ်စုံတစ်ခုသော အန္တရာယ်ဖြင့် မတွေ့မကြုံရဘဲ နှစ်ရှည်လများ ပုံမှန်လမ်းလျှောက်လာလေ့ ရှိရာ၌ သူ့စိတ်ထဲတွင် မည်သို့မျှ စနိုးစနောင့်ဖြစ်ပေါ်စရာ အကြောင်းမရှိကြောင်း နှင့် အထူးသဖြင့် အိုက်ခ်မန်းကဲ့သို့ စစ်ရေးအတွေ့အကြုံများ ရှိခဲ့ဖူးသည့် လူမန်တစ်ယောက်အဖို့ ပို၍ပင် သူ့ကိုယ်သူ စိတ်ချလက်ချ ရှိနေလိမ့်မည်ဖြစ် ကြောင်း စိတ္တဗေဒ လူ့သဘာဝအမြင်ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့ပြင် အီလီက အကယ်၍ အိုက်ခ်မန်းသည် သူ့စိတ်ထဲတွင် စနိုးစနောင့် ဖြင့် မသင်္ကာမှုများ ဖြစ်ပေါ်လာသည့်တိုင်အောင် သူ့ကိုယ်သူ သိက္ခာဆည်သည့် အနေဖြင့် လမ်းလျှောက်နေရာမှ ကိုက်အနည်းငယ်မျှသာ ကွာဝေးသည့် **သူ့အိမ်** ဘက်ဆီသို့ ရုပ်ပျက်ဆင်းပျက် ထွက်ပြေးလိမ့်မည် မဟုတ်ဟု တွက်ပြခဲ့သည်။

အီလီသည် အစီအစဉ် (က)ကို အထက်ပါအတိုင်း တင်ပြ၍ အခိုင်အမာ ရပ်တည်ထောက်ခံခဲ့ရာ၌ နောက်ဆုံး၌ အခြားလူများက ထိုအစီအစဉ်အတိုင်း လက်ခံခဲ့ကြသည်။ အထူးသဖြင့် ဤသို့လက်ခံခဲ့ကြသည်မှာလည်း အီလီသည် အိုက်ခ်မန်းကို လက်ရဝင်ဖမ်းရာ၌ ပထမဆုံး စတင်လှုပ်ရှားရမည့်သူ ဖြစ်နေသော ကြောင့်ပင်ဖြစ်သည်။

အစီအစဉ် (ခ)အရ ထိုနေ့ထိုအချိန်တွင် ပထမကားသည် အမှတ် ၂၀၂ လမ်းမကြီးဘက်ဆီသို့ ဦးတည်ကာ ဂါရီဘာလ်ဒီလမ်းပေါ်မှ စောင့်နေရမည်ဖြစ် ပြီး ဒုတိယကားသည် အမှတ် ၂၀၂ လမ်းမကြီးပေါ်တွင် ရပ်ထားရမည်ဖြစ်သည်။ ထိုသို့ ကားနှစ်စီးကို တစ်နေရာစီခွဲ၍ ရပ်ထားကြရာ၌ ကားတစ်စီးပေါ်မှ လူများ သည် အခြားကားတစ်စီးပေါ်မှ လူများကို လှမ်းမမြင်နိုင်ဘဲ ရှိနေကြမည်ဖြစ် သည်။ သို့ဖြစ်ရာ ဒုတိယကားမှ ကားမောင်းသူသည် ဘတ်စကားပေါ်မှ အိုက်ခ်မန်း ဆင်း၍ အမှတ် ၂၀၂ လမ်းမကြီးအတိုင်း လမ်းလျှောက်လာသည်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကားရှေ့မီးများကိုဖွင့်၍ အချက်ပြရမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ချိန်တည်းတွင် ထိုသို့ အချက်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ပထမ ကားသည် စက်ရှိန်ကိုလျှော့၍ ခပ်ဖြည်းဖြည်း စတင်မောင်းလာခဲ့ရမည်ဖြစ်ပြီး အမှတ် ၂၀၂ လမ်းမကြီးမှ ဂါရီဘာလ်ဒီလမ်းပေါ်သို့ အိုက်ခ်မန်း ကွေ့ဝင်လိုက် သည်နှင့် အချိန်ကိုက်၍ ကားကို သူ့ဘေးတွင် ရပ်လိုက်ရမည်ဖြစ်သည်။ ထိုအချိန်မှာပင် အိုက်ခ်မန်းအား လက်ရဖမ်းရမည့်သူများသည် ကားပေါ်မှခုန် ဆင်းကာ သူ့အား မလှုပ်နိုင်အောင် ဖမ်းချုပ်ကြပြီး ကားပေါ်သို့ ထိုးတင်ကြရမည် ဖြစ်သည်။ ၎င်းတို့က ထိုသို့လှုပ်ရှား၍ အလုပ်များနေကြချိန်တွင် ဒုတိယကားပေါ် မှ လူများသည် ကားရှေ့မီးများကို တအားဖွင့်ကာ လမ်းမကြီးပေါ်မှ အခြားကား များကို ရုတ်တရက် ဘာမျှမမြင်နိုင်အောင် လုပ်ပေးကြရမည်ဖြစ်သည်။ ထို့နောက် ထိုကားသည် ပထမကားနှင့် ပေါင်းမိကြပြီး ထိုကားကို လျှို့ဝှက်သည့်အိမ်ဘက် ဆီသို့ လိုက်ပါစောင့်ရှောက်ခဲ့ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အစီအစဉ်နှစ်ခုစလုံးတွင် လမ်းဘေး၌ ကားရပ်ထား သည့်အတွက် သက်ဆိုင်ရာ မော်တော်ယာဉ်ရဲများက ထုချေလွှာတောင်း၍ ထိုး ရိုးကားရား ဖြစ်နိုင်စရာရှိသည်များကိုပါ ထည့်သွင်းစဉ်းစားခဲ့ကြသည်။

ထို့ပြင် ကျွန်ုပ်တို့သည် အကယ်၍ မတော်တဆ စစ်ဆင်ရေးမအောင် မြင်ဘဲ အရေးနိမ့်ခဲ့ပါက ဆုတ်ခွာရန် လမ်းသုံးသွယ် ရွေးချယ်သတ်မှတ်ခဲ့ကြ သည်။ ၎င်းတို့မှာ–

(က) အမှတ် (၂၀၂) လမ်းမကြီးအတိုင်း ဗျူနိုအဲရစ္စမြို့ဘက်ဆီသို့ ဦးတည်ကာ အမှတ် ၁၉၇ လမ်းမကြီးတွင် ယာဘက်သို့ချိုးဝင်၍ 'နန်းတော်' အဆောက်အအုံရှိရာသို့ မောင်းပြေးရန်၊

(ခ) အမှတ် (၂၀၂) လမ်းမကြီးအတိုင်း ဘန်ကာလာရီမြို့ဘက်သို့ ဦးတည်၍ ထိုမှတစ်ဆင့် 'နန်းတော်' အဆောက်အအုံရှိရာသို့ မောင်းပြေးရန်၊

(ဂ) စန်ဖာနန်ဒိုနှင့် ဗီစင်တီလိုပက်ဇ် ရပ်ကွက်များကိုဖြတ်၍ အမှတ် (၂၀၂) လမ်းမကြီးအတိုင်း ဗျူနိုအဲရစ္စမြို့သို့၊ ထိုမှတစ်ဆင့် 'လက်ဆောင်' အဆောက်အအုံရှိရာသို့ မောင်းပြေးရန်၊

နောက်ဆုံး၌ အိုက်ခ်မန်းအား လက်ရဖမ်းဆီးရာတွင် တစ်စုံတစ်ရာ ထိုးနှိုးကားရား အော်လားဟစ်လား ဖြစ်ခဲ့ပါက သီးသန့်ငှားထားသည့် 'တောင် ကုန်းရွာ' အဆောက်အအုံသို့ အိုက်ခ်မန်းအား ခေါ်ဆောင်လာရန် နိဂုံးချုပ်အား ဖြင့် သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။ ဤအစီအစဉ်မှာ အကယ်၍ အိုက်ခ်မန်းအား





ကျွန်ုပ်တို့ ဖမ်းဆီးသွားသည်ကို တစ်ဖက်မှ သိရှိသွားကြပြီး အပူတပြင်း လိုက်လံ ရှာဖွေခဲ့ပါက ကျွန်ုပ်တို့ လစ်ပြေးရမည့် ခရီးစဉ်ကို တိုနိုင်သမျှတိုအောင် ရွေးချယ်၍ မြေအောက်ဌာနသို့ မြန်နိုင်သမျှမြန်အောင် ခေါ်ဆောင်သွားရန် ရည်ရွယ်ကာ ချမှတ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ကျွန်ုပ်တို့ သတိပြုရမည့် အချက်မှာ ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား ကာလအတန်ကြာအောင် လျှို့ဝှက်၍ ချုပ်နှောင်ထားရမည်ဟူသော အချက်ပင်ဖြစ်သည်။

ထိုတနင်္ဂနွေနေ့ တစ်နေ့တာအဖို့ ဂါဘီ၊ အီဟတ်၊ အီလီ၊ ကီရန်နှင့် ဆရာဝန်တို့သည် လူတစ်ယောက်အား မလှုပ်နိုင်မရှားနိုင်အောင် အမြန်ဆုံး၊ အထိရောက်ဆုံးနှင့် အသက်သာဆုံး ဖမ်းဆီးချုပ်နှောင်ပုံ ချုပ်နှောင်နည်းများကို လေ့ကျင့်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် ထိုသို့ ဖမ်းဆီးချုပ်နှောင်ရာ၌ မိမိတို့ ကိုယ်ကို မိမိတို့ လုံခြုံရေးအတွက်သော်လည်းကောင်း၊ အဖမ်းခံအကျဉ်းသား၏ ကျန်းမာရေးအတွက်သော်လည်းကောင်း တစ်စုံတစ်ရာ သွေးထွက်သံယိုမှုနှင့် ဒဏ်ရာအနာတရဖြစ်မှုများ လုံးဝမရှိအောင် သတိထားကြရမည်ဖြစ်သည်။ ဤနေရာတွင် ဂါဘီသည် သူတို့လူစုထဲတွင် ဤကိစ္စမျိုးနှင့် စပ်လျဉ်း၍ အတွေ့ အကြုံအများဆုံးနှင့် အကျွမ်းကျင်ဆုံးဖြစ်ရာ သူတို့အားလုံး၏ လျင်မြန်ဖျတ် လတ်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုကို ကျေနပ်လောက်သည်အထိ အကြိမ်ကြိမ် အခါခါ လေ့ကျင့်စေခဲ့သည်။

ထိုနေ့ညက ကျွန်ုပ်တို့အားလုံး နောက်ထပ်တစ်ကြိမ် ထပ်မံစုဝေးကြပြီး အိုက်ခ်မန်းအား လက်ရဖမ်းဆီးရေး အစီအစဉ်များကို ပြန်လည်စစ်ဆေးကြ၍ ဆုတ်ခွာရမည့် လမ်းကြောင်းများကို ထပ်မံဆွေးနွေး အတည်ပြုခဲ့ကြသည်။ ထိုသို့ တစ်နေ့လုံးလုံး လိုအပ်သည့်ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများနှင့် ဆွေးနွေး မှုများကို စိတ်အားထက်သန်စွာ လုပ်ဆောင်ခဲ့ကြပြီးနောက် စစ်ဆင်ရေးတွင် ပါဝင်ကြမည့် ကျွန်ုပ်တို့အားလုံးသည် အိုက်ခ်မန်းအား လက်ရဖမ်းဆီးရမည့် နေ့ရက်ကို မေ ၁၀ ရက်အစား မေလ ၁၁ ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ကြရန် ပြင်ဆင်သတ်မှတ် ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ ရက်ရွှေ့ရန် ဆုံးဖြတ်လိုက်ရသည့် အကြောင်းရင်းမှာ စစ်ဆင်ရေး အစီအစဉ်အားလုံးကို နောက်ဆုံးအကြိမ် ပြန် လည်စစ်ဆေးကြည့်ကြသောအခါ အချို့သော လိုအပ်သည့် ပစ္စည်းကိရိယာများ မှာ မပြည့်စုံသေးဘဲ ဖြစ်နေသည်ကို တွေ့ကြရသောကြောင့်ဖြစ်သည်။ ထိုမှတစ်ပါး တခြားလိုအပ်သည့် အသေးစိတ် ပြင်ဆင်မှုများကိုလည်း မေလ ၁၀ ရက်နေ့ မတိုင်မီ အပြီးသတ် လုပ်ကိုင်ဆောင်ရွက်ရန် အခက်အခဲရှိနေသည်ကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ သို့သော် ဤသို့ဖြစ်ရသည်မှာ အဓိကအားဖြင့် ကျွန်ုပ်တို့၏ ချို့ယွင်းမှုကြောင့်မဟုတ်ဘဲ နောက်ဆုံးရက်များတွင် မီးကုန်ယမ်းကုန် အစွမ်းကုန် ပြင်ဆင်လုပ်ဆောင်ခဲ့ကြရမှု ကျွန်ုပ်တို့အားလုံး ခြေကုန်လက်ပန်းကျနေကြသောကြောင့်ပင်ဖြစ်သည်။

ထိုညက ကျွန်ုပ်တို့ဆွေးနွေးပွဲတွင် 'လက်ဆောင်' အဆောက်အအုံကို လုံခြုံစိတ်ချရသည့်နေရာအဖြစ် အသုံးပြုရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအိမ်တွင်ရှိနေသည့် ခြံစောင့် အိမ်စောင့်အား တခြားသို့ မောင်းထုတ်ရန် မလွယ်သောကြောင့်ဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ထိုအိမ်ကို လုံခြုံစိတ်ချရသည့်နေရာအဖြစ် အသုံးချရန် မည်သူတစ်ဦးတစ်ယောက်က မျှော်လင့်ချက်မထားခဲ့ကြသည်မှာ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက အတွေ့အကြုံများအရ ခြံစောင့်အိမ်စောင့်လုပ်သူသည် ထိုအိမ်ပရိဝုဏ်အတွင်းမှ လုံးဝအပြင်မထွက်ဘဲ နေခဲ့သောကြောင့်ပင်ဖြစ်သည်။ ထို့ပြင် ပစ်ကွင်းအဖြစ် သတ်မှတ်ထားသည့် နယ်မြေနှင့် အဆိုပါ 'လက်ဆောင်' အဆောက်အအုံ၏ တစ်နေရာနှင့် တစ်နေရာ ခရီးအကွာအဝေးမှာလည်း အလွန်အန္တရာယ်များသောကြောင့်ဖြစ်သည်။ ထိုသို့ အဘက်ဘက်မှ စဉ်းစားဆွေးနွေးခဲ့ကြခြင်းဖြင့် 'နန်းတော်' အဆောက်အအုံသည် ပုံစံအနေအထားအားဖြင့် အနည်းငယ် လိုအပ်ချက်များ ရှိနေသေးသည်မှန်သော်လည်း 'လက်ဆောင်' အဆောက်အအုံထက် ပို၍ လုံခြုံစိတ်ချရကြောင်း ဂါဘီနှင့် သူ့လူများက သဘောပေါက်လက်ခံခဲ့ကြသည်။

□

စစ်ဆင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များသည် ကျွန်ုပ်၏ အတည်ပြုချက်ရယူရန် လိုအပ်နေသည်ဖြစ်ရာ မေလ ၉ ရက်နေ့တွင် သူတို့သည် အထက်ပါသဘောထားနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်ထံ အတည်ပြုရန် တင်ပြလာခဲ့ကြသည်။

ထိုနေ့က နံနက်ဆယ်နာရီတွင် ဗျူနိုအဲရိစ္စမြို့၌ အကြီးဆုံး ကဖီးတစ်ခုဖြစ်သော 'ဒိလီနိကဖီး'တွင် ဧည့်သည်သုံးဦးဖြစ်သော ဂါဘီ၊ အီဟတ်နှင့် ထဲမှုတ်တို့အား တွေ့ဆုံခဲ့သည်။ သူတို့က စစ်ဆင်ရေးအစီအစဉ်တစ်ရက် ရွှေ့ဆိုင်းရန် လိုအပ်သည်နှင့်ပတ်သက်၍ အကြောင်းပြချက်များကို ပြောပြရန် ရည်ရွယ်ထားကြသော်လည်း ကျွန်ုပ်အနေဖြင့် အကြောင်းပြချက်တစ်ခုတည်းဖြင့်





ဝင် ကောင်းကောင်းကြီး လုံလောက်နေပြီဖြစ်သည်။ ၎င်းမှာ စစ်ဆင်ရေးအဖွဲ့ဝင်များ ခြေကုန်လက်ပန်းကျနေကြသည်ဟူသော အချက်ပင်ဖြစ်သည်။

သို့သော် ထိုသို့ ရက်ရွှေ့လိုက်ရသည့်အတွက် ကျွန်ုပ်အနေဖြင့် စိတ်ကောင်းဖြစ်သွားသည်ကို သူတို့အားလုံး ရိပ်စားမိခဲ့ကြသည်။ ကျွန်ုပ်၏ သဘောထားကို ကျွန်ုပ်၏ အဖွဲ့ဝင်များအားလုံး နားလည်သဘောပေါက်ထားပြီးဖြစ်သည်။ စစ်ဆင်ရေးတစ်ခုတွင် အစစအရာရာ အားလုံးအဆင်သင့်ဖြစ်ပြီဆိုပါက ကျွန်ုပ်သည် တစ်နာရီမျှပင် ရွှေ့ဆိုင်းရန် မလိုလားသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှားရှားပါးပါး ကြုံတောင့်ကြုံခဲလှသည့် အခွင့်အရေးတစ်ရပ်ကို အဆုံးရှုံးမခံနိုင်သောကြောင့်၊ လက်လွှတ်မခံနိုင်သောကြောင့်ပင်ဖြစ်သည်။

သို့သော် ယခုကိစ္စတွင်မူ အခြေအနေအရပ်ရပ်မှာ တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်ကို တွေ့ရသည်။ အထူးသဖြင့် စစ်ဆင်ရေးအဖွဲ့ဝင်များသည် သူတို့၏ ကိုယ်ခန္ဓာအင်အားနှင့် စိတ်ဓာတ်အင်အားများ အကောင်းဆုံးအနေအထား ရှိ၍ စစ်ဆင်ရေးကို လှုပ်ရှားဆင်နွှဲရန် မဖုံမရဲဖြစ်နေကြသည်။ သူတို့အနေဖြင့် အဘက်ဘက်မှ သေချာပေါက် စိတ်ချရသည့် အခြေအနေမျိုး ရှိမှသာလျှင် စစ်ဆင်ရေးကို အင်တိုက်အားတိုက် ဆင်နွှဲလိုကြသည်။

ကျွန်ုပ်သည် အထက်ပါအချက်ကို အလေးအနက် ဆင်ခြင်သုံးသပ်ပြီးနောက် မေလ ၁၁ ရက်နေ့သို့ စစ်ဆင်ရေးအစီအစဉ် ရက်ရွှေ့ရန် သူတို့၏ တင်ပြချက်ကို လက်ခံခဲ့ပြီး 'နန်းတော်'အဆောက်အအုံကို လုံခြုံစိတ်ချရသည့် အိမ်အဖြစ် ပထမဦးစားပေး ရွေးချယ်ရန် သဘောတူ အတည်ပြုချက်ပေးလိုက်သည်။

□

ယခုဆိုလျှင် ကျွန်ုပ်တို့သည် အချိန်နှင့် အပြေးပြိုင်နေကြရပြီဖြစ်သည်။ 'နန်းတော်' အဆောက်အအုံကို အဆင်သင့်ဖြစ်အောင် ပြင်ဆင်၍ ထိုအဆောက်အအုံထဲတွင် လျှို့ဝှက်ခန်း တစ်ခန်းကို အရေးတကြီး ပြင်ဆင်လုပ်ကိုင်ခဲ့ကြရသည်။ ထို့ပြင် 'လက်ဆောင်' အဆောက်အအုံတွင် တပ်ဆင်ထားသည့် ပစ္စည်းကိရိယာ အများအပြားကိုလည်း 'နန်းတော်'သို့ ရွှေ့ပြောင်းတပ်ဆင်ခဲ့ကြရသည်။ သို့ဖြင့် ကျွန်ုပ်တို့သည် တစ်အိမ်မှတစ်အိမ်သို့ ကူးသန်းသွားလာနေရခြင်းဖြင့် အဖိုးတန်လှသော အချိန်များကို ဖြုန်းတီးပစ်သလို ဖြစ်နေခဲ့ကြသည်။ သို့သော် ဂါရက်သည် အစစအရာရာ လုပ်ငန်းအားလုံးကို စိတ်အားထက်သန်စွာဖြင့် အကိုတက်



www.burmeseclassic.com

www.burmeseclassic.com



ကြွကြွ တာဝန်ယူလုပ်ကိုင်ခဲ့သည်။ အမှန်စင်စစ် 'နန်းတော်'သည် 'လက်ဆောင်' အဆောက်အအုံလောက် အနေအထားကောင်းမွန်ခြင်း မရှိသော်လည်း ကီရန်၏ ကြိုးပမ်းအားထုတ်မှုကြောင့် မသက်ာစရာမှန်သမျှ အားလုံး ဖုံးဖုံးဖိဖိဖြစ်အောင် လုပ်ကိုင်ပြီးစီးခဲ့သည်။

ဤအတောအတွင်းမှာပင် နောက်ဆုံးအချိန်တွင်မှ ကပ်၍အခက်အခဲ ပြဿနာတစ်ခု ပေါ်လာခဲ့ပြန်သည်။ ဒုတိယကား၏ စက်အခြေအနေမှာ စိုး ဆိုးဆိုးရွားရွား ချွတ်ယွင်းလာခဲ့ရာ ထိုကားကို ဂီယာဘောက် အသစ်လဲ ကားပြင်ဌာနသို့ ပို့ခဲ့ရသည်။ တစ်ချိန်တည်းမှာပင် စောစောပိုင်းက မလဲဘဲထား ခဲ့ရသော ကားတာယာအဟောင်းများကို အသစ်ဖြင့်လဲခဲ့ပြီး စစ်ဆင်ရေးကာလ အတွင်း အသုံးပြုရန် လိုအပ်သည့် အသုံးအဆောင်ကိရိယာများကို ကီရန်က တာဝန်ယူ၍ ကားနှစ်စီးစလုံးတွင် တပ်ဆင်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဂါဘီနှင့် ဆရာဝန်တို့သည် ဗစ်ကွင်းနယ်မြေနှင့် 'နန်း တော်'အကြားရှိ လမ်းများ၏ အနေအထားကို ထပ်မံသွားရောက် လေ့လာကြည့် ရှုခဲ့ကြသည်။ လမ်းခရီးတွင် ကားပေါ်၌ ဂါဘီက ဆရာဝန်အား သူလုပ်ကိုင် ဆောင်ရွက်ရမည့် စစ်ဆင်ရေးအစီအစဉ် အများအပြားကို အသေးစိတ် ပြောပြ လာခဲ့သည်။

ညနေစောင်းတွင် ဂါဘီ၊ အီဟတ်နှင့် ဆရာဝန်တို့သည် ကလီမင့်အား ဆယ်ကြိမ်မြောက် စောင့်ကြည့်ရန်အတွက် စန်ဖာနန်ဒိုရပ်ကွက်သို့ အပြေးအလွှား သွားခဲ့ကြသေးသည်။ သို့သော် လမ်းခုလတ်တစ်နေရာတွင် ယာဉ်အသွားအလာ ပိတ်ဆို့နေသဖြင့် နောက်ကျသွားခဲ့ရာ ကလီမင့်နှင့် တော့လွဲကလေး လွဲသွားခဲ့ရ သည်။

ထိုနေ့ညနေပိုင်းမှာပင် အီဟတ်သည် စန်မစ်ဂွယ်လ်ရပ်ကွက်သို့ လှည့် လည်လေ့လာကြည့်ရှုခဲ့ရာ အမှတ် ၁၉၇ လမ်းမကြီးနှင့် 'နန်းတော်' အဆောက် အအုံ ဆက်သွယ်နေသည့် လမ်းတစ်လမ်းကို တွေ့ခဲ့ရသည်။ ထိုသို့တွေ့ရှိခဲ့ရ ခြင်းဖြင့် နောက်တစ်ခါ၌ ထိုလမ်းသည် ဆုတ်ခွာရေးလမ်းကြောင်းတွင် အသုံး အဝင်ဆုံး လမ်းတစ်လမ်းဖြစ်လာသည်ကို တွေ့ကြရမည်ဖြစ်သည်။

ထိုနေ့ညက ညဉ့်နက်ပိုင်းတွင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အားလုံးသည် ကွန်ပ်ထံမှ နောက်ဆုံးမှာကြားချက်ကို နာခံရန်အတွက် စုရုံးရောက်ရှိလာခဲ့ကြ သည်။ ကွန်ပ်တို့သည် 'နန်းတော်'အား နောင်အခါ၌ အိုက်ခ်မန်းအတွက် 'အကျဉ်းဆောင်'အဖြစ် အသုံးပြုရန် ဆုံးဖြတ်သတ်မှတ်ခဲ့ပြီးဖြစ်ရာ ထိုအဆောက်





အအုံသို့ လူဝင်လူထွက် နည်းနိုင်သမျှနည်းအောင် သတိထားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကွန်ပ်တို့သည် ထိုညက 'တောင်ကုန်းများ'ဟု အမည်ပေးထားသော အဆောက်အအုံတွင် တွေ့ဆုံခဲ့ကြသည်။

ထိုညက ကွန်ပ်သည် ကွန်ပ်၏ လူများအား စိတ်ဓာတ်မြင့်မားရေးနှင့် ၎င်းတို့ ယခုလုပ်ဆောင်နေကြရသည့် လုပ်ငန်းတာဝန်၏ အရေးပါသည့် သမိုင်းဝင်လက္ခဏာရပ်များကို အလေးအနက်ထား၍ ပြောကြားခဲ့ရသည်။ အထူး သဖြင့် လူ့သမိုင်းတွင် အရိုင်းစိုင်းဆုံးနှင့် အရက်စက်ဆုံး ရာဇဝတ်ကောင်တစ်ဦး အား တရားဥပဒေကို နှစ်ပေါင်းများစွာ ရှောင်တိမ်းကာ ပုန်းအောင်းနေခဲ့ရာမှ အရှင်လက်ရဖမ်းဆီး၍ တစ်ခါက သူကိုယ်တိုင် ကြီးကြပ်အုပ်ချုပ်ခဲ့သည့် လူသတ် လက်နက်ကိရိယာများ၏ လက်ချက်ဖြင့် လူပေါင်း ၆ သန်းကျော် အသက်ဆုံး ရှုံးခဲ့ရသော လူမျိုးတစ်မျိုး၏ မြို့တော်ဖြစ်သည့် ဂျေရုဆလင်မြို့သို့ တရားဥပဒေ ၏ ရှေ့မှောက် အရောက်ပို့ဆောင်ရန် မိမိတို့အား လက်ရွေးစင်ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြခဲ့သည်။ သမိုင်းတစ်လျှောက်တွင် ဂျူးလူမျိုးများအနေဖြင့် မိမိတို့အား သုတ်သင်သတ်ဖြတ်ခဲ့သည့် လူသတ်သမား ကို ပထမဆုံးအကြိမ် တရားဥပဒေအရ စစ်ဆေးအရေးယူကြရမည်ဖြစ်၍ လူမျိုးတစ်မျိုးလုံးအား ပြုတ်ပြုတ်ပြန်းအောင် သုတ်သင်ခဲ့သည့် ဖြစ်ရပ်ဇာတ်လမ်း ကြီးတစ်ခုလုံးကို မကြာမီ အစ္စရေးနိုင်ငံမှ နနယ်သည့် မျိုးဆက်လူငယ်လူရွယ် များ အပါအဝင် တစ်ကမ္ဘာလုံးမှ ကြားနာရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ရ သည်။

ဆက်လက်၍ ယခု လုပ်ငန်းတာဝန်ကြီးတစ်ခုလုံးသည် မိမိတို့၏ လုပ် ဆောင်လှုပ်ရှားချက်များအပေါ် လုံးဝတည်နေကြောင်း ပြောကြားကာ ယခုကဲ့သို့ မြင့်မြတ်လှသော စိတ်ဓာတ်ရေးနှင့် အမျိုးသားရေး တာဝန်ကြီးကို ဖြည့်ဆည်းထမ်း ဆောင်ကြရာ၌ မရှောင်မလွှဲသာဘဲ မိတ်ဆွေနိုင်ငံ တစ်နိုင်ငံအား သွယ်ဝိုက်၍ ထိခိုက်နစ်နာအောင် လုပ်ဆောင်ရသည်မှာ အထူးစိတ်မကောင်းစရာဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ထိုကိစ္စအတွက် မိမိတို့မှာ အဘက်ဘက်မှ စိတ်မချမ်း မသာဖြစ်ခဲ့ရသော်လည်း မလုပ်လျှင် လုံးဝမဖြစ်သည့်ကိစ္စဖြစ်၍ မည်သို့သော ဝေဖန်ပြစ်တင်မှုမျိုးကိုမဆို မရှောင်မလွှဲသာ လျစ်လျူရှုခဲ့ရကြောင်း ထုတ်ဖော် ပြောကြားခဲ့ရသည်။ ကွန်ပ်တို့အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခဲ့ရသည့်အတွက် အလွန်တရာ ဝမ်းနည်းမိပါသော်လည်း စိတ်ဓာတ်မြှင့်တင်ရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ယခုလို အထူးစစ်ဆင်ရေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ချမှတ်လုပ်ဆောင်ရန်မှတစ်ပါး အခြားနည်းလမ်းဟူ၍ မရှိဘဲဖြစ်ခဲ့ရကြောင်းကိုပါ ထည့်သွင်းပြောကြားခဲ့ရသည်။

ထိုသို့ ပဏာမစကား ပြောကြားပြီးနောက် ကျွန်ုပ်သည် ၎င်းတို့၏ အရည်အချင်းနှင့် အစွမ်းအစတို့ကို လုံးဝဥဿုံ အလုံးစုံယုံကြည်မှုရှိကြောင်းနှင့် ဤစစ်ဆင်ရေးသည် မုချမလွဲမသွေ အောင်ပွဲခံရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ ထို့နောက် မတော်တဆ ခြေချော်လက်ချော် ကိုးရိုးကားရားဖြစ်သွားခဲ့ပါက မည်သို့မည်ပုံ လိုက်နာလုပ်ဆောင်ရမည်များကို ညွှန်ကြားခဲ့သည်။

ရှေးဦးစွာ ကျွန်ုပ်က ပြောကြားခဲ့ရာ၌ ကျွန်ုပ်တို့၏ လက်တွင်းသို့ အိုက်ခ်မန်း ရောက်ပြီးသည်နှင့်တစ်ပြိုင်နက် မည်သည့်နည်းဖြင့်မျှ ပြန်လွတ်သွားစေရန်၊ သို့မဟုတ် ထွက်ပြေးစေရန် ခွင့်မပြုနိုင်ကြောင်း၊ အကယ်၍ ဤသို့ အိုက်ခ်မန်းအား ပြန်လွတ်မသွားအောင်၊ ထွက်မပြေးနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ရာ၌ ယခု သူ့ကို လက်ရဖမ်းဆီးရာတွင် ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးတစ်ယောက်သော်လည်းကောင်း၊ လူအချို့သော်လည်းကောင်း၊ နောက်ဆုံးတစ်ယောက်မကျန် အားလုံးသော်လည်းကောင်း အဖမ်းခံရဖွယ်ရာရှိသည့်တိုင်အောင် ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အကယ်၍ တစ်စုံတစ်ရာ တိမ်းစောင်းမှုများ ဖြစ်ပွားခဲ့ပါက ဖမ်းဆီးရေးအဖွဲ့ဝင်များသည် အိုက်ခ်မန်းအား ယုံကြည်စိတ်ချရ၍ အာဏာအပြည့်အဝရှိသူတစ်ယောက်၏ လက်တွင်းသို့ အပ်နှံပြီးသည်အထိ ထိန်းသိမ်းထားကြရမည်ဖြစ်ကြောင်း၊ အကယ်၍ အဖွဲ့ဝင်များအားလုံး အဖမ်းခံရလျှင်လည်း မိမိတို့အားလုံး အစ္စရေးအမျိုးသားများဖြစ်ကြောင်း၊ ယခုကိစ္စတွင် မိမိတို့ ဆန္ဒအတိုင်း မိမိတို့ဘာသာ စီစဉ်လုပ်ဆောင်ကြခြင်းဖြစ်ကြောင်းနှင့် မိမိတို့၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ စစ်တရားခံအဒေါ့ဖ်အိုက်ခ်မန်းအား တရားဥပဒေအရ အရေးယူစစ်ဆေးရန်ပင်ဖြစ်ကြောင်းသည်ဖြင့် တညီတညာတည်း ထုတ်ဖော်ပြောကြားကြရန် ညွှန်ကြားခဲ့သည်။

ကျွန်ုပ်စကားအဆုံးတွင် အားလုံး စိတ်အားထက်ထက်သန်သန်ဖြင့် အင်တက်ကြွကြွ ဖြစ်နေကြသည်ကို ကျွန်ုပ် သတိပြုမိသည်။

ထိုအချိန်မှာပင် အက်ရှက်က မေးခွန်းတစ်ခု ထမေးလိုက်သည်။

"တကယ်လို့ ကျွန်တော်တို့ အဖမ်းခံရမယ်ဆိုရင် ထောင်ထဲမှာ ဘယ်လောက်ကြာကြာ နေရမလဲ"

"သုံးလေးနှစ်လောက်တော့ အေးအေးဆေးဆေး နေရမှာပေါ့" ကျွန်ုပ်က ပြန်ဖြေလိုက်သည်။





ထို့နောက် အက်ရှက်က အားလုံးကိုယ်စား မေတ္တာရပ်ခံချက်တစ်ခု ပြောကြားခဲ့သည်။ အကယ်၍ ထိုသို့အဖမ်းခံခဲ့ကြရသည်ဆိုပါက ကျန်ရစ်သည့် မိသားစုများအား သတိရကြောင်း ပြောကြားပေးရန်နှင့် ဇနီးများနှင့် သားသမီးများအား ကြည့်ရှုစောင့်ရှောက်ရန်ပင်ဖြစ်သည်။ ကျွန်ုပ်က အက်ရှက်၏ မေတ္တာရပ်ခံ တောင်းဆိုချက်ကို အပြည့်အဝ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ချက်ချင်းပင် ပြန်လည်ကတိပေးခဲ့သည်။

နောက်ထပ် မေးခွန်းတစ်စုံတစ်ရာ မေးမြန်းခြင်းမပြုကြဘဲ အတော်ကလေးကြာအောင် ငြိမ်ချက်သားကောင်းနေကြသည်။ သူတို့ကိုယ်စား ပြောစရာရှိသည်များကို အက်ရှက်က ပြောကြားပြီးပြီဖြစ်၍ သူတို့သည် 'တုံးတိုက်တိုက် ကျားကိုက်ကိုက်' စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲကြရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်း ကျွန်ုပ် နားလည်လိုက်သည်။

ယခု ဆွေးနွေးပွဲပြီးလျှင် လှုပ်ရှားတပ်ဖွဲ့ဝင်များမှအပ ကျန်လူများသည် မီးရထားဖြင့် အာဂျင်တီးနားနိုင်ငံ၏ အတွင်းပိုင်းသို့လည်းကောင်း၊ အိမ်နီးနားချင်း နိုင်ငံများသို့လည်းကောင်း ထွက်ခွာသွားရမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့်လည်း အိုက်ခ်မန်းအား လက်ရဖမ်းမမိသေးမီ မတော်တဆ အဖမ်းခံကြရပါက အထက်ပါ ညွှန်ကြားချက်အတိုင်း လိုက်နာကြရမည်ပင်ဖြစ်သည်။ သို့မဟုတ် အိုက်ခ်မန်းသည် သူ့အား ဖမ်းဆီးရာတွင် အတင်းအဓမ္မ ရုန်းကန်လှုပ်ရှားခြင်းဖြင့်လည်း လွတ်မြောက်သွားနိုင်သည်။ ထိုသို့ဖြစ်နိုင်စရာ နှစ်ခုရှိသည့်အနက် တစ်ခုခုဖြစ်လာပါက ကျန်လူများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အာဂျင်တီးနားနိုင်ငံမှ ထွက်ခွာသွားကြရမည်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့အား ရှာဖွေစုံစမ်းကြမည်ဆိုပါက ဗျူနိုအဲရစ်မြို့တွင်းရှိ ဟိုတယ်များနှင့် လေဆိပ် စသည့်နေရာများတွင် ရှာဖွေစုံစမ်းကြဖွယ်ရာရှိကြောင်း ကျွန်ုပ်က ထင်ကြေးပေးခဲ့သည်။ သို့သော် အိုက်ခ်မန်းအား ဖမ်းဆီးမှုဖြစ်ပွားခဲ့ပြီးနောက် ပထမ နာရီပိုင်းအတွင်း ဘူတာရုံများ၌ ရှာဖွေစုံစမ်းခြင်း ပြုလုပ်မည်မဟုတ်သည်မှာ သေချာလှသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ လူများသည် ဤစစ်ဆင်ရေးအောင်မြင်မည်ဟု တထစ်ချ ယုံကြည်ထားသည့်အလျောက် အထက်ပါအစီအစဉ်များနှင့် ပတ်သက်၍ ညွှန်ကြားချက် တစ်စုံတစ်ရာပေးရန် မလိုဟု ကျွန်ုပ် သဘောရမိသည်။ ဤသည်မှာ စိတ်ကူးယဉ်ခြင်းမဟုတ်ဘဲ အမှန်အတိုင်းပြောကြားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤစစ်ဆင်ရေးအတွက် နောက်ဆုံးအကြိမ်အထိ မရေမတွက်နိုင်သော အသေးစိတ်ပြင်ဆင်မှုများနှင့် စီမံ[illegible]

www.burmeseclassic.com



ဆွေးနွေးချမှတ်ခဲ့ကြစဉ်က သူတို့၏ ကာယစွမ်းအား၊ စိတ်ဓာတ်အင်အားနှင့် သူတို့၏ တက်ကြွထက်သန်မှုများကို အပြည့်အဝ အသုံးချခဲ့ကြသည့်အပြင် သူတို့၏ လုပ်ရည်ကိုင်ရည်များအပေါ် အစစ ယုံကြည်အားကိုးပြီး ဖြစ်သောကြောင့် တည်း။

၁

ကျွန်ုပ်တို့သည် စစ်ဆင်ရေးမတိုင်မီ နောက်ဆုံးနှစ်ရက်အလိုတွင် လုံခြုံစိတ်ချရသည့် အခန်းများနှင့် အိမ်အချို့ကို ငှားရမ်းခဲ့ကြသေးသည်။ 'နန်းတော်' အဆောက်အအုံ နှင့် မလှမ်းမကမ်းတွင် အတော်ကလေးကျယ်ဝန်းသော အိမ်တစ်အိမ် တွေ့ရှိခဲ့ကြ သည်။ ထိုအိမ်မှာ အကယ်၍ အခိုင်းအစေများအတွက်မဟုတ်ဘဲ ဖမ်းထားသော အကျဉ်းသားနှင့် အစောင့်အကြပ်များအတွက် အသုံးပြုလိုက ပြုနိုင်သည်အထိ သင့်တော်ကောင်းမွန်သည်ကို တွေ့ရသည်။

'နန်းတော်' အဆောက်အအုံသည် အိုက်ခ်မန်းအား စစ်ဆေးမေးမြန်းရ မည်ဖြစ်သော ကဲနက်နှင့်တကွ အစောင့်တာဝန်ကျသူများအတွက် အသုံးချရန် အလွန်ကျဉ်းမြောင်းနေသည်ဖြစ်ရာ 'နန်းတော်'နှင့် အနီးအနားတစ်ဝိုက်တွင် အိမ်တစ်အိမ်ရှာ၍ 'နန်းတော်'တွင် အချိန်ပြည့်နေဖို့ မလိုသည့်လူများကို ထိုအိမ် တွင်ထားရန် ကျွန်ုပ်စိတ်ထဲတွင် ကြံရွယ်စဉ်းစားခဲ့မိသည်။ သို့ဖြင့် ယခုနောက် ထပ် တွေ့ရသည့်အိမ်ကို အမြန်ဆုံးငှားရမ်း၍ 'အီလာဇာ'ဟု အမည်ပေးခဲ့သည်။ (အီလာဇာမှာ 'အာရွန်'* ၏ သားများအနက် တစ်ယောက်အပါအဝင်ဖြစ်သည်။)

သို့ဖြင့် စစ်ဆင်ရေး စတင်ဆင်နွှဲသည့်အချိန်၌ ကျွန်ုပ်တို့လက်ထဲတွင် အခန်းများနှင့် အိမ်များအပါအဝင် နေရာပေါင်း ခုနစ်နေရာ ငှားရမ်းခဲ့ပြီးဖြစ် သည်။

ကျွန်ုပ်တို့သည် ဗျူနိုအဲရစ်မြို့တွင် 'အခြေခံစခန်း'နှင့် 'တောင်ကုန်းများ' ဟူသော အခန်းနှစ်ခန်းအပြင် နောက်ထပ် အခန်းနှစ်ခန်း ထပ်မံငှားရမ်းခဲ့ကြ သည်။ အဆိုပါ အခန်းနှစ်ခန်းကို အကယ်၍ ကျွန်ုပ်တို့သည် လိုအပ်သည်ထက်ပို၍ ရောက်ကြာသောင်းနေမည်ဆိုပါက 'အခြေခံစခန်း'နေရာတွင် ပြောင်းလဲ၍ အစား ထိုးအသုံးပြုရန် သီးသန့်ထားရှိသွားမည်ဖြစ်သည်။ ထိုအခန်းနှစ်ခန်းကို လျှို့ဝှက် အမည်များအဖြစ် 'ဓာတ်မြေ'နှင့် 'ကျမ်းစာဟောင်း'ဟူ၍ အမည်ပေးခဲ့ကြသည်။

* သမ္မာကျမ်းစာများတွင် ဖော်ပြပါရှိချက်အရ 'အာရွန်'သည် မိုးဇက်၏ညီဖြစ်ပြီး အီဂျစ်နိုင်ငံ နှင့်အတူသွား၍ မိုးဇက်၏ ပြောရေးဆိုခွင့်ရှိသူ ခင်ကြီးတစ်ပါးဖြစ်သည်။ (မြန်မာပြန်သူ)





နက်ရှာသည် 'နန်းတော်' အဆောက်အအုံသို့ မေလ ၁၀ ရက်နေ့ နံနက် ပိုင်းမှ ထင်ထင်ရှားရှား ပြောင်းရွှေ့နေနိုင်ခဲ့သည်။ သူသည် တောင်အမေရိက တိုက်မှ လုပ်ငန်းရှင် စီးပွားရေးသမားတစ်ယောက်အဖြစ် ဟန်ဆောင်၍ ဗျူနိုအဲ ရစ်မြို့သို့ ခေတ္တလာရောက် အနားယူသည့်အနေမျိုးဖြင့် 'နန်းတော်'တွင် နေ ထိုင်သွားရမည်ဖြစ်သည်။ ထို့ပြင် သူသည် သူနှင့်အတူ သူ၏ဇနီးမဟုတ်သော အမျိုးသမီးတစ်ယောက်ကိုလည်း ထိုအိမ်ခန်းသို့ ခေါ်လာသည်ဟူ၍ ကြိုတင် သတင်းလွှင့်ထားခဲ့ရသည်။

နောက်ဆုံး သတ်မှတ်ချက်အချိန် နီးကပ်လာနေပြီဖြစ်ရာ ကျွန်ုပ်သည် ယခုအထိ ဟိုတယ်များတွင် တည်းခိုနေကြဆဲဖြစ်သော ကျွန်ုပ်တို့၏ လူအားလုံး ကို ကျွန်ုပ်တို့ ငှားရမ်းထားသည့် နေအိမ်အဆောက်အအုံများသို့ ပြောင်းရွှေ့နေ ကြရန် ညွှန်ကြားလိုက်ရသည်။ ထိုသို့ ညွှန်ကြားလိုက်ရသည်မှာ အကြောင်းအမျိုး မျိုး ရှိနေသောကြောင့်ဖြစ်သည်။ ပထမဆုံးအကြောင်းမှာ ဟိုတယ်များတွင် သူတို့ ၏ ဝင်ထွက်သွားလာမှုများမှာ အများနှင့်မတူဘဲ တစ်မူထူးခြားနေသဖြင့် ဟိုတယ် အလုပ်သမားများ၏ မျက်စိထဲတွင် မသင်္ကာစရာ ဖြစ်နေသောကြောင့်ဖြစ်သည်။ ဒုတိယအကြောင်းမှာ အိုက်ခ်မန်းအား ဖမ်းဆီးသည့်နေ့တွင်မှ တိုက်တိုက်ဆိုင် ဆိုင် သူတို့တစ်တွေ ဟိုတယ်မှ ပျောက်ကွယ်သွားကြပါက မေးလားမြန်းလား ဖြစ်လာနိုင်သောကြောင့် ယခုကဲ့သို့ ကြိုတင်၍ ပြောင်းရွှေ့ရန် ညွှန်ကြားခဲ့ရခြင်း ဖြစ်သည်။ အထူးသဖြင့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အိုက်ခ်မန်း နှင့်အတူ တစ်နေ့တည်း တစ်ချိန်တည်း ပျောက်ကွယ်သွားသော ထူးဆန်းသည့် ဧည့်သည်များအဖြစ် ဟိုတယ်အမှုထမ်းများက မတော်တဆ မှတ်မိနေမည်ကို ကျွန်ုပ် စိုးရိမ်မိသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ မေလ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့ညများတွင် ဂါဘီ၊ အီဟတ် နှင့် အက်ရှက်တို့သည် 'တောင်ကုန်းများ' အဆောက်အအုံသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ အလားတူပင် နောက်တစ်နေ့၌ ကီရန်၊ အက်ရှက်နှင့် ဆရာဝန်တို့ သည် 'နန်းတော်'သို့ ပြောင်းရွှေ့လာခဲ့ကြပြီး အီဟတ်နှင့် ကဲနက်တို့သည် 'အီလာဇာ'တွင် နေရာယူခဲ့ကြသည်။ ထို့နောက် တာလ်မီနှင့် ဒန်နီတို့သည် 'အခြေခံစခန်း'တွင် ကျန်ရှိနေခဲ့ကြပြီး ဂါဘီသည် 'တောင်ကုန်းများ'မှ 'နန်းတော်' သို့ မေလ ၁၁ ရက်နေ့တွင် ပြောင်းရွှေ့လာခဲ့သည်။

၁



www.burmeseclassic.com

www.burmeseclassic.com



ဤရက်များအတွင်း ကျွန်ုပ်သည် အထူးလေယာဉ်နှင့် ပတ်သက်၍ လိုအပ်သည်များကို ပြင်ဆင်လုပ်ကိုင်နေကြသည့် ကီဒမ်နှင့် လာဇာတို့အား နေ့စဉ်လိုလို တွေ့ဆုံခဲ့သည်။ တစ်နေ့တွင် သူတို့သည် ကျွန်ုပ်အား အထူးလေယာဉ်ဆိုက်ကပ်ရန် ယခင်က ရွေးချယ်သတ်မှတ်ထားသည့်နေရာကို အခြားတစ်နေရာသို့ ပြောင်းရွှေ့ရွေးချယ်ရန် တင်ပြလာသည်။ အကြောင်းမှာ ပုဂ္ဂလိကလေကြောင်းဌာနမှ လေယာဉ်များ ပြုပြင်ထိန်းသိမ်းသည့်နေရာကို ကျွန်ုပ်တို့၏ အထူးလေယာဉ်ဆိုက်ကပ်ရန် လျာထားသတ်မှတ်ထားခဲ့ရာ ထိုနေရာသို့ မကြာမီက လာဇာ သွားရောက်ကြည့်ရှုသောအခါ စစ်သားများ ဝိုင်းရံထားသည်ကို တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။ လာဇာက အကျိုးအကြောင်း မေးကြည့်သောအခါ ထိုနေရာသို့ အမေရိကန် 'ယူတူး-စပိုင်လေယာဉ်' သုံးလေးစီးရောက်ရှိနေသည်ဟု သိရသည်။ သို့ဖြစ်ရာ လာဇာ၏ တင်ပြချက်အရ ကျွန်ုပ်တို့ လေယာဉ်အတွက် အခြားတစ်နေရာ ပြောင်းရွှေ့ရွေးချယ်ရန် သဘောတူလိုက်သည်။

မျှားမကြာမီ လာဇာက ကျွန်ုပ်တို့၏ အထူးလေယာဉ်ကို လေယာဉ်ကွင်း၏ အခြားတစ်ဖက်ထောင့်စွန်းရှိ အာဂျင်တီးနား လေကြောင်းကုမ္ပဏီက ပိုင်ဆိုင်သောနေရာတွင် ဆိုက်ကပ်ရန် အကြံပေးပြောကြားခဲ့သည်။ ထိုနေရာသည် လေယာဉ်ကွင်း၏ အမိကအဆောက်အအုံများနှင့် ကိုက်ငါးရာခန့် ကွာဝေးပြီး တစ်ဖက်တွင် အစောင့်တာဝန်ကျသူ အနည်းအကျဉ်းသာရှိသည်ဟု သိရသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ထိုနေရာသို့ ခြစည်းရိုးကာထားသည့် လေယာဉ်ကွင်းထဲမှ ဖြတ်သွားစရာမလိုဘဲ အပြင် ဘတ်စကားလမ်းမကြီးအတိုင်း တိုက်ရိုက်ကားမောင်း၍ သွားနိုင်သည်ကို တွေ့ကြရသည်။ သို့ဖြင့် လာဇာ၏ တင်ပြချက်အရ ထိုနေရာသို့ သွားရောက်လေ့လာပြီးနောက် ကျွန်ုပ်သည် နေရာပြောင်းရွှေ့ရန် သဘောတူလိုက်ရာ လာဇာသည် လိုအပ်သော အစီအစဉ်များကို တရားဝင်ဆောင်ရွက်ရန် ချက်ချင်းပင် ပြန်လည်ထွက်ခွာသွားခဲ့သည်။

အစဉ်အလာ ပြုလုပ်နေကျ စည်းကမ်းမှာ ဤလေဆိပ်မှ လေယာဉ်တစ်စီး ထွက်ခွာပျံသန်းတော့မည်ဆိုပါက ထိုလေယာဉ်ကို အမိကအဆောက်အအုံကြီးရှေ့ သတ်မှတ်ထားသည့်နေရာအထိ ဆွဲကားကလေးဖြင့် ဆွဲလာခဲ့ပြီး ထိုနေရာတွင် သက်ဆိုင်ရာ လေယာဉ်အမှုထမ်းများလက်သို့ လွှဲပြောင်းပေးပြီးမှ ထိုလေယာဉ်ကို ထွက်ခွာခွင့်ပြုစမြဲဖြစ်သည်။ သို့သော် ကျွန်ုပ်၏ ညွှန်ကြားချက်အရ လာဇာသည် လေယာဉ်ကွင်း အာဏာပိုင်များအား အဆိုပါလုပ်ရိုးလုပ်စဉ် စည်းကမ်းမှ ကင်းလွတ်ခွင့်ပြုပါရန် မေတ္တာရပ်ခံခဲ့သည်။ အထူးသဖြင့် မိမိတို့





လေယာဉ်ကို ဆွဲကားကလေးဖြင့် ဆွဲမည်ဆိုပါက လေယာဉ်ရှေ့ဘီးများ ပျက်စီးသွားမည်ကို စိုးရိမ်ရကြောင်းနှင့် မိမိတို့လေယာဉ်သည် လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ အလွယ်တကူ ခပ်ဖြည်းဖြည်း မောင်းလာနိုင်ကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ လေယာဉ်ကွင်း အာဏာပိုင်များက တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မပြုတော့ဘဲ လာဇာ တောင်းဆိုမေတ္တာရပ်ခံချက်ကို လိုက်လျောခဲ့ကြသည်။

ယခုအခါ လာဇာသည် အခြေအနေအားလုံးကို သူတစ်ဦးတည်း နိုင်နင်းစွာ ကိုင်တွယ်ထိန်းသိမ်းနိုင်ပြီဖြစ်ရာ ကျွန်ုပ်သည် ကီဒမ်အား အစ္စရေးသို့ အမြန်ဆုံးပြန်လွှတ်ရန် စိတ်ကူးရမိသည်။ အထူးသဖြင့် အိုက်ခ်မန်းအား ဖက်ရဖမ်းပြီးသည်နှင့် တစ်ပြိုင်နက် ကီဒမ်သည် အစ္စရေးသို့ အမြန်ဆုံးပြန်သွားပြီး အာဂျင်တီးနားသို့ ကျွန်ုပ်တို့၏ အထူးလေယာဉ်ပျံသန်းရေးအတွက် လိုအပ်သည်များကို သူကိုယ်တိုင် ကြီးကြပ်ပြင်ဆင်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ကီဒမ်အား အစ္စရေးသို့ ရောက်လျှင်ရောက်ချင်း ဒန်အက်ဗနာအား ကျွန်ုပ်ထံသို့ အမြန်ဆုံး စေလွှတ်ပေးရန် မှာကြားခဲ့သည်။

သို့ဖြင့် မူလက ကီဒမ်သည် မေလ ၁၀ ရက်နေ့တွင် အစ္စရေးသို့ ပြန်လည်ထွက်ခွာရန် စီစဉ်ထားသော်လည်း အိုက်ခ်မန်းအား လက်ရဖမ်းဆီးရေး အစီအစဉ်ကို မေလ ၁၁ ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်သည့်အတွက် သူထွက်ခွာမည့်နေ့ကိုလည်း နောက်တစ်နေ့သို့ ရွှေ့ခဲ့ရသည်။ ကျွန်ုပ်သည် မူလက သူ့အား အိုက်ခ်မန်းကို လက်ရဖမ်းမည့်နေ့ရက် အတိအကျရပြီးမှ ထွက်ခွာသွားစေလိုသော်လည်း တစ်ချိန်တည်းတွင် တကယ်တမ်း လက်ရဖမ်းသည့် အစီအစဉ် ဆောင်ရွက်မပြီးစီးမီ ထွက်ခွာသွားစေလိုသည်။ သို့မှသာ သူသည် ထိုကိစ္စတွင် လုံးဝပါဝင်ပတ်သက်ခြင်းမရှိကြောင်း သံသယရှင်းသွားမည်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်သည် သူ့အား ဗျူနိုအဲရစ္စမြို့မှ ထွက်ခွာမည့်နေ့ရက် မတိုင်မီညနေဘက်တွင် သူနှင့်ရင်းနှီးသည့် အသိမိတ်ဆွေ များနိုင်သမျှ များများကို ရှာဖွေတွေ့ဆုံရန် ပြောကြားခဲ့သည်။ သူ့အတွက် ခိုင်လုံသည့် မျက်မြင်သက်သေများ ရနိုင်စေရန်ပင်ဖြစ်သည်။

အလားတူပင် ကျွန်ုပ်သည် လာဇာကိုလည်း ထိုနေ့ညနေဘက်တွင် လူအများအပြားရှိသည့် နေရာမျိုး၌ ရှိနေစေရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ သူ့မိတ်ဆွေသစ်များအနေဖြင့် သူ့ကို အထင်အရှား မြင်တွေ့သွားစေရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မေလ ၁၁ ရက်နေ့ပင်ဖြစ်သည်။ ကျွန်ုပ်တို့လူအားလုံးလိုလို 'နန်းတော်' အဆောက်အအုံတွင် အိုက်ခ်မန်းအား ဖမ်းဆီးပြီးနောက် ချုပ်နှောင်ထားရေး အစီအစဉ်များကို အပြီးသတ် လုပ်ကိုင်ဆောင်ရွက်လျက် ရှိနေကြသည်။ ဤအခါ တို ဘာရားဝင် နာမည်ခံ၍ ငှားရမ်းခဲ့သော နက်ရှာသည် ရိက္ခာအစားအစာများ အိမ်သုံးပစ္စည်း အသုံးအဆောင်များနှင့် လျှပ်စစ်မီးဖိုများဝယ်ရန် မြို့ထဲသို့ ကားဖြင့်ထွက်ခွာသွားခဲ့သည်။ အဆိုပါပစ္စည်းများကို ဝယ်ခဲ့ပြီးပြန်အလာတွင် အိမ်နှင့် အတော်ကလေးဝေးသည့် တစ်နေရာ၌ အခြားကားတစ်စီးနှင့် တိုက်မိ၍ ကားနှစ်စီးစလုံး အကြီးအကျယ် ပျက်စီးသွားခဲ့သည်။ သို့သော် ကံအားလျော်စွာ သူရော အခြားကားပေါ်မှ မောင်းသူပါ နှစ်ဦးစလုံး ဒဏ်ရာပြင်းပြင်းထန်ထန် မရကြဘဲ ပွန်းရုံပဲ့ရုံလောက်သာ ဖြစ်ခဲ့ကြသည်။

နက်ရှာသည် ကားတိုက်မှုကို ရဲဘက်မှ အရေးမယူစေရန်အတွက် မိမိ၏ ချွတ်ယွင်းချက်ကြောင့် ဖြစ်ကြောင်း ဝန်ခံပြောကြားကာ တခြားကား ကားမောင်းသူအား ၎င်း၏ ပျက်စီးသွားသော ကားအတွက် မည်မျှလျော်ကြေး ပေးရမည်ကို မေးမြန်းခဲ့သည်။ ထို့နောက် ထိုကားသမားတောင်းသည့် လျော်ကြေးကို တစ်စုံတစ်ရာ ဈေးဆစ်မနေတော့ဘဲ တောင်းသလောက်ငွေ လက်ငင်း ပေးခဲ့သည်။ ထို့နောက် သူသည် ကားနှင့်တကွ ပစ္စည်းများကိုပါ ထားခဲ့ပြီး ပြန်လာခဲ့ရာ အီဟတ်နှင့် အီလီတို့က ထိုနေရာသို့ လိုက်သွားကြပြီး ကားပေါ်မှ ပစ္စည်းများကို သယ်လာခဲ့ကြ၍ ပျက်စီးသွားသည့် ကားကိုမူ ကားငှားသည့်ကုမ္ပဏီ သို့ ဆွဲပို့ခဲ့ကြရသည်။

ညနေစောင်းဘက်တွင် ဂါဘီနှင့် အီဟတ်တို့သည် အပြင်သို့ထွက်သွား ကြပြီး 'နန်းတော်' အဆောက်အအုံမှ ပစ်ကွင်းနေရာသို့ သွားသည့်လမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ သူတို့သည် အကယ်၍ ကားဖြင့်နောက်မှ လိုက်လံဖမ်းဆီးခဲ့ပါက ထိုသို့ လိုက်လာသူများအား လှည့်စားရန်အတွက် မိမိတို့ အသုံးပြုကြရမည့် လမ်းများနှင့် မျဉ်းပြိုင်အခြားလမ်းများ ရှိမရှိ သိလိုကြသည်။ ထို့ပြင် ကလီမင့်၏ နေ့စဉ်ပုံမှန် သွားလာလှုပ်ရှားမှုများကို နောက်ဆုံးလေ့လာ အတည်ပြုရန်အတွက် သူ၏နေအိမ် အနီးအနားတစ်ဝိုက်သို့ သွားရောက်လေ့လာ အကဲခတ်ခြင်းဖြင့် သူတို့စုံစမ်းထောက်လှမ်းမှုကို အဆုံးသတ်ရန် ကြံရွယ်ထားခဲ့ ကြသည်။

ဤတွင် ယမန်နေ့က အတွေ့အကြုံမှ ရရှိခဲ့သည့် သင်ခန်းစာတို့ အကြောင်းပြု၍ သူတို့နှစ်ယောက်သည် ပစ်ကွင်းနေရာသို့ စောနိုင်သမျှ စောစော





ရောက်အောင် ကြိုးစားလာခဲ့ကြသည်။ သို့ဖြင့် စန်ဖာနန်ဒိုရပ်ကွက်သို့ သူတို့ ရောက်သွားကြသောအခါ သူတို့ရှေ့ လမ်းပေါ်တစ်နေရာတွင် စုစုရုံးရုံးဖြစ်နေ သော လူအုပ်ကြီးကို တွေ့မြင်ခဲ့ကြရပြီး အကျိုးအကြောင်း စုံစမ်းကြည့်လိုက် သောအခါ မော်တော်ကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး တိုက်မိကြခြင်း ဖြစ်၍ လူတစ်ယောက် ဒဏ်ရာပြင်းထန်စွာရသွားကြောင်း သိရ၏။

ထိုသို့ ဂါဘီနှင့် အီဟတ်တို့နှစ်ယောက် မိမိတို့ကားပေါ်တွင်ထိုင်ရင်း ကားတိုက်မှုကြောင့် လူအများ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို စောင်ကြည့်နေကြ စဉ် လူအုပ်ထဲမှ သုံးလေးယောက်သည် သူတို့ကားဆီသို့ ခပ်သုတ်သုတ်ပြေး လာကြပြီး ကားတံခါးကို ဆွဲဖွင့်ကာ ဒဏ်ရာရသူကို ကားပေါ်သို့ ပွေ့တင်လိုက် ကြသည်။ ထို့နောက် ထိုသူများက ကားပေါ်ရောက်နေသော ဒဏ်ရာရသူကို ဆေးရုံသို့လိုက်ပို့ရန် ဂါဘီတို့အား လေသံခပ်မာမာဖြင့် ပြောခဲ့ကြသည်။ သို့ဖြင့် ဂါလီနှင့် အီဟတ်တို့သည် ကိုယ်ချင်းစာနာသောကြောင့် မိမိတို့၏ ကားပေါ်မှ လူနာအား ဆေးရုံသို့ ပို့ခဲ့ကြပြီးနောက် အချိန်ကို ကြည့်လိုက်သောအခါ ယနေ့ အဖို့ရာ၌ ကလီမင့်အား တွေ့ဖို့လုံးဝမဖြစ်နိုင်တော့ဘဲ အလွန့်အလွန် နောက်ကျ နေပြီကို သိလိုက်ကြရသည်။

သူတို့သည် ဤဖြစ်ရပ်များကို အမှတ်မထင် ပြန်လည်သုံးသပ်ကြည့်မိ သည်။ လွန်ခဲ့သော စနေနှင့် တနင်္ဂနွေနေ့များသည် အလုပ်အားရက်များဖြစ်၍ ထိုနေ့များတွင် လေ့လာအကဲခတ်ခြင်းများ လုံးဝမလုပ်ဘဲ နေခဲ့ရသည်။ ထို့နောက် တနင်္လာနေ့က သူတို့သည် အချိန်နောက်ကျခဲ့ပြီး ယနေ့ အင်္ဂါနေ့တွင် မော် တော်ကားတိုက်မှုကြောင့် ကလီမင့်နှင့် လွဲခဲ့ရပြန်သည်။ သို့ဖြစ်ရာ ယခုကဲ့သို့ လေးရက်လုံးလုံး ဆက်၍လေ့လာအကဲခတ်မှုများ မလုပ်နိုင်ခဲ့ဘဲ ကလီမင့်အား သက်ရဖမ်းဆီးရေးကို တာဝန်ဆက်လက် ထမ်းရွက်နိုင်ပါဦးမည်လော။

စိတ်ပျက်လက်ပျက်ဖြင့် မကျေမနပ်ဖြစ်ကာ သူတို့သည် ကျွန်ုပ်ရှိနေမည့် အချိန်၊ ရှိနေမည့် စားသောက်ဆိုင်သို့ လာရောက်တွေ့ဆုံကြသည်။ သို့ဖြင့် ကျွန်ုပ်တို့သည် အချက်အလက်များကို တစ်ဖန်ပြန်၍ သုံးသပ်ခဲ့ကြရပြန်သည်။ အလုပ်ဆင်းသည့် ကိုးရက်လုံးလုံး ကလီမင့်သည် အချိန်မှန် အိမ်ပြန်လာသည် ကို တွေ့ခဲ့ကြရပြီးဖြစ်သည်။ နောက်ဆုံးနှစ်ရက်အတွင်း ကလီမင့်သည် သူ၏ လုပ်နေကျအလုပ်ကို ပြောင်းလဲလုပ်ကိုင်သည်ဟူ၍ ထင်ရှားသည့် အထောက်အ ထား အခြေအနေများ မမြင်မတွေ့ရဘဲ ရှိနေခဲ့သည်။ ထိုနေ့များတွင် ကလီမင့်



www.burmeseclassic.com

www.burmeseclassic.com



အား သူတို့ မမြင်မတွေ့ဖြစ်ခဲ့ရသည်မှာ သူတို့၏ အရောက်နောက်ကျမှုကြောင့် သာလျှင် ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် စစ်ဆင်ရေးအစီအစဉ်ကို နောက်ထပ် တစ်ကြော် ရွှေ့ရန် အကြံပြုချက်ကို ပြင်းပြင်းထန်ထန်ပင် ဆန့်ကျင်ခဲ့သည်။ အခြေအနေ အားလုံး အပြောင်းအလဲရှိမရှိ နောက်တစ်ကြိမ် အပိုထပ်မံ၍ လေ့လာအကဲခတ် နိုင်ရန် အစီအစဉ်ကို တစ်ရက်ရွှေ့ဖို့ အကြံပေးခြင်းသည်လည်း သဘာဝကျ ဆီလျော်ခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။ နောက်ဆုံး၌ ကျွန်ုပ်သည် အိုက်ခ်မန်း အား လက်ရဖမ်းဆီးရန်အတွက် မူလစီစဉ်ထားသည့်အတိုင်း မေလ ၁၁ ရက် နေ့တွင် လှုပ်ရှားကြရန် ညွှန်ကြားချက်များ ထုတ်ပြန်လိုက်သည်။

ဂါဘီနှင့် အီဟတ်တို့သည် ယခုမှ စိတ်ချလက်ချဖြစ်ကာ အားရကျေနပ် သွားခဲ့ကြသည်။

❒

ဒီနာရွှန်သည် တိုက်ခိုက်ရေးတပ်ဖွဲ့ရှိရာသို့ နောက်ဆုံးတွင်မှ ဆက်သွယ်ရောက် ရှိခဲ့သူဖြစ်သည်။

မေလ ၆ ရက် သောကြာနေ့တွင် အင်ကာသည် ဒီနာရွှန်၏ နေအိမ်သို့ ဖုန်းဆက်၍ သူမအား ညနေ ၄ နာရီတွင် ရုံးသို့လာရန် လှမ်းခေါ်လိုက်သည်။ အင်ကာ၏ ရုံးခန်းသို့ ဒီနာရောက်သွားသောအခါ စစ်ဆင်ရေးအဖွဲ့ဝင်များ၏ ခရီးသွားလာရေး အစီအစဉ်များကို တာဝန်ယူဆောင်ရွက်ပေးရမည့် လူတစ်ယောက် အား အင်ကာနှင့်အတူ တွေ့ရသည်။ ထိုသူကပင် စတင်၍ စကားစပြောလာသည်။

“ဒီလိုဆိုရင် မင်း သွားတော့မယ်ပေါ့”

“ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်မ ဘာတစ်ခုမှ မသိရသေးပါဘူး” ဒီနာက ပြန်ဖြေလိုက်သည်။

ဤတွင်မှ မာရီယမ်ဆာဗယွန်က ဝင်၍ ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ဒီနာအား ကောက်ကာငင်ကာ မေးလိုက်သည်။

“မင်း နိုင်ငံခြားကိုသွားဖို့ အဆင်သင့်ရှိရဲ့လား”

“ဟုတ်ကဲ့ ရှိပါတယ်”

“အစ်ဆာဟာရဲလ်ဆီက ကြေးနန်းတစ်စောင် ရောက်လာတယ်၊ သူက မင်းကို အမြန်ဆုံး လိုက်လာစေချင်တယ်” မာရီယမ်က ဆက်ပြောလိုက်သည်။

“ဟုတ်ကဲ့ ကောင်းပါပြီ”





မာရီယမ်သည် ဒီနာအား စူးစမ်းသည့်အကြည့်မျိုးဖြင့် တစ်ချက်လှမ်း ကြည့်လိုက်ပြန်သည်။

“မင်း ဘယ်ကိုသွားရမယ်ဆိုတာ မသိချင်ဘူးလား”

“ရှင်ပြောပြရင်တော့ သိရမှာပေါ့”

“မင်းစိတ်ထဲက ဘယ်လိုထင်သလဲ”

ဒီနာသည် ရုတ်တရက် မဆိုင်းမတွ ပြန်မေးလိုက်သည်။

“မကြာသေးခင်က ကျွန်မ ပြန်လာခဲ့တဲ့ နိုင်ငံပဲမဟုတ်လား”

“မဟုတ်ဘူး၊ အခုသွားရမှာက တောင်အမေရိကတိုက်ကို”

“ဟာ... သိပ်ကောင်းတာပေါ့”ဟု၍ ရုတ်တရက် ပြန်ပြောသည်။

“ကျွန်မ ဒီအတိုင်းဆိုရင် အိမ်ကို ဘယ်လိုပြောခဲ့ရမလဲ”

ထိုကိစ္စအတွက် အတော်ကလေးကြာအောင် ဆွေးနွေးကြပြီးနောက် သူမ မိသားစုအား ဒီနာက နိုင်ငံတကာ ညီလာခံတစ်ခုသို့ သွားမည်ဟု၍ ပြောကြား ခဲ့ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

မေလ ၈ ရက်နေ့ တနင်္ဂနွေနေ့တွင် မာရီယမ်သည် ဒီနာအား ဗျူနိုအဲ ရစ္စမြို့သို့ မေလ ၁၀ ရက်နေ့အင်္ဂါနေ့ညနေ နောက်ဆုံးထား၍ အရောက်သွားရန် အကြောင်းကြားခဲ့သည်။ ထို့ပြင် သူမသည်ဥရောပတိုက်တွင် လူတစ်ယောက်နှင့် တွေ့ဆုံ၍ ထိုသူထံမှ လိုအပ်သည့် ထောက်ခံစာများနှင့် စာရွက်စာတမ်းများ ပေးလိမ့်မည်ဖြစ်ပြီး ရှေ့ဆက်၍ ဆောင်ရွက်ရမည့် အသေးစိတ်အစီအစဉ်များကို လည်း ထိုလူကပင် ပြောပြလိမ့်မည်ဟု သိရသည်။ ထိုသူသည် ဒီနာအား တစ်ခု သောဟိုတယ်တွင် ဧည့်ခန်းမှ စောင့်နေမည်ဖြစ်၍ ဟိုတယ်အမှုထမ်းများ၏ အကူအညီဖြင့် သူ့ကို တွေ့နိုင်မည်ဖြစ်သည်။

စစ်ဆင်ရေးနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကိုမူ ဒီနာအား အင်ကာ၏ ရုံးခန်းမှာပင် ပေးအပ်ညွှန်ကြားခဲ့သည်။ အဆိုပါညွှန်ကြားချက်အရ သူမသည် ဗျူနိုအဲရစ္စမြို့သို့ရောက်ပြီး နောက်တစ်နေ့နံနက် ၁၁ နာရီ သို့မဟုတ် ညနေ ၅ နာရီတွင် ယခင်က မိမိသိကျွမ်းဖူးသော လူတစ်ယောက်အား စားသောက် ဆိုင်လေးခုအနက် တစ်ခုခုတွင် ကြိုတင်သတ်မှတ်ထားသော အစီအစဉ်များဖြင့် သွားရောက်တွေ့ဆုံရမည်ဖြစ်သည်။

သို့ဖြင့် ဒီနာသည် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ဥရောပတိုက်သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။ သူမသည် ပါလာသည့် ပစ္စည်းများကို လေဆိပ်တွင်ထားခဲ့ပြီး သူမအား ကြိုတင်ပေးထားခဲ့သည့် လိပ်စာအရ လေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားလာရေး ကိုယ်စားလှယ်ဌာနတစ်ခုသို့ သွားရောက်ခဲ့သည်။ ထိုကိုယ်စားလှယ်ထံမှ ချီလီနိုင်ငံ စန်တီယာဂိုမြို့သို့ ပျံသန်းမည့် လေယာဉ်ခရီးဖြင့် လိုက်ပါမည့် လက်မှတ်တစ်စောင် ရရှိခဲ့သည်။ ထိုလေယာဉ်သည် လမ်းခုလတ်တွင် ဗျူနိုအဲရှစ်မြို့၌ တစ်ထောက်ရပ်နားမည်ဖြစ်သည်။

ထို့နောက် ဒီနာသည် ချိန်းဆိုသတ်မှတ်ထားသည့် ဟိုတယ်တစ်ခုသို့ သွားရောက်ခဲ့ပြီး ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ သူမသည် ဟိုတယ်အမှုထမ်းများအား စုံစမ်းမေးမြန်းခြင်း မပြုလိုသဖြင့် ဧည့်ခန်းထဲတွင် ထိုင်နေကြသည့် လူများကို ဂရုတစိုက် အကဲခတ်ကြည့်လိုက်ရာ တစ်စုံတစ်ဦးအား စောင့်မျှော်နေဟန်တူသည့် လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ သူမသည် ထိုသူရှိရာသို့ ဣန္ဒြေမပျက် လျှောက်သွားပြီး မေးကြည့်လိုက်သည်။

"ရှင် မစ္စက်ဆာဗယွန်လွှတ်လိုက်တဲ့ လူတစ်ယောက်ကို စောင့်နေတာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

ထိုလူက ယဉ်ယဉ်ကျေးကျေး ပြန်ပြောရင်း ကုလားထိုင်ပေါ်မှ ထလိုက်သည်။

"တစ်ဆိတ်... ထိုင်ပါဦးလား"ဟု ထိုလူက သူမအား ပြောလိုက်ပြီး သူမအတွက် စာရွက်စာတမ်းများကို ထုတ်ပေးလိုက်သည်။

"ခင်ဗျားအနေနဲ့ ဘယ်လိုအစီအစဉ်ရှိတယ်တော့ ကျွန်တော်မသိဘူး ဒါပေမဲ့ ဘေးကင်းရန်ကင်းနဲ့ စိတ်ချလက်ချ ရှိအောင်ဆိုပြီး ပြဇာတ်လက်မှတ်နှစ်စောင် ကျွန်တော် ဝယ်ထားတယ်။ အဲဒီတော့ ညနေ ခင်ဗျား ကျွန်တော်နဲ့အတူ ပွဲကြည့်နိုင်မလား"

"ဝမ်းနည်းပါတယ်ရှင်" ဒီနာက ပြန်ပြောလိုက်သည်။

"ကျွန်မ ပြဇာတ်လိုက်ကြည့်ဖို့ အချိန်မရပါဘူး။ ကျွန်မ ပါရီကို ဒီနေ့ပဲ ဆက်သွားရပါမယ်"

သို့ဖြင့် ထိုလူသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့် သူမအား စောင့်ရှောက်ကာ မြို့တွင်းရှိ လေကြောင်းဌာနသို့ လိုက်လံပို့ဆောင်ခဲ့သည်။ လေကြောင်းဌာန ဧည့်ခန်းထဲသို့ သူတို့နှစ်ယောက် ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ဒီနာသည် သူမ၏အမည်ကို အသံချဲ့စက်မှတစ်ဆင့် ကြားလိုက်ရသည်။ သူမ၏အမည်မှာ ယခု အသစ်ပြောင်းထားသည့် အမည်ပင်ဖြစ်သည်။ သူမသည် အတူပါလာသော





မိတ်ဆွေ၏ ရှေ့ဆောင်မှုဖြင့် စုံစမ်းရေးဌာနသို့ ရောက်သွားခဲ့ရာ ဌာနဆိုင်ရာ စာရေးတစ်ယောက်က လှမ်းပြောလိုက်သည်။

"ဗျူနိုအဲရှစ်မြို့ကိုသွားမယ့် လေယာဉ်ဟာ အခုမကြာခင် ထွက်ပါတော့မယ် ခင်ဗျာ၊ မူလအစီအစဉ် သတ်မှတ်ထားတဲ့အတိုင်း အပြောင်းအလဲမရှိပါဘူး"

ဒီနာသည် အလိမ်ပေါ်သွားသဖြင့် မျက်နှာရဲခနဲဖြစ်သွားသည်။ သို့သော် အတူပါလာသည့် မိတ်ဆွေသည် စာရေးကလေး၏ စကားကို လုံးဝမကြားဟန်ဆောင်၍ သူမအား လေယာဉ်ပေါ်သို့ တက်ခါနီး နောက်ဆုံးအချိန်အထိ ဣန္ဒြေမပျက် ယဉ်ကျေးစွာ နှုတ်ဆက်သွားခဲ့သည်။

စုံစမ်းရေးဌာနမှ စာရေးကလေး၏ စကားအရ "အခု မကြာခင်ထွက်ပါတော့မယ်"ဆိုသော လေယာဉ်သည် နောက်ထပ် တစ်နာရီခန့်ကြာမှ ထွက်ခွာလာခဲ့သည်။ တစ်ဖန် စပိန်နိုင်ငံသို့ ရောက်သွားသောအခါ လေဆိပ်တွင် နောက်ထပ် ၄ နာရီကြာမှ ဆက်လက်ပျံသန်းမည်ဖြစ်ကြောင်း ကြေညာခဲ့ပြန်သည်။ သို့သော် ဘကယ့်တကယ်အားဖြင့် ဒီနာသည် ထိုလေဆိပ်တွင် ၂၄ နာရီလုံးလုံး စောင့်နေခဲ့ရ၍ လမ်းခရီးတစ်လျှောက်လုံးတွင် နှောင့်နှေးကြန့်ကြာမှုများ တစ်ခုပြီးတစ်ခု ကြုံခဲ့ရသည်။ နောက်ဆုံး ဆိုက်ကပ်သည့် ကြားစခန်း လေဆိပ်တွင်လည်း နောက်ထပ် ၂ နာရီ စောင့်နေရပြန်သည်။

သို့ဖြင့် ဒီနာသည် ဗျူနိုအဲရှစ်မြို့သို့ တစ်ရက်ကျော်မျှ နောက်ကျခဲ့ပြီး မေလ ၁၀ ရက်နေ့ ညနေဘက်တွင် ဆိုက်ရောက်ရမည့်အစား မေလ ၁၁ ရက်နေ့ ညဘက်တွင်မှ ရောက်ရှိလာခဲ့သည်။ ရောက်လျှင်ရောက်ချင်း သူမသည် မူလက ကြိုတင်စီစဉ်ထားသည့် ဟိုတယ်သို့ အပြေးအလွှား သွားခဲ့သည်။ သို့သော် ဟိုတယ်မှာ လူပြည့်နေသဖြင့် သူမမှာ တခြားဟိုတယ်တစ်ခုသို့ သွားရောက်တည်းခိုခဲ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ကော်ဖီအခွက်ပေါင်း မရေမတွက်နိုင်အောင် သောက်ခဲ့ရသော နေ့တစ်နေ့

မေလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ကီရန်သည် အိုက်ခ်မန်းအား ချုပ်နှောင်ထား ရန်အတွက် 'နန်းတော်'အတွင်း၌ 'အလုံခန်း'ကို အပြီးဆောက်လုပ်နေစဉ် အရေးပေါ် လျှို့ဝှက်အခန်းတစ်ခန်းကိုလည်း ပြုလုပ်ခဲ့သည်။ ပစ္စည်းပစ္စယ မပြည့်စုံဘဲ ပြုလုပ်ခဲ့ရသော်လည်း သူ့လက်ရာမှာ အံ့သြစရာကောင်းလောက် အောင် သေသပ်ပိရိလှသည်ကို တွေ့ရသည်။ သူပြုလုပ်ခဲ့သည့် လျှို့ဝှက်ခန်းမှာ အပြင်ဘက်မှ တော်ရုံတန်ရုံ ထုံးစံအတိုင်း လာရောက်စစ်ဆေးရှာဖွေရုံမျှဖြင့် လုံးဝ မတွေ့နိုင်အောင်ပင် လက်ရာမြောက်လှသည်ဟု အားလုံးက ချီးကျူးခဲ့ကြသည်။

နောက်ဆုံး၌ ပစ္စည်းကိရိယာများ၊ လက်နက်တန်ဆာပလာများ၊ စားနပ် ရိက္ခာများ စသည်တို့ကို အပြီးသတ်စစ်ဆေးသည့်အဆင့်သို့ ရောက်ရှိလာခဲ့သည်။ ထိုသို့ နောက်ဆုံးအကြိမ် စစ်ဆေးခဲ့ကြရာ၌ စစ်ဆင်ရေးမတိုင်မီနှင့် စစ်ဆင်ရေး ဆင်နွှဲပြီးသည့် နောက်ပိုင်း ရက်အနည်းငယ်အတွင်း အသုံးပြုရန် ကြိုတင်စုဆောင်း ထားမည့် ပစ္စည်းအချို့ မပြည့်မစုံ ဖြစ်နေသည်ကို တွေ့ကြရသဖြင့် အဖွဲ့ဝင် နှစ်ယောက်သုံးယောက်က အပြင်သို့ထွက်၍ လိုအပ်သည့်ပစ္စည်းများကို ရှာဖွေ ခဲ့ကြရသည်။ အချိန်လု၍ အလုပ်လုပ်နေကြရပြီဖြစ်ရာ အကြောင်းကိစ္စ တာဝန် တစ်ခုခုဖြင့် အပြင်သို့ ခရီးသွားကြရသူများသည် စခန်းသို့ အမြန်ဆုံးရောက် အောင် ခပ်သုတ်သုတ် ပြန်လာခဲ့ကြရသည်။ တစ်ချိန်တည်းမှာပင် အပြင်သို့ အသွားအလာပြုလုပ်ကြရာ၌ မလိုလားအပ်သည့် ပြဿနာအရေးအခင်းများ





မဖြစ်ပွားအောင် အထူးသတိထားကြရန် အမိန့်ထုတ်ထားခဲ့ရသည်။ အထူး သဖြင့် စစ်ဆင်ရေးဆင်နွှဲမည့် အရေးကြီးသောနေ့တွင် တစ်နေရာမှ တစ်နေရာ သို့ သွားလာကြရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ လမ်းခရီးတွင် မတော်တဆ ကားတိုက်မှုများ မဖြစ်ပွားအောင် အစွမ်းကုန် ဂရုစိုက် ကားမောင်းကြရန် သတိပေးထားခဲ့ရသည်။ ယုတ်စွအဆုံး လမ်းစည်းကမ်းဖောက်ဖျက်မှု အသေး အဖွဲကလေး တစ်ခုခုကိုမျှ မကျူးလွန်မိစေရန် သတိပေးထားခဲ့ရသည်။ ယခုအချိန် အခုအဆင့်တွင် ကျွန်ုပ်တို့ထဲမှ လူတစ်ယောက်သော်လည်းကောင်း ကားတစ်စီး သော်လည်းကောင်း ယုတ်လျော့ပျက်ကွက်မှု အဖြစ်မခံနိုင်အောင် ရှိနေခဲ့၍ လူတိုင်းလူတိုင်း ဤစစ်ဆင်ရေးတွင် ကိုယ်စီကိုယ်င အသီးသီး သူ့တာဝန်နှင့်သူ ဝင်လှုပ်ရှားကြရန် သတ်မှတ်လျာထားပြီး ဖြစ်နေခဲ့သည်။

ဂါဘီ၊ အီဟာတ်၊ ကဲနက်နှင့် အက်ရှက်တို့သည် ထိုနေ့ နံနက်ပိုင်းမှာပင် မြို့ထဲသို့သွား၍ အိုက်ခ်မန်းအား လက်ရဖမ်းဆီးရာတွင် အသုံးမလိုတော့သည့် ကားများကို ကားငှားဌာနများသို့ ပြန်အပ်ခဲ့ကြသည်။ လှုပ်ရှားတိုက်ခိုက်ရေး အဖွဲ့အနေဖြင့် စစ်ဆင်ရေးအတွက် အသုံးပြုရန် ကားနှစ်စီးနှင့် အထွေထွေ အရေးပေါ်သုံးရန် ကားတစ်စီးသာ ချန်ထားခဲ့သည်။ အထူးသဖြင့် ကျွန်ုပ်တို့သည် စစ်ကွင်းနေရာတွင် ယခင်က မကြာခဏ အသုံးပြုခဲ့ကြ၍ မြင်လျှင် ရုတ်တရက် မှတ်မိနိုင်သည့် ကားများကို တကယ်လက်တွေ့ စစ်ဆင်ရေးဆင်နွှဲသည့်နေ့တွင် အသုံးမပြုမိရန် သတိထား၍ ရှောင်ရှားခဲ့ကြရသည်။ ထို့ပြင် အဖွဲ့ဝင်များကိုယ် တိုင်လည်း ဝတ်စားဆင်ယင်မှုများနှင့် လူပုံပန်းသဏ္ဌာန်များကို တတ်နိုင်သမျှ ပြောင်းလဲခဲ့ကြ၍ မှတ်ပုံတင်အသစ်များနှင့် ထောက်ခံစာအသစ်များကိုလဲ၍ ကိုင်ဆောင်ခဲ့ကြသည်။ သို့ဖြစ်ရာ ယခုဆိုလျှင် မကြာမီက ပစ်မှတ်နေရာတစ် ဝိုက်တွင် လှည့်လည်သွားလာခဲ့ကြသူများ၊ ဟိုတယ်များတွင် တည်းခိုခဲ့ကြသူများ၊ မြို့ထဲ၌ ဟိုနေရာ သည်နေရာ လှည့်လည်သွားလာ၍ ပစ္စည်းမျိုးစုံ ဝယ်ခဲ့ကြ သူများသည် ယနေ့ညနေ မှုန်းလွဲပိုင်းတွင် အိုက်ခ်မန်းအား လက်ရဖမ်းရန် ထွက်လာကြမည့်သူများနှင့် လုံးဝအဆက်အစပ်မရှိ အသွင်မတူဘဲ တစ်မူကွဲပြား ခြားနားနေကြလိမ့်မည်ဖြစ်သည်။

ထိုနေ့နံနက်ပိုင်းက ကျွန်ုပ်သည် နေ့ဘက်တွင် တာဝန်ကျသည့် အလုပ် သမားများ ရောက်မလာမီ ဟိုတယ်မှ ခပ်စောစောပင် ထွက်လာခဲ့သည်။ ကျွန်ုပ် နံနက်စောစောက ယခုကဲ့သို့ ထွက်လာမည့်ကိစ္စကို အခြားသူများအား ကြိုတင် အသိမပေးဘဲ ထားခဲ့သည်။ ညပိုင်းက ကျွန်ုပ်၏ ဟိုတယ်အခန်းခများနှင့်အား



www.burmeseclassic.com

www.burmeseclassic.com



သောက်ခ ကျသင့်ငွေများကို တွက်ချက်၍ စာရင်းပြုလုပ်ပေးခဲ့ကြရသော ညအလုပ်သမားများသည် အိပ်ချင်မူးတူးရှိနေကြပြီဖြစ်၍ ကျွန်ုပ်၏ မေတ္တာ ချက်အရ 'မီးရထားဘူတာရုံ' သို့သွားရန် ကျွန်ုပ်အတွက် တက္ကစီကားတစ်စီး ကို ငှားပေးခဲ့ကြသည်။

ကျွန်ုပ်သည် အရေးကြီးသည့်ပစ္စည်းများကို အာမခံသေတ္တာအတွင်း ထည့်ထားခဲ့ပြီး အပြင်သို့ထွက်လာခဲ့သည်။ ယခုဆိုလျှင် ကျွန်ုပ်သည် လုံး အနှောင်အဖွဲ့ကင်းသည့် လွတ်လပ်သူတစ်ယောက်အဖြစ် ဗျူနိုအဲရစ္စမြို့တွင် စားသောက်ဆိုင်များသို့ အနှံ့အပြား လှည့်လည်သွားလာနိုင်တော့မည်ဖြစ်သည်။ ထိုနေ့က မိုးတဖွဲဖွဲရွာနေသည်ဖြစ်ရာ နံနက်စောစော လမ်းလျှောက်လာခဲ့သော ကျွန်ုပ်မှာ အတော်ပင် လန်းဆန်းလျက်ရှိသည်။ ယခုတစ်ကြိမ်တွင် ယခင်က တစ်ခါတစ်ခေါက်မျှ မရောက်ဖူး မသွားဖူးသည့် ခပ်ဝေးဝေးသို့ လမ်းလျှောက် လာခဲ့သည်။ ထိုနေရာမှာ အတော်ပင် အလှမ်းဝေးလှသည်ဖြစ်ရာ ထိုနေရာနှင့် မနီးမဝေး ပတ်ဝန်းကျင်တစ်ဝိုက်သို့ မကြာခဏ သွားရောက်၍ လေ့လာစုံစမ်း ထောက်လှမ်းခဲ့ကြသော ကျွန်ုပ်တို့၏ တိုက်ခိုက်ရေးလှုပ်ရှားတပ်ဖွဲ့ဝင်များပင်လျှင် ထိုနေရာသို့ မရောက်ဖူးသေးဘဲ ရှိနေကြသည်။

တစ်နာရီခန့်ကြာသောအခါ ကျွန်ုပ်သည် ကျွန်ုပ် သတ်မှတ်ထားသော စာရင်းထဲမှ ပထမဆုံး 'ကဖီး'သို့ ရောက်လာခဲ့သည်။ အတော်ကလေး စောသေး သော်လည်း ဆိုင်ဖွင့်နေပြီဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်အတွက် အနည်းငယ် နီးလိုးခုလုဖြစ်သွားစေသည်ဟု ဆိုရမည်။ ကျွန်ုပ်ထံတွင် ရှိနေသည့် ရာပေါင်း များစွာသော 'ကဖီး'များ၏ စာရင်းတွင် အမည်နှင့် နေရပ်လိပ်စာများသာမက ဆိုင်ဖွင့်ချိန်ပိတ်ချိန် စာရင်းများကို မှတ်သားထားခဲ့သည်။ ဤသို့မှတ်သားထား သည့် အချိန်ဇယားများ တစ်ခုတလေ မှားယွင်းသွားခဲ့ပါက အကြီးအကျယ် ရှုပ်ထွေးသော ပြဿနာ ပေါ်လာနိုင်သည့်အပြင် ဟိုဟိုသည်သည် ပြေးရလွှား ပြီး အချိန်အမြောက်အမြား မကုန်သင့်ဘဲ ကုန်သွားဖွယ်ရာရှိနေသည်။

ယခုဆိုလျှင် အစီအစဉ်သစ်များဖြင့် သတ်မှတ်ထားသော ဆက်သွယ်မှု များကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ထိုသို့ အစီအစဉ်သစ်များဖြင့် ဆက် သွယ်ရန် သတ်မှတ်ခဲ့ရသည့် ရည်ရွယ်ချက်မှာ ကျွန်ုပ်ကိုသော်လည်းကောင်း စစ်ဆေးရေးအဖွဲ့ဝင်များနှင့်တကွ ကူညီဆောင်ရွက်ပေးသူများကိုသော်လည်းကောင်း နောက်ယောင်ခံ၍ မရနိုင်အောင်ပင်ဖြစ်သည်။ ယခု သတ်မှတ်ထားသည့် အစီ အစဉ်သစ်များအရ ကျွန်ုပ်နှင့်တွေ့ရန် လိုအပ်သူများသည် အထက်ဖော်ပြပါ





စာရင်းတွင် ပါရှိသည့် 'ကဖီး'များတွင် လာရောက်တွေ့ဆုံနိုင်ကြမည်ဖြစ်သည်။ ၎င်းတို့အချင်းချင်း တွေ့ဆုံလိုလျှင်လည်း ထိုသို့ပင် 'ကဖီး'များ၌ တွေ့ဆုံနိုင် ကြသည်။

ကျွန်ုပ်အနေဖြင့် ယခုအခါ ဆက်သွယ်ရေးစနစ်နှစ်ခု ပြိုင်တူအသုံးပြုရန် စီစဉ်ထားခဲ့သည်။ ကျွန်ုပ်သည် 'ကဖီး'များကို တစ်ဆိုင်ပြီးတစ်ဆိုင် အစီအစဉ် အရ ဝင်၍ထိုင်ခဲ့ရာ အဆိုပါဆိုင်များကို တစ်ဆိုင်နှင့်တစ်ဆိုင် ပို၍ပို၍နီးအောင် အစီအစဉ် ရေးဆွဲထားခဲ့သည်။ ထိုသို့စီစဉ်ခြင်းမှာ တွေ့ဆုံဆက်သွယ်မှုများကို မကြာခဏ ပြုလုပ်နိုင်ရန်ပင်ဖြစ်သည်။ ယခင်က ကျွန်ုပ်သည် ဆိုင်တစ်ဆိုင်တွင် နာရီဝက်ထိုင်၍ ထိုဆိုင်မှ တခြားဆိုင်တစ်ဆိုင်သို့ သွားရာတွင် နာရီဝက် အချိန်ယူခဲ့ရာမှ ယခုဆိုလျှင် တစ်ဆိုင်မှတစ်ဆိုင်သို့ ကူးရာတွင် ငါးမိနစ်သာလျှင် အချိန်ယူခဲ့သည်။

ကျွန်ုပ်သည် မိုင်ယာလာဗီဆိုသူတစ်ယောက်ကိုလည်း ကျွန်ုပ်ကဲ့သို့ပင် ဆက်သွယ်ရေးတာဝန်ခံအဖြစ် ထားရှိခဲ့ရာ သူသည် ကျွန်ုပ် ဝင်ထွက်သွားလာ သည့် လမ်းများနှင့် မျဉ်းပြိုင်ဖြစ်နေသော လမ်းများပေါ်မှ ကဖီးများသို့ ကျွန်ုပ် နှင့် ပြိုင်တူဝင်ထွက်သွားလာရန် စီစဉ်ထားခဲ့သည်။ ကျွန်ုပ်သည် သူဝင်ထွက်သွား လာမည့် ဆိုင်များနှင့် ထိုဆိုင်များသို့ ဝင်ထွက်မည့် အချိန်စာရင်းကို သိထား သကဲ့သို့ သူကလည်း ကျွန်ုပ်၏ အလားတူ အစီအစဉ်များကို သိထားပြီးဖြစ်သည်။ ထို့ပြင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် အားလုံးသည်လည်း ကျွန်ုပ်တို့နှစ်ယောက်၏ လှုပ်ရှားမှုအစီအစဉ်များကို သတိထားကြသည်။ ကျွန်ုပ်သည် ၎င်းတို့အား တစ်စုံတစ်ရာ အခက်အခဲ အဟန့်အတားမရှိဘဲ တာဝန်ကျသည့် လုပ်ငန်းများကို လုပ်ကိုင်ပြီးစီးခဲ့ပါက ကျွန်ုပ်ထံသို့ တိုက်ရိုက်လာတွေ့ရန်နှင့် အကယ်၍ အခက်အခဲ အဟန့်အတားတစ်ခုခု ပေါ်ပေါက်၍ အဆင်မပြေဖြစ်နေပါက အခြားဆက်သွယ်ရေးတာဝန်ခံဖြစ်သော မိုင်ယာလာဗီထံ သွားရောက်တွေ့ဆုံရန် မှာကြားထားခဲ့သည်။

အထက်ဖော်ပြပါ လုံခြုံရေးနှင့် အန္တရာယ်ကင်းရေးအတွက် ချမှတ်ထား သော အစီအစဉ်များကို အသေးစိတ် မှတ်သားလိုက်နာကြရန် အထူးပင် အရေးကြီးလှသည်။ အလားတူပင် အကယ်၍ ကျွန်ုပ်အား နောက်ယောင်ခံ လိုက်နေသည်ကို ကျွန်ုပ်တို့ သိရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် အခြားဆက် သွယ်ရေးတာဝန်ခံအား တစ်နည်းနည်းဖြင့် သတိပေးပြီးနောက် ကျွန်ုပ်အနေဖြင့် ကွယ်ရောင်ဖျောက်သွားမည်ဖြစ်ကြောင်း ၎င်းတို့အား ပြောပြထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ ကျွန်ုပ်တို့ လူတစ်ယောက်ယောက်သည် ကျွန်ုပ်နှင့်တွေ့ရန် လာခဲ့ရာ ကျွန်ုပ်ကို မတွေ့ရဘဲဖြစ်နေပါက တခြားဆက်သွယ်ရေးတာဝန်ခံနှင့် သွားရောက်တွေ့ဆုံရမည်ဖြစ်သည်။ ဤတွင် ထိုတာဝန်ခံက ကျွန်ုပ်၏ သတိပေးချက်ကို ထိုလူအား တစ်ဆင့်သတိပေးကာ ကျွန်ုပ်အနေဖြင့် နောက်ယောင်ခံသူများအား ခြေရာဖျောက်ပြီး မည်သည့်နေရာတွင် ရောက်ရှိနေလိမ့်မည်ကို ပြောကြားထိ မည်ဖြစ်သည်။

သို့သော် ဤနေရာတွင် အခြားဆက်သွယ်ရေး တာဝန်ခံအဖြစ် ဆောင်ရွက်သူသည် သူ့ကိုယ်သူ မည်သို့သော စစ်ဆင်ရေးတွင် ပါဝင်လုပ်ရှားနေရသည်ကို တစ်စွန်းတစ်စမျှ မရိပ်မိဘဲ ရှိနေလိမ့်မည်ဖြစ်သည်။ သူ့အနေဖြင့် ကျွန်ုပ်တို့လူများ မိမိကိုယ်ကို မိမိတို့ ယခုလောက်အထိ လုံခြုံရေးနှင့် ကာကွယ်ရေး အစီအစဉ်များကို ရှည်လျားမြားမြောင်စွာ ချမှတ်လုပ်ဆောင်နေကြခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်ပြောပြသည့် အပေါ်ယံ 'လံကြုပ်' ဇာတ်လမ်းကိုသာလျှင် သိထားလိမ့်မည်ဖြစ်သည်။ သို့ဖြစ်ရာ ယခု သူလုပ်ကိုင်ဆောင်ရွက်နေရသည့် အလုပ်နှင့် စပ်လျဉ်း၍ မည်မျှအရေးကြီးသည်၊ မည်သို့သော ရည်ရွယ်ချက်ရှိသည် စသည်များကို သူ နားလည်သဘောပေါက်ရန် မလိုဟု ယူဆနေမည်သာ ဖြစ်သည်။

□

စစ်ဆင်ရေးအဖွဲ့ဝင်များနှင့် အပြီးသတ် နောက်ဆုံးတွေ့ဆုံသည့် အစည်းအဝေးကို စားသောက်ဆိုင်တစ်ဆိုင်တွင် ပြုလုပ်ရန် ကျွန်ုပ် စီစဉ်ရွေးချယ်လိုက်သည်မှာ ဤသည်မှာ အချိန်ကို ချွေတာ၍ စားရင်းသောက်ရင်း စကားပြောနိုင်ရန်ဖြစ်သည်။ သို့ဖြင့် ထိုနေ့က ဂါဘီ၊ အီဟာတ်၊ ကဲနက်နှင့် တာလ်မီတို့သည် နေ့လယ်စာစားရန် ကျွန်ုပ်နှင့်အတူ ထိုဆိုင်သို့ ရောက်ရှိလာကြသည်။ လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်ရန်အတွက် ကျွန်ုပ်တို့သည် အခန်းထောင့်စွန်းတစ်နေရာတွင် စားပွဲခုံကို ဆက်၍ ဝိုင်းဖွဲ့ထိုင်ခဲ့ကြသည်။ ထို့ပြင် ထိုမျှလောက် နေရာအကျယ်အဝန်းကို ယူထားပြီး စားပွဲနှစ်လုံးခင်း၍ အချိန်အတော်ကြာကြာ စကားပြောနိုင်ရန်အတွက် သဘာဝကျစေရန် ပထမတန်း အစားအစာများကို မှာယူစားသောက်ခဲ့ကြခြင်း စစ်ဆင်ရေးနှင့်ပတ်သက်သည့် နောက်ဆုံးအစီအစဉ်များကို ချမှတ်ဖြင့်ဆင်ခဲ့ကြသည်၊

ရှေးဦးစွာ စစ်ဆင်ရေးအရ လှုပ်ရှားဆောင်ရွက်ကြရာ၌ အကယ်၍ အိုက်ခ်မန်းသည် ကျွန်ုပ်တို့၏ကားကို မြင်လိုက်သည်နှင့် သင်္ကာမကင်းဖြစ်ပြီး ပုံမှန်အတိုင်း ပြန်နေကျလမ်းအတိုင်းမဟုတ်ဘဲ လယ်ကွင်းကိုဖြတ်၍ အိမ်ဘက်သို့ ပြေးသွားခဲ့ပါက မည်သို့မည်ပုံ လုပ်ကြရမည်ဟူသော ပြဿနာကို အပြတ်ဆွေးနွေးကြသည်။ ထိုပြဿနာနှင့်ပတ်သက်၍ ကျွန်ုပ်၏ ညွှန်ကြားချက်မှာ အကယ်၍ အိုက်ခ်မန်းသည် သူသွားနေကျ လာနေကျ ပုံမှန်အတိုင်းမဟုတ်ဘဲ ကြောက်အားလန့်အားဖြင့် ထွက်ပြေးသွားပါက လမ်းသွားလမ်းလာများက လှမ်း၍ကြည့်ကြမည့်တိုင်အောင် ဂရုစိုက်မနေကြဘဲ လယ်ကွင်းထဲအထိ လိုက်၍ဖမ်းမိအောင် ဆက်ရဖမ်းကြရမည်ဖြစ်သည်။

ဤနေရာတွင် အကယ်၍ အိုက်ခ်မန်းသည် လမ်းပေါ်၌ စောင့်နေသော ကားကို သင်္ကာမကင်းဖြစ်ကာ သူ့အတွက် အန္တရာယ်ကျရောက်တော့မည်ဟု ရိပ်မိသည်နှင့်တစ်ပြိုင်နက် သူ့အား အသာတကြည်ဖြင့် ဖမ်းခွင့်ပြုမည်မဟုတ်သည်မှာ သေချာသည်။ သို့ဖြစ်ရာ အကယ်၍ သူသည် ကားတစ်စီးနှင့် လူအချို့ကို မြင်လိုက်ရသည့်တိုင်အောင် အမူအရာမပျက်ဘဲ ရှိနေခဲ့ပါက မိမိတို့အနေဖြင့် မည်သို့မျှ လှုပ်ရှားရန်မလိုဘဲ အကယ်၍ တုန်လှုပ်ချောက်ချားကာ သိသိသာသာကြီး အမူအရာပျက်သွားမှသာလျှင် 'နောင်ခါလာ နောင်ခါချေး' ဟူ၍ သဘောထားကာ မိမိတို့အနေဖြင့် လက်ဦးမှုရအောင် လှုပ်ရှားကြရမည်ဟူ၍ ကျွန်ုပ်က ပြောပြခဲ့သည်။ အထူးသဖြင့် မိမိတို့အားလုံး ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထားရမည့် အချက်မှာ မတော်တဆ သူထွက်ပြေးသွားခဲ့၍ လယ်ကွင်းကိုဖြတ်ပြီး သူ့နောက်သို့ လိုက်ရပြီဆိုသည်နှင့် သူ့ကို ဘယ်နည်းနှင့်မျှ အလွတ်မပေးဘဲ အိမ်ထဲမှာ တရွတ်တိုက်၍ ဆွဲခေါ်ရသည့်တိုင်အောင် မရမနေ ဆွဲခေါ်ကြရမည်ဖြစ်ကြောင်း ပြတ်ပြတ်သားသား ပြောကြားထားခဲ့သည်။

နောက်တစ်ချက် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြသည်မှာ အကယ်၍ အိုက်ခ်မန်းအား ကားပေါ်သို့ ဆွဲတင်လာခဲ့ပြီးမှ မိမိတို့ ကားနောက်သို့ အခြားကားတစ်စီး လိုက်လာခဲ့ပါက မည်သို့လုပ်ကြရမည်ဟူသော အချက်ပင်ဖြစ်သည်။ အကယ်၍ ထိုသို့ဖြစ်လာခဲ့ပါက နောက်မှလိုက်လာသည့်ကားကို တစ်နည်းနည်းဖြင့် မျက်ခြည်ပြတ်အောင် လုပ်ကြရမည်ဟု ကျွန်ုပ်တို့က ဆုံးဖြတ်ခဲ့ကြသည်။ ဤနေရာ၌ မိမိတို့ကားကို အခြားလမ်းတစ်လမ်းသို့ ရုတ်တရက် ကွေ့မောင်းကာ အိုက်ခ်မန်းအား ဒုတိယကားပေါ်သို့ ပြောင်းတင်ခဲ့ကြပြီး ပထမကားကို လာလမ်းအတိုင်း ပြန်မောင်းခြင်းဖြင့် မျက်စိလည်အောင် လှည့်စားကြရမည်ဖြစ်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကားကို အနီးဆုံး လျှို့ဝှက်သည့်အိမ်သို့ အမြန်ဆုံး မောင်းပြေးခဲ့ကြပြီး ထိုအချိန်မှာပင် အခွင့်အရေး ရလျှင်ရချင်းပင် ပထမကားကို တစ်နေရာရာတွင် ပစ်ထားခဲ့ကြရမည်ဖြစ်သည်။

သို့ဖြင့် ကျွန်ုပ်တို့၏ နေ့လယ်စာကို မွန်းလွဲ ၂ နာရီတွင် အပြီးသတ်ခဲ့ကြသည်။ ထို့နောက် ကျွန်ုပ်တို့သည် အပြန်အလှန် လက်ဆွဲနှုတ်ဆက်ကာ စစ်ဆင်ရေး အောင်မြင်စေရန် ဆုတောင်းခဲ့ကြသည်။ ကျွန်ုပ်တို့ လူအားလုံးမှာ စိတ်ခတ်တက်ကြွလျက် ရှိနေကြရာ ကျွန်ုပ်တို့၏ ပြင်းပြသော မျှော်လင့်ချက်များကို မည်သို့သော လူသားမျှ ဟန့်တားပိတ်ပင်ခြင်း မပြုနိုင်ဟူ၍ ကျွန်ုပ် တထစ်ချ ယုံကြည်မိသည်။

စားသောက်ဆိုင်မှ ထွက်ခွာလာခဲ့ကြပြီးနောက် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များသည် စစ်ဆင်ရေးတွင် အသုံးပြုမည့် ပထမကားကို ယူဆောင်ရန် တစ်နေရာသို့ သွားခဲ့ကြသည်။ သူတို့သည် ထိုနေရာသို့ ရောက်ရှိခဲ့ကြပြီး ကားကို စက်နှိုးလိုက်ကြသောအခါ အထိတ်တလန့်ဖြစ်ကာ စိတ်ပျက်သွားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဘက်ထရီများမှာ မကြာမီကမှ အားသွင်းထားသော်လည်း အလွန့်အလွန် အားနည်းနေသည်ကို တွေ့ကြရသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် ထိုကားကို ချက်ချင်းပင် ကားရုံတစ်ရုံသို့ အပြေးမောင်းသွားပြီး ဘက်ထရီကို ထပ်၍အားသွင်းကြရသည်။ ညနေ ၃ နာရီခွဲတွင် ကားမှာ အခြေအနေကောင်းလာခဲ့ပြီး စိတ်တိုင်းကျ သုံးနိုင်သည့်အနေအထားမျိုး ဖြစ်လာခဲ့သည်။

ညနေ ၄ နာရီခွဲတွင် 'နန်းတော်' အဆောက်အအုံ၌ အဖွဲ့ဝင်အားလုံး တွေ့ဆုံ၍ နောက်ဆုံးမှာကြားချက်များကို ပြောဆိုမှာကြားခဲ့သည်။ ထို့နောက် အဖွဲ့ဝင်များသည် အဝတ်အစားများလဲကာ စစ်ဆင်ရေးတွင် အသုံးပြုကြရမည့် မှတ်ပုံတင်၊ ထောက်ခံစာအသစ်များနှင့် အသုံးအဆောင်ပစ္စည်းများကို ယူခဲ့ကြသည်။

ညနေ ၆ နာရီခွဲတွင် 'နန်းတော်'သို့ ကားနှစ်စီး ရောက်လာကြသည်။ သို့ဖြင့် အိုက်ခ်မန်းအား လက်ရဖမ်း၍ တင်ဆောင်လာရမည့် ပထမကားပေါ်တွင် အဖွဲ့ခေါင်းဆောင် တပ်မှူးဖြစ်သော ဂါဘီ၊ ကားမောင်းသူ ကဲနက်နှင့် တပ်ဖွဲ့ဝင်များအဖြစ် ကီရန်က ကဲနက်၏ဘေးမှ လည်းကောင်း၊ အီလီက နောက်ပိုင်းတွင် ဂါဘီ၏ဘေးမှလည်းကောင်း အသီးသီးထိုင်၍ ထွက်ခွာလာခဲ့ကြသည်။

ဒုတိယကားဖြစ်သော အစောင့်အရှောက်နှင့် အရန်ကားကိုမူ အီဟတ်က မောင်း၍ အက်ရှက်က သူ့ဘေးမှထိုင်ကာ ဆရာဝန်က နောက်ခန်းမှ လိုက်လာခဲ့





သည်။ ဆရာဝန်နှင့်အတူ ရိုးရိုးသာမန် ဆေးသေတ္တာတစ်လုံး ပါလာခဲ့သည်။ သို့သော် ထိုဆေးသေတ္တာထဲတွင် စစ်ဆင်ရေးအတွက် အသုံးပြုရန် အထူးပစ္စည်းကိရိယာများ ပါလာခဲ့သည်။

ကားနှစ်စီးသည် တစ်လမ်းစီ သီးခြားခွဲ၍ မောင်းလာခဲ့ကြပြီး မူလ ကြိုတင်သတ်မှတ်ထားသည့်အတိုင်း လမ်းမကြီး အမှတ် (၁၉၇) ပေါ်မှ တစ်နေရာတွင် ဆုံတွေ့ခဲ့ကြသည်။ ထိုသို့ တစ်လမ်းစီခွဲ၍ မောင်းလာခဲ့ကြသည်မှာ ထိုနှစ်လမ်းအနက်မှ တစ်လမ်းကို အပြန်ခရီးအဖြစ် အသုံးပြုရန်အတွက် စစ်ဆေးကြည့်ရှုလာသည့် သဘောပင်ဖြစ်သည်။ ထိုနှစ်လမ်းစလုံးမှာ သူတို့ နောက်ဆုံးလေ့လာဆောက်လုပ်ခဲ့စဉ်ကအတိုင်း တစ်စုံတစ်ရာ ထူးခြားသည့် ပြောင်းလဲမှုများ တွေ့ရှိခဲ့ရဘဲ လမ်းတစ်လျှောက်လုံး ရှာဖွေမှုများ၊ စစ်ဆေးရေးများနှင့် စစ်ဘက်ရဲဘက်မှ လမ်းပိတ်ဆို့ တားဆီးမှုများ တစ်ခုမျှ မတွေ့ခဲ့ရပေ။

သို့ဖြင့် ကားနှစ်စီး ပြန်ဆုံမိကြသည့်အခါ အပြန်ခရီးကို မူလသတ်မှတ်ထားသည့် လမ်းအတိုင်း အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြသည်။

ကားနှစ်စီးသည်အမှတ် (၁၉၇) နှင့် (၂၀၂) လမ်းမကြီးနှစ်ခုအကြား တစ်နေရာတွင် ခေတ္တရပ်နားကာ ပါလာသည့် ပစ္စည်းကိရိယာ တန်ဆာပလာများကို တပ်ဆင်ခဲ့ကြသည်။ ထို့နောက် ပစ်မှတ်နယ်မြေဘက်ဆီသို့ မူလက ကြိုတင်သတ်မှတ်ထားသည့် အစီအစဉ်နှင့် ပုံစံအတိုင်း တသီးတခြားစီ မောင်းလာခဲ့ကြသည်။

❒

အာဂျင်တီးနားနိုင်ငံတွင် မေလသည် လေထန်သည့်လဖြစ်၍ ဥရောပတိုက်မှ နိုဝင်ဘာလနှင့် ခပ်ဆင်ဆင်ဖြစ်သည်။ ထိုအချိန်က လေမုန်တိုင်းများရှိနေ၍ အတော်ကလေး အေးနေခဲ့ရာ ကျွန်ုပ်မှာ လွန်ခဲ့သော နှစ်ရက်ခန့်က အကြီးအကျယ် အအေးမိခဲ့၍ အဖျားဝင်လာခဲ့သည်။ သို့သော် ကျွန်ုပ်၏လူများ စိုးရိမ်၍ စိတ်မကောင်းဖြစ်မည်စိုးသဖြင့် ထိုအကြောင်းကို မည်သူ့မျှမပြောဘဲ နေခဲ့သည်။ စစ်ဆင်ရေးနေ့တွင် ကျွန်ုပ်သည် ဆရာဝန်ထံသို့လည်း မသွားနိုင်၊ အနွေးထည်နှင့် ဆေးဝါးများပင် ဝယ်ချိန်မရခဲ့ဘဲ အစည်းအဝေးများ၊ ဆွေးနွေးပွဲများဖြင့် အလုပ်ရှုပ်နေခဲ့သည့်ပြင် ကျွန်ုပ်သည် နေ့တိုင်းသောက်နေကျ ကော်ဖီအစား ရေနွေးနှင့် ဘရန်ဒီကို မှာသောက်ခဲ့ရာ ခေါင်းကိုက်ချင်သလိုလိုနှင့် ကိုယ်လက်[illegible] သော ဖြစ်လာခဲ့သည်။ ထိုသို့ဖြစ်လာသည့်အတွက် ကျွန်ုပ်စိတ်ထဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မကြောက်၊ ကျွန်ုပ် ကြောက်သည်မှာ ဘရန်ဒီကြောင့် အကြောအခြင်များလေ လံကာ အိပ်ချင်စိတ်ဝင်လာမည်ကို စိုးရိမ်မိခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ကော်ဖီခပ်ပြင်းပြင်းကို ပြောင်းသောက်ခဲ့ရသည်။ တဖြည်းဖြည်းဖြင့် သုံးလေးနာရီ ခန့် ကြာသွားသည့်အခါ အခြေအနေ ပြန်ကောင်းလာခဲ့ပြီး အပူရှိန်ကျလာ၍ နောက်ဆုံး၌ ပုံမှန်အတိုင်း ပြန်ဖြစ်လာခဲ့သည်။

စစ်ဆင်ရေး ဆင်နွှဲချိန်ကို ၇ နာရီ မိနစ် ၄၀ ဟူ၍ သတ်မှတ်ထားခဲ့ရာ ပထမဆုံးသတင်းသည် ကျွန်ုပ်ထံသို့ ၈ နာရီ မိနစ် ၄၀ ကျော်မှ ရောက်လာလိမ့် မည်ဟု မျှော်လင့်ရသည်။ သို့သော် ထိုညက ၉ နာရီထိုးသည်အထိ ကျွန်ုပ်၏ လူများကို အရိပ်အယောင်ပင် မမြင်ရသေးဘဲ ဖြစ်နေသည်။ ကျွန်ုပ်မှာ အခြား လုပ်စရာအလုပ်ဟူ၍လည်း လုံးဝမရှိသဖြင့် ကျွန်ုပ်စိတ်ထဲတွင် စစ်ဆင်ရေး အစီအစဉ်များကို တစ်ခုပြီးတစ်ခု ပြန်လည်သုံးသပ်ရင်း ဖြစ်နိုင်စရာရှိသည်များကို အမျိုးမျိုး စဉ်းစားနေမိသည်။ ကျွန်ုပ်စိတ်ထဲတွင် အကယ်၍ ယနေ့ ညနေဘက် တွင် အိုက်ခ်မန်းသည် သူလာနေကျလမ်းအတိုင်း မလာခဲ့၍သော်လည်းကောင်း သို့မဟုတ် ယနေ့တွင်မှ တခြားမိတ်ဆွေ အပေါင်းအသင်းများနှင့်အတူ တစ်ခု တဝေးတည်း ပြန်လာ၍သော်လည်းကောင်း စစ်ဆင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့ ရသည်ဆိုပါက ယခုလောက်ဆိုလျှင် ကျွန်ုပ်လူများသည် ကျွန်ုပ်ထံ အကျိုး အကြောင်းလာပြောသင့်ပြီဟု တွေးနေမိသည်။ ယခုအထိ ၎င်းတို့ထံမှ သတင်း တစ်စုံတစ်ရာ ရောက်မလာသေးသည်ကိုထောက်၍ ကေန့ ယနေ့ အိုက်ခ်မန်း သည် အိမ်ပြန်ရောက်ချိန် နောက်ကျနေသဖြင့် သူတို့တစ်တွေသည် အိုက်ခ်မန်း ပြန်လာသည့်အချိန်အထိ စောင့်နေကြခြင်းဖြစ်မည်ဟု မိမိဘာသာ တစ်ယောက် တည်း စဉ်းစားနေမိသည်။

သို့ဖြင့် နောက်ထပ် တစ်နာရီခန့် ကြာသွားခဲ့ပြန်သည်။ နာရီလက်တံ များသည် ၁၀ နာရီ ထိုးလုနီးနေပြီကို ညွှန်ပြနေကြသည်။ သို့တိုင်အောင် တစ်ယောက်မျှ ပေါ်မလာဘဲ ဖြစ်နေသည်။ သို့ဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏စိတ် ထဲမှ စိုးရိမ်ပူပန်မှုကို ဖြေဖျောက်နိုင်ရန်အတွက် အခြေအနေအရပ်ရပ်ကို ပြန် လည်သုံးသပ်ကြည့်မိသည်။ အကယ်၍ အမှန်တကယ်ပင် တစ်စုံတစ်ရာ ချော် ချော်လက်ချော် ဖြစ်ခဲ့သဖြင့် ကျွန်ုပ်တို့လူများ အဖမ်းခံရသည်ဆိုလျှင်လည်း အားလုံး တစ်ယောက်မကျန် ဖမ်းမိသွားရန်မှာ လုံးဝမဖြစ်နိုင်စရာ၊ မယုံကြည်နိုင် စရာပင်ဖြစ်သည်။ အနည်းဆုံး မည်သည့်နည်းဖြင့်မဆို တစ်နည်းနည်းဖြင့် တစ် ယောက်ယောက်သည် အဖမ်းမခံရဘဲ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး ၎င်းတို့၏





မအောင်မြင်သည့်အဖြစ်ကို ကျွန်ုပ်ထံ လာရောက် သတင်းပို့ရမည်ဖြစ်သည်။ သို့မဟုတ်ဘဲ အကယ်၍ မည်သူမျှ အဖမ်းမခံရဘဲ အားလုံးထွက်ပြေးလွတ် မြောက်လာခဲ့ကြသည်ဆိုလျှင်လည်း သူတို့သည် ကျွန်ုပ်ထံ တစ်ယောက်ယောက်ကို စေလွှတ်၍ အကြောင်းမကြားဘဲ လျစ်လျူရှုထားရန်မှာ လုံးဝမဖြစ်နိုင်သည့် အချက်ဖြစ်သည်။ ထိုသို့ စေလွှတ်အကြောင်းကြားရန်လည်း မည်သို့မျှ အခက် အခဲမရှိသည်မှာ သေချာသည်။

တဖြည်းဖြည်း အချိန်ကုန်သည်ထက် ကုန်လာခဲ့ပြီး မည်သူတစ်ဦးတစ် ယောက်မျှ ပေါ်မလာဘဲရှိနေခဲ့ရာ ကျွန်ုပ်စိတ်ထဲတွင် ၎င်းတို့သည် မုချစစ်ဆင် ရေးကို အောင်မြင်စွာ ဆင်နွှဲပြီးခဲ့ကြ၍ အစစအရာရာ အခြေအနေကောင်းလွန်း နေသဖြင့် ကျွန်ုပ်ထံသို့ မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်များကို စေလွှတ်အကြောင်း ကြားရန်ပင် တစ်စက္ကန့်ကလေးမျှ အချိန်မပေးနိုင်အောင် ဖြစ်နေကြပြီဟူ၍ တထစ်ချ ယုံကြည်သည်ထက် ယုံကြည်လာခဲ့မိသည်။ တဖြည်းဖြည်း ညဉ့်နက် သည်ထက် နက်လာသည်အထိ တစ်ဦးတစ်ယောက်မျှ ပေါ်မလာဘဲရှိနေခဲ့ပြန်ရာ ၎င်းတို့သည် မုချသေချာပေါက် အိုက်ခ်မန်းအား ဖမ်းမိခဲ့ပြီး လျှို့ဝှက်အိမ်တွင် စစ်ဆေးမေးမြန်းနေကြရသဖြင့် အလုပ်များနေကြပြီဟု တွက်လိုက်မိသည်။ ကျွန်ုပ်သည် သတ်မှတ်ထားသည့် အချိန်အတိုင်း ကဖီးဆိုင်တစ်ခုပြီးတစ်ခုဝင်၍ ထိုင်ကာ တစ်ယောက်ယောက် ပေါက်ချလာမည်ကို စောင့်ရင်း တစ်ယောက်မျှ ပေါ်မလာသည်ကို အံ့ဩရင်းဖြင့် ကော်ဖီနှင့် လက်ဖက်ရည်များကို တစ်ခွက်ပြီး တစ်ခွက် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် သောက်နေခဲ့ရာ နောက်ဆုံး သန်းခေါင်ချိန် နီးလာသောအခါ ကျွန်ုပ် ထိုင်စောင့်နေသည့်ဆိုင်မှာ ဆိုင်ပိတ်ရန်ပင် ပြင်နေပြီ ဖြစ်သည်။

ကျွန်ုပ်သည် ကျသင့်ငွေကို ရှင်းပေးပြီးနောက် အခြားဆိုင်တစ်ဆိုင်သို့ ပြောင်းရန် ထိုင်ရာမှ ထမည့်ဆဲဆဲမှာပင် အီဟတ်နှင့် ကဲနက်တို့နှစ်ယောက် ဗြုန်းခနဲ ဆိုင်ထဲသို့ဝင်လာကြသည်ကို လှမ်းမြင်လိုက်ရသည်။ သူတို့နှစ်ယောက် လုံးကို ကြည့်ရသည်မှာ မောပန်းလာကြပုံရ၍ အဝတ်အစားများမှာလည်း ဘွန့်လိပ်ကြေမွနေသည်ကို တွေ့ရသည်။ သို့သော် သူတို့မျက်နှာများမှာ သေသေ ကျေနပ်သည့် အမူအရာများ အထင်းသားပေါ်နေကြသည်။ သို့ဖြင့် သူ... ... ကားတစ်လုံးမျှ ထွက်မလာမီ သူတို့၏ စစ်ဆင်ရေးသည် ...



www.burmeseclassic.com

www.burmeseclassic.com



မှုမက ကလီမင့်သည် အိုက်ခ်မန်းအစစ်ဖြစ်ကြောင်းကိုပါ အခိုင်အမာ သိလာခဲ့ကြပြီဖြစ်ကြောင်း ကျွန်ုပ် ကောင်းကောင်းကြီး ရိပ်မိလိုက်သည်။

သူတို့သည် ကျွန်ုပ်နှင့်အတူ ခေတ္တမျှထိုင်၍ အခြေအနေမှာ မူလစီစဉ်ထားသည့်အတိုင်း အားလုံး ချောချောမောမော ဆောင်ရွက်အောင်မြင်ခဲ့ကြောင်း ကျွန်ုပ်အား ပြောပြခဲ့ကြသည်။ ထို့နောက် ထိုဆိုင်မှ အချိန်စေ့၍ နောက်တစ်ဆိုင်သို့ ရောက်သွားကြသောအခါ ထိုဆိုင်တွင် ကျွန်ုပ်အား အိုက်ခ်မန်းကို လက်ရဖမ်းခဲ့ကြသည့် အဖြစ်အပျက်အားလုံး အောက်ပါအတိုင်း အပြည့်အစုံ ပြောပြခဲ့ကြသည်။

❐

သူတို့စီးသွားကြသည့်ကားများ ပစ်မှတ်နေရာသို့ ရောက်သွားကြသောအခါ ၇ နာရီ ၃၅ မိနစ်တိတိ ရှိနေပြီဖြစ်သည်။ သတ်မှတ်ထားသည့် အချိန်ထက် အနည်းငယ် နောက်ကျနေ၍ လမ်းဘေးဈေးဆိုင်ကလေးသို့ ဘတ်စကားအမှတ် (၂၀၃) ရောက်ရန် နှစ်မိနစ် သုံးမိနစ်ခန့်အလိုတွင်ဖြစ်သည်။ သို့သော် ထိုမိနစ်အနည်းငယ်အတွင်းမှာပင် သူတို့သည် သူတို့အချင်းချင်း စုစုစည်းစည်းဖြင့် ကလီမင့်အမည်ခံ အိုက်ခ်မန်းအား ကြိုဆိုရန် အသင့်ပြင်နိုင်ခဲ့ကြသည်။

ထို့နောက် ဘတ်စကားဆိုက်လာသည်။ သို့သော် ကလီမင့် ပါမလာခဲ့။

သူတို့၏ စစ်ဆင်ရေး ပထမကားသည် အမှတ် (၂၀၂) လမ်းမကြီးနှင့် ဆယ်ကိုက်ခန့်အကွာ ဂါရီဘာလ်ဒီလမ်းထဲတွင် ကလီမင့်၏ အိမ်ဘက်သို့ခေါင်းလှည့်၍ အဆင်သင့်ရပ်ထားသည်။ ထိုအချိန်တွင် ကားစက်ခေါင်းကိုဖွင့်ထားပြီး ကီရန်သည် ကားရှေ့တွင်ရပ်နေခဲ့သည်။ သို့သော် ဖွင့်ထားသော စက်ခေါင်းအဖုံးနှင့် ကွယ်နေသဖြင့် လမ်းလျှောက်လာသော ကလီမင့်သည် ကီရန်အား မမြင်ရဘဲရှိနေမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် အီလီသည် ကားစက်ခေါင်း၏ လက်ဝဲဘက်တွင်ရပ်ကာ အင်ဂျင်ကို ကုန်း၍နှိုက်နေခဲ့သည်။ ရပ်ဖျက်သည့်အနေဖြင့် မျက်မှန်တပ်ထားသော ကဲနက်သည် ကားမောင်းသည့်နေရာတွင်ပင် ထိုင်နေပြီး ဂါဘီကမူ ကားနောက်ခန်းတွင် တံခါးပေါက်မှ ခေါင်းပြူကာ အပြင်ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေခဲ့သည်။

ဘယ်မိနစ် နှစ်မိနစ်ခန့်အကြာတွင် စက်ဘီးတစ်စီးဖြင့် လူတစ်ယောက်သည် ရပ်ထားသော သူတို့ကားအနီးသို့ ရောက်လာပြီး အကူအညီလိုလျှင် ပေးပါရစေဟု ပြောလာသည်။ သို့သော် သူတို့ ကြုံတွေ့နေရသည့် 'ဒုက္ခ'မှာ အကူအညီ မလိုဘဲ မိမိဘာသာ ဖြေရှင်းရမည့်ဒုက္ခဖြစ်နေရာ စက်ဘီးသမား၏ အကူအညီကို ယဉ်ယဉ်ကျေးကျေးဖြင့် ပြတ်ပြတ်သားသားပင် ငြင်းပယ်လိုက်ကြသည်။ စက်ဘီးသမားသည် သူတို့အား 'လူတစ်ဖက်သားကို ကျေးဇူးတင်ရန် ဝန်လေးတတ်ကြသူများ'ဟူ၍ စိတ်ထဲတွင် ထင်မှတ်သွားဟန်ဖြင့် ဘာမျှပြန်မပြောတော့ဘဲ စက်ဘီးကို ဆက်စီးသွားခဲ့သည်။

ထိုအချိန်တွင် ဒုတိယကားသည် အမှတ် (၂၀၂) လမ်းမကြီးဘေးတွင် ရပ်ထားလျက်ရှိသည်။ ထိုနေရာမှာ မြစ်ကို ဖြတ်ကူးသည့် တံတားနှင့် ဂါရီဘာလ်ဒီလမ်းထောင့်အကြားတွင်ဖြစ်၍ ပထမကားနှင့် ကိုက် ၃၀၀ ခန့်သာ ကွာဝေးသည်။ ဤကားမှာလည်း ရှေ့မှစက်ခေါင်းအဖုံးကို ဖွင့်ထားပြီး ကားစက်ချွတ်ယွင်း၍ ပြင်နေသည့်ပုံမျိုးဖြင့် ရပ်ထားခြင်းဖြစ်သည်။ ထိုကား၏ နောက်ဘက် ၁၀ ကိုက်ကျော်ခန့်အကွာတွင် ကုန်တင်ကားတစ်စီး ရပ်ထားသည်ကို တွေ့ကြရသည်။ ကုန်တင်ကားမောင်းသူသည် ကားပေါ်တွင်ထိုင်ရင်း အစားအသောက်များကို အေးအေးဆေးဆေး စားသောက်နေခဲ့ရာ သူ့မျက်စိအောက်တွင် ဖြစ်ပွားနေသော ကျွန်ုပ်တို့၏ စစ်ဆင်ရေးအဖြစ်အပျက်တစ်ခုလုံးကို လုံးဝ သတိမထားမိဘဲ ဖြစ်နေခဲ့သည်။

ဒုတိယကားပေါ်မှ လူများသည် ကလီမင့်အား ပထမကားအနီးသို့ ရောက်လာသည်အထိ ကားကို လုံးဝမမြင်ရဘဲ မျက်စိများကျိန်းနေအောင် ကားရှေ့မှ မီးလုံးများကို တအားဖွင့်ထားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ထိုကားပေါ်မှ လူခုနစ်ယောက်တို့၏ မျက်လုံးများသည် ဘတ်စကားမှတ်တိုင်ဆီသို့ အစွမ်းကုန်ပြူး၍ ကြည့်နေခဲ့ကြသည်။

ဘတ်စကားနှစ်စီး ဆိုက်လာသည်။ သို့သော် ထိုနှစ်စီးစလုံးတွင် ကလီမင့် ပါမလာဘဲဖြစ်နေပြန်သည်။ စောင့်နေကြသည့် သူများမှာ အနည်းငယ်စိတ်ပူလာမိကြသည်။ ကလီမင့်သည် ယနေ့မှ ထူးထူးခြားခြား ခါတိုင်းနေ့များထက် စော၍ ပြန်သွားနှင့်ပြီး အိမ်ပြန်ရောက်နေလေရော့သလား။ ဒါမှမဟုတ် ယခုအထိ လုံးဝပြန်မလာသေးဘဲ ဖြစ်နေသလား။ ဒီလိုမှမဟုတ်ရင်လည်း လေးရက်လုံးလုံး စောင့်မကြည့်ဖြစ်ဘဲရှိခဲ့ရာ သည်အတောအတွင်း ပြန်နေကျလမ်းက မပြန်တော့ဘဲ တခြားလမ်းကကွေ့၍ အိမ်ပြန်သည်ဆိုလျှင်ကော မဖြစ်နိုင်ဘူးလား။

နောက်ထပ် ဘတ်စကားတစ်စီး ဆိုက်လာပြန်သည်။ သို့သော် ကလီမင့်ကို အရိပ်အယောင်မျှ မမြင်မတွေ့ရ။ သူတို့စိတ်ထဲတွင် စိုးရိမ်ပူပန်







www.burmeseclassic.com

www.burmeseclassic.com



ထက် များလာကြသည်။ အချင်းချင်း စိတ်ဓာတ်ကျဆင်းမည်စိုးသဖြင့် သည် အကြောင်းကို ဘယ်သူ့ဘယ်သူမျှမပြောဘဲ နေမိကြသည်။

သူတို့၏ မူလဆုံးဖြတ်ချက်အရဆိုလျှင် ကလီမင့်အား ခါတိုင်းလာနေကျ အချိန်အတိုင်း ရောက်မလာဘဲ ဖြစ်နေပါက ည ၈ နာရီအထိ စောင့်ကြည့်ကြရန် သဘောတူထားကြသည်။ သို့ဖြင့် ည ၈ နာရီထိုးသောအခါ ကဲနက်က ဂါဘီအား မိမိတို့ ပြန်ကြရန် သင့်မသင့်မေးခဲ့သည်။ အဘယ်ကြောင့်မူ ဤနေရာတွင် ဤအတိုင်းသာ အချိန်ကြာကြာ ဆက်နေသွားခဲ့ပါက ပတ်ဝန်းကျင်မှ မသင်္ကာစရာဖြစ်လာပြီး နောက်တစ်နေ့တွင် ဆက်လက်ဆောင်ရွက်ရမည့် မိမိတို့၏ စစ်ဆင်ရေး အစီအစဉ်များပင် ပျက်ပြားသွားနိုင်သောကြောင့်ဖြစ်သည်။

သို့သော် ဂါဘီက မပြန်ဘဲ ဆက်စောင့်ကြရန် ပြောခဲ့သည်။ ဂါဘီ၏စိတ်ထဲတွင် အခြားသူများအား ဖွင့်မပြောခဲ့သော်လည်း ၈ နာရီခွဲအထိ စောင့်ကြည့်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဤနေရာတွင် အကြာကြီးစောင့်နေပြီးမှ မိမိတို့၏ အလစ်ဝင်ရောက် ဖမ်းဆီးမှုကို ပြုလုပ်ရသည်မှာ ပို၍အခက်အခဲတွေ့လာနိုင်စရာရှိသော်လည်း နောက်ကျသည်ထက် အချိန်ကပ်ပြီးမှ လွဲသွားခြင်းက ပို၍ ဆိုးရွားနိုင်သောကြောင့် စောင့်လက်စဖြင့် ဆက်၍စောင့်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ဒုတိယကားမှ ခေါင်းဆောင်ဖြစ်သူ အီဟတ်၏ စိတ်ထဲတွင်လည်း ဂါဘီကဲ့သို့ပင် စဉ်းစားနေမိသည်။ သူတို့နှစ်ယောက်စလုံး၏ စိတ်ထဲတွင် ထိုသို့ရှိနေကြောင်း မည်သူ့ကိုမျှ ဖွင့်ဟပြောကြားခြင်းမပြုခဲ့ကြသော်လည်း အီဟတ်ကိုယ်တိုင်ကလည်း ဆက်၍စောင့်ရန်ပင် ဆုံးဖြတ်ထားခဲ့သည်။ ၈ နာရီမထိုးမီ ကလေးတွင် သူသည် ကားပေါ်မှဆင်း၍ ဟိုဟိုသည်သည် လှမ်းကြည့်လိုက်သည်။ ထိုအချိန်တွင် သူသည် ကားနှင့်မလှမ်းမကမ်း ဂါရီဘာလ်ဒီ လမ်းထောင့်အနီးတွင် ရှိနေသည်။ ထိုအခိုက် ဘတ်စကားတစ်စီးသည် လမ်းဘေးဈေးဆိုင်ထလေးအနီးသို့ ရောက်လာသည်ကို လှမ်းမြင်လိုက်ရသဖြင့် အီဟတ်သည် ကားနှင့်ရာဘက်သို့ ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ပြန်၍ လျှောက်လာခဲ့သည်။ ထိုအခိုက်မှာပင် သူသည် မှောင်ထဲတွင် ကလီမင့်အား ဖြန်းခနဲ လှမ်းမြင်လိုက်ရသည်။ ထိုအချိန်မှာ ၈ နာရီထိုးပြီး၍ ၅ မိနစ်ရှိနေပြီဖြစ်သည်။ ကားပေါ်တွင် ထိုင်နေသော အက်ရှက်သည် ကားဆီသို့ အပြေးအလွှားလာနေသော အီဟတ်အား လှမ်းမြင်လိုက်ရသည်။ အီဟတ်သည် ကားဆီသို့ ရောက်လျှင်ရောက်ချင်း စက်ခေါင်းဖုံးကို ဖြန်းခနဲပိတ်ချလိုက်ပြီး ကားရှေ့ခန်းသို့ ခုန်တက်ကာ ရှေ့မီး





များကို ရုတ်တရက်ဖွင့်လိုက်သည်။ ကားကို စတင်၍ စက်နှိုးလိုက်သည့်အချိန်တွင် ကလီမင့်သည် ဂါရီဘာလ်ဒီလမ်းထောင့်သို့ ရောက်လာနေပြီဖြစ်သည်။

ထိုအချိန်တွင် ပထမကားပေါ်မှ လူများမှာလည်း မျှော်လင့်ချက် လုံးဝကုန်ဆုံးလုဆဲဆဲ ရှိနေကြပြီဖြစ်သည်။ ဘတ်စကားဆိုက်လာသည်ကို လှမ်းမြင်လိုက်ရသော်လည်း ဤကားပေါ်တွင် ကလီမင့် ပါလာလိမ့်မည်မဟုတ်ဟု ထင်နေမိကြသည်။ ဤအတောအတွင်းမှာပင် ကဲနက်သည် လူတစ်ယောက် လမ်းလျှောက်လာသည့်ခြေသံကို မသဲမကွဲကြားလိုက်ရသည်။ သို့သော် မှောင်နှင့် မည်းမည်းဖြစ်နေ၍ ဘယ်သူဘယ်ဝါ မသဲမကွဲဖြစ်နေသည်။

"လူတစ်ယောက် လာနေတယ်" ကဲနက်သည် ဂါဘီကို လှမ်းပြောလိုက်သည်။

"ဒါပေမဲ့ ဘယ်သူမှန်းမသိဘူး၊ ကောင်းကောင်းမမြင်ရဘူး"

ထို့နောက် စက္ကန့်အနည်းငယ်အတွင်းမှာပင် ခပ်တိုးတိုးပြောလိုက်သော သူ့အသံသည် အော်ပြောလိုက်သလို အလန့်တကြား ပေါ်ထွက်လာသည်။

"ဟာ... သူပဲဗျို့"

ဂါဘီ၏ နှလုံးမှာ ဖြန်းခနဲ အလန့်တကြား ခုန်သွားသည်။ သူသည် ရုတ်တရက် သူ့လူအားလုံးကို နေသားတကျ ရှိမရှိ တစ်ချက်လှမ်းကြည့်လိုက်သည်။ အီလီသည် မှောင်ထဲမှလာနေသူကို ချက်ချင်းမှတ်မိလိုက်သော်လည်း ဂါဘီမှာမူ နောက်ထပ် ၁၅ စက္ကန့်လောက်ကြာမှ ဘယ်သူဘယ်ဝါမှန်း သိလိုက်သည်။ ထိုအချိန်၌ ကလီမင့်သည် ဂါရီဘာလ်ဒီလမ်းထဲသို့ ချိုးဝင်လာနေပေပြီ။

ကဲနက်က ဂါဘီအား နားနားကပ်၍ လေသံဖြင့် ပြောလိုက်သည်။

"သူ့လက်တစ်ဖက်က အင်္ကျီအိတ်ထဲ နှိုက်လာတယ်။ ခြောက်လုံးပြူး များပါသလား မသိဘူး။ အီလီကို ပြောလိုက်ရမလား"

"ပြောလိုက်လေ" ဂါဘီက အဖြေပေးလိုက်သည်။

"အီလီ"

ကဲနက်က ခပ်တိုးတိုးပင် လှမ်းခေါ်လိုက်သည်။

"သတိထားနော်၊ သေနတ်ပါသလားမသိဘူး၊ သူ့လက်တစ်ဖက်က အင်္ကျီအိတ်ထဲ နှိုက်လာတယ်"

ကလီမင့်သည် သူတို့ကားရှေ့တည့်တည့်သို့ ရောက်လာသည်။

"အချိန်ကျပြီဟေ့" အီလီသည် ပြောပြောဆိုဆိုဖြင့် ကလီမင့်အား လှမ်းခုန်အုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလီမင့်သည် ကြောက်အားလန့်အားဖြင့် နောက်သို့တစ်လှမ်းဆုတ် လိုက်သည်။

အိုက်ခ်မန်းအား လက်ရဖမ်းရန် လေ့ကျင့်ခဲ့ကြစဉ်က အီလီသည် လူ တစ်ယောက်ကို နောက်ကျောဘက်မှ ဖမ်းချုပ်၍ နောက်သို့လှန်ချကာ တရွတ်တိုက် ဆွဲသည့် 'ကင်းစောင့် (စန်ထရီ)ဖမ်းနည်း'ကို လေ့ကျင့်ခဲ့သည်။ သို့သော် ကဲနက်၏ သတိပေးချက်အရ ကလီမင့်တွင် သေနတ်ပါကောင်းပါလာဖွယ်ရာ ရှိသဖြင့် ဖမ်းပုံဖမ်းနည်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲအသုံးပြုခဲ့ရသည်။ သူသည် ကလီမင့်အား ခုန်အုပ်ကာ အပေါ်မှဖိ၍ မလှုပ်နိုင်အောင် ချုပ်ထားရန် ကြိုးစား ခဲ့သည်။ သို့သော် ကလီမင့်က ကြောက်အားလန့်အားဖြင့် နောက်ဆုတ်လိုက် သောကြောင့် နှစ်ယောက်စလုံး မြေကြီးပေါ်သို့ လုံးလားထွေးလားဖြင့် လဲကျ သွားကြသည်။ ကလီမင့်သည် မြေပေါ်သို့ အရှိန်ဖြင့်လဲကျသွားရင်း ထောင်ချောက် ထဲသို့ ဖြုန်းခနဲ အမိခံလိုက်ရသည့် သားရဲတိရစ္ဆာန်တစ်ကောင်လို 'အား' ခနဲ အသံကုန် တစ်ချက်အော်လိုက်သည်။ ကီရန်သည် ကားရှေ့သို့ တစ်ဟုန်ထိုးပြေး သွားပြီး မြေပေါ်တွင် အီလီနှင့်အတူ လဲကျကာ မလှုပ်နိုင်အောင်ဖြစ်နေသော ကလီမင့်အား ခြေထောက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်သည်။ ထိုအချိန်တွင် ကလီမင့်မှာ လေဖြတ်ခံရသူတစ်ယောက်ပမာ မတ်တတ်ကလဲကျ၍ မြေပေါ်တွင် စန့်စန့်ကြီးဖြစ်နေသည်။

ဂါဘီသည်လည်း ထိုအချိန်တွင် အခြေအနေအရ နည်းပရိယာယ်ပြောင်း ၍ လှုပ်ရှားခဲ့သည်။ သူသည် ကားပေါ်မှခုန်ဆင်းကာ ကလီမင့်၏ လက်နှစ်ဖက် ကို ဖမ်းချုပ်၍ ကားထဲသို့ ဆွဲသွင်းခဲ့ရာ အီလီနှင့် ကီရန်တို့က ကလီမင့်၏ ခြေထောက်ပိုင်းကို မ၍တွန်းတင်ခဲ့ကြသည်။ စက္ကန့်အနည်းငယ် အတွင်းမှာပင် ဂါဘီ၊ အီလီ၊ ကီရန်နှင့် ကလီမင့်တို့သည် လေးယောက်သား ကားနောက်ခန်းသို့ ဘယ်ယောက်ပေါ် တစ်ယောက်ထပ်ကာ လုံးလားထွေးလားဖြင့် ရောက်သွားကြ သည်။ ထို့နောက် ကီရန်သည် ကားနောက်ခန်းမှ ရှေ့ခန်းသို့ကျော်၍ ကူးလိုက် သည်။ ကဲနက်ကလည်း ကားစက်ခေါင်းကို တအားဖိချလိုက်ပြီး ရှေ့ခန်းသို့ ထင်သာကာ စက်နှိုးလိုက်သည်။ ဤအဖြစ်အပျက်အားလုံးမှာ အချိန်အားဖြင့် တစ်မိနစ်ခန့်သာကြာသည်။

အီဟာတ်သည် မှောင်ထဲတွင် ဘာဖြစ်၍ဖြစ်နေသည်ကို မမြင်ရဘဲ ရှိနေခဲ့ရာမှ ပထမကား ထွက်သွားသည်ကို မြင်လိုက်လျှင်မြင်လိုက်ချင်း သူ့





ကားကို တစ်ဟုန်ထိုးမောင်းကာ ကလီမင့်အိမ်ရှေ့မှ ဖြတ်လာခဲ့သည်။ သူသည် ဈေးဆိုင်ကလေးရှိရာ လမ်းအတိုင်း ပထမကားနောက်သို့ မောင်းလိုက်ခဲ့ရာ အမှတ် (၁၉၇) လမ်းမကြီးထောင့်တွင် မီလာခဲ့သည်။ လမ်းဘေးဈေးဆိုင် ကလေးရှေ့သို့ ရောက်သွားသောအခါ အီဟာတ်သည် ပထမကားပေါ်သို့ လှမ်း ကြည့်ရာ ကဲနက်က ကားမောင်းလာသည်ကို တွေ့ရပြီး အားလုံး အခြေအနေ ကောင်းနေသည်ကို မြင်လိုက်ရသည်။ သူသည် စက်ရှိန်ကိုမြှင့်၍ ပထမကားကို ကျော်တက်ကာ ရှေ့မှ ဦးဆောင်၍ မောင်းလာခဲ့သည်။

ကားနှစ်စီးသည် စစ်ဆင်ရေး မစတင်မီက ဆုံတွေ့ခဲ့ကြသည့်နေရာသို့ ရောက်လာသောအခါ နှစ်စီးစလုံး ခေတ္တရပ်လိုက်ကြသည်။ ထိုနေရာမှာ လမ်းမကြီးနှစ်ခုအကြားရှိ ဖုန်ထူထပ်သော လမ်းပေါ်တွင်ဖြစ်သည်။ ထိုနေရာတွင် သူတို့သည် စစ်ဆင်ရေးနှင့်ပတ်သက်၍ နောက်တစ်ဆင့် ဆက်လက်ဆောင်ရွက် ရမည့် အစီအစဉ်ကို ညှိနှိုင်းအတည်ပြုခဲ့ကြသည်။ ထိုအစီအစဉ်မှာ လျှို့ဝှက်သည့် အိမ်သို့ ဆက်သွားကြရန်ပင်ဖြစ်သည်။ သို့ဖြင့် ကားနှစ်စီးလုံး ဆက်လက်ထွက် ခွာလာခဲ့ကြသည်။

ပထမကားပေါ်တွင် အခြေအနေမှာ အားလုံးကောင်းမွန်နေသည်။ ယခု အခါ ကလီမင့်သည် ခုခံသည့် အမူအရာများ လုံးဝမပြတော့ဘဲ ရှိနေသည်။ သို့သော် ထိုနေရာမှ ကားထွက်လာသောအခါ ဂါဘီသည် ကလီမင့်၏ ဦးခေါင်း ကိုဖိ၍ သူ၏ဒူးနှစ်ဖက်ကြားတွင် ညှပ်ထားခဲ့သည်။ ထို့နောက် ဂါဘီနှင့် အီလီ တို့သည် ရှေ့ခန်းမှ ကီရန်၏ အကူအညီဖြင့် ကလီမင့်၏ ပါးစပ်ကိုဖြဲကာ အဝတ်စတစ်ခုဖြင့် ပိတ်၍စည်းထားခဲ့ကြပြီး ခြေထောက်နှစ်ဖက်နှင့် လက်နှစ်ဖက် ကိုပါ ကြိုးဖြင့်တုပ်လိုက်ကြသည်။ ထို့နောက် မျက်လုံးနှစ်ဖက်ကိုပါ အဝတ် တစ်ခုဖြင့်ပိတ်၍ စည်းထားလိုက်ကြပြီး ကားကြမ်းပြင်ပေါ်သို့ဖိကာ စောင်တစ် ထည်ဖြင့် အပေါ်မှဖုံး၍ အုပ်ထားလိုက်ကြသည်။ ထိုသို့ပြုလုပ်နေစဉ် အိုက်ခမန်း သည် တစ်ခွန်းမျှမအော်ဘဲ ငြိမ်၍နေခဲ့သည်။ ကဲနက်က သူ့အား ဂျာမန်ဘာသာ ဖြင့် စကားတစ်ခွန်းသာ ပြောခဲ့သည်။ "ငြိမ်ငြိမ်နေနော်၊ မနေရင် ပစ်သတ်လိုက် မယ်"ဟူသော စကားပင်ဖြစ်သည်။ ထိုစကားမှာ အိုက်ခ်မန်းလို လူမျိုးအတွက် ကောင်းကောင်းကြီး နားလည်မည့်စကားပင်ဖြစ်သည်။

ကိစ္စအားလုံး ပြီးစီးသွားသည်နှင့်တစ်ပြိုင်နက် လက်အားသွားပြီဖြစ်သော ဂါဘီသည် အီလီအား လက်ဆွဲနှုတ်ဆက်လိုက်သည်။ ထိုအချိန်တွင် ခပ်စောစော



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးအတွက် လက်အိတ်များစွပ်ထားခဲ့သော အိလိမှာလည်း လက်အိတ်များချွတ်ပြီးနေပြီဖြစ်သည်။ ထို့နောက် ဂါဘီသည် သူ့အိတ်ထဲမှ ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်သည်။ သူသည် ထိုပစ္စည်းပါလာသည်ကို စောစောက သတိမေ့နေခဲ့သော်လည်း ထိုပစ္စည်းသည် သူ့အိတ်ထဲတွင် တစ်လျှောက်လုံး ခိုးလိုးခုလုဖြစ်နေခဲ့သည်။ ၎င်းမှာ အခြားမဟုတ်။ လက်ထိတ်တစ်စုံပင်ဖြစ်သည်။ အကယ်၍ လိုအပ်ပါက အိုက်ခ်မန်း၏ လက်နှစ်ဖက်ကို ခတ်ရန်ယူလာခဲ့ခြင်းဖြစ်သည်။

ဂါဘီသည် နောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ သို့သော် ဒုတိယကားကို မမြင်ရသေးဘဲဖြစ်နေသည်။ မိနစ်ဝက်ခန့်ကြာမှ ရုတ်တရက် ဒုတိယကားကို မြင်လိုက်ရသဖြင့် စိတ်အေးသွားခဲ့သည်။ ဒုတိယကားသည် သူတို့ကားကို ကျော်တက်သွားပြီး ရှေ့မှမောင်းသွားခဲ့သည်။ ထို့နောက် ဖုန်ရှိသည့်နေရာတွင် ခေတ္တကားများကိုရပ်ကြပြီး ဒုတိယကားပေါ်မှလူများအား မူလအစီအစဉ်အတိုင်း အားလုံးအခြေအနေကောင်းစွန်ကြောင်း ပထမကားပေါ်မှ လူများက သတင်းပို့ခဲ့ကြသည်။

ကားနှစ်စီးသည် အပြန်အတွက် ကြိုတင်သတ်မှတ်ထားသည့် လမ်းအတိုင်း ရှေ့ဆင့်နောက်ဆင့် မောင်းလာခဲ့ကြသည်။ မီးရထားသံလမ်းရှိရာသို့ ရောက်သောအခါ လမ်းပိတ်ထားသည်ကို တွေ့ရသဖြင့် ခေတ္တရပ်၍ စောင့်ခဲ့ကြရသည်။ ဤတွင် သံလမ်းတံခါးအဖွင့်ကို စောင့်နေကြသော ကားတန်းနှစ်တန်းသည် တစ်တန်းနှင့်တစ်တန်း ယှဉ်လျက်သားဖြစ်နေသည်ကို တွေ့ရသည်။ မီးရထားအလာကို စောင့်နေကြရသည်မှာ ၁၀ မိနစ်ခန့်ပင် ကြာခဲ့သည်။ သို့သော် အကယ်၍ အိုက်ခ်မန်းပါလာသောကားကို ဘေးချင်းယှဉ်နေသော အခြားကားများပေါ်မှ လှမ်းကြည့်လိုက်မည်ဆိုပါက တစ်စုံတစ်ရာ ထူးထူးခြားခြား ဘာတစ်ခုမျှ တွေ့ရမည်မဟုတ်ဘဲ ထိုကားပေါ်မှ ရေဒီယိုသီချင်းသံများပင် ကားပြတင်းပေါက်မှ သာယာနာပျော်ဖွယ်ရာ ထွက်ပေါ်နေသည်ကို ကြားကြရဦးမည်ဖြစ်သည်။ ထို့ပြင် ကားပေါ်တွင်ပါလာသူများမှာလည်း အခြားကားများပေါ်မှ ခရီးသည်များကဲ့သို့ပင် အေးအေးဆေးဆေးဖြင့် ဣန္ဒြေရရ ရှိနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

အိုက်ခ်မန်းမှာ ကားနောက်ခန်းမှ ကြမ်းပြင်ပေါ်တွင် လုံးဝမလှုပ်ရှားဘဲ အသက်ကို ခပ်ပြင်းပြင်းရှူ၍ လိုက်ပါလာခဲ့သည်။ မူလအစီအစဉ်အတိုင်း ဆိုပါက သူတို့သည် အိုက်ခ်မန်းအား လျှို့ဝှက်သည့် အိမ်တစ်ခုသို့ ယခင်





ခေါ်သွား၊ လမ်းခုလတ်တွင် တစ်စုံတစ်ရာ အနှောင့်အယှက်မပေးနိုင်အောင် မေ့ဆေးထိုးပေးသွားကြရန် ကြံစည်ထားခဲ့ကြသည်။ သို့သော် မတော်တဆ ထိုအချိန်တွင် အိုက်ခ်မန်းသည် အရက်သောက်ထားလျှင်လည်းကောင်း၊ အစားအစာများ စားထားလျှင်သော်လည်းကောင်း မေ့ဆေးထိုးလိုက်သည့်အတွက် အသက်အန္တရာယ်ကို ထိခိုက်စရာရှိကြောင်းဖြင့် ဆရာဝန်၏ ပြောပြချက်အရ မေ့ဆေးကို မသုံးဘဲထားခဲ့ကြခြင်းဖြစ်သည်။

သူတို့သည် နန်းတော်အဆောက်အအုံသို့ မရောက်မီ ငါးမိနစ်ခန့်အလိုတွင် ကားနှစ်စီးစလုံးကို ခေတ္တရပ်၍ ကားလိုင်စင်နံပါတ်ပြားများကို လဲတပ်ခဲ့ကြသည်။ ထို့နောက် သူတို့၏ ခရီးအဆုံးသို့ ရောက်သွားသောအခါ အချိန်မှာ ည ၈ နာရီ ၅၅ မိနစ်ပင် ရှိနေပြီဖြစ်သည်။ ထိုအချိန်မှာ ဘတ်စကားအမှတ် (၂၀၃) ပေါ်မှ အိုက်ခ်မန်း နောက်ဆုံးအကြိမ် ဆင်းလာခဲ့ပြီး မိနစ်ငါးဆယ်အကြာတွင်ဖြစ်သည်။

'နန်းတော်'သို့ တရားဝင်ဗွားထားသည့် အိမ်ဗွားသည် အဆင်သင့် စောင့်ကြိုနေခဲ့သည်။ သူသည် တကယ့် အိမ်ရှင်ပမာ ဝင်းတံခါးများကို အကျယ်ကြီး ဖွင့်ပေးကာ ကားနှစ်စီးကို ဝင်ခွင့်ပြုခဲ့သည်။ ပထမကားကို ကားရုံထဲသို့ မောင်းသွားခဲ့သည်။ ထိုကားရုံမှတစ်ဆင့် အိမ်ထဲသို့ဝင်သည့် စင်္ကြံလမ်းတစ်လမ်းရှိသည်။ ကားကို ကားရုံထဲသို့သွင်း၍ တံခါးများ ပိတ်ပြီးသည်နှင့် တစ်ပြိုင်နက် အိုက်ခ်မန်းအား ကားထဲမှအပြင်သို့ထုတ်ခဲ့ကြသည်။ ထို့နောက် သူ့အား တစ်ယောက်တစ်ဖက်စီတွဲကာ စင်္ကြံလမ်းမှတစ်ဆင့် သူ့အတွက် သီးသန့်ပြင်ဆင်ထားသော အခန်းထဲသို့ ခေါ်ခဲ့ကြသည်။ ပြီးလျှင် ကားရုံထဲသို့ ဒုတိယကားကို မောင်းသွင်းရန်အတွက် ပထမကားကို ချက်ချင်းအပြင်သို့ ထုတ်ခဲ့ကြသည်။ ပထမကားကို အပြင်သို့ထုတ်ပြီးလျှင်ပြီးချင်း မြို့ထဲသို့ တန်းမောင်းသွားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဂါရီဘာလ်ဒီလမ်းနှင့် အမှတ် (၂၀၂) လမ်းမကြီးထောင့်တွင် စောစောက အခင်းဖြစ်ပွားခဲ့သည်ကို တစ်စုံတစ်ယောက်က ရုတ်တရက် မြင်ခဲ့တွေ့ခဲ့ရသည်ဆိုပါက ပထမကားကိုသာ မှတ်မိနိုင်စရာရှိသောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ပထမကားကို လျှို့ဝှက်သောအိမ်မှ ချက်ချင်းပြန်မောင်းသွားခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် သူတို့သည် ဒုတိယကားကို ကားရုံထဲမှာပင် ထားခဲ့ကြ ၍သည်မှာလည်း အိမ်နီးနားချင်းများအနေနှင့် ထိုကားကို 'နန်း...



www.burmeseclassic.com

www.burmeseclassic.com



အနားတစ်ဝိုက်တွင် ယခင်က မြင်ဖူးတွေ့ဖူးခြင်း မရှိသောကြောင့် သက်သေမထင် ဖြစ်မည်ကို စိုးရိမ်၍ဖြစ်သည်။ အဆိုပါ ဒုတိယကားကို အကယ်၍ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်လာနိုင်သည်ဟု ယူဆရသည်နှင့်တစ်ပြိုင်နက် အခြားလုံခြုံစိတ်ချ ရသည့် တစ်နေရာသို့ အိုက်ခ်မန်းအား တင်၍ အရေးတကြီး ခေါ်ဆောင်သွားရန် စီစဉ်ထားခဲ့သည်။ သို့ဖြစ်ရာ ဤ 'နန်းတော်' အိမ်ဝင်းအတွင်း ဤကားရှိနေ သည်ကို မည်သူမျှ မမြင်ရအောင် ကားရုံထဲမှာပင် သွင်းထားခဲ့ခြင်းဖြစ်သည်။

၁

ဤအတောအတွင်း သူတို့သည် အိုက်ခ်မန်းအား သံခုတင်တစ်လုံးပေါ်တွင် လှဲချထားပြီး ခြေထောက်တစ်ဖက်ကို ခုတင်ခြေရင်းမှ သံတိုင်တွင် ခြေချင်းဖြင့် ချည်၍ ခတ်ထားခဲ့သည်။ ထိုအချိန်အထိ အိုက်ခ်မန်း၏ မျက်စိနှစ်ဖက်ကို အဝတ်များဖြင့် ပိတ်၍ စည်းထားဆဲဖြစ်ရာ သူသည် သူ့အား ဖမ်းဆီးခေါ်ဆောင် လာသူများကို ယခုအထိ မမြင်ရသေးဘဲဖြစ်နေသည်။ ထို့ပြင် သူတို့သည် အိုက်ခ်မန်းအား သူဝတ်လာသည့် အဝတ်အစားများကိုချွတ်ကာ သူ့ခန္ဓာကိုယ်နှင့် အနေတော်ချုပ်ထားသည့် ညဝတ်အင်္ကျီရှည်တစ်ထည်ကို ဝတ်ပေးထားခဲ့သည်။ ထို့ပြင် တပ်ဖွဲ့ဝင်တစ်ယောက်သည် အိုက်ခ်မန်း၏ ပါးစပ်ထဲတွင် တစ်ခုခုငုံထား လို ထားငြား ပါးစပ်ဖြဲ၍ ရှာကြည့်သောအခါ ဤမျှလောက် နှစ်ပေါင်းများစွာ ကြာခဲ့ပြီးမှ သူ့အနေဖြင့် ပါးစပ်ထဲတွင် အဆိပ်ဆေးလုံးကလေးကို ငုံထားရ လောက်အောင် သတိရှိနေလိမ့်မည်ဟု မမျှော်လင့်သင့်ကြောင်း အိုက်ခ်မန်းက ပြောပြခဲ့သေးသည်။ သို့သော် သူ၏ ကန့်ကွက်ငြင်းဆန်နေသည့်ကြားမှပင် သူ့ပါးစပ်ထဲမှ သွားအတုကိုဖြုတ်၍ ပါးစပ်ထဲသို့ နှိုက်နှိုက်ချွတ်ချွတ် ရှာခဲ့ကြ သည့်အပြင် သူ့အင်္ကျီ၊ ဘောင်းဘီများနှင့်တကွ ဖိနပ်များပါမကျန် ပစ္စည်းအားလုံး ကို လှန်လှောရှာဖွေခဲ့ကြသည်။

ယခုအခါ အိုက်ခ်မန်းနှင့်အတူ အခန်းထဲတွင် ဂါဘီ၊ အီလီ၊ အီဟတ်နှင့် ကဲနက်တို့ လေးယောက်စလုံး ရှိနေကြသည်။ သူတို့သည် ကဲနက် ရှာဖွေလေ့လာ ထားသည့် အချက်အလက်များအရ အိုက်ခ်မန်း၏ ကိုယ်ခန္ဓာပေါ်မှ အမှတ်အသား များကို ခစ်ဆေးကြည့်ရှုခဲ့ကြသည်။ သူတို့ သိထားသလောက် နာဇီလုံခြုံရေး အဖွဲ့ဝင် အက်စ်အက်စ်အရာရှိမှန်သမျှ သူတို့၏ လက်ဝဲဘက် ချိုင်းအောက်တွင် သူတို့၏ သွေးအမျိုးအစားကို ဆေးမင်ထိုးထားကြသည်ဟု နားလည်ထားကြ သည်။ သို့ဖြစ်ရာ သူတို့သည် အိုက်ခ်မန်းအား ပထမဆုံး ထိုနေရာမှစ၍ စစ်





ဆေးကြည့်ခဲ့ကြရာ ဆေးမင်အစား ချိုင်းအောက်တွင် အမာရွတ်ကလေးတစ်ခု ကိုသာ တွေ့ခဲ့ကြရသည်။

ထို့နောက် အိုက်ခ်မန်း၏ ကိုယ်ရေးကိုယ်တာ အမှတ်အသား အချက် အလက်များ ပါရှိသည့် စာရွက်စာတမ်းများကို သူ့ရှေ့တွင်ထားကာ ကဲနက်သည် အိုက်ခ်မန်းအား မေးခွန်းများကို အစီအစဉ်ဖြင့် တစ်ခုပြီးတစ်ခု မေးခဲ့သည်။

"ခင်ဗျား ဦးထုပ်အရွယ်အစားက နံပါတ် ဘယ်လောက်လဲ"

"ခြောက်ရှစ်ပိုင်း ခုနစ်ပိုင်းပါ" ဟု သူက ပြန်ဖြေသည်။

"အဝတ်အစားကရော"

"လေးဆယ့်လေး"

"ခင်ဗျားစီးတဲ့ ဖိနပ်နံပါတ်က ဘယ်လောက်လဲ"

"ကိုး"

"ပြီးတော့ ခင်ဗျားရဲ့ အမျိုးသားဆိုရှယ်လစ်ပါတီဝင်အမှတ်က ဘယ် လောက်လဲ"

"၈၈၉၈၃၅" သူက မဆိုင်းမတွပင် ပြန်ဖြေသည်။

ဤတွင် ကိုယ်အမျိုးအစား အတိုင်းအထွာများနှင့်တကွ ဤနောက်ဆုံး အဖြေနှင့်ပင် လုံလောက်နေပြီဖြစ်၍ ကလီမင့်သည် အိုက်ခ်မန်းပင်ဖြစ်ကြောင်း သေချာသွားပြီဖြစ်သည်။ အိုက်ခ်မန်း၏ နာဇီပါတီဝင်အမှတ်ကို အခြားမည်သူတစ် ဦးတစ်ယောက်မှ ယခုလို ရုတ်တရက်ချက်ချင်း ဖြေနိုင်ကြမည် မဟုတ်ပေ။ သို့ပါလျက် အိုက်ခ်မန်း၏နှုတ်မှ ခိုင်လုံတိကျသော အဖြေကို လိုချင်လှသော ကဲနက်သည် မေးခွန်းများကို ဆက်၍မေးခဲ့ပြန်သည်။

"ခင်ဗျား အာဂျင်တီးနားကို ဘယ်တုန်းက ရောက်သလဲ"

"၁၉၅၀ ကပါ"

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ရီကာဒိုကလီမင့်ပါ"

"ခင်ဗျားရဲ့ ရင်ဘတ်မှာရှိနေတဲ့ အမာရွတ်က စစ်ကြီးအတွင်းက ခဲ့တဲ့ ဒဏ်ရာမဟုတ်လား"

"ဟုတ်ပါတယ်"

သူသည် ထိုအဖြေကိုဖြေရင်း ရုတ်တရက် ဆတ်ခနဲ တုန်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏ ပါတီဝင်အမှတ်ကို ပြောလိုက်စဉ်ကလည်း ယခုကဲ့သို့ တုန်လှုပ်သွားခဲ့သည်။

"ဒါဖြင့်... ခင်ဗျားနာမည်ရင်းက ဘယ်သူလဲ"

"အော့တိုဟဲနင်းဂါးပါ" သူက ခပ်ဖြည်းဖြည်း ခပ်ဆိုင်းဆိုင်း ပြန်ဖြေလိုက်သည်။

ကဲနက်သည် နောက်ထပ်ဆက်၍ မမေးသေးဘဲ သူ့လက်ထဲရှိ စာရွက်ပေါ်တွင် ဖော်ပြပါရှိသည့် အချက်အလက်များကိုကြည့်ရင်း ခေတ္တမျှ ငြိမ်နေလိုက်သည်။ အကျဉ်းသား၏ စိတ်များ ငြိမ်ကျသွားအောင် အချိန်ပေးလိုက်သည့်သဘောပင်ဖြစ်သည်။ ပြီးမှ သူက ဆက်၍မေးလိုက်သည်။

"ခင်ဗျားရဲ့ အက်စ်အက်စ် လုံခြုံရေးတပ်ဖွဲ့ဝင်အမှတ်က ၄၅၃၂၆ နဲ့ ၆၃၇၅၂ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျားနာမည်ကို ပြောစမ်းပါ" ကဲနက်က အမိန့်ပေးသည့်လေသံဖြင့် မေးလိုက်သည်။

"ကျုပ်နာမည် အဒေါ့ဖ်အိုက်ခ်မန်းပါ"

ကဲနက် တစ်ကိုယ်လုံး ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသလို တွန့်ကနဲဖြစ်သွားသည်။ တစ်ခန်းလုံးမှာလည်း ငြိမ်ခြင်းမက ငြိမ်ကျသွားခဲ့သည်။ အစ္စရေးအမျိုးသားလေးယောက်မှာ သူတို့ရင်ထဲတွင် ပေါ်ပေါက်လာသော ခံစားချက်များကို စကားလုံးများဖြင့် ဖော်ပြနိုင်စွမ်းမရှိအောင်ပင် ဖြစ်သွားခဲ့ကြသည်။ သို့ဖြစ်၍ သူတို့သည် တစ်ယောက်ကို တစ်ယောက် အဓိပ္ပာယ်ရှိသော အကြည့်မျိုးဖြင့် ကြည့်ရုံသာ လှမ်းကြည့်လိုက်မိကြသည်။ သို့သော် အိုက်ခ်မန်းကိုယ်တိုင်ကမူ သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသော လှုပ်ရှားမှုကို မည်သို့မည်ပုံ ဖော်ထုတ်ရမည်ဖြစ်ကြောင်း နားလည်ခဲ့သည်။

"ခင်ဗျားတို့လည်း ကောင်းကောင်းနားလည်နိုင်ကြမှာပါ"

အိုက်ခ်မန်းက ထိုသို့ပြောလိုက်ပြီး ဆက်လက်၍-

"ကျုပ်ဟာ အခုလောလောဆယ် စိတ်လှုပ်ရှားနေပါတယ်။ အဲဒီတော့ တတတ်လို့ ဖြစ်နိုင်မယ်ဆိုရင် ကျုပ်ရဲ့ စိတ်လှုပ်ရှားမှုကို ငြိမ်အောင်ထိန်းချုပ်ဖို့အတွက် ဝိုင်အရက် နည်းနည်းသောက်ချင်ပါတယ်။ ဝိုင်အနီပါ"

ကဲနက်က သူတောင်းဆိုသောဝိုင် ရမည်ဖြစ်ကြောင်း ပြန်ပြောလိုက်ရာ အိုက်ခ်မန်းသာ သူ့စကားကို ပြန်၍ဆက်လိုက်သည်။





"ကျုပ်ကို ကားပေါ်တုန်းက ငြိမ်ငြိမ်နေ မလှုပ်နဲ့လို့ ပြောလိုက်ကတည်းက ကျုပ်ဟာ အစ္စရေးတွေရဲ့လက်ထဲကို ရောက်နေပြီဆိုတာ သိလိုက်ပါတယ်။ ကျုပ် ဟီဘရူးဘာသာစကား ပြောတတ်ပါတယ်။ အဲဒီစကားကို 'လီယိုတိတ်' ဆိုတဲ့ ဘုန်းတော်ကြီးက သင်ပေးခဲ့တာပါ။ ဦးစွာပထမ ဘုရားသခင်သည် ကောင်းကင်ဘုံနှင့် 'ဣသရေလ' တည်းဟူသော မဟာပထဝီမြေကြီးကို ဖန်ဆင်းတော်မူခဲ့၏"

ကဲနက်တို့ လေးယောက်သားမှာ ယခုကဲ့သို့ အိုက်ခ်မန်း၏ နှုတ်များမှ သူတို့၏ အထွက်အမြတ် ဘာသာရေးစကားလုံးများ ရွတ်ဖတ်သံကို ကြားလိုက်ရသောအခါ ကြက်သီးမွေးညင်းများပင် ထသွားမိကြသည်။ ယခုအထိ သူတို့နှင့် ဆက်ဆံပြောဆိုခဲ့ရာ၌ အိုက်ခ်မန်း၏ လေသံသည် ကျိုးနွံသည်ဟု ဆိုနိုင်သော်လည်း သူတို့အပေါ် ရွံရှာမုန်းတီးသည့် လက္ခဏာများ အပြည့်ပါနေသည်ကို သူတို့ သတိပြုမိကြသည်။ သို့သော် သန်းပေါင်းများစွာသော ဂျူးလူမျိုးများ၏ ပါးစပ်မှ နေ့စဉ် တစ်နေ့လျှင် သုံးကြိမ်ရွတ်ဆိုကြ၍ ရံဖန်ရံခါ ရုတ်တရက် ထိတ်လန့်တုန်လှုပ်စရာများ ကြုံတွေ့သည့်အခါတိုင်း ရွတ်ဆိုတတ်ကြသော ဘာသာရေးစကားလုံး အသုံးအနှုန်းကို ယခုကဲ့သို့ အိုက်ခ်မန်းက ဌာန်ကရိုဏ်းကျကျ ပီပီသသ ရွတ်ဆိုပြလိုက်သောအခါ သူတို့တစ်တွေမှာ အူထဲအသည်းထဲကပါ တုန်လှုပ်သွားခဲ့ကြသည်။

ယခုဆိုလျှင် အိုက်ခ်မန်းနှုတ်ဖျားမှ ဟီဘရူးဘာသာစကားလုံးဖြင့် ထိုသို့ ရွတ်ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် သူတို့တစ်တွေသည် အိုက်ခ်မန်းအား မည်သို့မျှ အန္တရာယ်မပြုနိုင်အောင် အဟန့်အတားဖြစ်သွားခဲ့သည်။ သူတို့နာခံရမည့် အမိန့်မှာလည်း ဤအတိုင်းပင်ဖြစ်ရာ သူတို့အား စိတ်လိုက်မာန်ပါ မလုပ်ရန် တားမြစ်လိုက်သလို ဖြစ်သွားခဲ့ပြီး မေးခွန်းများ ဆက်မမေးရဲအောင် ဖြစ်သွားခဲ့သည်။ လောလောဆယ် သူတို့ လုပ်စရာရှိသည်မှာ ထိုင်ရာမှထ၍ အခန်းထဲမှ ထွက်သွားကြရန်သာရှိသည်။

သို့ဖြင့် သူတို့သည် အပြင်မှ သူတို့အဖွဲ့ဝင်များရှိရာသို့ ထွက်လာခဲ့ကြသည်။ အဖွဲ့ဝင်များမှာ အိုက်ခ်မန်းအား ပထမဆုံး စစ်ဆေးမေးမြန်းခဲ့သည့် အခြေအနေကို သိလိုကြသဖြင့် အမျှော်ကြီးမျှော်နေကြသည်။ ကလီမင်က ... ကိုယ်သူ အိုက်ခ်မန်းဟု ဝန်ခံပြောဆိုလိုက်ကြောင်း ကြားရသောအခါ သူတို့ တစ်တွေမှာ စိတ်အေးသွားခဲ့ကြသည်။ တစ်ဖက်မှ သူတို့ လက်ရ...ခဲ့သော အကျဉ်းသားကို ရက်ပေါင်းများစွာ ချုပ်နှောင်ထားရမည်...



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကြီး သူတို့အပေါ် ကျရောက်လာပြီဟူသော အသိတရားဝင်ရောက်လာခဲ့ကြသည့်တိုင်အောင် သူတို့၏ ကြိုးပမ်းမှုအတွက် အားရကျေနပ်သွားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ သူတို့အတွက် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အများအပြားရှိနေပြီဖြစ်သည်။ အိုက်ခ်မန်း၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးရဦးမည်။ အစောင့်တာဝန်များနှင့် လုံခြုံရေးစည်းကမ်းများ ရေးဆွဲချမှတ်ကြရမည်။ ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထပ်မံရှာဖွေဆောင်းရမည်။ အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရမည်စသည် စသည်ဖြင့် လုပ်စရာတွေ တစ်ပြုံတစ်ခေါင်းကြီး ရှိနေကြသည်။ သို့ဖြစ်ရာ စိတ်လှုပ်ရှားမှုများကို လောလောဆယ် ဘေးချိတ်ကာ သူတို့အားလုံးသည် ရှေ့လုပ်ငန်းများအတွက် ပြင်ဆင်ခဲ့ကြရသည်။

❒

အထက်ပါ အဖြစ်အပျက်များမှာ အီဟတ်နှင့် ကဲနက်တို့က ကျွန်ုပ်အား ပြန်ပြောပြခဲ့ကြသည့် အကြောင်းအရာများပင်ဖြစ်သည်။ ကျွန်ုပ်သည် သူတို့နှင့် လူချင်းခွဲခဲ့ပြီးနောက် ကျွန်ုပ်၏ ဆက်သွယ်ရေးအရာရှိဖြစ်သူ မေယာလာဗီနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

လာဗီမှာ ထိုနေ့တစ်နေ့လုံး ဘာအကြောင်းကြောင့်ဟူ၍ သူမသိဘဲ ကျွန်ုပ်၏ တာဝန်ပေးချက်အရ စားသောက်ဆိုင်များကို တစ်ဆိုင်ပြီးတစ်ဆိုင် နေရာအနှံ့အပြား လှည့်လည်သွားလာကာ တစ်နေရာပြီးတစ်နေရာ ထိုင်နေခဲ့ရသည်။ တစ်နေ့တာအတွက် သူလုပ်ခဲ့ရသည့်အလုပ်မှာ ပင်ပန်းသည်ဟု မဆိုနိုင်သော်လည်း မသက်သာသည့်အလုပ်မျိုး ဖြစ်နေခဲ့ရာ သူ့အလုပ်တာဝန်ပြီးဆုံးကြောင်းသိရလျှင် တကယ်ပင် ဝမ်းသာအားရ ဖြစ်သွားမည်ကို ကျွန်ုပ် နားလည်ထားပြီး ဖြစ်နေသည်။

သို့သော် တစ်ခုပြောရန်ရှိနေသည်မှာ လာဗီနှင့် ကျွန်ုပ်တို့သည် တစ်ယောက်နှင့်တစ်ယောက် ယခုအထိ မမြင်ဖူး မတွေ့ဖူးကြသေးဘဲ ဖြစ်နေကြသည်။ သို့တိုင်အောင် ကျွန်ုပ်သည် ယခုအချိန် သူရှိနေမည့်ဆိုင်ထဲသို့ ဝင်သွားသောအခါ သူ့ကို ခဲခဲယဉ်းယဉ်း ရှာဖွေနေစရာမလိုဘဲ ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူ့အား ဆိုင်ထဲတွင်ထိုင်နေစဉ် သတ်မှတ်ထားသော စာအုပ်တစ်အုပ်ကို သူ့ရှေ့မှ စားပွဲပေါ်တွင် ချထားရန် အစီအစဉ်လုပ်၍ လူချင်းမှတ်မိအောင် ချိန်းထားခဲ့ကြသောကြောင့်ဖြစ်သည်။





သို့ဖြစ်ရာ ချိန်းဆိုထားသည့်ဆိုင်ထဲသို့ ဝင်သွားလျှင်သွားချင်း ကျွန်ုပ်သည် ခပ်လှမ်းလှမ်းစားပွဲပေါ်မှ စာအုပ်ကို မြင်လိုက်ရ၍ ထိုစာအုပ်သည် ကျွန်ုပ်တို့ ရွေးချယ်သတ်မှတ်ထားသော စာအုပ်ဟုတ်မဟုတ် မသိရသေးမီ ခပ်ဝေးဝေးမှပင် သူမှန်း အတတ်သိလိုက်သည်။ အကြောင်းမူ သူ့မျက်လုံးအစုံသည် ကျွန်ုပ်အား စူးစူးစိုက်စိုက် ကြည့်နေသည့်ပြင် ထိုမျက်လုံးများတွင် "ဒီနေ့တစ်နေ့လုံး ငါ စောင့်နေရတဲ့လူဟာ ဒီလူများလား"ဟူသော အဓိပ္ပာယ် အထင်းသားပေါ်နေသောကြောင့် ဖြစ်သည်။ သို့ဖြင့် ကျွန်ုပ်သည် သူရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားခဲ့ရာ သူ့ရှေ့စားပွဲပေါ်တွင် ကျွန်ုပ်တို့သတ်မှတ်ထားသည့် စာအုပ်တစ်အုပ်ကို ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

သူသည် ကျွန်ုပ်ကို တွေ့လိုက်ရသဖြင့် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားပြီး ကျွန်ုပ်အား ကော်ဖီတစ်ခွက်ဖြင့် ဧည့်ခံခဲ့သည်။ သို့သော် ကျွန်ုပ်မှာ ထိုနေ့က တစ်နေ့လုံး တစ်ချိန်လုံး ကော်ဖီအခွက်ပေါင်း မရေမတွက်နိုင်အောင် သောက်ထားခဲ့ပြီးဖြစ်ရာ သူတိုက်သည့်ကော်ဖီကို မသောက်နိုင်တော့ဘဲ သူနှင့် လုပ်စရာရှိသည့် ကိစ္စကိုသာ ဆွေးနွေးရတော့သည်။

ကျွန်ုပ်အနေဖြင့် အထူးစိတ်မကောင်းဖြစ်မိသည်မှာ သူ့ကို ဘာကြောင့် ယနေ့တစ်နေ့လုံး ဆိုင်ပေါင်းစုံလျှောက်၍ အထိုင်ခိုင်းခဲ့ရသည်ကို ယခုအချိန်ထိ သူ့အား ဖွင့်မပြောနိုင်သေးဘဲ ရှိနေခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ယခု သူနှင့် လူချင်းတွေ့ခဲ့ရပြီးနောက် အတတ်နိုင်ဆုံးအလုပ်မှာ တာလ်မီရှိသည့် နေရာသို့ သူ့ကို အမြန်ဆုံးလွှတ်၍ 'လက်နိပ်စက်ကောင်းသွားပြီ'ဟု ပြောခိုင်းခြင်းပင်ဖြစ်သည်။

"ကျွန်တော်လုပ်ရမယ့်အလုပ်က ဒါပဲလား"ဟု သူက ပြန်မေးသည်။

ကျွန်ုပ်သည် သူ့မျက်နှာပေါ်မှ အံ့ဩသည့် အရိပ်အယောင်နှင့် စိတ်ပျက်သွားသည့် လက္ခဏာများကိုကြည့်ကာ အတော်ပင် စိတ်မကောင်းဖြစ်သွားမိသည်။ မှန်သည်။ သူ့ခမျာ နာရီပေါင်း ၁၇ နာရီမျှကြာအောင် တစ်နေကုန် တစ်နေခန်းသမ်းတကာမှ ဆိုင်တကာသို့ ဘာမသိဘာမသိ အပင်ပန်းခံ၊ ခြေညောင်းခံကာ အဆက်မပြတ် လှည့်ပတ်သွားလာခဲ့ရပြီးမှ ယခုကဲ့သို့ ဘာမဟုတ်သည့် စကားလေးတစ်လုံးကို သွားပြောရမည်ဆိုသည်ကို ဘယ်လိုလုပ်ပြီး ကျေနပ်ငြိမ်းချမ်းနိုင်ပါမည်နည်း။ သူသည် ထိုင်ရာမှမထသေးဘဲ မိနစ်အနည်းငယ်ကြာ...



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲတွင် မရှင်းမရှင်းဖြစ်ကာ စဉ်းစားနေခဲ့သည်။ နောက်ဆုံးတွင် ထိုင်ရာမှ ရုတ်တရက်ထလိုက်ပြီး တစ်ချက်ပြုံးကာ "ဟုတ်ကဲ့ ကျွန်တော် နားလည်ပါပြီ။ သူတို့ဆီကို ကျွန်တော် အခုပဲသွားပါ့မယ်"ဟု ပြောလိုက်သည်။

နောက်တစ်နာရီမတိုင်မီပင် တာလ်မီသည် ထိုသတင်းကို လက်ခံရရှိခဲ့သည်။ သူသည် အဓိပ္ပာယ်ကို ချက်ချင်းနားလည်လိုက်သည်။ သို့ဖြစ်ရာ သူသည် အစွရေးသို့ လျှို့ဝှက်စွာဖြင့် ကြိုးမဲ့ကြေးနန်းတစ်စောင် ပို့လိုက်သည်။ ထိုကြေးနန်းစာတွင် "ရီကာဒို ကလီမင့်ကို လက်ရဖမ်းမိပြီ။ သူသည် အဒေါ့ဖ်အိုက်ခ်မန်း အစစ်ဖြစ်ကြောင်း လုံးဝသံသယဖြစ်ရာမရှိတော့"ဟူ၍ ဖြစ်သည်။

ကျွန်ုပ်သည် စိုစွတ်ထိုင်းမှိုင်းသော အေးချမ်းလှသည့် ဆိုင်ထဲမှ အပြင်သို့ ထွက်ခဲ့သည်။ မီးခိုးများဖြင့် လုံးထွေးနေသည့် ကော်ဖီဆိုင်များတွင် နာရီပေါင်း ၂၀ လုံးလုံး လှည့်လည်သွားလာခဲ့ရပြီးနောက် အပြင်ဘက်မှ ဆီးကြိုပွေ့ဖက်လိုက်သော လေနုအေးသည် ကျွန်ုပ်၏ဦးနှောက်ကို ရှင်းသွားအောင် ဆေးပေးလိုက်သလို ဖြစ်သွားခဲ့သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ပစ္စည်းများ ထားခဲ့သည့်နေရာအထိ လမ်းလျှောက်သွားရန် ဆုံးဖြတ်၍ တစ်ယောက်တည်း လျှောက်လာခဲ့ရာတွင် ကျွန်ုပ်အတွက် ထိုနေ့ထိုရက်က စိတ်အေးချမ်းသာစွာဖြင့် လျှောက်ခဲ့ရသော ထိုလမ်းထိုခရီးကို ယနေ့တိုင် မမေ့နိုင်အောင် ရှိနေခဲ့သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ပစ္စည်းများကို ထုတ်ယူခဲ့ပြီးနောက် အငှားကားတစ်စီးကိုခေါ်ကာ ပထမဟိုတယ်နှင့် အတော်ကလေးဝေးသည့် ဟိုတယ်တစ်ခုသို့ လာခဲ့သည်။ ထိုဟိုတယ်မှ နေရာချထားသည့် စာရေးနှင့် ကျွန်ုပ်စီးလာသည့် အငှားကားမှ ကားမောင်းသမားသည် ကျွန်ုပ်အား ဗျူနိုအဲရစ္စမြို့သို့ ယခုမှရောက်လာသူမဟုတ်ကြောင်း စဉ်းစားစရာမလိုဘဲနှင့် သိနေကြသည်။

ကျွန်ုပ်၏ အခန်းထဲမှ အိပ်ရာပေါ်တွင် လှဲချလိုက်သည်နှင့်တစ်ပြိုင်နက် ချက်ချင်း အိပ်မောကျသွားခဲ့သည်။ နှစ်နာရီသုံးနာရီနီးပါးမျှ အိပ်ပျော်သွားခဲ့ပြီး အိပ်ရာမှနိုးလာသောအခါ ကျွန်ုပ်အတွက် အလွန်အရေးကြီးသည့် အလုပ်တစ်ခု လုပ်ရမည့်နေ့သို့ ရောက်ရှိလာခဲ့သည်။

■

## 'အိမ်ဟား' နှင့်ပါလာသည့် မိန်းကလေး 'အဖော်' တစ်ယောက်

ကျွန်ုပ်သည် အစ္စရေးမှ ထွက်ခွာမလာမီက အိုက်ခ်မန်းအား လက်ရဖမ်းမိပြီဟူသော သတင်းနှင့် ရီကာဒိုကလီမင့်သည် အိုက်ခ်မန်းအစစ် ဟုတ်မဟုတ်ဟူသော သတင်းကို ပုဂ္ဂိုလ်သုံးဦးထံ သတင်းပို့ရန် စီစဉ်သတ်မှတ်ခဲ့သည်။ ထိုပုဂ္ဂိုလ်သုံးဦးမှာ အစ္စရေးဝန်ကြီးချုပ်၊ အစ္စရေးနိုင်ငံခြားရေးဝန်ကြီးနှင့် အစ္စရေးစစ်ဦးစီးချုပ်စသည်တို့ဖြစ်သည်။ ထိုသို့ သတင်းပို့ရန်အတွက် ကျွန်ုပ်၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်သူ ဂီလ်ဆိုသူအား တာဝန်လွှဲအပ်ထားခဲ့သည်။ ဂီလ်မှာ ကျွန်ုပ်နှင့်အတူ စစ်ဆင်ရေးပေါင်း မြောက်မြားစွာတို့ကို နှစ်ပေါင်းများစွာ လက်တွဲ၍ ဆင်နွှဲလာခဲ့သူဖြစ်သည်။ သူသည် အိုက်ခ်မန်းစစ်ဆင်ရေး အစီအစဉ်များကို အားလုံးသိထားသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်းနှင့်ပတ်သက်သည့် သတင်းများကို အဆင်သင့်စုဆောင်းပေးရာ၌ သူ၏ ကြိုးပမ်းမှု အများအပြား ပါဝင်ခဲ့သောကြောင့်ဖြစ်သည်။ ထို့ပြင် ဤစစ်ဆင်ရေးသည် သူနှင့်လည်း တိုက်ရိုက်ပတ်သက်လျက်ရှိနေသည်။ အကြောင်းသော်မူ သူ၏ မိဘနှစ်ပါးနှင့်တကွ သူ၏ နှမငယ်တစ်ဦးနှင့် မိတ်ဆွေအများအပြားသည် နာဇီအကျဉ်းစခန်းများတွင် သေဆုံးခဲ့ကြရသောကြောင့်ဖြစ်သည်။

မေလ ၁၃ ရက်နေ့ သောကြာနေ့တွင် အင်္ဂါသည် ဂီလ်ထံသို့ အိုက်ခ်မန်းအား ကျွန်ုပ်တို့ လက်ရဖမ်းမိပြီဟူသော သတင်းကို ယူဆောင်လာခဲ့သည်။ ဂီလ်သည် ဝန်ကြီးချုပ် ဘင်ဂူရီယန်နှင့် တွေ့ဆုံခွင့်ရရန် ချက်ချင်းတောင်းဆိုခဲ့သည်။ သို့သော် ထိုအချိန်က ဝန်ကြီးချုပ်သည် တဲလ်အဗစ်မြို့၌ မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးကိစ္စဖြင့် 'ဆာဒီအိုဘာ'မြို့သို့ ခေတ္တရောက်ရှိနေသည်။ သို့ဖြစ်ရာ ဝန်ကြီးချုပ်၏ နိုင်ငံရေးအတွင်းဝန် နာဗွန်က ဤကိစ္စတွင် ဘင်ဂူရီယန်၏ အရေးတကြီး အဆုံးအဖြတ်ပေးရန် မလိုသေးပါက တနင်္ဂနွေနေ့အထိ စောင့်ပါရန် ပြောကြားခဲ့ရာ ဤသည်ကို ဂီလ်ကလည်း လက်ခံ သဘောတူခဲ့သည်။

ထိုနေ့က သောကြာနေ့ဖြစ်သည့်အလျောက် ထုံးစံအတိုင်း တဲလ်အဗစ်မြို့တွင် အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဂိုလ်ဒါမေယာ (နိုင်ငံခြားရေးဝန်ကြီး) က တာဝန်ယူ၍ စီမံခန့်ခွဲနေခဲ့ရသည်။ သို့ဖြစ်ရာ သူမသည် အလုပ်တာဝန်များပြားလှသည့်အကြားမှ ဂီလ်အား ခေတ္တတွေ့ခွင့်ပြုရန် သဘောတူခဲ့သည်။ သို့သော် သူမ၏ရုံးခန်းသို့ ဂီလ်ရောက်သွားသောအခါ သူမ၏ အတွင်းဝန်က ဂိုလ်ဒါမေယာအား အခြားဝန်ကြီးတစ်ဦးက ဝင်ရောက်တွေ့ဆုံနေကြောင်း အားတုံ့အားနာဖြင့် ပျာပျာသလဲ ဆီး၍ပြောရာသည်။ သို့သော် ဂီလ်၏ မေတ္တာရပ်ခံချက်အရ မိမိရောက်ရှိနေကြောင်း အတွင်းဝန်က ဂိုလ်ဒါမေယာအား ဝင်ရောက်ပြောကြားလိုက်သောအခါ သူမသည် မဆိုင်းမတွပင် အခန်းထဲမှ ထွက်လာပြီး ဂီလ်အား အပြင်ဘက်ဝရန်တာသို့ ဖိတ်ခေါ်လာခဲ့သည်။ ဂီလ်သည် မလို အပ်ဘဲနှင့် သူမအား လာ၍အနှောင့်အယှက်ပေးမည် မဟုတ်ကြောင်း သူမ ကောင်းကောင်းကြီး သိထားပြီးဖြစ်သည်။

"ကိစ္စက ဆိုပါဦး" သူမက မေးလိုက်သည်။

"အဒေါ့ဖ်အိုက်ခ်မန်းကို တွေ့ပြီလို့ ဆိုပါတယ်"

"သူက အခု ဘယ်မှာလဲ"

"အခုလောလောဆယ် ကျွန်တော် သိရသလောက် အိုက်ခ်မန်းဆို လက်ရဖမ်းမိပြီး အိုက်ခ်မန်းအစစ် ဖြစ်တယ်ဆိုတဲ့အကြောင်းပဲ သိရပါသေးတယ်"

သူမသည် ခေတ္တတစ်စက္ကန့်မျှ အသက်မရှူနိုင်ဘဲ ဖြစ်သွားပြီး ရင်ဘတ်ကို လက်တစ်ဖက်ဖြင့်ဖိကာ တစ်ခုခုကို အားပြု၍ မီရန်ဟန်ပြင်လိုက်သည်။ နောက်မှ သူမအနီးတွင် ယှဉ်၍ရပ်နေသော ဂီလ်၏ပခုံးကို သူမ၏ အခြားလက်တစ်ဖက်ဖြင့် ဖြည်းညင်းစွာ လှမ်းကိုင်ရင်းပြောလိုက်သည်။

"ရှင့်ကို ကျွန်မ မေတ္တာရပ်ခံပါရစေ။ ဒီကိစ္စနဲ့ပတ်သက်လို့ နောက်ထပ် သတင်းခုခု ကြားရရင် ကျွန်မဆီ ချက်ချင်းလှမ်းပြီး အကြောင်းကြားစေချင်ပါ တယ်"

ထို့နောက် ဂီလ်သည် နိုင်ငံခြားရေးဝန်ကြီးရုံးမှ စစ်ရုံးချုပ်သို့ အပြေးအလွှား ရောက်ခဲ့သည်၊ ဗိုလ်ချုပ်ချိမ်လက်စကော့ဗ် (စစ်ဦးစီးချုပ်) သည် ကျွန်ုပ်နှင့်





ပုဂ္ဂိုလ်ရေးအရ အလွန့်အလွန် ရင်းနှီးသူဖြစ်သည်။ သူ့ရုံးခန်းထဲသို့ ဂီလ် ဝင်သွားလျှင်သွားချင်း သူကပင် စတင်၍ ဆီးမေးလိုက်သည်။

"ဘာသတင်းထူးသေးသလဲ။ အစ်ဆာဆီက ဘာသတင်းမှ မလာဘူး လား"

"သိပ်လာတာပေါ့ဗျာ" ဂီလ်က အားရပါးရ ပြန်ဖြေလိုက်သည်။

"အိုက်ခ်မန်းကို လက်ရဖမ်းမိပြီဆိုတဲ့ သတင်းနဲ့ အဲဒီလူဟာ အိုက်ခ်မန်း အစစ်ပဲဆိုတာ လုံးဝသံသယရှိစရာမလိုတော့ဘူးဆိုတဲ့ သတင်းပါပဲ"

"ကောင်းတယ်ဗျို့" လက်စကော့ဗ်က ဝမ်းသာအားရ အော်ပြောလိုက် သည်။ သူ့မျက်မှန်အောက်မှ မျက်လုံးအစုံသည် တလက်လက်တောက်ပနေ သည်။ "ဒါထက် နေပါဦး။ ခင်ဗျား ဒီကိစ္စနဲ့ပတ်သက်လို့ တခြားအသေးစိတ် ဘာများသိရသေးသလဲ"

"ဘာမှမသိရသေးဘူး ခင်ဗျ။ ကျွန်တော်တော့ သူတို့ အစ္စရေးပြန်ရောက် လာတဲ့အထိ နောက်ထပ် ဘာမှသိရဦးမယ်မထင်ဘူး"

သို့ဖြင့် တနင်္ဂနွေနေ့ နံနက်ငါးနာရီတွင် ဂီလ်သည် ယာကီဆိုသူ မောင်းနှင်လာသော ကားတစ်စီးဖြင့် ဆာဒီတိုကာမြို့သို့ ထွက်လာခဲ့သည်။ သူတို့သည် ထိုမြို့သို့ ကိုးနာရီထိုးရန် ငါးမိနစ်အလိုတွင် ရောက်သွားခဲ့ကြသည်။ ဘင်ဂူရီယန်၏ ကိုယ်ရံတော် အစောင့်တပ်သားများက ဂီလ်အား ဘင်ဂူရီယန် ရှိရာ အဆောက်အအုံသို့ ခေါ်ဆောင်သွားကြသည်။ ဝန်ကြီးချုပ်က ဂီလ်အား စာကြည့်ခန်းထဲတွင် လက်ခံတွေ့ဆုံကာ လာရင်းကိစ္စကိုမေးသည်။

"ကျွန်တော် အခုလာတဲ့ကိစ္စက အိုက်ခ်မန်းကို လက်ရဖမ်းမိပြီဆိုတဲ့ သတင်းနဲ့ သူဟာ အိုက်ခ်မန်းအစစ် ဖြစ်တဲ့အကြောင်း သံသယရှိစရာမလိုတော့ ဘူးဆိုတဲ့ သတင်းကို ဝန်ကြီးချုပ်ဆီ လာပို့တာပါ"

ဘင်ဂူရီယန်သည် အတန်ကြာအောင် ငြိမ်နေခဲ့ပြီးမှ ဂီလ်အား လှမ်းမေး လိုက်သည်။

"အစ်ဆာ ဘယ်တော့ပြန်ရောက်မလဲ။ ကျုပ် သူ့ကို အမြန်ဆုံးတွေ့ ချင်တယ်"

❐

ကျွန်ုပ်တို့ သိသလောက် ထိုညက အိုက်ခ်မန်းနှင့်တကွ သူ့အား စောင့်ကြပ် သိန်းသိမ်းကြသည့် ကျွန်ုပ်တို့အဖွဲ့ဝင်များ 'နန်းတော်' အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ တစ်စုံတစ်ရာ သတိပြုမိခြင်းမရှိကြဟု သိရသည်။ ထိုအိမ်သည် မိမိတို့ ရောက်မလာမီကအတိုင်း တတ်နိုင်သမျှ အေးအေးဆေးဆေးရှိနေရန် အရေးကြီးကြောင်း ဂါဘီ ကောင်းကောင်းကြီး နားလည်သဘောပေါက်ပြီးဖြစ်သည်။

သို့ဖြစ်ရာ အိုက်ခ်မန်း ရောက်ရှိလာခဲ့ပြီးနောက် ၃၆ နာရီလုံးလုံး ထိုအိမ်သို့ ရိက္ခာပစ္စည်း ဝယ်သူများမှတစ်ပါး အခြားမည်သူမျှ အဝင်အထွက် မပြုလုပ်ကြရန် အမိန့်ထုတ်ထားခဲ့သည်။ ထိုသို့ ရိက္ခာအသုံးအဆောင်ပစ္စည်း ဝယ်ယူသည့် တာဝန်ကို နက်ရှာအား လွှဲထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူ့ကို ဤအိမ်၏ အိမ်ငှားအဖြစ် သတ်မှတ်ထားခဲ့သောကြောင့်ဖြစ်သည်။ အမှန်စင်စစ် နက်ရှာသည် မတော်တဆ ရောက်ရှိလာနိုင်သည့် 'ဧည့်သည်'များနှင့် လက်ခံတွေ့ဆုံရန်အတွက် ဤအိမ်တွင် အမြဲတစေရှိနေရန် လိုအပ်သည်။ သို့သော် သူ့အတွက် သည်ထက်ပို၍ အရေးကြီးသည့် လုပ်ငန်းတာဝန်များလည်း အခြားတစ်ဖက်တွင် ရှိနေခဲ့ပြန်သည်။

ပထမဆုံး သူ့အလုပ်မှာ အိုက်ခ်မန်းအား ဖမ်းဆီးခဲ့ကြစဉ်က အသုံးပြုခဲ့သည့် ပထမကားကို ကားငှားဌာနသို့ ပြန်အပ်ခြင်းပင်ဖြစ်သည်။ မတော်တဆ ထိုအချိန်က လမ်းသွားလမ်းလာ တစ်ယောက်ယောက်က ထိုကားနှင့် ထိုအဖြစ်အပျက် အခြင်းအရာကို အမှတ်မထင် တွေ့မြင်သွားခဲ့ပြီး မကြာမီ ထိုသူသည် လူတစ်ယောက် ပျောက်ဆုံးသွားသည့်အမှုအတွက် ရဲဘက်မှ လိုက်လံစုံစမ်းနေကြောင်း ကြားသိရပါက ထိုလူသည် ထိုအဖြစ်အပျက်နှင့် ထိုကားကို ပြန်၍ သတိရမည်ဆိုက ရနိုင်စရာရှိနေသည်။ သို့ဖြစ်ရာ မျက်မြင်သက်သေတစ်ဦး တစ်ယောက်က သက်ဆိုင်ရာ အာဏာပိုင်များအား သတင်းမပေးမီ ထိုကားကို ပြန်အပ်လိုက်ရန် အထူးအရေးကြီးနေသည်။

ဤနေရာ၌ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ယခုအချိန်တွင် ထိုသို့ မျက်မြင်သက်သေ တစ်ယောက်ယောက်သည် အချင်းဖြစ်ပွားပုံကို ရဲဘက်အား သတင်းပေးပြီး ဖြစ်နေပါက ယခုကဲ့သို့ ထိုကားကို ပြန်ပို့ခြင်းသည် မိုက်ရူးရဲလုပ်ခြင်းဟု ဆိုနိုင်ဖွယ်ရာရှိသည်။ သို့သော် ကျွန်ုပ်အနေဖြင့် ထိုသို့ပြန်မအပ်ခြင်းသည် ပို၍ မိုက်ရူးရဲရာကျသည်ဟု ယူဆခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍သာ ကျွန်ုပ်တို့သည် ထိုကားကို ကားငှားဌာနသို့ ပြန်မအပ်ဘဲသော်လည်းကောင်း သို့မဟုတ် ထိုကားကို လမ်းဘေးတစ်နေရာရာတွင် ပစ်ထားခဲ့လျှင်သော်လည်းကောင်း ကားငှားဌာနမှ လူများသည် ထိုကိစ္စကို မုချရဲဘက်သို့ တိုင်တန်းကြ





မည်ဖြစ်သည်။ ထိုသို့ဖြစ်လာပါက အဆိုပါ အငှားကားခိုးမှုသည် တလီခင်း ပျောက်ဆုံးနေသည့်အမှုနှင့် ဆက်စပ်ပတ်သက်လာစရာ ရှိနေသည်။ တစ်ချိန်တည်း တွင် ထိုကားကို ကားငှားဌာနမှ မတန်တဆ စပေါ်ငွေ အမြောက်အမြားပေး၍ ငှားခဲ့သည့်အတွက်ပါ မသင်္ကာစရာ မုချဖြစ်လာနိုင်သည်။

ဤအခြေအနေ ဤအချက်အလက်များကို သုံးသပ်၍ ကျွန်ုပ်သည် ထိုကားကို ပြန်အပ်ရန် ကျွန်ုပ်ကိုယ်တိုင် တာဝန်ယူ၍ စီစဉ်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား ဖမ်းမိခဲ့ကြပြီး နောက်တစ်နေ့နံနက် အထိ ဤအမှုနှင့်ပတ်သက်၍ အိုက်ခ်မန်းအား သူ၏ အိမ်သူအိမ်သားများက လိုက်လံရှာဖွေခြင်း၊ သို့မဟုတ် ရဲဘက်မှ တစ်စုံတစ်ရာ အရေးယူစုံစမ်းခြင်းများ မပြုလုပ်သေးဟု ယူဆခဲ့သည်။ သည်နေရာတွင် ကျွန်ုပ်အားထားရသည့် ဌာနမှာ နေ့စဉ်ထုတ် သတင်းစာများပင်ဖြစ်သည်။ သို့ဖြစ်ရာ တာလ်မီသည် ထိုနေ့ နံနက်က သတင်းစာအားလုံးကို အသေးစိတ်ဖတ်ရှုခဲ့ပြီး ယမန်နေ့ညက စန်ဖာနန်ဒိုရပ်ကွက်မှ အဖြစ်အပျက်နှင့် ပတ်သက်၍ သတင်းလုံးဝထည့်သွင်းဖော်ပြခြင်း မရှိကြောင်း ကျွန်ုပ်အား ပြောပြခဲ့သည်။ သို့ဖြစ်၍လည်း ကျွန်ုပ်သည် ထိုကားကို အမြန်ဆုံး ပြန်ပို့ရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် နာရီအနည်းငယ်မျှကြာသောအခါ ထိုကားကို ကားငှားဌာနသို့ တစ်စုံတစ်ရာ အနှောင့်အယှက် အတိုင်အတော ပြဿနာများ လုံးဝမရှိဘဲ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် ပေးသွင်းထားသည့် စပေါ်ငွေများလည်း အားလုံး အပြည့်အဝ ပြန်လည်ရရှိခဲ့ကြောင်း ကျွန်ုပ်ထံ လာရောက်သတင်းပို့ခဲ့ကြသည်။ ထိုသို့ ပထမကားနှင့်ပတ်သက်၍ သံသယဖြစ်ရာ လုံးဝမရှိတော့ကြောင်း သိကြရသောအခါ စစ်ဆင်ရေးအဖွဲ့ဝင်များမှာ ပို၍ပင် စိတ်အေးသွားခဲ့ကြသည်။

❐

အိုက်ခ်မန်းအား ဆရာဝန်နှင့် ဆေးစစ်ကြည့်သောအခါ ကျန်းမာရေးအခြေအနေ အားလုံး ကောင်းမွန်နေသည်ကို တွေ့ကြသည်။ ထိုသို့ဆေးစစ်ရာ၌ အိုက်ခ်မန်းသည် တစ်စုံတစ်ရာ ငြင်းဆန်ကန့်ကွက်ခြင်းများ မပြုလုပ်ဘဲ လိုက်လိုက်လျောလျောပင် ရှိခဲ့၍ 'စံပြ အကျဉ်းသားတစ်ယောက်'ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ ဤအချက်ကိုထောက်ရှု၍ သူ့အား ချုပ်နှောင်ထိန်းသိမ်းထားရာ၌ လုံခြုံရေး ပြဿနာအခက်အခဲ တွေ့ရလိမ့်မည်မဟုတ်ဟူ၍ပင် ထင်မှတ်စရာဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ အခြေခံအကြောင်းတရားအရ ကြိုတင်မှန်းဆ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ အများအပြားရှိနေသေးသည်ဖြစ်ရာ ကျွန်ုပ်တို့သည် သူ့အား လုံး၀ အလစ်မပေးဘဲ မျက်စိအောက်တွင် အမြဲစောင့်ကြည့်နေကြရမည်သာဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့အဖွဲ့ဝင်များသည် အခန်းထဲတွင် သူ့အား အလှည့်ကျ စောင့်ကြပ်နေခဲ့ကြသလို အိမ်ထဲတွင်လည်းကောင်း၊ ခြံဝင်းထဲတွင်လည်းကောင်း အချက်အချာကျသော နေရာများတွင်ပါ အစောင့်အရှောက်များ ထားခဲ့ကြရသည်။ ထို့ပြင် သူတို့သည် အိမ်နားနီးချင်းများမှ မျက်နှာစိမ်းများကိုလည်းကောင်း၊ ဤ 'နန်းတော်' အဆောက်အအုံအား သာမန်ထက်ပို၍ ထူးထူးခြားခြား စိတ်ဝင်စားသည့် အမူအရာ ပြလာသူမှန်သမျှအားလည်းကောင်း၊ အမြဲသတိထား၍ စောင့်ကြည့်ခဲ့ကြရသည်။ ထို့မျှမက အရေးအကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက လိုက်နာကြရမည့် သီးခြားလုံခြုံရေး စည်းကမ်းများနှင့် အစီအစဉ်များကို တစ်ပါတည်း သတ်မှတ်ပေးထားခဲ့ရသည်။ ထိုအစီအစဉ်များထဲတွင် ပုန်းအောင်းနေကြရမည့် လျှို့ဝှက်ခန်းကို မည်သို့သော အခြေအနေတွင် အသုံးပြုရမည်၊ ဤအိမ်မှ မည်သို့သောအချိန်အခါတွင် ထွက်ခွာကြရမည် စသည်များပါ ပါရှိခဲ့သည်။ ကျွန်ုပ်တို့ အဖွဲ့ဝင်များသည် အဆိုပါ အစီအစဉ်များနှင့် သတ်မှတ်ချက်များကို အကြိမ်ကြိမ်အခါခါ လေ့ကျင့်ခဲ့ကြပြီးဖြစ်ရာ လူတိုင်း လူတိုင်းသည် မိမိ၏ သီးခြားလုပ်ဆောင်ရာများနှင့် တာဝန်ယူကြရမည့် နေရာများကိုပါ အားလုံးတစ်ခုမကျန် သိရှိနားလည်ကြပြီး ဖြစ်ကြသည်။

ဤ 'နန်းတော်' အဆောက်အအုံတွင် တာဝန်ယူကြရသည့် အဖွဲ့ဝင်များမှာ ဂါဘီ၊ အက်ရှက်၊ အီလီနှင့် ကီရန်၊ နက်ရှာနှင့် ဆရာဝန်တို့ဖြစ်ကြသည်။ အီဟတ်၊ ကဲနက်နှင့် တာလ်မီတို့ကမူ နန်းတော်အဆောက်အအုံတွင် နေထိုင်ခြင်း မပြုကြသော်လည်း လိုအပ်သော ရိက္ခာအသုံးအဆောင်ပစ္စည်းများ ရှာဖွေပို့ဆောင်ပေးခဲ့ကြရသည်။

❐

ထိုအချိန်တွင် အားလုံးနှင့် အဆက်အသွယ်မရှိဘဲ တသီးတခြားဖြစ်နေသူမှာ ဒန်နီဝင်ဖြစ်သည်။ သူသည် သူတာဝန်ကျသည့် အလုပ်များကို လုပ်ကိုင်ရင်း သူ့အသက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ မကြုံဖူးသေးသည့် အတွေ့အကြုံများကို ကြုံတွေ့ခဲ့ရသည်။ စစ်ဆင်ရေးအဖွဲ့ဝင်များက အိုက်ခ်မန်းအား စန်ဖာနန်ဒိုရပ်ကွက်သို့ သွားရောက်ဖမ်းဆီးရန် ပြင်ဆင်နေကြသည့် မေလ ၁၁ ရက်နေ့ ညနေပိုင်းတွင် ဒန်နီသည် 'လက်ဆောင်'အဆောက်အအုံအား အိုက်ခ်မန်းကို





ထိန်းသိမ်းထားရှိမည့်နေရာအဖြစ် လိုအပ်သည်များကို ပြင်ဆင်ရန် ထိုအဆောက်အအုံရှိရာသို့ ထွက်ခွာလာခဲ့သည်။ သူသည် သူ့လူများရောက်လာလျှင် ထိုအိမ်တွင် အစစ အဆင်သင့်ဖြစ်အောင် စီစဉ်လုပ်ကိုင်ရင်း ပတ်ဝန်းကျင်တစ်ဝိုက်ကို ဂရုတစိုက် လေ့လာခြင်း၊ ဝင်ပေါက်ထွက်ပေါက်များကို စစ်ဆေးခြင်း စသည်များကို ပြုလုပ်ခဲ့သည်။

ထိုအချိန်တွင် ခြံစောင့်ဖြစ်သူသည် ကျယ်ဝန်းလှသည့် အိမ်ကြီးထဲတွင် ဒန်နီအတွက် တတ်နိုင်သမျှ ကူညီပေးလျက်ရှိနေခဲ့ရာ ဒန်နီမှာ သူ့အား တခြားသို့ နှင်မထုတ်နိုင်ဘဲ ဖြစ်နေခဲ့သည်။ သူက မမျှော်လင့်သည့်အကြောင်းတစ်ခုကြောင့် ဤအိမ်တွင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ကြောင်း ခြံစောင့်ဖြစ်သူအား ပြောပြခဲ့သည်။ ထို့ပြင် မိမိသည် ဤအိမ်ကို ငှားရမ်းနေထိုင်သူနှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်၍ သူနှင့်အတူ ရက်အနည်းငယ် လာရောက်နေထိုင်ရန် ဖိတ်ကြားခဲ့သဖြင့် ယခုလို ရောက်ရှိလာရခြင်းဖြစ်ကြောင်း၊ သို့သော် သူ့မိတ်ဆွေမှာ မမျှော်လင့်ဘဲ ဗျူနိုအဲရစ္စသို့ ဖြတ်၍သွားမည့် သူ့မိတ်ဆွေဧည့်သည်များနှင့် တွေ့ရန် အပြင်သို့ ထွက်သွားခဲ့ရကြောင်း။ မိမိစိတ်ထဲတွင် သူ့မိတ်ဆွေဧည့်သည်များအား ဤအိမ်သို့ ခေါ်လာလိမ့်မည်ဟု ထင်ရကြောင်း၊ အကယ်၍ ထိုသို့မဟုတ်ပါက မိမိမိတ်ဆွေအား ဧည့်သည်များက အတင်းခေါ်ဆောင်သွားသဖြင့် ၎င်းတို့နှင့်အတူ အာဂျင်တီးနားနိုင်ငံ အနှံ့အပြား အလည်အပတ် လိုက်သွားဖွယ်ရာရှိကြောင်း၊ ထိုသို့ ဧည့်သည်များနှင့် လိုက်သွားခဲ့ပါက မိမိမိတ်ဆွေသည် ရက်အတန်ကြာ ပြန်မလာဘဲ နေလိမ့်မည်ဖြစ်ကြောင်း၊ ဤကိစ္စအတွက် မိမိ၏မိတ်ဆွေသည် မိမိအား အနူးအညွတ်တောင်းပန်၍ ဤအိမ်တွင် မိမိစိတ်တိုင်းကျ ကြိုက်သလိုနေသွားရန် မှာကြားသွားခဲ့ကြောင်း စသည်ဖြင့် စီကာပတ်ကုံး ပြောပြခဲ့သည်။

ဤနေရာတွင် ဒန်နီက အကယ်၍ စစ်ဆင်ရေးအဖွဲ့ဝင်များသည် အိုက်ခ်မန်းအား လက်ရဖမ်း၍ ဤအိမ်သို့ ခေါ်လာမည်ဆိုပါက သူတို့တစ်တွေသည် ည ၉ နာရီမခွဲမီ ရောက်လာဖွယ်ရာရှိသည်ဟု တွက်ထားခဲ့သည်။ သို့ဖြစ်ရာ ခြံစောင့်ဖြစ်သူအား ထိုအချိန်မတိုင်မီ အခြားတစ်နေရာရာသို့ စေလွှတ်ထားရန် စိတ်ကူးထားခဲ့သည်။ အကယ်၍သာ ထိုသို့ ခြံစောင့်အား အပြင်သို့ နာရီပေါင်းများစွာ ကိစ္စတစ်ခုခု အကြောင်းရှာ၍ စေလွှတ်ထားနိုင်ပါက မိမိတို့အဖွဲ့ဝင်များသည် ဤအိမ်သို့ ချောချောမောမောဖြင့် အလွယ်တကူ ဝင်ရောက်နိုင်[illegible] ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဒန်နီသည် ညကိုးနာရီမထိုးမီလောက်တွင် ခေါင်းထဲမှ မခံမရပ်နိုင်အောင် ကိုက်ခဲလာကြောင်းဖြင့် ခြံစောင့်အား ပြောပြခဲ့ရာ ထိုလူက ချက်ချင်းပင် ဟုဟုသလဲဖြင့် ဆရာဝန်တစ်ယောက်ကို သွားခေါ်ပေးမည်ဟု ပြောလာသည်။ ဤတွင် ဒန်နီက မိမိရောဂါအကြောင်းကို မိမိသိနေပြီးဖြစ်၍ ဆရာဝန်ခေါ်ရန်မလိုကြောင်း၊ ဤရောဂါအတွက် မိမိစားသုံးနေကျဆေးကို မိမိသိထားကြောင်း၊ သို့သော် လောလောဆယ် ထိုဆေးကို ယူမလာမိဘဲ မေ့ကျန်ရစ်ခဲ့ကြောင်း၊ ထိုဆေးမှာလည်း လူအများသုံးနေကျဆေးမျိုးမဟုတ်ဘဲ အလွန်ရှားပါး၍ ဆေးဆိုင်ကြီးများတွင်မှ ဝယ်ယူ၍ရနိုင်ကြောင်း ပြောပြခဲ့ရာ ခြံစောင့်ဖြစ်သူကလည်း ရောဂါဝေဒနာ ခံစားနေရသော ဒန်နီအား မကြည့်ရက်နိုင်သဖြင့် ဗျူနိုအဲရစ်မြို့တွင်းသို့သွား၍ ဆေးကို မရရအောင် ရှာဝယ်ပေးပါမည်ဟု ပြောလာခဲ့သည်။ သို့ဖြင့် ဒန်နီက စားဆေးတစ်မျိုး၏အမည်ကို စာရွက်တစ်ရွက်ပေါ်တွင် ရေးပေးလိုက်သည်။ ထိုဆေးမှာ သာမန်ဆေးမဟုတ်ဘဲ ဆရာဝန်၏ လက်မှတ်ပါမှ ရောင်းသည့်ဆေးဖြစ်ကြောင်း ဒန်နီ သိထားပြီးဖြစ်သည်။ ခြံစောင့်ဖြစ်သူသည် ဒန်နီရေးပေးသော ဆေးစာရွက်ကိုယူကာ ချက်ချင်းပင် ပျာယီးပျာယာဖြင့် ထွက်သွားတော့သည်။

ကိုးနာရီခွဲအချိန်တွင် ဒန်နီသည် ဝင်းတံခါးသော့ကို လက်ထဲတွင်ကိုင်ကာ အိမ်ရှေ့မှ ရပ်စောင့်နေခဲ့သည်။ သူသည် ပိန်းပိတ်နေသောအမှောင်ထုထဲမှ ဖောက်ထွင်းထွက်ပေါ်လာမည့် မော်တော်ကားရှေ့မီးနှစ်လုံးမှ အလင်းရောင်ကို မျှော်ကြည့်နေခဲ့သည်။ သူ့စိတ်ထဲမှာလည်း မိမိတို့အဖွဲ့ဝင်များ လှုပ်ရှားကြမည့် စစ်ဆင်ရေးအစီအစဉ်များကို တစ်ခုပြီးတစ်ခု ပြန်တွက်ကြည့်နေမိသည်။ သူသည် ထိုအစီအစဉ်များအားလုံးကို သိရှိထားပြီးဖြစ်၍ သူကိုယ်တိုင် ပါဝင်ဆင်နွှဲရန် အမျှော်လင့်ကြီး မျှော်လင့်ထားသူဖြစ်သည်။ သို့သော် သူ့မိတ်ဆွေများက အန္တရာယ်များပြား၍ ကြီးမားလှသော လုပ်ငန်းတာဝန်များကို ထမ်းရွက်ရန် အသင်းသီး ထွက်သွားကြသည့်အချိန်တွင် သူ့မှာ နောက်ပိုင်းတာဝန်များအတွက် လွှဲအပ်ခြင်းခံခဲ့ရသည်။

ကာလ်မင့်သည် ခါတိုင်းလာနေကျအချိန် လာမှလာပါ့မလား။ မူလစီစဉ်ထားသည့်အတိုင်း လုပ်မှလုပ်ဖြစ်ကြပါ့မလား။ အကယ်၍ ထိုသို့လုပ်ဖြစ်ကြလျှင် ယခုအချိန်လောက်တွင် မိမိတို့အဖွဲ့ဝင်များသည် ဤ 'လက်ဆောင်'အဆောက်အအုံသို့ ရောက်လာကြဖို့ ကောင်းပြီဖြစ်သည်။ သို့သော် သူတို့တစ်တွေသည် ဤ 'လက်ဆောင်' အဆောက်အအုံသို့ လာမှလာကြပါမလား။ အကြောင်းသော်မှ ယထမမူလ အစီအစဉ်မှာ 'နန်းတော်' အဆောက်အအုံသို့သွားကြရန် သတ်မှတ်စီစဉ်ထားသောကြောင့်ဖြစ်သည်။

နှစ်နာရီကျော်မျှ စောင့်ခဲ့ပြီးနောက် ဒန်နီသည် မိမိတို့အဖွဲ့ဝင်များ လုံးဝမလာတော့ဟု စိတ်နှလုံး တုံးတုံးချလိုက်သည်။ ထို့နောက် သူသည် အိမ်ထဲသို့ ပြန်ဝင်လာခဲ့ပြီး ဥရောပတိုက် လေဆိပ်တစ်ခုမှ ဝယ်လာခဲ့သော စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေခဲ့သည်။ သို့သော် သူ့စိတ်ထဲမှာ စာအုပ်ထဲသို့ မရောက်နိုင်ဘဲဖြစ်နေသည်။ သူ့မျက်လုံးများမှာ စာမျက်နှာများပေါ်တွင် ရွှေ့လျားနေသော်လည်း သူ့ဦးနှောက်ထဲသို့ စာလုံးတစ်လုံးမျှ မရောက်ဘဲဖြစ်နေသည်။ တစ်ယောက်ယောက်က သူ့ကို သတိရပြီး သူ့ထံသို့ ဖြစ်ပျက်သမျှ အကြောင်းစုံကို များ လာပြောလေမလားဟု မျှော်လင့်မိသေးသည်။ သို့သော် အမှန်စင်စစ် သူ့ကို ထိုသို့လာပြောပါမည်ဟု မည်သူကမျှ ကတိပေးထားခြင်း မရှိသည်ကိုလည်း သူ စဉ်းစားမိသည်။ သူသည် နာရီပေါင်းများစွာ ထိုနေရာတွင် ထိုင်စောင့်နေခဲ့သည်။ သို့သော် တစ်ယောက်မျှ ပေါ်မလာခဲ့။

ညသန်းခေါင်ကျော်အချိန်လောက်တွင် ခြံစောင့်ဖြစ်သူသည် ဆေးဝယ်ရာမှ ပြန်ရောက်လာသည်။ ဒန်နီမှာ ဘယ်လိုမှ မတတ်သာသည့်အဆုံး ဆေးလုံးတစ်လုံးကို ကျိတ်မှိတ်မျိုချကာ အိပ်ရာထဲသို့ ဝင်ခဲ့ရသည်။ ညကြီးသန်းခေါင်သည်အချိန်ကျမှတော့ ဘယ်သူမှ လာတော့မည်မဟုတ်ကြောင်း သူ သိလိုက်ပြီဖြစ်သည်။

ဒန်နီသည် နောက်တစ်နေ့တွင် အတော်ကလေးနေမြင့်မှ အိပ်ရာကနိုးလာသည်။ ကျယ်ဝန်းလှသည့် အိမ်ကြီးမှာ ဟာလာဟင်းလင်းဖြစ်နေသည်။ အချိန်မှာ မွန်းတည့်လုပင် နီးနေပြီဖြစ်သည်။ သို့သော် ဤအချိန်အထိ သူ့ထံသို့ မည်သူတစ်ဦးတစ်ယောက်မျှ စစ်ဆင်ရေးနှင့်ပတ်သက်၍ အကျိုးအကြောင်း လာမပြောကြသေးဘဲ ဖြစ်နေသည်။ သူ့စိတ်ထဲတွင် စိုးရိမ်စိတ်များ သိသိသာသာ ဝင်လာခဲ့သည်။ စစ်ဆင်ရေးများ မအောင်မြင်ဘဲ ဖြစ်သွားလေသလား။ လူတိုင်း အရာရာတိုင်းနှင့် အဆက်ပြတ်ကာ ဤနေရာသို့ တစ်ယောက်တည်းရောက်နေခဲ့ရသော မိမိသည် အစစအရာရာတွင် အဆင်ချောလိမ့်မည်ဟု မည်သို့လျှင် သေချာပေါက် ပြောနိုင်ပါမည်နည်း။ သည်လိုစဉ်းစား၍လည်း မဖြစ်နိုင်သေး။ သူ့ထံသို့ ဘာသတင်းမှ အကြောင်းမကြားဘဲ သည်အတိုင်း လ[illegible]ပစ်ထားသည်ဆိုသည်မှာ လုံးဝမဖြစ်နိုင်။







www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အတွင်းစိတ်တွင် အသံတစ်သံ တိုးတိုးကလေး ကြားနေပြန်သည်။ တကယ်လို့များ (ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ) ခြေချော်လက်ချော် ဖြစ်ကာ အားလုံး ကိုးရိုးကားရား ဖြစ်ကုန်ကြသည်ဆိုပါက မုချ သူ့ထံသို့တစ် ယောက်ယောက်လာ၍ သတင်းပို့ရမည်ဖြစ်သည်။ ဒါကလည်း သတင်းပို့ရန် တစ်ယောက်ယောက် ကျန်ဦးမှဖြစ်မည်။ ဟုတ်သည်။ တစ်ယောက်ယောက်ကျန် ဦးမှဖြစ်မည်။

နောက်ဆုံး၌ တဖြည်းဖြည်း တစ်စတစ်စ အချိန်ကုန်မှန်းမသိ ကုန်လာခဲ့ရာ အိုက်ခ်မန်းအား လက်ရဖမ်းရန် သတ်မှတ်ထားသည့်အချိန်မှ နာရီပေါင်း ၁၆ နာရီပင် ကျော်လာခဲ့သည်။ သည်အတိုင်းဆိုလျှင် အားလုံးအစစ အဆင်ချော ကာ စီစဉ်ထားသည့်အတိုင်း ချောချောမောမော ဖြစ်ခဲ့ကြသည့်အတွက် သူ့ထံသို့ သတင်းလုံးဝမပို့တော့ဘဲ နေကြခြင်းသာဖြစ်သည်ဟူ၍ ယူဆလျှင်ကော မဖြစ် နိုင်ဘူးလား။

ဒန်နီမှာ ဘာတစ်ခုမျှ စားမရဘဲဖြစ်နေသည်။ မှန်သည်။ ယမန်နေ့ညက စန်ဖာနန်ဒိုရပ်ကွက်တွင် ဖြစ်ခဲ့ပျက်ခဲ့သမျှ အကျိုးအကြောင်း အဆိုးအကောင်း သူတို့တစ်တွေ သတင်းလာမပို့မခြင်း၊ ဘာသတင်းမျှ မသိရမခြင်း ဘာတစ်ခုမျှ စားမရ သောက်မရ ဖြစ်နေဦးမည်ကို သူသိနေသည်။ နာရီလက်တံများသည် သည်းမခံနိုင်လောက်အောင် လေးလံနှေးကွေးစွာ ရွေ့လျားနေကြသည်။ အချိန်မှာ နံနက် သုံးနာရီထိုးနေပြီဖြစ်သည်။ အားလုံး၏ မေ့လျော့ထားခြင်းကိုခံရပြီး မိတ်ဆွေများ၏ ကံကြမ္မာကို မသိရဘဲ မည်ရွေ့မည်မျှကြာအောင် သည်အတိုင်း ငုတ်တုတ်ထိုင်နေရပါဦးမည်နည်း။

အိမ်ရှေ့သို့ ရုတ်တရက် ကားတစ်စီး ထိုးဆိုက်လာသည်။ ဒန်နီသည် ထိုင်နေရာမှထ၍ အပြင်သို့ တစ်ဟုန်ထိုးပြေးထွက်သွားသည်။ နောက်ဆုံး၌ သူ့ထံသို့ ခပ်သွက်သွက် ခပ်သုတ်သုတ် လျှောက်လာနေသော အီဟတ်ကိုမြင်ရပါပြီ။ သူ့ကို ဘာတစ်ခွန်းမှ မေးစရာမလိုတော့။ အီဟတ်၏မျက်နှာက စကားလုံး ပေါင်းခြောက်မြားစွာတို့ကို ပြောနေခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် အီဟတ်က သူတို့တစ်တွေ 'နန်းတော်'တွင် ခြေကုန်လက်ပန်း ကျနေကြသည်ဖြင့် 'လက်ဆောင်' အဆောက်အအုံသို့ လာရောက်အကြောင်းမကြား နိုင်လောက်အောင် ဖြစ်ခဲ့ရသည်များကို ခွင့်လွှတ်ရန် ထပ်ခါတလဲလဲ တောင်းပန် ခဲ့ရာ ဒန်နီက အီဟတ်၏ တောင်းပန်စကားများကို သည်းမခံနိုင်အောင် ဖြစ်ခဲ့





သည်။ သူကြားချင်သည်က ဤတောင်းပန်စကားများမဟုတ်။ သူတို့တစ်တွေ မည်သို့မည်ပုံ လှုပ်ရှားဆောင်ရွက်ခဲ့ရသည်များကိုသာ အသေးစိတ် ကြားလိုသည်။

ယခုအခါ ဒန်နီ၏ ပူပန်သောကများသည် လုံးဝပျောက်ကွယ်သွားခဲ့၍ ရင်ထဲမှအလုံးကြီး ကျသွားခဲ့ပြီဖြစ်သည်။ သူသည် သူ့မျက်လုံးထဲမှ မျက်ရည်စ များကို ဖုံးကွယ်ရန်မကြိုးစားတော့ဘဲ သည်လို မျက်ရည်ကျသည်ကိုပင် မရှက် တော့ပေ။

အီဟတ်သည် ဒန်နီအား ကားဖြင့် မြို့ထဲသို့ခေါ်လာခဲ့ပြီး အခြေခံစခန်းမှ မည်းမှောင်ရှုပ်ပွေနေသော အခန်းကျဉ်းကလေးဆီသို့ ပြန်ပို့ထားခဲ့သည်။ ဤအခန်း ကျဉ်းကလေးထဲတွင် သူသည် ယခင့်ယခင်ကထက် ပို၍အရေးကြီးသော၊ ပို၍ များပြားလှသော စာရွက်စာတမ်းအတုများကို လုပ်ရဦးမည်ဖြစ်သည်။

▢

ကျွန်ုပ်သည် နံနက် ၁၁ နာရီနှင့် ညနေ ငါးနာရီတွင် ချိန်းဆိုသတ်မှတ်ထားသည့် နေရာများ၌ ဒီနာနှင့် သွားရောက်တွေ့ဆုံနိုင်ရန် ယနေ့လုပ်ရမည့် အစီအစဉ်များကို ရေးဆွဲထားခဲ့သည်။ အခြားအဖွဲ့ဝင်များမှာ လိုအပ်သည့်ပစ္စည်းများ အပြည့်အစုံရရှိရေးနှင့် အစစအရာရာ စနစ်တကျ ဖြစ်ရေးအတွက် အလုပ်တာဝန် များဖြင့် ပိနေကြသည်ဖြစ်ရာ ကျွန်ုပ်သည် ဒီနာနှင့်တွေ့ရန် စောင့်ရမည့်ကိစ္စ အတွက် သူတို့အား အလုပ်ပိုတစ်ခု ထပ်၍မပေးလိုတော့ပေ။

ဒီနာနှင့် မတွေ့ရသည်မှာ နှစ်ရက်ပင်ရှိခဲ့ပြီဖြစ်သည်။ အိုက်ခ်မန်းအား ဖမ်းဆီးရေးအတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် အားလုံးအလုပ်ရှုပ်နေကြသည် ဖြစ်ရာ ညနေ ငါးနာရီတွင် သူမနှင့်တွေ့နေကျ နေရာများ၌ သွားရောက်တွေ့ ဆုံရန် မည်သူမျှ မအားလပ်ဘဲ ဖြစ်ခဲ့ရသည်။ ယနေ့သော်မူ ကျွန်ုပ်သည် ၁၁ နာရီမထိုးမီ ငါးမိနစ်အလိုတွင် ဒီနာနှင့် တွေ့ဆုံရန် မြို့ထဲမှ စားသောက်ဆိုင်ကြီး တစ်ဆိုင်တွင် အသင့်ရောက်နေခဲ့ပြီဖြစ်သည်။

ဒီနာသည် ထိုနေ့က ဟိုတယ်မှ နံနက်စောစော ထွက်လာခဲ့၍ မြေပုံ တစ်ခုကို လက်တွင်ကိုင်ကာ ချိန်းဆိုထားသည့်နေရာကို ရှာလာခဲ့သည်။ လမ်းကျယ်ကြီးများအတိုင်း ခပ်ဖြည်းဖြည်း အေးအေးဆေးဆေး မြို့ထဲသို့ လှည့်ပတ်လာရင်း ကျွန်ုပ်နှင့်တွေ့ရမည့် လမ်းထောင့်တစ်နေရာသို့ ရောက်လာခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၁ နာရီ ငါးမိနစ်တွင် ကျွန်ုပ်သည် ဆိုင်ထဲသို့ဝင်လာသော ဒီနာအား လှမ်းမြင်လိုက်ရသည်။ အခန်းထဲမှ မှုန်မွှားသော အလင်းရောင်တွင် သူမ၏ မျက်စိများ ကျင့်သားရလာခဲ့ပြီး ကျွန်ုပ်အား မြင်လိုက်သည်နှင့် သူမ၏ မျက်နှာပေါ်တွင် ရုတ်တရက် တအံ့တသြဖြင့် ပြုံးယောင်သန်းသွားခဲ့သည်။ သူမသည် ကျွန်ုပ်၏ဘေးတွင် ဝင်ထိုင်ရင်း အနည်းငယ် နောက်ကျသွားသည့်အတွက် တောင်းပန်စကားများ စပြောခဲ့သည်။

ကျွန်ုပ်သည် သူမ၏ တောင်းပန်စကားများကို ဆက်၍နားထောင်မနေနိုင်တော့ဘဲ ဖြတ်၍ပြောလိုက်သည်။

"သူ့ကို ငါတို့ ဖမ်းမိထားပြီ"

"ဘယ်သူ့ကိုလဲ၊ ဆရာ ဘာလိုပြောလိုက်တာလဲ" ဒီနာက ခပ်ကြောင်ကြောင်ဖြင့် တအံ့တသြ ပြန်မေးလိုက်သည်။

ယခုတစ်ကြိမ်တွင် အံ့သြရသူမှာ ကျွန်ုပ်ဖြစ်သည်။ "မင်းကို ဘာကိစ္စနဲ့ ဒီကိုလွှတ်လိုက်တယ်ဆိုတာ မသိဘူးလား"

"ဟင့်အင်း... ကျွန်မ မသိဘူး" သူမက ပြန်ပြောလိုက်သည်။

"ကျွန်မ ဘာလုပ်ရမယ်ဆိုတာ ဒီရောက်မှ ညွှန်ကြားလိမ့်မယ်လို့ပြောပြီး လွှတ်လိုက်တာပဲ"

ကျွန်ုပ်မှာ သူမ၏အဖြစ်ကိုကြည့်ကာ ရယ်ပင်ရယ်လိုက်မိသေးသည်။ ပြီးမှ ယမန်နေ့က ဖြစ်ပျက်ခဲ့သမျှ ပြန်ပြောပြခဲ့ရာ ဒီနာမှာ သူမ၏နားကိုပင် သူမ မယုံနိုင်လောက်အောင် တအံ့တသြ ဖြစ်နေခဲ့သည်။

အမှန်စင်စစ် သူမသည် ကျွန်ုပ်တို့ ထောက်လှမ်းရေးဌာနတွင် လူသစ်တစ်ယောက်ဖြစ်နေခဲ့ရာ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအနက် စစ်တရားခံများအား ရှာဖွေဖမ်းဆီးသည့် လှုပ်ရှားမှုများ ပါဝင်နေသည်ကို လုံးဝမရိပ်မိဘဲဖြစ်နေခဲ့သည်။ သူမသည် အိုက်ခ်မန်းအကြောင်းကို 'အိတ်ဖိုးဒပ်စ်' ဝတ္ထုထဲတွင် ဖတ်ခဲ့ဖူးသည်။ သို့သော် သူမစိတ်ထဲတွင် အိုက်ခ်မန်းဆိုသူသည် အမှန်တကယ်ရှိသည့် လူတစ်ယောက်ဟု မထင်ခဲ့မိဘဲ ဖြစ်နေသည်။ သို့ဖြစ်ရာ လူပေါင်းမြောက်မြားစွာကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော လူသတ်သမားနှင့် ယခုကဲ့သို့ တစ်အိမ်တည်း အတူနေရမည့်အဖြစ်ကိုတွေးကာ သူမမှာ တုန်လှုပ်ချောက်ချားနေမိသည်။

ကျွန်ုပ်က သူမအား 'နန်းတော်' အဆောက်အအုံသို့သွားကာ ထိုအိမ်တိုင်ရာသူ၏ 'မိန်းကလေးမိတ်ဆွေ'အဖြစ် ဟန်ဆောင်၍နေရမည်ဖြစ်ကြောင်း





ပြောပြခဲ့သည်။ ထိုသို့ နက်ရှာနှင့်အတူ နေရာ၌ 'နန်းတော်' အဆောက်အအုံတွင် တတ်နိုင်သမျှ သဘာဝကျကျ ပိပိရိရိ ဟန်ဆောင်၍ နေသွားရန် မှာကြားခဲ့သည်။ ကျွန်ုပ်သည် နက်ရှာအား သူမကို လာခေါ်ရန် အချိန်သတ်မှတ် စီစဉ်ပေးထားပြီးဖြစ်သည်။

ဒီနာသည် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရန် ဟိုတယ်သို့ ပြန်သွားခဲ့သည်။ မကြာမီ နက်ရှာသည် သူမအားခေါ်ရန် အငှားကားတစ်စီးဖြင့် ရောက်လာသည်။ ထို့နောက် နက်ရှာနှင့် ဒီနာတို့သည် လောလောဆယ် မိမိတို့ သိမ်းပိုက်ထားသော လျှို့ဝှက်အိမ်အတွက် ရိက္ခာပစ္စည်းများတင်ကာ ကားဖြင့်ထွက်ခွာသွားကြသည်။

နန်းတော်သို့ ဒီနာ ရောက်သွားသောအခါ အချိန်မှာ ညနေ ၆ နာရီခွဲလုနီးပါး ရှိနေပြီဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## သေမင်းတမန်၏ ရုပ်သွင်သည် ဤသို့လျှင်ရှိပါသလား

အိုက်ခ်မန်းအား ဖမ်းမိခဲ့ကြပြီးနောက် ပထမ သုံးလေးရက်ခန့်မှာ အတော်ကလေး ကသိကအောက်ဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့မှာ အာဂျင်တီးနားနိုင်ငံနှင့်တကွ ကမ္ဘာတစ်ခုလုံးနှင့်ပါ အဆက်အသွယ်ပြတ်နေခဲ့ကြရာ ကလီမင့် ပျောက်ဆုံးသွားသည့်ကိစ္စနှင့် စပ်လျဉ်း၍ သူ၏မိသားစုအတွင်း မည်သို့ဂယက်ရိုက်၍ မည်သို့မည်ပုံ ဆောင်ရွက်လုပ်ကိုင်ကြသည်ကို လုံးဝမသိရဘဲ ဖြစ်နေခဲ့သည်။ သူတို့သည် အိုက်ခ်မန်းအား သူတို့ဘာသာ စုံစမ်းရှာဖွေနေကြသလား၊ သို့မဟုတ် ဤကိစ္စအတွက် အာဂျင်တီးနားရှိ နာဇီအုပ်စုဝင်များထံ အကူအညီတောင်းခံခဲ့ကြသလား၊ သို့တည်းမဟုတ် ရဲဘက်သို့ အကြောင်းကြား၍ အမှုဖွင့်ခဲ့ကြသလား၊ ဤအမှုကို တိတ်တိတ်ပုန်းကျိတ်၍ လိုက်နေကြသည်။ သို့မဟုတ် အတည့်အလင်း ခေါ်ထုတ်၍ ရုတ်ရုတ်သဲသဲလုပ်ကြသည် မလုပ်ကြသည်ကို ဘာတစ်ခုမျှ မသိရဘဲဖြစ်နေသည်။

ကျွန်ုပ်တို့အနေဖြင့် သတင်းစာများမှ သတင်းကိုသာ အဓိကထား၍ စောင့်ကြည့်ခဲ့ကြရာ သတင်းစာများတွင်လည်း စန်ဖာနန်ဒိုရပ်ကွက်တွင် နေထိုင်သည့် ဘူမင်တစ်ယောက်၏ သတင်းကို တစ်လုံးတစ်ပါဒမျှ မဖော်ပြဘဲ ရှိနေကြသည်။

ဤသို့သော အခြေအနေအရပ်ရပ်ကို အကြောင်းပြု၍ လောလောဆယ် ကျွန်ုပ်တတ်နိုင်သည့်အလုပ်မှာ ယခုအထိ ကျွန်ုပ်သိထားပြီးသမျှ အခြေခံအချက်





အလက်များနှင့် အကျိုးအကြောင်းများကို ဆက်စပ်သုံးသပ်ကြည့်ခြင်းအားဖြင့် ဖြစ်လာနိုင်သည့် အခြေအနေကို ခန့်မှန်းကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။ ကျွန်ုပ် ခန့်မှန်းကြည့်ရသလောက် အောက်ပါအတိုင်း ဖြစ်လာနိုင်သည်ဟု ယူဆရသည်။

ရှေးဦးစွာ ဗီရာအိုက်ခ်မန်းသည် သူမ၏ ခင်ပွန်းဖြစ်သူ အိမ်ပြန်ရောက် နေကျအချိန်တွင် ပြန်ရောက်မလာဘဲ ရှိသည့်အတွက် မုချစိုးရိမ်ပူပန်မှုများ ဖြစ်လာမည်။ သို့သော် သူမသည် သူမ၏ ယောကျ်ားအား သူ၏ဇာတိအမှန်နှင့် နောက်ကြောင်းဖြစ်ရပ်များကို သိထားကြသူများက ဖမ်းဆီးသွားကြပြီဟု ချက်ချင်း ဆင်မှတ်မည် မဟုတ်သည်မှာ သေချာသည်။ သူမစိတ်ထဲတွင် ပထမပေါ်ပေါက်လာသည့် အတွေးမှာ သူမယောကျ်ားသည် လမ်းခရီးတစ်နေရာရာတွင် မတော်တဆ မီးရထား၊ မော်တော်ကား စသည့် ယာဉ်အန္တရာယ်တစ်ခုခု ဖြစ်ပွား၍ ဆိုးကျိုးဒဏ်ရာရလေသလား၊ သို့မဟုတ် အလုပ်ခွင်တွင် ပြဿနာတစ်ခုခု ကြုံတွေ့နေလေသလားဟူ၍ စဉ်းစားပူပန်မိမည်ဖြစ်သည်။

သို့ဖြစ်ရာ သူမသည် ရုတ်တရက် ချက်ချင်း ရဲဘက်သို့ တိုင်လားဘာလားမလုပ်သေးဘဲ သူနှင့်အတူ အလုပ်လုပ်သည့် မိတ်ဆွေတစ်ယောက် ယောက်ထံ မိမိယောကျ်ား ရိကာဒို အလုပ်မှပြန်နေကျအချိန်အတိုင်း ပြန်မပြန်၊ သို့မဟုတ် ယနေ့ အိမ်သို့ တောက်လျှောက်မပြန်သေးဘဲ လမ်းတွင် ဝင်စရာကိစ္စ တစ်ခုခုရှိနေသည်ဟူ၍ တစ်ဆင့်မှာကြားလိုက်ခြင်း ရှိမရှိ စသည်များကို မေးမြန်း စုံစမ်းလိမ့်မည်ဖြစ်သည်။ ထို့နောက် အလုပ်ခွင်တွင် တစ်စုံတစ်ရာ ဘာမျှမဖြစ်ကြောင်း အခိုင်အမာ သိရပြီးသည့်အခါတွင်မှ သူမသည် အိုက်ခ်မန်းအား အိမ်အပြန်လမ်းခရီး တစ်နေရာရာတွင် ယာဉ်တိုက်မှု အန္တရာယ်တစ်ခုခု ဖြစ်ပွားခြင်း ရှိမရှိ ဆက်လက်စုံစမ်းမည်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ် စဉ်းစားမိသလောက် သူမသည် ထိုသို့ဖြင့် ပထမတစ်ရက် နှစ်ရက်အတွင်း ဤနေရာတစ်ဝိုက်မှ ဆေးပေးခန်းများနှင့် ဆေးရုံများသို့ ရိကာဒိုဟူသောအမည်ဖြင့် လူတစ်ယောက် ဒဏ်ရာအနာတရဖြင့် ရောက်လာခြင်းရှိမရှိ မိမိဘာသာ ကျိတ်၍စုံစမ်းမေးမြန်း နေပေလိမ့်မည်မှာ သေချာသည်။ ထို့နောက်တွင်မှ သူမသည် သူ့ယောကျ်ား ခင်ထွက်သွားလာတတ်သည့် မိတ်ဆွေများထံ သူ့ယောကျ်ားအား အရေးတကြီး ကိစ္စတစ်ခုခုဖြင့် တစ်နေရာရာသို့ ခေါ်သွားခြင်းရှိမရှိ၊ သို့မဟုတ် အန္တရာယ် [illegible] တစ်ခုခု ဖြစ်လာနိုင်သဖြင့် သူ့ယောကျ်ားအား အိမ်သို့မပြန်ဘဲနေ [illegible] ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်မလုပ်ရန် သူ့မိတ်ဆွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေးပိတ်ပင်ထားခြင်း ရှိမရှိ စသည်စသည်တို့ကို ဆက်လက်စုံစမ်းကြည့်လိမ့်
မည်ဖြစ်သည်။

ထိုသို့သော စုံစမ်းမေးမြန်းမှုများအားလုံး အရာမရောက်ဘဲ ရှိနေမှသာ
လျှင် သူမသည် ရဲဘက်သို့ အကြောင်းကြား တိုင်တန်းလိမ့်မည်ဖြစ်သည်။
ထိုသို့ ရဲအရာရှိများထံ သွားရောက်တိုင်တန်းသည့်တိုင်အောင် သူမသည် အလျှင်
စလိုမဟုတ်ဘဲ စဉ်းစားလိမ့်ဦးမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရဲအရာရှိ
သည် ဤအမှုကို သာမန် နေ့စဉ်ဖြစ်ပွားနေကျ လူပျောက်မှုတစ်ခုအဖြစ်
သဘောထားကာ ပေါ့ပေါ့တန်တန် လက်ခံဆောင်ရွက်ကြလိမ့်မည်ဟု ယူဆ
သောကြောင့်ဖြစ်သည်။ တစ်ဖန် ထိုသို့ ရဲစခန်းတွင် တိုင်တန်း၍ အမှုဖွင့်ပြီးဆို
သည်နှင့် ရဲအရာရှိများသည် သူမနှင့် သူမယောကျ်ားအကြောင်းများကို ရှုပ်ရှုပ်
မေးလားမြန်းလား လုပ်လာကြမည်ဖြစ်သည်။ သူတို့ မေးကြ မြန်းကြမည့်
မေးခွန်းများတွင် စိတ်ညစ်စရာများလည်း ပါလာနိုင်သည်။ ဥပမာ ကာလီမင့်သည်
အရက် မကြာမကြာ သောက်တတ်သလား၊ အရက်မူးလာသည့်အခါ လင်မယား
ရန်ဖြစ်တတ်သလား၊ စကားများတတ်ကြသလား၊ သူသည် အခြားမိန်းမတစ်
ယောက်ယောက်နှင့် ပြဿနာရှုပ်ရှုပ်ထွေးထွေးများ ရှိနေသလား စသည်ဖြင့်
နောက်ဆုံးတွင် ကမ္ဘာအရပ်ရပ်မှ ရဲအဖွဲ့များကဲ့သို့ပင် သူမယောကျ်ား ပျောက်ဆုံး
နေသည်မှာ ခေတ္တခဏသာဖြစ်၍ မကြာမီ အိမ်ပြန်လာလိမ့်မည်ဟု ယူဆရကြောင်း
နှင့် လောလောဆယ် သူမ လုပ်ရမည့်အလုပ်မှာ စိတ်ရှည်ရှည်ထား၍ သည်းခံကာ
မိမိယောကျ်ား အိမ်ကိုသတိရပြီး ပြန်လာမည့်အချိန်အထိ စောင့်မျှော်နေရန်
ပြောဆိုနှစ်သိမ့်ကြလိမ့်မည်ဖြစ်သည်။

မည်သည့်ကိစ္စမျိုးတွင်ဖြစ်စေ၊ ယခုကဲ့သို့ တစ်စုံတစ်ယောက်သောသူသည်
အိမ်သို့ အချိန်မှန် ပြန်နေကျဖြစ်ပါလျက် လုံးဝပြန်ရောက်မလာဘဲ မိနစ်မနှင့်
ကလေးများကို ပစ်သွားလေ့သွားထရှိသည့်အမှုတွင် ရဲဘက်မှ စုံစမ်းထောက်လှမ်းသည့်
ထောက်လှမ်းနည်းများမှာ ဆင်တူယိုးမှားပင်ဖြစ်သည်။ ဤနေရာတွင် မစ္စက်ကာလီ
မင့်အနေဖြင့် ဤကိစ္စအတွက် မည်မျှစိုးရိမ်ပူပန်မှုရှိသည် မရှိသည်ကိုကြည့်၍
ရဲဘက်မှ ကာယကံရှင် အရေးကြီးလျှင် ကြီးသလို စုံစမ်းဆောင်ရွက်ပေးဖွယ်ရာ
ရှိနေသည်။ ဥပမာအားဖြင့် အကယ်၍ သူမက သူမယောကျ်ားအား တစ်စုံ
တစ်ယောက်က ပြန်ပေးဆွဲသွားသည်ဟူ၍ လည်းကောင်း၊ တခြား လူဆိုးသူခိုး
များ၏ လက်ချက်ဖြင့် ပစ္စည်းယူ လူသတ် စသည့် ရာဇဝတ်မှုတစ်ခုခုဒဏ်ကို
ခံနေရပြီဟူ၍လည်းကောင်း ယုံကြည်ယူဆရကြောင်းဖြင့် ထင်ကြေးပေးလာမည်





ဆိုပါက ရဲဘက်မှ အဆိုပါထင်ကြေးအရ လိုက်လံစုံစမ်း ထောက်လှမ်းကြမည်
ဖြစ်သည်။

ဤနေရာတွင် ရဲဘက်အရာရှိများက သူမအနေဖြင့် မိမိယောကျ်ားအား
ထိုသို့ ပြန်ပေးဆွဲ လူသတ်ခံရသည်ဟု ယုံကြည်ယူဆရလောက်အောင် မည်သို့သော
အခြေခံအကြောင်းများ ရှိနေပါသနည်းဟု မေးမြန်းလာခဲ့ပါက မိမိယောကျ်ားသည်
အခြားသူမဟုတ်ဘဲ နိုင်ငံအများအပြားက အလိုရှိနေသည့် နာဇီစစ်ရာဇဝတ်ကောင်
'အဒေါ့ဖ်အိုက်ခ်မန်း'ပင်ဖြစ်ကြောင်း ဖွင့်ပြောပြရတော့မည်ဖြစ်သည်။ သို့ဖြစ်၍
လည်း သူမယောကျ်ားအား ဂျူး သို့မဟုတ် အစ္စရေးများက အဓမ္မ ဖမ်းဆီးသွား
သည်ဟု သံသယဖြစ်စရာ ရှိနေကြောင်းများကို မုချပြောပြရမည်ဖြစ်သည်။
ဤတွင် ရဲအရာရှိများသည် ဤအမှုကို အမြင့်ဆုံးအာဏာပိုင်များထံသို့ ချက်ချင်း
လွှဲပြောင်းပေးကြလိမ့်မည်ဖြစ်ရာ မကြာမီ အိုက်ခ်မန်းအမည်သည် ကမ္ဘာတစ်
ခွန်းလုံးမှ ပြည်သူများ စိတ်ဝင်စားဖွယ်ရာ သတင်းတစ်ပုဒ် ဖြစ်လာမည်ဖြစ်သည်။
ဤသို့သာ ဖြစ်လာမည်ဆိုပါက ကာလီမင့်၏ မူလဇာတိ အစစ်အမှန်သည်
အငြင်းပွားစရာမရှိအောင် ဘွားဘွားကြီး ပေါ်လာမည့်အပြင် အကယ်၍ သူ့ကို
ဖမ်းဆီးသွားကြသူများအနေဖြင့် သူနှင့်ပတ်သက်၍ သို့လော သို့လော မကွဲပြားဘဲ
ဒွိဟဖြစ်နေကြမည်ဆိုလျှင် ထိုအချိန်တွင် မည်သူမည်ဝါဟူ၍ ကွဲကွဲပြားပြားဖြစ်
ကာ အတည်ပြုချက် ပေးလိုက်သလို ဖြစ်သွားနိုင်သည်။

သို့ဖြစ်ရာ ဤသည်တို့ကို အကြောင်းပြု၍ ဗီရာအိုက်ခ်မန်းသည် ယခု
ဖြစ်ပျက်ခဲ့သည့် အခြင်းအရာနှင့် စပ်လျဉ်း၍ အနီးစပ်ဆုံး အခြေအနေကိုပင်
မရိပ်မိသေးသမျှ သို့မဟုတ် ကိုယ်ရေးကိုယ်တာ ပြဿနာရပ်များကို မစဉ်းစားမိ
သေးသမျှ ရဲဘက်သို့ အကြောင်းမကြားဘဲ ရှိနေဦးမည်သာဖြစ်သည်။ အကယ်၍
အကြောင်းကြားရန် လိုအပ်လာသည့်တိုင်အောင် ရီကာဒိုကာလီမင့်သည် မည်သူ
မည်ဝါဖြစ်သည်ကို သိရှိထားကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရှေးဦးစွာ
တိုင်ပင်နှီးနှောလိမ့်ဦးမည်သာဖြစ်သည်။

ထိုပြင် ကျွန်ုပ် စဉ်းစားမိသလောက် ထိုသို့သော ဆွေမျိုးမိတ်သင်္ဂဟ
များနှင့် အာဂျင်တီးနားရှိ နာဇီအုပ်စုဝင်များသည်သာလျှင် ကာလီမင့် ပျောက်ဆုံး
နေသည့်ကိစ္စနှင့် ပတ်သက်၍ ဘာကြောင့်အကြောင်းရင်း အဖြစ်မှန်ကို ကောင်းစွာ
နားလည်သိရှိကြမည်ဖြစ်သည်။ သို့တိုင်အောင် သူတို့သည် ဤအမှုကိစ္စ
ဆိုင်ရာ အာဏာပိုင်များထံ တိုင်ကြားရန်နှင့် ရီကာဒိုကာလီမင့်သည် ...



www.burmeseclassic.com

www.burmeseclassic.com



အိုက်ခ်မန်းပင်ဖြစ်ကြောင်း လူအများသိသွားအောင် ပြုလုပ်ရန် အထူးသတိထား၍ စဉ်းစားကြလိမ့်မည်ဖြစ်သည်။ ထို့ပြင် အနီးစပ်ဆုံး ဖြစ်နိုင်စရာရှိသည်မှာ သူတို့သည် တရားဝင်မဟုတ်သည့် နည်းလမ်းများဖြင့် ရဲအဖွဲ့နှင့် အစိုးရအဖွဲ့ အတွင်းမှ အာဏာပိုင်များအပေါ် ဩဇာညောင်းသည့်သူများထံမှ အဆက်အသွယ်များ၊ အကူအညီများကို အသုံးပြုရန် အစွမ်းကုန် ကြိုးစားကြလိမ့်မည်ဖြစ်သည်။

ထိုနည်းလမ်းများနှင့် ထိုအကူအညီများကို အသုံးပြုခြင်းအားဖြင့် အိုက်ခ်မန်းအား လိုက်လံရှာဖွေခြင်းများနှင့် စုံစမ်းမေးမြန်းကြခြင်းများကို ပြုလုပ်လာဖွယ်ရာရှိနေသည်။ သို့သော် ထိုကိစ္စကိုပင် အတတ်နိုင်ဆုံး လျှို့ဝှက်သိပ်သည်းစွာဖြင့် ပြုလုပ်ကြလိမ့်မည်ဖြစ်သည်။ သူတို့ လိုက်လံရှာဖွေနေသည့် ပုဂ္ဂိုလ်သည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ တစ်စုံတစ်ရာ အသိမပေးဘဲ အုတ်အော်သောင်းတင်းဖြင့် ကျယ်ပြန့်စွာ ပိုက်စိပ်တိုက်၍ ရှာဖွေမှုများ ပြုလုပ်ရန် အကြောင်းမရှိဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဤအခြေအနေများအရ သူတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် သေချာနှံ့စပ်မှုမရှိဘဲ ဖြစ်နေမည်မှာ မုချပင်ဖြစ်သည်။ မတော်တဆ ကံကောင်းထောက်မ၍ဖြစ်စေ၊ သို့မဟုတ် ကျွန်ုပ်တို့ဘက်မှ အရေးကြီးသည့် အမှားအယွင်းတစ်ခုခုကြောင့်ဖြစ်စေ၊ ထိုအချိန်အခါမျိုးကျမှသာ သူတို့သည် ကျွန်ုပ်တို့ လူများရှိရာသို့လည်းကောင်း၊ 'နန်းတော်' အဆောက်အအုံသို့လည်းကောင်း ရောက်ရှိလာနိုင်ကြမည်ဖြစ်သည်။

ဤသည်တို့ကို ထောက်ရှု၍ ကျွန်ုပ်တို့၏ အနေအထားမှာ အတော်ကလေးကောင်းမွန်၍ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အိုက်ခ်မန်းမိတ်ဆွေများ၏ ထိရောက်မှုမရှိသော အစီအစဉ်များနှင့် လုပ်ဆောင်ချက်တို့ကို ကြောက်ရွံ့စိုးရိမ်စရာမလိုဟု ကျွန်ုပ် ယူဆမိသည်။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့သည် ဗျူနိုအဲရစ်မြို့တွင် ကြာကြာနေသည်နှင့်အမျှ အန္တရာယ်ကြီးလာနိုင်သည်မှာ သေချာသည်။ အဘယ်ကြောင့်ဆိုသော် မကြာမီ အစိုးရ၏ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့များသည် အခြားပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အိုက်ခ်မန်းအား ရှာဖွေထောက်လှမ်းခြင်းများ ပြုလုပ်လာဖွယ်ရာ ရှိနေသောကြောင့်ဖြစ်သည်။

မည်သို့ဖြစ်စေ ကျွန်ုပ်တို့သည် လောလောဆယ် အခိုက်အတန့်တွင် စိတ်အေးအေးဆေး နေနိုင်ကြသေးသည်ဟု ကျွန်ုပ် သဘောရမိသည်။ ဤအတွင်း နေ့စဉ်သတင်းစာများကို အမြဲမပြတ် ဂရုစိုက်၍ စောင့်ဖတ်ခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့နှင့် ပတ်သက်သည့် သတင်းဟူ၍ လုံးဝမတွေ့ရဘဲ ဖြစ်နေခဲ့သည်။

▢



နောက်နှစ်ပေါင်းများစွာ ကြာသောအခါ ထိုစဉ်က အိုက်ခ်မန်းအား ကျွန်ုပ်တို့ လက်ရဖမ်းမိခဲ့ပြီးနောက် သူ၏မိသားစုအနေဖြင့် မည်သို့ဖြစ်ပျက်ခံစား လှုပ်ရှားခဲ့ရသည်များနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ ခန့်မှန်းတွေးချက်များမှာ မှန်ကန်ခဲ့ကြောင်း အတည်ပြုစရာ တွေ့ရှိလာခဲ့သည်။ အိုက်ခ်မန်း၏ သားအကြီးဆုံးဖြစ်သူ နစ်ကိုးလပ်စ် (ကလောစ်)သည် ဂျာမန်ဘာသာဖြင့် ထုတ်ဝေသော 'ကွစ်' စာစောင်မှ သတင်းထောက်တစ်ဦးနှင့် တွေ့ဆုံခဲ့ရာ ထိုစဉ်က ဖြစ်ခဲ့သမျှကို အောက်ပါအတိုင်း ပြန်ပြောခဲ့သည်။

"မေလ ၁၂ ရက်နေ့က ကျွန်တော်ဟာ အိမ်ခေါင်မိုးပေါ်မှာ ဝက်အူလှည့်တစ်ချောင်းကိုကိုင်ပြီး တိုင်တစ်ခုထောင်ဖို့ လုပ်နေတုန်း ကျွန်တော့်ညီ ဒိုင်ယာတာဟာ အူယားဖားယားနဲ့ အသက်မရှူနိုင်ဘဲ ပြေးလာပြီး 'အဘိုးကြီး မရှိတော့ဘူး'လို့ လှမ်းပြောလိုက်ပါတယ်။ ကျွန်တော်လည်း သူ့စကားကြောင့် အလန့်တကြားဖြစ်သွားပြီး လက်ထဲက ဝက်အူလှည့် လွတ်ကျသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ပထမဆုံး ကျွန်တော့်ခေါင်းထဲ ဝင်လာတာကတော့ 'ဒါ အစ္စရေးတွေလက်ချက်ပဲ' ဆိုတဲ့ အတွေးပါပဲ။ ဒါနဲ့ ဒိုင်ယက်တာနဲ့ ကျွန်တော်ဟာ ဗျူနိုအဲရစ်မြို့ထဲကဖြတ်ပြီး စန်ဖာနန်ဒိုရပ်ကွက်ကို သုတ်ခြေတင်လာခဲ့ကြပါတယ်။ လမ်းမှာ ကျွန်တော်တို့ဟာ အက်စ်အက်စ် အရာရှိဟောင်းတစ်ဦးနဲ့ ဝင်တွေ့ခဲ့ကြပါတယ်။ (သူ့နာမည်ကတော့ ကျွန်တော် ဖွင့်ပြောလို့ မဖြစ်ပါဘူး) သူဟာ ကျွန်တော်တို့အဖေရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးပါပဲ။ သူက ကျွန်တော်တို့ကို လက်တွေ့ကျကျစဉ်းစားပြီး ခေါင်းအေးအေးထားဖို့ ပြောပါတယ်။ ဒီနေရာမှာ သူပြောပြချက်အရ ဖြစ်နိုင်စရာ အချက်သုံးချက်ရှိပါတယ်။ ပထမအချက်က အဖေဟာ ရဲသားတစ်ယောက်ယောက်နဲ့ ပြဿနာဖြစ်ပြီး အဖမ်းခံရတာ ဖြစ်နိုင်တယ်၊ ဥပမာ အရက်မူးလွန်ပြီးဖြစ်တဲ့ ကိစ္စမျိုးဆိုပါတော့။ နောက်တစ်ချက်က သူဟာ ကားတိုက်ခံရပြီး ဒဏ်ရာရလို့ ဆေးရုံရောက်နေတာမျိုး၊ ဒါမှမဟုတ် ဒဏ်ရာပြင်းထန်ပြီး ပွဲချင်းပြီး သေသွားလို့ ရင်ခွဲရုံထဲ ရောက်နေတာမျိုး ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ နောက်ဆုံး တတိယဖြစ်နိုင်တာကတော့ အစ္စရေးတွေက ဖမ်းသွားပြီဆိုတဲ့ အချက်ပါပဲ။

"ကျွန်တော်တို့ဟာ နှစ်ရက်လုံးလုံး သူ့ကို ရဲစခန်းတွေ [illegible] တွေနဲ့ ရင်ခွဲရုံတွေမှာ လိုက်ပြီးရှာခဲ့ကြပါတယ်။ ဒါပေမဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာမှ မတွေ့ခဲ့ပါဘူး။ နောက်ဆုံးတော့ သူဟာ ရန်သူလက်ထဲ အဖမ်းခံသွားရပြီဆိုတာ နားလည်လိုက်ပါတယ်။ ပီရွန်အစိုးရ လူငယ်အဖွဲ့ တစ်ဖွဲ့က ဒီကီစွအတွက် သူတို့ကို ခိုင်းချင်တာခိုင်းပါလို့ ပြောလာပါ တယ်။ အဲဒီတုန်းကဆိုရင် လူပေါင်း သုံးရာလောက်ရှိတဲ့ ဇရာမလူအုပ် ကြီးဟာ မော်တော်ဆိုင်ကယ်တွေနဲ့ အိမ်ရှေ့မှာ တစုတဝေးကြီး စုပြီး ရောက်လာကြပါတယ်။ ကျွန်တော်တို့ဟာ ခြေရာလက်ရာ သဲလွန်စတစ် ခုခု တွေ့လို့တွေ့ငြား နေရာအနှံ့အပြားကို တစ်လက်မတောင်မချန်ဘဲ ပိုက်စိပ်တိုက်ပြီး မြေလှန်ရှာခဲ့ကြပါတယ်။ တစ်နာရီပြီးတစ်နာရီ အချိန်သာ ကုန်ခဲ့တယ်၊ ထူးထူးခြားခြား မသင်္ကာစရာ ဘာတစ်ခုမှ မတွေ့ရတဲ့ အတွက် ကျွန်တော်တို့ဟာ အကြီးအကျယ် ဒေါပွပြီး အခံရခက်လာကြ ပါတယ်။ အဲဒီအချိန်က တချို့ဆိုရင် ခပ်ရမ်းရမ်း ခပ်ကြမ်းကြမ်းလုပ်ဖို့ တောင် စီစဉ်ခဲ့ကြပါတယ်။ အဖွဲ့ခေါင်းဆောင်ကိုယ်တိုင်က 'အစွရေး သံအမတ်ကိုဖမ်းပြီး ပြန်ပေးဆွဲမယ်၊ သူ့ကို မြို့ပြင်ထုတ်ပြီး ခင်ဗျားတို့ အဖေ အိမ်ပြန်မရောက်မချင်း နှိပ်စက်မယ်'လို့ ပြောပါတယ်။ ဒါပေမဲ့ ဒီအစီအစဉ်ကို လက်မခံခဲ့ကြပါဘူး။ အခြားတစ်ယောက်ကဆိုရင် အစ္စရေး သံရုံးကို ဗုံးနဲ့ဖောက်ခွဲပစ်ဖို့တောင် အကြံပေးခဲ့ပါသေးတယ်။ ဒါပေမဲ့ ဒီအကြံကို ပယ်ချခဲ့ကြပါတယ်။

"ဒီကီစွနဲ့ပတ်သက်လို့ နေရာတိုင်းမှာ သူ့အတိုင်းအတာနဲ့သူ နည်းမျိုးစုံနဲ့ ဂယက်ရိုက်ခဲ့ပါတယ်။ အကောင်ကြီးတဲ့ 'ငါး'က ကြီးသလို လှုပ်ရှားခဲ့ပြီး အကောင်ငယ်တဲ့ 'ငါး'ကလည်း ငယ်သလို လှုပ်ရှားခဲ့ ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အမေနဲ့ ကျွန်တော့်ညီကို နာဇီ လုံခြုံရေး အက်စ်အက်စ်တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက သူ့အိမ်မှာ ခေါ်ထား ခဲ့ပါတယ်။ အဖေ့မိတ်ဆွေ တခြားအက်စ်အက်စ်အဖွဲ့ဝင်ဟောင်းတစ်ဦး ကလည်း အဖွဲ့တစ်ခုဖွဲ့ပြီး သင်္ဘောဆိပ်တွေ၊ လေဆိပ်တွေမှာ စောင့်ပြီး ရှာခဲ့ကြပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ လူတစ်ယောက်ယောက် ဆောင့်မကြည့်ဘဲနေခဲ့တဲ့ ဘူတာရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်နဲ့ တခြားအရေး ကြီးတဲ့ လမ်းဆုံလမ်းခွရယ်လို့ လုံးဝမရှိသလောက်ပါပဲ။ ဒါတွေကတော့ အကောင်ငယ်တဲ့ 'ငါးကလေးတွေ'အနေနဲ့ ဘယ်လိုကူညီခဲ့ကြတယ်ဆို တာပါပဲ၊ အဲဒီအချိန်မှာ အကောင်ကြီးတဲ့ 'ငါးကြီး'တွေကတော့ ထုံးခံ





အတိုင်း လွတ်ရာကို ပြေးခဲ့ကြပါတယ်။ သူတို့အားလုံးလိုလို ဥရောပ နိုင်ငံကို စနစ်တကျ ဆုတ်ခွာပြောင်းရွှေ့သွားခဲ့ကြပါတယ်"

ကလောစ်အိုက်မန်းသည် ထိုစဉ်က သူတွေ့ကြုံခဲ့ရသည့် ဇာတ်လမ်းတို အချို့သော စိတ်ပါဝင်စားဖွယ်ရာ ခံစားမှုကလေးများဖြင့် တန်ဆာဆင်ကာ အသေးစိတ် ပြောပြခဲ့သည်။ ဥပမာ သူသည် ထိုစဉ်က ပြန်ပေးသမားများရန်မှ သူ့မိခင်နှင့် သူ့ညီကို ကာကွယ်ရန်အတွက် ခြောက်လုံးပြူးတစ်လက်ဝယ်ရာ၌ မလွဲသာဘဲ သူ့လက်ပတ်နာရီနှင့် အခြားပစ္စည်းအချို့ကို အပေါင်ဆိုင်တွင် ပေါင်ခဲ့ရကြောင်းဖြင့် ပြောပြခဲ့သည်။ ထို့ပြင် အက်စ်အက်စ် အဖွဲ့ဝင်ဟောင်း များက မိမိတို့ မိသားစုအား မိမိတို့၏ဖခင် အိုက်ခ်မန်းသည် ဂျူးအမျိုးသားများ ဘုရားဝတ်ပြုသည့် ကျောင်းတစ်ကျောင်း၏ မြေအောက်လိုဏ်ဂူထဲတွင် ပိတ် လှောင်ခံနေရကြောင်း၊ မိမိနှင့် ဒိုင်ယက်တာတို့သည် ကလီမင့်၏အိမ်ကို အလှည့်ကျ စောင့်နေခဲ့ကြပြီး ပီရွန်အစိုးရ လူငယ်အဖွဲ့ ရောက်လာတော့မှ ထိုတာဝန်ကို လွှဲပေးခဲ့ကြကြောင်း စသည်တို့ ပါဝင်ခဲ့သည်။

ကလောစ်သည် သူ့အဖေအား ချစ်ခင်လေးစားစွာဖြင့် ဆက်လက်ပြော ပြခဲ့သည်။

"ကျွန်တော်တို့အဖေဟာ အာဂျင်တီးနားက ထွက်မသွားသေးဘူး ဆိုတာ ကျွန်တော်တို့ သေချာပေါက် သိထားပါတယ်။ ကျွန်တော်တို့မှာ လည်း ယုံကြည်စိတ်ချရတဲ့ သတင်းတွေ ရရှိထားတာ ရှိပါတယ်။ ကျွန်တော်တို့ဟာ တစ်ဖက်ရန်သူရဲ့လက်ကို မလှုပ်နိုင်အောင် ချုပ်ကိုင် ထားဖို့ ကြိုးစားခဲ့ကြပါတယ်။ ကျွန်တော်တို့က အဖေ့ကို အစ္စရေးတပ် မတော်အဖွဲ့တစ်ဖွဲ့က ပြန်ပေးဆွဲသွားပြီလို့ ကောလာဟလ သတင်းလွှင့် ခဲ့ကြပါတယ်။ ဒီသတင်းဟာ အာဂျင်တီးနား တပ်မတော်ကို ဆွပေး လိုက်သလို ဖြစ်သွားခဲ့ပါတယ်"

ထို့နောက် နစ်ကိုလပ်စ်သည် သူ့ဖခင်အား အာဂျင်တီးနားနိုင်ငံ လွတ် လပ်လပ်ရေးအခမ်းအနားသို့ တက်ရောက်လာသည့် အစ္စရေးကိုယ်စားလှယ် အဖွဲ့၏ လေယာဉ်ဖြင့် တင်၍ခေါ်သွားသည့် အဖြစ်အပျက်နှင့် စပ်လျဉ်း၍ ဆက်လက်ပြောပြခဲ့သည်။

"အဲဒီအချိန်က ကျွန်တော်တို့ဟာ အဖေ့ကို လေယာဉ်နဲ့တင်ပြီး ခေါ်သွားတဲ့သတင်းကို နာရီဝက်လောက် နောက်ကျပြီးမှ သိရပါတယ်။ နာရီဝက်ဆိုတဲ့အချိန်ဟာ အတော်ကို နောက်ကျနေပါပြီ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်နည်းနည်းလေး စောပြီးသာ သိရမယ်ဆိုရင် ကျွန်တော်တို့ ဒီလေယာဉ်ကို မထွက်နိုင်အောင် တားထားနိုင်ပါတယ်။

"နောက်တစ်ခါ ကျွန်တော်တို့ ထပ်ပြီးခံလိုက်ရပြန်ပါတယ်။ အဲဒီလေယာဉ်ဟာ ဘရာဇီးလ်နိုင်ငံမှာ ခဏဝင်ရပ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ အဲဒါလည်း အတော်ကလေး အချိန်နောက်ကျပြီးမှ သိရတဲ့အတွက် ဘာမှမတတ်နိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။ တကယ်တော့ ဘရာဇီးလ်အစိုးရ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့နဲ့ ဆက်သွယ်ထားတဲ့ ကျွန်တော်တို့ရဲ့လူက အလုပ်ကို ကောင်းကောင်းမလုပ်လို့ပါပဲ။ ဒါတောင်မှ ကျွန်တော်တို့ဟာ အဲဒီလေယာဉ်ကို မထွက်နိုင်အောင်လုပ်ဖို့ နည်းနည်းပဲလိုပါတော့တယ်။ ရီအိုလေဆိပ်မှာ ကျန်းမာရေးဘက်က အဖွဲ့တစ်ဖွဲ့ တက်သွားကြတော့ အဲဒီထဲက ဆရာဝန်တစ်ယောက်ဟာ လေယာဉ်ပေါ်မှာ လူတစ်ယောက်အိပ်နေတာကို တွေ့ရပါတယ်။ အဲဒီလူဟာ ကျွန်တော့်အဖေပါပဲ။ ဒါနဲ့ဆရာဝန်က 'ဘာဖြစ်တာလဲ'လို့မေးတော့ 'အစ္စရေးတစ်ယောက် နေမကောင်းလို့ပါ'ဆိုပြီး ပြန်ဖြေပါတယ်။ ဆရာဝန်က အဲဒီအိပ်နေတဲ့ လူရဲ့ ဦးခေါင်းပေါ်မှာ ခြုံထားတဲ့စောင်ကို မသိမသာလှစ်ကြည့်လိုက်တော့ အဲဒီလူဟာ လက်ထိတ်တန်းလန်းနဲ့ဖြစ်နေတာ တွေ့သွားပါတယ်။ ဒါနဲ့ သူက စကားတစ်ခွန်းမှမပြောတော့ဘဲ လေယာဉ်ပေါ်က ဆင်းသွားပါတယ်။ အဲ့ဒီကိစ္စကြောင့် ဘရာဇီးလ်အာဏာပိုင်တွေဟာ အဲဒီလေယာဉ်ကို လေဆိပ်မှာအတော်ကြာအောင် ထားထားခဲ့ပါသေးတယ်။ နောက်တော့ ဘရာဇီးလ်အစိုးရ ပြည်ထဲရေးဝန်ကြီး 'တိုင်ဇီရာ'ရဲ့ အမိန့်နဲ့ ဆက်ပြီး ပျံသန်းခွင့်ပြုလိုက်ပါတယ်"

အထက်ပါတို့မှာ တစ်စုံတစ်ရာ ပြန်လည်စစ်ဆေးခြင်းမရှိဘဲ ခြေဦးတည်ရာ အသေးစိတ် ပြောကြားသွားသည့် နစ်ကိုလပ်စ်၏ စကားများပင်ဖြစ်သည်။ (အမှန်စင်စစ် အိုက်ခ်မန်းကို တင်၍ခေါ်ဆောင်လာသော လေယာဉ်သည် ဘရာဇီးလ်နိုင်ငံ၌ မည်သည့်လေဆိပ်တွင်မှ ဆိုက်ကပ်ရပ်နားခြင်းမရှိခဲ့ပါ) မည်သို့ပင်ဖြစ်စေ သူ၏ ပြောကြားချက်အရ တစ်ခုတော့ သိသာထင်ရှားခဲ့သည်။ ၎င်းမှာ အိုက်ခ်မန်း၏ မိသားစုသည် အခြားကိစ္စများကို အလွန်အကျွံ လုပ်ခဲ့သော်လည်း ရဲဘက်ကိုမူ လုံးဝအကြောင်းမကြားခဲ့ဘဲ နေခဲ့သည်ဟူသော အချက်ပင်ဖြစ်သည်။

□



'နန်းတော်' အဆောက်အအုံတွင် အိုက်ခ်မန်း၏ အခန်းထဲ၌ တစ်နေ့လျှင် ၂၄ နာရီလုံးလုံး အစောင့်တစ်ယောက် အမြဲရှိနေခဲ့သည်။ သူတို့သည် အကျဉ်းသား အိုက်ခ်မန်းအား စက္ကန့်ကလေးမျှ အလစ်မပေးဘဲ မျက်စိဒေါက်ထောက်၍ စောင့်ကြည့်နေခဲ့ကြသည်။ ပထမပိုင်းတွင် အစောင့်တာဝန်ကို နှစ်နာရီတစ်ယောက်ကျ လဲခဲ့ကြသော်လည်း နောက်ပိုင်းတွင်မူ သုံးနာရီ တစ်ယောက်ကျ တာဝန်လဲခဲ့ကြသည်။ အချုပ်သမားနေသည့် အခန်းမှ ပြတင်းပေါက်ကို စောင်အထူကြီးဖြင့်ကာထားပြီး လျှပ်စစ်မီးကို အခန်းထဲတွင် နေ့ရောညပါ ထွန်းထားခဲ့ကြသည်။ ထိုအခန်းနှင့်ကပ်နေသော အခန်းတံခါးကို အမြဲဖွင့်ထား၍ အဆိုပါအခန်းထဲတွင် ဂါဘီကိုယ်တိုင် ညစဉ်အိပ်ခဲ့သည်။ ညဘက်၌ ခြံဝင်းထဲတွင်ပါ အစောင့်များချထားခဲ့သည်။ ကီရန်က အချုပ်ခန်းထဲတွင် အချက်ပေးခေါင်းလောင်းတစ်ခု တပ်ဆင်ထားခဲ့ပြီး ထိုခေါင်းလောင်းနှင့် ဝါယာကြိုးဆက်၍ ဧည့်ခန်းထဲတွင်ပါ ခေါင်းလောင်းတစ်ခု တပ်ဆင်ပေးခဲ့သည်။ အစောင့်အကြပ်များအနေဖြင့် အကူအညီလိုလျှင် တောင်းနိုင်ရန်နှင့် တစ်စုံတစ်ရာ အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက အချက်ပေးရန်ဖြစ်၏။

ကားရုံထဲတွင် ကားတစ်စီးကို အမြဲတမ်း အသင့်ထားရှိခဲ့သည်။ ထိုကားကို နေ့စဉ်စက်နှိုး၍ ကားတာယာများနှင့် စက်ကို အမြဲတမ်း စစ်ဆေးကြည့်ခဲ့ကြသည်။ အကယ်၍ အရေးပေါ်ကိစ္စတစ်ခု ဖြစ်ပွားလာပါက အစောင့်များအနေဖြင့် မည်သို့ဆောင်ရွက်ရမည်ကို သိထားကြပြီးဖြစ်သည်။ သူတို့သည် အရေးကြီးအချက်ပေးခေါင်းလောင်းသံ ကြားရသည်နှင့်တစ်ပြိုင်နက် အိုက်ခ်မန်းအား ကားရုံထဲသို့ အမြန်ဆုံးရောက်အောင် ခေါ်ထုတ်လာကြပြီး ကားပေါ်သို့တင်ကာ တစ်ကြိုးတည်း မောင်းထွက်သွားကြရမည်ဖြစ်သည်။

အစောင့်အကြပ်များအား အိုက်ခ်မန်းနှင့် လုံးဝစကားမပြောရန် ကြပ်တည်းစွာ အမိန့်ထုတ်ထားခဲ့သည်။ သို့သော် အစားအစာကျွေးသည့်အခါနှင့် ရေချိုးသည့်အခါများ၌ ကိုယ်ရေးကိစ္စများနှင့် ပတ်သက်၍ လိုအပ်သည့်စကားများကို အနည်းအကျဉ်းပြောရန် ခြွင်းချက်အားဖြင့် ခွင့်ပြုထားခဲ့သည်။ ဂါဘီက ဤအမိန့်နှင့် စည်းကမ်းချက်များကို တစ်သဝေမတိမ်း အတိအကျ လိုက်နာစောင့်ထိန်းကြရမည်ဖြစ်ကြောင်း အဖွဲ့ဝင်အားလုံးကို ညွှန်ကြားထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်းသည် တစ်ခါက ဟစ်တလာ၏ ဂျာမနီတွင် ဤ[illegible] သော သေရေးရှင်ရေး အခက်အခဲ အကျပ်အတည်းများကို ကြုံဖူးခဲ့[illegible] ဖြစ်ရာ သူသည် ရိုးရိုးသာမန်လူများထက် ပို၍တိထွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အပြင် ပရိယာယ်တစ်မျိုးမျိုးဖြင့် ဉာဏ်နီဉာဏ်နက် သုံး၍သော်လည်းကောင်း ယုတ်မာကောက်ကျစ်သည့် နည်းလမ်းတစ်ခုခုကို သုံး၍သော်လည်းကောင်း မမျှော်လင့်ဘဲ ကျွန်ုပ်တို့အား အလစ်တွင် 'အုပ်ထည့်'ကာ ထွက်ပြေးသွားနိုင်စရာ ရှိနေသောကြောင့်ဖြစ်သည်။

အိုက်ခ်မန်းသည် ထိုသို့ အလစ်တွင် ထွက်ပြေးရန်နှင့် သို့မဟုတ် သူ့ကိုယ်သူ သတ်သေရန် တစ်ခုခုကို အမြဲကြံစည်ကြိုးစားနေလိမ့်မည်ဟု ဂါဘီက တထစ်ချတွက်ထားခဲ့သည်။ သူသည် မိမိ၏ လွတ်မြောက်ရေးအတွက် ကယ်တင်ရန် အစွမ်းကုန်ကြိုးစားကြမည့် မိတ်ဆွေအပေါင်းအသင်းများ အမြောက်အမြားရှိနေကြောင်းနှင့် သည်အထဲတွင် အထူးသဖြင့် နာဇီပြည်ပြေးများလည်း ပါဝင်ကြောင်း ယုံကြည်ထားပြီးဖြစ်သည်။ ဤသို့ ယုံကြည်ယူဆထားသည့် အလျောက် ပထမသုံးလေးရက်အတွင်းက နန်းတော်အဆောက်အအုံတွင် အခြေအနေမှာ အတော်ကလေး တင်းတင်းမာမာ ကြပ်ကြပ်တည်းတည်း ရှိခဲ့သည်။ ကျွန်ုပ်တို့ လူများ၏ စိတ်ထဲတွင်လည်း မိမိတို့သည် စေတန်လို ကောက်ကျစ်စဉ်းလဲသည့် လူယုတ်မာတစ်ယောက်နှင့် ရင်ဆိုင်နေရသည်ဟု ယူဆထားခဲ့ကြသည်။ ဤလူယုတ်မာသည် မိမိတို့အား အချိန်မရွေး အလစ်တွင် ခုန်အုပ်သွားနိုင်စွမ်းရှိသည်ဟု နားလည်သဘောပေါက်ထားခဲ့ကြသည်။

ထို့နောက် ရက်ပေါင်းအတော်ကြာလာသောအခါ တစ်စတစ်စဖြင့် မိမိတို့သည် ပညာတတ်လူတန်းစားများ၏ အရည်အချင်း အစွမ်းအစများ ကြီးကြီးမားမား မရှိသည့် သာမန်ရာဇဝတ်ကောင်တစ်ယောက်နှင့် ဆက်ဆံနေရကြောင်း တဖြည်းဖြည်း သိစပြုလာခဲ့ကြသည်။ အိုက်ခ်မန်းသည် သူ့အား ဖမ်းဆီးလာခဲ့သည့် ပထမစောစောပိုင်း ရက်များအတွင်း တစ်စုံတစ်ရာ ထူးထူးခြားခြား တွေ့ရသည့်အခါတိုင်း အမြဲအထိတ်တလန့်ဖြစ်နေခဲ့သည်။ ကျွန်ုပ်တို့က သူ့ကို မတ်တတ်ရပ်ခိုင်းသည့်အခါ သူ့တစ်ကိုယ်လုံးမှာ သစ်ရွက်တစ်ရွက်ပမာ လှုပ်ခါနေခဲ့သည်။ တစ်ဖန် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုပြုရန် သူ့အား အဆောက်အအုံအလယ်မှ မြေကွက်လပ်သို့ ခေါ်လာသောအခါ ဟန်မဆောင်နိုင်လောက်အောင် ကြောက်ရွံ့တုန်လှုပ်နေသည်ကို တွေ့ရသည်။ သူ့စိတ်ထဲတွင် သူ့အား အပြင်သို့ခေါ်ထုတ်ပြီး မှုချသတ်ပစ်တော့မည်ဟု ယူဆလိုက်ဟန်တူသည်။

ထို့မှတပါး ပထမစောစောပိုင်း ရောက်ခါစရက်များကဆိုလျှင် အိုက်ခ်မန်းသည် သူစားသည့် အစာထဲတွင် အဆိပ်ခတ်ထားသည်ဟု ယူဆကာ အစားအစာတစ်ခုခု စားသည့်အခါတိုင်း ချွေးသီးချွေးပေါက်များ ကျနေခဲ့သည်။





မည်သို့ပင်ဖြစ်စေ သူသည် တစ်ချိန်လုံး ညဝတ်အင်္ကျီဖြင့် ခုတင်ပေါ်တွင် လဲကာ ခြေထောက်တစ်ဖက်မှာ ခုတင်တိုင်တွင် သံကြိုးဖြင့် ချည်ထားပြီး မျက်လုံးများမှာလည်း အပြင်ကို လုံးဝမမြင်ရသည့် အမှောင်ချ မျက်မှန်ကြီးတပ်ထားခြင်း ခံနေခဲ့ရသည်။ သူသည် မျက်လုံးများကို ပိတ်ထားသော မှောင်ချ မျက်မှန်ကြီးကြောင့် အသားများ နာလာသဖြင့် ထိုမျက်မှန်ကို ဖြုတ်ပေးရန် မကြာခဏ တောင်းပန်ခဲ့သည်။ သို့သော် ကျွန်ုပ်တို့သည် သူ့အား စောင့်ကြပ်နေသူများကို လုံးဝမမြင်စေလိုသဖြင့် မျက်မှန်ကို ဖြုတ်ပေးသည့်အခါတိုင်း သူ့ခေါင်းပေါ်တွင် စောင်တစ်ထည် အမြဲတမ်းအုပ်ထားခဲ့ကြသည်။ သူ၏ အပြုအမူမှာ ကျိုးကျိုးနွံနွံ ရှိလှ၍ တကယ့်ကျွန်ကောင်းတစ်ယောက်ပမာ ခိုင်းသမျှကို မဆိုင်းမတွ လိုက်နာခဲ့သည်။ သူ၏ အရှင်သခင်အသစ်များ စိတ်တိုင်းကျရန် တစ်ခုတည်းသာ ရည်ရွယ်ထားသည့်ပမာ ဖြစ်နေခဲ့သည်။

သို့ပါလျက် ကျွန်ုပ်တို့လူများသည် သူတို့စိတ်ထဲတွင် အထင်နှင့်အမြင် ပါစင်အောင် လွဲနေပြီး ပုံပျက်ပန်းပျက်ဖြစ်နေသော အကျဉ်းသား၏အဖြစ်ကို ကြည့်ကာ မယုံနိုင်လောက်အောင် ဖြစ်နေခဲ့ကြသည်။ သူတို့၏ စိတ်ကူးရုပ်ပုံလွှာထဲတွင် အိုက်ခ်မန်းသည် နံပါတ်တုတ်ကလေးတစ်ချောင်းကိုကိုင်ကာ သန်းပေါင်းများစွာသော ဂျူးလူမျိုးများကို သုတ်သင်သတ်ဖြတ်ခဲ့သည့် တကယ်အစွမ်းထက်သော ကြောက်မက်ဖွယ်ရာ လူကြီးတစ်ယောက်ဟု ယူဆထားခဲ့ကြရာ ယခုသော် အထင်နှင့်အမြင် တခြားစီဖြစ်နေခဲ့ကြသည်။ ထိုအချိန် ထိုအခါက သူ၏ အစွမ်းသတ္တိနှင့် တန်ခိုးအာဏာ ထက်မြက်မှုများသည် ဘယ်ပုံဘယ်နည်းဖြင့် ဘယ်ကဘယ်လို ရောက်လာခဲ့ပါသနည်း။ ထည်ဝါခံ့ညားလှသည့် ယူနီဖောင်းဝတ်စုံနှင့် ဖိတ်ဖိတ်တောက်နေသည့် ဘွတ်ဖိနပ်များကြောင့်လော သို့မဟုတ် ဂျာမန်ရှေးဟောင်း ဒဏ္ဍာရီပုံပြင်ထဲမှ 'ဒိုင်ဘဲလန်ဂျင်' မိသားစုတွင် ပါဝင်သော 'ဆီးဖရိုက်' ကဲ့သို့ သာမန်လူသားများထက် ပိုမိုထူးခြား၍ အရာရာကို လုပ်ကိုင်ဖန်ဆင်းနိုင်သည့် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ဝတ်ရုံကို ပိုင်ဆိုင်ခဲ့၍လော။

အိုက်ခ်မန်းအပေါ်တွင် ကျွန်ုပ်တို့လူများ ထားရှိခဲ့ကြသည့် မလိုလားမှု အစိုင်အခဲသည် ဤလျှို့ဝှက်သောအိမ်တွင် နောက်ထပ် တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့သည်။ လူတစ်ယောက်အတွက် မရှိလျှင်မဖြစ်သော အခြေခံလိုအင်ဆန္ဒများကို စောင့်၍ ဆောင်ရွက်လုပ်ကိုင်ပေးခဲ့ကြရင်း မည်သို့မျှ အကျိုးမရှိ ... ဖြစ်နေသည်ဟူသော ခံယူချက်ဖြင့် တဖြည်းဖြည်း မလိုလားမှု ... ပို၍ များလာခဲ့ကြသည်။ 'နန်းတော်' အဆောက်အအုံသည် မိမိ ...



www.burmeseclassic.com

www.burmeseclassic.com



များအတွက်ပါ အကျဉ်းထောင်သဖွယ် ဖြစ်နေခဲ့ရာ ဤအကျဉ်းထောင်မှ သူတို့ လွတ်မြောက်မည့်ရက်ကိုပါ ကြိုတ်မနိုင်ခဲမရ စောင့်မျှော်နေခဲ့ကြရသည်။

❐

'နန်းတော်'ရှိ လူများ၏ စိတ်ဓာတ်သည် ဒီနာ ရောက်လာသည့်အခါတွင်မှသာ အနည်းငယ် အားတက်လာကြသည်။ ဒီနာအား ဂါဘီနှင့် အီလီတို့နှစ်ယောက်မှ တစ်ပါး ကျန်အဖွဲ့ဝင်အားလုံးသည် ယခင်ကပင် တွေ့ဖူးသိဖူးခဲ့ကြပြီးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤအိမ်တွင် အမျိုးသမီးတစ်ယောက် ရှိနေခြင်းဖြင့် စောစောပိုင်းက ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းလှသည့်အဖြစ်များ မှုချပျောက်ကွယ် လွင့်စဉ်သွားလိမ့်မည်ဟု အားလုံးက မျှော်လင့်ခဲ့ကြသည်။ ထို့ပြင် မိမိတို့အားလုံးမှာ အချက်အပြုတ် ညံ့ဖျင်းလှသည်နှင့် အမျှ အစားအသောက်များမှာ အရသာမရှိဘဲ ဖြစ်နေခဲ့ကြရာ ယခုကဲ့သို့ အမျိုးသမီးတစ်ယောက် ရောက်လာခြင်းဖြင့် အစားအသောက် ကောင်းကောင်း စားရတော့မည်လားဟူ၍ အကြီးအကျယ် မျှော်လင့်မိကြသည်။ သို့သော် သူတို့တစ်တွေ ကံဆိုးသည်ဟု ဆိုရမည်လားမသိ။ ဒီနာ ချက်သည့် ထမင်းဟင်းများမှာ သူတို့မျှော်လင့်ထားသလောက် မကောင်းလှဘဲ ဖြစ်နေခဲ့သည်။ မည်သို့ပင်ဖြစ်စေ ရက်အနည်းငယ်ကြာလာသောအခါ သူမ၏ ဂရုတစိုက် ကြိုးစားမှုများကြောင့် စားရေးသောက်ရေးတွင် တဖြည်းဖြည်း အဆင့်မြင့် တိုးတက်လာသည်ကို အားလုံးကပင် ဝန်ခံလာခဲ့ကြရသည်။

တစ်ချိန်တည်းတွင် ဤအိမ်ကို ယခင်ကလို ခြောက်ခြောက်သွေ့သွေ့ မဖြစ်စေရဘဲ စိုစိုပြည်ပြည်နှင့် သာသာယာယာဖြစ်လာအောင် သူမက ဖန်တီးလုပ်ဆောင်ပေးခဲ့သည်။ သူမ၏ လက်ရာ ထမင်းဟင်းများမှာ ပထမတန်း 'ဖဲကြိုးပြာ' တံဆိပ်ရ ပြင်သစ်စားတော်ကဲများချက်သည့် ဟင်းများလို အကောင်းစား အဖုံးစားခဟုတ်သည့်တိုင်အောင် ယုတ်စွအဆုံး တည်ခင်းကျွေးမွေးရာ၌ စနစ်တကျ အစီအစဉ်ဖြင့် တစ်ခုပြီးတစ်ခု ခမ်းခမ်းနားနား ရှိလှသည်ဟု ဆိုရမည်ဖြစ်သည်။ ဒီနာသည် ညနေတိုင်း ညနေတိုင်း နောက်တစ်နေ့အတွက် ဘာဟင်းချက်မည်ဟူသော အစီအစဉ်ကို ရေးဆွဲ၍ စာရင်းပြုလုပ်ခဲ့ပြီး ထိုစာရင်းအရ နောက်တစ်နေ့ နံနက်တွင် ကဲနက်နှင့် အီဟတ်တို့က ဈေးသွားဝယ်ကြရသည်။ ဤအိမ်တွင် ရှိနေကြစဉ်အတွင်း ဒီနာသည် အပြင်သို့ တစ်ကြိမ်တစ်ခါသာလျှင် ထွက်ဖူးသည်။ ထိုစဉ်က ခေါင်းကိုက်နေသည်ကို တွေ့ရသဖြင့် ဂါဘီက သူမအား အပြင်ထွက်၍ အနီးဆုံး ဆိုင်ဘင်ဆိုင်မှ မီးခြစ်ဝယ်ရန် လွှတ်လိုက်ခြင်းဖြစ်သည်။





ဒီနာသည် ဘာသာတရားကို ရိုသေကိုင်းရှိုင်းသူတစ်ဦးဖြစ်ရာ အစားအစာများကို အလွန်စည်းကမ်းကြီးစွာ မြိုးခြံစားသောက်တတ်သူဖြစ်သည်။ သူမအနေဖြင့် မစားဘဲ ရှောင်ထားသည့် အစားအစာများဆိုလျှင် အမိဋ္ဌာန်ပျက်မည်စိုးသဖြင့် သူမကိုယ်တိုင် ချက်ပြုတ်ကြော်လှော်နေရသည့်တိုင်အောင် လုံးဝမတို့ဘဲ မမြည်းဘဲ နေခဲ့သည်အထိ စောင့်ထိန်းခဲ့သည်။ သူမသည် များသောအားဖြင့် ကြက်ဥနှင့် ပေါင်မုန့်ကိုသာစား၍ 'ကိုကာကိုလာ' ဖျော်ရည်ကို သောက်လေ့ရှိသည်။

တစ်နေ့တွင် အဖွဲ့ဝင်တစ်ယောက်က ကဲနက်ထံသို့လာ၍ ဒီနာသည် ဤအတိုင်းသာ အစားအသောက်ကို စည်းကမ်းကြီးစွာ မြိုးခြံလွန်းပါက အာဟာရ ပြတ်ကာ သေသွားဖွယ်ရာပင်ရှိကြောင်း သတင်းပို့ခဲ့သည်။ သို့ဖြင့် ကဲနက်သည် ဒီနာအတွက် ဘာသာရေးခွင့်ပြုချက်အရ မီးနှင့်ချက်ထားသော အခြားအစားအစာများကို ယူလာခဲ့သည်။ သို့တိုင်အောင် သူမသည် ဘာသာရေးနှင့် ကိုက်ညီသည့် ဒန်အိုး ဒယ်အိုးများဖြင့် ချက်ပြုတ်ကြော်လှော်ထားသည့် အစားအစာများကိုသာ ရွေး၍စားခဲ့သည်။ အက်ရှက်က ဒီနာအား ဤအိမ်တွင်ရှိနေသည့် အစားအစာ မှန်သမျှ အားလုံးစားစေရန် ညွှန်ကြားပေးပါဟူ၍ ကျွန်ုပ်ထံ လာရောက်ပြောကြားခဲ့သေးသည်။ သို့သော် ဤကိစ္စမျိုးတွင် ကျွန်ုပ် အမိန့်အာဏာနှင့် ညွှန်ကြားချက်ကို သုံးရန်မသင့်ဟု ကျွန်ုပ်က ယူဆမိသဖြင့် အက်ရှက်၏ တိုက်တွန်းချက်ကို လက်မခံဘဲ ငြင်းပယ်ခဲ့ရသည်။

ဒီနာသည် နေ့လယ်ဗင်္ဂနေ့ခင်းဘက်တွင် ဤအိမ်၌ ရှိရှိသမျှ အဖွဲ့ဝင်အားလုံးထက် ပို၍အလုပ်လုပ်ခဲ့သည်။ သူမသည် နံနက်တွင် အစောဆုံး အိပ်ရာမှ ထ၍ အိုက်ခ်မန်းနှင့် အစောင့်အကြပ်များအတွက် နံနက်စာများ စီစဉ်ပေးခဲ့ရသည်။ ထို့နောက် သူမသည် အိုးခွက်ပန်းကန်များကို ဆေးကြော၍ တစ်အိမ်လုံး၏ သန့်ရှင်းရေးကို လုပ်ကိုင်ခဲ့ရသည်မှာ နံနက် ၁၁ နာရီထိုးသည်အထိဖြစ်သည်။ ထိုအချိန်တွင် နေ့လယ်စာစားချိန် ရောက်လာပြီဖြစ်၍ အားလုံးအတွက် အစားအသောက်များကို တည်ခင်းကျွေးမွေးခဲ့ရသည်။ မွန်းလွဲဘက်တွင် ကဲနက် ဝယ်ကျွေးသော ကိတ်မုန့်များကို တစ်ယောက်မကျန် အားလုံးစားခဲ့ကြပြီး ညစာအတွက်ကိုမူ များသောအားဖြင့် အအေးစာများကို စားခဲ့ကြသည်။

ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ ဒီနာသည် အိုက်ခ်မန်းအ... ကြက်စွပ်ပြုတ်၊ ကြက်သားပြုတ်၊ ကြက်ဥ မကျက်တကျက်ပြုတ်... ကြက်ဥ မကျက်တကျက်ကြော်နှင့် အာလူးပြုတ်စသည့် အ...



www.burmeseclassic.com

www.burmeseclassic.com



အရာများကိုသာ စီစဉ်ကျွေးမွေးခဲ့ရသည်။ သူမ ချက်ပြုတ်ကြော်လှော်ထားသည့် အစားအစာများကို အဖွဲ့ဝင်တစ်ယောက်က အိုက်ခ်မန်းထံသို့ ပို့ပေးခဲ့ရသည်။

သို့ဖြင့် ရက်ပေါင်း အတော်ကလေးကြာလာခဲ့ပြီးနောက် ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား ဤအမှုအတွက် အစ္စရေးနိုင်ငံတွင် ရုံးတင်စစ်ဆေးရန် သဘောတူပါသည်ဟူသော ကြေညာချက်တစ်စောင်ကို လက်မှတ်ရေးထိုးစေရန် စီစဉ်ဆုံးဖြတ်ခဲ့ကြသည်။ ဤတွင် ဂါဘီက အကယ်၍ ဤအိမ်တွင် အမျိုးသမီးတစ်ယောက်ရှိနေကြောင်းနှင့် အမျိုးသမီး၏အသံကို ကြားရပါက အိုက်ခ်မန်း၏ ကြောက်စိတ်များ အတော်အတန် လျော့ပါးသွားဖွယ်ရာရှိပြီး အဆိုပါကြေညာချက်ကို ပို၍အလွယ်တကူ လက်မှတ်ရေးထိုးလိမ့်မည်ဟု ယူဆခဲ့သည်။ သို့ဖြင့် ကျွန်ုပ်တို့သည် ထိုအချိန်မှစ၍ အိုက်ခ်မန်းအတွက် အဝတ်အစားများကို ဒီနာ ကိုယ်တိုင် အချုပ်ခန်းထဲသို့ သွားပို့ပေးရန် စီစဉ်ခဲ့ကြသည်။

သူမသည် အိုက်ခ်မန်းအား ပထမဆုံးအကြိမ် တွေ့မြင်လိုက်ရသောအခါ အခြားသူများကဲ့သို့ပင် တအံ့တသြ ဖြစ်သွားခဲ့သည်။ အိုက်ခ်မန်းသည် အစစအရာရာ သာမန်လူတစ်ယောက်နှင့် ဘာတစ်ခုမျှမခြားနားဘဲ ဖြစ်နေခဲ့ရာ သူသည် ဂျူးလူမျိုး သန်းပေါင်းများစွာတို့ကို သေတွင်းသို့ပို့ဆောင်ခဲ့သည်ဟူ၍ မည်သို့မျှ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ သို့သော် ယခု မိမိ အစားအသောက်များ လာရောက်ကျွေးမွေးနေရသူသည် 'အိုက်ခ်မန်း'ဖြစ်သည်ဟူသော အသိတရား ပြောင်းလဲဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ဒီနာသည် သူ့ကို အဆိပ်ခတ်သတ်ရန်ပင် စိတ်ထဲတွင် ရုတ်တရက် ကြံစည်စိတ်ကူးမိကြောင်းဖြင့် နောင်အခါ၌ ဝန်ခံပြောကြားခဲ့သည်။ သို့သော် သူမသည် အခြားအဖွဲ့ဝင်များကဲ့သို့ပင် စည်းကမ်းနှင့်တာဝန်ကို အတိအကျ ရိုသေလိုက်နာရန် လေ့ကျင့်ထားခဲ့သူဖြစ်ရာ သူမ၏စိတ်ကို ချက်ချင်းပြန်လည်ထိန်းသိမ်းနိုင်ခဲ့သည်။ အဆုံးစွန်သောစကားကို ဆိုရပါမူ ကျွန်ုပ်တို့သည် မည်သို့လျှင် ထိုအလုပ်မျိုးကို လုပ်၍ဖြစ်နိုင်ပါမည်နည်း၊

'နန်းတော်' အဆောက်အအုံတွင် စိတ်မာတင်းကျပ်ဆင်းမှုသည် တဖြည်းဖြည်းချင်း ကြီးမားသည်ထက် ကြီးမားလာခဲ့သည်။ သူတို့သည် အိုက်ခ်မန်းအား အစွဲအလမ်းသို့ ဘေးမသီရန်မခဘဲ ကောင်းမွန်ချောမောစွာ အရောက်ပို့ဆောင်ရန် တာဝန်ရှိကြောင်း နားလည်သိရှိထားကြပြီးဖြစ်သည်။ သို့ဖြစ်ရာ သူတို့တွင် အခြားအလွှာစရာလမ်းမရှိဘဲ အိုက်ခ်မန်းအား ဂရုတစိုက် စောင့်ရှောက်ထိန်းသိမ်းသွားကြရန်သာရှိသည်။ သို့ပါလျက် အကျဉ်းသားကို မြင်တွေ့လိုက်ရသည့်အခါတိုင်း





သူတို့၏ လုပ်ကိုင်ဆောင်ရွက်သွားမှုများနှင့် စိတ်လှုပ်ရှားမှုများ၏ နောက်ကွယ်တွင် တစ်စုံတစ်ရာသော အတွင်းအစွဲတွန်းသန္တာန် စိတ်ဆန္ဒတစ်ခုသည် အမြဲတမ်း တရွရွ ဖြစ်ပေါ်လျက်ရှိနေခဲ့သည်။ စိတ်မချမ်းမြေ့ဖွယ်ရာကောင်းလှသော ဤ ရာဇဝတ်ကောင်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ပြင်းပြသော နာကျင်မှုများနှင့် ရွံရှာမုန်းတီးမှုများသည် မိမိတို့စိတ်ထဲတွင် တဖွားဖွားပေါ်ပေါက်လာခဲ့သည်။ သူ့ကို ကြည့်ရသည်မှာ ယူနီဖောင်းဝတ်စုံနှင့် အာဏာပါဝါများကို ခွာချလိုက်သည်နှင့်တစ်ပြိုင်နက် ယခင်ကရှိခဲ့သော ကြီးကျယ်ခံ့ညားမှုနှင့် ဝင့်ဝါမောက်ကြွားမှုများ အစအနမျှမကျန်အောင် ဆိတ်သုဉ်းပျောက်ဆုံးသွားသည့် လူတစ်ယောက်အသွင် အထင်အရှား မြင်တွေ့နေရသည်။ သို့ဖြစ်ရကား မကောင်းမှုဒုစရိုက်ကောင်များ၏ ခေါင်းချုပ်ဖြစ်သော စေတန်၏ ဥပမိရုပ်သွင်မှာ ဤသို့လျှင်ရှိနေပါသလား။ အပြစ်မဲ့သူ သန်းပေါင်းများစွာသော လူများကို သုတ်သင်သတ်ဖြတ်ရန်အတွက် ရက်စက်ကြမ်းကြုတ်လှသော ရုပ်အသွင်သည် ဤသို့ပင်ရှိနေပါသလား။ လူသားတစ်ယောက်၏ ဂုဏ်သိက္ခာနှင့် မာန်မာနများ လျော့ကျကုန်ဆုံး၍ ရုပ်လက္ခဏာများ ကင်းမဲ့နေသော ဤသူသည် ဂျူးလူမျိုး ခြောက်သန်းကို သုတ်သင်သတ်ဖြတ်ခဲ့သည့် သေမင်းတမန် ဧကန်အစစ် ဖြစ်ပါသလား။

■

www.burmeseclassic.com

## ဥရောပမှ အာဂျင်တီးနားသို့ ထွက်ပြေးရာလမ်းကြောင်းများ

ယခုဆိုလျှင် ကျွန်ုပ်သည် အကျဉ်းသားအား စောင့်ရှောက်ထိန်းသိမ်းသည့် အလုပ်ကို အတွေ့အကြုံကြွယ်ဝပြီးဖြစ်သည့် ဂါဘီ၏လက်သို့ လွှဲအပ်ကာ နောက်ထပ် လှုပ်ရှားမှုခြေလှမ်းအဖြစ် အိုက်ခ်မန်းအား အာဂျင်တီးနားမှ အစ္စရေးသို့ ပို့ဆောင်ရမည့် အလုပ်ကို ပြောင်း၍လုပ်နိုင်ပြီဖြစ်သည်။ စစ်ဆင်ရေးတွင် ဤအဆင့်ကို အီဟတ်က လုံးဝတာဝန်ယူထားသည်ဖြစ်ရာ သူသည် ဤလုပ်ငန်းတွင် ပတ်သက်ပါဝင်နေကြသည့် အဖွဲ့ဝင်အားလုံးနှင့်အတူ လေယာဉ်ကွင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်သို့လည်းကောင်း၊ 'နန်းတော်'မှ လေယာဉ်ကွင်းသို့သွားရာ လမ်းအသွယ်သွယ်တို့ကိုလည်းကောင်း နေ့ရောညပါ လေ့လာအကဲခတ်၍ စောင့်ကြည့်ခဲ့ကြသည်။ ထို့နောက် ကျွန်ုပ်သည် လာဇာနှင့် ထပ်မံ၍ အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ထိုအချိန်၌ လာဇာသည် လေဆိပ်တွင် အတော်ကလေး အခြေအနေကောင်းမွန်၍ တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်နေပြီဖြစ်ရာ သူသည် ဤလေယာဉ်ဆိပ်မှ ဝါရင့်အလုပ်သမားတစ်ယောက်ပမာ နေရာတကာ နှံ့နှံ့စပ်စပ်သိအားသူတစ်ယောက် ဖြစ်နေခဲ့သည်။

အိုက်ခ်မန်းအား နန်းတော်မှ လေဆိပ်သို့ ပြောင်းရွှေ့သယ်ဆောင်လာရန်အတွက် ကျွန်ုပ်တို့အနေဖြင့် လေ့လာစုဆောင်းရမည့် သတင်းများမှာ အဓိကအားဖြင့် အဆင့်လေးဆင့် ရှိနေသည်။ ၎င်းတို့မှာ…

(က) လေဆိပ်နှင့်ပတ်သက်သမျှ အားလုံး တစ်ခုမကျန် အသေးစိတ်သိရှိထားရမည်ဖြစ်သည်။ နေ့စဉ် ပုံမှန်အလုပ်များ၊ ကာကွယ်ရေး





အစီအစဉ်များ၊ အကောက်ခွန်ဌာနမှ ရှာဖွေစစ်ဆေးခြင်းများ၊ အထောက်အထား၊ အဝင်အထွက် ခရီးသည်များအတွက် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အခြားအလုပ်ကိစ္စများဖြင့် လေဆိပ်သို့ ဝင်ထွက်သွားလာကြသူများနှင့် အလည်လာရောက်သူများအား အကောက်ခွန်ဌာနမှ အစစ်အဆေးမရှိ လွတ်လပ်စွာ သွားလာနိုင်ရန် လိုအပ်သော အစီအစဉ်များနှင့် အဆက်အသွယ်များ စသည်တို့ဖြစ်သည်။

(ခ) အစ္စရေးအစိုးရကိုယ်စားလှယ်များ လိုက်ပါလာမည့် အထူးလေယာဉ်နှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို အတိအကျ သိထားရမည်ဖြစ်သည်။ လေယာဉ်ဆိုက်မည့်အချိန်၊ ဤလေယာဉ်ကွင်းတွင် ဆိုက်ကပ်ရပ်နားထားမည့် ရက်ကာလအပိုင်းအခြား၊ အာဂျင်တီးနားသို့ လိုက်ပါလာကြသူများနှင့် အစ္စရေးသို့ ပြန်လည်လိုက်ပါကြမည့် ခရီးသည်များအတွက် လိုက်နာဆက်သွယ်ရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဗျူနိုအဲရစ္စမြို့မှ ခရီးသည်များ တင်ဆောင်ခွင့်ရရန် လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များ၊ ထိုသို့တင်ဆောင်ခွင့်ရသည်နှင့်တစ်ပြိုင်နက် လေယာဉ်လက်မှတ် ရောင်းချရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ရိုးရိုးသာမန် ခရီးသည်များအား လိုက်ခွင့်မပြုပါက မည်သို့သော ပုဂ္ဂိုလ်မျိုးကို လိုက်ပါခွင့်ပြုမည်ဖြစ်ကြောင်း စုံစမ်းမေးမြန်းရန် စသည် စသည်တို့ဖြစ်သည်။

(ဂ) အိုက်ခ်မန်းအား လျှို့ဝှက်သောအိမ်မှ လေယာဉ်ကွင်းသို့ ခေါ်ဆောင်လာရာတွင် ရင်ဆိုင်ရမည့် ပြဿနာများနှင့် လိုအပ်သည့် အစီအစဉ်များကို ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ သူ့အတွက် ထောက်ခံစာများနှင့် စာရွက်စာတမ်းများ၊ ခရီးသွားလက်မှတ်နှင့် ကျန်းမာရေးခွင့်ပြုချက်များ၊ ဆေးလက်မှတ်များ၊ သူ၏ လုံခြုံရေးအတွက် အခြားလိုအပ်သည့် ပြင်ဆင်မှုများနှင့် လမ်းခရီးတွင် အကယ်၍ ရဲဘက်မှ စစ်ဆေးလာပါက အဟန့်အတားမဖြစ်စေရန် ကြိုတင်စီစဉ်ထားရမည့် အချက်အလက်များ စသည်တို့ဖြစ်သည်။

(ဃ) အစ္စရေးသို့ ပျံသန်းမည့် လေယာဉ်ပေါ်တွင် အိုက်ခ်မန်းနှင့် အစောင့်အရှောက်များအတွက် မည်သို့ဟန်ဆောင်ရပ်ဖျက်၍ လိုက်ပါရမည်ဟူသော အခြေအခံများကို သတ်မှတ်ပေးထား [illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျွန်ုပ်သည် အထက်ပါ လုပ်ငန်းအားလုံးအတွက် ပုံစံအနေအထား တစ်ခုလုံးကို ရေးဆွဲကာ ဆက်လက်ဆောင်ရွက်ရမည့် တာဝန်များကို အသေးစိတ် ချမှတ် ပြီးစီးခဲ့သည်။

□

မေလ ၁၄ ရက်နေ့တွင် ဂါဘီနှင့် အီလီတို့သည် ကြိုတင်သတ်မှတ်ထားသည့် နေရာ တစ်နေရာသို့ ကျွန်ုပ်တို့နှင့် တွေ့ဆုံရန် ရောက်ရှိလာခဲ့ကြသည်။ (ဤသည်မှာ 'နန်းတော်' အဆောက်အအုံတွင် လုံခြုံရေးအစီအစဉ်များသည် အနည်းနှင့်အများ ပုံမှန်လည်ပတ်နေပြီဖြစ်၍ ဂါဘီသည် အပြင်သို့ နှစ်နာရီသုံးနာရီခန့် စိတ်ချလက်ချ ထွက်လာနိုင်သောကြောင့်ဖြစ်သည်။) ကျွန်ုပ်သည် စစ်ဆင်ရေးအတွက် လူချင်းခွဲခဲ့ကြသည့် မေလ ၁၁ ရက်နေ့မှစ၍ သူတို့နှင့် မတွေ့ရဘဲရှိခဲ့ရာ ယခုတစ်ဖန် သူတို့နှင့် ပြန်တွေ့လိုက်ရသောအခါ ဤသုံးရက်အတောအတွင်း သူတို့၏ မျက်နှာအမူအရာနှင့် အသွင်အပြင်များမှာ အကြီးအကျယ် ပြောင်းလဲသွားကြသဖြင့် တအံ့တဩပင် ဖြစ်သွားမိသည်။

သူတို့နှစ်ယောက်စလုံး၏ မျက်နှာများမှာ သုန်သုန်မှုန်မှုန်ဖြစ်နေကြသည်။ အထူးသဖြင့် ဂါဘီ၏ မျက်နှာမှာ တစ်စုံတစ်ခုကို အလိုမကျဖြစ်နေသည့် ပုံမျိုးဖြင့် ဒုက္ခတွေ့နေရသည့် အသွင်လက္ခဏာမျိုး ဖြစ်နေသည်။ သူက လောလောဆယ် သူရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများနှင့် စိုးရိမ်မှုများကို ကျွန်ုပ်အား ပြောပြခဲ့ရာ သတ္တိကောင်းလှ၍ ရဲရင့်လှသော ဂါဘီမှာ ယခုအခါ တာဝန်များဖြင့် ပိကာ မနိုင်မနင်းဖြစ်နေသည်ကို ကျွန်ုပ် နားလည်သဘောပေါက်လာခဲ့သည်။ အထူးသဖြင့် အိုက်ခ်မန်းအား ထိန်းသိမ်းစောင့်ရှောက်ရသည့် တာဝန်နှင့် သူ့အဆောင်းအသင်းများ စိတ်ဓာတ်မကျအောင် အားပေးရသည့် တာဝန်ကိုပါ တာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းရွက်နေရကြောင်း သိလိုက်ရသည်။

ဤသည်မှာ ကျွန်ုပ်တို့၏ ရှုမှန်းစရာကောင်းလှသည့် ရာဇဝတ်ကောင်အား စောင့်ကြည့်နေရသူများအပေါ် ဖိစီးကျရောက်နေသည့် ကြီးလေးသော တာဝန် ဝန်ထုပ်ဝန်ပိုးကို ကျွန်ုပ်အနေဖြင့် ပထမဆုံး တစေ့တစောင်း အကဲခတ်လိုက်မိခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ဂါဘီနှင့် အီလီတို့အား စိတ်ဓာတ်မြှင့်တင်ရေး အတွက် တတ်နိုင်သမျှ ကြိုးစားခဲ့ရသည်။ ကျွန်ုပ်က သူတို့၏ ခံစားချက်များကို နားလည်သဘောပေါက်ကြောင်းနှင့် အိုက်ခ်မန်းအား ထိန်းသိမ်းစောင့်ရှောက်ရင်း





အမြဲတမ်း တင်းမာနေကြသည့် အခြေအနေအောက်တွင် ပေါ်ပေါက်လာသည့် စိတ်ဓာတ်ရေးရာ ပြဿနာများကို လုံးဝသတိမထားခဲ့မိကြောင်းတို့ကို ဖွင့်ပြောခဲ့ရသည်။ ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ် မြင်တွေ့ထားသလောက် အခြေအနေ တစ်ခုလုံးကို ခြုံ၍သုံးသပ်ပြခဲ့ပြီး ဤစစ်ဆင်ရေး မုချအောင်မြင်မည့် အလားအလာ လက္ခဏာများကို တွက်ပြခဲ့ရသည်။ အားလုံးကို ခြုံ၍စဉ်းစားရမည်ဆိုပါက ကျွန်ုပ်တို့သည် ခေါင်းအေးအေးထား၍ စစ်ဆင်ရေးကြီး တစ်ခုလုံး ဆုံးရှုံးသွားစေမည့် အမှားအယွင်းများကို အစွမ်းကုန် ရှောင်ရှားကြရန် အရေးကြီးကြောင်း သူတို့အား ရှင်းပြခဲ့ရသည်။

ထိုသို့ သူတို့၏ စိတ်ဓာတ်များ အတော်အတန် တက်ကြွလန်းဆန်းလာအောင် လုပ်ဆောင်ရာ၌ အထိုက်အလျောက် ထိရောက်အောင်မြင်ခဲ့သည်ဟု ကျွန်ုပ် သဘောရမိသည်။ တစ်ချိန်တည်းတွင် လုံခြုံရေးအရ အဟန့်အတားရှိနေသည့်ကြားမှ ကျွန်ုပ်သည် နန်းတော် အဆောက်အအုံကို ကျွန်ုပ်ကိုယ်တိုင် စစ်ဆေးကြည့်ရှုလိုကြောင်းနှင့် မကြာမီ အဆိုပါလျှို့ဝှက်အိမ်သို့ လာရောက်မည် ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။

ကျွန်ုပ်၏ အကြံအစည်သည် ဂါဘီအတွက် တအားတက်စရာ ဖြစ်သွားခဲ့၍ နောက်တစ်နေ့ မေ ၁၅ ရက် တနင်္ဂနွေနေ့ညတွင် ထိုအိမ်သို့ ကျွန်ုပ် ရောက်ရှိလာမည်ဖြစ်ကြောင်း ချိန်းဆိုခဲ့သည်။ အကယ်၍ တနင်္ဂနွေနေ့တွင် ထိုအိမ်၌ ခါတိုင်းထက်ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို အိမ်နီးနားချင်းများက တွေ့မြင်သွားကြပါက သူတို့စိတ်ထဲတွင် ဤကိစ္စမှာ တနင်္ဂနွေနေ့များ၏ ဖြစ်ရိုးဖြစ်စဉ် သဘာဝဟူ၍ပင် ထင်မှတ်ကြမည်ဖြစ်ကြောင်း ကျွန်ုပ် ယုံကြည်ယူဆ ထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ဤစစ်ဆင်ရေး၏ ယခုအဆင့်တွင် ပါဝင်ပတ်သက် နေကြသူများအား အကယ်၍ အပြင်ဘက်မှ အမှတ်မထင် စိတ်ပါဝင်စားမှုများကို တွေ့မြင်ရပါက မည်သို့မျှ ထိတ်လန့်တုန်လှုပ်စရာမလိုဘဲ အားလုံး စီစဉ်ထားသည့်အတိုင်း အတိအကျ ဆက်လက်လုပ်ကိုင်သွားကြရန် သတိပေးပြောကြား ထားခဲ့သည်။

နောက်ဆုံး၌ ကျွန်ုပ်နှင့် ဂါဘီတို့သည် အိုက်ခ်မန်းအတွက် ယာယီထောင် ခံစားအတုတစ်ခု ပြုလုပ်ကြရန် စီစဉ်ဆုံးဖြတ်ခဲ့ကြသည်။ အကယ်၍ [illegible] ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပါက အိုက်ခ်မန်းအား မမာမကျန်း [illegible] ညည်းသည်တစ်ယောက်ဖြစ်ကြောင်း အထောက်အထား ပြနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် အရေးပေါ်အကြောင်းကိစ္စ တစ်စုံတစ်ရာ ကြုံကြိုက်ပါက ရုတ်တရက် လျှို့ဝှက်သော မလွယ်ပေါက်မှ ထွက်ခွာသွားနိုင်ရန် ကျွန်ုပ်သည် အကျဉ်းသား အတွက် အခြားလိုအပ်သည့် စာရွက်စာတမ်းများကိုလည်း အသင့်ပြုလုပ်ထားခဲ့ သည်။

သို့ဖြစ်ရာ စနေနေ့ ညနေစောင်းတွင် အီလီသည် အိုက်ခ်မန်းအား ဓာတ်ပုံရိုက်ရန်အတွက် သူကျွမ်းကျင်ထားသည့် ရုပ်ပြောင်းရုပ်လွှဲ 'မိတ်ကပ်' ပညာဖြင့် လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ပေးခဲ့ရသည်။ သူသည် အိုက်ခ်မန်းအား 'ငယ်ရုပ်'အတိုင်း ပြန်ပေါ်လာအောင် ပြုပြင်ဖန်တီးပေးခြင်းဖြင့် 'လက်စွမ်း'ပြခဲ့သည်။ သို့ဖြင့် အိုက်ခ်မန်းသည် သူ၏ 'လူသတ်လုပ်ငန်း' အရှိန် အမြင့်ဆုံးအချိန်လောက်က ရိုက်ကူးထားခဲ့သည့် ဓာတ်ပုံများထဲက ရုပ်အတိုင်း ဖြစ်လာခဲ့သည်။ အီလီက သူ့အား ရုပ်ပြောင်းသွားအောင် ပြုလုပ်ရန် လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ရာ၌ အိုက်ခ်မန်းမှာ သူ့ကို သတ်ပစ်ကြတော့မည်ဟု ယူဆကာ အတော်ကလေး တုန်လှုပ်သွားခဲ့သေးသည်။ နောက် အီလီက အကျိုး အကြောင်းရှင်းပြတော့မှ စိတ်အေးပြီး ငြိမ်သွားခဲ့သည်။

ညဘက်သို့ ရောက်လာသောအခါ ဒန်နီသည် ဤလျှို့ဝှက်သည့်အိမ်သို့ ပထမဆုံးအကြိမ် ပေါက်ချလာခဲ့သည်။ သူနှင့်အတူ ဓာတ်ပုံရိုက်သည့် ပစ္စည်းများ နှင့် စာရွက်စာတမ်းအတုလုပ်သည့် ကိရိယာတန်ဆာပလာများ အပြည့်အစုံပါလာ ခဲ့သည်။

ဒန်နီ၏ ပေါ်လွင်ထင်ရှားသည့် တည်ငြိမ်အေးဆေးလှသော အမူအရာ လက္ခဏာသည် အိမ်ထဲသို့ ဝင်လိုက်မိသည်နှင့်တစ်ပြိုင်နက် ပျောက်ကွယ်သွားခဲ့ သည်။ သူသည် သူ့ကိုယ်သူ ဧရာမ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်ကြီးတစ်ခု နှင့် ကြုံတွေ့ရတော့မည်ဟု အလေးအနက်ခံယူထားခဲ့သည်။ သူသည် လူပေါင်း မြောက်မြားစွာကို သတ်ဖြတ်ခဲ့သည့် ဧရာမ လူသတ်ကောင်ကြီးအား မျက်နှာ ချင်းဆိုင် မြင်တွေ့ရတော့မည်သာမက ထောက်ခံစာအတုများတွင် အသုံးပြုရန် အတွက် ထိုလူသတ်ကောင်ကြီးအား အကောင်းဆုံးအနေအထားဖြင့် အနီးကပ် ဓာတ်ပုံရိုက်ပေးရန် အသေးစိတ် ပြင်ဆင်ပေးရမည်ဖြစ်သည်။ ထို့မှုမက သူသည် အခြားသူများကို အသိမပေးဘဲ တကယ့် ဓာတ်ပုံဆရာတစ်ယောက်ပမာ ဟန် ဆောင်သွားရမည်ဖြစ်ရာ ထိုဧရာမလူသတ်ကောင်ကြီးအား ဓာတ်ပုံရိုက်ခါနီးတွင် အပြုံးမပျက်စေဘဲ ခိုင်းရဦးမည်ဖြစ်သည်။





သို့ဖြင့် သူသည် အိုက်ခ်မန်း၏ အခန်းတံခါးဝသို့ ရောက်သွားသောအခါ တစ်ကိုယ်လုံး တုန်လှုပ်နေသဖြင့် သူ့ကိုယ်သူ မနည်းထိန်းထားခဲ့ရသည်။ ထို့နောက် ဓာတ်ပုံရိုက်ရန် ပြင်ဆင်ခဲ့ရာ အိုက်ခ်မန်းကိုယ်တိုင်က ဓာတ်ပုံဆရာ အား လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးခဲ့သည်။ အိုက်ခ်မန်းသည် ဓာတ်ပုံ ဆရာ ဒန်နီအနေဖြင့် သူ့မျက်နှာကို မိမိ မမြင်ရအောင် အတတ်နိုင်ဆုံး ဖုံး ကွယ်ထားရမည်ကို သိနားလည်ပြီး ဖြစ်နေခဲ့သည်။ ဤတွင် မိမိ၏ မျက်လုံးများ ကို ပိတ်ထားသည့် မှောင်ချမျက်မှန်ကို မဖြုတ်မီ အိုက်ခ်မန်းသည် ဓာတ်ပုံဆရာ၏ မျက်နှာကို မိမိမမြင်ရစေရန် အခန်းထဲမှမီးကို တစ်ယောက်ယောက်က ပိတ်ထား ရန်ပင် အကြံပေးခဲ့သည်။

သို့သော် ဒန်နီကမူ အိုက်ခ်မန်း၏ မျက်နှာကို ကောင်းကောင်းမြင်ခဲ့ရ သည်။ မှန်သည်။ သူသည် သူ့မျက်လုံးများကို အိုက်ခ်မန်း၏ မျက်နှာမှ မခွာ နိုင်အောင်ပင် ဖြစ်ခဲ့ရသည်။ ရက်စက်ယုတ်မာလှသည့် လူသတ်ကောင်၏ရှေ့တွင် ခိတ်ညို့ခံထားရသလို မလှုပ်မရှား ရပ်နေမိသည်။ သို့ဖြစ်ရသည်မှာ ဤလူသတ် ကောင်ကို ထိတ်လန့်ကြောက်ရွံ့မိသည့်အတွက် လုံးဝမဟုတ်ဘဲ မိမိစိတ်ထဲတွင် အထင်ကြီး 'တစ်ခွဲသား'ဖြင့် ဧရာမ လူသတ်ကောင်ကြီးဟု ယူဆထားခဲ့သည့် ဤလူယုတ်မာသည် သူ့အား ဖမ်းဆီးချုပ်နှောင်ထားသူများကို မျာပျာသလဲ အကူအညီပေးကာ ကျိုးနွံစွာဖြင့် ခိုင်းသမျှ မဆိုင်းမတွ လုပ်ပေးနေသောကြောင့် တည်း။

သို့ဖြင့် ထိုညက ဒန်နီသည် နောက်ထပ် စကားတစ်လုံးမျှမပြောတော့ ဘဲ ရှိနေခဲ့သည်။ ရှေးဦးစွာ သူသည် ဓာတ်ပုံများဆေးခြင်း ကူးခြင်းဖြင့် အလုပ် များနေခဲ့သည်။ ထို့နောက် စားပွဲတစ်လုံးပေါ်တွင် တကုန်းကုန်းဖြင့် စာရွက်စာ တမ်း အတုများကို ပြုလုပ်နေခဲ့သည်။ နောက်ဆုံး၌ အတော်ကလေးညဉ့်နက် ချိန်လောက်တွင် သူ့လုပ်ငန်းအားလုံး ပြီးစီးသွားသောအခါ ယခင်ယခင်အခါ များက သူ့လက်ရာများကို ပြန်၍စစ်ဆေးကြည့်လေ့ရှိသော်လည်း ယခုအခါတွင်မူ လုံးဝပြန်မကြည့်တော့ဘဲ နေခဲ့သည်။ ယခုလောလောဆယ် သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည့်ဆန္ဒမှာ သူလုပ်ခဲ့သည့် ဤစာရွက်စာတမ်း အတုများကို လုံးဝ ပြန်မကြည့်တော့ဘဲ တစ်ခါတည်း လွှဲပေးထားခဲ့ပြီး ဤအိမ်မှ အမြန်ဆုံး ထွက်သွားရန်ပင်ဖြစ်သည်။ သို့ဖြင့် သူသည် ထိုင်ရာမှထကာ အ[illegible] သွားသောအခါ သူ့မိတ်ဆွေများအား နှုတ်ဆက်ရန်ပင် မေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကဆိုလျှင် သူသည် အမြဲတမ်း ယဉ်ကျေးသိမ်မွေ့စွာဖြင့် နှုတ်ဆက်သွားတတ်သူဖြစ်သည်။ အမှန်စင်စစ် စိတ်ထားဖြူစင်သန့်ရှင်း၍ အရာရာကို အလေးအနက်ထားတတ်သော ဒန်နီသည် အိုက်ခ်မန်း၏ ရုပ်လက္ခဏာအသွင်အပြင်ကို လုံးဝကြည့်မရတော့သည့်အဆုံး ဤလျှို့ဝှက်သောအိမ်မှ အမြန်ဆုံးထွက်ပြေးသွားခြင်းဝင်ဖြစ်သည်။

□

ကဲနက်သည် အိုက်ခ်မန်းနှင့် စကားပြောရန် တစ်ဦးတည်းသော အဖွဲ့ဝင်အဖြစ် ကျွန်ုပ် ခွင့်ပြုထားခဲ့သူဖြစ်သည်။ ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား သူ့အနီးအနားတွင် ရှိနေသူများ၏ ထူးဆန်းသော အပြုအမူများကိုလည်းကောင်း၊ ဤအိမ်သို့ သူ့အား ခေါ်ဆောင်လာခဲ့သည့် အခြေအနေနှင့် အဖြစ်အပျက်များကို လည်းကောင်း၊ သူရောက်ရှိနေသည့်နေရာ၏ အနေအထားကိုလည်းကောင်း၊ အခြားသော အကြောင်းအရာ အချက်အလက်များကိုလည်းကောင်း လုံးဝမသိမမြင်စေလိုဘဲ ရှိနေကြသည်။ သို့ဖြစ်ရာ ကဲနက်တစ်ဦးတည်းပင် ဒိုင်ခံ၍ သူ့နောက်ကြောင်း ရာဇဝင်များကို စစ်ဆေးမေးမြန်းခဲ့သည်။ အာဂျင်တီးနားတွင် သူ မည်သို့နေထိုင်ခဲ့သည်၊ ဥရောပမှ အာဂျင်တီးနားသို့ မည်သို့ရောက်ရှိလာခဲ့သည်နှင့်တကွ ဒုတိယကမ္ဘာစစ်ကြီး ပြီးချိန်မှစ၍ သူနှင့်ပတ်သက်သည့် အဖြစ်အပျက် ဇာတ်လမ်းတစ်ခုလုံးကို ကဲနက်က မေးမြန်းခဲ့သည်။

ထိုသို့ အိုက်ခ်မန်းအား စစ်ဆေးမေးမြန်းသည့်အလုပ်များကို ညနေဘက်နှင့် ညပိုင်းတွင် ပြုလုပ်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကဲနက်သည် နေ့လယ်နေ့ခင်းဘက်တွင် မြို့ထဲသို့ ဟိုဟိုသည်သည် ပြေးလွှားနေရ၍ အလုပ်များနေသဖြင့် တစ်ကြောင်း၊ သူစုံစမ်းမေးမြန်း၍ သိရှိခဲ့သမျှ အချက်အလက်များကို ကျွန်ုပ်ထံသို့ လာရောက်သတင်းပို့နေရသဖြင့်တစ်ကြောင်း၊ မအားမလပ်အောင် ရှိနေသောကြောင့်ဖြစ်သည်။ အိုက်ခ်မန်းသည် နေ့ခင်းဘက်တွင် များသောအားဖြင့် အိပ်နေလေ့ရှိပြီး ညဘက်တွင် မအိပ်ဘဲ နိုးနေခဲ့သည်။ ဤသည်မှာ သူ့အခန်းထဲတွင် ၂၄ နာရီလုံးလုံး မီးလင်းနေသည်ဖြစ်ရာ သူ့မှာ နေ့နှင့်ည ခွဲခြား၍မသိတော့ဘဲ ရှိနေသောကြောင့်ဖြစ်သည်။ ပထမပိုင်းတွင် ကဲနက်သည် အိုက်ခ်မန်းအား စုံစမ်းမေးမြန်းရာ၌ မှတ်စုများဖြင့် မှတ်ထားခဲ့သော်လည်း နောက်ပိုင်းတွင်မူ တိတ်ရီကော်ဒါတစ်လုံးဖြင့် သူပြောသမျှ အသံသွင်းထားခဲ့သည်။





ကျွန်ုပ်သည် ယခုကဲ့သို့ မိမိ ရုတ်တရက်ပျောက်ကွယ်သွားသည့်ထိခိုက်မှုနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ ဂယက်ရိုက်နိုင်စရာရှိသည်များကို အိုက်ခ်မန်းအား မေးကြည့်ရန် ကဲနက်အား တာဝန်ပေးခဲ့သည်။ အထူးသဖြင့် ကျွန်ုပ် သိလိုသည့် အချက်များမှာ သူ၏ မိသားစုနှင့်တကွ သူ့မိတ်ဆွေများ၊ သူနှင့် လုပ်ဖော်ကိုင်ဖက်များနှင့် သက်ဆိုင်ရာ အာဏာပိုင်များက မည်သို့ဆောင်ရွက်ဖွယ်ရာရှိသည်များနှင့် ပတ်သက်၍ သူ၏ ထင်မြင်ချက်များပင်ဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်သည် အိုက်ခ်မန်းအား တစ်စက်ကလေးမျှ အယုံအကြည်မရှိသည့်အလျှောက် အမှန်အတိုင်း ပြောလိမ့်မည်ဟု မယူဆသော်လည်း သူပြောသမျှ အချက်အလက်များထဲမှ ကျွန်ုပ်တို့အတွက် အသုံးဝင်မည့် သတင်းအစအနများနှင့် ဤသတင်းများထဲမှ ကျွန်ုပ်တို့အတွက် အန္တရာယ်အကြီးဆုံး ရန်သူများသည် မည်သူမည်ဝါဖြစ်နိုင်စရာရှိသည်များကို ခန့်မှန်းတွေးတော၍ ရနိုင်မည်ဟု ယူဆထားသောကြောင့် ဖြစ်သည်။ အထူးသဖြင့် အဆိုပါ အန္တရာယ်အကြီးဆုံး ရန်သူများဖြစ်သည့် အာဂျင်တီးနားရောက် နာဇီများထဲတွင် မည်သည့်ပုဂ္ဂိုလ်များ ပါဝင်နေသည်ကို သိလိုသောကြောင့်ဖြစ်သည်။

အမှန်စင်စစ် ကျွန်ုပ်တို့သည် နာဇီဟောင်းများနှင့် စပ်လျဉ်း၍ ဘာတစ်ခုမျှ ရေရေရာရာ သိထားခြင်းမရှိကြရုံမျှမက သူတို့တစ်တွေနှင့် ဤနိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းများ အကြားတွင် မည်သို့သော အဆက်အသွယ်များ ရှိနေသည်ကိုလည်းကောင်း၊ တိုင်းပြေးပြည်ပြေး နာဇီစစ်ရာဇဝတ်ကောင်များ အချင်းချင်း မည်ရွေ့မည်မျှ ကျယ်ပြန့်ခိုင်မာစွာ စည်းရုံးဖွဲ့စည်းထားကြသည်များကိုသော်လည်းကောင်း ဘာတစ်ခုမျှ လုံးဝမသိရဘဲ ဖြစ်နေကြသည်။ ထို့ပြင် သူတို့သည် စနစ်တကျ ဆက်သွယ်ကာ အဖွဲ့အစည်းများအနေဖြင့် ဖွဲ့စည်းထားခြင်းရှိမရှိ၊ သို့မဟုတ် တစ်ဦးချင်းသဘောမျိုးဖြင့် ပုဂ္ဂိုလ်ရေးအရ ဆက်သွယ်လုပ်ကိုင်နေကြခြင်း ဟုတ်မဟုတ် စသည်တို့ကိုလည်း ကျွန်ုပ်တို့ မသိရဘဲဖြစ်နေခဲ့ကြသည်။

သို့ဖြစ်ရာ ကဲနက်၏ မေးခွန်းများကို ပြန်လည်ဖြေကြားသည့် အိုက်ခ်မန်း၏ အဖြေများထဲတွင် အာဂျင်တီးနားနိုင်ငံ၌ နာဇီဟောင်းများ အင်အားမည်မျှရှိသည်ကို ခန့်မှန်းချိန်ဆကြည့်နိုင်လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ထားခဲ့သည်။ အကယ်၍ သူသည် ကျွန်ုပ်တို့အား မဟုတ်မမှန် လိမ်လည်ဖြေကြားခဲ့သည့်တိုင်အောင် သူ၏ လိမ်လည်လှည့်စားမှုများထဲမှ တစ်စွန်းတစ်စ မှန်နေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ယူဆရသော အချက်အလက်များကို မွေးထုတ်ကာ အနီးကပ်ဆုံး အခြေအနေကို ခန့်မှန်းတွေးတောနိုင်ကြမည်ဖြစ်သည်။

ကဲနက်ထဲမှ ပထမဆုံး သတင်းပို့ချက်ကို ကြားရခြင်းအားဖြင့် အိုက်ခ်မန်းသည် ကျွန်ုပ်တို့အား လှည့်စား၍ တစ်ပတ်ရိုက်ရန် အကြံအစည်မရှိကြောင်း ကျွန်ုပ် နားလည်လိုက်သည်။ ကျွန်ုပ်အတွက် အကြီးအကျယ် အံ့ဩစရာဖြစ်နေသည်မှာ သူပျောက်ဆုံးသွားသည့်ကိစ္စနှင့် စပ်လျဉ်း၍ သူ့မိသားစုများနှင့် မိတ်ဆွေများ လုပ်ဆောင်ကြလိမ့်မည်ဟု သူ့စိတ်ထဲတွင် ခန့်မှန်းတွေးတောသည့် အချက်အလက်များသည် ကျွန်ုပ်၏ ယူဆချက်များနှင့် ထပ်တူထပ်မျှ ဖြစ်နေခြင်းပင် ဖြစ်သည်။ သူ စဉ်းစား၍ရသလောက် သူ့မိသားစုနှင့် မိတ်ဆွေများသည် ဗြုန်းခနဲ ပျာပျာသလဲဖြင့် ရတ်ရတ်သဲသဲ မလုပ်ကြဘဲ သူသွားနေကျနေရာများနှင့် မိတ်ဆွေများ၏ အိမ်များ၊ ဆေးရုံများနှင့် မတော်တဆ လမ်းအန္တရာယ်ဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရသူများအား ကုသပေးသည့် ဆေးပေးခန်းများ စသည့်နေရာများတွင် လိုက်လံရှာဖွေ စုံစမ်းကြလိမ့်မည်ဟူ၍ဖြစ်သည်။

ထိုသို့ မိမိပျောက်ဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်၍ ဂယက်ရိုက်လာနိုင်သည့် အခြေအနေကို ခန့်မှန်းဖြေကြားခဲ့ရာ၌ အိုက်ခ်မန်းသည် သူ့မိတ်ဆွေများအပေါ်တွင် လုံးဝအားကိုးမျှော်လင့်ခြင်းမရှိသည်ကို တွေ့ရသည်။ သူ့မိတ်ဆွေများသည် သူတို့အတွက် အန္တရာယ်ကျရောက်လာမည်ကို စိုးရိမ်ကြောက်ရွံ့ကာ မိမိ ပျောက်ဆုံးသွားသည့်ကိစ္စတွင် အင်တိုက်အားတိုက် လိုက်လံရှာဖွေခြင်းများ ပြုလုပ်ကြလိမ့်မည်မဟုတ်ဟု အိုက်ခ်မန်းက အခိုင်အမာ ဖြေကြားခဲ့သည်။ ဤနေရာတွင် သူသည် သူ့မိတ်ဆွေများ၏ နာမည်များကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သော်လည်း သူတို့အပေါ်တွင် မလိုလားသည့် လက္ခဏာများကို ဖုံးကွယ်ခြင်းမပြုဘဲ အတည့်အလင်း ဖွင့်ဟပြောကြားခဲ့သည်။ ထို့မှမက သူ့စိတ်ထဲတွင် ယခုကဲ့သို့ မိမိအဖမ်းခံရသည်မှာ သူ့မိတ်ဆွေများက သစ္စာဖောက်၍ လက်ထောက်ချလိုက်ခြင်းကြောင့် ဖြစ်သည်ဟူ၍ပင် ယုံကြည်ယူဆနေသည်ကို တွေ့ရသည်။

ယခုလောလောဆယ် ကျွန်ုပ်တို့ ချမှတ်လုပ်ဆောင်နေကြသည့် လုံခြုံရေးအစီအစဉ်များနှင့်ပတ်သက်၍ ထင်မြင်ချက်များ ပြောကြားရာ၌ အိုက်ခ်မန်းက ကျွန်ုပ်တို့၏ လှုပ်ရှားဆောင်ရွက်မှုများကို နောက်ယောင်ခံ၍ သဲလွန်စများ လိုက်လံရှာဖွေရန် ခဲယဉ်းလှသဖြင့် ကျွန်ုပ်တို့အနေဖြင့် လုံခြုံရေးအတွက် ဤမျှလောက် စိုးရိမ်ပူပန်ရာမရှိကြောင်းဖြင့် မှတ်ချက်ချခဲ့သည်။ သူ၏ မှတ်ချက်





များသည် အနည်းနှင့်အများ ကျွန်ုပ်တို့အား မြှောက်ပင့်ပြောကြားခြင်းဖြစ်ကြောင်း သံသယဖြစ်ရာ မလိုသော်လည်း သူနှင့် ဆက်ဆံခဲ့ရသည့် အချိန်ကာလအတွင်း သူသည် ဤမှတ်ချက်နှင့် ထင်မြင်ချက်များကို အမှန်တကယ် ရိုးသားစွာဖြင့် စိတ်ရင်းအတိုင်း ပြောကြားခဲ့သည်မှာ သိသာထင်ရှားခဲ့သည်။

ဤသို့ ဆိုလိုက်ခြင်းအားဖြင့် အိုက်ခ်မန်းသည် မိမိအား ဖမ်းဆီးချုပ်နှောင်ထားသူများ၏ အကျိုးကို လိုလားသူတစ်ယောက်အဖြစ် သူ့ကိုယ်သူ ဖော်ထုတ်ပြသလိုက်သည်ဟု ယူဆ၍ မဖြစ်ချေ။ သူသည် သူနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ အတွင်းသဘောကို ကောင်းကောင်းကြီး သိထားပြီးဖြစ်သည့်အလျောက် ယခုအထိ သူ့အပေါ်တွင် ကျွန်ုပ်တို့ ပြုမူလုပ်ဆောင်ခဲ့သည်များထက် ပိုမိုဆိုးရွားသည့် လုပ်ဆောင်ချက်များကိုပင် လိုက်လျောနာခံမည့်အသွင်မျိုး ရှိနေခဲ့သည်။ သို့ပါလျက် အကယ်၍သာ သူသည် ကျွန်ုပ်တို့လက်ထဲမှ ထွက်ပေါက်အနည်းအကျဉ်းမျှပင် ရသည်ဖြစ်စေ၊ ထိုရသည့်အခွင့်အရေးကို လက်မနေးဘဲ သွက်သွက်ကြီး အသုံးချသွားမည်မှာ သေချာသည်ဟု ကျွန်ုပ် သဘောပေါက်ထားပြီးဖြစ်သည်။ တစ်ဖန် အခြားတစ်ဖက်တွင် သူသည် တစ်ဦးတည်းကြိုးစားခြင်းဖြင့် ထွက်ပြေးလွတ်မြောက်ရန် ခဲယဉ်းသလို အပြင်ဘက်မှ သူ့မိတ်ဆွေများ၏ လက်တွေ့ကျသည့် အကူအညီများကိုလည်း မျှော်လင့်၍မရအောင် ရှိနေကြောင်း သူသိထားသည်။ ထို့ပြင် ထိုသို့ လွတ်မြောက်အောင် ကြိုးစားခြင်းဖြင့် သူ့အတွက် အသက်အန္တရာယ် ထိခိုက်လာမည်ကိုလည်း သူ စိုးရိမ်ထိတ်လန့်မိသည်။

ဤအခြေအနေကို ရိပ်မိထားသော အိုက်ခ်မန်းသည် သူ့ကို ဖမ်းမိခဲ့ပြီးနောက် ခပ်စောစောပိုင်းကပင် စတင်၍ ကျွန်ုပ်တို့၏ လုပ်ရည်ကိုင်ရည်များကို အတည့်အလင်း ချီးကျူး၍ ကျွန်ုပ်တို့၏ အစွမ်းအစနှင့် လုပ်ဆောင်ချက်များကိုပါ အကြီးအကျယ် အံ့ဩမိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အမှန်စင်စစ်အားဖြင့်လည်း သူသည် ကာလအတန်ကြာပြီး နောက်ပိုင်းတွင် အစ္စရေးနိုင်ငံ အကျဉ်းထောင်ထဲသို့ ရောက်သွားခဲ့ရာတွင်လည်း သူ့အား လက်ရဖမ်းဆီးခဲ့ကြသည့် အဖြစ်အပျက်နှင့် စပ်လျဉ်း၍ "ဒီလုပ်ဆောင်ချက်ကတော့ တကယ့်ဒုနံ့စားမှုတစ်ခုပါပဲ၊ အဲဒီအတွက် စည်းရုံးဖွဲ့စည်းပုံကလည်း အင်မတန်ထူးခြားသိရောက်ပြီး စီစဉ်လုပ်ဆောင်မှုတွေကလည်း စံနမူနာယူရလောက်အောင် [illegible] မြောက်ပါပေတယ်" ဟူ၍ ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ဖန် [illegible] ဖမ်းဆီးချုပ်နှောင်ခဲ့ကြသူများနှင့် ပတ်သက်၍လည်း "ဒီလူတွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ကျုပ်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ထိခိုက်မှုမဖြစ်နိုင်တဲ့ ဒဏ်ရာဒဏ်ချက်များ ကို ပေးခဲ့ကြပါတယ်”ဟူ၍ ဝန်ခံပြောကြားခဲ့သည်။ ထို့ပြင် “အဲဒီတုန်းက ကျုပ်ဟာ အကြောင်းအရာတစ်ခုကို ပြောတဲ့အခါမှာ ကျုပ်ရဲ့ ထင်မြင်ယူဆ ချက်ကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကိစ္စမျိုးနဲ့ပတ်သက်လို့ ရဲဘက်နဲ့ ထောက်လှမ်းရေးဘက်မှာ ကျုပ် ကိုယ်တိုင် အတွေ့အကြုံ အတော်များများ ရှိခဲ့ဖူးလို့ပါပဲ”ဟူ၍ ဖွင့်ဟပြောကြား ခဲ့သည်။ ဤအချက်အလက်များကို ထောက်ရှု၍ သူသည် သူပြောသည့်စကား အဓိပ္ပာယ်ကို သူနားလည်ကြောင်း သိသာနိုင်သည်။

သူသည် တစ်စုံတစ်ရာ အရေးပေါ် ကိစ္စတစ်ခုခု ဖြစ်ပွား၍ အန္တရာယ်ကျ ရောက်လာမည်ဆိုပါက ကျွန်ုပ်တို့က တစ်နည်းနည်းဖြင့် သူ့ကို အပျောက်ရှင်းပစ် ကြလိမ့်မည်ဖြစ်ကြောင်း သူ ကောင်းကောင်းကြီး သိထားပြီးဖြစ်သည်။ သို့ဖြစ်၍ လည်း သူ့အနေဖြင့် ထွက်ပြေးရန် မျှော်လင့်ချက်လုံးဝမရှိကြောင်း ယုံကြည်ယူဆ ထားသည့်အလျောက် သူ့အသက်ရှင်ရေးကို အဓိကထားကာ ကျွန်ုပ်တို့နှင့် အလိုက်သင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ သူသည် မူလအစကတည်း ကပင် တစ်စုံတစ်ရာ ခုခံရုန်းကန်ခြင်းမပြုဘဲ သူ့ကိုယ်သူ ကျွန်ုပ်တို့ပြုသမျှ နုရမည့်ဘဝတွင် နေသွားရန် ဆုံးဖြတ်ထားဟန်တူသည်။ ဤနေရာတွင် သူသည် ကိုယ့်ကိုယ်ကိုယ် သိက္ခာစောင့်ထိန်းရန် လုံးဝထည့်မစဉ်းစားဘဲ နေခဲ့ပုံရသည်။

ကဲနက်သည် အိုက်ခ်မန်းအား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာ၌ ယခုကဲ့သို့ ဖမ်းဆီးခြင်းမခံရမီ လပိုင်းအတွင်းက တစ်စုံတစ်ရာ ထူးထူးခြားခြား သတိထားမိသည့် အဖြစ်အပျက်များ ရှိမရှိ မေးမြန်းခဲ့သည်။ အိုက်ခ်မန်းက ထိုရက်ပိုင်းလပိုင်းအတွင်း မိမိအား နောက်ယောင်ခံလိုက်နေသည်ဟု စိတ်ထဲတွင် တစ်စုံတစ်ရာ မသင်္ကာဖွယ်ရာ ကြုံခဲ့တွေ့ခဲ့ရသည့် အဖြစ်အပျက် အများအပြားကို ပြန်ပြောင်းပြောပြခဲ့သည်။ ထိုအဖြစ်အပျက်များထဲတွင် ကျွန်ုပ်တို့၏ လုပ်ရှား မှုနှင့်ပတ်သက်သည့် အဖြစ်အပျက်ဟူ၍ တစ်ခုတည်းသာ ပါဝင်ခဲ့၍ ကျန်အား လုံးမှာ နောက်ကြောင်းမအေးသည့် လူတစ်ယောက်အနေဖြင့် သူ့ကိုယ်သူ လိပ်ပြာ မလုံဘဲ အထိတ်ထိတ်အလန့်လန့်ဖြစ်ကာ ကိုယ့်အရိပ်ကိုယ်ပြန် ကြောက်နေခဲ့ရ သည့် အဖြစ်အပျက်များသာ ဖြစ်နေကြသည်။

သည်အထဲတွင် မသင်္ကာစရာ ဖြစ်ခဲ့ရသည့် အချိန်တစ်ချိန်မှာ အိမ်နီးနား ချင်းများက ဤနေရာတစ်ဝိုက်တွင် စက်ရုံအလုပ်ရုံတစ်ခု တည်ဆောက်ရန် သူစိမ်းများ လာရောက်စုံစမ်းနေကြောင်းဖြင့် ပြောပြလာသည့်အခါတွင်ဖြစ်သည်။





အထူးသဖြင့် သူသည် သည်နေရာတစ်ဝိုက်တွင် ရေနှင့် လျှပ်စစ်ဓာတ်အားများ လုံးဝမရှိသည်ကို သိထားပြီးဖြစ်ရာ ဤနေရာမျိုးတွင် စက်ရုံအလုပ်ရုံ တည်ဆောက် ရန် လာရောက်စုံစမ်းကြသည်ဆိုခြင်းကို မယုံနိုင်အောင်ဖြစ်မိသည်။ အကယ်၍ အမှန်တကယ် လာရောက်စုံစမ်းသည်ဆိုလျှင်လည်း ဤစုံစမ်းမှုများသည် ကြိုတင် လေ့လာခြင်းမရှိဘဲ အရမ်းကာရော စုံစမ်းခြင်းသာ ဖြစ်လိမ့်မည်ဟု ယူဆမိသည်။

ကဲနက်က ကျွန်ုပ်အား ဤအကြောင်းခြင်းရာများကို တစ်ခုမကျန် ပြန်လည်ပြောပြသောအခါ ထိုအချိန်က အိုက်ခ်မန်းသည် ထိုမသင်္ကာစရာ အချက်များကို ဘာ့ကြောင့် ဆက်လက်လေ့လာခြင်းမပြုဘဲ နေခဲ့သည်ကို ကျွန်ုပ် အနေဖြင့် တအံ့တသြဖြစ်ခဲ့မိသည်။ ထို့သို့ ကဲနက်နှင့် ဒေးဗစ်တို့၏ စက်ရုံ အလုပ်ရုံ တည်ဆောက်ရန် အကြောင်းပြထောက်လှမ်းမှုများသည် မသင်္ကာစရာ ဖြစ်နေပါလျက် စန်ဖာနန်ဒိုရပ်ကွက်တွင် ဘာကြောင့် ဆက်၍နေထိုင်ခဲ့သည်ကို ကျွန်ုပ် စဉ်းစားမရအောင် ဖြစ်မိသည်။ ဤနေရာတွင် ဖြစ်နိုင်စရာရှိသည့် သူ၏ အကြောင်းပြချက်တစ်ခုမှာ ထိတ်လန့်ကြောက်ရွံ့မှုများနှင့် မယုံသင်္ကာမှုများ၏ သားကောင်အဖြစ် နှစ်ပေါင်းများစွာ ကျီးလန့်စာစား နေလာခဲ့ရသော အိုက်ခ်မန်း အဖို့ နောက်ဆုံး၌ ‘သေတယ်ဆိုတာ မဆန်းပါဘူး’ ဟူသော အယူအဆ ဝင်ရောက် လာခဲ့ပြီး တစ်စုံတစ်ခု ထူးထူးခြားခြား အဖြစ်မျိုးနှင့် ကြုံရသည့်အခါတိုင်း၊ မသင်္ကာစရာ အနံ့အသက်တစ်ခုခု ရလာသည့်အခါတိုင်း တစ်နေရာမှ တစ်နေ ရာသို့ ပြောင်းရွှေ့ပုန်းအောင်းကာ နာမည်အသစ်တစ်ခုနှင့် အလုပ်အကိုင်အသစ် တစ်ခုခုကို ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်မှာ ကာလကြာညောင်းလာသည်နှင့်အမျှ ငြီးငွေ့စိတ်ပျက်လာသောကြောင့်ဟူ၍ ယူဆစရာဖြစ်ခဲ့သည်။

အောက်တွင် ဖော်ပြထားသည်တို့မှာ ကဲနက်နှင့် အိုက်ခ်မန်းတို့ အပြန် အလှန် မေးခဲ့ဖြေခဲ့ကြသည့် အမေးအဖြေအချို့ဖြစ်သည်။ ပထမဆုံး အိုက်ခ်မန်း အား ဖမ်းဆီးလာခဲ့သည့်ညက မိမိနာမည်ကို ဘာကြောင့် ‘အောက်တိုဟဲနင်ဂါး’ ဟူ၍ ပြောခဲ့သည်ကို ကဲနက်က စတင်မေးမြန်းခဲ့သည်။

**အိုက်ခ်မန်း။ ။** ဒါဟာ လွန်ခဲ့တဲ့ လေးနှစ် ကျော်ကျော်လောက်ကတည်းက မှည့်ခဲ့တဲ့ ကျုပ်နာမည်ပါ။

**ကဲနက် ။ ။** အဲဒီတုန်းက ဘယ်ရောက်နေသလဲ။

**အိုက်ခ်မန်း။ ။** ဂျာမနီနိုင်ငံ ခဲလ်ပြည်နယ်က ကူလမ်ဘတ်မြို့မှာပါ၊ အဲဒီ တီးနားတို့ မလာခင် အဲဒီမှာ သစ်ခုတ်သမားအဖြစ် [illegible] ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ကဲနက်** ။ ။ အဲဒီမြို့ကို ဘယ်လိုရောက်သွားခဲ့တာလဲ။

**အိုက်ခ်မန်း**။ ။ အိုဘာဒတ်ချ်စတက်တန်မြို့မှာရှိတဲ့ အမေရိကန် သုံ့ပန်းစခန်းက လွတ်လာပြီးတဲ့နောက် ကျုပ်ဘာသာကျုပ် အဲဒီမြို့ကို အရောက်လာခဲ့တာပါပဲ။

**ကဲနက်** ။ ။ အမေရိကန်တွေက ခင်ဗျားကို အချုပ်ကလွတ်လိုက်တာလား။

**အိုက်ခ်မန်း**။ ။ မဟုတ်ပါဘူး၊ ထွက်ပြေးခဲ့တာပါ။

**ကဲနက်** ။ ။ ခင်ဗျား ဘယ်သူဆိုတာ သူတို့ သိသလား။

**အိုက်ခ်မန်း**။ ။ မသိပါဘူး၊ ကျုပ်ရဲ့ နာမည်အစစ်ကို သူတို့ မသိပါဘူး။

**ကဲနက်** ။ ။ ဒါဖြင့် အဲဒီစခန်းမှာလည်း ခင်ဗျားနာမည်ကို အော်တိုဟဲနင်ဂါး လို့ ပြောခဲ့တာပေါ့။

**အိုက်ခ်မန်း**။ ။ မဟုတ်ပါဘူး၊ အဲဒီမှာ ကျုပ်နာမည်ကို အော်တိုအက်ခ်မန်းတို့ ပေးခဲ့ပါတယ်။

**ကဲနက်** ။ ။ အက်ခ်မန်းဆိုတဲ့ နာမည်ဟာ အိုက်ခ်မန်းနဲ့ ခပ်ဆင်ဆင်ပဲ။ ဒီနာမည်ကို ခင်ဗျားရွေးတာပဲလား။

**အိုက်ခ်မန်း**။ ။ ဟုတ်ပါတယ်၊ ကျုပ်ကိုယ်တိုင် ရွေးခဲ့တဲ့ နာမည်ပါ။ ဒါလည်း တမင်ရွေးခဲ့တာပါ၊ ကျုပ် စဉ်းစားမိသလောက် ကျုပ်ကို အိုက်ခ်မန်းပဲလို့ မှတ်မိတဲ့ လူတစ်ယောက်ယောက်ကတွေ့ပြီး အဲဒီလူက ကျုပ်ကို နာမည်ရင်းအတိုင်း ခေါ်လာရင် အမေရိကန်တွေရဲ့ နားထဲမှာ အိုက်ခ်မန်းနဲ့ အက်ခ်မန်းဟာ ခပ်ဆင်ဆင်ဖြစ်နေအောင် အဲဒီနာမည်ကို တမင်ရွေးခဲ့တာပါ။

**ကဲနက်** ။ ။ ဒါဖြင့် စစ်အတွင်းက ခင်ဗျား အမှုထမ်းခဲ့တာနဲ့ပတ်သက်ပြီး သူတို့ကို ဘာတွေပြောခဲ့သလဲ။

**အိုက်ခ်မန်း**။ ။ ကျုပ်ဟာ အက်စ်အက်စ်တပ်မဟာ အမှတ် (၂၂) မြင်းတပ်က ဒုဗိုလ်တစ်ယောက်ပါလို့ ပြောခဲ့ပါတယ်။

**ကဲနက်** ။ ။ အက်စ်အက်စ်တပ် အရာရှိတစ်ယောက်ဆိုတော့ ခင်ဗျားရဲ့ နောက်ကြောင်းရာဇဝင်ကို သူတို့က မမေးဘူးလား။

**အိုက်ခ်မန်း**။ ။ ကျုပ်က ကျုပ်ဟာ လက်နက်ကိုင်အက်စ်အက်စ် တပ်မတော်က တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့မှာ အမှုထမ်းခဲ့တယ်လို့ သူတို့ကို ပြောထားခဲ့ပါတယ်။ တကယ်တော့လည်း အမေရိကန်တွေဟာ အက်စ်အက်စ် အရာရှိတွေကို သိပ်စိတ်မဝင်စားကြပါဘူး။





သူတို့က ဂက်စတာပိုအဖွဲ့ဝင်တွေလောက်ပဲ စိတ်ဝင်စားကြပါတယ်။

**ကဲနက်** ။ ။ ဒါပေမဲ့ ခင်ဗျားဟာ အက်စ်အက်စ် အရာရှိတစ်ယောက်ဆိုတာ ဘူတို့ကို ဘာဖြစ်လို့ ပြောခဲ့တာလဲ။

**အိုက်ခ်မန်း**။ ။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်ရဲ့ ချိုင်းအောက်မှာ တခြားအက်စ်အက်စ်အရာရှိတွေလို ကျုပ်ရဲ့ သွေးအမျိုးအစားကို မှတ်ထားတဲ့ ဆေးမင်ကြောင်ထိုးထားလို့ပါ။

**ကဲနက်** ။ ။ အဲဒီဆေးမင်ကြောင်ဟာ အခု ဖျက်ပစ်ထားတာပဲ။ အဲဒါ ဘယ်တုန်းက ဖျက်ပစ်ခဲ့တာလဲ။

**အိုက်ခ်မန်း**။ ။ သုံ့ပန်းစခန်းက ထွက်မပြေးခင် ဒီဆေးမင်ကြောင်ကို တစ်ခုလုံး ဖျက်ပစ်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီလို ဖျက်ပစ်ရာမှာ ကျန်တဲ့ သုံ့ပန်းတွေက ကူညီခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီဆေးမင်ကြောင် တစ်ခုလုံး ပျက်သွားအောင် ဖျက်လို့မရခဲ့ပါဘူး။

**ကဲနက်** ။ ။ ခင်ဗျား အဲဒီစခန်းမှာ ဘယ်လောက်ကြာအောင် နေခဲ့ရသလဲ။

**အိုက်ခ်မန်း**။ ။ ခြောက်လလောက် ကြာပါတယ်။

**ကဲနက်** ။ ။ အဲဒီစခန်းမှာ ခင်ဗျားလနဲ့ တစ်တပ်တည်းလုပ်ခဲ့တဲ့ အခြားလူတွေ ရှိသေးသလား။

**အိုက်ခ်မန်း**။ ။ ရှိပါတယ်။ ကျုပ်ရဲ့ တပ်ရေးဗိုလ်ကြီး ဂျန်းနစ် ဆိုတဲ့လူ ရှိပါတယ်။

**ကဲနက်** ။ ။ ခင်ဗျားတို့ နှစ်ယောက်စလုံးကို တစ်ပြိုင်နက် ဖမ်းမိတာလား။

**အိုက်ခ်မန်း**။ ။ ဟုတ်ပါတယ်။

**ကဲနက်** ။ ။ ဘယ်မှာဖမ်းမိတာလဲ။

**အိုက်ခ်မန်း**။ ။ ဉလမ်မြို့နဲ့ မနီးမဝေးမှာပါ။

**ကဲနက်** ။ ။ ဒါဖြင့် ခင်ဗျား အဲဒီကနေ အိုဘာဒက်ချ်စတက်တန်ကို ပြောင်းလာခဲ့ရတာပေါ့။

**အိုက်ခ်မန်း**။ ။ မဟုတ်ပါဘူး၊ ပထမ ကျုပ်တို့ဟာ တခြားစခန်းတစ်ခုမှာ နေခဲ့ရပါသေးတယ်။ ဒါပေမဲ့ အဲဒီစခန်းမှာ တနင်္ဂနွေနှစ်ပတ် သုံးပတ်လောက်ပဲ နေခဲ့ရပါတယ်။ ကျုပ်တို့ အဲဒီစခန်းမှာတုန်းက ကောင်းကောင်းမနေခဲ့ရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



**ဟဲနက်** ။ ။ အဲဒါက ဘာကိုဆိုလိုတာလဲ။ အစားအသောက် အနေအထိုင် မကောင်းတာကို ပြောတာလား။ ဒါမှမဟုတ် လူတွေသိပ်များ လွန်းနေလို့လား။

**အိုက်ခ်မန်း**။ ။ ဒီလိုမဟုတ်ပါဘူး။ အဲဒီမှာ အမေရိကန်တွေဟာ သံ့ပန်းတွေ ထဲက ချိုင်းအောက်မှာ ဆေးမင်ကြောင်ထိုးထားတဲ့လူတွေကို လိုက်ပြီးရှာခဲ့လို့ပါ။

**ဟဲနက်** ။ ။ အဲဒီအတွက် ဘာကြောင့် ခင်ဗျား စိတ်ညစ်ရတာလဲ။ ခင်ဗျား ကိုယ်ခင်ဗျား တိုက်ခိုက်ရေး အက်စ်အက်စ်တပ်ဖွဲ့တစ်ခုရဲ့ အရာရှိတစ်ယောက်ပါလို့ ဖွင့်ပြောထားပြီးပြီမဟုတ်လား။

**အိုက်ခ်မန်း**။ ။ ဒီလို မဟုတ်ပါဘူး။ အဲဒီကျတော့ ကျုပ်ဟာ လေတပ်က တပ်ကြပ်တစ်ယောက်ပါလို့ ပြောထားခဲ့ပါတယ်။

**ဟဲနက်** ။ ။ အိုက်ခ်မန်း နာမည်နဲ့ပဲလား။။ .

**အိုက်ခ်မန်း**။ ။ မဟုတ်ပါဘူး၊ တခြားနာမည်တစ်ခုနဲ့ပါ။ အဒေါ့ဖ်ကားလ်ဘာဒ် ဆိုတဲ့ နာမည် ပေးထားခဲ့ပါတယ်။

**ဟဲနက်** ။ ။ အဲဒါ ဘယ်တော့လောက်ကလဲ။

**အိုက်ခ်မန်း**။ ။ ၁၉၄၅ ခု မေလကပါ။

**ဟဲနက်** ။ ။ ခင်ဗျား အဖမ်းခံရတဲ့အချိန်က ဘာအလုပ်လုပ်နေသလဲ။

**အိုက်ခ်မန်း**။ ။ အဲဒီအချိန်က ကျုပ်ဟာ ဘာအလုပ်မှ မရှိပါဘူး။ အဲဒီမတိုင်ခင်ကပဲ ကျုပ်မိန်းမနဲ့ ကလေးတွေကို ဩစတြီးယားခေါ်ထား ခဲ့ပါတယ်။ အဲဒီကနေပြီး ကျုပ်ဟာ အဲလ်အော့ဆီးဆိုတဲ့မြို့ကို ရောက်သွားခဲ့ပါတယ်။ အဲဒီမှာ ဂျာမန်လုံခြုံရေးဌာနချုပ်က တာဝန်ခံဗိုလ်ချုပ် ကာလ်တင်ဘရန်းနားလည်း ရောက်နေပါ တယ်။ ဒါပေမဲ့ အဲဒီအချိန်က အားလုံးဖရိုဖရဲနဲ့ ဝါးအစည်း ပြေသလို ဖြစ်နေကြတဲ့အတွက် ကျုပ်တို့အားလုံး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ဖြစ်နေကြပါတယ်၊ ဒီလိုနဲ့ ကျုပ်ဟာ ဘက်ဒ်အစ်ရှ်လ်ဆိုတဲ့မြို့ကို သွားတဲ့လမ်းအတိုင်း တပ်ရေးဗိုလ် ကြီး ဂျန်းနစ်နဲ့ နှစ်ယောက်သား လျှောက်လာကြရင်း အမေ ရိကန်စစ်သားတွေရဲ့ အဖမ်းခံခဲ့ရတာပါပဲ။

**ဟဲနက်** ။ ။ ဒါနဲ့ ခင်ဗျား ဒုတိယအကြိမ် အဖမ်းခံရတုန်းက ဘယ်အချိန်မှာ အဖမ်းခံရတာလဲ။





**အိုက်ခ်မန်း**။ ။ အဲဒါက ၁၉၄၅ ခု ဇူလိုင်လကုန်၊ ဒါမှမဟုတ် ဩဂုတ်လအစ လောက်မှာပါ။

**ဟဲနက်** ။ ။ ဒါဖြင့် ခင်ဗျားကိုယ်ခင်ဗျား တိုက်ခိုက်ရေး အက်စ်အက်စ် အရာရှိ အော်တိုအိုက်ခ်မန်းလို့ နာမည်ပေးတာ အဲဒီတုန်းက လား။

**အိုက်ခ်မန်း**။ ။ ဟုတ်ပါတယ်။

**ဟဲနက်** ။ ။ ခင်ဗျား အိုဘာဒက်ချ်စတက်တန် စခန်းက ဘာဖြစ်လို့ ထွက် ပြေးခဲ့တာလဲ။

**အိုက်ခ်မန်း**။ ။ နုရင်ဘတ် စစ်ခုံရုံးကြောင့်ပါ၊ အဲဒီစစ်ခုံရုံးမှာ ကျုပ်နာမည်ကို ခဏခဏ ပြောခဲ့ကြပါတယ်။ ဒီလိုနဲ့ ကျုပ်အကြောင်းကို ဆက်ပြီး အသေးစိတ်စုံစမ်းရင် ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အမှန်အတိုင်း ပေါ်သွားမှာစိုးရိမ်လာပါတယ်။ အထူးသဖြင့် ဒိုင်ယက်တာဝီစလီစန်နီရဲ့ အစစ်ခံချက်ဟာ ကျုပ်ကို သတိပေး လိုက်သလို ဖြစ်သွားခဲ့ပါတယ်၊ အဲဒီအစစ်ခံချက်ထဲမှာ ကျုပ် ကို စွဲချက်တွေ အမျိုးမျိုးစွပ်စွဲထားတာ တွေ့ရပါတယ်။

**ဟဲနက်** ။ ။ ခင်ဗျား အဲဒီစခန်းက ဘယ်လိုလုပ်ပြီး ထွက်ပြေးခဲ့သလဲ။

**အိုက်ခ်မန်း**။ ။ အဲဒီတုန်းက ကျုပ်ဟာ သံ့ပန်းအကျဉ်းသားတွေကို အုပ်ချုပ် တဲ့ တာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီး အော်ဖင်းဘတ်နဲ့ သွားတွေ့ပြီး ဒီစခန်းက ထွက်ပြေးခွင့်ပြုဖို့ အမိန့်တောင်းခဲ့ရ ပါတယ်။ ဒါနဲ့ သူလည်း အရာရှိတွေအားလုံးကို အစည်းအဝေး ခေါ်ပြီး ကျုပ်ရဲ့တောင်းဆိုချက်ကို စဉ်းစားဆွေးနွေးကြပါတယ်။ နောက်ဆုံးတော့ ကျုပ်ကို စခန်းက ထွက်ပြေးဖို့ ခွင့်ပြုသဘော တူ အတည်ပြုခဲ့ကြပါတယ်၊ အဲဒီနောက် ထုံးစံအတိုင်း သူတို့ကပဲ ကျုပ်ကို အစစ ကူညီလုပ်ကိုင်ပေးခဲ့ကြပါတယ်။ ကျုပ်ကို အော်တိုဟဲနင်ဂါးဆိုတဲ့ နာမည်နဲ့ လိုအပ်တဲ့ စာရွက် စာတမ်းတွေထုတ်ပေးခဲ့ကြပါတယ်။ သူတို့ထဲကပဲ တစ်ယောက် က ကျုပ်အတွက် ကူလမ်ဘတ်မှာရှိတဲ့ သူ့ညီဆီကို အစစ ကူညီဖို့နဲ့ သစ်တောဘက်မှာ အလုပ်ရှာပေးဖို့ ထောက်ခံစာ တစ်စောင် ရေးပေးလိုက်ပါတယ်။ ၁၉၄၆ ခု ဇန်နဝါရီလဆန်း



www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်းမှာ စဲလ်မြို့ကို ရောက်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျုပ်ဟာ အဲဒီမှာ လေးနှစ်ကျော်ကျော် နေခဲ့ပါတယ်။

**ထဲနတ်** ။ ။ အဲဒီနောက်တော့ကော...

**အိုက်ခ်မန်း** ။ ။ အဲ့ဒီအချိန်က ကျုပ်ဟာ ကျုပ်ရဲ့ မိသားစုနဲ့ အဆက်ပြတ်နေတာ ကြာပါပြီ။ ဒါကြောင့် ကျုပ်ရဲ့ ဇနီးနဲ့ သားသမီးတွေကို သိပ်တွေ့ချင်နေပါတယ်။ ပြီးတော့ အခုလို 'ပြေးတမ်းလိုက်တမ်း' ကစားနေရတဲ့ အဖြစ်ကိုလည်း ငြီးငွေ့ပြီး စိတ်ကုန်နေပါပြီ။ ကျုပ်ဟာ မုန်တိုင်းငြိမ်သွားပြီး ကျုပ်အပေါ်မှာ တဖြည်းဖြည်း အာရုံပြောင်းသွားတဲ့အချိန်အထိ စောင့်ရလိမ့်မယ်ဆိုတာ သိထားပါတယ်။ ဒါပေမဲ့ သတင်းစာတွေ ရေဒီယိုတွေနဲ့ စာအုပ်စာတမ်းတွေထဲမှာ ကျုပ်နာမည်ကို အဆက်မပြတ် ဖော်ပြနေကြတာ တွေ့နေရပါတယ်။ တစ်ချိန်တည်းမှာ တခြားလူတွေကို ဂျာမနီက ထွက်ပြေးနိုင်အောင် ကူညီနေကြတဲ့ အဖွဲ့အစည်းတွေ ရှိတဲ့အကြောင်းကိုလည်း ကြားနေရပါတယ်။ ဒါနဲ့ ၁၉၅၀ ပြည့်နှစ်ဆန်းလောက်မှာ အဲဒီအဖွဲ့တစ်ဖွဲ့နဲ့ အဆက်အသွယ်ရခဲ့ပါတယ်၊ သူတို့က ကျုပ်ကို အီတလီသွားဖို့ အစီအစဉ်လုပ်ပေးခဲ့ကြပါတယ်။ အဲဒီကမှ ဂျီနိုဝါမြို့မှာ ဖရန်စစ္စကန်ဘုန်းကြီးတစ်ပါးက ကျုပ်အတွက် 'ရီကာဒို-ကလီမင့်'ဆိုတဲ့နာမည်နဲ့ 'ဒုက္ခသည် နိုင်ငံကူးလက်မှတ်'တစ်စောင် ရအောင်လုပ်ပေးခဲ့ပါတယ်။ အဲဒီ နိုင်ငံကူးလက်မှတ်နဲ့အတူ အာဂျင်တီးနားနိုင်ငံက ပြည်ဝင်ခွင့်လက်မှတ်လည်း ပါလာပါတယ်။ ဒါနဲ့ ၁၉၅၀ ပြည့်နှစ် ဇူလိုင်လလယ်လောက်မှာ ကျုပ်ဟာ ဗျူနိုအဲရစ္စမြို့ကို ရောက်ခဲ့တာပါပဲ။

**ထဲနက်** ။ ။ ခင်ဗျားမိန်းမနဲ့ ကလေးတွေက ခင်ဗျားဆီကို ဘယ်တော့လောက်မှ ရောက်လာကြတာလဲ။

**အိုက်ခ်မန်း** ။ ။ နောက် နှစ်နှစ်လောက်ကြာမှ သူတို့ ကျုပ်ဆီကို ရောက်လာခဲ့ကြပါတယ်။

■

## ဦးနှောက်ရောဂါဖြင့် ဆေးရုံသို့ရောက်လာသော 'ဟန်ဆောင်' လူနာတစ်ဦး

'နန်းတော်' အဆောက်အအုံရှိ အဖွဲ့ဝင်များ၏ စိတ်ဓာတ်များမှာ ပြင်းပြင်းထန်ထန် အစမ်းသပ်ခံနေရသလို ဖြစ်နေခဲ့ကြသည်။ သို့ဖြစ်ရာ စောစောပိုင်းက ချမှတ်ထားခဲ့သည့် တင်းကျပ်သော လုံခြုံရေးအစီအစဉ်များကို လျှော့ချပစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် အကျဉ်းသားအား အချိန်ကာလကြာညောင်းစွာ စောင့်ကြပ်နေရခြင်းဖြင့် ပျင်းရိငြီးငွေ့နေခဲ့ကြပြီး စိတ်ထဲတွင် မသက်မသာဖြစ်ကာသိကအောက် ဖြစ်နေကြသောကြောင့်ဖြစ်သည်။

အမှန်စင်စစ် သူတို့သည် သည်အိမ်တွင် နောက်ထပ် လေးရက်မျှသာ ဆက်နေကြရတော့မည်ဖြစ်သည်။ သို့ပါလျက် ၂၄ နာရီလုံးလုံး အစောင့်တာဝန်ကြီးကို အလှည့်ကျ ထမ်းဆောင်နေရခြင်း၊ ထိတ်လန့်စိုးရိမ်မှု၊ မရေရာမှုနှင့် မှန်းတီးမှု စသည့်အနိဋ္ဌာရုံများ တဖွားဖွားခံစားပေါ်ပေါက်နေကြပြီး ပတ်ဝန်းကျင်နှင့် အဆက်ပြတ်နေသူများအတွက် လေးရက်ဆိုသော အချိန်ကာလသည် ရှည်လျားကြာညောင်းလှသည်ဟု ဆိုဖွယ်ရာဖြစ်နေခဲ့သည်။ အထူးသဖြင့် သူတို့အတွက် အကြီးမားဆုံးနှင့် အမြဲတစေ ဖြစ်ပေါ်နေကြသည့် တင်းမာမှုများမှာ အခြားမဟုတ်၊ အိုက်ခ်မန်းအပေါ် မူလက သူတို့ နားလည်ခံယူထားချက်များနှင့် သူတို့ ဆက်ဆံရာ၌ သူတို့မှန်းဆ မျှော်လင့်ချက်များသည် ကွာကြီးကွာနေခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ သူတို့အား အကျဉ်းသား၏ အနေအထိုင် အပြုအမူများနှင့် ပတ်သက်၍ အတတ်နိုင်ဆုံး လျစ်လျူရှုထားကြရန်နှင့် ဤအကျဉ်းသားကို တရားသူကြီးများရှေ့မှောက်သို့ အရောက်ပို့ဆောင်ပြီး တရားသူကြီးများကသာလျှင် သူ၏ အပြစ်ဒဏ်အတွက် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း အမြဲသတိရနေကြစေရန် နှိုးဆော်နေခဲ့ရသည်။

သို့သော် တစ်နေ့ပြီးတစ်နေ့ ကြာလာသည်နှင့်အမျှ သူတို့ကိုယ်သူတို့ ဆက်လက်ထိန်းချုပ်နိုင်ကြပါမည်လော။ သူတို့သည် အကျဉ်းသားအား မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကို မကြာခဏ ရိတ်ပေးကြရသည်။ အဘယ်ကြောင့်ဆိုသော် အကျဉ်းသားအား မုတ်ဆိတ်ရိတ် သင်တုန်းဓားကို ကိုင်ဆောင်ခွင့်မပေးဘဲ ထားခဲ့သောကြောင့်ဖြစ်သည်။ သူတို့သည် အကျဉ်းသားကို ရေချိုးပေးခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် သူ့အား လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်မပြုဘဲ ထားခဲ့သောကြောင့်ဖြစ်သည်။ ယုတ်စွအဆုံး သူတို့သည် အကျဉ်းသားအား နောက်ဖေး နောက်ဖီသွားသည့် နေရာအထိ လိုက်ပါပို့ဆောင်ပေးခဲ့ကြရသည်။ ဤသို့သော အချိန်အခါမျိုးတွင် အကျဉ်းသားအား စိတ်လိုက်မာန်ပါ တဆုံးတဆ မလုပ်မိအောင် မိမိတို့စိတ်ကို အစွမ်းကုန်ချုပ်တည်း ထိန်းသိမ်းထားရန်မှာ အရေးအကြီးဆုံးပင်ဖြစ်သည်။ ထိုအချိန်တွင် မိမိတို့သည် ဤအကျဉ်းသား၏ လူသတ်ယန္တရားများ လက်ချက်ဖြင့် ပြာပုံများနှင့် အရိုးပုံများအဖြစ် ရောက်ခဲ့ကြရရှာသော မိမိတို့၏ အဖေအမေများနှင့် ညီငယ် ညီမငယ်ကလေးများကို မေ့လျော့ထားကြရမည်ဖြစ်သည်။ ထိုအချိန် ထိုအခါတွင် မိမိတို့သည် မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရသော ဤအကျဉ်းသား၏ လူမဆန်သည့် ယုတ်မာရိုင်းစိုင်းမှုများနှင့် ရက်စက်ကြမ်းကြုတ်လှသည့် ညှဉ်းပန်းနှိပ်စက်မှုများကို မိမိတို့ခေါင်းထဲမှ ဖယ်ရှားထားကြရမည်ဖြစ်သည်။ ထိုအချိန် ထိုအခါတွင် မိမိတို့သည် လူသားအချင်းချင်း အမုန်းတရားကို ကြီးမားအောင် ဖန်တီးလှုံ့ဆော်ကာ လူမျိုးတစ်မျိုးလုံးကို ပြုတ်ပြုတ်ပြုန်းအောင် လုပ်ဆောင်ခဲ့သော ဤအကျဉ်းသား၏ သမိုင်းဝင် ရာဇဝတ်မှုများကို ခေတ္တခဏ မေ့လျော့ထားကြရမည်ဖြစ်သည်၊ သို့မှတစ်ပါး မိမိတို့စိတ်ထဲတွင် နေ့ရောညပါ တဖွားဖွားပေါ်ပေါက်လာနေကြသော အမျက်ဒေါသများ၊ ရွံရှာမုန်းတီးမှုများနှင့် အာဃာတတရားများကို အတတ်နိုင်ဆုံး မျိုသိပ်ချုပ်တည်းထားကြရမည်ဖြစ်သည်။

အမှန်အတိုင်းပြောရမည်ဆိုပါက ကျွန်ုပ်တို့၏ စစ်ဆင်ရေးကာလတစ်လျှောက်လုံး အဆင့်ဆင့်သော လုပ်ဆောင်ချက်များနှင့် အမျိုးမျိုးသော အကျပ်အတည်းများတွင် အထက်ပါလုပ်ရပ်နှင့် အကျပ်အတည်းသည် အခက်ခဲဆုံး ဖြစ်ခဲ့သည်။ ထို့ပြင် သူတို့အား ထိုသို့သောစိတ်ထားမျိုး မပေါ်ပေါက်အောင် သို့မဟုတ် ထိုသို့သောခံစားချက်များ လျော့ပါးသွားအောင် ကျွန်ုပ်တို့ကိုယ်တိုင်လည်း မတတ်နိုင်ဘဲရှိခဲ့သည်။ သို့ဖြစ်ရာ တစ်နည်းနည်းဖြင့် စိတ်သက်သာမှုရစေရန်နှင့် အာရုံပြောင်းလဲမှုဖြစ်စေရန် သူတို့အား တစ်ယောက်လျှင် တစ်ရက်ခီ အလှည့်ကျ အပြင်သို့ထွက်ခွင့်ပြု၍ အားလပ်ရက်များ သတ်မှတ်ပေးခဲ့ရသည်။





ပထမဆုံး အီလီက အပြင်ထွက်ခွင့်ရခဲ့သည်။ သို့သော် မြို့ထဲသို့ရောက်လျှင် မည်ကဲ့သို့ သွားလာနေထိုင်မှု ပြုရမည်ဟူသော အချက်များကို သူ့အား အတိအကျ ညွှန်ကြားလိုက်ရသည်။ အထူးသဖြင့် မြို့ထဲတွင် အလွန်အကျွံမဆုံမပြု စားသောက်လာခဲ့ပြီး အပြန်တွင် မျက်စိလည် လမ်းမှားနေမည်စိုးသဖြင့် အာဂျင်တီးနား စားသောက်ဆိုင်များတွင် အမျိုးပေါင်းစုံလင်များပြားလှသည့် အစားအစာများထဲမှ 'ဘေဘီစတိတ်'ခေါ် 'ကလေးများစားသည့်အစာ' တစ်မျိုးတည်းကိုသာ မှာစားခဲ့ရန် အကြံပေးမှာကြားလိုက်ကြသည်။

သို့ဖြင့် အီလီသည် နံနက်စောစော အိမ်မှထွက်သွားခဲ့ပြီး ညနေမှောင်စပျိုးချိန်တွင် အိမ်ပြန်လာသောအခါ အကြီးအကျယ် ဒေါပွလာသည်ကို တွေ့ရသည်။ အကျိုးအကြောင်း မေးမြန်းကြည့်ကြရာ မြို့ထဲတွင် ဟိုဟိုသည်သည် သွားလာလည်ပတ်ခဲ့ရာ၌ ညွှန်ကြားချက်များကို ဂရုတစိုက် လိုက်နာနေရသဖြင့် သူ့မှာ မလွတ်လပ်ဘဲ တစ်နေ့လုံး စိတ်ထဲတွင် ကျဉ်းကျပ်နေခဲ့ရကြောင်းနှင့် အကယ်၍သာ သူ့ကို 'နန်းတော်'အဆောက်အအုံသို့ ညနေမိုးချုပ်၍ မှောင်မှ ပြန်လာခဲ့ရမည်ဟု အမိန့်ပေးလိုက်ခြင်းမရှိပါက သူသည် မြို့ထဲတွင် တစ်နာရီ နှစ်နာရီခန့်သာနေပြီး ပြန်လာခဲ့မည်ဖြစ်ကြောင်း ဒေါပွပွဖြင့် ပြောပြခဲ့သည်။ ထို့ပြင် သူ့အတွက် ပို၍ဒေါသထွက်စရာဖြစ်လာခဲ့သည်မှာ မိမိအား ဝိုင်း၍ အကြံပေးလိုက်ကြသည့်အတိုင်း 'ဘေဘီစတိတ်'ခေါ် 'ကလေးများစားသည့် အစာ'ကို မှာစားခဲ့ရာ ထိုအစားအစာမှာ မိမိတို့ထင်သလို 'ကလေးများစားသည့် အစားအစာ' အသားတုံးကလေးမဟုတ်ဘဲ တကယ့်ကလေးငယ်ကလေးတစ်ယောက် အရွယ်လောက် ကြီးမားသည့် ရောမ အသားတုံးကြီးဖြစ်နေကြောင်း၊ ထို 'ဘေဘီစတိတ်' အသားတုံးကြီးကို ရိုးရိုးလူတစ်ယောက်သာ စားမည်ဆိုပါက တနင်္ဂနွေတစ်ပတ်အတွင်းမှာပင် ကုန်အောင်စားနိုင်မည်မဟုတ်ကြောင်း စသည်ဖြင့် အီလီက မကြည်သည့်သဘောဖြင့် ဒေါပွကာ ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအတွင်း အိုက်ခ်မန်းအား စောင့်ကြပ်ရသည့် အစောင့်များသည် အားလပ်သည့်အခါများတွင် စစ်တုရင်ကစားခြင်းဖြင့် အချိန်ဖြုန်းခဲ့ကြရသည်။ အင်္ဂလိပ်စာတတ်သူများကမူ သူတို့ယူလာကြသည့် အင်္ဂလိပ်စာအုပ်အချို့ကို ဖတ်နေခဲ့ကြပြီး အခြားသူများကလည်း ရေဒီယိုမှ သီချင်းများ၊ တေးဂီတများကို နားထောင်ခြင်း၊ အခြားကစားနည်းများကို တီထွင်ကစားနေကြခြင်းဖြင့် အချိန်မကုန်ကုန်အောင် လုပ်နေခဲ့ကြရသည်။ တစ်ခါတစ်ခါ အီလီနှင့် ကီရန်တို့က အဖွဲ့ဝင်များအား ပန်းသီး 'အစားပြိုင်ပွဲ' ကျင်းပခဲ့ကြရာ 'နန်းတော်' အဆောက်အအုံတွင် ပန်းသီး 'စားသုံးမှု'မှာ မယုံနိုင်လောက်အောင် များပြားလှ၍ အပြင်သို့ ပန်းသီးများမှာ၍ မလောက်အောင်ဖြစ်ခဲ့ရသည်။

❒

ကျွန်ုပ်သည် မေလ ၁၅ ရက်နေ့ ညနေပိုင်းတွင် 'နန်းတော်' အဆောက်အအုံသို့ သွားရောက်ခဲ့ရာ အသွားရောအပြန်ပါ လုံခြုံရေးအစီအစဉ်များကို အဘက်ဘက်မှ ချမှတ်လုပ်ဆောင်ခဲ့ကြသည်။ ကျွန်ုပ်သည် အိမ်ကို အပြင်မှကြည့်ရသလောက် အတွင်း၌ တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်ပွားနေသည်ဟူ၍ လုံးဝထင်မှတ်စရာ အကြောင်းမရှိဘဲ ဤရပ်ကွက်အတွင်းရှိ အခြားအိမ်များနှင့် ခြားနားသည့် လက္ခဏာများ လုံးဝမတွေ့ရဘဲ ဖြစ်ခဲ့သည်။

ကျွန်ုပ်တို့အချင်းချင်း မျက်နှာစုံညီ ပြန်လည်တွေ့ကြရသဖြင့် အားလုံး ရွှင်ရွှင်ပျပျ ဖြစ်နေကြသည်။ ကျွန်ုပ်သည် လူအတော်များများကို အိုက်ခ်မန်းအား ဖမ်းဆီးခဲ့ကြသည့်နေ့မှစ၍ မတွေ့ရဘဲ ရှိနေခဲ့ရာ ယခုမှသာလျှင် သူတို့နှင့် တွေ့ဆုံခဲ့ရပြီး သူတို့၏ ကြိုးပမ်းအောင်မြင်မှုအတွက် ချီးကျူးစကား ပြောကြားခွင့်ရခဲ့သည်။ ကျွန်ုပ်သည် အိုက်ခ်မန်းအား အစ္စရေးသို့ လေယာဉ်ဖြင့် ခေါ်ဆောင်သွားရန် ကြံရွယ်ထားကြောင်း သူတို့ကို ပြောကြားခဲ့သည်။ သို့သော် အကယ်၍ ကျွန်ုပ် ကြံရွယ်ထားသည့်အတိုင်း အထမမြောက်ပါက ၎င်းအား ပင်လယ်ကူး သင်္ဘောဖြင့် တင်ပို့နိုင်သည်အထိ မရှောင်မလွှဲသာဘဲ ထိန်းသိမ်းချုပ်နှောင်ထားရမည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ ကျွန်ုပ်၏စကားကို ကြားရသောအခါ သူဘို့တစ်တွေမှာ အတော်ကလေး အံ့အားသင့်ကာ မသိမသာ တုန်လှုပ်သွားကြသည်ကို ကျွန်ုပ် ရိပ်စားမိလိုက်သည်။

ထို့နောက် ကျွန်ုပ်သည် အိုက်ခ်မန်း၏အခန်းသို့ မသွားမီ ကဲနက်နှင့် ၎င်းတို့နှစ်ယောက် နောက်ဆုံးအကြိမ် မေးမြန်းစစ်ဆေးခဲ့ကြသည့် အကြောင်းခြင်း





ရာများကို ကဲနက်ထံမှ အသေးစိတ် ကြားနာခဲ့သည်။ နောက်ဆုံးအခြေအနေအရ အိုက်ခ်မန်းသည် စစ်ကြီးအတွင်းက ဂျူးလူမျိုးများအပေါ် သူလုပ်ကိုင် ကျူးလွန်ခဲ့သမျှ ဝမ်းနည်းစကား စတင်ပြောကြားလာကြောင်း ကဲနက်က ကျွန်ုပ်အား ပြောပြခဲ့သည်။ အိုက်ခ်မန်းသည် မိမိကိုယ်မိမိ အင်အားကြီးမား၍ ရက်စက်ကြမ်းကြုတ်လှသည့် နာဇီအုပ်ချုပ်မှု ယန္တရားကြီး၏ သေးငယ်လှသော ခွေးသွားစိတ်ကလေးတစ်ခုအဖြစ် နှိုင်းယှဉ်ကာ မိမိအနေဖြင့် အထက်အရာရှိများ၏ ဆုံးဖြတ်ချက်များအပေါ် တစ်စုံတစ်ရာ ပြောင်းလဲဟန့်တားနိုင်သည့် သြဇာအာဏာ အရှိန်အဝါ မရှိခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့သည်ဟု သိရသည်။ သို့သော် ယခုအခါတွင်မူ သူသည် ဂျူးလူမျိုးများအပေါ် ကျူးလွန်ခဲ့သည့် ကြီးမားသော ရာဇဝတ်မှုများကို နားလည်သဘောပေါက်ခဲ့ပြီဖြစ်၍ ထိုသို့သောအဖြစ်မျိုး ထပ်မံကျူးလွန်ခြင်း မရှိရလေအောင် အစွမ်းကုန် ကာကွယ်သွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ကျန်ရှိနေသော လူသားများအတွက် သတိပေးတားမြစ်သည့် အနေဖြင့် စစ်ကြီးအတွင်းက ရက်စက်မှုများ အားလုံးကို ကမ္ဘာသို့ တင်ပြရန် အသင့်ရှိကြောင်း ပြောပြခဲ့သည်ဟု သိရသည်။

ဤသို့ဖြင့် အိုက်ခ်မန်းသည် သူ၏ ရာဇဝတ်မှုများကို လုံးဝမငြင်းကွယ်တော့ဘဲ အရေးကြီးသည့် အတိုင်းအတာပမာဏကို သေးငယ်အောင် ကြိုးစားလာခဲ့ပြီဖြစ်ရာ ကျွန်ုပ်က အိုက်ခ်မန်းသည် ဤရာဇဝတ်မှုများနှင့် ပတ်သက်၍ သူ့အား တရားရုံးတွင် စစ်ဆေးမည်ဆိုပါက မည်သို့သဘောထားမည်ကို မေးမြန်းစုံစမ်းကြည့်ရန် ကဲနက်အား တာဝန်ပေးခဲ့သည်။ ဤနေရာတွင် ဤအချက်ကို အခြေခံ၍ ကျွန်ုပ်တို့သည် အိုက်ခ်မန်းထံမှ အစ္စရေးသို့ လိုက်ပါ၍ တရားရုံးတွင် အမှုကိုရင်ဆိုင်ရန် သဘောတူညီချက်ကို ရယူနိုင်မည်ဖြစ်ကြောင်း ကဲနက်အား ပြောပြခဲ့သည်။ အိုက်ခ်မန်းထံမှ ဤသို့သော သဘောတူညီချက် ရရှိခဲ့သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် လူတစ်ယောက်အား အစ္စရေးသို့ တိတ်တဆိတ် ခေါ်ဆောင်သွားပြီး တရားရုံးတွင် စစ်ဆေးပိုင်ခွင့်ရှိမရှိ ပြဿနာပေါ်ပေါက်လာပါက ကျွန်ုပ်တို့ဘက်မှ တရားဥပဒေအရ ပြောရေးဆိုခွင့်ရှိသည်ဟု ကျွန်ုပ် ယူဆမိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ဤသို့သော တရားဝင်စာရွက်စာတမ်းမျိုးသည် အခြေခံအားဖြင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အရေးပါ အရာရောက်နိုင်သည်ဟု စွဲမြဲစွာ ယုံကြည်ထားခဲ့သည်။

ဤအချက်နှင့် စပ်လျဉ်း၍ အိုက်ခ်မန်းက မိမိသည် နာဇီအုပ်ချုပ်မှုအောက်တွင် သူ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ ရုံးတင်စစ်ဆေးခံ



www.burmeseclassic.com

www.burmeseclassic.com



မှုအားဖြင့် သဘောတူခဲ့သော်လည်း သူသည် ဂျာမန်အမျိုးသားတစ်ဦး ဖြစ်သည့်အလျောက် ထိုအမှုကို ဂျာမနီတွင်သာ စစ်ဆေးစေလိုကြောင်း ကဲနက်အား ပြောပြခဲ့သည်။ သို့သော် ကဲနက်က ထိုသို့လုံးဝမဖြစ်နိုင်ကြောင်း အတိအလင်း ပြန်ကြားခဲ့ရာ သူသည် တစ်ထစ်လျှော့သည့်အနေဖြင့် သူ၏ မွေးရာဇာတိဖြစ်သော ဩစတြီးယားနိုင်ငံတွင် စစ်ဆေးရန် တင်ပြလာပြန်သည်။ ဤတွင် ကဲနက်က မိမိတို့သည် ဤအမှုကို အစ္စရေးနိုင်ငံမှတစ်ပါး အခြားနိုင်ငံတစ်နိုင်ငံတွင် စစ်ဆေးရန် လုံးဝလက်မခံနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူ၏ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုများကို အများဆုံးခံစားခဲ့ကြရသူများမှာ ယခုအခါ အစ္စရေးနိုင်ငံသူ နိုင်ငံသားများ ဖြစ်နေသည့်ပြင် ရုံးတော်တွင် ဤအမှုအတွက် သက်သေအဖြစ် လိုက်ပါထွက်ဆိုကြမည့်သူများမှာလည်း အများအားဖြင့် ဤနိုင်ငံသူ နိုင်ငံသားများ ဖြစ်နေသောကြောင့်ဟူ၍ ရှင်းပြခဲ့သည်။ ထို့ပြင် အစ္စရေးနိုင်ငံသည် ဂျူးအမျိုးသားများ၏ တရားဥပဒေအရ ကိုယ်စားပြုသည့် နိုင်ငံဖြစ်သည့်အလျောက် ဂျူးအမျိုးသားများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင် ဆုံးဖြတ်ရာ၌ အစ္စရေးနိုင်ငံသည်သာလျှင် အသင့်တော်ဆုံး ဖြစ်ကြောင်းကိုလည်း ပြောပြခဲ့သည်။

ထို့နောက် ကျွန်ုပ်က ဤအမှုကို တရားဥပဒေ ထုံးတမ်းစဉ်လာများနှင့်အညီ တရားမျှတစွာ စစ်ဆေးမည့်အပြင် ဥပဒေကြောင်းအရ မိမိအတွက် လိုအပ်သော ရှေ့နေရှေ့ရပ်များကို ငွားရမ်းလွှဲအပ်၍ မိမိကိုယ်တိုင်လည်း ထုချေလျှောက်လဲခွင့်ပြုမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သို့ဖြင့် ထိုကိစ္စအတွက် အချိန်အတော်ကြာအောင် ဆွေးနွေးခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား အဆိုပါ တရားဝင်စာရွက်စာတမ်းတွင် အတင်းအကျပ် အဓမ္မစေခိုင်းခြင်းကြောင့်မဟုတ်ဘဲ မိမိဆန္ဒအလျောက် သဘောတူလက်မှတ်ရေးထိုးရန် အကြိမ်ကြိမ် ရှင်းလင်းပြောပြ၍ တိုက်တွန်းခဲ့ရာ နောက်ဆုံး၌ သူ့အား ဤကိစ္စအတွက် ၂၄ နာရီ စဉ်းစားခွင့်ပြုပါရန် မေတ္တာရပ်ခံခဲ့သည်။ ကျွန်ုပ်တို့ကလည်း သူ၏ မေတ္တာရပ်ခံချက်ကို လက်ခံ သဘောတူခဲ့သည်။

ကျွန်ုပ်သည် အိုက်ခ်မန်းအား ပထမဆုံးအကြိမ် ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရသောအခါ ကျွန်ုပ်၏စိတ်ထဲတွင် ရုတ်တရက် ပေါ်ပေါက်လာသည့် ခံစားမှုအတွက် တအံ့တသြဖြစ်သွားခဲ့မိသည်။ သူ့ကိုမြင်လိုက်ရသောအခါ ကျွန်ုပ်၏လူများက ပြောပြထားသလို သူ့အပေါ် ရွံရှာမုန်းတီးမှုများ ပေါ်ပေါက်လာခြင်း လုံးဝမရှိဘဲ ဖြစ်နေခဲ့သည်။ ကျွန်ုပ်စိတ်ထဲတွင် ပထမဆုံး စဉ်းစားမိ





သည်မှာ ‘ဒီလိုဆိုတော့လည်း သူ့ကိုကြည့်ရတာ သူလိုကိုယ်လိုပါပဲလား”ဟူ၍ ပင်ဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက လူသန်းပေါင်းများစွာတို့ကို သတ်လာခဲ့သော လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်သည် မည်သို့ရှိလိမ့်မည်ဟူ၍ ကျွန်ုပ်စိတ်ထဲတွင် မှန်းဆ၍ မရနိုင်ခဲ့ပါ။ ယခုသော်မူ ကျွန်ုပ်စိတ်ထဲတွင် အကယ်၍သာ သူ့ကို လမ်းပေါ်တွင် တွေ့ရမည်ဆိုပါက ကျွန်ုပ်ဘေးနားမှ ဖြတ်သန်းသွားလာနေကြသည့် ထောင်ပေါင်းများစွာသော လူအများနှင့် ဘာတစ်ခုမှ မခြားနားဘဲ ရှိနေလိမ့်မည်ဟူ၍သာ စိတ်ထဲက တွေးနေမိသည်။ ထို့ပြင် ကျွန်ုပ်ခေါင်းထဲတွင် “သူလိုကိုယ်လို ဘာမှမထူးခြားတဲ့ ဒီလူကို တကယ့်သွေးစုပ်ဖုတ်ကောင်ကြီးတစ်ကောင် ဖြစ်သွားအောင် ဘယ်လိုများ ဖန်တီးလိုက်ကြတာလဲ” ဟူ၍ အထပ်ထပ်အခါခါ မေးခွန်းထုတ်နေမိသည်။

“သူ့မှာ တခြားလူတွေနဲ့ မတူတဲ့ အသွင်အပြင် လက္ခဏာရယ်လို့ မရှိတော့ဘူးလား၊ ဒါမှမဟုတ် ဒီလို မတူတဲ့ လက္ခဏာဟာ ဖောက်ပြန်ပျက်စီးနေတဲ့ စိတ်ဓာတ်ထဲမှာပဲ ရှိနေရော့သလား”ဟူ၍ တွေးတောစဉ်းစားနေမိသည်။

❑

ထိုညက နောက်ပိုင်းတွင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အားလုံးသည် ညစာစားပွဲ၌ ဒီနာ၏ ဧည့်သည်များ ဖြစ်ခဲ့ကြသည်။ ထိုညစာစားပွဲ၌ ကျွန်ုပ်က အကယ်၍ ဤစစ်ဆင်ရေးသည် ယခုအတိုင်းသာ ဆက်လက်၍ ချောချောမောမော ဖြစ်သွားမည်ဆိုပါက ငါးရက်အတွင်း အားလုံးပြီးစီးသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့ရာ ကျွန်ုပ်၏ စကားကြောင့် အားလုံးစိတ်ဓာတ်တက်ကြွသွားခဲ့ကြသည်။ အထူးသဖြင့် အီလီမှာ ဝမ်းအသာဆုံးဖြစ်သွားခဲ့သည်။ သူသည် ထိုညက ရယ်စရာဟာသများကို တဝါးဝါးပွဲကျအောင်ပြောရင်း ညစာစားပွဲတစ်လျှောက်လုံး အခြားသူများအား ဖျော်ဖြေနေခဲ့သည်။

ညစာစားပွဲတွင် ဂါဘီက ပြဿနာအချို့ကို အလေးအနက်သဘောထား၍ ပြောကြားတင်ပြခဲ့ရာ ကျွန်ုပ်စိတ်ထဲတွင် အတော်ကလေး အာရုံစိုက်စရာဖြစ်လာခဲ့သည်။ ဂါဘီက သူ့အနေဖြင့် စိတ်မကောင်းဖြစ်မိသည်မှာ မိမိတို့သည် အိုက်ခ်မန်းအား ယခုလို ဖမ်းဆီးခဲ့ခြင်းဖြင့် ကျန်ရစ်သည့် အပြစ်ကင်းမဲ့သော ဇနီးနှင့် သားသမီးများအား အိမ်ထောင်ဦးစီးတစ်ယောက် မရှိတော့ဘဲ သွယ်ဝိုက်၍ ထိခိုက်နစ်နာအောင် လုပ်ဆောင်ခဲ့သလို ဖြစ်နေသည့်အချက်ကို စဉ်းစားမိကြောင်း၊ သို့ဖြစ်ရာ မိမိတို့သည် လူသတ်ကောင် အိုက်ခ်မန်းအား တရားဥပဒေအရ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် အပြစ်ပေးရမည်ဖြစ်သော်လည်း တစ်ချိန်တည်းတွင် ၎င်း၏ မိသားစုအား လျစ်လျူရှုမထားဘဲ တစ်နည်းတစ်ဖုံ ကြည့်ရှုထောက်ပံ့ခြင်းဖြင့် လူမျိုးများ၏ သနားကြင်နာမှုကို ပြသရန် အထူးအရေးကြီးသည်ဟု ယူဆမိကြောင်း စသည်ဖြင့် ဂါဘီက ပြောကြားခဲ့သည်။

ဤတွင် ကျွန်ုပ်က ယခု ဂါဘီတင်ပြခဲ့သည့် စိတ်ဓာတ်မျိုးကိုသာ လက်တွေ့ကျင့်သုံးရမည်ဆိုပါက အခြားသော သာမန်ရာဇဝတ်ကောင်များကိုလည်း အလားတူ သဘောထားရမလိုဖြစ်နေကြောင်း၊ ထိုကဲ့သို့ ရာဇဝတ်ကောင်များ၏ မိသားစုများအပေါ် ကြည့်ရှုထောက်ပံ့မှုမျိုးကို မည်သည့်နိုင်ငံတွင်မှ လုပ်ဆောင်သည်ဟူ၍ မကြားဖူးကြောင်း ဂါဘီအား ပြောပြခဲ့ရသည်။ ထို့ပြင် တကယ့်တကယ်အားဖြင့်ဆိုရလျှင် ဗိုရာအိုက်ခ်မန်းသည် သူမ၏ ယောကျ်ားဖြစ်သူ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ မည်သို့သဘောထားခဲ့သည်ကို ကျွန်ုပ်တို့ လုံးဝမသိရဘဲ ရှိခဲ့ကြောင်း၊ အထူးသဖြင့် စစ်ကြီးဖြစ်ပွားနေသည့် ကာလတစ်လျှောက်လုံး သူမ၏ယောကျ်ားသည် နာဇီပါတီ၏ ထိပ်တန်းအရာရှိများထဲတွင် မည်သို့သောရာထူးမျိုးကို ရရှိခဲ့၍ ဂျူးအမျိုးသားများအား 'အပျောက်ရှင်း' သည့် လုပ်ငန်းကြီးတွင် မည်သို့ တာဝန်ယူခဲ့ရသည်ကို သူမအနေဖြင့် အားလုံးသိထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဤကိစ္စတွင် ကျွန်ုပ်တို့သည် သူမကိုသော်လည်းကောင်း၊ သူမ၏ သားသမီးများကိုသော်လည်းကောင်း၊ ယခုအထိ အန္တရာယ် လုံးဝမပေးခဲ့ကြောင်းနှင့် နောင်တွင်လည်း အန္တရာယ်ပေးရန် လုံးဝမရည်ရွယ်ကြောင်း စသည်ဖြင့် ဂါဘီအား ပြောပြခဲ့ရသည်။ သို့သော် ဤသို့ဆိုလိုက်ခြင်းဖြင့် ကျွန်ုပ်တို့သည် သူမကိုသော်လည်းကောင်း၊ အခြားသော ဆွေမျိုးသားချင်းများကိုသော်လည်းကောင်း ထောက်ပံ့ပေးကမ်းသင့်သည်ဟု လုံးဝ မဆိုလိုကြောင်းကိုလည်း ကျွန်ုပ်က ပြောပြခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ပြောကြစတမ်းဆိုပါက အိုက်ခ်မန်းနှင့် သူ၏လုပ်ဖော်ကိုင်ဖက်များသည် သူတို့ နှိပ်စက်ညှင်းဆဲ သတ်ဖြတ်ခဲ့ကြသည့် အပြစ်ကင်းမဲ့သူများ၏ မိသားစုများအား ထိုသို့သော ပေးကမ်းထောက်ပံ့မှုများကို ပြုလုပ်ခဲ့ကြပါသလားဟူ၍သာ မေးရန်ရှိနေသည်။

သို့သော် ဂါဘီသည် သူ့အယူအဆနှင့် တင်ပြချက်ကို အလွယ်တကူဖြင့် လက်မလျှော့ဘဲရှိခဲ့သည်။ သို့ဖြစ်ရာ အချိန်အတော်ကြာသည်အထိ စိတ်ဝင်စားဖွယ်ရာ အချေအတင် ပြောခဲ့ကြရသည်။ ကျွန်ုပ်သည် သူ၏ တင်ပြချက်ကို အခြေခံအားဖြင့် ကန့်ကွက်ခဲ့သော်လည်း ဤတင်ပြချက်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်





ထားသည့်အတွက် သူ့ကို အတော်ပင် လေးစားသွားမိသည်။ ထို့ပြင် ဂါဘီသည် ဤမျှလောက် အခြေအနေဆိုးရွား၍ အန္တရာယ်ရှိနေသည့်ကြားမှ သူလိုလူတစ်ယောက်သည်သူ၏ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ကာ သူတို့၏ လူသားဆန်သော စိတ်ဓာတ်နှင့် သဘောထားကြီးမှုကိုပြသရန် စဉ်းစားမိသည့်အတွက် အံ့ဩမဆုံးအောင် ဖြစ်မိသည်။ အထူးသဖြင့် အကြင်နာတင်းမဲ့လှသော လူသတ်သမားနှင့် တစ်ဖက်သားအပေါ် သနားတတ်သော ဂါဘီတို့လူစု၏ ခြားနားမှုမှာ တကယ်ပင် အံ့ဩဖွယ်ရာဖြစ်နေခဲ့သည်။

သို့ဖြင့် ကျွန်ုပ်တို့သည် အာဂျင်တီးနားနိုင်ငံအတွင်း တစ်ခုသောအိမ်ကလေးတွင် တစ်ဖက်သောအခန်းထဲ၌ လူသန်းပေါင်းများစွာတို့ကို သတ်ဖြတ်ခဲ့သည့် လူတစ်ယောက် ရှိနေစဉ် ဤဖက်အခန်းမှနေ၍ အချေအတင် ပြောကြားရင်း စကားလက်ဆုံကျနေခဲ့ကြသည်။ မည်သို့ဖြစ်စေ ဤအခိုက်အတန့်တွင်မှ လွန်ခဲ့သည့် ရက်များအတွင်းက ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် တင်းမာမှုများမှာ အတော်အတန် လျော့ပါးသွားသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ပြင် ဤအချိန်ကလေးတွင် ကျွန်ုပ်တို့သည် နိုင်ငံခြားတိုင်းပြည်တစ်ပြည်၌ 'အရေးပေါ် အကျဉ်းထောင်' တစ်ခုကို တာဝန်ယူ အုပ်ချုပ်နေကြရသည်ဟူသော အသိများပင် ပျောက်ကွယ်သွားခဲ့ပြီး အစ္စရေးနိုင်ငံတစ်နေရာရာ၌ မိတ်ဆွေအပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့ကာ ပျော်ပျော်ပါးပါး စကားကောင်းနေကြသည်ဟူ၍ ထင်မှတ်ခဲ့ရသည်။

ကျွန်ုပ်သည် 'နန်းတော်' အဆောက်အအုံမှ ပြန်လည်မထွက်ခွာမီ ဂါဘီနှင့် နှစ်ယောက်ချင်းတွေ့ဆုံကာ အကယ်၍ အရေးပေါ်အကြောင်းကိစ္စတစ်စုံတစ်ရာ ဖြစ်ပွားလာပါက ကျွန်ုပ်တို့ လူများအနေဖြင့် မည်သို့လုပ်ကိုင်ဆောင်ရွက်ကြရမည်ကို ပြောဆိုညွှန်ကြားခဲ့သည်။ အထူးသဖြင့် အကျဉ်းသားအား မိမိကိုယ်မိမိ အဆုံးစီရင်ရန်နှင့် ထွက်ပြေးရန် မည်သို့မျှ အလစ်မပေးဘဲ လိုအပ်သော စောင့်ကြည့်မှုများကို စီစဉ်ချမှတ် လုပ်ဆောင်ကြရန် သတိပေးခဲ့သည်။ ထို့ပြင် သူ့အား ဤနေရာမှ ခေါ်ထုတ်သွားရန်နှင့် အစ္စရေးသို့ လေယာဉ်ဖြင့် တင်ဆောင်သွားရာ၌ တစ်စုံတစ်ရာ အခက်အခဲမဖြစ်ဘဲ ချောချောမောမောဖြစ်အောင် သူ၏ ကျန်းမာရေးကို အစွမ်းကုန်ဂရုစိုက်၍ စောင့်ရှောက်ထိန်းသိမ်းသွားရန်လည်း မှာကြားခဲ့ရသည်။ ဤအတွက် သူ့အား ဆရာဝန်ဖြင့် အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုထားကြရမည်ဖြစ်သည်။

ဤအိမ်တွင် ဝင်ထွက်သွားလာနေထိုင် လုပ်ရှားကြရာ၌ အိမ်နီးနားချင်းများအနေဖြင့် ဤအိမ်၌ လူအမြောက်အမြားရှိနေသည်ဟူ၍ လုံးဝမ



www.burmeseclassic.com

www.burmeseclassic.com



စေရန် သတိပြုကြရမည်ဖြစ်သည်။ အချိန်မရွေး ဤအိမ်ကိုကြည့်လိုက်လျှင် အိမ်ငှားစုတွဲနှစ်ယောက်သာလျှင် နေထိုင်လျက်ရှိကြပြီး ရံဖန်ရံခါ ဧည့်သည် တစ်ယောက် နှစ်ယောက် အဝင်အထွက်ရှိသည့် အနေအထားမျိုးဖြစ်အောင် ဖန်တီးထားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဤအိမ်တွင် ရှိနေကြသူများသည် စကားပြောလျှင် တိုးတိုးသက်သာ ပြောဆိုကြ၍ အရေးပေါ် အကြောင်းကိစ္စဖြင့် အပြင်သို့သွားကြလျှင်လည်း ညဘက်မှောင်ချိန်ရောက်မှ သွားကြရန် ညွှန်ကြားခဲ့ရသည်။ ဤသည်တို့မှာ အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ချမှတ်ထားသည့် စည်းကမ်းချက်များပင် ဖြစ်သည်။

အကယ်၍ အရေးအကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အကျဉ်းသားနှင့်တကွ အစောင့်အကြပ်များပါ ပြောင်းရွှေ့နေထိုင်ရန် ကျွန်ုပ်တို့ ယခင်က ငှားရမ်းထားသည့် သီးသန့်အိမ်များကိုလည်း အဆင်သင့် စီစဉ်ပြင်ဆင်ထားပြီး ရှိနေသည်။ အကယ်၍ ရဲဘက်မှသော်လည်းကောင်း၊ ဒေသဆိုင်ရာ ရပ်ကွက်အာဏာပိုင်များကသော်လည်းကောင်း လာရောက်ရှာဖွေစစ်ဆေးကြမည် ဆိုပါက အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိနေသူများမှတစ်ပါး ကျန်လူအားလုံးသည် ဤအိမ်မှ အမြန်ဆုံး လစ်ထွက်သွားကြရမည်ဖြစ်သည်။ ထိုအချိန်တွင် အကျဉ်းသား အိုက်ခ်မန်းအား 'လျှို့ဝှက်လှောင်အိမ်' အတွင်း အစောင့်တစ်ယောက်နှင့်အတူ ပိတ်လှောင်ထားရမည်ဖြစ်သည်။ အကယ်၍ ထိုသို့ ရှာဖွေစစ်ဆေးရာ၌ သာမန်လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ မသင်္ကာဖွယ်ရာ သတင်းတစ်ခု ရရှိထားသဖြင့် အလစ်တွင် ရှောင်တခင် ဝင်ရောက်ကာ အသေးစိတ် ရှာဖွေကြမည်ဆိုပါက အိုက်ခ်မန်းအား အဆင်သင့်ရှိနေသည့် မလွယ်ပေါက်မှ အစောင့်အရှောက် အနည်းဆုံးဖြင့် ခေါ်ထုတ်သွားနိုင်ရန်အတွက် မူလက ကြိုတင်စီစဉ်ထားသည့်အတိုင်း ရှာဖွေရေးသမားများအား တစ်နည်းနည်းဖြင့် အချိန်ဆွဲထားကြရမည်ဖြစ်သည်။ ဤအတောအတွင်း လူများသည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် တစ်ယောက်ပြီးတစ်ယောက် လစ်ပြေးကြရမည်ဖြစ်သည်။ အရေး အကြီးဆုံးနှင့် အဓိကအကျဆုံးလုပ်ရမည့်အလုပ်မှာ အကျဉ်းသားအိုက်ခ်မန်းအား ဤအိမ်မှ တစ်နည်းနည်းဖြင့် ခေါ်ထုတ်သွားနိုင်ရန်ဖြစ်ကြောင်း ပြတ်ပြတ်သားသား နားလည်သဘောပေါက်ထားရမည်ဖြစ်သည်။ အကယ်၍ ရှာဖွေသူများနှင့် ရှောင်လွှဲခြင်းဆိုင်ပက်ပင်းတိုးနိုင်သည့် အန္တရာယ်ရှိနေသည့်တိုင်အောင် အကျဉ်းသားနှင့် အစောင့်များကို လုံးဝမထိခိုက်စေဘဲ ရန်းကန်ခုခံ၍ လွတ်မြောက်အောင် ကြိုးစားကြရမည်ဖြစ်သည်။





အကယ်၍ လက်နက်ကိုင် ရဲအမြောက်အမြားဖြင့် ဝိုင်း၍အလစ်တွင် ဝင်ရောက်လာကြသဖြင့် အိုက်ခ်မန်းအား အိမ်ပြင်သို့ ခေါ်ထုတ်သွားရန် လုံးဝ အချိန်မရဘဲ ဖြစ်နေခဲ့ပါက အများစုသည် ဝိုင်းထားသော လက်နက်ကိုင်တပ်ဖွဲ့ကို မီးကုန်ယမ်းကုန် ပြန်လည်တိုက်ခိုက်ကာ တစ်နည်းနည်းဖြင့် လွတ်မြောက်အောင် ဖောက်ထွက်ကြရမည်ဖြစ်သည်။ ထိုအခြေအနေ ထိုအချိန်အခါတွင် အိမ်ထဲ၌ ရှိနေကြသူများသည် ရဲများလက်သို့ အဖမ်းခံကြပြီး မိမိတို့အား ရဲဘက်နှင့် မြို့ပြဘက်ဆိုင်ရာ အကြီးဆုံး အာဏာပိုင်များထံ ခေါ်ဆောင်သွားရန် တောင်းဆိုကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မိမိတို့ ဖမ်းဆီးထားသည့် အကျဉ်းသားသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုကာ ၎င်းအား လွတ်မြောက်အောင် ခေါ်ထုတ်သွားကြသူများ၏ ပခုံးပေါ်၌ မည်မျှကြီးလေးသည့် တာဝန်ရှိကြောင်း ရှင်းပြကြရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယခုအခါ အိုက်ခ်မန်းကို လုံးဝလူများစရာမရှိတော့ပြီ ဖြစ်၍ ကျွန်ုပ်တို့အဖို့ ရှေ့ဆက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များသည် ရှင်းရှင်းလင်းလင်း ရှိနေပြီဖြစ်ရာ ကျွန်ုပ်တို့၏ လုံခြုံရေးစည်းကမ်းများနှင့် သတ်မှတ်ချက်များကို ဆက်လက်တိုးချဲ့ ဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်သည်။ အာဏာပိုင်များအပေါ် အထင်သေးမိခြင်းနှင့် ပေါ့ပေါ့တန်တန် သဘောထားမိခြင်းတို့ကြောင့်သော်လည်းကောင်း၊ နာဇီအဖွဲ့အစည်းများနှင့် နီးစပ်သည့် အသိုင်းအဝိုင်းများ၏ ဝင်ရောက် စွက်ဖက်မှုတို့ကြောင့်လည်းကောင်း အိုက်ခ်မန်းအား မိမိတို့လက်မှ ပြန်လွတ်ထွက်မသွားအောင် အစွမ်းကုန် သတိထားနေကြရမည် ဖြစ်သည်။

နောက်ဆုံးအချက်အနေဖြင့် အကယ်၍ အဆိုးဆုံးအဖြစ်နှင့် ရင်ဆိုင်ခဲ့ရပြီး တစ်အိမ်လုံးကို အင်အားကြီးမားသည့် လက်နက်ကိုင်ရဲများဖြင့် ဝိုင်းထားခြင်းခံရ၍ အိုက်ခ်မန်းအား ဤ 'နန်းတော်'အဆောက်အအုံမှ ခေါ်ထုတ်သွားရန် လုံးဝမဖြစ်နိုင်တော့ပါက အိုက်ခ်မန်း၏ လက်တစ်ဖက်နှင့် မိမိ၏ လက်တစ်ဖက် ကိုတွဲ၍ လက်ထိတ်တစ်ခုဖြင့်ခတ်ကာ လက်ထိတ်သော့ကို တစ်နေရာရာသို့ လွှင့်ပစ်ရန် ဂါဘီအား ကျွန်ုပ်က ညွှန်ကြားခဲ့ရသည်။ သို့မှသာ ဂါဘီသည် အိုက်ခ်မန်းနှင့် ရုတ်တရက် လူချင်းကွဲမသွားနိုင်ဘဲ ရှိနေမည်ဖြစ်သည်။ ထိုအချိန် တွင် လူတစ်ယောက် နှစ်ယောက်မှအပ ကျန်လူများသည် လွတ်ရာလွတ်ကြောင်း ဘက်တွဲတပြားစီ ထွက်ပြေးကြရမည်ဖြစ်သည်။ ထို့နောက် ကျန်ရှိနေသော အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် နှစ်ယောက်သည် ထိုအိမ်အနီးအနားတစ်ဝိုက်မှ လုံခြုံသည့်နေရာတစ်ခုခုတွင် ပုန်းအောင်းကာ မည်သို့ ဆက်လက်ဖြစ်ပျက်သည်ကိုလည်းကောင်း၊ ဂါဘီ မသေမပျောက် ရှိသည်ကိုလည်းကောင်း အတိအကျ သိရှိရန် စောင့်ကြည့်ကြရမည်ဖြစ်သည်။

ထိုမှတစ်ဖန် ဂါဘီသည် အိုက်ခ်မန်းနှင့်အတူ လက်ထိတ်တန်းလန်းဖြင့် ဖမ်းဆီးခြင်းခံရပါက မိမိနှင့် မိမိလူအချို့သည် သန်းပေါင်းများစွာသော ဂျူးများအား သတ်ဖြတ်ခဲ့သည့် အိုက်ခ်မန်းအား ဖမ်းခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ပြောရမည်ဖြစ်သည်။ ဆက်လက်၍ မိမိတို့သည် အိုက်ခ်မန်းအား လူမှားမမှား စစ်ဆေးကြပြီးနောက် ရုံးတင်တရားစွဲဆိုရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်များထံ ခေါ်ဆောင်သွားရန် စီစဉ်ထားကြောင်း ပြောပြရမည်ဖြစ်သည်။ ထို့နောက် ဂါဘီသည် မိမိနှင့်အတူ လက်ချင်းတွဲ၍ လက်ထိတ်ခတ်ထားခြင်းခံရသော အိုက်ခ်မန်းကိုပါ အနီးဆုံးအရပ်မှ အကြီးဆုံးအာဏာပိုင်တစ်ယောက်ယောက်ထံ ခေါ်သွားရန် တောင်းဆိုပြီး အဆိုပါပုဂ္ဂိုလ်နှင့် တွေ့ဆုံပြီးသည့်အခါ အသေးစိတ်နှင့်တကွ နောက်ကြောင်းရာဇဝင်ကိုပါ ထုတ်ဖော်ပြောကြားရမည်ဖြစ်ကြောင်း ဂါဘီအား ကျွန်ုပ် ညွှန်ကြားခဲ့သည်။

ကျွန်ုပ်တို့သည် ဤသို့အားဖြင့်သာလျှင် ကျွန်ုပ်တို့ပေါ် ရန်ငြိုးထားနေကြသူများက အိုက်ခ်မန်းအား လွတ်မြောက်အောင် ကြိုးစားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် သူ့အား ဖမ်းဆီးရမိထားသည့် သတင်းကို လူများသိရှိစေရန်နှင့် သူ့အမှုကို အမြင့်ဆုံးအာဏာပိုင်များက စီရင်ဆုံးဖြတ်နိုင်ရန် တစ်ပြိုင်တည်း လုပ်ဆောင်နိုင်မည်ဟူ၍ ကျွန်ုပ် စဉ်းစားမိသည်။ သို့သော် ဤနေရာတွင် အိုက်ခ်မန်းအား ဖမ်းဆီးခဲ့သူများကို မုချရုံးတင်စစ်ဆေးမည်ဖြစ်သော်လည်း အိုက်ခ်မန်းအား ရုံးတင်စစ်ဆေးခြင်းကြောင့် ဤပြန်ပေးဆွဲမှု၏ နောက်ခံအကြောင်းရင်းဖြစ်သော အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်း၍ အသတ်ခံခဲ့ရသည့်ဖြစ်ရပ်ကို ဖော်ထုတ်တင်ပြနိုင်မည်ဟု ကျွန်ုပ် တထစ်ချ ယုံကြည်မိသည်။ ဤနည်းဖြင့် ဂျူးလူမျိုးများအပေါ် နာဇီတို့ ကျူးလွန်ခဲ့ကြသည့် ရာဇဝတ်မှုများကို ကမ္ဘာလူထုကြီးက အာရုံစိုက်လာကြမည်ဖြစ်သည်။

ဤသို့တွင် အထက်ဖော်ပြပါအတိုင်း ပြန်ပေးဆွဲသူများအား ဖမ်းမိသွားခဲ့ပါက ဂါဘီအား မိမိတစ်ဦးတည်း ဒိုင်ခံ၍ အပြစ်အားလုံးအတွက် တာဝန်ယူရမည်ဟူ၍ ကျွန်ုပ်အနေဖြင့် ညွှန်ကြားရန် မသင့်ဟု ယူဆမိသည်။ သို့ဖြင့် ကျွန်ုပ်သည် သူ့အား ဤသို့ပြောခဲ့ရသည်။





"အဲဒီလို ခင်ဗျားကိုယ်ခင်ဗျား အိုက်ခ်မန်းနဲ့အတူ ဖမ်းမိသွားပြီး ရဲဘက်နယ်ဘက်က အထက်အရာရှိကြီးတစ်ယောက်ယောက်နဲ့ တွေ့ခွင့်ရတဲ့အခါ ခင်ဗျားကိုယ်ခင်ဗျား အစ္စရေး အမျိုးသားတစ်ယောက်ဖြစ်ကြောင်း ဖွင့်ပြောပြီး ခင်ဗျားတို့အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ တခြားအမျိုးသားတစ်ယောက်ရဲ့ ညွှန်ကြားချက်အရ ဒီကိစ္စကို ဆောင်ရွက်ခဲ့ရကြောင်း ပြောပြပါ"

ဂါဘီသည် ကျွန်ုပ်ပြောသမျှ ငြိမ်၍နားထောင်နေခဲ့သည်။

"နောက်ပြီးတော့ အာဂျင်တီးနားမှာရှိနေတဲ့ ရီကာဒိုကလီမင့်ဆိုတဲ့သူဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျူးလူမျိုးတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့တဲ့ အဒေါ့ဖ်အိုက်ခ်မန်းဆိုတဲ့အကြောင်း ဒီအဖွဲ့က အတိအကျ သတင်းရခဲ့တယ်ဆိုတာ ပြောပြပါ။ အဲဒီနောက် ဒီအဖွဲ့ဟာ ဒီသတင်းမှန်မမှန် စုံစမ်းရအောင် ဗျူနိုအဲရစ္စမြို့ကို ရောက်လာတဲ့အကြောင်း၊ တကယ်လို့ ဒီလူဟာ အိုက်ခ်မန်းအစစ် ဖြစ်တယ်ဆိုတာ အတိအကျ သိရလို့ရှိရင် သူ့ကို လက်ရဖမ်းဆီးပြီး ဂျူးလူမျိုးတွေအပေါ် သူ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် တရားဥပဒေအရ စစ်ဆေးအပြစ်ပေးနိုင်အောင် အာဂျင်တီးနား အစိုးရအာဏာပိုင်တွင် လက်ထဲကို အပ်ဖို့ကြံရွယ်ထားတဲ့အကြောင်း ပြောပြပါ"

ဂါဘီသည် ကျွန်ုပ်၏စကားများကို မလှုပ်မယှက် ဆက်လက်နားထောင်နေခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်ကလည်း ဆက်၍ပင် ပြောသွားခဲ့သည်။

"အဲဒီမှာ ခင်ဗျားအနေနဲ့ ခင်ဗျာတို့ စေတနာ့ဝန်ထမ်းအဖွဲ့ခေါင်းဆောင်ရဲ့ နာမည်ဟာ အစ်ဆာဟာရဲလ်ပါလို့ ပြောပြရမယ်"

ဤနေရာတွင် ဂါဘီသည် ဆက်၍နားမထောင်လိုတော့သည့်ဟန်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့ရာ ကျွန်ုပ်က သူ့အား ခေတ္တစောင့်ဆိုင်းရန် လက်ကာပြလိုက်သည်။ ပြီးမှ ဆက်လက်၍–

"အဲဒီနောက် ခင်ဗျားအနေနဲ့ ကျုပ်တည်းနေတဲ့ ဟိုတယ်လိပ်စာနဲ့ အဲဒီဟိုတယ်မှာ ကျုပ်နာမည် ဘယ်လိုပေးထားတယ်ဆိုတာကိုပါ ပြောပြရမယ်"

ဂါဘီသည် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ရုတ်တရက် ကြားဖြတ်ပြောလိုက်သည်။

"ခင်ဗျား ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ"

"နေပါဦးလေ၊ ကျုပ်စကားကို ဆုံးအောင်နားထောင်ပါဦး"

ကျွန်ုပ်က လှမ်းပြောလိုက်သည်။ "အဲဒီလို ကျုပ်နာမည်နဲ့ လိပ်စာကို ပေးလိုက်ပြီးတဲ့နောက် သူတို့ကို ခင်ဗျား ဒီလိုဆက်ပြောရမယ်။ အစ်ဆာဟာရဲလ်က



www.burmeseclassic.com

www.burmeseclassic.com



အခုလို သူ့နာမည်နဲ့ လိပ်စာကို အင်္ဂလိပ်တီးနား အာဏာပိုင်တွေဆီမှာ ဖွင့်ပြောဖို့ အမိန့်ပေးထားတဲ့အကြောင်း သူခေါင်းဆောင်တဲ့အဖွဲ့က အခုလုပ်ခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ သူကိုယ်တိုင် ခင်ဗျားတို့ကို ရှင်းပြမယ်ဆိုတဲ့အကြောင်း၊ နောက်ပြီးတော့ ဒီကိစ္စတွေအားလုံးအတွက် သူတာဝန်ယူတဲ့အကြောင်းနဲ့ ဒီနိုင်ငံရဲ့ တရားဥပဒေရေးရာနဲ့ အခြေခံဥပဒေအကြောင်းအရ ဂုဏ်သိက္ခာအရ ထိုက်သင့်သလို အရေးယူတာတွေကို ခံယူဖို့ အသင့်ရှိတယ်ဆိုတဲ့အကြောင်း၊ ဒါတွေကို ခင်ဗျားပြောပြရလိမ့်မယ်"

"ဒီမယ် အစ်ဆာ" ဂါဘီက ရုတ်တရက် ဝင်ပြောလိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို အိုက်ခ်မန်းနဲ့အတူ လက်ချင်းတွဲပြီး လက်ထိတ်ခတ်ထားရမယ်၊ ပြီးတော့ သူနဲ့အတူ ထောင်ထဲဝင်ရမယ်လို့ပြောတာဟာ သဘာဝလည်းကျပါတယ်။ ဒါကို ကျွန်တော် နားလည်နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော် လိုက်လိုက်လှဲလှဲ တောင်းပန်ချင်တာက ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားအပေါ် ပုံချဖို့တော့ ကျွန်တော့်ကို အမိန့်မပေးစေချင်ဘူး။ ဒီကိစ္စမှာ ခင်ဗျားလိုလူတစ်ယောက် အဖမ်းခံဖို့ဆိုတာ လုံးဝမဖြစ်သင့်ပါဘူး"

ဤတွင် ကျွန်ုပ်ကလည်း ကျွန်ုပ်၏ သဘောထားကို သူနားလည်စေရန် ကြိုးစား၍ ရှင်းပြခဲ့သည်။

"ဒီစစ်ဆင်ရေးဟာ အရင်က ကျုပ်တို့ဆင်နွှဲခဲ့ကြတဲ့ စစ်ဆင်ရေးတွေနဲ့ ဘာမှမဆိုင်ဘူး ဂါဘီ" ကျွန်ုပ်က ပြောလိုက်ရသည်။

"ကျုပ်ရဲ့ ခံယူချက်နဲ့ သဘောထားကို ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ဒီတာဝန်ကြီးဟာ အားလုံးနဲ့ပတ်သက်ပြီး လူသားဆန်တဲ့ အမျိုးသားရေးတာဝန်ကြီးပါ။ ဒါကြောင့် ဒီတာဝန်ကြီး အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားဖို့က ကျုပ်စိတ်ထဲမှာ တခြားဟာတွေအားလုံးထက် ပိုပြီးအရေးကြီးတယ်လို့ ခံယူထားတယ်။ အခုဟာ ဒီအသိနဲ့ ဒီခံယူချက်သဘောထားအရ ဒီတာဝန်ကို ထမ်းရွက်နေတာပါ။ အဲဒီတော့ နောက်ဆုံးအနေနဲ့ ကျုပ်ပြောချင်တာကတော့ လောလောဆယ် ခင်ဗျားရဲ့ သဘောထားနဲ့ အယူအဆကို ခင်ဗျားကိုယ်တိုင် ပြန်ပြီးတိုက်ဖျက်ပစ်ဖို့ပါပဲ"

ဂါဘီသည် ကျွန်ုပ်၏စကားကို မရှင်းမဲ့ရှင်းဖြင့် မဝေခွဲနိုင်သည့် အမူအရာမျိုး ဖြစ်နေသည်။ သို့ဖြစ်ရာ နောက်ဆုံး၌ ကျွန်ုပ်က ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်ရသည်။





"ခင်ဗျားကို ကျုပ် အခုပြောခဲ့တာတွေဟာ အမိန့်ပဲ။ အဲဒီတော့ အဲဒီအမိန့်အတိုင်း တိတိကျကျနဲ့ စိတ်ရောကိုယ်ပါ လိုက်နာရလိမ့်မယ်"

ကျွန်ုပ်တို့နှစ်ယောက်၏ အချေအတင် ဆွေးနွေးမှုမှာ မမျှော်လင့်ဘဲ ပြင်းပြင်းထန်ထန်ဖြစ်ကာ စိတ်လိုက်မာန်ပါဖြင့် နှစ်ယောက်စလုံး အလွန်အကျွံ ပြောမိခဲ့ကြရာမှ ကျွန်ုပ်၏ နောက်ဆုံးစကားသည် ဂါဘီအား တုန်လှုပ်သွားစေသည်ကို ကျွန်ုပ် သတိပြုလိုက်မိသည်။ မှန်သည်။ သူသည် ကျွန်ုပ်နှင့် လုံးဝသဘောမတူနိုင်သည်မှာ ထင်ရှားသည်။ သို့သော် သူသည် ကျွန်ုပ်၏ အမိန့်အတိုင်း အတိအကျ လိုက်နာဆောင်ရွက်မည်ကိုမူ ကျွန်ုပ် ကောင်းကောင်းကြီး ယုံကြည်စိတ်ချပြီးဖြစ်သည်။

❒

အိုက်ခ်မန်းအား ဖမ်းဆီးခဲ့သည့်အချိန်နှင့် အထူးလေယာဉ်ဆိုက်ရောက်မည့်အချိန်အကြား ကာလကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းသည် တစ်စုံတစ်ခုသောအတိုင်းအတာထိ အန္တရာယ်ကြီးထွားလာနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ ဤသို့စောင့်ဆိုင်းနေရခြင်းဖြင့် ကျွန်ုပ်တို့၏ မမြင်ရသောရန်သူအား ဤအဖြစ်အပျက်နှစ်ခု၏ ဆက်စပ်မှုကို စောင့်ကြည့်ရန် အချိန်ရစေခဲ့ပြီး အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ မရောက်အောင် တားဆီးနိုင်သည့် အဖြစ်အပျက်မျိုးကို ဖန်တီးခွင့်ရရှိစေနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ ကျွန်ုပ်သည် အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်စွမ်းရှိသော ကျွန်ုပ်၏ လူများအပေါ် ယုံကြည်မှုအပြည့်အဝရှိပြီးဖြစ်သော်လည်း ယခုကိစ္စတွင် အိုက်ခ်မန်းအား အခြားတစ်နည်းတစ်လမ်းဖြင့် အာဂျင်တီးနားမှ ခေါ်ထုတ်သွားရန် စဉ်းစားမရအောင် ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ အကြောင်းထူးလိုထူးငြား ဗျူနိုအဲရစ္စပင်လယ်ဆိပ်ကမ်းနှင့် ပင်လယ်ကွင်းဆိုက်ကပ်ထားသော သင်္ဘောတစ်စီးပေါ်သို့ လူတစ်ယောက်ကို လျှို့ဝှက်၍ တင်ပို့ရန် ဖြစ်နိုင်မဖြစ်နိုင် ကျွန်ုပ်တို့အဖွဲ့ဝင်တစ်ယောက်အား ပင်လယ်တစ်ခါးတစ်ဝိုက်သို့ ထပ်မံစေလွှတ်၍ စုံစမ်းခိုင်းခဲ့ရသည်။

ဗျူနိုအဲရစ္စမြို့၏ ဆိပ်ကမ်းမှာ အဓိကအားဖြင့် နှစ်ပိုင်းခွဲထားသည်။ တောင်ဘက်ဆိပ်ကမ်းနှင့် မြောက်ဘက်ဆိပ်ကမ်းဟူ၍ဖြစ်သည်။ ဤဆိပ်ကမ်းနှစ်ခုအကြားတွင် ဗျူနိုအဲရစ္စ မြို့သူမြို့သားများ၏ ထင်ရှားကျော်ကြားသော နွေရာသီ အပန်းဖြေ ကမ်းခြေသဲသောင်ပြင်ကြီးရှိသည်။ နွေရာသီတွင် အဆိုပါကမ်းခြေ ကမ်းနားလမ်းတစ်လျှောက်တွင် လက်တွန်းလှည်းကလေးများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပုန္ခေ့းနွေး ရောင်းချနေကြသော စားသောက်ဆိုင်များမှာ တသီတတန်းကြီးရှိနေသည်။ သို့သော် ယခုအချိန်မှာ ဆောင်းတွင်းဖြစ်နေသည်။

တောင်ဘက်ဆိပ်ကမ်းမှာ 'လာပလာတာ'မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော 'ရာချယ်လို' မြစ်အနီးတွင်ရှိ၍ 'ဥရုဂွေး'နှင့် 'ပါရာနာ'မြစ်အတွင်း ခုတ်မောင်းသွားလာကြသည့် သင်္ဘောကလေးများ ဆိုက်ကပ်ရာ အဓိကဆိပ်ကမ်းဖြစ်သည်။ ထို့ပြင် ထိုဆိပ်ကမ်းသည် နိုင်ငံရပ်ခြားမှ ပင်လယ်ကူးသင်္ဘောကြီးများအတွက် အထောက်အကူပြုသည့် ဆိပ်ကမ်းလည်းဖြစ်သည်။ ထိုနေရာတစ်ဝိုက်မှာ အလွန်စည်ကား၍ အမြဲတမ်း သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။ လူအများ၏ ဦးခေါင်းပေါ်တွင် ရောမ ကြီးမားလှသည့် ဝန်ချီစက်ကြီးများသည် ကောင်းကင်သို့ ထိုးထွက်နေကြပြီး ဆိပ်ခံတံတားများပေါ်တွင် ယိမ်းယိုင်လှုပ်ရှားနေကြသည်။

ဆိပ်ကမ်း၏ ဤနေရာတစ်ဝိုက်သည် ကျွန်ုပ်တို့လုပ်ငန်း အစီအစဉ်ချမှတ်သည့်အထဲတွင် ပါဝင်ခြင်းမရှိပေ။ ကျွန်ုပ်တို့လူများ အထူးအာရုံစိုက်၍ စိတ်ဝင်စားကြသည့်နေရာမှာ ရောမ ပင်လယ်ကူးသင်္ဘောကြီးများ ကျောက်ချ၍ ဆိုက်ကပ်ရပ်နားထားသည့် ဆိပ်ကမ်းပင်ဖြစ်သည်။ ပင်လယ်ဝမှ ကျွန်ုပ်တို့အစ္စရေး ပင်လယ်ကူးသင်္ဘောတစ်စီးစီး ရှိရာသို့ မော်တော်ဘုတ်ကလေးတစ်စီးငှား၍သွားလျှင် ဖြစ်နိုင်မဖြစ်နိုင်ကို ကျွန်ုပ်တို့လူများ လေ့လာစုံစမ်းကြည့်ခဲ့ကြဖူးသည်။

အမှန်စင်စစ် ယခုကဲ့သို့ ပင်လယ်ဆိပ်ကမ်းသို့ သွားရောက်စုံစမ်းထောက်လှမ်းခြင်းသည် အိုက်ခ်မန်းအား အစ္စရေးသို့ ပို့ဆောင်ရန် ကြိုးစားနေကြသည့် ကျွန်ုပ်တို့၏ အစီအစဉ်များအနက် မပြောပလောက်သည့် အသေးအဖွဲ အလုပ်ကလေးတစ်ခုသာလျှင်ဖြစ်သည်။ တကယ်တမ်း အဓိကကျသည့် လေဆိပ်တွင် အာဗနာနှင့် လာဇာတို့သည် သူ့တာဝန်နှင့်သူ အသီးသီး တာဝန်ခွဲ၍ စီစဉ်လုပ်ဆောင်နေကြရသည်။

အာဗနာသည် ဗျူနိုအဲရစ္စသို့ ရောက်ရှိလာခဲ့ပြီး နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံခဲ့ရာ ကျွန်ုပ်က သူ၏ အဓိကနှင့် အချိန်ပြည့်လုပ်ရမည့် အလုပ်မှာ လေဆိပ်မှ အလုပ်သမားများ၊ အမှုထမ်းအရာထမ်းများနှင့် ခင်မင်ရင်းနှီးအောင် ကြိုးစားရန်နှင့် အစောင့်တာဝန်ကျသူများအနေဖြင့် မိမိအားမျက်မှန်းတန်းမိနေအောင် ပြုလုပ်ထားရန်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ထို့ပြင် ပထမဆုံးနှင့် အရေးအကြီးဆုံးထား၍ ရဲဘက်နှင့် အကောက်အခွန်ဌာနမှ





စစ်ဆေးမေးမြန်းမှုများနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို အထူးအာရုံစိုက်၍ လေ့လာမှတ်သားထားရန် ညွှန်ကြားခဲ့သည်။

အာဗနာသည် ဗျူနိုအဲရစ္စတွင် နေသားတကျ မဖြစ်မီကပင် အာဂျင်တီးနားမှ အငှားကားများသည် မည်သို့သောပုံစံနှင့် မည်သို့သော 'အထာ'ရှိသည်ကို အတွေ့အကြုံ အတော်ရခဲ့ပြီးဖြစ်သည်။ သူသည် မြို့လယ်ကောင်လမ်းမကြီးပေါ်တွင် စက်နှိုးမရဘဲဖြစ်နေသော ကားကို တွန်းခဲ့ရဖူးပြီဖြစ်သည်။ ထိုမှတစ်ဖန် ကားကို စက်နှိုး၍ ရသွားသဖြင့် တက်မောင်းလိုက်သည်နှင့် တစ်ပြိုင်နက် တာယာတစ်လုံး ဝုန်းခနဲကွဲထွက်သွားခဲ့ပြီး ကားမျိုးစုံတို့ တဝီဝီ တဝှမ်းဝှမ်း ဟွန်းသံများပေး၍ မောင်းနေကြသည့် လမ်းမအလယ်တွင် ဘီးဖြုတ်၍ အသစ်လဲခဲ့ရဖူးသည်။ ထိုအချိန် ထိုအခါမှ အစပြု၍ သူသည် အာဂျင်တီးနားမြို့တော်အတွင်း လမ်းကြီး လမ်းငယ်အသွယ်သွယ်မှ တစ်နေရာရာတွင် တစ်ခုခု ချွတ်ယွင်းသဖြင့် ရှေ့မတိုးနိုင် နောက်မဆုတ်နိုင်ဘဲ ငုတ်တုတ်ကလေး ဖြစ်နေကြရှာသော သနားစရာ 'အငှားသတ္တဝါကလေးများ'ကို မြင်ရတွေ့ရသည့်အခါတိုင်း ကိုယ်ချင်းစာနာသည့် ခံစားချက်များ တဖွားဖွား ပေါ်လာခဲ့မိသည်။

ကျွန်ုပ်သည် လေယာဉ်ကွင်းမှ ရရှိခဲ့သည့် အစီရင်ခံစာများကို အခြေခံ၍ အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ တင်ပို့ရန်အတွက် အစီအစဉ်ခြောက်ခု ခွဲခြား၍ အကြမ်းအားဖြင့် လျာထားသတ်မှတ်ထားခဲ့သည်။ အဆိုပါ အစီအစဉ်များထဲမှ မည်သည့်အစီအစဉ်ကို လက်တွေ့အသုံးပြုမည်ဟူသော အချက်မှာ ထုံးစံအတိုင်း အခြေအနေပေါ်တွင် မူတည်နေခဲ့သည်။ သို့သော် အစဉ်အမြဲ ပြောင်းလဲနေသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် အစီအစဉ်တစ်ခုမှ အခြားတစ်ခုသို့ ရုတ်တရက် လတ်တလော ပြောင်းလဲနိုင်ရေးအတွက် အစီအစဉ်အားလုံးကို ခေါင်းထဲတွင် ထားခဲ့ရသည်။

အဆိုပါ အစီအစဉ် ခြောက်ခုအနက် သုံးခုမှာ သာမန်ရိုးရိုးပင်ဖြစ်၍ လက်တွေ့ကျင့်သုံးရန်လည်း လွယ်ကူသည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ထိုအစီအစဉ်သုံးခုထဲမှ တစ်ခုခုကို ကျင့်သုံးသွားရလိမ့်မည်ဟု မျှော်လင့်မိသည်။ ကျန် အခြားအစီအစဉ်သုံးခုကိုမူ ကြိုတင်ခန့်မှန်း၍ မရနိုင်လောက်သည့် အခက်အခဲ အကျပ်အတည်းများဖြင့် ကြုံကြိုက်လာမှ အသုံးပြုမည်ဟု ကြံရွယ်ထားခဲ့သည်။

ဤတွင် ပထမ အစီအစဉ်သုံးခုမှာ အိုက်ခ်မန်း၏ မိသားစုနှင့် [illegible]
များအနေဖြင့် အိုက်ခ်မန်းအား အသေးစိတ် ရှာဖွေရန် [illegible]



www.burmeseclassic.com

www.burmeseclassic.com



မှု လူသိရှင်ကြား အကြောင်းမကြားနိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။ အကယ်၍ ကျွန်ုပ်၏ တွက်ကိန်းသာ မှန်ခဲ့ပါက အစ္စရေးနိုင်ငံမှ လေယာဉ်အား မည်သူတစ်ဦးတစ်ယောက်ကမျှ မသင်္ကာဖွယ်ရာ မဖြစ်နိုင်သည်မှာ သေချာသည်။ ထိုသို့ မသင်္ကာဖွယ်ရာ မဖြစ်ရုံမျှမက ထိုလေယာဉ်ကို မည်သူကမျှ အာရုံစိုက်နေကြလိမ့်မည်မဟုတ်ဟူ၍ပင် ဆိုနိုင်သည်။ ထို့ပြင် ကျွန်ုပ်တို့ လေယာဉ်ကို လေယာဉ်ကွင်း၌ ဆိုက်ကပ်ထားခဲ့စဉ် လုံခြုံရေးအရာရှိများနှင့် လေဆိပ်အာဏာပိုင်များမှာ လွတ်လပ်ရေး အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြမည့် အခြားအခြားသော ကိုယ်စားလှယ် အများအပြားအတွက် အရေးပေါ် အလုပ်များဖြင့် မအားမလပ်အောင် ရှိနေကြမည်ဖြစ်ရာ ကျွန်ုပ်တို့၏ လေယာဉ်ဖြင့် မူလစီစဉ်ထားသည့်အတိုင်း ရှောရှောရှုရှု လုပ်ကိုင်သွားနိုင်မည်ဟု ယူဆရသည်။

ယခုအခါ ကျွန်ုပ်တို့၏ လေယာဉ်ကို အခြားလေယာဉ်များကဲ့သို့ လေဆိပ်၏ ပင်မအဆောက်အအုံရှေ့သို့ ဆွဲကားကလေးဖြင့် ဆွဲလာရန် မလိုတော့ဘဲ ကျွန်ုပ်တို့ဘာသာ လေယာဉ်ပြေးလမ်းပေါ်သို့ ခပ်ဖြည်းဖြည်း လိမ့်လာရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့လူစုသည် အားလုံးမဟုတ်သည့်တိုင်အောင် အချို့လူများအနေဖြင့် အာဂျင်တီးနား အမျိုးသားလေကြောင်းဌာနမှ လေယာဉ်ထိန်းသိမ်းပြုပြင်နေသည့် နေရာတွင် ကျွန်ုပ်တို့ လေယာဉ်ရပ်နားထားစဉ်မှာပင် ထိုလေယာဉ်ပေါ်သို့ ကြိုတင်၍ အဆင်သင့်တက်နေနိုင်ကြမည်မှာ သေချာသည်။ ကျွန်ုပ်တို့၏ အစီအစဉ် ခြောက်ခုစလုံးတွင် ဤသို့ လုပ်ဆောင်ရမည့် နည်းလမ်းကို ထည့်သွင်းလျာထားခဲ့သည်။

ပထမ အစီအစဉ်မှာ လေကြောင်းဌာန ယူနီဖောင်းဝတ်စုံ ဝတ်ဆင်ထားသော အိုက်ခ်မန်းအား လေယာဉ်ထိန်းသိမ်းပြုပြင်သည့်နေရာသို့ လေယာဉ်အား တာဝန်ယူစောင့်ထိန်းရသည့် လေယာဉ်အမှုထမ်းများနှင့်အတူ ခေါ်လာကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ လေယာဉ်ကို ခပ်ဖြည်းဖြည်း လိမ့်လာချိန်မှာပင် အိုက်ခ်မန်းသည် လေယာဉ်ပေါ်သို့ ရောက်ရှိနေပြီးဖြစ်ပေလိမ့်မည်။ အကယ်၍ တစ်စုံတစ်ရာ စစ်ဆေးမှုများ ရှိလာပါက အိုက်ခ်မန်းအား အနားပေးထားသည့် အမှုထမ်းတစ်ဦးဖြစ်ကြောင်း ပြောပြရမည်ဖြစ်သည်။ ထိုအချိန်တွင် အိုက်ခ်မန်းသည် လေယာဉ်ပေါ်တွင် လှဲနေမည်ဖြစ်ရာကောင်းကောင်း မကျန်းမာသောကြောင့်ဟူ၍ ပြောပြကြရမည်ဖြစ်သည်။ မတော်တဆ သည့်ထက်ပို၍ နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးမှုများနှင့် ရင်ဆိုင်လာရမည်ဆိုပါက ကျွန်ုပ်တို့





သည် သူ့အား ရှာဖွေရေးသမားများမမြင်အောင် လေယာဉ်ပေါ်ရှိ အတွင်းခန်းတစ်ခန်းထဲတွင် ဝှက်ထားရန်ဖြစ်သည်။

အစီအစဉ် အမှတ်နှစ်မှာမူ အကယ်၍ လေယာဉ်အမှုထမ်းများအား လေယာဉ်ဆိုက်ကပ် ရပ်နားထားသည့်နေရာတွင် လေယာဉ်ပေါ်သို့ ကြို၍တက်နေခွင့်မပြုလျှင်သော် လည်းကောင်း၊ သို့မဟုတ် အကယ်၍ အမျိုးသားလေကြောင်းဌာနပိုင်အဖြစ် သတ်မှတ်ထားသော နေရာသို့ အဝင်ဝတွင် သဲသဲမဲမဲ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေလျှင်သော်လည်းကောင်း ထိုအချိန် ထိုအခါတွင်မှ အစီအစဉ်နှစ်ကို အသုံးပြုရန်ဖြစ်သည်။ ထိုအခါတွင်မူ အိုက်ခ်မန်းအား မကျန်းမာသူတစ်ယောက် သို့မဟုတ် ယာဉ်တိုက်မှုဖြင့် ဒဏ်ရာအနာတရဖြစ်လာသူတစ်ယောက်အဖြစ် ဟန်ဆောင်ကာ လေယာဉ်အမှုထမ်းတစ်ဦးအသွင် ရုပ်ဖျက်၍ လေယာဉ်ရှိရာသို့ မြင်မြင်ထင်ထင် ဖြောင့်ကျကျပင် ခေါ်ဆောင်သွားကြရမည်ဖြစ်သည်။ ထိုသို့ ခေါ်ဆောင်သွားရာ၌ သူနှင့်အတူ တကယ့်လေယာဉ်အမှုထမ်းများပါ စုပြုံလိုက်ပါလာကြပြီး ထုံးစံအတိုင်း စစ်ဆေးမေးမြန်းမှုများကို ဖြတ်ကျော်သွားကြရမည်ဖြစ်သည်။

တတိယအစီအစဉ်မှာ အသေးစိတ်လုပ်ဆောင်ချက် တစ်ခုမှအပ ဒုတိယအစီအစဉ်အတိုင်းပင်ဖြစ်သည်။ အဆိုပါလုပ်ဆောင်ချက်မှာ အိုက်ခ်မန်းအား အစ္စရေးအမျိုးသားတစ်ယောက်အဖြစ် ဟန်ဆောင်ကာ ရုတ်တရက် မမာမကျန်းဖြစ်လာသဖြင့် အစ္စရေးသို့ ရုတ်တရက် ပြန်ရသည့်အနေမျိုး စီစဉ်ထားခြင်းဖြစ်သည်။ ထုံးစံအတိုင်းဆိုပါက သူသည် ရိုးရိုးခရီးသည်တစ်ယောက်အဖြစ် လိုအပ်သည့် အစစ်အဆေးများကို ခံရမည်ဖြစ်သည်။ သို့သော် ရုပ်ဖျက်၍ အကွက်ဆင်ထားသည့် ဟန်ဆောင်မှုနှင့် ကိုက်ညီအောင် လမ်းခရီးတစ်လျှောက်တွင် စောင့်ရှောက်ပြုစုသွားရန် သူနှင့်အတူ ဆရာဝန်တစ်ယောက် လိုက်ပါလာရမည်ဖြစ်သည်။ ဤအစီအစဉ်မှာ အကယ်၍ လေဆိပ်အာဏာပိုင်များက လေယာဉ်အမှုထမ်းများအား ခါတိုင်းထက်ပို၍ အာရုံစိုက်နေသည့် အရိပ်လက္ခဏာများ ရှိနေမှသာ အသုံးပြုရမည်ဖြစ်သည်။

သို့သော် ဗျူနိုအဲရှစ်သို့ လေယာဉ်ဆိုက်ရောက်လာပြီးသည့် နောက်ပိုင်းတွင် မည်သို့ဖြစ်လာမည်ကိုလည်းကောင်း၊ လေယာဉ် ပြန်လည်ထွက်ခွာရန် နီးကပ်လာ၍ နောက်ဆုံး အဆုံးအဖြတ်ပေးမည့်အချိန်တွင် မည်သို့သောအခြေအနေများ ပေါ်ပေါက်လာလျှင်လည်းကောင်း ကြိုတင်ခန့်မှန်း၍ မဖြစ်နိုင်သည့်အခြေအနေဟူသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အထက်ပါ အစီအစဉ်များနှင့် ပတ်သက်၍ လိုအပ်သမျှအားလုံး အသေးစိတ် ပြင်ဆင်ထားခဲ့ရသည်။ လိုအပ်သမျှ အသုံးအဆောင်ပစ္စည်းများနှင့် တကွ စာရွက်စာတမ်းများကိုပါ အားလုံး တစ်ခုမကျန် စုဆောင်းထားခဲ့ရသည်။

❒

ကျွန်ုပ်တို့၏ လေယာဉ်ကို စောင့်ဆိုင်းနေရသည့် အချိန်ကာလသည် 'နန်းတော်' အဆောက်အအုံရှိ အခြားသူများထက် ဆရာဝန်အတွက် ပို၍သည်းမခံနိုင်အောင် ဆိုးရွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အကျဉ်းသားအား ကြည့်ရှုစစ်ဆေးရသည့်အချိန်မှာ သူ့အတွက် ဘာမျှမကြာလှဘဲ ဖြစ်နေခဲ့ရာ သူသည် နေ့စဉ်နှင့် အမျှ အချိန်ရှိသရွေ့ စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေရခြင်း၊ ရေဒီယိုမှ သီချင်းများကို နားထောင်ခြင်း၊ တိတ်ရီကော်ဒါကို အမျိုးမျိုးအဖုံဖုံ စမ်းသပ်ကြည့်ခြင်း စသည်တို့အပြင် နောက်ဆုံး၌ တစ်စုံတစ်ရာ ဖြစ်ဖြစ်မြောက်မြောက်မရှိဘဲ မီးဖိုချောင်ထဲတွင် အချက်အပြုတ်သင်သည့် အလုပ်ကိုပါ ဝင်လုပ်ခြင်းဖြင့် အချိန်ကို မကုန်ကုန်အောင် ဖြုန်းနေခဲ့ရသောကြောင့်ဖြစ်သည်။ ထိုသို့ သည်းမခံနိုင်လောက်အောင် ပျင်းရိငြီးငွေ့နေခဲ့ရသော ဆရာဝန်သည် ကျွန်ုပ်နှင့် တွေ့ရန် မြို့ထဲသို့ ခေါ်လိုက်သောအခါ အကြီးအကျယ် ဝမ်းသာသွားခဲ့ရှာသည်။

သူသည် လုပ်ငန်းတစ်ခုခု ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အခါ၌ မည်သို့မျှ တအံ့တသြဖြစ်စရာမလိုသည့် ကျွန်ုပ်တို့လုပ်ငန်း၏ သဘောသဘာဝကို ကောင်းကောင်းကြီး နားလည်ထားသူဖြစ်သည်။ သို့ဖြစ်ရာ စားသောက်ဆိုင်ထဲတွင် ကျွန်ုပ်အား ဆေးပညာနှင့်ပတ်သက်၍ လက်တွေ့ကျကျ တစ်ထိုင်တည်းဖြင့် သင်ပြပေးရန် ကျွန်ုပ်က သူ့အား ခိုင်းလိုက်သောအခါ သူသည် လုံးဝအံ့ဩသည့်အမူအရာ မပြဘဲ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဖြင့် နားထောင်နေခဲ့သည်။ ကျွန်ုပ်သည် သူ့အား မေးခွန်းများကို တစ်ခုပြီးတစ်ခု ကရားရေလွှတ်သလို တတွတ်တွတ် အဆက်မပြတ်မေးခဲ့သည်။ လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါ မည်သို့သောဒဏ်ရာမျိုး ရတတ်သည့်အကြောင်း နှလုံးရောဂါ၏ သိသာထင်ရှားသည့် အသွင်လက္ခဏာများအကြောင်း၊ ဦးခေါင်းတွင် ပြင်းထန်စွာ ထိခိုက်ရာမှ ရရှိတတ်သော ဒဏ်ရာများအကြောင်း၊ သတိမေ့နေသူတစ်ယောက်၏ အနေအထားနှင့် ဖြစ်တတ်သည့် သဘာဝအကြောင်း စသည် စသည်ဖြင့် ဆေးပညာနှင့်ပတ်သက်သည့် မေးခွန်းများကို တသီတတန်းကြီး လျှောက်မေးခဲ့သည်။





ဆရာဝန်သည် ကျွန်ုပ်၏မေးခွန်းများကို စိတ်ရှည်လက်ရှည် ဖြေခဲ့သည်။ ယုတ်စွအဆုံး ကျွန်ုပ်က လူတစ်ယောက်သည် ရောဂါလုံးဝမရှိဘဲ ဟန်ဆောင်၍ 'အိုက်တင်'လုပ်ကာ ဆရာဝန်များအား 'ညာ၍ ရ–မရ' စသော မေးခွန်းမျိုးကိုပါ ကျကျနန အဖြေပေးခဲ့သည်။ ထို့ပြင် လူတစ်ယောက်သည် နှလုံးရောဂါရှိနေခဲ့လျှင်သော်လည်းကောင်း၊ ဦးနှောက်တွင် ဒဏ်ရာရရှိခဲ့လျှင်သော်လည်းကောင်း ဆေးပညာသဘောအရ ဆရာဝန်များက လေယာဉ်ဖြင့် ခရီးသွားလာခွင့်ပြုမပြု ကျွန်ုပ် သိလိုသောအချက်ကိုလည်း မေးကြည့်ခဲ့သည်။ ထို့နောက် အဖျားရောဂါခံစားနေသူတစ်ယောက်အား မည်သို့သော အခြေအနေမျိုးတွင် ဆေးရုံမှ ဆင်းခွင့်ပြုလေ့ရှိသည်ကိုပါ စုံစမ်းမေးမြန်းကြည့်ခဲ့သည်။

သူသည် ဤမေးခွန်းများကို ကျွန်ုပ်က မည်သို့သော ရည်ရွယ်ချက်ရှိ၍ မေးမြန်းနေသည်ကို ရိပ်မိဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ဆရာဝန်တစ်ယောက်သည် ဦးခေါင်းတွင် ဒဏ်ရာရ၍ ဦးနှောက်ကို ထိခိုက်သွားသည်ဆိုသော လူနာတစ်ယောက်အား တကယ်အမှန် ဒဏ်ရာရခဲ့ခြင်း ဟုတ်မဟုတ် အတိအကျ မပြောနိုင်ဘဲရှိနေရာ ထိုသို့ ဦးနှောက်တွင် ဒဏ်ရာရဟန်ဆောင်သူများ၏ ဟန်ဆောင်လုပ်ကြလေ့ရှိသည့် အသွင်အပြင်နှင့် အမူအရာ 'အိုက်တင်' များကိုပါ ကျွန်ုပ်အား ပြောပြခဲ့သည်။ သို့ဖြစ်ရာ သူ၏ ပြောပြချက်အရ ကျွန်ုပ်သည် အိုက်ခ်မန်းအား ဦးနှောက်တွင် ဒဏ်ရာရသည့် လူနာတစ်ယောက်အဖြစ် ဟန်ဆောင်၍ ခေါ်သွားရန် ဆုံးဖြတ်ခဲ့သည်။ အထူးသဖြင့် ထိုရောဂါလက္ခဏာအရ ထိုလူနာမျိုးသည် ဆေးရုံမှဆင်းခဲ့ရသည့်တိုင်အောင် ဆရာဝန်တစ်ယောက် အမြဲစောင့်ရှောက် ကြည့်ရှုနေရမည်ဖြစ်ရာ ကျွန်ုပ်တို့၏ အစီအစဉ်နှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့ရသည်။ ထို့ပြင် ထိုသို့ ဦးနှောက်တွင် ဒဏ်ရာရခဲ့သူများသည် လေယာဉ်ဖြင့် ခရီးရှည်သွားသည့်အခါများ၌ မိမိအိမ်တွင် နေရသကဲ့သို့ အတတ်နိုင်ဆုံး သက်သက်သာသာဖြစ်ရန် လိုအပ်သည်ကိုပါ ကျွန်ုပ် သိခဲ့ရသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်တို့လေယာဉ်သည် အပြန်ခရီးတွင် လမ်းခုလတ်လေဆိပ်များ၌ ဆိုက်ကပ်ရပ်နားမှုများ နည်းနိုင်သမျှနည်းရမည်ဖြစ်၍ အတတ်နိုင်ဆုံး သက်သာနိုင်သမျှ သက်သာအောင် စီစဉ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ 'လမ်းပေါ်တွင် မတော်တဆ ထိခိုက်ဒဏ်ရာရသည့် စစ်ဆင်ရေး' ပြီးသည့်နောက် မတော်တဆ ထိခိုက်ဒဏ်ရာရသူအား လေယာဉ်ဖြင့် တင်ဆောင်သွားရမည့် စစ်ဆင်ရေး'ကို ဆက်လက်ဆင်နွှဲသွားကြရမည်ဖြစ်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com



ရာဖဲလ်အာနွန့်သည် အစ္စရေးနိုင်ငံမှ လူမျိုးစုတစ်ခုတွင် ဖွားမြင်လာခဲ့သူဖြစ်၍ ယခုတိုင်အောင် အဆိုပါလူမျိုးစု၏ အဆက်အနွယ်အဖြစ် ထိန်းသိမ်းနေထိုင်လာခဲ့သူဖြစ်သည်။ သူသည် 'ဇဟားလ်'ခေါ် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ဖူးသည်။ အမှန်စင်စစ် အာနွန်သည် သိတတ်သည့်အရွယ်မှစ၍ အစ္စရေးနိုင်ငံအတွက် ပေးအပ်လာသမျှ တာဝန်ကို မည်သည့်အခါမျှ ငြင်းဆန်ခြင်းမပြုဘဲ အစွမ်းကုန် ဆောင်ရွက်လာခဲ့သူဖြစ်သည်။

ကံအားလျော်စွာ သူသည် အာဂျင်တီးနားသို့ ၁၉၆၀ ပြည့်နှစ်အတွင်းမှာပင် ရောက်ရှိလာခဲ့သည်။ ထိုအချိန်မတိုင်မီ တစ်နှစ်လောက်က သူသည် လယ်ထွန်စက်မှောက်၍ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရခဲ့ပြီး ဆေးရုံတွင် တက်ရောက်ကုသခဲ့ရဖူးသည်။ သို့ဖြင့် သူသည် ဆေးရုံမှဆင်းလာသောအခါ အမှတ်တရအဖြစ် သူ့နဖူးမှ ဦးခေါင်းအလယ် ငယ်ထိပ်နေရာအထိ ရှောမ အမာရွတ်ကြီးတစ်ခု ပါလာခဲ့သည်။ ထို့ပြင် ထိုသို့ ဒဏ်ရာပျောက်ခဲ့သည်နှင့်တစ်ပြိုင်နက် သူသည် ကာလကြာမြင့်စွာကပင် အိပ်မက်မက်လာခဲ့ရသော နိုင်ငံရပ်ခြားသို့ ခရီးရှည်သွားလိုသည့်ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။

အာနွန်၏ ထိုသို့ ပင်လယ်ရပ်ခြား ခရီးရှည်သွားလာရေး အကြံအစည်ကို သူ့မိတ်ဆွေ အပေါင်းအသင်းများကလည်း ဝိုင်းဝန်းထောက်ခံခဲ့ကြသည်။ အထူးသဖြင့် ယခုကဲ့သို့ နှစ်ပေါင်းများစွာ အလုပ်ကို ကြိုးစားပမ်းစား လုပ်ဆောင်လာခဲ့ရပြီး ယခု နောက်ဆုံး မတော်တဆ လယ်ထွန်စက်မှောက်ခဲ့၍ ဆေးရုံတွင် တစ်လလုံးလုံး မသက်မသာနေခဲ့ရပြီးနောက် စိတ်ပြေလက်ပျောက် အပန်းဖြေခရီးတစ်ထောက်သွားရန် သင့်သည်ဟု မိတ်ဆွေများက အကြံပေး တိုက်တွန်းခဲ့ကြသည်။ ထို့ပြင် တောင်အရမရိကတိုက်တွင် နေထိုင်လျက်ရှိကြသော ဆွေမျိုးများကလည်း သူတို့ထံ တစ်ခေါက်တစ်ခါ အလည်လာရန် အတန်တန်ခေါ်နေကြသည်ဖြစ်ရာ သူတို့ရှိရာ တောင်အမေရိကသို့ သွားလည်ရလျှင် မုချ ပျော်စရာကောင်း၍ တကယ်ပင် စိတ်ဝင်စားစရာ ခရီးတစ်ခုဖြစ်လိမ့်မည်ဟု အာနွန်က [illegible] ယူဆထားခဲ့သည်။ သို့နှင့်ပင် သူသည် မဆိုင်းမတွ တောင်အမေရိကသို့ ရောက်လာခဲ့သည်။

ဆွေမျိုးများနှင့် ရက်ပေါင်းများစွာ အတော်ကြာအောင် အားရပါးရ တဝကြီး နေခဲ့ပြီးနောက် ပြန်လည်ခွဲခွာရသည့်အချိန်သို့ ရောက်လာသောအခါ





အာနွန် တစ်ခု စဉ်းစားခဲ့မိသည်။ သူ စဉ်းစားမိသည့်အချက်မှာ ယခုကဲ့သို့ မိုင်ပေါင်းများစွာ ဝေးကွာသည့်အရပ်သို့ တကူးတက အရောက်လာခဲ့ရပြီးမှတော့ တောင်အမေရိကတိုက်ရှိ အခြားအခြားသော နိုင်ငံများသို့ ကြုံကြိုက်တုန်း အနှံ့အပြား လှည့်သွားရမည်ဆိုပါက ကောင်းလေစွ ဟူ၍ပင်ဖြစ်သည်။ သို့ဖြင့် နောက်ဆုံး၌ တိုက်တိုက်ဆိုင်ဆိုင် အာနွန်သည် ဗျူနိုအဲရစ္စမြို့တော်သို့ ရောက်နေခဲ့ရခြင်းဖြစ်သည်။

တစ်နေ့တွင် သူသည် လမ်းပေါ်၌ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်နှင့် အမှတ်မထင် ဘွားခနဲတွေ့လိုက်ရသည်။ ထိုမိတ်ဆွေဟောင်းမှာ အခြားသူမဟုတ်၊ ကျွန်ုပ်တို့အဖွဲ့ဝင် မီနာရှေတာလ်မီပင်ဖြစ်သည်။ နှစ်ယောက်သားအားရပါးရ ဟိုအကြောင်းသည်အကြောင်း တွေ့ကရာရှစ်သောင်း ပြောမဆုံးအောင် 'တောသုံးထောင်' ဖြစ်နေခဲ့ကြသော်လည်း ကိုယ့်အကြောင်း ကိုယ် သိထားသော ဘာလ်မီသည် အာဂျင်တီးနားသို့ ဘာကိစ္စနှင့် ရောက်နေပြီး ဘာလုပ်နေသည်ကိုလည်းကောင်း၊ ဘယ်မှာတည်းသည်ကိုလည်းကောင်း တစ်ခွန်းတစ်ပါဒမျှ မဟဘဲထားခဲ့သည်။ သို့သော် သူသည် အာနွန်၏ လိပ်စာကိုမူ ယူမိအောင် တောင်းယူထားလိုက်ပြီး ဤမြို့တော်တွင် ဘယ်လောက်ကြာကြာ နေဦးမည်ကိုပါ မေးမိအောင် မေးလိုက်ခဲ့သည်။ ထိုစဉ်က ဘာလ်မီသည် ကျွန်ုပ်နှင့်တွေ့ရန် စီစဉ်ထားပြီးဖြစ်နေခဲ့ရာ သူ့မိတ်ဆွေ အာနွန်နှင့် ထိုနေ့ညနေဘက်တွင် အနီးအနားရှိ ဘားသောက်ဆိုင်တစ်ဆိုင်၌ ထပ်မံတွေ့ဆုံကြရန် ချိန်း၍ လူချင်းခွဲလာခဲ့ကြသည်။

ဘာလ်မီသည် အာနွန်နှင့် အဆက်အသွယ်ပြတ်မသွားအောင် ကြိုးစားခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့တွင် လူအင်အား လိုအပ်နေကြောင်း ကျွန်ုပ်က ပြောပြထားသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် တောင်အမေရိကတိုက်တွင် အာဂျင်တီးနားနိုင်ငံမှအပဖြစ်သော အခြားနိုင်ငံများမှ စပိန်စကားကို ရေရေလည်လည် ပြောတတ်ပြီး တောင်အမေရိကအကြောင်း အတော်အတန် ဗဟုသုတရှိသည့် အစ္စရေးနိုင်ငံသားဖြစ်စေ၊ ဂျူးအမျိုးသားဖြစ်စေ နောက်ထပ် လူအင်အားလိုအပ်နေကြောင်းဖြင့် ဘာလ်မီအား ကျွန်ုပ် ပြောပြခဲ့ဖူးသည်။ ဤတွင် အာနွန်သည် ကျွန်ုပ်တို့ စစ်ဆင်ရေးအတွက် အထောက်အကူပေးနိုင်မည့် အရန်အဖွဲ့ဝင် အစ္စရေးအမျိုးသားတစ်ယောက် ဖြစ်နိုင်သည်[illegible] ဘာလ်မီက ယူဆခဲ့သည်။

ဘာလ်မီ ယူဆသည့်အတိုင်းပင် အာနွန်သည် ပေးအပ်သည့် [illegible] ကျေကျေပွန်ပွန် ထမ်းဆောင်လိုစိတ်ရှိသူတစ်ယောက် ဖြစ်နေသ[illegible]

www.burmeseclassic.com



များမကြာမီ အာနွန်သည် တစ်ခုသော စားသောက်ဆိုင်အတွင်း ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် တစ်စားပွဲတည်းထိုင်လျက် ရှိနေခဲ့သည်။ ကျွန်ုပ်က သူ့အား အလုပ်တစ်ခုကို ကူညီဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။ သို့ပြောကြားရာ၌ ထိုအလုပ်သည် 'မခဲယဉ်းသော်လည်း မသက်သာသည့်အလုပ်'ဟူ၍ ပြောပြခဲ့သည်။ ထို့ပြင် ကျွန်ုပ်သည် သူလုပ်ရမည့်အလုပ်ကို မည်သည့်အလုပ်ဟူ၍ ဖွင့်မပြောသေးဘဲ ထိုအလုပ်မှာ သူ့အတွက် သေးငယ်သည့်အလုပ်ဟူ၍ ယူဆစရာရှိသော်လည်း အလွန်အရေးကြီး၍ အတိုင်းအတာအားဖြင့် အလွန်ထိရောက်သည့် အလုပ်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

အာနွန်သည် ကျွန်ုပ်အား မည်သူမည်ဝါကြောင်း သိဟန်မတူသော်လည်း တစ်စုံတစ်ရာ ဘာတစ်ခုမျှ မမေးဘဲနေခဲ့သည်။ သူ့မိတ်ဆွေ တာလ်မကိုလည်း ယုံကြည်လေးစားပြီးဖြစ်သည့်အလျောက် 'ပေးချင်သည့်တာဝန်ပေးပါ၊ ရပါတယ်' ဟူ၍ စိတ်ချလက်ချ ပြောခဲ့သည်။ သို့ဖြင့် သူသည် ခိုင်းသမျှကို မဆိုင်းမတွ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တစ်စက္ကန့်အတွင်း အဖြေပေးခဲ့၏။

ကျွန်ုပ်သည် ဤမျှသွက်လက်ချက်ချာ၍ စိတ်အားထက်သန်လှသော အာနွန်အား ယခုကဲ့သို့ မပြောပလောက်သည့် အလုပ်တစ်ခုကို တာဝန်ပေးရမည့် အတွက် စိတ်မကောင်းဖြစ်မိသည်။ သို့ဖြစ်ရာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် အခုထက်ပို၍ အရေးပါသော တာဝန်တစ်ခုခု ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောပြခဲ့ရသည်။

ကျွန်ုပ်က ဆက်လက်၍ ယခုလောလောဆယ် သူ့အား ဆေးရုံတစ်ခု တွင် အမြန်ဆုံး တက်ရောက်ကုသခွင့်ရအောင် ကြိုးစားဖို့ ညွှန်ကြားခဲ့သည်။ ထိုဆေးရုံတွင် သူ့အနေဖြင့် ကားတိုက်ခံရဖူး၍ ဦးနှောက်ထိခိုက်သည့် ရောဂါဝေဒနာ ခံစားနေရကြောင်း ပြောပြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ထိုဆေးရုံမှ ဆရာဝန်များအား ထိုရောဂါနှင့်ပတ်သက်၍ မည်သို့မည်ပုံ ပြောကြားရမည်ကို ကျွန်ုပ်တို့၏ ဆရာဝန်က ညွှန်ကြားလိမ့်မည်ဖြစ်ကြောင်း အာနွန်အား ပြောပြခဲ့သည်၊ ဤတွင် သူ့ခေါင်းမှာ ဗရောမအမာရွတ်ကြီးကို ထိုးပြကာ–

"ကျွန်တော်ဟာ ဒီရောဂါနဲ့ပတ်သက်လို့ ဆေးရုံမှာ ဘယ်လိုပြောရမယ်ဆိုတာ နားလည်နေပါပြီ"ဟု ပြန်ပြောခဲ့သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် သူ့အား ဆေးရုံရောက်သွားသည့်အခါ မိမိသည် ကျွန်ုပ်အဲရှသို့ ခရီးသွားအလည်ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ ယခု အာဂျင်တီးနား





လွတ်လပ်ရေး အခမ်းအနားသို့ တက်ရောက်လာကြသည့် အစ္စရေး ကိုယ်စားလှယ် အဖွဲ့နှင့် အထူးလေယာဉ်ဖြင့် ပြန်လိုက်ရန် စီစဉ်ထားကြောင်း ဆရာဝန်များကို ပြောပြရန် မှာကြားခဲ့သည်။ အထူးသဖြင့် မိမိသည် ကျန်းမာရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ အဆိုပါ လေယာဉ်ဖြင့် အစ္စရေးသို့ မဖြစ်မနေ လိုက်ရပါမည် ဖြစ်ကြောင်း အလေးအနက် အခိုင်အမာပြောကြားဖို့လိုကြောင်း သတိပေးခဲ့ရသည်။ ဤနေရာတွင် ယခုကဲ့သို့ အဆိုပါလေယာဉ်ဖြင့် မဖြစ်မနေ လိုက်ပါလိုသည်မှာ မိမိ၏ ရောဂါဝေဒနာကြောင့် အိမ်သို့ အမြန်ပြန်ရောက်လို၍ဖြစ်ကြောင်းနှင့် ဤလေယာဉ်သည် လမ်းခရီးတွင် မလိုအပ်ဘဲ ဟိုဝင်သည်နားကာ အချိန်ကြာကြာ ဆိုက်ကပ်နေမည်မဟုတ်သဖြင့် မိမိလို ရောဂါဝေဒနာသည်တစ်ယောက်အတွက် အမြန်ဆုံးနှင့် အသက်သာဆုံး အိမ်သို့ပြန်ရောက်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောပြရန် မှာကြားခဲ့သည်။ တစ်ဆက်တည်းတွင် ကျွန်ုပ်တို့ ဆရာဝန်ကလည်း ဤရောဂါနှင့်ပတ်သက်၍ တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်း မည်သို့ မည်ပုံ သက်သာလာတတ်သည်များကို ပြောပြလိမ့်မည်ဖြစ်ရာ နောက်ဆုံး၌ သတ်မှတ်ထားသည့်အချိန်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် တာဝန်ကျဆရာဝန် များက ဆေးရုံမှ ဆင်းခွင့်ပေး၍ လေယာဉ်ဖြင့် လိုက်ပါခွင့်လက်မှတ်များ ထုတ်ပေးအောင် စီစဉ်လုပ်ဆောင်ထားကြောင်း ကျွန်ုပ်က အာနွန်အား အသေးစိတ်ပြောပြခဲ့သည်။ ထို့ပြင် ဆေးရုံတွင် အာနွန်ရှိနေစဉ်အတွင်း နောက်ဆုံး အခြေအနေနှင့် မည်သို့ဆက်လက် လုပ်ကိုင်ရမည်ကို အမြဲမပြတ် လာရောက် ညွှန်ကြားသွားမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။

ထိုနေ့က မြို့ထဲတွင် လုံခြုံရေးအစီအစဉ်များ တင်းကြပ်နေသဖြင့် ကျွန်ုပ်တို့ ဆရာဝန်သည် 'နန်းတော်' အဆောက်အအုံသို့ ညနေစောင်းသည် အထိ မပြန်နိုင်ဘဲ ဖြစ်နေခဲ့ရာ ကျွန်ုပ်သည် ဤအခြေအနေကို အခွင့်ကောင်းယူ၍ အာနွန်နှင့် တွေ့ဆုံပေးခဲ့သည်။ သို့ဖြင့် ဆရာဝန်သည် ဦးနှောက်ထိခိုက်သည့် ရောဂါဝေဒနာနှင့် ပတ်သက်သည့် လက္ခဏာများကို အာနွန်အား အသေးစိတ် ရှင်းလင်းပြောပြနိုင်ခဲ့သည်။

"ဆေးရုံမှာ ခင်ဗျား ပြောပြရမှာက ကားတိုက်မှုဖြစ်တဲ့အချိန်မှာ ခင်ဗျား ဟာ ကားနောက်ပိုင်းက ထိုင်လိုက်လာပြီး ဗြုန်းခနဲ ကားချင်းတိုက်လိုက်သော ခင်ဗျားစီးလာတဲ့ကားဟာ ရုတ်တရက် ထိုးရပ်သွားပြီးတဲ့နောက် ခင်ဗျား ... ဘာမှ မသိရတော့ဘဲ လုံးဝ သတိမေ့သွားပါတယ်လို့ ပြောပြပါ။ ...



www.burmeseclassic.com

www.burmeseclassic.com



သတိပြန်ရလို့ မျက်လုံးကို ဖွင့်ကြည့်လိုက်တဲ့အခါမှာ ခင်ဗျားဟာ ခင်ဗျားတည်းခဲ့တဲ့ ဟိုတယ်ကို ပြန်ရောက်နေတာ တွေ့ရတဲ့အကြောင်းပြောပါ။ အဲဒီအချိန်ကစပြီး ခေါင်းထဲမှာ မူးနောက်နောက်နဲ့ အမြဲတမ်း ချာချာလည်နေပြီး စိတ်ထဲမှာလည်း ကြည်ကြည်မလင် မရှင်းမရှင်းဖြစ်နေတယ်လို့ ပြောပြပါ"

ထို့နောက် ဆရာဝန်က ဆက်လက်၍ အဆိုပါရောဂါ လက္ခဏာများသည် မည်သို့မည်ပုံ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားတတ်သည်များကို ရှင်းလင်းပြောပြခဲ့သည်။ အာနွန်ကလည်း ဆရာဝန်ပြောပြသည့် အချက်အလက်များကို အားလုံးနားလည် သဘောပေါက်ကြောင်းနှင့် သူ့ရောဂါ 'အတက်အကျ' ကို ဆရာဝန် ညွှန်ကြားသည့်အတိုင်း အဆင့်ဆင့် တစ်သဝေမတိမ်းဖြစ်အောင် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားသွားခဲ့သည်။

အာနွန်နှင့် ဆရာဝန်တို့ ထိုသို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် တာလ်မီသည် အာနွန်အား သူတည်းသည့် ဟိုတယ်သို့ လိုက်ပို့ခဲ့သည်။ သို့သော် ရိုးရိုး လိုက်ပို့သည့်အနေဖြင့် မဟုတ်ဘဲ ဟိုတယ်သို့ ရောက်လျှင်ရောက်ချင်း တာလ်မီက ဟိုတယ်အမှုထမ်းများအား ယခုလောလောဆယ် ကားတိုက်မှုဖြစ်ပွားခဲ့၍ အာနွန်မှာ ဦးခေါင်းတွင် ထိခိုက်ခဲ့ဟန်တူကြောင်း ပြောပြကာ ဆရာဝန်တစ်ယောက်ကို ချက်ချင်းခေါ်ပေးရန် မေတ္တာရပ်ခံခဲ့သည်။

မကြာမီ ဆရာဝန်တစ်ယောက် ရောက်လာခဲ့ရာ အာနွန်သည် တာလ်မီ၏ အကူအညီဖြင့် မိမိမှတ်မိသလောက် ကားတိုက်မှုဖြစ်ခဲ့ပုံကို ပြောပြခဲ့သည်။ ဤတွင် ဆရာဝန်က အာနွန်အား အနီးဆုံးဆေးရုံတစ်ရုံသို့ ချက်ချင်းသွားပြရန် ညွှန်ကြားခဲ့သည်။ သို့ဖြင့် ဆေးရုံသို့ရောက်သွားခဲ့ပြီး အရေးပေါ်ဆရာဝန်က ကားတိုက်မှုဖြစ်ပွားသည့် အဖြစ်အပျက်ကို မေးမြန်းကာ အမျိုးမျိုး စမ်းသပ်ကြည့်ရှုပြီးနောက် အာနွန်အား အရေးတကြီး စောင့်ကြပ်ကုသရမည့် အရေးပေါ်လူနာ အဖြစ် ဆေးရုံတက်ခွင့်ပြုလိုက်သည်။

များမကြာမီ ဆရာဝန်ကြီးတစ်ယောက်သည် နောက်လိုက်နောက်ပါ ဆေးကျောင်းသားများဖြင့် အာနွန်ရှိရာသို့ တစုတဝေးကြီး ရောက်ရှိလာခဲ့သည်။ ထို့နောက် ဆရာဝန်ကြီး၏ ညွှန်ကြားချက်ရ ဆရာဝန်လောင်း ဆေးကျောင်းသားများသည် တစ်ယောက်ပြီးတစ်ယောက် ဦးနှောက်ဝေဒနာရှင် အာနွန်အား အမျိုးမျိုး အဖုံဖုံ စမ်းသပ်လေ့လာခဲ့ကြသည်။ တစ်ဖန် ညနေဘက်တွင် သွေးစစ်ခဲ့ပြီးနောက် နောက်တစ်နေ့မနက်တွင် အာနွန်၏ ဦးခေါင်းကို ဓာတ်မှန်ရိုက်ကြည့်ခဲ့ကြသည်။





အာနွန်မှာ ဆေးရုံတွင် အရေးပေါ် အရေးတကြီး လူနာအဖြစ် ထိုသို့ အမျိုးမျိုးအဖုံဖုံ အဆက်မပြတ် စမ်းသပ်စစ်ဆေးခြင်းများကို မရှုမလှခံနေရစဉ် တစ်စုံတစ်ခုကိုတွေးမိပြီး အကြီးအကျယ် အထိတ်တလန့်ဖြစ်သွားခဲ့သည်။ သူ အထိတ်တလန့်ဖြစ်ခဲ့ရသည်မှာ အခြားကြောင့်မဟုတ်၊ ဟန်ဆောင်ထားသည့် အတုအယောင်ဖြစ်သော ဦးနှောက်ရောဂါကို ရှာဖွေစစ်ဆေးကြရင်း မတော်တဆ ယခင်က မိမိ လုံးဝသတိမထားမိသည့် တကယ့်ရောဂါဝေဒနာတစ်ခုခု မမျှော်လင့်ဘဲ တွေ့လာမည်ကို အကြီးအကျယ် စိုးရိမ်မိသောကြောင့်တည်း။

■

www.burmeseclassic.com

www.burmeseclassic.com

## ခြေရာဖျောက်သွားသော လူသတ်ဆရာဝန် ဒေါက်တာမင်ဂလီ

အာကျင်တီးနားဆေးရုံတွင် အာန္ဒန်တစ်ယောက် အစွမ်းကုန် ဂရုစိုက်မှုနှင့် အကောင်းဆုံး ကုသမှုကို ခံယူနေစဉ် အီဟတ်နှင့် သူ့အဖွဲ့သည် အိုက်ခ်မန်းအား 'နန်းတော်' အဆောက်အအုံမှ လေယာဉ်ကွင်းသို့ ပို့ဆောင်ရေးအတွက် အန္တရာယ် အကင်းဆုံး လမ်းများကို အသုံးပြုရန် ခေါက်တုံ့ခေါက်ပြန် လှည့်ပတ်သွားလာ ကာ လေ့လာထောက်လှမ်းလျက်ရှိနေသည်။ သူတို့သည် အဆိုပါနေရာနှစ်ခု အကြားရှိ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ကို နေ့ရောညပါ နာရီနှင့်အမျှ အကြိမ်ပေါင်းများစွာ မောင်းနှင်သွားလာ၍ အချိန်ကုန်သက်သာဆုံးနှင့် အန္တရာယ် အကင်းဆုံးလမ်းကို ရှာဖွေရွေးချယ်ခဲ့ကြသည်။

ထိုအချိန်တွင် ဗျူနိုအဲရစ္စမြို့တော်ကြီးမှာလည်း တစ်နေ့တခြား နီးကပ် လာနေပြီဖြစ်သော လွတ်လပ်ရေးအောင်ပွဲသဘင်အတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ ရဲအဖွဲ့ဝင်များနှင့် အခြားလုံခြုံရေးတာဝန်ခံများ မှာလည်း နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာ၍ လွတ်လပ်ရေး အထိမ်းအမှတ် အခမ်းအနားကြီးသို့ တက်ရောက်လာကြမည့် ဂုဏ်သရေရှိ ဧည့်သည်တော်ကြီး များ၏ လုံခြုံရေးအတွက် လိုအပ်သမျှ ကြိုတင်ကာကွယ်မှုများကို အစွမ်းကုန် ဆောင်ရွက်လျက်ရှိနေကြသည်။ မြို့တွင်းမြို့ပြင် လမ်းများအားလုံးနှင့် အထူးသဖြင့် လေဆိပ်မှ မြို့ထဲသို့သွားရာ လမ်းတစ်လျှောက်တွင် 'ပတ္တရောင်' ရဲအဖွဲ့ဝင်များ သည် ထူထပ်စွာ သွားလာလှုပ်ရှားလျက်ရှိနေကြသည်။ ရဲကားများနှင့် ဆိုင်ကယ်စီး ရဲသားများသည် နိုင်ငံခြားဧည့်သည်တော်များအား မြို့တွင်းသို့ စောင့်ရှောက်





လိုက်ပါ၍ ပို့ဆောင်ပေးနေကြသလို ထပ်မံရောက်ရှိလာကြသည့် ဧည့်သည်တော် များအား ကြိုဆိုကြသည့် ဒေသခံအသင်းအဖွဲ့များကိုလည်း လေဆိပ်သို့ အဆက် မပြတ် စောင့်ရှောက် ပို့ဆောင်ပေးနေကြရသည်။ ဟိုနေရာ သည်နေရာတွင် လမ်းများကိုပိတ်၍ ကားများကို ရပ်တန့်ရှာဖွေခြင်းများလည်း ပြုလုပ်နေကြသည်။

ကျွန်ုပ်တို့သည် ရဲများက မည်သည့်အရာကို အလိုရှိ၍ ရှာဖွေစစ်ဆေး နေကြောင်း မသိရသည့်အတွက် အစစအရာရာ အားလုံးအသင့်ဖြစ်အောင် ပြင် ဆင်ထားကြရသည်။ တစ်ချိန်တည်းတွင် သွားစရာ လာစရာရှိသည့် နေရာများ သို့ သွားကြလာကြရာ၌ ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများနှင့် ဒေသခံ ကြိုဆိုရေးကော်မတီများ အသုံးပြုနေကြသည့် လမ်းမကြီးများကို အတတ်နိုင် ဆုံး ရှောင်ကွင်းကာ အခြားလမ်းငယ် လမ်းသွယ်များနှင့် ဖြတ်လမ်းများကို တမင်ရွေး၍ သွားခဲ့လာခဲ့ကြရသည်။

ထိုနေ့က ကျွန်ုပ်တို့သည် လေ့လာစုံစမ်း ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ ကြရာ လေယာဉ်ကွင်း အနီးတစ်ဝိုက်သို့ တဖြည်းဖြည်း ရောက်ရှိလာသောအခါ ကျွန်ုပ်တို့မှာ အခြားလမ်းသွယ် လမ်းငယ်များနှင့် ဖြတ်လမ်းများကို အသုံးမပြု နိုင်တော့ဘဲ ဖြစ်နေသည်ကို တွေ့ကြရသည်။ သို့ဖြစ်ရာ လေဆိပ်အဝင် ဂိတ်ဝနှင့် မလှမ်းမကမ်းသို့ ရောက်သည်နှင့် ကျွန်ုပ်တို့သည် လမ်းမကြီးပေါ်သို့ ပြန်လှည့်ကာ ရဲကားများ၊ တပ်မတော်ကားများနှင့်တကွ ဧည့်သည်တော်များ၏ ကားများထဲသို့ ရောနှော၍ လိုက်ပါမောင်းနှင်လာခဲ့ကြရသည်။

လမ်းမများပေါ်တွင်ဝ ယာဉ်အသွားအလာ များပြားလွန်းလှပြီး လေဆိပ် တွင်လည်း အခမ်းအနား အပြင်အဆင်များ ပေါများလွန်းလှသည်ဖြစ်ရာ ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား လေဆိပ်သို့ ခေါ်ဆောင်လာရာ၌ ရိုးရိုးအနေ အထားဖြင့် ခေါ်ဆောင်လာ၍ မဖြစ်တော့ဘဲ မေ့ဆေးပေး၍ ခေါ်ဆောင်လာမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။ သူသည် ကျွန်ုပ်တို့ လက်ထဲသို့ ရောက်လာချိန်မှစ၍ တစ်စုံတစ်ရာ ကိုးရိုးကားရား ပြုလုပ်ခြင်းမရှိခဲ့သည်မှာ မှန်သော်လည်း အခြားလူစိမ်းသူစိမ်းများနှင့် အထူးသဖြင့် လုံခြုံရေးအတွက် ရှာဖွေစစ်ဆေးသူများ ရှေ့မှောက်တွင် သူ့ကိုယုံ၍မဖြစ်ဟု သဘောပေါက်နား လည်ထားခဲ့ကြသည်။ သို့ဖြစ်ရာ လမ်းခရီးတစ်လျှောက်၏ အခြေအနေနှင့် စစ်ဆင်ရေး၏ အဆင့်ဆင့်သော အခင်းအကျင်းများကို မှန်းဆတွက်ချက်ကာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ လိုအပ်သလောက် [illegible] စီစဉ်ထားကြသည်။ ဤကိစ္စအတွက် ကျွန်ုပ်တို့သည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြရာ ဆရာဝန်က ထိုသို့ မေ့ဆေးပေး၍ ခေါ်ဆောင်လာရန်နှင့် အိုက်ခ်မန်း၏ ကျန်းမာရေးအတွက် တစ်စုံတစ်ရာ ထိခိုက်ပျက်ပြားခြင်း မရှိစေရန် လုံးဝတာဝန်ယူခဲ့သည်။

❒

ဤအတောအတွင်း လျှို့ဝှက်သည့်အိမ်တွင် အကျဉ်းသားဖြစ်သူ အိုက်ခ်မန်းနှင့် အကျဉ်းသားအား ကြည့်ရှုစောင့်ရှောက်နေသူ အီလီတို့ နှစ်ယောက်အကြားတွင် ဆန်းပြားသော ဆက်ဆံရေးများ ပေါ်ပေါက်လာနေသည်။ အိုက်ခ်မန်း၏ စိတ်ထဲတွင် မိမိအား ဖမ်းဆီးချုပ်နှောင်၍ ထိန်းသိမ်းစောင့်ကြပ်နေကြသူများအနက် အီလီသည် သဘောအကောင်းဆုံးဟု သတ်မှတ်ထားဟန်ရှိသည်။ စင်စစ် သူတို့နှစ်ယောက်သည် အခြားသူများထက် ပို၍ ရေစက်ဆုံသည်ကတော့ အမှန်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်းအတွက် ကြမ္မာငင်သည့်ညက စန်ဖာနန်ဒိုရပ်ကွက်တွင် သူ့အိမ်ရှေ့၌ သူ့ကို ပထမဆုံးဝင်၍ အကြမ်းပတမ်း ဖမ်းဆီးခဲ့သူမှာ အီလီပင်ဖြစ်ခဲ့သောကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယခုဆိုလျှင် သူတို့နှစ်ယောက်သား စကားလက်ဆုံကျနေခဲ့ကြရာ အီလီက 'ယစ်ဒစ်' ဘာသာစကားကို လေယူလေသိမ်းကောင်းကောင်းဖြင့် ပြောခဲ့သလို အိုက်ခ်မန်းကလည်း ဂျာမန်စကားကို ဩစထရီးယန်းလေသံဝဲဝဲဖြင့် အပြန်အလှန် ပြောနေခဲ့ကြသည်။ သူတို့နှစ်ယောက် စကားဝိုင်းမှာ အချိန်ကြာသည်ထက် ကြာလာခဲ့ရာ အီလီမှာ အချိန်ရှိသရွေ့ အိုက်ခ်မန်းနှင့်သာ စကားပြောနေသလို ဖြစ်လာခဲ့သည်။ သို့ဖြင့် သူတို့နှစ်ယောက်၏ စကားလက်ဆုံကျမှုသည် အကျဉ်းသားနှင့် စကားပြောရာ၌ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုပင် အီလီက ဂရုမစိုက်တော့ဘဲ ဘေးချိတ်ထားသလို ဖြစ်လာခဲ့သည်။

အိုက်ခ်မန်းအနေဖြင့်မူ သူ့အား ဖမ်းဆီးချုပ်နှောင်ထားသူများအပေါ် အသားလွတ် မျှော်လင့်ချက်ထားနေ၍လားမသိ။ သူ့ကို စောင့်ကြပ်ထိန်းသိမ်းနေရသည့် အီလီအား မျက်နှာလိုမျက်နှာရဖြင့် ခိုင်းသမျှ ကျိုးနွံစွာ နာခံဆောင်ရွက်ခဲ့သည်။ သူသည် ထွက်ပြေးရန် လုံးဝကြိုးစားခြင်း မရှိခဲ့ရုံမျှမက သူ၏ မိသားစုနှင့်ပတ်သက်၍ သူ့သဘောထားနှင့် သူ့ဆန္ဒကိုပါ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောသည်အထိ ဖြစ်လာခဲ့သည်။

"သူတို့အတွက် ကျုပ် ပိုက်ဆံတစ်ပြားမှ မထားခဲ့နိုင်ဘူးဗျာ" ဟု၍ သူက ညည်းညူသည့်လေသံမျိုးဖြင့် ပြောခဲ့သည်။





"ဒီအတိုင်းဆိုရင် ကျုပ်မိန်းမနဲ့ သားတွေ ဘယ်လိုများလုပ်ပြီး စားသောက်နေကြမယ်မသိဘူး"

"သူတို့အတွက် ဘာမှစိတ်ပူစရာမလိုပါဘူး" အီလီက ပြန်ပြောခဲ့သည်။

"ခင်ဗျားမရှိပေမယ့် သူတို့ဘာသာသူတို့ အဆင်ပြေအောင် နေသွားနိုင်ပါတယ်။ ဒါထက်နေပါဦး ခင်ဗျား သားသမီးတွေအတွက် ဒါလောက် စိုးရိမ်စိတ်ပူတတ်တဲ့ ခင်ဗျားဟာ ဟိုတုန်းက ခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ ဘယ်လိုလုပ်ပြီး ကလေးတွေကို ထောင်နဲ့သောင်းနဲ့ချီပြီး သတ်ခဲ့ကြတာလဲ"

အိုက်ခ်မန်းမှာ အီလီစကားကြောင့် အရှိုက်ကို ထိသွားကာ အကြီးအကျယ် စိတ်မကောင်းဖြစ်သွားဟန်တူသည်။

"ကျုပ် အခု ပြန်တွေးကြည့်လိုက်တော့ ဟိုတုန်းက ဒီအလုပ်တွေကို ဘယ်လိုကြောင့်လုပ်ခဲ့မိတယ်ဆိုတာ စဉ်းစားလို့မရနိုင်ဘူးဗျာ"ဟု သူက ဆက်ပြောသည်။

"ကျုပ်ဟာ အဲဒီတုန်းက အမြဲတမ်း ဂျူးတွေဘက်က ရှိခဲ့တဲ့လူပါ၊ သူတို့ ပြဿနာတွေကို အစစအရာရာတိုင်း အဆင်ပြေပြေနဲ့ ရှောရှောရှူရှူဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ တကယ်တော့ ကျုပ်ဟာ အဲဒီတုန်းက တခြားသူတွေလုပ်သလို လိုက်လုပ်ခဲ့ရတာပါပဲ။ ကျုပ်ရဲ့ ဘဝရပ်တည်ရေးအတွက် ဆိုပါတော့ဗျာ"

ဤစကားကြောင့် အီလီသည် အိုက်ခ်မန်းအပေါ်တွင် စက်ဆုပ်ရွံရှာမှုနှင့်အတူ သနားကြင်နာစိတ်များ တဖွားဖွားပေါ်လာခဲ့သည်။ သူသည် အိုက်ခ်မန်းအား ရှေးယခင်ကလို ယူနီဖောင်းဝတ်စုံများနှင့် မောက်မာဝင့်ကြွားကာ ရက်စက်ကြမ်းကြုတ်သည့် အသွင်လက္ခဏာများကို စိတ်ထဲမှာ မှန်းကြည့်၍မရအောင် ဖြစ်ခဲ့မိသည်။ မှန်သည်။ ယခင်ပုံစံနှင့် ယခုပုံစံမှာ အကွာကြီးကွာလှသည်။ ယခု သူ့မျက်စိအောက်တွင် မြင်တွေ့နေရသော အိုက်ခ်မန်း၏ အသွင်အပြင်မှာ ပုံပျက်ပန်းပျက်ဖြင့် စက်ဆုပ်ရွံရှာဖွယ်ရာ၊ သနားစရာ သတ္တဝါတစ်ဦးဖြစ်နေသည်။ သို့ဖြစ်ရာ အီလီသည် ဂါဘီက မကျေမနပ်ဖြစ်နေသည့်တိုင်အောင် အိုက်ခ်မန်းအား ဝိုင်အရက်များကို မကြာခဏ သူတောင်းသလောက် ထုတ်ပေးသည်အထိ ဖြစ်လာခဲ့သည်၊

ဤတွင် အိုက်ခ်မန်းက–

"ခင်ဗျား ကျုပ်အပေါ်မှာ ဘာကြောင့် ဒါလောက်ဂရုစိုက်[illegible]တယ်ဆိုတာ ကျုပ်ဖြင့် နားကိုမလည်ဘူး"ဟု၍ ပြောလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အီလီသည် အိုက်ခ်မန်းအား ခါတ်စက်အသေးကလေးတစ်လုံး ယူလာပေးခဲ့ရာ နက်ရှာသည် ရှုံ့ရှုံ့ရှဲရှဲဖြင့် ခေါ်အကြီးအကျယ်ပွကာ အိုက်ခ်မန်း၏ အခန်းထဲသို့ ဝုန်းဝုန်းဒိုင်းဒိုင်းဖြင့် ဝင်လာပြီး ဖွင့်ထားသော ခါတ်စက်အား ပိတ်၍ ချက်ချင်းပြန်ယူသွားခဲ့သည်။

သို့ဖြစ်၍လည်း အိုက်ခ်မန်းသည် 'အစ္စရေးသို့ လိုက်ပါ၍ တရားရုံးတွင် စစ်ဆေးရန် သဘောတူပါသည်'ဟူသော တရားဝင် စာတစ်စောင် ရေးသားပေးရန် မိမိအား အီလီက လာရောက်ဆွေးနွေးသည်ကို လက်ခံခဲ့သည်မှာ အံ့ဩဖွယ်ရာ မရှိတော့ဘဲ ဖြစ်ခဲ့ရသည်။ မှန်ပါသည်။ အိုက်ခ်မန်းသည် ထိုစာကိုရေးသား၍ လက်မှတ်ရေးထိုးပေးရန် လက်ခံသဘောတူခဲ့သည်မှာ အီလီကြောင့်ဟူ၍ပင် ဆိုရမည်ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား မူကြမ်းအဖြစ် ရေးပေးခဲ့သည့်စာမှာ တစ်စုံတစ်ရာ ထူးထူးခြားခြားမပါဘဲ အစ္စရေးသို့ လိုက်ပါရန်နှင့် တရားရုံးတွင် အမှုရင်ဆိုင်ရန် သဘောတူပါသည်ဟူ၍ ရိုးရိုးနှင့် တိုတိုရှင်းရှင်း လိုရင်းကို ရေးပေးခဲ့ခြင်းဖြစ်သည်။ သို့သော် အိုက်ခ်မန်းသည် ကျွန်ုပ်တို့ ရေးသားပေးခဲ့သော မူကြမ်းဖြင့် မကျေနပ်ဘဲ သူကိုယ်တိုင် သူ့အာဘော်ဖြင့် စီကုံးရေးသားခဲ့သည်။

> "အောက်တွင် လက်မှတ်ရေးထိုးထားသော ကျွန်ုပ် အဒေါ့ဖ်အိုက်ခ်မန်းသည် မိမိဆန္ဒအလျောက် လွတ်လပ်စွာ အောက်ပါအတိုင်း ထုတ်ဖော်ပြောကြား ထွက်ဆိုပါသည်။
>
> ယခုအခါ ကျွန်ုပ်သည် မည်သူမည်ဝါဖြစ်ကြောင်း ဇာတိမှန် ပေါ်ပေါက်လာခဲ့ပြီဖြစ်ရာ တရားဥပဒေကို ဆက်လက်ရှောင်တိမ်းရန် ကြိုးစား၍ မဖြစ်နိုင်တော့ကြောင်း ကျွန်ုပ်အနေဖြင့် နားလည်သဘောပေါက်ခဲ့ပြီဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် အစ္စရေးနိုင်ငံသို့ လိုက်ပါရန်နှင့် ထိုနိုင်ငံတွင် သမာသမတ်ရှိသည့် တရားရုံးတစ်ရုံး၏ ရှေ့မှောက်၌ တရားဥပဒေအရ အစစ်ဆေးခံရန် အဆင်သင့်ပြင်ဆင်ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားပါသည်။
>
> ကျွန်ုပ်သည် တရားဥပဒေအရ ထိုက်သင့်သော အခွင့်အရေးနှင့် အကာအကွယ်များ အပြည့်အဝ ရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်ရာ ဂျာမနီတွင် ကျွန်ုပ် တာဝန်ထမ်းဆောင်ခဲ့သော နောက်ဆုံးနှစ်များအတွင်း ဖြစ်ပျက်ခဲ့သမျှ အကြောင်းခြင်းရာများကို မကွယ်မဝှက် မခြွင်းမချန်ဘဲ တစ်ခုမကျန် အမှန်အတိုင်း ကြိုးစားထုတ်ဖော် ထွက်ဆိုသွားမည်ဖြစ်ပါသည်။ သို့မှသာ တကယ့်ဖြစ်ရပ် ရုပ်ပုံကားချပ်ကို နောင်လာနောက်သားများ အမှန်အတိုင်း တွေ့မြင်သိရှိနိုင်ကြမည် ဖြစ်ပါသည်။
>
> ကျွန်ုပ်သည် ဤကြေညာချက်ကို မိမိ၏ ဆန္ဒသဘောအတိုင်း လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်အား တစ်စုံတစ်ရာ ကတိပေးခြင်း၊ တစ်နည်းနည်းဖြင့် ခြိမ်းခြောက်ခြင်းများ လုံးဝ မပြုလုပ်ခဲ့ကြပါ။ အဆုံးစွန်သောစကားကို ဆိုရလျှင် ကျွန်ုပ်သည် ကျွန်ုပ်၏ အတွင်းအစ္စတ္တ ငြိမ်းချမ်းမှုကို ရယူလိုလှပြီ ဖြစ်ပါသည်။
>
> ကျွန်ုပ်သည် အသေးစိတ်ဖြစ်ရပ်များအားလုံးကို မှတ်မိနိုင်စွမ်း မရှိတော့သဖြင့် အချို့သော အချက်အလက်များမှာ မရှင်းမလင်းဘဲ ရှိနေမည်ဖြစ်ရာ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများကို ရှာဖွေပေးခြင်းဖြင့် အမှန်တရားကို ကြိုးစားဖော်ထုတ်ရာ၌ ကျွန်ုပ်အား ကူညီပံ့ပိုးကြပါရန် မေတ္တာရပ်ခံ တောင်းဆိုအပ်ပါသည်။
>
> (ပုံ) အဒေါ့ဖ်အိုက်ခ်မန်း
>
> ဗျူနိုအဲရှစ္စ၊ မေ၊ ၁၉၆၀။



ဤအတောအတွင်း ကျွန်ုပ်တို့သည် နေ့စဉ်ထုတ် အာဂျင်တီးနားသတင်းစာများကို အမြဲမပြတ် စောင့်ဖတ်ခဲ့ကြရာ ကလီမင့် ပျောက်ဆုံးသွားသည့် အဖြစ်အပျက်နှင့် ပတ်သက်၍ သတင်းအတိုအထွာ အစအနကလေးမျှပင် မတွေ့ရဘဲဖြစ်နေခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ တာလ်မီသည် စပိန်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများကို သီးသန့်ရွေးချယ်၍ နေ့စဉ် သီးခြားအချိန်ယူကာ ဖတ်ခဲ့ရသည်။ အလားတူပင် လျှို့ဝှက်သောအိမ်မှ အဖွဲ့ဝင်များနှင့်တကွ ဗျူနိုအဲရှစ္စမြို့ နေရာအနှံ့ အပြားတွင် ရှိနေသော ကျွန်ုပ်တို့ လူများအပါအဝင် အခြားသူများသည်လည်း ဂျာမန်ဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများကို စောင့်ဖတ်ခဲ့ကြရသည်။ သူတို့အားလုံးသည် သတင်းစာများတွင် ပုံနှိပ် ဖော်ပြထားသည့် သတင်းအစအန အတိုအထွာများသာမက အသေးအဖွဲ ထုတ်ပြန်ကြေညာချက်များပါမကျန် သတင်းစာတစ်စောင်လုံးကို အခေါက်ခေါက်အခါခါ အပြန်အလှန် ဖတ်ကြည့်ခဲ့ကြသည်။ သို့သော် နေ့စဉ်နေ့တိုင်း သတင်းစာများကို စောင့် [illegible] စနည်းနာခဲ့ကြသော ကျွန်ုပ်တို့လုပ်ငန်းမှာ အဆုံးသတ်တွင် [illegible]





www.burmeseclassic.com

www.burmeseclassic.com



ခထူးခြားဘဲ တစ်မျိုးတစ်စားတည်းသာ ဖြစ်ခဲ့သည်။ ထိုရလဒ်မှာ သတင်းအရိပ်အယောင် အစအနဟူ၍ တစ်ခုတလေမျှ မတွေ့ရခြင်းပင်ဖြစ်သည်။

ထိုသို့ သတင်းစာများတွင် လုံးဝသတင်းအစအနမျှ မတွေ့ရဘဲ ဖြစ်နေခြင်းသည် 'နန်းတော်' အဆောက်အအုံမှ ကျွန်ုပ်၏လူများအတွက် စိုးရိမ်စရာတစ်ခု ဖြစ်လာခဲ့သည်။ သူတို့စိတ်ထဲတွင် ကြိုတင်မျှော်လင့်ထားကြသည်မှာ ကလီမင့် ရုတ်တရက် ပျောက်ကွယ်သွားသည့်သတင်းသည် နိုင်ငံနှင့်အဝန်းဟိုးလေးတကျော် ဖြစ်သွားလိမ့်မည်ဟူ၍ ယူဆခဲ့ကြသည်။ ယုတ်စွအဆုံး ကလီမင့်အား ရှာဖွေစုံစမ်းရာ၌ တတ်နိုင်သမျှ ကူညီကြပါရန် ပြည်သူလူထုအား တိုက်တွန်း နှိုးဆော်သည့် မေတ္တာရပ်ခံချက် အတိုအထွာကလေးလောက်တော့ သတင်းစာများတွင် တွေ့ရလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားခဲ့ကြသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ထိုသို့သော တိုက်တွန်းမေတ္တာရပ်ခံချက်များသည် ကလီမင့်အား ရှာမတွေ့ဘဲ ဖြစ်နေကြောင်းပြသည့် အထောက်အထားများဖြစ်မည်ဟု နားလည်ကြသည်။

သို့သော် ယခုကဲ့သို့ ကလီမင့် ပျောက်ဆုံးနေသည့်သတင်းကို သတင်းစာများတွင် လုံးဝ အစအနမျှ မဖော်ပြဘဲဖြစ်နေခြင်းသည် မိမိတို့အတွက် မကောင်းသော လက္ခဏာတစ်ရပ်ဟု ယူဆစရာဖြစ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအချက်ကို ထောက်ရှုခြင်းဖြင့် မိမိတို့၏ ရန်သူများသည် ဤကိစ္စကို လျှို့ဝှက်၍ တိတ်တိတ်ပုန်း ကြိုးစားနေကြပြီး သူတို့၏ 'ဝှက်ဖဲ'ကို ထုတ်မပြဘဲ ထားနေသည်ဟူ၍ ကောက်ချက်ချမိသောကြောင့်ဖြစ်သည်။

ကျွန်ုပ်၏အယူအဆမှာ ယခင်က တင်ပြခဲ့သည့်အတိုင်း သူတို့နှင့်မတူဘဲ ကွဲပြားလျက်ရှိသည်။ ယခုကဲ့သို့ ဘာသံမျှ မကြားရဘဲ ငြိမ်နေသည့်အတွက် ကျွန်ုပ်၏ စိတ်တွင်း၌ မည်သို့မျှ စိုးရိမ်ပူပန်ခြင်း မဖြစ်မိရုံမျှမက စောစောပိုင်းက ကျွန်ုပ် ကြိုတင်မှန်းဆ တွက်ချက်ထားသည့်အတိုင်း အိုက်ခ်မန်း၏ ဆွေမျိုးများနှင့် နာဇီပြည်ပြေး အသိုင်းအဝိုင်း မိတ်ဆွေများသည် ကလီမင့် ပျောက်ဆုံးနေသည့်အကြောင်း အာဏာပိုင်များထံ တိုင်ကြားရန် အဘက်ဘက်က စဉ်းစားချိန်ဆနေကြသည်ဟူ၍ တထစ်ချ ယုံကြည်ခဲ့သည်။ ယခုကဲ့သို့ ကလီမင့် ပျောက်ဆုံးနေသည့်ကိစ္စနှင့်ပတ်သက်၍ လုံးဝ ငြိမ်ချက်သားကောင်းနေကြခြင်းမှာ သူ၏ နာဇီဟောင်းများ အသိုင်းအဝိုင်းတွင် အထိတ်တလန့် ဖြစ်နေကြခြင်းနှင့် သူတို့၏ မိတ်ဆွေကို ထိုက်သင့်သလိုရှာဖွေရာမှ မိမိတို့အပေါ် အန္တရာယ်ကျရောက်လာမည်ကို စိုးရိမ်နေကြခြင်း၏ သက်သေအထောက်အထားပင်ဖြစ်သည်ဟူ၍ ကျွန်ုပ် ယူဆခဲ့သည်။





ထို့ပြင် လေယာဉ်ကွင်းရှိ ကျွန်ုပ်တို့ လူများထံမှ ရရှိခဲ့သော သတင်းများကလည်း ဤအချက်ကို ဖြည့်စွက်ထောက်ခံသလို ဖြစ်နေခဲ့သည်။ ကျွန်ုပ်သည် လာဇာနှင့် အာဗနာတို့အား လေယာဉ်ကွင်း၌ တစ်စုံတစ်ရာထူးခြားသည့် အရိပ်အယောင်များ တွေ့ရှိခဲ့လျှင်သော်လည်းကောင်း၊ ရှာဖွေစစ်ဆေးမှုများ ခါတိုင်းထက် ပိုမိုတင်းကျပ်လာသည်ကို တွေ့ရှိလျှင်သော်လည်းကောင်း သို့တည်းမဟုတ် လုပ်ရိုးလုပ်စဉ်နှင့် မတူသည့် လုပ်ဆောင်ချက်များ ရှိနေလျှင်သော်လည်းကောင်း ကျွန်ုပ်ထံ ချက်ချင်းသတင်းပို့ရန် ညွှန်ကြားထားခဲ့သည်။ သို့သော် သူတို့ထံမှ ပုံမှန်ရရှိခဲ့သည့် သတင်းများအရ လေယာဉ်ကွင်း၌ လောလောဆယ် ထွက်ခွာပျံသန်းခဲ့ကြသည့် လေယာဉ်များအား အထူးကြပ်မတ် စစ်ဆေးခြင်းနှင့် ရှာဖွေခြင်းများ လုံးဝမတွေ့ရကြောင်း သိရှိခဲ့ရသည်။ ထိုသို့ အစစအရာရာ အားလုံး ပုံမှန်အတိုင်း ရှိနေသည်ကို ထောက်ရှု၍ အာဏာပိုင်များသည် အိုက်ခ်မန်းအား ရှာဖွေခြင်း မပြုကြသည်မှာ ထင်ရှားနေသည်။

❒

ဤစစ်ဆင်ရေးအတွက် ပြင်ဆင်မှုများကို အပြင်းအထန် လုံးပန်းနေခဲ့ရသည့် နောက်ဆုံးနေ့ရက်များအတွင်း ကျွန်ုပ်သည် တောင်အမေရိကတိုက်သို့ ထွက်ပြေးရောက်ရှိနေကြသည်ဟု ယုံကြည်ယူဆရသော နာဇီ စစ်ရာဇဝတ်ကောင်များနှင့် ပတ်သက်သည့် မှတ်တမ်းဖိုင်တွဲများသို့ လေ့လာကြည့်ရှုခဲ့သည်။ ထိုရာဇဝတ်ကောင်များအနက် ကျွန်ုပ်သည် 'ဂျိုးဇက်မင်ဂလီ'ဆိုသူနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အထူးသတိပြု၍ ဂရုတစိုက် လေ့လာဖတ်ရှုခဲ့သည်။

ဂျိုးဇက်မင်ဂလီသည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော အော့စ်ဝစ္စ ချွေးတပ်စခန်းမှ ဆရာဝန်တစ်ဦးဖြစ်ပြီး အဆိုပါစခန်းမှ ကံကောင်းထောက်မ၍ လွတ်မြောက်လာခဲ့ကြသူ အားလုံးက ထိုဆရာဝန်၏ ကြောက်မက်ဖွယ်ကောင်းလှသည့် ရက်စက်ကြမ်းကြုတ်မှုများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ သူသည် အော့စ်ဝစ္စစခန်းသို့ ရောက်ရှိလာကြသည့် ချွေးတပ်သား လူသစ်များအား အမျိုးအစား ခွဲခြားသတ်မှတ်ရသည့် တာဝန်ခံခေါင်းဆောင်တစ်ဦးပင်ဖြစ်သည်။ ထိုသို့ ခွဲခြားသတ်မှတ်ရာ၌ သူသည် အမြဲတမ်း သူ၏လက်ကို ဝှေ့ယမ်းကာ အဆိပ်ဓာတ်ငွေ့ခန်းများထဲသို့ ချက်ချင်းဝင်၍ ချက်ချင်းသေကြရမည့်သူများနှင့် ချွေးတပ်သားများအဖြစ် အလုပ်ကြမ်းများကိုလုပ်ရင်း တဖြည်းဖြည်း သေကြရမည့်သူများကို ခွဲခြားဆုံးဖြတ် သတ်မှတ်ပေးခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကျွန်းမမာဖြစ်နေသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် သုပြုကျင့်ခဲ့သည့် ကြောက်မက်ဖွယ်ရာကောင်းလှသော ရက်စက်ကြမ်းကြုတ်မှု များမှာ အလွန်ဆိုးရွားလှသည်ဟု သိရသည်။ ဂျူးများအား တစ်မျိုးလုံး ပြုတ်ပြုတ် ပြန်းအောင် သုတ်သင်သတ်ဖြတ်ခဲ့သည့် လူသတ်ပွဲကြီးများကို ဆင်နွှဲခဲ့ကြရာ၌ ရှေ့တန်းမှ အဓိကပါဝင်ခဲ့ကြသော ပါးကွက်သားများအနက် မင်ဂလီသည် သူ၏ 'သေမင်းတမန်' ဘဝကို ရွံရှာမုန်းတီးစရာကောင်းလောက်အောင် ပျော်မွေ့နှစ် မြိုက်သအဖြစ် အထူးကျော်ကြားခဲ့သည်။

ကျွန်ုပ်တို့ထံ ရောက်ရှိလာသည့် သတင်းများ မှန်မမှန် လေ့လာစစ်ဆေး ခြင်း မပြုခဲ့ရသော်လည်း မင်ဂလီသည် ယခုတိုင်သော်လည်းကောင်း၊ လွန်ခဲ့ သော မကြာသေးလှသည့် အချိန်ကအထိသော်လည်းကောင်း အသက်ရှင်လျက်ရှိနေ သေးသည်ဟု ကျွန်ုပ်တို့ သိရှိရသည်။ ထို့ပြင် သူသည် အာဂျင်တီးနားနိုင်ငံ ဗျူနိုအဲရစ္စမြို့တော် ဆင်ခြေဖုံးတစ်ခုတွင် နေထိုင်ခဲ့သည်။ သို့မဟုတ် နေထိုင်လျက် ရှိနေသည်ဟူ၍လည်း သတင်းရခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် မူလအစ ပထမ ကတည်းကပင် အကယ်၍ အခြေအနေပေးလာပါက ဤလူသတ်ကောင်ခေါင်း ချုပ် 'မင်ဂလီ'ကို ရှာဖွေစုံစမ်းရန် ကြံစည်ဆုံးဖြတ်ထားခဲ့ပြီးဖြစ်သည်။ ဥရောပ တွင်ရှိသော ကျွန်ုပ်တို့၏ 'ခရီးသွားလာရေး ကိုယ်စားလှယ်'ဖြစ်သူ အေမာက အကယ်၍ အိုက်ခ်မန်းအား အာဂျင်တီးနားမှ အစ္စရေးသို့ အထူးလေယာဉ်ဖြင့် စေလွှတ်၍ ခေါ်ဆောင်ရမည်ဆိုပါက ငွေကုန်ကြေးကျ အလွန်များလိမ့်မည်ဖြစ် ကြောင်း သတိပေးပြောကြားခဲ့ရာ ကျွန်ုပ်သည် ထိုစဉ်က အထက်ပါအကြံအစည် ကို ရည်ရွယ်၍ 'ကုန်ကျမည့်စရိတ် ကာမိအောင် မင်ဂလီကိုပါ တစ်ပါတည်း ခေါ်လာဖို့ ကျုပ်တို့ ကြိုးစားကြတာပေါ့'ဟူ၍ ပြောခဲ့ဖူးသည်။

ကျွန်ုပ်သည် မင်ဂလီနှင့်ပတ်သက်၍ ကျွန်ုပ် သိထားသမျှ အချက်အလက် အကြောင်းအရာမှန်သမျှကို မှတ်စုစာအုပ်တစ်အုပ်တွင် ရေးမှတ်ထားခဲ့သည်။ (အဆိုပါမှတ်စုများမှာ ကျွန်ုပ်တစ်ဦးတည်းသာ ဖတ်ရှုနားလည်နိုင်သည့် စကား ဝှက်များဖြင့် ရေးသားထားခဲ့ရာ တစ်ခါတစ်ရံ ကျွန်ုပ်ကိုယ်တိုင်ပင် ကိုယ်ရေးထား သည့်အဓိပ္ပာယ်ကို ကိုယ်ဖတ်၍ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။) သို့ဖြစ်ရာ အိုက်ခ်မန်းအား ပို့ဆောင်ရေးအတွက် ပဏာမအဆင့်အနေဖြင့် ကြိုတင်ပြင်ဆင် မှုများကို ပြုလုပ်ကာ အထူးလေယာဉ်ရောက်မလာမီ တစ်စုံတစ်ရာ ထူးထူးထွေထွေ ဆောင်ရွက်ရန် မရှိသေးဘဲ အလုပ်မဖြစ်သည့် ကာလအတောအတွင်း ကျွန်ုပ်သည် မင်ဂလီနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။





သို့သော် တကယ်လက်တွေ့တွင်မူ အခြေအနေ သိပ်မပေးလှဘဲဖြစ်နေ သည်။ ကျွန်ုပ်၏ လူအားလုံးလိုလိုမှာ လျှို့ဝှက်လုံခြုံသည့် 'နန်းတော်'အဆောက် အအုံမှ ခွာ၍မဖြစ်ဘဲ အကယ်၍ အားလပ်ချိန်များရသည့်တိုင်အောင် သူတို့တစ်တွေ မှာ ညမိုးချုပ်၍ မှောင်ချိန်ကျမှ အပြင်သို့ထွက်နိုင်ခွင့် ရှိနေကြသည်။ ကျန်လူများ မှာလည်း လေယာဉ်ပျံသန်းရေး အစီအစဉ်များဖြင့် မအားလပ်အောင်ဖြစ်နေ ကြသည်။ ထိုအတောအတွင်း ကျွန်ုပ်မှာ ဗျူနိုအဲရစ္စမြို့ထဲတွင် တစ်နေ့လျှင် ၁၇ နာရီမှ ၁၈ နာရီထိ အချိန်ဖြုန်းကာ စားသောက်ဆိုင်များတွင် လှည့်ပတ် သွားလာ၍ ချိန်းဆိုထားသူများနှင့် တွေ့ဆုံမှုများကို အဆက်မပြတ် ပုံမှန်လုပ်နေ ခဲ့ရသည်။ သို့ဖြင့် ကျွန်ုပ်သည် 'နန်းတော်' အဆောက်အအုံမှလူများနှင့် အချိန် မှန်တွေ့ဆုံခြင်း၊ လေဆိပ်သို့ သွားလာရေးအတွက် လေ့လာထောက်လှမ်းနေသူ များထံမှ အစီရင်ခံချက်များကို အသေးစိတ်နားထောင်မှတ်သားခြင်း၊ လေဆိပ်မှ ကျွန်ုပ်တို့အဖွဲ့ဝင်များအား လိုအပ်သည်များကို ညွှန်ကြားခြင်းများနှင့် သတင်းစာ စောင့်ဖတ်သူများနှင့် စာရွက်စာတမ်းများ အတုလုပ်ပေးနေသူများအား ဂရုတစိုက် ညွှန်ကြားနေခြင်း စသည့် အလုပ်များဖြင့် မအားအောင်ရှိနေခဲ့သည်။

သို့သော် ထိုသို့ သွားလာလှုပ်ရှားနေရင်းက မင်ဂလီသည် ကျွန်ုပ်တို့နှင့် မလှမ်းမကမ်း တစ်နေရာတွင် ပုန်းနေလိမ့်မည်ဟူသော အတွေးမှာ ကျွန်ုပ်အား အမြဲတစေ သတိပေးနေခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်စိတ်ထဲတွင် အစပထမက ပင် အခြေခံသဘောထားတစ်ခု အခိုင်အမာ ချမှတ်ထားပြီးဖြစ်သည်။ ထိုသဘော ထားမှာ အခြားမဟုတ် မင်ဂလီအား ခြေရာခံ၍ လိုက်လံရှာဖွေရန် မည်မျှပင် စိတ်ဆန္ဒပြင်းပြသည်ဖြစ်စေ ကျွန်ုပ်တို့၏ အဓိကရည်မှန်းချက် ဖြစ်သော **'အိုက်ခ် မန်းစစ်ဆင်ရေး'**ကို ထိခိုက်ပျက်ပြားစေမည့် ခြေလှမ်းတစ်လှမ်းသော်မျှ မလှမ်းမိ ရန် အထူးသတိပြုရမည်ဟူသော သဘောထားပင်ဖြစ်သည်။

ကျွန်ုပ်သည် လျှို့ဝှက်သည့်အိမ်သို့ ရောက်ခဲ့စဉ်က အိုက်ခ်မန်းအား မင်ဂလီအကြောင်း မေးကြည့်ရန် ကဲနက်ကို ညွှန်ကြားခဲ့သည်။ ထိုသို့မေးရာတွင် အိုက်ခ်မန်းအား မင်ဂလီနှင့် သိသည်မသိသည်ကိုလည်းကောင်း၊ သူဘယ်မှာ ပုန်းနေသည်ကိုလည်းကောင်း မမေးဘဲ ဗျူနိုအဲရစ္စတွင် မင်ဂလီရှိနေသည်ကို ကျွန်ုပ်တို့ အခိုင်အမာသိထားပြီးဖြစ်ကြောင်း ပြောပြရန်နှင့် သူရှိနေသည့် နေရာ ကိုသာ မေးမြန်းရန် မှာကြားခဲ့သည်။

သို့သော် ဤကိစ္စနှင့်စပ်လျဉ်း၍ အိုက်ခ်မန်း၏ တုံ့ပြန်[illegible] စရာမကောင်းလှဘဲ ဖြစ်နေသည်။ သူက မင်ဂလီနှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်ဟူသောအချက်ကို မငြင်းသော်လည်း ယခု သူဘယ်ရောက်နေသည်ကို လုံးဝမသိကြောင်းနှင့် အာဂျင်တီးနားတွင်ရှိသည်၊ သို့မဟုတ် တောင်အမေရိက နိုင်ငံ တစ်နိုင်ငံတွင် ရှိနေသည်ဟူ၍ တစ်ခါဖူးမျှ မကြားဖူးကြောင်း အပြတ်ပြော ခဲ့သည်။ ထို့ပြင် အိုက်ခ်မန်းက ဤကိစ္စနှင့်ပတ်သက်၍ သည့်ထက်ပိုပြီး မပြော လိုကြောင်းဖြင့် ငြင်းဆန်ခဲ့သည်။ သူ၏ ငြင်းဆန်မှုကို ယုတ္တိရှိနေစေရန်နှင့် သမာသမတ်ရှိစေရန်အတွက် သူသည် မိမိမိတ်ဆွေများအပေါ် သစ္စာမဖောက်လို ကြောင်းဖြင့် ကဲနက်အား ပြောလိုက်သေးသည်။ ကျွန်ုပ်သည် သူ၏ ပြောဆိုချက် များကို အခြေခံ၍ အချက်နှစ်ချက်ကို အတည်ပြုလိုက်မိသည်။ ထိုနှစ်ချက်မှာ မင်ဂလီသည် ကျွန်ုပ်တို့နှင့် မနီးမဝေး တစ်နေရာရာတွင် ရှိနေသည်ဟူသော အချက်နှင့် သူနှင့် အိုက်ခ်မန်းတို့ အဆက်အသွယ်ရှိကြသည်ဟူသော အချက်ပင် ဖြစ်သည်။

ဤကိစ္စအတွက် ကဲနက်က အတင်းအကျပ် သံသောမျိုးဖြင့် မေးလာသော အခါ အိုက်ခ်မန်းက သူ၏ ငြင်းဆိုချက်ကို ပို၍ခိုင်လုံစေရန် နောက်ထပ်ဆင်ခြေ တစ်ခု ထပ်ပေးခဲ့ပြန်သည်။ သူ့မိန်းမနှင့် ကလေးများအတွက် အန္တရာယ်ဖြစ်လာ မည်ကို စိုးရိမ်ရပါသည်ဟူသော ဆင်ခြေပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သူပြော သည့်စကား၏ အဓိပ္ပာယ်ကို အတိအကျမသိဘဲ ဖြစ်မိကြသည်။ မင်ဂလီအကြောင်း ကို သူ ဖွင့်ပြောလိုက်ပါက သူ့မိန်းမနှင့် သူ့သားများကို နာဇီပြည်ပြေးများက လက်စားချေမှာ ကြောက်လို့လား၊ ဒါမှမဟုတ် သူတို့ကို ဘယ်သူကမှ ငွေကြေး မထောက်ပံ့ဘဲ ပစ်ထားမှာ စိုးရိမ်လို့လား၊ ဘာကိုဆိုလိုမှန်း မသိအောင်ဖြစ်မိ သည်။

သို့ဖြစ်ရာ ကျွန်ုပ်က ကဲနက်အား အကယ်၍ အိုက်ခ်မန်းသည် မင်ဂလီ ၏ နေရပ်လိပ်စာကို ဖွင့်ပြောမည်ဆိုပါက သူ့မိသားစုကို ကျွန်ုပ်တို့ ထောက်ပံ့ သွားမည်ဟူ၍ ကတိပေးရန် ပြောခိုင်းခဲ့သည်။ သို့သော် ကျွန်ုပ်တို့၏ တိုက်တွန်း ချက်များနှင့် ကတိပေးချက်များမှာ အရာမရောက်ဘဲ အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ ကျွန်ုပ်စိတ်ထဲတွင် သူ့အား မင်ဂလီ၏ လိပ်စာကို ဖွင့်ပြောရန် တောင်းဆိုခဲ့ သည့်အတွက် အတော်ကလေး တုန်လှုပ်ချောက်ချားသွားသည်ဟု ယူဆမိသည်။ ထို့ပြင် ယခုကဲ့သို့ သူ့အနေဖြင့် ခေါင်းမာစွာ ငြင်းဆန်နေခြင်းမှာ သူ့မိတ်ဆွေ အပေါ် သစ္စာစောင့်သိခြင်းထက် ထိတ်လန့်ကြောက်ရွံ့မှုသက်သက်ကြောင့်သာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်မိသည်။





ကျွန်ုပ်သည် အိုက်ခ်မန်းအား အာဂျင်တီးနားမှ အစ္စရေးသို့ ခေါ်ဆောင် သွားရာတွင် အတတ်နိုင်ဆုံး အဆင်ပြေစေရန်နှင့် ချောချောမောမော ဖြစ်စေရန် အရေးကြီးသည်ဟု ခံယူမိသဖြင့် မင်ဂလီကိစ္စကို နောက်ထပ် အတင်းအကျပ် မမေးတော့ဘဲ နေခဲ့သည်။ သို့သော် အခြားတစ်ဖက်မှ ရုပ်ဝတ္ထုအရ လက်တွေ့ ကျကျ ကတိများပေးခြင်းဖြင့် သိမ်းသွင်းဆွဲဆောင်ခဲ့ရာ နောက်ဆုံး အိုက်ခ်မန်း သည် မင်ဂလီအကြောင်းကို ကျွန်ုပ်တို့အား အတော်အတန် ဖွင့်ဟပြောကြားခဲ့ သည်။ သူ့ပြောကြားချက်အရ မင်ဂလီသည် မကြာမီကာလအထိ ဗျူနိုအဲရီးစ် တွင် ရှိနေခဲ့ကြောင်းနှင့် 'ဂျာမန်း'အမည်ရှိ ဂျာမန်အမျိုးသမီးကြီးတစ်ဦး ပိုင် ဆိုင်သော တည်းခိုရိပ်သာတွင် နေထိုင်ခဲ့ကြောင်း ကျွန်ုပ်တို့ သိခဲ့ရသည်။

ကျွန်ုပ်သည် အကယ်၍ မင်ဂလီကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဆို ပါက နောက်ထပ် လူအင်အား လိုအပ်နေသည်ကို သိထားပြီးဖြစ်သည်။ ယခု လက်ရှိ အဖွဲ့ဝင်များထဲတွင် တာလ်မီတစ်ယောက်သာလျှင် အထိုက်အလျောက် အချိန်ပေးနိုင်စရာ ရှိနေသည်။ ဤတွင် ကျွန်ုပ်တို့အနေဖြင့် နောက်ထပ် လုပ်ငန်း အစီအစဉ်တစ်ခု ရှိနေကြောင်း ကြားသိရသော ဒန်နီကလည်း ဤလုပ်ငန်းသစ် တွင် သူ့ကိုပါ လိုက်ပါဆောင်ရွက်ခွင့်ပြုရန် တောင်းဆိုလာခဲ့သည်။ သို့သော် သူတို့နှစ်ယောက်ဖြင့် လူအင်အား မလုံလောက်သေးဘဲ ဖြစ်နေရာ နောက်ထပ် လူရှာရဦးမည်မှာ သေချာနေသည်။ အထူးသဖြင့် စပိန်စကား ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သူများကို ရှာရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် အိုက်ခ်မန်းအား ဖမ်းဆီးခဲ့ကြသည့်ညက ကျွန်ုပ်တို့ အဖွဲ့ဝင်အချင်းချင်း ဆက်သွယ်ပေးခဲ့သော လာဗီကို ကျွန်ုပ်ထံ လွှတ်ပေးရန် တာလ်မီအား တာဝန်ပေးလိုက်သည်။

လာဗီနှင့် သူ့ဇနီးသည် မြောက်အာဖရိကတိုက်မှ အစ္စရေးသို့ ၁၉၅၅ ခုနှစ်က ရောက်ရှိလာခဲ့သူများ ဖြစ်ကြသည်။ သူတို့သည် ဘာသာရေးအဖွဲ့ အစည်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြပြီးနောက် ထိုမှတစ်ဆင့် လာဗီသည် ဟီဘရူးစာပေနှင့် ဂျူးလူမျိုးများသမိုင်းဆိုင်ရာ ဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့ယူရန် ဟီဘရူးတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် သူတို့နှင့်ရင်းနှီး သော ဆွေမျိုးတစ်စုက သူတို့အား အာဂျင်တီးနားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ ... သို့ အလည်အပတ်လာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ သို့ဖြင့် သူတို့လင်မယား ... ထိုနိုင်ငံသို့ ရောက်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တာလ်မီသည် သူတို့နှစ်ယောက်စလုံးနှင့် ဗျူနိုအဲရစ္စမြို့တွင် အမှတ်မထင် တွေ့ခဲ့ရာမှ ကျွန်ုပ်တို့၏ ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ထိုညက တာဝန်များ ပြီးဆုံးသွားသောအခါ ကျွန်ုပ်သည် လာဗီအား နောက်ထပ် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ထမ်းဆောင်ရန်အတွက် အသင့်စောင့်နေရန် ပြောကြားထားခဲ့သည်။ သို့သော် သူနှင့် သူ့ဇနီးသည် ကျွန်ုပ်ထံမှ အကြောင်းကြားမည့်အချိန်ကို စောင့်နေစဉ်က တာလ်မီနှင့် တွေ့ခဲ့ကြပြီး တာလ်မီက သူတို့အား နောက်ထပ် တာဝန်ထမ်းရွက်ရန် မရှိတော့သဖြင့် သွားလိုရာ သွားနိုင်ပြီဖြစ်ကြောင်း ခွင့်ပြုလိုက်သည်။ ထိုအချိန်မှစ၍ သူတို့နှစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားခဲ့ကြရာ ယခု နောက်ထပ် ဖြစ်ပေါ်လာသည့် အခြေအနေအရ ကျွန်ုပ်သည် သူတို့လင်မယားကို မဖြစ်မနေ လိုက်လံရှာဖွေရန် ဆုံးဖြတ်လိုက်ရသည်။

လာဗီသည် ချိန်းဆိုထားသည့် စားသောက်ဆိုင်တစ်ခုသို့ လာရောက်ကာ ကျွန်ုပ်နှင့် တွေ့ဆုံခဲ့သည်။ ကျွန်ုပ်က သူတို့လင်မယားနှစ်ယောက် စပိန်စကားကို မည်မျှတတ်ထားကြောင်းနှင့် အကယ်၍ သူတို့သည် အာဂျင်တီးနားနိုင်ငံ တိုင်းရင်းသားများအဖြစ် ဟန်ဆောင်ရမည်ဆိုပါက ဖြစ်နိုင်မဖြစ်နိုင် မေးမြန်းကြည့်ခဲ့သည်။ ဤသည်မှာ သူတို့နှစ်ယောက်အား 'ဂျာမန်း'၏ တည်းခိုရိပ်သာတွင် အခန်းတစ်ခန်းငှား၍ နေစေရန် ကြံရွယ်ထားသောကြောင့်ဖြစ်သည်။

ကျွန်ုပ်၏ မျက်စိထဲတွင် လာဗီသည် ဖျတ်ဖျတ်လတ်လတ်နှင့် သွက်လက်ချက်ချာလှ၍ သူ့အားပေးအပ်သည့် တာဝန်ကို အောင်အောင်မြင်မြင်ဖြင့် မလွဲမသွေ ကျေပွန်စွာ ထမ်းရွက်နိုင်မည့် သူတစ်ယောက်အဖြစ် တွေ့မြင်ထားပြီးဖြစ်သည်။ သို့သော် တစ်ခု အခက်အခဲဖြစ်နေသည်မှာ သူတို့နှစ်ယောက်စလုံး စပိန်စကားကို ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်ဘဲ ဖြစ်နေခဲ့ရာ သူတို့ကို အာဂျင်တီးနား တိုင်းရင်းသားများဟူ၍ မည်သူကမျှ ထင်မှတ်စရာမရှိဘဲဖြစ်နေသည်။ ကျွန်ုပ်၏ အစီအစဉ်မှာ သူတို့နှစ်ယောက်အား မင်ဂလီ၏ ဓာတ်ပုံများကို ထား၍ ပြည်ပေးနာဇီစစ်တရားခံများ ခိုအောင်းရာ ဂေဟာဟူ၍ ယူဆရသော တည်းခိုရိပ်သာတွင် မင်ဂလီ ယခုတိုင် ရှိမရှိ စုံစမ်းထောက်လှမ်းခိုင်းရန်ပင်ဖြစ်သည်။ သို့သော် ယခုကဲ့သို့ နိုင်ငံခြားသားရုပ်ပေါက်နေသော စုံတွဲနှစ်ယောက်အား ထိုနေရာတွင် မြင်တွေ့ရခြင်းနှင့် မသင်္ကာစရာဖြစ်နေမည်ကို ကျွန်ုပ် စိုးရိမ်မကင်း ရှိနေခဲ့သည်။





သို့ဖြစ်ရာ ကျွန်ုပ်သည် လာဗီအား အာဂျင်တီးနား တိုင်းရင်းသားရုပ်မျိုး ပေါက်နေပြီး 'ဂျာမန်တည်းခိုရိပ်သာ'တွင် သွားရောက်နေထိုင်၍ ဖြစ်နိုင်ချေရှိသည့် အခြားစုံတွဲနှစ်ယောက်ကို ရှာဖွေပေးနိုင် မပေးနိုင် မေးမြန်းစုံစမ်းကြည့်ခဲ့သည်။ ဤတွင် လာဗီက ထိုသို့ဟန်ဆောင်ရုပ်ဖျက်၍ တာဝန်ထမ်းရွက်မည့် စုံတွဲတစ်တွဲရှိကြောင်းနှင့် ထိုစုံတွဲမှာ အစ္စရေးလူမျိုးများဖြစ်ကြသော အေဒါ အဲဖရက်နှင့် ဘင်ယာမင် အဲဖရက်တို့ပင်ဖြစ်ကြောင်း ပြောပြခဲ့သည်။

အဲဖရက်တို့ လင်မယားသည် ဘာသာရေးအဖွဲ့ဝင်များပင် ဖြစ်ကြ၍ လာဗီသည် သူတို့နေထိုင်ကြသည့် နိုင်ငံသို့ မကြာခဏ ရောက်ရှိရာမှ သူတို့နှင့် တွေ့ဆုံကျွမ်းဝင်ခဲ့ခြင်းဖြစ်သည်။ များမကြာမီက ဘင်ယာမင်အဲဖရက်သည် သူ၏ဖခင် မကျန်းမမာဖြစ်နေသဖြင့် ဖခင်ကြီးကို ပြုစုစောင့်ရှောက်ရန် ခွင့်ရက်ရှည်ယူ၍ သွားရောက်ပြုစုနေခဲ့ရသည်။ အေဒါအဲဖရက်မှာ ဗျူနိုအဲရစ္စမြို့တွင် မွေးဖွားခဲ့သူဖြစ်၍ ဘင်ယာမင်မှာ ယခု သူခွင့်ယူ၍ သွားရောက်နေရသောနိုင်ငံတွင် ဖွားမြင်ခဲ့သည်။ သူတို့နှစ်ယောက် လက်ထပ်ခဲ့ကြပြီးနောက် အာဂျင်တီးနားနိုင်ငံတွင် နေထိုင်လာခဲ့ကြရာမှ နောက်ဆုံးတွင် အစ္စရေးသို့ ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်သည်။

လာဗီက သူ့မိတ်ဆွေ လင်မယားနှစ်ယောက်စလုံးသည် လုံးဝဥဿုံ ယုံကြည်စိတ်ချ အားကိုးရသူများဖြစ်ကြောင်း ကျွန်ုပ်အား ပြောကြားခဲ့သည်။ သို့ဖြင့် သူတို့ကို ကျွန်ုပ်ထံ ခေါ်လာရန် ခိုင်းလိုက်သည်။ ကျွန်ုပ်က ဤကိစ္စမှာ အချိန်သိပ်မရှိတော့သဖြင့် သူတို့တွင် အခြားကိုယ်ရေးကိုယ်တာနှင့် မိသားစုကိစ္စများကို ဘေးချိတ်ကာ ကျွန်ုပ်နှင့် အမြန်ဆုံး ချက်ချင်းလာရောက်တွေ့ဆုံဖို့လိုကြောင်း လာဗီအား မှာကြားလိုက်ရသည်။

သို့ဖြင့် နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်၏ 'တာဝန်ကျ' စားသောက်ဆိုင်၌ ဘင်ယာမင်အဲဖရက်သည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက်သားဖြစ်နေခဲ့သည်။ ကျွန်ုပ်သည် သူ့ကိုမြင်လိုက်ရသည့် တစ်ခဏအတွင်းမှာပင် ကျွန်ုပ်အလိုရှိသည့် လူဖြစ်ကြောင်း ဒက်ခနဲသိလိုက်သည်။ သူသည် စပိန်စကားကို 'မှတ်' နေအောင်ပြောတတ်ပြီး အာဂျင်တီးနား တိုင်းရင်းသားတစ်ယောက်ပုံစံမျိုး အပြည့်ရှိသူဖြစ်သည်။

အဲဖရက်သည် မင်ဂလီ၏ အမည်ကို ကြားဖူးသော်လည်း သူ့အကြောင်း သိပ်မသိဘဲဖြစ်နေသည်။ သို့ဖြစ်ရာ ကျွန်ုပ်၍ ဤအယုတ်တမာကောင် [illegible] ဗျူနိုအဲရစ္စမြို့တွင် ရှိနေကြောင်းနှင့် သူနေသည့်နေရာကို ကျွန်ုပ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



စမ်းနေခြင်းဖြစ်ကြောင်း စသည်ဖြင့် အဲဖရက်အား ပြောပြခဲ့သည်။ သို့ဖြင့် အဲဖရက်က မင်ဂလီနှင့်ပတ်သက်၍ ပေးအပ်သမျှ တာဝန်ကို ခြွင်းချက်မရှိ လက်ခံဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် အဲဖရက်အား ဒန်နီနှင့် တွေ့ဆုံမိတ်ဆက်ပေးခဲ့သည်။ ဒန်နီသည် အဲဖရက်အား သူလုပ်ဆောင်ရမည့် အစီအစဉ်များနှင့် ညွှန်ကြားချက်များကို ချမှတ်ပေးမည့်သူဖြစ်သည်။

ထိုနေ့က ဒန်နီသည် လူချမ်းသာများ နေထိုင်ကြသည့် ဗိုင်ဒန်တီလိုပက်ဇ်ရပ်ကွက်သို့ သွားရောက်ထောက်လှမ်း လေ့လာခဲ့သည်။ ထိုရပ်ကွက်မှာ မင်ဂလီနေထိုင်ခဲ့သည်ဆိုသော တည်းခိုရိပ်သာရှိသည့် ရပ်ကွက်ဖြစ်သည်။ သူသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မေးမြန်းစုံစမ်းခြင်းမရှိဘဲ မြေပုံတစ်ပုံကိုသာ အသုံးပြုခဲ့ခြင်းဖြင့် ထိုနေရာ ထိုအဆောက်အအုံကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုအဆောက်အအုံမှာ လမ်းကျဉ်းကလေးတစ်ခုတွင် သီးခြားဆောက်လုပ်ထား၍ ဂရုတစိုက် ပြုပြင်မွမ်းမံထားသည့် မြက်ခင်းပြင်တစ်ခုနှင့်အတူ အဖြူရောင်ဆေးသုတ်ထားသည့် ဝင်းထရံများ ကာထားသည်ကို တွေ့ရသည်။ အိမ်၏တစ်ဖက်တွင် ကားများဝင်နိုင်သည့် တံခါးတစ်ခုသာရှိ၍ အခြားတစ်ဖက်တွင် ခြေကျင်သွားသူများအတွက် လှေကားထစ်များဖြင့် လမ်းဖောက်ထားသည်။

ညနေဘက်တွင် တစ်ဖန် ဒန်နီသည် အဲဖရက်တို့ လင်မယားအား အဆိုပါ ဗိုင်စန်တီရပ်ကွက်သို့ ခေါ်သွားပြီး ထိုအိမ်ကို ပြသခဲ့သည်။ ထို့နောက် သူတို့လင်မယားကို ထိုနေရာတစ်ဝိုက်တွင် လှည့်လည်သွားလာ၍ လမ်းသွားလမ်းလာများနှင့် အိမ်နီးနားချင်းများ မရိပ်မိစေရန် အထူးသတိထားကာ ဤအဆောက်အအုံတွင် မည်သို့သောပုဂ္ဂိုလ်များနှင့် မည်သူမည်ဝါ နေထိုင်လျက်ရှိသည်ကို စုံစမ်းထောက်လှမ်းရန် တာဝန်ပေးခဲ့သည်။

အဲဖရက်တို့ လင်မယားသည် တကယ်ပင် မသိနားမလည်သည့် ရိုးရိုး[illegible]သား ပုံစံမျိုးဖြင့် အနီးအနားရှိ အိမ်တစ်အိမ်သို့ သွားရောက်ကာ မသိမသာ [illegible]မြန်းခဲ့ကြသည်။ ထိုအိမ်မှ လူများက အဲဖရက်တို့ စိတ်ဝင်စားနေသည့် အဆောက်အအုံတွင် နေထိုင်သူများမှာ မြောက်အမေရိကန်များဖြစ်ကြောင်း ပြောပြလိုက်သည်။

ဒွန်[illegible]သည် ထိုအကြောင်းကို မကြာမီ ကြားသိခဲ့ရာ ထိုအိမ်မှလူများသည် အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်ဟု ယူဆမိသည်။ သို့သော် အဆို





ပါ အဆောက်အအုံတွင် နေထိုင်လျက်ရှိကြသည့် အမေရိကန်များထဲတွင် မင်ဂလီ ကိုယ်တိုင် အမေရိကန်လူမျိုးတစ်ယောက်အဖြစ် ဟန်ဆောင်နေထိုင်ခြင်း ရှိမရှိ ကိုမူ အတပ်မပြောနိုင်ဘဲရှိနေခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ဒန်နီအား နောက် တစ်နေ့ နံနက်စောစောတွင် ထိုအဆောက်အအုံရှိရာသို့ ကိုယ်တိုင်သွားရောက် စုံစမ်းထောက်လှမ်းရန် လွှတ်လိုက်သည်။ ထိုအဆောက်အအုံတွင် နေထိုင်သူများအားစောင့်ကြည့်ပြီး သူတို့၏ ရုပ်လက္ခဏာ အသွင်အပြင်များမှာ အမေရိကန်လူမျိုးနှင့် တူသည် သို့မဟုတ် ဂျာမန်လူမျိုးနှင့် တူသည်ကို အကဲခတ် လေ့လာရန်နှင့် အထူးသဖြင့် မင်ဂလီနှင့် ရုပ်ချင်းဆင်သည့် လူတစ်ယောက်ယောက် ပါမပါကို ဂရုစိုက်၍ လေ့လာကြည့်ရှုခဲ့ရန် မှာလိုက်သည်။

ဒန်နီသည် ထိုနေရာတစ်ဝိုက်သို့ သွားရောက်ရာ၌ တစ်စုံတစ်ရာ မသင်္ကာစရာမဖြစ်စေရန် အဒေါ်အဲဖရက်အား သူနှင့်အတူ ခေါ်သွားခဲ့သည်။ သူတို့နှစ်ယောက်သည် နံနက် ၆ နာရီမှ ၁၀ နာရီအထိကြာအောင် ထိုနေရာ တစ်ဝိုက်တွင် အချိန်ယူ၍ စောင့်ကြည့်ခဲ့ကြသည်။ ထိုသို့ လေးနာရီလုံးလုံး အကဲခတ်၍ စောင့်ကြည့်နေခိုက် အဒေါ်က ဒန်နီအား သူမကြည့်ရှုခဲ့သည့် ရုပ်ရှင်ဇာတ်ကားတစ်ကားအကြောင်းကို စပိန်ဘာသာစကားဖြင့် မနားတမ်း တတွတ်တွတ် ပြောပြနေခဲ့သည်။ ဒန်နီသည် စပိန်စကားကို ကောင်းကောင်း နားလည်သူတစ်ယောက် မဟုတ်သော်လည်း အဒေါ်ပြောပြသည့် ရုပ်ရှင်ကားနှင့် ပတ်သက်၍ တကယ်ပင် တစ်လုံးမကျန် နားလည်သည့်ဟန်နှင့် သူတတ်သလောက် မှတ်သလောက် စပိန်စကား မတောက်တခေါက်ဖြင့် ပြန်၍ပြန်၍ ဝေဖန်ပြောကြားခဲ့သည်။

သို့သော် သူတို့၏ လေ့လာထောက်လှမ်းမှုမှာ စိတ်ပျက်စရာကောင်းလှသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအဆောက်အအုံထဲသို့ အဝင်အထွက် ပြုလုပ်ကြသူများထဲတွင် မင်ဂလီနှင့် တူသူဟူ၍ တစ်ယောက် တလေမျှ အရိပ်အယောင်မတွေ့ရသောကြောင့်ဖြစ်သည်။ နံနက်စောစောပိုင်းတွင် အိမ်ထဲမှ ကလေးနှစ်ယောက် ထွက်လာကြသည်ကို တွေ့မြင်ရသော်လည်း ထို ကလေးနှစ်ယောက်မှာ မင်ဂလီနှင့် မည်သို့မျှ ပတ်သက်ဆပ်စပ်မှု ရှိ [illegible] မသိနိုင်ဘဲ ဖြစ်ခဲ့ရသည်။

နောက်တစ်နေ့နံနက်တွင် လာဗီနှင့် အဲဖရက်တို့သည် [illegible] နောက်ထပ် လေ့လာစုံစမ်းကြရန် သွားခဲ့ကြပြန်သည်။ ဒန်နီ [illegible]



www.burmeseclassic.com

www.burmeseclassic.com



'လက်ဆွဲအိတ်ကင်မရာ'တစ်လုံးကို ပေးလိုက်၍ ထိုကင်မရာကို မည်သို့အသုံးပြုရကြောင်း သင်ပြပေးလိုက်သည်။ ထို့ပြင် ထိုအဆောက်အအုံသို့ အဝင်အထွက်ပြုလုပ်သူမှန်သမျှကို ဤ 'လက်ဆွဲအိတ်ကင်မရာ'ဖြင့် တစ်ယောက်မကျန် ဓာတ်ပုံရိုက်ခဲ့ရန် မှာကြားလိုက်သည်။ သို့သော် ယနေ့အဖို့ရာတွင်လည်း နေ့စဉ်ကျောင်းသွားလေ့ရှိကြသည်ဟု ယူဆရသော ကလေးနှစ်ယောက်သာ နံနက်စောစောပိုင်းက အိမ်ထဲမှ ထွက်လာသည်ကို တွေ့ခဲ့ကြရသည်။ လာဇီသည် ထိုကလေးနှစ်ယောက်ကိုပင် ဓာတ်ပုံရိုက်ယူခဲ့သည်။ သို့သော် ထိုဖလင်ကိုဆေး၍ ကူးကြည့်သောအခါ မကွဲပြားဘဲ ဝါးနေသည့်ပုံများကိုသာ တွေ့ရသည်။

ကျွန်ုပ်မှာ သည်းမခံနိုင်တော့ဘဲ ဖြစ်လာသည်။ အချိန်သိပ်မရှိတော့သဖြင့် အဆိုပါ တည်းခိုရိပ်သာတွင် ရှိနေကြသူများသည် မည်သူမည်ဝါများဖြစ်ကြောင်း အမြန်ဆုံးသိအောင် ကြိုးစားရန် အဲဖရက် အား တိုက်တွန်းခဲ့ရသည်။ နောက်ဆုံး၌ ထိုကိစ္စတွင် အဖြူအမည်း သဲသဲကွဲကွဲ ဖြစ်အောင် အမြန်ဆုံးနှင့် တိုက်ရိုက်အကျဆုံးနည်းကို အသုံးပြုရန် ဆုံးဖြတ်လိုက်ရသည်။

နောက်တစ်နေ့နံနက်တွင် အဲဖရက်သည် ဗိုင်စင်တီလိုပက်ဇ်ရပ်ကွက်သို့ သွားရောက်ခဲ့ပြန်သည်။ သူသည် ထိုနေရာတစ်ဝိုက်မှ လမ်းများပေါ်သို့ နှစ်နာရီနီးပါးမျှ လျှောက်သွားနေခဲ့ရာမှ နောက်ဆုံးတွင် စာပို့လုလင်တစ်ယောက်ကို တွေ့ခဲ့ရသည်။

"တစ်ဆိတ် ခင်ဗျား ဖြစ်နိုင်ရင် ကျွန်တော့်ကို အကူအညီတစ်ခု ပေးစေချင်ပါတယ်၊ ကျွန်တော်ဟာ ကျွန်တော့်ဦးလေးတစ်ယောက်ကို လိုက်ရှာနေတာပါ။ သူက ဆရာဝန်တစ်ယောက်ပါ။ ကျွန်တော် သူနဲ့အဆက်အသွယ်ပြတ်နေခဲ့တာ ကြာပါပြီ။ သူ ဒီနားတစ်ဝိုက်မှာ နေတယ်လို့သိရပါတယ်။ ဒါပေမဲ့ လိပ်စာအတိအကျ မသိရလို့ ခင်ဗျားများသိရင် တစ်ဆိတ်လောက်..."

"နေပါဦး ခင်ဗျားဦးလေးနာမည်က ဘယ်သူလဲ"စာပို့လုလင်က ပြန်မေးလိုက်သည်။

"ဒေါက်တာ မင်နယ်လီပါ"

"ဒေါက်တာ မင်နယ်လီ ဟုတ်လား။ အာ... ဟုတ်တာပေါ့။ ဒီနားမှာ အဲဒီနာမည်နဲ့ လူတစ်ယောက်ရှိတယ်လေ။ သူနေတဲ့အိမ်က ဟိုအိမ်ပဲ"

စာပို့သမားသည် ကျွန်ုပ်တို့ မသင်္ကာဖြစ်နေသည့်အိမ်ကိုပင် လှမ်း၍ လက်ညှိုးထိုးပြလိုက်သည်။ "ဒါပေမဲ့ အခုသူပြောင်းသွားတာက တနင်္ဂနွေ နှစ်ပတ် သုံးပတ်လောက်ပဲရှိဦးမယ်ထင်တယ်။ အလွန်ဆုံးရှိရင် တစ်လလောက်ပဲ"





"ဟာ... အဲဒါမှ ဒုက္ခပဲဗျာ"

အဲဖရက်က ညည်းညူသည့်လေသံဖြင့် ပြောလိုက်သည်။

"ကျွန်တော်လာတာ နည်းနည်းနောက်ကျသွားတာပေါ့။ ဒါထက် သူ ပြောင်းသွားတဲ့ လိပ်စာအသစ် ပေးမသွားဘူးလား။ ခင်ဗျား သူ့စာတွေကို အခု ဘယ်ပို့ပေးရသလဲ"

စာပို့လုလင်သည် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။ "အဲဒါတော့ ကျွန်တော် ဘာမှမသိဘူး။ ကျွန်တော့်ကို ဘယ်လိပ်စာအသစ်နဲ့ ပို့ပေးရမယ်လို့ ပြောမသွားဘူးခင်ဗျ"

"အဲဒီ... အိမ်မှာ နောက်ထပ် ပြောင်းလာတဲ့လူတွေများ ကျွန်တော့်ဦးလေးရဲ့ လိပ်စာအသစ်ကို သိမလားမပြောတတ်ဘူး"

အဲဖရက်က သွေးတိုးစမ်းသလို ပြောကြည့်လိုက်သည်။

"အဲဒီအိမ်မှာ အခု ဘယ်သူတွေနေတယ်ဆိုတာ ခင်ဗျား မသိဘူးလား"

"နောက် လူသစ်တစ်ယောက်ကတော့ တောင်အာဖရိကတိုက်က ပြောင်းလာတဲ့ အင်ဂျင်နီယာတို့ ပြောတာပဲ" စာပို့လုလင်က ရုတ်တရက် အဖြေပေးလိုက်သည်။

"ခင်ဗျား သူ့တို့ကို သွားမေးပါလား"

"ဟုတ်ကဲ့ဗျာ ကျေးဇူးပါပဲ" အဲဖရက်သည် ထိုနေရာမှ ထွက်လာခဲ့ပြီး ကျွန်ုပ်ထံသို့ အကျိုးအကြောင်း သတင်းပို့ခဲ့သည်။

ဒေါက်တာ 'မင်နယ်လီ'သည် သူ၏ လိပ်စာအသစ် ပေးမထားခဲ့သည့်အချက်ကို ထောက်ခြင်းအားဖြင့် ထိုသူသည် ကျွန်ုပ်တို့ နောက်ယောင်ခံလိုက်နေသော 'မင်ဂလီ'ပင် ဖြစ်ရမည်ဟု ကျွန်ုပ် တထစ်ချ တွက်လိုက်မိသည်။ ကျွန်ုပ် စဉ်းစားမိသလောက် သူသည် တစ်ခုခုကို အထိတ်တလန့်ဖြစ်ကာ သူပုန်းအောင်းနေသည့် နေရာမှ ရွှေ့ပြောင်းသွားခြင်း ဖြစ်ဖွယ်ရာရှိသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ ဆက်လက်စုံစမ်း ထောက်လှမ်းရမည့်အချက်မှာ သူသည် ဗျူနိုအဲရစ္စမြို့တော်နှင့်တကွ အာဂျင်တီးနားနိုင်ငံမှ တစ်ခါတည်း ထွက်ခွာသွားခဲ့ပြီလော၊ သို့မဟုတ် ဗျူနိုအဲရစ္စမြို့တော်အတွင်းမှာပင် အခြားတစ်နေရာရာသို့ ကိုယ်ရောင်ဖျောက်၍ ပြောင်းရွှေ့ပုန်းအောင်းနေသလောဆိုသည့် အချက်များပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် စာပို့လုလင်၏ ပြောကြား[illegible] အမှန်တကယ်ဟူ၍ ယုံကြည်မိသလို ဤဆရာဝန် လူသတ်သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောင်ခဲ့၍ လိုက်လံရှာဖွေရာ၌ အလွန်အရေးကြီးသော လမ်းကြောင်းအသစ်များကို ခြေရာခံမိခြင်းဖြစ်သည်ဟု ယူဆမိသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ ဆက်လက်ခုံခမ်းရန် လိုနေသည်မှာ မင်ဂလီသည် စာပို့လုလင်အား သူ၏ နေရပ်လိပ်စာအသစ်ကို မပြောရန် နှုတ်ပိတ်ထားခဲ့သလောဟူသည့် အချက်ပင်ဖြစ်သည်။ ဤအချက်ကို အမှန်အတိုင်းသိရှိရန်မှာ ဤရပ်ကွက်နယ်မြေအတွင်းရှိ စာတိုက်သို့ သွားရောက်စုံစမ်းရန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် အဲဖရက်အား ဤနယ်မြေမှ စာတိုက်သို့ သွားရောက်စုံစမ်းရန်နှင့် ထိုသို့စုံစမ်းရာ၌ မေးရမည့် မေးခွန်းများကိုပါ ပြောကြားလိုက်သည့်ပြင် သူနှင့် စကားပြောခဲ့သော စာပို့လုလင်ကို အဆိုပါစာတိုက်တွင် မတွေ့အောင် ရှောင်ရှားဖို့ အထူးမှာကြားလိုက်ရသည်။

သို့ဖြင့် အဲဖရက်သည် တည်းခိုရိပ်သာနှင့် ကိုက် ၄၀၀ ခန့် ကွာဝေးသည့် စာတိုက်သို့ သွားရောက်ခဲ့သည်။ ထိုသို့သွားရောက်ရာ၌ စာပို့လုလင်များ အပြင်သို့ စာများလိုက်လံဝေငှနေကြသည့်အချိန်ကိုရွေး၍ သွားခဲ့ခြင်းဖြစ်သည်။ စာတိုက်သို့ ရောက်သောအခါ အဲဖရက်သည် သက်ဆိုင်ရာ စာတိုက်စာရေးကြီးအား ဒေါက်တာ 'မင်ဂလီ' အကြောင်းကို မေးမြန်းစုံစမ်းခဲ့သည်။ (ကျွန်ုပ်သည် ယခုတစ်ကြိမ်တွင် ဒေါက်တာ မင်ဂလီ၏အမည်ကို အမှန်အတိုင်း ခေါ်ဝေါ်သုံးနှုန်းရန် အဲဖရက်အား မှာကြားခဲ့သည်) အဲဖရက်က ဤအနီးအနားတစ်ဝိုက်တွင် မကြာမီအချိန်အထိ နေထိုင်သွားခဲ့သော ဒေါက်တာ မင်ဂလီသည် သူပြောင်းရွှေ့သွားသည့် နေရပ်လိပ်စာအသစ်ကို ဤစာတိုက်တွင် ပေးထားခဲ့ခြင်း ရှိမရှိ စာတိုက်စာရေးကြီးအား စုံစမ်းမေးမြန်းခဲ့သည်။ စာရေးကြီးကလည်း အဲဖရက်ပြောသည့်အတိုင်း ဤရပ်ကွက်အတွင်း၌ လွန်ခဲ့သော တစ်လခန့်လောက်ကအထိ မင်ဂလီဆိုသူတစ်ဦး နေထိုင်သွားခဲ့ကြောင်း၊ သို့သော် သူပြောင်းရွှေ့သွားပြီးနောက် သူ၏လိပ်စာအသစ် ပေးမထားခဲ့သဖြင့် ထိုလိပ်စာကို ပြောမပြနိုင်သည့်အတွက် ဝမ်းနည်းပါကြောင်းနှင့် ယခုနောက်ပိုင်းတွင် သူ့ထံသို့ ပို့သောစာများကို 'စာပို့သူထံပြန်ပို့'နေရကြောင်း ပြောပြခဲ့သည်။

□

ကျွန်ုပ်၏ မှတ်စုများထဲတွင် ထပ်မံတွေ့ရှိရသည့် မှတ်တမ်းများမှာ မင်ဂလီ ယခု ပြောင်းရွှေ့ပုန်းအောင်းနေသည့် နေရာကို ရှာဖွေစုံစမ်းရာ၌ အထောက်အကူရလိမ့်မည်ဟု မျှော်လင့်ရသည့် အချက်အလက်များကို တွေ့ရပြန်သည်။ ထို





မှတ်တမ်းများအရ မင်ဂလီသည် တစ်ခါတစ်ရံ သူ့အမည်ကို 'ဂရီဂို'ဟု ပြောင်းလဲထားတတ်၍ သူသည် မော်တော်ကား အလုပ်ရုံတစ်ခုတွင် အပိုစက်ပစ္စည်းများ ပုံသွင်းပြုလုပ်သည့် တွင်ခုံစက်နှစ်ခု သုံးခု ထားရှိခဲ့သည်ဟု သိရသည်။ အဆိုပါ အလုပ်ရုံမှာလည်း ဗိုင်စင်တီလိုဗက်ဇ်ရပ်ကွက်အတွင်းမှာပင်ရှိသည်။ ဤတွင် မင်ဂလီသည် ဤရပ်ကွက်အတွင်းရှိ နေအိမ်မှ အခြားတစ်နေရာသို့ လွန်ခဲ့သည့် တစ်လခန့်ကပင် ပြောင်းရွှေ့သွားသော်လည်း သူ၏ စက်ကိရိယာများထားသည့် အလုပ်ရုံနှင့် အဆက်အသွယ်မပြတ်ဘဲ ရှိနေလိမ့်ဦးမည်ဟု ယူဆရသည်။

သို့ဖြင့် ကျွန်ုပ်သည် အဲဖရက်အား အဆိုပါ မော်တော်ကားအလုပ်ရုံသို့ သွားရောက်စုံစမ်းရန်နှင့် . ထိုသို့စုံစမ်းရာ၌ နားလည်သဘောပေါက်ထားရန် လိုအပ်သည့် အချက်အလက်များတွင် အဆိုပါ အလုပ်ရုံပိုင်ရှင်သည် မိမိတို့ထံတွင် အပိုပစ္စည်းများ ပုံသွင်းပြုလုပ်သည့် စက်ကိရိယာများ ထားရှိသော 'ဂရီဂို' အား မုချသိလိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဂရီဂိုသည် ဤအလုပ်ရုံနှင့် မနီးမဝေးတွင် နေထိုင်သွားခဲ့၍ အိမ်နီးနားချင်းများကလည်း သူ့အား နာမည်ရင်းအတိုင်း သိထားကြမည်ဖြစ်ရာ ယခုကဲ့သို့ အခြားတစ်နေရာသို့ ပြောင်းရွှေ့ကာ အခြားနာမည်တစ်ခုကို ပြောင်းလဲခံယူလိုက်သည့် အခိုက်အတန့်တွင် တစ်စုံတစ်ခုသော အချိန်ကာလအထိ သူနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခြင်း မပြုနိုင်သေးဘဲ ယာယီရပ်ဆိုင်းထားရဖွယ်ရာရှိနေကြောင်း၊ သို့ဖြစ်ရာ လုပ်ငန်းသဘောအရ ဤရွှေ့ဤမျှ ယုံကြည်စိတ်ချနေကြသည်ကို ထောက်ရှု၍ အလုပ်ရုံပိုင်ရှင်သည် သူ၏ ရင်းနှီးသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေဖြစ်နေပြီး သူနှင့်ပတ်သက်၍ အစွမ်းကုန် လျှို့ဝှက်ထားလိမ့်မည်ဖြစ်ကြောင်း၊ ဤအချက်ကို ထောက်ရှု၍ အဲဖရက်အနေဖြင့် အလုပ်ရုံသို့ သွားရောက်စုံစမ်းရာ၌ အတတ်နိုင်ဆုံး ပိပိရိရိဖြင့် ယုတ္တိရှိရှိ ဟန်ဆောင်ကာ အထူးသတိထားသွားရန် လိုအပ်ကြောင်း စသည်များကို အဲဖရက်အား အသေးစိတ် မှာကြားခဲ့ရသည်။

ကျွန်ုပ်တို့သည် အဲဖရက်အား အဆိုပါအလုပ်ရုံသို့ ယုတ္တိရှိရှိဖြင့် သွားနိုင်ရန် စဉ်းစားခဲ့ကြရာ နောက်ဆုံး၌ လက်ဝဲဘက်သို့ ပြန်ရစ်သည့် ဝက်အူ [illegible] အမြောက်အမြား 'အော်ဒါ'ပေး၍ မှာကြားရန် လာရောက်စုံစမ်းသည့်အ[illegible] ဖြင့် သွားရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် ပို၍ သဘာဝကျစေ[illegible] သည် အဆိုပါ အလုပ်ရုံသို့ရောက်လျှင် မည်သို့မည်ပုံ စကား[illegible]



www.burmeseclassic.com

www.burmeseclassic.com



စည်းဝါးရိုက်ထားခဲ့ကြသည်။ အဲဖရက်သည် ထိုသို့ လက်ဝဲရစ် ဝက်အူတစ်လုံး ရပါမည့်အကြောင်း မြို့လုံးပတ်လည် တစ်နေကုန် လိုက်လံရှာဖွေခဲ့ရကြောင်းနှင့် သံထည်ပစ္စည်းများ ရောင်းသည့်ဆိုင်များတွင် အဆိုပါ ဝက်အူများကို လိုသလောက် ဝယ်မရဘဲ တွင်ခုံရှိသည့် အလုပ်ရုံများတွင်သာ အဆင်သင့်လုပ်ပြီးသား ဝက်အူများ ရနိုင်သည်ဟု ပြောကြားလိုက်သဖြင့် ယခုကဲ့သို့ လာရောက်စုံစမ်းခြင်း ဖြစ်ကြောင်း စသည်ဖြင့် ခပ်တည်တည်ဖြင့် ပြောရန် စီစဉ်ထားခဲ့ကြသည်။ တစ်ဆက်တည်းတွင် အဲဖရက်သည် လိပ်စာကတ်ပြားတစ်ခုကိုလည်း အသင့်ယူဆောင်သွားရမည်ဖြစ်သည်။ ထိုကတ်ပြားပေါ်တွင် မြို့ထဲမှ နာမည်ကြီး အလုပ်ရုံတစ်ခု၏ လိပ်စာကို ပုံနှိပ်ထားခြင်းဖြင့် မိမိသည် ထိုအလုပ်ရုံကြီးမှ ကိုယ်စားလှယ်တစ်ဦးဖြစ်သည်ဟု ထင်မှတ်စေရန်ဖြစ်သည်။

သို့ဖြင့် အဲဖရက်သည် ဂရီဂို၏ တွင်ခုံစက်များ ရှိနေသည်ဟု ယူဆရသော အလုပ်ရုံသို့ ရောက်ရှိသွားခဲ့ပြီးနောက် အလုပ်ရုံ အတွင်းရေးမှူးအား မိမိသည် အလုပ်ရုံကြီးတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးဖြစ်၍ လက်ဝဲရစ်ဝက်အူများ အများအပြား အလိုရှိသဖြင့် ယခု ဤအလုပ်ရုံသို့ လာရောက်စုံစမ်းခြင်းဖြစ်ကြောင်း စီကာပတ်ကုံး ပြောပြခဲ့သည်။ ထို့ပြင် အဆိုပါ လက်ဝဲရစ်ဝက်အူများကို မစ္စတာ ဂရီဂို၏ တွင်ခုံတွင်ရနိုင်မည်ဟု အတိအကျ ညွှန်ကြားလိုက်သဖြင့် ယခုလို ရောက်ရှိလာရခြင်းဖြစ်ကြောင်းနှင့် ဤကိစ္စအတွက် မစ္စတာဂရီဂိုနှင့် တွေ့ဆုံရန် စုံစမ်းမေးမြန်းလိုပါကြောင်း ဣန္ဒြေရရ ပြောပြခဲ့သည်။

အတွင်းရေးမှူးဖြစ်သည့် အမျိုးသမီးသည် အဲဖရက်အား ခေတ္တထိုင်ပါရန် ပြောကြားပြီး အခန်းထဲမှ ထွက်ခဲ့သည်။ ထို့နောက် သူမသည် အပြင်ဘက်တွင် လူတစ်ယောက်နှင့် စကားပြောသံကို အဲဖရက် ကြားရသည်။ သို့သော် စကားလုံး မသဲကွဲသဖြင့် မည်သည့်အကြောင်းအရာကို ပြောကြားနေသည်ဟု မသိရဘဲဖြစ်နေသည်။ ခဏအကြာတွင် သူမသည် အခန်းတွင်းသို့ ပြန်ဝင်လာပြီး အဲဖရက်အား ထေ့သော အကဲခတ်၍ စကားတစ်လုံးမှမပြောဘဲ အခန်းထဲမှ ပြန်ထွက်သွားပြန်သည်။ ထို့နောက် အတော်ကလေးကြာသောအခါ အခန်းထဲသို့ပြန်ဝင်လာပြီး ဤအလုပ်ရုံတွင် 'ဂရီဂို'အမည်ဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မရှိကြောင်းနှင့် မိမိတို့ အလုပ်ရုံတွင် တွင်ခုံလည်း မရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ကျွန်ုပ်သည် အဲဖရက်၏ ပြောပြချက်အရ အလုပ်ရုံတွင် သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ကြားသိရသောအခါ ကျွန်ုပ် ရရှိခဲ့သော ဒုတိယ





သတင်းမှာလည်း ယုတ္တိရှိနေသည်ဟု ယူဆလိုက်မိသည်။ အထူးသဖြင့် ဤအလုပ်ရုံတွင် ရှိနေသူများသည် 'ဂရီဂို'အား မူလကပင် မသိရိုးမှန်ပါက အတွင်းရေးမှူး အမျိုးသမီးသည် မည်သူ့ကိုမှ တိုင်ပင်နေစရာမလိုဘဲ ချက်ချင်းအဖြေပေးရမည် ဖြစ်သည်။ အကယ်၍ သူမသည် ဤအလုပ်ရုံသို့ ရောက်သည်မှာ မကြာသေးလျှင်လည်း ဂရီဂိုဆိုသူ ဤအလုပ်ရုံတွင် ရှိမရှိ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား သွားရောက်မေးမြန်းပါဦးမည်ဟု အဲဖရက်အား ပထမကပင် ပြောကြားရမည်ဖြစ်သည်။ သို့သော် သူမ၏ အမူအရာမှာ အဲဖရက်က ဂရီဂို၏အမည်ကို ပြောကြားခဲ့စဉ် တစ်စုံတစ်ရာ အံ့သြသည့်လက္ခဏာကို မပြဘဲနေခဲ့သည်ကိုထောက်၍ သူမသည် ဤနာမည်ကို ကြားဖူးနေသည်မှာ ထင်ရှားသည်။ ဤတွင် သူမအား တစ်စုံတစ်ယောက်က အခန်းထဲသို့ တစ်ခေါက်ပြန်ဝင်ပြီး အဲဖရက်အား အကဲခတ်ကြည့်ရန် စေခိုင်းလိုက်သည်မှာ သေချာသည်။ နောက်ဆုံး၌ သူမသည် ထိုပုဂ္ဂိုလ်၏ စေခိုင်းချက်အရ ဤအလုပ်ရုံတွင် ဂရီဂိုဆိုသူ လုံးဝမရှိကြောင်း အဲဖရက်အား ပြောလွှတ်လိုက်ခြင်းဖြစ်သည်။

ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် မင်ဂလီသည် ဤအလုပ်ရုံနှင့် အဆက်အသွယ်ရှိနေသည်မှာ ထင်ရှားသလောက် ဖြစ်နေသည်။ တစ်ဖန် ထိုသို့ အဆက်အသွယ်ရှိနေဆဲဖြစ်၍လည်း သူသည် ဤကိစ္စကို အထူးသတိပြု၍ လျှို့ဝှက်ထားခြင်းဖြစ်သည်မှာ သေချာလှသည်။ ဤနေရာတွင် ကျွန်ုပ်အနေဖြင့် သေချာပေါက်ပြောနိုင်သည့်အချက်မှာ အကယ်၍သာ ကျွန်ုပ်တို့တွင် အရည်အချင်းပြည့်ဝ၍ လုံလောက်သော အဖွဲ့တစ်ဖွဲ့သာ ရှိခဲ့ပါက အဆိုပါအလုပ်ရုံမှလူများကို ခြေရာခံ၍ မင်ဂလီကို ရှာဖွေထောက်လှမ်းနိုင်မည်ဖြစ်သည်။ ယခုသော်မူ ထိုသို့ လုံလောက်သော အချိန်ကာလနှင့် စိတ်ရှည်ရှည်ထား၍ ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည့်လူများမှာ အိုက်ခ်မန်းအား ထိန်းသိမ်းနေရသည့်အလုပ်ဖြင့် တာဝန်ပိနေကြရာ ကျွန်ုပ်မှာ လောလောဆယ် မည်သို့မျှ မတတ်နိုင်ဘဲ ဖြစ်နေခဲ့သည်။ အထူးသဖြင့် ရက်အနည်းငယ်မျှသာ အချိန်ရှိတော့၍ လျှို့ဝှက်လုပ်ငန်းများတွင် အတွေ့အကြုံနည်းသေးသည့် လူအနည်းငယ်မျှကိုသာ အသုံးပြုနိုင်သည်ဖြစ်ရာ ကျွန်ုပ်အဖို့ရာ၌ မင်ဂလီအား ရှာဖွေထောက်လှမ်းသည့် အလုပ်ကို ဤပုံဤနည်းဖြင့် လက်လျှော့လိုက်ရုံမှတစ်ပါး အခြားရွေးစရာလမ်း မရှိတော့ဘဲ ဖြစ်ခဲ့ရသည်။

သို့သော် နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့အတွက် လုပ်စရာတစ်ခု ကျန်ရှိနေခဲ့သည်။ ထိုအလုပ်မှာ ဗိုင်စင်တီလိုပက်ဇ်ရပ်ကွက်မှ တည်းခိုခိုသော



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက်သွား၍ စုံစမ်းခြင်းအားဖြင့် အိမ်နားနီးချင်းသည်လည်းကောင်း၊ စာပို့လုလင်သည်လည်းကောင်း၊ စာတိုက်စာရေးကြီးသည်လည်းကောင်း ရိုးရိုးသားသားပင်ဖြစ်စေ၊ မရိုးမသား မသိနားမလည်၍ဖြစ်စေ ကျွန်ုပ်တို့အား အမှန်အတိုင်း ပြောကြားလိုက်ခြင်း ဟုတ်မဟုတ် သိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အော့စ်ဝစ္စ ချေးတပ်စခန်းမှ အကြင်နာတရား ကင်းမဲ့လှသော သေမင်းတမန် မင်ဂလီအား ရှာဖွေထောက်လှမ်းခဲ့ရာ၌ လုပ်ဆောင်စရာရှိသည်များကို အစွမ်းကုန် လုပ်ကိုင်ခဲ့ကြောင်း ထင်ရှားစေရန်အတွက် ကျွန်ုပ်သည် အာဂျင်တီးနားမှ ထွက်ခွာမသွားမီ နောက်ဆုံးကြိုးပမ်းသည့်အနေဖြင့် ထိုအိမ်တွင် မင်ဂလီရှိမရှိ သိရအောင် စုံစမ်းထောက်လှမ်းကြည့်မည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

■

## လမ်းခုလတ်မှ ခိုးလိုးခုလု ပြဿနာများ

အက်ရှာကီဒမ်သည် အထူးလေယာဉ် ပျံသန်းမှုနှင့် စပ်လျဉ်းသည့် နောက်ဆုံးအစီအစဉ်များကို ကိုယ်တိုင်ကြီးကြပ် လုပ်ဆောင်ရန်အတွက် မေလ ၁၀ ရက်နေ့တွင် အစ္စရေးသို့ပြန်ရန် ကြံရွယ်ထားခဲ့သည်။ သို့သော် ထိုနေ့က နောက်ဆုံးအကြိမ်တွင်မှ ကပ်၍ သူလိုက်ပါမည့် လေယာဉ်ကို မေလ ၁၁ ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ရာ အိုက်ခ်မန်း စစ်ဆင်ရေးတွင် တစ်စုံတစ်ခု အနှောင့်အယှက် အခက်အခဲကြုံတွေ့ရပြီဟူ၍ တထစ်ချ ယူဆလိုက်မိသည်။ သူသည် စိတ်ထဲတွင် အကြီးအကျယ် ပူပင်သောကရောက်ခဲ့ရာ နောက်ဆုံး၌ ယခုကဲ့သို့ လေယာဉ်ပျံသန်းမှုကို ရက်ရွှေ့လိုက်ရသည်မှာ စက်ဘက်ဆိုင်ရာ ချို့ယွင်းမှုသက်သက်ကြောင့် ဖြစ်ပါသည်ဟူ၍ အတိအကျ သိရတော့မှ စိတ်သက်သာရာ ရသွားခဲ့သည်။

ထိုနေ့က သူသည် ခရီးထွက်ရန်အတွက် လေဆိပ်သို့ သတ်မှတ်ထားသည့် အချိန်ထက်စော၍ ကြိုတင်ရောက်ရှိခဲ့ပြီး လူအများ မြင်သာသည့်နေရာတွင် လူရေးပြကာ လူတိုင်းက သူ့ကိုမြင်လျှင် မှတ်မိအောင် တစ်ချိန်လုံး လမ်းသလားနေခဲ့ရသည်။ သူသည် ရုတ်တရက် ကြည့်လိုက်လျှင် ရွှင်ရွှင်ပျပျ စိတ်အေးလက်အေး အမူအရာမျိုး ရှိနေသော်လည်း စိတ်ထဲကမူ အတော်ကလေး သောကရောက်နေခဲ့သည်။ ကျွန်ုပ်သည် သူ့အား ကျွန်ုပ်ထံမှ နောက်ဆုံးညွှန်ကြားချက်မရဘဲ ထွက်ခွာမသွားရန် မှာကြားထားခဲ့ရာ တဖြည်းဖြည်း အချိန်ကုန်လာသည်နှင့်အမျှ စောင့်ရသည်ကို စိတ်မရှည်နိုင်အောင် ဖြစ်လာခဲ့သည်။ သူသည် စစ်ဆင်ရေး၏ နောက်ဆုံး သေရေးရှင်ရေးအချိန်သို့ ရောက်လာပြီကို သိထားခဲ့၏။ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်ပြေ၍ ချောချောမောမော ဖြစ်သွားပြီဟူသော သတင်းကို နာရီပေါင်းများစွာ စောင့်နေခဲ့ရသည်။

မဆုံးနိုင်လောက်အောင် အချိန်ကြာညောင်းစွာ စောင့်နေခဲ့ရာမှ နောက်ဆုံးတွင် တည်ငြိမ်အေးဆေးသည့် အမူအရာဖြင့် တာလ်မီ ရောက်လာသည်ကို တွေ့လိုက်ရသည်။ တာလ်မီ၏ မျက်နှာတွင် တစ်စုံတစ်ရာ ထူးခြားသည့်လက္ခဏာ အရိပ်အယောင်များ မတွေ့ရဘဲဖြစ်နေရာ ကီဒမ်သည် မအောင့်နိုင်တော့ဘဲ ရုတ်တရက်ချက်ချင်းပင် လှမ်းမေးလိုက်သည်။

"ကျွန်တော့်အတွက် သတင်းပေးစရာ မပါဘူးလား"

"ပါပါတယ်... မူလစီစဉ်ထားတဲ့အတိုင်း ခင်ဗျား သွားလို့ဖြစ်ပါပြီ"

"သတင်းက ဒါပဲလား"

"ဟုတ်တယ်... ဒါပဲ"

ကီဒမ်၏ တစ်သက်တာတွင် အမြဲတမ်း စကားကို ဖောင်လောက်အောင် ပြောတတ်သည့် တာလ်မီသည် ယနေ့မှ ဘာကြောင့် စကားနည်းလွန်းလှသည်ကို စဉ်းစားမရအောင် ဖြစ်နေမိသည်။ သို့သော် သူ့အနေဖြင့် တာလ်မီအား နောက်ထပ် မေးခွန်းများ ထပ်မမေးရဲဘဲ ဖြစ်ခဲ့ရသည်။ သို့ဖြစ်ရာ အကယ်၍ တစ်စုံတစ်ရာ အခက်အခဲတစ်ခုခု ကြုံတွေ့နေပါက ကျွန်ုပ်သည် သူ့အား အထူးလေယာဉ်ပျံသန်းရေးကိစ္စကို ဆောင်ရွက်ရန် အစ္စရေးသို့ ယခုလို ပြန်လွှတ်လိမ့်မည်မဟုတ်ဟူသော အတွေးဖြင့် သူ့ကိုယ်သူ နှစ်သိမ့်ကာ နောက်ထပ် ဘာတစ်ခွန်းမှ မမေးဘဲနေခဲ့သည်။ သို့ဖြင့် သူသည် တာလ်မီးအား ဖက်လဲတကင်းဖြင့် နှုတ်ဆက်ကာ ည ၁၁ နာရီတွင် နယူးယောက်သို့ ပျံသန်းလိုက်ပါလာခဲ့သည်။ နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် သူသည် အယ်လ်အယ်လ် (အစ္စရေး) လေယာဉ်တစ်စီးပေါ်သို့ ပြောင်းရွှေ့စီးနင်းကာ ခရီးဆက်လာခဲ့သည်။

ကီဒမ်သည် အစ္စရေးနိုင်ငံနှင့် နီးလာလေလေ စိတ်ထဲတွင် ပို၍လှုပ်ရှားလာလေလေ ဖြစ်နေခဲ့သည်။ အိုက်ခ်မန်းအား လက်ရဖမ်းဆီးနိုင်ခဲ့ပြီးနောက် သူသည် အာဂျင်တီးနားမှ ပထမဆုံးထွက်လာသူဖြစ်ကြောင်း သူ့ကိုယ်သူ သိနေသည်။ သို့ဖြစ်ရာ သူသည် ထိုသတင်းကို အစ္စရေးနိုင်ငံသို့ ယူဆောင်လာသည့် ဟုဿဓာတ်တစ်ယောက်အနေမျိုးဖြင့်ပင် ဖြစ်သင့်သည်။ သို့သော် တကယ့်အဖြစ်တွင် သူ့မှာ ထိုသတင်းကို မည်သူ့မျှ ပြော၍မဖြစ်သည့်ဘဝမျိုးသို့ ရောက်နေခဲ့သည်၊ အမှန်အတိုင်းဆိုရလျှင် သူကိုယ်တိုင်ကလည်း ထိုသတင်းနှင့် ပတ်သက်၍ ဘာတစ်ခုမှ တိတိကျကျ မသိခဲ့ရဘဲ ဖြစ်နေပြန်သည်။ အစ္စရေး





နိုင်ငံသို့ နောက်ဆုံးခရီးစဉ်အဖြစ် ပျံသန်းရန် ရောမမြို့မှ လေယာဉ်စတင်ထွက်ခွာလာသောအခါ အစ္စရေးထောက်လှမ်းရေးအဖွဲ့မှ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ဟက္ကီအား လေယာဉ်ခရီးသည်များထဲတွင် တွေ့လိုက်ရသည်။ ကီဒမ်သည် ပြုံးခနဲ စိတ်ကူးပေါက်သွားပြီး ဝမ်းသာအားရဖြင့် ဟက္ကီအား ပြေးဖက်ကာ 'ဂုဏ်ယူပါတယ်ဗျာ'ဟု ပြောပြောဆိုဆို ရုတ်တရက် နှုတ်ဆက်လိုက်သည်။ ဟက္ကီမှာ အနည်းငယ် အံ့သြသည့်အမူအရာများ မျက်နှာတွင်ပေါ်လာပြီး ကီဒမ်၏ ဂုဏ်ပြုနှုတ်ဆက်ခြင်းကို မည်သို့မျှ မတုံ့ပြန်ဘဲ ရှိနေခဲ့သည်။ နောက်မှ ကီဒမ် စဉ်းစားကြည့်သောအခါ ဟက္ကီသည် ဥရောပမှ အစ္စရေးသို့ ပြန်လာခြင်းဖြစ်ရာ ယမန်နေ့ညက အာဂျင်တီးနားတွင် အိုက်ခ်မန်းအား ဖမ်းမိသည့်သတင်းကို သူ့အနေဖြင့် ဘယ်နည်းနှင့်မျှ သိဦးမည်မဟုတ်ဟု နားလည်သွားခဲ့သည်။ သည်တော့မှ ဟက္ကီသည် မိမိလုပ်ပုံကိုင်ပုံကိုကြည့်ကာ ခပ်ကြောင်ကြောင်နိုင်လှသည်ဟု မှချယူဆသွားမည်ကိုတွေးမိပြီး အတော်ကလေး ခိုးလိုးခုလု ဖြစ်သွားခဲ့သည်။

သို့သော် အစ္စရေးနိုင်ငံ လစ်ဒါလေဆိပ်သို့ လေယာဉ်ဆင်းလိုက်သောအခါ အင်ကာနှင့် လော်ရာတို့ လာရောက်စောင့်ကြိုနေကြသည်ကို တွေ့ရသည်။ မကြာမီ ဟက္ကီသည် မိမိတို့ရှိရာသို့ ရောက်လာသည်။ သည်တော့မှ ကီဒမ်သည် သူတို့သုံးယောက်စလုံးအား ဝမ်းသာအားရဖြင့် သူ့သတင်းကို ပထမဆုံးလူသိရှင်ကြား ကြေညာနိုင်ခဲ့သည်။

"အိုက်ခ်မန်း အစ္စရေးတွေလက်ထဲရောက်ပြီ"

□

အထူးလေယာဉ် ပျံသန်းမည့် နေ့ရက်မတိုင်မီ နှစ်ရက်သုံးရက်ခန့်အလိုတွင် အင်ကာသည် ဂိုလမ်အား ခေါ်ယူတွေ့ဆုံခဲ့သည်။

"ခင်ဗျားကို လျှို့ဝှက်တာဝန်တစ်ခု ပေးချင်လို့ပါ"

အင်ကာက စ၍ပြောလိုက်သည်။ အမှန်စင်စစ် အိုက်ခ်မန်းအား ဖမ်းမိထားပြီဟူသောသတင်းသည် ဂိုလမ်အတွက် အကြီးအကျယ် အံ့သြစရာမဟုတ်ကြောင်း သူ သိထားပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်ဆင်ရေးအား [illegible] နီးစပ်သည့် အသိုင်းအဝိုင်းမှ မှက်ဂိုလ်များသည် ထင်ရှားသည့် [illegible] အဖွဲ့ဝင်များ အစ္စရေးနိုင်ငံမှ ရုတ်တရက် ပျောက်ကွယ်သွားကြသည် [illegible] ဆက်စပ်တွေးတောကာ အတော်အတန် ရိပ်မိနေကြသောကြောင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နာဇီစစ်ရာဇဝတ်ကောင်များနှင့် ပတ်သက်သော သီးခြားဖိုင်တွဲမှ မှတ်တမ်းများကို ယခုတလော ဂရုတစိုက် စိတ်ဝင်စားမှုများ ပြလာကြခြင်း၊ အတင်းကျပ်ဆုံး လျှို့ဝှက်ထားသည့် သတ်မှတ်ချက်များကို လိုက်နာနေကြရသော အသိုင်းအဝိုင်းများအကြားတွင် အိုက်ခ်မန်းကို ဖမ်းမိထားပြီဟူ၍ ကောလာဟလများ ထွက်ပေါ်လာနေခြင်း စသည်များလည်း ရှိနေသေးသည်။

မှန်သည်၊ အထက်ပါ ဖြစ်ရပ်များကို အကြောင်းပြု၍ အင်ကာက အခု အိုက်ခ်မန်းဟာ ကျွန်တော်တို့လက်ထဲ ရောက်နေပြီဟု ပြောလိုက်သောအခါ ဂိုလမ်မှာ လုံးဝအံ့သြခြင်းမရှိတော့ဘဲ ဖြစ်ခဲ့သည်။ သို့ဖြင့် အင်ကာက ဆက်၍ ပြောလိုက်သည်။

"အဲဒီတော့ အိုက်ခ်မန်းကို အစ္စရေးအရောက် ခေါ်လာဖို့အတွက် ခင်ဗျားက အာဂျင်တီးနားကို လိုက်သွားပြီး ကူညီရလိမ့်မယ်။ အဲဒါ ခင်ဗျားအနေနဲ့ သွားနိုင်ပါ့မလား"

"ဒီကိစ္စအတွက် ကျွန်တော့်ကိုမေးနေဖို့ လိုပါသေးသလား"ဟူ၍ ဂိုလမ်က ပြန်ပြောခဲ့သည်။

"ဒီလိုဆိုရင် နေရာကျတာပေါ့။ ဒါဖြင့် ခင်ဗျား အခုချက်ချင်းသွားဖို့ ပြင်ပေတော့။ ပြီးတော့ ခင်ဗျားမှာရှိတဲ့ ခင်ဗျားဓာတ်ပုံတွေအားလုံး ယူသွားဖို့ လိုလိမ့်မယ်"

ဤနေရာ၌ ဂိုလမ်သည် အိုက်ခ်မန်းစစ်ဆင်ရေးအတွက် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ရန် စိတ်အားထက်သန်နေသည်မှာ သူ့အတွက် လုံလောက်သော အကြောင်းများ ရှိနေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူ့မိဘနှစ်ပါးနှင့်တကွ သူ့အစ်ကိုများအပြင် အသက် ၁၀၇ နှစ်ရှိနေပြီဖြစ်သော အဘိုးတို့သည် ဂျာမန်တို့၏ လက်ချက်ဖြင့် စစ်ကြီးအတွင်းက အားလုံးသေဆုံးခဲ့ကြရသောကြောင့်ပင်။

နောက်တစ်နေ့တွင် အင်ကာနှင့် အခြားလူတစ်ယောက်သည် ယူနီဖောင်းဝတ်စုံနှင့်တစ်မျိုး၊ အရပ်ဝတ် အရပ်စားနှင့်တစ်ဖုံ အမျိုးမျိုး ရိုက်ကူးထားသော အိုက်ခ်မန်း၏ ဓာတ်ပုံအမြောက်အမြားကို စားပွဲတစ်လုံးပေါ်တွင် ဖြန့်ထားကြပြီး ထိုဓာတ်ပုံများနှင့်အတူ ဂိုလမ်ယူလာသော ဂိုလမ်၏ ဓာတ်ပုံများကို ယှဉ်ကြည့်နေခဲ့ကြသည်။ ဂိုလမ်သည် အိုက်ခ်မန်း၏ ဓာတ်ပုံများနှင့် မိမိ၏ ဓာတ်ပုံများကို အသေအချာ နှိုင်းယှဉ်လေ့လာနေကြသော သူတို့နှစ်ယောက်ကိုကြည့်ကာ မသိမသာ တုန်လှုပ်နေမိသည်။





သူသည် ယခင်ကတည်းက မိမိ အိုက်ခ်မန်းနှင့် ရုပ်ချင်းဆင်သည်ဟု ပြောသံများ ကြားခဲ့ရဖူးသည်။ သို့သော် မိမိမကြာမီက ရိုက်ခဲ့ရသော နောက်ဆုံးဓာတ်ပုံများမှာ မိမိ၏မျက်နှာကို 'မိတ်ကပ်'များဖြင့် အနည်းငယ် ပြုပြင်၍ ရိုက်ကူးထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ ထိုဓာတ်ပုံအသစ်များနှင့် အိုက်ခ်မန်း၏ ဓာတ်ပုံများမှာ ရုတ်တရက် လူချင်းခွဲခြားမရအောင် တူနေသည်ကို တွေ့ရသောအခါ အံ့အားသင့်၍မဆုံးအောင် ဖြစ်နေမိသည်။ ဤတွင်မှ မိမိအား အိုက်ခ်မန်းကိုယ်ပွားအဖြစ် နှစ်ကိုယ်ခွဲ၍ ရုပ်ဖျက်ဟန်ဆောင်ရန် ရွေးချယ်ခဲ့သည်ကို သဘောပေါက်ကာ အံ့သြသွားမိသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ဂိုလမ်သည် ယခုကဲ့သို့ အိုက်ခ်မန်းနှစ်ကိုယ်ခွဲအဖြစ် ဟန်ဆောင်ရမည်ကို စိတ်ထဲက မိမိကိုယ်မိမိ မသတီသလိုဖြစ်မိသည်။ သို့သော် ထိုစိတ်ကို ချက်ချင်းပင် ကြိုးစား၍ ဖျောက်ပစ်ခဲ့ရသည်။ အထူးသဖြင့် ယခုကဲ့သို့ မိမိအား တာဝန်ပေးအပ်လာခြင်းမှာ မိမိနှင့် သင့်တော်ထိုက်တန်သည့် အနေအထားကို ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်ရာ မည်သို့သော တာဝန်ပင်ဖြစ်စေ အဓိကအားဖြင့် အိုက်ခ်မန်းအား အစ္စရေးသို့ ခေါ်ဆောင်လာသူများထဲတွင် မိမိတစ်ယောက် ပါဝင်ရသည်မှာ ဂုဏ်ယူစရာအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်ဟူ၍ မိမိကိုယ်မိမိ ပြောကြားနှစ်သိမ့်ခဲ့ရသည်။

တကယ်တော့ ဂိုလမ်အား အိုက်ခ်မန်းနှင့် ခွဲမရအောင် မျက်နှာကို အနေအထားအမျိုးမျိုးဖြင့် 'မိတ်ကပ်'အမျိုးမျိုးပြုလုပ်ကာ စိတ်တိုင်းကျပုံများ ရရှိသည်အထိ ဓာတ်ပုံရိုက်ကူးခဲ့ကြရသည်မှာ 'လက်ဝင်'လှသည်ဟု ဆိုရမည်ဖြစ်သည်။

ထို့နောက် ဂိုလမ်သည် လေကြောင်းဌာနသို့သွား၍ သူ့အတွက် လေယာဉ်ဝတ်စုံများ ယူခဲ့ရသည်။ အင်ကာက ဂိုလမ်အား အာဂျင်တီးနားသို့ 'ဇီခရွန်နီ'ဟူသော အမည်ဖြင့် လေယာဉ်အမှုထမ်းတစ်ယောက်အသွင် ရုပ်ဖျက်လိုက်ပါသွားရမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ အာဂျင်တီးနားမှအပြန်တွင် အိုက်ခ်မန်းအား အဆိုပါ 'ဇီခရွန်နီ'ဟူသော အမည်ဖြင့် ပြုလုပ်ထားသည့် စာရွက်စာတမ်း အထောက်အထားများကို အသုံးပြုကာ အထူးလေယာဉ်ဖြင့် ခေါ်ဆောင်လာရန် စီစဉ်ထားသည်။ ဤနောက်တွင်မှ ဂိုလမ်သည် အခြားလမ်းတစ်သွယ်ဖြင့် အာဂျင်တီးနားမှ ပြန်လာခဲ့ရမည်ဖြစ်သည်။

ထိုနေ့တွင် ဂိုလမ်နှင့်အတူ လေယာဉ်အမှုထမ်းများအဖြစ် ရုပ်ဖျက်လိုက်ပါကြရမည့် ထောက်လှမ်းရေးအဖွဲ့ဝင်နှစ်ယောက် ရှိသေးသည်။ ယိုးလ်ဂိုရှန်

www.burmeseclassic.com



ါလာမည်ကို မသေချာဘဲ မရေမရာ ဖြစ်နေခဲ့သည်။ ကျွန်ုပ်သည် သူ့အား
ိုက်ခ်မန်းကို သူ့အချုပ်ထောင်ထဲတွင် ချုပ်ထားရန်နှင့် ဤကိစ္စကို အစွမ်းကုန်
ျှို့ဝှက်ထားပြီး သူ့ကိုယ်သူ သတ်သေနိုင်မည့်အဖြစ်မျိုး လုံးဝမဖြစ်စေရန်
ှန်ကြားခဲ့ပြီးဖြစ်သည်။ ထို့ပြင် အိုက်ခ်မန်းအား ထိုသို့ လုံခြုံစိတ်ချရသည့်
နေရာတွင် လျှို့ဝှက်စွာ ချုပ်နှောင်ထားပြီး အချိန်ကျလျှင် ရဲချုပ်ထံ လွှဲအပ်ရန်
ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အင်ကာအား ပြောပြထားခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် ဇနီးဖြစ်သူထံ ကျွန်ုပ် ခရီးထွက်ရာမှ ပြန်ရောက်
လာပြီဖြစ်ကြောင်း ဖုန်းဆက်၍ ညနေဘက်တွင် အိမ်ပြန်ရောက်မည်ဖြစ်ကြောင်း
ပြောလိုက်သည်။ ကျွန်ုပ်၏ ဇနီးသည် ကျွန်ုပ် ပြန်ရောက်သည့်သတင်းကို
ကြားရသည့်အတွက် တစ်စုံတစ်ရာ အံ့သြသည့်လက္ခဏာ မပြရုံမျှမက ကျွန်ုပ်
ဘယ်နိုင်ငံမှ ပြန်လာသည်ကိုပင် မမေးဘဲနေခဲ့သည်။

ပြီးလျှင် ကျွန်ုပ်သည် အိုက်ခ်မန်းအား ရဲဘက်သို့ လွှဲပြောင်းပေးခြင်းမပြုမီ
စောင့်ကြပ်ရမည့် အရာရှိနှစ်ယောက်ကို ခေါ်ယူတွေ့ဆုံခဲ့သည်။ ကျွန်ုပ်က
သူတို့နှစ်ယောက်အား အိုက်ခ်မန်းကို အချုပ်ထောင်သို့ ခေါ်သွားရာ၌လည်း
ကောင်း၊ အချုပ်ထောင်ထဲတွင် သူ့ကို စောင့်ကြပ်ရာ၌လည်းကောင်း တာဝန်နှင့်
ည်းကမ်းကို အတိအကျ လိုက်နာလုပ်ဆောင်ကြရန် မှာကြားခဲ့သည်။ ထို့ပြင်
ိုက်ခ်မန်းအား ယခုလို ခေတ္တချုပ်နှောင်ထားရန် မည်သို့မည်ပုံ စီစဉ်ဆောင်
ရွက်ထားကြသည်ကို စုံစမ်းမေးမြန်းကြည့်ခဲ့ရာ သူတို့၏ စီစဉ်ပြင်ဆင်ထားသည်
များမှာ အထူးစေ့စပ် သေချာ၍ ကျေနပ်လောက်စရာရှိသည်ကို တွေ့ရသည်။
နောက်ဆုံး၌ အိုက်ခ်မန်း၏ လုံခြုံရေးအတွက် သူတို့နှစ်ယောက်စလုံးတွင်သော်
လည်းကောင်း၊ တစ်ဦးချင်း၌သော်လည်းကောင်း တာဝန်များရှိသည်ကို ထပ်မံ၍
[illegible]အနက် ပြောကြားခဲ့သည်။

ထို့နောက် အရာရှိနှစ်ယောက်သည် အိုက်ခ်မန်းအား ရဲဘက်သို့ လွှဲ
[illegible]ခြင်း မပြုသေးမီ ယာယီချုပ်နှောင်ထားရမည့် အချုပ်ထောင်ရှိရာ
[illegible] ဆောင်သွားခဲ့ကြသည်။ သူတို့နှစ်ယောက်သည် အိုက်ခ်မန်းအား
[illegible] ဘာဝန်ကျသည့် အစောင့်များအား အကျဉ်းသား၏ အမည်
[illegible]ကို ပြောမပြဘဲထားရန် စီစဉ်ဆုံးဖြတ်ခဲ့ကြသည်။ အမှန်
[illegible] အစောင့်အကြပ်များ အရည်အချင်းနှင့် အစွမ်းအစကို ယုံကြည်
[illegible]ချပြီးဖြစ်သည်။ [illegible] ဤအစောင့်များကိုယ်တိုင် တစ်ခါက အိုက်ခ်မန်း၏
ရဲခန်းမှ လွတ်မြောက်[illegible]သူများဖြစ်ရာ အိုက်ခ်မန်းအပေါ် ဒေါသအလျောက်





တစ်စုံတစ်ခု ခြေလွန်လက်လွန် ပြုလုပ်မိကြမည်ကို စိုးရိမ်ရသော[illegible]
သည်။

သို့ဖြစ်ရာ ဤအကျဉ်းသားသည် အလွန်အန္တရာယ်ကြီးသည့် [illegible]
တစ်ဦးဖြစ်ကြောင်းနှင့် သူ့အား လုံးဝမျက်ခြည်ပြတ်မခံဘဲ အထူးဂရု[illegible]
စောင့်ကြည့်ကြရန် ပြောကြားခဲ့ရသည်။ သူတို့သည် အိုက်ခ်မန်းအား အချုပ်[illegible]
တွင် ၂၄ နာရီလုံးလုံး အလှည့်ကျစောင့်ကြရမည်ဖြစ်ရာ ယခုကဲ့သို့ ကြိုတင်[illegible]
ပေးထားမှ တော်ရုံကျမည်ဖြစ်သည်။

နောက်ပိုင်းတွင် ကျွန်ုပ်တို့သည် သူ့ကို စောင့်ကြပ်ရသည့် 'စပိုင်[illegible]
တကယ့်ဇာတိမှန်ကို ပြောပြလိုက်သောအခါ သူတို့အားလုံး တစ်ပတ်ရိုက်ခံလို[illegible]
ရသလို ဖြစ်သွားခဲ့ကြသည်။

❒

လေဆိပ်တွင် ကျွန်ုပ် စီစဉ်ဆောင်ရွက်စရာကိစ္စများ ပြီးစီးသွားသောအခါ နံန[illegible]
၉ နာရီ ၁၅ မိနစ် ရှိပြီဖြစ်သည်။ ယခုအခါ ကျွန်ုပ်သည် ဂျေရုဆလင်မြို့[illegible]
သို့ သွားရောက်၍ ဝန်ကြီးချုပ် ဘင်ဂူရီယမ်အား အစ္စရေးနိုင်ငံသို့ အိုက်ခ်[illegible]
ရောက်လာပြီဖြစ်ကြောင်း သတင်းပို့ရန် အချိန်တန်ပြီဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်အား လေဆိပ်တွင် ၄၅ မိနစ်ကြာမျှ လာ၍စောင့်[illegible]
ခဲ့သော ကျွန်ုပ်၏ ကားမောင်းသမား ယာကီအား ဂျေရုဆလင်မြို့ရှိ ဝန်ကြီး[illegible]
ရုံးသို့ ၁၀ နာရီမထိုးမီ ရောက်အောင်မောင်းပို့ရန် ပြောကြားခဲ့ရသည်။ ထို[illegible]
တွင် အပတ်စဉ် အစိုးရအဖွဲ့အစည်းအဝေး ကျင်းပမည့်နေ့ဖြစ်၍ နံနက်[illegible]
နာရီ အစည်းအဝေးမစမီ အရောက်သွားရမည်ဖြစ်သည်။ အကြောင်းမှာ အစည်း[illegible]
အစည်းအဝေး ကျင်းပနေစဉ် ကျွန်ုပ် ရောက်သွားခဲ့ပါက ကျွန်ုပ်သည် ဝန်ကြီး[illegible]
ဘင်ဂူရီယမ်အား လူအများရှေ့တွင် ခေါ်ယူတွေ့ဆုံခွင့် တောင်းရ[illegible]
ကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် လမ်းခရီးတစ်လျှောက်လုံး ယာကီအား ကားကို ခပ်မြန်မြန်
မောင်းရန် အဆက်မပြတ် သတိပေးလာခဲ့ရာ ဝန်ကြီးချုပ်ရုံးရှေ့သို့ ၁၀ နာ[illegible]
ထိုးမီ ၁၀ မိနစ်အလိုတွင် ကျွန်ုပ်တို့ ရောက်ရှိသွားခဲ့ကြသည်။ ဝန်ကြီး[illegible]
နိုင်ငံရေးအတွင်းဝန် ယဓ်ဟာတ်နာဗွန်သည် ကျွန်ုပ်အတွက် [illegible]
ကြိုတင်ခွင့်ပြုချက် တောင်းရန်နှင့် ရှင်းလင်းပြောကြားရန်မ[illegible]
ရှိပြီးဖြစ်သည်။ ကျွန်ုပ်သည် အဆောတလျင် အရေးကြီးသည့်ကိစ္စ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သန်းသည့်အခါတိုင်း အဆိုပါ ရုံးခွဲမှ ပုဂ္ဂိုလ်များမှာ ဦးနှောက်ခြောက်ခဲ့ရသည်။ သို့ဖြင့် အာဂျင်တီးနား လွတ်လပ်ရေးအခမ်းအနားသို့ တက်ရောက်ရန် အစ္စရေးနိုင်ငံမှ အထူးလေယာဉ်တစ်စီး ပျံသန်းမည်ဖြစ်ကြောင်း သတင်းစာများတွင် ဖော်ပြလိုက်ရသည်နှင့် နယူးယောက်ရုံးခွဲမှ တာဝန်ခံများမှာ 'အကြီးအကျယ် ခံလိုက်ရပြီ'ဟု ယူဆခဲ့ကြသည်။

ချက်ချင်းပင် အဆိုပါ ရုံးခွဲမှ မန်နေဂျာသည် မိမိတို့ လေကြောင်းဌာန လက်ထောက်ညွှန်ကြားရေးမှူး မိုရှေတက်ဒမာထံ ပြင်းပြင်းထန်ထန် စာရေး၍ တင်ပြတိုင်ကြားလိုက်သည်။ သူ့စာထဲတွင် ယခုကဲ့သို့ လေယာဉ်ပျံသန်းမည့် အကြောင်း ရုတ်တရက် ဖြန့်စားကြီး ကြေညာလိုက်သဖြင့် ဗျူနိုအဲရစ္စကုမ္ပဏီ အတွက် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာရမည့် အကောင်းဆုံး အခွင့်အရေးတစ်ရပ် လက်လွှတ်သွားခဲ့ရကြောင်း၊ မိမိအနေဖြင့်လည်း နယူးယောက်မှ အစ္စရေးသို့ တောင်အမေရိကတိုက်မှတစ်ဆင့် လိုက်ပါလိုသည့် ခရီးသည်များအတွက် လက်မှတ်ရောင်းချရမည့် အခွင့်အရေးတစ်ရပ် ဆုံးရှုံးနစ်နာခဲ့ရကြောင်း စသည်ဖြင့် ဖော်ပြပါရှိခဲ့သည်။

ဤတွင် လက်ထောက်ညွှန်ကြားရေးမှူး တက်ဒမာက ပြန်လည်တောင်းပန်ခဲ့သည်။ သူ၏ တောင်းပန်ချက်တွင် ယခုတစ်ကြိမ် အထူးလေယာဉ်ပျံသန်းမှု အစီအစဉ်များကို မိမိတို့ လေကြောင်းကုမ္ပဏီမှ လုံးဝတာဝန်ယူခြင်းမရှိခဲ့ကြောင်း၊ ယခုပျံသန်းမှုမှာ နိုင်ငံရေးအရ အဓိကဖြစ်နေသဖြင့် နိုင်ငံရေးအခြေအနေများကို အကြောင်းပြု၍ လေယာဉ်ပျံသန်းမည့်နေ့ရက်ကိုပင် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရကြောင်း၊ တစ်ဆက်တည်းတွင် ဤလေယာဉ်ပျံသန်းမှုနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက်အားလုံးကိုလည်း နိုင်ငံရေးဌာနမှ အာဏာပိုင်များက လုံးဝတာဝန်ယူထားခဲ့ကြောင်း စသည်ဖြင့် ဖော်ပြပါရှိခဲ့သည်။ တက်ဒမာက နယူးယောက်မှ သူ့မိတ်ဆွေများထံ ဆက်လက်ရေးသား ဖော်ပြခဲ့သည်မှာ…

"ခင်ဗျားတို့ထံမှ အကြောင်းကြားစာထဲတွင် ဖော်ပြပါရှိခဲ့သော အချက်အလက်များကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ခဲ့ကြ ပါ၊ ယခု ဤစာထဲတွင် အသေးစိတ်ဖော်ပြရန် မဖြစ်သည့် မရှောင်မလွှဲ သာသော အကြောင်းများကြောင့် ကျွန်ုပ်တို့ စိတ်ဆန္ဒရှိသလောက် အခြေအနေကို အသုံးမချနိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်ရာ ခင်ဗျားတို့ အနေဖြင့်လည်း အထူးလေယာဉ် ပျံသန်းမှုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ခြင်း၊ မေးမြန်းစုံစမ်းခြင်းနှင့် ဝေဖန်ပြောဆိုခြင်းများကို





ရုံးတွင်း၌သော်လည်းကောင်း၊ ရုံးပြင်၌သော်လည်းကောင်း လုံးဝမပြုလုပ် ကြဘဲ စောင့်ထိန်းကြပါရန် မေတ္တာရပ်ခံလိုပါသည်။ ခင်ဗျားတို့အား တစ်စုံတစ်ရာ ဝင်ရောက်ဆောင်ရွက်ပေးရန် တောင်းခံခြင်းမပြုသမျှ ဤကိစ္စကို ရုံးချုပ်အပေါ်သို့ လွှဲထားပါရန် အနူးအညွတ် ပန်ကြားအပ်ပါ သည်။

နောက်ပိုင်းတွင် အဖြစ်မှန်များကို သိခဲ့ရသောအခါ နယူးယောက်ရုံးခွဲမှ မန်နေဂျာသည် သူ၏ ဝင်ရောက်စွက်ဖက်မှုအတွက် ခွင့်လွှတ်ပါရန် တောင်းပန်ခဲ့ ရသည်။

□

ကီဒမ်သည် လစ်ဒါလေဆိပ်မှ အထူးလေယာဉ် ပျံသန်းထွက်ခွာခြင်းမပြုမီ ငါးရက်လုံးလုံး ဒုက္ခရောက်နေခဲ့သည်။ သို့သော် ဤငါးရက်အတွင်း သူ လုပ်ကိုင် ဆောင်ရွက်ခဲ့သည့်အလုပ်မှာ သူ့အတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ခဲ့သည်။ သူသည် အထူးလေယာဉ်ဖြင့် လိုက်ပါကြမည့် အမှုထမ်းများကို မိမိတို့လေကြောင်းကုမ္ပဏီ ရှိ အကောင်းဆုံး လူများထဲမှ ရွေးချယ်တာဝန်ပေးနိုင်ခဲ့သည်။ လေယာဉ်မှူးအဖြစ် ယိုအာမိဂတ်ဆိုသူက တာဝန်ယူ၍ မောင်းနှင်မည်ဖြစ်ပြီး အခြားလေယာဉ်မှူးတစ် ဦးဖြစ်သူ ဂတ်နစ်ရှရီက ဒက္ကာလေဆိပ်မှ လိုက်ပါ၍ ဆက်လက်တာဝန်ယူမောင်း နှင်မည်ဖြစ်သည်။ ထို့ပြင် အထူးချွန်ဆုံး လေယာဉ်စက်ပြင်ဆရာနှစ်ဦးတို့က လည်း ရနိုင်သမျှ အပိုပစ္စည်းကိရိယာများကို ယူဆောင်၍ လိုက်ပါလာကြမည် ဖြစ်သည်။ သက်ဆိုင်ရာမှ ညွှန်ကြားချက်အရ လေယာဉ်ပေါ်တွင် အထူးကိရိယာ များ တင်ဆောင်လာကြမည်ဖြစ်ပြီး ကျွန်ုပ်တို့ ထည့်လွှတ်လိုက်သည့် လေယာဉ် အမှုထမ်းသုံးဦးအတွက်လည်း လိုအပ်သမျှ ပစ္စည်းများကို စီစဉ်ဆောင်ရွက်ထား ခဲ့ကြသည်။

လွတ်လပ်ရေး အခမ်းအနားသို့ တက်ရောက်ရန် အထူးလေယာဉ်ဖြင့် လိုက်ပါကြသည့် အစိုးရကိုယ်စားလှယ်တော်အဖွဲ့တွင် အစ္စရေးနိုင်ငံ၏ ဂုဏ်သိက္ခာ ကို ထင်ဟပ်စေမည့် ပုဂ္ဂိုလ်ကြီးများ ပါဝင်ခဲ့ကြသည်။ အစ္စရေးတပ်မတော်တွင် အကျော်ကြားဆုံး ထိပ်တန်းအရာရှိကြီးများတွင် အပါအဝင်ဖြစ်သော မြောက်ပိုင်း တိုင်း စစ်ဦးစီးမှူး ဗိုလ်မှူးချုပ် ဒိုရီယာကိုယ်တိုင် ပါဝင်ခဲ့သည်။

သို့သော် အဆိုပါ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကျွန်ုပ်တို့၏ လျှို့ဝှက်ချက် လမ်းကို လုံးဝဘာတစ်ခုမျှ သိမထားဘဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များထဲတွင် ဥရုဂွေးနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးနှင့် သူ၏ မိသားစု၊ တောင်အမေရိကတိုက်တွင် တာဝန်ထမ်းဆောင်မည့် အခြား သံတမန်တစ်ဦးနှင့် သူ့မိသားစု၊ အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ဘာသာရေးပွဲတော်တစ်ခုသို့ တက်ရောက်ရန်အတွက် ဂိုဏ်းချုပ်ကြီးကိုယ်စား လိုက်ပါလာသည့် ဂိုဏ်းထောက်ဘုန်းတော်ကြီး အီဖရာတီတို့ ပါဝင်ကြသည်။ ထိုနေ့က လစ်ဒါလေဆိပ်သို့ ကိုယ်စားလှယ်တော်အဖွဲ့အား အစ္စရေးနိုင်ငံဆိုင်ရာ အာဂျင်တီးနား သံအမတ်ကြီး နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ လေကြောင်းဌာန ညွှန်ကြားရေးမှူးများနှင့်တကွ သတင်းစာဆရာများပါ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

❒

ဤ အထူးလေယာဉ် ပျံသန်းမှုတွင် ကျွန်ုပ်တို့နှင့် ပါဝင်ပတ်သက်နေသော အစီအစဉ်များကို လျှို့ဝှက်ထားသည့်ကြားမှပင် အချို့သော လူအနည်းငယ်တို့ကမူ ခိုးကွယ်လျှို့ဝှက်၍မရအောင် ဖြစ်ခဲ့သည်။ ၎င်းတို့အထဲတွင် လေယာဉ်အမှုထမ်းများသည် ခါတိုင်းနှင့်မတူ ထူးခြားနေသည့် အမျိုးမျိုးသော စီစဉ်လုပ်ဆောင်မှုများကို မြင်တွေ့နေခဲ့ကြရာမှ သူတို့ စိတ်ကူးနှင့်သူတို့ ကောက်ချက်အမျိုးမျိုးချ၍ ထင်မြင်ချက်အမျိုးမျိုး ပေးနေခဲ့ကြသည်။ ဥပမာအားဖြင့် ဆိုရလျှင် နစ်ရှရီသည် ၎င်းအား တွဲဖက်လေယာဉ်မှူးအဖြစ် တာဝန်ပေးအပ်လိုက်ကြောင်း ကြားသိရသည်နှင့်တစ်ပြိုင်နက် အထူးလေယာဉ် ပျံသန်းမှုနှင့်အတူ အထူးစစ်ဆင်ရေးတစ်ရပ် ပါဝင်ပတ်သက်နေပြီဟု သူ နားလည်လိုက်သည်။ ထို့ပြင် မိမိနှင့်အတူ လိုက်ပါလာကြမည့် အခြားသော လေယာဉ်အမှုထမ်းများ၏ စာရင်းကို တစ်ချက်ကြည့်လိုက်ရုံမျှဖြင့် မိမိ၏ သံသယဖြစ်မှုမှာ ပိုမိုခိုင်လုံနေကြောင်း ဒက်ခနဲ သိလိုက်ရသည်။

နစ်ရှရီသည် ဂျူးအမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့မှ တိုက်ပွဲဝင်တပ်သားကောင်းတစ်ဦးဖြစ်၍ လွတ်လပ်ရေးစစ်ပွဲကြီးအတွင်းက လေယာဉ်မှူးတစ်ယောက်အဖြစ် ပါဝင်ထမ်းရွက်ခဲ့ဖူးသည်။ သူသည် ထိုစဉ်က 'ပရီမတ်စ်' လေယာဉ်တစ်စင်းကို မောင်းနှင်ကာ အာရပ်တို့ ဝိုင်းဝန်းခြင်းခံနေရသော နာမည်ကျော် 'နက်ဗ်အီဆက်တ်ဝင်' တပ်ဖွဲ့အား လက်နက်များ သယ်ယူပို့ဆောင်ပေးနေခိုက် ရန်သူ၏ ပစ်ခတ်တိုက်ခိုက်မှုကို ခံရ၍ မျက်နှာတွင် ဒဏ်ရာရခဲ့သည်။ ထို့နောက် သူသည် နိုင်ငံခြားသို့သွား၍ လေယာဉ်မှူးသင်တန်း တက်ရောက်ခဲ့ပြီး အစ္စရေး လေတပ်မတော်တွင် သယ်ယူပို့ဆောင်ရေးနှင့် လေထီးတပ်ဖွဲ့မှ လေယာဉ်အုပ်စု တစ်ခုကို နှစ်ပေါင်းများစွာ တာဝန်ယူ အုပ်ချုပ်ခဲ့ရသည်။ ယခု ဤအထူးလေယာဉ် ပျံသန်းမှုသည် နာဇီစစ်ရာဇဝတ်ကောင်များနှင့် ပတ်သက်ဆက်စပ်နေလိမ့်မည်ဟု သူ မှန်းဆတွေးတောနိုင်ခဲ့ခြင်းမှာ တစ်ခါက ကာကွယ်ရေးတပ်ဖွဲ့မှ ရရှိခဲ့သည့် အတွေ့အကြုံများကြောင့် ဖြစ်ကောင်းဖြစ်နိုင်စရာရှိသည်။ အထူးသဖြင့် သူသည် ၁၉၄၇ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ကြေညာခဲ့သော ကာကွယ်ရေးတပ်ဖွဲ့၏ 'လုံခြုံရေးဆိုင်ရာ အနက်ရောင်စာရင်း' အမှတ် ၉၈ ကို ပြေး၍ သတိရမိကောင်း ရမိနိုင်စရာ ရှိနေခဲ့သည်။ ထို 'အနက်ရောင်စာရင်း'တွင် ကာကွယ်ရေး တပ်ဖွဲ့ဝင်များအား အဒေါ့ဖ်အိုက်ခ်မန်းနှင့် ပတ်သက်၍ သတိပေးခဲ့ရာ၌ 'ဂျာမန် ဟီဘရူးနှင့် ယစ်ဒစ် ဘာသာစကားများ ပြောတတ်သည့် သူသည် အစ္စရေးနိုင်ငံ အတွင်းသို့ပင် စိမ့်ဝင်၍ ရောက်လာနိုင်စရာရှိသည်ဆိုသော အချက်မှာ မဖြစ်နိုင်ဟူ၍ မယူဆနိုင်ဟု ဖော်ပြပါရှိခဲ့သည်။

သူ့စိတ်ထဲတွင် မည်သို့မည်ပုံ စဉ်းစားမိသည်ကို မသိရသော်လည်း တကယ့်အဖြစ်မှာမူ ဒက္ကာလေဆိပ်သို့ အထူးလေယာဉ် ရောက်ရှိသွားသောအခါ ထိုလေဆိပ်မှ စောင့်၍ တွဲဖက်လေယာဉ်မှူးအဖြစ် တာဝန်ယူရမည့် နစ်ရှရီသည် ကီဒမ်အား တွေ့လျှင်တွေ့ချင်းပင် ဝမ်းသာအားရ လှမ်း၍ နှုတ်ဆက်လိုက်သည်။ "သူတို့အခု ဘယ်သူ့ကိုသယ်လာကြမှာလဲ။ မင်ဂလီကိုလား၊ အိုက်ခ်မန်းကိုလား"

ကီဒမ်မှာ နစ်ရှရီ၏စကားကြောင့် အံ့အားအသင့်ကြီး သင့်ကာ အထိတ်တလန့်ပင် ဖြစ်သွားခဲ့သည်။ "ဒီသတင်းဟာ ဒက္ကာကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ။ ကမ္ဘာပေါ်မှာ အကောင်းဆုံး လျှို့ဝှက်ထားတဲ့ကိစ္စကို နစ်ရှရီ ဘယ်လိုလုပ်ပြီး သိနေရတာလဲ"

မည်သို့ပင်ဖြစ်စေ ကီဒမ်၏ အံ့အားသင့်သွားသော မျက်နှာအမူအရာသည် 'မှောင်ထဲတွင် ရမ်းပစ်လိုက်သော' နစ်ရှရီ၏ ချိန်သီးနှင့် တန်းနေပြီး ပစ်မှတ်ကို ဒက်ခနဲ ထိမှန်သွားခဲ့သည်။ သို့ဖြစ်ရာ ကီဒမ်မှာ မည်သို့မျှ မရှောင်သာ မတိမ်းသာတော့ဘဲ သူ့အား မေးခွန်းများ ဟိုမေးသည်မေး၊ ဟိုတွေးသည်တွေး လုပ်နေစေခြင်းထက် အမှန်အတိုင်း ဖွင့်ပြောလိုက်ပြီး ဤလျှို့ဝှက်ချက်ကို နှုတ်လုံစေရန် မှာထားခြင်းက ပို၍သင့်တော်မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ကီဒမ်က သူ့ကို ပြန်မေးလိုက်သည်။

"ခင်ဗျားကို အဲဒီသတင်း ဘယ်သူကပြောလို့ သိတာလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူကမှ မပြောပါဘူး"

"ဒီမယ်" ကီဒမ်က ဆက်ပြောလိုက်သည်။ "အခု သူတို့ အိုက်ခ်မန်းကို ခေါ်လာကြလိမ့်မယ်။ အဲဒါ ဘယ်သူ့မှ ဖွင့်ပြောလို့မဖြစ်ဘူး။ ဖွင့်ပြောလိုက်ရင် စစ်ဆင်ရေးတစ်ခုလုံး ပျက်သွားလိမ့်မယ်၊ အဲဒီတော့ ဒီကိစ္စကို ခင်ဗျား ဘယ်သူ့မှ မပြောပါဘူးလို့ ကတိပေးရလိမ့်မယ်"

"စိတ်ချစမ်းပါ ကီဒမ်ရာ။ စိတ်သာချပါ မပူပါနဲ့" နစ်ရှရီက ပြောပြောဆိုဆိုဖြင့် ကီဒမ်၏ ပါးနှစ်ဖက်ကို ဝမ်းသာအားရ နမ်းလိုက်သည်။

ထိုနောက် နစ်ရှရီသည် မိဂတ်အား လေယာဉ်မောင်းသည့် ထိုင်ခုံမှ ဖယ်နိုင်းလိုက်ပြီး ဒက္ကာမှ ရီစိုက် လေဆိပ်အထိ ဝေးကွာလှသည့်ခရီးကို သူတစ်ယောက်တည်း တောက်လျှောက် တာဝန်ယူ၍ မောင်းနှင်လာခဲ့သည်။ ထိုသို့ မောင်းနှင်လာရင်း သူသည် အိုက်ခ်မန်းဆိုသောအမည်အား သူ ပထမဆုံး ကြားခဲ့ဖူးသည့် အဖြစ်အပျက်ကို ပြန်လည်တွေးတောလာခဲ့မိသည်။

ထိုစဉ်က သူသည် အသက်ငယ်ငယ်ပင် ရှိသေး၍ အချိန်မှာ ၁၉၃၀ ပြည့်နှစ် ကျော်ကျော်ကာလပင်ဖြစ်သည်။ ထိုရက်များအတွင်းက ဗီယင်နာမြို့ထဲတွင် ကောလာဟလသတင်းတစ်ခု ထွက်ပေါ်နေခဲ့ရာ ထိုသတင်းအရ ဂျူးလူမျိုးများ ဌာနဆိုင်ရာ တာဝန်ခံ အိုက်ခ်မန်းဆိုသူသည် ဂျူးလူမျိုးဆို၍ တစ်ယောက်မျှမရှိသည့် ဗီယင်နာမြို့ကြီးကို ဟစ်တလာအား မွေးနေ့လက်ဆောင်အဖြစ် ပေးအပ်ရန် ကတိပြုထားသည်ဟု ကြားနေရသည်။

ဩစတြီးယားနိုင်ငံကလေးအား ဂျာမနီ၏ လက်အောက်ခံအဖြစ် သွတ်သွင်းလိုက်သည့်အချိန်တွင် နစ်ရှရီသည် ၁၄ နှစ်သားအရွယ်မျှသာ ရှိသေးသည်။ ထိုအဖြစ်အပျက်ကြောင့် သူသည် ကျောင်းမှထွက်လိုက်ရပြီး သူတို့မိသားစုမှာလည်း နေအိမ်မှ နှင်ချခြင်းခံခဲ့ရသည်ကို မှတ်မိနေသေးသည်။ ထိုရက်များအတွင်းက ကြောက်မက်ဖွယ်ရာ မြင်ကွင်းများထဲမှ တစ်ခုသောမြင်ကွင်းသည် သူ့ခေါင်းထဲတွင် ယနေ့အထိ စွဲစွဲမြဲမြဲ ထင်ဟပ်နေဆဲပင် ရှိသေးသည်။ သူမှတ်မိသလောက် ဂျာမန်လူအုပ်ကြီးသည် ရတ်ရတ်သဲသဲဖြင့် အသက်ကြီးလှပြီဖြစ်သော ဂျူးလူမျိုး ဘုန်းတော်ကြီးတစ်ပါးကို ဝိုင်းအုံကာ စော်ကားမော်ကား ပြုလုပ်လျက်ရှိနေကြသည်။ သူတို့သည် အဆိုပါဘုန်းကြီးအိုကြီး၏ ပါးစပ်ထဲသို့ ဝက်သားအဆီတုံးကြီးတစ်တုံးကို အတင်းအဓမ္မ ဖြဲသွင်းခဲ့ကြပြီး ဝမ်းသာအားရ ဝိုင်းဝန်းအော်ဟစ်လှောင်ပြောင်ကာ ထိုဘုန်းကြီး၏ မှတ်ဆိတ်ကို မီးရှို့ခဲ့ကြသည်။ ထိုအချိန်တွင်





ဘောမှလူအုပ်ကြီးသည် ဝိုင်းအုံ၍ ရပ်ကြည့်နေကြသည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ ရက်စက်ရိုင်းပျသည့် အပြုအမူကို တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုခြင်းမပြုကြဘဲ ရှိနေသည်။

ဂျူးအမျိုးသားများ၏ ဈေးဆိုင်များနှင့် ကုန်ဆိုင်များ ဖျက်ဆီးမီးရှို့ခြင်းခံခဲ့ရပြီးနောက် နစ်ရှရီ၏ မိခင်သည် ဗီယင်နာမှ အန့်ဝပ်မြို့သို့ ထွက်ပြေးခဲ့ပြီး ကျန်ရစ်သည့် မိသားစုများသည် များမကြာမီ သူ့ရှိရာသို့ လိုက်လာခဲ့ကြသည်။ ထို့နောက် နစ်ရှရီသည် ဂျူးလူငယ်အဖွဲ့အစည်းတစ်ခု၏ အကူအညီဖြင့် အစ္စရေးသို့ ရောက်ရှိလာခဲ့သည်။ သူ့မိသားစုမှာမူ ဂျာမန်တို့လက်အောက်သို့ ကျရောက်သွားသော ဘယ်လ်ဂျီယန်နိုင်ငံထွင် ပြေးပေါက်မရှိဘဲ ပိတ်မိ၍ ကျန်ရစ်ခဲ့ရာမှ နောက်ဆုံးတွင် အောက်ဝစ် ချွေးတပ်စခန်းသို့ ရောက်ရှိသွားခဲ့ကြပြီး တစ်ခါတည်း ပြန်မလာတော့ဘဲ တစ်ယောက်မကျန် အားလုံး သေဆုံးခဲ့ကြရရှာသည်။ ထိုသို့ နာဇီ အကျဉ်းစခန်းတွင် အသက်ဆုံးရှုံးခဲ့ကြရသည့် နစ်ရှရီ၏ မိသားစုဆွေမျိုးများမှာ စုစုပေါင်း ၂၀ ခန့်ရှိခဲ့သည်။ ယခုသော်မူ ဤသတ်ဖြတ်မှုများကို စီစဉ်ညွှန်ကြားခဲ့သော လူသတ်စက်ရုံ၏ 'အလုပ်ရုံမှူး' ဖြစ်သူအား သူ၏ ရာဇဝတ်မှုများအတွက် စီရင်ဆုံးဖြတ်ရန် ဤလေယာဉ်ဖြင့်တင်၍ အစ္စရေးသို့ ခေါ်ဆောင်လာရတော့မည်ဖြစ်သည်။

အထူးလေယာဉ် ပျံသန်းမှုနှင့်ပတ်သက်၍ တစ်မူထူးခြားနေသည့် ဖြစ်ရပ်များကို ရိပ်မိနေသူမှာ နစ်ရှရီတစ်ဦးတည်းမဟုတ်ဘဲ အခြားသူများလည်း ရှိသေးသည်။ အစ္စရေးလေကြောင်းဌာနမှ ဌာနဆိုင်ရာ အမှုထမ်းတစ်ဦးဖြစ်သူ ဖရစ်ရှက်ဖာသည် အာဂျင်တီးနားသို့ သွားရောက်မည့် အစ္စရေးအစိုးရကိုယ်စားလှယ်များ စီးနင်းလိုက်ပါလာသော လေယာဉ်တွင် မိမိအား လေယာဉ်အမှုထမ်းတစ်ဦးအဖြစ် လိုက်ပါရန် အကြောင်းကြားချက်ကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် တစ်စုံတစ်ရာ ထူးခြားမှုတစ်ခုရှိလာပြီကို အလိုလိုသိလိုက်သည်။ သို့ဖြစ်ရာ သူသည် သူ့စိတ်ထဲတွင် ပေါ်ပေါက်လာသည့် ထင်မြင်ချက်ကို သူ့မိတ်ဆွေ မိဂတ်အား ဖွင့်ပြောခဲ့သည်။ ဤတွင် မိဂတ်သည် ရှက်ဖာ၏ ထင်မြင်ချက်နှင့် ပတ်သက်၍ အသေးစိတ်မေးမြန်းခြင်း မပြုခဲ့သော်လည်း မိမိအနေဖြင့် ဤအထူးလေယာဉ်တွင် လိုက်ပါ၍ အမှုထမ်းရန် ရွေးချယ်ခြင်းခံရသည့်အတွက် ဝမ်းနည်းခြင်းမဖြစ်မိကြောင်းကိုသာ ပြောပြခဲ့သည်။ မိဂတ်၏ ပဟေဠိဆန်သော ပြောကြားချက်သည် ရှက်ဖာ၏ထင်မြင်ချက်ကို ပို၍ခိုင်လုံစေခဲ့သည်။ ထို့နောက် ဆေးသော့ဦး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် သူတစ်ခါမျှ မမြင်ဖူးသည့် လေယာဉ်အမှုထမ်းသုံးယောက်ကို တွေ့လိုက်ရသောသူသည် မီဂတ်ထံသို့ သွားရောက်၍ မေးကြည့်လိုက်သည်။ "ဟိုသုံးယောက်က ဘယ်လိုလဲ၊ ကျွန်တော်ထင်ထားတဲ့ လူတွေပဲ မဟုတ်လား"

မီဂတ်သည် လျှို့ဝှက်သည့်အပြုံးဖြင့် ပြုံးပြကာ ရက်ဖာအား ပြန်ပြောလိုက်သည်။ "ရာနှုန်းပြည့် ဟုတ်တာပေါ့။ ဒါတင်မကသေးဘူး။ အပြန်ခရီးမှာ ခင်ဗျားမသိတဲ့ လူတစ်ယောက် လေယာဉ်ပေါ် ပါလာရင်လည်း ခင်ဗျား မအံ့သြနဲ့နော်"

ထို့နောက် သူသည် ရက်ဖာအား တစ်ယောက်တည်းထားပြီး ထွက်လာခဲ့သည်။ ရက်ဖာမှာလည်း သူ့အတွေးနှင့်သူ ကျန်ရစ်ခဲ့သည်။ ဂျာမနီတွင် သူငယ်စဉ်က အဖြစ်အပျက်များကို ပြန်တွေးနေမိသည်။ သူသည် ထိုစဉ်က နာဇီများလက်မှ နှစ်ကြိမ်တိုင်တိုင် လွတ်လာခဲ့သည်။ ပထမအကြိမ်မှာ ၁၉၃၈ ခုနှစ်က ဂျူးလူငယ်အဖွဲ့အစည်းတစ်ခု၏ အကူအညီဖြင့် ဒိန်းမတ်နိုင်ငံသို့ ထွက်ပြေးလာခဲ့ခြင်းဖြစ်၍ တစ်ဖန် မိမိစစ်ပြေးအဖြစ် ခိုလှုံရောက်ရှိနေသော အဆိုပါ ဒိန်းမတ်နိုင်ငံအား ဂျာမန်တို့ သိမ်းပိုက်ခဲ့ပြန်ရာ ထိုနိုင်ငံမှ ဒုတိယအကြိမ် ထွက်ပြေးခဲ့ရသည်။ စစ်ကြီး၏ အရှိန်အမြင့်ဆုံးအချိန်မှာပင် သူသည် ဆွီဒင်၊ တူရကီနှင့် ဆီးရီးယားနိုင်ငံများမှ တစ်ဆင့် အစ္စရေးသို့ ရောက်ရှိလာခဲ့သည်။ အိုက်ခ်မန်း၏ ရှည်လျားလှသော လက်သည်ရက်ဖာအား မီအောင်မဖမ်းနိုင်ခဲ့သော်လည်း သူ့ဖခင်မှာမူ နာဇီချွေးတပ်စခန်းတစ်ခုတွင် အသက်ဆုံးခဲ့ရရှာသည်။

လီယိုဘာကေးသည် ဤလေကြောင်းဌာနတွင် ဝါရင့်လုပ်ပြီဖြစ်သော လေယာဉ်မောင်းတစ်ဦးဖြစ်သည်။ ခရီးစဉ်တစ်လျှောက်အတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်း ဝယ်ယူရန် ဒက္ကာမြို့သို့ ကြိုတင်သွားနှင့်ခဲ့ရသော လီယိုကာဘေးသည်လည်း ခရီးသည်များထဲတွင် ထူးဆန်းသည့်လူများ ပါလာကြောင်း သတိထားမိသည်။ သို့သော် သူ့စိတ်ထဲတွင် ဤလူများသည် အစိုးရကိုယ်စားလှယ် အဖွဲ့ဝင်များအား လိုက်ပါစောင့်ရှောက်ရသည့် လုံခြုံရေးအရာရှိများဟူ၍ပင် ထင်မှတ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဗျူနိုအဲရစ္စမြို့ လေဆိပ်သို့ ဆင်းခါနီးတွင် အဆိုပါ လူသုံးယောက်သည် လေယာဉ်အမှုထမ်းဝတ်စုံများ လဲလှယ်ဝတ်ဆင်ခဲ့ကြရာ လီယိုသည် တစ်မျိုးတစ်ဖုံ စဉ်းစားမိပြန်သည်။ သူသည် လေယာဉ်မထွက်ခွာမီက အကြီးအကျယ် လုပ်ဆောင်ခဲ့ကြသည့် ပြင်ဆင်မှုများနှင့် လက်ရွေးစင်ခေါ်ယူ၍





တာဝန်ပေးခဲ့သည့် လေယာဉ်အမှုထမ်းများ၊ စက်ပြင်ဆရာများကိုကြည့်၍ သူ့စိတ်ထဲတွင် တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်နေမိသည်။ ဤအထူးလေယာဉ်ပျံသန်းမှုနှင့်ပတ်သက်၍ အကြောင်းတစ်ခုခုရှိရမည်ဟု သူ့ဘာသာသူ တွေးနေမိသည်။ ဤကိစ္စအတွက် လုပ်ဖော်ကိုင်ဖက်များအား မသိမသာ သွေးတိုးစမ်း၍ 'အစ' ကြည့်ရန် စိတ်ကူးမိသော်လည်း သူတို့တစ်တွေမှာ ခါတိုင်းလိုပင် ဣန္ဒြေမပျက် အလုပ်ကို လုပ်မြဲအတိုင်း လုပ်နေကြသဖြင့် ဘာတစ်ခွန်းမှ မမေးတော့ဘဲ နေခဲ့ရသည်။

ဤလေကြောင်းဌာနမှ လေယာဉ်အလုပ်ရုံမှူးဖြစ်သူ ဇာဗီဂတ္တမန်းမှာလည်း အလားတူအဖြစ်မျိုး ကြုံတွေ့နေခဲ့ရသည်။ မေလ ၁၆ ရက်နေ့တွင် ဌာနဆိုင်ရာ မန်နေဂျာသည် ဇာဗီအား 'ဘရစ်တိန်နီးယား' အမျိုးအစား လေယာဉ်တစ်စီးကို အထူးပျံသန်းရန်အတွက် အဆင်သင့်ပြုလုပ်ထားရန် ညွှန်ကြားခဲ့သည်။ ဇာဗီနှင့် သူ့လက်အောက်ငယ်သားများသည် ဗျူနိုအဲရစ္စသို့ ပျံသန်းမည့် အဆိုပါလေယာဉ်ကို အထူးဂရုစိုက်၍ ပြင်ဆင်လုပ်ကိုင်ပေးခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် ခါတိုင်းပျံသန်းနေကျ ခရီးစဉ်များထက်ပို၍ ကွာဝေးသည့်ခရီးကို ပျံသန်းမောင်းနှင်ရမည်ဖြစ်ရာ လမ်းခရီးတစ်လျှောက်တွင် ဤလေယာဉ်ကြီးကို မွမ်းမံထိန်းသိမ်းသွားရန် ပစ္စည်းကိရိယာ ပြည့်စုံသည့် လေဆိပ်များ မရှိသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် ဤလေယာဉ်ကြီးအတွက် လိုအပ်သမျှ ပစ္စည်းကိရိယာ တန်ဆာပလာများကို ခါတိုင်းဂရုစိုက်သည်ထက် ပို၍ အလွန်အထူးဂရုစိုက်ကာ ပြင်ဆင်လုပ်ကိုင်နေကြသည့်ရက်များအတွင်း ဌာနဆိုင်ရာ မန်နေဂျာသည် သူတို့ထံသို့ မကြာခဏ ရောက်လာပြီး အစီအစဉ် ချမှတ်ထားသည့်အတိုင်း လုပ်ငန်းများ တိုးတက်မှုရှိမရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ သို့ဖြင့် ဤအထူးလေယာဉ် ပျံသန်းမှု အစီအစဉ်များကို ကုမ္ပဏီမန်နေဂျာကိုယ်တိုင် အထူးဝါယမစိုက်၍ ကြီးကြပ်ကွပ်ကဲနေသည်ကို ဇာဗီ ကောင်းကောင်းကြီး သိခဲ့ရသည်။

သို့ဖြင့် တစ်ညနေခင်းတွင် ဌာနဆိုင်ရာ မန်နေဂျာသည် ဇာဗီအား သူ့ရုံးခန်းသို့ ခေါ်ယူတွေ့ဆုံခဲ့သည်။

'ဇာဗီ' မန်နေဂျာက သူ့စကားကို စလိုက်သည်။ "ကျုပ်တို့ ဒီလေယာဉ်ပေါ်မှာ စက်ပြင်ဆရာတစ်ယောက်နဲ့ လျှပ်စစ်တာဝန်ခံတစ်ယောက် ထည့်ပေးလိုက်ဖို့ စီစဉ်ထားတယ်" မန်နေဂျာသည် ထိုသို့ပြောရင်း ဇာဗီ၏ မျက်နှာပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်သွားသည့် အမူအရာကို အမှတ်မထင် လှမ်းမြင်လိုက်ရသဖြင့် ချက်ချင်းပင် အကျိုးအကြောင်းကို ဆက်၍ရှင်းပြခဲ့သည်။ "အခုသွားရမယ့်ခရီးက တော်တော်လေး အလှမ်းဝေးနေတယ်။ ပြီးတော့ အဲဒီကမ္ဘာ့အနောက်ခြမ်းဘက်က 'ဘာရစ်တိန်နီးယား' အမျိုးအစား လေယာဉ်လည်း သိပ်မရှိဘူး။ နည်းနည်းပါးပါး ပဲ ရှိတယ်။ အဲဒီတော့ လမ်းခုလတ် တစ်နေရာရာမှာ တစ်ခုခု ချွတ်ယွင်းပြီး အခက်အခဲတွေ့ရင် ဒီလေယာဉ် အမျိုးအစားကို ကိုင်နေကျ တွယ်နေကျ ကျွမ်းကျင်တဲ့လူ မရှိဘဲဖြစ်နေမှာ စိုးရတယ်။ ပြီးတော့ ဒီခရီးစဉ်အတွက် စီစဉ်ပေးရတဲ့ တာဝန်ခံတွေအနေနဲ့ကလည်း ကိုယ်စားလှယ်အဖွဲ့ကို အချိန်မီ မရောက်မှာ စိုးရိမ်နေကြတယ်။ ဒါကြောင့် ကျုပ်တို့အနေနဲ့ လေယာဉ်စက်ပြင်ဆရာနှစ်ယောက်ကို ဒီလေယာဉ်နဲ့ထည့်ပေးဖို့ ဆုံးဖြတ်လိုက်ရတယ်။ အဲဒါ ခင်ဗျား ဘယ်သူ့ကို ထည့်ပေးစေချင်သလဲ"

"လျှပ်စစ်တာဝန်ခံအနေနဲ့ကတော့..." ဇာဗီက ရုတ်တရက် ပြန်ဖြေလိုက်သည်။ "နဂ္ဂဘီကို ထည့်လိုက်ရင် ကောင်းပါတယ်။ စက်ပြင်ဆရာအနေနဲ့ ကတော့..."

ဇာဗီသည် ဤနေရာတွင် အမှတ်မထင် ခေါင်းထဲသို့ စိတ်ကူးတစ်ခု ဝင်လာခဲ့သည်။ မိမိကိုယ်တိုင် လိုက်သွားရရင် မကောင်းဘူးလား။ ဘာပဲဖြစ်ဖြစ် အနည်းဆုံး တောင်အမေရိကတိုက်ကို ရောက်ဖူးမည်ဖြစ်သည်။ နောက်ပြီး အဲဒီမှာ ဆွေမျိုးများလည်း ရှိနေသည်။ နောက်တစ်ခါ ဒီလိုအခွင့်အရေးမျိုးရဖို့ လွယ်ချင်မှလွယ်မည် မဟုတ်လား။ သို့ဖြင့် နောက်ဆုံးတွင် ဇာဗီသည် မအောင့်နိုင်တော့ဘဲ ထွက်ပြောချလိုက်သည်။

"စက်ပြင်ဆရာအနေနဲ့တော့ ကျွန်တော်ကိုယ်တိုင်ပဲ လိုက်ရင်ကောင်းပါလိမ့်မယ်"

သို့သော် ဌာနဆိုင်ရာ မန်နေဂျာသည် ဇာဗီ၏ အကြံပေးချက်ကို ဘာ [illegible]မှ ပြန်မပြောဘဲ ချက်ချင်းပင် လက်ခံသဘောတူလိုက်သည်။ ဤသည် [illegible] မှလကပင် အကြောင်းရှိထားသောကြောင့်ဖြစ်သည်။ စင်စစ် ဇာဗီ [illegible] လေယာဉ်အလုပ်ရုံများတွင် အထူးပင် စိတ်ချရ အားကိုးရသည်ဖြစ်ရာ [illegible] နှင့်ရက်သုံးရက်ပင်ဖြစ်စေ အခက်အခဲတွေ့စရာရှိသည်မှာ အမှန်ပင် [illegible] သို့သော် သူသည် ဇာဗီ၏ မျက်နှာပေါ်မှ အလွန်တရာ စိတ်အားထက်သန်[illegible]ကို တစ်ချက်အကဲခတ်လိုက်မိသဖြင့် သူ့စိတ်ကိုပြောင်းကာ





ဇာဗီကို လိုက်ပါရန် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ သို့ဖြင့် ဇာဗီသည် ထိုရေး အပျော်ဆုံး လူတစ်ယောက် ဖြစ်ခဲ့ရသည်။

ဇာဗီသည် 'ဘာရစ်တိန်နီးယား' လေယာဉ်ကြီးကို စိတ်တိုင်းကျသည်အထိ နာရီပေါင်းများစွာ အချိန်ယူ၍ ပြင်ဆင်မွမ်းမံခဲ့သည်။ သို့ဖြစ်ရာ သူသည် ထို လေယာဉ် စတင်ထွက်ခွာပျံသန်းလာတော့မှပင် အနားယူခွင့်ရခဲ့သည်။ မကြာမီ သူသည် လေယာဉ်ပေါ်တွင် ထိုင်ခုံတစ်ခုံ၌ ဝင်ထိုင်လိုက်ပြီး ကိုယ်စားလှယ် အဖွဲ့ဝင်များကို ယခုမှ စတင်ကြည့်ရှု လေ့လာနိုင်ခဲ့သည်။ အမှန်အတိုင်း ဝန်ခံ ရလျှင် သူသည် သံတမန်အရာရှိတစ်ယောက်ကိုသော်လည်းကောင်း၊ ဗိုလ်မှူး ချုပ်တစ်ဦးကိုသော်လည်းကောင်း ယခုကဲ့သို့ တစ်ခါမျှ နီးနီးကပ်ကပ် မြင်ဖူးတွေ့ ဖူးခြင်းမရှိဘဲ ဖြစ်ခဲ့သည်။ ထိုမှတစ်ဖန် ကိုယ်စားလှယ်အဖွဲ့ဝင်များလည်း မဟုတ်၊ လေကြောင်းကုမ္ပဏီမှ အလုပ်သမားများလည်း ဟုတ်ဟန်မတူသော သူစိမ်းသုံးယောက်ကိုပါ သတိထားလိုက်မိသည်။ သူတို့သုံးယောက်ကို အတန်ကြာ အကဲခတ်နေခဲ့ပြီးမှ နောက်ဆုံးတွင် သူတို့သည် ဤကိုယ်စားလှယ်အဖွဲ့အား စောင့်ရှောက်ရန် လိုက်ပါလာသည့် လုံခြုံရေးအရာရှိများ ဖြစ်ရမည်ဟု တွက် လိုက်သည်။ ခဏအကြာတွင် ဇာဗီသည် သူ့စိတ်ထဲမှ အတွေးများနှင့် ပတ်ဝန်း ကျင်တစ်ခုလုံးကို မေ့ပစ်လိုက်သည်။ အထူးလေယာဉ်ကြီးသည် အထူးသက်တော် စောင့်များကို တင်ဆောင်ကာ လစ်ဒါလေဆိပ်မှ ဗျူနိုအဲရစ္စမြို့တော်သို့ အထူး ပျံသန်းနေပြီဖြစ်သည်။ သူတို့တစ်တွေ ဘယ်သူဘယ်ဝါဆိုသည်ကို စောင့်ကြည့်ပြီး ဆုံးဖြတ်ရန်မှာ မိမိအလုပ် မဟုတ်ဟူ၍ပင် ဇာဗီ သဘောထားလိုက်တော့သည်။

လေယာဉ်ပျံသန်းနေစဉ်အတွင်း ဇာဗီသည် ကုန်ပစ္စည်းများထားသည့် အခန်းထဲသို့ အကြောင်းကိစ္စဖြင့် မကြာခဏ သွားရောက်ခဲ့ရသည်။ ထိုအခန်း ထဲတွင် သူတစ်ခါဖူးမျှ မမြင်ဖူးသည့် ပစ္စည်းအမျိုးပေါင်း မြောက်မြားစွာတို့ကို တွေ့မြင်ခဲ့ရသဖြင့် တအံ့တသြဖြစ်ခဲ့ရသည်။ သို့ဖြင့် သူသည် လေယာဉ်အမှုထမ်း များအခန်းသို့ ပြန်ရောက်လာသောအခါ ကုန်ပစ္စည်းများထားသည့် အခန်းထဲမှ အဆိုပါ ထူးဆန်းသော ပစ္စည်းများမှာ ဘာပစ္စည်းများ ဖြစ်ကြသည်ကို လေယာဉ် အမှုထမ်းများအား မေးကြည့်ခဲ့သည်။ သူတို့က သူတို့လည်း မသိကြောင်း ပြန်ပြော ကြသည်။ သို့သော် ထိုသို့ သူက လှမ်းမေးလိုက်စဉ် လုံခြုံရေးအရာရှိများဟု ထင်ရသော လူသုံးယောက်စလုံးကပင် သူ့မေးခွန်းကို စိတ်ပါဝင်စားစွာဖြင့် ဂရုစိုက်၍ နားထောင်နေကြသည်ကို တွေ့လိုက်ရသည်။ သို့ဖြင့် ဇာဗီသည်



www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စတစ်ခုလုံးကို ခေါင်းထဲမှ အပြီးဖျောက်ပစ်ရန် ဆုံးဖြတ်လိုက်ရတော့သည်။

သို့သော် ထိုသို့ ထူးဆန်းသည့် အဖြစ်အပျက်များထဲမှ ဇာဗီသည် နောက်ဆုံးတစ်ခုကို မြင်မိအောင် မြင်လိုက်ရသေးသည်။ ၎င်းမှာ ဗျူနိုအဲရစ္စလေဆိပ်သို့ မရောက်မီကလေးတွင် အဆိုပါ လုံခြုံရေးအရာရှိ သုံးယောက်အား လေယာဉ်အမှုထမ်း အဝတ်အစားများဖြင့် ထူးဆန်းစွာ မြင်တွေ့လိုက်ရခြင်းပင် ဖြစ်သည်။ သို့သော် ယခုတစ်ကြိမ်တွင် ဇာဗီသည် သူတို့အား လုံးဝမမြင်ဟန်ဆောင်နေလိုက်ရသည်။

❒

အထူးလေယာဉ်သည် ရီစိုက်လေဆိပ်သို့ နံနက် ၅ နာရီတွင် ဆိုက်ရောက်လာခဲ့သည်။ မိုးမလင်းသေးဘဲ စောလွန်းနေသေးသော်လည်း ဘရာဇီးလ်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ယိုဆက်တီကိုဝါသည် ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်ရန် လေဆိပ်သို့ ရောက်နေခဲ့သည်။ ထို့မှုမက ထောင်ပေါင်းများစွာသော ဂျူးများသည် အိပ်ရေးပျက်ခံ၍ အစ္စရေးအစိုးရ ကိုယ်စားလှယ်အဖွဲ့အား လာရောက်ကြိုဆို နှုတ်ဆက်နေကြသည်ကို တွေ့မြင်ကြရသည်။ သို့ဖြင့် တစုတဝေးကြီး ရောက်ရှိနေကြသော လူအုပ်ကြီးသည် ကိုယ်စားလှယ်အဖွဲ့အား ကြွေးကြော်သံများဖြင့် တစ်ခဲနက် အော်ဟစ်နှုတ်ဆက်ခဲ့ကြရာ လေယာဉ်အမှုထမ်းများကလည်း လေယာဉ်ပေါ်တွင် အစ္စရေးနိုင်ငံ၏ အမှတ်တရ ပစ္စည်းအဖြစ်ယူဆနိုင်သော ရှိသမျှ တွေ့သမျှပစ္စည်းများကို လေယာဉ်ပေါ်မှ ပစ်ချပေးခဲ့ကြသည်။ ထို့နောက် မြို့ထဲမှ ဂျူးလူမျိုးစု ခေါင်းဆောင်နှင့် ဒေသခံဘုန်းတော်ကြီးတစ်ပါးက ကိုယ်စားလှယ်အဖွဲ့အား မြို့ထဲသို့ လှည့်လည်ကြည့်ရှုရန် ဖိတ်ကြားခေါ်ဆောင်သွားခဲ့ကြသည်။

ဤအတောအတွင်း ထုံးစံအတိုင်း မီဂတ်နှင့် ကီဒမ်တို့သည် လေကြောင်းဌာနမှ ကိုယ်စားလှယ်များအဖြစ် လေဆိပ်အာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံကာ လေယာဉ်ပျံသန်းမှုအတွက် လိုအပ်သော မှတ်ပုံတင်များကို ပြုလုပ်နေခဲ့ကြသည်။ ဤတွင် လေဆိပ်မှ လေကြောင်းထိန်းသိမ်းရေး တာဝန်ခံက ဤလေယာဉ်အတွက် ဘရာဇီးလ်နိုင်ငံ လေကြောင်းပိုင်နက်ကို ဖြတ်ပျော်ပျံသန်းခွင့်ရရှိမထားကြောင်း ပြောလိုက်သောအခါ မီဂတ်နှင့် ကီဒမ်တို့မှာ အကြီးအကျယ်အံ့အားသင့်သွားခဲ့ကြသည်။ ကီဒမ်သည် စိတ်ထဲတွင် ကသိကအောက်ဖြစ်ကာ





မိမိသည် ဤလေယာဉ်ကို ဘရာဇီးလ်နိုင်ငံ လေကြောင်းပိုင်နက်ထဲတွင် ပျံသန်းခွင့်ရရှိရန် အာဂျင်တီးနားနိုင်ငံ၌ ရှိနေစဉ်ကပင် စီစဉ်လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ရှင်းပြခဲ့သည်။ သို့သော် ထိန်းသိမ်းရေးအရာရှိက ကီဒမ်၏ ရှင်းလင်းချက်ကို လုံးဝလက်မခံဘဲ ဤလေယာဉ်ကို လိုအပ်သည့် တရားဝင်ခွင့်ပြုချက်မရှိဘဲ ဤလေယာဉ်ကွင်းမှ ထွက်ခွာခွင့်မပြုနိုင်ကြောင်း တင်းတင်းမာမာ ပြောလာခဲ့သည်။ ထို့ပြင် တရားဝင် ပျံသန်းခွင့်ရရှိရန်အတွက် အနည်းဆုံး အချိန်နှစ်နာရီခန့် စောင့်ရမည်ဖြစ်ပြီး အကယ်၍ အကြောင်းမညီညွတ်ပါက ခြောက်နာရီအထိပင် အချိန်ကြာလိမ့်မည်ဖြစ်ကြောင်း ပြောလာခဲ့ပြန်သည်။

ဤတွင် မီဂတ်က ထိုသို့ ဘရာဇီးလ်နိုင်ငံ လေကြောင်းပိုင်နက်တွင် ပျံသန်းခွင့်မရှိဘဲ အဘယ်ကြောင့် မိမိတို့လေယာဉ်ကို ဤရီစိုက်လေဆိပ် သို့ ဆင်းသက်ခွင့်ပြုခဲ့ပါသလဲဟု ပြန်လည်မေးမြန်းခဲ့ရာ ထိန်းသိမ်းရေးအရာရှိက မိမိတို့အနေဖြင့် ဤလေယာဉ်ကို ဘရာဇီးလ်နိုင်ငံပေါ်သို့ ဖြတ်သန်းပျံသန်းခွင့်မပြုနိုင်သော်လည်း ဤလေဆိပ်သို့ ဆင်းသက်ခွင့်ပြုရန် အမိန့်ရထားကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ သို့ဖြစ်ရာ ကီဒမ်က ထိန်းသိမ်းရေးအရာရှိ၏ ဖြေကြားချက်အရ ဘရာဇီးလ်နိုင်ငံပေါ်သို့ ဖြတ်ကျော်ပျံသန်းခွင့်မရှိပါက မိမိတို့လေယာဉ်ကို ဤလေဆိပ်မှ ပင်လယ်ဘက်သို့ ပြန်လှည့်၍ မောင်းနှင်သွားမည်ဟု ဝင်ရောက်ပြောကြားခဲ့သည်။ သို့သော် ထိန်းသိမ်းရေးအရာရှိက ကီဒမ်၏ ပြောကြားချက်ကို လက်မခံဘဲ ဤလေယာဉ်ကို ဤလေဆိပ်မှ လုံးဝထွက်ခွာခွင့်မပြုနိုင်ဟု အကျောက်အကန် ပြောလာခဲ့သည်။ ဤကိစ္စအတွက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် သံအမတ်ကြီး တီကိုဝါတို့ကိုယ်တိုင် ဝင်ရောက်ဖျန်ဖြေသော်လည်း ထိန်းသိမ်းရေးအရာရှိသည် ဤလေယာဉ်ကို ထွက်ခွာခွင့်မပြုနိုင်ကြောင်း ဖွတ်တင်း၍ ခံနေခဲ့သည်။ ထိန်းသိမ်းရေးအရာရှိ၏ အပြုအမူသည် မီဂတ်အတွက် မသင်္ကာစရာ ဖြစ်လာခဲ့သည်။ မိမိတို့၏ အထူးလေယာဉ် ပျံသန်းမှုနှင့်ပတ်သက်သည့် အတွင်းရေးသတင်းများသည် ဘရာဇီးလ်နိုင်ငံ အာဏာပိုင်များထံ တစ်နည်းနည်းဖြင့် ပေါက်ကြားနေပြီလောဟူ၍ တွေးစရာဖြစ်လာခဲ့သည်။ သို့မဟုတ်ပါက မိမိတို့၏ ခရီးစဉ်ကို နှောင့်နှေးအောင် လုပ်ဆောင်နေသော ထိန်းသိမ်းရေးအရာရှိ၏ လုပ်နေပုံများကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

နောက်ဆုံး၌ ကီဒမ်နှင့် သံအမတ်ကြီး တီကိုဝါတို့သည် ရီအိုဒီဂျနေရိုးမြို့ထဲသို့သွား၍ အစ္စရေး ကောင်စစ်ဝန်အား ဗဟိုလေကြောင်း အာဏာပိုင်များနှင့် ဆက်သွယ်၍ ဤကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့သည် ဗဟိုလေကြောင်းအာဏာပိုင်များနှင့် အဆက်အသွယ်မရဘဲ ဖြစ်နေခဲ့ကြရသည်။ သို့ဖြင့် သူတို့သည် စိတ်ပျက်လက်လျှော့ကာ လေဆိပ်သို့ ပြန်လာခဲ့ကြရာ လေဆိပ်အဝင်ဝတွင် ခပ်လှမ်းလှမ်းမှနေ၍ စာရွက်ဖြူကလေးကို ကိုင်မြှောက်၍ ပြနေသော မီဂတ်အား လှမ်းမြင်လိုက်ရသည်။ မီဂတ် ကိုင်ထားသော စာရွက်ကလေးမှာ မိမိတို့လေယာဉ်အား ဘရာဇီးနိုင်ငံ လေကြောင်းပိုင်နက်ဆီသို့ ဖြတ်ကျော်ပျံသန်းခွင့်ပြုသည့် တရားဝင် အမိန့်စာရွက်ပင်ဖြစ်သည်။ ဖြစ်ပုံမှာ မိမိတို့နှစ်ယောက် မြို့ထဲသို့သွား၍ ကြိုးစားနေကြစဉ် မီဂတ်သည် ဤလေဆိပ်ရှိ အာဂျင်တီးနား လေကြောင်းဌာနမှ ကိုယ်စားလှယ်အား ချဉ်းကပ်၍ အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းခဲ့ရသည်။ ဤတွင်မှ အဆိုပါ လေကြောင်းကိုယ်စားလှယ်က ဗျူနိုအဲရစ္စမြို့တော်သို့ လှမ်း၍ အကြောင်းကြားခဲ့ရာ မိမိတို့လေယာဉ်အား ဘရာဇီးနိုင်ငံ လေကြောင်းပိုင်နက်တွင် ဖြတ်ကျော်ပျံသန်းခွင့်ပြုရန် အမိန့်ကို ရီစိုက်လေဆိပ်သို့ ယမန်နေ့ကပင် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း အတည်ပြုချက်ကို ပြန်လည်အကြောင်းကြားလိုက်ခြင်းပင်ဖြစ်သည်။

သို့ဖြင့် ခရီးသည်အားလုံး လေယာဉ်ပေါ်တွင် နေရာယူကြပြီး လေယာဉ် ထွက်ခွာမည့်ဆဲဆဲတွင်မှ ထိန်းသိမ်းရေးအရာရှိသည် နောက်တစ်ဖန် ပြဿနာတစ်ခု တက်လာခဲ့ပြန်သည်။ ထိန်းသိမ်းရေးအရာရှိက ဤအထူးလေယာဉ် ပျံသန်းမှုနှင့် ပတ်သက်၍ အစစအရာရာ တာဝန်ယူကြောင်းဖြင့် မီဂတ်အား ကြေညာချက်တစ်စောင် လက်မှတ်ရေးထိုးပေးရန် တောင်းဆိုလာပြန်ခြင်းဖြစ်သည်။ ဤလုပ်နည်းလုပ်ဟန်မှာ မည်သည့်လေဆိပ်တွင်မှ လုပ်ရိုးထုံးစံမရှိဘဲ ဖြစ်နေခဲ့ရာ မီဂတ်က မိမိအနေဖြင့် ထိုသို့ တာဝန်ယူသည့် ကြေညာချက်ကို လက်မှတ်ထိုးမပေးနိုင်ကြောင်း တင်းတင်းမာမာ ငြင်းဆန်ခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အချေအတင် ငြင်းခုံပြောကြားခဲ့ကြပြီး နောက်ဆုံး၌ မီဂတ်က ဤအထူးလေယာဉ် ပျံသန်းမှုနှင့်ပတ်သက်၍ လုံးဝတာဝန်ယူပါသည်ဟူသော ကြေညာချက်အစား မိမိတို့ လေယာဉ်သည် မည်သည့်ကိစ္စဖြင့် မည်သည့်နိုင်ငံသို့ မည်သည့်လေဆိပ်မှ ပျံသန်းလာခဲ့သည်ဟူသော အချက်မျှလောက်သာ ဖော်ပြသည့် မှတ်တမ်းတစ်စောင် ရေးပေးခဲ့ခြင်းဖြင့် ထိန်းသိမ်းရေးအရာရှိက ကျေနပ်လက်ခံခဲ့ရသည်။

ရိုင်းဂ်လေဆိပ်တွင် အထက်ပါ ဖြစ်ပွားခဲ့ရသည့် ကိစ္စသည် ဤအထူးလေယာဉ် ပျံသန်းရေး၏ အတွင်းရေးကို သိထားကြသည့် လေယာဉ်အမှုထမ်းအဖွဲ့သားများအား ငြိဘ်အနှောင့်အယှက် ဖြစ်ခဲ့ရသည့်နည်းတူ ဤလေဆိပ်မှ





ထိန်းသိမ်းရေးအရာရှိ၏ အပယ်အတား ပြုလုပ်မှုများကြောင့် အခြားခရီးသည်များအားလုံးမှာ အတော်ကလေး စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ကြရသည်။ ဤအထဲတွင် မီဂတ်မှာ အများတကာထက် ပို၍ စိတ်မချမ်းမသာ ဖြစ်ခဲ့ရပြီး သူ၏ တွဲဖက်လေယာဉ်မှူး နှစ်ရှရီမှာလည်း အိုက်ခ်မန်းအား လက်ရဖမ်းဆီးသည့် စစ်ဆင်ရေးအတွက် တစ်ခုခု ပြဿနာပေါ်နေပြီဟူ၍ ထင်မှတ်လိုက်မိသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## မျက်စိတစ်ဖက် မှိတ်ပြသွားသော ဘုန်းတော်ကြီးတစ်ပါး

ရီစိုက်လေဆိပ်တွင် မရှင်းမရှင်းဖြစ်ခဲ့ရသည့်အတွက် အထူးလေယာဉ်သည် ဗျူနိုအဲရစ္စမြို့သို့ အချိန် နာရီဝက်နောက်ကျပြီးမှ ဆိုက်ရောက်ခဲ့ရသည်။ သို့သော် ကြိုဆိုရေး အစီအစဉ်များမှာ ထိခိုက်ပျက်ပြားခြင်းမရှိဘဲ မူလသတ်မှတ်ထားသည့်အတိုင်း တခမ်းတနားပင် ဖြစ်ခဲ့သည်။ ကော်ဇောနီကြီးကို ခင်းထား၍ ဘင်ခရာတီးဝိုင်းမှ အမျိုးသားသီချင်းများကို တီးမှုတ်ကြပြီး ကလေးငယ်များကလည်း အလံများကို ဝှေ့ယမ်းကာ ဧည့်သည်တော်များအား ကြိုဆိုခဲ့ကြသည်။ လေဆိပ်တွင် လာရောက်ကြိုဆိုနေကြသူများထဲတွင် အာဂျင်တီးနား အစိုးရအဖွဲ့မှ ကြိုဆိုဧည့်ခံရေး အရာရှိများနှင့်အတူ အစ္စရေးသံရုံးမှ အဖွဲ့ဝင်များနှင့် ဂျူးအမျိုးသားများ၏ ခေါင်းဆောင်များလည်း ပါဝင်ခဲ့ကြသည်။

သို့သော် အာဗနာမှာ ကြိုဆိုရေးအခမ်းအနား အစီအစဉ်များကို စောင့်ကြည့်ရန် အချိန်မရဘဲ ဖြစ်ခဲ့သည်။ လေယာဉ်ပေါ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံး ဆင်းသွားကြသည်နှင့်တစ်ပြိုင်နက် သူသည် လေယာဉ်ပေါ်သို့တက်ကာ စက်ပြင်ဆရာနှစ်ဦးအား ဤလေဆိပ်မှ မြို့ထဲသို့ လုံးဝမသွားကြရန်နှင့် လေယာဉ်ကို အစဉ်လုံး စောင့်နေကြရန် ပြောကြားခဲ့ရသည်။ ဤလေယာဉ်ကို လာရောက်ရှာဖွေသည့်သူများ ရှိကောင်းရှိနေနိုင်ကြောင်းဖြင့် သူတို့အား ပြောပြခဲ့သည်။

ဤကြောင့် စက်ပြင်ဆရာနှစ်ယောက်မှာ အတော်ကလေး ကသိကအောက်ဖြစ်ကာ စိတ်ပျက်သွားခဲ့ကြသည်။ သူတို့နှစ်ယောက်အတွက် လစ်ဒါလေဆိပ်မှ ဤမျှရှည်လျားလှသည့် ခရီးကို လိုက်ပါခဲ့ရသည်မှာ ဤမျှဖြင့် ကျေနပ်ရပါမည်





လော။ အလွန်ထင်ရှားကျော်ကြား၍ လှပသော ဗျူနိုအဲရစ္စမြို့ကြီးကို မကြည့်ရဘဲ ဤလေဆိပ်တွင် အချုပ်ကျသလို ကျခံနေကြရတော့မည်လော။ ဤအတိုင်းဆိုလျှင် ဇာတိမှာ သူ့ဆွေမျိုးသားချင်းများထံ သွားတွေ့ရန်ပင် ခဲယဉ်းနေပြီဖြစ်သည်။ ယခုလို အာဂျင်တီးနားသို့ ရောက်ခဲ့ရပြီးမှ ဆွေမျိုးများကို မတွေ့ရမမြင်ရဘဲ ပြန်လာခဲ့ရသည်ကို ဖခင်ဖြစ်သူအား မည်သို့ရှင်းပြရပါမည်နည်း။

ဤလေယာဉ်ကို လာရောက်ကြိုဆိုကြသူများထဲတွင် လာဇာနှင့် အက်စ်သာတို့လည်း ပါဝင်ခဲ့ကြသည်။ အက်စ်သာမှာ ဤလေယာဉ်ကြီးကို ယခုကဲ့သို့ ဘေးမသီရန်မခ ကောင်းနှင့်ပျံသန်းလာခဲ့ကြသည်ကို အံ့သြမဆုံးအောင် ဖြစ်နေမိသည်။

ကျွန်ုပ်တို့သည် သူမအား ဗျူနိုအဲရစ္စမှအပြန်တွင် ဤလေယာဉ်ဖြင့် ခရီးသည်များ တင်ဆောင်ခွင့်ရရန် ယခင်ကပင် စီစဉ်ခိုင်းထားခဲ့ကြသည်။ သို့ဖြင့် သူမသည် မရေမတွက်နိုင်သော အခက်အခဲများကို ကျော်လွှားနိုင်ရန် အမျိုးမျိုးသော ပရိယာယ်များကို အသုံးပြုခဲ့ရသည်။ နောက်ဆုံး သူမ၏ ကြိုးပမ်းမှုများ အောင်မြင်၍ အားလုံးကိစ္စဝိစ္စ ပြီးတော့မည့်ဆဲဆဲတွင်မှ လာဇာက ရုတ်တရက် သူမအား ဤကိစ္စနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်ခြင်းမပြုတော့ဘဲ လုပ်ဆောင်နေဆဲ လုပ်ငန်းများအားလုံးကို ရပ်ဆိုင်းပစ်လိုက်ရန် ညွှန်ကြားခဲ့ရာ သူမမှာ လာဇာ၏ ထူးဆန်းသောအမိန့်ကို လုံးဝနားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။ ဗျူနိုအဲရစ္စမှ အပြန်ခရီးတွင် လိုက်ပါကြမည့်သူများအတွက် လက်မှတ်ရောင်းချမည်ဆိုပါက ကုမ္ပဏီအတွက် အကြီးအကျယ် အမြတ်အစွန်းရမည်မှာ သေချာပေါက်ဖြစ်သည်။

သို့ဖြစ်ရာ သူမသည် ဤကိစ္စအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား တိုင်ကြားကန့်ကွက်ရန် ကြိုးစားခဲ့သည်။ သို့သော် သူမ၏ တိုင်ကြားချက်ကို မည်သူကမျှ အရေးယူ ဂရုစိုက်ခြင်းမရှိဘဲ ဖြစ်နေသည်ကို တွေ့ခဲ့ရသည်။ နောက်ဆုံး၌ သူမသည် အထူးလေယာဉ်ဖြင့်အပြန် ခရီးသည်များ တင်ဆောင်ခွင့်ရအောင် ကြိုးစားခိုင်းခဲ့သော ကီဒမ်အား အကျိုးအကြောင်း တင်ပြတိုင်တန်း၍ ယခုကဲ့သို့ ရုတ်တရက် အစီအစဉ် တစ်မျိုးပြောင်းသွားခဲ့ရသည့်ကိစ္စကို စုံစမ်းမေးမြန်းရန် စိတ်ပိုင်းဖြတ်လိုက်သည်။ အမှန်စင်စစ် ဗျူနိုအဲရစ္စမှ အပြန်ခရီးတွင် ခရီးသည်များတင်ရန် ကိစ္စကို ဆက်လက်မဆောင်ရွက်တော့ဘဲ ရပ်ဆိုင်းပစ်လိုက်ရန် အမိန့်ပေး ညွှန်ကြားခဲ့သူမှာ ကျွန်ုပ်ဖြစ်ကြောင်း အက်စ်သာမသိဘဲ ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက လေယာဉ်အမှုထမ်းအချို့မှာ လေဆိပ်ဟိုတယ်တွင် တည်းခိုကြရပြီး လေယာဉ်မှူးနှစ်ယောက် အပါအဝင် ကျန်အမှုထမ်းများမှာ မြို့လယ်ကောင်ရှိ ရောမဟိုတယ်ကြီးတွင် သွားရောက်တည်းခိုခဲ့ကြသည်။

သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း အထူးလေယာဉ်ဆိုက်ရောက်လာခဲ့ပြီးဖြစ်ရာ ကျွန်ုပ်သည် တစ်နေရာပြီးတစ်နေရာ လှည့်ပတ်သွားလာ လှုပ်ရှားနေခဲ့သော ကျွန်ုပ်၏ ဌာနချုပ် စခန်းများဖြစ်သည့် စားသောက်ဆိုင်များကို လေဆိပ်နှင့် တဖြည်းဖြည်း နီးသည်ထက်နီးအောင် မသိမသာ ရွှေ့ပြောင်းလာခဲ့ရသည်။ သို့ဖြင့် လေယာဉ်ဆိုက်ရောက်လာခဲ့ပြီး များမကြာမီအတွင်းမှာပင် လေယာဉ်အား စောင့်ကြပ်ရမည့် အသေးစိတ် အစီအစဉ်များ၊ လေယာဉ်ဆိုက်ကပ် ရပ်နားမည့်နေရာနှင့် အစ္စရေးသို့ အပြန်ခရီးအတွက် လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများစသည့် ကိစ္စရပ်များအတွက် အစီရင်ခံစာတစ်စောင် ရရှိခဲ့သည်။

ဤလေယာဉ်ဖြင့် လိုက်ပါလာခဲ့ကြသော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အပြန်ခရီးတွင် လာလမ်းအတိုင်း တစုတဝေးတည်း ပြန်ကြမည် မဟုတ်ဘဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်သည် အာဂျင်တီးနားမှ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး ကျန်ပုဂ္ဂိုလ်များမှာလည်း အနောက်ကမ္ဘာခြမ်းတွင် အချိန်ရသလောက် ဟိုဟိုသည်သည် လျှောက်လည်ကြရန် စီစဉ်ထားကြသည်။ သို့ဖြစ်ရာ အပြန်ခရီးအတွက် အဓိက စောင့်ရမည့်ကိစ္စမှာ နှစ်ခုသာရှိသည်။ ပထမတစ်ခုမှာ လေယာဉ်၏ စက်ကိရိယာနှင့် အခြားလိုအပ်သည့် အစိတ်အပိုင်းများကို သေချာတိကျစွာ စစ်ဆေးပြုပြင်ရန်နှင့် ဒုတိယမှာ လေယာဉ်အမှုထမ်းများအား နိုင်ငံတကာ လေကြောင်းဥပဒေအရ လုံလောက်သည့် အနားယူမှုများ ရရှိစေရန်ပင်ဖြစ်သည်။

ကျွန်ုပ်သည် အထူးလေယာဉ်ကြီးအား ထိုသို့ရပ်နား စောင့်ဆိုင်းနေရစဉ်အတွင်း၊ လေယာဉ်အမှုထမ်းများကိုယ်တိုင် အစွမ်းကုန် အမြဲတမ်း စောင့်ကြပ်ကြည့်ရှုနေရန် ညွှန်ကြားထားခဲ့ရသည်။ ထိုသို့ လုံခြုံရေးအတွက် အစီအစဉ်များ တင်းတင်းကျပ်ကျပ် စနစ်တကျ ချမှတ်လုပ်ဆောင်ခဲ့ရခြင်းနှင့် ပတ်သက်၍ လူအများ မယုံသင်္ကာဖြစ်အောင် လုံကြုတ်သတင်းများလည်း ဖန်တီးလွှင့်ထုတ်ခဲ့ရသည်။ ထိုသတင်းမှာ အစ္စရေးကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ အာဂျင်တီးနား အစိုးရနှင့်တကွ သတင်းစာဆရာများနှင့် ပြည်သူလူထုကပါ သောင်းသောင်းဖြဖြ တစ်ခဲနက် ကြိုဆိုခဲ့ကြသည်ကို မကျေနပ်ကြသော အစ္စရေး၏ ရန်သူ





များက ဤလေယာဉ်ကြီးကို တစ်နည်းနည်းဖြင့် ဖောက်ခွဲဖျက်ဆီးပစ်မည်ကို စိုးရိမ်ရသောကြောင့် ယခုလို အစောင့်အကြပ်များ တင်းကျပ်စွာ ချထားရခြင်းဖြစ်သည်ဟူသော သတင်းပင်ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်၏ အဓိကရည်ရွယ်ချက်မှာ ကလီမင့် ပျောက်ဆုံးမှုနှင့် ဤအထူးလေယာဉ် ရောက်ရှိနေမှုကို ဆက်စပ်တွေးတောကြမည့်သူများကို မျက်ခြည်မပြတ် စောင့်ကြည့်ရန်နှင့် လေယာဉ်အမှုထမ်းများကိုလည်းကောင်း၊ လေယာဉ်ကိုလည်းကောင်း အမြဲတစေ စစ်ဆေးပြီးဖြစ်နေစေရန်ပင်ဖြစ်သည်။ အခြားတစ်ဖက်မှလည်း ဤသို့အမြဲတမ်း သတိဝီရိယရှိနေခြင်းအားဖြင့် အကယ်၍ အစိုးရ၏ တရားဝင်ထောက်လှမ်းရေးသမားများနှင့် လျှို့ဝှက်ထောက်လှမ်းရေးသမားများအနေဖြင့် အိုက်ခ်မန်း၏ လွတ်မြောက်ရေးအတွက် လက်တွေ့ကြိုးပမ်းမှု ရှိမရှိ တစ်နည်းနည်းဖြင့် သိနိုင်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ယူဆထားခဲ့သည်။

မိဂတ်နှင့် ကီဒမ်တို့သည် လေယာဉ်ဆိုက်ပြီး များမကြာမီမှာပင် ကျွန်ုပ်ရှိရာ စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ကြသည်။ သူတို့နှစ်ယောက်စလုံး ပင်ပန်းနွမ်းနယ်နေကြသည့်ပုံများ ပေါက်နေကြလေရာ လေယာဉ်ကို ခရီးရှည်မောင်းနှင်လာခဲ့ကြရသောကြောင့်ဟု ထင်လိုက်မိသည်။ သို့သော် သူတို့ပြောပြတော့မှ လမ်းခရီးတွင် ရီစိုက်လေဆိပ်၌ ဖြစ်ပျက်ကြုံတွေ့ခဲ့ရသည့် အနှောင့်အယှက်ပြဿနာကြောင့် တအုံနွေးနွေးဖြစ်ကာ စိတ်ထဲတွင် ယခုတိုင် ခိုးလိုးခုလုဖြစ်နေကြကြောင်း သိရသည်။ မိဂတ်ကမူ ကျွန်ုပ်ခိုင်းသမျှ အခြားဘာမဆိုလုပ်ရန် အသင့်ရှိသော်လည်း ရီစိုက်လေဆိပ်တွင် နောက်တစ်ကြိမ် လေယာဉ်ဆိုက်ကပ်ရန်ကိုမူ လုံးဝမလုပ်နိုင်ကြောင်းဖြင့် ပြောလာခဲ့သည်။ ကီဒမ်ကလည်း ရီစိုက်လေဆိပ်တွင် ဖြစ်ခဲ့သည့် အဖြစ်အပျက်မှာ မိမိအပြစ် မဟုတ်ကြောင်း၊ ဗျူနိအဲရစ္စမြို့မှ အစ္စရေးသို့ မပြန်မီကပင် မိမိတို့လေယာဉ်အား ဘရာဇီးလ်လေကြောင်းပိုင်နက်တွင် ပျံသန်းခွင့်ရရန်နှင့် ဘရာဇီးလ် ရီစိုက်လေဆိပ်တွင် လေယာဉ်ဆိုက်ကပ် ရပ်နားဆင်းသက်ခွင့်ရရန် လိုအပ်သမျှ အမိန့်စာများ တောင်းခံရရှိခဲ့ပြီးဖြစ်ကြောင်း၊ သို့ပါလျက် ဘရာဇီးလ်လေဆိပ်မှ ထိန်းသိမ်းရေးအရာရှိ၏ အပြုအမူမှာ နားမလည်နိုင်စရာဖြစ်ခဲ့ရကြောင်း စသည်ဖြင့် ကျွန်ုပ်အား ရှင်းပြခဲ့သည်။

သို့ဖြစ်ရာ ကျွန်ုပ်ကလည်း သူတို့နှစ်ယောက်အား တစ်ဖန်ပြန်လည်ချော့ဖျခဲ့ရသည်။ အထူးသဖြင့် အိုက်ခ်မန်း စစ်ဆင်ရေးနှင့် ရီစိုက်[illegible] အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အပျက်များမှာ တစ်စုံတစ်ရာ ဆက်စပ်သည့်လက္ခဏာများ လုံးဝရှိဟန်မတူကြောင်း၊ အကယ်၍သာ အိုက်ခ်မန်း စစ်ဆင်ရေးတွင် တစ်ခုခုမှားယွင်း ချွတ်ချော်ခဲ့ပါက ဤပြဿနာမှာ ဘရာဇီးလ်နိုင်ငံတွင် မည်သို့မျှ တုံ့ပြန်ဂယက်ရိုက်စရာမလိုဘဲ ဗျူနိုအဲရစ္စမြို့တော်တွင်သာ တစ်စုံတစ်ရာ ဖြစ်လာနိုင်ကြောင်း စသည်ဖြင့် အတွဲအကြောင်း ဆက်စပ်၍ ရှင်းပြခဲ့ရသည်။ ထိုမှတစ်ပါး အကယ်၍ တစ်စုံတစ်ယောက်သောသူက ဤအထူးလေယာဉ်ပျံသန်းသည့် ကိစ္စနှင့်စပ်လျဉ်း၍ သင်္ကာမကင်းဖြစ်နေပါက အာဂျင်တီးနားသို့ ပျံသန်းလာနေဆဲ လမ်းခုလတ်တွင် စစ်ဆေးရှာဖွေမည်မဟုတ်ဘဲ ဗျူနိုအဲရစ္စမြို့မှ ပြန်လည်ထွက်ခွာခြင်းမပြုမီ အချိန်တွင်မှ ရှာဖွေစစ်ဆေးဖွယ်ရာရှိကြောင်း ပြောပြရသည်။ ဤသို့သော ဆက်စပ်တွေးတောမှုများအပြင် အထူးထင်ရှားနေသည့်အချက်မှာ အိုက်ခ်မန်း စစ်ဆင်ရေးနှင့် ပတ်သက်၍ ယခုအထိ တစ်စွန်းတစ်စမျှ ပေါက်ကြားမှုမရှိဘဲ အခြေအနေအရပ်ရပ်မှာ ထူးခြားသည့်အရိပ်အယောင်များ မတွေ့ရဘဲ ရှိနေသည်များကိုလည်း ကျွန်ုပ်က ထုတ်ဖော်ပြောကြားခဲ့ရသည်။

ကျွန်ုပ်က ဆက်လက်၍ လောလောဆယ် အခိုကအကျဆုံးမှာ အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ရာ၌ တစ်စုံတစ်ရာ အနှောင့်အယှက်မဖြစ်အောင် အထူးသတိပြုကြရန်သာဖြစ်ကြောင်း ရှင်းပြခဲ့ရသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်အနေဖြင့် ယခုအချိန်ထိ စီစဉ်ဆောင်ရွက်ထားသမျှ အားလုံးအောင်မြင်၍ အဆင်ပြေသွားလိမ့်မည်ဟု တထစ်ချ ယုံကြည်ထားခဲ့သည်။

မကြာမီ သူတို့နှစ်ယောက်စလုံး အတော်ကလေး စိတ်သက်သာသွားခဲ့ကြသည်။ သို့တိုင်အောင် မီဂတ်က အပြန်ခရီးတွင် ဘရာဇီးလ်နိုင်ငံမှ လှည့်မပြန်နိုင်အောင် ထပ်မံ၍ ပြောလာပြန်သေးသည်။

ထို့နောက် မီဂတ်က အိုက်ခ်မန်းအား လေယာဉ်ထိန်းသိမ်းပြုပြင်သည့်နေရာ၌ ရပ်ထားသော ကျွန်ုပ်တို့လေယာဉ်ပေါ်သို့ တင်ဆောင်ရာ၌ လေယာဉ်အမှုထမ်းတစ်ဦးအဖြစ်သော်လည်းကောင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာရလာသူ တစ်ယောက် သို့မဟုတ် မမာမကျန်းဖြစ်လာသူတစ်ယောက်ကဲ့သို့ ဟန်ဆောင်ရပ်ချွတ်ရန် စီစဉ်ထားသည်မှာ အလွန်ယုတ္တိရှိ၍ လက်တွေ့ဖြစ်နိုင်သည့် အစီအစဉ်ဖြစ်ကြောင်း ထောက်ခံပြောကြားခဲ့သည်။ သို့ဖြစ်ရာ လေယာဉ်ထိန်းသိမ်းပြုပြင်သည့်နေရာသို့ လေယာဉ်အမှုထမ်းများအားလုံး အတူတကွ လာကြရန် ဆုံးဖြတ်လိုက်ကြသည်။ သို့မှသာ ကျွန်ုပ်တို့၏ 'အထူးခရီးသည်'သည် အဆိုပါ လေယာဉ်အမှုထမ်း လူအုပ်ထဲတွင် အရောရောအထွေးထွေး ဖြစ်သွားမည်ဖြစ်သည်။





ထို့ပြင် လေယာဉ်ထွက်ခွာပျံသန်းသည့် လုပ်ငန်းတာဝန်များနှင့် မပတ်သက်သူအားလုံးသည် ထိုအချိန်တွင် လေယာဉ်ပေါ်၌ အိုက်ခ်မန်းနှင့်အတူ မိမိတို့နေရာများတွင် အသင့်ရှိနေကြရမည်ဖြစ်သည်။ ထိုသို့ လေယာဉ်ပေါ်တွင် အသင့်ရောက်နေကြပြီး ဝေးကွာလှသည့် ခရီးရှည်ပျံသန်းမှုတွင် မိမိတို့ တာဝန်ကျသည့် အချိန်၌ လန်းလန်းဆန်းဆန်းဖြင့် တာဝန်ကို ထမ်းဆောင်နိုင်ရန် ခေတ္တခဏမှိန်း၍ အနားယူနေကြရမည်ဖြစ်သည်။ သူတို့အားလုံးသည် အပြန်ခရီးတွင် ပထမတန်း အခန်းများမှ စီးနင်းလိုက်ပါလာကြရမည်ဖြစ်သည်။

ကျွန်ုပ်က လေယာဉ် ပြန်လည်ထွက်ခွာရမည့်အချိန်ကို စောနိုင်သမျှစော၍ သတ်မှတ်ရန် ဆန္ဒရှိခဲ့သည်။ သို့သော် မီဂတ်က အပြန်ခရီးတွင် ပို၍စိတ်ချလက်ချနှင့် အန္တရာယ်ကင်းစေရန်အတွက် လေယာဉ်ပြန်လည်ထွက်ခွာခြင်းမပြုမီ လေယာဉ်အမှုထမ်းများအား လုံလောက်စွာ အနားယူခွင့်ပေးဖို့ လိုအပ်ကြောင်း တင်ပြလာခဲ့သည်။ နောက်ဆုံး၌ သူက နောက်တစ်နေ့ မေလ ၂၀ ရက်နေ့ ညသန်းခေါင်အချိန်တွင် လေယာဉ်ပြန်လည်ထွက်ခွာရန် အချိန်သတ်မှတ်လိုက်သည်။

ဤတွင် ကျွန်ုပ်က လေယာဉ်ပြန်လည်ထွက်ခွာမည့်အချိန်ကို တကယ့်အမှန် ထွက်ခွာမည့်အချိန်ထက် နှစ်နာရီနောက်ကျ၍ ညသန်းခေါင်ကျော် ၂ နာရီအချိန်တွင် ထွက်ခွာမည်ဟူ၍ ကြေညာရန် အကြံပေးခဲ့သည်။ ထိုသို့စီစဉ်ရသည်မှာ အကယ်၍ ရုတ်တရက် ရှောင်တခင် လေယာဉ်ထွက်ခွာခါနီး မိနစ်ပိုင်းအလို၌ လေယာဉ်ကို ဝင်ရောက်စစ်ဆေးရန် ရန်သူများက စီစဉ်ထားပါက ၎င်းတို့အား လှည့်စားရန်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ထို့ပြင် ထိုသို့ကြေညာထားသည့်အချိန်ထက် ၂ နာရီစော၍ ထွက်ခွာရာ၌ ကျွန်ုပ်တို့အား မည်သူတစ်ဦးတစ်ယောက်ကမျှ တားဆီးနိုင်မည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဤအထူးလေယာဉ်အတွက် ထွက်ခွာပျံသန်းမည့် အချိန်ဇယား သတ်မှတ်ထားခြင်းမရှိသည့်ပြင် လေဆိပ်မှ လိုက်ပါစီးနင်းမည့် ခရီးသည်များကိုလည်းခေါ်ယူရန် မလိုအပ်သောကြောင့် ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

❒

ကျွန်ုပ်တို့လေယာဉ် ဆိုက်ရောက်ခြင်းမပြုမီတစ်ရက်တွင် လေဆိပ်သို့သွားရာလမ်းများကို စစ်ဘက်မှ ပိတ်ထားခဲ့သည်။ ထိုအချိန်က အမေရိကန်သမ္မတ မတော်မှ လေယာဉ်များနှင့် ဗြိတိသျှလေယာဉ်တစ်စီး လေယာဉ်ကွင်းထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခဲ့သည်။ ဤလေယာဉ်များသည် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား တင်ဆောင်လာခြင်းဖြစ်သည်ဟု လာဇာက ယုံကြည်ယူဆထားခဲ့သည်။ ထို့ပြင် လေယာဉ်ကွင်းနှင့် ကပ်နေသော အဝင်အထွက် ဂိတ်များကိုလည်း ဂရုတစိုက် စစ်ဆေးစောင့်ကြပ်လျက်ရှိကြရာ လာဇာကိုယ်တိုင် ရုတ်တရက် လေယာဉ်ကွင်းထဲသို့ ဖြတ်သန်းသွားလာခွင့်မရဘဲ အစ္စရေးလေကြောင်း ကိုယ်စားလှယ်အဖွဲ့ဝင်ဖြစ်ကြောင်း ထောက်ခံစာထုတ်ပြတော့မှ ဝင်ခွင့်ထွက်ခွင့် ရခဲ့သည်။

ကျွန်ုပ်တို့လေယာဉ်မှာ မူလစီစဉ် သတ်မှတ်ထားသည့်အတိုင်း အာဂျင်တီးနား အမျိုးသားလေကြောင်းကုမ္ပဏီမှ လေယာဉ်များ ပြုပြင်ထိန်းသိမ်းသည့်နေရာတွင် ဆိုက်ကပ်ရပ်နားထားခဲ့သည်။ ကျွန်ုပ်တို့သည် ထိုနေရာသို့ ခြံစည်းရိုးကာထားသည့် လေယာဉ်ကွင်းပြင်ကို မဖြတ်ဘဲ အပြင်လမ်းမှ အလွယ်တကူ သွားနိုင်ကြသည်။ ထို့ပြင် ကျွန်ုပ်တို့သည် အဆိုပါ အာဂျင်တီးနား အမျိုးသားလေကြောင်းကုမ္ပဏီမှ လေယာဉ်ထိန်းသိမ်းသည့်နေရာသို့ အဝင်အထွက်စစ်ဆေးသည့်ဂိတ်မှဖြတ်၍ အဆက်မပြတ် ဝင်ထွက်သွားလာမှုများကို တမင်တကာ ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ကြသည်။ ဤအထဲတွင် စက်ပြင်ဆရာနှစ်ယောက်ကား လေယာဉ် ပြန်လည်ထွက်ခွာရာ၌ အဆင်သင့်ဖြစ်စေရန် လိုအပ်သည့်အစီအစဉ်များကို ဆောင်ရွက်သည့်အနေဖြင့် မကြာခဏ ဝင်ထွက်သွားလာကာ အလုပ်များနေသည့် ပုံစံမျိုးဖြစ်အောင် တမင်စေခိုင်းထားခဲ့သည်။ အထူးသဖြင့် လေယာဉ်ပျံသန်းမှုကို မူလသတ်မှတ်ထားသည့်အချိန်ထက်စော၍ ထွက်ခွာရန်လိုအပ်ပါက အစစအရာရာ အခြေအနေအားလုံး အသင့်ဖြစ်နေစေရန် ရည်ရွယ်၍ စေခိုင်းထားခြင်းဖြစ်သည်။

ယခုအခါ လာဇာမှာ လစ်ဒါလေဆိပ်မှ ထွက်ခွာသွားကတည်းက ထူးခြားဆန်းကြယ်စွာ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များသည် အစီအစဉ်တစ်ခုလုံး၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်နားလည်ခဲ့ပြီးဖြစ်သည်။ သို့သော် သူသည် ထိုအကြောင်းနှင့်ပတ်သက်၍ မည်သူ့ကိုမျှ ဖွင့်မပြောဘဲနေခဲ့သည်။ ထို့နောက် လေယာဉ်ကို အားလုံးစစ်ဆေးကြည့်ရှု၍ ထိန်းသိမ်းသည်များကို လုပ်ကိုင်ခဲ့ပြီးနောက် မြို့ထဲရှိ သူ့မိတ်ဆွေ ဆွေမျိုးသားချင်းများထံ အလည်သွားခွင့်ပြုရန် အာဗနာအား ခွင့်တောင်းခဲ့သည်။ အာဗနာက ခွင့်ပေးခဲ့ရုံမျှမက ဇာဗီအား မြို့ထဲတွင် သုံးစွဲရန် ငွေနှင့်တကွ ကားတစ်စီးနှင့် ဒရိုင်ဘာတစ်ယောက်ကိုပါ ငှားပေးလိုက်သည်။





သို့သော် မြို့ထဲသို့ ရောက်သွားသောအခါ ဇာဗီ၏ ဆွေမျိုးသားချင်းများမှာ အိမ်တွင်မရှိဘဲ ဖြစ်နေခဲ့ရာ သူရှိနေသည့် လေဆိပ်ဟိုတယ်သို့လာ၍ တွေ့ရန် စာတစ်စောင် ရေးပေးပြီး ပြန်လာခဲ့သည်။ ထိုသို့ ဇာဗီတစ်ယောက် မျှော်လင့်ထားသည့် အချိန်ထက်စော၍ ပြန်ရောက်လာခဲ့သည့်အတွက် နဂ္ဂဘီသည် သူကိုယ်တိုင် မြို့ထဲသို့ထွက်၍ လည်ပတ်ခွင့်ရသွားခဲ့သည်။

❒

'နန်းတော်' အဆောက်အအုံတွင် တင်းမာမှုများ ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ လျှို့ဝှက်အိမ်မှ တင်းကျပ်သော စည်းကမ်းများအရ သည်းမခံနိုင်မှုများ၊ မလိုလားမှုများနှင့် ငြီးငွေ့စိတ်ပျက်မှုများသည် စုပြုံဖြစ်ပေါ်လျက်ရှိနေခဲ့သည်။ လူတိုင်းမှာ မိမိတို့ နားလည်သည့် ဘာသာဖြင့် ရေးသားထားသော စာအုပ်များအားလုံး တစ်လုံးမကျန် ဖတ်ပြီးခဲ့ကြပြီးဖြစ်၍ ရေဒီယိုမှလာသမျှ အာဂျင်တီးနား တေးဂီတများကိုလည်း တစ်ခုမကျန် နားထောင်ခဲ့ကြပြီးဖြစ်သည်။ စစ်တုရင်များကိုလည်း တစ်ပွဲပြီးတစ်ပွဲ မဆုံးနိုင်အောင် ကစားပြီးခဲ့ကြပြီးဖြစ်၍ နေ့စဉ်ထုတ် သတင်းစာများကိုလည်း အစမှအဆုံးအထိ ဖတ်ပြီးခဲ့ကြပြီးဖြစ်သည်။ လူအားလုံးမှာ မိမိတို့ လွတ်မြောက်ရေးအတွက် ဆိုက်ရောက်လာမည့် လေယာဉ်ကို စိတ်တထင့်ထင့် ရင်တမမဖြင့် စောင့်မျှော်လျက်ရှိနေခဲ့ကြသည်။

သို့ဖြင့် အထူးလေယာဉ် ဆိုက်ရောက်မလာမီကလေးတွင် ဂါဘီသည် လုံခြုံရေးစခန်း စည်းကမ်းများကို ပို၍တင်းကျပ်စွာ သတ်မှတ်ထားခဲ့သည်။ ဤအိမ်မှ မည်သည့်ကိစ္စဖြင့်ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်မျှ အပြင်သို့ထွက်ခွင့်မပြုဘဲ ထားခဲ့သည်။ ထို့မျှမက အိမ်အဆောက်အအုံအတွင်းမှာပင် လှုပ်လှုပ်ရှားရှား သွားလာမှုများကို ပြင်းထန်စွာ တားမြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအိမ်တွင် အမှန်တကယ်အားဖြင့် လူနှစ်ယောက်သာလျှင် နေထိုင်လျက်ရှိသည်ဟု အိမ်နီးနားချင်းများက နားလည်သိရှိထားကြရာ လူအများ သွားလာလှုပ်ရှားနေကြသည်ကို ခတွေ့မြင်ရခြင်းဖြင့် မသင်္ကာဖွယ်ရာ ဖြစ်လာနိုင်သောကြောင့်ဖြစ်သည်။

ဂါဘီ၏ စိတ်ထဲတွင်သည်း ညစဉ်ညတိုင်း ဤအိမ်၏ အပြင်ဘက် ပတ်ဝန်းကျင်၌ လူစိမ်းသူစိမ်းများ လှည့်ပတ်သွားလာနေကြသည်ဟု [illegible] သည်။ ဤအိမ်သို့ ရဲဘက်မှ ဝင်ရောက်ရှာဖွေမှုများ ပြုလုပ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟု ယူဆထားခဲ့သော်လည်း နာဇီများနှင့် သူတို့ကို လိုလားအားပေးနေသူများသည် အိုက်ခ်မန်းအား တစ်မြို့လုံးတိုက်၍ ပိုက်စိပ်တိုက်ကာ ရှာဖွေကြလိမ့်မည်ဟု စိုးရိမ်မကင်း ဖြစ်နေမိသည်။

သို့ဖြင့် အထူးလေယာဉ် ဆိုက်ရောက်လာသည့်အချိန်တွင် ဂါဘီနှင့် အီဟာတ်တို့သည် လေဆိပ်တွင် ရောက်ရှိနေကြပြီး လာရောက်ကြိုဆိုသူများနှင့်ရောနှောကာ လေယာဉ်ပေါ်မှ ဆင်းလာကြသူများကို တစ်ယောက်မကျန် စောင့်ကြည့်နေခဲ့ကြသည်။ ၎င်းတို့အနက် လူသုံးယောက်ကို သူတို့ ကောင်းကောင်းကြီးမှတ်မိနေကြသည်။ ဤလူသုံးယောက်သည် များမကြာမီ မြို့တွင်းတစ်နေရာရာ၌ မိမိတို့နှင့် တွေ့ဆုံရမည့် လူများဖြစ်ကြောင်း နားလည်ထားကြသည်။

ဤနေရာတွင် အိုက်ခ်မန်း နှစ်ကိုယ်ခွဲအဖြစ် ဟန်ဆောင်ရမည့် ဂိုလမ်သည် လေဆိပ်တွင် တွေ့မြင်ရသည့် ကြိုဆိုရေးအခမ်းအနား အစီအစဉ် မြင်ကွင်းကြောင့် အထူးစိတ်လှုပ်ရှားမှု ဖြစ်ခဲ့ရသည်။ လေယာဉ်ပေါ်မှ ဆင်းလာသူများထဲမှ ဘုန်းတော်ကြီး အီဖရာဘီသည် သူနှင့် ကောင်းကောင်းသိကျွမ်းသူဖြစ်သည်။ ဘုန်းတော်ကြီးနှင့် လစ်ဒါလေဆိပ် (အစ္စရေး)တွင် တွေ့ခဲ့စဉ် ဘုန်းတော်ကြီးက ဂိုလမ်အား "ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသလား"ဟု မေးမြန်းခဲ့ရာ "မှန်ပါ့ဘုရား"ဟု ဖြေခဲ့ရသည်။ သည်အဖြေမှလွဲ၍ အခြားအဖြေပေးစရာ ဘာများရှိပါသေးသနည်း။

သို့သော် ယခု အာဂျင်တီးနားလေဆိပ်တွင် လေယာဉ်ပေါ်မှ ဆင်းလာကြသောအခါ လေယာဉ်အမှုထမ်း ယူနီဖောင်းများ ဝတ်ထားသော ဂိုလမ်သည် ဘုန်းတော်ကြီးနှင့် မတွေ့အောင် ကြိုးစား၍ ရှောင်ခဲ့သည့်ကြားမှ မျက်နှာချင်းဆိုင်တော်ပင်းပါ တွေ့ခဲ့ရပြန်သည်။ သို့သော် ဘုန်းတော်ကြီး အီဖရာဘီသည် သူ့ကို ဘာတစ်ခွန်းမှမမေးဘဲ အဓိပ္ပာယ်ပါသည့်အပြုံးနှင့် ခေတ္တပြုံးရုံသာ ပြုံးကြည့်နေခဲ့သည်။ ဤအခိုက်အတန့်ကလေးတွင် အလွန်ကြည်ညိုလေးစားဖွယ်ကောင်းလှသည့် ဘုန်းတော်ကြီးသည် သူ့အား မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်ဟု ဂိုလမ်၏ စိတ်ထဲတွင် ထင်လိုက်မိသည်။ ထို့နောက် ဂိုလမ်သည် သူ၏ အခြားအဖော်နှစ်ယောက်နှင့် တိုင်ပင်ပြီးနောက် ဤကိစ္စနှင့်ပတ်သက်၍ မည်သူ့ကိုမျှ ဖွင့်မပြောရန် ဘုန်းတော်ကြီးအား သတိပေးဖို့ မလိုဟု ဆုံးဖြတ်လိုက်သည်။ ယခုကဲ့သို့ 'ကိုယ်စားလှယ်အဖွဲ့ဝင်' အဖြစ်မှ 'လေယာဉ်အမှုထမ်း'အဖြစ် ပြောင်းလဲသွားခဲ့ရသည့်အကြောင်းကို ဘုန်းတော်ကြီး အီဖရာဘီသည် မည်သူ့ကိုမျှ ဖွင့်ပြောရန်





မလိုကြောင်း ကောင်းကောင်းကြီး နားလည်သဘောပေါက်လိမ့်မည်ဟု ဂိုလမ်တို့ သုံးဦးစလုံးက ယုံကြည်ထားကြသည်။

ထို့နောက် ဂိုလမ်သည် ဟိုတယ်သို့ရောက်လျှင်ရောက်ချင်း ခရီးပန်းလာသဖြင့် အိပ်ရာပေါ်တွင် လှဲနေခဲ့သည်။ သို့သော် အိပ်မပျော်တပျော် ရှိနေခိုက်မှာပင် အီဟာတ် ရောက်လာပြီး သူ့ကို နှိုးခဲ့သည်။ အီဟာတ်သည် ဂိုလမ်အား အိုက်ခ်မန်းအသွင် ရုပ်ဖျက်ရန်အတွက် လိုအပ်သည့် ယူနီဖောင်းဝတ်စုံများနှင့် ထောက်ခံစာအတု၊ မှတ်ပုံတင်အတုများ လာရောက်ပေးခဲ့ခြင်းဖြစ်သည်။

❒

ထိုနေ့ညတွင် ကျွန်ုပ်သည် တိုက်ခိုက်ရေးအဖွဲ့ဝင်များနှင့် ညဉ့်နက်သည်အထိ ဆွေးနွေးပွဲများ အဆက်မပြတ် ပြုလုပ်ခဲ့ရသည်။ နောက်တစ်နေ့အတွက် အစီအစဉ်များကို ပြန်လည်စစ်ဆေးခြင်းနှင့် လိုအပ်သမျှ ကိစ္စအဝဝတို့ကို ဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်ခဲ့ရသည်။ ထို့ပြင်စစ်ဆင်ရေးအတွက် အဆင့်ဆင့်သော အချိန်ဇယားများကို ညှိနှိုင်းသတ်မှတ်ခဲ့ရပြီး လူတိုင်းလူတိုင်း မိမိတို့လုပ်ဆောင်ရမည့် အလုပ်တာဝန်ကို ပြတ်သားစွာ နားလည်သဘောပေါက်ရန် ရှင်းလင်းပြောကြားကာ အုပ်စုလိုက် အချင်းချင်း တွေ့ဆုံကြရမည့် နေရာများကိုပါ ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

ယခုကဲ့သို့ အဆုံးအဖြတ်ပေးမည့်နေ့ မတိုင်မီ နောက်ဆုံး နာရီပိုင်းအတွင်းမှာပင် ကျွန်ုပ်သည် ဒေါက်တာမင်ဂလီနှင့် စပ်လျဉ်းသည့် အစီအစဉ်ကို နောက်ဆုံးကြိုးပမ်းသည့်အနေဖြင့် လူနှစ်ယောက်အား တွဲဖက်၍ တာဝန်ပေးမည်ဆိုပါက တစ်စုံတစ်ရာ အကျိုးဖြစ်လာနိုင်သေးသည်ဟု ယူဆထားခဲ့သည်။ ကျွန်ုပ်အဓိ ရည်မှန်းချက်မှာ လွန်ခဲ့သည့် တစ်လလောက်ကအထိ မင်ဂလီနေထိုင်သွားခဲ့သည့် အိမ်ကြီးတွင် မည်သို့သောပုဂ္ဂိုလ်များ နေထိုင်လျက်ရှိသည်ကို စုံစမ်းဖော်ထုတ်ရန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ကျွန်ုပ်၏ နောက်ဆုံးအစီအစဉ်တစ်ရပ်အနေဖြင့် အကယ်၍ ဖြစ်နိုင်ပါက နောက်ဆုံးမိနစ်ပိုင်းအတွင်း မင်ဂလီအား လက်ရဖမ်း၍ လေယာဉ်ပေါ်သို့ ခေါ်ဆောင်သွားရန်အထိ ကျွန်ုပ်၏ စိတ်ကူးထဲတွင် ထည့်သွင်းစဉ်းစားထားခဲ့သည်။

ကျွန်ုပ်သည် စစ်ဆင်ရေးအစီအစဉ်များအားလုံးကို ဂါဘီ၊ အီဟာတ်တို့နှင့် အပြီးသတ်ညှိနှိုင်းချမှတ်ခဲ့သည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ လျှို့ဝှက်စခန်း ပြုနေသည့်အိမ်တွင် တပ်ဆင်ထားသည့် ကိရိယာတန်ဆာပလာများ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ အသုံးအဆောင်များ၊ ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခြင်း၊ ငှားရမ်းအသုံးပြုနေသော ကားများကို ပြန်လည်အပ်ခြင်းများနှင့်တကွ ကျွန်ုပ်တို့လူများအားလုံး စစ်ဆင်ရေးတာဝန်များ ပြီးဆုံးပါက အာဂျင်တီးနားမှ ပြန်လည်ထွက်ခွာရေးအတွက် လိုအပ်သည့်ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ခြင်း စသည်များကို အသေးစိတ် ချမှတ်ပြင်ဆင်ခဲ့ကြသည်။

ကျွန်ုပ်တို့ နောက်ဆုံးချမှတ်လိုက်သည့် အစီအစဉ်အရ အိုက်ခ်မန်းအား လေကြောင်းဌာနမှ အမှုထမ်းဝတ်စုံများ ဝတ်ဆင်ကာ 'နန်းတော်' အဆောက်အအုံမှ လေယာဉ်ကွင်းသို့ ခေါ်ဆောင်လာရမည်ဖြစ်သည်။ ထိုအချိန်တွင် သူသည် 'ဇီခရွန်နီ'ဟူသော အမည်ဖြင့် လိုအပ်သည့် မှတ်ပုံတင် စာရွက်စာတမ်းများ သူနှင့်အတူ ပါလာရမည်ဖြစ်၍ ထိုစာရွက်စာတမ်းများမှာလည်း ဂိုလမ်ထံမှ ရရှိထားမည်ဖြစ်သည်။ ထိုအစီအစဉ်အရ အိုက်ခ်မန်းသည် ဦးခေါင်းတွင် မော်တော်ကားတိုက်၍ ဒဏ်ရာရလာသည့် လေယာဉ်အမှုထမ်းတစ်ဦးအသွင်ဖြင့် အနှောင့်အယှက်မရှိဘဲ လေယာဉ်ပေါ်သို့ မုချတက်ခွင့်ရလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားခဲ့သည်။ ဆရာဝန်ကလည်း အိုက်ခ်မန်းအား လေယာဉ်ကွင်းသို့ ခေါ်ဆောင်လာရာ၌ လိုအပ်သောဆေးများ ထိုးပေးရန် အားလုံးစီစဉ်ပြင်ဆင်ထားပြီးဖြစ်သည်။

ထိုနေ့နံနက် မိုးလင်းချိန်မှစ၍ ကျွန်ုပ်တို့၏ လျှို့ဝှက်သည့်နေအိမ်မှ လေယာဉ်ကွင်းသို့သွားရာ လမ်းခရီးတစ်လျှောက်တွင် ကျွန်ုပ်တို့လူများသည် သူ့နေရာနှင့်သူ အဆင်သင့်စောင့်၍ အချက်ပြရန် ရောက်ရှိနေကြမည်ဖြစ်သည်။ ထိုလမ်းခရီးတစ်လျှောက် နောက်ဆုံးစစ်ဆေးလေ့လာကြည့်ရှုမည့်သူမှာ နက်ရာဖြစ်၍ လေဆိပ်သို့ နက်ရာ ရောက်လာသည်နှင့်တစ်ပြိုင်နက် ထိုသို့ သူရောက်လာခဲ့ခြင်းသည် လမ်းခရီးတွင် အေးရန်ကင်းရှင်းနေပြီဖြစ်ကြောင်း အချက်ပြလိုက်ခြင်းဖြစ်၍ ထိုအချိန်မှာပင် အိုက်ခ်မန်းအား 'နန်းတော်' အဆောက်အအုံမှ လေဆိပ်သို့ ခေါ်ဆောင်ရမည့် မော်တော်ကား စတင်ထွက်ခွာရန် အချက်ပြလိုက်ခြင်းဖြစ်သည်ဟု နားလည်ရမည်ဖြစ်သည်။

ထိုကားသည် လျှို့ဝှက်သည့်အိမ်သို့ မောင်းသွားပြီး အိုက်ခ်မန်းအား ကားပေါ်သို့တင်ကာ အစောင့်အရှောက်များနှင့်တကွ လေဆိပ်သို့ အမြန်ဆုံး ပြန်မောင်းလာရမည်ဖြစ်သည်။ ထိုကားကို ကနက်ကိုယ်တိုင် မောင်းရမည်ဖြစ်၍ အိုက်ခ်မန်းသည် ကားနောက်ခန်းတွင် လိုက်ပါလာရမည်ဖြစ်ပြီး သူ့ဘေးတစ်





ဖက်တစ်ချက်တွင် ဆရာဝန်နှင့် အစောင့်တစ်ယောက်ညှပ်၍ ထိုင်လာရမည်ဖြစ်သည်။ အခြားအစောင့်တစ်ယောက်သည် ကနက်ဘေးမှ လိုက်ပါရမည်ဖြစ်သည်။ လေဆိပ်သို့ ရောက်လာပြီးနောက် အကယ်၍ အိုက်ခ်မန်းသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် လေယာဉ်ဆိုက်ကပ်ရပ်နားထားသည့် နေရာတွင် အခြားသော လေယာဉ်အမှုထမ်းများနှင့်ရော၍ လေယာဉ်ပေါ်သို့တက်ရန် အခက်အခဲရှိနေပါက ကျွန်ုပ်တို့သည် လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ လေယာဉ်ရောက်လာသည့်အချိန်တွင်မှ သူ့အား လေယာဉ်ပေါ်သို့ရောက်အောင် ခေါ်ဆောင်သွားရမည်ဖြစ်သည်။ ဤသို့ဆိုလျှင် ဒဏ်ရာရလာသော 'လူနာ'တစ်ယောက်အနေဖြင့် ထုံးတမ်းစဉ်လာအရ သတ်မှတ်ထားသည့် အစစ်အဆေး အတားအဆီးများကို အလွယ်တကူ လွတ်မြောက်လာနိုင်ဖွယ်ရာရှိသည်။

ထို့နောက် ကျွန်ုပ်တို့သည် လျှို့ဝှက်သည့်နေအိမ်တွင် လက်စလက်နမကျန်ရစ်ရအောင် သဲလွန်စမှန်သမျှအားလုံး ရှင်းလင်းဖျောက်ဖျက်ပစ်ရန်အတွက် ဂါဘီ၊ အီဟတ်၊ အီလီ၊ ဒန်နီနှင့် ဒီနာတို့အား တာဝန်ပေးခဲ့ကြသည်။ သူတို့သည် အိုက်ခ်မန်းအား တင်ဆောင်ထားသည့် လေယာဉ်ထွက်ခွာပျံသန်းသွားသည်နှင့် တစ်ပြိုင်နက် မိမိတို့ လုပ်ငန်းတာဝန်များကို အမြန်ဆုံး ဆောင်ရွက်ကြပြီးနောက် ဤ 'နန်းတော်' အဆောက်အအုံတွင် မိမိတို့တစ်တွေ နေထိုင်လုပ်ကိုင်ခဲ့ကြသမျှ တစ်စုံတစ်ရာ သဲလွန်စတစ်ခုမျှ မကျန်ရစ်တော့ဟု ယူဆသည်နှင့် တစ်ပြိုင်နက် အာဂျင်တီးနားနိုင်ငံမှ ချက်ချင်းထွက်ခွာကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအား တစ်ဦးချင်း လိုအပ်သမျှ ညွှန်ကြားချက်များကို တွေ့ဆုံညွှန်ကြားရန်အတွက် အီဟတ်က တာဝန်ယူ၍ ထိုအချိန်တွင် ဂါဘီသည် လျှို့ဝှက်သည့်အိမ်သို့ ပြန်သွားရမည်ဖြစ်သည်။ အိုက်ခ်မန်းအား ခေါ်ဆောင်သွားမည့်ကားနှင့် ပတ်သက်၍ အစစ စိတ်ချကောင်းမွန်ရေးအတွက် တာလ်မီအား တာဝန်ပေးခဲ့သည်။ သူသည် ထိုကားကို လေဆိပ်သို့ သူကိုယ်တိုင် မောင်းလာပြီး ကနက်လက်သို့ အပ်ရမည် ဖြစ်သည်။ ထို့ပြင် တာလ်မီသည် ဒေါက်တာမင်ဂလီ နေသွားခဲ့သည့်အိမ်ကို စောင့်ကြည့်နေကြသည့် အဖွဲ့အားလည်း လိုအပ်သလို ညွှန်ကြားရန်ရှိနေပြီး ကားတိုက်မှု ဖြစ်ဟန်ဆောင်၍ ဆေးရုံတက်နေသော အာနွန်ကိုလည်း ဆေးရုံမှ အမြန်ဆုံး ဆင်းခွင့်ရအောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့မှတစ် တာလ်မီသည် ဟန်ဆောင်... အာနွန်အတွက် ဆေးရုံမှ ထုတ်ပေးလိုက်သော စာရွက်စာတမ်းများ... အသုံးပြု၍ဖြစ်အောင် အဘက်ဘက်မှ ပြုပြင် ဖန်တီးရမည်...



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဆိုပါ စာရွက်စာတမ်းများမှာ အကယ်၍ အိုက်ခ်မန်းသည် လေယာဉ်ပေါ်သို့ အခြားလေယာဉ် အမှုထမ်းများနှင့်အတူ တက်ရာ၌ အခက်အခဲ ကြုံတွေ့လာခဲ့ပါမူ သူ့ဒဏ်ရာရရှိခဲ့ကြောင်း အထောက်အထားအဖြစ် ထုတ်ပြရန်သာဖြစ်သည်။ သို့ဖြစ်ရာ အထက်ပါ တာဝန်များကို အကြောင်းပြု၍ ကျွန်ုပ်သည် တာလ်မီအား ထိုနေ့မွန်းလွဲပိုင်း ခပ်စောစောအချိန်မှစ၍ ကျွန်ုပ်လိုအပ်သည့်အခါ လိုအပ်သလို တာဝန်ပေးရန်အတွက် အခြားကားတစ်စီးကို ငှား၍လေယာဉ်ကွင်းသို့ ရောက်နှင့်နေစေရန် မှာကြားထားခဲ့ရသည်။

ထိုညက ကျွန်ုပ်နှင့် နောက်ဆုံးဆွေးနွေးခဲ့ရသူမှာ ဒန်နီပင်ဖြစ်သည်။ ကျွန်ုပ်က သူ့အတွက် အရေးကြီးဆုံး တာဝန်မှာ လေယာဉ်အမှုထမ်း 'ဇီခရွန်နီ' အတွက် လိုအပ်သမျှ စာရွက်စာတမ်း ထောက်ခံစာများအားလုံး အသင့်ပြီးစီးနေရန်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့ရသည်။ ထို့ပြင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အားလုံးအတွက် စာရွက်စာတမ်းများကိုလည်း အစစ အဆင်သင့်ရှိနေစေရန် ဆွေးနွေးခဲ့ရသည်။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် သူ၏ ပစ္စည်းကိရိယာတန်ဆာပလာများကို မည်သို့သိမ်းဆည်း ဖျောက်ဖျက်ရန်နှင့် ဤနိုင်ငံမှ သူ့အနေဖြင့် မည်သို့မည်ပုံ ထွက်ခွာသွားရန် စသည့်နည်းလမ်းများကို ဆွေးနွေးရှာကြံခဲ့ကြသည်။

သို့ဖြင့် ကျွန်ုပ်သည် ဒန်နီအား သူ၏ ဓာတ်ခွဲခန်းမှ လုပ်ငန်းတာဝန်များပြီးလျှင်ပြီးချင်း လေဆိပ်သို့ ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံရန် ညွှန်ကြားခဲ့ရသည်။ ကျွန်ုပ်က မရှောင်မလွှဲသာဘဲ နောက်ဆုံးအချိန်တွင်မှကပ်၍ အရေးတကြီးလိုအပ်လာပါက စာရွက်စာတမ်းအတုများ အမြန်ဆုံးနှင့် အလွယ်ဆုံး ပြုလုပ်နိုင်မည့် ပစ္စည်းကိရိယာ တစ်စုံကို အဆင်သင့်ထားရှိရန် ဒန်နီအား မှာကြားခဲ့ရသည်။ ထို့ပြင် ထိုသို့ အရေးပေါ်မလုပ်လျှင် မဖြစ်သည့်အခြေအနေမျိုး၌ လိုအပ်သည့် စာရွက်စာတမ်းအတုများကို အခက်အခဲနှင့် အကျပ်အတည်းများကြားတွင် လုပ်ရလိမ့်မည်ဖြစ်ကြောင်း သတိပေးစကား ပြောကြားခဲ့ရသည်။ ဥပမာ ထိုသို့ အရေးပေါ် စာရွက်စာတမ်း အတုများကို လေဆိပ်အတွင်း ခရီးသည်များ ခေတ္တအနားယူ အပန်းဖြေသည့် ဧည့်ခန်းထဲမှ စားပွဲတစ်လုံးတွင် ထိုင်၍သော်လည်းကောင်း၊ သို့မဟုတ် သတ်မှတ်ထားသည့် နေရာများ၌ ရပ်ထားသည့် မော်တော်ကားထဲတွင်သော်လည်းကောင်း အလွယ်တကူ အမြန်ဆုံး ပြုလုပ်ပေးနိုင်ရမည်ဖြစ်သည်။





နောက်ဆုံး၌ ကျွန်ုပ်တို့ လူခွဲခဲ့ကြသောအခါ အချိန်မှာ အတော်ညဉ့်နက်နေပြီဖြစ်သည်။ သို့သော် ဒန်နီသည် ထိုညက အိပ်ရာမဝင်တော့ဘဲ အလုပ်ခန်းထဲသို့ တန်းဝင်သွားခဲ့သည်။

❐

နန်းတော် အဆောက်အအုံတွင် ရှိနေကြသူများထဲမှ အများစုအတွက်လည်း ထိုညသည် အိပ်မပျော်သော ညတစ်ညဖြစ်ခဲ့ရသည်။ ထိုညက နံနက်လင်းအားကြီးအချိန်အထိ ထိုအိမ်တွင် ဂနာမငြိမ်ဘဲ စိတ်လှုပ်ရှားနေခဲ့ကြသည်။ ထိုအိမ်တွင် ယာယီနေထိုင်လျက်ရှိကြသော လူအားလုံးမှာ နောက်တစ်နေ့တွင် သူတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို အသီးသီး အပြန်ပြန်အလှန်လှန် လေ့လာသုံးသပ်နေမိကြသည်။ ဂါဘီ၏ ညွှန်ကြားချက်အရ ကိုယ်ရေးကိုယ်တာ ပြဿနာများကို ခေါင်းထဲမှ ဖယ်ရှားနေခဲ့ကြသည်။ လောလောဆယ် မိမိတို့အသုံးပြုရမည့် ပစ္စည်းများကိုသာ အာရုံစူးစိုက်၍ စစ်ဆေးကြည့်ရှုခဲ့ကြသည်။ မိမိတို့၏ ပစ္စည်း အသုံးအဆောင်များကို လုံခြုံရေး မျက်စိဖြင့်ကြည့်၍ ဆန်းစစ်ခဲ့ကြသည်။ စာရွက်စာတမ်း အထောက်အထားများကို အပြန်ပြန်အလှန်လှန် အသေးစိတ်လေ့လာဖတ်ရှုနေခဲ့ကြသည်။

ထို့ပြင် ထိုအိမ်ကို မူလအနေအထားအတိုင်း ပြန်၍ဖြစ်လာအောင် အဘက်ဘက်မှ အစွမ်းကုန် ကြိုးစား၍ ပြန်လည်ပြုပြင်ခဲ့ကြသည်။ ကျွန်ုပ်တို့ အိမ်ကို စတင်ငှားရမ်းခဲ့စဉ်က အိမ်ထဲတွင် ရှိနေခဲ့သော ပစ္စည်းများကို သူ့နေရာနှင့်သူ နေထားတကျ ပြန်ထားခဲ့ကြသည်။ ကျွန်ုပ်တို့ နေထိုင်ခဲ့သည့် အတောအတွင်း အသုံးပြုခဲ့သည့် ပစ္စည်းမှန်သမျှကိုလည်း ဖျက်ဆီးတန်သည်များကို ဖျက်ဆီးပစ်ခဲ့ကြ၍ သယ်ယူသွားရမည့် ပစ္စည်းများကိုလည်း သီးသန့်တစ်နေရာရာတွင် စုထားခဲ့ကြသည်။ ထို့မှုမက သဲလွန်စ လုံးဝမကျန်ရအောင် နောက်တစ်နေ့တွင် နောက်တစ်ကြိမ် ထပ်မံ၍ စစ်ဆေးကြရဦးမည့်အပြင် အိုက်ခ်မန်းအား လေယာဉ်ကွင်းသို့ ခေါ်ဆောင်သွားချိန်တွင် နောက်ဆုံးအကြိမ် ဤအိမ်သို့ ထပ်မံစစ်ဆေးကြရဦးမည်ဖြစ်သည်။ ဤအိမ်ကို ထိုသို့စစ်ဆေးရန် တာဝန်ကျသူများကလည်း သူတို့လက်ထဲတွင် တိကျသော ပစ္စည်းစာရင်းများကိုကိုင်ကာ တိုလီမိုလီ အသေးအဖွဲများမှအစ တစ်ခုမျှ မမေ့မလျော့ မကျန်ရစ်အောင် ဂရုစိုက်၍ ပိုက်စိပ်တိုက်ကာ ကြည့်ရှုလုပ်ကိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အလားတူ စစ်ဆေးကြည့်ရှုမှုများကို အခြားလျှို့ဝှက်သည့် အဆောက်အအုံများနှင့် စစ်ဆင်ရေးတွင် အသုံးပြုခဲ့သည့် အခန်းများတွင်လည်း ထပ်တူထပ်မျှပြုလုပ်ခဲ့ကြသည်။ ထိုသို့ အာဂျင်တီးနားတွင် ကျွန်ုပ်တို့၏ လှုပ်ရှားမှုများ တင်ခုတလေမျှ သဲလွန်စမကျန်ရစ်ရအောင် ရှေ့ပြောင်းဖျက်ဆီးသည့်အလုပ်နှင့် ကျွန်ုပ်တို့ ဝယ်ယူငှားရမ်း အသုံးပြုခဲ့ကြသည့် ပစ္စည်းကိရိယာအားလုံး တစ်ခုမကျန် ခြေရာလက်ရာ ဖျောက်ဖျက်ပစ်သည့် အလုပ်တာဝန်နှစ်ခုစလုံးကို ဂါဘီက ကြီးကြပ်၍ လုပ်ဆောင်ခဲ့သည်။

■

## စားသောက်ဆိုင်ထဲမှ စစ်ဆင်ရေးဌာနချုပ်

မေလ ၂၀ ရက်နေ့ နောက်ဆုံးနေ့သို့ ရောက်လာပြီဖြစ်သည်။ ကျွန်ုပ်အဖို့ရာ၌ ထိုနေ့သည် 'အိုက်ခ်မန်းစစ်ဆင်ရေး'၏ နောက်ဆုံးနေ့ ဖြစ်သည်သာမက အရှည်လျားဆုံးနှင့် စိတ်လှုပ်ရှားစရာအကောင်းဆုံး နေ့တစ်နေ့ဖြစ်ခဲ့သည်။

ကျွန်ုပ်သည် သုံးနာရီ လေးနာရီခန့်မျှ အိပ်ပျော်သွားခဲ့ပြီး နံနက်စောစော အိပ်ရာမှ နိုးလာခဲ့သည်။ ထို့နောက် ပစ္စည်းများ သိမ်းဆည်းထုပ်ပိုး၍ ဟိုတယ်ခ ကျသင့်ငွေများကို ရှင်းပေးပြီး အငှားကားတစ်စီးဖြင့် ဘူတာရုံဘက်သို့ ထွက်လာခဲ့သည်။ ကျွန်ုပ်သည် ဘူတာရုံတွင် ပစ္စည်းများကို အပ်နှံထားခဲ့ပြီးနောက် ထိုနေ့အတွက် ကျွန်ုပ် လှည့်လည်သွားလာရမည့် ပထမဆုံး နေရာသို့ ရောက်လာခဲ့သည်။ ကျွန်ုပ်သည် နေ့လယ်ဘက်တွင် တစ်ချိန်ချိန်၌ ဘူတာရုံသို့သွား၍ ကျွန်ုပ်၏ ပစ္စည်းများကိုယူရန် ကြံရွယ်ထားခဲ့သည်။ သို့မှသာ ဗျူနိုအဲရစ္စမြို့မှ ကျွန်ုပ် ရုတ်တရက် ထွက်ခွာသွားရန် ဆုံးဖြတ်သည့်အချိန်၌ ကျွန်ုပ်၏ ပစ္စည်းများသည် ကျွန်ုပ်နှင့် တစ်ပါတည်း ရှိနေမည်ဖြစ်သည်။

ထိုနေ့က ကျွန်ုပ်နှင့် ပထမဆုံးတွေ့ရန် ချိန်းဆိုထားကြသူများမှာ အဲဖရက်နှင့် လာဗီတို့ပင်ဖြစ်သည်။ ကျွန်ုပ်သည် လိုပက်ဇ်ရပ်ကွက်မှနေအိမ်တွင် ဒေါက်တာမင်ဂလီ ယခုအချိန်အထိ ရှိနေလိမ့်ဦးမည်ဟူသော အတွေးမှာ ... လင့်ချက် အလွန်ပင်နည်းပါးလှသော်လည်း ပို၍သေချာသည်ထက် ... လေ့လာစစ်ဆေးကြည့်လိုစိတ် ရှိနေခဲ့သည်။ အကယ်၍ ထိုအိမ်တွင်သာ ... မင်ဂလီ ရှိနေသေးသည်ဆိုပါက ... အိမ်ပတ်ဝန်းကျင်ဘက် ...



www.burmeseclassic.com

www.burmeseclassic.com



မျက်ခြည်မပြတ် စောင့်ကြည့်ရန် စီစဉ်ထားခဲ့သည်။ အကယ်၍ ထိုသို့စောင့်ကြည့်နေခဲ့ရာမှ တစ်စုံတစ်ရာ ထူးခြားမှုနှင့် အရေးတကြီးကိစ္စများ မဖြစ်ပွားခဲ့ပါက ညနေ မှောင်စပျိုးချိန်တွင် အိမ်ထဲသို့ အလစ်ဝင်ရောက်၍ မင်ဂလီအား အတင်းအဓမ္မ ဖမ်းဆီးကာ အသင့်စောင့်နေသည့် ကားတစ်စီးပေါ်သို့ တင်ခေါ်လာရန် ကြံရွယ်ထားခဲ့သည်။ ထိုသို့ မင်ဂလီအား အဓမ္မ ဖမ်းဆီးသွားပြီးနောက် ရဲစခန်းသို့တိုင်သည် မတိုင်သည်ကို အတိအကျသိနိုင်ရန် ကျွန်ုပ်၏လူနှစ်ယောက်အားထားခဲ့ပြီး ကျွန်ုပ်တို့၏ အထူးလေယာဉ် ထွက်ခွာလာသည့်အချိန်အထိ မင်ဂလီ၏မိသားစုအား စောင့်ကြည့်ရန် မှာကြားထားခဲ့မည်ဖြစ်သည်။

ကျွန်ုပ်သည် မင်ဂလီအား လေယာဉ်ပေါ်သို့ တင်ရန်အတွက်လည်း အစီအစဉ်တစ်ရပ် စဉ်းစားထားပြီးဖြစ်သည်။ ထိုအစီအစဉ်မှာ အတော်ကလေး အရဲစွန့်ရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်၏စိတ်ထဲတွင် ထိုအစီအစဉ်သည် ကျွန်ုပ်တို့၏ အဓိကရည်မှန်းချက်ဖြစ်သော အိုက်ခ်မန်းစစ်ဆင်ရေးကို ထိခိုက်စရာအကြောင်းမရှိဟု ယူဆမိသည်။ ကျွန်ုပ် စိတ်ကူးမိသလောက် ကျွန်ုပ်တို့၏ ပထမ 'အမှုသည်' (အိုက်ခ်မန်း)အား လေယာဉ်ပေါ်သို့ ဘေးကင်းရန်ကင်း တင်ဆောင်နိုင်ခဲ့ပြီး လေယာဉ်ထွက်ခါနီးတွင်မှ အချိန်ကပ်၍ မင်ဂလီအား လေယာဉ်ပေါ်သို့ တင်ရန်ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်အနေဖြင့် အထက်ပါအတိုင်း စီစဉ်ခြင်းအားဖြင့် ရဲဘက်မှ လေဆိပ်တွင် ရှာဖွေစစ်ဆေးရန် အချိန်မရဘဲ ဖြစ်သွားလိမ့်မည်ဟု သုံးသပ်မိသည်။ အကယ်၍ ကျွန်ုပ်တို့လူများ ရဲဘက်မှ ဖမ်းမိသွားသည့်တိုင်အောင် သူတို့သည် အိုက်ခ်မန်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားမည် မဟုတ်သည်မှာ သေချာနေသောကြောင့်ဖြစ်သည်။

သို့သော် ဤကိစ္စအားလုံးသည် ထိုအိမ်တွင် အဲဖရက်နှင့် လာဗီတို့၏ နေထိုင်ရရှိမှုအပေါ်တွင် တည်နေသည်မှာ အထူးပြောစရာမလိုပေ။ သို့ဖြစ်ရာ ကျွန်ုပ်သည် လာဗီအား ထိုအိမ်ထဲသို့ ပစ္စည်းတစ်ခုခု သွားပေးသည့်အနေမျိုးဖြင့် ဝင်ရောက်ရန် ပြောကြားခဲ့သည်။ အဲဖရက်ကိုမူ လွန်ခဲ့သည့် တနင်္ဂနွေနှစ်ပတ်သုံးပတ်ခန့်က သက်ဆိုင်ရာမှ ထိုအိမ်၏ ရေနွေးပိုက်ကို စစ်ဆေးရန် ညွှန်ကြားချက် ရရှိထားသဖြင့် ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ကြောင်း ပြောကြားရန် စီစဉ်ထားခဲ့သည်။ ကျွန်ုပ်သည် ထိုအိမ်သို့ သူတို့နှစ်ယောက် သွားရမည့်အချိန်တိုဝါ သတ်မှတ်ပေးထားခဲ့သည်။ လာဗီက ပထမဦးစွာ နံနက်ပိုင်းတွင် သွားရောက်ရမည်ဖြစ်ပြီး အဲဖရက်ကမူ ညနေဘက်တွင် သွားရောက်ရမည်ဖြစ်သည်။

❒





လာဗီနှင့် အဲဖရက်တို့ ကျွန်ုပ်ထံမှ ထွက်ခွာသွားကြပြီးနောက် မိဂတ်နှင့် ထီအင်တို့ ရောက်လာကြသည်။ သူတို့နှစ်ယောက်က ကျွန်ုပ်တို့ စစ်ဆင်ရေးနှင့်ပတ်သက်၍ အထူးလေယာဉ်မှ အထက်တန်းအရာရှိများအား အကျိုးအကြောင်း ပြောပြခွင့်ပြုရန် တင်ပြခဲ့ကြသည်။ သို့မှသာ လေယာဉ်အမှုထမ်းများသည် အခြေအနေကို နားလည်သဘောပေါက်ပြီး အားလုံးအဆင်ပြေလိမ့်မည်ဟု သူတို့က ကျွန်ုပ်အား ပြောပြခဲ့ကြသည်။ သူတို့၏ ထင်မြင်ချက်ကို ကျွန်ုပ်က လက်ခံသဘောတူလိုက်သည်။ သို့ဖြင့် ကျွန်ုပ်တို့၏ စစ်ဆင်ရေးအကြောင်းကို လက်ထောက်လေယာဉ်မှူး နှစ်ရှရီအားလည်းကောင်း၊ လေကြောင်းထိန်းသိမ်းရေးအရာရှိနှစ်ယောက်၊ ပျံသန်းရေးအင်ဂျင်နီယာနှစ်ယောက်၊ လေယာဉ်မောင်းနှစ်ယောက်နှင့် လေယာဉ်မယ် နှစ်ယောက်တို့အားလည်းကောင်း မိဂတ်က တာဝန်ယူ၍ အကျိုးအကြောင်း ပြောပြရန် စီစဉ်ခဲ့ကြသည်။

ထို့ပြင် ကျွန်ုပ်တို့သည် လေယာဉ်အမှုထမ်းများအတွက် အချိန်ဇယားများ သတ်မှတ်ပေးထားရန်လည်း ဆုံးဖြတ်ခဲ့ကြ၏။ လေယာဉ် စတင်စက်နှိုးသည့် အချိန်တွင် ရှိနေကြရမည့် လေယာဉ်မှူးနှင့် လေယာဉ်အမှုထမ်းများသည် ဗျူနိုအဲရစ္စမြို့တွင်းရှိ ဟိုတယ်များမှ နံနက် ရှစ်နာရီခွဲတွင် ထွက်ခွာလာကြရမည်ဖြစ်ပြီး လေယာဉ်ရှိရာသို့ ကိုးနာရီခွဲတွင် ရောက်ရှိနေကြရမည်ဖြစ်သည်။ ထို့နောက် လေဆိပ်ဟိုတယ်တွင် ရှိနေကြသူများမှအပ ကျန်လေယာဉ်အမှုထမ်းအားလုံးသည် မြို့ထဲမှ နံနက် ကိုးနာရီခွဲတွင် ထွက်ခွာလာကြပြီး လေဆိပ်သို့ ဆယ်နာရီခွဲတွင် ရောက်ကြရမည်ဖြစ်သည်။ သူတို့သည် ထိုအချိန်တွင် လေဆိပ်ဟိုတယ်မှ ကျန်လူများနှင့် ချက်ချင်းသွားရောက်တွေ့ဆုံ၍ အားလုံးတစုတဝေးတည်း ရှိနေကြရမည်ဖြစ်သည်။

အိုက်ခ်မန်းကို တင်ဆောင်လာသော ကားသည် လေဆိပ်သို့ နံနက် ၁၁ နာရီတွင် လာရောက်ရမည်ဖြစ်သည်။ ထိုအချိန်တွင် နောက်ဆုံးစစ်ဆေးမှုများကို ပြုလုပ်ကြပြီးနောက် ထိုကားကို လေယာဉ်ဆိုက်ကပ်ထားသည့်နေရာသို့ ဆက်၍ မောင်းလာကြရမည်ဖြစ်သည်။ ထိုကားနှင့်အတူ လေယာဉ်ပေါ်သို့ မတက်ရသေးသည့် လေယာဉ်အမှုထမ်းများသည် မိနီဘတ်စ်ခေါ် ကားအသေးကလေးတစ်စီးနှစ်စီးနှင်းကာ ရှေ့ဆင့်နောက်ဆင့် လိုက်ပါလာကြရမည်ဖြစ်သည်။ အိုက်ခ်မန်းအား တင်ဆောင်လာသောကားသည် လေယာဉ်ရှိရာသို့ ၁၁ နာရီ ၁၀ မိနစ်အရောက် ရောက်ရှိရမည်ဖြစ်သည်။ ထို့နောက် အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ ... လျှင်ပြီးချင်း လေယာဉ်ကို ချက်ချင်းစက်နှိုးကာ စတင်ထွက်ခွာ ...



www.burmeseclassic.com

www.burmeseclassic.com



ပြေးလမ်းကြောင်းထိပ်သို့ လိမ့်၍မောင်းလာကြရမည်ဖြစ်သည်။ ထိုအချိန်တွင် ၁၁ နာရီ ၁၅ မိနစ်ခန့် ရှိနေမည်ဖြစ်သည်။ ထို့နောက် လေယာဉ်ကို မြန်နိုင်သမျှ အမြန်ဆုံး စတင်ထွက်ခွာရန် ကြိုးစားရမည်ဖြစ်သည်။

ထိုနေ့နံနက်တွင် လေယာဉ်မှူးမီးဂတ်သည် လျှို့ဝှက်စစ်ဆင်ရေး အစီအစဉ်များကို အသိပေးရမည့် လေယာဉ်အမှုထမ်းအားလုံးကို ခေါ်ယူတွေ့ဆုံခဲ့သည်။ မီဂတ်က ၎င်းတို့အား ယနေ့ ပြန်လည်ထွက်ခွာ ပျံသန်းမည့် မိမိတို့လေယာဉ်ပေါ်တွင် အရေးကြီးသည့် ခရီးသည်တစ်ဦး လိုက်ပါလာလိမ့်မည်ဖြစ်ကြောင်း၊ ထိုခရီးသည်အား လေယာဉ်အမှုထမ်းတစ်ဦးအဖြစ် မိတ်ဆက်ပေးမည်ဖြစ်၍ မိမိတို့ လေကြောင်းကုမ္ပဏီမှ ယူနီဖောင်းဝတ်စုံများ ဝတ်ဆင်သွားလိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် ထိုခရီးသည် သည်မမာမကျန်းဖြစ်နေဟန်ရှိသော်လည်း တကယ်မမာမကျန်းဖြစ်နေခြင်း မဟုတ်ဘဲ လေယာဉ်ပေါ်သို့မရောက်မီ စောစောပိုင်းက မူးယစ်ဆေးဝါးများ ထိုးပေးထားခြင်းကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီးနောက် မီဂတ်သည် ထိုခရီးသည်၏အမည်ကို ထုတ်ဖော်ဖွင့်ဟပြောကြားခြင်း မပြုသော်လည်း ဤလျှို့ဝှက်စစ်ဆင်ရေးသည် တစ်မျိုးသားလုံး အတိုင်းအတာနှင့် ထပ်တူထပ်မျှ အလွန်အရေးကြီးသည့် စစ်ဆင်ရေးဖြစ်ကြောင်း ၎င်းတို့အား ပြောပြခဲ့သည်။ ဤတွင် မီဂတ်၏စကားကို ကြားရသည့် လေယာဉ်အမှုထမ်းများမှာ တွဲဖက်လေယာဉ်မှူး နစ်ရှရီမှအပ အားလုံး တအံ့တဩဖြစ်သွားခဲ့ကြသည်။ စောစောပိုင်းက သူတို့ ကြုံတွေ့ခဲ့ကြရသည့် ထူးခြားသောဖြစ်ရပ်များနှင့် ဆန်းကြယ်သော လုပ်ဆောင်ချက်များ၏ အဓိပ္ပာယ်ကို ယခုမှ သဘောပေါက် နားလည်သွားခဲ့ကြသည်။ မီဂတ်က ဆက်လက်၍ ၎င်းတို့လုပ်ဆောင်ကြရမည့် လုပ်ငန်းများကို ရှင်းလင်းပြောပြကာ တစ်ဦးချင်း တာဝန်ယူရမည့်အလုပ်များကို လေယာဉ်မှူးတစ်ယောက်အနေဖြင့် အမိန့်ပေး ညွှန်ကြားခဲ့သည်။

ထို့နောက် မီဂတ်သည် နစ်ရှရီနှင့်လည်းကောင်း၊ လေကြောင်းပြအရာရှိ ဆီလာဒီနှင့်လည်းကောင်း သီးသန့်တွေ့ဆုံ၍ ဗျူနိုအဲရစ္စမြို့မှ ဒက္ကာမြို့အထိ ဆိုက်ရိုက်ပျံသန်းရမည့် အစီအစဉ်ကို ညှိနှိုင်းရေးဆွဲခဲ့ကြသည်။ ဤသို့ တိုက်ရိုက်ပျံသန်းခြင်းသည် 'ဘရစ်တိန်နီးယား' လေယာဉ်ကြီး၏ စွမ်းဆောင်ချက်ကို ပြင်းပြင်းထန်ထန် စမ်းသပ်သည့်သဘောမျိုး ဖြစ်နိုင်စရာရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ မရပ်မနား ပျံသန်းခြင်းသည် ဤလေယာဉ်ကြီး၏ စွမ်းအားသက် အနည်းငယ် ပိုမိုများပြားနေသည့်ပြင် လမ်းခုလတ်၌ လောင်စာဆီ ဖြည့်ရောက်ဖြင့်ရော ရှိနေသောကြောင့်ဖြစ်သည်။ သို့သော် ရာသီဥတုအခြေအနေ





*မှာ အတော်ကလေး ကောင်းမွန်နေသည်ဖြစ်ရာ ဤအတိုင်းသာ ဆက်လက်ကောင်း*မွန်နေပါက မုချလိုရာခရီးကို ချောမောစွာ ရောက်နိုင်စရာရှိသည်ဟု သူတို့အားလုံး ယုံကြည်စိတ်ချခဲ့ကြသည်။

❐

ဤအတောအတွင်း ဆေးရုံပေါ်သို့ ရောက်နေသော အာနွန်၏ အခြေအနေမှာ တဖြည်းဖြည်း 'သက်သာကောင်းမွန်'လာခဲ့သည်။ တာလ်မီသည် အာနွန်ထံသို့ နေ့စဉ်လာရောက်၍ ကျွန်ုပ်တို့ ဆရာဝန်၏ နောက်ဆုံးညွှန်ကြားချက်များကို တစ်ဆင့်ပြောပြခဲ့သည်။ အာနွန်သည် သူ၏ကျန်းမာရေးအခြေအနေကို ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း တဖြည်းဖြည်း တစ်စစ ကောင်းမွန်လာသည့် အဖြစ်မျိုး ရောက်အောင် နေထိုင်လုပ်ကိုင်သွားရမည်ကို နားလည်ထားပြီးဖြစ်သည်။ သူသည် စံပြလူနာတစ်ဦးဖြစ်၍ စပိန်စကား လုံးဝမပြောတတ်သော်လည်း သူ၏ ဖော်ရွေရင်းနှီးစွာ ဆက်ဆံမှုကြောင့် သူသည် ဆေးရုံအလုပ်သမားအားလုံးနှင့် ခင်မင်လျက်ရှိနေခဲ့သည်။ သူ၏ ရောဂါမှာ အော့အန်ခြင်း လုံးဝမရှိသည့်အတွက် အတော်ကလေး ကောင်းမွန်လာပြီဟု ဆရာဝန်များက ယူဆသတ်မှတ်ခဲ့ကြသည်။ သို့ဖြင့် ရောဂါသက်သာလာပြီဖြစ်ကြောင်း ဆရာဝန်များ၏ ပြောသံကိုကြားရသည်နှင့်တစ်ပြိုင်နက် အာနွန်သည် ဆေးရုံမှဆင်းလိုကြောင်း အရိပ်အမြွက် ပြောကြည့်ခဲ့သည်။

ထို့ပြင် အာနွန်က မိမိသည် လွတ်လပ်ရေးအောင်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ စီးနင်းလိုက်ပါလာသည့် လေယာဉ်ဖြင့် အစ္စရေးသို့ ပြန်ရန် ရည်ရွယ်ပြီး ဗျူနိုအဲရစ္စမြို့သို့ လာခဲ့ခြင်းဖြစ်ကြောင်း ဆရာဝန်များအား ပြောပြခဲ့သည်။ ဆက်လက်၍ ဥရောပတိုက်သို့ သွားမည့် အခြားလေယာဉ်ခရီးစဉ် အားလုံးမှာ ခရီးသည်များ ပြည့်နေသဖြင့် မိမိအတွက် နေရာတစ်နေရာ စာပင်ရရန် အလွန်ခဲယဉ်းနေကြောင်း၊ သို့ဖြင့် လမ်းခုလတ်တွင် လေယာဉ်ပြောင်း၍ စီးရန်မလိုသည့် အထူးလေယာဉ်ဖြင့် လိုက်ပါပျံသန်းခြင်းသည် မိမိအတွက် အကောင်းဆုံးဖြစ်မည်ဟု မျှော်လင့်ကြောင်း၊ ထို့ပြင် အထူးလေယာဉ်အတွက် လက်မှတ်များ ရောင်းချခြင်းမပြုဘဲ ထားခဲ့ရာ လေကြောင်းကုမ္ပဏီမှ မိမိအား ရောဂါသည် လူမမာတစ်ဦးအဖြစ် အခမဲ့ စီးနင်းလိုက်ပါခွင့်ပြုခြင်းအားဖြင့် မိမိမှာ တစ်ဖက်တစ်လမ်းမှ ငွေကုန်ခြင်းကျ သက်သာမှုယ်ရာရှိကြောင်း စသည် ဖြင့်လည်း အာနွန်က ဆရာဝန်များအား ရှင်းပြခဲ့သည်။ သို့ဖြစ်ရာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ယင်းကိစ္စအတွက် လေကြောင်းကုမ္ပဏီသို့ ပြောပြထားပြီးဖြစ်၍ ဆရာဝန်များထံမှ လေယာဉ်စီးနှင်းနိုင်ကြောင်း ထောက်ခံချက်ရသည်နှင့် တစ်ပြိုင်နက် လေကြောင်းကုမ္ပဏီမှ အထူးလေယာဉ်ဖြင့် လိုက်ပါခွင့်ပြုမည်မှာ သေချာကြောင်း အာနွန်က ပြောပြခဲ့သည်။

တာလ်မီသည် မေလ ၁၉ ရက်နေ့ ညနေတွင် သကြားလုံးဘူးကြီးတစ်ဘူးနှင့်အတူ အာနွန်ထံ လာရောက်တွေ့ဆုံ၍ ထိုနေ့ညနှင့် နောက်တစ်နေ့ နံနက်အတွက် မည်သို့မည်ပုံ ရောဂါသက်သာဟန်ဆောင်ရမည်ဟူသော ကျွန်ုပ်တို့၏ ဆရာဝန်၏ ညွှန်ကြားချက်များကို ပြောပြခဲ့သည်။ ထို့ပြင် တာလ်မီက အာနွန်အား မိမိရောဂါ အခြေအနေအရ လေကြောင်းကုမ္ပဏီမှ အထူးလေယာဉ်ဖြင့် လိုက်ပါခွင့်ပြုရန် အသင့်ရှိနေကြောင်း၊ သို့သော် သက်ဆိုင်ရာ ဆေးရုံမှ ဆရာဝန်များက ခရီးသွားရန် သင့်တော်ကြောင်း တရားဝင်စာဖြင့် ရေးသားထားသည့် ခွင့်ပြုချက်လက်မှတ် ရရှိမှသာ ဖြစ်နိုင်မည်ဖြစ်ကြောင်း ဆရာဝန်များအား ပြောပြရန် မှာကြားခဲ့သည်။ သို့ပြင့် တာလ်မီ မှာကြားသည့်အတိုင်း အာနွန်က ပြောပြသောအခါ ဆေးရုံမှ ဆရာဝန်များက နောက်ထပ် တစ်စုံတစ်ရာ ရောဂါအခြေအနေ ဆိုးရွားလာခြင်းမရှိဘဲ နောက်တစ်နေ့နံနက်တွင် စမ်းသပ်စစ်ဆေးကြည့်ရှုရာ၌ စိတ်ကျေနပ်လောက်ဖွယ်ရာ တွေ့ရှိပါက ဆေးရုံမှဆင်းခွင့်နှင့် လေယာဉ်ဖြင့် ခရီးသွားလာခွင့်အတွက် ထောက်ခံစာ ရေးသားပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့ကြသည်။ သို့ဖြင့် နောက်တစ်နေ့နံနက်တွင် တာလ်မီသည် ကျွန်ုပ်ထံသို့ 'လူနာ'၏ ရောဂါအခြေအနေ အစီရင်ခံစာကို ယူလာခဲ့သည်။ ယင်းအစီရင်ခံစာတွင် "ယမန်နေ့ညက လူနာသည် ကောင်းစွာအိပ်နိုင်၍ ယနေ့နံနက် အိပ်ရာထတွင် ရွှင်လန်း၍ အားအင်ပြည့်ဝနေကြောင်း" ပါရှိသည်။ သို့ဖြစ်ရာ ယခုအခါ အရာရာသည် ယနေ့နံနက်ပိုင်း စမ်းသပ်စစ်ဆေး တွေ့ရှိချက်ပေါ်တွင် မူတည်နေပြီဖြစ်သည်။ အကယ်၍ အခြေအနေ ကောင်းမွန်ချောမောပါက လူနာသည် အချိန်မီ ဆေးရုံမှ ဆင်းခွင့်ရတော့မည်ဖြစ်သည်။

❒

ထိုနေ့နံနက်က ဂိုလမ်သည်လည်း ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံခဲ့သည်။ ကျွန်ုပ်က ဂိုလမ်အား အကယ်၍ အစစ အားလုံးအဆင်ပြေမည်ဆိုပါက အိုက်ခ်မန်းအား ဂိုလမ်၏ မှတ်ပုံတင်ကို အသုံးပြု၍ လေယာဉ်အမှုထမ်းအဖြစ် ဟန်ဆောင်ကာ အာဂျင်တီးနားမှ ခေါ်ထုတ်သွားရန် စီစဉ်ထားကြောင်း၊ သို့သော် ဤအစီအစဉ်





နှင့် ပတ်သက်၍ နောက်ဆုံးပိတ် အသေးစိတ် လုပ်ဆောင်ချက်များ မပြီးစီးသေးသဖြင့် သူ့အား မြို့ထဲသို့တစ်ပတ်လှည့်လည် ကြည့်ရှုရန်နှင့် ညနေပိုင်းတွင်မှ တစ်ဖန် ကျွန်ုပ်နှင့် ထပ်မံတွေ့ဆုံရန် ပြောပြလိုက်ရသည်။

ဤအတောအတွင်း 'နန်းတော်' အဆောက်အအုံမှ အခြေအနေ အစီရင်ခံစာမှာ အထူးပင် အားရစရာကောင်းနေသည်။ ယမန်နေ့ညက တစ်စုံတစ်ရာ ထူးထူးခြားခြား ဘာတစ်ခုမှ မဖြစ်ပွားဘဲ အိမ်အနီးအနား တစ်ဝိုက်တွင်လည်း မသင်္ကာစရာ လုံးဝမတွေ့ရဘဲ အေးအေးဆေးဆေးပင် ရှိခဲ့သည်ဟု သိရသည်။ အိမ်ထဲတွင် ရှိနေသော လူများမှာလည်း အားလုံး စိတ်ဓာတ်ကောင်းမွန်နေကြသည်။ အိုက်ခ်မန်းကိုယ်တိုင်မှာလည်း ယမန်နေ့ညက ကောင်းကောင်းအိပ်ခဲ့ရ၍ သူ့အတွက် အစားအစာများမှာလည်း ဆရာဝန် ညွှန်ကြားထားသည့်အတိုင်း ပြင်ဆင်ကျွေးမွေးခဲ့သည်ကို သိရသည်။ ယင်းအစားအစာများမှာ နောက်တစ်နေ့တွင် ကျွေးမွေးရန် စီစဉ်ထားသည့် အစားအစာများနှင့် သင့်တော်ကိုက်ညီမည့် အစားအစာများပင်ဖြစ်သည်။ ထို့နောက် ဆရာဝန်က အိုက်ခ်မန်းအား နောက်တစ်ကြိမ် အသေးစိတ်ထပ်မံ၍ စစ်ဆေးကြည့်ရှုပြီးနောက် သူသည် ခရီးရှည် လေယာဉ် စီးနိုင်သည့် ကျန်းမာရေးအခြေအနေ ပြည့်စုံလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တစ်ဖန် လေဆိပ်မှ အခြေအနေသတင်းများမှာလည်း အားလုံးစိတ်ကျေနပ်စရာ ရှိနေခဲ့သည်။ အထူးလေယာဉ်မှာ အကောင်းဆုံးအခြေအနေတွင် ရှိနေသည်။ လွန်ခဲ့သည့်ညကအထိ ကျွန်ုပ်တို့၏ဘရစ်တိန်နီးယား လေယာဉ်ကြီးအား အာဏာပိုင်များနှင့် အခြားသူများက တစ်စုံတစ်ရာ မသင်္ကာဖြစ်မှုများ လုံးဝမရှိခဲ့ဟု သိရသည်။

တာလ်မီက သတင်းစာများတွင် ရေးသားဖော်ပြထားချက်များအရ အာဂျင်တီးနား လွတ်လပ်ရေးအောင်ပွဲမှာ အရှိန်အဟုန် ကြီးမားစွာဖြင့် ဆင်နွှဲနေပြီဖြစ်၍ သက်ဆိုင်ရာ အာဏာပိုင်များသည် အစိုးရဆန့်ကျင်သည့် အဖွဲ့များ၏ စီတန်းလှည့်လည်ခြင်းများနှင့် တစ်စုံတစ်ရာ ရန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားမည်ကို အထူးစိုးရိမ် သတိထားနေကြကြောင်း ပြောပြခဲ့သည်။ သို့ဖြစ်ရာ လုံခြုံရေး အစီအစဉ်များအားလုံး အသင့်ပြုလုပ်ထားကြပြီး တပ်မတော်နှင့် ရဲအဖွဲ့မှလည်း လမ်းများအားလုံးတွင် လှည့်လည်စစ်ဆေးလျက် ရှိနေကြသည်။ သို့သော် ကျွန်ုပ်တို့ ဖမ်းဆီးရမိထားသည့် ကလိုမင့်နှင့် ပတ်သက်၍မူ သတင်းစာများတွင် တစ်လုံးတစ်ပါဒမျှ ရေးသားဖော်ပြခြင်း မရှိသေးသည်ကို တွေ့ရသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲပိုင်းတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ လှည့်လည်လှုပ်ရှားနေသည့် ဌာနချုပ်များကို စစ်ဆင်ရေး၏ သေရေးရှင်ရေး အဆုံးအဖြတ်ပေးမည့် နေရာဖြစ်သော လေယာဉ်ကွင်းနှင့် တဖြည်းဖြည်း နီးသည်ထက်နီးအောင် တိုး၍တိုး၍ ရွေ့လာခဲ့သည်။

လေယာဉ်ကွင်းတွင် လေယာဉ်များ အစုလိုက်အပြုံလိုက် ရောက်ရှိနေကြပြီး လူအများဖြင့် ကြိတ်ကြိတ်တိုးလျက် ရှိနေကြသည်။ တပ်မတော်သားများနှင့် ရဲသားများသည်လည်း မိမိတို့ အာဂျင်တီးနား ပြည်သူများအား သက်ဆိုင်ရာ အစိုးရများ၏ ချစ်ကြည်ရင်းနှီးမှုများကို ပြသရန် ရောက်ရှိလာကြမည့် နိုင်ငံတကာမှ အရေးကြီးသော ဧည့်သည်တော်များ ဆိုက်ရောက်လာကြမည့် အချိန်ကို စောင့်မျှော်ကြိုဆိုလျက် ရှိနေကြသည်။ တစ်ချိန်တည်းတွင် အာဂျင်တီးနားအစိုးရ ထိပ်တန်းအဖွဲ့ဝင်များသည်လည်း အရေးကြီးသော ပုဂ္ဂိုလ်များကို ကြိုဆိုရန် ရောက်ရှိနေကြပြီး ဧည့်သည်တော်ကြီးများနှင့် ကြိုဆိုဧည့်ခံရေးအဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် ရောမ တပ်ဖွဲ့များသည်လည်း အသင့်စောင့်ကြပ်လျက်ရှိနေကြသည်။

ကျွန်ုပ်သည် စောစောပိုင်းက လေဆိပ်အတွင်းရှိ ခရီးသည်များ နားနေသည့် ခန်းမဆောင်ထဲတွင် နားနေရန် စီစဉ်ခဲ့သည်။ သို့သော် ထိုခန်းမဆောင်ထဲမှ ရောမလူအုပ်ကြီးထဲတွင် မည်သည့်နည်းနှင့်မဆို တစ်စုံတစ်ရာ ထူးခြားသည့် လက္ခဏာများကို စောင့်ကြည့်နေကြမည့် လျှို့ဝှက်စုံထောက်များ ရှိနေလိမ့်မည်ဟု တွက်မိသည်။ အမှန်စင်စစ် ခရီးသည်များ နားနေသည့် ခန်းမဆောင်ထဲတွင် မည်သူမဆို ခေတ္တခဏ အပန်းဖြေနေလေ့ရှိသည်မှာ အထူးအဆန်း မဟုတ်သော်လည်း လုံခြုံရေးတာဝန် ကျနေကြသည့် လျှို့ဝှက်စုံထောက်များသည် ယနေ့အဖို့ရာ၌ ခါတိုင်းထက်ပို၍ သတိရှိနေကြမည်ဖြစ်ရာ သူတို့မျက်စိအောက်တွင် အရဲစွန့်ပြီး ပေါ်ထင်ကြီး သွားမနေသင့်ဟု စဉ်းစားမိသည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် လေဆိပ်အဆောက်အအုံများထဲတွင် ဟိုဟိုသည်သည် လှည့်လည်သွားလာရင်း ကျွန်ုပ်၏လူများနှင့် တွေ့ဆုံရမည့်နေရာကို ရှာဖွေနေခဲ့သည်။ အထူးသဖြင့် လုံခြုံရေးအတွက် စိတ်ချရမည့် နေရာရရှိရန် အရေးကြီးနေသည်။ သို့သော် ခရီးသည်များ နားနေသည့် ခန်းမဆောင်များမှာ တစ်ပုံစံတည်း တင်းမျိုးတည်းဖြစ်နေခဲ့သည်။ ခန်းမဆောင်အားလုံးမှာ ခရီးသည်များနှင့်တကွ လိုက်လံပို့ဆောင်နေသူများနှင့် လာရောက်ကြိုဆိုသူများဖြင့် ကြိတ်





ကြိတ်တိုးလျက် ရှိနေကြသည်။ ကံအားလျော်စွာ အဆောက်အအုံများနှင့် တစ်ဆက်တည်းရှိနေသော ဆောင်တွဲအဆောင်များမှ လေဆိပ်အမှုထမ်းများအတွက် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင် အခန်းကျယ်ကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရသည်။ ထိုအခန်းကြီးမှာ ရိုးရိုးနှင့် ရှင်းရှင်းကလေး ဆောက်လုပ်ထား၍ ခရီးသည်များအတွက် နားနေစရာ ခန်းမဆောင်များထက် ပို၍ သားသားနားနားရှိပြီး ရောင်းချသည့် အစားအစာများမှာလည်း သက်သက်သာသာနှင့် ဈေးချိုလှသည်။

စားသောက်ဆိုင်ထဲတွင် အရပ်သူ အရပ်သားများ၊ စစ်သားများ၊ ရဲသားများဖြင့် ပြည့်ကျပ်နေကြပြီး မိမိတို့ တာဝန်မှ အားလပ်ခွင့်ရသည့် အချိန်ကလေးတွင် အပြင်ဘက်မှ အေးချမ်းလှသည့် မိုးရာသီဒဏ်ကို အကာအကွယ်ယူရင်း တစ်စုံတစ်ရာ ဝင်ရောက်စားသောက်ကာ ခေတ္တအနားယူနေကြခြင်းဖြစ်သည်။ အခန်းထဲတွင် လေထုမှာ သိပ်သည်းလှ၍ မီးခိုးများဖြင့် မွန်နေပြီး လူသံသူသံများဖြင့် ဆူညံလျက်ရှိနေသည်။ ကျွန်ုပ်သည် စားပွဲလွတ်တစ်လုံးကို ရှာကြည့်သော်လည်း လုံးဝမတွေ့ရဘဲ စားပွဲအားလုံးတွင် လူများရှိနေကြသည်။ ထို့ပြင်မက လူတော်တော်များများမှာ နေရာမရသဖြင့် မတ်တတ်ရပ်ကာ စားပွဲများတွင် ထိုင်စရာ ရလိုရငြား စောင့်နေကြသည်ကို တွေ့နေရသည်။ စားပွဲများအကြားတွင် တံခါးပေါက်များမှ ဝင်ထွက်လှုပ်ရှား သွားလာနေကြသည့် လူများဖြင့် အဆက်မပြတ်အောင် ရှိနေကြသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ စစ်ဆင်ရေးဌာနချုပ်အဖြစ် ဤနေရာသည် အသင့်တော်ဆုံး နေရာမှန်ဖြစ်သည်ဟု ယူဆသတ်မှတ်လိုက်သည်။ ဤမျှလောက် လူဝင်လူထွက်များဖြင့် အဆက်မပြတ် ဝင်သူကဝင်၊ ထွက်သူကထွက်၊ စားပွဲများ၌ထိုင်သူကထိုင်၊ မတ်တတ်ရပ်သူရပ်၍ လှုပ်ရှားပြည့်ကျပ်နေသော ဤလူအုပ်ကြီးကို မည်သူတစ်ဦးတစ်ယောက်ကမျှ သတိပြု၍ စောင့်ကြည့်နေလိမ့်မည်မဟုတ်ဟု ယူဆရသည်။ သို့သော် ဤနေရာတွင် စားပွဲတစ်လုံးရအောင် မည်သို့အကြံအဖန် လုပ်ရပါမည်နည်း။ သို့ဖြင့် ကျွန်ုပ်သည် ယူနီဖောင်းဝတ်များ၊ ရုံးအမှုထမ်းဝတ်စုံများ၊ စက်ပြင်ဆရာဝတ်စုံများဖြင့် အခန်းကျယ်ကြီးထဲတွင် လှည့်လည်သွားလာကာ စားပွဲလွတ်များကို ရှာဖွေနေကြသည့် လူတန်းကြီးနောက်မှ ဝင်၍ တန်းစီလိုက်ရသည်။ အချို့သောလူများမှာမူ လောလောဆယ် စားပွဲတွင်ထိုင်၍ စားသောက်နေကြသူများထဲမှ မကြာမီ ထသွားကြတော့မည့် အရိပ်အယောင်ရှိသူများ၏ စားပွဲအနီးတွင် မယောင်မလည်ရပ်၍ စောင့်နေကြသည်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စားပွဲတစ်ခုစုမှ တစ်ယောက်ယောက် ထလိုက်သည်နှင့်တစ်ပြိုင်နက် ဘေးနားအမှ စောင့်နေသူများသည် ထိုနေရာတွင် ပျာယီးပျာယာ မဆိုင်းမတွ ဝင်ဆိုင်လိုက်ကြသည်။

သို့ဖြင့် ဤပုံဤနည်းအရ ကျွန်ုပ်သည် အသားမုန့်များကို အားရပါးရ စားနေကြသည့် စစ်သားတစ်စု၏ စားပွဲတွင် ထိုင်စရာတစ်နေရာ ရလာခဲ့သည်။ ကျွန်ုပ်၏ စားပွဲမှလူများမှာ အထက်တန်းလွှာများ ဖြစ်ဟန်တူ၍ သူတို့၏ ယဉ်ကျေးမှု သိမ်မွေ့မှုများမှာ စံပြုလောက်အောင်ပင် ရှိနေခဲ့သည်။

ကျွန်ုပ်၏ နေရာသစ်သို့ ပထမဆုံး လာရောက်၍ ကျွန်ုပ်နှင့် တွေ့ဆုံသူသည် ကျွန်ုပ်နှင့် စကားပြောရာ၌ ဘေးပတ်ဝန်းကျင်မှ ဆူညံနေသော အသံဗလံများကိုကျော်၍ တစ်ယောက်စကားကို တစ်ယောက် ကြားနိုင်ရန် ကျွန်ုပ်၏ဘေးမှ ရပ်၍ ကုန်းကာပြောခဲ့ရသည်။ သို့သော် ကျွန်ုပ်တို့နှစ်ယောက် ထိုသို့စကားပြောနေကြသည်ကို မည်သူကမျှ ဂရုမစိုက်ဘဲ ရှိနေခဲ့ကြသည်။ ထို့အပြင် အတော်ကလေး အချိန်ကြာသွားသောအခါ ကျွန်ုပ်၏ ဘေးတွင်ရပ်၍ ကျွန်ုပ်နှင့် စကားပြောသူများမှာ တဖြည်းဖြည်း များသည်ထက် များလာခဲ့သည်။ ဤအတောအတွင်း စားပွဲတစ်လုံးတွင် လူမရှိတော့ဘဲ နေရာလွတ်သွားခဲ့ရာ ကျွန်ုပ်တို့သည် အခြားလူများ လုံးဝဝင်မထိုင်နိုင်အောင် ချက်ချင်းပင် ထိုစားပွဲကို သိမ်းပိုက်လိုက်ကြသည်။ သို့ဖြင့် ထိုစားပွဲသည် ကျွန်ုပ်တို့လက်တွင်းသို့ ရောက်ရှိလာခဲ့သည် ဖြစ်ရာ ထိုအချိန်မှစ၍ ကျွန်ုပ်တို့သည် ထိုစားပွဲမှ နေရာတစ်နေရာကိုသော်မျှ လက်လွှတ်ဆုံးရှုံးခြင်း မရှိလေရအောင် အထူးသတိထားခဲ့ကြရသည်။ ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် ဘေးနားမှ စားပွဲသို့ ကျွန်ုပ်တို့စားပွဲမှ ကုလားထိုင်များပင် မျှပေးနိုင်ခဲ့ကြသည်။ သို့သော် ထိုစားပွဲမှ လူများမှာလည်း ကျွန်ုပ်တို့လူများပင် ဖြစ်ရာ ကျွန်ုပ်တို့၏ အခြားလူတစ်ယောက်အတွက် ကုလားထိုင်အလွတ်တစ်လုံး ထိုးသေးနိုင်သည့် အခြေအနေမျိုး မပေါ်ပေါက်မချင်း မိမိ၏ လက်ရှိကုလားထိုင်မှ မထဘဲ ထိုင်နေခဲ့သည်။ ကျွန်ုပ်သည် စစ်ဆင်ရေးနှင့် ပတ်သက်သည့် အဆုံးအဖြတ်များကို ထိုနေရာမှာပင် အပြီးသတ် လုပ်ဆောင်ခဲ့သည်။

❒

**ကီဒမ်သည်** ကျွန်ုပ် ဖွင့်လှစ်တည်ထောင်လိုက်သော ဤဌာနချုပ်အသစ်သို့ **ပထမဆုံး** ရောက်လာသူတစ်ဦးပင်ဖြစ်သည်။ ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ စစ်ဆင်ရေးနှင့် ပတ်သက်၍ အဖြစ်အမှန်ကို လေယာဉ်အမှုထမ်းများအား ဖွင့်ဟပြောကြား





အသိပေးခဲ့ပြီးသည့်နောက် ၎င်းတို့၏ တုံ့ပြန်ချက် များ မည်သို့မည်ပုံ ရှိသည်များကို ကီဒမ်အား မေးကြည့်ခဲ့သည်။ ဤတွင် သူ၏ ပြောပြချက်အရ အထူးလေယာဉ်ပျံသန်းမှုသည် နာဇီ စစ်ရာဇဝတ်ကောင်များနှင့် ပတ်သက်လိမ့်မည်ဟု အချို့သောလေယာဉ်အမှုထမ်းများက ခန့်မှန်းတွက်ဆခဲ့ကြပြီး ဤစစ်ဆင်ရေး၏ နောက်ဆုံးအပြီးသတ် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များတွင် ပါဝင်ထမ်းရွက်ကြရန် အထူးပင် စိတ်အားထက် သန်လျက်ရှိနေကြောင်း၊ သို့ဖြင့် သူတို့သည် ပေးအပ်သောတာဝန်ကို လိုအပ်သည်ထက် နှစ်မျှပို၍ ထမ်းဆောင်ရန် အသင့်ရှိနေကြသည်မှာ သံသယဖြစ်ရာ မလိုကြောင်း စသည်ဖြင့် သိလိုက်ရသည်။

ထို့နောက် ကျွန်ုပ်က လေယာဉ်အမှုထမ်းများနှင့် ပတ်သက်၍ သတ်မှတ်ပေးထားသည့် အချိန်အတိုင်း အတိအကျ လုပ်ဆောင်ကြလိမ့်မည်ဟု ယုံကြည်စိတ်ချရန် အကြောင်းရှိမရှိ မေးမြန်းကြည့်ခဲ့ရာ ကီဒမ်က အချိန်နောက်ကျမှုများ၊ ကိုယ်ရေးကိုယ်တာ ပြဿနာများနှင့် အလားတူ ချို့ယွင်းချက်များအတွက် ကျွန်ုပ်အနေဖြင့် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြရန် မလိုကြောင်းနှင့် လေယာဉ်အမှုထမ်းများမှာ မူလကပင် လက်ရွေးစင်များကို ဒေါင်ဒေါင်မြည် ရွေးချယ်ထားခဲ့ခြင်းဖြစ်၍ စစ်ဆင်ရေး အစီအစဉ်များ တိမ်းစောင်းပျက်ပြားသွားရန် လုံးဝအကြောင်းမရှိကြောင်း အတိအလင်း ပြောကြားခဲ့သည်။

ထို့နောက် စောစောပိုင်းက ကျွန်ုပ် စီစဉ်ရေးဆွဲထားသည့် စစ်ဆင်ရေးအစီအစဉ်များကို နောက်တစ်ကြိမ် ထပ်မံလေ့လာ ဆန်းစစ်ကြည့်ခဲ့ကြရာ လောလောဆယ် ဖြစ်ပေါ်တွေ့ရှိနေသည့် အခြေအနေတစ်ရပ်ရပ်ကို ကြည့်ရခြင်းအားဖြင့် အစီအစဉ်အားလုံး ချောချောမောမောဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်လိမ့်မည်ဟူ၍ ကီဒမ်က သူ့ယုံကြည်ချက်ကို တင်ပြခဲ့သည်။

ထို့ပြင် ကျွန်ုပ်က လေယာဉ်၏ အင်ဂျင်စက်ကို စတင်နှိုးရမည့် အမှုထမ်းများနှင့် လေယာဉ်ပြေးလမ်းကြောင်းထိပ်ဝသို့ လိမ့်လာရာ၌ ထုံးစံအတိုင်း လိုအပ်သည့် စစ်ဆေးမှုများနှင့် ပတ်သက်သည့် အခြေအနေများကို စုံစမ်းမေးမြန်း ကြည့်ခဲ့သည်။ တစ်ဖန် မိမိတို့လေယာဉ်သည် မည်သည့်အခြေအနေနှင့် မည်သည့်အချိန်တွင် အကောက်ခွန်ဌာနနှင့် နယ်ခြားဘက်ဆိုင်ရာ ထိန်းချုပ်မှုလက်အောက်မှ လွတ်ကင်းမည်ကိုလည်း ကျွန်ုပ် သိလိုသေးသည်။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် မြေပြင်တွင် ကျန်ရှိနေသည့် လေယာဉ်အမှုထမ်းများအား တင်ဆောင်လာသည့် မော်တော်ကားနှင့် ဘတ်စကား အသေးစားကလေးတို့သည် အိုက်ခ်မန်းပါလာသည့် ကားမရောက်မချင်း ကားရပ်ပွင့်ပြသည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ဆောင့်နေရန်နှင့် အိုက်ခ်မန်းပါလာသည့် အဆိုပါကား ရောက်လာမှ ကားသုံးဦးစလုံးပေါင်း၍ လေယာဉ်ဆိုက်ကပ် ရပ်နားထားသည့်နေရာသို့ မောင်းလာကြရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုသို့ ကားသုံးစီး စီတန်း၍ မောင်းလာကြရာ၌ အစောင့်များ၏ လုပ်ဆောင်မှုနှင့် သတိရှိမှုကို သွေးတိုးစမ်းသည့်အနေဖြင့် လေယာဉ်အမှုထမ်းများ စီးနင်းလိုက်လာသည့်ကားကို ရှေ့ဆုံးမှ ခေါင်းဆောင်၍ မောင်းလာစေရန် သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်တွင် ကားပေါ်၌ပါလာသော လေယာဉ်အမှုထမ်းများသည် ပျော်ပျော်ရွှင်ရွှင် ဆူဆူညံညံရှိနေစေရန် ကျွန်ုပ်က မှာကြားခဲ့ရသည်။ သို့ဖြင့် သူတို့တစ်တွေသည် အားလပ်ရက် ရထားသည့်အနေအထားမျိုး ပေါ်ပေါက်လာမည်ဖြစ်သည်။

ထို့နောက် စက်ကိရိယာများကို စစ်ဆေးခြင်းနှင့် လောင်စာဆီများ ဖြည့်ခြင်း စသည်များမှာ လေယာဉ်အမှုထမ်းများ ရောက်မလာမီ အားလုံးပြီးစီးနေရမည့်ပြင် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို တင်ဆောင်ရာ၌လည်း တစ်စက္ကန့်မျှ အချိန်မဖြုန်းဘဲ အားလုံးအချိန်မီ ပြီးစီးနေရန်လည်း မှာကြားခဲ့ရသည်။

ဤတွင် ကိစ္စအားလုံး ရှင်းလင်းပြီးဖြစ်သွားရန်အတွက် ပြဿနာတစ်ခုသာ ကျန်တော့သည်။ ယင်းပြဿနာမှာ ဤစစ်ဆင်ရေးနှင့် တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်၍ ဆက်စပ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ဖြစ်ပုံမှာ မကျန်းမမာဖြစ်နေ၍သော်လည်းကောင်း၊ အခက်အခဲတစ်ခုခုကြောင့်သော် လည်းကောင်း အာဂျင်တီးနားနိုင်ငံတွင် သောင်တင်နေကြသည့် အစ္စရေးအမျိုးသား အချို့ထံမှ ၎င်းတို့အား အထူးလေယာဉ်ဖြင့် အစ္စရေးသို့ အခမဲ့ စီးနင်းလိုက်ပါခွင့်ပြုပါရန် ဒေသဆိုင်ရာ လေကြောင်းဌာနသို့ လျှောက်လွှာများတင်လာကြသည့် ကိစ္စပင်ဖြစ်သည်။ သို့ဖြစ်ရာ ကီဒမ်သည် အဆိုပါလျှောက်လွှာရှင်များနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဖြေရှင်းရမည်ကို ကျွန်ုပ်ထံမှ အဖြေလိုချင်နေသည်။ ဤတွင် ကျွန်ုပ်က အထူးသဖြင့် မမာမကျန်းဖြစ်နေသူများအတွက် အထူးဝမ်းနည်းစွာဖြင့် ဤကိစ္စကို ဆောင်မခံနိုင်ကြောင်း ငြင်းဆိုလိုက်ရသည်။

ဤနေရာတွင် ဤသို့သော ခရီးသည်များကို လိုက်ပါစီးနင်းခွင့်ပြုမည်ဆိုပါက လေယာဉ်ထွက်ခွာ ပျံသန်းရာ၌ နှောင့်နှေးကြန့်ကြာမှု ဖြစ်လာမည့်အပြင် အခြားသော အဟန့်အတားများလည်း ဖြစ်လာမည်ကို ကျွန်ုပ် အထူးနိုးနိုးကြားကြားရှိသောကြောင့်ဖြစ်သည်။ ထိုမှတစ်ပါး ယခုကဲ့သို့ စစ်ဆင်ရေးအရ ပျံသန်းရမည့် လေယာဉ်ပေါ်တွင် မဆိုင်သည့်လူတစ်ယောက်ကို တင်ဆောင်လာခြင်းဖြင့် လုံခြုံရေးအရ အန္တရာယ်ဖြစ်လာနိုင်ရုံမျှမက ထုံးတမ်းစဉ်လာအရ လုပ်ဆောင်





ရမည့် အလုပ်များ ပိုမိုများပြားလာစရာ ရှိသည်ကိုပါ အထူးသတိပြုရန် ရှိနေသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ဤနေရာတွင် လေကြောင်းကုမ္ပဏီအား ကိုယ်ချင်းစာနာစိတ် မရှိဟူ၍ မတရား ဝေဖန်ပြောကြားလာကြမည့်အရေးကို ရှောင်ရှားသည့်အနေဖြင့် တဲလ်အဗစ် (အစ္စရေး)မှ ညွှန်ကြားချက်အရ ဤလေယာဉ်သည် နောက်ဆုံးအချိန်တွင်မှ ကပ်၍ အခြားခရီးစဉ်ဖြင့် ပြောင်းလဲပျံသန်းရန် အကြောင်း ပေါ်ပေါက်လာကောင်း ပေါ်ပေါက်လာဖွယ်ရာ ရှိနေသဖြင့် လစ်ဒါ (အစ္စရေး) လေဆိပ် သို့မဟုတ်ဘဲ အခြားလေဆိပ်တစ်ခုခုသို့ ဦးတည်ပျံသန်းသွားရလိမ့်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ လျှောက်လွှာရှင်များအား ရှင်းလင်းပြောပြရန် ကီဒမ်အား မှာကြားခဲ့ရသည်။

❐

ဤအတွင်း စက်ပြင်ဆရာ ဂတ္တမန်းနှင့် လျှပ်စစ်ဘက်ဆိုင်ရာ တာဝန်ခံနဂ္ဂဘီတို့သည် ခရီးရှည်ပျံသန်းရန်အတွက် လေယာဉ်ကြီးအား တစ်နေ့လုံး ပြုပြင်မွမ်းမံခဲ့ကြရသည်။ သူတို့သည် လိုအပ်သမျှကို စစ်ဆေးကြည့်ရှုခဲ့ကြပြီး နောက်တစ်ဖန် ထပ်မံစစ်ဆေးခဲ့ကြသည်။ သို့သော် တစ်စုံတစ်ရာ အပြစ်အနာအဆာမတွေ့ရဘဲ ရှိခဲ့ကြသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ကီရန်သည် သူတို့နှင့် လာရောက်ပူးပေါင်းခဲ့သည်။ သူတို့နှစ်ယောက်စလုံးက ကီရန်သည် လေယာဉ်ကို စစ်ဆေးမွမ်းမံ ပြုပြင်ရာ၌ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာ ကြည့်ရှုခွင့်ရထားသည့် လူတစ်ယောက်ဖြစ်ကြောင်း သိရှိထားကြပြီးဖြစ်သည်။

ကီရန်က သူတို့နှစ်ယောက်အား မေးခွန်းအမြောက်အမြား မေးမြန်းခဲ့ရာ မေးသမျှ မေးခွန်းအားလုံးသည် အရေးကြီးသည့် မေးခွန်းများဖြစ်ကြောင်း ဂတ္တမန်း သိလိုက်သည်။ သို့သော် ဤမျှလောက် အဘက်ဘက်က တတ်သိနားလည်ထားသည့် ထူးဆန်းသော ဤပုဂ္ဂိုလ်သည် မည်သို့သော ရည်ရွယ်ချက်ဖြင့် ဤသို့သော မေးခွန်းများ မေးနေသည်ကို မစဉ်းစားတတ်အောင် ဖြစ်မိသည်။

ညနေစောင်းသို့ ရောက်လာသောအခါ ဂတ္တမန်းသည် ကီရန်၏ ခိုင်းစေချက်အရ လေယာဉ်ရှိရာသို့ ပြန်ချည်သွားချည်ဖြင့် အကြိမ်ကြိမ် ဝင်လိုက်ထွက်လိုက် လုပ်နေခဲ့ရသည်။ ဤသည်မှာ အဝင်အထွက် စစ်ဆေးသည့်နေရာ၌ လေယာဉ်အဖွဲ့ဝင်တစ်ယောက်အဖြစ် မျက်မှန်းတန်းမိနေစေရန်ဖြစ်သည်။ သို့ဖြင့် သူသည် လေယာဉ်ရှိရာသို့ အဝင်အထွက် အကြိမ်ကြိမ်လုပ်ခဲ့ပြီးနောက် [illegible] ထားသည့်အတိုင်း စစ်ဆေးသည့် အစောင့်များသည် နောက်ပိုင်းတွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်းတန်းမိနေသဖြင့် သူ့ထံမှ ထောက်ခံစာများကို တောင်းမကြည့်တော့ဘဲ လွတ်လပ်စွာ ဝင်ထွက်သွားလာခွင့် ပြုလာခဲ့ကြသည်။

ထိုသို့ ထူးခြားဆန်းကြယ်စွာ လုပ်ကိုင်ခဲ့ရပြီး နောက်ဆုံး၌ ဂတ္တမန်းသည် 'တစ်ခုခုတော့ တစ်ခုခုပဲ'ဟူ၍ ရိပ်စားလာမိသည်။ သို့သော် 'ဘာတစ်ခုခုမှန်း' မသိသေးဘဲ ဖြစ်နေခဲ့သည်။ ကီရန်ကလည်း မေးခွန်းများကို အဆက်မပြတ် မေးခဲ့ပြီး လေယာဉ်ဆောက်လုပ်ထားပုံကို အထူးစိတ်ဝင်စားသည့် လက္ခဏာများ ပြခဲ့သော်လည်း ဤစစ်ဆင်ရေး၏ အဖြစ်မှန်ကို လုံးဝမပြောဘဲ ထိန်ချန်ထားခဲ့သည်။ နောက်ဆုံး၌ ဂတ္တမန်းသည် ကီရန်အား လျစ်လျူရှုထားလိုက်ပြီး လေယာဉ်ကို လောင်စာဆီများ ဖြည့်နေခဲ့သည်။

❒

အာနွန်သည် သူ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဆေးစစ်ချက်၏အဖြေကို စောင့်စားရင်း စိတ်မရှည်နိုင်လောက်အောင် ဖြစ်နေခဲ့သည်။ သူသည် ထိုနေ့ ထိုရက်တွင်မှ သူ့အား ဆေးရုံမှ ဆင်းခွင့်ရရန် အရေးတကြီး ဖြစ်နေသည်ကို မစဉ်းစားတတ်အောင် ရှိနေခဲ့သည်။ သို့သော် သူသည် စဉ်းစားတွေးခေါ်တတ်သူ ပီပီ အလွန့်အလွန် အရေးကြီးသည့် လုပ်ငန်းကြီးတစ်ခုခု၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုသည် သူ့ကျန်းမာရေး အခြေအနေ လုံးဝကောင်းလာပြီဟူ၍ ဆေးရုံမှ ဆရာဝန်များ ယုံကြည်ထောက်ခံလာအောင် မိမိအနေဖြင့် မည်မျှစွမ်းဆောင်နိုင်သည်ဆိုသော အချက်ပေါ်တွင် မူတည်နေကြောင်း သဘောပေါက် နားလည်လာခဲ့သည်။

သို့ဖြင့် အာနွန်သည် သူ့အား ဆရာဝန်က သူ့ရုံးခန်းသို့ လာရန်ခေါ်လိုက်သောအခါ တာလ်မီက သူ့အား မှာကြားထားခဲ့သည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်နိုင်ခဲ့ခြင်း ရှိမရှိ ပြန်လည်စဉ်းစားနေမိသည်။ ထို့နောက် ရုံးခန်းထဲသို့ ဝင်သွားရာ၌ သူ့အား ပြုံးပြုံးကြီး ဆီးကြိုနှုတ်ဆက်လိုက်သည့် ဆရာဝန်၏ မျက်နှာကို အကဲခတ်လိုက်ရခြင်းအားဖြင့် အားလုံးအစစအရာရာ အဆင်ပြေသွားပြီဖြစ်ကြောင်း ကောင်းကောင်းကြီး သိသွားခဲ့သည်။ ဆရာဝန်သည် အာနွန်၏ ပခုံးကို လက်ဖြင့်သပ်ကာ မိမိတို့၏ ဆေးစစ်မှုမှာ ကျေနပ်အားရ လောက်ဖြစ်ကြောင်း ပြောလိုက်ပြီး မိမိတို့ဆေးရုံမှ အာနွန်အား ဆင်းခွင့်ပြုရန် နှင့် အစ္စရေးသို့ပြန်ရန် ထောက်ခံစာရေးပေးရန် အသင့်ရှိနေပြီဖြစ်ကြောင်း ပြောပြခဲ့သည်။





ဆရာဝန်သည် အာနွန်၏ဆေးစာကို အဆင်သင့်ပြင်ဆင်ပြီးဖြစ်နေရာ ၎င်းဆေးစာတွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့သည်။

**ရာဖဲလ်၏ ဆေးဘက်ဆိုင်ရာ**
**အကျဉ်းချုပ်မှတ်ချက်**

၁၉၆၀၊ မေလ ၁၇ ရက်နေ့တွင် အထက်ဖော်ပြပါပုဂ္ဂိုလ်သည် မော်တော်ကားတိုက်မှုဖြင့် ဒဏ်ရာရခဲ့သည်။ ထိုစဉ်က သူသည်မောင်းလာသော ကား၏နောက်ခန်းတွင် ထိုင်၍လိုက်ပါလာခဲ့ရာမှ ရုတ်တရက် ကားဘရိတ် ပေါက်သွားပြီး မတော်တဆ ကားချင်းတိုက်မှု ဖြစ်ပွားခဲ့ရာ သူသည် ကားရှေ့ခန်းသို့ အရှိန်ဖြင့် အားလွန်၍ ကျသွားခဲ့သည်။ ထို အချိန်တွင် သူ့ဦးခေါင်းတွင် တစ်စုံတစ်ရာ ဒဏ်ရာအထင်အရှား မရခဲ့ သော်လည်း သူသည် မိနစ်ပေါင်းများစွာ သတိမေ့သွားခဲ့သည်။ ထိုကား တိုက်မှု ဖြစ်ပွားပြီးနောက် သူသည် ၂၄ နာရီလုံးလုံး ဦးခေါင်းထဲတွင် မူးနောက် နေခဲ့သည်။ သို့သော် အော့ခြင်း၊ အန်ခြင်းများ လုံးဝမရှိခဲ့ပေ။ နောက်တစ်နေ့ မေလ ၁၈ တွင် ဦးနှောက်ကို စမ်းသပ်စစ်ဆေးကြည့် ရာ၌ ပုံမှန်အတိုင်း ရှိနေသည်ကို တွေ့ရသည်။ ဦးခေါင်းခွံကို ဓာတ်မှန် ရိုက်ကြည့်ရာတွင် လည်း တစ်စုံတစ်ရာ ထိခိုက်ကျိုးပဲ့ခြင်းများ မတွေ့ရဘဲ ရှိခဲ့သည်။ သို့ဖြင့် သူ့အား မေလ ၂၁ ရက်နေ့တွင် ဆေးရုံမှ ဆင်းခွင့် ပြုခဲ့သည်။ ဦးနှောက်ဘက်ဆိုင်ရာ စစ်ဆေးစမ်းသပ်ချက်အရ ပုံမှန်အတိုင်း ရှိခဲ့သည်။ ဤလူနာကို လေကြောင်းခရီးဖြင့် သွားလာရေးအတွက် တစ်စုံတစ်ရာ ကန့်ကွက်ပိတ်ပင်ရန် မရှိပါ။ သို့သော် ကားတိုက်မှု ဖြစ်ပွားရာမှ ထိခိုက်ခဲ့သော ဒဏ်ရာနှင့်ပတ်သက်၍ တစ်စုံတစ်ခု ဖြစ် ပွားလာပါက အမြန်ဆုံး စမ်းသပ်ကုသနိုင်ရန်အတွက် ဆေးစစ်မှုများကို ဆက်လက်ပြု လုပ်သွားရန် အကြံပြုအပ်ပါသည်။

အထက်ပါ ဆေးထောက်ခံချက်ရလျှင်ရချင်း အာနွန်သည် ဆေးရုံနှင့် မနီးမဝေး စားသောက်ဆိုင်တစ်ဆိုင်တွင် စောင့်နေသော တာလ်မီထံ ဖုန်းဆက်၍ မိမိအား ဆေးရုံမှ အမြန်ဆုံးလာခေါ်ရန် အကြောင်းကြားလိုက်သည်။ ထို့နောက် အာနွန်သည် ဆေးရုံမှ ဆရာ၊ ဆရာမများနှင့်တကွ သူနှင့် ခင်မင်ရင်းနှီးနေပြီ ဖြစ်သော လူနာများကိုပါ လိုက်လံနှုတ်ဆက်ခဲ့သည်။ ၎င်းတို့အားလုံးက သူ့အား ရောဂါ အမြန်ဆုံးပျောက်ကင်းအောင်နှင့် ခရီးသွားရာတွင် ခလုတ်မထိ ဆူးမငြိ စေရန် ဆုမွန်ကောင်းများ တောင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဆေးရုံသို့ တာလ်မီ ရောက်လာခဲ့သည်။ ထို့နောက် တာလ်မီနှင့် အာနွန်တို့သည် နှစ်ယောက်သား 'တောင်ကုန်းများ'ဟူ၍ အမည်ပေးထားသော လျှို့ဝှက်အိမ်သို့ ကားဖြင့်လာခဲ့ကြသည်။ အဆိုပါအိမ်ထဲသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် တာလ်မီသည် အာနွန်၏ စာရွက်စာတမ်းများကို ယူလိုက်ပြီး ဤစာရွက်စာတမ်းများကို ပြန်မရမချင်း၊ သို့မဟုတ် အခြားစာရွက်စာတမ်းများကို အစားမရမချင်း ဤအဆောက်အအုံ၏ အပြင်ဘက်သို့ လုံးဝမထွက်ရန် မှာကြားကာ အာနွန်အား နှုတ်ဆက်၍ ထွက်လာခဲ့သည်။

ထို့နောက် တာလ်မီသည် 'ခံတပ်'ရှိရာသို့ အပြေးအလွှား သွားရောက်ခဲ့သည်။ 'ခံတပ်' အဆောက်အအုံတွင် ဒန်နီအား စားပွဲပေါ်တွင် အိုက်ခ်မန်း၏ ဓာတ်ပုံများနှင့်အတူ တွေ့ရသည်။ ဒန်နီသည် ချက်ချင်း မဆိုင်းမတွ အာနွန်ယူလာသော စာရွက်စာတမ်းများတွင် အိုက်ခ်မန်း၏ ဓာတ်ပုံများကို တွဲပေးလိုက်သည်။

တာလ်မီသည် 'ခံတပ်'မှ ကျွန်ုပ်ရှိရာသို့ ကြာကြာမဆိုင်းဘဲ ရောက်လာခဲ့သည်။ ထိုအချိန်တွင် လေဆိပ် အဆောက်အအုံရှိ စားသောက်ဆိုင်မှ စားပွဲတစ်ခု၏ ပတ်ပတ်လည်၌ ကျွန်ုပ်နှင့် တွေ့လို၍ ကျွန်ုပ်ဘေးနားတွင် ကျွန်ုပ်၏လူများသည် ထိုင်စရာ နေရာလွတ်တစ်ခုရရန် မိုင်းစောင့်နေကြသည်ကို တာလ်မီ တွေ့ရသည်။ သူက အာနွန် ဆေးရုံမှ ဆင်းခွင့်ရပြီဖြစ်ကြောင်း ပြောပြကာ ဆရာဝန်များ၏ ထောက်ခံစာကို ကျွန်ုပ်အား ထုတ်ပြခဲ့သည်။ ကျွန်ုပ်က နောက်ထပ် ညွှန်ကြားချက်တစ်စုံတစ်ရာမရမချင်း အာနွန်ကို 'ခံတပ်'မှာပင်ထားရန် တာလ်မီအား ပြောကြားခဲ့သည်။ အကယ်၍ ကျွန်ုပ်တို့သည် ယခု တာလ်မီယူလာသော စာရွက်စာတမ်းများကို အိုက်ခ်မန်းအတွက် အသုံးပြုမည်ဆိုပါက ဒန်နီပြုလုပ်ထားသော စာရွက်စာတမ်းအတုများကို အာနွန်အား ပေးရမည်ဖြစ်သည်။ သို့မှသာ သူသည် အာဂျင်တီးနားမှ ချောချောရှုရှု ထွက်ခွာသွားနိုင်မည်ဖြစ်သည်။

သို့သော် ဤနေရာတွင် ကျွန်ုပ်တို့က သူ၏ စာရွက်စာတမ်းများကို အသုံးမပြုသည့်တိုင်အောင် အာနွန်သည် အာဂျင်တီးနားတွင် ကြာကြာနေရန် ဆောင်းတုနေမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မမျှော်လင့်ဘဲ တစ်နေ့နေ့ တစ်ချိန်ချိန် တင်နေရာရာတွင် သူ့အား ကုသပေးခဲ့သော ဆရာဝန်တစ်ယောက်ယောက်နှင့် ခေါက်တဆ တွေ့မည်စိုးရသောကြောင့်ဖြစ်သည်။ ဤအတွင်း တာလ်မီသည် အာနွန်ရှိရာ 'ထောင်ထဲ' (တောင်ကုန်းများ)သို့ သွားရောက်





တွေ့ဆုံ၍ ထိုနေရာမှ သူထွက်ခွာခွင့်မရမချင်း သူ့အတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ရိက္ခာများ အပြည့်အစုံရှိမရှိ လေ့လာကြည့်ရှုရမည်ဖြစ်သည်။

□

မင်ဂလီ စစ်ဆင်ရေးကို ဆင်နွှဲနေသော လာဗီသည် ချိန်းဆိုထားသည့်အချိန်ထက် နှစ်နာရီနောက်ကျနေပြီးမှ ရောက်လာခဲ့သည်။ ယင်းသို့ အချိန်နောက်ကျသွားသည့်အတွက် ကျွန်ုပ်တို့၏ နောက်ဆုံးအစီအစဉ်များ သတ်မှတ်ညွှန်ကြားရာ၌ အရေးကြီးသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ကို ကျွန်ုပ် အထူးစိုးရိမ်မိသည်။ ထို့ပြင် ဒေါက်တာမင်ဂလီသည် ကျွန်ုပ်တို့ စုံစမ်းလေ့လာနေသော အိမ်တွင် ယခုအထိ ရှိနေလိမ့်ဦးမည်ဟု ယူဆကာ သူ့အား လက်ရဖမ်းဆီးရေးအတွက် တစ်မျိုးတစ်ဖုံ ပြောင်းလဲစီစဉ်ထားသော အစီအစဉ်များ အကြီးအကျယ် အခက်အခဲတွေ့လာဖွယ်ရာ ရှိမည်ကိုလည်း စိုးရိမ်မိသည်။

သို့ဖြင့် နောက်ဆုံး၌ လာဗီရောက်လာသောအခါ သူ့မျက်နှာကို မြင်လိုက်ရုံမျှဖြင့် အခြေအနေ သိပ်မဟန်ကြောင်း ရိပ်စားမိလိုက်သည်။ သူက ဖြစ်ပျက်ခဲ့သမျှကို ပွင့်ပွင့်လင်းလင်းပင် ပြောပြခဲ့ရာ သူသည် မင်ဂလီရှိနေသည်ဟု ယူဆရသော အိမ်ထဲသို့ ဝင်ခွင့်ရဖို့အတွက် ပစ္စည်းတစ်ခုခု ဟန်ဆောင်သွားပေးရန် မူလက စီစဉ်ထားခဲ့သည်ကို မလုပ်တော့ဘဲ ပယ်ဖျက်ပစ်လိုက်သည်။ ယင်းသို့ လုပ်ဆောင်နေပါက အဖိုးတန်သည့် အချိန်များကို ဖြုန်းတီးပစ်ရာ ရောက်နေမည်ဖြစ်၍ အခြားတစ်နည်းတစ်လမ်းဖြင့် ကြိုးပမ်းရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်ရာ သူသည် တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို အထူးဂရုစိုက်၍ နေရပ်လိပ်စာများကို စိတ်ရှည်လက်ရှည် မွှေနှောက်ရှာဖွေခဲ့ရာ နောက်ဆုံး၌ မင်ဂလီရှိနေသည်ဟု ယူဆရသော အိမ်ရှင်အမည်နှင့် ဖုန်းနံပါတ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ သူသည် ချက်ချင်းပင် ထိုဖုန်းနံပါတ်ကို အသုံးပြု၍ အိမ်ရှင်နှင့် စကားပြောရန် ကြိုးစားခဲ့သည်။ သို့သော် တစ်ဖက်မှ တယ်လီဖုန်းကိုင်သည့် အမျိုးသမီးသည် စပိန်ဘာသာစကား လုံးဝမပြောတတ်ဘဲ ဖြစ်နေသည်။ သို့ဖြင့် သူတို့နှစ်ယောက်စလုံး ပြောတတ်သည့် အင်္ဂလိပ်စကားဖြင့် ပြောခဲ့ကြရာ သူမ၏ လေယူလေသိမ်းနှင့် ပြောဟန်ဆိုဟန်ကိုထောက်၍ သူမသည် အမေရိကန်အမျိုးသမီးတစ်ယောက် ဖြစ်ဟန်တူပြီး ဤနိုင်ငံသို့ ယခင်က ရောက်ဖူးဟန်မတူပေ



www.burmeseclassic.com

www.burmeseclassic.com



ယူဆရသည်။ အထူးသဖြင့် သူမ၏ စကားပြောသံအရ မည်သည့်နည်းနှင့်မျှ ဂျာမန်အဆက်အနွယ်မဟုတ်သည်မှာ သေချာသည်။ ထို့ပြင် သူမသည် သူမ၏ အခြေသတို့လည်း မဆိုင်းမတွ ချက်ချင်းပင် ပြန်လည်ပြောကြားခဲ့၍ ယခင်က နေထိုင်သွားသည့် အိမ်ငှားများအကြောင်းကို မေးကြည့်သောအခါ ဘာတစ်ခုမျှ မသိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ကျွန်ုပ်သည် လာဗီအား ကျွန်ုပ် ညွှန်ကြားသည့်အတိုင်း မလုပ်ဆောင်ခဲ့သည့်အတွက် တစ်စုံတစ်ရာ အပြစ်တင်ရန် မရှိကြောင်း ပြောကြားပြီးနောက် သူ့အား အေးအေးဆေးဆေး အထိုင်ခိုင်းကာ ယခု သူဆောင်ရွက်ခဲ့သမျှမှာ အန္တရာယ်မဖြစ်နိုင်ရုံမျှမက တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုပင် ရှိခဲ့သည်ဟု ယူဆကြောင်း ပြောပြခဲ့သည်။ လာဗီသည် အတော်အတန် စိတ်သက်သာရာရသွားခဲ့သည်။ သို့သော် သူ့စိတ်ထဲတွင် သူ့အနေဖြင့် ရောမအမှားကြီးတစ်ခုကို ကျူးလွန်ခဲ့သည်ဟူသော အယူအဆမှာ မပျောက်သေးဘဲ ဖြစ်နေဟန်တူသည်။ သို့ဖြင့် ကျွန်ုပ်သည် သူ့အား အေးအေးဆေးဆေး ခေတ္တထိုင်၍ နောက်ထပ်ညွှန်ကြားချက်များကို စောင့်နေရန် ပြောထားရသည်။

နောက် တစ်နာရီခန့်ကြာသောအခါ ဒေါက်တာမင်ဂလီ စစ်ဆင်ရေးတွင် ပါဝင်နေသော အီဖရက် ရောက်လာသည်။ အီဖရက်သည် စက်ပြင်ဆရာဝတ်စုံကို ဝတ်ဆင်ထားပြီး သူ့ကြည့်ရသည်မှာ အတော်ကလေး ပင်ပန်းနွမ်းနယ်၍ စိတ်ဓာတ်ကျနေပုံရသည်။ သူ့ပြောပြချက်အရ သူသည် စက်ပြင်ဆရာတစ်ယောက်အနေဖြင့် လက်နက်ကိရိယာ တန်ဆာပလာများကိုကိုင်၍ ဒေါက်တာမင်ဂလီရှိသည်ဟု ယူဆရသော လိုပက်ဇ်ရပ်ကွက်မှ အိမ်သို့သွားကာ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ထို့နောက် အမျိုးသမီးတစ်ယောက် တံခါးကို လာဖွင့်ပေးခဲ့ရာ အီဖရက်က မိမိသည် ရေနွေးပိုက်ပြင်ရန် လာရောက်ခြင်းဖြစ်ကြောင်း စပိန်ဘာသာဖြင့် ပြောပြခဲ့သည်။ ဤတွင် သူမက စပိန်စကားသောက်တခေါက်ကို အင်္ဂလိပ်သံ အမေရိကန်အသံဖြင့် ပြန်ပြောပြရာ သူမ၏ ဆိုလိုချင်းမှာ အီဖရက်ပြောသည့် စကားကို လုံးဝနားမလည်ကြောင်း ထင်ရှားနေသည်။

အီဖရက်သည် စိတ်ရှည်ရှည်ဖြင့် မိမိလာရင်းကိစ္စကို နားလည်အောင် ရှင်းလင်းပြောပြသော်လည်း အမျိုးသမီးက မိမိတို့သည် ရေနွေးပိုက်ပြင်ရန် မည်သူ့ကိုမျှ မခေါ်ခဲ့ကြောင်း ပြန်ပြောနေပြန်သည်။ သို့ဖြစ်ရာ အီဖရက်က ထပ်မံ၍ လောလောဆယ် ထိုသို့ခေါ်ယူခြင်း မရှိသော်လည်း လွန်ခဲ့သည့် ရက်ပေါင်းရက်က ခေါ်ခဲ့ပြီး နောက်ထပ် မည်သူကမျှ တယ်လီဖုန်းဆက်၍ ထပ်မခေါ်ခြင်း မရှိသဖြင့် မိမိတို့ အလုပ်ရုံမှ ယခုကဲ့သို့ မိမိအား လွှတ်လိုက်ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။ အမျိုးသမီးကလည်း ယခုကိစ္စမှာ နားလည်မှုလွဲ၍ ဖြစ်ခဲ့ရဟန်တူကြောင်း၊ သို့မဟုတ်လျှင်လည်း ယခင်က နေထိုင်သွားသည့် အိမ်ငှားများက ခေါ်ခဲ့ခြင်း ဖြစ်ဟန်တူကြောင်း၊ မိမိအနေဖြင့်မူ ဤအိမ်တွင် တစ်စုံတစ်ရာ ပြင်ဆင်ရန်ကိစ္စဖြင့် မည်သူ့ကိုမျှ ခေါ်ခဲ့ခြင်းမရှိကြောင်း အပြတ်ရှင်းပြခဲ့သည်။

ထိုသို့ အီဖရက်နှင့် အမျိုးသမီးတို့ အပြန်အလှန် ပြောဆိုကြစဉ် အီဖရက်က အမျိုးသမီး၏အမည်ကို မေးကြည့်ခဲ့ရာ သူမက နာမည်ကို မဆိုင်းမတွ ပြောပြခဲ့သည်။ ထိုနာမည်မှာ ခပ်စောစောပိုင်းက စာပို့လုလင်ပြောပြခဲ့သည့် နာမည်အတိုင်းပင်ဖြစ်နေသည်။ တစ်ခုသိသာထင်ရှားသည်မှာ အမျိုးသမီးသည် ဂျာမန်အဆက်အနွယ် လုံးဝမဟုတ်ရုံမျှမက သူမအနေဖြင့် တစ်စုံတစ်ရာ ဖုံးဖိထားသည့် လက္ခဏာများ မတွေ့ရခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ဒေါက်တာမင်ဂလီသည် ဤအိမ်မှ မုချပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ထင်ရှားနေသည်။

သို့ဖြင့် ကျွန်ုပ်သည် လာဗီနှင့် အီဖရက်တို့အား ယခုကဲ့သို့ စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ခဲ့ကြသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်းနှင့် သူတို့၏ ဇနီးများကိုပါ ကျေးဇူးတင်ကြောင်း ပြောပြပေးပါရန် မှာခဲ့သည်။ ထို့နောက် အကယ်၍ တာမီလ်ထံမှ နောက်ထပ် စောင့်ဆိုင်းရန် ပြောကြားလာခြင်းမရှိပါက သူတို့နှစ်ယောက်စလုံး အာဂျင်တီးနားမှ နောက်တစ်နေ့တွင် ထွက်ခွာသွားကြရန် ညွှန်ကြားခဲ့သည်။ သို့သော် လောလောဆယ်အားဖြင့် ကျွန်ုပ်တို့နှင့်အတူ ညသန်းခေါင်အချိန်အထိ စောင့်ကြည့်ရန် ပြောထားရသည်။ သူတို့နှစ်ယောက်စလုံးမှာ ထိုနေ့ညတွင် မည်သို့ ထူးထူးခြားခြား ဖြစ်လာမည်ကို ဘာတစ်ခုမျှ မသိရဘဲ ဖြစ်နေကြသည်။

မည်သို့ပင်ဖြစ်စေ သူတို့၏ စုံစမ်းတွေ့ရှိချက်များသည် ကျွန်ုပ်အတွက် အကြီးအကျယ် စိတ်ပျက်ဖွယ်ရာ ဖြစ်ခဲ့ရသည်။ ကျွန်ုပ်သည် မင်ဂလီအား အဆိုပါအိမ်တွင် တွေ့ရလိမ့်ဦးမည်ဟူ၍ မျှော်လင့်ချက် သိပ်မထားသော်လည်း ကျွန်ုပ်တို့အတွက် တစ်နည်းနည်းဖြင့် ကံကောင်းသည့် အခြေအနေများ ပြောင်းလာလိမ့်မည်ဟု ယုံကြည်ယူဆထားခဲ့သည်။ သို့ဖြစ်ရာ ယခုကဲ့သို့ ရက်အနည်းငယ် နှစ်ပတ်သုံးပတ်အတွင်း လူသတ်ဆရာဝန် ဒေါက်တာ မင်ဂလီအား ...

www.burmeseclassic.com



ခြင်း မပြုနိုင်ဘဲ အလွတ်ခံလိုက်ရသည့်အဖြစ်ကို စိတ်ထဲတွင် ကြိတ်မနိုင်ခဲမရ ဖြစ်နေမိသည်။ မည်သို့ပင်ဖြစ်စေ မည်သို့မျှ မတတ်နိုင်သည့်အဆုံး လောလောဆယ် ရှေ့ဆက်၍ လုပ်စရာရှိသည်များကိုသာ ဦးတည်လုပ်ကိုင်သွားရန်သာ ရှိတော့သည်။

❐

နောက်နှစ်နာရီ သုံးနာရီအတွင်း စစ်ဆင်ရေးနှင့် ပတ်သက်သည့် အခြေအနေ သတင်းအရပ်ရပ်တို့သည် ဟိုမှသည်မှ အသေးစိတ် ရောက်ရှိလာခဲ့ကြသည်။ 'လက်ဆောင်' အဆောက်အအုံမှ ကျွန်ုပ်တို့ လူအားလုံး အပြီးထွက်ခွာလာခဲ့ကြပြီဖြစ်၍ ထိုအိမ်ကို မူလပိုင်ရှင်လက်သို့ နောက်တစ်နေ့ နံနက်တွင် ပြန်အပ်ရန်ပင် စီစဉ်ပြင်ဆင်ပြီးဖြစ်ကြောင်း သိရသည်။ အလားတူ 'နန်းတော်' အဆောက်အအုံတွင်လည်း အစစအရာရာ အားလုံးအဆင်ပြေနေသည်ဟု သိရသည်။

ကျွန်ုပ်တို့ လူများသည် အိုက်ခ်မန်းအား ထိုနေ့ နေ့လယ် မွန်းတည့်ချိန်မှစ၍ စားစရာနှင့် သောက်စရာများ လုံးဝမပေးတော့ဘဲ ရပ်ဆိုင်းထားခဲ့ကြသည်။ ဤသည်မှာ သူ့ကို မေ့ဆေးများ၊ မူးယစ်ဆေးဝါးများ အနည်းအကျဉ်း စတင်ထိုးပေးရန် စီစဉ်ထားသောကြောင့်ဖြစ်သည်။

ထို့နောက် အီလီသည် ဒန်နီထံမှ ရရှိခဲ့သော ဓာတ်ပုံများကိုကြည့်၍ အိုက်ခ်မန်းအား ရုပ်ဖျက်ရန် 'မိတ်ကပ်'များဖြင့် စတင်ပြုပြင်ပေးခဲ့သည်။ အီလီ၏ လက်ရာမှာ အထူးပြောင်မြောက် သေသပ်လှသည်ဖြစ်ရာ အာဂျင်တီးနားရှိ အိုက်ခ်မန်း၏ အရင်းနှီးဆုံး မိတ်ဆွေများသည်ပင်လျှင် ယခု ရုပ်ဖျက်ထားသော အိုက်ခ်မန်းအား လုံးဝမှတ်မိစရာ မရှိအောင် ဖြစ်ခဲ့သည်။

အမှန်စင်စစ် လမ်းပေါ်မှ အခြေအနေမှာ ပြောပလောက်အောင် စိတ်ချရသည့် အနေအထားမျိုး မရှိဘဲဖြစ်နေသည်။ သို့သော် တစ်ပြိုင်တည်းတွင် ထူးထူးခြားခြား စိုးရိမ်ဖွယ်ရာဟူ၍ မတွေ့ရဘဲ ရှိနေသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအားလည်း နေရာအနှံ့ လှည့်လည်သွားလာလျက် ရှိကြသည်။ သို့ရာတွင် [illegible] ဆိပ်တိုက်မတိုးမိအောင် ရှောင်ရှား၍ သွားလာနိုင်သည့် လမ်းများရှိနေသည်။ [illegible] ၍ မမျှော်လင့်သည့် အဖြစ်အပျက်တစ်ခုခုသာ ဖြစ်ပွားခြင်းမရှိခဲ့ [illegible] ကားများသည် လေယာဉ်ကွင်းနှင့် မလှမ်းမကမ်းတွင် တစ်စုံတစ်ရာ [illegible] မတွေ့ဘဲ မောင်းနှင်သွားလာနိုင်သည့် အခြေအနေမျိုး ရှိနေသည်။

[illegible] နှင့်ဘကွ လေဆိပ်အနီးအနားတစ်ဝိုက်မှ လမ်းများပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အမြောက်အမြား ရှိနေသည်မှန်သော်လည်း ၎င်းတို့သည်





လေဆိပ်တွင်သော်လည်းကောင်း၊ လေဆိပ်အဝင်အထွက် ဂိတ်ဝများတွင်သော်လည်းကောင်း ရှာဖွေစစ်ဆေးခြင်းများ မပြုလုပ်ဘဲ ရှိနေကြသည်။ လေယာဉ်စီးမည့် ခရီးသည်များ ခန်းမဆောင်ထဲတွင်လည်း တစ်စုံတစ်ရာ ထူးထူးခြားခြား လှုပ်ရှားမှုများ မတွေ့ရဘဲရှိနေသည်။ အထူးသဖြင့် လုံခြုံရေးအရာရှိများသည် ပြည်တွင်းမှ ထွက်ခွာသွားကြမည့် ခရီးသည်များထက် ပြည်ပမှ ရောက်ရှိလာကြသည့် ဧည့်သည်တော်ကြီးများအား ပို၍ အာရုံစိုက်နေကြဟန်တူသည်။

ကျွန်ုပ်တို့ လေယာဉ်ဆိုက်ကပ် ရပ်နားထားသည့် လေယာဉ်ထိန်းသိမ်းပြုပြင်သည့် နေရာတစ်ဝိုက်တွင်လည်း မည်သို့မျှ ထူးခြားသည့် အရိပ်လက္ခဏာများ မတွေ့ရဘဲ ရှိနေသည်။ ကျွန်ုပ်တို့သည် ယနေ့ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတွင် ထုတ်ဝေသည့် သတင်းစာများကို ဂရုတစိုက် အသေးစိတ် ဖတ်ရှုလေ့လာခဲ့ကြရာ ကလီမင့် ပျောက်ဆုံးနေသည့် သတင်းနှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ဖော်ပြခြင်းမရှိသေးသည်ကို တွေ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆုံးအချိန်တွင်မှ နောက်ဆုံးလိုက်ပါသွားသူ

ည ၇ နာရီ မိနစ် ၃၀ အချိန်တွင် ကျွန်ုပ်သည် နက်ရှာထံမှ နောက်ဆုံးအခြေအနေ သုံးသပ်ချက်ကို စောင့်မျှော်လျက်ရှိနေခဲ့သည်။ ကျွန်ုပ်အဖို့ 'နန်းတော်' အဆောက်အအုံသို့ အိုက်ခ်မန်းအား သွားရောက်ခေါ်ဆောင်မည့်ကားကို ၈ နာရီတိတိတွင် လွှတ်ပေးရမည်ဖြစ်ရာ နက်ရှာ၏ နောက်ဆုံး လေ့လာသုံးသပ်ချက်သည် အရေးကြီးဆုံးနှင့် အဓိကဖြစ်နေခဲ့သည်။ သို့သော် သူသည် အချိန်မီရောက်မလာဘဲ နောက်ကျနေပြီဖြစ်သည်။

အိုက်ခ်မန်းအား သွားရောက်ခေါ်ဆောင်မည့်ကားကို မောင်းရန် တာဝန်ကျသည့် ကဲနက်သည် ကျွန်ုပ်ထံမှ ညွှန်ကြားချက်ကိုစောင့်ရင်း ကျွန်ုပ် စားပွဲပေါ်တွင် ထိုင်လျက်ရှိသည်။ ၇ နာရီ ၃၅ မိနစ်အချိန်အထိ နက်ရှာ၏ အရိပ်အယောင်ကို မမြင်ရသောအခါ ကဲနက်မှာ စိုးရိမ်ပူပန်သည့် အမူအရာများ ဖြစ်ပေါ်လာခဲ့သည်။ အကယ်၍ အဆိုပါကားသည် တစ်နေရာရာတွင် စက်ပျက်နေသည်ဟူ၍ ကျွန်ုပ်တို့ သိရမည်ဆိုပါက ကျွန်ုပ်အနေဖြင့် စိုးရိမ်စရာမရှိပေ။ ကဲနက်အား ကားရှိရာသို့ လိုက်သွားရန် စေလွှတ်နိုင်မည်ဖြစ်သည်။ သို့မဟုတ် ကဲနက်ကိုယ်တိုင် ကားပျက်နေသည့်နေရာကို လိုက်လံရှာဖွေနိုင်မည်ဖြစ်သည်။ သို့သော် ယခု နက်ရှာ နောက်ကျနေသည်မှာ မည်သည့်အကြောင်းကြောင့်ပါနည်း။ နက်ရှာ၏ ကားကို မည်သူက တားဆီးထားပါသနည်း။ ကျွန်ုပ် နားလည်သဘောပေါက်သလောက် နက်ရှာသည် သူ့ကားကို ထိုသို့တားဆီးထားခြင်းခံရသည့်တိုင်အောင် ကျွန်ုပ်တို့၏ လျှို့ဝှက်စစ်ဆင်ရေးနှင့် ပတ်သက်၍ တစ်စွန်း





တစ်စမျှ ဖွင့်ဟပြောကြားမည် မဟုတ်ကြောင်း ကျွန်ုပ် ယုံကြည်စိတ်ချပြီးဖြစ်သည်။ ထို့ပြင် သူသည် သူ့အား တားဆီးစစ်ဆေးမည့် လုံခြုံရေးအရာရှိများကိုလည်း ယုတ္တိရှိရှိဖြင့် အယုံသွင်းနိုင်မည်ဟု တထစ်ချ ယူဆထားသည်။ အဘယ်ကြောင့် ဆိုသော် နက်ရှာသည် လူတစ်ဖက်သားအား သူ့ကိုယ်သူ တကယ့်ပကတိ အပြစ်ကင်းစင်သည့် အမူအရာ မျက်နှာပေးမျိုးဖြင့် အယုံသွင်းရာ၌ နှစ်ယောက်မရှိသော ကြောင့်တည်း။

မည်သို့ဖြစ်စေ ၈ နာရီတိတိ ထိုးသောအခါ ကျွန်ုပ်သည် ကဲနက်နှင့် အခြားလူတစ်ယောက်အား ကျွန်ုပ်တို့အနေဖြင့် ဆက်လက်စောင့်ဆိုင်းမနေကြတော့ဘဲ နက်ရှာနောက်သို့ သူတို့နှစ်ယောက် လိုက်သွားကြရန် ညွှန်ကြားလိုက်ရသည်။ ကျွန်ုပ်က သူတို့အား အကယ်၍ အဝေးပြေးလမ်းမကြီးများသည် တစ်နည်းနည်းဖြင့် ပို၍စိတ်ချရသည်ဟု ယူဆပါက နက်ရှာထံမှ တစ်စုံတစ်ရာ ပြောကြားချက်ကို စောင့်မနေတော့ဘဲ လမ်းမကြီးအတိုင်း အိုက်ခ်မန်းအား ခေါ်ဆောင်လာခဲ့ရန် မှာကြားလိုက်သည်။ သို့ဖြစ်၍ သူတို့အား လေဆိပ်သို့ ည ၁၁ နာရီတိတိတွင် အရောက်ပြန်လာရန် သတိပေးလိုက်ရသည်။ ဤအတောအတွင်း လေဆိပ်၏ နောက်ဆုံးအခြေအနေကို လေ့လာထောက်လှမ်းရန် ကျွန်ုပ်ကိုယ်တိုင် စီစဉ်ရမည်ဖြစ်သည်။ အကယ်၍ လေဆိပ်တွင် တစ်စုံတစ်ရာ အနှောင့်အယှက် ပေါ်ပေါက်လာပါက ကျွန်ုပ်သည် ကဲနက်တို့ရှိရာသို့ ဆက်သားတစ်ယောက်ကို စေလွှတ်၍ လိုအပ်သလို ညွှန်ကြားရန် စိတ်ကူးထားသည်။ အကယ်၍ ၎င်းတို့သည် အိုက်ခ်မန်းအား ခေါ်ဆောင်၍ လေဆိပ်သို့ လာရာလမ်းခုလတ်တွင် ကျွန်ုပ်တို့အဖွဲ့ဝင် တစ်ယောက်ယောက်နှင့် မတွေ့ဘဲရှိခဲ့ပါက လမ်းခရီးမှာ ချောမော၍ ဘေးရန်ကင်းရှင်းနေပြီဟု နားလည်ကာ အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့တင်ရန် မူလက ကဲနက်နှင့် အီဟတ်တို့ သဘောတူသတ်မှတ်ထားကြသည့် နေရာအရောက် တောက်လျှောက် မောင်းလာကြရမည်ဖြစ်သည်။ ထိုနေရာသို့ရောက်လျှင် ကျွန်ုပ်တို့ထံမှ နောက်ထပ် ညွှန်ကြားချက်များကို စောင့်၍ လိုအပ်သလို လုပ်ဆောင်သွားကြရန်ဖြစ်သည်။

❒

မီဂတ်သည် လေယာဉ်အမှုထမ်းများအား ညစာကို ခုနစ်နာရီတိတိတွင် စားသောက်ကြရန် သတ်မှတ်ပေးထားခဲ့သည်။ ထိုသို့ ညစာစားပြီးလျှင် ၎င်းတို့အားလုံး ဟိုတယ်မှ လေဆိပ်သို့ ထွက်ခွာလာကြရန် အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနှင့်အတူ လေယာဉ်စတင် ပျံသန်းရာတွင် တာဝန်ကျသည့် အမှုထမ်းများကမူ ဗျူနီအဲရစ်ခ္ဇမြို့မှ လေဆိပ်သို့ ညရှစ်နာရီခွဲတိတိတွင် ထွက်ခွာလာကြမည် ဖြစ်သည်။ သူတို့မှာ လမ်းခရီးတစ်လျှောက်တွင်သော်လည်းကောင်း၊ လေဆိပ်အဝင်ဝတွင်သော်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကမျှ သူတို့၏ စာရွက်စာတမ်းများကို စစ်ဆေးရန် အကြောင်းမရှိဘဲ အာဂျင်တီးနား အမျိုးသားလေကြောင်းဌာနမှ လေယာဉ်ထိန်းသိမ်းသည့်နေရာသို့ ရောက်မှသာလျှင် အစစ်ဆေးအမေးမြန်းခံကြရမည်ဖြစ်သည်။ သို့သော် ထိုသို့ စစ်ဆေးမေးမြန်းသည်မှာလည်း အထူးအဆန်းမဟုတ်ဘဲ လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်သည်။

သို့ဖြင့် မီဂတ်တို့အဖွဲ့သည် ညကိုးနာရီခွဲတိတိတွင် လေယာဉ်ရှိရာသို့ ရောက်နေကြပြီဖြစ်သည်။ လေယာဉ်အား နောက်ဆုံးအကြိမ် ကြည့်ရှုစစ်ဆေးပြီးနောက် အားလုံး နေသားတကျရှိနေသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ သူတို့သည် နောက်ထပ် ထူးထူးထွေထွေ လုပ်စရာမရှိတော့ဘဲ အိုက်ခ်မန်းအား ခေါ်ဆောင်လာမည့် ကားများကို စောင့်နေရုံသာ ရှိတော့သည်။ ထိုသို့ စောင့်နေကြရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ခဲ့ကြရာ အားလုံး ငြိမ်သက်နေသည်ကို သတိပြုမိကြသည်။

❐

ဒန်နီသည် သူ၏ ဓာတ်ခွဲခန်းမှ အလုပ်များကို အားလုံးလက်စသတ်ပြီးနောက် လေဆိပ်သို့ ထိုနေ့ညနေဘက်တွင် ရောက်လာခဲ့သည်။ သူသည် လက်ဆွဲအိတ်တစ်လုံးကို ကိုင်ဆောင်လာသည်ဖြစ်ရာ သူ့ကိုကြည့်ရသည်မှာ ခရီးသွားရန် လေယာဉ်တစ်စီးကို စောင့်နေသည့် သာမန်ခရီးသည်တစ်ယောက်နှင့်မခြားဖြစ်နေသည်။ ကျွန်ုပ်သည် သူ့အား နောက်ဆုံးမိနစ်ပိုင်းအတွက် အလုပ်တာဝန်အနည်းငယ် ပေးလိုက်ရာ သူသည် စားသောက်ခန်းထဲမှ ထောင့်တစ်ထောင့်တွင် စားပွဲတစ်လုံး၌ထိုင်ရင်း သူ၏ 'စာပေးစာယူ' လုပ်ငန်းကို လုပ်ကိုင်လျက်ရှိနေခဲ့သည်။ ထိုအခိုက် သူ့ဟန်အမူအရာမှာ အချိန်အားယူနေသည့် ကမ္ဘာလှည့်ခရီးသည်တစ်ယောက်ကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည်။

မကြာမီ သူ့စားပွဲပေါ်တွင် စာရွက်များဖြင့် ပြန့်ကျဲနေသည်ကို တွေ့ရသည်။ သူသည် ထိုနေ့ညက 'စာ' အများအပြားကို ရေးသားခဲ့ရာ ထိုစာများထဲတွင် ရုံးသုံးစုံစမ်းမှုများတွင် လိုအပ်သလို ဖြည့်စွက်ခြင်း၊ နိုင်ငံကူးလက်မှတ်များပေါ်မှ ရက်လွန်နေသော အနှံ့များကို ပြင်ရေးခြင်း၊ ဓာတ်ပုံများကို နိုင်ငံကူးလက်မှတ်





တစ်ခုပေါ်မှ အခြားတစ်ခုပေါ်သို့ပြောင်း၍ ကပ်ပေးခြင်း စသည်တို့ ပါဝင်ခဲ့သည်။ သို့သော် အလုပ်များကို လုပ်နေစဉ်အတွင်း စားပွဲထိုးများသည် သူ့စားပွဲသောမကြာမီ ဖြတ်ကျော်၍လည်းကောင်း၊ သူ့အား စားသောက်ဖွယ်ရာများ လာချ၍လည်းကောင်း စားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များကို သိမ်း၍လည်းကောင်း ဥဒဟို သွားလာနေကြသည့်တိုင်အောင် ဒန်နီ၏ လျှို့ဝှက်လုပ်ငန်းများကို လုံးဝ မရိပ်မိကြဘဲ သာမန်လုပ်ရိုးလုပ်စဉ်များကို လုပ်နေသည်ဟု ထင်မိကြသည်။

❐

ထိုအခိုက် အာဗနာသည် ကျွန်ုပ်ထံသို့ ရောက်လာပြီး မြို့ထဲတွင် တည်းခိုနေကြသည့် လေယာဉ်အမှုထမ်းများ လေဆိပ်သို့ ရောက်ရှိလာကြပြီဖြစ်ကြောင်း သတင်းပို့ခဲ့သည်။ သူတို့သည် လေဆိပ်သို့ ရောက်လာကြသည်အထိ လမ်းတွင် တစ်စုံတစ်ရာ အဟန့်အတားများနှင့် စစ်ဆေးမေးမြန်းမှုများကို မတွေ့ရဘဲ ရှိခဲ့သည်။ သို့ဖြစ်ရာ ယခုအခါ ကျွန်ုပ်တို့၏ အထူးလေယာဉ်ကြီးသည် လေဆိပ်မှ ထွက်ခွာပျံသန်းရန် အဆင်သင့်ရှိနေပြီဖြစ်၍ 'အရေးအကြီးဆုံးသော ခရီးသည်' ကိုသာ စောင့်မျှော်လျက်ရှိနေပြီဖြစ်သည်။

❐

နာရီလက်တံများသည် ၁၀ နာရီ မိနစ် ၃၀ ကို ညွှန်ပြလျက်ရှိသည်။ အကယ်၍ အစစအရာရာ အားလုံးအဆင်ပြေခဲ့ပါက အိုက်ခ်မန်းအား ခေါ်ဆောင်လာမည့်ကားများသည် နောက်နာရီဝက်အကြာတွင် လေဆိပ်သို့ ဆိုက်ရောက်လာလိမ့်မည်ဟူ၍ ကျွန်ုပ်စိတ်ထဲတွင် တစ်ဦးတည်းပြောနေမိသည်။ ထိုအခိုက် အီဟတ်ရောက်လာပြီး လေယာဉ်ကွင်းတစ်ခုလုံးနှင့် အဝင်အထွက် ဂိတ်များအားလုံးကို နောက်ဆုံးအကြိမ် လှည့်လာစုံစမ်းကြည့်ခဲ့ရာ တစ်စုံတစ်ရာ ထူးခြားသည့် လှုပ်ရှားမှုနှင့် စိုးရိမ်ဖွယ်ရာများ မတွေ့ရကြောင်း သတင်းပို့လာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များမှ ယာဉ်များ ပိုမိုများပြားလာသည်ကို တွေ့ရသော်လည်း လမ်းများပေါ်တွင် ပိတ်ဆို့တားဆီးခြင်းနှင့် ရပ်တန့်ရှာဖွေခြင်းများ လုံးဝမရှိဟု သိရသည်။ သို့ဖြစ်ရာ ကျွန်ုပ်နှင့် အီဟတ်တို့သည် အိုက်ခ်မန်းအား ခေါ်ဆောင်လာမည့်ကားများရှိရာသို့ နောက်ထပ် ဆက်သားစေလွှတ်ရန် မလိုဟု နှစ်ယောက်သားသဘောတူ ဆုံးဖြတ်လိုက်ကြသည်။ ၎င်းတို့ဘာသာ ၎င်းတို့ အနှောင့်အယှက်ကင်းစွာ လာခြင်းက ပို၍ ကောင်းမွန်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အီဟတ်အနေဖြင့် လေယာဉ် ဆိုက်ကပ်ထားသည့် နေရာသို့ ယခုချက်ချင်း သွားရောက်၍ အခြေအနေကို လေ့လာအကဲခတ်ပြီး မည်သို့ ထူးခြားမှုရှိသည်ကို ကျွန်ုပ်ထံ အမြန်ဆုံး သတင်းပို့ရန် လိုအပ်လာပြီဖြစ်သည်။ ထိုနောက်တွင်မူ သူသည် အပြင်သို့ထွက်၍ ကားများ ရောက်မရောက် စောင့်ကြည့်ရမည်ဖြစ်သည်။ အကယ်၍ ကားများ ရောက်လာပါက ကျွန်ုပ်ထံချက်ချင်း သတင်းပို့ရမည်ဖြစ်သည်။ ကျွန်ုပ်ထံမှ ဆက်လုပ်ရန် အမိန့်ရသည်နှင့်တစ်ပြိုင်နက် သူသည် အိုက်ခ်မန်း ပါလာသည့်ကားများကို ဂိတ်ဝမှတစ်ဆင့် လေယာဉ်ရှိရာသို့ ခေါင်းဆောင်၍ ခေါ်သွားရမည်ဖြစ်သည်။

❐

ဤအတောအတွင်း လေကြောင်းအရာရှိ အာဗနာသည် လေယာဉ်အမှုထမ်းများ အားလုံးကို လေဆိပ်ဟိုတယ်တွင် ခေါ်ယူစုရုံး၍ မိန့်ခွန်းပြောကြားခဲ့သည်။

"လူကြီးမင်းများခင်ဗျာ၊ ခင်ဗျားတို့ဟာ အလွန်တရာ အရေးကြီးတဲ့ လုပ်ငန်းကြီးတစ်ခုမှာ ပါဝင်လုပ်ဆောင်နေကြရပါတယ်။ အဲဒီလုပ်ငန်းကြီးဟာ ဘာလဲဆိုတာ ကျုပ်ကို မမေးကြပါနဲ့။ ကျုပ်ခိုင်းတဲ့အတိုင်းသာ တစ်သဝေမတိမ်း လုပ်ကြစေလိုပါတယ်။ ကျုပ်တို့ဟာ လူတစ်ယောက်ကို အစ္စရေးနိုင်ငံရောက်အောင် ခေါ်သွားကြရပါလိမ့်မယ်။ အဲဒီလူဟာ ဘယ်သူလဲဆိုတာ နောက်တော့ ကျုပ်ပြောပြမယ်"

အာဗနာက ယင်းသို့ လျှို့ဝှက်စစ်ဆင်ရေးနှင့် စပ်လျဉ်း၍ တစ်စွန်းတစ်စ ဖွင့်ဟပြောကြားလိုက်သောအခါ စောစောက ဤလျှို့ဝှက်မှုနှင့် ပတ်သက်၍ အဆိုက်အလျောက် အသိပေးခဲ့ရာတွင် ပါဝင်ခြင်းမရှိသည့် အမှုထမ်းများပင် လျှင် တစ်စုံတစ်ရာ အံ့သြသည့် အရိပ်အယောင်များမပြဘဲ ရှိခဲ့ကြသည်။ သူတို့သည် စောစောပိုင်းကပင် တစ်စုံတစ်ခု ထူးထူးခြားခြား ဖြစ်လာစရာရှိနေသည်ကို အတော်အတန် ရိပ်စားမိနေကြပြီဖြစ်သည်။ သို့ဖြင့် အာဗနာက ၎င်းတို့အား ဟိုတယ်ရှေ့မှ ကားရပ်သည့်နေရာ အစွန်အဖျားတွင် ရပ်ထားသည့် ကားတစ်စီးနှင့် ဘတ်စကား အသေးကလေးပေါ်သို့တက်ရန် အမိန့်ပေးလိုက်သောအခါ သူတို့သည် မည်သို့မျှမေးမနေကြတော့ဘဲ ကားများပေါ်သို့ အလျှိုလျှို တက်၍ လိုက်ပါသွားခဲ့ကြသည်။

❐



ထိုအချိန်တွင် အီဟတ်သည် လေယာဉ်အနီးအနားသို့ လှည့်လည်၍ ခပ်မြန်မြန် စစ်ဆေးကြည့်ရှုခဲ့ရာ အားလုံးပုံမှန်အတိုင်းရှိနေသည်ကို တွေ့ခဲ့ရသည်။ သူသည် လေဆိပ်အဝင် ဂိတ်ဝရှိရာသို့ ကားတစ်စီးကို အမြန်မောင်းလာခဲ့ပြီး ဆက်သား တစ်ယောက် စေလွှတ်၍ လေယာဉ်ရှိရာသို့ သွားသည့်လမ်းမှာ အနှောင့်အယှက် မရှိဘဲ အားလုံး ဘေးရန်ကင်းရှင်းနေကြောင်း သတင်းပို့ခဲ့သည်။

ထိုနောက် လေယာဉ်ဆိုက်ကပ်ထားရာသို့ အီဟတ် ပြန်ရောက်သွားသော အခါ အာဗနာနှင့် လေယာဉ်အမှုထမ်းများ ထိုနေရာတွင် အသင့်ရောက်ရှိ၍ စောင့်နေကြသည်ကို တွေ့ရသည်။ ဤတွင် အီဟက်က ယခုအချိန်မှစ၍ ၎င်းတို့အားလုံး ကားပေါ်မှမဆင်းဘဲ နေကြရန် မှာကြားထားခဲ့သည်။ ထို့ပြင် သူသည် ကားမောင်းသူများအား ကားကို အသင့် စက်နှိုးထားပြီး အချက်ပြသည်ကို စောင့်ကြည့်နေကြရန် ပြောကြားခဲ့သည်။ ထိုမှတစ်ဖန် လေယာဉ်အမှုထမ်းများအား လေယာဉ်ဆိုက်ကပ်ထားသည့် နေရာသို့ မရောက်မီ စစ်ဆေးသည့်ဂိတ်ကို ဖြတ်ကျော်သွားခိုက် သူတို့နှင့် လာရောက်ပူးပေါင်းမည့် တတိယကားပေါ်မှ ပါလာသူများကို ဂိတ်စောင့်တပ်သားများ အာရုံမစိုက်စေရန်အတွက် မိမိတို့အချင်းချင်း ဆူဆူညံညံဖြင့် အော်သံဟစ်သံ သီချင်းဆိုသံများ အတတ်နိုင်ဆုံး ပြုလုပ်သွားကြရန် မှာကြားခဲ့သည်။ ထို့နောက် လေယာဉ်ရှိရာသို့ ရောက်သွားသောအခါ အလွန်အရေးကြီးသည့် လုံခြုံရေးကိစ္စအတွက် မိမိတို့အချင်းချင်း အပြန်အလှန် စည်းကမ်းသေဝပ်မှုရှိအောင် ထိန်းသိမ်းသွားကြရန် သတိပေးခဲ့သည်။

အီဟတ်သည် ထိုနေရာမှတစ်ဖန် မကြာမီ ရောက်ရှိလာကြမည့်ကားများကို စောင့်၍ လေယာဉ်ရှိရာသို့ ခေါ်ဆောင်သွားရန် လေယာဉ်ကွင်း၏ အဝင်ဂိတ်ဝ ကြီးရှိရာသို့ ပြန်လည်ထွက်ခွာလာခဲ့သည်။

❑

အထက်ပါ အဖြစ်အပျက်များ အဆက်မပြတ် ဖြစ်ပွားနေစဉ်အတောအတွင်း ကျွန်ုပ်သည် လုပ်သားများ စားသောက်ဆိုင်ထဲတွင် ထိုင်ရာမထ ရှိနေခဲ့သည်။ သို့ဖြင့် ကျွန်ုပ် တွက်ချက်ကြည့်လိုက်သောအခါ အိုက်ခ်မန်းနှင့် သူ၏ အစောင့် အရှောက်များအား ခေါ်ဆောင်ရန် ထွက်ခွာသွားသည့်ကားမှာ အချိန်အားဖြင့် သုံးနာရီနီးပါးမျှ ရှိနေပြီဖြစ်သည်ကို တွေ့ရသည်။ အိုက်ခ်မန်းအား တင်ဆောင် လာသည့်ကားသည် လျှို့ဝှက်သည့်အိမ်မှ မည်သည့်အချိန်တွင် စတင်ထွက်ခွာ လာသည်ကို ကျွန်ုပ်ထံ သတင်းမရောက်လာဘဲရှိနေခဲ့ရာ တစ်စုံတစ်ရာ အဘ်နာ



www.burmeseclassic.com

အစောင်းဖြစ်မှား ပေါ်ပေါက်လာပါက ကျွန်ုပ်အနေဖြင့် မည်သို့မျှ မကူညီနိုင်ဘဲ လျစ်လျူရှုနေရန်သာ ရှိတော့သည်။ ထို့ပြင် နက်ရှာထံမှလည်း ယခုထိ ဘာ သတင်းမျှ မရောက်လာဘဲ ဖြစ်နေခဲ့သည်။

ဤတွင် အထက်ပါအခြေအနေအရ ဖြစ်နိုင်စရာ အကြောင်းနှစ်ရပ်ရှိ နေခဲ့သည်။ နက်ရှာသည် တစ်စုံတစ်ရာ ဒုက္ခတွေ့နေ၍သော်လည်းကောင်း၊ သို့တည်းမဟုတ် သူ့လူများနှင့် လမ်းခုလတ်တွင် တွေ့သွားပြီး သူတို့နှင့် လိုက် ပါလာ၍သော်လည်းကောင်း တစ်ခုခု ဖြစ်စရာရှိသည်။

ကျွန်ုပ်သည် ကာလရှည်လျား ကြာသောင်းစွာ စောင့်မျှော်နေခဲ့ရာ ထိုညကလောက် အချိန်ကုန်ခဲလှသည့်ညမျိုး တစ်ခါမျှ မတွေ့ဖူး မကြုံဖူးအောင် ဖြစ်ခဲ့သည်။ နောက်ဆုံး၌ ရှုပ်ယှက်ခတ်နေသည့် လူအုပ်ကြီးထဲမှနေ၍ လူများကို တံတောင်ဖြင့်တွက်ကာ ကျွန်ုပ်၏ စားပွဲရှိရာသို့ လာနေသော ကျွန်ုပ်တို့လူတစ် ယောက်ကို လှမ်းမြင်လိုက်ရသည်။ ကျွန်ုပ်သည် လက်မတ်နာရီကို ငုံ့ကြည့်လိုက် ရာ ည ၁၁ နာရီတိတိ ရှိနေပြီဖြစ်သည်။

ထိုလူသည် ကျွန်ုပ်ရှိရာသို့ ရောက်လျှင်ရောက်ချင်း အိုက်ခ်မန်းသည် ဆရာဝန်အပါအဝင် အခြားလူလေးယောက်နှင့်အတူ လွန်ခဲ့သည့် မိနစ်အနည်းငယ် ကပင် လေယာဉ်ကွင်းသို့ ရောက်လာပြီဖြစ်ကြောင်း ကျွန်ုပ်အား ပြောကြားခဲ့သည်။ သူတို့အားလုံးသည် လေယာဉ်အမှုထမ်း ဝတ်စုံများ ဝတ်ဆင်ထားကြသည်ဟု သိရသည်။ ဂါဘီကိုယ်တိုင်မောင်းသော အစောင့်ကားသည် လမ်းတစ်လျှောက်လုံး သူတို့နောက်မှ လိုက်ပါလာခဲ့သည်။ လမ်းခရီးတွင်လည်းကောင်း၊ လေယာဉ်ကွင်း အဝင်ဂိတ်ဝတွင်လည်းကောင်း တစ်စုံတစ်ရာ အနှောင့်အယှက်မတွေ့ရဘဲ အားလုံး ချောချောမွေ့မွေ့ ဖြစ်ခဲ့၍ ယခုအခါ သူတို့တစ်တွေသည် လေယာဉ်ဆိုက်ကပ်ထား သည့်နေရာ၏ အစွန်တွင် ကားကို ရပ်ထားရင်း ကျွန်ုပ်ထံမှ အမိန့်ကို စောင့်နေ ကြသည်ဟု ထိုလူက ပြောပြခဲ့သည်။

ကျွန်ုပ်သည် ထိုင်ရာမှ ချက်ချင်းထ၍ ထိုနေရာသို့ ထွက်လာခဲ့သည်။ [illegible] လာရောက်သတင်းပို့သူ ပြောပြသည့်နေရာတွင် ကားနှစ်စီးကို [illegible] အခက်အခဲမရှိဘဲ တွေ့ခဲ့သည်။ ကျွန်ုပ်သည် ဂါဘီနှင့် အီဟတ်တို့အား [illegible] ခွန်း ပြောကြားခဲ့ပြီးနောက် အိုက်ခ်မန်းအား ခေါ်ဆောင်လာသည့် [illegible] လာခဲ့သည်။ အိုက်ခ်မန်းသည် လေယာဉ်အမှုထမ်းဝတ်စုံကို ဝတ်ဆင်ထားပြီး ကားပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်ကို တွေ့ရသည်။ ကျွန်ုပ်က ဆရာဝန်အား သူ၏ လူနာအခြေအနေကို မေးကြည့်





လိုက်သည်။ ဆရာဝန်က အိုက်ခ်မန်းသည် သူ့ဘာသာ ရပ်နိုင်ရုံမျှမက ဘေး တစ်ဖက်တစ်ချက်မှ လူနှစ်ယောက် တွဲပေးပါက လမ်းလျှောက်နိုင်သည့် အခြေ အနေရှိနေကြောင်း၊ သို့သော် သူ့ဆန္ဒအလျောက် တစ်စုံတစ်ရာ လှုပ်ရှားလုပ်ကိုင် ခြင်းနှင့် သူ့အား မေးသည့် မေးခွန်းများကို ဖြေနိုင်စွမ်းရှိလိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်အား ပြောပြခဲ့သည်။ ထို့ပြင် သူ့မျက်စိနှင့်နားများသည် မြင်နိုင် ကြားနိုင် သော်လည်း သူ့ပတ်ဝန်းကျင်တွင် ဘာဖြစ်နေသည်ကို လုံးဝသိနိုင်စွမ်းမရှိဘဲ သူ့အား အခြားလူများက မည်သို့လုပ်နေသည်ကိုလည်း လုံးဝသိနိုင်စွမ်းမရှိဘဲ ဖြစ်နေပြီဖြစ်ကြောင်း၊ သူတစ်ပါးက သူ့ခန္ဓာကိုယ်ကို ထိတွေ့ကိုင်တွယ်သည် များကိုလည်း မည်သို့မျှ ခုခံရုန်းကန်နိုင်စွမ်း မရှိတော့ကြောင်း ဆရာဝန်က ပြောပြခဲ့သည်။ သို့ဖြင့် ဆရာဝန်က နောက်တစ်ဆင့် ခြေလှမ်းအဖြစ် အိုက်ခ်မန်းအား လေယာဉ်ဆိုက် ကပ်ထားသည့် စစ်ဆေးရေးဂိတ်ဝမှ ခေါ်သွားပြီး လေယာဉ်ပေါ်သို့ တင်နိုင်ပြီဖြစ် ကြောင်း အဆုံးအဖြတ်ပေးခဲ့သည်။

သို့ဖြစ်ရာ ဆရာဝန်၏ အတည်ပြု ဆုံးဖြတ်ချက်အရ ကားသုံးစီးသည် လေယာဉ် ဆိုက်ကပ်ထားရာဘက်သို့ မောင်းလာခဲ့ကြသည်။ ပထမကားကို အာဗနာက မောင်း၍ ဒုတိယကားပေါ်တွင် အိုက်ခ်မန်းနှင့် အစောင့်အရှောက် များ လိုက်ပါလာကြပြီး ကျွန်လေယာဉ်အမှုထမ်းများက ဘတ်စကားအသေး ကလေးဖြင့် စီးနင်းလိုက်ပါလာခဲ့ကြသည်။ ကားသုံးစီးသည် လေဆိပ်အဝင်ဂိတ် ဝမှ တစ်ဖန် ပြန်ထွက်လာခဲ့ကြပြီး အပြင်လမ်းမကြီးအတိုင်း ကိုက်နှစ်ရာသုံးရာ ခန့် မောင်းလာခဲ့ကြသည်။ ထိုမှတစ်ဆင့် ညာဘက်လမ်းသို့ ချိုးဝင်ခဲ့ကြပြီး အာဂျင်တီး နားအမျိုးသား လေကြောင်းကုမ္ပဏီမှ လေယာဉ်များ ထိန်းသိမ်း ပြုပြင်သည့် နေရာသို့ ထွက်လာခဲ့ကြသည်။

ကားသုံးစီး ထိုသို့မောင်းလာခဲ့ကြရာ ထိုနေရာမှ အဝင်ဂိတ်ဝသို့ ရောက် လာသောအခါ ဂိတ်အစောင့်တပ်သားသည် ပထမဆုံးကားရှိရာသို့ စစ်ဆေးရန် ရောက်လာသည်။ ဤတွင် အာဗနာသည် လွန်ခဲ့သည့် သုံးလေးရက်က အကြိမ် ပေါင်းမြောက်မြားစွာ ပြုမူလုပ်ကိုင်လေ့ရှိသည့်အတိုင်း အစောင့်တပ်သားများ အား "ဟေး... အခုရေးတွေပါ"ဟု၍ လှမ်းအော်လိုက်သည်။ အစောင့်တပ်သား များသည် အာဗနာအား ကောင်းကောင်းကြီး သိကျွမ်းနေကြပြီး သူ၏ [illegible] ပါးပါးနှင့် ယဉ်ကျေးသိမ်မွေ့သော ဆက်ဆံမှုကို သဘောကျနေကြ[illegible]

ဂိတ်အစောင့်တပ်သားသည် ကားထဲမှ လူများကို [illegible] လိုက်ရာ ဤနေရာတွင် ဆိုက်ကပ်ထားသည့် လေယာဉ်ကြီး [illegible]

www.burmeseclassic.com



ယူနီဖောင်းများ ဝတ်ဆင်ထားသည့် လေယာဉ်အမှုထမ်းများကို တွေ့လိုက်ရသည်။ အချို့အမှုထမ်းများမှာ ဆူဆူညံညံဖြင့် ပျော်ပျော်ပါးပါး အော်ဟစ်လာကြပြီး ဟူနိုအဲရေးစ်မြို့၏ အလှအပကို သဘောအကျကြီး ကျလာဟန်တူသည်။ အချို့အမှုထမ်းများမှာလည်း အတော်ကလေး ပင်ပန်းနေကြပုံရ၍ အချို့နှစ်ယောက်သုံးယောက်မှာမူ အိပ်ငိုက်၍ပင်နေကြသည်။ အထူးသဖြင့် ဒုတိယကားပေါ်မှ လူသုံးယောက်စလုံးမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လာကြသည်ကို တွေ့ရသည်။

ဂိတ်စောင့်သည် လမ်းပိတ်ထားသော သစ်သားဘားတန်းကြီးကို မြှင့်တင်ပေးလိုက်ရာ ကားသုံးစီးစလုံး ကွင်းထဲသို့ မောင်းဝင်လာခဲ့ကြသည်။ သူတို့သည် လေယာဉ်ဆိုက်ကပ်ထားသည့် နေရာသို့ တိုက်ရိုက်မသွားဘဲ လမ်းတစ်လျှောက်တွင် မီးများထွန်းညှိထားသည့် လေယာဉ်ရုံများကို ရှောင်ကွင်းကာ ကွေ့ဝိုက်၍ မောင်းလာခဲ့ကြသည်။

ဤဖြစ်ရပ်မတိုင်မီ လွန်ခဲ့သော မိနစ်အတော်ကြာလောက်က အာဂျင်တီးနား လေကြောင်းကုမ္ပဏီမှ ညဘက်တာဝန်ကျသည့် အမှုထမ်းနှစ်ယောက်သုံးယောက်သည် ဘရစ်တိန်နီးယား လေယာဉ်ကြီးကို လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ ထိုစဉ်က စက်ဆရာ ဂတ္တမန်းသည် ထိုလူများအား ဖော်ရွေစွာ ဧည့်ခံ၍ သူတို့မေးသမျှ မေးခွန်းများအားလုံးကို ဖြေကြားခဲ့သည်။ ထိုအခိုက်မှာပင် ကားများ စီတန်းလာသည်ကို တွေ့လိုက်ရသောအခါ သူသည် ဧည့်သည်များအား လေယာဉ်၏ အခြားတစ်ဖက်သို့ ခပ်သွက်သွက် လှည့်ပတ်ခေါ်သွားခဲ့သည်။

မကြာမီ ဂတ္တမန်းသည် ကားများပေါ်မှ လေယာဉ်အမှုထမ်းများ တစ်သုတ်ကြီး ဆင်းလာပြီး လေယာဉ်ရှိရာသို့ လျှောက်လာကြသည်ကို လှမ်းမြင်ရသည်။ သူသည် သူ၏ ဧည့်သည်များဘက်သို့လှည့်၍ စကားမပြောမီ အဆိုပါလူအုပ်ထဲတွင် ဘေးတစ်ဖက်တစ်ချက်မှ လူတစ်ယောက်စီတွဲ၍ ဒယီးဒယိုင်ဖြင့် လျှောက်လာသူကို သတိပြုလိုက်မိသည်။ သူ့စိတ်ထဲတွင် ထိုတွဲလာသူသည် မူးယစ်နေသူ ဖြစ်လာသည်ဟု ထင်လိုက်မိသည်။ ဂတ္တမန်း၏ ထင်မြင်ယူဆချက်သည် သူ့မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ထူးခြားသည့် အရိပ်အယောင်များ ပေါ်ပေါက်စေခဲ့သည်။ သို့ဖြင့် လေယာဉ်အမှုထမ်းများ လေယာဉ်ရှိရာသို့ ရောက်လာသောအခါ သူသည် လေယာဉ်ကို စောင့်နေခဲ့ရသော သူ့တာဝန်ကို လွှဲပေးရန် သူတို့ထံ အပြေးအလွှား ရောက်လာခဲ့သည်။





သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လေယာဉ်အမှုထမ်းများသည် လေယာဉ်လှေကားခြေရင်းတွင် စနစ်တကျ တန်းစီ၍ ရပ်နေခဲ့ကြသည်။ ဤတွင် အိုက်ခ်မန်းသည် သူတို့အလယ်မှ လမ်းလျှောက်၍လာခဲ့ရာ ဘေးတစ်ဖက်တစ်ချက်မှ အက်ရှက်နှင့် ကီရန်တို့က တွဲ၍ခေါ်လာခဲ့ကြသည်။ ဒုတိယလေယာဉ်မှူး နက်ရှရီသည် လေယာဉ်ဘေးတွင် ရပ်နေရာမှ မိမိတို့ကုမ္ပဏီမှ ယူနီဖောင်းဝတ်စုံ ဝတ်ထားသော လူတစ်ယောက်အား အခြားလူနှစ်ယောက်က တွဲခေါ်လာသည်ကို မြင်လိုက်ရသည်။ သို့သော် ယူနီဖောင်းဝတ် သုံးယောက်စလုံးသည် သူစိမ်းများ ဖြစ်နေရာ အလယ်မှတွဲ၍ ခေါ်လာသူသည် မည်သူဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည်။

ထို့နောက် ထိုလူသုံးယောက် လှေကားပေါ်သို့ စ၍တက်သွားကြသောအခါ အတက်အဆင်း လှေကားကလေးနှင့်တကွ ထိုလှေကားပေါ်မှ လူများကိုပါ ဘေးနားတစ်ဝိုက်မှ မီးမောင်းများဖြင့် ထိုးပေးခဲ့ကြသည်။ ဤတွင် ကိစ္စမြန်မြန်ပြီးသွားစေရန်အတွက် နက်ရှရီသည် အိုက်ခ်မန်းအား နောက်ကျောမှနေ၍ တွန်းတင်ပေးခဲ့သည်။ ထိုသို့တွန်းတင်ခဲ့ရာ၌ အိုက်ခ်မန်း၏ နောက်ကျောကို သူ့လက်ဖြင့် ထိလိုက်သောအခါ တစ်စုံတစ်ရာ သိသာတုံ့ပြန်သည့် အတွေ့အာရုံလုံးဝမရှိသဖြင့် တအံ့တဩ ဖြစ်သွားခဲ့ရသည်။ သူ့စိတ်ထဲတွင် ထိတွေ့မှုနှင့်ပတ်သက်သည့် ခံစားချက်အနည်းငယ်ရှိသည်ဆိုရုံမျှသာ ရှိခဲ့သည်။

အထက်တန်းလေကြောင်း အမှုထမ်းဖြစ်သူ ရှက်ဖာသည် လေယာဉ်တံခါးဝမှ စောင့်ကြိုနေခဲ့သည်။ လှေကားကလေးသည် ဘရစ်တိန်နီးယား လေယာဉ်ကြီးအတွက် အနည်းငယ်နိမ့်နေသည်ဖြစ်ရာ ရှက်ဖာသည် တံခါးဝမှနေ၍ လေယာဉ်အမှုထမ်းများအား ဆွဲတင်ရန် စောင့်နေရခြင်းဖြစ်သည်။ သို့ဖြင့် သူသည် အိုက်ခ်မန်းအား အနည်းငယ်မ၍ ဆွဲတင်လိုက်ပြီး လေယာဉ်ဝမ်းဗိုက်ထဲသို့ သွင်းလိုက်သည်။ ထို့နောက် သူတို့သည် အိုက်ခ်မန်းအား ပထမတန်းထိုင်ခုံများရှိရာသို့ ခေါ်ဆောင်သွားကြပြီး ရှေ့ဆုံးတန်းမှ ပြတင်းပေါက်နှင့်ကပ်နေသော ထိုင်ခုံပေါ်တွင် ထိုင်ချပေးကြသည်။

ပထမတန်းတွင် ထိုင်ခုံရှစ်ခုံမျှသာလျှင်ပါရှိရာ ကြိုတင်ညွှန်ကြားထားချက်အရ ထိုထိုင်ခုံများမှာ လေယာဉ်အမှုထမ်းများအတွက်ဖြစ်သည်။ သို့ဖြင့် သူတို့အားလုံးသည် အိပ်ပျော်နေဟန်ဆောင်နေကြရန်လည်း ညွှန်ကြားထားခြင်း ဖြစ်သည်။ ဤသည်မှာ အကယ်၍ တစ်စုံတစ်ယောက်က မေးမြန်းခဲ့လျှင် ဤအခန်းထဲမှ လေယာဉ်အမှုထမ်းများသည် လေယာဉ်ခရီးစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



တာဝန်များ ထမ်းဆောင်ရန် ရှိနေသဖြင့် အေးအေးဆေးဆေး အိပ်စက်အနားယူရန် စီစဉ်ပေးထားခြင်းကြောင်း ဖြေကြားရန်ပင်ဖြစ်သည်။ ထိုသို့ အပြည့်အဝ အနားယူစေရန်အတွက် သူတို့အား အနှောင့်အယှက်မဖြစ်စေရန် ဤပထမတန်းထဲမှ မီးများကို ငြိမ်းထားရန်ပင် စီစဉ်ညွှန်ကြားခဲ့ပြီးဖြစ်သည်။

အိုက်ခ်မန်းအား အနှောင့်အယှက်မရှိဘဲ လေယာဉ်ပေါ်အရောက် တင်နိုင်ခဲ့ကြပြီဖြစ်ရာ ယခုအခါ လေယာဉ်မှူး နှစ်ယောက်သည် ဦးပိုင်းစက်ခန်းထဲသို့ ရောက်ရှိနေကြပြီဖြစ်သည်။ ထို့နောက် စက္ကန့်ပိုင်းအတွင်း အင်ဂျင်စက်ကို စတင်နှိုးခဲ့ကြသည်။ လေယာဉ်ကြီးသည် တဖြည်းဖြည်း ရွေ့လျားခဲ့ပြီး တစ်ဖက်သို့ကွေ့ကာ လေယာဉ်ပြေးလမ်းကြောင်းရှိရာသို့ ဆွဲလိမ့်လာခဲ့သည်။ လေယာဉ်ပြေးလမ်းကြောင်းထိပ်ဝသို့ လေယာဉ်ကြီး ရောက်သွားသောအခါ အချိန်မှာ ည ၁၁ နာရီ ၁၅ မိနစ်တိတိ ရှိနေပြီဖြစ်သည်။

□

စင်စစ်အားဖြင့် လေယာဉ်အမှုထမ်းများ စီးလာသည့်ကားများ ရောက်လာမည့်အချိန်ကို စောင့်နေဆဲ ကျွန်ုပ်သည် အခြားသော အဖြစ်အပျက်များကို နောက်ပိုင်းမှ သိရခြင်းဖြစ်သည်။

ကဲနက်နှင့် သူ့အဖွဲ့ဝင်များသည် လျှို့ဝှက်အိမ်သို့ သတ်မှတ်ထားသည့်အချိန်အတိုင်း ည ၉ နာရီတိတိတွင် ရောက်သွားခဲ့ကြသည်။ သူတို့သည် ထိုအိမ်သို့ အသွားလမ်းများပေါ်တွင် အသွားအလာ ရှင်းနေသည်ကို တွေ့ခဲ့ရသည်။ လမ်းတစ်လျှောက်လုံး နက်ရှာ၏ကားကို တွေ့လိုတွေ့ငြား ဂရုစိုက်၍ ကြည့်လာခဲ့ကြသော်လည်း အရိပ်အယောင်မျှ မတွေ့ခဲ့ရဘဲဖြစ်ခဲ့သည်။ တစ်ဖန် နန်းတော်အဆောက်အအုံတွင် ကြိုတင်ရောက်နေလိမ့်မည်ဟူ၍ မျှော်လင့်မိကြသော်လည်း ထိုနေရာသို့ ရောက်သွားသည့်အခါတွင်လည်း ထိုအိမ်တွင် ရှိနေကြသူများသည် နက်ရှာနှင့် ပတ်သက်၍ ဘာသတင်းမျှ မရကြဘဲ ဖြစ်နေသည်ကို တွေ့ရသည်။

ကဲနက်နှင့် သူ့လူများသည် အားလုံး လှုပ်လှုပ်ရှားရှားဖြင့် ပျားအုံကို တုတ်နှင့်ထိုးသလို ဂနာမငြိမ်ဖြစ်နေခဲ့ကြသည်။ ထိုအချိန်တွင် အိုက်ခ်မန်းမှာ ရေချိုးပြီးနေပြီဖြစ်၍ အီလီသည် သူ့အား မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ ရိတ်ပေးခဲ့ပြီး ရုပ်ဖျက်ပေးနေခဲ့ရာ နောက်ဆုံးလိုအပ်သည့်အပိုင်းများကို လက်စသတ်နေပြီဖြစ်သည်။ ထို့နောက် သူတို့သည် အိုက်ခ်မန်းအား လေကြောင်းဝတ်စုံများ ဝတ်ဆင်ပေးခဲ့ကြသည်။ အိုက်ခ်မန်းသည် မိမိအား ဗျူနိုအဲရစ္စမြို့မှ





ခေါ်ဆောင်သွားတော့မည်ဖြစ်ကြောင်း နာရီအနည်းငယ် ကြိုတင်၍ သိ… ဖြစ်ရာ နောက်ပိုင်းတွင် ကဲနက်တို့ စေခိုင်းသမျှ အေးအေးဆေးဆေးဖြင့် လိုက်… နာလုပ်ကိုင်ပေးခဲ့သည်။

အားလုံး ပြင်ဆင်ပြီးသည့်နောက် ဆရာဝန်က မေ့ဆေးများထိုး… စီစဉ်သောအခါ အိုက်ခ်မန်းက မိမိအား မေ့ဆေးထိုးရန် မလိုကြောင်းနှင့် မိမိ… သည် အေးအေးဆေးဆေးဖြင့် လိုက်လာမည်ကို ယုံကြည်စေလိုကြောင်း … လာခဲ့သည်။ သို့သော် မိမိ၏ ကတိစကားများကို လုံးဝယုံကြည်ကိုးစားခြင်းမ… ကြောင်း အတိအကျ သိလိုက်ရသောအခါ အိုက်ခ်မန်းသည် မိမိအား မေ့ဆေး… ထိုးရာ၌ အတတ်နိုင်ဆုံး အဆင်ပြေအောင် ကူညီခဲ့သည်။

ဆရာဝန်သည် အိုက်ခ်မန်းအား မေ့ဆေးထိုးပေးရာ၌ အပ်ကို ပြန်… ဘဲ သွေးကြောထဲတွင် အပြီးထည့်ထားနိုင်သည့် အထူးတီထွင်ထားသော … တစ်မျိုးကို အသုံးပြုခဲ့သည်။ ထိုအပ်သည် ခန္ဓာကိုယ် သွေးကြောထဲတွင် ကျန်… ရစ်ခဲ့ပြီး ထိုအပ်မှတစ်ဆင့် သွေးလည်ပတ်မှုကို မထိခိုက်စေဘဲ နောက်ထပ်… မေ့ဆေးများ အဆက်မပြတ် အလိုအလျောက် သွင်းပေးနိုင်စွမ်းရှိသည်။ ဆရာ… ဝန်၏ ရည်ရွယ်ချက်မှာ အိုက်ခ်မန်းအား လုံးဝအိပ်ပျော်၍ သတိမေ့သွား… အထိ မဖြစ်စေရဘဲ အကယ်၍ လုံးဝသတိလက်လွတ်ဖြစ်သွားရန် လိုအပ်သည့်… အချိန်တွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မရိပ်မိစေဘဲ ထိုအခြေအနေသို့… ရောက်အောင် ဖန်တီးပေးနိုင်ရန်ဖြစ်သည်။ ထိုသို့ ဖန်တီးလုပ်ဆောင်ရာတွင်… လည်း ကားမောင်းသွားသည့် အခိုက်အတန့်မှာပင် တရားခံ၏ အသက်အန္တရာယ်… ကို မထိခိုက်စေဘဲ ပြုလုပ်နိုင်သည်။

ထို့နောက် အိုက်ခ်မန်းအား အိမ်ပြင်သို့ ခေါ်ထုတ်လာချိန်တွင် သွေးကြော… ထဲမှ ဆေးတန်ခိုးများ စ၍ပြလာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် ဒယ်… ဖြစ်လာသော အိုက်ခ်မန်းအား လမ်းလျှောက်နိုင်ရန် တစ်ဖက်တစ်ချက်မှ တွဲ… ခဲ့ကြသည်။ သို့သော် ထိုအချိန်မှာပင် သတိကောင်းလှသော အိုက်ခ်မန်းသည် … မိမိကိုယ်ပေါ်တွင် အခြားလေယာဉ်အမှုထမ်းများကဲ့သို့ အပေါ်အင်္ကျီ ဝတ်… ထားသည်ကို သတိပြုမိပြီး သူ့အား တစ်စုံတစ်ရာ သင်္ကာမကင်းမဖြစ်စေ… အပေါ်အင်္ကျီဝတ်ပေးရန် ပြောကြားခဲ့သေးသည်။

ထိုသို့ နောက်ဆုံးအချိန်နာရီအတွင်း အိုက်ခ်မန်း၏ ပူးပေါင်း… အထူးပင် ထင်ရှားလာခဲ့ရာ သူသည် ဤလျှို့ဝှက်စစ်ဆင်ရေးတွင် … အဖွဲ့ဝင်တစ်ယောက်ပမာ စိတ်အားထက်သန်စွာ ပြုမူ…



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ နောက်ဆုံး၌ သူသည် ဤစစ်ဆင်ရေး အောင်မြင်မှုအတွက် သူ ကျရာတာဝန်ကို ထမ်းဆောင်သည့် အနေအထားမျိုးပင် ဖြစ်လာခဲ့သည်။ ယင်းသို့ ပူးပေါင်းကူညီမှုသည် ရန်သူအား အောက်ကျို့တတ်သည့် သူ၏ စိတ်ဓာတ်ညံ့ဖျင်းမှုကြောင့်လော။ သို့မဟုတ် ထိုသို့ပူးပေါင်းကူညီခဲ့ခြင်းအားဖြင့် သူ့အသက်ချမ်းသာရာ ရလိမ့်မည်ဟု မျှော်လင့်ထား၍လော။ ဤမေးခွန်းများ၏အဖြေကို လောလောဆယ် မည်သူမျှ အချိန်ကုန်ခံ၍ မစဉ်းစားနိုင်အောင် ဖြစ်နေခဲ့ကြသည်။

သို့ဖြင့် သူတို့သည် အိုက်ခ်မန်းအား ကားနောက်ခန်းထဲသို့ သွင်းလိုက်ကြပြီး ဆရာဝန်နှင့် အက်ရှက်တို့အကြားတွင် အထိုင်ခိုင်းခဲ့ကြသည်။ ဆရာဝန်နှင့် အက်ရှက်တို့ နှစ်ယောက်စလုံးသည်လည်း လေကြောင်းအမှုထမ်းဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ဆရာဝန်သည် အိုက်ခ်မန်းအား ရုတ်တရက် သတိပြန်လည်လာမည့် အခြေအနေမျိုး ဖြစ်ပေါ်လာပါက ဆေးတန်ခိုး ပို၍ပြင်းစေရန် အသင့်အနေအထားမျိုးဖြင့် ရှိနေခဲ့သည်။ အမှန်စင်စစ် အိုက်ခ်မန်းအား အပေါ်အင်္ကျီဝတ်မပေးဘဲ ထားခဲ့ကြသည်မှာ ထိုသို့ ဆေးတန်ခိုး ပိုပြင်းအောင် ပြုလုပ်နိုင်ရန် ရည်ရွယ်၍ထားခဲ့ခြင်းဖြစ်သည်။

သူတို့အားလုံး ကားထဲတွင် နေရာယူခဲ့ကြပြီးနောက် အိုက်ခ်မန်းသည် ကဲနက်အား မိမိ၏ မျက်မှန်ကို 'တဲလ်အဗစ်ရောက်လျှင် အသုံးလိုလို လိုပြား' ယူခဲ့ပေးရန် မေတ္တာရပ်ခံခဲ့သည်။

ထို့နောက် အိုက်ခ်မန်းသည် တစ်လမ်းလုံး မိန်းမော၍ လိုက်ပါလာခဲ့သည်။ သူတို့စီးခဲ့သောကားနှင့် သူတို့ကို စောင့်ရှောက်လိုက်ပါလာသောကားသည် လမ်းခုလတ်တွင် မီးရထားတံတားတစ်ခုကို ဖြတ်ကူးရာ၌ တစ်ကြိမ်သာလျှင် ရပ်ခဲ့ရသည်။ ထိုတစ်ကြိမ်မှအပ လမ်းခရီးတစ်လျှောက်လုံး အနှောင့်အယှက်ဟူ၍ တစ်စက်ကလေးမျှ မတွေ့ရဘဲရှိခဲ့သည်။

❒

ကျွန်ုပ်သည် အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ အရောက်ပို့ဆောင်ခဲ့သည့် ကားများရှိရာမှ ထွက်ခွာလာခဲ့ပြီးနောက် ကျွန်ုပ်၏ အမိန့်ထုတ်ပြန်ရာ စားပွဲဆီသို့ ပြန်လာခဲ့သည်၊ ထိုအချိန်တွင် ကီဒမ်သည် ကျွန်ုပ်အား စားပွဲမှ စောင့်နေခဲ့သည်။ ကျွန်ုပ်တို့နှစ်ယောက်သား စားပွဲတွင်ထိုင်ကြရင်း လေယာဉ်ပေါ်တွင် 'ဘာများ ထူးထူးခြားခြားဖြစ်နေသလဲ'ဟူ၍ စဉ်းစားတွေးတောနေခိုက် လေယာဉ်အင်ဂျင်စက်သံသည် တစ်ဖြည်းဖြည်း ကျယ်လောင်စွာ မြည်ဟည်းလာခဲ့ရာ ဤအသံကြီးသည်





ကျွန်ုပ်တို့ မေးခွန်း၏ အဖြေပင်ဖြစ်လာခဲ့သည်။ ကီဒမ်သည် ဘာရစ်တိန်နီးယာ လေယာဉ်စက်သံကို ချက်ချင်းမှတ်မိသည်။ ကျွန်ုပ်အတွက်မူ ဤလေယာဉ်စ သံသည် ကျွန်ုပ်၏ ဌာနချုပ်အား ပို၍ ရှေ့တန်းကျသောနေရာသို့ ပြောင်းရွှေ အချက်ပေးလိုက်သည့် အသံပင်ဖြစ်သည်။

မိနစ်အနည်းငယ်ခန့် ကြာသောအခါ ကျွန်ုပ်သည် ပြည်ပသို့ထွက်ခွာမည ခရီးသည်များ နားနေရာခန်းမကြီးထဲသို့ ရောက်လာခဲ့သည်။ ကျွန်ုပ်သည် ဤ ခန်းမကြီးတစ်ခုလုံးကို လှမ်း၍ကြည့်နိုင်မြင်နိုင်သော ထောင့်စွန်းရှိ အေးဆေ ငြိမ်သက်သည့် တစ်နေရာမှ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ သွားနေ လာရေး ခက်ခဲလှသော ဤခန်းမဆောင်ထဲမှနေ၍ ကီဒမ်နှင့် မြင်မြင်ထင်ထင်ကြီ ဆက်သွယ်ရန် မသင့်ဟု ကျွန်ုပ် ယူဆမိသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့နှစ်ယော သား တိုင်ပင်ကြပြီး ကီဒမ်အား ကျွန်ုပ်တို့ လေကြောင်းကုမ္ပဏီမှ နိုင်ငံခြားလေဆိ များကို အုပ်ချုပ်ရသည့် လာဇာနှင့် လေကြောင်းအထက်တန်းအရာရှိ အာဗနေ တို့ထံ သွားရောက်၍ အခြေအနေအရပ်ရပ်ကို လေ့လာစုံစမ်းရန် လွှတ်လိုက် သည်။ ကီဒမ်သည် ထိုပုဂ္ဂိုလ်နှစ်ဦးထံမှရသည့် သတင်းများကို ကျွန်ုပ်ထံသို့ ကြိုတင်အချက်ပြ၍ ပေးပို့ရမည်ဖြစ်သည်။ များမကြာမီ သူသည် အခန်းထဲသို့ ပြန်ဝင်လာခဲ့ရာ ဝင်းထိန်နေသော သူ့မျက်နှာကို မြင်လိုက်ရခြင်းအားဖြ အခြေအနေ အရပ်ရပ်မှာ အထူးကောင်းမွန်နေကြောင်း သိလိုက်ရသည်။

ကျွန်ုပ်သည် ခပ်လှမ်းလှမ်းတွင် အာဗနာနှင့်အတူ ခပ်စောစော အိုက်ခ်မန်းနှင့် လေယဉ်ပေါ်သို့ တက်သွားကြသည့် လေယာဉ်အမှုထမ်းအချို ကို လှမ်းမြင်လိုက်ရသည်။ ကျွန်ုပ် စိတ်ထဲတွင် သူတို့သည် လူဝင်မှုကြီးကြ ရေးဌာနမှ ခွင့်ပြုချက်တောင်းရန် လေယာဉ်ပေါ်မှ ဆင်းလာကြသည်ဟု ထင်လိုက မိသည်။ တစ်ဖန် အဆိုပါလေယာဉ်အမှုထမ်းများနှင့်အတူ ဤခန်းမ ဆောင်ထဲတွ အိုက်ခ်မန်းအား စောင့်ရှောက်လိုက်ပါကြမည့် ကျွန်ုပ်တို့ လူပ်ရှားတပ်ဖွဲ့ဝင်များ မတွေ့မမြင်ရဘဲ ရှိနေသည်။ သို့ဖြစ်ရာ သူတို့တစ်တွေသည် လေယာဉ်အမှုထ အစစ်များနှင့်အတူ အိုက်ခ်မန်းနှင့် အစောင့်အရှောက်များအား အကာအကွ ပေးရန် လေယာဉ်ပေါ်တွင် ကျန်ရစ်နေခဲ့ကြသည်ဟု ယူဆလိုက်မိသည်၊ မည် ဖြစ်စေ အစစအရာရာ စီစဉ်ထားသည့်အတိုင်း ချောမွေ့နေပြီဖြစ်ရာ အမှုထမ်းအချို့က ထုံးစံအတိုင်း လုပ်စရာရှိသည်များကို လေယာဉ် လုပ်ကိုင်နေကြစဉ် အခြားအမှုထမ်းများက လေယာဉ် ပေါ်တွင် သင့်လျော်သည့် အစီအစဉ်ပင်ဖြစ်သည်ဟု ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ကျွန်ုပ်သည် ထိုင်ရာမှထကာ ခန်းမဆောင်ထဲမှထွက်၍ ဂါဘီနှင့် အီဟာတ်တို့ထံ စကားပြောရန် လျှောက်လာခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့သည် လေဆိပ်အတွင်းရှိ ကျွန်ုပ်တို့၏ လူပ်ရှားတပ်ဖွဲ့ဝင်အချို့အား လေယာဉ်ပေါ်တွင် လိုက်ပါသွားရန် စီစဉ်ဆုံးဖြတ်ခဲ့ကြသည်။ ကျွန်ုပ် တွေးမိသလောက် အရကဲ့သို့ ကျွန်ုပ်တို့လူအချို့ လေယာဉ်ဖြင့် လိုက်ပါသွားခြင်းအားဖြင့် ကျန်လူများအတွက် အာဂျင်တီးနားနိုင်ငံမှ တစ်ယောက်တကွဲ ထွက်ခွာသွားရန် ပို၍ လွယ်ကူမည်ဟု သဘောရမိသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် လေယာဉ်ဖြင့်လိုက်ပါရန် ကျွန်ုပ်တို့ ရွေးချယ်ထားသူများအား ခန်းမဆောင်ထဲတွင် မလှုပ်မယှက်ရှိနေစေရန်နှင့် ကျွန်ုပ်ထံမှ အချက်ပြသည်ကို စောင့်နေကြရန် ဂါဘီနှင့်အီဟာတ်တို့အား မှာကြားခဲ့သည်။

ထို့နောက် ဗျူနိုအဲရစ္စတွင် ကျန်ရစ်ခဲ့ကြမည့် သူများအား အပြင်သို့ ထွက်သွားကြပြီး ယခုချိန်အထိ ပေါ်မလာဘဲ စိုးရိမ်စရာဖြစ်နေသော နက်ရှာအား လိုက်လံရှာဖွေကြရန် ဂါဘီမှတစ်ဆင့် ညွှန်ကြားခဲ့သည်။ ထို့ပြင် အကယ်၍ နက်ရှာအား ရုတ်တရက် ရှာမတွေ့ခဲ့ပါက သူ့ကို ဆက်လက်ရှာဖွေရန် ကျွန်ုပ်တို့အဖွဲ့ဝင်တစ်ယောက် ချန်ထားခဲ့ပြီး ကျန်လူအားလုံး မူလစီစဉ်သတ်မှတ်ထားသည့်အတိုင်း အာဂျင်တီးနားမှ ထွက်ခွာလာကြရန် မှာကြားထားခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် တာလ်မီနှင့် တွေ့ဆုံ၍ ၎င်းအား လေယာဉ်ထွက်ခွာသွားလျှင်သွားချင်း ဗျူနိုအဲရစ္စမြို့တွင်းသို့ အမြန်ဆုံးပြန်သွားပြီး အာဖွန်ကို တာဝန်ဆက်လက်ထမ်းဆောင်ရန်မလိုတော့သဖြင့် သွားလိုရာသွားခွင့်ပြုလိုက်ရန် ပြောကြားသည်။

ကျွန်ုပ်သည် အခြားသူများအတွက် ထိုသို့ အဘက်ဘက်က လိုအပ်သလို စီစဉ်ညွှန်ကြားခဲ့သော်လည်း ကျွန်ုပ်အနေဖြင့် ရှေ့ဆက်၍ မည်သို့မည်ပုံ လုပ်ကိုင်မည်ကို မည်သူ့ကိုမျှ ပြောမပြဘဲ ထားခဲ့သည်။ ထို့ပြင် ကျွန်ုပ်၏ စာရွက်စာတမ်း သောက်ခံစာများနှင့် အထုပ်အပိုးပစ္စည်းများမှာ ကျွန်ုပ်နှင့်အတူ ရှိနေသည်ဖြစ်ရာ ကျွန်ုပ်အနေဖြင့် နောက်ဆုံးမိနစ်အချိန်တွင် ကျွန်ုပ် စိတ်တိုင်းကျ ဆုံးဖြတ်လုပ်ကိုင်ရန် အသင့်ရှိနေပြီဖြစ်သည်။

သို့ဖြင့် ခရီးသည်များ၏ ဧည့်ခန်းဆောင်ထဲသို့ ကျွန်ုပ် ထပ်မံရောက်ရှိသွားသောအခါ အခြေအနေမှာ မပြောင်းမလဲဘဲ ယခင်အတိုင်းပင် ရှိနေသေးသည်။ လေယာဉ်အမှုထမ်းများသည် အကောက်ခွန်ဌာနအနီးတွင် ဝိုင်းနေကြဆဲဝင်ဖြစ်သည်။ ကျွန်ုပ်သည် ကီဒမ်အား လက်ပြ၍ လှမ်းခေါ်လိုက်ပြီး လေယာဉ်ကို





အမြန်ဆုံး စောနိုင်သမျှစော၍ ထွက်ခွာပျံသန်းနိုင်ရန် လုပ်စရာရှိသည့် ကိစ္စရပ်များကို တတ်နိုင်သမျှ အမြန်ဆုံးလုပ်ကြရန် ပြောကြားလိုက်သည်။ ဤတွင် ကီဒမ်က လေယာဉ်စတင်ထွက်ခွာရန်အတွက် လေယာဉ်မှာ အစစ အသင့်ဖြစ်နေသော်လည်း လေယာဉ်အမှုထမ်းများအတွက် ထုံးစံအတိုင်း လုပ်ဆောင်ရမည့် ကိစ္စများနှင့် လေယာဉ်ဖြင့်လိုက်ပါကြမည့် ခရီးသည်နှစ်ယောက် သုံးယောက်ကို စောင့်နေကြရခြင်းဖြစ်ကြောင်း ကျွန်ုပ်အား ရှင်းပြခဲ့သည်။ ထို့ပြင် လေဆိပ်အကောက်ခွန်ဌာနမှ တာဝန်ခံများ ယခုအထိ ရောက်မလာကြသေးသဖြင့် ယခုကဲ့သို့ တစ်ပြုံကြီး စောင့်နေရခြင်းဖြစ်ကြောင်း ကီဒမ်က ကျွန်ုပ်အား ပြောပြခဲ့သည်။

အချိန်မှာ ည ၁၁ နာရီ မိနစ် ၄၀ ရှိနေပြီဖြစ်သည်။ ကျွန်ုပ်သည် ကီဒမ်အား ထုံးစံအတိုင်း လုပ်စရာရှိသည့်ကိစ္စများ ယခုထက်ပို၍ မြန်မြန်ပြီးအောင် ကျွန်ုပ်တို့ လေကြောင်းကုမ္ပဏီမှ နိုင်ငံခြားလေဆိပ်များသို့ အုပ်ချုပ်ရသည့် လာဇာအား အကူအညီတောင်းရန် ပြောကြားလိုက်သည်။ သို့ဖြင့် ကီဒမ်၏ တောင်းဆိုချက်အရ လာဇာသည် အကောက်ခွန်အရာရှိများအား ရှာဖွေရန် ချက်ချင်းထွက်ခွာသွားခဲ့သည်။ ထို့နောက် ၅ မိနစ်ခန့်အကြာတွင် လာဇာသည် အကောက်ခွန်အရာရှိတစ်ယောက်နှင့်အတူ ပြန်ရောက်လာခဲ့သည်။ အကောက်ခွန်အရာရှိက ယခုကဲ့သို့ အချိန်ကြန့်ကြာသွားသည့်အတွက် တောင်းပန်စကားများ ပြောကြားကာ စစ်ဆေးရေးဆိုင်ရာ ကိစ္စများကို လျင်မြန်ကျွမ်းကျင်စွာ လုပ်ကိုင်ခဲ့သည်။ ၅ မိနစ်အတွင်း ကိစ္စအားလုံး ပြီးစီးခဲ့၍ လေယာဉ်အမှုထမ်းများသည် သူတို့၏ ပစ္စည်းအထုပ်အပိုးများနှင့်အတူ အားရကျေနပ်စွာ ပြန်လည်ထွက်ခွာသွားကြသည်။ ထို့နောက်တွင် လေဆိပ်အလုပ်သမားများသည်လည်း သားရေသေတ္တာများနှင့် အထုပ်အပိုးများကို ကွင်းထဲမှ လေယာဉ်ပြေးလမ်းကြောင်းထိပ်ဝသို့ ရောက်နေပြီဖြစ်သော လေယာဉ်ရှိရာသို့ ကတိုက်ကရိုက် သယ်သွားခဲ့ကြသည်။

ယခုအခါ ခန်းမဆောင်တစ်နေရာတွင် စောင့်နေကြသော ကျွန်ုပ်တို့လူများအလှည့် ရောက်လာပြီဖြစ်သည်။ ကျွန်ုပ်က သူတို့အား အချက်ပြလိုက်ရာ သူတို့သည် လေယာဉ်လက်မှတ်စစ်ဆေးသည့် အပေါက်ဝသို့ လျှောက်သွားကြသည်။ သူတို့တစ်တွေမှာ လောလောဆယ် ဘာဖြစ်နေသည်ကိုမသိရသေးဘဲ မျက်နှာထားများ ခပ်မာမာဖြစ်နေကြသည်။ ဤတွင် ကျွန်ုပ်က "မင်းတို့အားလုံး လေယာဉ်ပေါ်ကို တက်မယ့်အဖွဲ့နဲ့အတူ လိုက်သွားကြ"ဟု အမိန့်ပေးလိုက်ရာ သူတို့သည် ကျွန်ုပ်ပြောသည့်အတိုင်း လိုက်ပါသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် နက်ရှာတစ်ယောက် ဘွားခနဲ ရောက်လာခဲ့သည်။ သူ့မျက်နှာတစ်ခုလုံးမှာ ချွေးများဖြင့် စိုရွှဲနေပြီး နွမ်းနယ်နုံးချည့်ကာ ပူပန်သောက ရောက်နေသည့်ပုံမျိုး ပေါက်နေသည်။ ထို့ပြင် သူသည် ခန်းမဆောင်အတွင်းမှ ထိန်လင်းနေသော မီးရောင်အောက်တွင် ကျင့်သားမရသေးဘဲ ရှိနေဟန်တူ၏ ကျွန်ုပ်သည် သူ့ထံသို့ ချက်ချင်းတန်းသွားပြီး လေယာဉ်ပေါ်သို့တက်ရန် ထွက်သွားကြသည့်အဖွဲ့နှင့် တစ်ပါတည်း လိုက်သွားရန် သူ့အား အမိန့်ပေးလိုက်ရသည်။

သို့သော် သူသည် လေယာဉ်ရှိရာသို့ ထွက်ခွာသွားရာ၌ နောက်ဆုံးလူမဟုတ်ဘဲ သူ့နောက်မှ နောက်ဆုံးအချိန်တွင် နောက်ဆုံးလိုက်ပါသွားသူမှာ ကျွန်ုပ်ပင်ဖြစ်ရာ မကြာမီ စက္ကန့်ပိုင်းအတွင်း ကျွန်ုပ်သည် လေယာဉ်ပေါ်သို့ ရောက်သွားခဲ့ပြီဖြစ်သည်။ ထို့နောက် လေယာဉ်တံခါးများကို ပိတ်လိုက်ပြီး အင်ဂျင်စက်သံများ တစ်စတစ်စ ကျယ်လောင်စွာ မြည်ဟည်းလာခဲ့၍ ရောမဘရစ်တိန်နီးယား လေယာဉ်ကြီးသည် လေယာဉ်ပြေး လမ်းကြောင်းအတိုင်း အရှိန်ဖြင့် တဖြည်းဖြည်း လိမ့်လာခဲ့သည်။

ကျွန်ုပ်တို့သည် အခက်အခဲ အတားအဆီးမှန်သမျှကို ကျော်လွှားလွန်မြောက်ကာ ကံကြမ္မာသည် နောက်ဆုံးအချိန်အထိ ကျုပ်တို့ဘက်မှ ရှိနေပြီဟု ထင်မှတ်လိုက်ရသည်။ သို့ပါလျက် ကျွန်ုပ်မှာ လုံးဝစိတ်ချလက်ချ မရှိသေးဘဲ ဖြစ်နေခဲ့သည်။ ခပ်စောစောက လေယာဉ်အမှုထမ်းများ အကောက်ခွန်ဌာနကို ဖြတ်ကျော်၍ လေယာဉ်ကွင်းထဲသို့ ဝင်ကြတော့မည့်ဆဲဆဲတွင် ကျွန်ုပ်သည် ရုတ်တရက် အရပ်ဝတ်အရပ်စားဖြင့် လူတစ်ယောက်ကို သတိပြုလိုက်မိသည်။ ထိုလူသည် လေဆိပ်တွင် သူ့အိမ်သူ့ရာကဲ့သို့ တည်ငြိမ်အေးဆေးစွာ ရှိနေသည့်ပြင် သူ့ကိုကြည့်ရသည်မှာလည်း ဤလေယာဉ်ကွင်း၌ အထက်တန်းအရာရှိတစ်ယောက်၏ အသွင်အပြင်မျိုး ရှိနေသည်ကို တွေ့ရသည်။ ထိုလူသည် ခန်းမဆောင်ကြီးအတွင်း ခြေလှမ်းကျယ်ကြီးများဖြင့်လှမ်းကာ ခပ်မြန်မြန် ခပ်သွက်သွက်ဖြင့် ကွင်းထဲသို့ဝင်သည့် ဂိတ်ဝမှ အတားအဆီး အစစ်အဆေးမရှိဘဲ ဝင်လာခဲ့ပြီး ကျွန်ုပ်တို့ လေယာဉ်ဆိုက်ကပ်ထားသည့်နေရာသို့ အပြေးကလေး လာခဲ့သည်။ ထိုအခိုက် သူ့နောက်မှ အခြားလူတစ်ယောက် လိုက်ပါလာသည်ကို တွေ့ရပြန်သည်။ သို့ဖြင့် လေယာဉ်ပြေးလမ်းကြောင်းထိပ်ဝသို့ ကျွန်ုပ်ရောက်သွားသောအခါ သူတို့နှစ်ယောက်သည် လေယာဉ်ဘေးနားတွင် ရပ်နေသည်ကို မြင်ရသည်။





ခပ်စောစောက စိတ်အေးလက်အေး ဖြစ်နေခဲ့သော ကျွန်ုပ်မှာ အကြီးအကျယ် သောကရောက်သွားခဲ့ပြီး လေယာဉ်ပေါ်တွင် ထိုင်မိသည်အထိ ကျွန်ုပ်မှာ ဂနာမငြိမ်အောင် စိတ်လှုပ်ရှားနေမိသည်။ လေယာဉ်သည် လေယာဉ်ပြေးလမ်းကြောင်းအတိုင်း အရှိန်ဖြင့် ပြေးလာခဲ့ပြီး လမ်းဆုံးတွင် အရှိန်အနည်းငယ်သတ်၍ မြေပြင်မှ စတင်ပျံသန်းရန် အားယူလိုက်သည်။ အင်ဂျင်များမှာ ပို၍အရှိန်ပြင်းလာခဲ့ရာ ကျွန်ုပ်စိတ်ထဲတွင် သည့်ထက်ပို၍ အရှိန်ပြင်းရန်နှင့် မြေပြင်မှ စတင်ပျံသန်းရန် ဆုတောင်းလိုက်မိသည်။ သို့သော် လေယာဉ်ကြီးသည် အားယူနေသည့်အနေဖြင့် ထိုနေရာတွင် အတော်ကလေးကြာအောင် မလှုပ်မရှားဖြစ်နေခဲ့သည်။

"စက်ခန်းထဲမှာ ဘာတွေများဖြစ်နေကြပါလိမ့်။ ထိန်းသိမ်းရေးမျှော်စင်ပေါ်ကနေပြီး လေယာဉ်မှူးကို လေယာဉ်မထွက်နဲ့ဦးလို့များ အမိန့်ပေး တားမြစ်ထားလေသလား။ ဒါမှမဟုတ် မျှော်စင်ပေါ်က လေယာဉ်ပျံသန်းခွင့် အမိန့်ကိုများ စောင့်နေကြသလား"

အင်ဂျင်စက်များမှာ အရှိန်ပြင်းသည်ထက် ပြင်းလာခဲ့ရာ လေယာဉ်ကြီးမှာ မြေပြင်တွင် မျက်စိဖြင့်မမြင်ရဘဲ ချည်ထားခြင်းခံရသော ကြိုးများကို အတင်းရုန်းကန် ဖြတ်တောက်ရန် ကြိုးစားနေသလားဟု ထင်မှတ်ရသည်။ စောစောပိုင်းက စိတ်အေးလက်အေးဖြင့် စိတ်ချလက်ချ ရှိနေခဲ့သော ကျွန်ုပ်မှာ ဤအခိုက်အတန့်ကလေးတွင် ကျွန်ုပ်၏ ကိုယ်ခန္ဓာထဲမှ တည်ငြိမ်အေးဆေးမှုများအားလုံး ပျောက်ပျက်ထွက်ခွာသွားသလို ခံစားလိုက်ရသည်။ အပြင်ဘက်တွင် မည်သို့ဖြစ်နေသည်ကို ကျွန်ုပ် နားမလည်နိုင်သေးဘဲ ဖြစ်နေမိသည်။ နောက်ဆုံး ပန်းဝင်ခါနီးကလေးတွင်မှ ကံကြမ္မာသည် ကျွန်ုပ်တို့အား သစ္စာဖောက်သွားလေပြီလား။

ထိုအခိုက်မှာပင် ရုတ်တရက် ချက်ချင်းဆိုသလို လေယာဉ်ကြီးသည် ရောမအသံကြီးဖြင့် မြေပြင်ပေါ်မှ ရှေ့သို့ဝုန်းခနဲ ခုန်၍ မြင့်တက်သွားသည်ကို ခံစားလိုက်ရသည်။ ပုံမှန်လေယာဉ်ပြေး လမ်းကြောင်းအတိုင်း တက်လာခဲ့ရာ လေယာဉ်ကြီးသည် စက္ကန့်ပိုင်းအတွင်း လေထဲသို့ ထိုးတက်လာခဲ့သည်။ မကြာမီ ကျွန်ုပ်တို့သည် လေဆိပ်မှ မီးရောင်များနှင့် အတူ အာဂျင်တီးနား [illegible] နယ်နိမိတ်ကို နောက်ဘက်တွင် ခွဲခွာခဲ့ကြ၍ အရှိန်မပျက် [illegible] ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဤတွင်မှ သက်ပြင်းချနိုင်တော့သည်။

ထိုအချိန်မှာ သန်းခေါင်ကျော် ငါးမိနစ်စွန်းခဲ့ပြီဖြစ်၍ ၁၉၆၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့ပင်ဖြစ်သည်။

■

# မျက်မှန်အနက်ကြီးနဲ့လူက ဘယ်သူလဲ

ကျွန်ုပ်သည် လေယာဉ်ပေါ်သို့ ရောက်ခဲ့ပြီး လေယာဉ်ထွက်ခွာ ပျံသန်းလာတော့မှ နက်ရှာတစ်ယောက် ဘာ့ကြောင့်နောက်ကျရသည်ကို သိကြရသည်။ ဖြစ်ပုံကား သူစီးလာသောကားသည် လမ်းခုလတ်တွင် စက်ပျက်သွားခဲ့၍ အစွမ်းကုန် အမျိုးမျိုး ကြိုးစားပြင်ပါသော်လည်း လုံးဝစက်နှိုးမရတော့သဖြင့် နောက်ဆုံး၌ ဘယ်လိုမှမတတ်နိုင်တော့ဘဲ ကားကို လမ်းဘေးတွင် သည်အတိုင်းထားပစ်ခဲ့ ရသည်။ သို့ဖြင့် သူသည် ကားလမ်းအတိုင်း အတော်ကလေးကြာအောင် ခြေကျင်လျှောက်လာခဲ့ရပြီး ကံအားလျော်စွာ အငှားကားတစ်စီးကို တွေ့ရသဖြင့် ထိုကားဖြင့် မြို့ထဲသို့ ဆက်လာခဲ့ရသည်။ သို့သော် နက်ရှာသည် ထိုအငှား ကားကို 'နန်းတော်' အဆောက်အအုံအထိ ခေါ်မသွားရဲဘဲ ဖြစ်နေသဖြင့် တစ်နေရာတွင်ရပ်ကာ ကားမောင်းသမားအား စောင့်ရန် ပြောထားခဲ့ပြီး နောက်ထပ် ခြေကျင်ဆက်၍ လျှောက်လာခဲ့ရပြန်သည်။

ထို့နောက် သူသည် လျှို့ဝှက်အိမ်သို့ ရောက်သွားသောအခါ အခြားလူများ ကို မတွေ့ရတော့ဘဲ အိမ်ကို ရှင်းလင်းနေကြသော ဒီနာနှင့် အီလီတို့နှစ်ယောက် ကိုသာ တွေ့ရတော့သည်။ သူတို့နှစ်ယောက်သည် ထိုအိမ်တွင် လူအမြောက် အမြား နေသွားခဲ့သည်ဟူ၍ လုံးဝမထင်မှတ်ရအောင် အသေးအဖွဲပစ္စည်းများအား ခြေရာလက်ရာ အစအနမှန်သမျှကို ရှင်းလင်းသုတ်သင်နေကြခြင်းဖြစ်၏။ တစ်ချိန်တည်း၌ သူတို့သည် လေဆိပ်တွင် အစစအရာရာ စီစဉ်ထားသည့်အတိုင်း ချောချောမောမော ဖြစ်လိမ့်မည်ဟု မျှော်လင့်ကာ အဆိုပါ သတင်းကောင်းများ

www.burmeseclassic.com



ကို ယူဆောင်လာကြမည့် ဂါဘီနှင့် အီဟတ်တို့ကို စောင့်နေကြခြင်းဖြစ်သည်။ သို့ဖြင့် နက်ရှာသည် လမ်းတွင် စက်ပျက်၍ ထားပစ်ခဲ့ရသော ကားရှိသည့်နေရာကို မြေပုံကြမ်းတစ်ခုဆွဲပြကာ ဒီနာနှင့် အီလီတို့အား ထိုကားကို ပြင်၍ ထားငွားရွာနသို့ ပြန်အပ်ရန် မှာကြားခဲ့သည်။ ထို့နောက် စောစောက စောင့်ခိုင်းထားခဲ့သည့် အငှားကားရှိရာသို့ ပြန်လာခဲ့ကာ လေဆိပ်သို့ တရကြမ်းမောင်းလာခဲ့ရသည်။

❒

လေဆိပ်မှ ထွက်ခွာလုဆဲဆဲတွင် ကျွန်ုပ်တို့ လေယာဉ်အား ဘာကြောင့် အချိန်ဆွဲထားခဲ့သည်ကို နိုင်ငံခြားလေဆိပ် အုပ်ချုပ်ရေးတာဝန်ခံ လာဇာတစ်ယောက် သာလျှင် အဖြစ်မှန်သိခဲ့သည်။ ယင်းသို့ လေယာဉ်စထွက်ခွာရန် ၁၅ မိနစ်မျှသာ လိုတော့သည့် နောက်ဆုံးအချိန်သည် အာဂျင်တီးနားနိုင်ငံတွင် နေခဲ့ရသည့် ကာလအတောအတွင်း လာဇာအတွက် စိတ်အလှုပ်ရှားဆုံး ဖြစ်ခဲ့ရသည်။

လာဇာသည် ထိုနေ့က တစ်နေ့လုံး သုတ်သီးသုတ်ပျာ ပြေးရင်းလွှားရင်း အားလုံး အစစအရာရာ ချောချောမောမောဖြစ်စေရန်နှင့် လေယာဉ်ပျံသန်းချိန် နောက်မကျစေရန် လုပ်စရာရှိသည်များကို ဖုတ်ပူမီးတိုက် လုပ်ခဲ့ရသည်။ ထို့ပြင် ညသန်းခေါင်ချိန် နီးကပ်လာသောအခါ အိုက်ခ်မန်းအား လေယာဉ်ပေါ်သို့ အရောက်ပို့ပြီးပြီကို သိလိုက်ရ၍ ထိုအချိန်သည် သေရေးရှင်ရေး အဆုံးအဖြတ်ပေးမည့်အချိန် ဖြစ်လာပြီကို သူ ကောင်းကောင်းကြီး နားလည်လိုက်သည်။ ထိုအချိန်မှာပင် သူသည် တစ်စုံတစ်ရာ တစ်ခုခုမေ့၍ ကျန်နေမည်စိုးသဖြင့် နေ့ခင်းဘက်က သူလုပ်ခဲ့ကိုင်ခဲ့သမျှအားလုံး တစ်ခုမကျန် ပြန်၍စဉ်းစားကြည့်မိသည်။ သူစဉ်းစားမိသလောက် ဘာတစ်ခုမျှ မကျန်ရစ်ဟု ယူဆရသည်။ ဘာတစ်ခုမျှ မေ့ကျန်ရစ်ခဲ့သည်မရှိ။ အစစအရာရာ စနစ်တကျရှိနေခဲ့၍ ... န်းနစ်ပိုင်းအတွင်း လေယာဉ်ကြီးသည် ကောင်းကင်သို့ ပျံသန်းရောက်ရှိ ... သည်။ လေယာဉ်တံခါးများကိုပင် ပိတ်နေကြပြီ... "ဟော... ကြည့်ပါဦး။ ... ကြီးသည် လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် စတင်၍ အရှိန်ဖြင့် ပြေးနေပါပြီ။ ဒါပေမဲ့..."

"ဒါပေမဲ့... အလို... ဟိုမှာ ဘာဖြစ်သွားတာလဲ။ လေယာဉ်ကို ဘာဖြစ်လို့ သူတို့ ရပ်လိုက်ကြတာလဲ။ ဘာကိုစောင့်နေကြတာလဲ"

လာဇာသည် ချက်ချင်း ထိန်းသိမ်းရေးမျှော်စင်သို့ ဆက်သွယ်၍ လေယာဉ်





ကို ဘာကြောင့် ရုတ်တရက် ဆိုင်းငံ့ထားသည်ကို လှမ်းမေးလိုက်သည်။ ထိန်းသိမ်းရေးမျှော်စင်မှ လေယာဉ်ပျံသန်းမှု အစီအစဉ်တွင် စက်မှုပညာပိုင်းအရ ထည့်သွင်းဖော်ပြရမည့် အချက်ကလေးတစ်ချက် လိုနေသည်ကို တွေ့ရ၍ မရှောင်မလွှဲသာဘဲ ခေတ္တခဏ ဆိုင်းထားရခြင်းဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

လာဇာသည် တအံ့တသြဖြစ်သွားမိသည်။ သူတို့ ပြောပြချက်အတိုင်း 'စက်မှုပညာပိုင်းအရ လိုအပ်နေသည်'ဆိုသော အချက်မှာ အမှန်တကယ်ပင် 'လိုအပ်နေ' လေသလော၊ သို့မဟုတ် လေယာဉ်ကို အချိန်ဆွဲထားရန် အကွက်ဆင်၍ တမင်သက်သက် အကြောင်းပြလေသလော၊ လာဇာ၏ မျက်စိထဲတွင် လေယာဉ်ပေါ်မှ လူများ၏ စိုးရိမ်မကင်းဖြစ်နေသော မျက်နှာများကို မြင်ယောင်လာမိသည်။ သူကိုယ်တိုင်ကလည်း သူတို့လိုပင် စိုးရိမ်မကင်းဖြစ်နေမိသည်။ သို့ဖြင့် သူသည် မျှော်စင်ရှိရာသို့ အပြေးအလွှားသွားကာ 'လိုအပ်နေသည်'ဆိုသော အချက်ကို ဖြည့်စွက်ထည့်သွင်းပေးလိုက်သည်။ အကယ်၍ ထိုသို့ထည့်သွင်းပေးခဲ့ပြီးသည့်အထိ ထပ်မံ၍ အကြောင်းပြ အချိန်ဆွဲထားဦးမည်ဆိုပါက မုချ သူတို့သည် 'အိုက်ခ်မန်း စစ်ဆင်ရေး'ကို အစအဆုံး အားလုံးသိသွားကြပြီဟု ဆိုရတော့မည်ဖြစ်သည်။

သို့သော် ယခုဆိုလျှင် လေယာဉ်ကြီးသည် လေယာဉ်ပြေးလမ်းကြောင်းအတိုင်း ပြန်လည်ရွေ့လျား၍ အရှိန်ဖြင့် ပြေးလွှားကာ စက္ကန့်ပိုင်းအတွင်း လေထဲသို့ ရောက်သွားခဲ့ပါပြီ။ လာဇာမှာ ဤစက္ကန့်ပိုင်းအတွင်းမှာပင် အပျော်ကြီးပျော်ကာ အမြူးကြီး မြူးသွားခဲ့သည်။

သူသည် ည၏ ကောင်းကင်ယံ အမှောင်ထုထဲတွင် ပျံသန်းသွားသော လေယာဉ်ကြီးအား အလင်းရောင် အစက်ကလေးတစ်စက် ဖြစ်သွားသည်အထိ ငြိမ်သက်စွာ ရပ်ကြည့်နေမိသည်။ ထိုအခိုက်မှာပင် စောစောက သူပျော်ခဲ့မြူးခဲ့သည့်အရသာမှာ ရုတ်တရက် ပျက်စီးသွားခဲ့သည်။

ဖြစ်ပုံမှာ အဆိုပါလေယာဉ်ဖြင့် လိုက်ပါစီးနင်းရမည့် ခရီးသည်တစ်ယောက် ခန်းမဆောင်ကြီးထဲသို့ ဝင်လာပြီး သူ့ကိုမစောင့်ဘဲ လေယာဉ်ထွက်သွားသည့်ကိစ္စကို လာရောက်ပြောကြားခဲ့သည်။ ထိုလူမှာ အစ္စရေးအစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာနမှ အာဟရွန် ဒိုဗရက်ဆိုသူဖြစ်သည်။ သူသည် ဗျူနိုအဲရှစ်သို့ ဆွေမျိုးများနှင့်တွေ့ရန် အထူးလေယာဉ်ဖြင့် လိုက်ပါလာရင်း တစ်ချိန်တည်းတွင် သူ၏ ဝန်ကြီးဌာနမှ နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ရေးကိစ္စများကိုလည်း ဆောင်ရွက်ရန်ရှိနေသည်။ အဆိုပါအထူးလေယာဉ်ဖြင့်

www.burmeseclassic.com



အာကျင်တီးနားတွင် နှစ်ရက်မျှသာနေပြီး ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိလိုက်ရသောအခါ ဒိုဗရက်သည် ထိုလေယာဉ်နှင့် မဖြစ်မနေ ပြန်၍လိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ဤတွင် ထုံးစံအတိုင်း လေယာဉ်ထွက်မည့်အချိန်ကို စုံစမ်းကြည့်သောအခါ ညသန်းခေါင်ကျော် နှစ်နာရီတိတိတွင် ထွက်ခွာမည်ဖြစ်ကြောင်း သိခဲ့ရသည်။ သို့ဖြင့် သူသည် နှစ်နာရီနီးပါးမျှစော၍ လေယာဉ်ကွင်းသို့ ကြို ပြီးရောက်လာခဲ့ပါလျက် ယခုလေယာဉ်ကို မမီလိုက်ဘဲဖြစ်ခဲ့ရသည်။ အဘယ်ကြောင့် ဤသို့ အမိပွာယ်မရှိ ဖြစ်ရပါသနည်း။ သူ့ကို ဘာကြောင့် မစောင့်ဘဲ ထွက်သွားရပါသနည်း။ ဤကိစ္စတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ယခု အဘယ်မှာနည်း။

ဤကိစ္စနှင့် စပ်လျဉ်း၍ တိုင်စရာတောစရာ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ ဖြစ်နေခဲ့ရာ သူသည် သူ၏ဒေါသကို သနားစရာကောင်းလှသည့် လာဇာအပေါ်သို့ ပုံချတော့သည်။ စင်စစ် မိမိသည် အမှန်တရားဘက်မှ ရပ်တည်သူဖြစ်ကြောင်း လာဇာ ကောင်းကောင်းကြီးသိထားသည်ဟု သူ နားလည်ပြီးဖြစ်သည်။

သို့သော် လာဇာခမျာ လောလောဆယ် ထိုလူအား အနူးအညွတ်တောင်းပန်ရုံမှတစ်ပါး အခြားဘာတစ်ခုမျှ မတတ်နိုင်ဘဲရှိနေခဲ့သည်။ အထူးလေယာဉ်ကြီးသည် ဘာကြောင့် သတ်မှတ်ထားသည့် အချိန်ထက်စော၍ ထွက်ခွာသွားရသည့်အကြောင်းကို ထိုလူအား လုံးဝရှင်းမပြနိုင်အောင် ဖြစ်နေခဲ့သည်။ တစ်ဖန် ထိုသို့ အဖြစ်မှန်ကို ရှင်းမပြဘဲနှင့် ထိုလူသည် လာဇာ၏ မရေမရာ မပြည့်စုံသည့် အကြောင်းပြချက်ကို လုံးဝလက်မခံနိုင်အောင် ရှိနေခဲ့ပြန်သည်။ အခြေအနေမှာ ထိုမျှဖြင့်မပြီးဘဲ ပို၍ဆိုးဆိုးရွားရွား ဖြစ်လာပုံမှာ ထိုလူသည် ဤလေဆိပ်မှ သူ့ကို မစောင့်ဘဲ ထွက်ခွာသွားသော လေယာဉ်ကို ထိန်းသိမ်းရေးမျှော်စင်မှတစ်ဆင့် ပြန်ခေါ်ပေးရန် လာဇာအား အတင်းအဓမ္မ တောင်းဆိုလာခြင်းပင်ဖြစ်သည်။

သို့ဖြင့် လာဇာက လေယာဉ်ကို ထိုသို့ပြန်ခေါ်ရန် မဖြစ်နိုင်ကြောင်း၊ ပြန်ခေါ်၍ မနိုင်လောက်အောင် အလွန်တရာဝေးသွားပြီဖြစ်ကြောင်းနှင့် အကယ်၍ ပြန်ခေါ်မည်ဆိုလျှင်လည်း ကုန်သွားမည့် လောင်စာဆီများကို ထပ်မံဖြည့်ရသည်ဖြစ်ပြီး အခြားသော လုပ်ရိုးလုပ်စဉ် လုပ်ငန်းများ လုပ်ရမည်ဖြစ်၍ အချိန်ကုန်ကြာမှသာ ဆောက်ကမဖြစ်သွားမည်ဖြစ်ကြောင်း ဒိုဗရက်အား အပြည့်အစုံ ရှင်းပြခဲ့သည်။ သို့ဖြစ်ရာ ဒိုဗရက်သည် နောက်ဆုံး၌ ဘယ်လိုမှမတတ်နိုင်





တော့ဘဲ ဗျူနိုအဲရစ္စမြို့ထဲသို့ ပြန်သွားခဲ့ရသည်။ သို့တိုင်အောင် သူသည် အေးအေးဆေးဆေး ကျေကျေနပ်နပ်ဖြင့် ပြန်သွားခဲ့သည်မဟုတ်ဘဲ အစ္စရေးသို့ သူပြန်ရောက်သည့်အခါ သူ့အပေါ်တွင် ယခုကဲ့သို့ မထီမဲ့မြင် စော်ကားမော်ကားလုပ်သွားသည့် ကိစ္စအတွက် လိုအပ်သလို စုံစမ်းစစ်ဆေး၍ အရေးယူရန် သက်ဆိုင်ရာသို့ တင်ပြမည်ဟူ၍ ကြိမ်းမောင်းသွားခဲ့သေးသည်။

အမှန်စင်စစ် ယခုကဲ့သို့ အထူးလေယာဉ်ကို အလောသုံးဆယ် ထွက်ခွာရန် စီစဉ်လုပ်ဆောင်ခဲ့ရသည့် အကြောင်းရင်းကို ဒိုဗရက်အနေဖြင့် မည်သို့မျှ သိနိုင်မည်မဟုတ်။ သို့သော် ထိုနေ့က လေဆိပ်သို့ ယခုထက်ပို၍ စောနိုင်သမျှ စောစော အရောက်လာရန် ဒိုဗရက်အား အချိန်မီအကြောင်းကြားဖို့ ကျွန်ုပ်တို့သည် ဗျူနိုအဲရစ္စမြို့ထဲ၌ သူ့ကို လိုက်လံရှာဖွေခဲ့သော်လည်း မတွေ့ဘဲဖြစ်ခဲ့ရသည်။ သို့ဖြင့် နောင် နှစ်ပေါင်းအတော်ကလေး ကြာသွားခဲ့သောအခါ ကျွန်ုပ်သည် တစ်နေရာရာတွင် ဒိုဗရက်နှင့် အမှတ်မထင် တွေ့ဆုံခဲ့ရ၍ ထိုစဉ်က သူ့စိတ်ထဲတွင် မကျေနပ်စရာ ခိုးလိုးခုလုဖြစ်ခဲ့ရသည့် ကိစ္စအတွက် အနူးအညွတ်တောင်းပန်ခဲ့ရသည်။

❐

ဗျူနိုအဲရစ္စမြို့မှ ကျွန်ုပ်တို့လေယာဉ် မထွက်ခွာမီကလေးတွင် ဘရာဇီးနိုင်ငံ လေကြောင်းပိုင်နက်ကို ဖြတ်ကျော်ပျံသန်းရန်နှင့် ရီစိုက်လေဆိပ်တွင် ခေတ္တရပ်နားရန် သက်ဆိုင်ရာ အာဏာပိုင်များထံမှ ခွင့်ပြုချက်ကို လက်ခံရရှိခဲ့သည်။ သို့သော် အလာခရီးတွင် ရီစိုက်လေဆိပ်၌ ဖြစ်ခဲ့သည့် အဖြစ်အပျက်သည် လေယာဉ်အမှုထမ်း အရာထမ်းများစိတ်ထဲတွင် မေ့ပျောက်၍ မရနိုင်အောင် ရှိနေဆဲဖြစ်ရာ အဆိုပါလေဆိပ်မှ ထိန်းသိမ်းရေးမျှော်စင်ရှိ ပုဂ္ဂိုလ်များ၏ ဒုတိယအကြိမ် ထပ်မံစော်ကားမှုကို လုံးဝသည်းမခံနိုင်ကြောင်းဖြင့် သူတို့အားလုံးက အတိအလင်း ပြောပြခဲ့ကြသည်။ တစ်ဖန် လုံခြုံရေးဘက်မှကြည့်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ဤကမ္ဘာအနောက်ဘက်ခြမ်းတွင် လမ်းခုလတ်တစ်နေရာရာ၌ လေယာဉ်ကို ခေတ္တဆိုက်ကပ် ရပ်နားရန် မသင့်ဟု ယူဆခဲ့ကြသည်။

သို့ဖြစ်ရာ လေယာဉ်မှူး [illegible] လေယာဉ်ကို အနောက် [illegible] တိုက် ဒက္ကာမြို့အရောက် [illegible] အစွမ်းကုန်ကြိုးစား [illegible] ဆုံးဖြတ်လိုက်ကြသည်။ အခါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးလှသည်ဖြစ်ရာ ထိုသို့ မရပ်မနား တောက်လျှောက်ပျံသန်းနိုင်ရေးအတွက် လေယာဉ်မှူးများ၏ စက်ခန်းထဲတွင် အကြီးအကျယ် အလုပ်များသွားခဲ့ကြသည်။ သို့သော် သာမန်ရိုးရိုး လေယာဉ်အမှုထမ်းများအတွက်မူ ပြောပလောက်အောင် တာဝန်မကြီးရုံမျှမက ဤစစ်ဆင်ရေး၏ လျှို့ဝှက်နက်နဲသည့် အခက်အခဲတစ်ခုကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီဟု ယူဆကာ သိသိသာသာကြီး စိတ်လက်ပေါ့ပါးသွားကြသည်ကို တွေ့ရသည်။

❒

အမှန်စင်စစ် အိုက်ခ်မန်းသည် အိပ်မပျော့်တပျော် ရှိနေရာမှ လေယာဉ်မထွက်ခွာမီ စက်နှိုးပြီးသည့်နောက် မိနစ်အတော်ကြာကပင် သတိရ၍ နိုးနေခဲ့ပြီဖြစ်သည်။ ဤတွင် သူသည် ရှေးဦးစွာ 'ဤလေယာဉ်သည် စက်လေးလုံးတပ်လေယာဉ် ဟုတ်မဟုတ်' ပထမဆုံး စ၍မေးခဲ့သည်။ ထိုသို့ မေးမြန်းရာ၌ သူ၏လေသံအရ သူသည် ဤလေယာဉ်၏ စက်ကိရိယာများအပေါ် တစ်စုံတစ်ရာ စိတ်ဝင်စားသည့်အနေမျိုး မဟုတ်ဘဲ သူ၏ အသက်အန္တရာယ်အတွက် မေးခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ အထူးသဖြင့် သူ့အား အစ္စရေးနိုင်ငံသို့ ခေါ်ဆောင်သွားရာ၌ ဤမျှဝေးလံသည့် ခရီးကို စိတ်ချလက်ချ ပျံသန်းနိုင်သည့် လေယာဉ်ဖြင့် ခေါ်သွားခြင်းဟုတ်မဟုတ် သိလို၍ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်သည် သူ့ကိုယ်သူ စိုးရိမ်စိတ်ကြီးမားလှသော အိုက်ခ်မန်း၏ မေးခွန်းကို ကြားလိုက်ရသောအခါ တစ်ခါက လေဝင်ပေါက်မရှိဘဲ အလုံပိတ်ထားသည့် မီးရထားတွဲများပေါ်တွင် စားစရာ သောက်စရာ လုံးဝမပါဘဲ၊ ကျန်းမာရေးနှင့်လည်း လုံးဝ သေညှိတ်ဘဲ အစုလိုက်အပြုံလိုက် လှောင်ပိတ်၍ တိရစ္ဆာန်များပမာ သူကိုယ်တိုင် ကြပ်မတ်ကွပ်ကဲ၍ ချွေးတပ်စခန်းသို့ ပို့ဆောင်ခဲ့သည့် သန်းပေါင်းများစွာသော လူများကို ပြေးသတိရမိသည်။

ဆလယာဉ်ထွက်ခွာ ပျံသန်းလာခဲ့သည်နှင့် တစ်ပြိုင်နက် ဆရာဝန်သည် အိုက်ခ်မန်းအား စမ်းသပ်စစ်ဆေးကြည့်ခဲ့ရာ အခြေအနေမှာ အဘက်ဘက်မှ ကောင်းမွန်နေရုံမျှမက နောက်ထပ်တစ်စုံတစ်ရာ ထူးထူးခြားခြား ဆေးဝါးကုသပေးခြင်းမပြုဘဲ ခရီးရှည်လိုက်ပါလာနိုင်ကြောင်း တွေ့ရှိရသည်။ သို့ဖြင့် အိုက်ခ်မန်းသည် ချက်ချင်းပင် အမူးပြေ၍ လူကောင်းပကတိဖြစ်လာခဲ့ရာ သူသည် ရှေးဦးစွာ စီးကရက်တစ်လိပ် တောင်းသောက်ခဲ့သည်။





ကျွန်ုပ်တို့သည် အိုက်ခ်မန်းအား မေ့ဆေးပြယ်သွားသည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်မှ လူများကို မမြင်ရအောင် မျက်စိများကို အလင်းရောင်တွယ်သည့် မျက်မှန်အနက် တပ်ပေးထားခဲ့သည်။ သို့သော် သူသည် လေယာဉ်ပေါ်တွင် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်များကို သတိပြုနေမိသည်။ သူသည် ပုံမှန်လည်ပတ်နေသော လေယာဉ်စက်သံကို နားထောင်ရင်း "ဒီလေယာဉ်က စက်သံတော်တော်ညက်တာပါပဲ။ ခင်ဗျားတို့ လေယာဉ်မှူးတွေကလည်း လူတော်တွေပဲ"ဟု မှတ်ချက်ချလိုက်သေးသည်။ ဤသည်ကိုထောက်၍ သူသည် လေယာဉ်ဖြင့် ခရီးသွားနေကျ လူတစ်ယောက်ဖြစ်ကြောင်း သိသာလှသည်။ အမှန်စင်စစ် သူသည် ဒုတိယကမ္ဘာစစ်အတွင်းက လူအများကို အစုလိုက်အပြုံလိုက် လိုက်လံဖမ်းဆီးခဲ့ရာ၌ ဥရောပတစ်တိုက်လုံးသို့ အနှံ့အပြား မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံများဖြင့် ခရီးသွားခဲ့သူဖြစ်သည်။

ထိုအခိုက် တွဲဖက်လေယာဉ်မှူး နစ်ရှရီသည် စစ်ဆင်ရေးကြီး ယခုကဲ့သို့ အောင်မြင်စွာ ဆင်နွှဲခဲ့သည့်အတွက် ကျွန်ုပ်ထံသို့ လာရောက်၍ လက်ဆွဲနှုတ်ဆက်ကာ ချီးကျူးစကားများပြောလာခဲ့သည်။ တစ်ဆက်တည်းတွင် သူက 'မာတင်ဘောမန်းနဲ့ ဂျိုးဇက်မင်ဂလီတို့ကိုရော မဖမ်းတော့ဘူးလား"ဟူ၍ မေးလိုက်သည်။ ဤတွင် ကျွန်ုပ်က အကယ်၍သာ စစ်ဆင်ရေးကို နှစ်လသုံးလခန့် စော၍ ဆင်နွှဲနိုင်ပါက ဒေါက်တာမင်ဂလီပါ ဤလေယာဉ်ပေါ်တွင် ပါလာစရာရှိကြောင်း ပြန်ပြောလိုက်ရသည်။

ဤအချိန်မှာပင် လေကြောင်းကုမ္ပဏီမှ အထက်တန်းအရာရှိ အာဗနာသည် ကျွန်ုပ်ရှိရာသို့ ရောက်လာပြီး ဤလေယာဉ်ပေါ်တွင် ပါလာသည့် 'သူစိမ်း'သည် မည်သူမည်ဝါဖြစ်ကြောင်း လေယာဉ်အမှုထမ်းများအား ပြောပြခွင့်ပြုရန် အမိန့်တောင်းခံလာခဲ့သည်။ ကျွန်ုပ်က အာဂျင်တီးနား ပင်လယ်ကမ်းခြေမှ အတော်ကလေး ဝေးကွာလာချိန်မှ ဤကိစ္စကို ဖွင့်ပြောလျှင် ပို၍သင့်တော်မည်ဖြစ်ကြောင်း ပြန်ပြောခဲ့ရသည်။ သို့သော အာဗနာသည် သူ့လိုလားချက်ကို လ[illegible] မလျှော့ဘဲ အကြိမ်ကြိမ်အခါခါ တောင်းပန်ခဲ့ရာ နောက်ဆုံး၌ ကျွန်ုပ်မှာ မတ[illegible] သာတော့ဘဲ သူ့အလိုကို လိုက်လျော၍ သူတောင်းဆိုသည့်အတိုင်း ခွင့်ပြုခဲ့သည်။

ဤတွင် အာဗနာသည် လေယာဉ်အမှုထမ်းများကို [illegible] ထိုကိစ္စကို ဖွင့်ဟပြောကြားခဲ့သည်။ "အခု ခင်ဗျားတို့တစ်[illegible] ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ကို မမျှော်လင့်ဘဲ ကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ ခင်ဗျားတို့ဟာ ဂျူးလူမျိုးတွေအတွက် တစ်မျိုးသားလုံးနဲ့ချီပြီး အင်မတန် အရေးကြီးတဲ့ စစ်ဆင်ရေးတစ်ခုမှ ပါဝင်ဆင်နွှဲနေကြရလို့ပါပဲ။ အဲဒါက တခြားတော့မဟုတ်ပါဘူး။ အခု ကျွန်တော်တို့နဲ့အတူ လေယာဉ်ပေါ်မှာ ပါလာတဲ့လူဟာ အဒေါ့ဖ်အိုက်ခ်မန်းဆိုတဲ့ လူပါပဲ"

အာဗနာ၏ အထက်ပါစကားများကြောင့် လေယာဉ်အမှုထမ်းအားလုံးမှာ ပါးစပ်အဟောင်းသားဖြင့် တအံ့တသြဖြစ်ကာ ကြက်သေ သေသွားခဲ့ကြသည်။ ဤလေယာဉ်အမှုထမ်းများအနက် အများစုမှာ တစ်ခါက ဥရောပတစ်တိုက်လုံးရှိ ဂျူးလူမျိုးများအား အမျိုးပြုတ်အောင် သုတ်သင်ရှင်းလင်းခဲ့ရာ၌ အိုက်ခ်မန်း၏ အခန်းကဏ္ဍ မည်သို့မည်ပုံ ရှိခဲ့သည်များကို သိရှိထားပြီးဖြစ်ကြသည်။ အချို့မှာမူ အဆိုပါ 'နောက်ဆုံးသုတ်သင် ရှင်းလင်းပွဲကြီး'ကို အိုက်ခ်မန်းကိုယ်တိုင် ကြပ်မတ်ကွပ်ကဲခဲ့သည့် နှစ်များအတွင်းက တုန်လှုပ်ချောက်ချားဖွယ်ရာ အတွေ့အကြုံများကို ကိုယ်တိုင်တွေ့ကြုံ ခံစားခဲ့ရသူများ ဖြစ်ကြသည်။

ထိုသို့ အာဗနာက ရာဇဝတ်ကောင် အိုက်ခ်မန်းအကြောင်းကို ရှင်းလင်းကြေညာနေစဉ် စက်ပြင်ဆရာ ဂတ္တမန်းမှာ ဦးပိုင်းမှ စက်ခန်းထဲတွင် အလုပ်ရှုပ်နေခဲ့သည်။ ထို့နောက် သူသည် လေယာဉ်အမှုထမ်းများ အခန်းထဲသို့ပြန်ရောက်လာသောအခါ အမှုထမ်းအားလုံး တအံ့တသြဖြင့် စိတ်လှုပ်ရှားကာ ချောက်ချားနေကြသည်များကို တွေ့လိုက်ရသဖြင့် ဧကန္တ ဤလေကြောင်းခရီးတွင် တစ်စုံတစ်ရာ ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်တစ်ခု ရှိနေပြီဟု မှတ်ယူလိုက်သည်။

သို့ဖြစ်ရာ ဂတ္တမန်းသည် တစ်စက္ကန့်ကလေးမျှ မဆိုင်းနိုင်တော့ဘဲ အာဗနာထံသို့သွား၍ အလောသုံးဆယ် ရေးကြီးသုတ်ပျာ မေးလိုက်မိသည်။

"နေပါဦး အာဗနာ... ဟိုမျက်မှန်အနက်ကြီးနဲ့လူက ဘယ်သူလဲ"

အာဗနာက သူ့ကို ခေတ္တမျှ စိုက်ကြည့်လိုက်သည်။ ပြီးမှ ပြန်ပြောလိုက်သည်။

"ဘာပြောတယ်၊ ခင်ဗျား တကယ်မသိဘူးလား။ အဲဒါ အဒေါ့ဖ်အိုက်ခ်မန်းလေ"

ဂတ္တမန်း၏ စိတ်ထဲတွင် ရုတ်တရက် ဘယ်လိုခံစားလိုက်ရမှန်းမသိအောင် ရှုပ်ထွေးနောက်ကျိကာ မိုက်ခနဲဖြစ်သွားခဲ့သည်။ ထို့နောက် သူသည် ရှေ့ပိုင်းမှ အခန်းသွားဘိုရာသို့ ဖြုန်းခနဲ ပြေးဝင်သွားပြီး ထိုအခန်းထဲတွင် မလှုပ်မယှက်ဘဲ ထိုင်နေရာသည်းတွင် ခြေဖုံရပ်ကာ ရင်ခုန်မှန်အောင် မနည်း





ကြိုးစားနေခဲ့သည်။ အာဗနာသည် ဂတ္တမန်းရှိရာသို့ လိုက်လာပြီး နောက်ထပ် စကားဆက်ပြောနေခဲ့သေးသည်။ သို့သော် ဂတ္တမန်းမှာ ဘာစကားမျှ မကြားရတော့ဘဲ သူ့ရင်ထဲမှ ဆို့တက်လာသော အလုံးကြီးကို မျိုသိပ်ဖိနှိပ်၍မရအောင် ဖြစ်နေခဲ့သည်။ ဦးနှောက်နှင့် နှလုံးသားထဲမှ ခံစားချက်များသည် တားမနိုင်ဆီးမရဖြစ်လာခဲ့ရာ နောက်ဆုံး၌ သူသည် သူ့စိတ်ကို လုံးဝထိန်းမနိုင် သိမ်းမရတော့ဘဲ ချုံးပွဲချ၍ ငိုပစ်လိုက်မိသည်။ သူသည် အချိန်အတော်ကြာအောင်ပင် ရှိုက်ကြီးငင်ကြီး ငိုနေမိသည်။

ထို့နောက် သူသည် ပထမတန်း ခရီးသည်များအခန်းဘက်သို့ လှည့်ထွက်လာခဲ့သည်။ သို့သော် လေယာဉ်အမှုထမ်းများက လောလောဆယ် သူ့အား အိုက်ခ်မန်းအနီးသို့ သွားခွင့်မပေးဘဲ တားဆီးထားခဲ့ကြသည်။ သူ့စိတ်ကိုသူ အတော်ကလေးငြိမ်အောင် ထိန်းပြီးမှ အိုက်ခ်မန်းအနီးသို့ သွားခွင့်ပြုနိုင်မည်ဖြစ်သည်။ လောလောဆယ်တွင်မူ သူ့စိတ်ကိုသူ အစိုးမရဘဲ အကြီးအကျယ် လှုပ်ရှားထိခိုက်နေသည်ဖြစ်ရာ ဤအခြေအနေမျိုးတွင် လုံးဝခွင့်မပြုနိုင်အောင် ဖြစ်ခဲ့ရသည်။

အတန်ကြာသောအခါ ဂတ္တမန်းမှာ အတော်ကလေး စိတ်ငြိမ်သွားခဲ့သည်။ သူ့ပါးပေါ်မှ မျက်ရည်များလည်း ခန်းခြောက်သွားခဲ့သည်။ နောက်ဆုံး၌ သူ့ကို အိုက်ခ်မန်းအနီးသို့ သွား၍ ကြည့်ခွင့်ပေးလိုက်ကြသည်။ အိုက်ခ်မန်းရှိရာသို့ ဂတ္တမန်း ရောက်သွားချိန်မှာပင် အိုက်ခ်မန်းနှင့် ကပ်၍ထိုင်နေသော လူတစ်ယောက်က အိုက်ခ်မန်းအား စီးကရက်တစ်လိပ် လှမ်းပေးသည်ကို မြင်လိုက်ရသောအခါ ဂတ္တမန်းမှာ ဖြုန်းခနဲ စိတ်မထိန်းနိုင်အောင် ဖြစ်သွားကာ သံကုန်ဟစ်၍ အော်ပြောလိုက်မိသည်။

"ခင်ဗျားက သူ့ကို စီးကရက်ပေးတယ် ဟုတ်လား။ သူ့တုန်းကတော့ ကျုပ်တို့ကို အဆိပ်ဓာတ်ငွေ့လွှတ်ပြီး သတ်ခဲ့တာဗျ။ ခင်ဗျား အဲဒါ သိရဲ့လား"

ဂတ္တမန်း၏ စကားကြောင့် အိုက်ခ်မန်းသည် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်သည်။ သို့သော် သူ့မျက်နှာတွင် တပ်ပေးထားသည့်အနက်ရောင် မျက်မှန်ကြီးကြောင့် စကားပြောလိုက်သူမှာ ဘယ်သူဘယ်ဝါဟူ၍ သူမမြင်ရ မသိရဘဲ ဖြစ်နေသည်။ ဤကြောင့် ဂတ္တမန်းသည် ရာဇဝတ်ကောင် အိုက်ခ်မန်းအား စောင့်ရှောက်နေရသူများ၏ မိမိအနေဖြင့် အနှောင့်အယှက် [illegible] ဖြစ်နေကြောင်း သတိပြုမိပြီး ထိုနေရာမှ ထွက်လာခဲ့သည်။

www.burmeseclassic.com



သို့သော် ခဏမျှအကြာတွင် ဂတ္တမန်းသည် ထိုနေရာသို့ တစ်ဖန်ပြန်ရောက်လာပြီး အိုက်ခ်မန်းနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ရှေ့တည့်တည့်မှထိုင်ကာ လူသတ်ကောင် အိုက်ခ်မန်း၏ မျက်နှာကို စေ့စေ့စပ်စပ် စိုက်၍ကြည့်နေပြန်သည်။ သို့ပါလျက် သူသည် အိုက်ခ်မန်းကို လုံးဝမမြင်။ သူ့မျက်စိထဲတွင် ဆန့်ကျင်ဘက် မြင်ကွင်းတစ်ခုကိုသာ မြင်နေမိသည်။

မှန်သည်။ ဂတ္တမန်း၏ မျက်စိထဲတွင် သူ့ညီကလေး ဇာဒေါ့အား ဂျာမန်စစ်သားတစ်ယောက်က တရွတ်တိုက်၍ ဆွဲခေါ်သွားသည်ကို မြင်နေမိသည်။ ဇာဒေါ့မှာ ခြောက်နှစ်သားအရွယ်မျှသာ ရှိသေးသည်။ ထိုအချိန်ထိုအခါက ခြောက်နှစ်သားအရွယ်ဆိုသည်မှာ သေတွင်းသို့ပို့ရန် သင့်တော်သည့် အရွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကောင်ငယ်ကလေးသည် "ဥမယည် စာမမြောက်သည့် အရွယ်' ဖြစ်သည်။ ဂျာမန်တပ်မတော်အတွက် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံတွင်လည်း လုံးဝသုံးမရသည့် အရွယ်ဖြစ်သည်။ ခြောက်နှစ်သားအရွယ် ဂျူးလူငယ်ကလေးတစ်ယောက်သည် မျှော်လင့်ချက်အလားအလာ လုံးဝမရှိသည့် သတ္တဝါတစ်ကောင်ဖြစ်သည်။ သူသည် လူ့ဘဝတွင် အရွယ်အားဖြင့် ငယ်သေးသော်လည်း သေဖို့ကောင်း၍ သေချိန်တန်နေပြီဖြစ်သည်။

သို့သော် ဂတ္တမန်းသည် ဇာဒေါ့ထက် အသက်ကြီးသည်။ သို့ဖြစ်၍လည်း သူသည် မသေဘဲ အသက်ရှင်နေခဲ့ရခြင်းဖြစ်သည်။ သူသည် ခန္ဓာကိုယ်ကြီးထွားသူဖြစ်ရာ ဂျာမန်များစိတ်ထဲတွင် သူ့အား တကယ့်လူကြီးတစ်ယောက်ဟူ၍ အထင်ရောက်ကာ မျက်စိမှောက်စေခဲ့သည်။ သို့ဖြစ်၍လည်း ယခုအချိန်တွင် ဇာဒေါ့မှာ အရိုးဆွေးကာ ပြာပုံထဲသို့ ရောက်သွားခဲ့ပြီဖြစ်သော်လည်း ဂတ္တမန်းမှာမူ အသာမ လေကြောင်းကုမ္ပဏီတစ်ခုတွင် စက်ပြင်ဆရာ အကြီးအကဲဖြစ်ကာ အစ္စရေးနိုင်ငံတော်သို့ အိုက်ခ်မန်းအား တင်ဆောင်လာသည့် လေယာဉ်ပေါ်တွင် လိုက်ပါလာခဲ့ရခြင်းဖြစ်သည်။

အမှန်စင်စစ် ဤခုံပေါ်တွင်ထိုင်ကာ အိုက်ခ်မန်း၏ ရှေ့တည့်တည့် မျက်နှာချင်းဆိုင် ရောက်ရှိနေရခြင်းသည် မတော်တဆ တိုက်တိုက်ဆိုင်ဆိုင် ရှိခဲ့သည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ယခုအချိန် ယခုအခါတွင် ညီကလေး ဇာဒေါ့နှင့်အတူ သူ၏ မိခင်နှင့်တကွ ကျန်သည့် သူ့အစ်ကိုများမှာ တစ်ယောက်မကျန် သေဆုံးခဲ့ကြရပြီဖြစ်သည်။ သို့ပါလျက် မိမိအနေဖြင့် ဤဘဝ ဤနေရာ ရောက်လာခဲ့ရသည်မှာ အံ့ဖွယ်သုရဲ ထူးကဲလှရုံမျှမက ယခုကဲ့သို့ သေမင်းတမန်





မိစ္ဆာကောင်ကို အနီးကပ်မြင်ရ၊ ကြည့်ရ၊ တွေ့ရသည့် အခွင့်[illegible] 'ကြက်ကန်း ဆန်အိုးတိုး'ဆိုသလို တိုးမိခြင်းဖြစ်သည်။

ဂတ္တမန်းတစ်ယောက် 'သေကံမရောက် သက်မပျောက်' ဆိုသ[illegible] ဘေးမှ သီသီကလေး လွတ်ခဲ့ရသည်မှာ ဘယ်နှကြိမ် ဘယ်နှ[illegible] အနည်းဆုံး ဆယ်ကြိမ်မျှရှိခဲ့ပြီဖြစ်သည်။ ပထမဆုံးအကြိမ်မှာ [illegible] လူမျိုးများ၏ ပစ္စည်းဥစ္စာများကို အဓမ္မလုယက် ယူငင်ကြစဉ်[illegible] နာဇီ မုန်တိုင်းတပ်သားများ မိမိတို့အိမ်ထဲသို့ တရကြမ်း ဝင်လာခဲ့ကြ[illegible] ဂတ္တမန်းတစ်ယောက်တည်း အိမ်တွင်ရှိနေခဲ့သည်။ ထိုအချိန်က ဂတ္တမန်း[illegible] အသက် ၁၁ နှစ်ရှိပြီဖြစ်သည်။ ဂျာမန်များ အလိုရှိသည့် အဖိုးတန်ပစ္စည်းများ[illegible] အိမ်ပေါ်မှတစ်ဆင့် တက်ရသည့် ထပ်ခိုးကလေးတွင် ရှိနေကြောင်း ဂတ္တမန်း[illegible] သိထားသည်။ သို့သော် သူသည် ဂျာမန်များအား ဖွင့်မပြောဘဲ နေခဲ့သည်။ သူ့[illegible] ရိုက်နှက်ညှဉ်းဆဲသော်လည်း လုံးဝမပြောဘဲ တင်းခံနေခဲ့သည်။ ဤတွင် ဂျာမန်[illegible] တစ်ယောက်က သူ့အား ကြမ်းပေါ်သို့ ပစ်လှဲကာ သူ့ခန္ဓာကိုယ်ကြီးဖြင့် အပေါ်မှ[illegible] တအားဖိထားပြီး သူ့လည်မျိုကို ဓားမြှောင်တစ်လက်ဖြင့်ထောက်၍ မေး[illegible] သည်။ ဂတ္တမန်းသည် ကြောက်အားလန့်အားဖြင့် သံကုန်အော်ဟစ်ကာ ငို[illegible] ဘောင်းပန်ခဲ့သည်။ သို့သော် ပစ္စည်းထားသည့် နေရာကိုမူ လုံးဝမပြောဘဲနေခဲ့ သည်။ ထို့နောက် သူသည် အကြောက်လွန်ပြီး မေ့မြောသွားခဲ့ရာ ဂျာမန်ကြီး သည် စိတ်ဆိုးလွန်းလှသဖြင့် သူ့အား လှေကားပေါ်မှ ကန်ချလိုက်သည်။ သို့သော် သူသည် မသေဘဲ အသက်ရှင်နေခဲ့သည်။

နောက်တစ်ကြိမ်မှာ ပိုလန်နိုင်ငံမှ ဂတ္တမန်း၏ ဇာတိဖြစ်သော ဘဲလ်ဇိုက် မြို့ကလေးတွင် သူတို့အိမ်ကို ဂျာမန်စစ်သားနှစ်ယောက် ဝင်၍ရမ်းကြစဉ်က ဖြစ် သည်။ ထိုညက အရုဏ်တက်ချိန်တွင် ဂျာမန်များသည် သူတို့အိမ်ကို နှစ်ကြိမ် တိုင်တိုင် ရောက်လာခဲ့သည်။ ထိုစဉ်က တစ်မြို့လုံး ငရဲပွက်သလို အော်သံဟစ် သံများ၊ ပစ်သံခတ်သံများနှင့်အတူ ဂျာမန်များသည် အိမ်တိုင်း အိမ်တိုင်း[illegible] ယောကျ်ားများ၊ မိန်းမများနှင့် ကလေးများကိုပါမကျန် တရွတ်တိုက်၍ ဆွဲထုတ် ကြပြီး ပထမဆုံးအကြိမ် မြို့ပြင်သို့ထုတ်ကာ အစုလိုက်အပြုံလိုက် ကျည်[illegible] မိုးရွာချ၍ ရက်ရက်စက်စက် ပစ်သတ်ခဲ့ကြသည်။ ထို့နောက် ကျန်[illegible] များကို ကျွဲနွားများဖမ်းသလို အုပ်လိုက်ဖမ်းဆီးကာ ရထားတွဲ[illegible] 'ထရီဘလင်ကာ' ငရဲစခန်းသို့ ပို့ဆောင်ခဲ့ကြသည်။ ဂတ္တမန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့အဆေနှင့် အဘိုးတို့ လျှို့ဝှက်ဆောက်လုပ်ထားခဲ့သော အခန်းများထဲတွင် ပုန်းအောင်းနေခဲ့ကြရသည်။ တစ်ခန်းမှာ အပေါ်ထပ်ခေါင်မိုးနှင့်ကပ်၍ ပြုလုပ်ထားပြီး အခြားတစ်ခန်းမှာ နံရံအတုတစ်ခု၏ နောက်ကွယ်တွင် လျှို့ဝှက်ပြုလုပ်ထားသည်။ သို့ဖြင့် ဂတ္တမန်းသည် ထိုလျှို့ဝှက်အခန်းတစ်ခုတွင် ပုန်းအောင်းရင်းမသေဘဲ လွတ်မြောက်လာခဲ့သည်။

ဂျာမန်များသည် မြို့ထဲတွင် ဂျူးများအတွက် သီးသန့်အကျယ်ချုပ်ထားသည့် ရပ်ကွက်တစ်ခု သတ်မှတ်ထားခဲ့သည်။ ထိုအကျယ်ချုပ်စခန်းမှာ ဘာသာရေးဝတ်ပြုကျောင်း တစ်ကျောင်းအနီးတွင်ဖြစ်သည်။ ဂျာမန်များသည် နေရာအနှံ့ပြားမှ ဂျူးများကို အဓမ္မခေါ်လာကြပြီး အဆိုပါသီးသန့်စခန်းတွင် အကျယ်ချုပ်ထားခဲ့ကြသည်။ ထို့နောက် သူတို့သည် ထိုစခန်းထဲတွင် နောက်ထပ်အကြမ်းဖက်မှုတစ်ခုကို ပြုလုပ်ခဲ့ကြပြန်သည်။

ဂတ္တမန်းတို့ မိသားစုသည် လျှို့ဝှက်အခန်းထဲတွင် ပြုံ၍ပုန်းနေကြစဉ်က ညီအငယ်ဆုံး ဇာဒေါ့တစ်ယောက် ပျောက်နေသည်ကို သိရသည်။ သို့ဖြင့် ဂတ္တမန်းသည် သူ့ညီအားရှာဖွေရန် ထွက်လာခဲ့သည်။ သို့သော် သူ့ညီရှိရာသို့ မရောက်မီ ဂျာမန်များနှင့် ပက်ပင်းသွားတိုးနေသဖြင့် မြို့ပြင်သို့ ထွက်ပြေးခဲ့ရပြီး ဆေးခင်းထဲတွင် နေ့တစ်ဝက်လုံးလုံး ပုန်းနေခဲ့ရသည်။ သို့သော် ဆေးခင်းထဲမှ ထွက်လာသောအခါ သူ့အား ဂျူးလူမျိုးမှန်း သိနေသော လူတစ်ယောက်နှင့် တွေ့ခဲ့ရ၍ ထိုလူက သူ့ကိုဖမ်းပြီး ဂျာမန်များလက်သို့ အပ်ခဲ့သည်။

ထိုမှတစ်ဖန် ဂျာမန်များက သူ့အား ဘူတာရုံသို့ခေါ်သွားခဲ့ရာ ဘူတာရုံတွင် သူ့ဆွေမျိုးသားချင်းအချို့နှင့်တွေ့၍ လူချင်းပေါင်းမိကြသည်။ ထိုစဉ်က ဘူတာရုံရှေ့တွင် ဂျူးများအား ဂျာမန်များက တန်းစီ၍ ရပ်ခိုင်းထားခဲ့ရာ လူတန်းကြီးမှာ နှစ်ဖာလုံခန့် ရှည်လျားခဲ့သည်။ ထိုလူတန်းကြီးသည် ရထားတွဲများဖြင့်တင်၍ ချွေးတပ်စခန်းသို့ အပို့ခံရသည့် ပထမဆုံးလူအုပ်ကြီးပင်ဖြစ်သည်။ ထိုအချိန် တန်းစီနေကြသော ဂျူးများထဲမှ ထိပ်ဆုံးတစ်နေရာရှိ လူတစ်ယောက်သည် ရထားတွဲများပေါ်၌ မေ့ဆေးရည်များ ဖျန်းထားကြောင်း သံကုန်ဟစ်၍ အော်ပြောနေသည်ကို ကြားရသည်။

ထိုနေရာအပိုက်တွင် ဂျာမန်များကို များများစားစား မတွေ့ရဘဲ ဒေသခံ ရဲသားများသာ အများအားဖြင့် တွေ့ရမြင်ရသည်။ အချို့ရဲသားများမှာ မြင်းများစီးထားကြသည်၊ ခဏအကြာတွင် မည်သူက မည်သို့မည်ပုံ ပြုလုပ်လိုက်





သည်ဟူ၍ မသိရဘဲ တန်းစီနေသော လူများက ရုတ်တရက် ထိတ်လန့်တကြားဖြစ်ကာ ခြေဦးတည့်ရာသို့ ပြေးကြလွှားကြတော့သည်။ ဤတွင် ဂတ္တမန်းသည် သူ့အစ်ကိုဝမ်းကွဲတစ်ယောက်နှင့်အတူ ခြေဦးတည့်ရာသို့ ထွက်ပြေးလာခဲ့ပြီး နှစ်ယောက်သား ဂျုံခင်းတစ်ခင်းထဲတွင် ဝင်ပုန်းနေခဲ့ကြသည်။

သူတို့နှစ်ယောက်သည် ထိုသို့ ပုန်းလိုက်ပြေးလိုက်၊ ပြေးလိုက် ပုန်းလိုက်ဖြင့် တစ်နေကုန် ပြေးလာခဲ့ကြရာ ညနေ မှောင်စပြုလာသောအခါ သူတို့နှင့်သိကျွမ်းသည့် လယ်သမားများ နေထိုင်သော ရွာကလေးတစ်ရွာသို့ ရောက်လာခဲ့ကြသည်။ သို့သော် ထိုရွာထဲသို့ ရုတ်တရက် မဝင်ရဲသေးဘဲ နှစ်ယောက်သား ရွာပြင်မှနေ၍ အရိပ်အခြည်ကို အကဲခတ်၍ နေခဲ့ကြသည်။ သို့ဖြင့် စိုးရိမ်စိတ်နှင့် ကြောက်စိတ်များ တဖြည်းဖြည်း လျော့ပါးလာပြီးနောက် ရွာထဲမှ အိမ်တစ်အိမ်သို့ဝင်၍ နွားနို့နှင့် ပေါင်မုန့်များ တောင်းရမ်းခဲ့ကြသည်။ အိမ်ရှင်ရွာသားသည် ပေါင်မုန့်အပိုင်းအစ တစ်ခုကိုပစ်ပေးကာ အားလုံးဒုက္ခမရောက်စေရန် သူတို့အားရွာထဲမှ အမြန်ဆုံးထွက်သွားဖို့ ပြောခဲ့သည်။

ယခုအတိုင်းဆိုလျှင် သူတို့ ဘယ်ကိုသွားကြရပါမည်နည်း။ နောက်ဆုံး၌ သူတို့သည် မြို့သို့ပြန်သွားကြပြီး ဘုရားဝတ်ပြုသည့် ကျောင်းထဲတွင် မည်သူတွေကျန်နေသေးသည်ကို သွားကြည့်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ သို့ဖြင့် မြို့ထဲသို့ ပြန်ရောက်သွားကြသောအခါ ညအချိန် မှောင်နှင့်မည်းမည်း ရှိနေပြီဖြစ်၍ ဂျူးအမျိုးသားနှစ်ယောက်စ သုံးယောက်စ ပုန်းနေကြရာမှ ထွက်လာကြသည်တို့တွေ့ရသည်။ ထိုအချိန်တွင် ဂျာမန်များသည်လည်း မြို့ထဲသို့ ဒေသခံ 'လယ်ကိုင်တုတ်'များနှင့်အတူ တစ်လမ်းဝင်တစ်လမ်းထွက် လှည့်လည်ကာ "မိမိတို့၏လုပ်ရှားမှုမှာ ပြီးဆုံးသွားပြီဖြစ်၍ ဂျူးများအနေဖြင့် ကြောက်စရာမလိုတော့ဘဲ ပုန်းနေကြရာမှ စိတ်ချလက်ချ ထွက်လာနိုင်ကြပြီဖြစ်ကြောင်း" အသံချဲ့စက်ဖြင့် ကြေညာလျက်ရှိကြသည်။ ထိုညက အတော်ကလေးညဉ့်နက်တော့မှ ဂတ္တမန်းနှင့် သူ့အစ်ကိုဝမ်းကွဲတို့သည် သူတို့မိသားစု ပုန်းနေကြသော နေရာသို့ တိတ်တဆိတ် ချဉ်းကပ်ခဲ့ကြသည်။

သို့သော် သူတို့မိသားစုမှာ ဤနေရာတွင် မည်မျှကြာအောင် ပုန်းအောင်းနေနိုင်ကြပါမည်နည်း။ ထိုမှတစ်ပါး ပိုလန်လူမျိုးများကလည်း မြို့ထဲ၌ ပုန်းအောင်း ကျန်ရှိနေကြသည့် ဂျူးများအား ဂျာမန်များလက်သို့ ... အန္တရာယ်ကလည်း ရှိနေပြန်သည်။ သို့ဖြစ်ရာ ဂတ္တမန်း၏ ...



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်များလက်သို့ မရောက်မီ ယခုအချိန်သည် ထွက်ပြေးရန်အကောင်းဆုံး အချိန်ဟူ၍ ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် သူသည် ဆွေမျိုးသားချင်းများကိုပါ စုရုံးကာ ပုန်းအောင်းနေရာမှ ထွက်ခဲ့ကြပြီး ညလုံးပေါက် ပြေးလာခဲ့ကြသည်။

ဂတ္တမန်းတို့ မိသားစု လူအုပ်ကြီးသည် ရွာတစ်ရွာမှ ပိုလန်လယ်သမား တစ်ဦးထံ ရောက်လာခဲ့ကြသည်။ ထိုလယ်သမားမှာ ဂတ္တမန်း၏ဖခင်နှင့် ခင်မင်ရင်းနှီးသူဖြစ်၍ ဂတ္တမန်းတို့အိမ်မှ ပရိဘောဂများနှင့် အခြားအဖိုးတန်ပစ္စည်း များကို ခပ်စောစောကပင် သူ့ထံသို့ ယုံကြည်စိတ်ချစွာ ပို့ထားခဲ့သည်။ ပိုလန် လယ်သမားသည် ဂတ္တမန်းတို့ ဂျူးမိသားစု လူအုပ်ကြီးကို မြင်လိုက်ရသော အခါ အကြီးအကျယ် ထိတ်လန့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားခဲ့သည်။ သို့သော် သူ့ဇနီးဖြစ်သူက စစ်ပြေးဒုက္ခသည်များကို မောင်းမထုတ်ဘဲ လက်ခံ စောင့်ရှောက်ခဲ့သည်။

သို့ဖြင့် လူပေါင်း ၁၀ ယောက်တိတိရှိသော ဂတ္တမန်းတို့ မိသားစုသည် ဂျုံများ လှောင်ထားသည့် တဲကြီးအောက်တွင် မြေကြီးကိုတူးကာ အပေါ်မှ ထွန်တုံးထွန်သန်များနှင့် လယ်ယာသုံးပစ္စည်းများ ဖုံးအုပ်ထားပြီး မြေအောက်ခန်း ပြုလုပ်၍ ပုန်းအောင်းနေခဲ့ကြရသည်။ သူတို့သည် အဆိုပါ လျှို့ဝှက်မြေအောက် ပုန်းကျင်းထဲတွင် ဆောင်းရာသီ ရောက်လာသည်အထိ လပေါင်းများစွာ နေလာ ခဲ့ကြသည်။ ထိုအချိန်မှာပင် အိမ်ရှင် ပိုလန်လယ်သမားက ဂတ္တမန်းတို့ မိသားစု အတွက် မကြာခဏ ပေါင်မုန့်များ အများအပြား ဝယ်နေသဖြင့် ရွာထဲမှလူ များက မိမိအား သင်္ကာမကင်း ဖြစ်နေကြပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ အန္တရာယ် တစ်ခုခုမဖြစ်မီ ထိုနေရာမှ အမြန်ဆုံး ထွက်ခွာသွားကြစေလိုကြောင်း ပြောလာ ခဲ့သည်။

သို့ဖြင့်ရာ ဂတ္တမန်းတို့မိသားစုသည် ထိုညမှာပင် မလှမ်းမကမ်းရှိ ကောက်ရိုးစင်ကြီးအောက်၌ ပုန်းကျင်းအသစ်တစ်ခုကို ထပ်မံတူးခဲ့ကြသည်။ ဆိုးအောက် နံနက် အရုဏ်တက်ချိန်လောက်တွင် သူတို့တစ်တွေသည် ပထမပုန်း ကျင်းမှ ထွက်လာခဲ့ကြသည်။ သို့သော် သူတို့သည် ဒုတိယပုန်းကျင်းရှိရာ ကောက်ရိုးစင်အောက်သို့ မသွားကြဘဲ အတော်ကလေး ခပ်လှမ်းလှမ်းမှ နှင်းခဲ များအောက်ကျင်း အသာပုန်းနေခဲ့ကြသည်။ များမကြာမီ ပိုလန်လယ်သမား အသောက်များများသည် ကောက်ဆွများ၊ တံစဉ်ရှည်ကြီးများကို ကိုင်စွဲ၍ ကောက် ရိုးစင်အောက်မှ ကောက်ရိုးများဖုံးထားသော ပုန်းကျင်းထဲသို့ အချိန်အတော် ကြာအောင် ထိုးကြပြီး နောက်ဆုံး၌ ကောက်ရိုးစင်တစ်ခုလုံးကို မီးတင်ရှို့





ခဲ့ကြသည်။ သို့ဖြင့် ဂတ္တမန်းနှင့် သူ့မိသားစုသည် သေမင်းကို တစ်ဝက်ရိုက်၍ သေဘေးမှ လွတ်ခဲ့ကြရပြန်သည်။

ထိုအချိန်မှစ၍ နောက်ပိုင်းတွင် သူတို့တစ်တွေသည် လယ်ကွင်းများနှင့် တောထဲ တောင်ထဲ၌ လှည့်လည်သွားကာ စားစရာသောက်စရာများကို ဟိုမှ သည်မှ အလစ်တွင် ခိုးယူစားသောက်ခဲ့ကြခြင်းဖြင့် အသက်မွေးလာခဲ့ကြသည်။ ထို့နောက် မကြာမီ သူတို့မြို့တွင် ဂျူးများအတွက် အကျယ်ချုပ်စခန်းကို ယခု အထိ ဖွင့်လှစ်ထားဆဲပင်ရှိနေကြောင်း ကြားရသောအခါ သူတို့သည် မဖြစ်ဖြစ် သည့်နည်းဖြင့် အစွမ်းကုန်ကြိုးစား၍ အကျယ်ချုပ်စခန်းထဲသို့ ပြန်ရောက်အောင် ဝင်လာခဲ့ကြသည်။ သို့သော် ဂျူးများအတွက် အဆိုပါအကျယ်ချုပ်စခန်းမှာ စင်စစ်အားဖြင့် ထောင်ချောက်တစ်ခုသာ ဖြစ်ခဲ့သည်။

တစ်ခုသော နံနက် အရုဏ်တက်ချိန်တွင် ဂျာမန်များသည် အဆိုပါ အကျယ်ချုပ်စခန်းကို အင်အားအပြည့်အဝဖြင့် ဝိုင်းလိုက်ကြသည်။ သူတို့သည် စခန်းထဲတွင် ရှိနေကြသည့် ဂျူးများအားလုံးကို တစ်ယောက်မကျန် ဖမ်းဆီးကာ အသက်ကြီးသော အမျိုးသမီးများနှင့် ကလေးငယ်များကိုတစ်စု၊ မိန်းမပျိုကလေး များကိုတစ်စု နှစ်စုခွဲလိုက်ကြသည်။ ထိုအချိန်တွင် ဂတ္တမန်းသည် ယောက်ျား ကလေးတစ်ယောက်အနေဖြင့် အမျိုးသားများ အုပ်စုထဲတွင် နေရန်ကြိုးစား သော်လည်း သူ့အသက်မှာ ငယ်လွန်းလှသဖြင့် ဂျာမန်များက လက်မခံဘဲ အမျိုးသားအုပ်စုမှ ဘေးဖယ်ထားခဲ့သည်။ သို့သော် ဂတ္တမန်းသည် သူ့အကြံ အစည်ကို လက်မလျှော့ဘဲ လူအများ အသုံးပြုသည့် အိမ်သာတစ်ခုထဲတွင် ဝင်ပုန်းနေခဲ့ပြီး နောက်တစ်ကြိမ် လူရွေးရာ၌ အမျိုးသားများ အုပ်စုအလယ်တွင် အတော်အတန်မြင့်သည့် ကျောက်တုံးတစ်တုံးပေါ်၌ မတ်တတ်ရပ်နေခဲ့သည်။ သို့ဖြင့် ဂျာမန်တပ်များသည် သူ့အား အရွယ်ရောက်သည့် လူရွယ်တစ်ယောက် အဖြစ် မျက်စိများကာ အမျိုးသားအုပ်စုထဲတွင် ထည့်လိုက်ကြသည်။

ထို့နောက် အဆိုပါ အမျိုးသားအုပ်စုထဲတွင် လူငါးဆယ်တိတိကို ရွေး ချယ်၍ တစ်နေရာသို့ခေါ်သွားပြီး ကျန်လူများကို ဘုရားဝတ်ပြုသည့်ကျောင်း ထဲသို့ မောင်းသွင်းခဲ့ကြသည်။ ညနေစောင်းတွင် သေနတ်သံများကြားရပြီး တစ်ဆက်တည်းတွင် နှလုံးသွေးများ ရပ်တန့်သွားလောက်အောင် ကြောက်မက် ဖွယ်ရာ အော်ကြဟစ်ကြသည့် အသံများကိုပါ ကြားကြရသည်။ ထိုသို့ဖြစ်ပွား ပြီးနောက် အတော်ညဉ့်နက်ချိန်လောက်တွင် ညနေစောင်းက ထွက်သွားကြသော လူငါးဆယ် ပြန်ရောက်လာကြသည်။ သူတို့၏ ပြောပြချက်အရ သူတို့အား



www.burmeseclassic.com

www.burmeseclassic.com



သည် မိန်းမကြီးများနှင့် ကလေးငယ်များ၏ အလောင်းများကို တစ်နေရာတည်းတွင် အစုလိုက်အပြုံလိုက် မြှုပ်နှံရန် ရောမတွင်းကြီးတစ်တွင်း တူးပေးခဲ့ကြရသည်ဟု သိရသည်။

နောက်တစ်နေ့နံနက်တွင် အမျိုးသားအုပ်စုဝင်အားလုံးကို မလှမ်းမကမ်းရှိ အလုပ်စခန်းတစ်ခုသို့ ခေါ်သွားကြပြီး အချို့လူများမှာ ပစ္စည်းကိရိယာ လက်နက်တန်ဆာပလာများကို လှည်းများဖြင့် တင်ဆောင်ကာ ကျွဲနွားတိရစ္ဆာန်များပမာ တစ်နေရာမှ တစ်နေရာသို့ သယ်ပေးခဲ့ကြရသည်။ ထိုအခိုက် ဂတ္တမန်းသည် အခြားချေးတပ်သားများနှင့်အတူ လမ်းလျှောက်လာခဲ့စဉ် သူ့ညီလေး ဇာဒေါ့အား လှည်းတစ်စီးပေါ်တွင် အမှတ်မထင် မြင်လိုက်ရသည်။ သူ့ညီကလေး၏ ပြောပြချက်အရ ယမန်နေ့က မိန်းမများနှင့် ကလေးများကို အစုလိုက်အပြုံလိုက် သတ်ပွဲကြီး ကျင်းပနေစဉ် သူသည် ကျောက်တုံးကြီးများနောက်တွင် အလစ်ဝင်ပုန်းနေခဲ့သည်။ ထို့နောက် မြို့ပြင်သို့ထုတ်လာသော ဂျူးများကို တွေ့ရသောအခါ သူသည် ထိုအုပ်စုနှင့် မသိမသာရောစွက် လိုက်ပါခဲ့ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။ ဂတ္တမန်းသည် သူ့ညီကလေး၏လက်ကို တအားဆုပ်ကိုင်ကာ ညီအစ်ကိုနှစ်ယောက် အတူတွဲ၍ လျှောက်လာခဲ့ကြသည်။

ထို့နောက် ကံကောင်းထောက်မ၍ သူတို့နှစ်ယောက်သည် ဤလူအုပ်ထဲတွင် ပါလာသော သူတို့ဖခင်ကို အမှတ်မထင် သွားတွေ့ခဲ့ကြသည်။ သူတို့သားအဖသုံးယောက်သည် မကြာမီ စခန်းတစ်ခုသို့ ရောက်လာခဲ့ကြသည်။ ထိုစခန်းကို အုပ်ချုပ်သူမှာ ဖီဂီဆိုသူဖြစ်သည်။ ထိုစခန်းတွင် သူတို့လူစုသည် တန်းစီ၍ စစ်ဆေးခဲ့ပြီး အသက်ကြီးသူများနှင့် လူမမည် ကလေးငယ်များကို ခွဲထုတ်၍ ခေါ်သွားပြန်သည်။ ထိုအချိန်တွင် ဇာဒေါ့သည် အိမ်သာထဲတွင် ဝင်ပုန်းနေခဲ့သေးသည်။ သို့သော် ဂျာမန်များက သူ့ကိုတွေ့သွားကြပြီး ခေါ်ထုတ်သွားကြသည်။

ဂတ္တမန်းနှင့် သူ့ဖခင်တို့သည် ဇာဒေါ့အား ဂျာမန်စစ်သားတစ်ယောက်က ... ဆွဲခေါ်သွားပြီး သေဒဏ်အမိန့်ပေးထားသည့် လူအုပ်ထဲသို့ ... ကို နောက်ဆုံးတွေ့မြင်လိုက်ကြရသည်။ ထို့နောက် အဆိုပါ ... ထားသည့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ... အပြင်သို့ ခေါ်ထုတ်သွားကြပြီး မကြာမီ သူတို့၏ အလောင်းများကို ... သေနတ်သမား အဖွဲ့တစ်ဖွဲ့ ထွက်သွားသည်ကို တွေ့လိုက်ရသည်။





ဂတ္တမန်းသည် အိုက်ခ်မန်းနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ အိုက်ခ်မန်း၏ မျက်နှာကို စိုက်ကြည့်ရင်း လွန်ခဲ့သော အတိတ်မှ သွေးချောင်းစီးခဲ့သည့် အထံက်ပါဖြစ်ရပ်များကို ပြန်လည်မြင်ယောင်နေမိသည်။ သူသည် စကားတစ်လုံး မျှမပြောဘဲ အတိတ်ကို သတိရနေမိသည်။ ထိုအတိတ်မှ ဖြစ်ရပ်များသည် သူ့ မျက်လုံးအိမ်မှ မျက်ရည်များ ဖြိုင်ဖြိုင်ကျစေခဲ့သည်။

သို့သော် အနီးအနားမှ လူများသည် ဂတ္တမန်းအား လုံးဝအနှောင့်အယှက် မပေးဘဲ နေခဲ့ကြသည်။ ယခုလိုအချိန်အခါမျိုးတွင် သူ့ကို သည်အတိုင်း တစ် ယောက်တည်းထားခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း အားလုံးကပင် နားလည် သဘောပေါက်ကြသည်။ ထို့နောက် အတော်ကလေး ကြာသွားသောအခါ သူ သည် ထိုင်ရာမှထ၍ မျက်ရည်များကိုသုတ်ကာ တစ်မိနစ်ခန့် မတ်တတ်ရပ်ပြီး တွေတွေကြီးဖြစ်နေခဲ့သည်။ ထိုအခိုက်အတန့်တွင် သူ့မျက်လုံးများမှ အရောင် တလက်လက် ထွက်နေသည်။ ဘေးနားမှ သူ့ကို အကဲခတ်၍ ကြည့်နေကြသော လူများသည် ဂတ္တမန်း၏ နှုတ်ခမ်းများပေါ်တွင် ရက်စက်သော အပြုံးတစ်ချက်ကို မြင်လိုက်ရသည်ဟူ၍ပင် စိတ်ထဲက ထင်လိုက်မိကြသည်။

နောက်ဆုံး၌ သူသည် ပထမတန်းခရီးသည်များ အခန်းထဲမှ ထွက်သွား ခဲ့သည်။ ထိုအချိန်မှစ၍ အိုက်ခ်မန်းအား နောက်ထပ် တစ်စုံတစ်ရာ စိတ်ဝင်စား သည့်လက္ခဏာများ မပြတော့ဘဲ ရှိခဲ့သည်။

▢

ကျွန်ုပ်သည် အိုက်ခ်မန်းအပေါ် လေယာဉ်အမှုထမ်းများက အတော်အတန် စိတ်ပြေသွားသည့် အချိန်အထိ စောင့်နေခဲ့ပြီးမှ အိုက်ခ်မန်းရှိရာ ပထမတန်းခရီး သည်များအခန်းသို့ သွားရောက်ခဲ့သည်။ ဤသည်မှာ လူမရှိဘဲ ရှင်းနေသည့် ကမ္ဘာလှည့်ခရီးသည်များအခန်းထဲတွင် နေရသည်မှာ ငြိမ်သက်အေးချမ်းလှသော ကြောင့်ဖြစ်သည်။ နောက်တစ်ကြောင်းမှာ ဤလေယာဉ်ပေါ်တွင် ကျွန်ုပ်အနေဖြင့် မည်သို့တာဝန်ရှိသည်ကို မသိကြသူများအတွက် ကျွန်ုပ်အပေါ် တစ်စုံတစ်ရာ အာရုံမစိုက်စေလိုသောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် ပထမတန်း ခရီးသည်များအခန်းထဲသို့ ဝင်သွား... ပြတင်းပေါက်တစ်ခု၏ ... ထိုင်ခုံပေါ်တွင် ... သတိရနေပြီဖြစ်သော အိုက်ခ်မန်းအား အစန့်သားထိုင်နေသည် ... သူသည် ကျွန်ုပ် ဝင်လာသည်ကို မမြင်ရဘဲရှိသော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်က စိုက်ကြည့်နေသည်ကို စိတ်ထဲက အလိုလိုသိသွားပုံရ၍ သူထိုင်နေသော ထိုင်ခုံပေါ်မှ နောက်လှည့်ကြည့်လိုက်သည်ကို တွေ့ရသည်။

ဆရာဝန်က အိုက်ခ်မန်းမှာ မေ့ဆေးများ လုံးဝပြယ်သွားခဲ့ပြီဖြစ်၍ အဆောတ်ပင် ကျန်းမာရေးကောင်းနေပြီဖြစ်ကြောင်း ကျွန်ုပ်အား ပြောပြခဲ့သည်။ ထို့ပြင် ဆရာဝန်၏ ပြောပြချက်အရ အိုက်ခ်မန်းသည် သူ့အား စောင့်ကြပ်၍ ခေါ်လာသူများ၏ ဆန္ဒအတိုင်း တစ်စုံမကျန် နာခံလိုက်လျောခဲ့သည့်ပြင် လမ်းခရီးတစ်လျှောက်လုံး လေယာဉ်ပေါ်တွင် ဤအတိုင်းလုပ်ဆောင်သွားလိမ့်မည်ဟု ယူဆရကြောင်း ကျွန်ုပ် သိရသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း သူ့အပြုအမူ အနေအထိုင်များသည် မပြောင်းလဲဘဲ သည်အတိုင်း ပုံမှန်သွားမည်ဆိုပါက သူ့အား နောက်ထပ် မေ့ဆေးများ ထိုးမပေးရန် ဆုံးဖြတ်သတ်မှတ်ခဲ့ကြပြီးဖြစ်သည်။

ထို့နောက် ကျွန်ုပ်တို့သည် ဒက်ကာမြို့သို့ ဆိုက်ရောက်သွားလျှင် လေယာဉ်အမှုထမ်းအားလုံး လေယာဉ်ပေါ်မှ တစ်ယောက်မျှမဆင်းဘဲနေကြရန် စီစဉ်ထားခဲ့ကြသည်။ သို့သော် သက်ဆိုင်ရာ လေဆိပ်တာဝန်ခံများက အစဉ်အလာ လိုက်နာရမြဲဖြစ်သည့်အတိုင်း လေယာဉ်ကြီးအား လောင်စာဆီဖြည့်နေခိုက် လေယာဉ်ပေါ်မှ တစ်ယောက်မကျန် ဆင်းပေးရန် တောင်းဆိုလာခဲ့ပါက ဆရာဝန်သည် လေယာဉ်ပေါ်တွင် ပါလာသည့် လူနာအတွက် ထိုစည်းကမ်းချက်မှ ကင်းလွတ်ခွင့်ပြုပါရန်နှင့် ထိုလူနာအား ကြည့်ရှုစောင့်ရှောက်ရန် မိမိနှင့်အတူ အခြားအစောင့်နှစ်ယောက်ကိုပါ လေယာဉ်ပေါ်တွင် နေခွင့်ပြုရန် ပြောကြားမေတ္တာရပ်ခံရမည်ဖြစ်သည်။

ထို့နောက် ကျွန်ုပ်သည် အိုက်ခ်မန်းအား စောင့်ကြပ်လိုက်ပါလာကြသည့် အစောင့်များအား အိုက်ခ်မန်း၏ ကျိုးနွံနာခံမှုများအပေါ် အလွန်အကျွံ ယုံကြည်စိတ်ချမနေကြရန် သတိပေးခဲ့ရသည်။ သူ့လက်ထဲတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေနိုင်လောက်သည့် လက်နက်ကိရိယာမှန်သမျှ တစ်ခုမှမရှိအောင် အမြဲသတိပြု၍ စောင့်ကြည့်ရန်လည်း မှာခဲ့ရသည်။ ဤလေယာဉ်ပေါ်တွင် အိုက်ခ်မန်းအား စောင့်ကြပ်လိုက်ပါလာကြသူများမှာ အခြားသူများမဟုတ်ဘဲ ဤစစ်ဆင်ရေးတွင် အစမှအဆုံး စိတ်အားထက်သန်စွာနှင့် တက်ကြွရဲရင့်စွာ ပါဝင်ဆင်နွှဲခဲ့ကြသော အယ်ရှက်၊ ကီရန်၊ ဂိုရန်၊ အက်ရှာနှင့် ဂိုလမ်တို့ပင်ဖြစ်ကြသည်။

သူတို့သည် အိုက်ခ်မန်းအတွက် အစားအစာများကို ဆရာဝန်ညွှန်ကြားချက်အတိုင်း စီစဉ်ကျွေးမွေးခဲ့ကြသည်။ အထူးသဖြင့် ဆရာဝန်သည် အကယ်၍





လိုအပ်ပါက အိုက်ခ်မန်းအား မေ့ဆေးထပ်မံပေးရာ၌ ကျန်းမာရေးအရ အန္တရာယ်မဖြစ်နိုင်သည့် အစားအစာများကိုသာ ရွေးချယ်ကျွေးခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ လေကြောင်းခရီးစဉ် ပထမပိုင်းတွင် တွဲဖက်လေယာဉ်မှူး နစ်ရှရီသည် အိုက်ခ်မန်းအား စောင့်ကြပ်ရာ၌ တတ်နိုင်သမျှ အကူအညီပေးခဲ့သည်။ သူသည် အခြားလေယာဉ်အမှုထမ်းများအား နမူနာပြသည့်အနေဖြင့် အိုက်ခ်မန်းအား စောင့်ရှောက်ရာ၌ အောက်ကျနောက်ကျနိုင်လှသည့် အသေးအဖွဲကိစ္စကလေးများကိုပင် လုပ်ကိုင်ပေးခဲ့သည်။ တစ်ချိန်တည်းတွင်ပင် အိုက်ခ်မန်း၏ ကျန်းမာရေး ကောင်းမွန်ပုံကို တဖွဖွချီးကျူး၍ မဆုံးအောင်ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နစ်ရှရီသည် လေယာဉ်ပေါ်သို့ အိုက်ခ်မန်း ရောက်လာခဲ့သည့်အချိန်မှစ၍ စိတ်လှုပ်ရှားနေသဖြင့် ဘာတစ်ခုမျှ မစားနိုင်အောင် ဖြစ်နေခဲ့သောကြောင့်ဖြစ်သည်။

❐

ကျွန်ုပ်သည် လေယာဉ်ပေါ်၌ အနီးအနားတွင် လေယာဉ်အမှုထမ်းများ မရှိသည့်အခါမှသာ ကျွန်ုပ်၏ အဖွဲ့ဝင်များနှင့် စကားပြောခဲ့သည်။ သို့မဟုတ်ပါက ကျွန်ုပ်သည် သူတို့ကို မသိဟန်ဆောင်နေခဲ့သည်။

မည်သို့ပင်ဖြစ်စေ လေယာဉ်ခရီးစဉ်မှာ ခရီးသည်များအတွက် အထူးပင်သက်သာသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ခရီးသည်များအား ထိုသို့သက်သာမြန်ဆန်စေရန်အတွက် လေယာဉ်အမှုထမ်းများမှာ ပို၍အလုပ်များခဲ့ကြသည်။ သူတို့သည် လောင်စာဆီသက်သာနိုင်သမျှ သက်သာစေရန် လေယာဉ်ကို မြင့်နိုင်သမျှ အမြင့်ဆုံးအရပ်မှ ကြိုးစားပျံသန်းကြရသည်။ တစ်ဖန် သူတို့သည် လေယာဉ်ကို သင့်တော်သည့်အမြင့်မှ အညင်သာဆုံး ပျံသန်းနိုင်ရန် အပူပိုင်းဇုန်ဒေသ၏ ကောင်းကင်တွင် လွင့်မျောနေတတ်ကြသည့် [illegible] တိမ်ထုများကို မကြာခဏ ရှောင်ခဲ့တိမ်းခဲ့ကြရသည်။

လေယာဉ်အမှုထမ်းများသည် လောင်စာဆီ မလုံမလောက်ဖြစ်ခြင်းအရေးကို တွေးမိတိုင်း စိုးရိမ်ပြီး စိတ်ပူမိကြသည်။ သို့ဖြစ်ရာ ဒက်ကာမြို့အစား ဆီယာရာ လီယွန်နီနိုင်ငံမှ ဖရီးတောင်းမြို့ကလေးတွင် ဆင်း၍ လောင်စာဆီဖြည့်ရန်ပင် စိတ်ကူးမိကြသည်။ သို့သော် ကျွန်ုပ်အနေဖြင့် လုံခြုံရေးရှုထောင့်မှ ကြည့်၍ ထိုအကြံအစည်ကို လက်မခံနိုင်ဘဲ ရှိခဲ့သည်။ ကျွန်ုပ်သဘောအရဆိုလျှင် ဆီယာရာ လီယွန်နီနိုင်ငံအစား ဆီနီဂေါနိုင်ငံတွင် ဆင်းရသည်က ပို၍[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဦးမည်ဟု ယူဆမိသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ဖရီးတောင်းမြို့ကလေးမှ လစ်ဒါ (အစ္စရေး) လေဆိပ်သို့ တောက်လျှောက် ပျံသန်း၍မရဘဲ လမ်းခရီး တစ်နေရာရာတွင် ရပ်နားဆိုက်ကပ်ရဦးမည်ဖြစ်သည်။

စင်စစ်အားဖြင့် ဒက်ကာမြို့မှ တဲလ်အဗစ်မြို့တော်သို့ တိုက်ရိုက်ပျံသန်းရမည့် ခရီးစဉ်ပင်လျှင် ကြီးမားသည့် အခက်အခဲ ပြဿနာရပ်များဖြင့် ကြုံတွေ့ရဖွယ်ရာရှိနေခဲ့သည်။ သို့သော် ကျွန်ုပ်တို့စိတ်ထဲတွင် ယင်းအခက်အခဲများကို မုချကျော်လွှားနိုင်မည်ဟု တထစ်ချ ယုံကြည်ယူဆထားသည်။ နောက်ဆုံး၌ အခြေအနေအရပ်ရပ်ကို ရှုထောင့်အမျိုးမျိုးမှ စဉ်းစားခဲ့ကြပြီး လေယာဉ်မှူးများသည် မူလအစီအစဉ်အတိုင်း ဒက်ကာသို့ ဦးတည်ပျံသန်းရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့ဖြင့် ကျွန်ုပ်တို့သည် ၁၃ နာရီ ၆ မိနစ်ကြာမျှ ပျံသန်းခဲ့ကြပြီး ဒက်ကာမြို့သို့ ဆိုက်ရောက်လာခဲ့ကြသည်။

ကျွန်ုပ်တို့သည် မြေပြင်သို့ လေယာဉ်ဆင်းလာခိုက် ကိုယ့်အမိပွာယ်နှင့်ကိုယ် အဘက်ဘက်မှ သတိထားမြဲ ထားနေခဲ့ကြသည်။ ကျွန်ုပ်တို့အား မည်သို့မည်ပုံ မြေပြင်မှ ကြိုဆိုဧည့်ခံမည်ကို မသိရသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့နားလည်ထားသလောက် ဗျူနိုအဲရစ္စမြို့တော်တွင် အိုက်ခ်မန်းစစ်ဆင်ရေးနှင့်စပ်လျဉ်း၍ နောက်ဆုံးအချိန်တွင် 'ဘူးပေါ်သလို' ပေါ်သွားခဲ့ပြီး ကျွန်ုပ်တို့လေယာဉ်ဖြင့် လိုက်ပါလာသူ ခရီးသည်အားလုံးကို ဒက်ကာလေဆိပ်မှ စောင့်၍ တစ်ယောက်မကျန် စစ်ဆေးရန်ပင် အကြောင်းကြား သတိပေးထားကောင်းထားလိမ့်မည်ဟု ယူဆရသည်။

မှန်သည်။ ကျွန်ုပ်တို့သည် ထိုသို့သော စစ်ဆေးမှုများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်စိတ်ချပြီးဖြစ်သည်။ ဤဖြစ်ရပ်မျိုးအတွက် အဘက်ဘက်မှ အသေးစိတ် ချာစွာ အသေးစိတ် ကြိုတင်ပြင်ဆင်ပြီးဖြစ်၏။ သို့သော် ဤရွေ့ဤမျှ ခက်ခဲကြမ်းတမ်းလှသည့် အိုက်ခ်မန်းစစ်ဆင်ရေး၏ နောက်ဆုံးအဆင့် ကြုံပမ်းမှုသည် ချောက်ချားစရာတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

သို့သော် ကျွန်ုပ်တို့၏ စိုးရိမ်ထိတ်လန့်မှုမှာ 'ထမင်းလုံးတစ္ဆေခြောက်' သလို အခြေအမြစ်မရှိဘဲ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဒက်ကာလေဆိပ်တွင် ဆီးကြိုဧည့်ခံမှုမှာ ခါတိုင်းကဲ့သို့ ပုံမှန်အတိုင်း စနစ်တကျ အေးအေးဆေးဆေးရှိလှသည်ကို တွေ့ကြရသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့နှင့် ကြုံတွေ့ဆက်ဆံကြရသည့် လေဆိပ်အမှုထမ်း အရာထမ်းမှန်သမျှ အားလုံး ဖော်ဖော်ရွေရွေ





ရှိကြသည့်အပြင် လောင်စာဆီဖြည့်နေခိုက် ခရီးသည်များအား လေယာဉ်ပေါ်တွင် နေခွင့်ပြုပါရန် ကျွန်ုပ်တို့၏ မေတ္တာရပ်ခံချက်များကိုလည်း ရှောရှောရှူရှူဖြင့် မဆိုင်းမတွ ခွင့်ပြုခဲ့ကြ၏။

လေယာဉ်ပေါ်မှ အောက်သို့ လူအချို့ ဆင်းခဲ့ကြရာ ထိုအထဲတွင် ဂတ္တာမန်းလည်း အပါအဝင်ဖြစ်သည်။ ဤသည်မှာ စက်မှုပညာပိုင်းအရ လောင်စာဆီဖြည့်ရာ၌ သူကိုယ်တိုင် ကြီးကြပ်ကွပ်ကဲရသောကြောင့်ဖြစ်သည်။ သို့ဖြင့် သူ၏ ညွှန်ကြားချက်အရ လောင်စာဆီကို ပုံမှန်သတ်မှတ်ထားသည်ထက် အနည်းငယ်ပို၍ တိုင်ကီထဲသို့ ထည့်ပေးလိုက်ကြသည်။

လေယာဉ်မောင်းလီယိုဘာကေးသည်လည်း အစားအသောက် ရိက္ခာပစ္စည်းများ ဝယ်ရန် လေယာဉ်ပေါ်မှ ဆင်းသွားခဲ့သည်။ သူသည် သူအလိုရှိသမျှ ပစ္စည်းများကို မြန်နိုင်သမျှ မြန်မြန်ထက်ထက် ဝယ်ယူခဲ့သည်။ ဤသည်မှာ လေယာဉ်ကို စောနိုင်သမျှစော၍ ထွက်ခွာနိုင်ရန်ဖြစ်သည်။ တစ်ချိန်တည်းတွင် လေယာဉ်မှူးများသည်လည်း လေယာဉ်ပျံသန်းမှုအစီအစဉ်များ ပြင်ဆင်ညှိနှိုင်းရန် လေယာဉ်ထိန်းသိမ်းရေး မျှော်စင်ပေါ်သို့ သွားရောက်ခဲ့ကြသည်။

ကျန်လူများအားလုံးမှာလည်း လေယာဉ်ပေါ်တွင်ပင် ရှိနေခဲ့ကြသည်။ ဤတွင် ပထမတန်းခရီးသည် အခန်းထဲမှ လူများကို အိပ်ပျော်ဟန်ဆောင်နေကြရန် မှာထားခဲ့ရသည်။ ယခုတစ်ကြိမ်တွင်မူ ကျွန်ုပ်သည် မတော်တဆ လေဆိပ်တာဝန်ခံများ တက်ရောက်စစ်ဆေးလာပါက လိုအပ်သလို ဆောင်ရွက်ရန်နှင့် အခြေအနေကို အကဲခတ်နိုင်ရန် ကျွန်ုပ်ကိုယ်တိုင် ပထမတန်းအခန်းထဲတွင် နေခဲ့သည်။ အိုက်ခ်မန်းသည် အိပ်ပျော်ခြင်းမရှိသေးသော်လည်း ငြိမ်ငြိမ်ဆိတ်ဆိတ်ဖြင့် ဣန္ဒြေရရပင် ရှိနေခဲ့သည်။ လေယာဉ်ပေါ်သို့ ပြင်သစ်နှစ်ယောက် တက်လာပြီး ပထမတန်းမှ အိမ်သာများကို ပျာယီးပျာယာ စစ်ဆေးသွားခဲ့ကြရာ ထိုအခိုက်အတန့်မှာပင် အိုက်ခ်မန်းသည် သူ့နေရာ၌ လုံးဝမလှုပ်မရှားဘဲ ငြိမ်နေခဲ့သည်။ ပြင်သစ်နှစ်ယောက်သည် ခပ်မြန်မြန်စစ်ဆေးပြီး ခပ်မြန်မြန်ပင် ပြန်ထွက်သွားကြသည်။ သူတို့သည် လေဆိပ်ကျန်းမာရေးဌာနမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။ လေယာဉ်ပေါ်သို့ တက်လာကြသည့် အစိုးရအရာရှိဆို၍ သူတို့နှစ်ယောက်သာရှိသည်။

နောက်တစ်နာရီခန့် ကြာသောအခါ လေယာဉ်တံခါးများ [illegible] ပြီး စက်များနှိုးကာ လေယာဉ်ကြီးသည် လေယာဉ်ပြေးလမ်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိမ့်စပြေးလာခဲ့သည်။ ထို့နောက် မကြာမီ ကျွန်ုပ်တို့သည် ဒက်ကာမြို့ပေါ်သို့ ပျံသန်းရောက်ရှိသွားခဲ့ကြပြီး ကျွန်ုပ်တို့ အထူးလေယာဉ်ကြီး၏ ဦးပိုင်းမှ ထိပ်ဖျားသည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တော်သို့ ဦးတည်လျက်ရှိနေပြီ ဖြစ်ပါသတည်း။

■

## မင်္ဂလာသတင်းအတွက် ဆိုဒါတစ်ပုလင်း

လေယာဉ်သည် မြင့်နိုင်သမျှ မြင့်အောင်ပျံတက်လျက်ရှိသည်။ ဘရစ်တိန်နီးယားလေယာဉ်ကြီးအား ဒက်ကာမှ လစ်ဒါလေဆိပ်သို့ မဖြစ်ဖြစ်သည့်နည်းဖြင့် တောက်လျှောက် မရပ်မနားဘဲ ခက်ခက်ခဲခဲ ကြိုးစားပျံသန်းရမည်ဆိုပါက လေယာဉ်မှူးများအတွက် အဓိကလိုအပ်ချက် နှစ်ခုရှိသည်။ တစ်ခုမှ တတ်နိုင်သမျှ အမြင့်ဆုံးပျံသန်းရန်နှင့် အခြားတစ်ခုမှာ လေကြောင်းတိုက်ခတ်မှု အဆင်ပြေ မှန်ကန်စေရန်ဖြစ်သည်။

လေယာဉ်မှူး၏ စက်ခန်းထဲသို့ ရောက်ရှိလာကြသည့် မိုးလေဝသနှင့် ဇလဗေဒ သတင်းကြေညာချက်များမှာ အားလုံးကောင်းမွန်လျက်ရှိသည်၊ ရာသီဥတုအခြေအနေမှာ သူတို့အလိုရှိသည့် အနေအထားမျိုးပင်ဖြစ်၍ ထိုရာသီဥတုအရ တိုက်ခတ်လာမည့် လေမှာလည်း အဆင်ပြေရန် အလားအလာရှိနေသည်။ ခရီးစဉ်၏ ဤအပိုင်းတွင် လေယာဉ်မှူးမိဂတ်က အနားယူ၍ တွဲဖက်လေယာဉ်မှူး နစ်ရှရီက လေယာဉ်ကို မောင်းလာခဲ့သည်။

ကျွန်ုပ်သည် လေယာဉ်ပေါ်တွင် အချိန်ရသလောက် အိပ်၍လိုက်ပါလာခဲ့ရာ နောက်ပိုင်းတွင် အခြေအနေ တိုးတက်ကောင်းမွန်လာသည်ကို အိပ်ရာမှ နိုးလာမှ သိခဲ့ရသည်။ ကျွန်ုပ်တို့ ခရီးစဉ်၏ ဤအပိုင်းအတွင်း လေယာဉ်မှူးများ၏ စိတ်ထဲ၌ ရောမနှင့် ဆိုက်ပရပ်စ် တစ်နေရာရာတွင် လောင်စာဆီ သစ်ဖြည့်ရလိမ့်ဦးမည်ဟု ယူဆနေခဲ့ကြသည်။ သို့သော် ဂုဏာရော်ဆိုင်ား နရောက်

www.burmeseclassic.com



ကြားကို ဖြတ်ကျော်လာခဲ့ပြီးနောက် ကျွန်ုပ်တို့၏ နောက်ဘက်မှ တိုက်ခတ်လာသောလေသည် ပို၍အားကောင်းသည်ထက် ကောင်းလာခဲ့ရာ ကျွန်ုပ်တို့၏ တိုင်ကီထဲတွင် ပါလာသော လောင်စာဆီဖြင့် လစ်ဒါလေဆိပ်သို့ရောက်အောင် လုံလောက်စွာ ပျံသန်းနိုင်ပြီဖြစ်ကြောင်း စိတ်ချသွားခဲ့ကြသည်။

အိပ်ရာမှ ကျွန်ုပ် နိုးလာသောအခါ အရုဏ်တက်ချိန် ရောက်နေပြီဖြစ်သည်။ ထိုအချိန်တွင် ဂျီဘရော်လ်တာ ရေလက်ကြားကို ဖြတ်ကျော်ပျံသန်းနေပြီဖြစ်၍ အစ္စရေးနိုင်ငံ ပင်လယ်ကမ်းခြေသို့ တဖြည်းဖြည်း နီးသည်ထက် နီးလာနေပြီဖြစ်သည်။ နောက်ပိုင်းမှ တိုက်ခတ်လာသော လေသည် တစ်ညလုံး အားကောင်းလျက်ရှိနေခဲ့ရာ အခြေအနေမှာ အစစ ကောင်းမွန်၍ အဆင်ပြေနေခဲ့သည်။

ကျွန်ုပ်သည် ကိုယ်လက်သုတ်သင်၍ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများရိတ်ကာ အဝတ်အစားများလဲခဲ့သည်။ ကျွန်ုပ်တစ်ကိုယ်လုံးမှာ ယခင့်ယခင် ရက်များကထက် ပို၍ပေါ့ပါးလန်းဆန်းသွားသည်ကို သတိထားလိုက်မိသည်။ ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်၏လူများအား စစ်ဆင်ရေး၏ နောက်ဆုံးအဆင့်အတွက် လိုအပ်သော ညွှန်ကြားချက်များကို ပေးခဲ့သည်။ ကျွန်ုပ်က သူတို့အား မြေပြင်သို့ လေယာဉ်ရောက်ရှိသွားလျှင်သွားချင်း အိုက်ခ်မန်းအား နိုင်ငံတော်အာဏာပိုင်များလက်သို့ လွှဲပြောင်းပေးရန်အတွက် စစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့သို့ အပ်ရမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ကျွန်ုပ်တို့ စစ်ဆင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်မှာ ဤတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

ထို့နောက် ကျွန်ုပ်သည် လေယာဉ်ပေါ်တွင် နောက်ဆုံးအချိန်ပိုင်းအတွင်း ကျွန်ုပ်၏ အဖွဲ့ဝင်များအား လိုက်လံနှုတ်ဆက်ခဲ့သည်။ တစ်ချိန်တည်းတွင် ဤစစ်ဆင်ရေး၏ အဆင့်ဆင့်သော လုပ်ငန်းတာဝန်များကို လှုပ်ရှားတပ်ဖွဲ့ဝင်အားလုံး တစ်ယောက်မကျန် တက်ညီလက်ညီဖြင့် အစွမ်းကုန် ကြိုးစား၍ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့ကြသည့်အတွက် လှိုက်လှဲစွာ ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံ၏ ပင်လယ်ကမ်းခြေ နယ်နိမိတ်မျဉ်းကြောင်းကို ပြတင်းပေါက်များမှတစ်ဆင့် ထင်ထင်ရှားရှားကြီး မြင်နေကြရပြီ။ သည်မြင်ကွင်းထက် ပို၍ ကျွန်ုပ်တို့ ရင်များကို နွေးထွေးစေသော မြင်ကွင်းဟူ၍ ဘယ်မှာရှိပါဦးမည်နည်း။

ကျွန်ုပ်တို့ လေယာဉ်ကြီးသည် ဒက်ကာမှ လစ်ဒါလေဆိပ်အကြား ရှည်လျားကြာဝေးလှသော ခရီးကို ၁၁ နာရီ မိနစ်၃၀ တိတိ ပျံသန်းခဲ့ရသည်။





လေယာဉ်ပြေး လမ်းကြောင်းပေါ်သို့ ဘီးများရောက်ရှိ ထိတွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ ပခုံးပေါ်မှ ဈာမဝန်ထုပ်ဝန်ပိုကြီးတစ်ခု ကျသွားသလို ခံစားလိုက်ရသည်။ ကျွန်ုပ်သည် လေယာဉ်ဦးပိုင်းမှ စက်ခန်းထဲသို့ သွားရောက်၍ လေယာဉ်မှူးများနှင့်တကွ လက်ထောက်အရာရှိများကိုပါ အားရပါးရ လက်ဆွဲနှုတ်ဆက်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထိုမှတစ်ဖန် လေယာဉ်အမှုထမ်းများကိုလည်း ၎င်းတို့၏ စိတ်ရောကိုယ်ပါ တက်ကြွစွာ ကူညီမှုများ၊ ဤလေယာဉ်ခရီးစဉ်ကို အမြန်ဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ကြိုးစားပျံသန်းခဲ့သည်များနှင့် ကျွန်ုပ်အပါအဝင် ကျွန်ုပ်၏ အဖွဲ့ဝင်များအပေါ် ဖော်ရွေခင်မင်စွာ ဆက်ဆံခဲ့သည့်အတွက် လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် လေယာဉ်ပေါ်မှ မဆင်းမီ ပထမတန်းအခန်းသို့ သွားရောက်ခဲ့သည်။ ဤတွင် အိုက်ခ်မန်း၏ မျက်နှာအမူအရာမှာ ယခင်စောစောပိုင်းကထက် ပို၍ညှိုးနွမ်းနေသလို ဖြစ်နေသည်။ သူ့ပတ်ဝန်းကျင်မှ လှုပ်ရှားမှုများနှင့် ဂနာမငြိမ် ဖြစ်နေမှုများကို မျက်စိဖြင့် မမြင်ရသော်လည်း လှုပ်လှုပ်ရွရွ ဖြစ်နေကြသည့် အသံများကြောင့် အခြေအနေကို ရိပ်စားမိပြီး သူ့တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားနေသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် အိုက်ခ်မန်းအနီးတွင် ရှိနေကြသော အစောင့်များနှင့်တကွ ဆရာဝန်ကိုပါ နှုတ်ဆက်၍ အိုက်ခ်မန်းအား ဟစ်လဲလ်အင်ကာလက်သို့ လွှဲပြောင်းပေးလိုက်ကြရန် မှာကြားထားခဲ့သည်။ အင်ကာမှာ အရေးကြီးသော နာဇီစစ်တရားခံများ၏ နောက်ကြောင်းဖြစ်ရပ်များကို ရှာဖွေစုဆောင်းသည့် အထူးအဖွဲ့ခေါင်းဆောင်ဖြစ်၍ ကျွန်ုပ်သည် သူ့အား ခပ်စောစောကပင် လေယာဉ်ဆောနားတွင် ရပ်နေသည်ကို မြင်လိုက်ရပြီးဖြစ်သည်။

ထိုနေ့သည် ၁၉၆၀ ပြည့်နှစ်၊ မေလ ၂၂ ရက်နေ့ဖြစ်ရာ အစ္စရေးနိုင်ငံမှ ကျွန်ုပ် ထွက်ခွာသွားခဲ့သည်မှာ ရက်ပေါင်း ၂၃ ရက် ရှိခဲ့ပြီဖြစ်သည်။

❐

အင်ကာသည် လေဆိပ်သို့ လူအတော်များများနှင့်အတူ ရောက်လာခဲ့သည်။ သူ့အား လေကြောင်းကုမ္ပဏီမှ ယနေ့နံနက် စောစောတွင် ကျွန်ုပ်တို့လေယာဉ်ဆိုက်ရောက်လိမ့်မည်ဖြစ်ကြောင်း သတင်းပို့ထားခဲ့ပြီးဖြစ်သည်။ သို့သော် သူသည် ကျွန်ုပ်ထံမှ တိကျသည့် သတင်းမရမီအထိ ဤလေယာဉ်ပေါ်တွင် အိုက်ခ်မန်း



www.burmeseclassic.com

www.burmeseclassic.com



ပါလာမည်ကို မသေချာဘဲ မရေမရာ ဖြစ်နေခဲ့သည်။ ကျွန်ုပ်သည် သူ့အား အိုက်ခ်မန်းကို သူ့အချုပ်ထောင်ထဲတွင် ချုပ်ထားရန်နှင့် ဤကိစ္စကို အစွမ်းကုန် လျှို့ဝှက်ထားပြီး သူ့ကိုယ်သူ သတ်သေနိုင်မည့်အဖြစ်မျိုး လုံးဝမဖြစ်စေရန် ညွှန်ကြားခဲ့ပြီးဖြစ်သည်။ ထို့ပြင် အိုက်ခ်မန်းအား ထိုသို့ လုံခြုံစိတ်ချရသည့် နေရာတွင် လျှို့ဝှက်စွာ ချုပ်နှောင်ထားပြီး အချိန်ကျလျှင် ရဲချုပ်ထံ လွှဲအပ်ရန် အကြောင်းကြားမည်ဖြစ်ကြောင်း အင်ကာအား ပြောပြထားခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် ဇနီးဖြစ်သူထံ ကျွန်ုပ် ခရီးထွက်ရာမှ ပြန်ရောက်လာပြီဖြစ်ကြောင်း ဖုန်းဆက်၍ ညနေဘက်တွင် အိမ်ပြန်ရောက်မည်ဖြစ်ကြောင်း ပြောလိုက်သည်။ ကျွန်ုပ်၏ ဇနီးသည် ကျွန်ုပ် ပြန်ရောက်သည့်သတင်းကို ကြားရသည့်အတွက် တစ်စုံတစ်ရာ အံ့သြသည့်လက္ခဏာ မပြရုံမျှမက ကျွန်ုပ် ဘယ်နိုင်ငံမှ ပြန်လာသည်ကိုပင် မမေးဘဲနေခဲ့သည်။

ပြီးလျှင် ကျွန်ုပ်သည် အိုက်ခ်မန်းအား ရဲဘက်သို့ လွှဲပြောင်းပေးခြင်းမပြုမီ ထိန်းသိမ်းစောင့်ကြပ်ရမည့် အရာရှိနှစ်ယောက်ကို ခေါ်ယူတွေ့ဆုံခဲ့သည်။ ကျွန်ုပ်က သူတို့နှစ်ယောက်အား အိုက်ခ်မန်းကို အချုပ်ထောင်သို့ ခေါ်သွားရာ၌လည်းကောင်း၊ အချုပ်ထောင်ထဲတွင် သူ့ကို စောင့်ကြပ်ရာ၌လည်းကောင်း တာဝန်နှင့် စည်းကမ်းကို အတိအကျ လိုက်နာလုပ်ဆောင်ကြရန် မှာကြားခဲ့သည်။ ထို့ပြင် အိုက်ခ်မန်းအား ယခုလို ခေတ္တချုပ်နှောင်ထားရန် မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ထားကြသည်ကို စုံစမ်းမေးမြန်းကြည့်ခဲ့ရာ သူတို့၏ စီစဉ်ပြင်ဆင်ထားသည်များမှာ အထူးစေ့စပ် သေချာ၍ ကျေနပ်လောက်စရာရှိသည်ကို တွေ့ရသည်။ နောက်ဆုံး၌ အိုက်ခ်မန်း၏ လုံခြုံရေးအတွက် သူတို့နှစ်ယောက်စလုံးတွင်သော်လည်းကောင်း၊ တစ်ဦးချင်း၌သော်လည်းကောင်း တာဝန်များရှိသည်ကို ထပ်မံ၍ အသေးအနက် ပြောကြားခဲ့သည်။

ထို့နောက် အရာရှိနှစ်ယောက်သည် အိုက်ခ်မန်းအား ရဲဘက်သို့ လွှဲပြောင်းပေးအပ်ခြင်း မပြုသေးမီ ယာယီချုပ်နှောင်ထားရမည့် အချုပ်ထောင်ရှိရာသို့ ကားဖြင့်ခေါ်ဆောင်သွားခဲ့ကြသည်။ သူတို့နှစ်ယောက်သည် အိုက်ခ်မန်းအား အမြဲစောင့်ကြည့်ရန် တာဝန်ကျသည့် အစောင့်များအား အကျဉ်းသား၏ အမည်မှန်နှင့် အဖြစ်မှန်များကို ပြောမပြဘဲထားရန် စီစဉ်ဆုံးဖြတ်ခဲ့ကြသည်။ အမှန်စင်စစ် သူတို့သည် အစောင့်အကြပ်များ အရည်အချင်းနှင့် အစွမ်းအစကို ယုံကြည်စိတ်ချပြီးဖြစ်သည်။ သို့သော် ဤအစောင့်များကိုယ်တိုင် တစ်ခါက အိုက်ခ်မန်း၏ ငရဲခန်းမှ လွတ်မြောက်လာခဲ့ကြသူများဖြစ်ရာ အိုက်ခ်မန်းအပေါ် ဒေါသအလျောက်





တစ်စုံတစ်ခု ခြေလွန်လက်လွန် ပြုလုပ်မိကြမည်ကို စိုးရိမ်ရသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ ဤအကျဉ်းသားသည် အလွန်အန္တရာယ်ကြီးသည့် 'စပိုင်' တစ်ဦးဖြစ်ကြောင်းနှင့် သူ့အား လုံးဝမျက်ခြည်ပြတ်မခံဘဲ အထူးဂရုစိုက် စောင့်ကြည့်ကြရန် ပြောကြားခဲ့ရသည်။ သူတို့သည် အိုက်ခ်မန်းအား အချုပ်ထဲတွင် ၂၄ နာရီလုံးလုံး အလှည့်ကျစောင့်ကြရမည်ဖြစ်ရာ ယခုကဲ့သို့ ကြိုတင်သတိပေးထားမှ တော်ရုံကျမည်ဖြစ်သည်။

နောက်ပိုင်းတွင် ကျွန်ုပ်တို့သည် သူ့ကို စောင့်ကြပ်ရသည့် 'စပိုင်'၏ တကယ့်ဇာတိမှန်ကို ပြောပြလိုက်သောအခါ သူတို့အားလုံး တစ်ပတ်ရိုက်ခံလိုက်ရသလို ဖြစ်သွားခဲ့ကြသည်။

❐

လေဆိပ်တွင် ကျွန်ုပ် စီစဉ်ဆောင်ရွက်စရာကိစ္စများ ပြီးစီးသွားသောအခါ နံနက် ၉ နာရီ ၁၅ မိနစ် ရှိပြီဖြစ်သည်။ ယခုအခါ ကျွန်ုပ်သည် ဂျေရုဆလင်မြို့တော်သို့ သွားရောက်၍ ဝန်ကြီးချုပ် ဘင်ဂူရီယမ်အား အစ္စရေးနိုင်ငံသို့ အိုက်ခ်မန်း ရောက်လာပြီဖြစ်ကြောင်း သတင်းပို့ရန် အချိန်တန်ပြီဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်အား လေဆိပ်တွင် ၄၅ မိနစ်ကြာမျှ လာ၍စောင့်နေခဲ့သော ကျွန်ုပ်၏ ကားမောင်းသမား ယာကီအား ဂျေရုဆလင်မြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ ၁၀ နာရီမထိုးမီ ရောက်အောင်မောင်းပို့ရန် ပြောကြားခဲ့ရသည်။ ထိုနေ့တွင် အပတ်စဉ် အစိုးရအဖွဲ့အစည်းအဝေး ကျင်းပမည့်နေ့ဖြစ်၍ နံနက် ၁၀ နာရီ အစည်းအဝေးမစမီ အရောက်သွားရမည်ဖြစ်သည်။ အကြောင်းမှာ အကယ်၍ အစည်းအဝေး ကျင်းပနေစဉ် ကျွန်ုပ် ရောက်သွားခဲ့ပါက ကျွန်ုပ်သည် ဝန်ကြီးချုပ် ဘင်ဂူရီယမ်အား လူအများရှေ့တွင် ခေါ်ယူတွေ့ဆုံခွင့် တောင်းရမည်စိုးသောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် လမ်းခရီးတစ်လျှောက်လုံး ယာကီအား ကားကို ခပ်မြန်မြန်မောင်းရန် အဆက်မပြတ် သတိပေးလာခဲ့ရာ ဝန်ကြီးချုပ်ရုံးရှေ့သို့ ၁၀ နာရီမထိုးမီ ၁၀ မိနစ်အလိုတွင် ကျွန်ုပ်တို့ ရောက်ရှိသွားခဲ့ကြသည်။ ဝန်ကြီးချုပ်၏ နိုင်ငံရေးအတွင်းဝန် ယဇ်ဟာတ်နာဗွန်သည် ကျွန်ုပ်အတွက် တစ်စုံတစ်ခု ကြိုတင်ခွင့်ပြုချက် တောင်းရန်နှင့် ရှင်းလင်းပြောကြားရန်မလိုဘဲ နားလည်မှုရှိပြီးဖြစ်သည်။ ကျွန်ုပ်သည် အဆောတလျင် အရေးကြီးသည့်ကိစ္စမရှိဘဲ ဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ အစည်းအဆေးမတိုင်မီ ယခုကဲ့သို့ မိနစ်အနည်းငယ်ခန့် ဝန်ကြီးချုပ်နှင့် တွေ့ရန် တောင်းလိမ့်မည်မဟုတ်ဟု သဘောပေါက်ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ စက္ကန့်အနည်းငယ်အတွင်း ကျွန်ုပ်သည် ဝန်ကြီးချုပ် ဘင်ဂူရီယမ်၏ ရုံးခန်းထဲသို့ ရောက်သွားခဲ့သည်။ ဝန်ကြီးချုပ်သည် ကျွန်ုပ်ကိုမြင်လိုက်ရသည်နှင့် တအံ့တဩဖြစ်သွားပြီး မည်သည့်အချိန်က အစ္စရေးသို့ ပြန်ရောက်လာကြောင်း မေးလိုက်သည်။ ကျွန်ုပ်ကလည်း လွန်ခဲ့သော နှစ်နာရီခန့်ကပင် အစ္စရေးသို့ ပြန်ရောက်လာကြောင်းနှင့် ဝန်ကြီးချုပ်အတွက် လက်ဆောင်ပစ္စည်း တစ်ခု ပါလာကြောင်း ပြန်ပြောလိုက်သည်။ သူသည် ကျွန်ုပ်၏မျက်နှာကို အံ့ဩသည့် အမူအရာဖြင့် စိုက်ကြည့်နေခဲ့သည်။ ကျွန်ုပ်၏ ပြောပုံဆိုပုံမှာ ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေသောကြောင့်ဖြစ်သည်။

ကျွန်ုပ်က ရယ်၍ပြောလိုက်သည်။ "ကျွန်တော် အခု အိုက်ခ်မန်းကို ကျွန်တော်နဲ့အတူ ခေါ်လာပါတယ်။ သူဟာ အစ္စရေးမြေပေါ်ကို လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ ရောက်နေခဲ့ပါပြီ။ အဲဒါ ဝန်ကြီးချုပ်ဆီက ခွင့်ပြုချက်ရရင် သူ့ကို အစ္စရေးရဲအဖွဲ့လက်ထဲ လွှဲပေးဖို့ပါပဲ"

ဝန်ကြီးချုပ်သည် ရုတ်တရက် စကားပြန်မပြောဘဲ နေခဲ့သည်။ ကျွန်ုပ်သည် အိုက်ခ်မန်းအား ခြေရာခံမိပြီဖြစ်ကြောင်း သူ့ထံ ယခင်က အစီရင်ခံခဲ့ဖူးသည် မှန်သော်လည်း ယခုလောလောဆယ် အိုက်ခ်မန်းကို ကျွန်ုပ် ဖမ်းဆီးခေါ်ဆောင်လာသည့် သတင်းကို ကြားလိုက်ရသောအခါ ရုတ်တရက် ဇဝေဇဝါဖြစ်ကာ အခြေအနေ အဓိပ္ပာယ်ကို နားမလည်သလို ဖြစ်နေခဲ့သည်။

"သူဟာ အိုက်ခ်မန်း အစစ်ဆိုတာ သေချာရဲ့လား" သူက ပြန်မေးလိုက်သည်။

"သေချာပါတယ်။ ဘာမှသံသယဖြစ်စရာ မရှိပါဘူး"

မှန်သည်။ သူ့မိသားစုအားလုံးကို အတိအကျ အခိုင်အလုံ သိခဲ့ရပြီးဖြစ်သည်၊ သူ့သားများကိုလည်း 'အိုက်ခ်မန်း'ဟူ၍ပင် အမည်ပေးထားကြသည်။ သူ့ကိုယ်ခန္ဓာပေါ်မှ အမှတ်အသားအားလုံးကို ကြည့်ရှုစစ်ဆေးပြီးဖြစ်၍ အိုက်ခ်မန်းအစစ်ဖြစ်ကြောင်း ဘယ်လိုမှ ငြင်းမရအောင် ရှိနေပြီဖြစ်သည်။ သူ့ကို စစ်ဆေးမေးမြန်းကြည့်သောအခါတွင်လည်း အိုက်ခ်မန်းတစ်ဦးတည်းသာလျှင် သိနိုင်ပြောနိုင်သည့် အချက်အလက် အကြောင်းအရာများကို အတိအကျ ပြောနိုင်ခဲ့သည်။

ကျွန်ုပ်၏ ရှင်းလင်းပြောကြားချက်များကို ဝန်ကြီးချုပ် သဘောပေါက်လက်ခံခဲ့သည်။ သို့သော် ဤကိစ္စတွင် တရားဝင် ဆောင်ရွက်ရမည့် ခြေလှမ်း





များကို တစ်စုံတစ်ရာ စတင်ဆောင်ရွက်ခြင်းမပြုမီ ယခင်က အိုက်ခ်မန်းအား သိဖူး တွေ့ဖူးခဲ့ကြသော လူပုဂ္ဂိုလ်တစ်ဦးနှစ်ဦးအား ခေါ်ယူတွေ့ဆုံ၍ အိုက်ခ်မန်း အစစ် ဟုတ်မဟုတ် ရှေးဦးစွာ စစ်ဆေးအတည်ပြုရန် ဝန်ကြီးချုပ်က အမိန့်ရှိခဲ့သည်။ တစ်ချိန်တည်းတွင် သူသည် အိုက်ခ်မန်းအား အစ္စရေး ရဲချုပ်ထံ လွှဲပြောင်းပေးရန် အမိန့်အာဏာ ပေးအပ်ခဲ့သည်။ ထိုမှတစ်ဆင့် အိုက်ခ်မန်းအစစ်ဖြစ်ကြောင်း အတည်ပြုချက် ရပြီးသည်နှင့် တစ်ပြိုင်နက် အိုက်ခ်မန်းအား တရားသူကြီးတစ်ဦး၏ ရှေ့မှောက်တွင် ခေါ်ဆောင်ကာ အမှုဖွင့်ရန် ဝရမ်းထုတ်ရန် ဝန်ကြီးချုပ်က ကျွန်ုပ်အား ညွှန်ကြားလိုက်သည်။

ကျွန်ုပ်သည် ဝန်ကြီးချုပ် ရုံးခန်းမှတစ်ဆင့် ကျွန်ုပ်၏ သမီးရှိရာသို့ သွားရောက်တွေ့ဆုံခဲ့သည်။ သူမ အလုပ်လုပ်နေသည့် ရုံးခန်းသို့ ယာကီက သွားရောက်ခေါ်ဆောင်ခဲ့၍ ကျွန်ုပ်တို့နှစ်ယောက် ရုံးခန်းအပြင်ဘက်တွင် မတ်တတ်ရပ်ကာ စကားစမြည် ပြောခဲ့ကြသည်။

သမီးက အနည်းငယ် စိတ်အားထက်သန်သည့် အမူအရာဖြင့် ကျွန်ုပ်အား မေးလိုက်သည်။

"ဖေဖေ ဘယ်သွားနေတာလဲ"

"တစ်နေရာရာပေါ့ သမီးရယ်"

ကျွန်ုပ်၏အဖြေမှာ ဤမျှသာဖြစ်သည်။ သမီးကလည်း နောက်ထပ် ဘာတစ်ခွန်းမှ မမေးတော့ဘဲ နေခဲ့သည်။

❒

ဂျူရုဆလင်မှ တဲလ်အဗစ်မြို့သို့ ပြန်လာခဲ့ကြရာ အပြန်ခရီးတွင် ကျွန်ုပ်၏ အားမောင်းသမား ယာကီသည် ဟန်မဆောင်နိုင်လောက်အောင် သိသိသာသာကြီး စိတ်လှုပ်ရှားကာ မေးခွန်းများကို တစ်လမ်းလုံး အဆက်မပြတ် မေးလာခဲ့သည်။ အဓိက သူသိလိုသည့်အချက်မှာ အကယ်၍ ဤလျှို့ဝှက်ချက်ကို လူသိရှင်ကြား ထုတ်ဖော်ကြေညာလိုက်ပါက မည်သို့မည်ပုံ ဖြစ်လာနိုင်သည်ဟူသော အချက်ပင် ဖြစ်သည်။

ထို့နောက် ယာကီသည် ကျွန်ုပ်အား ကျွန်ုပ်၏ ရုံးခန်းသို့ လိုက်ပို့ခဲ့သည်။ ခဏအကြာတွင် အင်ကာ ရောက်လာပြီး အိုက်ခ်မန်းအား သူ၏ အချုပ်ခန်းအတွင်း ယာယီချုပ်နှောင်ထားခဲ့ပြီဖြစ်ကြောင်း သတင်းပို့ခဲ့သည်။ ကျွန်ုပ်တို့ လုပ်ငန်းများတပ်ဖွဲ့မှ ဆရာဝန်သည် အိုက်ခ်မန်းအား အချုပ်ခန်းထဲသို့ ရောက်သည်အထိ

www.burmeseclassic.com



အတူလိုက်သွားခဲ့ပြီး ကျန်းမာရေး စစ်ဆေးကာ အခြေအနေအားလုံး ကောင်းမွန်ကြောင်း ပြောကြားသွားခဲ့သည်ဟု သိရသည်။ သို့ဖြင့် ကျွန်ုပ်သည် အင်ကာအား ရဲချုပ် ယူဆွပ်နာမီယာထံ သွားရောက်၍ အိုက်ခ်မန်းကို ဖမ်းမိခဲ့ပြီဖြစ်ကြောင်းနှင့် ဝန်ကြီးချုပ်ထံမှ အမိန့်အရ ရဲအဖွဲ့က လွှဲပြောင်းယူရန်နှင့် တရားသူကြီးတစ်ဦး၏ ရှေ့မှောက်သို့ တရားခံအား ခေါ်ဆောင်သွားပြီး ဖမ်းဆီးချုပ်နှောင်ခွင့် ဝရမ်းတစ်စောင်ထုတ်ရန် ညွှန်ကြားခဲ့သည်။

ရဲချုပ် နာမီယာသည် ဤသတင်းကို ကြားလျှင်ကြားချင်း အံ့အားသင့်သွားခဲ့သည်။ သူသည် ချက်ချင်းပင် ရဲတပ်ဖွဲ့ အုပ်ချုပ်ရေးဌာနဆိုင်ရာ အကြီးအကဲကို ခေါ်ယူကာ အင်ကာအား စောစောကပြောခဲ့သည့် သတင်းကို ပြန်ပြောခိုင်းခဲ့သည်။ သို့ဖြင့် နောက်ဆုံး၌ နက်ဖြန်နံနက်တွင် ရဲချုပ်နာမီယာအား အင်ကာကိုယ်တိုင် လာခေါ်ပြီး အိုက်ခ်မန်းရှိနေသည့် အချုပ်ထောင်သို့ သွားကြရန်နှင့် တစ်ချိန်တည်းတွင် တရားသူကြီးတစ်ဦးကိုပါ အတူခေါ်သွားကြပြီး ဖမ်းဆီးချုပ်နှောင်ခွင့် ဝရမ်းကို တစ်နေရာတည်းတွင် အပြီးပြုလုပ်ကြရန် စီစဉ်ခဲ့ကြသည်။ ဤသို့ဖြင့် လျှို့ဝှက်ရေးနှင့် လုံခြုံမှုအတွက် တစ်ပြိုင်တည်း နှစ်ခုစလုံး ဆောင်ရွက်ခဲ့ကြသည်။

❑

ကျွန်ုပ်၏ ထောက်လှမ်းရေးအဖွဲ့မှ အထက်တန်းအရာရှိဖြစ်သူ ဟက္ကိသည် ထိုနေ့နံနက်က ဟိုင်ဖာမြို့ ခရိုင်တရားရုံးတွင် အမှုတစ်ခုအတွက် သက်သေခံသွားရောက်လျက်ရှိနေသည်။ သူသည် မွန်းလွဲပိုင်းတွင် တဲလ်အဗစ်သို့ ပြန်ရောက်လာခဲ့ရာ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်၏ ရုံးခန်းသို့ တန်းလာခဲ့သည်၊ ထိုအချိန်တွင် ကျွန်ုပ်ထံသို့ ဝန်ကြီးချုပ်ထံမှ ကြေးနန်းတစ်စောင် ရောက်နေခဲ့သည်။ ထိုကြေးနန်းစာအရ ဝန်ကြီးချုပ်က အကယ်၍ အိုက်ခ်မန်းအား လူမှားကြောင်း တရားဝင် အတည်ပြုခွင့်ရလျှင် ရချင်း ဤသတင်းကို အစ္စရေးလွှတ်တော်တွင် လူသိရှင်ကြား ကြေညာလိုကြောင်း ဖော်ပြပါရှိခဲ့သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ဟက္ကိ ရောက်လာသောအခါ သူနှင့် အကြောင်းအရာနှစ်ရပ်ကို ဦးတည်၍ ဆွေးနွေးခဲ့ကြသည်။ ပထမ အကြောင်းအရာမှာ ဝန်ကြီးချုပ်ထံမှ ကြေးနန်းစာနှင့်ပတ်သက်၍ ဒုတိယအကြောင်းအရာမှာ အိုက်ခ်မန်း အစစ် ဟုတ်မှန်ကြောင်း အတည်ပြုရန်ဖြစ်သည်။





ဤတွင် ဟက္ကိက အိုက်ခ်မန်း အစစ်ဟုတ်မဟုတ် အတည်ပြုချက်ရယူရန်အတွက် ၁၉၃၈ ခုနှစ်က ဗီယင်နာမြို့တွင် ဂျူးအမျိုးသား ဆက်သွယ်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့၍ ထိုစဉ်က အိုက်ခ်မန်းနှင့် လူချင်းတွေ့ခဲ့ဖူးသော မိုရှေအဂါမီဆိုသူကို ခေါ်ယူတွေ့ဆုံရန် အကြံပေးခဲ့သည်။ ထို့ပြင် ဘင်နိုကိုဟန်ဆိုသူ၏ အမည်ကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် သူတို့နှစ်ဦးစလုံးကို ခေါ်ယူ၍ အိုက်ခ်မန်းအား ပြသရန်နှင့် ရှေးဦးစွာ အဂါမီကို ခေါ်ပြရန် ဆုံးဖြတ်လိုက်ကြသည်။ ဤကိစ္စကို ချက်ချင်းလက်ငင်း ဆောင်ရွက်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယခုအထိ အိုက်ခ်မန်းအား ဖမ်းဆီးခဲ့ပြီး အစ္စရေးသို့ ခေါ်ဆောင်လာခဲ့ပြီဖြစ်ကြောင်း လူ အနည်းငယ်မျှသာ သိကြသေးသော်လည်း မကြာမီ ဤသတင်းသည် တစ်ဆင့်စကား တစ်ဆင့်ကြားကာ တစ်စတစ်စ လူသိများလာမည်မှာ သေချာနေသောကြောင့်ဖြစ်သည်။

မူလက ဟက္ကိသည် အဂါမီနှင့်တွေ့ရန် ဂီလာဒီမြို့သို့ သွားရမည်ဖြစ်သော်လည်း ကံအားလျော်စွာ ထိုနေ့က အဂါမီသည် တဲလ်အဗစ်မြို့သို့ ရောက်ရှိနေကြောင်း သိလိုက်ရ၍ အတော်ပင် ဝမ်းသာသွားခဲ့သည်။ သို့ဖြစ်ရာ သူသည် အဂါမီနှင့် မာဆာရစ် ပန်းခြံထဲမှ လစ်ဒီယာကဖီးတွင် တွေ့ဆုံကြရန် ချက်ချင်း စီစဉ်လိုက်သည်။ သို့ဖြင့် သူတို့နှစ်ယောက် တွေ့ဆုံခဲ့ကြ၍ ဟက္ကိက အိုက်ခ်မန်း စစ်ဆင်ရေးအကြောင်းကို အကျဉ်းချုပ်၍ ပြောပြကာ လောလောဆယ် အစ္စရေးသို့ ရောက်ရှိနေပြီးဖြစ်သော အိုက်ခ်မန်းအား အိုက်ခ်မန်းအစစ် ဟုတ်မဟုတ် မှန်မမှန် တွေ့ဆုံစစ်ဆေးကြည့်ရှုပေးရန် အဂါမီအား မေတ္တာရပ်ခံခဲ့သည်။

ဟက္ကိ၏ စကားများကို ကြားလိုက်ရသောအခါ အဂါမီမှာ အကြီးအကျယ် ဘုန်လှုပ်ချောက်ချားသွားခဲ့သည်။ ထို့နောက် ဟက္ကိ၏ မေတ္တာရပ်ခံချက်အရ လွန်ခဲ့သော နှစ်ပေါင်းများစွာက သူနှင့် အိုက်ခ်မန်းတို့ နှစ်ကြိမ်တိတိ တွေ့ဆုံခဲ့ကြသည့် အဖြစ်အပျက်များကို ပြန်လည်ပြောပြခဲ့သည်။

သူတို့နှစ်ယောက် ဆုံခဲ့ကြသည့် နှစ်ကြိမ်စလုံး ဗီယင်နာမြို့တွင်ဖြစ်၍ ၁၉၃၈ ခုနှစ် အောက်တိုဘာလတွင်ဖြစ်သည်။ ထိုစဉ်က အဂါမီသည် ဗီယင်နာမြို့တွင် ဂျူးအမျိုးသား ဆက်သွယ်ရေး ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေ၍ ဂျူးအမျိုးသား လူငယ်များအား အစ္စရေးနိုင်ငံသို့ ထွက်ခွာသွားရေးအတွက် သိုအပ်သည်များကို ပြင်ဆင်စည်းရုံး၍ သင်တန်းများ ပေးနေခိုက် ယင်းသို့

www.burmeseclassic.com



အိုက်ခ်မန်းနှင့် တွေ့ခဲ့ကြခြင်းဖြစ်သည်။ အိုက်ခ်မန်း၏ ရုံးခန်းများမှာ ထိုအချိန်က 'ရှောသ်ချိုင်းလ်' ဘဏ်တိုက် အဆောက်အအုံတွင် ဖွင့်လှစ်ထားခဲ့သည်။

အဂါမီသည် အဆိုပါ အဆောက်အအုံထဲသို့ ရောက်သွားခဲ့ပြီးနောက် အတော်ကလေး ရှည်လျားကျယ်ဝန်းသော ရုံးခန်းထဲတွင် အိုက်ခ်မန်းက သူ့အား မျက်နှာထားတင်းတင်းဖြင့် ခပ်မာမာ ခပ်ထန်ထန် ဆက်ဆံပြောဆိုခဲ့သည်။ ထိုစဉ်က အိုက်ခ်မန်းသည် အက်စ်အက်စ် လုံခြုံရေးတပ်ဖွဲ့ ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားပြီး အဂါမီအား သူ့ရှေ့တည့်တည့် သုံးလေးကိုက်အကွာတွင် သတိအနေအထားဖြင့် ရပ်ခိုင်းထားခဲ့သည်။ ထို့နောက် အိုက်ခ်မန်းက အဂါမီအား မည်သူမည်ဝါဖြစ်ကြောင်းမေးပြီး ဂျူးလူငယ်များအား သင်ကြားပေးနေသည့် သင်တန်းနှင့်ပတ်သက်သည့် အစီအစဉ်များအားလုံးကို ၄၈ နာရီအတွင်း သူ့ထံသို့ အရောက်ပို့ပေးရန် တောင်းဆိုခဲ့သည်။

အိုက်ခ်မန်းနှင့် တွေ့ဆုံသည်မှာ ငါးမိနစ် ဆယ်မိနစ်မျှသာ ကြာခဲ့သည်။ ထို့နောက် နှစ်ရက်ကြာသောအခါ ဒုတိယအကြိမ် သွားရောက်၍ သူ၏ သင်တန်းအစီအစဉ်များကို ပေးအပ်ခဲ့သည်။ သည်တစ်ကြိမ်တွင် အိုက်ခ်မန်းက အဂါမီ၏ သင်တန်းအစီအစဉ်များကို ဖတ်ကြည့်ပြီး ဤအစီအစဉ်များမှတစ်ပါး အခြားမည်သည့် လုပ်ဆောင်ချက်များကိုမျှ မလုပ်ရန် ပြင်းပြင်းထန်ထန် သတိပေးခဲ့သည်။ ထို့ပြင် ထိုသင်တန်းနှင့် ပတ်သက်၍ အခြားဂျာမန်လုံခြုံရေးအရာရှိတစ်ဦးထံ အပတ်စဉ် သတင်းပို့ အစီရင်ခံရန် အိုက်ခ်မန်းက နောက်ဆုံးအမိန့်ပေးခဲ့သည်။ အဂါမီ မှတ်မိသလောက် ထိုလုံခြုံရေးအရာရှိ၏ အမည်မှာ 'ဂန်သာ' ဟူ၍ဖြစ်သည်။

ယင်းသို့ အိုက်ခ်မန်းနှင့် လူချင်းတွေ့ဆုံခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ရာ အိုက်ခ်မန်းအား မှတ်မိရန် ခဲယဉ်းကောင်း ခဲယဉ်းနေမည်ဖြစ်သည်- သို့ဖြစ်ရာ ဟဂ္ဂီက ယခု အိုက်ခ်မန်းနှင့် ဂါမီတို့ တွေ့ကြရာ၌ ထိုစဉ်က တွေ့ဆုံခဲ့ကြသည့် အကြောင်းအရာများကို အိုက်ခ်မန်းအား အဂါမီက ပြန်လည်ပြောပြရန် အကြံပေးခဲ့သည်။ ထိုသို့ ပြောပြရင်း ထိုစဉ်က သူတို့ချင်း ပြောခဲ့ကြသည့် စကားများထဲတွင် ပါဝင်သည့် လူနာမည်များကို အဂါမီက တမင်မှား ယွင်း၍ပြောရန် ဟဂ္ဂီက အကြံပေးခဲ့သည်။ ဤသည်မှာ ဤသို့နာမည်များကို တမင်မှား၍ ပြောခြင်းဖြင့် အိုက်ခ်မန်းက နာမည်အစစ်အမှန်များကို ပြင်၍ပြော မပြော စောင့်ကြည့်ရန် ဖြစ်သည်။



ထို့နောက် ဟဂ္ဂီသည် အဂါမီအား အိုက်ခ်မန်းကို ချုပ်နှောင်ထားသည့် ယာယီအချုပ်ထောင်သို့ ခေါ်သွားခဲ့သည်။ အချုပ်ထောင်သို့ ရောက်သောအခါ ရှေးဦးစွာ အဂါမီအား ထောင်တံခါးတွင် ဖောက်ထားသည့် အပေါက်ကလေးမှ ချောင်းကြည့်ပြီး အိုက်ခ်မန်းအား အကဲခတ် လေ့လာစေခဲ့သည်။ ဤတွင် အဂါမီက ဤပုံ ဤနည်းဖြင့် ထိုလူကို ဘယ်သူဘယ်ဝါဟူ၍ အဆုံးအဖြတ်ပေးရန် မဖြစ်နိုင်ကြောင်း ပြောပြခဲ့သည်။ ထို့နောက် အဂါမီအား အချုပ်ခန်းထဲသို့ သွင်းလိုက်ပြီး ခဏအကြာတွင် ဟဂ္ဂီကိုယ်တိုင် အခန်းထဲသို့ ဝင်လိုက်သွားခဲ့သည်။

ထိုအချိန်တွင် အိုက်ခ်မန်းမှာ မျက်မှန်အနက် တပ်မထားတော့ဘဲ ရှိနေခဲ့သည်။ အဂါမီက သူ့ကိုယ်သူ ယခင်နာမည်ဟောင်းဖြစ်သော 'မိုရှေအာဝါးဘက်' ဟူ၍ မိတ်ဆက်ပေးခဲ့သည်။ ပြီးမှ လွန်ခဲ့သည့် ၁၉၃၈ ခုနှစ်က ဂျူးအမျိုးသား ဆက်သွယ်ရေး ကိုယ်စားလှယ်အဖြစ် အိုက်ခ်မန်း၏ ရုံးခန်းသို့ ရောက်ခဲ့ဖူးသည်ကို မှတ်မိခြင်း ရှိမရှိ မေးကြည့်ခဲ့သည်။ ဤတွင် အိုက်ခ်မန်းက သူ၏ ကိုယ်ပိုင်မျက်မှန် တပ်မကြည့်ရလျှင် မည်သူ့ကိုမျှ မှတ်မိမည်မဟုတ်ကြောင်း ဖြေ၍ပြန်ပြောခဲ့သည်။ သို့ဖြင့် သူ့မျက်မှန်ကို ယူပေးလိုက်သောအခါ အိုက်ခ်မန်းသည် မျက်မှန်တပ်၍ အဂါမီအား သေသေချာချာ ကြည့်ပြီးနောက် အမှန်တကယ်ပင် လုံးဝမမှတ်မိကြောင်း ပြောပြခဲ့သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ၁၉၃၈ ခုနှစ်က ဗီယင်နာမြို့မှ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းပြောကြရင်း အဂါမီနှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ခဲ့သည့် အဖြစ်အပျက်များကိုပါ ထည့်သွင်းပြောဆိုခဲ့ကြသည်။ ဤတွင် အဂါမီသည် ဟဂ္ဂီ၏ အကြံပေးချက်အရ ထိုစဉ်က အချို့လူများ၏ အမည်များကို တမင်မှား၍ ပြောခဲ့သည်။ ထိုအခါ အိုက်ခ်မန်းသည် မှားနေသော နာမည်များကို အမှန်အတိုင်း ပြင်၍ပြောခဲ့ရုံမျှမကဘဲ တဖြည်းဖြည်းဖြင့် အဂါမီနှင့် တွေ့ခဲ့စဉ်က အသေးစိတ် အကြောင်းအရာ အဖြစ်အပျက်များကိုပါ တစ်စတစ်စ ပြန်၍ မှတ်မိလာသည်ကို တွေ့ရသည်။

ယခုဆိုလျှင် အဂါမီသည် သူ့ရှေ့တွင်ရှိနေသော သူသည် အမှန်တကယ်ပင် အိုက်ခ်မန်း အစစ်ဖြစ်ကြောင်း ယုံမှားသံသယမရှိတော့ဘဲ ဖြစ်သွားခဲ့ပြီဖြစ်သည်။ ၁၉၃၈ ခုနှစ်က သူနှင့် အိုက်ခ်မန်းတို့ နှစ်ယောက်ချင်း တွေ့ခဲ့ကြပြီ ပြောဆိုခဲ့သည့် စကားများကို အခြားမည်သူတစ်ဦးတစ်ယောက်မျှ သိနိုင်စရာ မရှိသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာဂ္ဂီသည် အိုက်ခ်မန်း အစစ်အမှန်ဖြစ်ကြောင်း ကျွန်ုပ်တို့၏ အိမ်သို့ ဖုန်းဆက်၍ ချက်ချင်းသတင်းပို့လိုက်သည်။ သူသည် ထိုနေ့က အိုက်ခ်မန်းအား လေ့လာကြည့်ရှုရသည့် အခြားလူတစ်ယောက်ဖြစ်သော ဘင်နီကိုတန်ကိုတွေ့ရန် ကြိုးစားသေးသော်လည်း ရှာမတွေ့ဘဲ ရှိခဲ့သည်။

ထိုညတွင် ကျွန်ုပ်သည် ဝန်ကြီးချုပ်ထံ ဖုန်းဆက်၍ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက အိုက်ခ်မန်းအား တွေ့ခဲ့မြင်ခဲ့ဖူးသော လူတစ်ယောက်က အိုက်ခ်မန်း အစစ်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားအတည်ပြုခဲ့သည့် သတင်းကို အစီရင်ခံလိုက်သည်။

❐

အိုက်ခ်မန်းအား ဖမ်းဆီးရမိခဲ့၍ အစ္စရေးသို့ ခေါ်ဆောင်လာခဲ့ပြီဖြစ်ကြောင်း တရားဝင် လူသိရှင်ကြား မကြေညာမီ ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားရန် တာဝန်ရှိနေသေးသည်။ ထိုပုဂ္ဂိုလ်မှာ အနောက်ဂျာမနီမှ ရှေ့နေကြီး 'ဖရစ်ဘောယား'ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ကျွန်ုပ်တို့ စစ်ဆင်ရေး၏ အောင်မြင်တိုးတက်မှု အခြေအနေများကို ဘောယားထံ သတင်းမပို့ အကြောင်းမကြားဘဲ နေခဲ့ကြသည်။ သူကိုယ်တိုင်ကမူ သူနှင့် အဆက်အသွယ် ပြုလုပ်ရန် လိပ်စာပေးထားသော အစ္စရေးလူမျိုး ရှုဗန်ဟာပက်ဆိုသူအား အခြေအနေ အကျိုးအကြောင်းကို မကြာခဏ မေးမြန်းစုံစမ်းခဲ့သည်ဟု သိရသည်။ သို့သော် ဟာပက်သည် ဘောယားထံ ဘာသတင်းမှ မပို့ဘဲထားခဲ့သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ကိုလုံးမြို့တွင်ရှိနေသော ဟာပက်ထံ ယခုချက်ချင်း ကြေးနန်းတစ်စောင် အမြန်ဆုံးရိုက်ရန် အမိန့်ပေးလိုက်သည်။ ထိုကြေးနန်းစာတွင် နောက်တစ်နေ့ မေလ ၂၃ ရက်နေ့တွင် အင်ကာထံမှ အရေးကြီးသည့် သတင်းတစ်ခုကို စောင့်ယူရန် ဟာပက်အား ညွှန်ကြားခဲ့သည်။ ကျွန်ုပ်အနေဖြင့် အိုက်ခ်မန်းအား ဖမ်းဆီးရမိပြီဖြစ်ကြောင်း ဝန်ကြီးချုပ်၏ နှုတ်ဖျားမှ ပြောကြားချက်ကို ကမ္ဘာနှင့်အဝန်း မကြားရမီ ဘောယားအား ကြို၍အသိပေးရန် အရေးကြီးနေသည်။ သို့သော် ကျွန်ုပ်သည် ဤသတင်း ပေါက်ကြားသွားမည်စိုးသဖြင့် ဝန်ကြီးချုပ်၏ တရားဝင် ကြေညာချက် မထုတ်ပြန်မီ နှစ်နာရီထက်စော၍ ဘောယားထံ မပို့ရဲဘဲ ဖြစ်နေသည်။





ဝန်ကြီးချုပ်သည် အိုက်ခ်မန်းအစစ်ဖြစ်ကြောင်း သေချာသည်နှင့်တစ်ပြိုင်နက် နောက်တစ်နေ့ညနေ လေးနာရီအချိန်တွင် အစ္စရေးလွှတ်တော်၌ တရားဝင်ကြေညာရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ကိုလုံးမြို့သို့ ဒုတိယ ကြေးနန်းစာတစ်စောင်ကို တစ်ညစော၍ ထပ်မံပို့လိုက်သည်။

ဟာပက်သည် သူ့ထံသို့ပို့လိုက်သော ပထမကြေးနန်းကို ရလျှင်ရချင်း ဘောယားထံ ပေးပို့ရမည့်သတင်းသည် အိုက်ခ်မန်းနှင့်ပတ်သက်သည့် သတင်း ဖြစ်ရမည်ဟု တထစ်ချယူဆလိုက်သည်။ ထို့မှုမက အိုက်ခ်မန်းအား လက်ရဖမ်းမိပြီဟူ၍ပင် သေချာပေါက် တွက်လိုက်မိသည်။ သို့ဖြစ်ရာ သူသည် ဘောယားနှင့် ချက်ချင်းဆက်သွယ်၍ နောက်တစ်နေ့နံနက်တွင် တွေ့ရန်ချိန်းဆိုခဲ့သည်။ ဘောယားမှာ အလုပ်များပြီး အချိန်မအားဘဲ ဖြစ်နေခဲ့ရာ မည်သည့်ကိစ္စအတွက် ချိန်းဆိုကြောင်း မေးမြန်းခဲ့သည်။ သို့သော် ဟာပက်မှာ အတိအကျမပြောနိုင်ဘဲ သတင်းကောင်းတစ်ခု ဖြစ်လိမ့်မည်ဟူ၍ ယူဆကြောင်းလောက်သာ ပြောပြနိုင်ခဲ့သည်။

အင်ကာထံမှ ကြေးနန်းသတင်းသည် ဟာပက်ထံသို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။ ကြေးနန်းစာတွင် အိုက်ခ်မန်းအား လက်ရဖမ်းမိထားပြီဖြစ်ကြောင်းနှင့် ထိုသတင်းကို ဘောယားအား မွန်းလွဲနှစ်နာရီတိတိတွင် အသိပေးရန် ပါရှိခဲ့သည်။ အဆိုပါ ကြေးနန်းစာကို စကားဝှက်ဖြင့် ပေးပို့ခဲ့သည် ဖြစ်ရာ ထိုစကားဝှက်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ဟာပက် အတိအကျသိရသော အခါ အချိန်မှာ ၉ နာရီ ၄၅ မိနစ် ရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ ဟာပက်သည် ချက်ချင်းပင် ဘောယားထံ ဖုန်းဆက်၍ နေ့ ၁ နာရီတွင် စားသောက်ဆိုင် တစ်ဆိုင်၌ လူချင်းတွေ့ရန် ချိန်းလိုက်သည်။

ထို့နောက် ဟာပက်သည် သူ့ကားကိုထုတ်၍ ကိုလုံးမြို့လယ် လူစည်ကားသည့်ရပ်ကွက်ဆီသို့ ခပ်သွက်သွက်ကလေး မောင်းလာခဲ့သည်။ သို့သော် မြို့ထဲသို့ ရောက်လျှင်ရောက်ချင်း ရုတ်တရက် မမျှော်လင့်ဘဲ ကားဘီးပေါက် သွားခဲ့ရာ ကံကောင်းထောက်မ၍ ဒဏ်ရာတစ်စုံတစ်ရာ မရဘဲရှိခဲ့သည်။ ဟာပက်သည် ရေးကြီးသုတ်ပျာဖြင့် ကားဘီးကိုလဲ၍ တပ်ခဲ့ရာ ကံအားလျော်စွာ ကားတစ်စီး မောင်းလာသည့် ဒတ်ချ်လူမျိုးတစ်ယောက်က အကူအညီပေးခဲ့သဖြင့် အလွယ်တကူ ကားဘီးလဲနိုင်ခဲ့သည်။

သို့ဖြင့် ချိန်းဆိုထားသည့် စားသောက်ဆိုင်သို့ သူ ရောက်သွားသော အခါ နေ့ ၁ နာရီ မိနစ် ၃၀ ပင် ရှိနေပြီဖြစ်သည်။ ဘောယားမှာ အချိန်မီ

www.burmeseclassic.com



ရောက်မလာသည့် ဟာပက်အတွက် စိတ်ပူကာ ဖင်တကြွကြွဖြင့် တစ်ချိန်လုံး ဂနာမငြိမ်အောင် ဖြစ်နေမိသည်။ ဟာပက်မှာလည်း ကားဘီးလဲရာမှ ပေကျံလာသော လက်များကိုပင် မဆေးနိုင်တော့ဘဲ စားသောက်ဆိုင်ထဲသို့ ရောက်လျှင်ရောက်ချင်း ဘောယားရှိသည့် စားပွဲသို့ တန်းသွားခဲ့သည်။ ထို့နောက် ရုတ်တရက် ဆိုင်းမဆင့်ဗုံမဆင့်ဘဲ အိုက်ခ်မန်းအား အရှင်ဖမ်းမိခဲ့ပြီဖြစ်ကြောင်းနှင့် ယခု နာရီပိုင်းအတွင်း ဤသတင်းကို ဝန်ကြီးချုပ် ဘင်ဂူရီယန်ကိုယ်တိုင် အစ္စရေး လွှတ်တော်တွင် ကြေညာတော့မည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

ဘောယားမှာ ဝမ်းသာလွန်းလှသဖြင့် မျက်ရည်များပင်လည်ကာ ဟာပက်အား အားရပါးရ လှမ်းဖက်၍ နမ်းလိုက်သည်။ ထို့နောက် ရောမအောင်ပွဲကြီးအတွက် ဝမ်းသာအားရ ဂုဏ်ပြုသည့်အနေဖြင့် ဟာပက်အား "ဘာသောက်မလဲ" ဟု မေးလိုက်ရာ ဟာပက်ကလည်း အစ္စရေးပီပီ အစ္စရေးလူမျိုးများ၏ ထုံးစံအတိုင်း "ဆိုဒါသောက်မယ်"ဟု ပြောလိုက်သဖြင့် ဘောယားမှာ အကြီးအကျယ် စိုးလိုးခလုဖြစ်သွားခဲ့သည်။ မိနစ်အနည်းငယ်ခန့် ကြာသောအခါ ဘောယားက တစ်စုံတစ်ယောက်ထံ တယ်လီဖုန်းဆက်ရန်ရှိသဖြင့် ခေတ္တခွင့်တောင်းခဲ့သည်။ သူက ဤစစ်ဆင်ရေးနှင့် စပ်လျဉ်း၍ မူလကပင် ယုံကြည်စိတ်ချစွာ ဆက်သွယ်ခဲ့သော လူတစ်ယောက်ထံ ဤမင်္ဂလာသတင်းကို အကြောင်းကြားရန် သူ့တွင် တာဝန်ရှိနေကြောင်း ပြောပြခဲ့သည်။ ဤတွင် ဟာပက်က အစ္စရေးအစိုးရ၏ တရားဝင် ကြေညာချက် မထွက်မချင်း ဤသတင်းနှင့်ပတ်သက်၍ တယ်လီဖုန်းထဲ၌ ပြောကြားရာ၌ လူနာမည်များကို ထည့်မပြောရန် တောင်းပန်လိုက်ရသည်။

■

## ဗိုလ်မှူးချုပ် ဇိုရီယာနှင့် ကမ္ဘာလှည့်အမျိုးသမီး 'ဒီနာ'

အာဂျင်တီးနားတွင် ကျန်ရှိနေခဲ့ကြသော ကျွန်ုပ်တို့ လှုပ်ရှားတပ်ဖွဲ့ဝင်များသည် ဝန်ကြီးချုပ် ဘင်ဂူရီယန်က အာဂျင်တီးနား အစိုးရအား အိုက်ခ်မန်း စစ်ဆင်ရေးနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် အသိပေးလိုက်သည့် ကြေညာချက် ထွက်ပေါ်မလာမီကပင် အာဂျင်တီးနားနိုင်ငံမှ ၎င်းတို့အားလုံး ထွက်ခွာလာခဲ့ကြပြီဖြစ်သည်။

ကျွန်ုပ်တို့လေယာဉ် ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ဂါဘီနှင့် အီဟတ်တို့သည် 'နန်းတော်' အဆောက်အအုံသို့ ပြန်သွားခဲ့ကြသည်။ ဤအတောအတွင်း ဒီနာနှင့် အီလီတို့သည် ဖစ်မိနစ်ပြီး တစ်မိနစ် အချိန်ကြာညောင်းလာသည်နှင့်အမျှ ဂါဘီနှင့် အီဟတ်တို့အား စောင့်နေရသည်ကို ပို၍ပို၍ စိတ်မရှည်နိုင်အောင် ဖြစ်မိကြသည်။ နောက်ဆုံး၌ ဂါဘီတို့နှစ်ယောက် ပြန်ရောက်လာကြသောအခါ အချိန်မှာ ညသန်းခေါင်ကျော် နှစ်နာရီရှိနေပြီဖြစ်သည်။ ထိုအချိန်တွင် အိုက်ခ်မန်းအား ထိုအိမ်မှ ခေါ်ဆောင်သွားခဲ့ကြသည်မှာ လေးနာရီပင် ကြာခဲ့ပြီဖြစ်သည်။

ဂါဘီနှင့် အီဟတ်တို့က စစ်ဆင်ရေး၏ နောက်ဆုံးအဆင့် နောက်ဆုံးအချိန်တွင် ဖြစ်ခဲ့ပျက်ခဲ့သမျှအားလုံး တစ်ခုမကျန် ဒီနာတို့အား ပြန်ပြောပြခဲ့ကြသည်။ ယခုမှ သူတို့လေးယောက်စလုံး စိတ်ထဲတွင် အံ့ဩစရာကောင်းလောက်အောင် ပေါ့ပါးကာ ဝမ်းသာမဆုံး ဖြစ်သွားခဲ့ကြသည်။ အိုက်ခ်မန်းအား စောင့်ကြပ်ထိန်းသိမ်းနေရသည့် ဝန်ထုပ်ဝန်ပိုးကြီးသည် နောက်ဆုံး၌ သူတို့ခေါင်းပေါ်မှ လုံးလုံးကြီး လွတ်ကင်းသွားခဲ့ပြီဖြစ်သည်။ ထို့နောက် သူတို့သည် နက်ရှာ၏



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို တအံ့တဩဖြင့် ရယ်ကာမောကာ စားမြုံ့ပြန်ရင်း သူ၏ စွန့်စားခန်းများကို ချီးကျူးနေမိကြသည်။ အထူးသဖြင့် သူသည် နောက်ဆုံးအချိန်တွင်မှ ကပ်၍ လေဆိပ်သို့ ရောက်သွားခဲ့ပြီး အငှားကားပေါ်မှ လေယာဉ်ပေါ်သို့ အပြေးအလွှား တက်ခဲ့ရသည့်အဖြစ်မှာ အာဂျင်တီးနားတွင် သူဟန်လုပ်၍ သရုပ်ဆောင်ခဲ့ရသည့်ဘဝနှင့် တစ်ထပ်တည်းကျနေခဲ့သည်။ သူသည် အာဂျင်တီးနားတွင် စီးပွားပျက်သွားသော ရေနံသူဌေးတစ်ယောက်၏ သားတစ်ယောက်အဖြစ် ပေါချင်တိုင်းပေါနေသော ငွေများကို သုံးချင်သလိုသုံးနေကာ အိမ်ကြီးခြံကြီးများနှင့် ဇိမ်ခံကားများကို ထည့်လဲငှား၍ ရောက်လေရာအရပ်တွင် လူတကာက ဦးစားပေးခဲ့ရသူတစ်ယောက်ပမာ ဟန်ဆောင်နေထိုင်ခဲ့သည်ဖြစ်ရာ ယခုနောက်ဆုံး၌ အထူးလေယာဉ်ကြီးသည်ပင်လျှင် မထွက်သေးဘဲ သူရောက်လာသည်အထိ စောင့်နေခဲ့ရသည့်အဖြစ်မှာ သဘာဝကျသည်နှင့်အမျှ ဟာသမြောက်လှသည်ဟု ဆိုရမည်ဖြစ်သည်။

ဂါဘီတို့လူစုသည် နောက်တစ်နေ့နံနက်တွင် စောစောထကာ သူတို့၏ နောက်ဆုံးတာဝန်များကို အပြီးသတ် ထမ်းဆောင်ခဲ့ကြသည်။ သူတို့နေထိုင်ခဲ့သည့်အိမ်တွင် တစ်စုံတစ်ရာခြေရာလက်ရာများ မကျန်ရစ်ရလေအောင် နောက်ဆုံးအကြိမ် လှည့်လည်စစ်ဆေး ကြည့်ရှုခဲ့ကြသည်။ ဤတွင်မှ သူတို့သည် ဤအခြေအနေ ဤအဖြစ်ကို ယခင်က မည်မျှလောက် မျှော်လင့်တောင့်တခဲ့ရကြောင်း သဘောပေါက် နားလည်မိကြသည်။

သို့ဖြင့် 'နန်းတော်'အဆောက်အအုံတွင် အားလုံး သုတ်သင်ရှင်းလင်းခဲ့ကြပြီးနောက် သူတို့သည် ဒန်နီနှင့် တာလ်မီတို့နေထိုင်သည့် 'တောင့်ကုန်းများ' ဟု အမည်ပေးထားသောအိမ်သို့ ထွက်လာခဲ့ကြသည်။ ဤအတောအတွင်း ကားတိုက်ဟန်ဆောင်၍ လူနာအဖြစ် သရုပ်ဆောင်ခဲ့ရသည့် 'ဦးနောက်ဝေဒနာရှင်' အာနွန်သည် ယမန်နေ့က ဤအိမ်တွင်ရှိနေခဲ့ရာမှ ယမန်နေ့ညက ညကြီးသန်းခေါင်တွင် ဒန်နီ၏ စွမ်းဆောင်ချက်ဖြင့် သူ၏ မူရင်းမှတ်ပုံတင်များနှင့် ထောက်ခံစာများကို ပြန်လည်ရရှိခဲ့ပြီး ယနေ့ နံနက်စောစောကပင် အာဂျင်တီးနားမှ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။ တာလ်မီမှာလည်း ယနေ့ညတွင် ထွက်ခွာသွားရန် စီစဉ်ထားပြီးဖြင်ရာ ငှားထားသောအခန်းများနှင့် အိမ်များမှ သော့များကိုပင် နေ့ခင်းဘက်က ငြိမ်လည်အပ်နှံပြီးခဲ့ပြီဖြစ်သည်။ ဒီနာနှင့် ဒန်နီတို့သည်လည်း နောက်တစ်နေ့ မေလ ၂၂ ရက်နေ့ နံနက်တွင် မွန်တီဗီဒီယိုမြို့သို့ ထွက်ခွာမည့် လေယာဉ်တွင် လက်မှတ်ရယူပြီးဖြစ်ကြသည်။





ဂါဘီ၊ အီဟတ်နှင့် အီလီတို့မှာလည်း ချီလီနိုင်ငံသို့သွားရန် မီးရထားလက်မှတ် ဝယ်ပြီးကြပြီဖြစ်သည်။ ဂါဘီနှင့် အီဟတ်တို့သည် လွန်ခဲ့သည့် နှစ်ရက်သုံးရက် အတောအတွင်း ဗျူနိုအဲရစ္စလေဆိပ်တွင် လူတစ်ယောက်နှင့် တွေ့ခဲ့ကြရသည်ဖြစ်ရာ လေယာဉ်ဖြင့် ခရီးမသွားသင့်ဟု သဘောရခဲ့ကြသည်။ သို့သော် မီးရထားအိပ်ခန်းလက်မှတ်မှာ နှစ်လခန့် ကြိုတင်၍ ယူကြရမည်ဖြစ်ရာ သူတို့အတွက် အိပ်ခန်းကို အလွယ်တကူမရနိုင်ဘဲ ဖြစ်နေကြသည်။ မည်သို့ဖြစ်စေ ခရီးသွားကိုယ်စားလှယ်က တစ်ခါတစ်ရံ အချိန်နီးမှ ကပ်၍ မလိုက်ဖြစ်သူများ ရှိတတ်သဖြင့် ဘူတာရုံရောက်မှ အိပ်ခန်းရအောင် ကြိုးစားကြည့်ရန် ဂါဘီနှင့် အီဟတ်တို့အား ပြောပြခဲ့သည်။ နောက်ဆုံး၌ ကုသိုလ်ကံထောက်မ၍ သူတို့သုံးယောက်စလုံးအတွက် နာရီပေါင်း ၄၀ ခန့် စီးရမည့်ရထားတွင် အိပ်ခန်းသုံးခန်း ရရှိသွားခဲ့ကြသည်။

သူတို့အားလုံးသည် အစားကောင်း အသောက်ကောင်းများကို အချိန်ယူ၍ ဇိမ်ကျကျ မစားခဲ့ရသည်မှာ တစ်လကျော်မျှ ရှိခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ ခရီးမထွက်မီ အာဂျင်တီးနားနိုင်ငံအား အမှတ်တရ နှုတ်ဆက်သည့်အနေဖြင့်လည်းကောင်း၊ ကြမ်းတမ်းခက်ထန်စွာ ရုန်းကန်လှုပ်ရှားခဲ့ရသော စစ်ဆင်ရေးကြီး အောင်မြင်သည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း သူတို့လူစုသည် စားသောက်ဆိုင်တစ်ဆိုင်တွင် ကောင်းပေ့ဆိုသော အစားအသောက်များကို မှာ၍ ညစာစားပွဲ ကျင်းပခဲ့ကြသည်။

ထိုစားသောက်ဆိုင်မှ စားပွဲထိုးများသည် သူတို့တစ်တွေ ဘာကြောင့် ဤမျှလောက် မြူးကြွပျော်ရွှင်နေကြသည်ကို မသိဘဲ ဖြစ်နေကြသော်လည်း နောက်ပိုင်းတွင် သူတို့ပါ ရော၍ ပျော်မြူးလာကြပြီး လိုလေသေးမရှိ စိတ်တိုင်းကျ ပြုစုလုပ်ကိုင်ပေးခဲ့ကြသည်။ သို့သော် သူတို့လူစုတွင် တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည့် ဒီနာသည် စားပွဲပေါ်တွင် စုပုံနေသည့် အရသာစုံလှသည့် စားကောင်းသောက်ဖွယ်များကို တစ်ခုမျှမတို့ဘဲ နေသည့်အတွက် အားလုံး စိတ်မကောင်းဖြစ်ကြရသည်။ အမှန်စင်စစ် သူမသည် ဥပုသ်စောင့်နေကြောင်း သူတို့ မသိကြသောကြောင့်ဖြစ်သည်။

တာလ်မီသည် ညစာစားပြီးနောက် သူတို့နှင့် ခွဲခွာသွားခဲ့သည်။ ထို့နောက် မေလ ၂၂ ရက် နောက်တစ်နေ့တွင် ကျန်လူများသည် ကိုယ့်အုပ်စုနှင့်ကိုယ် အသီးသီး လမ်းခွဲသွားခဲ့ကြသည်။ ဂါဘီ၊ အီဟတ်နှင့် အီလီတို့သည် မွန်းလွဲပိုင်းတွင် တောင်အမေရိကတိုက်ကို ဖြတ်ကျော်ရမည့် သူတို့၏ မီးရထားခရီးရှည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို စီးနင်းလိုက်ပါသွားခဲ့ကြသည်။ ထို့နောက် ညနေပိုင်းတွင် ဒီနာနှင့် ဒန်နီတို့သည် မွန်တီဗီဒီယိုသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ကြသည်။

BURMESE CLASSIC .com

❒

မီးရထားဖြင့် စီးနင်းလိုက်ပါလာခဲ့ကြသော 'ကမ္ဘာလှည့်ခရီးသည်' သုံးယောက်တို့သည် အာဂျင်တီးနားနှင့် ချီလီနိုင်ငံ နယ်ခြားဒေသမှ မင်ဒိုဇာဘူတာသို့ ဆိုက်ရောက်သွားကြသောအခါ သူတို့စိတ်ထဲတွင် အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရတော့မလို စနိုးစနောင့်နှင့် မလုံမလဲဖြစ်လာခဲ့ကြသည်။ မှန်သည်။ သူတို့သည် တစ်နေ့နှင့် တစ်ညတိတိ ပြင်ပကမ္ဘာကြီးနှင့် လုံးဝအဆက်ပြတ်နေခဲ့ကြသည်။ သူတို့သည် ဤအတောအတွင်း သတင်းစာတစ်စောင်မျှ မဖတ်ရဘဲ ရေဒီယိုလည်း နားမထောင်ရဘဲ ဖြစ်နေခဲ့ကြသည်။ ထိုသို့ တစ်ရက်နှင့်တစ်ည အတွင်း ဘယ်နေရာမှာ ဘာဖြစ်နေသည်ကို လုံးဝမသိကြဘဲ ရှိနေခဲ့ရာ လောလောဆယ် မကြာမီ ဆိုက်တော့မည့် နယ်ခြား ဘူတာကလေးတွင် သူတို့အတွက် အန္တရာယ် တွေ့ကောင်းတွေ့နိုင်စရာ ရှိသည်ဟု ရုတ်တရက် နားလည်လိုက်ကြသည်။

သို့သော် သူတို့၏ စိုးရိမ်ထိတ်လန့်မှုများမှာ အကောင်အထည်မပေါ်ဘဲ ရှိခဲ့သည်။ နယ်ခြားဘူတာရုံတွင် စစ်ဆေးမှုများမှာ ခါတိုင်းလို ပုံမှန်အတိုင်း အေးအေးဆေးဆေးနှင့် ရှောရှောရှူရှူပင် ပြီးသွားခဲ့သည်။

သူတို့သည် စန်တီယာဂိုမြို့သို့ ထိုညက ညဉ့်နက်ချိန်မှ ရောက်သွားခဲ့ကြသည်။ ယခုမှ ဤမြို့၌ သူတို့ အသိတစ်ယောက် ရှိနေသည်ကို သွားသတိရမိကြသည်။ ထိုအသိမိတ်ဆွေမှာ အစ္စရေး အမျိုးသမီးတစ်ယောက်ဖြစ်၍ စန်တီယာဂိုမြို့တွင် ခေတ္တလာရောက် အလုပ်လုပ်နေသူဖြစ်သည်။ ညဉ့်နက်လှပြီဖြစ်သော်လည်း မတတ်နိုင်တော့ဘဲ ထိုအမျိုးသမီးထံ ဖုန်းဆက်၍ နံနက်စောစောတွင် တွေ့ရန် ချိန်းလိုက်ကြသည်။ သူတို့သည် ထိုအမျိုးသမီးအား 'လုံကြုတ်' ဇာတ်လမ်းတစ်ခု ပြောခဲ့ရသည်။ ထိုဇာတ်လမ်းအရ သူတို့သည် ယခု တောင်အမေရိကတိုက်သို့ ခရီးလှည့်လည်နေကြခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ တောင်အမေရိကတိုက်မှ သာယာလှပ၍ ရှုမျှော်ခင်းကောင်းလှသည့် ပစိဖိတ်ကမ်းခြေသို့ မရောက်ဘဲ မပြန်နိုင်သေးကြောင်း စသည်ဖြင့် လိမ့်ခဲ့ ဖိန့်ခဲ့ကြသည်။

သို့ဖြင့် နောက်တစ်နေ့တွင် သူတို့သည် အိမ်ရှင်အမျိုးသမီးနှင့်အတူ မြို့ထဲသို့ လှည့်လည်ကြည့်ရှုခဲ့ကြပြီး တစ်ညအိပ်၍ ဗာလ်ပါရေဆိုမြို့သို့ ခရီး





ဆက်ရန် စီစဉ်ထားကြသည်။ သို့သော် နောက်တစ်ရက် နံနက် သတင်းစာများတွင် ချီလီပြည်တောင်ပိုင်း စန်တီယာဂိုမြို့တော်နှင့် မိုင်သုံးရာအကွာတွင် မြေငလျင် အကြီးအကျယ်လှုပ်ခဲ့သည့် သတင်းကို ဖတ်လိုက်ကြရသည်။ ဤတွင် သူတို့ ယခု ဘယ်မြို့ဘယ်ရွာ ရောက်နေသည်ကို သိနေကြသည့် အစ္စရေးနိုင်ငံမှ လူများသည် မိမိတို့အတွက် မုချစိုးရိမ် ပူပန်နေကြမည်ဟူ၍ နားလည်လိုက်ကြသည်။ သို့ဖြစ်ရာ သူတို့အားလုံး ဘေးရန်ကင်းရှင်းကြောင်း အစ္စရေးသို့ ကြေးနန်းရိုက် အကြောင်းကြားလိုသော်လည်း သဘောကောင်းလှသည့် အိမ်ရှင် အမျိုးသမီးသည် သူတို့နှင့် တစ်မိနစ်ကလေးမျှမခွာဘဲ ရှိနေသဖြင့် ဘယ်လိုမှ မတတ်နိုင်အောင် ဖြစ်နေကြသည်။ နောက်ဆုံး၌ အီဟတ်သည် အကြောင်းကိစ္စ တစ်ခုကို ရမယ်ရှာ၍ လစ်ထွက်လာခဲ့ပြီး အစ္စရေးသို့ ပုဂ္ဂိုလ်ရေးရာ လိပ်စာ တစ်ခုဖြင့် ကြေးနန်းရိုက်ကာ မိမိတို့အားလုံး ဘေးရန်ကင်းရှင်းကြောင်း အကြောင်းကြားလိုက်ရသည်။ တစ်ဆက်တည်းတွင် အကယ်၍ လေယာဉ်လက်မှတ် မရသေးပါက ယခု ရက်သတ္တပတ်ကုန်သည်အထိ ချီလီနိုင်ငံတွင် ရှိနေကြဦးမည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထိုကြေးနန်းစာတွင် အီလီသည် မိမိတို့ စစ်ဆင်ရေး လှုပ်ရှားတပ်ဖွဲ့ဝင်များသာ သိနိုင်မည့် နာမည်ဖြင့် အောက်မှ လက်မှတ်ထိုးခဲ့သည်။

ထို့နောက် မကြာမီ အီဟတ်သည် ဘတ်စကား စီးလာခဲ့ရာ သူထိုင်သည့် ထိုင်ခုံရှေ့မှ လူတစ်ယောက် ဖတ်နေသည့် သတင်းစာရှေ့ဆုံး မျက်နှာဖုံး စာမျက်နှာတွင် 'အိုက်ခ်မန်း'ဟူသော အမည်ကို ဧရာမ စာလုံးမည်းကြီးများဖြင့် လှမ်းမြင်လိုက်ရသည်။ ဤတွင် သူသည် ရှေ့မှတ်တိုင်ရောက်လျှင်ရောက်ချင်း ဘတ်စကားပေါ်မှ ခုန်ဆင်းကာ အနီးတစ်ဝိုက်တွင် တွေ့သမျှ သတင်းစာများကို အားလုံး သိမ်းကျုံးဝယ်ခဲ့သည်။

အီဟတ်သည် တည်းခိုသည့်အိမ်သို့ ပြန်ရောက်သွားသောအခါ အိမ်ရှင် အမျိုးသမီးအား သတင်းစာမျက်နှာဖုံး ခေါင်းစီးစာလုံးကိုပြကာ အံ့သြသည့်လေသံဖြင့် ခပ်တည်တည် မေးကြည့်လိုက်သည်။

"ဒီ အိုက်ခ်မန်းဆိုတဲ့ စာလုံးကြီးက ဘာအကြောင်းရေးထားတာလဲ"

အိမ်ရှင်အမျိုးသမီးက သူ့ကို ဘာသာပြန်ပြသည်။

"အဲဒီသတင်းက အိုက်ခ်မန်းကို သူတို့ ဖမ်းမိသွားပြီဆိုတဲ့ အကြောင်း ရေးထားတာပါ"

"အိုက်ခ်မန်းဆိုတာ ဘယ်သူတုန်း"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ဒုတိယကမ္ဘာစစ်အတွင်း ဥရောပတိုက်တွင် ဂျူးလူမျိုးများကို သုတ်သင်သတ်ဖြတ်ခဲ့ကြရာ၌ အိုက်ခ်မန်း ကျူးလွန်ပါဝင်ခဲ့သည့် စစ်ရာဇဝတ်မှုများကို ပြောပြပြီးနောက် ဆက်လက်၍ "ဝန်ကြီးချုပ် ဘင်ဂူရီယန်က အိုက်ခ်မန်းကို အစ္စရေးထောက်လှမ်းရေးအဖွဲ့က ရှာဖွေတွေ့ရှိခဲ့တဲ့အကြောင်း အစ္စရေးလွှတ်တော်မှာ ကြေညာလိုက်ပြီလို့ ပါလာတယ်။ ဒီအတိုင်းဆိုရင် ရှင်တို့တောင် ဒီကိစ္စထဲမှာ ပါနေသလားမသိဘူး"ဟူ၍ ရယ်ကာမောကာ ပြောလိုက်သေးသည်။

သူတို့အားလုံးကလည်း "ပါလို့ရရင် ပါချင်တာပေါ့ဗျာ"ဟူ၍ နောက်သလို ပြောင်သလို ပြန်ပြောခဲ့ကြသည်။

မည်သို့ဖြစ်စေ သူတို့ တောင်အမေရိကတိုက်တွင် ရှိနေစဉ် ဤသတင်းကို လူသိရှင်ကြား ယခုလို ထုတ်ဖော်ကြေညာလိုက်သည့်အတွက် အနည်းငယ် အံ့သြမိကြသည်။ သည်အတိုင်းဆိုလျှင် သူတို့သည် အစ္စရေးနိုင်ငံသို့ ဘယ်လိုလုပ်၍ ပြန်နိုင်ပါတော့မည်နည်း။

သို့ဖြင့် နောက်တစ်နေ့နံနက်တွင် လေယာဉ်ရုံးများသို့ စုံစမ်းကြည့်သောအခါ မွန်တီဗီဒီယိုမြို့သို့ လက်မှတ်နှစ်စောင်ရ၍ ရီအိုမြို့သို့ လက်မှတ်တစ်စောင်ရခဲ့ကြသည်။ ဤတွင် အီဟတ်နှင့် အီလီတို့သည် ပထမလေယာဉ်ဖြင့် လိုက်ပါသွားကြပြီး ဂါဘီက ဒုတိယလေယာဉ်ဖြင့် လိုက်သွားခဲ့ကြသည်။

အီဟတ်နှင့် အီလီတို့ စီးနင်းလိုက်ပါလာကြသော လေယာဉ်သည် ဗျူနိုအဲရစ်မြို့ လေဆိပ်တွင် ၄၅ မိနစ်ကြာမျှ ဆိုက်ကပ်ရပ်နားခဲ့သည်။ သူတို့နှစ်ယောက်သည် ထိုအတောအတွင်း လေယာဉ်ပေါ်မှ လုံးဝမဆင်းဘဲ အပြစ်ကင်းသည့် မျက်နှာအမူအရာဖြင့် ဣန္ဒြေရရ ထိုင်နေခဲ့ကြသည်။ အထူးသဖြင့် အိုက်ခ်မန်းအား ခေါ်ဆောင်သွားသည့် လေယာဉ် မထွက်မီ ဤလေဆိပ်တွင် နာရီပေါင်းများစွာ ဝင်လိုက်ထွက်လိုက် လုပ်နေခဲ့သော အီဟတ်အား တစ်စုံတစ်ယောက်က မှတ်မိသွားမည်ကို အကြီးအကျယ် စိုးရိမ်နေမိကြသည်။ သို့သော် ကံအားလျော်စွာ တစ်ဦးတစ်ယောက်မျှ မမှတ်မိဘဲ ရှိခဲ့ကြသည်။

မွန်တီဗီဒီယိုမှ ရီအိုမြို့သို့ လေယာဉ်ထွက်ခွာလာသောအခါ သူတို့သည် အိုက်ခ်မန်းနှင့်ပတ်သက်၍ သတင်းစာများက ရေးသားခဲ့ကြသည့် အတင်းအဖျင်းသတင်းများအကြောင်း ဟီဘရူးဘာသာစကားဖြင့် သုံးယောက်သား ဆွေးနွေးလာခဲ့ကြသည်။ ထိုအခိုက် အီဟတ်သည် အထုပ်အပိုးနှင့် ပစ္စည်းများတင်သည့်





စင်ကလေးပေါ်တွင် သူ့ရှေ့တည့်တည့်မှ ခရီးသည်တစ်ယောက်၏ ပစ္စည်းဖြစ်ဟန်တူသော သားရေသေတ္တာတစ်လုံး၌ 'အမ်၊ ဇိုရီယာ'ဟူ၍ အမည်ရေးထိုးထားသည်ကို ရုတ်တရက် အမှတ်မထင် လှမ်းမြင်လိုက်မိသည်။ ဤတွင် ရှေ့တည့်တည့် ထိုင်ခုံမှ ခရီးသည်သည် ကေန္တ အစ္စရေးတပ်မတော်မှ ဗိုလ်မှူးချုပ် ဇိုရီယာ ဖြစ်ရမည်ဟု တထစ်ချတွက်မိပြီး အီဟတ်သည် အီလီအား မသိမသာ ပခုံးချင်းထိ၍ စကားဆက်မပြောရန် သတိပေးလိုက်သည်။ သို့သော် ရှေ့ထိုင်ခုံမှ စစ်ဗိုလ်ကြီးသည် နောက်ဘက်ခုံမှ သူတို့ပြောနေသည့် စကားများကို လုံးဝကြားဟန်မတူ၊ ထိုသို့ မကြားရုံမျှမက သူ့နောက်မှ စကားဖောင်ဖွဲ့အောင် ပြောလာကြသူများအား ဘယ်သူဘယ်ဝါတွေပါလိမ့်ဟူ၍ပင် တစ်ချက်ကလေးမျှ လှည့်မကြည့်ဘဲ ရှိနေခဲ့သည်။

ထိုသို့ အပြန်ခရီးတွင် ဗိုလ်မှူးချုပ် 'ဇိုရီယာအား အမှတ်မထင် တွေ့လိုက်ကြရသူများမှာ သူတို့ချည်းသာမဟုတ်။ လှုပ်ရှားတပ်ဖွဲ့ဝင် အခြားလူများလည်း ဇိုရီယာအား အခြားတစ်နေရာတွင် တွေ့မြင်လိုက်ကြရသေးသည်။ ဘရာဇီးလ်နိုင်ငံ စာပေါလိုမြို့တော်မှ ဥရောပတိုက်သို့ ထွက်ခွာမည့် လေယာဉ်ပေါ်သို့ တက်မည့်ဆဲဆဲတွင် ဒီနာနှင့် ဒန်နီတို့သည် မွန်တီဗီဒီယိုမြို့မှ ဆိုက်လာသော လေယာဉ်ပေါ်မှ ဆင်းလာသည့် ဗိုလ်မှူးချုပ် ဇိုရီယာအား တွေ့မြင်လိုက်ကြရသည်။ ဒန်နီသည် ဇိုရီယာထံ သွားတွေ့ပြီး မိမိသည် အစ္စရေးလူမျိုးတစ်ယောက်ဖြစ်ကြောင်း ပြောရန်ကြံစည်ခဲ့သေးသည်။ သို့သော် ထိုအကြံအစည်ကို ဒီနာက ကန့်ကွက်ခဲ့သည်။ သို့ပါလျက် သူတို့နှစ်ယောက်သည် ဇိုရီယာနှင့် ကြံဖန်၍ တွေ့ဖြစ်အောင် စကားပြောဖြစ်အောင် တွေ့ခဲ့ပြောခဲ့ကြသေးသည်။

ဒီနာက ဇိုရီယာအား အမှတ်မထင် စကားစလိုက်သည်။

"ရှင်တို့နိုင်ငံကတော့ သတင်းစာထဲမှာ တော်တော်နာမည်ကြီးနေတာပဲ"

"ခင်ဗျားစကားရဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ၊ ဆိုစမ်းပါဦး"

"ဩော်... သတင်းစာတွေထဲမှာ ရှင်တို့ အစ္စရေးတွေက အိုက်ခ်မန်းဆိုတဲ့ နာဇီစစ်တရားခံတစ်ယောက်ကို ဖမ်းမိသွားပြီဆိုတာကို ကျွန်မ ဖတ်လိုက်ရလို့ပါ" သူက လေသံခပ်မှန်မှန်ဖြင့် ပြန်ပြောလိုက်သည်။

"ဩော်... ဟုတ်တယ်... ဟုတ်တယ်" ဇိုရီယာက ဝန်ခံရင်း ဂျူးအမြောက်အမြား အရှင်လတ်လတ် မီးလောင်တိုက်သွင်း၍ အသတ်ခံခဲ့ရများကို ပြောပြကာ ဤအတိတ်မှ ဖြစ်ရပ်များသည် ဂျူးလူမျိုးများအတွက် တစ်သက်တာ မေ့ရက်စရာမရှိကြောင်းများကို ရှင်းပြခဲ့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း စစ်ကြီးအတွင်းက ဥရောပမှာ နေခဲ့ရတော့ နာဇီတွေရဲ့ လုပ်ပုံကိုင်ပုံကို မြင်ခဲ့တွေ့ခဲ့ရပါတယ်"

ဗိုလ်မှူးချုပ် ဇိုရီယာသည် ဒီနာအား ကိုယ်ချင်းစာနာသောအကြည့်ဖြင့် ကြည့်လိုက်ပြီး–

"ဪ... ဟုတ်လား၊ ဒီလိုဆိုရင်လည်း အဲဒီတုန်းက ကျွန်တော်တို့ တစ်တွေ ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ ခင်ဗျား သဘောပေါက်မှာပါ"

"ဟုတ်ကဲ့ ကျွန်မ ကောင်းကောင်းကြီး သဘောပေါက်ပါတယ်" သူမက ပြန်ပြောလိုက်သည်။

"ဒါထက်နေပါဦး။ သတင်းစာတစ်စောင်ထဲမှာ ရေးထားတဲ့အတိုင်းဆိုရင် အိုက်ခ်မန်းကို လေယာဉ်နဲ့ တင်ခေါ်သွားရာမှာ အဲဒီလေယာဉ်ဟာ အာဂျင်တီးနား လွတ်လပ်ရေးအခမ်းအနားကို တက်ဖို့လာခဲ့ကြတဲ့ အစ္စရေးအစိုးရ ကိုယ်စားလှယ်အဖွဲ့ရဲ့ လေယာဉ်ပဲလို့ ရေးထားတာ ဖတ်လိုက်ရတယ်။ ကျွန်မ သတိထားမိသလောက် အဲ့ဒီကိုယ်စားလှယ်အဖွဲ့ထဲမှာ ရှင်လည်းပါသလားလို့"

"ဟုတ်ပါတယ်။ ကိုယ်စားလှယ်ထဲမှာ ကျွန်တော်လည်းပါပါတယ်" ဇိုရီယာက စိတ်ပါလက်ပါ ပြောပြသည်။

"ဒါပေမဲ့ ကျွန်တော်တို့စီးလာတဲ့ လေယာဉ်နဲ့ အိုက်ခ်မန်းကို တင်ခေါ်သွားတယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ဟုတ်တယ် မှန်တယ်ဆိုရအောင်လည်း ဒီကိစ္စမှာ ကျွန်တော့်ကို အသိမပေးဘဲ မဖြစ်နိုင်ပါဘူး၊ အဲဒီတော့ သတင်းစာထဲမှာပါတိုင်း အမှန်လို့ မပြောနိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် အတိအကျ စုံစမ်းကြည့်ပါဦးမယ်။ တကယ်လို့ ခင်ဗျားရဲ့ နေရပ်လိပ်စာပေးထားခဲ့ရင် အခြေအနေ အကျိုးအကြောင်းကို ခင်ဗျားဆီ ကျွန်တော် အကြောင်းကြားလိုက်ပါမယ်" ဗိုလ်မှူးချုပ် ဇိုရီယာက အတည်ပေါက်ဖြင့် ခပ်နောက်နောက် ပြောလိုက်သည်။

သို့သော် သူတို့စကားဝိုင်းကို ဤနေရာတွင် နိဂုံးချုပ် ရုပ်သိမ်းလိုက်ကြရသည်၊ အဘယ်ကြောင့်ဆိုသော် ခရီးသည်များအား လေယာဉ်ပေါ်တွင် နေရာယူကြရန် ဆိုင်ရာမှ ခေါ်နေပြီဖြစ်သောကြောင့်ပင်။

■

# တိကျပြတ်သားသော သတိပေးချက်

အစ္စရေးသို့ အိုက်ခ်မန်း ရောက်ရှိလာသည့်နေ့မှာပင် ရဲချုပ်၏ ဆင့်ခေါ်ချက်အရ ရဲအရာရှိနှစ်ယောက်သည် ရဲချုပ်ရုံးခန်းသို့ ရောက်လာခဲ့ကြသည်။ တစ်ယောက်မှာ စုံစမ်းစစ်ဆေးရေးဌာနမှ အကြီးအကဲ ဆီလာဆိုသူဖြစ်၍ အခြားတစ်ယောက်မှာ မှုခင်းဘက်ဆိုင်ရာ ယာယီတာဝန်ခံ ရှော့သ်ဆိုသူဖြစ်သည်။

သူတို့နှစ်ယောက် ရောက်သွားသောအခါ ရဲချုပ်နာမီရာမှာ သိသိသာသာကြီး တုန်လှုပ်ချောက်ချားနေသည်ကို တွေ့ရသည်။ သူက ရဲအရာရှိနှစ်ယော[illegible] အား အိုက်ခ်မန်းကို ဖမ်းမိလာပြီဖြစ်ကြောင်းနှင့် ယခု အစ္စရေးသို့ ခေါ်လာပြီ ဖြစ်ကြောင်း ပြောပြခဲ့သည်။ ရဲအရာရှိနှစ်ယောက်မှာ ထိုသတင်းကို ကြားလိုက်ရသောအခါ ရဲချုပ်၏ စိတ်လှုပ်ရှားနေသည့် အဓိပ္ပာယ်ကို နားလည်သဘောပေါက်သွားခဲ့ကြရုံမျှမက သူတို့ကိုယ်တိုင်ပါ တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။

လူသတ်သမား အိုက်ခ်မန်းအား ယခုလို ဖမ်းဆီးရမိလာခြင်းသည် ရဲအရာရှိ ရှော့သ်အတွက် မည်သို့မည်ပုံ အဓိပ္ပာယ်သက်ရောက်ခဲ့သည်ကို အထူးရှင်းပြနေစရာမလို။ အဘယ်ကြောင့်ဆိုသော် သူ့မိသားစု အများအပြားသည် တစ်ခါက ဥရောပတစ်လွှားတွင် ဖြန့်ကြက်ထားခဲ့သည့် အိုက်ခ်မန်း၏ ထောင်ချောက်ထဲသို့ အားလုံး အမိခံခဲ့ကြရသောကြောင့်ဖြစ်သည်။ သို့သော် နောက်တစ်နေ့ နံနက်တွင် ရှော့သ်သည် အိုက်ခ်မန်းရှိရာ ယာယီအချုပ်ခန်းထဲသို့ တရားသူကြီး ဟာလီဗီနှင့်အတူ ရောက်သွားသောအခါ အိုက်ခ်မန်း၏ ဥပမိရုပ် ကင်းမဲ့ပုံကို ကြည့်ကာ တအံ့တသြ ဖြစ်သွားခဲ့သည်။ အခြားအခြားသောသူများကဲ့သို့ သူသည်လည်း အိုက်ခ်မန်းအား ယခုလိုပုံမျိုးမဟုတ်ဘဲ တစ်မျိုးတစ်ဖုံ တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသူဖြစ်သည်။

ဇူးပွင့်ဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



ရှောသ်သည် တရားခံ၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ တရားသူကြီး၏ မေးခွန်းများကို ဂျာမန်ဘာသာဖြင့် စကားပြန်လုပ်ပေးရသည်။

တရားခံက မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။ "ကျုပ်ဟာ အဒေါ့ဖ် အိုက်ခ်မန်းပါ"

ထို့နောက် တရားသူကြီးသည် တရားခံအား ချုပ်နှောင်ထားရန် ဝရမ်းအမိန့်ကို ဖတ်ပြခဲ့သည်။

ဤအတောအတွင်း ရဲအဖွဲ့ဝင်များသည် အိုက်ခ်မန်းအား အစစ်မဟုတ်ဘဲ လူမှား၍ အခြားတစ်ယောက်များ ဖြစ်နေလေမလားဟု စိတ်ဝင်စားနေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် အိုက်ခ်မန်းနှင့်ပတ်သက်၍ အကာ်စ်အက်စ် လုံခြုံရေးအရာရှိ ဘဝကတည်းက လက်ဗွေပုံစံများ လုံးဝမရှိခဲ့သောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ကင်နိကိုဟန်ဆိုသူအား တရားခံ အိုက်ခ်မန်းနှင့် သွားရောက်တွေ့ဆုံ၍ လေ့လာကြည့်ရှုပေးပါရန် မေတ္တာရပ်ခံခဲ့ကြပြန်သည်။

ကိုဟန်သည် ရဲအရာရှိတစ်ဦးဖြစ်သူ အီဖရိမ်နှင့်အတူ အိုက်ခ်မန်းအား ယခုနောက်ဆုံး ချုပ်နှောင်ထားသည့် အစ်ယာအကျဉ်းထောင်သို့ သွားရောက်ခဲ့သည်။ အီဖရိမ်မှာ အခြားသူမဟုတ်။ အိုက်ခ်မန်း စစ်ဆင်ရေးတွင် စောစောပိုင်းကပင် တောင်အမေရိကတိုက်သို့ စေလွှတ်ခြင်းခံခဲ့ရသူဖြစ်သည်။ သူသည် ယခုအခါ အိုက်ခ်မန်းအား ဥပဒေကြောင်းအရ တရားစွဲဆိုရန် လိုအပ်သည်များကို စီစဉ်ပြင်ဆင်ရသော ရဲအထူးထောက်လှမ်းရေးဌာန ဗျူရို ၁၆ ၏ တွဲဖက်တာဝန်ခံအဖြစ် ရဲချုပ်ကိုယ်တိုင် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။ သို့ဖြစ်ရာ သူကိုယ်တိုင် ၁၉၅၈ ခုနှစ် မတ်လတွင် ပါဝင်ဆင်နွှဲခဲ့ဖူးသော အိုက်ခ်မန်းစစ်ဆင်ရေး၏ အပြီးသတ် နောက်ဆုံးအခန်းတွင် ယခုကဲ့သို့ တာဝန်ယူခဲ့ရသည့်အတွက် သူ့မှာ ဝမ်းသာမဆုံး ဖြစ်နေခဲ့သည်။

အချုပ်ထောင်သို့သွားရာ လမ်းခရီးတွင် ကိုဟန်က သူသည် ဒုတိယ ကမ္ဘာစစ်ကြီးမတိုင်မီကပင် ဘာလင်မြို့တော်၌ ဇီယွန်ဝါဒီ အလုပ်သမားများ၏ အစည်းအဝေးတွင် အိုက်ခ်မန်းအား စတင်တွေ့မြင်ခဲ့ဖူးကြောင်း အီဖရိမ်အား ပြောပြလာခဲ့သည်။ သို့ဖြင့် အီဖရိမ်က ကိုဟန်အား အဆိုပါ အစည်းအဝေးအကြောင်းကို အိုက်ခ်မန်းနှင့်တွေ့လျှင် ပြောပြရန်နှင့် ထိုသို့ပြောရာ၌ အချို့သော လူနာမည်များကို တမင်အမှားမှားအယွင်းယွင်း ထည့်သွင်းပြောကြားရန် မှာခဲ့သည်။ သို့မှသာ အိုက်ခ်မန်းသည် နာမည်အမှန်များကို ပြင်၍ပြောလာခြင်းဖြင့် တကယ့်အိုက်ခ်မန်းအစစ်ဖြစ်ကြောင်း ထင်ရှားလာမည်ဖြစ်သည်။





အချုပ်ခန်းထဲသို့ သူတို့ဝင်သွားကြသောအခါ အိုက်ခ်မန်းမှာ တစ်ကိုယ်လုံး သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့သည်။ သူ့စိတ်ထဲတွင် ဤလူအများသည် မိမိအား အပြင်သို့ခေါ်ထုတ်၍ ပစ်သတ်ရန် ရောက်ရှိလာကြခြင်းဖြစ်သည်ဟု ထင်မှတ်နေသောကြောင့်ဖြစ်သည်။ ထို့နောက် အီဖရိမ်က တရားခံ ရာဇဝတ်ကောင်အား မှတ်မိခြင်းရှိမရှိ ကိုဟန်အားမေးမြန်းခဲ့ရာ ကိုဟန်က မမှတ်မိကြောင်း ပြန်ပြောခဲ့သည်။ တစ်ဖန် ကိုဟန်ကို လက်ညှိုးထိုးပြကာ မှတ်မိခြင်းရှိမရှိ အိုက်ခ်မန်းအား မေးကြည့်ပြန်သည်။ သို့သော် ထိုအချိန်တွင်လည်း အိုက်ခ်မန်းတွင် မျက်မှန်တပ်ထားခြင်းမရှိဘဲ ဖြစ်နေသဖြင့် မျက်မှန်ယူပေးခဲ့ရသည်။ ပြီးမှ အိုက်ခ်မန်းသည် ကိုဟန်အား စေ့စေ့စပ်စပ် အနီးသို့ကပ်ကြည့်ကာ လုံးဝမသိကြောင်း မမှတ်မိကြောင်း ပြောခဲ့သည်။

ဤတွင်မှ အီဖရိမ်က အိုက်ခ်မန်းအား ကိုဟန်နှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟောဒါ မစ္စတာ ဘင်နီကိုဟန်ပါပဲ"

"ဒီနာမည် ကြားရုံနဲ့တော့ ကျုပ်အတွက် ဘာမှမထူးခြားပါဘူး" အိုက်ခ်မန်းက ပြန်ပြောလိုက်သည်။

အီဖရိမ်က ဆက်၍မေးလိုက်ပြန်သည်။ "ခင်ဗျား ဘာလင်မှာတု[illegible]ာ ပါလက်စတိုင်းအဖွဲ့ရုံးကို မမှတ်မိဘူးလား"

"မှတ်မိတာပေါ့ ဒါတော့ ကောင်းကောင်းမှတ်မိပါတယ်"

"ဒါနဲ့တောင် ခင်ဗျား မစ္စတာကိုဟန်ကို မမှတ်မိသေးဘူးလား"

"မမှတ်မိပါဘူး"

ကိုဟန်သည် အိုက်ခ်မန်း၏အသံကို ကြားလိုက်ရသည်နှင့် ရှေးဖြစ်ဟောင်းများကို တဖြည်းဖြည်း ပို၍သတိရလာခဲ့သည်။ အထူးသဖြင့် အိုက်ခ်မန်း၏ အသံနှင့် လေယူလေသိမ်းကို ကောင်းကောင်းကြီး မှတ်မိသွားသည်။ သို့ဖြစ်ရာ အီဖရိမ်က မိမိဘက်သို့လှည့်၍ မိမိနှင့် မျက်နှာချင်းဆိုင် ရှိနေသူအား မည်သူမည်ဝါဖြစ်ကြောင်း မှတ်မိခြင်းရှိမရှိ မေးလိုက်သောအခါ ကိုဟန်သည် ချက်ချင်းပင် ယုံကြည်စိတ်ချစွာ အခိုင်အမာ ပြန်ဖြေနိုင်ခဲ့သည်။

"မှတ်မိပါတယ်၊ ကျွန်တော် သူ့ကို သိပါတယ်၊ သူဟာ ဂက်စတာပိုအရာရှိ အဒေါ့ဖ်အိုက်ခ်မန်းပါ"

အိုက်ခ်မန်းက ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။ ပြီးမှ အီဖရိမ်က ဆက်လက်၍ မေးခွန်းတစ်ခုကို မေးလိုက်ပြန်သည်။ "ခင်ဗျား ၁၉၃၉ ခုနှစ်က ဘာလင်



www.burmeseclassic.com

www.burmeseclassic.com



မြို့ပရင့်ဇာ ဘရက်ချ်လမ်းမှာ ဂျူးအမျိုးသား အဖွဲ့အစည်းကိုယ်စားလှယ်တွေကိုခေါ်ပြီး အစည်းအဝေးတစ်ခုလုပ်ခဲ့တာ မှတ်မိရဲ့လား"

"ဒီအစည်းအဝေးနဲ့ပတ်သက်လို့ ကျုပ် စဉ်းစားလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ ဘာလင်ကို ၁၉၃၉ ခု အောက်တိုဘာလကျမှ ပြောင်းလာခဲ့တာပါ" အိုက်ခ်မန်းက ထိုသို့ပြောပြီး ခဏကြာမှ ထပ်၍ပြောလိုက်သည်။

"ဒါပေမဲ့ ကျုပ်ဟာ အဲဒီမတိုင်ခင်က ဘာလင်မှာ အစည်းအဝေးတွေ မကြာခဏ တက်ခဲ့ရတော့ စောစောကပြောတဲ့အတိုင်း ဖြစ်မယ်ဆိုလည်း ဖြစ်နိုင်ပါတယ်"

ဤနေရာတွင် ကိုဟန်က ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

"အဲဒီတုန်းက ကျွန်တော် မှတ်မိသလောက် ဂျူးအမျိုးသားအဖွဲ့ခေါင်းဆောင် ဒေါက်တာအက်ပ်စတိန်နဲ့ ဒေါက်တာလီယီယန်ဖဲလ်တို့၊ နောက်ပြီးတော့ အော့တိုဟာ့ချ်တို့ အဲဒီအစည်းအဝေးကို တက်ခဲ့ကြတယ်လေ"

"အော့တိုဟာ့ချ်ဟုတ်လား" အိုက်ခ်မန်းက ဝင်ပြောလိုက်သည်။

"ဟုတ်တယ်-ဟုတ်တယ်၊ အဲဒီလူပေါ့၊ ဆွာဘီယန်စကားနဲ့ လက်ကို မြှောက်မြှောက်ပြီး တရားဟောတာလေ"

ဤတွင် ကိုဟန်က ဒေါက်တာအက်ပ်စတိန်တစ်ယောက် ဘာဖြစ်သွားခဲ့သည်ကို မေးကြည့်လိုက်သည်။

အိုက်ခ်မန်း၏ မျက်နှာမှာ ရဲခနဲဖြစ်သွားပြီး ပြန်ဖြေလိုက်သည်။ "သူ့အဖြစ်က တော်တော်ဆိုးပါတယ်။ သေနတ်နဲ့ပစ်အသတ်ခံခဲ့ရတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျုပ်က အလုပ်ထွက်ပြီး ဟန်ဂေရီရောက်နေပါပြီ"

ဆက်လက်၍ ကိုဟန်သည် ရှေးဟောင်းနှောင်းဖြစ်များကိုပြောရင်း ဆိုစဉ်က ဘာလင်တွင် ရှိခဲ့ကြသည့် ဇီယွန်ဝါဒီ အလုပ်သမားခေါင်းဆောင်များ၏ အမည်တို့ကို ထည့်သွင်းပြောကြားခဲ့ရာ အိုက်ခ်မန်းကလည်း လိုအပ်သည့် အချက်အလက်များနှင့် ကိုဟန်၏ မေးခွန်းများကို ဖြေကြားခဲ့သည်။ တစ်ချီတစ်ချီတွင် သူသည် ပါလက်စတိုင်း အရေးအခင်းကို တကယ်တတ်သိနားလည်ထားသည့် ငါးဦးဘာစ်ယောက်ပမာ မှတ်ချက်များပင် ချခဲ့သေးသည်။ တစ်နေရာတွင် ကိုဟန်က ဇီယွန်ဝါဒီ ဒေါက်တာဖရိုက်ဒင်ဆိုသူအကြောင်းကို ထည့်ပြောခဲ့သည်။

ဤတွင် အိုက်ခ်မန်းက ကိုဟန်၏အမှားကို ဝင်ပြင်လိုက်သည်။ "အဲဒီလူနာမည်က ဖရိုက်ဒင် မဟုတ်ပါဘူး။ ပရင့်ဇ်ပါ" ထို့နောက် သူသည် ၁၉၃၀ ပြည့်နှစ် နောက်ပိုင်းတွင် ဘာလင်၌ ကျင်းပပြုလုပ်ခဲ့သည့် ဇီယွန်ဝါဒီအစည်း





အဝေးများအကြောင်းကို အသေးစိတ်ပြောပြရင်း ဂျာမနီမှ ဒေါက်တာဝေ့ဇ်မန်၏ ထွက်ခွာသည့်အကြောင်းကိုပါ ပြောပြခဲ့သည်။ ထိုအစည်းအဝေးများတွင် အိုက်ခ်မန်းသည် ဂက်စတာပိုအဖွဲ့ကိုယ်စား တက်ရောက်ခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ကိုဟန်က ဂက်စတာပိုဌာနချုပ်တွင် ဂျူးအမျိုးသားရေးရာဌာန၌ အိုက်ခ်မန်း၏နေရာကို ဆက်ခံခဲ့သည့် ဂျာမန်အရာရှိ၏ နာမည်ကို ကောင်းကောင်းမမှတ်မိဟန်ဆောင်၍ "ကျွန်တော်ထင်တယ်၊ သူ့နာမည်က ကူးလ်မန်းဆိုလား... ကော့ချ်မန်းဆိုလားဗျာ"

ဤတွင် အိုက်ခ်မန်းက ချက်ချင်းဝင်ထောက်လိုက်သည်။ "ခဏနေပါဦး။ အခု ခင်ဗျားပြောနေတာ ကို့ချ်မန်းဆိုတဲ့လူ ဖြစ်ပါလိမ့်မယ်။ အဲဒီလူက ခပ်ဝဝ ဂင်တိုတိုနဲ့လေ"

သူတို့စကားဝိုင်း လက်စသတ်၍ ပြီးဆုံးသွားသောအခါ ကိုဟန်က သူနှင့် ယခု စကားပြောခဲ့ရသူမှာ မုချ အိုက်ခ်မန်းဖြစ်ကြောင်း အခိုင်အမာ အတိအကျ မှတ်ယူလိုက်သည်။ မှန်သည်။ ဤသူသည် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက မိမိ အစ္စရေးနိုင်ငံသို့ ပြောင်းရွှေ့မလာမီ ဘာလင်တွင် တွေ့ခဲ့မြင်ခဲ့ရသည့် ဂက်စတာပိုအရာရှိ အဒေါ့ဖ်အိုက်ခ်မန်း အစစ်ပင်ဖြစ်သည်။ သူ့ရုပ်ရည်လက္ခဏာ၊ သူ့အသံ၊ သူ့စကားပြောဟန်နှင့်တကွ မိမိတို့နှစ်ယောက်စလုံး ကြုံတွေ့ခဲ့ကြရသည့် ဖြစ်ရပ်များကို အသေးစိတ်ပြောပြနိုင်သည်ကိုထောက်၍ ထိုလူသည် မုချဧကန် အိုက်ခ်မန်း အစစ်အမှန်ဖြစ်ကြောင်း ပြောပြခဲ့သည်။

□

မေလ ၂၃ ရက်နေ့တွင် ကျွန်ုပ်သည် ဂျေရုဆလင်မြို့သို့ နောက်တစ်ကြိမ် ထပ်မံသွားရောက်ခဲ့သည်။ ထိုအချိန်တွင် ဝန်ကြီးချုပ် ဘင်ဂူရီယမ်သည် အိုက်ခ်မန်းအား ဖမ်းဆီးရမိသည့် သတင်းကို အသိပေးရန် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဆင့်ခေါ်နေပြီဖြစ်သည်။ များမကြာမီ သူသည် ထိုသတင်းကို အစ္စရေးလွှတ်တော်၌ လူသိရှင်ကြား တရားဝင် ကြေညာတော့မည်ဖြစ်သည်။

ကျွန်ုပ်သည် ဝန်ကြီးချုပ်ရုံးသို့ ညနေ ၃ နာရီအချိန်တွင် ရောက်သွားခဲ့သည်။ ဝန်ကြီးများအဖွဲ့နှင့် ခေတ္တဆွေးနွေး ညှိနှိုင်းပြီးနောက် ကျွန်ုပ်သည် ဝန်ကြီးချုပ်နှင့်အတူ လွှတ်တော် အဆောက်အအုံရှိရာသို့ လိုက်ပါသွားခဲ့ရသည်။

ထုံးစံအရ ခါတိုင်းကဲ့သို့ပင် လွှတ်တော်အစည်းအဝေးကို ညနေ ၄ နာရီ အချိန်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ လွှတ်တော်အစည်းအဝေး မတိုင်မီ ငါးမိနစ်ခန့်

www.burmeseclassic.com



ကပင် မြို့တွင်းမြို့ပြင် နေရာအနှံ့အပြား၌ ဝန်ကြီးချုပ်သည် လွှတ်တော်အစည်းအဝေးတွင် အရေးကြီးသော ကြေညာချက်တစ်ခုကို ထုတ်ပြန်ကြေညာလိမ့်မည်ဟူ၍ ကောလာဟလသတင်းများ ပျံ့လွင့်နေခဲ့သည်။ သို့ဖြစ်ရာ လွှတ်တော် စတင်ထိုင်ပသည့်အချိန်တွင် ပြည်သူ့ကိုယ်စားလှယ်များ၏ ထိုင်ခုံများနှင့်တကွ ဧည့်ခန်းအဆောင်အပါအဝင် လွှတ်တော်အဆောက်အအုံတစ်ခုလုံးတွင် သို့လော သို့လောဖြင့် အမျိုးမျိုးတွေးတောယူဆကာ လှုပ်လှုပ်ရွရွဖြစ်နေခဲ့သည်။

ကျွန်ုပ်သည် လူထုပရိသတ်အကြားသို့ ရှားရှားပါးပါး ရောက်ခဲ့လှသည် ဖြစ်ရာ ထိုရှားပါးသည့်အထဲတွင် ယခုတစ်ကြိမ် အပါအဝင်ဖြစ်ခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခွင့်ပြုရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား ခွင့်ပန် ခြင်းမပြုမီ မိနစ်အနည်းငယ်အလိုတွင် ကျွန်ုပ်သည် ဝန်ကြီးများစားပွဲနောက်ရှိ အစိုးရအဖွဲ့ဝင်မဟုတ်သည့် ပုဂ္ဂိုလ်များအတွက် သီးသန့်ထားသည့် နေရာမှ ခုံတစ်ခုံတွင် ဝင်၍ နေရာယူလိုက်သည်။

ခဏအကြာတွင် ဘင်ဂူရီယမ်သည် တည်ငြိမ်လေးနက်စွာနှင့် စိတ်လှုပ်ရှားဖွယ်ကောင်းသည့်အသံဖြင့် သူ၏ ကြေညာချက်ကို စတင်ဖတ်ကြားခဲ့သည်။

"မကြာသေးမီက အကြီးဆုံးဖြစ်တဲ့ နာဇီစစ်ရာဇဝတ်ကောင် တစ်ဦးကို အစ္စရေးထောက်လှမ်းရေးအဖွဲ့က တွေ့ရှိခဲ့တဲ့အကြောင်း ဒီလွှတ်တော်မှာ ကျွန်တော် ကြေညာဖို့ ရှိနေပါတယ်။ အဲဒီ စစ်ရာဇဝတ်ကောင်ကတော့ 'ဂျူးအမျိုးသားပြဿနာကို အပြီးသတ်ဖြေရှင်းရေး' လို့ သူတို့ အမည်ပေးထားခဲ့ကြပြီး ဥရောပမှာရှိတဲ့ ဂျူးလူမျိုး ခြောက်သန်းကို သတ်ဖြတ်သုတ်သင်ခဲ့ကြရာမှာ အခြားနာဇီ ခေါင်းဆောင်ကြီးများနဲ့အတူ တာဝန်ရှိခဲ့တဲ့ အဒေါ့ဖ်အိုက်ခ်မန်းပဲ ဖြစ်ပါတယ်။

"ယခုဆိုရင် အဒေါ့ဖ်အိုက်ခ်မန်းကို အစ္စရေးနိုင်ငံမှာ ဖမ်းဆီးချုပ်နှောင်ထားပြီး မကြာမီအတောအတွင်း သူ့ကို ၁၉၅၀ ပြည့်နှစ်၊ နာဇီများ၊ နာဇီများနှင့် ပူးပေါင်းဆောင်ရွက်သူများ (ပြစ်မှု) ဆိုင်ရာ ဥပဒေအရ အစ္စရေးနိုင်ငံတရားရုံးမှာ အရေးယူ စစ်ဆေးပါတော့မယ်"

ဝန်ကြီးချုပ်၏ ကြေညာချက်သည် လွှတ်တော်ကိုယ်စားလှယ် အားလုံးကို အကြီးအကျယ် အံ့အားသင့်သွားစေခဲ့သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ အစိုးရသည် 'အိုက်ခ်မန်းတစ်ယောက် မသေသေးဘဲ အသက်ရှင်လျက် ရှိနေသေးသည်' ဟူသော မကြာခဏ ထွက်ပေါ်လာသည့် သတင်းများအပေါ်တွင် ဝတ်ကျေတမ်းကျေ အလေးထားမှုသာ ဆောင်ရွက်နေသည်ဟု ယူဆထားခဲ့ကြသည်။





အစ္စရေးနိုင်ငံမှ စေတနာ့ဝန်ထမ်း 'ဖော်လံတီယာ' တပ်ဖွဲ့ဝင်များသည် အိုက်ခ်မန်းအား တရားဥပဒေရှေ့မှောက်သို့ အရောက်ပို့ဆောင်နိုင်ရန် အစွမ်းကုန် ကြိုးစားအားထုတ်နေကြသည်များကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ မည်သူတစ်ဦးတစ်ယောက်ကမျှ မသိဘဲရှိခဲ့ကြသည်။

သို့ဖြင့် ဝန်ကြီးချုပ်၏ လွှတ်တော်မှ ကြေညာချက်သည် မိနစ်ပိုင်း နာရီပိုင်းအတွင်း နိုင်ငံတစ်နိုင်ငံလုံးသို့ ချက်ချင်းပျံ့နှံ့သွားခဲ့သည်။ အိုက်ခ်မန်း၏ လူသတ်စက်ရုံမှ မသေမပျောက် မရှုမလှ လွတ်မြောက်လာကြသူများ၊ မိမိကိုယ်တိုင် သေကံမရောက်သော်လည်း မိဘဆွေမျိုးများနှင့် ချစ်ခင်ရင်းနှီးသူများအားလုံး အသက်ပျောက်၍ ဆုံးရှုံးခဲ့ရရှာသူများ အပါအဝင် အစ္စရေး တစ်မျိုးသားလုံးထံသို့ ရုတ်တရက် ချက်ချင်း ဤသတင်းသည် တောမီးပမာ ကူးစက်ပြန့်ပွား ရောက်ရှိသွားခဲ့သည်။ တရားဥပဒေ စိုးမိုးရေးအတွက် ယခုကဲ့သို့ အားတက်ဖွယ်ရာ အခိုင်အမာ ဖြစ်ပေါ်လာမှုသည် သူတို့၏ တရားဥပဒေအပေါ် ယုံကြည်အားကိုးမှုကို ပြန်၍အားသစ်လောင်းလိုက်သလို ဖြစ်ခဲ့သည်။

ထိုမှတစ်ဖန် ဤသတင်းသည် အလှမ်းကွာဝေးလှသည့် ကမ္ဘာ့ချောင်ကြိုချောင်ကြားတိုင်အောင် ရောက်ရှိသွားခဲ့သည်။ ဤသတင်းသည် ရိုးသားဖြောင့်မတ်သူများအား လေးစားအားထားမှုဖြင့် ယုံကြည်ပြည့်ဝစေရုံမျှမက ဂျူးအမျိုးသားများအား သတ်ဖြတ်ခဲ့ကြပြီး သူတို့၏ ပုန်းကျင်းများထဲတွင် ပုန်းအောင်းနေကြဆဲဖြစ်သော လူသတ်သမား နာဇီရာဇဝတ်ကောင်များအတွက် မြတ်သားလှသည့် သတိပေးချက်တစ်ခု ဖြစ်ခဲ့သည်။ ထိုမှတစ်ပါး မိမိတို့၏ မကောင်းမှုဒုစရိုက်များအား နှစ်ပရိစ္ဆေဒ အချိန်ကာလက ဆေးကြောသုတ်သင်သွားလိမ့်မည်ဟူ၍လည်းကောင်း၊ မိမိတို့လက်ချက်ဖြင့် ယှက်ဖြာကျဆင်းခဲ့ရသော သွေးများ၊ အော်သံဟစ်သံများသည် ကာလကြာညောင်းလာသည်နှင့်အမျှ တိတ်ဆိတ်ငြိမ်သက်သွားလိမ့်မည်ဟူ၍ လည်းကောင်း၊ ရူးသွပ်သော ရာဇဝတ်ကောင်များ၏ စိတ်ဓာတ်မျိုးဖြင့် လူသန်းပေါင်းများစွာတို့ကို သတ်ဖြတ်ခဲ့ကြသည့် မိမိတို့အား တရားဥပဒေရှေ့မှောက်သို့ အရောက်ပို့ဆောင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိတော့ဟူ၍လည်းကောင်း ထင်မှတ်ယုံမှားနေကြသူများအတွက် "အိုက်ခ်မန်းအား ဖမ်းမိပြီ" ဟူသော သတင်းသည် ပြတ်သားတိကျလှသည့် ဧရာမ သတိပေးချက်ကြီးပင် ဖြစ်ပါသတည်း။

လင်းယုန်မောင်မောင်

၃၀-၁-၈၂

www.burmeseclassic.com